www.burmeseclassic.com

မဂ္ဂင်း

အမှတ် - ၂၄၉ ၂၀၁၆ - ခုနှစ်၊ နိုဝင်ဘာလ



www.burmeseclassic.com

2016 PHOTOGRAPHY & GRAPHIC DESIGN
KYAW MINN MOUNG

www.burmeseclassic.com

သဗ္ဗသိန္ဓိဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဧသာ ဥတ္တိ၊ သဗ္ဗ သတ္တန္တရာယော၊ သဗ္ဗ ရောဂန္တရာယော၊
သဗ္ဗ ဒုတ္တိကန္တရာယော၊ ဂစ္ဆအမုမှိ ဩကာသေ တိဋ္ဌာဟိ။

BURMESE CLASSIC .com

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ"ဟူ၍လည်း ခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ, နတ်, ဗြဟ္မာအပေါင်း၏ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရာဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

အမှတ် (၂၄၉)၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	မင်းကွန်းမှသည် မျော်ရည်မှန်းဆ ရွှေအင်းဝသို့	မင်းဂုဏ် ၅
၂။	ငလျင်ဒဏ်ခံ မဟာပုဂံအတွက် တောင်းဆုမွန်	မင်းဂုဏ် ၁၄
၃။	ဝါလကင်းလွတ် သီတင်းကျွတ်ခိုန်ခါ	မင်းခြိမ့် ၂၀
၄။	မွန်-ကရင် လွင်ပြင်ဆီသို့	အောင်ဝိုး(ပြည်) ၂၅
၅။	ယွိုင်ကော်မြို့ (သို့မဟုတ်) သီရိဒေါမြို့သို့ ခရီးတစ်ခေါက်ရောက်ရှိခြင်း	မန်းဒေ(ဟင်္သာတ) ၃၄
၆။	မြတ်နိုးပူဇော်ရွှေကျင်ပထမဆရာတော်	စောင်းကောင်းမြတ် ၄၁
၇။	မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော အသက်ကြီးသူများအတွက် နိဗ္ဗာန်ရောက်ကြောင်းနှစ်မျိုး ..	ဓမ္မဒိန် ၄၉
၈။	ဥးသုမဂ်လ(ဒယ်အိုးဆရာတော်) ဟောကြားတော်မူသော အလှည့်	ဓမ္မဒိန် ၅၇
၉။	မြန်မာ+ကိုရီးယားဆရာတော် မနာပဒါယီ အံ့ရှင်ဝိစိတ္တ ဟောကြားသော မချစ် မမုန်း အကောင်းဆုံး	ဓမ္မဒိန် ၆၃
၁၀။	ဓာတ်ပေါင်းစုံ အောင်မင်းခေါင်ကုန်း ..	ကိုအေးမြင့်(မဟာဝိဇ္ဇာရွေး-သု) ၇၂
၁၁။	သာယာဝတီမင်း ခေါင်းလောင်းကြီး	ယောနကာဘိုးထောင် ၈၃
၁၂။	ဗုဒ္ဓမေတ္တာစွမ်းထက်စွ ကျွတ်တမ်းဝင်ရ အဂုံလိမာလ	လင်းယုဉ်ဉာဏ် ၈၆
၁၃။	ဆုလာဘ်ရှိတဲ့ သေခြင်း	ကိုအေးမင်း(ပဲခူး) ၉၅
၁၄။	နတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်း ..	သံစွာဦး(ဧယျာမြေ) ၉၉
၁၅။	ယိုးဒယားနိုင် မြန်မာမင်းများ	အောင်သိမ်းမြတ် ၁၀၁
၁၆။	နေရောင်ပြဘုရား ထီးတင်ပွဲ	ဘိုဘို(ရွှေကံကူ) ၁၁၁
၁၇။	ကိုက်တတ်သောလူ နမ်းတတ်သောခွေး	မကျေးဥ ၁၂၂
၁၈။	လွမ်းသမုဒယသံသရာ	ရနံ့သာ အောင်ချမ်းဇော် ၁၂၈
၁၉။	စွဲလမ်းဝိညာဉ်	စောလဆုဘော် ၁၃၆
၂၀။	ပင်လယ်သတ်ကွင်း	မောင်မြကွေး(ပင်လယ်) ၁၄၀
၂၁။	ရေအောက်ကမ္ဘာမှ ရုပ်တုသက်သေ	ရိုရိုငွေး ၁၄၅
၂၂။	အချိန်ရှိသေးတယ် ဖိုးအောင်ရေ	စောမိသွင် ၁၅၁
၂၃။	အမောင်ထဲမှ တရားဓမ္မတောက်	မင်းဟန်(သန်လျင်) ၁၅၆
၂၄။	ပေတံကြီးပြုသွားသော သာသနာ	ဝေယံလင်းခေါင် ၁၆၄

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၅။	လွမ်းရာသက်တိုင်	မောင်ညီအေး(ပန်းတော) ၁၆၉
၂၆။	အာဂရန်လုံ	ဘဒင်(မလွန်မြပွား) ၁၇၄
၂၇။	နတ်အုန်းသီးနှင့် ငမိုးကြီး	မောင်ဝိုးသူး(ဝိုလ်ချူပ်ရွာ) ၁၈၀
၂၈။	ရွှေရင်ခွင် မဝင်ရဲသူမို့	ကြယ်စင်သစ် ၁၈၃
၂၉။	ပျောက်ဆုံးနေသော ဘဝ	တင်မောင်မောင်(ပေါက်ကုန်း) ၁၉၀
၃၀။	စာရေးဆရာ၊ ဒါရိုက်တာ၊ သရုပ်ဆောင် ပညာရှင်	ဆန်းဝင်း(အောင်မြေ) ၁၉၆
၃၁။	ပြဿနာတွေ ရှိသေးသလား	မောင်လှမျိုး(ချင်းချောင်းခြံ) ၂၀၂
၃၂။	စကားခေတ်	လင်းဦးရဲခေါင် ၂၀၅
၃၃။	မင်းရဲ့ခြံစည်းရိုးနံဘေးမှာ ဒဏ်ရာတွေမကျန်ရစ်ပါစေနဲ့	မင်းလှမင်းခေါင် ၂၁၀
၃၄။	ရွှေမှာ ပန်းတိုင်ရှိသည်	နန္ဒာမိုးကြယ် ၂၁၆
၃၅။	အကောင်းမြင်စိတ် မွေးမြူပါ	ချစ်မင်းသူ ၂၂၀
၃၆။	အလောင်းမင်းတရား အောင်ဇေယျတဲ့ဟေ့	ထွန်းလင်းသူ ၂၂၃
၃၇။	ကျောက်ကပ်အဖောများ လွယ်သလားမမေးနဲ့	ဇာဏပြေခိုင်ခန့်ကျော် ၂၃၃
၃၈။	တီဘီမှန်လျှင် စိန်ခေါ်ချင်သည်	မင်းသွေး(ထမင်းရွေး) ၂၃၄
၃၉။	အစွမ်းထက်လှသော ကြိတ်မှန်ပင်	တင့်ထူး(ဇေယျဝတီ) ၂၃၅
၄၀။	ဆီးချိုရောဂါများအတွက် ကြက်ဟင်းခါးသီး	သန်းတင်မိုး ၂၃၇
၄၁။	သံပရာသီး	ဇာ(ကေတ) ၂၄၁
၄၂။	အသားဝါခြင်းနှင့် အသည်းရောင်ရောဂါ	ဒေါက်တာနိုက်တင်ဇေးလ် ၂၄၄
၄၃။	စွမ်းထက်သုံးဝင် တောင်လုံးကျော်ပင်	စိန်မေမိုးလွင်မိုး ၂၅၀
၄၄။	သွားကျန်းမာရေးနှင့် အစားအစာ	ဒေါက်တာလွင်သန့် ၂၅၃
၄၅။	ဌက်ဖျားရောဂါ ကာကွယ်ဆေးများ	တော်မြင့်(ဌက်ဖျား) ၂၅၆
၄၆။	ချောင်းဆိုးပျောက်ဆေးနည်း နိဿယစုံ	အောင်ဘုန်းမြင့်(ကချင်မြေ) ၂၆၀
၄၇။	တိရစ္ဆာန်များမှ လူသားများကို အကျိုးပြုပုံ	ဒေါက်တာသက်ဆွေ ၂၆၃
၄၈။	ပြုံးရယ်ရယ်ဟား ဟာသများ	စွမ်းထက်အောင် ၂၆၈
၄၉။	ကာတွန်းကဏ္ဍ	အောက်တိုဘာအောင်ကြီး၊ မုဒုံအိန္ဒ္ဂါယ်၊ အီကွေတာ ၂၇၀
၅၀။	ကေလာသသုံးဆူအဓိဋ္ဌာန်မှ လမိုင်းကေလာသ	ဆရာကြီးဦးအောင်မြိုင် ၂၇၃
၅၁။	နဝရတ်ဆိုသော စကားလုံး	ဆရာကြီးဦးအောင်မြိုင် ၂၇၅

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၂။	သွန်ခြောက်ယကြာ (၆)	အောင်ကြည်သန်း(တောင်တော်သီ) ၂၇၇
၁၃။	ဗားမဲ့ဆရာတော်ကြီးစီရင်ပေးခဲ့သော ဂါထာမန္တန်နှစ်ပုဒ် .	သမီးရွှေညို ၂၈၀
၁၄။	ဓာတ်မလိုက် လာဘ်လိုက်လာစေသောဂါထာ	နတ်မျက်စိဆရာအောင်စိုး ၂၈၃
၁၅။	ခြင်္သေ့ဟောက်ခြင်းနှင့် ဆင်ဇွန်ခြင်း	ဆရာအောင်ကျော်ဦး(လွန်စေတီ) ၂၈၆
၁၆။	အလုပ်ရှာရ ခက်နေလား	ဆရာသက္က ၂၉၀
၁၇။	အမှုအခင်းကြုံတွေ့လာ သည်ယကြာကိုပြုလုပ်ပါ	မောင်လေးအောင်(သန်လျှင်) ၂၉၃
၁၈။	ယကြာဓာတ်ဆင် ဓာတ်ရိုက်ခြင်း၏အကျိုး .	အောင်ဘုန်းမြင့်(ကချင်မြေ) ၂၉၅
၁၉။	ဝါစတုသ္သတ္တရုပညာ	ဆရာဦးခန့်ကျော် ၂၉၈
၆၀။	၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယကြာ	ဦးညွန့်လှိုင်(ကြို့ပင်ကောက်) ၃၀၆
၆၁။	၂၀၁၆ ခုနှစ်၊ ရာသီခွင်နှင့် နိုဝင်ဘာလ ဟောကိန်းများ	ဆရာဦးခန့်ကျော် ၃၀၉

နာယက
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

အကြံပေး
ဦးစိုးဝိုင်
ဒေါ်ခင်ငြိမ်း

အယ်ဒီတာချုပ်
ဉာဏ်ပွင့် (စက်မူ)

တာဝန်ခံအယ်ဒီတာ
တက္ကသိုလ်တင်ဟန်ကျော်

စီးပွားအယ်ဒီတာ
စောင်းကောင်းမြတ်

အယ်ဒီတာအဖွဲ့
ခင်သက်နိုင်

မျက်နှာဖုံးဒီဇိုင်း
ကျော်မင်းမောင်

ကွန်ပျူတာ
လပြည့်ဝန်းအဖွဲ့

ဝန်းစီပညာရှင်များ
အောင်နိုင်လတ်၊ လှသစ်အောင်၊
တောင်ငူစိုးမြင့်လေး၊ စောတင်မောင်၊
စိုးအောင်၊ ဆွေမြင့်

အတွင်းဓလေင်
ကိုဦး

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
မာကျူရီအော့ဖ်ဆက်၊ ဦးဖွန့်ကော်ပို (၀၀၃၀၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၀၅၃၀]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

ဓာတ်ခဲတိုက်နှင့် ခြန့်စီရေး
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၀၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၈၅၁၈

ကြော်ငြာနှင့် ခြန့်စီရေး
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

အဓိဌာန
အောင်ဝင်းသန့်

မန္တလေး
ထွန်းဦးစာပေ၊ နဂါးစာပေ

ဈေးနှုန်း
၂၄၁ ကျပ် ၃၀၀၀

တိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူသူများအတွက် အဆိပေးအကြောင်းကြားခြင်း

စာမူရွေးချယ် ဖော်ပြခံရသော ဆရာ၊ ဆရာမတို့သည် မိမိတို့ စာမူအတွက် ဉာဏ်ပွင့်ဇော်ခ ထုတ်ယူရန် ကိုယ်တိုင် မလာရောက်နိုင်၍ ကိုယ်စားလှယ်သောအခါ ကိုယ်စားလှယ်လွှဲစာ ရေးသားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာချုပ်
လပြည့်ဝန်းမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



မင်းကွန်းမှသည်
မျော်ရည်မှန်းဆ ရွှေအင်းဝသို့

မင်းကုဏ်

www.burmeseclassic.com

www.burmeseclassic.com



ပထမထပ်သို့တက်သည့် အုတ်လှေကား

ဝင်ပေါက်မှဦး



ပေါင်းကူးမှန်ပေါက်မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

ဝင်ပေါက်အနီးစွင် တွေ့ရှုရသော ကမ္ပည်းစာတမ်း

လက်ယာဘက်ခြမ်းမြင်ကွင်း

လက်ဝဲဘက်ခြမ်းမြင်ကွင်း

ကမ္ဘာကျော်သည့် မင်းကွန်းမြေတွင် ခပ်သွက်သွက်ပင် လှည့်လည်ဖူးမြော် လေ့လာခဲ့ကြပြီးနောက် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေတစ်ခုဖြစ်သော အင်းဝမြို့ဟောင်းသို့ ဆက်လက် ထွက်ခွာခဲ့ကြသည်။

စာရေးသူတို့ ငှားရမ်းစီးနင်းလိုက်ပါခဲ့ကြသည့် အငှားကားယာဉ်မောင်းမှာ ဤနယ်မြေကို ရင်းနှီးကျွမ်းကျင်မှု ရှိဟန်မတူပေ။ လမ်းတွင်တွေ့သည့် ဒေသခံများအား မေးရင်း မြန်းရင်း စမ်းတဝါးဝါးဖြင့် မောင်းနှင်နေသည်ကို သတိထားမိလိုက်သည်။

အင်းဝတွင် အထင်ကရ ဖြစ်သော အောင်မြေဘုံစံအုတ်ကျောင်းတော်ကြီး ခေါ် မယ်နုအုတ်ကျောင်းတော်ကြီးသို့ဦးတည်မောင်းနှင်နေသည်ဟု ဆိုသဖြင့် သက်သောင့်သက်သာပင် စီးနင်းလိုက်ပါခဲ့ရင်း စာရေးသူ ဖတ်ရှုလေ့လာမှတ်သားခဲ့ဖူးသော အင်းဝမြို့ဟောင်း၏ သမိုင်းကြောင်းနှင့် မယ်နုအုတ်ကျောင်းတော်ကြီး ဖြစ်ပေါ်လာပုံတို့ကို ပြန်လည်တွေးတောလာခဲ့သည်။

အင်းဝမြို့ဟောင်းသည် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့၏ မြောက်ဘက် ၂ မိုင် ၄ ဖာလုံ၊ မန္တလေးမြို့၏ အနောက်တောင်ဘက် မိုင် ၂၀ ခန့် အကွာ ဧရာဝတီမြစ်နှင့် ဒဋ္ဌဝတီ (မြစ်ငယ်)မြစ်တို့ဆုံရာ ပင်လယ်မြေမျက်နှာပြင်အထက် ၂၈၅ ပေအမြင့်တွင် တည်ရှိသည်။

သမိုင်းသုတေသီတို့၏ လေ့လာတွေ့ရှိချက်များအရ အင်းဝခေတ်ကို ခေတ်ကာလ လေးခု ပိုင်းခြားထားပြီး မင်းဆက် ၃၁ ဆက်တို့ နှစ်ပေါင်း (၄၀၀) ကြာ ထီးနန်းစိုးစံခဲ့ကြသည်ဟု ဆိုသည်။

ပထမအင်းဝခေတ်ကို စတင် တည်ထောင်သူမှာ သတိုးမင်းဖျား (အေဒီ ၁၃၆၄-၁၃၆၈)ဖြစ်သည်။ သတိုးမင်းဖျားသည် အေဒီ ၁၃၆၅ ခုနှစ်တွင် ပင်းယမှ အင်းဝသို့ ရွှေ့ပြောင်းနန်းစိုက်ခဲ့သည်။ မြို့တော်ကို 'ရတနာပူရ' ဟု သမုတ်ပြီး နန်းတော်ကို 'ရွှေဘုံသာနန်း' ဟု ခေါ် တွင်စေသည်။ အင်းတို့၏အဝတွင် တည်ရှိသောကြောင့် 'အင်းဝ'ဟူ၍ လည်းကောင်း၊ အင်းကိုးအင်းတို့၏ အဝ၌တည်ရှိသောကြောင့် 'အင်းနဝ' ဟူ၍ လည်းကောင်း၊ မြစ်တို့၏ အဝ၌ တည်ရှိသောကြောင့် 'အဝ' ဟူ၍ လည်းကောင်း အမျိုးမျိုး ခေါ် ဝေါ်ခဲ့ကြသည်။

သတိုးမင်းဖျား တည်ခဲ့သော ပထမအင်းဝခေတ်တွင် သတိုးမင်းဖျား (အေဒီ ၁၃၆၄-၁၃၆၈) မှ စစ်ကိုင်းစည်သူကျော်ထင် (အေဒီ ၁၅၂၁-၁၅၂၄)အထိ မင်းဆက် ၁၇ ဆက် အုပ်စိုးခဲ့သည်။ မိုးညှင်းမင်းတရားကြီး (အေဒီ ၁၄၂၂-၁၄၄၀) လက်ထက် ၁၄၂၂ ခုနှစ်တွင် နန်းတော်ဟောင်းနွမ်းနေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စကြိုပတ်လမ်း

ကျွန်းဆက်ဘုရားကြီး

နန်းတော်သစ် တည်ခဲ့သည်။ နရပတိခေါ် ရွှေနန်းကျော့ရှင် (အေဒီ ၁၅၀၁-၁၅၂၆) လက်ထက်တွင်လည်း နန်းတက်ပြီး ကိုးနှစ်ခန့်အကြာ အေဒီ ၁၅၁၀ ပြည့်နှစ်တွင် နန်းသစ် တည်ထောင်ခဲ့သည်။

ဒုတိယအင်းဝခေတ်တွင် ညောင်ရမ်းမင်း (အေဒီ ၁၅၉၇-၁၆၀၅)မှ မဟာမဓုရာဇာဓိပတိမင်း (အေဒီ ၁၇၃၇-၁၇၅၀) အထိ မင်းဆက်ပေါင်း ၁၀ ဆက် အုပ်ချုပ်ခဲ့သည်။ ဟံသာဝတီ ပျက်ပြီးနောက် ဟံသာဝတီ ဆင်ဖြူများ ရှင်၏ သားတော် ညောင်ရမ်းမင်းသည် သက္ကရာဇ် ၁၅၉၈ ခုနှစ်တွင် နန်းတော်ကိုစတင်တည်ဆောက်ခဲ့သည်။ သာလွန်မင်းတရား (အေဒီ ၁၆၂၉-၁၆၄၈) လက်ထက်တွင် "အဆောင်ပေါင်း ၂၇ ဆောင်ရှိသော နန်းတော်သစ် တည်ဆောက်ခဲ့သည်ဟု သိရသည်။ ထို့ပြင် တနင်္ဂနွေမင်း လက်ထက်တွင်လည်း နန်းတော် မီးလောင်ခဲ့သဖြင့် အေဒီ ၁၇၂၀ ပြည့်နှစ်တွင် နန်းတော်သစ် တည်ဆောက်ခဲ့ပြီး 'မင်္ဂလာသာစံ' ဟု သမုတ်ခဲ့သည်ဟု ဆိုသည်။

တတိယအင်းဝခေတ်ကို တည်ထောင်ခဲ့သူမှာ ကုန်းဘောင်မင်းဆက်၏ တတိယမင်းဆက်ဖြစ်သော မြေဦးမင်းခေါ် ဆင်ဖြူရှင်မင်း (အေဒီ ၁၇၆၃-၁၇၇၆) ဖြစ်သည်။ မြေဦးမင်းသည် အေဒီ ၁၇၆၅ ခုနှစ်တွင် အင်းဝ၌ နန်းတော်သစ် တည်ထောင်ကာ ထီးနန်းစိုက်ခဲ့သည်။ မြို့တော်ဟောင်းကိုလည်း ချဲ့ထွင်တည်ထားခဲ့ပြီး နန်းတော်သစ်တွင်လည်း နန်းဆောင်ပေါင်း ၄၄ ဆောင် ပါဝင်သည်ဟု ဆိုသည်။ တတိယအင်းဝခေတ်တွင် မြေဦးမင်း ခေါ် ဆင်ဖြူရှင်မင်း၊ စဉ်ကူးမင်း (အေဒီ ၁၇၇၆-၁၇၈၂) နှင့် အေဒီ ၁၇၈၂ ခုနှစ်တွင် ခုနစ်ရက်သာ နန်းစံခဲ့ရသည့် ဖောင်းကားစား မောင်မောင် အပါအဝင် မင်းသုံးပါးတို့ စိုးစံခဲ့ကြသည်။

စတုတ္ထအင်းဝခေတ် ကာလတွင် ဗဒုံမင်း (ဘိုးတော်ဘုရား)အား ဆက်ခံသူ စစ်ကိုင်းမင်း (ဘကြီးတော်) (အေဒီ ၁၈၁၉-၁၈၃၇) က အေဒီ ၁၈၂၁ ခုနှစ်တွင် အင်းဝမြို့ကို မင်းနေပြည်တော်အဖြစ် ပြန်လည် တည်ထောင်ခဲ့ပြီး အလျားပေ ၁၀၀၀ ခန့်နှင့် အနံပေ ၆၀၀ ခန့်ရှိသော အုတ်ခုံပေါ်တွင် အဆောင်ပေါင်း ၁၄၄ ဆောင် ပါဝင်သည့် နန်းတော်သစ်ကို တည်ဆောက်ခဲ့သည်။ သို့

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတော်ကြီးအတွင်း၌ ဖူးတွေ့ရသည့် ရုပ်ပွားတော်

ဖြစ်၍ပင် စစ်ကိုင်းမင်းသည် ရတနာပူရ အင်းဝ စတုတ္ထမြို့တည် နန်းတည် ဖန်နန်းရွှေမင်းတရား ဟူသော ဘွဲ့မည်များဖြင့် ရာဇဝင်တွင် ထင်ရှားခဲ့သည်။

နှစ်ပေါင်း ၄၀၀ ကျော်တိုင် မင်းဆက် ၃၁ ဆက် စိုးစံခဲ့သည့် အင်းဝနေပြည်တော်တွင် ခေတ်အဆက်ဆက် စုကြိမ်နန်းတည်ခဲ့သည်။ မြန်မာရာဇဝင် ၏ နောက်ဆုံးမင်းဆက်ဖြစ်သော ကုန်းဘောင်မင်းဆက်တွင်ပင် ဆင်ဖြူရှင် မြေဒူးမင်းလက်ထက်တွင် တစ်ကြိမ်၊ သားတော် စဉ့်ကူးမင်းလက်ထက် တစ်ကြိမ်၊ ဘိုးတော်ဗဒုံမင်းလက်ထက် တစ်ကြိမ်နှင့် စစ်ကိုင်းမင်း(ဘကြီးတော်) ခေါ် ဖန်နန်းရွှေမင်းလက်ထက်တွင် တစ်ကြိမ် နန်းတော်သစ်များ တည်ထားခဲ့ရာ စစ်ကိုင်းမင်း(ဘကြီးတော်) လက်ထက် အင်းဝနေပြည်တော်သည်ကား နောက်ဆုံးပိတ် အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည့် ကာလဟုပင် ဆိုရပေမည်။

အေဒီ ၁၈၁၉ မှ ၁၈၃၇ ခုနှစ် အထိ ၁၈ နှစ်ကာလ ထီးနန်းစိုးစံခဲ့သည့် စစ်ကိုင်းမင်း (ဘကြီးတော်) ခေါ် ဖန်နန်းရွှေလက်ထက်တွင် နန်းတွင်းရွှေထွေးမှုများ ပေါ်ပေါက်ခဲ့ပြီးနောက် အေဒီ ၁၈၃၇ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ညီတော် သာယာဝတီမင်းသားက စစ်ကိုင်းမင်းကို နန်းချကာ အင်းဝမြို့တွင် နန်းတက်ခဲ့သည်။

ထို့နောက် သာယာဝတီမင်းသည် ၁၈၄၀ ပြည့်နှစ် ဇူလိုင်လ ၉ ရက်နေ့တွင် အင်းဝမှ အမရပူရသို့ ပြောင်းရွှေ့ နန်းစံခဲ့သည်။ ထို့အချိန်မှစကာ ရတနာပူရ ခေါ် အင်းဝနန်းမြို့တော်ကြီးသည်လည်း မင်းနေပြည်တော်အဖြစ်မှ မြို့တော်ဟောင်းအဖြစ်သို့ ရွေ့လျော သက်ဆင်းခဲ့ရလေသည်။

အင်းဝဘက်သို့ ရောက်သည်တွင် မိုးတိတ်သွားပေပြီ။ သို့ဖြစ်၍ ပတ်ဝန်းကျင် မြင်ကွင်းများကို သတိထားကာ ကြည့်ရှုခံစားမိသည်။ ရွှေထီး ရွှေနန်း ရွှေကြွန်းတို့ဖြင့် တစ်ချိန်က ကာလရှည်ကြာစွာ လှုမ်းလှုမ်းတောက် ထင်ရှားကျော်ကြားခဲ့သော အင်းဝရွှေမြို့တော်ကြီးသည် ယခုအခါတွင်မူ မိုးရှင်းသော သဘာဝအလှတရားများဖြင့်သာ အသားတကျ ရှိနေသည်ကို တွေ့ရှိခံစားမိလိုက်သည်။

အတန်ကြာ မောင်းနှင်ခဲ့ပြီးနောက် ခပ်ပြေပြေ ကုန်းမို့မို့တင့်တင့်ပေါ်သို့ မော်တော်ယာဉ် မောင်းတက်ခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတော်ကြီးအတွင်း၌ ပူးတွဲလည်ပတ် ရုပ်ပွားတော်

ကို သတိထားမိလိုက်သည်။ မကြာမီပင် မဟာအောင်မြေဘုံစံကျောင်းတော်ကြီး ခေါ် မယ်နုအုတ်ကျောင်းကြီး၏ မဟာရဲအုတ်တံတိုင်း ဝင်ပေါက်အနီးသို့ရောက်ခဲ့ကြသည်။

ဝင်ပေါက်အနီးရှိ ဗီနိုင်းဖိုစတာပေါ်တွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးသားဖော်ပြထားသော ထိုကျောင်းတော်ကြီး၏ သမိုင်းအကျဉ်းကို ရှေးဦးစွာ ဖတ်ရှုလေ့လာဖြစ်ခဲ့သည်။

အုတ်ကျောင်းတော်ကြီး၏ အကျယ်အဝန်းမှာ အလျား ၁၉၂ ပေ၊ အနံ ၁၁၂ ပေနှင့် အမြင့် ၉၄ ပေ ရှိသည်။ကျောင်းဦးပြာသာဒ်နှင့် အဆောင်မကြီးကို ၉ ပေခွာ၍ တည်ဆောက်ထားသည်။ မျက်နှာလေးဖက် ဖွင့်ထားသည့် ပြာသာဒ်အဆောင်များရှိပြီး အဆောင်မကြီးတွင် ရဟန်းတော်များ သီတင်းသုံးရန် အလျှေ့ အနောက်တန်းလျက်အခန်း နှစ်ခု ပြုလုပ်ထားသည်။ ထိုအခန်းများကို စကြိပတ်လမ်းများဖြင့် ခုံစံပတ်ထားကာ အုတ်ပေါင်းကူး လူဝင်ပေါက်များတွင် သစ်သားတံခါးကြီးများ တပ်ဆင်ထားသည်။

ထုပ် လျောက် ဒိုင်း မြား မပါ အုတ်ပေါင်းကူး မုခ်လျောက်များဖြင့်သာ အခိုင်အမာ တည်ဆောက်ထားသည်မှာ အံ့ဖွယ်ရာပင်။ အင်္ဂတေသရွတ်များမှာလည်း ပုဂံခေတ် သဗ္ဗညုဘုရား၊ ဂေါတောပလ္လင်ဘုရားများရှိ ဆရွတ်များနီးပါး ခိုင်ခံ့တျစ်လျစ်ကြောင်း သုတေသီတို့က ဆိုသည်။

အုတ်ကျောင်းကြီး၏ ပေါင်းကူးပေါက်များမှာ အထပ်တိုင်းတွင် စနစ်တကျ ညီညီညာညာဖြင့် အချိုးအစားကျနသေသပ်လှသည်။ ဆန့်ကျင်ဘက် အရပ်မျက်နှာ အသီးသီးတွင် တစ်ဖက်မှ တစ်ဖက်သို့ ရှုမျှော်လိုက်တိုင်း မုခ်ပေါက်များ တစ်ပြေးတည်း ညီညာဖြောင့်တန်းစွာ တွေ့မြင်နေရပုံမှာ ပုဂံအာနန္ဒာဘုရားအတွင်းရှိ မုခ်ကူးများကဲ့သို့ပင် သေသပ်လှပစွာ ရှိနေသည်ကို မြင်တွေ့ရသည်။

အောင်မြေဘုံစံ ကျောင်းတော်ကြီးကို မြန်မာသက္ကရာဇ် ၁၁၈၄ ခုနှစ်၊ အေဒီ ၁၈၈၂ တွင် စတုတ္ထအင်းဝမြို့တည် နန်းတည် ဘကြီးတော်မင်းတရား (၁၁၈၁-၁၁၉၉) (အေဒီ ၁၈၁၉-၁၈၃၇) လက်ထက် မိဖုရားခေါင်ကြီး နန်းမတော်မယ်နုကတည်ဆောက်စေခဲ့ရာ ဆောက်လုပ်ချိန် ငါးနှစ် ကြာမြင့်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

စကြဝဠာလမ်းရိုး မှတ်ပေါက်များ



ပရိဝုဏ်အတွင်း၌တွေ့ရသော တံခါးကြီး

မြန်မာသက္ကရာဇ် ၁၁၈၉ ခုနှစ်၊ အေဒီ ၁၈၂၈ တွင် ပြီးစီးခဲ့သဖြင့် မဟာအောင်မြေဘုံစံဟု ကမ္ဘည်းထိုးကာ ပုညာဘိသိရိသဒ္ဓမ္မဓဇမဟာမဂ္ဂရာဇာမိဝုရှ တံဆိပ်တော်ရ ညောင်ကန်ဆရာတော် ဦးပိုအား ရေစက်ချ လှူဒါန်းခဲ့သည်။

ဆရာတော်ဦးပို ပုံလွန်တော်မူပြီးနောက် ညောင်ကန်ဆရာတော်ဦးဗုဒ္ဓအား လှူဒါန်းခဲ့သည်။ ဆရာတော်ဦးဗုဒ္ဓမှာ ဒုတိယအုတ်ကျောင်းဆရာတော်ဟုတွင်ပြီး ကျမ်းပေါင်း (၄၀)ကျော် ရေးသားပြုစုတော်မူခဲ့သည်။

ဤကျောင်းတော်ကြီးကို မိဖုရားခေါင်ကြီး နန်းမတော်မယ်နက အင်္ဂတေအုတ်တိုဖြင့် အခိုင်အမာ တည်ဆောက်စေခဲ့ရာ မယ်နုအုတ်ကျောင်းဟု ယနေ့တိုင် ထင်ရှားလျက်ရှိသည်။ ဤအုတ်ကျောင်းကြီး တည်ဆောက်ခဲ့ရာတွင် ထိုခေတ်သုံး ငွေကျပ် သုံးသိန်း ကုန်ကျသည်ဟု ဆိုသည်။

မင်း၊ မိဖုရားများ ကိုးကွယ်သည့် ဆရာတော်ကြီးများ သီတင်းသုံးတော်မူခဲ့ရာ ကျောင်းတော်ကြီး ဖြစ်သည့် အလျောက်၊ အပေါ်ထပ်တွင် သင်္ဘော်ကုန်းပေါင်ကဲ့သို့ ထူထဲသော ကျွန်းသားပျဉ်ချပ်ကြီးများစီခင်းထားသည်။ကျောင်းတော်ကြီး တစ်ဆောင်လုံးတွင် သစ်သားဟူ၍ ထိုပျဉ်ချပ်ကြီးများနှင့် အုတ်ပေါင်းကူး လူဝင်ပေါက်တံခါးမကြီးများသာ ရှိသည်။ ကျောင်းဦး ဘုရားကျောင်းဆောင်တော်များတွင် ကျောက်ဆင်းတုမတ်ရပ်ရုပ်ပွားတော် တစ်ဆူနှင့် ဘုရားဖယသမုဒ္ဒါ ကျောက်ဆင်းတု ရုပ်ပွားတော် တစ်ဆူစီ အသီးသီး ပူဇော်ထားသည်ကို ဖူးတွေ့ရသည်။

ထိုစဉ်က မင်း၊ မိဖုရားတို့ ကိုးကွယ်ဆည်းကပ်ခဲ့ကြသည့် ဘွဲ့တံဆိပ်တော်ရ ကျမ်းတတ်အကျော်ဆရာတော်ကြီးများ သီတင်းသုံးတော်မူခဲ့ရာ မဟာအောင်မြေဘုံစံကျောင်းတော်ကြီး ခေါ်မယ်နုအုတ်ကျောင်းကြီးသည် စတုတ္ထအင်းဝ ယျက်သုဉ်းပြီးနောက် အထိန်းအကွပ် အစောင့်အရှောက် ကင်းမဲ့ကာ ကျောင်းတော်ကြီး၀န်းကျင်တစ်ဝိုက် မြင်း၊ နွား၊ ဆိတ်၊ ဝက်တို့ လွှတ်ကျောင်းရာ စားကျက်မြက်ခင်းပြင် ဖြစ်ခဲ့သည်။ ကျောင်းတော်ကြီးထဲတွင်လည်း သီတင်းသုံးတော်မူသည့် ပုဂ္ဂိုလ် ဗလာနတ္ထိုင်းတိတိ ပစ်စလက်ခတ် ဖြင့်နေခဲ့ရာ လင်းနို့၊ မြွေ၊ ကြွက်၊ ကင်းစသည်တို့

www.burmeseclassic.com

www.burmeseclassic.com



ပျော်စံရာ ဗိမာန်ကြီးအဖြစ် နှစ်ရှည်လများ ရွှေလျားကုန်လွန်ခဲ့ရသည်။

ထို အုတ်ကျောင်းတော်ကြီးသည် မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့ရာ နန်းမတော်မယ်နု၏ သမီးတော် ဆင်ဖြူမရှင်က သက္ကရာဇ် ၁၂၃၄ ခုနှစ် အေဒီ ၁၈၇၆ တွင် ထပ်မံပြုပြင်ခဲ့ပြီး ယခုအခါ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

မဟာအောင်မြေဘုံစံ ကျောင်းတော်ကြီး အကြောင်းကို စာရေးသူ လေ့လာဖတ်ရှုခဲ့စဉ်က ထိုကျောင်းတော်ကြီးသည် အင်းဝမြို့ဟောင်း စည်တိုပုံမြို့နိုး၏ အရှေ့မြောက်အရပ်၊ ထီးလှိုင်ရှင်ဘုရား၏ အနောက်မြောက်အရပ်တွင် ရှိသည်ဟု လည်းကောင်း၊ ထီးလှိုင်ရှင်ဘုရားသည် အင်းဝမြို့ဟောင်း စည်တိုပုံမြို့နိုးအတွင်း မယ်နုအုတ်ကျောင်းခေါ် မဟာအောင်မြေဘုံစံနကျောင်းတော်ကြီး၏ အရှေ့တောင်ဘက်တွင် တည်ရှိသည်ဟု လည်းကောင်း မှတ်သားမိခဲ့သည်။

သို့ဖြစ်၍ စည်တိုပုံမြို့နိုးသည် ဤအနီးဝန်းကျင်တွင်ပင် ရှိလိမ့်မည်ဟု မှန်းဆမိကာ အနီးပတ်ဝန်းကျင်တွင် မြို့နိုးဟောင်း အစအနကို စွေ့လိုက္ခြေကြားစူးစမ်းရှာဖွေကြည့်မိသည်။

ထို့ပြင် အင်းဝမြို့ဟောင်း မြို့တည် နန်းတည် ရွှေနန်းရှင်များသည် အင်းဝရွှေမြို့တော်ကို တည်ထောင်ရာ၌ အတွင်းမြို့နိုး စည်တိုပုံမြို့နိုးနှင့် အပြင်မြို့နိုး ဟူသော မြို့နိုးများ အခိုင်အမာ တည်ဆောက်ထားခဲ့ကြကြောင်းလည်း ဖတ်ရှုမှတ်သားထားရသဖြင့် ထိုမြို့နိုးများ တည်ဆောက်ထားခဲ့ပုံများကိုလည်း စိတ်ဝင်စားသည့်အလျောက် စိတ်ကူးဖြင့် ပုံဖော်ကာ မှန်းဆကြည့်မိသည်။

သတိုးမင်းဖျားသည် ပထမ အင်းဝနန်းမြို့နိုး တည်ဆောက်ခဲ့ရာတွင် မြေအနေအထားကိုလိုက်ကာ မြောက်ဘက်တွင် ကျဉ်းပြီး တောင်ဘက်တွင် အလျားတျယ်စွာ တည်ဆောက်ထားရာ ခြေသေ့မင်း ထိုင်နေသည့်ပုံစံနှင့် တူသည်ဟု ဆိုသည်။

ဒုတိယမြို့နိုးကို တည်ဆောက်ရာတွင် စည်တိုပုံသဏ္ဌာန် ရှိသောကြောင့် စည်တိုပုံမြို့နိုးဟု လူသိများသည်။ စည်တိုပုံမြို့နိုးတွင် တံခါး ကိုးပေါက်ပါရှိသည်။ အရှေ့ဘက်တွင် အလျား ပေ ၂၃၀၀၊ အနောက်ဘက်တွင် ပေ ၂၅၀၀၊ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် ပေ ၄၀၀၀ ခန့်စီ ရှိသည်။

မြို့နိုး၏ ထုထည်မှာ ပျမ်းမျှအားဖြင့် ၁၀ ပေရှိပြီး အမြင့် ပေ ၂၀ ခန့်ရှိသည်။ အရှေ့ဘက်၊ တောင်ဘက်နှင့် အနောက်ဘက်တို့တွင် ကျုံးကို အထင်အရှား တွေ့ရပြီး မြောက်ဘက်တွင် ရောဝတီမြစ်သည် ကျုံးအဖြစ် ကာရံထားသည်။ ကျုံးအကျယ်သည် ပေ ၁၉၀ ခန့်ရှိသည်ဟု ဆိုသည်။

ဆင်ဖြူရှင် မြေဒူးမင်းလက်ထက်တွင် စည်တိုပုံသဏ္ဌာန် မြို့နိုး၏ အရှေ့တောင်ဘက်မှ စ၍ တောင်ဘက်၊ အနောက်ဘက်နှင့် အနောက်မြောက်ထောင့်အရပ်အထိ တိုးချဲ့တည်ဆောက်ခဲ့သည်။

မြို့နိုးတည်ဆောက်ရာတွင် မော်ယွန်းချိုး၊ မော်လိုင်းချိုး၊ ခိုနန်းချိုးတို့ဖြင့် အတွန့်အကွန့်များ ဖော်ကာ တစ်မူဆန်းသစ်စွာ တည်ဆောက်ထားသည်။ တတိယမြို့နိုးတွင် တံခါးပေါက် ၁၄ ပေါက် ဖောက်ခဲ့သည်။ မြောက်ဘက်တွင် တံခါး ၂ ပေါက်သာ ထားရှိပြီး ကျန်မျက်နှာ သုံးဖက်တွင် တံခါးပေါက် ၄ ပေါက်စီ ထားရှိကာ ထီးလှိုင်ရှင်ကုန်းကို မြို့တွင်းသို့ ထည့်သွင်းခဲ့သည်။

ဘကြီးတော်မင်း လက်ထက်တွင် တတိယမြို့နိုး၏ အရှေ့ဘက်သို့ ထပ်မံတိုးချဲ့တည်ဆောက်ခဲ့ပြီး တတိယမြို့နိုး၌ မြို့ဝင်ပေါက် ၁၆ ပေါက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



စည်တိုပုံမြို့ရိုးတွင် မြို့ဝင်ပေါက် ၉ ပေါက်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ခဲ့သည်။ သို့ဖြစ်၍ မြို့ဝင်တံခါး စုစုပေါင်း ၂၅ ပေါက် ဖြစ်လာခဲ့သည်။ အရှေ့ဘက် မြို့ရိုးကို တိုးချဲ့လိုက်သဖြင့် ထီးလိုင်ရှင်ကုန်းသည် စည်တိုပုံမြို့ရိုးအတွင်းသို့ လုံးလုံးလျားလျား ရောက်ရှိသွားသည်ဟုဆိုသည်။

"တံသာငယ်ရာဇာ၊ ရွှေဟင်္သာဌာနမင်းတို့ ဖော်စပ်ရာ၊ ခိုနန်းငယ်မြို့တာ၊ သေချာငယ်အထား၊ ခြင်္သေ့တိုင် ကျွဲးတံခါး၊ သိင်္ဂီငယ်ရွှေသား၊ ဖလားတည်သောဟန်၊ မဲယွင်းခုပုံသဏ္ဌာန်၊ ဘုန်းမောင်နှံငယ်လေ၊ တူစံပျော်ရွှင်၊ မြန်းမယ်လို့လေး။ ကြင်နှံးတည် ရွှေပြည်ရွှေဝနန်းငယ်တည်လေး။ ဝေယံထွင်းငယ်က၊ နတ်မင်းငယ်စီမံ၊ ဆင်းတဲ့ဆင်းလာဖန်၊ ကိုးအင်းငယ် ကိုးကန်၊ ခြံရံပေါ်ထွန်း၊ အောင်ဘုံသန်လျက်စွန်း၊ ဃမုံငယ်လေသီတာဝန်း၊ တိုင်းဝရွှေကျွန်း၊ လှိုင်ကြွေချိုခွန်း၊ ဗျာရင်ယ်ထပေါင်၊ မင်းဝံရွှေတောင်၊ တစ်သွယ်ဘုန်းနေရောင်၊ နှစ်သွယ်ဘုန်းရွှေဆောင်၊ ဆောင်နှင့်သာရွှေဘုံဆောင်၊ တောင်ခိုးငယ်မြန်း၊ မြနန်းတည်၊ ရွှေပြည်ကျွဲချဉ်း၊ ကုန်းညွှတ်ရုံး၊ ရန်လုံးငြိမ်း၊ ဘုန်းနေလလို၊ ရွှေကိုယ်ရံသန်း၊ သွန်းဘီသိက်ဖုန်း"

ဟူ၍ ရတနာပူရ အင်းဝမြို့ ဘွဲ့ပတ်ပျိုးတွင် မြဝတီမင်းကြီး ဦးစေးဖွဲ့သီကုံးခဲ့သည်မှာ အထက်တွင် ဖော်ပြခဲ့သည့် အင်းဝမြို့ တည်ဆောက်ပုံများနှင့် တစ်ထပ်တည်းကျလျက် ရှိပေသည်။

ယခုအခါ စာရေးသူတို့သည် မယ်နုအုတ်ကျောင်းကြီးမှ ထွက်ခွာခဲ့ကြပြီး ထီးလိုင်ရှင်ကုန်းပေါ်တွင် ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ထီးလိုင်ရှင်စေတီတော် ဝဝ်ပေါက်နှင့် မလှမ်းမကမ်းသို့ ရောက်ရှိနေကြပေပြီ။

သို့ဖြစ်၍ပင် ထီးလိုင်ရှင်ကုန်းကို လုံးလုံးလျားလျား မြို့တွင်းသို့သွင်းကာ မြို့ရိုးသုံးထပ်၊ မြို့ဝင်တံခါး ၂၅ ပေါက်တို့ တည်ဆောက်ခဲ့သည် ဆိုသော အင်းဝမြို့တော်ဟောင်း၏ မြို့ရိုးတံခါးပေါက် အကြောင်းအကျန် အစအနလေး တစ်ခုတလေမျှ အနီးအပါး ပတ်ဝန်းကျင်တွင် တွေ့အံ့နိုးနိုးဖြင့် မျှော်ကိုးရှာဖွေ စူးစမ်းလေ့လာကြည့်မိသည်။

သို့ရာတွင် စာရေးသူ ရှာဖွေစူးစမ်းမှု လွဲချော်၍ပင် ဖြစ်လေမည်လား မပြောတတ်ပေ။ မြို့ရိုးတံခါးပေါက် အကြောင်းအကျန် အစအနလေးမျှပင် မမြင်တွေ့ခဲ့ရသဖြင့် ထီးလိုင်ရှင်စေတီတော်အား ဖူးမြော်ရန် ဆက်လက်ထွက်ခွာခဲ့ကြသည်။

(ဆက်ရန်)

မင်းဂုဏ်

စာကိုး

၁။ အင်းဝ၊ ပင်းယ ဒေသရှိ ရှေးဟောင်း အဆောက်အအုံများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ မန္တလေးမြို့။

၂။ ကျွန်းဦးတည့်သံလျက်ခုံ၊ ဒဂုန်ခင်ခင်လေး။

၃။ မြန်မာရက်စဉ်သမိုင်း (အကြို သမိုင်းကာလမှ ၁၉၄၅ အထိ) ပထမတွဲ၊ သမိုင်းသုတေသနဦးစီးဌာန။

❑

www.burmeseclassic.com

www.burmeseclassic.com

လျှောင်ဒေါ်ခံ မဟာမုဇ်အာတွေ့ကြုံ တောင်းဆုမွန်

မင်းကြာဟ်

၂၄-၈-၂၀၁၆ ရက် ဗုဒ္ဓဟူးနေ့ ညနေပိုင်းတွင် စာရေးသူတို့ နေထိုင်ရာ ပုဇွန်တောင်နယ်မြေတစ်ဝိုက်တွင် ရာသီဥတုမှာ သာယာလျက်ရှိသည်။

စာရေးခြင်း၊ စာဖတ်ခြင်းတို့ဖြင့် မွေ့လျော်ဖွယ်ရာ အချိန်ကာလ ဖြစ်သည့် အားလျော်စွာ စာရေးသူက စားပွဲတွင်ထိုင်ကာ အင်းဝမြို့ဟောင်း ခရီးစဉ် ဆောင်းပါးတစ်ပုဒ် ရေးနေခဲ့ပြီး ဇနီးဖြစ်သူက စက်တီထိုင်ခုံပေါ်တွင် ထိုင်ကာ စာဖတ်နေသည်။

စာရေး၍ အရှိန်ကောင်းနေသော်လည်း အညောင်းမမိစေရန် ကျန်းမာရေး အသိ၊ သတိ ဝင်လာသဖြင့် အိမ်ရှေ့ ဝရန်တာသို့ထွက်ကာ ခေတ္တခဏ နားနေဖြစ်ခဲ့သည်။

အ-မ-က (၂) ပုဇွန်တောင် ကျောင်း၏ ကျောဘက်ရှိကျောင်းဝင်းကြီးမှာ စာရေးသူတို့၏နေအိမ် မျက်နှာချင်းဆိုင်တွင် ရှိသည်။ ထိုကျောင်းဝင်းကြီးအတွင်းဝယ် သဘာဝအလှောက် ပေါက်ရောက်လျက်ရှိသော ချိုပင်၊ နွယ်ပင်၊ မြက်ပင်မျိုးစုံတို့၏ စိမ်းစိုအေးမြလှပသော မြင်ကွင်းကို ကြည့်ရှုခံစားရင်း အမြင်စွမ်းအင် ဖြည့်တင်းနေမိသည်။

ထိုစဉ် စာရေးသူတို့နေအိမ်တိုက်ခန်းရှေ့ရှိ ထရန်စဖော်မာကြီးသည် ရုတ်တရက် ယိမ်းထိုးလှုပ်ရှားလာသည်ကို သတိပြုမိလိုက်သည်။

အိမ်ထဲသို့ လှမ်းကြည့်လိုက်သည်တွင် အိမ်ရှေ့တံခါးမကြီးသည်လည်း လှုပ်နေပြန်သဖြင့် အိမ်တွင်းသို့ ပြန်ဝင်လာစဉ် "ငလျင် လှုပ်ဟယ်နဲ့

www.burmeseclassic.com

တူတယ်"ဟု စာဖတ်နေသော ဇနီးသည်က ပြောလိုက်သည်။

"အေး၊ ဟုတ်တယ်" ဟု ပြန်ပြောလိုက်ပြီး စာရေးသူလည်း အခြေအနေကို စောင့်ကြည့်နေခဲ့သည်။ ပုံမှန်အတိုင်း ပြန်လည်ငြိမ်သက်သွားသည်တွင် နံရံပေါ်ရှိ နာရီက ညနေ ၅ နာရီ ၇ မိနစ်ကို ပြလျက်ရှိသည်။

"ဒီငလျင်က တော်တော်ပြင်းပုံရတယ်၊ ပုဂံဘုရားတွေတော့ ဘယ်လို ဖြစ်မလဲ မသိဘူးနော်" ဟု ဇနီးဖြစ်သူအား လှမ်းပြောလိုက်ရင်း သူဖတ်နေသည့် စာအုပ်ကိုကြည့်မိလိုက်ရာ စာရေးသူ ရေးသားထားသည့် 'ထင်ရှားကျော်ကြား မဟာပုဂံစေတီပုထိုးများ' စာအုပ်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

မိတ်ဆွေတစ်ဦးက တောင်းဆိုသဖြင့် လက်ဆောင်ပေးရန် ထုတ်ယူထားရင်း ဖတ်နေခြင်း ဖြစ်သည်ဟုဆိုသည်။ တိုက်ဆိုင်သည်ဟုပင် ဆိုရပေမည်။

ထိုစာအုပ်တွင် ဗူးဘုရား၊ အလိုတော်ပြည့်ဘုရား၊ ရေလာကန္နာဘုရား၊ ဓမ္မရာဇကစေတီ၊ မဟာဗောဓိစေတီတော်၊ မနုဟာဘုရား၊မြစေတီ၊ဂူပြောက်ကြီးဘုရား၊ ပြာသာဒ်ကြီးဘုရား၊ တုရင်တောင်မြတ်စွယ်တော်စေတီ၊ တန်ကြည့်တောင်မြတ်စွယ်တော်စေတီ၊ စူဠာမဏိစေတီတော်၊ ဓမ္မရံကြီးဘုရား၊ ငှက်ပစ်တောင်ဘုရား၊ ရွှေစည်းခုံစေတီတော်၊ အာနန္ဒာဘုရား၊ သပ္ပညုဘုရား တို့သို့သွားရောက်ဖူးမြော် ကြည်ညိုခဲ့ရပုံများကို ရေးသားခဲ့သည်ဖြစ်ရာ ယခု လျှင်ဒဏ်ကြောင့် အဆိုပါဘုရားပုထိုး စေတီသာသနိကအဆောက်အအုံများ ထိခိုက်ပြိုပျက်မည့်အရေး တွေးမိသဖြင့် စိတ်ပူပန်နေမိသည်။

ထိုမှတစ်ပါး စာရေးသူ မရေးဖြစ်ခဲ့သေးသော အခြားဘုရားစေတီသာသနိက အဆောက်အအုံများလည်း မည်မျှ ထိခိုက်ပျက်စီးဦးမည်နည်း၊ ထိုအရေးက မတွေးဝံ့ဖွယ်ပင်။

အရိမဒ္ဒနပူရ ပေါက်ကွဲပြည် ခေါ်ပုဂံပြည်ကို ခရစ်နှစ် ၁၀၇ နှစ်မှ ၁၃၆၉ ခုနှစ်အထိ သမုဒ္ဒရာဇဓမင်းမှစကာ စောမွန်နစ်မင်းအထိ မင်းဆက်ပေါင်း ၅၅ ဆက် အုပ်ချုပ်မင်းလုပ်ခဲ့သည်မှာ နှစ်ပေါင်း ၁၂၆၀ ကျော်ခန့် ကြာညောင်းခဲ့သည်။

၄၂ ဆက်မြောက် မင်းအဖြစ် ခရစ်နှစ် ၁၀၄၄ ခုနှစ်တွင် နန်းတက်ခဲ့သော အနုရုဒ္ဓါဒေဝ ခေါ် အနော်ရထာမင်းကြီး လက်ထက်တွင် ပုဂံပြည်ကြီးသည် အထူးတလည် စည်ပင်သာယာဝပြောခဲ့သည်။

မြတ်ဗုဒ္ဓ၏ သာသနာတော်ကို ဖြန့်ဝေရန် ကြွမြန်းတော်မူခဲ့သော ရှင်အရဟံမထေရ်မြတ်နှင့် ဘုန်းမီးနေလတောက်ပလျက်ရှိသော အနော်ရထာမင်းမြတ်တို့၏ ကြီးပမ်းဆောင်ရွက်တော်မူခဲ့ခြင်းတို့ကြောင့် စည်ပင်သာယာဝပြောလျက်ရှိသော ပုဂံပြည်တွင် မြတ်ဗုဒ္ဓသာသနာတော် ပွင့်ထွန်းပေါ်ပေါက်လာကာ ထွန်းကားပြန့်ပွားလာခဲ့သည်။

အနော်ရထာမင်းကြီးသည် တုရင်တောင်ထိပ်ဘုရား၊ ရွှေစည်းခုံစေတီတော်၊ လောကန္နာစေတီတော်နှင့် တန်ကြည့်တောင်ဘုရားတို့ကို ပုဂံ

www.burmeseclassic.com

www.burmeseclassic.com

ပြည်၏ နယ်လေးရပ်အဖြစ် သတ်မှတ်တည်ထား ကိုးကွယ်ခဲ့သည်။

ပြည့်ရှင်မင်းမှစကာ မြတ်ဗုဒ္ဓဘုရားရှင်ကို အထူးပင် ကြည်ညိုလှသဖြင့် ဘုရားရှင်၏ ကိုယ်စား စေတီပုထိုးများကို အမြတ်တနိုး တည်ထား ကိုးကွယ်ခဲ့သည်ဖြစ်ရာ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ကလည်း ပုဂံမြို့တွင်း မြို့ပြင် နေရာအနှံ့အပြားတွင် သဒ္ဓါတရား ထက်သန်စွာဖြင့် စေတီပုထိုး ဘုရားကျောင်းကန် အဆောက်အအုံများစွာတို့ကို ပန်းခြံ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့၊ ပန်းရန် စသည့် မြန်မာမှုအနုပညာပညာများဖြင့် ခမ်းနားထည်ဝါ ဆန်းပြားပြောင်မြောက်စွာ အဲ့သြဘနန်း နတ်ဘုံနတ်နန်းတမျှ တည်ထား ကိုးကွယ်ခဲ့ကြသည်။

ထိုစဉ်က မင်းနေပြည်တော်ဖြစ်သော ပုဂံမြို့တော်သည် ဘုရားရှင် ဟောကြားတော်မူခဲ့သော ပါဠိပိဋကတ် စာပေပရိယတ်များ မပြတ်ပို့ချ သင်အံလေ့လာဆည်းပူးရာ တက္ကသိုလ်ကြီး သဖွယ်ဖြစ်ခဲ့ပြီး အရှေ့တောင်အာရှ နယ်မြေတစ်လွှားတွင် ဗုဒ္ဓသာသနာတော် နေလပမာ ထွန်းလင်းစေခဲ့သည်။

ပုဂံခေတ်တွင် တည်ဆောက်ခဲ့ကြသည့် သာသနိကအဆောက်အအုံ အမျိုးမျိုးတို့၏အရေအတွက်ကို မှတ်ရလွယ်ကူစေရန် ဘိုးဘေးပုဂံသားတို့က "လှည်းဝင်ခိုးသံတည်ည" ဟုသင်္ကေတပြု မှတ်သားခဲ့ကြသည်။

ထိုသင်္ကေတကို ကိန်းဂဏာန်းဖြင့် ဖလှယ်ပါက အရေအတွက်အားဖြင့် ၄၄၄၆၇၃ ရသည်။

ပုဂံခေတ်တွင် မုဆိုးမပင်လျှင် ဘုရားတည်နိုင်သည်ဟု အဆိုရှိခဲ့သော်လည်း အကျယ်အဝန်း ၁၆ စတုရန်းမိုင်ခန့်ရှိသည့် ပုဂံမြေတွင် အရေအတွက် လေးသန်းကျော်မျှ များပြားလှသည့် ဘုရားများ တည်ထားရန် မြေနေရာလုံလောက်မည်မဟုတ်ဟု ယူဆကြသူများလည်း ရှိသည်။

ယင်းသံပေါက်ပါ ကိန်းဂဏာန်းများမှာ စေတီပုထိုးများရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် နံရံဆေးရေးပန်းချီ ဘုရားပုံတော်များပါ ထည့်သွင်းရေတွက်ထားခြင်း ဖြစ်သည်ဟုလည်း ဆိုကြသည်။

ဤသို့ဖြင့် ပုဂံတွင်အမှန်တကယ် ရှိနိုင်သည့် ဘုရား အရေအတွက်ကို သိနိုင်ရန် ထိုသံပေါက်ကို တစ်မျိုးတစ်ဖုံ ကြံဆကြပြန်ရာ သံပေါက် ဟူသည် "အစလေးလုံး၊ အလယ်သုံး၊ အဆုံးငါးခု သာ" ဟု ဆိုသဖြင့် အစလေးလုံးကိုသာ ယူခဲ့လျှင် ဘုရားပေါင်း ၄၄၄၆ ဆူသာ ရှိတော့သည်။

အင်းဝခေတ် မိုးညှင်းမင်းတရား (၁၄၂၆-၁၄၃၉)လက်ထက်က ပုဂံဘုရား အရေအတွက်ကို "ဝင်းဝင်းထိန်လျှံ ပုဂံဘုရားပေါင်း" ဟု မှတ်သားခဲ့သည်ဟု ဆိုသဖြင့် ကိန်းဂဏာန်းအားဖြင့် ၄၄၇၄ ဆူ ရသည်။

ကုန်းဘောင်ခေတ်တွင် ပုဂံဘုရား- အရေအတွက်ကို မှတ်သားရာတွင် -

"မြတ်ဘုရား ဆူရေ
ဖြူရွှေလို့ဝင်း။
ပုဂံပြည်
ဘယ်တိုင်း ဘယ်ဌာနီနှင့်

www.burmeseclassic.com

www.burmeseclassic.com

စံမမီ လွန်ထင်ရှား
စောမုနိမ်များ"

ဟူ၍ ဖွဲ့ဆိုခဲ့ပြန်ရာ 'ဖြူရွှေလို့ဝင်း' ဟူသော အရေအတွက်မှာ ၅၄၄၄ ဆူ ဖြစ်သည်။

မြန်မာသံပေါက် အချို့တွင် ဂဏန်းများကို ပြောင်းပြန်ဖတ်ယူရသည် လည်းရှိရာ ထိုသို့ ဖတ်ယူပါက ၄၄၄၅ ဆူ ရသည်။ လှည်းဝင်ရိုးသံ ၄၄၄၆ ဆူနှင့် နွှဲငြိုးယှဉ်လျှင် တစ်ဆူသာ ကွာသည်။ သို့ဖြစ်၍ ပုဂံဘုရား အရေအတွက်ကို ၄၄၄၆ ဆူဟု မှတ်ယူသူများလည်း ရှိကြောင်း သိရသည်။

ထို့ပြင် ပုဂံဝန်းကျင်တွင် ခရစ်နှစ် ၃၂၄၊ ၉၈၆၊ ၁၂၈၇၊ ၁၂၈၉၊ ၁၈၁၆၊ ၁၈၅၆ ခုနှစ်များကလည်း ငလျင်အကြိမ်ကြိမ် လှုပ်ခဲ့သဖြင့် ဘုရားစေတီများ ပြုပြင်ခဲ့ရကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြခဲ့ဖူးသည်ဟု ဖတ်ရှုမှတ်သားမိခဲ့ သည်။

၁၆ စတုရန်းမိုင်မျှ ကျယ်ဝန်းသည့် ပုဂံဒေသတွင် ၁၉၇၃ ခုနှစ်အထိ ရှေးဟောင်းသုတေသန ဦးစီးဌာနမှ မှတ်ပုံတင် ရေတွက်ထားရှိသော ရှေးဟောင်း ဘုရားစေတီ သာသနိက အဆောက်အအုံ အရေအတွက်မှာ ၂၂၁၇ ဆူဖြစ်ပြီး "ကျောင်းကြီးအုတ်နီ" ဟု သင်္ကေတပြု မှတ်သားထားခဲ့သည်။

၁၉၇၅ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့ ညနေ ၆ နာရီ ၃၅ မိနစ်တွင် ရစ်ချ်စတာစကေး ၆.၈ ပြင်းအားရှိသော ငလျင်လှုပ်ခတ်ခဲ့သဖြင့် ပုဂံရှိ ဘုရားစေတီများ ပျက်စီးခဲ့ရသည်။ ထို့စဉ်က နံရံဆေးရေး ပန်းချီများ ကွာကျခြင်း၊ စေတီများ အက်ကွဲခြင်းတို့ ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။ ၁၉၇၅ ခုနှစ် ဩဂုတ်လမှစကာ နိုင်ငံတော်မှ ကြီးမှူးပြီး ပျက်စီးယိုယွင်းခဲ့သည့် ဘုရားစေတီများကို ပြုပြင်ခဲ့ပြီး နိုင်ငံတော်အစိုးရ အစဉ်အဆက်ပင် ဘက်စုံပြုပြင် မွမ်းမံထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

ယခု စာရေးသူတို့ ၂၄-၈-၂၀၁၆ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီကျော်တွင် ခံစားလိုက်ရသည့်မြေငလျင်သည် ၁၉၇၅ ခုနှစ်ပြီးနောက် အနှစ် (၄၀)ကျော် ကြာသည်တွင် တစ်ပတ်ကြော့ကာ ပြန်လည်ဆိုက်ရောက်လာသော သဘာဝ ဘေးဆိုးကြီးပင် ဖြစ်ကြောင်း မြန်မာနိုင်ငံတွင် ထုတ်လွှင့်ဖြန့်ဝေနေသော သတင်းမီဒီယာမျိုးစုံတို့ ထံမှ ကြားသိမြင်တွေ့လိုက်ရပြီး စာရေးသူ စိုးရိမ် ပူပန်နေသည့် အတိုင်းပင် မြန်မာတို့၏ အသည်းနှလုံးဖြစ်သော မဟာပုဂံစေတီပုထိုး ဘုရားများ ပျက်စီးခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိလိုက်ရသည်။

တိကျစွာ ဖော်ပြရလျှင် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီ ၄ မိနစ် ၅၅ စက္ကန့်တွင် ချောက်မြို့ အနောက်ဘက် ၁၂ မိုင်ခန့် အကွာကို ဗဟိုပြုလျက် ရစ်ချ်စတာစကေး ၆.၈ ပြင်းအားရှိသော ငလျင် လှုပ်ခတ်ခဲ့သည်ဟု ဆိုသည်။

ငလျင်ဗဟိုချက် အနီးဝန်းကျင်၌ ရှိသော ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေ အပါအဝင် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း ဒေသကြီးများနှင့် ရခိုင်ပြည်နယ်မှ စေတီပုထိုးများ၊ သာသနိက အဆောက်အအုံများပါ ပျက်စီးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လတ်တလော ရေဘေးဒဏ်ကို အလူးအလဲ ခံစားနေရချိန်နှင့် တိုက်ဆိုင်စွာပင် ရုတ်တရက် ငလျင်ဘေးဒဏ် သင့်ခဲ့ပြန်သဖြင့် ရေနစ်သူ ဝါးကွန်၍နှစ်သည့် အဖြစ်ဆိုးမျိုးနှင့် ကြုံခဲ့ရပေပြီ။

ယခု ဇဝေဒီခတ်သည့် ငလျင်မှာ မြေအောက် ၈၄ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခြင်းကြောင့် မြန်မာနိုင်ငံတွင် လူအသေအပျောက် အပျက်အစီးနည်းခဲ့ကြောင်း၊ မရှေးမနှောင်းပင် အီတလီ၌ လှုပ်ခတ်ခဲ့သည့် ငလျင်မှာ မြေအောက် ၁၀ ကီလိုမီတာမှ လှုပ်ခတ်ခဲ့သဖြင့် လူအသေအပျောက်နှင့် ထိခိုက်ပျက်စီးမှုများခဲ့ကြောင်း သိရသည်။

အသေအပျောက် အပျက်အစီးနည်းခဲ့သည်ဟု ဆိုသော်လည်း ငလျင်ဒဏ်ကြောင့် ပုဂံအပါအဝင် တစ်နိုင်ငံလုံးရှိ ဘုရားစေတီ ၄၇၄ ဆူ ပျက်စီးခဲ့ကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီပေါင်း ၃၉၇ ဆူ ပျက်စီးခဲ့ကြောင်း၊ ယင်းတို့အထဲတွင် စေတီ ၃၃ ဆူမှာ အပျက်အစီး များသဖြင့် ဘုရားဖူးများ ဝင်ရောက်မှုကို ခေတ္တပိတ်ပင်ထားကြောင်း၊ ထိုကဲ့သို့ ပိတ်ပင်ခဲ့ရသည့် ဘုရားများတွင် စူဠာမဏိစေတီ၊ ပြာသာဒ်ကြီးဘုရား၊ ဓမ္မရံကြီး၊ မနုဟာဘုရား၊ မြင်းကပါ ဂူပြောက်ကြီး၊ မြစေတီ၊ ထီးလိုမင်းလိုဘုရား၊ ဝက်ကြီးအင်း ဂူပြောက်ကြီး၊ လောကနန္ဒာ စေတီများလည်း ပါဝင်သည်ဟု ဆိုသည်။

ပျက်စီးခဲ့သည့် ဘုရားစေတီ ၃၉၇ ဆူတို့၏ ပျက်စီးမှုအခြေအနေ ခွဲခြားစာရင်း ကောက်ယူရာတွင် -

ထီးတော်နှင့် ခရေသီးအထက်ပိုင်း ပျက်စီးမှု - ၃၁ ဆူ
ဖောင်းရစ်အပိုင်းအထိ ပျက်စီးမှု - ၂၃ ဆူ

www.burmeseclassic.com

www.burmeseclassic.com



အထွတ်စေတီပိုင်းအထိ ပျက်စီးမှု - ၂၂၈ ဆူ

ကွမ်းတောင့်/ခေါင်းလောင်းပိုင်း အထိ ပျက်စီးမှု - ၁၅ ဆူ

အခြားအပိုင်းများ ပျက်စီးမှု - ၁၀၀

တို့ဖြစ်ကြောင်း သိရသည်။

"ထိခိုက် ပျက်စီး ဆုံးရှုံးမှုများ အနက် တန်ဖိုးမဖြတ်နိုင်သည့်အနုပညာ လက်ရာမြောက်သော ရွှေမူရင်း နံရံ ဆေးရေးပန်းချီများ၊ အင်္ဂတေပန်းနှင့် စဉ့်ကွင်းလက်ရာများ ပျက်စီးခြင်းသည် ပြန်လည်အစားထိုး မရနိုင်သော ဆုံးရှုံး မှုပင် ဖြစ်သည်။

သာသနိက အဆောက်အအုံများမှာ ယခု ငလျင်လှုပ်ခတ်သောအခါ မှသာ လုပ်ဆောင်ထားမှု ချွတ်ယွင်းချက်များကို မြင်တွေ့လာရသည်။ ယခု ငလျင်ကြောင့် ပြိုကျ ပျက်စီးခဲ့သော စေတီပုထိုး အများစုမှာ ၁၉၇၅ ခုနှစ်က လှူပ်ခဲ့သော ပုဂံငလျင်ကြောင့် ပျက်စီးခဲ့ရသည့် ဘုရားပုထိုးများအား ပြန်လည် ပြုပြင်ထားသော စေတီပုထိုးများသာ ဖြစ်နေသည်ကို တွေ့ရသည်။

မူလ ရွှေဟောင်းစေတီဘုရားများမှာ နှစ်ပေါင်းထောင်ချီ ကြာမြင့်ခဲ့သော်လည်း သဘာဝဘေးဒဏ်တို့ကို ကြံ့ကြံ့ခံနိုင်သည်။ အဆောက်အအုံ တည်ဆောက်မှုနည်းစနစ်၊ ကျွမ်းကျင်မှု၊ လုပ်နည်းကိုင်နည်း အနုပညာ လက်ရာ မြောက်မှု စသည့်အချက်အလက်များကို ပိုင်နိုင်စွာ ဆောင်ရွက်ထားခဲ့သည်။

ပုဂံမြို့ ပူးဘုရားအနီးတွင် နေထိုင်ခဲ့သော စိတ္တနဝဘွဲ့တော်ရ ဗိသုကာပန်းပုဆရာကြီး ပြုစုခဲ့သည့် စေတီပုထိုးရှုပ်ပွားဆင်းတု ထုလုပ်တည်ဆောက်ပုံ စနစ်ကိုပြသော သတ္တုရွှေပကပိလာသနိကျမ်းမှာ သမိုင်းတန်ဖိုးကြီးမားသည့် စေတီဘုရားများတည်ရှိမှုကို အထောက်အကူပြုခဲ့သည်။

၁၉၇၅ ခုနှစ် ပြန်လည်ထိန်းသိမ်းတည်ဆောက်မှုတွင် ထိခေတ် ထိုကာလက ဌာနဝန်ထမ်းအင်အားလည်း မရှိ၊ ပြင်ဆင်ထိန်းသိမ်း စရိတ်လည်း မရှိ၊ နည်းပညာလည်း မရှိ၊ ပုံပိုးကူညီမည့်သူလည်း မရှိသဖြင့် တတ်သည့်ပညာ၊ ရှိသည့်အသပြာနှင့် ထိန်းသိမ်းခဲ့ရသည်။

စနစ်မကျသော ထိုလုပ်ဆောင်မှုများကြောင့် ယခု ငလျင်လှုပ်ခိုန်တွင် မူရင်းလက်ရာများပါ ထိခိုက်စေခဲ့သည်။ ပိုပြီး ဆိုးရွားစေသည်မှာ အချို့စေတီတော် ပိန္နဲတိုင်အကျိုးမှ ဝါးလုံးတိုင်၊ ပလတ်စတစ်ပိုက်တိုင်များ ဓေါ်ထွက်လာခြင်း ဖြစ်သည်။

ထို့ကြောင့် မြန်မာတို့၏ နှလုံးသား ဝိညာဉ် ပုဂံအား ထာဝရ ဆက်လက် တည်တံ့စေရန်အတွက် ပျက်စီးမှုများအား အလျင်စလို မပြုပြင်မိဘဲ အဆင့်မြင့်နည်းပညာ တတ်မြောက်သူများနှင့် လက်တွဲတာ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် ဒေသအဖြစ် ထာဝရတည်တံ့နိုင်အောင် ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။"

ဟူ၍ ၂၈-၈-၂၀၁၆ ရက်နေ့ ထုတ် ကြေးမုံသတင်းစာတွင် "မြန်မာတို့၏ နှလုံးသားပုဂံ ထာဝရခိုင်ခံ့ရန်" ခေါင်းစဉ်အောက်၌ ဖော်ပြထားသော အယ်ဒီတာ့အာဘော်ကို ဖတ်ရှုလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပေသည်။ ထိုစဉ်က လျှင် ၁၈၀ခံ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ရာတွင် ဖော်ပြပါ အားနည်းချက် ချို့ယွင်းချက်များ ရှိခဲ့သည့်အပြင် ငွေရှင်း ကြေးရှင်း အာဏာရှင်တို့၏ အလိုက္ခ ဟိုတယ် အစရှိသည့် စီးပွားရေး အဆောက်အအုံများပါ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အတွင်း၌ ဆောက်လုပ်ခဲ့ကြသဖြင့် ယူနက်စကို ကမ္ဘာအမွေအနှစ်စာရင်းဝင် ဖြစ်ခွင့်ရရေးနှင့်လည်း ဝေးကွာခဲ့ရသည်။

ယခင်က လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည်များအရ သင်ခန်းစာ ရခဲ့ကြပြီးဖြစ်၍ ယခုတစ်ခေါက် ပြင်ဆင်မှုများ ပြုလုပ်ရာတွင် အဆောတလျင် မပြုပြင်သေးဘဲ ရှေးမူလက်ရာ မပျက် ပြုပြင်နိုင်ရန် မြန်မာ့ရှေးဟောင်း သုတေသနနှင့် ဝိသုကာပညာရှင်များ၊ ယူနက်စကိုမှ ပညာရှင်များ ပူးပေါင်း၍ အစီအစဉ်များ စနစ်တကျ ရေးဆွဲပြီး ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ စသည့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကလည်း လိုအပ်သည့် အကူအညီများပေးရန် ကမ်းလှမ်းလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ ယခုအကြိမ် လျှင် ၁၈၀ခံ ပုဂံစေတီဘုရားများအား ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ရာတွင် ပြည်တွင်းပြည်ပအသိဗ္ဘညာရှင်၊ အတတ်ပညာရှင်များ၏ နည်းပညာကျွမ်းကျင်မှု အကူအညီ၊ ပြည်တွင်းပြည်ပ စေတနာရှင်များ၏ ငွေကြေးထောက်ပံ့လှူဒါန်းမှု အကူအညီများကို ပေါင်းစပ်ရယူကာ အရည်အသွေး ကောင်းမွန် မှန်ကန်သော ပစ္စည်းများကိုအသုံးပြုပြီး တာဝန်သိသိ သိက္ခာရှိရှိ ဖြောင့်မတ်တည်ကြည် မွန်မြတ်သော စိတ်ရင်းစေတနာများဖြင့် စနစ်တကျ အချိန်ယူလျက် ရှေးမူလက်ရာ မပျက်စေဘဲ ပြုပြင်မွမ်းမံ တည်ဆောက်နိုင်ကြမည်ဟုမျှော်လင့်ယုံကြည်နေမိသည်။

စာရေးသူ မျှော်လင့်ယုံကြည်သည့်အတိုင်း အောင်မြင်စွာ တည်ဆောက်ပြုပြင် မွမ်းမံနိုင်ခြင်းဖြင့် မြန်မာတို့၏ အသည်းနှလုံးဖြစ်သော ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် မဟာပုဂံဟူသော ဂုဏ်ပုဒ်ဖြင့် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွား ခံညားထည်ဝါစွာ ရပ်တည်နိုင်ကာ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်အဖြစ် ကမ္ဘာတည်သရွေ့ အမွန်ရှည်ကြာ တည်တံ့နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။

မင်းဂုဏ်

ကိုးကား

* သမိုင်းဝင် ပုဂံစေတီပုထိုးများ၊ ဦးသန်းဆွေ။
* ပုဂံစေတီပုထိုးများ သမိုင်းနှင့် ခရီးသွားလမ်းညွှန်၊ တင်နိုင်တိုး။



www.burmeseclassic.com

www.burmeseclassic.com

ဝါလကင်းလွတ်
သီတင်းကျွတ်ချိန်ခါ

မင်းမြိမ့်

www.burmeseclassic.com

www.burmeseclassic.com

မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုံ၊ မိန် ဟူ၍ ရာသီခွင်(၁၂)ရပ်ရှိသည့် အနက် သီတင်းကျွတ်လသည်ကား တူရာသီကာလ အခါသမယပင် ဖြစ်ပေသည်။

ဝါတွင်းကာလ ကုန်ဆုံး ကင်းလွတ်ခဲ့ပြီ ဖြစ်သဖြင့် ဝါလကင်းလွတ် သီတင်းကျွတ်ဟူ၍ ခေါ်စမှတ်ပြုခဲ့ကြသည်။ ရှေးသူဟောင်းတို့ကမူ "သန်တူလ" ဟု ခေါ်ဆိုခဲ့ကြသည်ဟုလည်း မှတ်သားရဖူးသည်။

ဤအချိန် ဤကာလတွင် ငွေလစန္ဒာသည် အာသာဝတီနက္ခတ်နှင့် ယှဉ်၍ လပြည့်ခြင်းဖြစ်ပြီး ကြတ္တိကာနက္ခတ်နှင့်လည်း ယှဉ်တွဲ၍နေသည်ဟု ပညာရှိများက ဆိုကြသည်။

သီတင်းကျွတ်လ ရောက်သည်နှင့် မိုးရာသီ ဝဿန်ညောင်းခဲ့သဖြင့် ဟေမန်ဆောင်းသို့ ပြောင်းတော့မည့် အရိပ်လက္ခဏာများ ပြစပြုလာပြီဖြစ်သည်။

ညင်းညင်းနှင်းနှံ့ သွဲ့သွဲ့ညင်ညင် တသွင်သွင်တိုက်ခတ်လာသည့် မြောက်ပြန်လေတို့တွင် ဆောင်းရာသီ၏ အငွေ့အသက်များ ရောယှက်၍ ပါစပြုလာပေပြီ။

"လေပြန်လောင်းသည့် ဟေမာန်ဆောင်း" ဟု ဆိုစမှတ်ပြုကြသည်နှင့် အညီ ညချမ်းကာလနှင့် အရုဏ်ကျင်းစတို့တွင် ရာသီဥတုက အေးစိမ့်စိမ့်ရှိလာတတ်သကဲ့သို့ ထက်ကောင်းကင် အာကာဌေတွင် မှိုင်းမှိုင်းညို့လျက် ငွေနှင်းမှုန်တို့ကလည်း ဆိုင်းဆိုင်းဆို့လျက် ရှိနေတတ်သည်။

မြို့တွင်းမြို့ပြင် ရပ်ရွာစွဲဝယ် ဗုဒ္ဓမြတ်စွာ ဘုရားရှင်အား ရည်စူး၍ ထူးထွေဆန်းပြားစွာ တခမ်းတနား အလှူဆင်ကာ မီးတန်ဆောင်၊ မီးမြင်းမိုရ်စသည်တို့ဖြင့် ထွန်းညှိပူဇော်ကြသော မြန်မာ့နိုးရာယဉ်ကျေးမှုဓလေ့ မီးပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပချိန်လည်း ဖြစ်၍ ရှေးစာဆိုဦးဇောဘင်ကြီး၏ ဆယ့်နှစ်လရာသီ လူးတားတွင် -

"သာစွလေ မြောက်လေပြန်စ
ကောင်းတင်လနှင့် အာသာဝတီ ပြည့်
လှာညီသော် ရာသီတူခွင် ရေငြင်လှ
တင့် မြတ်ကျင့်ခေါင်ထွတ် သီတင်း
ကျွတ်ကား ရွှေလွှတ်တော်ပွဲ တက်မြ
ခင်းကျင်း မြို့တွင်းမြို့ပြင် ထွန်းတင်
ညီးဝါ မြို့လယ်မှာမူ အချာပတိုရ်
မီးမြင်းမိုရ်လည်း မဂ်ဖိုလ် ရှေးဌ
ပူဇော်လှူ၍" ဟု စပ်ဆိုခဲ့သည်။

ဤသည်က သူခေတ်သူကာလတွင် သူ မြင်တွေ့ခံစားရသည်များကို ဖွဲ့ဆိုခဲ့ခြင်းဖြစ်သည်။

စာရေးသူတို့ငယ်စဉ်က ကြုံတွေ့ခဲ့ရသည့် မီးထွန်းပွဲတော်မှာ လွန်စွာပင် ပျော်စရာကောင်းသည်။ သီတင်းကျွတ်တော့မည်ဟူသော အသံကို ကြားရသည်နှင့်ပင် အလိုလိုပျော်နေမိသည်။ အိမ်တွင် မီးပုံးများ အလှဆင်မည်။ မီးပန်းလွှတ်မည်။ လူကြီးတွေ့ မီးပုံးမှလွှတ်သည်ကို ကြည့်မည်။ မီးထွန်းပွဲများသို့ သွားရောက်ကြည့်မည် စသည်ဖြင့် စိမံချက်များ ကြိုတင်ကြံစည်နေရသည်ကပင် ပျော်စရာဖြစ်နေသည်။

ထို့ပြင် သီတင်းကျွတ်ပွဲတော်ကျင်းပသည့် သုံးရက်တာ ကာလအတွင်း အဘိုး၊ အဘွား၊ မိဘ၊ ဆွေမျိုးအကြီးအကဲများ၊ ဆရာသမားများအား လည်းကောင်း၊ မိမိတို့နှင့် ရင်းနှီးခင်မင်သူ လူကြီးသူမ ရပ်ဆွေရပ်မျိုးများအားလည်းကောင်း လှူဖွယ်ပစ္စည်းများဖြင့် အိမ်တိုင်ရာရောက် သွားရောက်ကာ သက္ကာရဂါရဝဖြင့် ကန်တော့ပူဇော်ရသည်မှာလည်း ဓလေ့ထုံးတမ်းတစ်ခုပင် ဖြစ်သည်။

ဤကဲ့သို့ ကန်တော့ကြရာတွင် လူကြီးသူမ၊ မိဘ၊ ဘိုးတွား၊ ဆရာသမားတို့က ပို့သလာသည့် ဆုတောင်းပတ္ထနာမေတ္တာများကို ခံယူရသည်မှာ ဝမ်းမြောက် ကြည်နူးဖွယ်ကောင်းလှသည်။

ထိုစဉ်က သီတင်းကျွတ်ပွဲတော်တွင် ဤကဲ့သို့ခဲ့ပျော်ရွှင်မြူးကာ ကြည်နူးဝမ်းမြောက် ဖြစ်ခဲ့ရသော်လည်း လူငယ်တာဝဖြစ်၍ အနှစ်သာရကိုမူ မသိရှိခဲ့ပေ။

နောက်ပိုင်းတွင်မှ စာရေးသူလေ့လာ သိရှိခဲ့သည့် စာပေများအရ သိရှိလာသည့် သီတင်းကျွတ်ပွဲတော်၏ အနှစ်သာရများကို ရေးသား တင်ပြရန် သည်ရှိသော် . . .

www.burmeseclassic.com

www.burmeseclassic.com

သုံးလူထွက်ထား မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ဝါတော် ခုနစ်ဝါမြောက်တွင် သာဝတ္ထိပြည် သရက်ဖြူပင်အနီး၌ စံတော်မူနေစဉ် ဘုရားရှင်အား ဝါဒချင်းပြိုင်ခဲ့သော တိတ္ထိကြီးများသည် ရှင်တော်မြတ်အပေါ်သို့ ရောက်ရှိလာကြသည်။ ယင်းတို့ လာရောက်ကြခြင်းမှာ ကောင်းသောလာခြင်းကား မဟုတ်ပေ။

ဝါဒချင်း ပြိုင်ခဲ့ရာ၌ အနှိုးကြီး ရှုံးခဲ့ကြသဖြင့် တန်ခိုးပြိုင်ရန် လာရောက်ကြခြင်းပင် ဖြစ်သည်။

ရာဇပြိုဟ်ပြည် သူဌေး၏ စန္ဒကူးသဝိတ်ကို အရှင်ပိဏ္ဍောလမဒ္ဓေရ်က တန်ခိုးဂုဏ်ပါဒ်ဖြင့် ယူဆောင်ခဲ့ခြင်းကို အကြောင်းပြု၍ ဘုရားရှင်သည် ရဟန်းတော်များအား တန်ခိုးမပြရန် မကြာသေးမီကပင် တားမြစ်တော်မူခဲ့သည်။

ဤသည်ကို အခွင့်ကောင်းယူကာ ဘုရားရှင်အား အကျပ်တွေ့စေရန် အကွက်ဆင်၍ လာရောက်ကြခြင်းပင်။

ဤရာတွင် ပြည့်ရှင်မင်း သုံးဆောင်ရန်အတွက် စိုက်ပျိုးထားသည့် သရက်ပင်မှ သရက်သီးကို တစ်ပါးသူများ မစားသုံးရဟု တားမြစ်ထားသော်လည်း တားမြစ်ချက်ကို ထုတ်ပြန်သူ ပြည့်ရှင်မင်းကိုယ်တိုင်မှာမူ စားသုံးနိုင်သကဲ့သို့ တန်ခိုးပြာဋိဟာ မပြကြရန် တပည့်ရဟန်းများအား တားမြစ်ထားသော်လည်း တားမြစ်ချက်ကို ထုတ်ပြန်တော်မူသော ဘုရားရှင်ကိုယ်တော်တိုင်မှာ တန်ခိုးပြာဋိဟာ ပြသနိုင်သည်သာ ဟူသော သာဓကကို ဆောင်တော်မူကာ ဘုရားရှင်သည် ကိုယ်တော်တိုင် ရေးဖူးအစုံ တန်ခိုးပြာဋိဟာကို ပြု၍ တိတ္ထိတို့ကို နှိမ်နင်းတော်မူလေသည်။

အုံသြဘနန်း ထူးဆန်းလှစွာ ရေးဖူးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပြီးနောက် ဘုရားရှင် ကိုယ်တော်မြတ်သည် အထက်ပြဟ္မာပြည်မှ အောက်အဝီစိ ငရဲတိုင်အောင် လူပရိသတ်အပေါင်း ၇ မြင်နိုင်ကြစေရန် တန်ခိုးတော်ဖြင့် ဖန်ဆင်းတော်မူ၍ ရောင်ခြည်တော်ခြောက်သွယ်ကိုလည်း ကွန့်မြူးစေတော်မူသည်။

ထို့နောက် နိဗ္ဗိတ ရုပ်ပွားတော်များကိုလည်း တစ်ဆူ၊ နှစ်ဆူ၊ သုံးဆူ စသည်ဖြင့် တစ်စ တစ်စတိုးပွားစေလျက် အရာမတ္တသော နိဗ္ဗိတ ရုပ်ပွားတော်များ ဖန်ဆင်း၍ အမေးအဖြေပြုလုပ်ပြီး တရားဒေသနာ ဟောကြားတော်မူခဲ့သည်။

ဤတရားပွဲတွင် ပြဟ္မာ၊ နတ်၊ လူ ကုဋေနှစ်ဆယ်ကျော် ကျွတ်တမ်းဝင်ခဲ့လေသည်။

ဤသို့ တန်ခိုးပြာဋိဟာပြတော်မူပြီးနောက် ဘုရားရှင်သည် တာဝတိံသာနတ်ပြည်သို့ကြွတော်မူ၍ ပဉ်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဏာကုမွလာ မြက်ခင်းဖျာထက်၌ သီတင်းသုံးတော်မူလေသည်။

ထိုနေရာ၌ပင် ဘုရားရှင်၏ ဓယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားကို အမှူးပြု၍ စကြဝဠာတိုက် တစ်သောင်းမှ ရောက်ရှိလာကြသော နတ်ပြဟ္မာတို့အား အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူလေသည်။

အဘိဓမ္မာ တရားတော်သည် ပါဠိ၏ နက်နဲခြင်းတည်းဟူသော ဓမ္မဂမ္ဘီရ သဘောအရှိုးပွာယ်၏ နက်နဲခြင်းစည်းဟူသော အတ္ထဂမ္ဘီရ ဟောကြားပုံ အစီအစဉ်၏ နက်နဲခြင်းတည်းဟူသော **ဒေသနာဂမ္ဘီရ** ဉာဏ်တော်၏ နက်နဲခြင်းတည်းဟူသော ဉာဏဂမ္ဘီရ (၀၊) **ပဋိဝေဓဂမ္ဘီရတို့နှင့်** ပြည့်စုံသည်။

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် တည်းဟူသော နက်နဲသိမ်မွေ့လှသည့် ပရမတ္ထတရားလေးပါးတို့ကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာကာ သရုပ်ခွဲ ပြတော်မူထားသော တရားတော်ဖြစ်သည်။

သတ္တဓါဝေနေယျတို့၏ ဘဝရရှိမှုကို လည်းကောင်း၊ ခန္ဓာဖြစ်ပေါ်မှု အမျိုးမျိုးကို လည်းကောင်း၊ အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကောင်းဆိုး နှစ်ဘက်ကိုလည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဖြစ်ပေါ်မှု အမျိုးမျိုးကို လည်းကောင်း၊ ဘဝ၏ ကောင်းဆိုးနှစ်ဘက်ကို လည်းကောင်း၊ ဘဝမှလွတ်မြောက်မှုကို လည်းကောင်း၊ သက်တမ်းကုန်၍ သေခြင်း၊ ကံစွမ်းကုန်၍သေခြင်း၊ သက်တမ်း ကံစွမ်းနှစ်ပါး စုံကုန်၍သေခြင်း၊ သက်တမ်း ကံစွမ်းနှစ်ပါးစုံ မကုန်သေးပါလျက် အကုသိုလ်ကံဆိုးဖြတ်၍ သေခြင်းတည်း ဟူသော သေခြင်းလေးမျိုးတွင် တစ်မျိုးမျိုးဖြင့် သေရခြင်းကိုလည်းကောင်း အဘိဓမ္မာဒေသနာတော်က ပြဆိုထားလေသည်။

ဘုရားရှင်သည် ဤသို့လျှင် အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူခဲ့ပြီးသည်တွင် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ဆင်းကြွတော်မူလေသည်။ ထိုနေ့သည်ကား ဝါတွင်းသုံးလ လွန်မြောက်ခဲ့ပြီဖြစ်သော သီတင်းကျွတ်လပြည့်နေ့ပင် ဖြစ်သည်။

ဤတွင် သီကြူးမင်းသည် ဘုရားရှင် ဆင်းသက်တော်မူရန် စောင်းတန်းသုံးသွယ်ကို မြင်းမိုရ်တောင်ထိပ်မှ သင်္ကဿနဂိုရ်ပြည် မြို့တံခါးအထိ သွယ်တန်း ဖန်ဆင်းပေးလေသည်။

ထိုစောင်းတန်းသုံးသွယ်အနက် အလယ် တစ်သွယ်မြောင်းစောင်းတန်းမှာ ဘုရားရှင် ဆင်းကြွတော်မူရန်ဖြစ်ပြီး သံကဲဝ

www.burmeseclassic.com

www.burmeseclassic.com

ဘက် ငွေစောင်းတန်းသည် ပြဟ္မာကြီးများအတွက်ဖြစ်ကာ လက်ယာဘက် ရွှေစောင်းတန်းမှာ နတ်တို့အတွက် ဖြစ်သည်။

ဘုရားရှင်သည် မြင်းမိုရ်တောင်ထိပ်တွင် ရပ်တန့်တော်မူပြီး အရပ်ဆယ်မျက်နှာကို ကြည့်တော်မူသည်တွင် လောကဝိဝရဏ တန်ခိုးတော်ကြောင့် စကြဝဠာတစ်ဝန်းလုံးကို လူနတ် ဗြဟ္မာ သတ္တဝါတို့ တိုးလျှိုပေါက် မြင်ကြရလေသည်။

ထို့နောက်တွင်ကား ရှင်တော်မြတ်ဘုရားသည် နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဇ္ဈိဋ္ဌ၊ ပဘာသရဟု ဆိုအပ်သော ရောင်ခြည်တော်ခြောက်သွယ်တို့ကို လွှတ်တော်မူကာ ပတ္တမြားစောင်းတန်းတော်မှ ဆင်းကြွတော်မူလေသည်။

ထိုအခါ လက်ဝဲဘက် ငွေစောင်းတန်းမှ မဟာပြဟ္မာကြီးက ဘုရားရှင်အား ထီးဖြူတော်မိုးလျက် လက်ယာဘက် ငွေစောင်းတန်းမှ ပဉ္စသိခ နတ်သားက ဗေလုဝနတ်စောင်းကို တီးခတ်၍ မာတလိနတ်သားက နတ်ပန်းများ ယူဆောင်ပြီး သုယာမနတ်သားက သားမြီးယပ်ကို ခတ်ခြင်းဖြင့် ပူဇော်ခဲ့ရကာ လိုက်ပါလာကြသည်။

ဘုရားရှင် ကိုယ်တော်မြတ်သည် ဤအချိန် ဤအခါတွင် သက်သန့်ဂိုရ်ပြည်သို့ ပြန်လည်ဆင်းကြွတော်မူလာမည် ဖြစ်ကြောင်းကို အရှင်မောဂ္ဂလ္လာန် ကိုယ်တော်မြတ်သည် ရဟန်းပရိသတ်၊ လူပရိသတ်တို့အား ကြိုတင် မိန့်ကြားထားသည်ဖြစ်ရာ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ် အဖူးပြုသော ရဟန်းပရိသတ်၊ လူပရိသတ်တို့သည် သက်သန့်ဂိုရ်ပြည်မြို့ဝင်တံခါးမှ စောင့်ဆိုင်းကာ ဘုရားရှင်အား ကြိုဆိုကြလေသည်။

ဤတွင် ဘုရားရှင်၏ လောကဝိဝရဏ တန်ခိုးတော်နှင့်တကွ အနှိုင်းမဲ့အံ့ဩရေတော်ကို ဗြဟ္မာနတ်လူသုံးဘုံသူတို့အတူတကွ ကြည်ဖြူကော်ရော်ပူဇော်ကြရသည်ဖြစ်၍ ဖူးမြင်ထြရသူ တိုင်းပင် တအံ့တသြနှင့် ဖူး၍မဝနိုင်အောင် ကြည်ညိုဩဇာကြွယ်ဝသည်။

ကြည်ညိုသဒ္ဓါပွားရုံမျှမက အားကျသူများက ဘုရားဆုကိုပင် ပန်ဆင်ခဲ့ကြသဖြင့် ဘုရားဆုပန်နေဟုလည်း ခေါ်တွင်ကြောင်း မှတ်သားရဖူးသည်။

ဤကဲ့သို့ မြတ်စွာဘုရားရှင်သည် တာဝတိံသာ နတ်ပြည်တွင် သန္ဓာသီတ အမည်ရသော မယ်တော်မိနတ်သားအား အဘိဓမ္မာတရား ဟောကြားတော်မူခဲ့ပြီး သီတင်းကျွတ်လပြည့်နေ့၌ သင်္ကန်းဂိုရ်ပြည်သို့ ဆင်းကြွတော်မူလာသည်ကို ရည်မှန်းကာ မီးစောင်းတန်းကြီးများ ထွန်းညှိပူဇော်ခြင်း၊ မီးမြင်းမိုရ် ပွဲကျင်းပခြင်းတို့ကို အစဉ်အဆက် ပြုလုပ်ခဲ့ရာ သီတင်းကျွတ်မီးထွန်းပွဲတော်ကို သီတင်းကျွတ်လဆန်း (၁၄)ရက်မှ လပြည့်ကျော် (၁)ရက်နေ့အထိ သုံးရက်တိုင် အစဉ်အလာမပျက် ကျင်းပခဲ့ကြလေသည်။

သီတင်းကျွတ်လပြည့်နေ့ကိုပင် "အဘိဓမ္မာအခါတော်နေ့" ဟု သတ်မှတ်၍ အဘိဓမ္မာ ပူဇော်ပွဲများကိုလည်း အစဉ်အလာမပျက် ကျင်းပကြသည်။

အလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်ခဲ့စဉ် အနော်မာမြစ်ကမ်း၌ စွန့်ပယ်ခဲ့သည့် ဆံတော်ကို သိကြားမင်းသည် ရွှေပန်းတောင်းဖြင့် ခံယူကာ တာဝတိံနတ်ပြည်တွင် စူဠာမဏိစေတီ တည်ထား ကိုးကွယ်ထားသည်ကို ရည်စူးလျက် မီးပုံပျံများ လွှတ်တင်၍လည်း ပူဇော်ကြသည်။

ယော်ရွှင်ချမ်းမြေ့ဖွယ်၊ ကြည်နူးဝမ်းမြောက် ဖွယ်ကောင်းလှသော ဤဝါကျွတ်ကာလ သမယတွင် ရဟန်းတော်များ ပဝါရဏာ ပြုကြရသည်။

ပဝါရဏာ၏ အဓိပ္ပာယ်ကို "ဖိတ်မန်ခြင်း"ဟု ဖွင့်ဆိုကြောင်း သိရသည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် ကိုယ်တော်မြတ် သီတင်းသုံးတော်မူစဉ်တွင် ကောသလတိုင်းသား ရဟန်းများ တစ်ပါးနှင့်တစ်ပါး အခေါ်အပြော နှီးနှောတိုင်ပင်ခြင်း မရှိ၊ အပြစ်ကို ညွှန်ပြပဲ့ပြင်ဆုံးမခြင်း မရှိကြဘဲ မေ့လျော့ပေါ့တန်စွာ နေကြခြင်းကို ကြားသိတော်မူသဖြင့် သီတင်းကျွတ်လပြည့်နေ့ကို ပဝါရဏာနေ့အဖြစ် သတ်မှတ်တော်မူခဲ့ခြင်း ဖြစ်သည်။

ပဝါရဏာပြုရာတွင် ကျောင်းတိုက် တစ်ခုၦ် ဝါကပ်သော သံဃာသို့မဟုတ် ပဝါရဏာဂိုဏ်း ဖွဲ့ထားသော နီးစပ်ရာကျောင်းတိုက်မှ သံဃာတို့သည် သိမ်တစ်ခုတွင်စုရုံးပြီး မထေရ်ကြီးမှစ၍ ဝါတော်အငယ်ဆုံး ရဟန်းတော်အထိ တစ်ပါးချင်းစီ ပဝါရဏာပါဠိတွဲကို ဆိုကြရသည်။

ထိုပါဠိ၏အဓိပ္ပာယ်မှာ -

"သံဃာတော် အရှင်သူမြတ်တို့ ဘုရား တပည့်တော်တွင် အပြစ်တစ်စုံတစ်ရာရှိကြောင်း ကိုယ်တိုင်ဒိဋ္ဌ မြင်တွေ့ရ၍ဖြစ်စေ၊ တစ်ဆင့်ကြားသုတ ကြောင့်ဖြစ်စေ၊ ယုံမှားသံသယ ပရိသက် ရှိ၍ဖြစ်စေ ပြောဆိုဆုံးမထောက်ပြရန် ရှိပါက တပည့်တော်အား ထုတ်ဖော်ပြောကြားတော်မူကြပါရန် ဖိတ်မန်ကန

www.burmeseclassic.com

www.burmeseclassic.com

ပြုအပ်ပါသည်ဘုရား။ အပြစ်ရှိသည်ဟု သိမြင်ပါက ဝိနည်းတော်နှင့် အညီ လိုက်နာဆောင်ရွက် ကုစားပြုပြင်ရန် ကတိပြုပါသည်ဘုရား" ဟူ၍ ဖြစ်သည်။

ဤသည်ကိုပင် ပဝါရဏာပြုသည်ဟု ခေါ်ဆိုခြင်းဖြစ်သည်။

ဘုရားရှင်သည် သံဃာကို အလွန်အားထားတော်မူသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော် မူပြီးနောက် သာသနာတော် အဝန့်ရှည်စွာ တည်ရှိနိုင်ရေးအတွက် သယ်ပိုးဆောင်ရွက်တော်မူကြမည်မှာ သံဃာတော်များသာ ဖြစ်သည်။

ထို့ကြောင့်ပင် ဘုရားရှင်သည် သံဃာထုအတွင်း အပြန်အလှန် လေးစား ကြည်ညို ရိုသေကြကာ စည်းလုံးညီညွတ်မှုရှိရေး၊ ယုံကြည်မှု တည်ဆောက်နိုင်ရေးအတွက် သံဃာသမဂ္ဂ ဂုဏ်ပုဒ်ကို ဖော်ကျူးသောအားဖြင့် ဝါလကင်းလွတ် သီတင်းကျွတ်လျှင် ပဝါရဏာပြုကြရန် မိန့်ဆို ပညတ်တော်မူခဲ့လေသည်။

လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာများနှင့် မကင်းနိုင်သေးသမျှ လူတိုင်းတွင် အပြစ်ဟူသည် ရှိနေမည်သာ ဖြစ်သည်။

သို့ဖြစ်၍ ကိုယ့်အပြစ်ကို ကိုယ်တိုင်သိမြင်နိုင်ရန် ကြိုးစားရမည်ဖြစ်ပြီး သိမြင်သည်နှင့် တစ်ပြိုင်နက် ပြုပြင်ရဲသော သတ္တိရှိရမည်ဖြစ်သည်။ ဤသို့ဖြစ်ရန်မှာ နိုးသားပွင့်လင်းရန် လိုအပ်သည်။

ပုထုဇဉ် လူသား ဟူသည်ကလည်း ကိုယ်ပြုသမျှ အကောင်းအမှန် ချည်းသာ ထင်တတ်ကြသည်။ ကိုယ့်အပြစ် ကိုယ့်အမှားကို မြင်ရန်မှာ ခဲယဉ်းလှပေသည်။ တစ်ပါးသူက စေတနာဗရပွဖြင့် ထောက်ပြလာမှသာ မြင်လာတတ်ကြသည်။

အပြစ်ကို မြင်ပါမှ အပြစ်ကို ပြင်လာကာ အပြစ်ကင်းမည်။ အပြစ်ကင်းပါမှ ကောင်းကျိုးချမ်းသာ ရမည်ဖြစ်သည်။

မိမိ၏အမှား မိမိ၏အပြစ်ကို စေတနာ အရင်းခံဖြင့် ထောက်ပြလာသူကို ရွေအိုးဖော်ပေးသူကဲ့သို့ မှတ်ယူရမည်ဟု ရှင်တော်မြတ်ဘုရား မိန့်ကြားတော်မူခဲ့သည်။

ရဟန်းတော်များက သီတင်းကျွတ် လပြည့်နေ့တွင် ပဝါရဏာပြုတော်မူကြသကဲ့သို့ မျိုးမြန်မာ ဗုဒ္ဓဘာသာဝင်များကလည်း ဝါလကင်းလွတ် သီတင်းကျွတ် ကာလတွင် အနန္တ ဂိုဏ်းဝင် ကျေးဇူးရှင်များနှင့် ဂုဏဝန္တိ၊ ဝရဂုဏ်ရှိ ရှိကြကုန်သော ရှိသေ လေးစား ထိုက်သူ လူကြီးသူမများအား သတ္တစ္ဓ ဂါရဝဖြင့် မိမိတို့ကိုယ်ကို နှိမ့်ချရှိကျိုးကာ ရှိခိုးကန်တော့ကြသည်။

ဤသို့ ရှိခိုးကန်တော့ကြခြင်းဖြင့် မိုမိတို့အပြစ်တစ်စုံတစ်ရာ ကျူးလွန်ပြစ်မှားရှိခဲ့သော် သည်းခံခွင့်လွှတ်ကြပါရန်နှင့် မိမိတို့အား ဆုံးမရန် ရှိကဆုံးမညွှန်ကြားကြပါရန် တောင်းပန်ကြခြင်း ဖြစ်သည်။

လူကြီးသူမများကလည်း ဆုံးမဩဝါဒ လမ်းညွှန်မှုများ ချီးမြှင့်ကာ ဆုတောင်းမေတ္တာများ ပို့သကြသည်မှာ အစဉ်အလာ အလေ့အထ တစ်ရပ် အနေဖြင့် ယနေ့မျက်မှောက်ကာလ အထိပင် ဖြစ်သည်။

ဤကဲ့သို့ မြတ်နိုးဖွယ်ရာကောင်းမြတ်လှစွာသော ဗုဒ္ဓဘာသာ မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း တစ်ရပ်ကို သားစဉ်မြေးဆက် မပျောက်စေရန် ထိန်းသိမ်းစောင့်ရှောက်ကြရမည်မှာ ဗုဒ္ဓဘာသာမြန်မာတိုင်း၏ တာဝန်ပင် ဖြစ်သည်။

ထို့မှတပါး ဓေရဝါဒ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးများအနေဖြင့် ဘုရားရှင်တောကြားတော်မူသည့် အဘိဓမ္မာဒေသနာတော်ကို ကောင်းစွာသဘောပေါက် နားလည်သည်အထိ သင်ယူနာကြား ဆည်းပူးလေ့လာကြပြီး လက်တွေ့ ကျင့်ကြံအားထုတ်ခြင်းဖြင့် ဝဋ်ဒုက္ခအပေါင်းမှ လွတ်မြောက်ခြင်းတည်းဟူသော အကျိုးတရားကို ရရှိနိုင်မည် ဖြစ်ပါကြောင်း ကောင်းမြတ်သော စေတနာဖြင့် ရေးသားလိုက်ရပါသည်။

မင်းခြွမ့်

❑

www.burmeseclassic.com

www.burmeseclassic.com

မွန်-ကရင် လွင်ပြင်ဆီသို့

အောင်ဝိုး (ပြည်)

ဆဒ္ဒန်လိုဏ်ဂူတော်အဝင် မုခ်ဦး၀ (ဘားအံမြို့နယ်)

ဒီခရီးလေးကို မစခင်တုန်းက တော့ မိတ်ဆွေအပေါင်းအသင်းများက လုံခြုံရေးအရ သွားဖို့မသင့်ကြောင်း အကြံပြုခဲ့ကြပါသေးတယ်။ ဒါပေမဲ့ တောင်ကြီး၊ အင်းလေး၊ ပင်းတယ ဘုရားဖူး အပြန်ခရီးမှာကတည်းက မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်ဘက်ကို တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးတာကြောင့် စိစဉ်ပြီးသား ခရီးလေးကို ထွက်ဖြစ်အောင် ထွက်လိုက်ကြပါတော့တယ်။

ခရီးက ပြန်အရောက်မှာတော့ ကိုယ့်အတွေ့အကြုံလေးကို ပြန်လည် မျှဝေရင်း ကိုယ်လိုပဲ သွားချင်သူများ ခရီးစဉ်အကြောင်း တစေ့တစောင်း လေ့လာရင်း အလိုရှိတဲ့အခါ ခရီးလေး ထွက်နိုင်အောင်လို့ ဒီဆောင်းပါးလေး ရေးဖြစ်ခဲ့ပါတယ်။

ကျွန်တော်တို့အဖွဲ့ဟာ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့ ည ၆း၃၀ နာရီမှာ ပြည်မြို့နေအိမ်ကနေ ပြည်-ရန်ကုန်လင်းအတိုင်း ဘုရားဖူးခရီး ကို စတင်ခဲ့ကြပြီး နောက်တစ်နေ့နံနက် ဝေလီဝေလင်း ၄း၃၀ နာရီမှာ ကင်ပွန်း စခန်းကို ရောက်ခဲ့ကြပါတယ်။ တရေး တမော ခေတ္တအနားယူကြပြီးတဲ့နောက် နံနက် ၆း၃၀ နာရီမှာ တောင်တက် ကားများနဲ့ ကျိုက်ထီးရိုးတောင်ပေါ်ကို စတက်ခဲ့ကြပါတယ်။

နံနက်အစောကြီး တောင်တက် ကားများပေါ်ကိုတက်ရောက်ကြတဲ့အခါ အနယ်နယ်အရပ်ရပ်က ဘုရားဖူး လာ ရောက်ကြသူတွေနဲ့ စည်ကားလွန်းတာ ကြောင့် အလုအယက်နဲ့ တိုးဝှေ့တက် ကြရပေမယ့် ကျိုက်ထီးရိုး ဂေါပကအဖွဲ့ က စီစဉ်ထားတဲ့ တောင်တက်ကား အရေအတွက် အလုံအလောက်ရှိတာ ကြောင့် အဆင်ပြေမှုရှိခဲ့ပါတယ်။

ကျွန်တော်တို့အနေနဲ့ မွန်ပြည် နယ်နဲ့ ကရင်ပြည်နယ်ဘက်ကို ခရီးဆက်

လင်ပြည့်ဝန်းမွတ်ငင်း (နိုဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ကလပ်ဧတီတော်နှင့် ကန်သာယာအလှ (ဘားအံပြိုန္နယ်)

© Pyae

www.burmeseclassic.com

www.burmeseclassic.com

ကြရဦးမှာက တစ်ကြောင်း၊ ကျိုက်ထီးရိုး ဘုရားကို ယခင် မကြာခဏလာရောက် ဖူးမြော်ခဲ့ပြီးလည်း ဖြစ်တာက တစ် ကြောင်းကြောင့် အခြားနေရာများကို လှည့်လည်ဖူးမြော်ခြင်း မပြုတော့ဘဲ ရင်ပြင်တော်ပေါ်မှာပဲ ဘုရားကို ပန်း၊ ရေချမ်းနဲ့ အလင်းတိုင်၊ အမွှေးတိုင်များ၊ ရွှေဆိုင်းသင်္ကန်းများ ကပ်လှူ၊ ကြည်ညိုသဒ္ဓါပြည့်ဝစွာဖူး၊ လိုရာဆုများတောင်း၊ အမှတ်တရဓာတ်ပုံရိုက်ကြ ပြီးတဲ့နောက် တောင်ခြေ ကင်ပွန်းစခန်းကို ပြန်ဆင်းခဲ့ကြပါတယ်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက တော့ ကင်ပွန်းစခန်းကနေ တောင်ပေါ် ကို ခြေကျင်တက်ကြရတာပါ။ ရေမြောင်း ကြီးမှာ တစ်ထောက်နားကြပြီး ဆက် တက်လေ့ရှိပါတယ်။ အခုတော့အရာရာ ဟာ ပြောင်းလဲလို့နေပါပြီ။ ကင်ပွန်းစခန်း သည်ပင် ဟိုတယ်တွေ၊ မိုတယ်တွေနဲ့ အတော့်ကို စည်ကားလွန်းနေပါပြီ။ အနည်းဆုံးတော့ တောင်ပေါ်မှာတစ်ည အိပ်ကြရပါတယ်။ အခုတော့ တောင် ပေါ်ခရီးကို နံနက် ၆း၃၀ နာရီမှာ စတက်ပြီး နံနက် ၁၀ နာရီမှာ တောင် အောက်ကို ပြန်ရောက်နိုင်နေပါပြီ။

နောင်ဆိုရင် ဟိုတုန်းက အိပ် မက်တောင် မမက်ခဲ့ဖူးခဲ့တဲ့ ဇကာဘယ် ရထားစီးပြီး တောင်ပေါ်ကို တက်ကြ ရဦးမယ်လို့ သိရပါတယ်။ အဲဒီနောက် ကျိုက်ထီးရိုးတောင်ခြေ ကင်ပွန်းစခန်း ကနေ ဆက်လက် ထွက်ခွာလာခဲ့ပြီး ဘီးလင်းမြို့နယ်ထဲ ဇုတ်သုတ်ကျွဲရွာ မှာရှိတဲ့ ကျိုက်ထီးဆောင်းဘုရားကို သွားရောက်ဖူးမြော်ခဲ့ကြပါတယ်။

ကျိုက်ထီးဆောင်း ဘုရားကို ဖူးမြော်ပြီးတဲ့နောက် ဆက်ထွက်လာကြ ပြီး အလံတစ်ရာဘုရားကြီးကိုဝင်ရောက်

ငင်းကျိုက်လုတ်ခွန် (ပွန်ပြည်နယ်၊ ပေါင်ပြိုနယ်)

ဖူးမြော်ခဲ့ကြပါတယ်။ အလံတစ်ရာ တောင်တော်ကြီးကလည်း အလွန် သာယာလှပါတယ်။ တောင်တက်ဖို့ လမ်းဖောက်ထားပေမယ့် မြေသားလမ်း အဆင့်သာရှိသေးပြီး အနည်းငယ်မြင့် တာကြောင့် အလံတစ်ရာဘုရားကြီး ဖူးရင်းနဲ့ တောင်ခြေကနေပဲ လက်အုပ် ချီမိုးလို့ ဖူးမြော်ခဲ့ကြပါတော့တယ်။ ဆက်လက်ထွက်ခွာခဲ့ရာမှာတော့ သထုံ မြို့ကို ရောက်ရှိပြီး ရွှေစာရံဘုရားကြီးကို ဖူးမြော်ခဲ့ကြပါတယ်။

အဲဒီနောက် သထုံ မြသပိတ် တောင်တော်ပေါ်ကို ကားနဲ့ တက် ရောက်ခဲ့ကြပါတယ်။ မြသပိတ်စေတီ တော်ဟာ အတော်လေး မြင့်လှတဲ့ တောင်ပေါ်မှာ တည်ထားတာဖြစ်ပြီး စေတီထော်ရှိရာ တောင်ပေါ်ကို တက် ရတဲ့ စောင်းတန်းကလည်း အတော် လေးကို မတ်စောက်ပုံရပါတယ်။ ဒါပေမဲ့ တောင်ခြေကနေ တောင်ပေါ် မြသပိတ် ဘုရားခြေတော်ရင်းအရောက် ကွန် ကရစ်လမ်း ခင်းပေးထားခြင်း၊ ကား အသွားအလာနည်းခြင်း၊ ယာဉ်မောင်း သူရဲ့ စေတနာနဲ့ ကျွမ်းကျင်မှုရှိခြင်းတို့ ကြောင့် တောင်ပေါ်ကို ချောချောမော မောရောက်ရှိ ဖူးမြော်ခွင့်ရရှိခဲ့ပါတယ်။

သေဃင်းတမန်ရထားလှမ်းအစ (သံမြူလုပ်ပြိုမှာ စာရေးသူ အမှတ်တရ ရထားမောင်းနေစဉ်)

www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ် ရောက်တဲ့အခါ *မြသပိတ်စေတီရှိရာကို* ဘုရား တန်ဆောင်း အုတ်လှေကားများအတိုင်း ထပ်မံတက်ကြရပြန်ပါတယ်။ ဘုရားရင်ပြင်ပေါ် ရောက်တဲ့အခါ ကပ်ငိုးပိုး တိုက်ခတ်နေတဲ့ တောင်ပေါ် လေနဲ့ အေးအေးလေးကြောင့် အမောပြေစေခဲ့ပါတယ်။ တောင်ပေါ်ကနေ သထုံမြို့ကို လှမ်းမြော်ကြည့်လိုက်တော့မှ တောင်တော်ရဲ့ အမြင့်မှာ မနည်းလှကြောင်း ခန့်မှန်းမိပါတော့တယ်။ ညနေစောင်းနေပြိုမို့ တောင်ခြေက သထုံမြို့ရဲ့အလှဟာလည်း နေခြည်မှာ ရွှေရည်ဝင်းလျက်ရှိနေပါတယ်။

ညနေ ၄ နာရီမှာ တောင်ပေါ်က ပြန်ဆင်းခဲ့ကြပြီး ခရီးဆက်ခဲ့ကြရာမှာ ပေါင်မြို့နယ်ထဲကို ရောက်တော့ မိုးချုပ်လုလုရှိနေပါပြီ။ ပေါင်မြို့နယ်အရောက်မှာတော့ ဇင်းကျိုက်ရေတံခွန်ကိုဝင်ပြီး ရေတံခွန်အောက်မှာ အေးမြလှတဲ့ တောင်ကျရေကို တဝကြီး ချိုးလိုက်ကြတာကြောင့် ပိုမိုလန်းဆန်းဖာကြွစေခဲ့ပါတယ်။

ဇင်းကျိုက်ရေတံခွန် နှစ်စဉ် ဒီဇင်ဘာလ နောက်ဆုံးအပတ်လောက် ကနေစပြီး ရေမရှိတော့ဘူးလို့ သိရှိရပါတယ်။ ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ ဇင်းကျိုက်တိုရောက်တော့ ညနေ ၅း၁၅ နာရီ ရှိနေပါပြီ။

ဇင်းကျိုက်တောင် ရေတံခွန်အောက်မှာ ရေချိုးရင်း အမှတ်တရ ဓာတ်ပုံ ရိုက်ကြပြီးတဲ့နောက် ဆက်လက် ထွက်ခဲ့ကြရာ ည ၇ နာရီမှာ မုတ္တမကို ရောက်ပါတော့မယ်။ ရွှေရောင် တဝင်းဝင်းနဲ့ သပွာယ်လှတဲ့ ကျိုက်သံလန်စေတီတော်ကြီးနဲ့ မီးရောင် တထိန်ထိန်နဲ့ လှချင်တိုင်းလှနေတဲ့ မြို့မော်ရွှေမြို့ကို အဝေးက လှမ်းမြင်နေရပါတယ်။ *သံလွင်တံတားကို* ဖြတ်ကျော်နေတဲ့အချိန်မှာ မြန်မာပြည်သိန်းတန်ရဲ့ မြစ်သံလွင်ကို ဖြတ်ကျော်ခိုက် ဝယ်ဆိုတဲ့ တေးသွားလေးကို နားထဲမှာ ကြားယောင်လာမိပါတယ်။

ည ၇း၅၅ နာရီမှာတော့ မော်လမြိုင်မြို့ကို ရောက်ရှိကြပြီး ဗိုက်ဆာနေကြပြီဖြစ်တာကြောင့် မော်လမြိုင်ကမ်းနားညစျေးက အကင်ဆိုင်တန်းမှာ လေညင်းခံရင်း ညစာ သုံးဆောင်ကြပါတယ်။ ကျွန်တော်တို့ဆီက ရောဝတီမြစ်ကမ်းဘေး မြို့ကြီးတိုင်း၊ မြို့ကြီးတိုင်းမှာ မော်လမြိုင်ကမ်းနားလို သာယာလှပပြီး အများပြည်သူ အာပန်းဖြေလို့ရအောင် စီစဉ်ထားရင် ကောင်းလေစွလို့ အတွေးတစ်ခု ဝင်လာခဲ့ပါတယ်။

နောက်တစ်နေ့ နံနက်စောစောမှာတော့ ကျိုက်သံလန်ဘုရားကြီးကို သွားရောက် ဖူးမြော်ကြည်ညိုကြပါတယ်။ အဲဒီနောက် မော်လမြိုင်မြို့ရဲ့ လှပတဲ့ ကမ်းနားတက်ရိပ် (၁) ကို သွားရောက် လေ့လာခဲ့ကြပါတယ်။ အဲဒီနောက် မော်လမြိုင်ကမ်းနားကို သွားရောက်ကြပြီး သံလွင်တံတားကြီးနဲ့ အမှတ်တရဓာတ်ပုံ ရိုက်ကြပြန်ပါတယ်။ အဲဒီနောက် မုဒုံမြို့ကို ဆက်လက် ထွက်ခွာခဲ့ကြပါတယ်။

မုဒုံမြို့ကို အသွား လမ်းဘေးဝဲယာမှာ စိမ်းစိမ်းစိုစိုလယ်ကွင်းများကို တွေ့ရပြီး လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်ဆီမှာ မြန်မာနိုင်ငံ အလယ်ပိုင်းက ပဲပွားတောင်ကလပ်လို တောင်ကလပ်နှစ်ခုကို အဝေးကတိုင် မြင်တွေ့ရပါတယ်။ စုံစမ်းကြည့်တော့ ကုလားမတောင်နဲ့ မြန်မာတောင်လို့ သိရပြီး တောင်ကလပ် နှစ်ခုစလုံးပေါ်မှာတော့ သာသနိုက အဆောက်အအုံများ တည်ဆောက်ထားတာကို တွေ့ရပါတယ်။

ကုလားမတောင်ပေါ်မှာ တွေ့မြင်ရတဲ့ အဆောက်အအုံများကတော့ ဟိန္ဒူလူမျိုးတို့ရဲ့ သာသနိုက အဆောက်အအုံတွေလို့ သိရပါတယ်။ မုဒုံမြို့အသွား လမ်းဘေးတစ်ဖက်တစ်ချက် ဆီမှာရှိတဲ့ အဲဒီတောင်ကြီးနှစ်လုံးရဲ့ သာယာပုံကလည်း မျက်စိထဲမှာ ကြည့်ကို့ မဝနိုင်အောင်ပါပဲ။ ဖြောင့်တန်းညီညာနေတဲ့ ကတ္တရာလမ်းမအတိုင်း သွားရောက်ခဲ့ရာမှာ မကြာခင်မှာပဲ ဝင်းစိန်တောရကို ရောက်ရှိပါတယ်။

ဝင်းစိန်တောရ အဝင်မုခ်ဦးမှာ အလွန်လက်ရာမြောက်လှတဲ့ ငွေဇျိုင်းဖြူရုပ်တုကြီးကို တွေ့ရပါတယ်။ ဝင်းစိန်တောရ အဝင်မုခ်ဦးကနေ အတွင်းကို ညီညာဖြောင့်တန်းနေတဲ့ ကတ္တရာလမ်းမကြီးအတိုင်း ကားကို မောင်းဝင်သွားရင်း ကျွန်တော်တို့ အင်မတန် ရောက်ဖူးချင်လွန်း၊ ဖူးမြော်ချင်လွန်းလှတဲ့ ဝင်းစိန်တောရ လျောင်းတော်မူဘုရားကြီးကို အဝေးကနေ လှမ်းပြီး ကြည်ညိုနေရပါတယ်။

အဝင်လမ်းဘေး တစ်ဖက် တစ်ချက်စီမှာလည်း ဘုရားရုပ်တုပေါင်းများစွာ ထုလုပ်ထားတာ တွေ့ရပါတယ်။ ဘုရားကြီး ထုလုပ်ထားပုံကလည်း အံ့မခန်းပါပဲ။ ဘုရားကြီးရဲ့ ခန္ဓာကိုယ်အတွင်းပိုင်းနဲ့ ခေါင်းအုံး၊ ဦးခေါင်းတော်တို့အထိမှာ အခန်းများ အကန့်လိုက်၊ အနှာန့်လိုက် တည်ဆောက်ထားပြီး အခန်းတိုင်းမှာ ဘုရားဖူးသူများ ကြည်ညိုဖွယ်ရာ ဥဒ္ဒဝင်ဇာတ်တော်များကို လက်ရာမြောက်လှတဲ့ ပန်းပုလက်ရာများနဲ့ ထုလုပ်ပြသထားတာကို တွေ့ရှိခဲ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

လက်ရှိ တည်ထားပြီးဖြစ်တဲ့ လျောင်းတော်မူဘုရားကြီးနဲ့မျက်နှာချင်းဆိုင် တောင်ပေါ်မှာလည်း ပုံသဏ္ဌာန်တူညီပြီး လက်ရှိဘုရားကြီးထက် နှစ်ဆကြီးမားမယ့် လျောင်းတော်မူဘုရားကြီး တစ်ဆူကိုလည်း ထပ်မံတည်ဆောက်နေတာကို ဖူးတွေ့ခဲ့ရပါတယ်။

ဝင်းစိန်တောရဘုရားကြီးရဲ့ ခန္ဓာတော်အတွင်းက ဗုဒ္ဓဝင်အခန်းများကို တစ်ခန်းပြီးတစ်ခန်း လှည့်လည်ဖူးမြော်လို့ အပြီးမှာတော့ ပရိဝုဏ်အတွင်းက ဘုရားများကိုလည်း လှည့်လည်ဖူးမြော်ကြပြီး နေ့လယ်စာထမင်းကို တော့ ပရဝုဏ်အတွင်းမှာ ဖွင့်လှစ်ထားတဲ့ သက်သတ်လွတ်ထမင်းဆိုင်မှာ သုံးဆောင်ကြပါတယ်။

သက်သတ်လွတ် ထမင်းဟင်းမျိုးစုံရရှိပြီး ပဲကုလားဟင်းကတော့ အတော်ကို စားလို့ကောင်းလှပါတယ်။ ထမင်းဆိုင်က ဆိုင်ကြီးဆိုင်သန့်ဖြစ်ပြီး ဆန်လည်းကောင်း၊ ဟင်းလည်းကောင်း၊ စွေးနွှန်းလည်း သင့်ပါတယ်။ ဆိုင်ရဲ့ နောက်ဘက်မှာ အမျိုးသား၊ အမျိုးသမီး သီးသန့်စီအတွက် သန့်စင်ခန်းများ အလုံအလောက်ရှိပြီး သန့်စင်ခန်းများဟာလည်း အလွန်ကို သန့်စင်မှုရှိတာ တွေ့ရပါတယ်။

ထမင်းသုံးဆောင်လို့ ပြီးကြတဲ့ နောက် ဆက်လက်ခရီးဆက်ခဲ့ကြရာမှာ ဝင်းစိန်တောရဆရာတော် ဘုရားကြီး တည်ထားတော်မူတဲ့ ခပ်ရခပ်ယူ ဘွဲ့တော်ရ ဘုရားကြီးကို ရောက်ရှိပါတယ်။ ဘုရားကြီးရဲ့ ဥစ္စာတော်အမြင့်ဟာ ပေ(၁၈၀)ရှိတာကြောင့် မရောက်ခင် အဝေးကြီးကတည်းက လှမ်းမြင်ဖူးမြော်လို့ရပါတယ်။ ဘုရားရဲ့ ပရိဝုဏ်ကလည်း အတော်ကို ကျယ်ကျယ်ဝန်းဝန်းရှိလှတာ တွေ့ရပါတယ်။ ဘုရားကြီးဟာ အပြီးမသတ်နိုင်သေးဘဲ တည်ဆောက်ဆဲ အခြေအနေမှာဖြစ်ပါတယ်။

ဘုရားကြီး တည်ဆောက်ထားပုံက ထိုင်တော်မူပုံပါ။ နီညိုရောင် သင်္ကန်းနဲ့ အတော့်ကိုသပွာယ်တင့်တယ်လှပါတယ်။ ဘုရားကြီးရဲ့ ဥစ္စာတော်အမြင့်နဲ့ တည်ဆောက်ထားပုံတို့ဟာ အင်မတန်ကို အချိုးအစား ညီညွတ်လှတာကိုလည်း ဖူးတွေ့ရပါတယ်။ ဘုရားကြီးရဲ့ အောက်ခြေပိုင်း ဝတ္ထုင်တော်အတွင်းမှာတော့ ဓလေ့ထစ်နန်းခန်းများနဲ့ ဘုရားဖူးများ လာရောက်ဖူးချင့်စဖွယ် ခင်းကျင်းပြသထားတာ တွေ့ရပါတယ်။

ကျွန်တော်တို့အဖွဲ့ ရောက်ရှိစဉ် ခပ်ရခပ်ယူဘုရားကြီးမှာ လာသမျှ ဝေနေယျတွေကို အန္တရာယ်ကင်းစေရန်နဲ့ အာဟာရသိဒ္ဓိ မြည့်ဝစေရန် ရည်ရွယ်ပြီး ဆန်ပြုတ်ပူပူနွေးနွေးလေးနဲ့ ဧည့်ခံတာ တွေ့ရပါတယ်။ ဆန်ပြုတ်က ဆန်ကောင်းလွန်းတာကြောင့် သကာရည်လို အစေးကျနေပြီး ငရုတ်ကောင်းနဲ့လေးကလည်း မွှေးနေကာ အရသာ အလွန်ရှိလှပါတယ်။

ခပ်ရခပ်ယူဘုရားကြီးကို ဖူးမြော်ပြီးတဲ့အခါမှာတော့ ကျွန်တော်တို့အဖွဲ့ ဆက်လက် ထွက်ခွာလာခဲ့ကြရာမှာ လမ်းဘေးဒေသာတစ်လျှောက် ရော်ဘာခြံစိမ်းစိမ်းစိုစိုများကို ဖြတ်သန်းခဲ့ကြရပြီး နှင်းခဲရပါတယ်။ ရော်ဘာဖောက်ကြိုးကို ဖြတ်တဲ့အခါ စိမ်းညို့နေပြီး တစ်မျှော်တစ်ခေါ် တညီတညီး အတန်းလိုက်၊ အတန်းလိုက် စိုက်ထားတာဖို့ မျက်စိပသာဒမှာ ကြည်လို့မဝနိုင်အောင်ပါဘဲ။

ဒီခရီးရဲ့အစမှာ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်ဘက်ကို လုံခြုံရေး စိတ်ချရပါ့မလားလို့ အကြံပြုသူတွေရှိခဲ့ပေမယ့် ကျွန်တော်တို့ သွားရောက်နေတဲ့ လမ်းတစ်လျှောက်လုံးမှာတော့ ကား၊ ဆိုင်ကယ်များ၊ ကုန်တင်ကားများ၊ ဘုရားဖူးကားများ မပြတ်စွာလာနေတာ တွေ့ရပါဘယ်။ အထူးသဖြင့် ကားလမ်းများဟာ ကောင်းမွန်လှပါတယ်။

၈

အဲဒီနောက် နေ့လယ် ၂ဝဝ၃ နာရီမှာ မြို့လေးတစ်မြို့ကို ရောက်ခဲ့ပါတယ်။ ဒီမြို့လေးဟာလည်း ကျွန်တော်တို့ မြန်မာများအတွက်ရော ကမ္ဘာနဲ့ပတ်သက်လို့ပါ အထိမ်းအမှတ်တွေ ကျန်ခဲ့တဲ့ မြို့လေးတစ်မြို့ပါ။ ဟိုအတိတ်ဆီ နှစ်ပေါင်းများစွာ၊ သွေးစက်ပေါင်းများစွာနဲ့ အသက်ပေါင်းများစွာတို့ကို စတေးခဲ့ရဖူးတဲ့ ရာဇဝင်ထဲက မြို့လေးတစ်မြို့ပါပဲ။ ခုတော့ ဒီမြို့လေးဟာ အေးချမ်းလို့နေပါပြီ။ သံဖြူဇရပ်လို့ ခေါ်ဆိုတဲ့ မြို့ကလေးပဲ ဖြစ်ပါတယ်။

မြို့ထဲတစ်နေရာ အရောက်မှာ လမ်းဘေး ဝဘက်အခြေလေးမှာ သံဖြူနဲ့လုပ်ထားပုံရတဲ့ ဇရပ်ဝိုင်းကလေး တစ်ခုကို တွေ့ရှိလိုက်ရတာကြောင့် လက်ထဲက ဖုန်းကင်မရာနဲ့ ချက်ချင်းပဲ မှတ်တမ်းတင်လိုက်ပါတယ်။ နောက်တော့မှ အဲဒီ သံဖြူဇရပ်ကလေးကို အစွဲပြုပြီး 'သံဖြူဇရပ်မြို့' လို့ ခေါ်ဆိုခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

ဆက်သွားကြတဲ့အခါ လမ်းဘေးခြံကျယ်ကျယ်တစ်နေရာမှာ အနက်ရောင် ဆေးသုတ်လိမ်းထားတဲ့ မီးရထားစက်ခေါင်းတွဲကြီး တစ်ခုကို တွေ့လိုက်ရပါတယ်။ စက်ခေါင်းအမှတ်က (C-0522)ပါ။ နာမည်ကျော် သေမင်းတမန် ရထားလမ်းရဲ့အစကို ရောက်ပြီဆိုတာ သဘောပေါက်လိုက်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

သမိုင်းနောက်ခံရှိတဲ့ ဒီနေရာလေးကို ရောက်ဖူးချင်ခဲ့တာ ကြာပြီဖြစ်ပေမယ့် အခုမှပဲ ဆန္ဒပြည့်ဝပါတော့တယ်။ အဲဒီသေမင်းတမန်ရထားလမ်းရဲ့ အစမှာ ရထား စက်ခေါင်းတွဲကြီးနဲ့ အမှတ်တရ ဓာတ်ပုံများ ရိုက်ကြပြီး စိတ်ဆဲကလည်း ကျွန်တော် အလွန်ရောက်ဖူးချင်နေတဲ့ နာမည်ကျော် သေဓင်းတမန်ရထားလမ်းကို ရောက်ဖူးခဲ့ပြီဆိုပြီး အကျေနပ်ကြီး ကျေနပ်နေမိပါတော့တယ်။

အဲဒီသေမင်းတမန်ရထားလမ်း ရှိတဲ့နေရာမှာ ၁၉၄၂ ခုနှစ်ကနေ ၁၉၄၅ ခုနှစ်အတွင်း ဂျပန်တို့ အုပ်ချုပ်ခဲ့စဉ်က စစ်ရေးအရ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ကိုဆက်သွယ်ဖို့ မီးရထားလမ်း ဖောက်လုပ်ခဲ့ကြတာဖြစ်ပါတယ်။ ရထားလမ်း ဖောက်လုပ်ရေးမှာ မြင်မြင်သမျှတို့ကို ခွေးတပ်သားအဖြစ်က ခွေးတပ်အစွဲခံရပြီး ရာသီဥတုဒဏ်၊ ဂွက်ဖျားရောဂါဒဏ်၊ ဝမ်းရောဂါနဲ့ အစာငတ်မွတ်မှု၊ ပင်ပင်ပန်းပန်းအလုပ်စေခိုင်းခြင်းတို့ရဲ့ ဒဏ်ရာဒဏ်ချက်များကြောင့် မီးရထားလမ်းဖောက်လုပ်တဲ့ လုပ်ငန်းခွင်မှာ မြန်မာလူမျိုး လူ ၈၀၀၀၀ (ရှစ်သောင်း) ကျော်တို့ သေဆုံးသွားခဲ့ကြရတယ်လို့ မှတ်တမ်းများအရ သိရှိခဲ့ရပါတယ်။

လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရတဲ့ အဲဒီသေမင်းတမန် မီးရထားလမ်းဟာ ထိုင်းနိုင်ငံ ဘန်ပေါင်ဘူတာကနေ မြန်မာနိုင်ငံ သံဖြူဇရပ်ဘူတာအထိ မိုင်ပေါင်း (၁၇၅)မိုင် အရှည်ရှိခဲ့တယ်လို့ သိရပါတယ်။ ရန်ကုန်ကနေ ၁၇၉ မိုင်အကွာမှာရှိတဲ့ သရေခေတ္တရာအကြောင်း တေးသီချင်းစပ်ဆိုခဲ့သူဇိုဝဲ အနုပညာရှင်များအနေနဲ့ ဒီ ၁၇၅ မိုင်ကိုလည်း တေးသီချင်းစပ်ဆိုပြီး သေဆုံးခဲ့ရတဲ့ မြန်မာ (၈၀၀၀၀) ကျော်တို့ကို ဘယ်တော့မှ မမေ့ကြောင်း ဂုဏ်ပြုစပ်ဆိုသင့်ပါကြောင်းလည်း တိုက်တွန်းအပ်ပါတယ်။

၁၃-၁-၂၀၁၆ ရက်စွဲပါ 7 Day News Journal မှာ ဆောင်းပါးရှင် သီဟနဲ့ သန္တာလှိုင်တို့ ရေးသားထားတဲ့ ခွေးတပ်စခန်းမှ သက်ရှိပုံရိပ်ဆောင်းပါးမှာတော့ အောက်ပါအတိုင်း ရေးသားထားတာကို ဖတ်ရှုလိုက်ရပါတယ်။

"ဂျပန်တို့သည် ထိုအချိန်က မီးရထားလမ်းဖောက်လုပ်ရန် မြန်မာနိုင်ငံ အရပ်ရပ်မှ ကြီး၊ ငယ်၊ လတ် ယောကျ်ားများ အမြောက်အမြားကို ဖမ်းဆီးခေါ်ဆောင်၍ တောတွင်းခွေးတပ်စခန်းများသို့ ပို့လိုက်ကြသည်။

ဂျပန်တို့သည် ထိုင်း-မြန်မာ မီးရထားလမ်း ဖောက်လုပ်ရာတွင် အသုံးချရန် မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်မှ အလုပ်သမားပေါင်း ၁၇၇,၀၀၀ စုဆောင်းခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးသွား၍ မဟာမိတ် စစ်သမ္ဂိုဏ်းကော်မရှင်က ဂျပန် စစ်အာဏာပိုင်များကို စစ်ဆေးခြင်းပြုသည့်အခါ မြန်မာနိုင်ငံအရပ်ရပ်မှ ခွေးတပ်သားပေါင်း တစ်သိန်းသုံးသောင်းသာ စုဆောင်းခဲ့ကြောင်း၊ ထိုအထဲမှ လေးသောင်းသည် လမ်းခုလတ်တွင် ထွက်ပြေးခဲ့ကြောင်း၊ ခွေးတပ်သားပေါင်း တစ်သောင်းသုံးထောင့်ငါးရာတို့အား အလုပ်တာဝန်ပြီး၍ နေရပ်သို့ကောင်းမွန်စွာ ပြန်လွှတ်လိုက်ကြောင်း အစစ်ခံသည်။ သို့သော် ဂျပန်တို့၏ အစစ်ခံချက်သည် ယုံကြည်နိုင်ဖွယ်မရှိကြောင်း စစ်သမ္ဂိုဏ်း ကော်မရှင်က မှတ်ချက်ချသည်။

၁၉၄၇ အောက်တိုဘာ ၇ ရက်စွဲဖြင့် ထုတ်ပြန်သော ဗြိတိသျှနိုင်ငံခြားရေးရုံး၏ ကြေညာချက်တွင် မြန်မာနိုင်ငံမှ ခွေးတပ်သားပေါင်း ရှစ်သောင်းကျော် သေကျေပျောက်စီးသည်ဟု ခန့်မှန်းထားသည်။ နှစ်လားတူ စစ်သမ္ဂိုဏ်း ကော်မရှင်ကလည်း သုံးသောင်းမှ ရှစ်သောင်းအထိ သေနိုင်သည်ဟု ခန့်မှန်းကြောင်း ဆရာကြီးလင်းယုန်သစ်လွင်၏ စာအုပ်တွင် ဖော်ပြထားသည်" ဟု ရေးသားထားသည်ကို တွေ့ရသည်။

ထိုစဉ်က မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သူ ဂျပန်စစ်ဗိုလ်တပ်ဖွဲ့မှူးအဆင့်ရှိသူ မစ္စတာရှိတ ဆိုသူ ဂျပန်လူမျိုးတစ်ဦးမှမူ ထိုစဉ်က အသက် (၂၄) နှစ်သာ ရှိခဲ့သေးပြီး ယခု (၂၀၁၆ ခုနှစ်တွင်)အခါ အသက် (၉၅) နှစ်ရှိနေပြီဖြစ်ပြီး ထိုစဉ်က အသက်သွေးသွေးဖြင့် သေဆုံးသွားခဲ့သူများကို အောက်မေ့သတိရစွာဖြင့် သံဖြူဇရပ်သို့ လာရောက်ဆုတောင်းနေခဲ့သည်မှာ ၁၉၆၁ ခုနှစ်မှစ၍ ယခု ၂၀၁၆ ခုနှစ် အထိဆိုလျှင် (၅၆)ကြိမ်တိုင် ရှိခဲ့ပြီဖြစ်ကြောင်း သိရှိရပါတယ်။

(ဒီဆောင်းပါးလေးကို ရေးနေဆဲ ၄-၁-၂၀၁၆ ရက်နေ့မှာပဲ သေမင်းတမန် ရထားလမ်း ပြတိုက် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း စကိုင်းနက်ရုပ်သံလိုင်းရဲ့ MNTV Ch ကနေ ကြေညာသွားခဲ့ပါတယ်။)

သေမင်းတမန် ရထားလမ်းကနေ ဆက်ထွက်ခဲ့ရာမှာ လမ်းမကြီးရဲ့ ဘယ်ဘက်ဘေးမှာပဲ မြက်ခင်းစိမ်းများနဲ့ မြေဇကျယ်ကျယ် ခြံကြီးတစ်ခုကို တွေ့လိုက်ရပါတယ်။ အသွင်အပြင်ကို ကြည့်ခြင်းဖြင့် ဓနသဟာယ စစ်သမ္ဂိုဏ်း ဆိုတာ သဘောပေါက်မိပါတယ်။ ကားရပ်ကြပြီး အထဲကို ခေတ္တဝင်ရောက်လေ့လာ၊ အောက်မေ့ဖွယ် Visitors

www.burmeseclassic.com

www.burmeseclassic.com

Book မှာ အမှတ်တရအဖြစ် ၃၀-၁၀-၂၀၁၅ ရက်စွဲနဲ့ 'ထာဝရငြိမ်းချမ်းပါစေ ကမ္ဘာမြေ' ဆိုတဲ့ စာတန်းကလေးတစ်ခုကို အပြစ်မဲ့လူသားအားလုံးတို့အတွက် ရေးသားဆုတောင်းပြီး လက်မှတ်ထိုးပေးခဲ့ပါတယ်။ ၁၉၃၉ ခုနှစ်ကနေ ၁၉၄၅ ခုနှစ်အတွင်း ကျဆုံးခဲ့သူတို့ရဲ့ ငြိမ်းချမ်းရာမြေလေးပါပဲ။

မှတ်တမ်းရေး လက်မှတ်ထိုးရတဲ့ စာအုပ်ကလေးထားတာ စနစ်ကျပေမယ့် စာအုပ်မဟုတ်ဘဲ ဖိုင်တွဲနဲ့ ထည့်ထားတာမို့ စာရွက်အနားများ ဆုတ်ပြတ်နေတာ တွေ့ရပါတယ်။ ယခုထက် ပိုမိုခံညားသင့်တယ်လို့ မြင်ပါတယ်။

ညနေ ၃း၁၀ နာရီမှာ စစ်သချိုင်းကနေ ဆက်ထွက်ခဲ့ကြရာမှာ ညနေ ၃း၂၂ နာရီမှာ သံဖြူဇရပ်မြို့နယ်ထဲက စက်စဲကမ်းခြေကို ရောက်ရှိခဲ့ပါတယ်။ စက်စဲကမ်းခြေက ဒေသခံတွေရဲ့ ပင်လယ်ထွက်ကုန်ပစ္စည်းများနဲ့ အမှတ်တရ ရိုးရာအထည်ဖျာရောင်းတဲ့ ဆိုင်လေးတွေ လှည့်ပတ်ကြည့်ရှု့ စွေးဝယ်သူတွေက ဝယ်ကြပါတယ်။

အုန်းစိမ်းရည် ချိုချိုမွေးမွေးလေး သောက်သူက သောက်ကြပါတယ်။ စက်စဲကမ်းခြေရဲ့ (Sunset) ကို လမ်းလျှောက်ကြည့်ရှုရင်း ညဘက်မှာ ကြည့်နေကျ ကိုရီးယား ဇာတ်လမ်းတွဲများထဲကလို ပင်လယ်ပြင်ကြီးနဲ့ နေမင်းကြီးကို တစ်ခုခု လှမ်းအော်ပြောချင်စိတ် ပေါ်လာခဲ့ပါတယ်။

အဲဒီနောက် ညနေ ၅ နာရီမှာ စက်စဲကမ်းခြေကနေ နှုတ်ဆက် ထွက်ခွာခဲ့ကြရာမှာ ညနေ ၆ နာရီတိတိမှာတော့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေး၊ မဖူးမြော်ဖူးသေးတဲ့ ကျီကွမီ ရေလယ်ဘုရားကို ရောက်ရှိကြပါတယ်။ ဘုရားပွဲကျင်းပခါနီးနဲ့ တိုက်ဆိုင်နေတာမို့ ကြိတ်ကြိတ်တိုး စည်ကားလျက် ရှိပါတယ်။ နောက်တစ်နေ့ဖြစ်တဲ့ (၃၁-၁၀-၂၀၁၅) နေ့ နံနက် ၄း၃၀ နာရီမှာ ရေလယ်ဘုရားကို သွားရောက်ဖူးမြော်ခဲ့ကြပါတယ်။

နံနက်ဦးမလင်းမီ ပင်လယ်တမ်းခြေအနီး ပင်လယ်ရေထဲမှာ ထည်ထားတဲ့ ဘုရားကို ဖူးကြရတာ စိတ်ထဲမှာ များစွာကြည်နူးမိပါတယ်။ ဘုရားမှာ အမျိုးသမီးများနေဖို့ နေရာသတ်သတ်ထားရှိပြီး အမျိုးသားများကတော့ အပေါ်ထိ တက်ရောက်ဖူးမြော်ခွင့် ရကြပါတယ်။ နံနက်ဝေလီဝေလင်းမှာ ဘုဒ္ဓဘုရားရှင်ကို ဆွမ်းပန်းဆီမီးနဲ့ ဆက်ကပ်လှူဒါန်း ပူဇော်ကြရတဲ့ ကုသိုလ်ဒါနမျာ်းအတွက်လည်း စာရှုသူတို့ကို ပြန်လည်မျှဝေအပ်ပါတယ်။

ဘုရားဖူး၊ ပုတီးစိပ်သူစိပ်ပြီးကြတဲ့နောက် နံနက် ၆း၃၀ နာရီတိတိမှာ ကျီကွမီ ရေလယ်ဘုရားမှ ပြန်လည် ထွက်ခွာခဲ့ကြပါတယ်။

နံနက် ၈း၃၀ နာရီမှာ သာယာလှပတဲ့ ကျီက်မရောမြို့ကလေးကို ရောက်ရှိကြပြီး ကျီက်မရော ဆုတောင်းပြည့်ဘုရားကြီးကို သွားရောက်ဖူးမြော်ခဲ့ကြပါတယ်။ ကျီက်မရော ဆုတောင်းပြည့်ဘုရားကြီးကို ဖူးမြော်လို့အပြီး နံနက် ၉း၃၀ နာရီမှာ ဆက်လက်ထွက်ခွာခဲ့ကြရာမှာတော့ ဘားအံမြို့နယ်၊ ကော့ဝါးစုရွာမှာရှိတဲ့ ဆဒ္ဒန်ဂူကို နံနက် ၁၁ နာရီထိုးလုလုမှာ ရောက်ရှိပါတယ်။

ကော့ဝါးစုရွာအမည်တူ ရွာ (၄) ရွာရှိတာကြောင့် ဆဒ္ဒန် ကော့ဝါးစုရွာလို့ ခေါ်ကြောင်း၊ ဆဒ္ဒန်လိုဏ်ဂူမှာ စွေးရောင်းတဲ့ အမိုး ဒေါ်နန်းခင်ရီက ကရင်သံဝဲဝဲနဲ့ ရှင်းပြပါတယ်။ ဆဒ္ဒန်လိုဏ်ဂူအဝင်ဝ စောင်းတန်းအတက်မှာတော့ လက်ရာမြောက်လှတဲ့ ဆင်ဖြူတော်နှစ်ကျောင့်ကို တစ်ဖက်တစ်ချက်စီမှာ ထုလုပ်ထားတာ တွေ့ရပါတယ်။ ရှေးတုန်းက ဆဒ္ဒန်ဆင်မင်းကြီး နေခဲ့တယ်လို့ ဒဏ္ဍာရီအဆိုရှိပါတယ်။

ဆဒ္ဒန်ဂူဟာ ဘားအံမြို့ရဲ့ တောင်ဘက် မိုင် (၂၀)ခန့်အကွာ ဇွဲကပင်တောင်တန်းကြီးရဲ့ တောင်ဘက်အစွန်ဆုံးမှာ ရှိတာဖြစ်ပြီး ဇွဲကပင်တောင်အရှေ့ဘက် အိန္ဒြယ္ကာမှတစ်ဆင့် ကားလမ်းကနေ သွားလို့ရသလို ဇွဲကပင်တောင် အနောက်ဘက် ဖားအံ ဘုံရင်းကားလမ်းဘက်ကလည်း သွားလို့ရတယ်လို့ သိရပါတယ်။ မွန်ပြည်နယ်ဘက်ကနေ လာမယ်ဆိုရင်တော့ ဂျိုင်း (ဇာသပြင်) တံတားကို ကျော်ဖြတ်လာပြီး ရွှေပြည်တောင် အပါယ်ပိတ်ဘုရားလမ်းခွဲဘက်ကနေလည်း လာရောက်လို့ရကြောင်း သိရပါတယ်။

ဆဒ္ဒန်ဂူကြီးဟာ ဂူအဝင်ကနေ အထွက်ဘက်အထိ တောက်လျှောက် ထွက်လမ်းရှိတဲ့ တိုးလျှိုပေါက် ကျောက်လိုဏ်ဂူကြီးဖြစ်ပြီး ကျောက်ဂူကြီးထဲမှာလည်း ထူးဆန်းအံ့ဖွယ်ရာ ကျောက်တုံးကျောက်ဆောင်များ၊ ပုဒ္ဓဃဉ်ကျေးမှုအနုလက်ရာများနဲ့ ထုံမွမ်းတင့်တယ်လှတဲ့ လိုဏ်ဂူကြီးတစ်ခုလည်း ဖြစ်တဲ့အပြင် ကျောက်လိုဏ်ဂူတွေထဲမှာ ဂူပေါက်အဝ အကျယ်ဆုံးနဲ့ ဂူလမ်းကြောင်း အရှည်ဆုံးလို့လည်း လေ့လာသိရှိရပါတယ်။

ဂူထဲမှာလည်း ကျောက်လွှာတင်ထားသောနေရာ၊ ဆင်မင်း သွားတော့ကြွသောနေရာ၊ ဆင်မင်း အုန်းခွေထွက်၍ ပုံကျသောနေရာ၊ မုဆိုးခမောက်၊

www.burmeseclassic.com

www.burmeseclassic.com

သမီးတော် ကျောက်ပျဉ်၊ ဆင်ချည်တိုင်စသည် စသည်ဖြင့် တည်ရှိနေပြီး ၎င်းအမှတ်အသားများတို့ဟာ ဆဒ္ဒန်ဆင်မင်း ဇာတ်တော်ပါ အကြောင်းအရာများနဲ့ တူနေတယ်လို့ ဆိုကြပါတယ်။

ဒါကြောင့် 'ဆဒ္ဒန်ဂူ တကယ်ပင် သဏ္ဌာန်တူပါဘိ၊ မြတ်ဗုဒ္ဓလောင်း အမှန်ပင် ခိုအောင်းခဲ့ရော့သလား။ ထင်မိယောင်မှား' လို့ စာဆိုခဲ့ဟန် တူလှပါတော့တယ်။ (မန်းသင်္ဘောင်- ကော်ကရိတ် ရေးသားသည့် 'သမိုင်းဝင် ထန်ကမ္ဘာမိုက် ဆဒ္ဒန်လိုဏ်ဂူတော် စာအုပ်မှ) လို့ ဆိုထားပုံရပါတယ်။

ဆဒ္ဒန်လိုဏ်ဂူတော်ဟာ အင်မတန် ကြီးလွန်းလှပြီး ဂူထဲမှာ လျှပ်စစ်မီးထွန်းထားပေးပေမယ့် ကျောက်ဂူခေါင်မိုးများပေါ်က ကျောက်ရေစက်များ တောက်လျှောက် ကျနေတာကြောင့် လိုဏ်ဂူကြီးရဲ့ ကြမ်းပြင်မှာ ရွှံ့စေးများနဲ့ စိုစွတ်နေပါတယ်။

ဂူကြီးတစ်ခုလုံးရဲ့ အနေအထားက မျက်နှာပြင် တညီတညာတည်း မဟုတ်ဘဲ ညီတဲ့နေရာညီ၊ နိမ့်ဆင်းသွားတဲ့နေရာ နိမ့်ဆင်းသွားရပြီး အချို့သော နေရာများမှာ ခပ်မော့မော့လေး ပြန်တက်ရတာမျိုးလည်း ရှိပါတယ်။ လိုဏ်ဂူတို့ရဲ့ ထုံးစံအတိုင်း အထဲမှာ ကွေ့ကွေ့ကောက်ကောက်နဲ့လည်း သွားခဲ့ရပါတယ်။

နိုင်ငံခြားသား၊ နိုင်ငံခြားသူ အများအပြားလည်း ခက်ခက်ခဲခဲ ဝင်ရောက်ရတဲ့ ဂူထဲကို စိတ်ဝင်တစားလာရောက်လေ့လာကြတာ တွေ့ရပါတယ်။ ကျွန်တော်ရောက်ခဲ့တဲ့ နေရာအထိ အထဲမှာ သဘာဝအလင်းရောင်ရတဲ့ ဂူပေါက် နှစ်ပေါက်တွေ့ခဲ့ရပါတယ်။ အဲဒီသဘာဝအလင်းရောင်ရတဲ့ ဂူပေါက် နှစ်ပေါက်ကတော့ ရှေးကမုဆိုးကြီးများ လွန်နဲ့ ဖောက်ထားတဲ့ အပေါက်များဖြစ်ကြောင်း သိရှိရပါတယ်။

အထဲမှာ သွားရေးလာရေး စိုစိုစွတ်စွတ်နဲ့ ချော်လဲနိုင်တဲ့အတွက် ရှေ့ဆက်သွားလိုသေးသော်လည်း လမ်းတစ်ဝက်ခန့်မှာပဲ ကျွန်တော် ပြန်ထွက်ခဲ့ပါတယ်။ ကျွန်တော်နဲ့ အတူပါတဲ့ လူငယ်များကတော့ လူငယ်များပီပီ ဂူပေါက်ထဲကို နံနက် ၁၁း၃၀ နာရီလောက်မှာ စတင်ဝင်ရောက်သွားခဲ့ရာမှာ နေ့လယ် ၁း၁၀ နာရီမှာ ဂူတစ်ဖက် အပေါက်ကနေ လှေကလေးစီးပြီး လိုဏ်ဂူအခြောက်ကို ပြန်ရောက်လာခဲ့ကြပါတယ်။ လိုဏ်ဂူကြီးထဲ တောက်လျှောက်ဝင်သွားပြီး လိုဏ်ဂူအဆုံးမှာ ချောင်းတစ်ခုရှိနေပြီး အဲဒီ ချောင်းကနေမှ လှေစီးပြီး ပြန်ထွက်တဲ့အခါ မူလစရောက်ခဲ့တဲ့ နေရာအနီး လိုဏ်ဂူအဝကို ပြန်ရောက်တာဖြစ်ပါတယ်။ လှေစီးချိန် မိနစ် (၃၀) ခန့် ကြာမြင့်တယ်လို့ ခန့်မှန်းရပါတယ်။

အုံ့မခန်းစရာ ကောင်းလှတဲ့ ကျောက်ဂူကြီးတစ်ခုပါပဲ။ ဂူအဝကနေစပြီး ဂူအတွင်းတစ်လျှောက်မှာ ဘုရားစေတီများ အများအပြား တည်ထားတာတွေ့ရပြီး ကျောက်ဂူနံရံများမှာလည်း စေတီငယ်လေးတွေ ထွင်းထုထားတာကို ကြည့်ရှုးဖွယ် ဖူးတွေ့ခဲ့ရပါတယ်။

နေ့လယ် ၁း၃၀ မှာ ဆဒ္ဒန်ဂူကနေ ပြန်ခဲ့ကြပြီး ကော့ကသောင်လိုဏ်ဂူ၊ နှစ်ကျိပ်ရှစ်ဆူ ဘုရားဘက်ဆီကို ဆက်ခဲ့ကြပြန်ပါတယ်။ ကော့ကသောင်လိုဏ်ဂူအခြေမှာ စားသောက်ဆိုင်တန်းလေးတွေ တွေ့ရပြီး ပြည်တွင်းခရီးသွားများသာမက နိုင်ငံခြားသား ခရီးသွားများလည်း လာရောက်လည်ပတ်ကြတာ တွေ့ရပါတယ်။

ကော့ကသောင် နှစ်ကျိပ်ရှစ်ဆူဘုရားအနီးက စားသောက်ဆိုင် တစ်ဆိုင်မှာ နေ့လယ်စာ ဆာလောင်ကြပါတယ်။ ထိုင်းနိုင်ငံဘက်နဲ့ နီးလာတဲ့အတွက် ထိုင်းအစားအစာများကိုသာ အဓိကရောင်းချကြတာ များပါတယ်။ အစားအသောက် ဈေးနှုန်းလည်း မကြီးလှပါဘူး။

ဆိုင်ရှေ့မှာတော့ လိုဏ်ဂူထဲက စီးဆင်းလာတဲ့ရေကို ရေကူးကန်သဖွယ် ပြုလုပ်ပေးထားလို့ ကလေးလူကြီး အရွယ်စုံ ရေချိုး၊ ရေကူး၊ ရေကစား နေကြတာ တွေ့ရပါတယ်။ ရေကလည်း ကျောက်တောင်တွေကြားက စီးဆင်းလာရတာဆိုတော့ မြင်ရတာနဲ့တင် စိတ်ကို ကြည်လင်အေးမြစေပါတယ်။ နေ့လယ်စာ ထမင်းစားပြီးချိန်မှာတော့ ကော့ကသောင်လိုဏ်ဂူထဲက နှစ်ကျိပ်ရှစ်ဆူဘုရားများကို သွားရောက်ဖူးမြော်ခဲ့ကြပါတယ်။

ညနေ ၃း၃၀ နာရီမှာတော့ ကော့ကသောင်ဂူကနေ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဘားအံမြို့တွင်းကို ဝင်ရောက် လည်ပတ်ကြပါတယ်။ ကန်သာယာကိုဝင်ပြီး ကန်လယ်တံတားကို ဖြတ်လျှောက်ကြကာ ကရင်ပြည်နယ်ရဲ့ အထိမ်းအမှတ်ဖြစ်တဲ့ မှိုင်းညို့ညို့ ခွဲကပင်တောင်ကြီးကို နောက်ခံထားပြီး အမှတ်တရ ဓာတ်ပုံ ရိုက်ကြပါတယ်။

အဲဒီနောက် ညနေပိုင်းမှာ ခွဲကပင်တောင်ခြေမှာရှိတဲ့ ဗောဓိတစ်ထောင် ဘုရားများကို သွားရောက်ဖူးမြော်ခဲ့ကြကာ ညနေပိုင်းမှာတော့ ကျောက်ကလပ်ဘုရားကို ရောက်ရှိခဲ့ကြပါတယ်။

လပြည့်ဝန်းမဂ္ဂဇင်း (နိုဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်နဲ့ ဗွီဒီယိုတွေ၊ ပြက္ခဒိန်တွေ၊ ရုပ်မြင်သံကြား ထုတ်လွှင့်မှုတွေမှာသာ မကြာခဏ မြင်တွေ့ဖူးပြီး တစ်ကြိမ်တစ်ခါမျှ မရောက်ဖူး၊ မဖူးမြော်ဖူးသေးတဲ့ ကျောက်ကလပ်စေတီကို အနီးကပ် ကြည်ညိုရတာလည်း မဝနိုင်ပါဘူး။

ကျောက်တောင်ချွန်းချွန်းလေးပေါ်မှာ တည်ထားတဲ့ ကျောက်ကလပ်စေတီရယ်၊ ကျောက်ကလပ်စေတီကို ဝိုင်းရံပေးထားတဲ့ ရေကန်ကြီးရယ်၊ ကျောက်ကလပ်စေတီဆီ သွားရောက်ရတဲ့ တံတားလေးရယ်၊ အနောက်ဘက်ဆီက မှိုင်းညို့ဝေသီလှတဲ့ တောင်ပြာကြီးရယ်၊ တစ်နေ့တာ လာရောက်လည်ပတ်ရင်း အနောက်ဘက်ဆီ ခရီးနှင်နေတဲ့ နေမင်းကြီးဆီက ထိုးပေးထားတဲ့ နေညိုချိန် အလင်းဖျော့ဖျော့ကြောင့် ကျောက်ကလပ်စေတီဟာ သိပ်ကို သတ္တိယလှပါတော့တယ်။

ကျောက်ကလပ်စေတီကို ကြည်ညိုစွာ ဖူးမြော်ပြီးတဲ့နောက်မှာတော့ ကျောက်ကလပ်ဘုရား တည်ရှိရာ ပရိဝုဏ်အတွင်းက ကျောင်းဆောင်မှာပဲ သက်သတ်လွတ်ထမင်းဟင်းနဲ့ ညစာစားဖြစ်ခဲ့ကြပါတယ်။

အဲဒီ ကျောက်ကလပ်ဘုရား ပရိဝုဏ်အတွင်းမှာလည်း စားသောက်ဆိုင်များရှိကြပြီး စားသောက်ဆိုင်များဟာ သက်သတ်လွတ် ထမင်းဟင်းလျာများကိုသာ ရောင်းချရတာဖြစ်ပြီး ဈေးနှုန်းကလည်း ဆရာတော် သတ်မှတ်ပေးထားတဲ့အတိုင်း ရောင်းချရအောင်ကြောင့် ဈေးသက်သာလှပါတယ်။

ညဘက်မှာတော့ ကျောက်ကလပ် ဘုန်းတော်ကြီးကျောင်းမှာပဲ ညအိပ်တည်းခို ရပ်နားခဲ့ကြပါတယ်။ ကျယ်ဝန်းလှတဲ့ ကျောင်းကြီးပေါ်မှာ ဘုရားဖူးလာကြတဲ့ အမျိုးသား၊ အမျိုးသမီး သီးသန့် ရေချိုးကန်၊ သီးသန့် သန့်စင်ခန်းများ ရှိတာကြောင့် အစစအဆင်ပြေလှပြီး ညအိပ်တည်းခိုရတာ အေးချမ်းဆိတ်ငြိမ်ပြီး တောင်မှုတိုလိုတရားတို့နဲ့သာ ထုံမွှမ်းတင့်တယ်တဲ့ ဝန်းကျင်လေးတစ်ခုပါပဲ။

တစ်ညလုံးလည်း လျှပ်စစ်မီးထိန်နေအောင် ထွန်းညှိအိပ်စက် နားနေခွင့်၊ ပါလာတဲ့ လက်ကိုင်ဖုန်းများ ဘက္ထရီအားသွင်းခွင့်တို့ ရခဲ့ပါတယ်။

(ဆက်လက်ဖော်ပြပါမည်။)

အောင်နိုး(ပြည်)

အကြောပြင်ဆရာကြီး ဦးအေးထွန်း

(အကြောပြင်ပညာရှင်)

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်ဖားရတဲ့ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါသည်။

- [illegible] အသုံးချပြီး
- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်[illegible] လက်မောင်နဲ့ ထုံနာကျဉ်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊ [illegible] ကုသပေးနိုင်ပါသည်။
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ဖက်အတွင်း ကောင်း[illegible]ပေးသည်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ၊ လက် မလှုပ်ရှားနိုင်သူများအား [illegible] ပြုပြင်
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်း ရှိ/မရှိ ချပျောက်ကင်းမည့်အချိန်ကိုပါ တွန့်ဆုတ်ထည့် ခန့်မှန်းပေးပါသည်။

တွေ့ချိန် ➳ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြို့၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနဲ့ ကျောချင်းကပ်လမ်း) ဖုန်း - ၀၉-၇၃၂၄၄၄၂၊ ၀၉-၂၅၀ ၁၅၄၇၅၈

www.burmeseclassic.com

www.burmeseclassic.com

လွိုင်ကော်မြို့ (ဒဲဖိုမဟာဒဂုံ) ဘိုရေဒေါမြို့ဆို

ခရီးတစ်ခေါက်ရောက်ရှိခြင်း

မနှင်းဝေ(ဟာသာတ)

လမ်းဘေးတစ်လျှောက် တောင်ပေါ်မှ ဘုရားစေတီများ

လမ်းနဘေးတွင် အလှေကျပေါက်ရောက်နေသော လယာပန်းများ

ဒီတစ်ပတ် ရုံးပိတ်ရက်အတွင်း ကယားပြည်နယ်၏ မြို့တော် 'လွိုင်ကော်' မြို့သို့ ခရီးဦးတည်ဖြစ်ပါသည်။ ခရီးလမ်းကြောင်းကိုတော့ နေပြည်တော် (ပျဉ်းမနား)မှ စတင်ပြီး တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ ကလော၊ ဝင်လောင်း၊ ဖယ်ခုံမြို့နယ်များမှ လွိုင်ကော်မြို့သို့ ခရီးစဉ်ဆုံးမည် ဖြစ်ပါသည်။

ထွက်ခွာချိန်ကိုတော့ ညနေ ၄ နာရီ (ရုံးအဆင်း)မှာ သတ်မှတ်ပြီး ကလောမြို့၌ ညအိပ်ရန် ရည်ရွယ်ခဲ့ပါသည်။ စတင်ထွက်ရှိရာ လမ်းတစ်လျှောက် ယာဉ်ကြောရှင်းသလို ထင်ရသော်လည်း တပ်ကုန်းအရောက်မှစတင်ကာ ကားမျိုးစုံ၊ ဆိုင်ကယ်မျိုးစုံတို့ကြောင့် သတိထား မောင်းနှင်ခဲ့ကြရသည်။ စာရေးသူတို့ ခရီးလမ်းကြောင်းနှင့် တောင်ကြီးမီးပုံးပျံ ခရီးလမ်းကြောင်းချင်း တူညီနေခြင်းကြောင့် ဖြစ်မည်။ ရမည်းသင်းမြို့သို့ ညနေ ၅ နာရီကျော်မှလည်းကောင်း၊ ပျော်ဘွယ်မြို့သို့ ၅ နာရီခွဲမှလည်းကောင်း ရောက်ရှိခဲ့ကြောင်းတော့သည်။

လမ်းနဘေးဝဲယာတစ်လျှောက် ကန္တာရဆူးပင်များ ပေါများစွာ ဖွဲ့ရှိရပြီး ပေနှစ်ဆယ်ခန့် မြင့်မားသော အပင်ကြီးများလည်း ရှိ၏။ ထိမိပါက နာကျင်သောဝေဒနာကို အတန်ကြာ ခံစားရကြောင်း သိရှိရသည်။ ပျော်ဘွယ်မြို့မှ လွန်ပြီး တစ်မိုင်သာသာခန့်အရောက်၌ ကားလမ်းနံဘေးတစ်ဖက်တစ်ချက်တွင် ဒေသထွက် ပန်းပဲပစ္စည်းများဖြစ်သော သံထည်ပစ္စည်းမျိုးစုံ (ဓား၊ တံစဉ်၊ တူးရွင်း၊ ပေါက်ပြား၊ ပေါက်မွှန်း) စသည်တို့အား ဆိုက်မျိုးစုံ၊ အရောင်အသွေးမျိုးစုံတို့ဖြင့် အလှဆင်ကာ ရောင်းချနေသည်ကို တွေ့ရှိရသည်။

ယာယီ တဲငယ်များစွာတို့ဖြင့် နီးစပ်ရာ ရွာများဆီမှ လာရောက်ကာ ရောင်းချခြင်းဖြစ်ပြီး နိုင်ဝံခြားသားများမှ အဝယ်များကြကြောင်းကို ကြားသိခဲ့ရသည်။

သာစည်မြို့သို့ မရောက်ခင် ညနေဆည်းဆာအချိန်၌ အဝေးတစ်နေရာဆီမှ မြင့်မားသွယ်တန်းနေသော တောင်တန်းများကို လည်းကောင်း၊ ထီးမားစွာ တည်ရှိနေသော တောင်လုံးများကို လည်းကောင်း အံ့သြစွာ တွေ့မြင်ရပြီး နေ့စဉ် မြင်တွေ့ကြရသည့် အနီးဝန်းကျင်မှ လူများကိုလည်း စာနာမိသူ အားကျမိပါသည်။

သစ်ပင်၊ သစ်တောများကြောင့် ရာသီဥတု မှုတ သာယာသည်ကို လည်းကောင်း၊ သစ်တောထွက်ပစ္စည်း (ဝါးနှင့် သစ်မာ၊ တောသစ်) များကြောင့် လူသုံးကုန်ပစ္စည်းမျိုးစုံအပြင် နေစရာနှင့် စားစရာအတွက်ပါ အထောက်အပံ့ရစေသဖြင့် သစ်တော၊ သစ်ပင်များ မပြုန်းတီးရန် လိုအပ်လှပါသည်။

ယခုအခါ ဝါးများကို ကြာရှည်ခံ၍ လှပသော လူသုံး အိမ်သုံး ပစ္စည်းများအဖြစ် ထုတ်လုပ်ကာ ပြည်ပသို့ပင် တင်ပို့

www.burmeseclassic.com

www.burmeseclassic.com

မြေအာဝင်ဝရှိ
ဂူဧည်မှုန်ဝေတီတော်နှင့်ဝုဒ္ဓဟူ
မြို့နဲ့ဝေတီတော်

တောင်ကွဲဝေတီအား
ပြေပြေပြင်တစ်နေကုမ္ပ
လှမ်းမြင်နေရပုံ

တောင်ကွဲဝေတီအချို့နှင့်
လွိုင်ကော်မြို့အလှဂျာင်

www.burmeseclassic.com

www.burmeseclassic.com

လွိုင်ကော်မြို့ အထိမ်းအမှတ် ကိန္နရီကိန္နရာရုပ်ပုံ

လျက်ရှိလာပါပြီ။ သက်ရင့်ဝါးများကို ပေါင်းခံ၍ ဆေးရည်စိမ်ပြီး ဝါးပါကောအဖြစ် စနစ်တကျ အဆင့်မြင့်စက်များ အသုံးပြုကာ တွင်ကျယ်စွာ ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

သဘာဝအတိုင်း တည်ရှိကာ လှုပနေသော ဤတောင်တန်းများကိုဖြတ်ပြီး ကျွန်မတို့ သွားရမည်ဟု တွေးခဲ့နှင့်ပင် အားအင်တချို့ ဝင်ရောက်လာသလို ခန္ဓာကိုယ်ပေါ့ပါးသွက်လက်လာပါတော့သည်။

လမ်းဘေးဝဲယာတစ်လျှောက် မြင်ကွင်းများသည်လည်း လွန်ခဲ့သည့် ဆယ်နှစ်ဝန်းကျင်နှင့် ဆန့်ကျင်ဘက်ဖြစ်စွာ ပြောင်းလဲနေပါသည်။ ဓာတ်ဆီဆိုင်များ ပေါများလာခြင်းကြောင့် ဟိုးယခင် ဘုရားဖူးထွက်လျှင် ဓာတ်ဆီပုံးများ သယ်ဆောင်ကြရသည်ကို မှတ်မိသေး၏။ လမ်းဘေးစျေးဆိုင်နှင့် ဓာတ်ဆီဆိုင်များ အဆက်မပြတ်ရှိခြင်းနှင့် ကားမီးများ၏ အလင်းရောင်များကြောင့် ညမှောင်လာသော်လည်း ယခင်တုန်းကလောက် ကြောက်စရာ မလိုတော့ပါ။

တောင်ခါးပတ်လမ်းတစ်လျှောက် ကားအတက်အဆင်း ရှုပ်ထွေးသော်လည်း ကျော်တက်လိုသည့်အခါ အချင်းချင်း နားလည်မှုရှိစွာ မီးဖြင့် အချက်ပြကာ ကျော်တက်စေသော ကားမောင်းသူအချို့၏ မြင့်မြတ်သော စိတ်ဓာတ်ကို

ကိန္နရီ ကိန္နရာ ယောင်္ကတို့ သစ္စာပြုရာ ကန်တော်

ခီးကျူးဖွယ် တွေ့မြင်ခဲ့ရသည်။ ဖြတ်သန်းစဉ်ခဏ မျက်နှာပင်သေချာစွာ မမြင်ရစေကာမူ နောင်လည်း ကြုံတွေ့ရန် မရှိစေကာမူ နိုင်ငံကြီးသား ပီသသောစိတ်ရှိသည့် ကားမောင်းသူများကို ကျွန်မ ကြုံတွေ့တိုင်း ခီးကျူးမိ၏။ လေးစားမိ၏။ ညမှောင်မှောင်၌ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကာ စောင့်ရှောက်ကြသဖြင့် အန္တရာယ်ကင်းစွာ တောင်တက်လမ်းခရီးကို ကျော်ဖြတ်နိုင်ခဲ့ပါသည်။

ကလောမြို့သို့ မမှောင်ခင် သွားလိုသော်လည်း လမ်း၌ပင် မှောင်၍လာသဖြင့် သာစည်မြို့နှင့် ကလောမြို့ အကြား၌ ညနေစာကို စားခဲ့ရသည်။ ဆန့်ရှင်း၍ စားကောင်းလှသည်။ ဆိုင်နံဘေး၌ လက်ဆောင်ပစ္စည်းများ ရောင်းချသော ဆိုင်များကိုလည်း တွေ့ရသည်။ ကျန်းမာရေးအတွက် ထားရှိသော ရေအိမ်များကို ကြွေပြားများခင်းကာ အလှဆင်ထားပြီး ရေများလည်း ပေါသဖြင့် အဆင်ပြေလှသည်။ ကားများ ရေဆေးလိုပါက ဆေးပေးသေးသည်။

ကလောမြို့သို့ ည ၈ နာရီထိုးမှပင် ရောက်ရှိတော့သည်။ သဘောကောင်းလှသည့် ဧည့်ကြိုကလေး၏ ခေါ်ဆောင်မှုဖြင့် ပါရမီအမည်ရှိ ဧည့်ရိပ်သာ၌ စိတ်အေးချမ်းစွာဖြင့် တစ်ညတာ တည်းခိုခဲ့ရသည်။

နံနက် ၈ နာရီတွင် ဧည့်ရိပ်သာမှ စာရေးသူတို့ ထွက်ခွာလာခဲ့သည်။ ဤအချိန်အထိပင် နှင်းများ ကျဆင်းနေသေး၏။ ချမ်းအေးသော တောင်ပေါ်မြို့လေး၏ အလှကို လှည့်ပတ်ကြည့်ရှုရင်းဖြင့် ဓာတ်ဆီဖြည့်ကာ ခရီးဆက်ထွက်ခဲ့ပါတော့သည်။

ကလောမြို့မှ အထွက်လမ်း ဘေးဝဲယာတစ်လျှောက် လုံခြုံ ပန်းခင်းများစွာကို အရောင်အသွေးစုံစွာဖြင့် တွေ့မြင်ခဲ့ရသည်။ အများစုမှာ အဝါရောင်ပန်းခင်းများဖြစ်ပြီး ခူးရန် သင့်ပြီဖြစ်သော်လည်း မခူးသေးသော ပန်းခင်းများကို ညှိုးရော့ခြင်းမရှိဘဲ လန်းဆန်းစွာဖြင့်ပင် တွေ့ခဲ့ရသည်။

လမ်းနံဘေး တောင်တန်း၊ တောင်ကုန်း၊ တောင်မြင့်များပါမကုန်အောင် အနှံ့အပြားပွင့်ဖူးနေသည်မှာ တန်ဆောင်မုန်းလအတွက် မြေပြင်မီးပုံးဝါလေးများသဖွယ် ဖြစ်နေပါတော့သည်။ အလေ့ကျ ရှင်သန်ပေါက်ရောက်နေသော်လည်း မြင်သူတိုင်း၏ စိတ်ကို ကြည်နူးပျော်ရွှင်စေနိုင်သည့် အဝါရောင်ပန်းလေးများမှာ စိန်ခြယ်ပန်းနှင့် ဆင်တူသည်။ အဝါရောင်အပြင် အဖြူရောင်နှင့် အညိုရောင် ဟူ၍ရှိပြီး ယင်းပန်း ဟုခေါ်ကြကြောင်း နယ်မြို့တွင် အခြေချကာ ခြံလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com

များ လုပ်ကိုင်နေသူ ညီမဖြစ်သူထံမှ သိရှိရ၏။ နေရာမရွေး ပေါက်ရောက်ရှင်သန်နိုင်သော ပန်းကလေးများကို ကြည့်ရင်း ကျွန်မစိတ်ထဲ ကဗျာရေးချင်စိတ် ပေါ်လာပြန်ပါသည်။

မြေပြန့်တောင်ကုန်း၊
ပေါက်စုရုန်း၍၊
ဘယ်ညာတချို့၊
ပန်းပင်ပျိုတို့၊
လေသိမ်းရာနောက်၊
ယိမ်းနွဲ့လှုပ်ယမ်း၊
နှုတ်ဆက်မြန်းသည်၊
တည်ရှိမှုကို ဂုဏ်ယူသလို။

နံနက် ၉ နာရီ၌ ပင်လောင်းမြို့ကို ရောက်ရှိခဲ့သည်။ နံနက်အဆာပြေကို ဆိုင်တစ်ဆိုင်တွင် ထမင်းကြော် မှာယူစားသောက်ကြပြီး နေမဲပူခင် ဆက်လက်ထွက်ခဲ့ကြပါသည်။

ခရီးလမ်းတစ်လျှောက် ရွာစဉ်များဆီမှ တိုင်းရင်းသား နို့ရာ အလှူပွဲများ ကျင်းပနေကြသည်ကို တွေ့ မြင်ခဲ့ရသည်။ နို့ရာဝတ်စုံများ ဆင်တူဝတ်ဆင်ကြပြီး အလှူ၌ အသုံးပြုမည့် ပစ္စည်းများ စားပွဲခုံများ သယ်ဆောင်ကာ သွားနေကြသည်မှာ ခြေကျင်ဖြင့် သွားနေကြသော်လည်း ပင်ပန်းပုံမရဘဲ ခြေလှမ်းများ တက်ကြွလျက် ပျော်ရွှင်နေပုံရသည်ဟု စာရေးသူထင်မြင်မိသည်။

ကားလမ်းနံဘေး တောက်လျှောက် တွေ့မြင်ရသည့် ရွာငယ်၊ ရွာကြီး မြို့နယ်များပါမကျန် တောင်ငယ်၊ တောင်ကုန်းများပေါ်၌ ဘုရားပုထိုး စေတီများကို ကြီးသေးစုံစွာ တတ်နိုင်သမျှ၊ တည်နိုင်သမျှ တည်ထား ကိုးကွယ်ထားသည်ကို တွေ့ရှိခဲ့ရပါသည်။ ဒါကြောင့်လည်း 'တစ်မူးရှိလို့ တစ်ပဲလှူ၊ ဒို့ရှမ်းတောင်သူ တုန်ိုင်ရိုးလား' ဟူသော စကားပုံ ပေါ်ပေါက်လာသည် ထင်ပါသည်။

ကုားလမ်းမှာ အကျယ် ရှစ်ပေခန့်သာရှိသဖြင့် မှက်နှာချင်းဆိုင်မှ ကားများလာသည့်အခါ အေးသို့ ဆင်းရှောင်နေရသဖြင့် ခရီးသိပ်မတွင်ပါ။

ပင်လောင်းမြို့မှ ထွက်ပြီး သိပ်မကြာခင်မှာပင် ကားလမ်း၏ လက်ဝဲဘက်၌ စီးဆင်းလျက်ရှိသော ရေပြင်ကျယ်ကြီးကို သစ်ပင်များအကြားမှ လှမ်းမြင်လိုက်ရ၏။ နာရီဝက်ခန့် အရောက်တွင် ဖယ်ခုံမြို့သို့ ရောက်ရှိပြီး ၎င်းရေပြင်ကျယ်ကြီးနှင့် ဆုံတွေ့၏။ မြစ်တစ်ဖက်ကမ်း၌ တောင်များက စီတန်းစွာတည်ရှိလျက် ကန်ပေါင်ကြီးသဖွယ်ဖြစ်၍ ရေများကို

တောင်ကွဲစေတီရင်ပြင်တော်ယံမှ လှမ်းမြင်ရသော ဌလင်္ဂဝါဝေတီနှင့် လွှမ်းစေတီများ

ထိန်းသိမ်း စီးဆင်းစေသည်။ ဤမြင်ကွင်းမျိုး စာရေးသူ တစ်ခါမျှ မမြင်ဖူး၊ အကြုံဖူးပါ။ ကြည်လင်စိမ်းမြသော ရေပြင်ကြောင့် ရေအနက်ကိုမူ မခန့်မှန်းနိုင်ပါ။

ဤရေအလှသည် ရှမ်းပြည်နယ်တောင်ပိုင်းရှိ အင်းလေးကန်မှ မြစ်ဖျားခံကာ စီးဆင်းလာပြီး ဘီလူးချောင်းအမည်ဖြင့် ထင်ရှားပါသည်။ ရေများ ဆုံးရှုံးမှုမရှိစေရန် မိုးပြေရေလှောင်တမံ(မိုးပြဆည်)ဖြင့် သိုလှောင်ပြီး ရှမ်းပြည်နှင့် ကယားပြည်နယ်များအား များစွာအကျိုးပြုကြောင်း သိရှိရသည်။ ဘီလူးချောင်းမှ ရေအားကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်ယူခြင်းကို ကျပန်နိုင်ငံ၏ နည်းပညာ အကူအညီများ ရယူကာ စက်ရုံများ တည်ဆောက်နိုင်ခဲ့၏။ စစ်လျော်ကြေး အထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့သော စက်ရုံအမှတ် (၂)ကို (၁၉၅၄) ခုနှစ်တွင်၊ လည်းကောင်း၊ စက်ရုံအမှတ် (၁)ကို (၁၉၈၇) ခုနှစ်တွင် လည်းကောင်း၊ စက်ရုံအမှတ် (၃)ကို (၂၀၀၈) ခုနှစ်တွင်လည်းကောင်း တည်ဆောက် အကောင် အထည်ဖော်နိုင်ခဲ့သည်။

စက်ရုံအားလုံးမှ လျှပ်စစ်ဓာတ်အား စုစုပေါင်း (၂၄၈) မဂ္ဂါဝပ် ထုတ်လုပ်နိုင်ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

ကဇလာမြို့နယ်အတွင်းရှိ တောင်လုံးငယ်များ

www.burmeseclassic.com

www.burmeseclassic.com

ဒီဟောဆိုးပြိုနွယ်အတွင်းရှိ ထီးပွင့်ကန်အလု

စက်ရုံများ၏ လုံခြုံရေးအား အထူးကြပ်မတ်ထားရှိကြောင်းနှင့် စက်ရုံများ၏ ရေရှည်တည်တံ့ရန်အတွက် ကျပန်နိုင်ငံမှ အခါအားလျော်စွာ လာရောက်၍ ထိန်းသိမ်းရေးလုပ်ငန်းများ ပံ့ပိုးပေးလျက်ရှိကြောင်း သိရှိရသည်။

စာရေးသူလည်း ရှုမဆုံးသည့် ရေပြင်ကြီးကို မျက်စိတစ်ဆုံး ကြည့်ရှုရင်းဖြင့် ကဗျာတစ်ပုဒ်ကို စပ်ဖိပြန်ပါသည်။

တောင်စဉ်များကြား၊
တည်ငြိမ်စွာရှိ၊
စိမ်းမြရေပြင်၊
ရေအလျှင်အား၊
နည်းပညာဖြင့်၊
စွမ်းအင်ပြောင်းလဲ၊
လူသားထုကို၊ မျှာစွာအလင်း၊
ပေးစွမ်းနိုင်သည့်၊
ဘီလူးချောင်းကား၊
ကျေးဇူးအထူး ကြီးလှ၏။

မိုးပြဲဆည်ကြီးကို လွန်ပြီးသည့်အခါ၌ ရှမ်းပြည်နယ်ကို စာရေးသူတို့ နှုတ်ဆက်ပြီး ကယားပြည်နယ်သို့ စတင်ဝင်ရောက်ပါပြီ။ အချိန်ကလည်း နံနက် ၁၀ နာရီခွဲပြီဖြစ်တာကြောင့် ဆောင်းဦးနေသည် သိသာစွာ ပူပြင်းလာ၏။ လမ်းလယ်ကျွန်းနှင့် မြို့အဝင်လမ်းကား အရိပ်ရ အပင်များဖြင့် အမောပြေစေ၏။

စိမ်းမြကြည်လင်နေသော ဘီလူးချောင်းရေပြင်ကျယ်

ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း (၂၉၅၀) မြင့်သော ကယားပြည်နယ်မြို့တော် 'လွိုင်ကော်'မြို့သို့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရောက်ရှိပါတော့သည်။ မြို့အဝင်၌ ကိန္နရီ ကိန္နရာ ကဗ်ာန်ပုံကို တွေ့ခဲ့ရ၏။

မြို့အဝင်တွင် ဦးစွာတွေ့ရှိရသည့် 'မြို့နဲ့စေတီတော်' ကို ဦးစွာဖူးမြော်ခဲ့ရာတွင် ပုဂံခေတ်လက်ရာ 'စူဠာမဏိ' စေတီတော်နှင့် ပုံစံတူပြီး နေရောင်အောက်၌ သပ္ပာယ်စွာ ဖူးတွေ့ရကာ လူသူရှင်းလျက်ရှိ၏။ တောင်ကွဲစေတီတော်သည် မြို့တောင်ဘက်၌ တည်ရှိပြီး စေတီတော်တည်ထားရာ တောင်ကွဲတောင်သည် ရှမ်းဘာသာဖြင့် 'လွိုင်ဖာထက်' ကယားဘာသာဖြင့် 'ဖော်ဖြဲ' ဟု အဓိပ္ပာယ်ရသည်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါ ကရင်နီ ဟုခေါ်သည့် ကယားပြည်ထောင်စုသည် ပါဝင်လာခဲ့၏။ ထိုနှစ်တွင် မြို့အမည် သီရိဒေါ်(လွိုင်ကော်)မြို့ကို အမွေပြု၍ အဆက်ဖော်ပြပါ တောင်ကွဲတောင်အား 'သီရိတောင်'ဟုခေါ်ဆိုလာခဲ့ရာမှ နောင်အခါ 'မင်္ဂလာသီရိတောင်' ထိုမှ ခေတ်ကာလအလျောက် 'သီရိမင်္ဂလာတောင်' ဟူ၍ ၁၉၇၀ ခုနှစ်မှ စတင်ခေါ်တွင်ခဲ့ကြသည်။ အဓိပ္ပာယ်မှာ 'ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသောတောင်'ဟူ၍ ဖြစ်ပါသည်။

လွိုင်ကော်မြို့၏ ကျက်သရေဆောင် 'သီရိမင်္ဂလာတောင်' တော်သည် အမြင့်ပေ(၃၇၈)ရှိပြီး ကျောက်တောင်ထွတ်ကြီး ကိုးခုဖြင့် သဘာဝ အနေအထားအရ ထူးခြားစွာ ဖြစ်ပေါ်လျက်ရှိ၏။ တောင်ပေါ်သို့ စာရေးသူတို့ ဓာတ်လှေကားဖြင့် တက်ရောက်ခဲ့ကြပြီး အာရုံခံတန်ဆောင်းအတွင်း၌ စံပယ်တော်မူသည့် ထိုင်တော်မူရုပ်ပွားတော်အား ဦးစွာဖူးမြော်ကြပါသည်။

လပြည့်နေ့ဖြစ်၍ ဘုရားရင်ပြင်၌ ရပ်ဝေးရပ်နီးမှ ဘုရားဖူးသူများဖြင့် စည်ကားနေပါသည်။ မကျယ်ဝန်းလှသော ရင်ပြင်၌ စာရေးသူတို့လည်း အလှူငွေများ လှူဒါန်းပြီးလျှင် ပြီးခြင်း ပြန်လည်၍ ဆင်းခဲ့ကြသည်။

ကျောက်တောင်ထွတ်များပေါ်တွင် ဘုရားစေတီတော်များ တည်ထားကိုးကွယ်ခြင်းအား ၁၈၈၉ ခုနှစ်တွင် လွိုင်ကော်မြို့စား အမတ်ကြီး ဦးနီနှင့်အတူ အများကောင်းမှု စုပေါင်းအားမြင့်

www.burmeseclassic.com

www.burmeseclassic.com

၁။ ၁၈၉၅ ခုနှစ်တွင် ဥဏ်တော် (၂၂)တောင်ရှိ ရွှေယပ်တောင်စေတီတော်၊

၂။ ၁၉၁၃ ခုနှစ်တွင် ဥဏ်တော် (၉)တောင်ရှိ ရွှေရင်အေး စေတီတော်၊

၃။ ၁၉၁၄ ခုနှစ်တွင် ဥဏ်တော် (၉)တောင်ရှိ ကျောက်သျှမ်းခန် စေတီတော်၊

၄။ ၁၉၂၉ ခုနှစ်တွင် ဥဏ်တော် (၁၆)တောင်ရှိ အောင်တော်မူစေတီတော်၊

၅။ ၁၉၂၉ ခုနှစ်တွင် ဥဏ်တော် (၁၆) တောင်ရှိ ဆုတောင်းပြည့်စေတီတော်၊

၆။ ၁၉၃၃ ခုနှစ်တွင် ဥဏ်တော် (၂၄)တောင်ရှိ ပြည်လုံးချမ်းသာ ပင်မစေတီတော်၊

၇။ ၎င်းနှစ်တွင် ဥဏ်တော် (၉)တောင်မှ အောင်ကျိုက်ထီးရိုး စေတီတော်၊

၈။ ၁၉၃၄ ခုနှစ်တွင် ဥဏ်တော် (၁၂)တောင်ရှိ အထက်ကျိုက်ထီးရိုးစေတီတော်၊

၉။ ၁၉၅၀ ခုနှစ်တွင် ဥဏ်တော် (၁၄)တောင်ရှိ ရွှေပြည်အေး စေတီတော်၊

၁၀။ ၁၉၉၂ ခုနှစ်တွင် ဥဏ်တော်(၁၂)တောင်ရှိ ဇေယျာသိဒ္ဓိ(ပါရမီ)စေတီတော်၊

၁၁။ ၁၉၉၄ ခုနှစ်တွင် ဥဏ်တော်(၉)တောင်ရှိ ကနွာရတီစေတီတော်၊

၁၂။ ၁၉၉၉ ခုနှစ်တွင် ဥဏ်တော်(၅)တောင်ရှိ ရွှေပိတုန်းစေတီတော်

တို့ကို တည်ထားကိုးကွယ်ခဲ့ကြပါသည်။

စေတီတော်များ၏ ဘက်စုံပြုပြင်မွမ်းမံခြင်း လုပ်ငန်းများကို ဦးစီးကော်မတီနှင့် ဆပ်ကော်မတီအဖွဲ့များ ဖွဲ့စည်းကာ ဆောင်ရွက်စေခဲ့ပါသည်။ ပြည်နယ်ဒေသ ကုပ်ကဲရေးမှူးများ၏ စွမ်းဆောင်မှုကြောင့် လည်းကောင်း၊ ဂေါပကအဖွဲ့ဝင်လူကြီးများ၏ စိမ်အုပ်ချုပ်မှုကြောင့် လည်းကောင်း၊ ရပ်ဝေးရပ်နီး အလှူရှင်အသီးသီးတို့၏ လှူဒါန်းမှုကြောင့် လည်းကောင်း၊ စာရေးသူတို့ ယခုလက်ရှိ ဖူးမြော်ခဲ့ရသော သီရိမင်္ဂလာတောင်တော်ရှိ စေတီတော်များကို အံ့သြဖွယ် တွေ့ရှိခဲ့ရပါသည်။ တောင်တော်ပေါ် သို့ လွယ်ကူချောမွေ့ လျင်မြန်စွာဖြင့် တက်ရောက်နိုင်ရန်အတွက် ဓာတ်လှေကား တပ်ဆင်လှူဒါန်းခြင်းကို ထူးဂရုပ်)အော့ဖ်ကုမ္ပဏီနှင့် အဲပင်္လဲမိတက်တို့မှ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်နေ့တွင် စတင်ကာ ဖွင့်လှစ်နိုင်ခဲ့သည်။

ထီးပွင့်ကန်နားဆို စေတီတော်နှင့် ဘုန်းတော်ကြီးကျောင်း

ဘုရားဖူးပြီးသည့်နောက်တွင် ထင်ရှားသော နေရာများကို ဒေသခံများတွင် စုံစမ်းရပါသည်။ ဦးစွာ ဒီမောဆိုးမြို့နယ်အတွင်းရှိ ထီးပွင့်ကန်သို့ ဦးတည်ထွက်ခွာလာခဲ့ရာ ဆယ့်ငါးမိုင်နှစ်ခန့်အရောက်တွင် ကွင်းပြင်တစ်ခုရှိ ကားများ၊ ဆိုင်ကယ်များ၊ လူများစွာတို့ စည်ကားနေ၏။ အနီးဌ စေတီတော်တစ်ဆူနှင့် ဘုန်းကြီးကျောင်းကို တွေ့ရ၏။

တချို့လူများသည်လည်း တစ် နေရာသို့ ဦးတည်သွားလာနေသည်ကို တွေ့မြင်ရသဖြင့် စာရေးသူတို့လည်း မေးမြန်းကာ လိုက်လာခဲ့တော့၏။ ခရာအကြာ၌ 'ထီးပွင့်ကန်' ဟူသည့် ဆိုင်းဘုတ်ကို တွေ့မြင်ရပါတော့သည်။ ရေကန်မှာ ပေ (၁၀၀' × ၁၅၀')ခန့် ကျယ်၏။

ကန်ပတ်လည်၌ လူတချို့မှာ လမ်းလျှောက်နေသည်ကို လည်းကောင်း၊ တချို့မှာ ကန်နံဘေးရှိ ခုံတန်းများ၌ ထိုင်လျက် နှင့် ကန်အတွင်းတစ်နေရာသို့ စူးစိုက်ကြည့်ရှုနေသည်ကို လည်းကောင်း တွေ့မြင်ရ၏။

သွားရောက် မေးမြန်းကြည့်သောအခါ ရေပွက်သည်ကို စောင့်ကြည့်ရှုခြင်းဖြစ်ကြောင်း၊ ရောက်သည်မှ ခုချိန်ထိ တစ်နာရီနီးပါး ကြာမြင့်သော်လည်း ရေများပွက်ခြင်း မရှိသေးကြောင်း ပြောပြကြ၏။

ဆည်ရေတို့ဖြင့် ပြည့်လျှံနေသော ငွေတောင်ဆည်အလှ

www.burmeseclassic.com

www.burmeseclassic.com

နောင်ယားကန်ရေပြင်နှင့် သစ်ပင်တို့အလုပ်ပြိုင်နေပုံ

စာရေးသူသည် သေချာစွာ သိရှိရန် ကန်နံဘေးရှိ အလှူခံဇရပ်ပေါ်မှ အလှူငွေကောက်ခံသူအား ငွေလှူရင်းနှင့် စုံစမ်းကြည့်ရာ ရေကန်အတွင်းရှိ ရေများ အထက်သို့ ထီးပုံသဏ္ဌာန် ပေါ်လာမည်ဖြစ်ကြောင်း ဘယ်အချိန်ပေါ်လာမည်ကို ပြောမရကြောင်း ရှင်းပြ၏။

တချို့မှာရပ်ဝေးမှ လာရောက်ကြသူများဖြစ်၍ မစောင့်နိုင်ကြ၊ စာရေးသူမှာ ရောက်တုန်းကြုံတုန်း တွေ့မြင်သွားချင်သည်။ ဒီလမ်းခရီးမျိုး နောင်ရောက်ဖို့က မိမိအသက်အရွယ်နှင့် မသေချာလှ။ စိတ်ရှည်ရှည်ထားကာ စောင့်ကြည့်ရမည်ဟု တွေးကာ ထိုင်လိုက်တော့သည်။ စာရေးသူ ကံကောင်းပါသည်။ ဆယ်မိနစ်ခန့်သာ စောင့်လိုက်ရသည် ရေကန်၏ ထောင့်တစ်နေရာ အနားနှစ်ဖက်၏ တူညီသော အကွာအဝေး ပေ (၅၀)ခန့်နေရာမှ အချင်းတစ်ပေခွဲခန့် ရေများဆူပွက်ကာ အလယ်တည့်တည့်မှ သုံးလက်မခန့် ရေများ အပေါ်သို့ မြင့်တက်လာပါသည်။ မကြာချက်ချင်း ပျောက်ကွယ်သွား၏။

ထီးပွင့်လာသကဲ့သို့ အခြေအနေတော့ မတွေ့မြင်ခဲ့ရပါ။ စာရေးသူလည်း အလျင်အမြန် ဓာတ်ပုံရိုက်ခဲ့ရသည်။ အနီးအဝေးချိန်ရန်ပင် အချိန်မရလိုက်ပါ။ တစ်ခဏအတွင်း ဖြစ်၍ မတတ်နိုင်ခဲ့၊ ထပ်စောင့်ဖို့လည်း အချိန်မပေးနိုင်၍ ပြန်လာခဲ့ရပါသည်။

ထိုမှတစ်ဆင့် ကြားသိရသော ကန်ခုနစ်ဆင့်သို့ လမ်းညွှန်ချက်အတိုင်း သွားကြည့်ခဲ့သော်လည်း သစ်ပင်များအုပ်ဆိုင်းနေ၍ သေချာမမြင်ခဲ့ရဖူး။ ယခုနောက်ပိုင်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ၎င်းကန်ခုနစ်ဆင့်အား ပြုပြင်ထိန်းသိမ်းရန် ပါဝင်သည်ဟု ကြားသိရသည်။ ရှေ့ယခင်က ကိန္နရီ၊ ကိန္နရာ မောင်နှံ ရေကစားကန်ဟု ဆိုကြ၏။

ကဗျားပြည်နယ်၏ အထင်ကရ နေရာတစ်ခု ဖြစ်သော 'ငွေတောင်ဆည်'သို့လည်း ရောက်ရှိခဲ့ပါသေးသည်။ မွန်းတည့် ၁၂ နာရီကျော်ပြီမို့ နေရှိန်ပြင်းလှ၏။ နားနေဆောင်ထဲတွင် လူများစုပြုံနေ၍ မနားတော့ဘဲ ကားဖြင့်သာ ပတ်ကြည့်ခဲ့ရသည်။ တောင်များဖြင့် ဆည်ဖို့ထားပြီး ကန်ရေပြည့်ပမာဏမှာ ပြည့်မှတ်ထိ ရောက်လုနီးနီးတွေ့မြင်ခဲ့ရသည်။

ရှုပ်မြင်သံကြား အစီအစဉ်များမှ ကြည့်ရှုခဲ့ရသော ကဗျမ်း၊ ပဒေါင် လူမျိုးစုများရှိရာ ရွာများဆီသို့ လေ့လာလိုပါသော်လည်း စာရေးသူတို့မှာ ညအရောက် ခရီးပြည်တော်သို့ပြန်ရမည်ဖြစ်သဖြင့် မရောက်နိုင်တော့ပါ။ အချိန်ရသူများ သွားရောက်လေ့လာစေလိုပါသည်။ နာမည်ကြီး 'လောပီတ' ရေတံခွန်ဆီသို့လည်း သွားရောက်ရန် မေးမြန်းကြည့်သော်လည်း လုံခြုံရေးအရ မဖြစ်နိုင်၍ မရောက်ခဲ့ပါ။

နေ့လယ် ၁ နာရီအရောက်မှာတော့ စာရေးသူတို့မြို့တော် လွိုင်ကော်သို့ ပြန်လည်ရောက်ရှိပြီး နေ့လယ်စာကို ဘီလူးချောင်းပေါ် ဖြတ်ဆောက်ထားသော မြန်မာထမင်းဆိုင်၌ စားခဲ့ကြပါသည်။ မြို့သို့ ရစ်ခွေစီးဆင်းနေရသဖြင့် ရေမှာ ကြည်လင်မှုမရှိတော့ဘဲနှင့် အနည်းငယ် နောက်ကျနေ၏။ အရသာကောင်းလှသည့် ဟင်းလက်ရာကြောင့်လည်း စာရေးသူတို့ ပင်ပန်းသမျှတို့ ပြေပျောက်သွားရပြန်ပါသည်။ မပြန်ခင် လွိုင်ကော်မြို့သို့ တစ်ပတ်ပတ်ကြည့်ရင်း နှုတ်ဆက်ဖြစ်ခဲ့သည်။

မြို့အလယ်၌ နောင်ယားကန်သာ၏ အလှသည်လည်းကောင်း၊ ဆောက်လက်စ အဆောက်အအုံကြီးများဖြင့် ထည်ဝါနေသော လွိုင်ကော်တက္ကသိုလ်သည် လည်းကောင်း စာရေးသူ လွိုင်ကော်မြို့သို့ လာရကျိုးနပ်စေသော မြင်ကွင်းများထဲတွင် ပါဝင်နေမည်သာ ဖြစ်ပေတော့သည်။

ဒေသထွက် အိမ်အပြန် လက်ဆောင်များကတော့ သန့်ရှင်းလတ်ဆတ်သော နေကြာစေ့လှော်နှင့် ပဲပုပ်စေ့လှော်များ၊ လက်ဖက်ခြောက်များ၊ ပျားရည်များ၊ ကောက်ညှင်းခွက်ကြော်နှင့် မိတ်ဆွေများ မှာလိုက်သော ဆီးကောင်းစေသည့် ကြက်လည်ဆံရွက်ခြောက်များပင် ဖြစ်ပါတော့သည်။

မနှင်းဝေ(ဟင်္သာတ)

စာကိုး

သိရိမင်္ဂလာတောင်တော်၊ တောင်ကွဲစေတီတော်သမိုင်း၊ ကဗျားပြည်နယ် (လွိုင်ကော်မြို့)။

❑

www.burmeseclassic.com

www.burmeseclassic.com

မြတ်နိုးပူဇော်

ရွှေကျင်ပဝေမဆောရာတော်



စောင်းကောင်းကြီး

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

ရွှေကျင်ဂိုဏ်းကြီးကို အောင်မြင်စွာ ထူထောင်ခဲ့သော ရွှေကျင်ပထမဆရာတော်ကြီး ဘဒ္ဒန္တဇာဂရသည် ဆွမ်းဘုဉ်းပေးရာတွင် သပိတ်တော်ဖြင့်၊ တစ်ပါးတည်းသာ ဘုဉ်းပေးလေ့ ရှိသကဲ့သို့ ဆွမ်းဟင်းလျာအဖြစ် ဘုဉ်းပေးရာတွင်လည်း သက်သတ်လွတ်ဖြစ်စရာမလိုပေ။ သတ္တဝါသန္တာန် မပေါ်အောင် အမှုန့်ပြုလုပ်ထားသော မုန္ဒမဲမှုန့်များပါသော ဆွမ်းဟင်းကိုသာ ဘုဉ်းပေးတော်မူသည်။ သားငါးသတ္တဝါသဏ္ဌာန် ပေါ်သည့် ဟင်းလျာများကို လုံးဝရှောင်ကြဉ်တော်မူသည်။ ဤကား ဆရာတော်ကြီး၏မဟာကရုဏာတရားပင်ဖြစ်သည်။

ထို့အပြင် ဆရာတော်ကြီးသည် ဟင်းသီးဟင်းရွက်ကို ဆားပြုတ်၍ သုံးဆောင်တတ်သလို ဆွမ်းကပ်တိုင်း ရေထည့်စွက်၍ သုံးဆောင်တော်မူကြောင်း သိရှိရသည်။ ဆရာတော်ကြီးသည် အနေအထိုင် သန့်ရှင်းသည်။ အဝတ်အသောက်လည်း သန့်ရှင်းသည်။ ထက်မြက်သော ဉာဏ်ပညာနှင့်လည်း ပြည့်စုံသည်။ နက်နဲသော ဉာဏ်ပညာလည်း ရှိသည်။ ကျယ်ဝန်းသော ဉာဏ်ပညာလည်း ရှိသည်။ ရာဂ စသော ကိလေသာလည်း နည်းရှားခေါင်းပါးသည်။ သမာဓိလည်း ကြီးသည်။ မေတ္တာကရုဏာလည်း ကြီးသည်။ ဒေါသကို အုပြင်သို့မထွက်မူ၍ ခေါင်းပါးသည်။

မိမိကိုယ်တိုင် ထေရဝါဒ ပုဗ္ဗသာသနာဝင်စံပြထေရ်အရှင်ဖြစ်အောင် အားထုတ်ခဲ့သည်။ သာသနာပြုလိုစိတ်ပြင်းပြသော မင်းတုန်းမင်းတရားကြီးနှင့် တွဲမိသောအခါ သာသနာတော်တွင် စံပြအဖြစ် အကောင်းဆုံး၊ အသန့်ဆုံး၊ အစင်ကြယ်ဆုံးဖြစ်ရန် ကြိုးပမ်းခဲ့သလို ဝိနည်းတော်ကို အသက်ပေး၍ လိုက်နာကြမည့် သိက္ခာကာမဝိနယဂရုကလဒ္ဓိ မေသလ ဂုရားသားတော်များ ဖြစ်အောင်၊ ဂဏာဝိမုတ် သီးခြားဂိုဏ်းတစ်ခု ဖြစ်အောင် ဦးဆောင်တော်မူခဲ့သည်။

မင်းတုန်းမင်းကြီး၏ ပစ္စယာနုဂ္ဂဟ ဒါယကာဇာတ်ကို တရားနည်းကျ ခံယူတော်မူပြီး အခြားဂိုဏ်းသားတို့၏ နှိပ်စက်မှု၊ သံယာအုပ်စုအလိုက် ဖိနှိပ်မှုဒဏ်မှကင်းလွတ်အောင် စီမံတော်မူပြီး ဘုရားစကားတော်နှင့်အညီ ပညတ်တော်မူချက်များကို အသက်နှင့်အမျှ မြတ်နိုးလှသော ဘုရားသားတော်များကို မွေးထုတ်နိုင်ရန် စနစ်တကျ စီစဉ်၍ သာသနာပြုတော်မူခဲ့လေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ ဩဝါဒခံ အမွေခံ ရွှေကျင်ဂိုဏ်းသားများသည် စာပေလည်းတတ်၊ ကိုယ်ကျင့်သိက္ခာလည်းဖြူစင်၊ ပဋိပတ်ကျင့်စဉ်လည်း မြင့်မားသည့် ပုဂ္ဂိုလ်ကျော်များဖြစ်လာခဲ့သည်။ ဤသို့ စီစဉ်ခဲ့ခြင်းမှာ အလင်္ကာရန် တွန်းလှန်ကာကွယ်၍ သာသနာတော် ပြုစေလိုသော ဆန္ဒကြောင့်ပင် ဖြစ်သည်။

ဆရာတော်ကြီး၏ ရွှေကျင်တိုက်သားတို့မှာ ရဟန်းသံဃာတော် စာသင်သား၊ ရှင်သာမဏေ စာသင်သားများနှင့် သူတော်ငယ်များ ဟူ၍ သုံးမျိုးရှိသည်။ ရွှေကျင်တိုက်သို့ ဝင်လိုလျှင် သက်ဆိုင်ရာ အာမခံပုဂ္ဂိုလ် နှစ်ဦးက အာမခံရသည်။ ရွှေကျင်တိုက်သားတို့သည် မအပ်မရာသော အမွေခံပစ္စည်းအသုံးအဆောင် အနည်းငယ်မျှမရှိစေရ။ ကုလဒူသန အနေသန အစရှိသော အမှုမပြုလုပ်ရ။ အကြောင်းမဲ့ နေ့လွဲကွမ်းစားခြင်း၊ ဆေးဝါးဆေးလိပ်သောက်ခြင်း မပြုရ။ မြို့တွင်း၊ ရွာတွင်း ထီးဆောင်းခြင်း၊ ဖိနပ်စီးခြင်း မပြုရ။ နန္ဒင်းဆိုး၊ ပေါက်ပွင့်ဆိုးမိုးပိတ်နီ သက်နံးဆိုးရေ အဆင်းနှစ်ပါး၌ သံသယမကင်း မကောင်းသော ဖဲကတ္တီပါ၊ သတ္တလတ်တို့ကို ဝတ်ရုံခြင်းမပြုရ။ သူတစ်ပါးထံမှ ရသော အဓမ္မိယပစ္စည်းတို့ သုံးဆောင်ခြင်း ခွင့်မပြုပေ။

ထို့အပြင် စကားကျယ်လောင်စွာပြောခြင်း၊ ကျယ်လောင်စွာ ရယ်မောခြင်း၊ ကျယ်လောင်စွာ အော်ခေါ်ခြင်း၊ ကျယ်လောင်စွာ နှာချေခြင်း၊ ကျယ်လောင်စွာ သမ်းဝေခြင်းတို့ကို ခွင့်မပြု။ တိုးတိုးသာ ပြုချေရသည်။ နောက် စကားများ၊ အရယ်များ၊ အအိပ်များ၊ အစားများ၊ နဝကမ္မများ၊ပစ္စည်းစုဆောင်းခြင်း၊ ရှင်ငယ် လူငယ်များနှင့် ရောနှောခြင်း၊ အလည်အပတ်များခြင်း တို့ကိုလည်း ခွင့်မပြုပေ။ နောက် အစားကြမ်း၊ အဝိုင်ကြမ်း၊ အသွားကြမ်း၊ အထိုင်ကြမ်း၊ အရယ်ကြမ်း၊ စိတ်ကြမ်း၊ ကိုယ်ကြမ်း၊ နှုတ်ကြမ်း၊ အဆုံးမကြမ်းများကို ပယ်၍ ပရိယတ် ပဋိပတ်တရားအလုပ်ကိုသာ အားထုတ်ကြရသည်။

ပဋိညာဉ် ဝန်ခံထားရမည့် အချက်အချို့မှာ စေတနာဆိုးဖြင့် အာပတ်မသင့်အောင် အထူးရှောင်ရသည်။ အာပတ်သင့်လျှင် ဖုံးကွယ်မထားရ။ ဒေသနာကြားရမည်။ အကပ္ပိယ၊ အဓမ္မိယ ပစ္စည်း ရှောင်ရမည်။ စွန့်ပစ်ရမည်။ သီတင်းသုံးဖော် ရဟန်း သာမဏေ ကျောင်းသားတို့ကို ဒေါသဖြင့် အော်ငေါက်မပြောရ။ ခိုက်ရန် မဖြစ်ရ။ ဝင့်ဝါခြင်း၊ ပကာသနပြုလုပ်ခြင်း၊ အလိုကြိုခြင်း၊ အလိုက်မသိခြင်း မပြုရ။ မထေရ်ကြီးတို့ အဆုံးအမကို မနှစ်သက်သော

www.burmeseclassic.com

အမူအရာ မပြဘဲ လိုက်နာရသည်။ အလုပ်လုပ်ရာတွင် မတွက်ကပ်ရ။ ဆွမ်းစားစဉ် စကားမပြောရ။ ရေချိုးရေခပ်သွားရာ၌ အဖော်မခေါ်ဘဲ တရားနှလုံးသွင်း၍ သွားရမည်။

ညဉ့်စာအံပြီး ကလတက် မတီးမချင်း အလွတ်စကားမပြောရ။ စာအံခြင်း၊ ပုတီးစိပ်ခြင်း ပြုရသည်။ နံနက်အိပ်ရာထသည်မှ ကလတက်ခေါက်၍ အရုဏ်လာသည့်တိုင် မလှုံနေရ။ ဝါတွင်း အခါ တစ်လလျှင် ရှစ်သီတင်း၊ ဝါပအခါ လေးသီတင်း ဧကာသနိက်ဓူတင် ကျင့်ရသည်။ အထူး သည်းခံရသည်။ အာမခံဆရာ၊ တပည့် အမြဲတမ်း ဆက်သွယ်၍ ဆုံးမနာခံရသည်။ အထက်ပါအချက်များ ပျက်ကွက်ခဲ့လျှင် ဒဏ်ထမ်းရသည်။ နောက် ဂန္ထဓူရဝန်ကို မဆောင်ပါက ဝိပဿနာဓူရဝန်ကို ဆောင်ရသည်။

ကျောင်းတိုက်ကြီးတွင် ဝိပဿနာဓူရဆောင်သော ရဟန်းသံဃာ ၂၅၀ ခန့်ရှိသည်။ ထိုသံဃာတော်များ အေးချမ်းစွာ ကျင့်ဆောင်နိုင်ရန် စီမံပေးထားသည်။ ညစဉ် ဘုရားဝတ်တက်ပြီးလျှင် ဆရာတော်ကြီး၏ ဩဝါဒကို နာယူရသည်။ ကာမဝိတက် စသောကိလေသာတရားတို့ နှိပ်စက်သဖြင့် မပျက်ပြားစေရန် ကာမာနံ အာဒီနဝကထာ၊ သီလသံဝရကထာ၊ ခန္ဓိသံဝရကထာ၊ အပ္ပမာဒကထာ စသော တရားတို့ကို ဓမ္မာကြားပေးသည်။ တချို့သော သံဃာတို့သည် စည်းကမ်း ကြီးမားလှသော ရွှေကျင်တိုက်လာ၍ တရားနာယူရင်း ရွှေကျင်ဂိုဏ်းများ ဖြစ်သွားကြသည်ဟုလည်း လေ့လာဖတ်ရှုရလေသည်။

ရွှေကျင်တိုက်တွင် သောက်ရေသုံးရေ ခွဲထားသည်။ ကျောင်းတိုက်တိုင်း၏ လေ့ကားအနီး၌ ခြေဆေးရေအိုးများ ထားကြရသည်။ သောက်ရေကို မွန်းမတည့်မီ သောက်ရန်နှင့် မွန်းတည့်ပြီးမှ သောက်ရန်ဟု ခွဲထားသည်။ သောက်ရေအိုးအနီး၌ ရေစစ်များ ချိတ်ထားရသည်။ နံနက်ပိုင်းသောက်၍ ဆွမ်းကိစ္စပြီးလျှင် ထိုရေအိုးများကို သွန်မှောက်ထားရသည်။ တိုက်သစ်သားဖြစ်လာလျှင် ဒွေဓာတိကာ ပြန်ဆိုရသည်။ ညဉ့်ရွှတ်သုတ်တို့ကို အနက်ထင်အောင် လေ့လာ၍ ပါဠိကို နှုတ်ဝဲမရမချင်း ကျက်ကြရသည်။

ရွှေကျင်ဆရာတော်ကြီး၏ အကြေပေးချက်အရ (၂၆-၆-၁၈၆၂) တွင် ပရိယတ် ပဋိပတ် သတ္တိ ဗျတ္တိရှိသည့် စာကြည့်တ်ဆိပ်တော်ရ ဝိဋ္ဌကတ်စာမဆရာတော်၏ ရှစ်ပါးကို သာသနာပြုဆရာတော်၏ အဆုံးအမကို ခံယူစေ၍ သံဃာကိစ္စ ကံကြီးကံငယ် ဆုံးဖရင်ရန် ရှိသည်များကို သုခမ္မာဇရပ်တော်မှ စီရင်စေခဲ့သည်။ သုခမ္မဆရာတော်တို့သည် သာသနာရေးကိစ္စများကို ကိုင်တွယ်ရသဖြင့် သာသနာပိုင်များဖြစ်ကြသည်။

တစ်နေ့တွင် ရွှေကျင်ဆရာတော်ထံ သာသနာပိုင်ဆရာတော်က -

"မောင်ရွှေကျင် ယခုစာ ရရှိက အမိန့်ကိုနာခံ၍ ချက်ချင်းလာရမည်" ဟူသော စာဖြင့် မဟာဒါန်ဝန်စေလွှတ်၍ အုတင်းအကျပ် ဆင့်ခေါ်သည်။ ထိုအခါ ရွှေကျင်ဆရာတော်ကြီးက -

"ငါ မန္တလေး ရောက်လာခဲ့သော ကြောင့် စိတ်ချမ်းသာပုံ မပေါ်ဘူး၊ ငါလည်း လွတ်လပ်စွာ သာသနာပြုခွင့် ရမှာမဟုတ်၊ ဒါကြောင့် သာသနာပိုင် ဆရာတော်လည်း စိတ်ချမ်းသာ၊ ငါလည်း လွတ်လပ်စွာ သာသနာပြုရ အောင် တောပြန်မှ သင့်မည်" ဟု ဆုံးဖြတ်ပြီး မင်းတုန်းမင်းကြီးအား တောပြန်ကြွတော်မည်ဟု မိန့်ရာ မင်းတုန်းမင်း တရားကြီးက မိမိထုတ်ပြန်ထားသော အမိန့်တော်ကို လိုက်နာကျင့်သုံး၍ အကောင်အထည်ဖော်မည့် ပုဂ္ဂိုလ်မရှိသဖြင့် အချည်းနှီးဖြစ်တာ မိဓိမ္မော်မှန်းထားသောသာသနာသန့်စင်ရေးအတွက် ပျက်စီးရတော့မည်။

နောင်တော် ပုဂံမင်းလက်ထက်တလည်း ခေါင်းဆောင်ဖြစ်သော ရှမ်းတလေးကျွန်းဆရာတော်ကို အမရပူရအင်း၀၊ စစ်ကိုင်း သုံးပြိုနယ်မှ နှင်ထုတ်ခဲ့သဖြင့် မြတ်စွာဘုရားအလိုကျ ကျင့်သုံးနေထိုင်သော၊ သာသနာပြုလျက်ရှိသော ရှမ်းကလေးကျွန်းတိုက်သစ် ပျက်စီးခဲ့ရဖူးပြီ။ ငါ အထွတ်အမြတ် ရောက်မူကား ယင်းသို့မဖြစ်ရဟုတွေးပြီး ရွှေကျင်ဆရာတော် တောသို့မပြန်စေရန် တောင်းပန်လျှောက်ထားပြီး ရွှေကျင်ဆရာတော် တပည့်အပေါင်းတို့အား သာသနာပိုင်နှင့် သုခမ္မာတို့က ဆင့်ခေါ်ခြင်းမရှိစေရန် အမိန့်ထုတ်လိုက်သည်။

ထိုအချိန်မှစ၍ ရွှေကျင်ဆရာတော်နှင့် တပည့်အပေါင်းတို့သည် သုခမ္မာဂိုဏ်းမှ ကင်းလွတ်သော ဂဏဝိမုတ် သီးခြားဂိုဏ်းအဖြစ် သာသနာပြုခွင့်ရကြတော့သည်။ ထိုအမိန့် ထုတ်သည်မှာ ၁၂၂၃ နှစ်ခန့်ကဖြစ်သည်ဟု လေ့လာမှတ်သားရလေသည်။ မင်းတုန်းမင်းကြီးသည် ဂဏဝိမုတ် အမိန့်ထုတ်ပြီးနောက် ယခင် ရွှေကျင်ဆရာတော်ကြီး သီတင်းသုံးခဲ့သော မြိုင်းမကားရွာတောင်ဘက်တွင် တောရကျောင်းကြီး ဆောက်လှူခဲ့သည်။ **ရွှေကျင်တိုက်သိမ်ကိုလည်း** ဝိသုဂါမ သမုတ်တော်မူသည်။

မင်းတုန်းမင်းတရားကြီးသည် သာသနာတော် သန့်ရှင်းရေးအတွက် ရွှေကျင်ဆရာတော်ကြီးကို အားကိုး

www.burmeseclassic.com

www.burmeseclassic.com

သလို ပဉ္စမသင်္ဂီယနာ တင်ရန်အတွက်လည်း ဝိဇ္ဇာကတ်ရေးရာ ကျွမ်းကျင်သော ဆရာတော်ကြီးများကို ဦးစီးဦးဆောင် ပြုစေခဲ့သည်။

တောင်ဆောင်မိဖုရားကြီး ရတနာဒေဝီကိုးကွယ်သော ဒက္ခိဏာရာမဘုရားကြီး ဆရာတော် ဇဂရာဘိဝံသ၊ ဘိဝိဇ္ဇကရေ မဟာမဂ္ဂရာဇဓိရာဇဂုရု ဘွဲ့ရ ပညာရှင်ကြီးသည် ပဉ္စမသင်္ဂီယနာတင်ရန်အတွက် ၁၂၁၈ ခု တန်ခူးလဆန်း ၁၀ ရက်နေ့တွင် အမရပူရ မြေနန်းမြောက်ဘက် ဝိဇ္ဇကစ်တန်ဆောင်း၌ ပြုလုပ်သော ဝိဇ္ဇကတ်တော်တို့ကို တည်ဖြတ်၍ ရွှေရေး၊ မင်ရေး၊ ကညစ်ရေး သုံးမျိုးဖြင့် အက္ခရာတင်ရာ၌ လည်းကောင်း၊ ၁၂၂၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ မန္တလေး ရွှေနန်းတော်ကြီးအတွင်းပြုလုပ်သော ဝိဇ္ဇကတ်တော်တို့ကို ကျောက်ဆွဲက်အက္ခရာတင်ရာ၌ လည်းကောင်း ဦးဆောင်ပြုလုပ်တော်မူ၍ ၁၂၃၃ ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ ရက်နေ့တွင် ရွှေပြာသာဒ်တော်ဦး မြေနန်းတော်အတွင်း၌ ပဉ္စမသင်္ဂီယနာတင်ရာ၌လည်း ပါဝင်ရွေ့ဆောင်ခဲ့သော ဆရာတော်ကြီး ဖြစ်သည်။

တစ်နေ့တွင် သုခမ္မာဇရုပ် တရားသဘင်မှအပြန် ရွှေကျင်တိုက်သို့ ဝင်တော်မူလာသည်။ တိုက်အတွင်းသို့ ရောက်လျှင် သူတော်ငယ်တို့က လက်အုပ်ချီမိုး၍ အရှိအသေပြု ရှိခိုးကြသည်။ ဆရာတော်ကြီးက -"မင်းတို့ဆရာတော် ဘယ်ကျောင်းမှာ နေသလဲ" ဟု မေးရာ သူငယ်တော်တို့က လက်အုပ်မြှောက်ချီ ညွှန်ပြလျက် "ဤကျောင်းမှာ သီတင်းသုံးပါသည့် ဘုရား" ဟု ရှိသေစွာ လျှောက်ထားကြသည်။

ဆရာတော်ကြီး ကြွရောက်လာသည်ကို ရွှေကျင်ဆရာတော် မြင်လျှင် ကျောင်းမှဆင်း၍ ခရီးဦးကြိုဆိုပြုကာ မြင့်မြတ်သော ထေရာရဟ နေရာသို့ ပုဒ့်ဆောင်၍ တုတ်ဝပ်ရိုက်ချီး ရှိခိုးလျက်သာ အရှိအသေပြု နေထိုင်ကာ ဆရာတော်ကြီး မိန့်မြွက်တော်မူသည်ကို နာယူလေသည်။ အတန်ကြာမှ အာလာပသလ္လာပနှင့် စာပေကျမ်းဂုန်ဆိုင်ရာ စကားမျိုး မိန့်ကြားတော်မူပြီး ကျေနပ်ဝမ်းမြောက်သော လက္ခဏာဖြင့် ပြန်ကြွတော်မူသည်။ ရွှေကျင်ဆရာတော်က ကျောင်းတိုက် အာရာမ်အပြင်သို့တိုင် အောင် လိုက်ပို့တော်မူသည်။

ရှင်ဘုရင်ကိုယ်တိုင်က အလွန်ကြည်ညိုလေးစားပြီး၊ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းပြီး လိုလေသေးမရှိ ဂဏဝိမုတ်အဖြစ်ပင် သီးခြား အထူးအခွင့်အရေးပေး ကိုးကွယ်ခံရသဖြင့် ရွှေကျင်ဆရာတော်၏ တစ်ပါးတည်း အေးဆေးစွာ နေတတ်မှုကို အထင်လွဲ၍ မာနကြီးသည်ဟု ဆရာတော်အများက ထင်နေကြသည်။

ဆရာတော်ဘုရားကြီး ဒက္ခိဏာရာမတိုက်သို့ ပြန်ရောက်သောအခါ-

"ရွှေကျင်ကို အရင်က အထင်သေးမိတယ်၊ ရွှေကျင်တိုက်က သူတော်ငယ်လေးတွေဟာ တို့တိုက်က ဦးပဉ္စင်းများထက် ယဉ်ကျေးကြတယ်၊ ရွှေကျင်ကိုယ်တိုင်လည်း တို့ကိုလေးစားသည်မှာ သာမကလေးသဖွယ် ဖြစ်ပေတယ်၊ နိဝါတနိမာနဂုဏ် ရှိပါပေတယ်" ဟု ချီးမွမ်းခြင်းကို ခံခဲ့ရသော ဆရာတော် ဖြစ်သည်။

၁၂၇၇ ခုနှစ်တွင် ကံဂိုဏ်းနှင့် ဒွါရဂိုဏ်းဟူ၍ ဂိုဏ်းနှစ်ဂိုဏ်းကွဲသည်။ အောက်ပြည်တွင် ဒွါရဂိုဏ်းက အင်အားကြီးလာသည်။ အကွဲအပြဲဖြစ်ရာမှ ငြင်းခုံစရာများ ဖြစ်လာသည်။ ထိုအခါ မလိုအပ်ဘဲ ရန်ပွဲကြီးသဖွယ် ဖြစ်လာသည်။ ၁၂၂၄ ခုနှစ်တွင် ဒါယကာတို့က ကံနှင့်ဒွါရ အငြင်းအခုံကို သူမှန် ငါမှန် အလောင်းအစားပြု၍ မန္တလေးမြို့ သုခမ္မာဆရာတော်အဖွဲ့က ပညာသာမိကဝိဇဇမဟာမဂ္ဂရာဇဓိရာဇဂုရု တံဆိပ်တော်ရ မောင်းထောင်ဆရာတော်ကို အဆုံးအဖြတ်ပေးရန် လွှဲအပ်ကြသည်။ မောင်းထောင်ဆရာတော်ကြီးက ကံနှင့်ဒွါရ နှစ်ပါးလုံး မှန်သည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုဆုံးဖြတ်ချက်နှင့်စပ်၍ အုပ်ဖို ဆရာတော်က မောင်းထောင်ဆရာတော်ထံ မေတ္တာစာ ရေးပို့ခဲ့သည်။ ထိုစာကို ရွှေကျင်ဆရာတော်နှင့် မောက်ကျီးဆရာတော်တို့က ဆိုင်းငံ့ထားပါဦးဟုဆို၍ ရွှေကျင်ဆရာတော်က မေတ္တာစာဖြင့် လျှောက်ထားသည်။ ထိုစာတွင် ရွှေကျင်ဆရာတော်သည် ကွဲပြားမှုကို မလိုလား၊ ညီညွတ်ရေးကိုမည်မျှလိုလား ကြောင်း သိနိုင်လေသည်။

၁၂၂၇ ခုနှစ်တွင် အုပ်ဖိုဆရာတော်ကြီးက ရွှေကျင်ဆရာထော်ထံ မေတ္တာစာ ပြန်လည်ပေးပို့ခဲ့သည်။ ရွှေကျင်ဆရာတော်ကြီးသည် ဤသို့ သုခမ္မာဆရာတော်ကြီးများထံ မေတ္တာစာရေးသကဲ့သို့ ကံဘက်မှ အထင်ရှားဆုံး ဆရာတော်ကြီးဖြစ်သော သင်္ဃဆရာတော်ထံသို့လည်း မေတ္တာစာရေး၍ ညီညွတ်မှုရအောင်ဆောင်ရွက်တော်မူခဲ့သည်။

ထိုခေတ်အခါက မြန်မာ့ သာသနာ သမိုင်းတွင် ရွှေကျင်၊ ဒွါရ၊ ကံ (သုခမ္မာ)ဟူ၍ ဂိုဏ်းသုံးဂိုဏ်း ကွဲခဲ့ဖူးလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေကျင်ဆရာတော်ကို အမှီပြု၍ ရွှေကျင်ရွာနေ လူထုအားလုံးသည် မင်းတုန်းမင်းလက်ထက်မှစ၍ သီပေါင်းလက်ထက်တိုင် သဿမေဓ ခေါ် အခွန်တော်လွတ်ငြိမ်းခွင့် ရရှိခဲ့ကြသည်။ သဿမေဓ အခွန်ဆိုသည်မှာ ဆယ်ဖို့တစ်ဖို့ ကောက်ယူသော အခွန်တော် ဖြစ်သည်။

မင်းတုန်းမင်းတရားကြီးသည် ရွှေကျင်ဆရာတော်ကဲ့သို့ ပုဂ္ဂိုလ်ထူးမွေးဖွားရာ ရွှေကျင်ရွာကို အခွန်လွတ်ငြိမ်းခွင့်နှင့်အတူ ရွာလူထု ချမ်းသာစေရန် မေတ္တာကန် အမည်ရှိသော သုံးတိုင်ခန့်ရှည်သော တစ်ဖက်ဆည်ကန်ကြီးကို ၁၂၂၆ ခုနှစ်တွင် တူးဖော်ပေးခဲ့သည်။ ရွှေကျင်ရွာ၏ အနောက်ဘက်အရပ်တွင် ရှိပြီး အရှေ့ အနောက် သုံးတိုင်ခန့်ရှိ၏။ ဧက ၂၀၀ ခန့်ရှိ၏။ (ယခုအခါ လယ်ယာမြေ ဖြစ်နေလေပြီ။)

၁၂၂၈ ခုနှစ်တွင် ပန်းတိမ်းမင်းသား ပုန်ကန်သော အရေးအခင်းပြီး သွားခဲ့သည်။ ထိုအရေးအခင်းတွင် မင်းတုန်းမင်းကြီး နန်းကျရတော့မည်ကဲ့သို့ ဖြစ်ခဲ့ရသဖြင့် မင်းတုန်းမင်းသည် သားတော်များ၏အခြေအနေကို အထောက်တော်များဖြင့် ထောက်လှန်းနေရသည်။ ထိုစဉ် နန်းတော်ရှေ့ မောင်းထောင်ကျောင်း၌ နေကြသော မင်းသားများ ပုန်ကန်ရန်စီစဉ်နေကြောင်း သိတော်မူသဖြင့် သားတော်များကို ဖမ်းခိုင်းသည်။ ထိုကိစ္စ၌ ရန်ကုန် သွေးဆေးကန် ဦးသဒ္ဓမ္မနှင့် ရဟန်းတော်နှစ်ပါး ပါဝင်သည်ဟုဆိုကာ ဖမ်းထားပြီးသုတ်သင်မည်သဘောဖြင့် အဝတ်ဖြူလဲက ချုပ်ထားသည်။

ရွှေကျင်ဆရာတော်သည် ညဉ့်စာချပြီးလျှင် ဘုန်းတော်တိုးရွာ၏အရှေ့ဘက် နန္ဒာကန်ရိုးရှိ တောရကျောင်းသို့ ကြွပြီး ကျိန်းလေ့ရှိသည်။ ရန်ကင်းချောင်ဆရာတော်လောင်းလျာ သူငယ်တော်ငယ် ဖိုးသောဘဏ၊ ကျောက်အိုင်ဆရာတော်လောင်းလျာ ဖိုးဇဝနတို့က မီးအိမ်ကိုင်၍ လိုက်ကြရသည်။ ရဟန်းတော် သုံးပါး ဖမ်းထားကြောင်းကို လိမ္မာသော မင်းလုလင်တို့က မီးတုတ်များကိုင်၍ လိုက်လာကြပြီး 'ဦးသဒ္ဓမ္မတို့ကို တယ်တော်မူပါဘုရား' စသည်ဖြင့် လျှောက်တင်ကြရာ ဆရာတော်က - 'တဲ့- သွားကြ၊ အချိန်မရှိတော့ဘူး' ပြော၍ မြန်လွတ်လိုက်သည်။

နောက်တစ်နေ့နံနက် ယာဂုဘုဉ်းပေးပြီး သုဓမ္မဇရပ်တော်ကိုကြွ၍ မဏ္ဍလာရာမစသောဆရာတော်များနှင့် တွေ့ဆုံကာ အရှင်ဘုရားတို့၏ ဆန္ဒကို လိုလားပါကြောင်း လျှောက်ထားရာ ဆရာတော်များက - 'ရွှေကျင်ဆရာတော် ကယ်နိုင်လျှင် ကယ်ပါ၊ ဒီကိစ္စ ဘယ်သူမှ မတတ်နိုင်၍ ကြည့်နေကြရတာပါ' ဟု မိန့်ဆိုကြသည်။

ရွှေကျင်ဆရာတော်သည် နန်းတော်သို့ကြွ၍ နန်းဦးပြာသာဒ်ပလ္လင်၏ အရှေ့ဘက် သံဃာများ သီတင်းသုံးရန် ပြုလုပ်ထားသော အုတ်တန်းလျားဌ သီတင်းသုံးပြီး မင်းလုလင်ကိုလွှတ်၍ အကြောင်းကြားသည်။

မင်းတုန်းမင်းကြီးလည်း ပွဲတော်တည်စဉ်ဖြစ်၍ 'စောင့်တော်မူပါ၊ လာခဲ့ပါမည်' ဟု လျှောက်ခိုင်းသည်။ မင်းတုန်းမင်း နံနက်ပွဲတော်တည်ချိန်မှာ နံနက် ၈ နာရီ အချိန်ခန့်ဖြစ်သည်။ ရွှေကျင်ဆရာတော်က 'မစောင့်နိုင်ဘူး၊ တွေ့ချင်ဆယ်' ဟု မိန့်တော်မူသဖြင့် 'ရွှေကျင်ကိုယ်တော်ဟာလေ လုပ်လိုက်မှဖြင့် အရေးတကြီးပဲ၊ ကဲ- လက်ဆေးရေဆတ်' ဟုဆိုကာ ပွဲတော်ရပ်ပြီး သွားတွေ့သည်။ ရွှေကျင်ဆရာတော်က -

'သာသနာပြု၊ သာသနာပြုနဲ့ ဘာပြုတာတုံး။ မောင်သဒ္ဓမ္မတို့ ပိတ်ဖြူလဲထား ဆိုပါလား။ ဒါ သာသနာပြုတာလား' ဟု မြည်တော့သည်။

ထိုအခါ မင်းတုန်းမင်းကြီးက -

'ဒါတော့ သူ့အပြစ်နဲ့သူ ဖြစ်ပါတယ် ဘုရား' ဟု ပြန်လည်လျှောက်သည်။ ရွှေကျင်ဆရာတော်က မလုပ်သင့်ကြောင်း ဖျောင်းဖျသဖြင့် ဆိုင်ရာဝန်ကိုခေါ်၍ စာချန်ရေးပြီး ရွှေကျင်ဆရာတော်အား ဆက်ကပ်လေသည်။ 'အရှင်ဘုရားကိုယ်တိုင် လွှတ်တော်သို့ကြွပါဦး' ဟု လျှောက်ထားသဖြင့် လွှတ်တော်သို့ ဆက်ကြွရသည်။ လွှတ်တော်က အမိန့်ဖြင့် ဦးသဒ္ဓမ္မတို့ကို ပိတ်ဖြူဝတ်တွေဖြင့် ခေါ်သွင်းလာကြပြီး 'သူတို့ကို ရွှေကျင်ဆရာတော်အား လှူပါတယ် ဘုရား'ဟု လျှောက်ထားသဖြင့် ရွှေကျင်ဆရာတော်က ရဟန်းနှင့်မသင့်သော ကိစ္စများ မလုပ်ကြရန် တရားဟောပြီး-

'မင်းကြီးတို့၊ သူတို့ သိက္ခာမကျသေးဘူး။ ရဟန်းတွေပဲ' ဟုမိန့်ရာ ယပ်တန်းသို့လွှတ်၍ သက်နုံးပရိက္ခရာ ဝယ်စေပြီး ထိုပရိက္ခရာတို့ကို လွှတ်တော်က ရွှေကျင်ဆရာတော်အား လှူသည်၊ ဆရာတော်ကမှ ဦးသဒ္ဓမ္မတို့ကို တစ်ဆင့်ပေးပြီး ဝတ်စေရသည်။ ထို့နောက် ရွှေကျင်ဆရာတော်နောက်သို့ ထည့်လိုက်ကြသည်။ ရွှေကျင်ဆရာတော်သည် ထိုနေ့ ဆွမ်းချိန်မမီတော့သဖြင့် ယာဂုဖြင့်သာ ပြီးရသည်။

မန္တလေးမြို့တွင် ရွှေကျင်တိုက်ကြီးကို စတင်တည်ဆောက်ခဲ့သည်မှာ ၁၂၂၉ ခုနှစ်တွင် (၃၂) နှစ်ရှိခဲ့ပြီဖြစ်သည်။ ဆရာတော်ကြီးသည် ၁၂၂၃ နှစ်မှ

www.burmeseclassic.com

www.burmeseclassic.com

စတင်၍ ဝါဆိုခဲ့သဖြင့် ရွှေကျင်ဝိုင်းအဖြစ် ထင်မြော်ခဲ့သည်မှာ (၇)နှစ်ပင် ရှိခဲ့ပေပြီ။ ရွှေကျင်တိုက် (၅)တိုက်တွင် သံယာတော်တစ်ဆောင်ကျော်ဖြင့် ထင်ရှားလာသည်။ ဆရာတော်ကြီး၏ ဆုံးမသွန်သင်မှုဖြင့် တိုင်းကျော် ပြည်ကျော် အရှင်မြတ်များ ပေါ်ထွက်လာခဲ့သည်။ ထို့အရှင်သူမြတ်များမှ အရှင်မာလာ (မြတောင်ဆရာတော်)၊ အရှင်ဝိသုဒ္ဓါရုံဆရာတော်၊ အရှင်ဝန္ဒာဆာရာတော်၊ အရှင်ဂ္ဂန္ဒကဆရာတော်၊ အရှင်ဝိမလဆရာတော်၊ ဘာသာခြားဦးဒွန်း (ဗုဒ္ဓဘာသာအဖြစ် ပြောင်းလဲခဲ့ယူသူ) တို့ဖြစ်သည်။

၁၂၂၉ ခုနှစ်တွင် ရွှေကျင်ဆရာတော်ကြီးသည် ရွှေစက်တော်သို့တုရားဖူးကြွရောက်တော်မူသည်။ ၁၂၂၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ နေပြည်တော်မှ စုန်ဆင်းသည်။ လှေကြီး နှစ်စင်း၊ လှေငယ် တစ်စင်း၊ ဖိုးသူတော်ငယ်နှစ်ယောက်၊ လှေသား သုံးယောက်၊ တပည့်ကြီး နှစ်ပါး၊ သာမဏေ တစ်ပါး၊ ကပ္ပိယ နှစ်ယောက်တို့က လှေကြီးတစ်စင်းတွင် စီးနင်းလိုက်ပါကြသည်။ အခြားလှေတစ်စင်းတွင် တိုက်အုပ်၊ တိုက်ကြပ်၊ စာချ၊ စာသင်သား၊ သံယာအားဖြင့် သံယာ နှစ်ကျိပ်ကျော်နှင့် လှေသား သုံးယောက် လိုက်ပါပြီး လှေငယ်တစ်စင်းတွင် ဆရာတော်၏ မယ်တော်၊ ခမည်းတော်နှင့် ၎င်းတို့အား ပြုစုလုပ်ကျွေးသူတို့နှင့်တကွ လှေသား သုံးယောက် လိုက်ပါကြသည်။

မင်းကြီးကလည်း အထူးထူးအပြားပြား များလှစွာသော သပိတ်အုပ်၊ ဖယောင်းတိုင်သေတ္တာ၊ ရွှေဖယောင်းတိုင်၊ ငွေဖယောင်းတိုင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ပုံနှိပ်ကမ္ဘဝါစာ၊ ဆွမ်းဆန်တော်မှစ၍ ဆွမ်းအတွက် ရိက္ခာအပြည့်အစုံ လှူဒါန်းတော်မူခဲ့သည်။ အင်းဝမြို့သို့ရောက်လျှင် သံယာတော်များမှ သူဦးဆေးပြ ကြောက်ရွံ့တိမ်းရှောင်စေခြင်းငှာ လှေကြီး၏ ပေါင်းမိုးပေါ်၌ ကမ္ဘလာနီကြီးကို လွှမ်းအုပ်၍ ပေါင်းမိုးဝဲယာနှစ်ဖက်မှ အလံနှစ်ချက်ကို စိုက်လာကြသည်။

ရွှေကျင်ဆရာတော်မှာ ဤမျှလောက် ပြုသည်ကိုပင် အလွန်ရှက်တော်မူလှသည်။ သံယာများအလိုကို မဆန့်ကျင်လိုရ်သာ သည်းခံတော်မူရှာသည်။ ဆရာတော်သည် နေဖြည်တော်မှစထွက်သည်မှ ပဋိပတ်ကျင့်ဝတ်တို့ဖြင့် ရွှေစက်တော်ကို ပူဇော်လျက် လိုက်ပါလာသည်။ ရွှေစက်တော်ကို တစ်နေ့ သုံးကြိမ် သုံးဖန် ရှော်ရမ်းရှိခိုး ပူဇော်ခဲ့သည်။ မြစ်နှိုးတစ်လျှောက်မှ စေတီပုထိုးတို့အား ဘုရားစုံ ပူဇော်ခဲ့သည်။ ကွမ်းရွာ၊ ရွှေတန့်တစ်၊ ပုဂံ ရွှေစည်းခုံ၊ အာနန္ဒာစေတီတော်များ ဖူးမြော်ခဲ့ပြီး ရေနံချောင်း၊ မြစ်ကွေ့ (မကွေး)မြို့တို့၌ ညအိပ်ကျိန်းစက်တော်မူ၍ ဆွမ်းတော်ကြီး ကပ်လှူပူဇော်ခြင်း၊ ဆီမီး၊ ပန်း ပူဇော်ခြင်းများ ပြုခဲ့သည်။

အဆွေခင်ပွန်း သဟဓမ္မိကဖြစ်သူ ထိုထိုအရပ်၌ သီတင်းသုံးတော်မူကြသော သံယာတော်တို့အားလည်း ဖယောင်းသေတ္တာ၊ ကမ္ဘဝါစာ စသည်တို့လှူဒါန်းရင်း စုန်ဆင်းခဲ့ရာ ခုနစ်ရက်ခန့်အကြာတွင် မင်းဘူးဆိပ်ကမ်းသို့ ရောက်လေသည်။ မင်းဘူးမြို့တွင် နှစ်ရက်ခန့်နားစဉ် ရွှေစက်တော်အား လှူဒါန်းရန် မျက်နှာကြက်၊ ခေါင်းလောင်း၊ မီးအိမ်၊ မီးရှူးပဒေသာ၊ ထီး၊ တံခွန်၊ ကုက္ကား၊ မှလေးပွား၊ ကြက်လှာ တို့ကို များစွာပြုလုပ်ရင်း စကုမြို့ဝန် ကြိုဆိုရောက်ရှိလာသည်။ စကုမြို့တွင် တစ်ညတာ တည်းခိုပြီး ညအခါ တောတောင်လမ်းခရီးတစ်လျှောက် မီးရှူး မီးဝါးတို့ကို ကိုယ်စီကိုင်ကာ ထွန်းညှိပူဇော်၍ သွားရသည်။ တပို့တွဲလ၏ မလင်းတလင်း လရောင်အောက်တွင် သွားရသည်မှာ အလွန်ကြည်နူးဝမ်းသာဖွယ် ရှိလှပေသည်။ လမ်းခရီးတွင် တစ်ညတာ အိပ်စက်ကြရသည်။ နောက်တစ်နေ့တွင်မှ ရွှေစက်တော်သို့ ရောက်လေသည်။

ရွှေစက်တော်တွင် ခုနစ်ရက်တိုင်တိုင် အားရအောင် ဖူးမြော်ကြည်ညိုကြရသည်။ ထို ခုနစ်ရက်အတွင်း ဆွမ်းတော်ကပ်ခြင်း၊ ဆီမီး၊ ရေချမ်း၊ ဝန်း၊ မီးရှူး မီးဝါး၊ တံခွန်၊ ကုက္ကား စသည်တို့ဖြင့် နေ့စဉ်ပူဇော်လေသည်။ ဝိတိသောမနဿ များစွာဖြစ်ရသည်။ အတူလိုက်ပါသွားခဲ့သော ပဓမရွှေကျင်သာသနာပိုင် ချမ်းသာကြီးဆရာတော်ဟာမှတ်တမ်းတင်ထားခဲ့သည်။

ရွှေစက်တော်ကို အားပါးတရ ဖူးမြော်ပြီးမှ ပြန်ကြွတော်မူသည်။ ညဉ့် အိပ် ညဉ့်နေ ရပ်နားရာ ဆိပ်ကမ်းသောင်ပြင်တို့၌ စက်တော်ရာပုံကို သဲခုံပေါ်၌ တင်ထားပြီးလျှင် အားလုံးဝတ်တဂ်ပူဇော် ရှိခိုးကြည်ညိုကြရသည်။ အသွား၊ အပြန် နှစ်လခန့်ရှိရာ ဆရာတော်ကြီးသည် လှေစိုက်ရာမှ ခဲနှစ်ကျအတွင်း၌ ပေါင်းကိုင်းစိုက်အုပ်၍ သားရေအခင်း တစ်ချပ်၊ ရောဘုးတစ်လုံးဖြင့်သာ သီတင်းသုံးတော်မူသည်။ ခရီးစာစ်လျှောက် တစ်ကြိမ်မျှ ဦးခေါင်းချ၍ လျောင်းကာ ကျိန်းစက်တော်မူသည်ဟူ၍ မရှိခဲ့ပေ။

လမ်းခရီးတွင် နေ့စဉ် ဝတ်တက် ဝတ်ကပ်မပျက် ပြုလုပ်ရသည်။ ရံခါ တရားဟောပြသည်ကို နာယူရသည်။

www.burmeseclassic.com

www.burmeseclassic.com

စက်တော်ရာ ဂုဏ်တော်များကို လေ့ပေါင်းထဲ၌ပင် ရွှေစက်တော်ဘုရားရှိခိုးဂါထာဗန္ဓ ဖွဲ့တော်မူ၍ ပို့ချသင်ကြားပေးခဲ့သည်။ ဂါထာ ၁၆ ဂါထာရှိပြီး အနက်ဂါ ကျက်စေတော်မူသည်။ ဆရာတော်ကြီးသည် ဝတ္ထုပစ္စည်းဖြင့် လှူဒါန်းပူဇော်သည်ထက် မိမိကိုယ်တိုင် ဘုရားစကားတော်များကို လိုက်နာကျင့်ကြံခဲ့သောကိုယ်ကျင့်ပဋိပတ် ဝိသေသဒါတဖွဝဝထွဖြင့် ပူဇော်မှုကို အလေးပြုပူဇော်ခဲ့သည်ကို လေ့လာဖတ်ရှုရပေသည်။

မင်းတုန်းမင်းကြီးသည် ဝိနည်းသိက္ခာကို လွန်စွာလေးစားလိုက်နာကျင့်သုံးနေသည်။ ဆရာတော်ကြီးအလိုက္ခသာသနာတော်မြတ်ကို သုတ်သင်ပြုစုစောင့်ရှောက်နိုင်ရန်အတွက် ၁၂၃၀ ပြည့်နှစ်တွင် ဒုတိယအကြိမ်အဖြစ် သာသနာပြုနယ်မြေများ ပိုင်းခြားအပ်နှင်းခဲ့သည်။ အလုံ၊ ဒီပဲယင်းမြို့၊ ဗန်ကျီမြို့၊ တလုပ်မြို့၊ တောင်ငူတွင်းကြီးမြို့၊ ရတနာသီခ၊ ရွှေဘိုမြို့၊ ကုလားမြို့၊ ရာဇဂြိုဟ်မြို့ စသော မြို့ရွာများကို လွှဲအပ်တော်မူသည်။ ထိုသို့ လွှဲအပ်ချိန်မှာ ၁၂၂၇ ခုနှစ် တပို့တွဲလဆန်း ၁ ရက် (၁၆-၁၀-၁၈၆၆) ဖြစ်ပြီး သာသနာပိုင်ဆရာတော်ကြီး အရှင်ဥယျ ပျံလွန်တော်မူပြီးဖြစ်၍ သာသနာပိုင် လစ်လပ်လျက်ရှိချိန်ဖြစ်သည်။

ရွှေကျင်ဆရာတော်အား အလုံဝန်ထံ အာဏာစက်ဖြင့် ကူညီ၍ သာသနာပြုရန် ဆင့်သည်။ ဤသို့လျှင် အလုံဂိုဏ်း၊ မောင်းထောင်ဂိုဏ်း၊ အလုံအရှေ့ဘက် သာစည်ဂိုဏ်း၊ ခင်မွန်ဂိုဏ်း၊ ဝါတောမဂိုဏ်း ဟူသော အလုံခြောက်ဂိုဏ်းကို သာသနာသုတ်သင်တော်မူသည်။ နောက် ဒီပဲယင်းမြို့နယ်၊ ဗန်ကျီမြို့နယ်၊ တလုပ်မြို့နယ်၊ ကလေးမြို့နယ်၊ ရာဇဂြိုဟ်မြို့နယ်တို့ကိုလည်း သာသနာတော် ပြုစုတော်မူခဲ့သည်။ ဆရာတော်နှင့်တွဲဖက်၍ သာသနာတော် ပြုစုရန် ရှမ်းကလေးကျွန်းဆရာတော်၏ တပည့်ကိုလည်း ခန့်အပ်ခဲ့သည်။

တစ်နေ့သောအခါ အိမ်တော်ရာ ဘုရားပွဲတော်တွင် ရဟန်းတော်များ ပွဲကြည့်ရင်း ခိုက်ရန်ဖြစ်ကြရာ မဟာဒါန်ဝန် အနောက်ပြင်ထောင်မှူးတို့တာအကောင်း၊ အဆိုး မခွဲခြားဘဲ ရဟန်းအပါး (၃၀)ကို ဖမ်းဆီးကာ လှေသမွန်ကြီးတွင် တင်၍ ရောဝတီမြစ်အလယ်၌ ကျောက်စွဲ၍ အချုပ်ချထားသည်။ ထိုစဉ် ဆရာတော်ကြီးသည် မင်းကွန်းဘက်တွင် သီတင်းသုံးရာမှ မန္တလေးမြို့တော်သို့ လှေဖြင့်ပြန်ကြွလာစဉ် 'ဆရာတော်ဘုရား၊ ကယ်တော်မူပါ ဘုရား' ဟု သံပြိုင်ဟစ်သံကြား၍ မေးကြည့်ရာ အကြောင်းကိုသိတော်မူပြီး 'ဖြစ်ရလေကိုယ်ကျိုးနည်းလို့' ဟု မိန့်တော်မူကာ မြို့တော်သို့ရောက်လျှင် သက်နုံးရုံတော်မူ၍ နန်းတော်သို့တောက်လျှောက်ကြွတော်မူသည်။

မင်းကြီးလည်း ဝမ်းသာအားရကြိုဆို၍ 'သီတင်းသုံးတော်မူပါ' ဟု လျှောက်ထားသော်လည်း ထိုင်တော်မမူ၊ 'ဘာကိုအလိုရှိပါသလဲ၊ မိန့်တော်မူပါ ဘုရား' ဟု လျှောက်မှ -

'ဒကာတော်သည် သာသနာဒါယကာ၊ သာသနာပြုမင်းပြုလုပ်နေပါလျက် သံဃာများကို ရေလယ်တွင်ချုပ်နှောင်ထားသည်မှာ တော်ရော့လား' ဟု အပြစ်တင်တော်မူပြီး လွှတ်ပေးရန် မိန့်တော်မူသည်။ မင်းကြီးက 'လွှတ်ပါမည်' ဟု လျှောက်သော်လည်း ထိုင်တော်မမူသေးဘဲ 'လွှတ်မည်ဆိုရုံမျှနှင့် မကျေနပ်သေး၊ အချုပ်သံဃာများလို့ ကန်တော့ရဦးမည်' ဟု ဆက်၍ မိန့်တော်မူသည်။ 'တန်တော့ပါမည်' ဟု လျှောက်သော်လည်း ထိုင်တော်မမူဘဲ 'သင်္ကန်း စသည်ဖြင့် လေးမြတ်စွာပူဇော်ပြီး ကန်တော့ပါမည်'ဟု တတိယမြောက်ထားမှ ထိုင်၍ သီတင်းသုံးတော်မူသည်။ နောက် တရားစကားပြောပြပြီး ရွှေကျင်တိုက်သို့ပြန်ကြွတော်မူသည်။ သံဃာအပါး (၃၀)လည်း အသက်အေးဒု ချမ်းသာရ၍ သာသနာ့ဝန်ကို ထမ်းခွင့်ရတော်မူကြသည်။

ဆရာတော်ကြီးသည် သံဃာတော်များနှင့်ပတ်သက်လျှင် မင်းဘေးမင်းဒဏ် မသင့်ရအောင် စွမ်းဆောင်တော်မူခဲ့သည်မှာ တစ်ခေတ်တစ်ခါက သာသနာတော်အတွက် စွမ်းဆောင်မှုများသည် သံဃာတော်များအတွက် အားကိုးလောက်သော သံဃာ့ ခေါင်းဆောင်တစ်ပါးအဖြစ် လေ့လာသိရှိခွင့်ရခဲ့သည်။

၁၂၃၀ ပြည့်နှစ်တွင် ရွှေကျင်တိုက်နေ မဟာဝိသုဒ္ဓါစာရ အလောင်းအလျာ အရှင်ဝိသုဒ္ဓါစာရသည် ဒေါင်းမေတ္တာစာရော်၍ မင်းတုန်းမင်းအား သတိပေးသည်။ ၁၂၂၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက် (၁၁-၁၁-၁၈၆၅)စနေနေ့တွင် ဗဟိုစည်မြောက်ဘက်တွင် ဒဂံုးစက်ရံ ဖွင့်လှစ်သည်။ ထိုစက်ရုံမှ ခြင်္သေ့တံဆိပ် ရွှေဒင်္ဂါး၊ ဒေါင်းတံဆိပ် ငွေဒင်္ဂါး၊ ဒေါင်းနှင့်တိုးတံဆိပ် ကြေး(ပိုက်ဆံ)ဒင်္ဂါး၊ ယုန်တံဆိပ် ခဲသံဒင်္ဂါးများ ထုတ်သည်။

မင်းတုန်းမင်းကြီး လက်ထက်၌ တံဆိပ်တော်ရ ဆရာတော်တစ်ပါးအား ဆန်တော် (၁၅)တင်း၊ ပထမစာချဆရာတော် တစ်ပါးအား ဆန်တော် (၅)တင်း၊ ဒုတိယစာချဆရာတော်တစ်ပါးအား ဆန်တော် (၄)တင်း၊ တတိယစာချဆရာ

www.burmeseclassic.com

www.burmeseclassic.com

တော်တစ်ပါးအား ဆန်တော် (၃)တင်း လျှဒါန်းခဲ့သည်။ ဒင်္ဂါးစက်ရုံပေါ်လာသဖြင့် အလွယ်တကူ အသုံးပြုလာနိုင်သည်။ ထို့ကြောင့် ဆွမ်းဆန်တော်ကို တိုက်ရိုက်လှူသည်မှ ဆန်တစ်တင်းကို ဒေါင်းဒင်္ဂါး တစ်ကျပ် သတ်မှတ်ပြီး ဆွမ်းဆန်တော်အမည်ဖြင့် ဒေါင်းဒင်္ဂါးများကို လှူဒါန်းလာခဲ့သည်။

ရံဟန်းတော်များသည် ငွေဒင်္ဂါးများ လက်ခံရရှိလာကြသဖြင့် ရွှေငွေကိုင်မှု၊ အလှူခံမှု ဦးမော့လာကြသည်။ အလွယ်တကူ ငွေကိုပင် လှူလိုက်ကြသည်။ ဆွမ်းဆန်တော်အမည်ဖြင့် ဒေါင်းဒင်္ဂါးများကို လှူဒါန်းခြင်းကို သတိပေးစာများမြစ်နိုင်ခွင့် ရှိကြသည်။ ဆရာတော်ကြီးများကလည်း သတိပေး တားမြစ်ခြင်းမရှိဘဲ လျစ်လျူရှုနေကြသည်။

ရဟန်း သံယာတို့ ဒေါင်းဒင်္ဂါး အလှူခံခိုင်းတွင် တဘောင်ပေါ်လာသည်။ 'မိုးလေးချုပ်လို့ ပြန်ခိုင်းတော့ မြတ်လေးစွယ်တော်ချောင်းမှာ ဒေါင်းတွေထအော်၊ ဒေါင်းအော်လွှင်ကြိုလူ လွှတ်ပါ ဖျိုတို့မောင် ဝါဝါဝတ်ကို ဒေါင်းခွပ်ချည်သေး'။ သာသနာ့အန္တရာယ် အဖြစ် ငွေကြေးအလှူခံခြင်း ခေတ်စားလာသည့် တဘောင်ဖြစ်သည်။

ထိုအခိုန်တွင် အာဒီစွအမည်ဖြင့် ဒေါင်းမေတ္တာစာ ပေါ်ထွက်လာသည်။ ထိုအရှင်၏ တိုက်တွန်းချက်အရ အရှင်ဝိသုဒ္ဓါစာရက ရေးသားခြင်းဖြစ်သည်။ ထိုမေတ္တာစာတွင် 'တိတ်နိမိတ် ဆန်းနှင့် ခွပ်တန်းသို့ကျသော်ကြောင့် သူငါက မတတ်နိုင် သီလဝါသပိုက် ပညဝါမကိုင်ဖို့လည်း လက်ပိုက်ကာ အမိုင်တွင် လည်တိုင်ကို ခွပ်ချိုး၍ ငုပ်လျိုးကာ တို့ဇ်ရသည်' ဟူသော အပိုဒ် ပါဝင်ရာ ရွှေကျင်ဆရာတော်က -

'ဒါတော့ တို့ကိုပြောတာနဲ့တူပါတယ်' ဟု မိန့်ကြောင်း စံကင်းဆရာတော်ကြီးထံမှ နာခဲ့ရသည်ဟုလည်း ဖတ်ရှုခဲ့ရလေသည်။

ရွှေကျင်ဆရာတော်ကြီးသည် မင်းတုန်းမင်းတရားကြီး ဆက်ကပ်ပူဇော်သော ဘွဲ့တံဆိပ်တော်များကို လက်ခံယူတော်မမူဘဲ အမြဲပယ်လေ့ရှိသည်။ ဆိုလိုသည်မှာ သာသနာပြုမည့်ပုဂ္ဂိုလ်သည် ဗုဒ္ဓလမ်းစဉ်ကို လိုက်နာကျင့်သုံး၍ ဗုဒ္ဓပေးသော ဆုကိုသာ မျှော်မှန်းသည်။ ရာထူးဂုဏ်ရှိန်ကို မမက်မောကြောင်း သိသာထင်ရှားလှပေသည်။ မင်းတုန်းမင်းကြီးသည် ရွှေကျင်ဆရာတော်ကို အသက်ဇာမှု မြတ်နိုးကိုးကွယ်သူဖြစ်သည်။

ယခုအခါ သာသနာပိုင်ဆရာတော်လည်း (၁၆-၁-၁၈၆၆)ရက်က ပျံလွန်တော်မူခဲ့သဖြင့် သာသနာပိုင်လစ်လပ်လျက်ရှိသည်။ မင်းကြီးသည် သာသနာပြုဆရာတော်တို့ကို တံဆိပ်ဘွဲ့အမည်ပေး၍ အရေးအရာ လွှဲအပ်မြဲထုံးစံရှိသည်နှင့်အညီ ရွှေကျင်ဆရာတော်အား သာသနာပြုတံဆိပ်တော် ဆက်ကပ်ရန် စီစဉ်သည်။

ထိုအစီအစဉ်ကို ရွှေကျင်ဆရာတော်ထံသို့ လျှောက်ထားရန် ယောမင်းကြီး ဦးဘိုးလှိုင် ဝိဋ္ဌကတ်တော်အုပ်မင်း ဦးယမ်တို့ကို စေလွှတ်လျှောက်ထားခိုင်းသည်။ လာလျှောက်ထားသော ဦးဘိုးလှိုင်နှင့် ဦးယမ်တို့အား 'တံဆိပ်ရ ဆရာတော်ကြီးဆိုပြီး ဟန်ကြီးပန်ကြီးမလုပ်လို၊ တောဘုန်းကြီးဝိုဝိုနေပြီး သာသနာကို ကောင်းစွာအားထုတ်မည်' ဟု မိန့်ဆို၍ ပယ်လွှန်တော်မူသည်။

ဆရာတော်ကြီးသည် ဘွဲ့တံဆိပ်တုံးကြီး တကားကားနှင့် ခိုင်ကြွားပြီး သာသနာ့တော်အရေးထက် လောကီရေးကို ရှေ့တန်းတင်နေခဲ့သော ဆရာတော်ကြီးများကို တွေ့ကြုံခဲ့ဖူးလှသဖြင့် 'ဤဘဝအသက်ထက်ဆုံး သဲတုံးတံဆိပ်ကို အရိုက်မခံပြီ၊ ဤဘဝ တစ်ဆက်လုံး မင်းမှူးမတ်တို့၏ ဆရာ ရာဇဂုလ္လဘ ပုဂ္ဂိုလ် ငါမလုပ်ပြီ' ဟု သန္နိဋ္ဌာန်ထားခဲ့သော ဆရာတော်ကြီးပင် ဖြစ်သည်။

ဂရွာရောစနကထား၌လည်း ဘာယိတဗ္ဗံဝ၊ ဇေတဿ၊ ရာဇဂုရုတိ လဉ္ဆိတံ - အကြင်ရာဇဂုရုတံဆိပ်သည်ရှိ၏၊ ထိုရာဇတံဆိပ်ကို ကြောက်ထိုက်သည်သာတည်း ဟုရေးသားထားသည့် အတိုင်း ရာဇဂုရုဘွဲ့တံဆိပ်တော်ကို ရာဇဝလ္လဘအဖြစ် ရောက်ရမည်ကို ကြောက်လန့်သည်။ မင်းတရားကြီး ဆက်ကပ်လှူဒါန်းသော သာသနာပိုင် ဟူသော ဘွဲ့တော်ကို ရဲဝံ့စွာငြင်းပယ်ခဲ့သော ဆရာတော်ကြီးပင် ဖြစ်သည်။

ရွှေကျင်ဆရာတော်ကြီးသည် မင်းတုန်းမင်းကြီး၏ သာသနာရေး စင်ကြယ်ရန် မရည်ရွယ်ခဲ့ပေ။ ရဟန်း ငါးဝါ ရသည့်မှစ၍ အရည်ကင်ဓုတင်ဆောက် တည်ပြီးဖြစ်၍ တောကျောင်း၌သာ နေလိုဆန္ဒ ပြင်းပြလျက်ရှိသည်။

မိအို၊ ဖအို တို့ ငဲ့ညှာ၍သာ မန္တလေးသို့ လိုက်ခဲ့ခြင်းဖြစ်သည်။ မိအို၊ ဖအို တို့ အသက်ထင်ရှား ရှိစဉ်သာ မင်းနေပြည်တွင် နေပါမည်ဟု ဗုဒ္ဓဘုရားရှင်ထံ သစ္စာအဓိဋ္ဌာန်ပြုပြီး တောထွက်ဖို့ အကြံတော်ရှိခဲ့သော ဆရာတော်ကြီးပင် ဖြစ်လေသည်။

(ဆက်ရန်)

စောင်းကောင်းမြတ်

ကျမ်းတိုး - ရွှေကျင် ပထမဆရာတော် အတ္ထုပ္ပတ္တိ လက်ရေးမူမှတ်စု။

❑

www.burmeseclassic.com

www.burmeseclassic.com

ကျေးဂူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်အရာတော်ဘုရားကြီး

ဟောကြားတော်မူခဲ့သော တရားတော်

အာသဝက်ကြီးသူများအတွက်
နိဗ္ဗာန်ရောက်ကြောင်း နှစ်ပျိုး

လပြည့်ဝန်းမဂ္ဂဇင်း (နိဝင်္ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ဒကာ၊ ဒကာမတို့ ဒီခန္ဓာကိုယ်ကြီးဟာ ရောက်ရာမှာ နှိပ်စက်လိမ့်မယ်ဆိုတာ မှတ်ထားရမယ် (မှန်လှပါ ဘုရား)။

ဒီခန္ဓာကိုယ်ကြီးဖြင့် ဘယ်ရောက်လို့ ရှိရင်ဖြင့် အကောင်းအမွန်ဖြစ်ပါ့မလဲလို့ ဘယ်အခါကာလမှ မမှော်ကြနဲ့။ ဒီခန္ဓာကိုယ်ကြီး ဘယ်ရောက်ရောက် ကောင်းကောင်း မွန်မွန်နဲ့ ဖြစ်ပါ့မလားဆိုတာ မတွေးပါနဲ့။

ဘယ်ခန္ဓာရရ ဇရာ၊ မရဏာပါတယ်

ဘာကြောင့် မတွေးပါနဲ့လို့ မေးရသတုံးဆိုလို့ရှိရင် ခန္ဓာကိုယ်က အမွေဝမ်းထဲကတည်းက အမွေဝမ်းထဲက အပြင် ဘက် ထွက်လာကတည်းက ဇရာ၊ မရဏာ ခေါင်းပေါ်မှာ ရွက်ပြီး မွေးလာခဲ့ရတယ်။

ဇရာ မရဏာ ခေါင်းပေါ် ရွက်ပြီး မွေးလာခဲ့ရတော့ နတ်ကလေး မွေးဖွားလာလည်း ဇရာ၊ မရဏာ ပါမှာပဲ။ ငြိမ့်ဟာ မွေးဖွားလာတယ် ဆိုရင်ကော (ဇရာ မရဏာ ပါပါတယ်)။ ဇရာ၊ မရဏာပါမှာချည်းဖြစ်နေတော့ ဩော်- သူမပါတဲ့နေရာမှ မရှိလို့ရှိရင်ဖြင့် ဒီခန္ဓာဟာ ဘယ်ခန္ဓာဖြစ်ရလို့မှ ကောင်းလိမ့်မယ်၊ မွန်လိမ့်မယ်၊ မြတ်လိမ့်မယ်၊ ဒကာကြွယ်တို့ ဦးလှဘူးတို့ မတွေးနဲ့တော့။

သူ မွေးဖွားလာတယ်ဆိုကတည်းက သူ့ခေါင်းပေါ် ဘာပါလာလဲ (ဇရာ၊ မရဏာ ပါလာပါတယ်)။ ဇရာ၊ မရဏာ ပါတယ်၊ အိုရမယ်၊ သေရမယ်ဆိုတော့ ထောင်သားများမှာ မင်းဘယ်နှစ်ကျဆိုတဲ့ လည်ပင်းကွင်းနဲ့ တံဆိပ်ရိုက်သလို (မှန်ပါ)။ မင်း ဒါမှတ်ဆိုတဲ့ ဒုက္ခခံရမယ်ဆိုတဲ့ လည်ပင်းကွင်းကြီးနဲ့ တံဆိပ်ရိုက်ပြီး ပါခဲ့သလို ဘုန်းကြီးတို့ ခန္ဓာကိုယ်ကြီးမှာလည်းတဲ့ မုဒ်းမရဏာပြည် ရောက်လာပြီလား၊ ရောက်လာလို့ရှိရင် အိုရမယ်၊ သေရမယ်ဆိုတာ ခေါင်းပေါ်မှာပါပြီးသားဖြစ်နေတယ်။

ဘာတွေ့တွေ့ ခေါင်းပေါ်မှာ ပါပြီးသားဖြစ်ပြီး သကာလနေသောကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ့ ဘယ်ခန္ဓာဖြစ်ရင်ဖြင့် ကောင်းလိမ့်မယ်ဆိုတဲ့စိတ်ကို ဘယ်ခါကာလမှ မဥပဒ်ဘဲနဲ့ ခန္ဓာဇာတ်သိမ်း ငြိမ်းရာသာ ကောင်းတယ်ဆိုတာကိုဖြင့် အမြဲစဉ်းစားယားပါလို့ဆိုတာ သတိမေ့းရတယ်။

ခန္ဓာဇာတ်သိမ်း ငြိမ်းမှ ကောင်းတယ်

ခန္ဓာဇာတ်သိမ်း ငြိမ်းမှသာ ကောင်းတယ်ဆိုတာ အမြဲစိတ်ထားရမယ်နော်၊ မသိသေးခင်ကတော့ ဩော်- လူဘဝဆင်းရဲတယ်၊ နတ်ဘဝ ကောင်းတယ်ဆိုတော့ ဒီဘဝ ဒုက္ခသစ္စာ၊ နတ်က သုခသစ္စာလို့ ထင်ရတာပေါ့ဗျာ။

ထင်ပင့်ထင်ရဲဩော်လည်း ဇရာ၊ မရဏာ ခေါင်းဆောင်းပြီး မွေးလာရတယ်ဆိုတော့ စိုးဒေးရဲလား (မထူးပါဘူးရှာ)။

အဲဒါ မထူးတာကိုဖြင့် ဒကာ၊ ဒကာမတွေက တဏှာက မြောက်တာနဲ့ အထူးလုပ်မနေပါနဲ့ဆိုတာ ပြောလိုက်တယ် (မှန်ပါ)။ တဏှာက မြောက်လို့ အထူးလုပ်မနေနဲ့ (မှန်လှပါ)။

ဒီက မြောက်လား၊ ပင့်လားလုပ်ထားတော့ တဏှာက ပါသကိုး (မှန်လှပါ ဘုရား)။ သူက ထူးတာနဲ့ ခင်ဗျားတို့က ဉာဏ်ဗဒ်မပြီးသကာလ မထူးလိုက်ပါနဲ့။

ဘုရား ဟောတော်မူတာနဲ့ ဆရာသမားက ဘုရား ဟောတော်မူတဲ့နည်းအတိုင်း အမြင့်တို့ ပြောပြီးသကာလ နေတာကိုသာ အတည်ပြုပြီးသကာလ မှတ်တမ်းယူပါ (မှန်ပါ့)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘယ်ခန္ဓာဖြစ်ဖြစ် ဇရာ၊ မရဏာ ခေါင်းဆောင်းပြီးနေလာခဲ့ရတယ်ဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

အဲဒီသေချာတာကို သိလို့ရှိရင်ဖြင့် ဩော်- မသိသေးတဲ့ ပုဂ္ဂိုလ်များကဖြင့် လူ့ဘဝကောင်းနိုးနိုး၊ နတ်ဘဝကောင်းနိုးနိုး၊ ဗြဟ္မာဘဝကောင်းနိုးနိုး၊ နိုးနိုးသာထင်လိုက်ရတယ်၊ မြတ်စွာဘုရား ဘယ်ခါမှ မစွန့်တဲ့ ပါဠိဝေါဟာရကြည့်တော့

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခသစ္စာ

ဟော ခန္ဓာငါးပါးက တာတွေတုံး (ဒုက္ခသစ္စာပါ ဘုရား)။

ခန္ဓာငါးပါး ဒုက္ခသစ္စာ

ခန္ဓာငါးပါး ဒုက္ခသစ္စာလို့ ဟောထားကတည်းက ဩော်- ဇရာ၊ မရဏာကြောင့် ဟောပေတာပဲ အယ်လိုဆုံးဖြတ်ချက်ချမလဲ (ဇရာ၊ မရဏာကြောင့် ဟောခဲ့တာပါ)။

ဇရာ၊ မရဏာကြောင့် ဟောပေတာပဲဆိုတော့ ဘုရားထက် သူများပြောတာကို ခင်ဗျားတို့က ဒကာသစ်တို့က ယုံစရာမလိုပါဘူး (မလိုပါဘူး ဘုရား)။

သံခိတ္တေန - အကျဉ်းအားဖြင့် ငါပြောရလို့ရှိရင်၊ ပဉ္စုပါဒါနက္ခန္ဓာ - ဥပါဒါနက္ခန္ဓာတို့သည်၊ ဒုက္ခာ - ဒုက္ခသစ္စာတို့ချည်းပဲ။ ဒုက္ခသစ္စာတွေချည်းပဲလို့ ဟောထားသောကြောင့် ဦးဘအုန်းတို့က ဘာများ ကြက်တွန်တက်ချင်သေးသလဲ

www.burmeseclassic.com

www.burmeseclassic.com

(မတက်ချင်ပါ ဘုရား)။ မတက်ပါနဲ့တော့တဲ့ 'အဒ္ဒေဗ္ဗဝစနာ ဗုဒ္ဓါ' ဆိုတဲ့အတိုင်း နှစ်ခွန်းမပြောထားနဲ့ တစ်ခွန်းနဲ့ အမှန်ပြောတဲ့ ကိုယ်တော်ကြီးစကားကို ကျွန်ုပ်တို့ အတည်ပြုလိုက်ပါ (မှန်လှပါ ဘုရား)။

မသိတာက ကိုယ့်ဉာဏ်မမီလို့

ကိုယ်မသိချင်နေ အတည်ပြုလိုက်ပါ။ သိတာ မသိတာကတော့ ကိုယ့်ဉာဏ် မမီတာ၊ မီတာ ရှိလိမ့်ဦးမယ် (မှန်လှပါ ဘုရား)။

ဘုရားတဲ့တော့ သတ္တဝါနာတိတိ သတ္တဉ္ဉူ ဆိုတဲ့အတိုင်း အလုံးစုံ အကုန်သိပြီးသကာလနေတဲ့ ကိုယ်တော်ကြီး ဖြစ်ပြီးသကာလနေတော့ သူသိတာသာ တို့လိုက်ပါ့မယ်။

တို့ဟာကတော့ မွေးကတည်းက စုံလုံးကန်းမွေးလာတာ ဘာမှ တို့က ဆင်ခြေတက်နေစရာ မလိုဘူးလို့သာ ဆုံးဖြတ်ချက်ချပြီးသကာလ ဘယ်ခန္ဓာမှ ဒုက္ခသစ္စာလွတ်တာ မရှိဘူးလို့ ဆုံးဖြတ်ချက်ချလိုက် (မှန်လှပါ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ)။

ခန္ဓာဖြစ်ကြောင်း ကုန်အောင်လုပ်ပါ

: ဒါဖြင့် အားလုံး ဒကာ၊ ဒကာမတို့ ဒီခန္ဓာမသိမ်းသရွေ့ ကာလပတ်လုံး ဒုက္ခမသိမ်း (မှန်ပါ့)။ ဒီခန္ဓာမဲ့သိမ်းသရွေ့ ကာလပတ်လုံး (ဒုက္ခမသိမ်းပါ ဘုရား)။

ဒါဖြင့် ဒုက္ခသိမ်းချင်လို့ရှိရင် ခန္ဓာသိမ်းရလိမ့်မယ် (မှန်လှပါ ဘုရား)။ ခန္ဓာသိမ်းချင်လို့ရှိရင် ခန္ဓာဖြစ်ကြောင်း ကုန်အောင်လုပ်ရလိမ့်မယ်၊ ခန္ဓာသိမ်းချင်ရင်(ခန္ဓာဖြစ်ကြောင်း ကုန်အောင်လုပ်ရပါမယ် ဘုရား)။ ခန္ဓာဖြစ်ကြောင်း ကုန်အောင်လုပ်ရလိမ့်မယ်။ အဲဒါဖြင့် ခန္ဓာက ဒုက္ခသစ္စာ၊ ခန္ဓာဖြစ်ကြောင်းက သမုဒယသစ္စာ၊ သဘောကျလား (ကျပါပြီ)။ ခန္ဓာက (ဒုက္ခ သစ္စာပါ ဘုရား)။ ခန္ဓာဖြစ်ကြောင်းက (သမုဒယသစ္စာပါ ဘုရား)။

အကြောင်းတရား သိမ်းလိုတိုင်း ပြီးတယ်

ခန္ဓာသိမ်းချင်လို့ရှိရင်ဖြင့် အကျိုးတရား မသိမ်းဘဲနဲ့ အကြောင်းတရား သိမ်းလိုက်ရင် ပြီးသွားတာပဲ (မှန်လှပါ့ ဘုရား)။ အကျိုးတရားမသိမ်းဘဲနဲ့ (အကြောင်းတရား သိမ်းလိုက်ရင် ပြီးပါတယ် ဘုရား)။ အကြောင်းတရား သိမ်းလိုက်ရင် ဒကာကြွယ် ပြီးသွားတာပဲ။

ကိုင်း- ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ယခု သွားကျိုး၊ ဆဲဖြူ ယေမူတွေပျောက်ပြီး သကာလ ရှေ့ သားသမီးမုန်း၊ အများမုန်း သုသာန်ရောက်ဆိုတာသာ ကျန်တော့တယ့် (မှန်လှပါ ဘုရား)။

သားသမီးမုန်း အများမုန်းတော့မယ်

သားသမီးတွေကလည်း မုန်းတော့မယ်၊ အများကလည်း မုန်းတော့မယ်၊ ဒီဓနုန်းချည်းသွားနေတာက ခန္ဓာလမ်းစဉ်၊ ဒီဓနုန်းသွားထောက (ခန္ဓာလမ်းစဉ်ပါ ဘုရား)။

အဲဒါ ခန္ဓာလမ်းစဉ်ကို လိုက်နေလို့ရှိရင် အရှက်တကွဲ အကျိုးနည်းလမ်းသာ မှတ်လိုက်တာပေါ့။ ခန္ဓာလမ်းစဉ်က ဘာပါလိမ့် (အရှက်တကွဲ အကျိုးနည်းလမ်းပါ ဘုရား)။

ကိုယ့်အဝတ်မှ ကိုယ်မဖုံးနိုင်တဲ့ ဏာမိဒုက္ခကြီး လာဦးမှာကိုး (မှန်ပါ့)။ ရွာထဲက မောင်းနှင်ပြီး ထမ်းထုတ်တဲ့ မရဏဒုက္ခကြီးဟာ (လာမှာပဲ့)။ အသုဘဖြစ်တော့ ထုတ်ကြဦးမှာကိုးဗျ။

ဩော်- ဒါဖြင့် ခန္ဓာလမ်းစဉ်ကဖြင့် ဘယ်ခန္ဓာရရ ဒီလမ်းနဲ့ ဒီစနုန်း မလွဲတမ်းသွားမယ်ဆိုတာ ဒကာ၊ ဒကာမတွေ တစ်ထစ်ချ မှတ်ထားလိုက်စမ်းပါ (မှတ်ဖို့ပါ ဘုရား)။

ခန္ဓာ ဘာသစ္စာ (ဒုက္ခသစ္စာ)။ ခန္ဓာဖြစ်ကြောင်း (သမုဒယသစ္စာပါ ဘုရား)။ အင်း- သမုဒယသစ္စာ ဖြတ်လိုက်လို့ရှိရင် ခန္ဓာဖြစ်ပါဦးမလား (မဖြစ်တော့ပါ ဘုရား)။

ဒါဖြင့် စဉ်းစားကြည့်ပါလား ဒကာ၊ ဒကာမတို့က ဩော်- ဖြတ်တဲ့ပုဂ္ဂိုလ်ဟာ အခု ဒကာသစ်က သမုဒယသစ္စာ ဖြတ်လိုက်တယ်။ အခု ဒကာကြွယ်တို့၊ ဦးလှဘူးတို့က သမုဒယသစ္စာ ဖြတ်လိုက်တော့ သမုဒယသစ္စာဖြတ်တဲ့ ပုဂ္ဂိုလ်ဟာ နောက်ခန္ဓာမလာတော့ဘူး (မှန်လှပါ ဘုရား)။

ဒါဖြင့် ဒီဉာဏ်သမားတွေဟာ ဆိုလို့ရှိရင်ဖြင့် နိဗ္ဗာန်သွားတဲ့ ဉာဏ်သမားပေါ့ (မှန်လှပါ ဘုရား)။ နိဗ္ဗာန်သွားတဲ့ ဉာဏ်သမားဆိုတာ ကျေနပ်ပလား (ကျေနပ်ပါပြီ ဘုရား)။

နိဗ္ဗာန်သွားတဲ့ ဉာဏ်သမားဖြစ်အောင် လုပ်ပါ

အဲ- နိဗ္ဗာန်သွားတဲ့ ဉာဏ်သမားဖြစ်အောင် ဒကာကြွယ် လုပ်ပါဗျ (မှန်ပါ့ ဘုရား)။ ခန္ဓာစိတ် အမျိုးမျိုး၊ အဆင်းအမျိုးမျိုး၊ အကျင့် အမျိုးမျိုးနဲ့ ဒကာကြွယ် ကြော်ငြာထုတ်နေလို့ နိဗ္ဗာန်ရောက်မှာ မဟုတ်ပါဘူး (မရောက်ပါ ဘုရား)။ ရောက်တို့မလား (မရောက်ပါဘူး)။

www.burmeseclassic.com

www.burmeseclassic.com

မရောက်ပါဘူး။ လောကီ စီးပွားရေး၊ ကြီးပွားရုံမှတစ်ပါး ဒကာသစ် ဘာရှိသေးသလဲ (ဘာမှ မရှိပါ ဘုရား)။ အဲဒါ နိဗ္ဗာန်ဖြစ်ကြောင်းကို ကောင်းကောင်းသိတဲ့ ပုဂ္ဂိုလ်ထဲ အပါအဝင်ဖြစ်အောင် ဒကာ၊ ဒကာမတွေ့ လုပ်ပါလို့ဆိုတာ ...တိ ပေးလိုက်တယ်နော်။

နိဗ္ဗာန်ဖြစ်ကြောင်း ကောင်းကောင်း မဂ္ဂင်ဖြင့် သမုဒယ ဖြတ်နိုင်တဲ့ ဖုဂ္ဂိုလ်မှ လူစွမ်းကောင်းကိုးဗျ (မှန်လှပါ ဘုရား)။ နိဗ္ဗာန်ဖြစ်ကြောင်း ကောင်းကောင်းမဂ္ဂင်ဖြင့် သမုဒယဖြတ် နိုင်တဲ့ ပုဂ္ဂိုလ်မှ (လူစွမ်းကောင်းပါ ဘုရား)။

မဂ္ဂသစ္စာတိန်းတဲ့ ပုဂ္ဂိုလ်ဖြစ်ပါစေ

နိဗ္ဗာန်ရောက်ကြောင်းကို ကောင်းကောင်း သမုဒယ ဖြတ်နိုင်တဲ့ မဂ္ဂသစ္စာတိန်းအောင်းရာ ပုဂ္ဂိုလ်ဖြစ်ပါမှ ဦးဘ အုန်းရ နေရာကျမယ်၊ အကောင်းစားဖြစ်မယ်နော် (မှန်လှပါ ဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက (၄၅) ဝါ ကာလပတ်လုံး နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်း အဖြစ်ကို နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ အလုပ်တွေချည်းပဲ ဟောသွားတယ်။

တစ်ချို့ကတော့လည်း သုဂတိရောက်ကြောင်းပဲ ဟော သွားတယ်။ ဒါ ဘုရားအဖြစ်မတင်ကြပါနဲ့လို့ ဘုန်းကြီးတို့က ဒကာ၊ ဒကာမတွေကို တောင်းပန်ရတယ်။ နိဗ္ဗာန်ရောက် ကြောင်းမှ နားမထောင်နိုင်တဲ့ ပုဂ္ဂိုလ်ကို သုဂတိပို့ခဲ့ရတယ် (မှန်လှပါ ဘုရား)။ နိဗ္ဗာန်ရောက်ကြောင်း နားထောင်နိုင်တဲ့ ပုဂ္ဂိုလ်ကျတော့ နိဗ္ဗာန်ပို့ခဲ့ရတယ် (မှန်လှပါ ဘုရား)။

အားလုံး ဒကာ၊ ဒကာမတွေက သြော်- ပုဂ္ဂိုလ်အမျိုး မျိုးရှိလို့ ဘုရားရှေ့မှာဖြင့် အနောက်ချည်းဖြစ်တာ ကြည့်ချင် လို့ သုဂတိလည်း ဟောဖွားတာပဲ၊ ပြဟ္မာပြည်လည်း (ဟော ပါတယ် ဘုရား)။ နိဗ္ဗာန်လည်း (ဟောပါတယ် ဘုရား)။

အပါယ်သွားမည့်ပုဂ္ဂိုလ် သုဂတိပို့

ဟောသွားတာပဲဆိုတော့ ဟောတဲ့ပုဂ္ဂိုလ်ကတော့ဖြင့် မဟာကရုဏာရှိနေတော့ ဒကာသစ်ရေ အပါယ်သွားမည့် ပုဂ္ဂိုလ် သုဂတိပို့ခဲ့မှာပဲ သဘောကျပလား (ကျပါပြီ)။

အင်း- သုဂတိထက် ထိုက်အာန်တဲ့ပုဂ္ဂိုလ်ကျပြန်တော့ ပြဟ္မာပြည် ပို့ခဲ့မှာပဲ၊ ဟာ- ပြဟ္မာပြည်တောင်မှလည်း နေရာ မတျသေးပါဘူး၊ ပြဟ္မာထက် အထက်တန်းရောက်နိုင်တဲ့ ကိလေသာနည်းပါးတဲ့ ပုဂ္ဂိုလ်ကျပြန်တော့လည်း သိတဲ့အတိုင်း ပဲ ကိလေသာချုပ်တဲ့ နိဗ္ဗာန်ပို့ဖို့ရာ ဟောမှာပဲ။

အဲတော့ ဘယ်ဟာမှ မပယ်နဲ့တဲ့၊ သုဂတိရောက် ကြောင်းကိုလည်း အချို့ကျ ဟောရန်မပမှာပဲ၊ ပြဟ္မာပြည် ရောက်ကြောင်းကိုလည်း (အချို့ကျ ဟောရမှာပါ ဘုရား)။ အချို့ကျ ဟောရမှာပဲတဲ့၊ နိဗ္ဗာန်ရောက်ကြောင်းကော (ဟော ရမှာပါ ဘုရား)။ ဒကာကြွယ် ပုဂ္ဂိုလ်က အမျိုးမျိုးရှိနေတာကိုး ဗျ (မှန်လှပါ ဘုရား)။

စက္ကာလီ ဒကာမကြီး

အင်း- စက္ကာလီဒကာမကြီးတို့လိုကျတော့လည်း အား လုံးပဲ သိတဲ့အတိုင်း ဘုရားနဲ့ ရှင်သာရိပုတ္တရာ ဆွမ်းခံသွား တော့ စက္ကာလီဒကာမကြီး တုန်တုန်ယင်ယင်နဲ့ ဘုရားရှေ့ ကုန်လန့် ကန်လန့်လုပ်နေတယ်၊ ကန်လန့် ကန်လန့်ဆိုတာ အိုလို့ မသွားနိုင်တာ (မှန်လှပါ ဘုရား)။

ဘုရားသခင် တွေ့လိုက်တဲ့အခါကျတော့ ပြုံးတယ်။ ရှင်မောဂ္ဂလ္လာန်ကလည်း ပြုံးတာကြည့်လိုက်တော့လည်း သိတယ်၊ သြော်- ဟိုအနားကျ နွားဝှေသေတော့မှာပဲဆိုတာ သိတယ်။ အဲဒီ နွားဝှေသေမည့်ပုဂ္ဂိုလ်၊ သိနေတဲ့ပုဂ္ဂိုလ်ကျ တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘယ်နှယ်လုပ်ပြီး ဒီအချိန် မင်းခန္ဓာရှုဟဲ့၊ သစ္စာလေးပါးဆိုက်အောင် လုပ်ဟဲ့လို့ ပြောချိန်များ ဦးဘအုန်းရှိသေးရဲ့လား (ရှိပါ ဘုရား)။

ဒီဘုရားနဲ့ ဆွမ်းခံသွား၊ အခု တွေ့ပြီ ဟိုအနားတင် နွားဝှေသေမှာကိုးဗျ၊ အဲဒါကျတော့ ခုနက နိဗ္ဗာန်ရောက် ကြောင်း ဟောလို့ အချိန်မီသေးရဲ့လား (မမီပါ ဘုရား)။

ဒကာမကြီး ဘုရားကို ဦးချရှိခိုးပါ

မမီတော့ ရှင်သာရိပုတ္တရာကလည်း ကဲ- ဘာမှလည်း ဟောချိန်မရှိဘူး၊ ဘာမှလည်း ပြောချိန်မရှိဘူး၊ သေရင် အပါယ်သွားမှာစိုးရတယ် ဘာမှလည်း မသိဘူး၊ ဒကာမကြီး ဘုရားဝတ်ချလိုက်စမ်း။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဆိုလိုက်စမ်း၊ ဒါလောက်နဲ့ပဲ တင်း တိမ်ပြီးသကာလ သူအချိန်တ ဒီလောက်ရတာကိုးဗျ (မှန်ပါ ဘုရား)။ သဘောကျပလား (ကျပါပြီ)။

သူအချိန်က ဒါလောက်ရတော့ သူအချိန်ပဲ ဗုဒ္ဓနုဿ တိပဲ ဟောလိုက်ရတယ် (မှန်လှပါ ဘုရား)။ ဒီပြင် ဘာမှာ လေးပါး ဟောလို့ရသေးရဲ့လား (မရပါ ဘုရား)။ ဘုန်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ဟောရပါလိမ့်မလဲလို့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက းတွေးလုံးထုတ်ပါလား (အချိန်မရလို့ပါ)။ ဒါ အချိန်မရလို့၊ အချိန်က မရလို့။

ဒတိတော့ ပို့ရိုက်တယ်

အချိန်က မရတဲ့အပေါ်မှာ တုန်တုန်ယင်ယင်နဲ့ အသက်ကကြီးမှ သစ္စာလေးပါး ဟောရိုလို့လည်း ဒကာသစ်ဘယ်နှယ်လုပ်မလဲ (မရပါ ဘုရား)။ အသက်ကလည်းကြီးပြန် သေခါကလည်းနီးပြန် ဒီပုဂ္ဂိုလ်ကျတော့ ဘယ်လိုမှ မတတ်နိုင်တဲ့အတွက် ဒကာမကြီး ဘုရားရှိခိုးလိုက်၊ ဘုရားဦးတိုက်လိုက်၊ ရှင်သာရီပုတ္တရာက နောက်က တို့ရရှာတာပေါ့။

ဒါနဲ့ ရှိခိုးပြီးသကာလ ဟိုအနားကျတော့ နွားဝွေသေတာပဲ။ ဒီရှိခိုးတဲ့ တုသိုလ်လေးကြောင့် သုဂတိတော့ ရောက်သွားတယ် (မှန်လှပါ ဘုရား)။ ဒါကျတော့ မဟောသင့်သူးလား။ ဟောသင့်သလား (ဟောသင့်ပါတယ် ဘုရား)။ သဘောကျပလား (ကျပါတယ်)။ ကိုင်း- ဒါဖြင့် ခုနက ဓနဥ္စာနီပုဏ္ဏားကြီးတို့ကျတော့ ဘုရားက ရှင်သာရီပုတ္တရာက ဟောလိုက်တယ်တဲ့။ ဓနဥ္စာနီပုဏ္ဏားကြီးကျတော့ သေခါနီး ရှင်သာရီပုတ္တရာက သွားဟောတယ်။

ဓနဥ္စာနီပုဏ္ဏား မြတ္ဆာပြည်ပို့လိုက်တယ်

နတ်ပြည်ရောက်ကြောင်း ကောင်းသလား၊ နတ်ပြည်ထက် ဘယ်ပြည်ကောင်းသတုံး၊ မြတ္ဆာပြည်ကောင်းတယ်ဆိုပြီး ဟောဟောသွားလို့ မြတ္ဆာပြည် ရောက်လာတယ်။ မြတ္ဆာပြည် ရောက်တဲ့တရား ဟောပစ်ခဲ့လို့ မြတ္ဆာပြည်ရောက်ကြောင်း ဟိုက နှလုံးသွင်းလိုက်လို့ မြတ္ဆာပြည် ရောက်သွားတယ်။

ဓနဥ္စာနီပုဏ္ဏားကြီးကျတော့ အဲဒီကျတော့ ရှင်သာရီပုတ္တရာကြီး တရားဟောပြီး ဒကာကြွယ် ပြန်သွားတယ်နော်။ ပြန်သွားတော့ ဒီပုဏ္ဏားကြီးက စုတ်စိတ်ကျတော့ မြတ္ဆာပြည် ရောက်သွားတယ်။ မြတ္ဆာပြည် ရောက်ပြီးသွားတဲ့ပုဂ္ဂိုလ် ဖြစ်နေတော့ ရှင်သာရီပုတ္တရာကလည်း ဘုရားဆီ သွားတော့ မင်း ဘယ်ကပြန်ခဲ့သတုံး၊ ဓနဥ္စာနီပုဏ္ဏားကြီး တရားဟောခဲ့တယ် ဘုရား။

မင်း တရားတောညွှဲတယ်ဇာတ်

ဘာတရား ဟောခဲ့သတုံး မြတ္ဆာပြည်ရောက်ကြောင်း ဟောခဲ့တယ် ဘုရား၊ ဒါကြောင့် မြတ္ဆာပြည်ရောက်ကြောင်း နှလုံးသွင်းနေရတဲ့တယ်ဆိုတော့ ဘုရားက ဩော်- မင်း တရား ဟော ညွှဲတယ်။

နိဗ္ဗာန်ရောက်မည့်ပုဂ္ဂိုလ် မြတ္ဆာပြည်ရောက်ကြောင်း မင်းက သွားပြီးသကာလ ဟောတာမှန်၊ သွား မင်းပြန်ဟောချေဦးဆိုပြီးသကာလ မင်းတရားဟော ညွှဲတယ်ဆိုလို့ မြတ္ဆာပြည်လိုက်ဟောတော့ ရဟန္တာဖြစ်သေးတယ်။

ဒီပုဒ္ဂိုလ်ကျတော့လည်း မိတဲ့အလိုက်ပဲ တင်လိုက်ရပြန်တယ်၊ သဘောကျပလား (ကျပါပြီ)။

အဲဒီမှာထော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေဟာ အားလုံးပဲ သိအောင်မဲ့ နားထောင်ပါ။ နိဗ္ဗာန်ရောက်ကြောင်း တစ်ခုပဲ အဓိကထားနေတယ်ဆိုတာ မှတ်ထားပေါ့။ ဘာအဓိက ထားပါလိမ့် (နိဗ္ဗာန်ရောက်ကြောင်း တစ်ခုတည်းကိုပါ ဘုရား)။

နိဗ္ဗာန်ရောက်ကြောင်း အဓိကထား ဟေဌာတယ်

နိဗ္ဗာန်ရောက်ကြောင်း အဓိကထားပြီးသကာလ နေတော့တယ်ဆိုတာ ဖွတ်ထားလိုက်တော့၊ ခုနက ထရားခို့းလိုက်ကတည်းက ဒကာ၊ ဒကာမတွေ သိပါပြီ။ ဘယ်ခန္ဓာရရှု ဇရာ၊ မရဏ ခေါင်းဆောင်းပြီး မွေးခဲ့ရတယ်ဆိုတာ သိတော့ ဘာသစ္စာပါလိမ့် (ဒုက္ခသစ္စာပါ ဘုရား)။

ဒါဖြင့် ဘယ်ခန္ဓာသည် နတ်ခန္ဓာ၊ မြတ္ဆာခန္ဓာ၊ ဘယ်ခန္ဓာ ကြိုက်ကြသတုံး (ဘယ်ခန္ဓာမှ မကြိုက်ပါ ဘုရား)။ ကြိုက်ရင် ဇရာ၊ မရဏာ ကြိုက်တာ၊ ကြိုက်ရင် (ဇရာ၊ မရဏာ ကြိုက်တာပါ)။ ဇရာ၊ မရဏာ ကြိုက်တယ်ဆိုတာ ဒါရူးလို့ကြိုက်တာ၊ ဇရာ၊ မရဏာ ကြိုက်တာက (ရူးလို့ကြိုက်တာပါ ဘုရား)။ ရူးလို့ကြိုက်တာ ဇရာကလည်း ဒုက္ခသစ္စာ မရဏာကလည်း ဒုက္ခသစ္စာဆိုတော့ သူကြိုက်နေတာသည် ဒကာသစ်ကိလေသာရူး၊ ရူးလို့ကြိုက်တာ (မှန်လှပါ ဘုရား)။ ဆိုထိုက်၊ မဆိုထိုက် (ဆိုထိုက်ပါတယ် ဘုရား)။

ခန္ဓာဇာတ်သိမ်းဖို့ အရေးအကြီးဆုံး

အဲဒါတွေ စဉ်းစားကြည့်လိုက်တဲ့အခါကျတော့မှ ဒီဘုန်းကြီး အခု ဒကာ၊ ဒကာမတွေ ကယ်ယူပို့ဆောင်တင်နေတဲ့ အဓိပ္ပာယ် ဘာပါလိမ့်မလဲ ဆိုလို့ရှိရင် ခန္ဓာဟူသရွေ့ ဇာတ်သိမ်းဖို့ တင်နေတယ်။

ဒကာကြွယ် ဘာပါလိမ့် (ခန္ဓာဟူသရွေ့ ဇာတ်သိမ်းဖို့ တင်နေတာပါ ဘုရား) ခန္ဓာဇာတ်သိမ်းဖို့ အရေးအကြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com

ဘယ်နှယ်ကြောင့် ဒီလောက် အဓိကထားရပါလိမ့်လေ ဆိုတော့ ဒီပုဂ္ဂိုလ်တွေဟာ သယ်ယူပို့ဆောင်တင်လို့ရှိရင်ဖြင့် ဒီတရား နားလည်တယ်ဆိုကတည်းက သူ ဆယ်နည်းနဲ့မဆို ရောက်ရတော့မှာပဲ။

ဒီဘဝ မရောက် နောက်ဘဝ ရောက်ရမယ်ဆိုတာကို သေချာနေပြီ။ အဲဒါကြောင့် ဒကာ၊ ဒကာမတွေ ဒီဟာကို မကြိုက်လည်း နာပေတော့၊ မကြိုက်လည်း အားထုတ်၊ သဘောကျပလား (ကျပါပြီ)။

ခေါင်းဆောင်ကောင်းနေ ခက်က လိုက်ပေတော့

ကြိုက်လည်းအားထုတ် ဒါဆိုတော့ ဦးလှဘူးက တင်းလှချည်လားလို့ မဆိုနဲ့၊ ကိုယ့်မျက်လုံးက စုံလုံးကန်ဖြစ်နေတော့ ရှေ့သွားခေါင်းဆောင်ကောင်းသလောက်သာ နောက်က ဖိလိုက်ပေတော့။

ကိုယ့်မျက်လုံးအတွက်တော့ ထည့်မစဉ်းစားနဲ့၊ သဘောကျပလား (ကျပါပြီ)။ ကိုယ့်မျက်လုံးအတွက် ထည့်မစဉ်းစားနဲ့ဆိုတာ အမေမွေးကတည်းကိုက ဘာမှမပါခဲ့တာ (မှန်လှပါ ဘုရား)။

စုံလုံးကန်းတွေ ဆင်ခြေမထူကြပါနဲ့

ရုပ်နာမ်လည်း မသိဘူးဟု၊ အနိစ္စ၊ ဒုက္ခလည်း (မသိပါဘူး)။

ဒုက္ခသစ္စာလည်း မသိပါဘူး၊ မသိတော့ စုံလုံးကန်းမွေးလာစာ၊ စုံလုံးကန်းက ဆင်ခြေထူနေလို့ မဖြစ်ဘူး။

စုံလုံးကန်းက ဆင်ခြေထူနေလို့ရှိရင် အလွဲနဲ့ အချော်ပဲ ရောက်သွားလိမ့်မယ်၊ သဘောကျပလား (ကျပါပြီ)။ အဲဒါကြောင့် စုံလုံးကန်း ဆင်ခြေထူတဲ့ တရားပွဲတော့ မဖြစ်ပါစေနဲ့။

ဒါက လက်တို့ပြီး ခင်ဗျားတို့အိမ်ကျမှ ဘုန်းကြီးကတော့ ဟောရှာတယ်၊ ကိုယ်ကလည်း အားထုတ်ပါတယ်၊ သုဝတိလောက်များ ရောက်နေပြီလား။ ဘာလျှောစေးတွေ ဘာတွေ အိမ်ကျ လုပ်မနေနဲ့။

ဖြစ်ပျက်မြင်ရင် နိဗ္ဗာန်ရောက်မယ်

လက်တို့ပြီး တိုးတိုး၊ တိုးတိုးနဲ့ အင်း- နိဗ္ဗာန်ရောက်ဖို့ရာ ကျုပ် အားတော့ထုတ်တာပဲ၊ အားထုတ်နေတာ ဖြစ်ပျက် လေးလောက်ပဲရှိတယ်၊ ဖြစ်ပျက်မြင်ရင် ရောက်မယ်၊ နိဗ္ဗာန်ကို ဖြစ်ပျက်မြင် ရောက်မှာပဲ။

ဆက်သာအားထုတ်ပါ၊ ဖြစ်ပျက်မြင်ရင် ရောက်ရမှာပဲ ဆိုတာ သေချာတယ်။ အဲဒါကြောင့် ဘာမှ အားလျော့နေစရာမလိုဘူး။

တစ်နေ့က ဘိုကျွန်မဆွေ အားလျော့တဲ့ ဘိကျွန်မ သောတာပန်လောက် တည်တယ်၊ အားတက်တဲ့ပုဂ္ဂိုလ်တွေ ရဟန္တာတောင်ဖြစ်သွားတယ်ဆိုတာ ရှင်နန္ဒက တရားဟောတော့ ဒကာသစ် ကြားလိုက်ပြီ (ကြားပါတယ် ဘုရား)။

ဒါကြောင့် ကိုယ့်စိတ်ကို ခပ်မြင့်မြင့်ထားပါ။

ငါ ဒီဘဝ နိဗ္ဗာန်အရယူမယ်

ငါတို့ ဒီဘဝ ခန္ဓာဇာတ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန် အရယူမယ် (မှန်လှပါ ဘုရား)။ ခန္ဓာမုန်းရင် ရရမယ်၊ ဒီခန္ဓာမုန်းရင် (ရရမယ်)။ ရရမှာ ဧကန်ဖြစ်နေတော့ ရမှရပါ့မလားဆိုတဲ့ သံသယဝိစိကိစ္ဆာတွေ မသုံးပါနဲ့ (မှန်လှပါ ဘုရား)။

ဘုန်းကြီး ရဲဝင့်စွာ တာဝန်ခံတော့ အင်္ဂါထွေပါဦးတော်မှာ ဒီဘဝမရတဲ့ပုဂ္ဂိုလ် နောက်ဘဝရမယ်၊ ဒီဘဝရပြီးသား ပုဂ္ဂိုလ် နောက်ဘဝကိစ္စပြီးတာပဲ သဘောကျပလား (ကျပါပြီ)။

ဘယ်ခန္ဓာကောင်းတယ်ဆိုတာ နားမလေ့ာင်နဲ့

အဲဒါ သေချာသိနေတော့ ဘယ်ခန္ဓာကောင်းတယ်ဆိုတာဖြင့် မယောင်လိုက်ပါနဲ့ သဘောကျပလား (ကျပါပြီ)။ ဘယ်ခန္ဓာကောင်းတယ်လို့ ပြောလို့ရှိရင် ဘုယ်မှ အသုဘ ချစရာ မပါဘူး (မပါပါ ဘုရား)။ တွက်စမ်း၊ တွက်စမ်း ကဲ။

ဘယ်ခန္ဓာကောင်းတယ်ဆိုရင်ဖြင့် ဘယ်ခန္ဓာ အသုဘ ချရတယ်လို့ ပြောစရာမလာဘူး (မလာပါ ဘုရား)။ ဒကာသစ် စဉ်းစားကြည့်စမ်း၊ အားလုံး ဒကာ၊ ဒကာမတွေ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ဘယ်ခန္ဓာကောင်းတယ်ဆိုရင် အသုဘကိစ္စရှိရပါ့မလား (မရှိရပါ ဘုရား)။ အခုတော့ ဘယ်ခန္ဓာလာလာ ဘာကိစ္စတွေသာ တွေ့ရလဲ၊ အသုဘကိစ္စတွေသာ တွေ့ရတယ်။ ရှင်တုန်းလည်း ကျင်ကြီး၊ ကျင်ငယ် စွန့်ရတယ်၊ ဝမ်းထဲ အသုဘတွေ ရှိလို့၊ အသုဘကိစ္စ ဆောင်ရွက်နေရတယ်။ သဘောကျပလား (ကျပါပြီ)။

သေတော့လည်း သူများမကြည့်ချင်လို့ သုသာန်ထမ်းပြီးတိုင် တစ်ခါတည်း လေးပေတွင်း၊ ခြောက်ပင်တွင်းထဲမှာ လေးပေလောက်တူးပြီး မြှုပ်နေရတယ်။ နံမှာ စော်မှာစိုးလို့ပေါ့ဗျာ (မှန်လှပါ ဘုရား)။ ပေါ်ကြပြီလား (ပေါ်ပါပြီ)။

ထပြည့်ဝန်းမင်းဝင်း (နိုဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ဘယ်ခန္ဓာကောင်းတယ်လို့ဆိုတာ ခင်ဗျားတို့ ကျင်ကြီး၊ ကျင်ငယ်စွန့်ရတာ ထောက်သဖြင့်လည်း အသုဘပဲ ရှင်တုန်းလေ (မှန်လှပါ ဘုရား)။ သေတဲ့အခါ ရွာအပြင်၊ မြို့အပြင် ထုတ်ရခြင်းကြောင့်လည်း ဘာတုံး (အသုဘပါ)။

အင်း- ဘယ်ခန္ဓာကောင်းတယ်လို့ ပြောနေလို့ရှိရင် အပြောသမားသာ ဖြစ်တော့မယ်။ အလုပ်ကဖြင့် မကောင်းတာ အမှန်ပဲ၊ ပေါ်ကြပလား (ပေါ်ပါပြီ)။

အဲဒါ နိဗ္ဗာန်သဘောကျချင်လို့ရှိရင်ထည်း ဒကာ၊ ဒကာမတွေ ခပ်ကြမ်းကြမ်းပဲ ဘုန်းကြီးက ပြောပါ့မယ်။ ခန္ဓာက ဒုက္ခသစ္စာ၊ ခန္ဓာဖြစ်ကြောင်းက (သမုဒယသစ္စာ)။ အဲဒီ သမုဒယသစ္စာကို မင်္ဂဇ္ဈင်ဖြတ်နေတဲ့ ဝိပဿနာမင်္ဂဇ္ဈင် ဖြတ်နေတဲ့ ပုဂ္ဂိုလ်၊ ဒီမုဂ္ဂိုလ်ဟာ ဒုက္ခမရောက်မည့် ပုဂ္ဂိုလ်ပဲဆိုတာ သေချာတယ် (မှန်လှပါ ဘုရား)။

ဒုက္ခမရောက်မည့် ပုဂ္ဂိုလ်

ဒုက္ခမရောက်မည့်ပုဂ္ဂိုလ်၊ အသုဘမဖြစ်မည့်ပုဂ္ဂိုလ်ပဲ ဆိုတာကော (သေချာပါတယ်)။

အဲဒီကတည်းက နိဗ္ဗာန်ဆိုတဲ့ဥစ္စာ၊ နိဗ္ဗာန်ရောက်ကြောင်း အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ပုဂ္ဂိုလ်အဖြစ်နဲ့ လုပ်ဦးတော့ အသုဘ ဇာတ်သိမ်းနေတာ ဘာဇာတ်သိမ်းနေတာလဲ (အသုဘ ဇာတ်သိမ်းနေတာပါ ဘုရား)။

အသုဘဇာတ်သိမ်းနေတဲ့ အလုပ်ကို ခင်ဗျားတို့က ဒီအနာပေါက်နေတဲ့ဥစ္စာ ဒီအနာပျောက်တဲ့အလုပ် လုပ်တဲ့ဥစ္စာပဲ၊ ဒါ ဆေးကောင်းဝါးကောင်းမှတစ်ပါး ဒီဆေးမှတစ်ပါး မြို့ဝဲစရာမရှိဘူးဆိုတာကို ကိုယ့်စိတ်ထဲ ဆုံးဖြတ်ဖို့ပါ။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ကိုင်း- ဒါဖြင့် ဒကာ၊ ဒကာမတို့ အသုဘဇာတ်သိမ်းတဲ့တရား ဟောကြပါစို့ (မှန်လှပါ ဘုရား)။

အသုဘ ဇာတ်သိမ်းတဲ့ တရား

အသုဘဇာတ်သိမ်းတဲ့တရား ဆိုတဲ့ဥစ္စာက ရှင်းရှင်းလင်းလင်း မှတ်ထားတော့ တဏှာသိမ်းတဲ့တရား အသုဘဇာတ်သိမ်းတဲ့တရားဆိုတာ ဘာပါလိမ့် (တဏှာသိမ်းတဲ့တရားပါ ဘုရား)။ ရှင်းရှင်းမှတ်လိုက်တော့ ဒါပဲရတယ်။

ရှင်းရှင်းမှတ်လိုက်တော့ တဏှာမလာအောင် ဆည်းနှိုင်တဲ့ပုဂ္ဂိုလ်၊ တားနှိုင်တဲ့ပုဂ္ဂိုလ်ကို ဒကာကြွယ်ရေ အသုဘဇာတ်သိမ်းတဲ့တရား၊ ဒုက္ခဇာတ်သိမ်းတဲ့ (တရားပါ ဘုရား)။ ပေါ်ကြပလား (ပေါ်ပါပြီ)။

ဩော်- ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အသုဘလည်း ဇာတ်သိမ်းပါတယ်။ ဒုက္ခလည်း ဇာတ်သိမ်းပါတယ် ဆိုပြီး ကြိုက်မြို့ဘုရားဆိုပြီး တစ်ပွဲလုံး ဆုံးဖြတ်ချက်ချဖို့ပဲ (မှန်လှပါ ဘုရား)။

တစ်ပွဲလုံး တညီတညွတ်တည်း ဆုံးဖြတ်ချက်ချဖို့ပါပဲ ဆိုတာ သေချာကြပလား (သေချာပါပြီ)။ ဒါဖြင့် အခုဟောမည့်တရားသည် အသုဘနှင့် ဒုတ္ထသိမ်းမည့်တရား။ ဘာတဲ့ရားပါလိမ့် (အသုဘနဲ့ ဒုက္ခသိမ်းမည့်တရားပါ ဘုရား)။

ဒီအထဲကမှ ကျွမ်းဖြင့် ဟောတော့ ဟောတာပဲ တရားတော့ နာလို့ကိုမမြစ်ဘူး ဆိုလို့ရှိရင်ဖြင့် အသုဘနဲ့ ဒုက္ခသိမ်းတာ သူဟာ နားကိုမလည်လို့ပဲ၊ အသုဘသိမ်းမှာ၊ ဒုက္ခသိမ်းမှာ ကြောက်လွန်းလို့ပဲ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ် ဘုရား)။

ဆေးခွက်တိုင်ရင် ပြေးတဲ့ခွေးလို

အဲတော့ကို ခင်ဗျားတို့ တိရစ္ဆာန်မိုက် မမိုက်ပါနဲ့ဆိုတာ ရှေ့ပိုင်းက စကားပြောရတယ်။ တိရစ္ဆာန်မိုက်ဆိုတာက ခွေးတစ်ကောင် ကုတ်အနာရှိလို့ ဒီကရှိတဲ့ဆေးတွေနဲ့ ဖိနှိပ်နဲ့ ကုပေးမလို့ ဆေးခွက်ကိုင်ရင် ပြေးတယ်။

ဘာဖြစ်လို့တုံးလို့ မေးလို့ရှိရင်ဖြင့် အနာရှိမှန်းလည်းမသိ၊ အနာကုပေးမည့် ကျေးဇူးရှင်ရယ်လို့လည်း (မသိပါ ဘုရား)။ ဒါ မသိပြေး ပြေးနေတယ်။

အနာရှိမှန်းလည်း မသိ၊ အင်း- အနာလာကုပေးမည့် ကျေးဇူးရှင်ရယ်လို့လည်း (မသိပါ ဘုရား)။

အင်း- အခု ရုပ် နာမ်ဓမ္မတွေ ဇာတ်သိမ်းမည့်တရားကို ဟောလို့ မကြိုက်လို့ရှိရင်ဖြင့် ခွေးနာလည်ပင်းရတဲ့ ဆေးခွက်ကိုင်လို့ပြေးတဲ့ ခွေးမျိုးထဲက ကျွန်တော်တို့ အတူတူဖြစ်နေပြီ (မှန်လှပါ ဘုရား)။

မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ် ဘုရား)။ အဲဒါ အသေအချာစဉ်းစားတော့ ဩော်- တို့ဟာ မကြိုက်လည်း ဒီအလုပ်လုပ်ရတော့မှာပဲ၊ ကြိုက်ရင်လည်း (ဒီအလုပ်လုပ်ရမှာပါ ဘုရား)။

တို့ဟာဖြင့် ခွေးနာဖြစ်နေပြီ၊ ခွေးဆိုတာ တိရစ္ဆာန်ကိုး၊ ဘာမှမသိတော့ ဆေးခွက်ကိုင်ရင် သူ ခဲကိုင်တယ်မှတ်ပြီး နှုပြေးချင် ပြေးမယ် (ပြေးပါတယ် ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com

မကြိုက်လည်းနာ ကြိုက်လည်းနာ အားထုတ်

အဲဒါကြောင့် ဒကာ၊ ဒကာမတို့ မကြိုက်လည်းနာ၊ ကြိုက်လည်းနာ၊ အားထုတ်၊ ဒါလုပ်ရမည့်စခန်းဆိုတာ ပေါ်ပလား (ပေါ်ပါပြီ)။

ဒါ ခပ်မာမာနဲ့ ခပ်တင်းတင်းပြောတယ်လို့ ဒကာသစ်က မဆိုနဲ့နော်၊ မသိတဲ့ပုဂ္ဂိုလ်တွေကလည်း ရှိသေးသကိုး၊ မရှိပေဘူးလား (ရှိပါတယ် ဘုရား)။

အမြင်မှတ်တွေ နာပြီးသကာလ နတ်ပြည်ကောင်းနိုးနိုး၊ ပြဟ္မာပြည်ကောင်းနိုးနိုး၊ ဇရာ မရဏလည်း သွားမကြည့်ဘူး၊ အဲဒီကောင်းနိုးနိုးသမားတွေကို အခုဟာက ဒကာ၊ ဒကာမတို့ ခွေးနာဂျပမာနဲ့ ဟပ်ပြီးသကာလ ခင်ဗျားတို့ကို ပြောလိုက်တာ မနာပါနဲ့ (မနာပါဘူး ဘုရား)။ ဒီလိုဖြစ်စရာတွေက မြင်နေလို့ (မှန်လှပါ ဘုရား)။

ကိုင်း- ဒါဖြင့် ဒကာ၊ ဒကာမတို့ ပြောကြစို့ဆိုတော့ တဏှာဇာတ်သိမ်း ခန္ဓာသိမ်းတဲ့တရား ပြောကြစို့။

နိဗ္ဗာန်ရောက်ကြောင်း နှစ်မျိုး

တဏှာဇာတ်သိမ်း၊ ခန္ဓာသိမ်းတဲ့ တရားကတော့ ဒကာ၊ ဒကာမတို့ လွယ်ပါတယ်တဲ့။ ဝိပဿနာ ရှုနိုင်လည်းရှု မရှုနိုင်လို့ ရပ်တန်းက ရပ်နိုင်လို့ရှိရင်လည်း ဒီနှစ်မျိုးရှိတယ် (မှန်လှပါ ဘုရား)။

၁။ ရပ်တန်းက ရပ်နိုင်လို့ရှိရင်လည်း ရပ်ဖို့ပဲ

၂။ ဝိပဿနာရှုမှပဲ တပည့်တော်တို့ ရပ်တန်းကရပ်လို့ ရတယ် ဆိုလို့ရှိရင်လည်း ဝိပဿနာပဲ ရှုကြပါ။

ဒါဖြင့် ဒကာကြွယ် နိဗ္ဗာန်ရောက်ကြောင်း နှစ်မျိုး (မှန်လှပါ ဘုရား)။ ရပ်တန်းက ရပ်လို့ရှိရင်လည်း နိဗ္ဗာန်ရောက်တယ်၊ ရပ်တန်းက မရပ်လို့ လွန်သွားမှ ဝိပဿနာရှုရင်လည်း (နိဗ္ဗာန်ရောက်ပါတယ်)။

ရပ်တန်းတာ ရပ်တဲ့နည်း

ဒါဖြင့် ရပ်တန်းက ရပ်၍ နိဗ္ဗာန်ရောက်နိုင်တာက တစ်မျိုး၊ သဘောကျပလား (ကျပါပြီ)။

မရပ်နိုင်တဲ့ပုဂ္ဂိုလ် ဝိပဿနာရှုမှ ရနိုင်ရင် ရနိုင်တဲ့ နိဗ္ဗာန်က (တစ်မျိုးပါ ဘုရား)။ တစ်မျိုးဆိုတော့ နှစ်မျိုးပြတယ်နော် (မှန်လှပါ ဘုရား)။

ကဲ- ဒီနေ့တော့ဖြင့် အချိန်က ဒကာ၊ ဒကာမတို့ ရပ်တန်းကရပ်တဲ့အချိန်ကို ပြောရတော့မယ်၊ ရပ်တန်းက ရပ်တာနဲ့ နိဗ္ဗာန်ရတာကို ပြောရလိမ့်မယ်၊ ရပ်တန်းက ရပ်တာနဲ့ (နိဗ္ဗာန်ရတာကိုပါ ဘုရား)။

အဲဒါကျတော့ ဒကာအားလုံးပဲ နှစ်တိုင်းလည်း ဟော နေလို့ ဒကာကြွယ်တို့လည်း သိပါလိမ့်မယ်။

မာလုက္ကျပုတ္တ

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ရှိစဉ်အခါတုန်းက မာလုက္ကျပုတ္တဆိုတာ မာလုက္ကျပုဏ္ဏားမရဲ့ သားပေါ့ဗျာ။ အဲ-မာလုက္ကျသားကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဆီသူက သွားတယ်။ မာလုက္ကျပုတ္တဆိုတဲ့ လူက -

'အရှင်ဘုရား၊ တပည့်တော်သည် တရားမမှတ်မြိုးစားချင်တယ်၊ ဝိရိယနဲ့ ကြိုးစားပါ့မယ်၊ တိုတိုနဲ့ကျဉ်းကျဉ်းပဲ တပည့်တော်က အသက်အရွယ်လည်းကြီးတယ် ဘုရား၊ တိုတိုနဲ့ကျဉ်းကျဉ်း တရားကို တပည့်တော် အားထုတ်ပါရစေ'။

အသက်ကြီးလို့ တရားတိုတိုတောပါ

သူလျှောက်ပုံကလည်း အသက်အရွယ်ကလည်းကြီးသတဲ့လေ၊ တိုတိုနှင့် နိဗ္ဗာန်ရောက်တဲ့တရားကို အရယူချင်တယ်။ ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပထမတော့ အပြစ်တင်လိုက်သေးတယ်။

ဘယ်လို အပြစ်တင်လိုက်သလဲဆိုတော့ မင်းဟာ အသက်အရွယ်ကြီးမှလည်း လာပြန်တယ်ကွာ၊ တရားလည်း တိုတိုနဲ့ နိဗ္ဗာန်သွားချင်တယ်ဆိုတော့ မင်းဟာ ဘယ်မလွယ်ပါလား၊ ပြောကောင်းမပြောထိုက်ဘူးလား (ပြောထိုက်ပါတယ် ဘုရား)။ ပြောထိုက်တယ်နော်။

အသက်အရွယ်ကလည်း ကြီးပြန်၊ တရားကလည်း တိုတိုကလေးနဲ့ နိဗ္ဗာန်ရောက်ချင်တယ်ဆိုတော့ အားလုံး ဒကာ၊ ဒကာမတွေပဲ စဉ်းစားကြည့်၊ ဘုရားမို့ သည်းခံပြီး နားထောင်ရတော့တာပဲ (မှန်လှပါ ဘုရား)။

အဲတော့ သူကပဲ ပြန်စတော့ မင်းငယ်စဉ်အခါတုန်းက အာလုပ်နေတုံးကွ။

(ဆက်ရန်)

ဓမ္မဒါန

❑

www.burmeseclassic.com

www.burmeseclassic.com

မဂ်လာတိုက် ဆရာတော်

ဥာဏသုမင်္ဂလ (ဒေယျဓိုးဆရာတော်)

ဟောကြားတော်မူသော တရားတော်

အာရုပ္ပဇ္ဈာန်

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

ကောင်းပြီ၊ ဘုရားကို ဘာကြောင့် ကန်တော့သလဲ၊ ကျေးဇူးရှင်မို့လို့။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ဘယ်သူ ကန်တော့ ကန်တော့ ကျေးဇူးသိပြီးမှ ကန်တော့မယ်။ အဲတော့ ဦးဇင်း ကန်တော့ခဲ့ပုံလေးကို နမူနာပြောပါမယ်။ ဦးသုမင်္ဂလလည်း သက်နှံသာ ဝတ်ထားတာ ဘုရားကန်တော့တတ်တာ မကြာသေးဘူး။ ရှင်းရှင်းလေးပဲ၊ ဝန်ခံရမှာပဲ။ ရှင်းလား ရှင်းလား။

တရားတွေနာ၊ တရားတွေ အားထုတ်လာတာတော့ ၅ တန်း၊ ၆ တန်း ကလေးတဝကတည်းက။ အဖေနဲ့ အမေက သင်ပေးလို့ သွားတာပါပဲ။ ဘာမှန်း မသိပါဘူး။ သက်နှံဝတ်ဆိုတော့ အမေက ဦးသုမင်္ဂလ ရာဇဝင်ပြောလည်း သိပြီးသားနေမှာပါ။ မပြောတော့ပါဘူး။ မူးမူးရွဲရွဲနဲ့ အိမ်မှာ မူးရွဲနေလို့ အမေက ကျောင်းကိုပို့လို့၊ အဲဒါနဲ့ သက်နှံဝတ်ဖြစ်၊ သဒ္ဓါရှိလို့တော့ မဟုတ်ဘူး။ အမေ ပို့လို့ ရောက်လာတာနော်။

အဲတော့ ဘုရားကန်တော့ဖြစ်တာ၊ သိပ်မကြာသေးစူး၊ ကန်တော့တတ်တာ၊ ဦးသုမင်္ဂလ ဒေါ်သ သိပ်ကြိုးတယ်။ ဖြစ်ချင်တာ မဖြစ်ရရင် မကျေနပ်ဘူး။ မကျေနပ်တော့ဘူးဆိုရင်လည်း တစ်ယောက်ယောက်ကို ထိုးလိုက် ကြိတ်လိုက် ရမှ ပြေလည်တယ်။ ကိုယ့်အကြောင်းကိုယ် ပြောတာပါနော်။ နောက် ထေရုပ္ပတ္တိမှတ်ထား။

ဘယ်လောက် သိမ်မွေ့တယ်ဆိုတာ။ အဲတော့ အဲဒါ ခုတင်ပေါ်မှာ ဒေါသဖြစ်နေတာ တဆတ်ဆတ်နဲ့ တုန်နေတယ်။ တုန်ရင်း ငုံ့ရင်းနဲ့ ရင်ဘတ်ထဲအောင့်တက်လာတယ်။ နေရာတိုင်းမှာ အဲဗရီး တိုင်းမ်း၊ အဲဗရီး ဝဲယား၊ ရယ်ဒီဖော်ဒိုင်း၊ ကိုယ့်ကိုယ်ကိုယ် ပြောလာတာ၊ ဘယ်သွားသွား၊ ဘယ်အချိန်ဖြစ်ဖြစ် ဘယ်နေရာဖြစ်ဖြစ် သေဖို့အဆင်သင့်ပဲ ဆိုတော့ ရင်ဘတ်ထဲမှာ အောင့်နေပြီ။

ဒါ ဘာကြောင့် ဒီလောက်ဖြစ်သွားတာလဲ။ အင်း- ဘယ်သူ့ကြောင့်လဲဆိုတော့ ဒေါသဖြစ်ရင် ဘယ်သူ အရင်ရှုးတာလဲ။ မူသလား၊ အေးသလား။

(ပူပါတယ် ဘုရား)။

ဖြစ်ဖူးတဲ့သူတွေ သိတယ်၊ ရှင်းတယ်နော်။

ပူလောင်ပြီး ဆို့တက်နေတယ်။ ဩော်- ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒေါသအပြစ်ကို ဟောတာကိုး။

အဲတော့ ဒေါသအပြစ်ကို ပြတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရှိခိုးပါ၏။

ဒေါသကင်းအောင် ဆုံးမတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ရှိခိုးပါ၏။

ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်ပြီး ဒေါသအပြစ်ကလေးကို ဒီလိုလေး ကန်တော့လိုက်တော့၊ ရင်ထဲက ဒေါသကင်းသွားတော့၊ အို- ဒေါသကင်းတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ရှိခိုးပါ၏။

အဲဒီကျမှ ဘုရားအဆုံးအမ ကျေးဇူးကို ရင်ထဲမှာ ခံစားပြီး လှိုက်လှိုက်လဲလဲ့ ကန်တော့လိုက်ပါတယ်။

ဘယ်နှခါ ကန်တော့ဖူးကြလဲ။ ဘယ်အရွယ် ရှိပြီလဲ။ ရှင်းလား။ အဲဒီကျမှ ကျေးဇူးဂုဏ်ကို သိတယ်။

အဲတော့ သီလကျေးဇူး၊ သမာဓိကျေးဇူး၊ ပညာကျေးဇူး မရှိဘူးလား။ ဘုရားပေးထားတဲ့ ဘုရားအဆုံးအမကို ကိုယ်တိုင် လိုက်နာ ကျင့်သုံးပြီးတော့ ကျေးဇူးသိ ကန်တော့ဖူးမှ ဘုရားကန်တော့ဖူးတယ်လို့ ဆိုတယ်။ ရှင်းပြီလား။

စောစောတုန်းက ကန်တော့ဖူးပါတယ်၊ ဖြေတဲ့သူတွေ ဘယ်နှယ်တုံး၊ သဘောပါလား။ အဲ- အားလုံး မှတ်သားထားလိုက်စမ်းပါ။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာကို ဘာကြောင့် ကန်တော့ရပါသလဲ။ ဘုရား ကန်တော့ဖူးတယ်လို့ ဆိုထားတယ်။ ဆရာ့ကျေးဇူးကို ကိုယ်တိုင်သိပြီးမှ ကန်တော့ရမယ်။ ဘုရား၊ တရား၊ သံဃာဆိုလည်း အဲဒါပဲ။

သံဃာ ဒီနေ့ ခင်ဗျားတို့ မျက်မှောက်မှာ ရှိနေတဲ့ ဦးသုမင်္ဂလ ရွေးချွေးဦးပြတယ်၊ ဆရာအစဉ်အဆက်ကို ပြန်ကြည့်လိုက်ရင် ရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် အဆက်လား။ အရှင်အာနန္ဒာအဆက်လား မပြောနိုင်ဘူး။

ဥပဇ္ဈာယ်ဆရာ အဆက်ဆက်က ဒီတစ်ပါးကို ကန်တော့လိုက်တာနဲ့ ... ဥပဇ္ဈာယ်ဆရာအားလုံးကို ကန်တော့ပြီးသား၊ ရှင်းလား။

သံဃာတစ်ပါးကို ပူဇော်လိုက်တာနဲ့ သူဆရာ ဆရာအစဉ်အဆက်ကို ပူဇော်ပြီးသား။ အေး၊ အရင်ပြစ်မှားလိုက်ရင်လည်း လာမယ့်အလှည့်တဲ့။ ဒီနေ့ ဟောမှာ တရားခေါင်းစဉ်က ဘာလဲ။

ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။

ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ် မဖြေနဲ့၊ ကောင်းကျိုးပေးမယ်။ မကောင်းတာလုပ်ရင် -

(မကောင်းကျိုး ပေးပါတယ် ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com

ကောင်းတာဖြစ်မယ်လို့ ဘာဖြစ်လို့ မဖြေခိုင်းတာလဲ သိလား။ ကောင်းတာဖြစ်မယ်ဆိုရင် ချက်ချင်းဖြစ်မှ၊ လူတော်တော်များများက ဦးဇင်းဆီကို လာပြီး ပြောပြောနေတာ ရှိတယ်။

အရှင်ဘုရား၊ အကြောင်းအကျိုးတွေ တပည့်တော်တို့ ကြားကို မကြားချင်တော့ဘူး။ ဟာ- ဘာဖြစ်လို့လဲ။ အရှင်ဘုရားပဲ အကြောင်းကောင်းရင်၊ ကောင်းဟာလုပ်ရင် ကောင်းတာဖြစ်မယ်လို့ ပြောတယ်။ ဦးဇင်းကတော့ ကောင်းကျိုးပေးမယ်လို့ သင်တာ၊ ကောင်းတာဖြစ်မယ်လို့ မပြောဘူး။

ဒါပေမဲ့ သူတို့က ပြောတယ်၊ ကောင်းတာဖြစ်မယ်လို့ ပြောတယ်။ ခု ကောင်းတာ လုပ်တဲ့သူတွေချည်း ဆင်းရဲနေတာတဲ့၊ မကောင်းတာ လုပ်တဲ့သူတွေချည်း ကြီးပွားပြီး အထက်တန်းရောက်နေတာတဲ့။ မယုံဘူးတဲ့၊ အရှင်ဘုရား တရားကို။ ဟာ- ငါတရား မဟုတ်ဘူး။ ဘယ်သူ့တရားလဲ။ ဘုရားပိုင်တဲ့ တရားလား။ လောက အမှန်တရားလား။

(လောက အမှန်တရားပါ ဘုရား)။

ဦးဇင်းတို့ ကိုးကွယ်နေတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သူ့ကိုယ်ပိုင်အယူအဆ၊ ကိုယ်ပိုင်ဝါဒ၊ ကိုယ်ပိုင် ဝိဏ်းထူထောင်သွားတာလား။ သဘာဝအမှန်ပြောသွားတာလား။

တပည့်သားတွေဆိုရင်လည်း ဦးဇင်းက ဒါလေး သိစေချင်တာကြောင့် ပြောတာ။ ငါတို့က ဘယ်ဂိုဏ်း၊ ညာဂိုဏ်း၊ တပည့်တော်က ဘယ်ဂိုဏ်းမှမဟုတ်ဘူး ပင်စည်၊ ကိုင်းဆို ကျိုးကျမယ်။ ရှင်းလား။ သံဃာမှာ ဂိုဏ်းမရှိရဘူး။ ဂိုဏ်းမရှိမှ သံဃာ။ ဂိုဏ်းဂဏဆိုတာ ပြိုကွဲတာ၊ ဂဏမရှိမှ သံဃာ။

ဘုရားအဆုံးအမကလည်း တစ်မျိုးတည်းပဲရှိတယ်။ အဲဒီ အဆုံးအမကလည်း သူ့ကိုယ်ပိုင်မဟုတ်လား၊ သဘာဝ အမှန်တရားကြီးလား။ လောကသား အားလုံးအတွက် မှန်တယ်။ အဲဒါကြောင့် ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမယ်။ ကောင်းတာဖြစ်မယ်လို့ မဖြေနဲ့၊ ချက်ချင်း ဖြစ်ချင်မှ ဖြစ်မှာ။

အကျိုးပေးဆိုတာ ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမယ်။ မကောင်းတာလုပ်ရင် ဓကောင်းကျိုးပေးမယ်။ ဘယ် အချိန် ပေးမှာလဲ။

(ပေးချင်တဲ့ အချိန်)။

ပေးချင်တဲ့အချိန်လို့ မလုပ်လိုက်နဲ့။ ပရမ်းပတာတရား ဖြစ်သွားမှာပေါ့။ ဒါ မပြောလို့ မရတော့ဘူး။ ဒါ ဘာကြီးတုံး မမေးနဲ့၊ ဒီခွေထွက်ထားတာ ၂၀၀၈၊ ၂ လပိုင်းလောက်ကစပြီး ဒီတရားကို ဖြန့်ချိထားတာ၊ ဒီလောက်ဆို သိလောက်ပြီ။ ဒါ ဘာကြီးလဲ။

(တပည့်တော်တို့ရဲ့ ခန္ဓာဖြစ်စဉ်)။

ပြန်ပြော။

(တပည့်တော်တို့ရဲ့ ခန္ဓာဖြစ်စဉ်)။

မူကြိုဆရာဆိုပေမယ့် သူတို့က သိပ်အထင်သေးတာ။ စက်ဝိုင်းကြီး ထောင်ထားတာ မြင်လိုက်တာနဲ့ ဒါ ဘာကြီးလဲလို့ မမေးဘူး။ ရှင်းလား။ ဒါ ဘာလဲမေးစော့ စက်ဝိုင်းကြီးတဲ့။ စက်ဝိုင်းကြီးတော့ တူပဲလည်း သိတာပေါ့။ ဒါ ဘယ်သူ့ ဖြစ်စဉ်လဲ။

အေးအေး၊ အဲဒီမှာကြည့် အဝိဇ္ဇာပစ္စယာ သင်္ခါရ၊ အဝိဇ္ဇာဆိုတာ မသိခြင်းတရား၊ ဘယ်မှာရှိလဲ ကိုယ့်ခန္ဓာထဲမှာ။ ဘာတွေ မသိလဲဆိုတော့ အကောင်းမှန်းလည်း မသိ၊ အဆိုးမှန်းလည်း မသိ၊ အကြောင်းမှန်းလည်း မသိ၊ အကျိုးမှန်းလည်း မသိ၊ အမှန်မှန်း မသိ၊ တရားမှန်းလည်း မသိ၊ သံသရာတစ်ခွင်မှာ မသိတာက အဝိဇ္ဇာ၊ ရမ်းလုပ်တာက သင်္ခါရ၊ သင်္ခါရဆိုတော့ ကောင်းတာတွေ လုပ်တာလား၊ မကောင်းတာတွေ လုပ်တာလား။

(ကောင်းတာလည်း လုပ်တယ်၊ မကောင်းတာလည်း လုပ်တယ် ဘုရား)။

(ကုသိုလ်လည်း လုပ်တယ်၊ အကုသိုလ်လည်း လုပ်တယ်)။

ဟုတ်ပြီ၊ ဟုတ်ပြီ။ ကော့ကရိတ် ကျေနပ်တယ်။ ဒီလောက်ကလေး မှတ်ထားရင်ကို ကျေနပ်ဖာယ်။ ရှင်းတယ်နော်။ ကောင်းတာလည်း လုပ်တယ်၊ မကောင်းတာလည်း လုပ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သိမှ မသိဘဲဗျ။ ကောင်းမှန်းလည်း မသိဘူး၊ ဆိုးမှန်းလည်း မသိတော့ လုပ်တဲ့ထဲမှာ ကောင်းတာလည်း ပါချင်ပါသွားမယ်။ မကောင်းတာလည်း ပါချင်ပါသွားမယ်။ ကျေနပ်သလား။

အဲတော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရ အတိတ်က လုပ်ခဲ့တော့ သင်္ခါရ ပစ္စယာ ဝိညာဏ်ဆိုပြီး ခန္ဓာဘယ်နှပါးရလဲ (၅)ပါး။ ဘယ်သူ့တွေ ရထားတာလဲ။

(တပည့်တော်တို့ ရထားတာ)။

ဘယ်အချိန်ရထားတာလဲ၊ အခု ရထားတာ။ အခု ရထားတဲ့ ခန္ဓာသည် အလိုလိုရတာလား၊ အတိတ်ကံကြောင့် ရတာလား။

www.burmeseclassic.com

www.burmeseclassic.com

(အတိတ်ကကြောင့် ရထားတာ)။

ကောင်းပြီ။ အဲဒီထဲမှာမှ ကဲ- ကိုယ့်ဘဝလေးကိုယ် ဆင်းရဲတာ ကြိုက်လား။ ချမ်းသာတာ ကြိုက်လား။

(ချမ်းသာတာ ကြိုက်ပါတယ် ဘုရား)။

အစားအသောက်စားတော့ မကောင်းတာ ကြိုက်လား၊ ကောင်းတာ ကြိုက်လား။ အဝတ်အထည် ဝတ်တော့ မကောင်းတဲ့အဝတ် ကြိုက်လား၊ ကောင်းတဲ့အဝတ် ကြိုက်လား။

(ကောင်းတဲ့အဝတ် ကြိုက်ပါတယ် ဘုရား)။

နေတဲ့အိမ်ကော မကောင်းတာ ကြိုက်လား၊ ကောင်းတာ ကြိုက်လား။

(ကောင်းတာ ကြိုက်ပါတယ် ဘုရား)။

အေး-ကောင်းတာက ဝေဒနာ၊ ကြိုက်တာက တဏှာ။ ဒါပဲ ခင်ဗျားတို့ ဒါလိုက်ရှာနေတာ ဝေဒနာပစ္စယာတဏှာ ရှင်းသလား။ နွေတိုင်း ကောင်းအောင် ရှာနေစာပဲ။ မကောင်းတာတော့ မတတ်နိုင်ဘူး။

ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာ ဥပါဒါန် ဦးစီးတော့ ဥပါဒါနပစ္စယာ၊ ကမ္မဘဝဆိုတာ ကာယကံ၊ ဝစီကံ၊ မနောကံတွေ မလုပ်ဘူးလား။

(လုပ်ပါတယ် ဘုရား)။

ကုသိုလ်တွေလည်း လုပ်တယ်။ အကုသိုလ်တွေလည်း လုပ်တယ်။ ကြည့် ဒီမှာပြောချင်တာက ဟောဒီ ကမ္မဘဝကို ကျေးဇူးရှင် ဘုန်းဘုန်းဆရာတော်ဘုရားကြီးက ကြိုးလေးနဲ့ သီထားတယ်။ ဘယ်သူနဲ့ တွဲလဲ၊ သခီရနဲ့ တွဲတယ်။

သခီရဆိုတာက အတိတ်ကံ၊ ကမ္မဘဝဆိုတာ ပစ္စုပ္ပန်ကံ ရှင်းတယ်နော်။ အတိတ်ကံကို ဦးစီးထားတာက အဝိဇ္ဇာ၊ အဝိဇ္ဇာ မသိခြင်းတရား။ သူကကော အလွတ်လား၊ ကြိုးနဲ့ တွဲထားတာလား။ ဘယ်သူတွေနဲ့ တွဲလဲ။ တဏှာ ဥပါဒါန်၊ တဏှာက လိုချင်တာ၊ ဥပါဒါန်က စွဲလမ်းတာ၊ ရှင်းလား။

(ရှင်းပါတယ် ဘုရား)။

သူကလည်း အဝိဇ္ဇာလို့ပြောရင် သူ့နောက်မှာ ဘယ်သူနဲ့ ဘယ်သူတွေရှိလဲ။

(တဏှာနဲ့ ဥပါဒါန်ပါ ဘုရား)။

ဒီမှာလည်း တဏှာ၊ ဥပါဒါန်လို့ပြောရင် သူ့နောက်ကွယ် ဘယ်သူရှိလဲ။ အဝိဇ္ဇာ။ သူတို့က တွဲနေတာ ခွဲလို့မရဘူး။ ရှင်းသွားလား။ ပြီးတော့ ဒီမှာကြည့် သူတို့ အလုပ်တိတ်ထားတယ်။ ပြင်မရတဲ့ တရားတွေ၊ ဖယ်ပစ်ရဲမယ်။ တစ်သံသရာလုံး ခင်ဗျားတို့ကို၊ ကျွပ်တို့ကို ခေါင်းဆောင်လာတာ ဘယ်သူနဲ့ ဘယ်သူလဲ။

အဝိဇ္ဇာပစ္စယာ တဏှာ မူလနှစ်ဖြာ ဘာနဲ့ဘာလဲ အဝိဇ္ဇာတဏှာ၊ အဝိဇ္ဇာတဏှာထဲမှာ နွေးပူလာနိုင်တယ်။ အကြောင်းတရား နှစ်ပါး၊ အဲဒီနှစ်ပါးကို ပြင်ရမှာလား၊ ပြောင်းပစ်လိုက်ရမှာလား၊ ဖယ်လိုက်ရမှာလား၊ ဘာနဲ့ ဖယ်မှာတုံး။ ရှင်းတယ်နော်။

အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် သွားမပြင်နဲ့။ ဘယ်တော့မှ ဝိဇ္ဇာဖြစ်လာမှာ မဟုတ်ဘူး။ တဏှာကိုလည်း အလောဘဖြစ်အောင် မလုပ်နဲ့။ ဘယ်တော့မှ လုပ်လို့မရဘူး။ ဟောဒီမှာ ဟောဒီမှာ ဘောင်ပိတ်ပေးထားတာ အလကား ပိတ်ထားတာ့ မဟုတ်ဘူး၊ ရှင်းတယ်နော်။ ကောင်းပြီ၊ ဟောဒီမှာ သခီရလည်း အလုပ်ပိတ်ထားတာ၊ ဟုတ်ပြီနော်။ အတိတ်ကံကို ပြင်လို့ရလား။ (မရပါဘူး)။

ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီး ဘယ်လိုသေလဲ။ ဦးသားငါးရာရှိက်လို့ (သေတာ) ပရိနိဗ္ဗာန်စံရတယ်။ စာလို ခုံခုံညားညားပြောရင် ပရိနိဗ္ဗာန်စံတာ၊ လူလိုပြောရင် သေတာပဲ၊ ရှင်းတယ်နော်။

ဂုဏ်ပုဒ်ကြီးနဲ့ ပိုလို့ကိုးဗျာ။ ရှင်ဘုရင်ကျတော့ နတ်ရွာစံတယ်။ ဘယ်နတ်ရွာမှာ မစံဘူး၊ ရှင်ဘုရင်မှန်ရင် ဒယ်အိုးသွားတာ များတယ်။ သတ်စေ သူပဲ၊ ဖမ်းစေ သူပဲ၊ သူများနှိပ်စက်သမျှ သွား ဒယ်အိုး။

ဘုန်းကြီးတိုင်းလည်း ပျံလွန်တော်မမူနိုင်ဘူး။ Show တာ များတယ်။ ကျောင်းထိုင်ဘုန်းကြီး ပြိတ္တာကြီးတွေ၊ စာချဘုန်းကြီး ပြိတ္တာကြီးတွေ၊ ဓမ္မကထိက ပြိတ္တာကြီးတွေ။

ဦးသုမင်္ဂလလည်း ခု တရားဟောနေတာ ခင်ဗျားတို့ကို တရားသိအောင်လို့ စေတနာမထားဘဲနဲ့ ဓမ္မပူဇာကြည့်ဟောမယ်ဆိုရင် ဖြည်းဖြည်းလုပ်လေ။ မမေးရသေးဘူး။ ခင်ဗျားတို့ ကျွပ်ကျရင် တော်တော်ပို့ချင်တယ်။ သွားမှာပါ မပူပါနဲ့။ ရှင်းသလား။ အဲဒီလို ရည်ရွယ်ချက်သာ မှားနေရင် ဓမ္မကထိကလည်း ဒယ်အိုးပဲ။ ဘယ်မှ ပျံတော်မမူဘူး။ ပြောတော့ နိဗ္ဗာန်တျောင်းချတဲ့။ မဟုတ်ဘူး။ ကျောင်းပေါ်မှာကို ထားပစ်လို့ မရတော့လို့ အောက်ချပစ်လိုက်တာ။ ရှင်းလား။

အဲတော့ သခီရ အတိတ်ကံက ပြင်လို့မရဘူး။ ဒီမှာလည်း သတ်ရင် အကုန်သတ်ပစ်လိုက်ရမှာ။ ဒါမို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်တဲ့ဘဝမှာ ခါးနာလွဲဝဲကွ မရှိဘူးလား။ (ရှိပါတယ် ဘုရား)။

www.burmeseclassic.com

ဒါကလည်း သူ လက်ဝဲသမားဘဝက သူများခါး ကိုင်ကိုင်ရိုက်ခဲ့လို့ ဒီဘဝ ခါးနာတာ၊ ရှင်းတယ်နော်။

ဝမ်းလျှောတဲ့ဒုက္ခ၊ ဆေးခန်းလုပ်တဲ့ဘဝ သူများ ဝမ်းနုတ်ဆေးတွေ တိုက်မိခဲ့လို့၊ ရှင်းလား။ 'အေး- အဲဒါ အတိတ်က ခင်ဗျ။ ဘုရားဖြစ်တဲ့ဘဝတောင် လွတ်သလား။

(မလွတ်ပါဘူး ဘုရား)။

ခင်ဗျားတို့က ဘာဖြစ်နေလို့။

(ဘာမှ မဖြစ်ပါဘူး ဘုရား)။

ဘာမှမဖြစ်ရင် မလွယ်ဘူး။ ခုမှ ကောင်းချင်ယောင် ဆောင်တာ။ ဟင်- ဟုတ်ဖူးလား။ ခင်ဗျားတို့တော့ မသိဘူး။ ကျုပ်တော့ အဟုတ်မကောင်းသေးဘူး။ ပလ္လင်ပေါ်မှာ ကောင်းချင်ယောင် ဆောင်တုန်း။

ဘယ်လောက် သူများတွေ သည်းခံပါပြောပြော ကိုယ့် ရှေ့ မဟုတ်တာလုပ်ရင်တော့ တွယ်ချင်တုန်းပဲ။ ရှင်းလား။ ဆော်ချင်၊ တီးချင်တဲ့စိတ်က ခုချိန်ထိ မပျောက်သေးဘူး။ ကောင်းပြီလား။ ကောင်းချင်ယောင် ဆောင်နေတာ။ အဲတော့ အတိတ်က မကောင်းတဲ့ဝဋ်ကြွေးတွေဟာ လာမှာလား၊ မလာသေးဘူးလား။

(လာမှာပါ ဘုရား)။

အေး- အဲဒါ ဒီမှာကြည့်၊ ဒီမှာကြည့်၊ ဟောဒီမှာ ကမ္ဘ ဘဝ၊ ကမ္ဘဆိုတာ စေတနာ၊ ဘဝဆိုတာ ရုပ်တည်မှု၊ စေတနာ ပြဋ္ဌာန်းတဲ့ ရုပ်တည်မှု။ ဒါကြောင့်မို့ စေတနာကောင်းရင် ဘဝ ကောင်းတယ်။ ဆေချလုပ်၊ စေတနာမြင့်မြတ်ရင် ဘဝမြင့် မြတ်ပါတယ်။ စေတနာ အထက်တန်းကျရင် ဘဝအထက် တန်းကျတယ်။ စေတနာ ယုတ်နိမ့်ရင်တော့ -

(ဘဝ ယုတ်နိမ့်ပါတယ် ဘုရား)။

ရှင်းတယ်နော်။

(ရှင်းပါတယ် ဘုရား)။

ဟောဒီမှာ ရတနာရှိရာ ရတနာစု ဟုတ်ကဲ့လား။ သူတော်ကောင်းရှိတဲ့နေရာ သူထော်ကောင်းစု၊ ဟုတ်ပြီ၊ လူမိုက်ရှိတဲ့နေရာ -

(လူမိုက်စုပါ ဘုရား)။

ဖဲ့ဝိုင်းက ဘယ်သူစု၊ ဖဲသမားစုမှာပေါ့။

အရက်ဝိုင်းကို -

(အရက်သမားပဲ စုမှာပါ ဘုရား)။

ရှင်းတယ်နော်။

(ရှင်းပါတယ် ဘုရား)။

ချဝိုင်းတို့ -

(ချဲသမားပဲ စုမှာပေါ့ ဘုရား)။

တူရာ တူရာ သူက ဒါမို့ ဒယ်အိုးတစ်လုံးတည်းမှာ နေကြရတာ။ ချဲသမား ဒယ်အိုး၊ ဖဲသမား ဒယ်အိုး သူက ရှင်းလား။ အားလုံး မှတ်ထား မှတ်ထား။

ယောဂီဝတ်ကြီးတွေနဲ့ တရားတွေနာ၊ တပည့်တော်တို့က ဦးသုမင်္ဂလတပည့်။ ဟေ့ ဘဝဏန်းရလဲ။ သွားပါပြီ။ ကျေနပ်တယ်နော်။

အဲဒါ ဒီမှာကြည့်ပါ။ ပစ္စုပ္ပန်စေတနာ ကောင်းရင် အတိတ်က အကောင်းက လာပြီးကျေးဇူးပြုတယ်။ ကံကောင်း ကံကောင်းချင်း တွဲတယ်။ ကံဆိုး ကံဆိုးချင်း -

(တွဲဖါတယ် ဘုရား)။

ခု ခင်ဗျားတို့က ကိုယ့်ကိုယ်ကိုယ် ကောင်းပြီ ပြောပြီး သူများမျက်စောင်းထိုးနေတာ။ တို့စောဟေ့ ကောင်းရောင်း ကောင်းဝယ် လုပ်စားတော့မယ်၊ မကြီးပွားပါဘူး။ ဟိုလူတွေတော့ ဘယ့်နှယ် ကြီးပွားနေတယ် မသိ။ ဒါကတည်းက အဘိဇ္ဈာ။ အဲဒါ ကောင်းတဲ့စိတ်လား၊ မကောင်းတဲ့စိတ်လား။

(မကောင်းတဲ့စိတ်ပါ ဘုရား)။

သူများကြီးပွားတာ မနာလိုနေတာ အဘိဇ္ဈာဘဝနဲ့ သူဟာသူ ဘယ်လိုကြီးပွား ကြီးပွား အတိတ်ကံကောင်းလို့ ကြီးပွားတာ မကောင်းရင် -

(မကြီးပွားပါဘူး ဘုရား)။

ရှင်းလား။ အဲဒီတော့ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်တယ်။ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးတယ်။ ဘယ်လို၊ ဘယ်အချိန်ပေးတာလဲဆိုတော့ အကြောင်းညီညွတ်တဲ့အချိန် ပေးတယ်။ မှတ်ထား။ ဘာတဲ့ အကြောင်းညီညွတ်တဲ့အချိန် ပေးတယ်။

ပစ္စုပ္ပန်မှာ ကောင်းတဲ့စေတနာလေးတွေ စင်ကြယ် အောင်လုပ်နေရင် ကောင်းတဲ့ကံတွေ အကျိုးပေးလာတာ၊ ရှင်းလား။

(ရှင်းပါတယ် ဘုရား)။

သဘောကော ပေါက်သလား။

(ပေါက်ပါတယ် ဘုရား)။

ခင်ဗျားတို့ရှေ့မှာ ဦးသုမင်္ဂလ ဒီမှာ ငယ်ငယ်တုန်းက လုံးဝ ကံမကောင်းဘူး။ ငယ်ငယ်တုန်းက တိုယ်မသုံးတတ်ခင် တုန်းက အိမ်မှာ ငွေတွေပုံနေတာပဲ။ ၁၀ တန်းလည်းမေ့တတ် ကော တစ်ပြားမှမရှိဘူးနော်။

www.burmeseclassic.com

www.burmeseclassic.com

ဥာဏ်ကလည်း ထိုင်းလိုက်တာ ပြောမနေနဲ့။ မင်္ဂလာသုတ်ကို အဖေက ကျွတ်ခိုင်းတယ် ရှင်းလား။ သဘောကောပေါက်သလား။ ၃ တန်း၊ ၄ တန်း၊ အငယ်တွေက ၂ တန်း၊ ၃ တန်း ရှိသေးတယ်။ မင်္ဂလာသုတ် တစ်ရက်တည်းနဲ့ကျက်သူတို့က ရတယ်။ တစ်ယောက် တစ်ရာစီ မုန့်ဖိုးရတယ်။ သုမင်္ဂလ လေးရက်ကျက်ရတယ်။ ဒါတောင် မချောဘူး၊ ဟုတ်ပြီနော်။

အဲဒီလို ဘဝမျိုးကနေပြီးတော့ အများအတွက်၊ သာသနာအတွက် ပေးဆပ်ချင်တဲ့ စေတနာနဲ့ လုပ်ရင်း လုပ်ရင်းနဲ့ ဟော- တရား ရှေ့က ဖတ်တာနဲ့ နောက်က ရပြီးသားပဲ။ ဆုတောင်း ကောင်းလာတယ်။ ကျေးဇူးပြုတာလား၊ ရှင်းတယ်နော်။ နဂိုက ဘာလုပ်လိုက် လုပ်လိုက်၊ ဘာလုပ်လုပ် အစဉ်အဆက် မတည့်ဘူး။ သုမင်္ဂလ လုပ်ဖြစ်တာ များတယ်။ ရှင်းတယ်နော်။

အခု လုပ်သမျှ၊ ထို့ပြင်သမျှလေးတွေ့ တော်တော်အဆင်ပြေလာတယ်။ ကောင်းတာလေးတွေ အကုန်မြင်လာရတယ်။ ကိုယ့်ရှေ့မှာ တပည့်ကောင်းရွေးတွေ့ တွေ့လာရတယ်။ အို- အကြောင်းကောင်းလို့ အကျိုးကောင်းလာရတယ်။ ကျေနပ်ပလား။ သဘောကောပေါက်သလား။

(ပေါက်ပါတယ် ဘုရား)။

ကိုယ့်ကိုယ်ကိုယ် ရှုန်းကန်ရင်းနဲ့ အကြောင်းကောင်းအောင် ကြိုးစားလာရတာ၊ အတိတ်က ဘုန်းကံကြီးလို့တော့ မဟုတ်ဘူး။ အရှင်ဘုရားက ပါရမီ ပါတယ်တဲ့။ ပြောတာ ပြောတာ။ ပါရမီကို ခဏထား၊ ငယ်တုန်းက စကားတောင် လေးလုံးကွဲအောင် ပြောတဲ့ကောင် မဟုတ်ဘူး။ အဲပေါင်းအသင်းနဲ့ တစ်နေကုန် လက်ဖက်ရည်ဆိုင်ထိုင်လို့ တစ်လုံးမှ မပြောဘူး။ ဆေးလိပ် ထိုင်သောက်နေတယ်။ သီချင်းလေး ထိုင်နား ထောင်နေမယ်။ ကျုပ်အလုပ်က သီချင်းရေးမှယ်၊ သီချင်းဆိုမယ်။ ဂီတာ တီးမယ်။ ဒါကလွဲရင် ဘာမှ ဝါသနာမပါဘူး။ စီးပွားရေးလည်း ဘာမှ ဝါသနာမပါဘူး။

အမေက သိပ်ပြောတယ်။ ငပျင်း၊ ငဖျင်း၊ ကျောလျှား ရှည် အပျင်းကြီး၊ နင် ဘုန်းကြီးလုပ်တာပဲ ကောင်းတယ်။ အမြဲတမ်း ပြောတယ်။ ငဖျင်းဆို ဘုန်းကြီးဝတ်တဲ့၊ အဲမေပြောလို့ ဝတ်တာ၊ ဒီမှာ နားကိုမနေရဘူး။ (၁၄)နှစ်ရှိပြီ၊ ပြေးနေရတာ။ ရှင်းတယ်နော်။

အဲဒီတော့ အကြောင်းကောင်းရင် အကျိုးကောင်းတယ်။ အကြောင်းမကောင်းရင် အကျိုးမကောင်း။ အကြောင်း ညီညွတ်တဲ့အချိန် ပေးတယ်။ ဒါကြောင့် သင်ထားစာယ်။ ခင်ဗျားတို့ကို ဖြစ်သမျှအကြောင်း မကောင်း ကောင်းအောင် လုပ်။ ပြန်ပြော။

(မကောင်း ကောင်းအောင် လုပ်ပါမယ် ဘုရား)။

ဖြစ်သမျှအကြောင်း မကောင်း ကောင်းအောင်လုပ်။ ကောင်းအောင် ထိုင်စောင့်နေရမှာလား။ ကောင်းအောင် လုပ်နေရမှာလား။ ကြိုးစားရင်ဖြစ်သလား။ မဖြစ်ဘူးလား။ ခင်ဗျားတို့ အရှေ့က ငပျင်း၊ ငတုံး၊ ငယ်တုန်းက ဝုဏ်ပုဒ်တွေ အပြည့်နဲ့ အိမ်မှာ အချိုးမွမ်းခံရဆုံးပုဂ္ဂိုလ်၊ ဒီနေ့ ခင်ဗျားတို့ကို ဆရာ လာလုပ်တယ်။

အဲဒါ ကောင်းအောင်ထိုင်စောင့်နေတာလား၊ ကောင်းအောင် လုပ်ခဲ့တာလား။ ရတနာရှိရာ ရတနာစုတယ်တဲ့။ အကြောင်းညီညွတ်မှ ပေးတာ။ ရှင်းပြီလား။ သဘောပေါက်ပြီလား။ ကောင်းတဲ့အကျိုးပေးတွေ မလာသေးဘူးဆို ကိုယ်တကယ်မကောင်းသေးဘူးလို့သာ မှတ်ထားလိုက်။ ကျေနပ်သလား ဟေ့။

အသစ်၊ အသစ် စမယ်။ မြစ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ရှိစဉ်အခါတုန်းက အမျိုးသမီးထဲကနေပြီးတော့ ပညာအရာမှ ဧတဒဂ်ရတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရှိတယ်။ မမေးတော့ပါဘူး။ ဘုရားတောင် ဘယ်လိုကန့်တော့်ရမှန်း မသိတဲ့လူတွေ၊ ဒါသွားမေးလို့ ဘယ်ဖြစ်ပါ့မလဲနော်။

အဲတော့ ခုဇ္ဈတ္တရာလို့ ခေါ်တယ်။ သူနာမည်က ခုဇ္ဈတ္တရာ။ ဒါပေမဲ့ ငယ်နာမည်အများက ခေါ်တာ ခုဇ္ဈ။ ခုဇ္ဈဆိုတာ ခါးကုန်းကြီးတဲ့။ အဲတော့ ခါးကုန်းကုန်းနဲ့ ရုပ်ဆိုးဆိုး၊ ရုပ်ဆိုးဆိုးဆိုတာ ခါးကုန်းနေလို့ပါ။ ရုပ်တကယ်ဆိုးတာတော့ မဟုတ်ဘူး။

သူက ဘာလုပ်ရလဲဆိုတော့ သာမာဝတီမိဖုရားနားမှာ အလုပ်အကျွေးခိုင်းတယ်။ ပန်းဝယ်သွားတိုင်း သူ ဘာလုပ်သလဲ။ ပန်းဖိုး ၄ ကျပ်ဖိုး ဝယ်ခိုင်းတယ်။ ပန်းဖိုး ခိုးတယ်။ ၄ ကျပ်ဖိုး ဝယ်ခိုင်းရင် ၂ ကျပ်ဖိုးပဲ ဝယ်ပြီး ၂ ကျပ် ဗုန်းထားတယ်။ ရှေးတုန်းကတည်းက ခိုးတတ်တာနော်။ ဘုရားလက်ထက်ကတည်းက ထက်ဝက်စားတွေ၊ မိဖုရားနား နေတဲ့ဟာတွေ။

(ဆက်ရန်)

ဓမ္မဒါန

❑

လပြည့်ဝန်းမဂ္ဂဇင်း (နိဝင်္ဘာလ၊ ၂၁၁၆)

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ + ကိုရီးယား သာသနာပြုဆရာတော်

ဓနုဇ ဇီဝသိ ဂေါဝိန္ဒာဘိဝံသ (ဒိုက်ဦး)

ဟောကြားတော်မူသော တရားတော်

မချုပ် မမှုန်း အဆုံးအစဲ့

www.burmeseclassic.com

www.burmeseclassic.com

တိုတ်တိုတ်တိုတ်စစ် ဘယ်လိုချစ်မလဲ

အရွယ်ကလေး ရလာသည်နှင့်အမျှ စဉ်းစားတွေးခေါ်မှုနှင့် ခံယူမှုလေးတွေလည်း တဖြည်းဖြည်း ပြောင်းလဲလာမိ၏။ ထိုခံယူမှုများတွင် အချစ်နှင့် ပတ်သက်သည့် အချက်လည်း တစ်ခုအပါအဝင် ဖြစ်၏။ ရဟန်းဖြစ်နေသော်လည်း ပုထုဇဉ်ဖြစ်နေသဖြင့် ချစ်ချင်စိတ်က ရှိနေသေးပြန်၏။ သို့သော် အိမ်ရာတည်ထောင် လူဘောင်၌ရှိသော သူများ၏ အချစ်မျိုးနှင့်ကား ကွဲပြားနေပေ၏။ ရာဂစိတ်ကို ဦးစားမပေးမေတ္တာအတွေးများဖြင့် သံယောဇဉ်တွယ်တာမှုဘက်သာ အဖြစ်များနေတတ်၏။

အသက်လေးဆယ်ဝန်းကျင် ဖခင်အရွယ် ရောက်လာ၍လားမသိ တစ်ခါတစ်ရံ ကလေးသူငယ်များမြင်လျှင် အဖေတစ်ယောက်၏ ခံစားမှုမျိုးဖြင့် သားသမီးများသဖွယ် သံယောဇဉ်က တွယ်ချင်သကဲ့သို့ ဖြစ်နေမိ၏။ တစ်ခါတစ်ရံ ဘဝ၏ ဖြတ်သန်းမှုများကို စဉ်းစားရင်း အသက်အပိုင်းအခြားအလိုက် စိတ်ခံစားမှုများ ကွဲပြားလာရာတွင် ဒုတိယအရွယ်နှင့် တတိယအရွယ်များတွင် ဘဝကို မည်သို့မည်ပုံ ဖြတ်သန်းမည်နည်းဟု မိမိကိုယ်မိမိ မေးခွန်းထုတ်နေမိ၏။

အသက်အရွယ်အလိုက် သံယောဇဉ်အမျိုးမျိုးဖြင့် ချစ်လာခဲ့ရာ ကျန်သည့်အချိန်များတွင် မိမိကိုယ်မိမိ မည်သို့ မည်ပုံ ချစ်မည်နည်းဟူသည့် အတွေးများလည်း ဝင်လာမိ၏။ သူများကို ချစ်နေရာက မိမိကိုယ်မိမိလည်း အလေးအနက် ချစ်သင့်သည်ဟူသည့် အတွေးများဖြင့် "ကိုယ့်ကိုယ်ကိုယ်စစ် ဘယ်လိုချစ်မလဲ" ဟူသည့် မေးခွန်းများလည်း မေးနေမိပြန်၏။

အမှန်အားဖြင့် ပုထုဇဉ်သတ္တဝါမှန်သမျှ အတ္တဟူသည် ရှိနေကြသည်သာ ဖြစ်၏။ ထိုသို့ အတ္တကို အခြေခံထားသဖြင့်လည်း ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ် အမြဲဦးစားပေးနေလေ့ရှိတတ်၏။ အချစ်ဆိုလျှင်လည်း ကိုယ်လိုချင်သလို ချစ်လိုက်ကြသကဲ့သို့ ကိုယ့်ကိုလည်း ချစ်စေချင်တတ်ကြ၏။

အရွယ်အလိုက် မိမိတို့ချစ်ခဲ့ကြသည့် အချစ်များအကြောင်း စဉ်းစားကြည့်သည့်အခါ ငယ်ငယ်ကလေးဘဝကလည်း ကလေးအရွယ်အလျောက် အမေကို ချစ်လိုက်ကြ၊ အဖေကို ချစ်လိုက်ကြ၊ အစိုး အဘွားများကို ချစ်လိုက်ကြနှင့် ချစ်လို့ကို မဆုံးနိုင်သကဲ့သို့ ဆယ်ကျော်သက်အရွယ် ရောက်လာပြန်တော့လည်း ချစ်သူရည်းစားများကို အရူးအမူး ချစ်လိုက်ကြပြန်၏။ နောက် အိမ်ထောင်ကျ၍ သားသမီးများ ထွန်းကားလာပြန်သည့်အခါ သားသမီးများအပေါ် အချစ်များဖြင့် ပုံဖော်တတ်ကြပြန်သကဲ့သို့ အသက်အရွယ်ကြီးရင့်၍ အဘိုးအဘွားအရွယ် ရောက်ပြန်သော်လည်း အချစ်များက မပြတ်နိုင်ဘဲ ဟိုမြေးကို ချစ်လိုက်ရ၊ ဒီမြေးကို ချစ်လိုက်ရနှင့် အချစ်သံယောဇဉ်များသည် အဆုံးမသတ်နိုင်အောင်ပင် ဖြစ်တတ်ကြပြန်၏။

ကလေးငယ်ဘဝမှာလည်း ကလေးဘဝ၊ ကလေးအတွေးဖြင့် မိမိကိုယ်မိမိ ဦးစားပေးသည့်အချစ်၊ ဆယ်ကျော်သက်အရွယ်မှာလည်း မိမိဆန္ဒကို ဦးစားပေးသည့်အချစ်၊ အရွယ်ကလေး ရလာပြန်တော့လည်း မိမိအတွက်ကို ဦးစားပေးသည့်အချစ်များဖြင့် ချစ်ပြီးရင်း ချစ်နေကြရသည့် ဘဝဖြတ်သန်းမှုများတွင် မိမိကိုယ်မိမိ အမှန်တကယ်ချစ်သည့် အချစ်များဖြင့် ချစ်ခဲ့ဖူးပါ၊ ဟူဟုဆိုသော် အတော်စဉ်းစား၍ ဖြေကြရမည့် သဘောရှိ၏။

အချစ်များဖြင့် မကင်းနိုင်သေးသည့် အနေအထားတွင် ဘဝတို့ အသက်အရွယ်အလိုက် အချစ်များဖြင့် ဖြတ်သန်းခဲ့ကြသော်လည်း အသက်အရွယ်ရလာသည့် ဘဝနောင်းပိုင်း အချိန်များတွင်ကား မိမိကိုယ်မိမိ ချစ်သည့်အချစ်များ ပုံစံပြောင်း၍ ချစ်သင့်လှပေ၏။ အရွယ်တိုင်းတွင် ကိုယ့်ကိုယ်ကိုယ် ဦးစားပေးသည့် အတ္တများနှင့် အမျိုးမျိုးချစ်ခဲ့ကြသော်လည်း ဒုတိယအရွယ်မှစ၍ ကျန်အချိန်များတွင်ကား မိမိကိုယ်မိမိ ပုံစံတစ်မျိုးဖြင့် ပြောင်းချစ်သင့်မေ၏။

မိမိက ချစ်လိုက်ရသည့်အခါ၊ မိမိအား ချစ်စေချင်သည့်အခါများသည် တဒင်္ဂအားဖြင့် သာယာဖွယ်ဟု ထင်နိုင်သော်လည်း ထိုအချစ်များသည် အတ္တကို ဦးစားပေးသည့် အချစ်များဖြစ်သဖြင့် မိမိကိုယ်မိမိ အမှန်တကယ်ချစ်သည့် အချစ်များ မဟုတ်လှပေ။ ပုံစံအမျိုးမျိုးဖြင့် ချစ်ခဲ့ကြသည့် အချစ်များသည် တွယ်တာမှု သမုဒယ တဏှာကိုဦးစားပေးပြီး ချစ်ခဲ့ကြသည့် အချစ်များ ဖြစ်နေသဖြင့်လည်း အချစ်ကြီးလေ ခံစားမှုကြီးလေဖြစ်ကာ ဘဝသံသရာမှာလည်း အပြစ်ကြီးလေသာ ဖြစ်နေတတ်ပေ၏။

စင်စစ် မိမိကိုယ်မိမိ အမှန်တကယ် ချစ်ပါက ဘဝသံသရာအရေး အလေးပေးသည့် အချစ်များဖြင့် ချစ်နိုင်အောင် ကြိုးစားရမည်ဖြစ်၏။ ဘဝသံသရာ နစ်မွန်းစေမည့် အချစ်များကို ရှောင်ရှား၍ ဘဝသံသရာ လွတ်မြောက်ရာ လမ်းကို ရွေးချယ်ကာ မိမိကိုယ်မိမိ ချစ်နိုင်အောင် ကြိုးစားကြရမည်သာဖြစ်ပါ၏။ တဒင်္ဂခံစားမှုကို ဦးစားပေး၍ သံသရာ

www.burmeseclassic.com

www.burmeseclassic.com

နှင့်ခွဲသည့် ပေးဆပ်မှုမျိုး မဖြစ်အောင် မိမိကိုယ်မိမိ ထိန်းသိမ်းစောင့်ရှောက်ကြရမည်သာ ဖြစ်၏။ တွယ်တာမှု ဘဲယောဇဉ်ကို ဦးစားပေးသည့် အချစ်များမှ ရုန်းထွက်ကာ အကျင့်တရားကို ဦးစားပေးသည့် လေ့ကျင့်နေထိုင်မှုမျိုးဖြင့် မိမိကိုယ်မိမိ ချစ်နိုင်အောင် အားထုတ်ကြရမည်သာ ဖြစ်ပါ၏။

လုပ်မိမှားနေသည့် မကောင်းမှု ဒုစရိုက်အမှုများမှ ရှောင်ရှားကာ မလုပ်ဖြစ်သေးသည့် ဒါန၊ သီလ၊ ဘာဝနာ အလုပ်များကို လုပ်ဆောင်ရန်း မိမိကိုယ်မိမိ အမှန်ချစ်နိုင်အောင် ကြိုးစားကြရမည်သာ ဖြစ်၏။ ဤသို့ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်သည့် နေထိုင်မှုမျိုးသည်သာ အမှန်တကယ် မိမိကိုယ်မိမိ ချစ်ရာရောက်မည် ဖြစ်၏။

မြတ်စွာဘုရားရှင်က "မိမိကိုယ်မိမိ ချစ်အပ်၏ဟု သိပါမူ ထိုမိမိကိုယ်မိမိ ကောင်းမွန် စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ရာ၏။ ပညာရှိသည် အရွယ်သုံးပါးတွင် တစ်ပါးပါးသော အရွယ်၌ (လွဲလပြုကာ) သုတ်သင်ရာ၏" ဟု ဟောကြား ဆုံးမကာ မိမိကိုယ်မိမိ အမှန်ချစ်ပါက အကောင်းဆုံးပုံစံဖြင့် ပြင်ဆင်၍ အသက်အရွယ်အလိုက် အပြစ်ကင်းအောင် နေထိုင်ကြရန် မိန့်တော်မူ၏။

မိမိကိုယ်မိမိ အမှန်တကယ် ချစ်သည့်သူသည် အရွယ်သုံးပါးတို့တွင် သင့်လျော်သည့်အရွယ်၌ အနှောင့်အဖွဲ့များမှ ရုန်းထွက်ကာ ကုသိုလ်တရားများဖြင့် နေထိုင်နိုင်အောင် ကြိုးစားကြရမည်သာ ဖြစ်ပါ၏။ သူများကို ချစ်ဖို့ထက် မိမိကိုယ်မိမိ အရွယ်တိုင်းတွင် အပြစ်ကင်းအောင် ကြိုးစားရင်း အမဲ့နစ်စစ် ကိုယ့်ကိုယ်ကိုယ် ချစ်နိုင်အောင် အားထုတ်ကြရမည်သာ ဖြစ်ပါ၏။

မှန်၏။ အခြိုန်မရွေး၊ အရွယ်မရွေး၊ နေရာမရွေး ရောက်လာနိုင်သည့် သေခြင်းတရားအရ သူများကိုချည်း ချစ်နေ၍ မဖြစ်ပေ။ ငယ်ရွယ်သူများသည်လည်း ယ်ရွယ်သည့် အလျောက် မိမိတို့စွမ်းနိုင်သည့် ကောင်းမှုကုသိုလ်များကို ပြုလုပ်ရင်း ကိုယ့်ကိုယ်ကိုယ် ချစ်နိုင်အောင် ကြိုးစားရမည် ဖြစ်သကဲ့သို့ ဒုတိယအရွယ်၊ တတိယအရွယ်များသို့ ချဉ်းကပ်လာသူများအနေဖြင့်ကား ပို၍ပင် ကုသိုလ်ရေးကို အလေးပေးကာ မိမိကိုယ်မိမိ ချစ်နိုင်အောင် ကြိုးစားကြရမည်သာ ဖြစ်၏။ အသက်အရွယ်အလိုက် ကုသိုလ်ရေးကို အားစိုက်နိုင်မှသာ အမှန်တကယ် မိမိကိုယ်မိမိ ချစ်ရာရောက်နိုင်မည်ဖြစ်၏။

အချစ်သံယောဇဉ်ဟူသည် ထိုသံယောဇဉ်မှ ရုန်းထွက်နိုင်မှသာ ပူလောင်မှုမှ လွတ်မြောက်နိုင်ပြီး မရုန်းထွက်ပါက အရွယ်ရလာသော်လည်း သံယောဇဉ်သည် ကုန်လာမည် မဟုတ်ဘဲ ပို၍သာ ချည်နှောင်ထားတတ်ပေ၏။ သံယောဇဉ်မှ ရုန်းထွက်ရာတွင် ကုသိုလ်တရားများကို ကြိုးစားလုပ်ဆောင်ခြင်းဖြင့်သာ အကောင်းဆုံး ရုန်းထွက်ခြင်း ဖြစ်၏။ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ကုသိုလ်တရားများကို စွမ်းနိုင်သမျှ အားထုတ်ကြခြင်းသည် အနှောင်အဖွဲ့ သံယောဇဉ်အချစ်များကို လျော့ချခြင်းဖြစ်သဖြင့် မိမိကိုယ်မိမိလည်း အမှန်တကယ် ချစ်ရာ ရောက်နေမည်သာ ဖြစ်၏။

ဘစ်ခါတစ်ရံ စာရေးသူ၏ ပတ်ဝန်းကျင်ရှိ လူအချို့အား သတိပြုမိ၏။ အချို့သူများသည် အသက်အရွယ်အား ဖြင့် ငယ်လွန်သည့်အရွယ် မတုတ်ကြသော်လည်း လုပ်နေသည့် လုပ်ရပ်များကား ငယ်ရွယ်သူများထက်ပင် ပိုဆိုးနေသည်ဟု ထင်ရ၏။ အချစ်များကို လျှော့ပြီး အနှစ်များဖြင့် နေကြရမည်ဖြစ်သော်လည်း ဟိုသံယောဇဉ်၊ ဒီသံယောဇဉ်၊ ဟိုအချစ်၊ ဒီအချစ်များဖြင့် သံသရာလည်နေကြသည့် သဘောရှိ၏။

မိမိအသက်အရွယ်အရ ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်၊ ကိုယ့်ကိုယ်ကိုယ် ပြင်ဆင်ပြီး ကုသိုလ်အရေးများဖြင့် အလေးပေးကာ လေ့ကျင့်နေထိုင်ကြရန် စိတ်ကူးမရှိသေးဘဲ မည်သို့မည်ပုံ ပျော်ပါးစားသောက်ကြမည်ကိုသာ တွေးနေတတ်ကြပေ၏။

အရွယ်ရလာ၍ မိမိကိုယ်မိမိ မပြုပြင်ကြလျှင် မည်သည့်အရွယ်၊ မည်သည့်အချိန်တွင် ပြုပြင်ကြ၊ ဆင်ခြင်ကြမည်နည်း ဆိုသည်ကို မေးခွန်းထုတ်ရမည့် သဘောရှိ၏။ အချိန်လွန်၊ အရွယ်လွန်မှ သံဝေဂရမည်ဆိုပါက နောင်တ၏နောက်တွင် သောက၊ ပရိဒေဝများသာ ရောက်နေကြမည် ဖြစ်၏။

အသက်အရွယ်ဆိုသည်မှာ သေချာပေါက် ပြောင်းမရသကဲ့သို့ မည်သည့်အရွယ်တွင် မည်သို့မည်ပုံ နေထိုင်ကြရမည် ဆိုသည်ကိုလည်း အတိအကျ ပုံစံချထား၍ မရဲ့ပေ။ တစ်နှစ်ထက်တစ်နှစ် ကြီးရင့်လာသည့် မိမိကိုယ်မိမိသာ သတိပြုဆင်ခြင်၍ ပြုပြင်နေထိုင်ကြရမည်သာ ဖြစ်၏။ အရွယ်ရလာသည်နှင့်အမျှ မိမိကိုယ်မိမိ ပြုပြင်ထိန်းသိမ်းမှုများသည်လည်း ရင့်ကျက်ကြရမည်သာ ဖြစ်ပါ၏။ ဂလေးကလား သံယောဇဉ်အချစ်များကို လျှော့ချ၍ ဘဝသံသရာ ကျင်လည်ရာတွင် ကောင်းရာရောက်ကြောင်း အကျင့်ကောင်းများကို ကျင့်သုံးနေထိုင်ရင်း မိမိကိုယ်မိမိ အမှန်ချစ်နိုင်အောင် ကြိုးစားကြရမည်သာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

မည်သူက မည်သို့ပင်ဆိုကြားလည်း အမှန်ကတယ် ပြုပြင်သွားရမည်ကား မိမိကိုယ်တိုင်သာ ဖြစ်ပါ၏။ ယခင်က မိမိကိုယ်မိမိ ချစ်ရေးထက် သူများကို ချစ်ရေး ဦးစားပေးခဲ့ကြသော်လည်း အရွယ်ရလာသည်နှင့်အမျှ ကိုယ့်ကိုယ်ကိုယ် ချစ်နိုင်ရေးအတွက် အလေးပေးရန် လိုအပ်လှ၏။ အရွယ်ရလာသည်နှင့်အမျှ ကုသိုလ်ကောင်းမှုများကို ကြိုးစားအားထုတ်ခြင်းသည်သာ အမှန်စင်စစ် ကိုယ့်ကိုယ်ကိုယ် ချစ်ခြင်းပင်ဖြစ်၏။

ထို့ကြောင့် မည်သူမဆို တဖြည်းဖြည်း အကျပိုင်းသို့ ချဉ်းကပ်လာကြသည့် မိမိတို့၏ အသက်အရွယ်အရ သူများကို ချစ်ရန်ထက် မိမိကိုယ်မိမိ ချစ်နိုင်အောင် ကြိုးစားကြရမှာ ဖြစ်သဖြင့် မိမိကိုယ်မိမိ အမှန်ချစ်ရာရောက်စေရန် လက်ရှိတွယ်နေကြသည့် အချစ်သံယောဇဉ်များမှ ရုန်းထွက်ကာ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ကြိုးစားအားထုတ်ရင်း မလုပ်ဖူးသေးသည့် ဒါန၊ မစောင့်ဖူးသေးသည့် သီလ၊ မပွားဖူးသေးသည့် သမထ ဝိပဿနာ ဘာဝနာတို့ကို ပွားများအားထုတ်လျက် အရွယ်လွန်အချစ်မှ သံသရာလွန်မြောက် ချမ်းသာရောက်စေသည့် အချစ်များအဖြစ် ကိုယ့်ကိုယ်ကိုယ့်စစ် ချစ်ကြည့်ကြရမှာ ဖြစ်ပါကြောင်း စေတနာထား မေတ္တာအားဖြင့် အသိပေးစကား ပါးလိုက်ရပါသည်။

❖

အပြောနှင့် အလုပ်

"အပြောလွယ်သလောက် အလုပ်ခက်၏" ဟူသောမြန်မာစကားရှိ၏။ လောကတွင် အပြောလွယ်သော်လည်း လက်တွေ့လုပ်သည့်အခါ ခက်ခဲတတ်ကြောင်း ဆိုလိုရင်းဖြစ်၏။ အပြောနှင့်အလုပ် ထပ်တူကျရန် မလွယ်လှသည့်သဘောကို ညွှန်းဆိုလိုဟန်ရှိ၏။ ခပြာသူကိုယ်တိုင်လည်း မိမိပြောသည့်အတိုင်း မလုပ်နိုင်သည်များရှိသဖြင့် အချို့က "ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့ (Do as I say not as I do)" ဟု ဆိုလေ့ရှိကြ၏။

စင်စစ် ပုထုဇဉ်များ ဖြစ်နေကြသဖြင့်လည်း အပြောနှင့်အလုပ် ထပ်တူကျနိုင်ရန် မလွယ်လှပေ။ အချို့မှာ အပြောကောင်းသော်လည်း အလုပ်မကောင်း ဖြစ်တတ်ပြီး အချို့ကား အပြောမကောင်း အပြောကြမ်းသော်လည်း အလုပ်ကောင်းပြီး အကောင်းလုပ်သဲ့သဲ့များလည်း ရှိတတ်၏။ အချို့ကား အပြောမကောင်း၊ အလုပ်လည်းမကောင်းဖြစ်တတ်ပြီး အချို့ကား အပြောလည်းကောင်း အလုပ်ကောင်းသည်လည်း ရှိတတ်ပြန်၏။

ဤ၌ အပြောကောင်းခြင်းဟူသည် သာယာနာပျော်ဖွယ် အပြောအဆို အသုံးအနှုန်းများ၊ မြှောက်ပင့်ပြောဆိုသည့် အသုံးအနှုန်းများ၊ လိမ်ညာပြောဆိုသည့် အသုံးအနှုန်းများဖြင့် အပြောကောင်းခြင်းကို ဆိုလိုသည်မဟုတ်၊ အကောင်းပြောတတ်ခြင်း၊ အကုသိုလ် မဖြစ်အောင် ပြောဆိုတတ်ခြင်းကို ဆိုလို၏။

အလုပ်လည်း ထို့အတူပင်၊ အကုသိုလ်မဖြစ်၊ အပြစ်မဖြစ်သည့် အလုပ်များကို လုပ်ကိုင်ဆောင်ရွက်နေခြင်းကိုပင် အလုပ်ကောင်းဆည်ဟု ဆိုလို၏။

အပြောကောင်းခြင်း၊ အကောင်းပြောခြင်းနှင့် အလုပ်ကောင်းခြင်း၊ အကောင်းလုပ်ခြင်းတို့သည် တစ်ထပ်တည်း ဖြစ်ရန် မဖြစ်နိုင်ကြပေ။ မိမိကိုယ်တိုင် မိမိ၏အပြောနှင့်အလုပ် ထပ်တူမကျနိုင်သကဲ့သို့ သူတစ်ပါးအပေါ် တွင်လည်း အပြောနှင့်အလုပ် ထပ်တူဖြစ်ရန် မလုပ်ပေးနိုင်ကြပေ။ တစ်ခုမဟုတ်ကစ်ခု ချို့ယွင်းနေကြမည်သာ ဖြစ်၏။

အချို့က မိမိကိုယ်တိုင်က အပြောနှင့်အလုပ် ထပ်တူမဖြစ်သော်လည်း သူတစ်ပါးတို့အား ထပ်တူဖြစ်စေလိုကြ၏။ သူတစ်ပါးတို့အား 'ဘယ်လိုပြော ဘယ်လိုလုပ်' စသည်ဖြင့် အမိန့်ပေး ညွှန်ပြတတ်သော်လည်း မိမိကိုယ်တိုင်ကား ထိုသို့ မလုပ်နိုင်သည်ကို တွေ့ရတတ်၏။

ထို့ကြောင့် ပညာရှိများက

"သူတစ်ပါးတို့အား မိမိ၏ အယူဝါဒများကို လက်ခံလိုက်နာအောင် ပြောဆိုညွှန်ပြနိုင်၊ သူတစ်ပါးတို့အား အပြောနှင့်အလုပ် ထပ်တူဖြစ်အောင် ဆုံးမသွန်သင်နိုင်သော်လည်း မိမိကိုယ်တိုင်ကား မိမိညွှန်ပြ ဆုံးမသည့်အတိုင်း လက်ခံလိုက်နာ နေထိုင်ရန်မှာ ခဲယဉ်းလှသည်" ဟု ဆိုခြင်းဖြစ်၏။

မြတ်စွာဘုရားရှင် လက်ထက်က ပဓာနိကတိဿအမည်ရှိ မထေရ်တစ်ပါးရှိ၏။ ထိုမထေရ်သည် ဘုရားရှင်အထံတော်မှ ကမ္မဋ္ဌာန်းတရား အားထုတ်နည်းကို သင်ယူပြီး အခြားသော ရဟန်းငါးရာတို့နှင့်အတူ တောတွင်းတစ်နေရာတွင် ဝါဆိုဝါကပ်မှုကို ပြုလေ၏။ ပဓာနိကတိဿမထေရ်သည် မထေရ်ကြီးဖြစ်သည့်အားလျော်စွာ အခြားရဟန်းတော်များအား ပြောဆိုဆုံးမတော်မူ၏။ ပဓာနိကတိဿမထေရ်က

"ငါရှင်တို့၊ အရှင်ဘုရားတို့ဟာ သဲ့တော်ထုံရှင်ဘုရားရှင်ထံက ကမ္မဋ္ဌာန်းတရားကို သင်ယူခဲ့တဲ့အတွက် အဲဒီ

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘဏ်းကို မမေ့မလျော့တဲ့ သတိနဲ့ အားသွန်ခွန်စိုက် ကြိုးစားအားထုတ်ကြရမှာဖြစ်တယ်၊ ကြိုးစားအားထုတ်ဖို့ လည်း တိုက်တွန်းပါတယ်" စသည်ဖြင့် အခြားသော ရဟန်း တို့အား အလုပ်ကောင်းရန် ပြောဆိုတိုက်တွန်းတော်မူ၏။

သို့သော် သူကိုယ်တိုင်ကား ကမ္ဘဏ်းတရား အားထုတ်ခြင်းမရှိဘဲ ကျောင်းတွင်းသို့ သွားရောက်၍ လဲလျောင်း အိပ်စက်တော်မူလေ့ရှိ၏။ အခြားသော ရဟန်းတော်များသည် ကား ည၏ ပထမယာမ်တွင် စင်္ကြံလျှောက်ကာ တရားမှတ်ပြီး မဇ္ဈိမယာမ်တွင် ကျောင်းတွင်းသို့ ဝင်ကြကုန်၏။ ထိုအခါ ပဓာနိကတိဿမထေရ်သည် အိပ်ရာမှ နိုးလာပြီး ဘုရား သော ရဟန်းတို့ထံ သွားရောက်ကာ -

"အရှင်ဘုရားတို့က တရားအားမထုတ်ဘဲ အိပ်ပဲအိပ် နေတာပဲ" ဟုပြောဆိုကာ တရားအားထုတ်ခိုင်းပြီး သူကိုယ် တိုင်ကား ကျောင်းတွင်းသို့ပြန်ဝင်ကာ အိပ်စက်လေ၏။ အခြားရဟန်းတို့သည် ဗဒ္ဓိမယာမ်တွင် စင်္ကြံလျှောက် တရား အားထုတ်ပြီး ပစ္ဆိမယာမ်ခေါ် ည၏နောက်ဆုံးအချိန်တွင် ကျောင်းတွင်းသို့ ဝင်ကြလေ၏။ ထိုအခါတွင်လည်း ပဓာနိက တိဿမထေရ်သည် အိပ်ရာမှ နိုးလာပြီး ရှေးနည်းအတိုင်းပင် ပြောဆိုလေ၏။

ဤသို့ဖြင့် နေ့စဉ်ပြောဆိုလာသည့်အခါ နောက်ဆုံး တွင် အခြားသောရဟန်းများမှာ တရားအားထုတ်၍ မရနိုင်ဘဲ စိတ်အစဉ် မွဲတည်မငြိမ်ဖြစ်၍သာ နေပေ၏။ ထိုသို့ဖြစ်သည့် အခါ မိမိတို့၏ ဆရာမထေရ်ဖြစ်သည့် ပဓာနိကတိဿမထေရ် သည် မည်သို့မည်ပုံ အားထုတ်နေသည်ကို သိရှိလိုလာသဖြင့် တိတ်တဆိတ် စုံစမ်းကြရာ တရားအားမထုတ်ဘဲ အိပ်စက်ပြီး သာ နေလေ့ရှိသည့်အဖြစ်ကို သိရပြီး -

"ငါ့ရှင်တို့၊ ငါတို့ကား ရေလိုက်လွှဲသွားခဲ့ကြပြီ၊ ငါတို့ ဆရာကား ငါတို့အား အချည်းနှီးသာ မြည်တွန်ပြောဆိုပြီး သူကိုယ်တိုင်က ဘာတရားမှ အားမထုတ်ဘဲ နေနေတယ်" စသည်ဖြင့် ပြောဆိုကာ ကိုယ်စိတ်ပင်ပန်းခြင်းသာ ဖြစ်ခဲ့ကြ ပြီး တရားတစ်စုံတစ်ရာမဲ့ရဘဲ ထို့ဝါတွင်းကို ကုန်လွန်ခဲ့ရတော့ ၏။ ဝါကျွတ်၍ ဘုရားရှင်ထံ အဖူးမြော်ရောက်ကြသည့်အခါ ဘုရားရှင်က တရားအားထုတ်မှု အဆင်ပြေ၊ မပြေ မေးမြန်း သဖြင့် ဖြစ်ကြောင်းကုန်စင်ကို လျှောက်ထားကြ၏။

ထိုအခါ မြတ်စွာဘုရားရှင်က -

"သူတစ်ပါးကို ဆုံးမသော နည်းအတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ရာ၏။ မိမိကိုယ်တိုင် ယဉ်ကျေးပြီးသော်မှသာ သူတစ်ပါးကို ဆုံးမရာ၏။ မိမိကိုယ်မိမိ ယဉ်ကျေးအောင် ဆုံးမ ရခြင်းသည် ခဲယဉ်းလှစွာတကား" ဟူ၍ တရားစကား ဟော ကြားတော်မူ၏။ ထိုဒေသနာတော်၏ အဆုံးတွင် ရဟန်းငါးရာ တို့သည် အရဟတ္တဖိုလ်၌ တည်လေ၏။ (ခဗ္ဗပဒ၊ အတ္ထဝဂ်၊ ပဓာနိကတိဿမထေရ်ဝတ္ထု)

အထက်ပါ ဒေသနာတော်အရ ပဓာနိကတိဿ မထေရ်၏ လုပ်ရပ်နှင့် မြတ်ဗုဒ္ဓ၏ ဟောကြားချက်များသည် ဆင်ခြင်သင့်၊ လိုက်နာသင့်သည့် အချက်များပင် ဖြစ်၏။ ပဓာနိကတိဿမထေရ်၏ လုပ်ရပ်များအတိုင်း မိမိတို့အနေ ဖြင့် မလုပ်မိရန် သတိပြုဆင်ခြင်သင့်ပြီး မြတ်ဗုဒ္ဓ မိန့်တော်မူ သည့်အတိုင်း လိုက်နာကျင့်သုံးသင့်၏။ ပဓာနိကတိဿ မထေရ်သည် အပြောသာရှိပြီး အလုပ်မရှိသည်ကို တွေ့ရ၏။ အပြောကောင်းပြီး အလုပ်မကောင်းသည်ကို သိမြင်နိုင်၏။

မြတ်ဗုဒ္ဓသည် ထိုသို့သော လုပ်ရပ်များကို အားမပေး ပေ။ မြတ်ဗုဒ္ဓကား အပြောနှင့်အလုပ် ထပ်တူဖြစ်စေလို၏။ မည်သူမဆို သူတစ်ပါးတို့အား ပြောဆိုဆုံးမမှု မပြုမီ မိမိကိုယ် တိုင် ရှေးဦးစွာ မိမိပြောဆိုဆုံးမသည့်အတိုင်း ပြုမူစေလို၏။ မိမိကိုယ်မိမိ ယဉ်ကျေးအောင် ကျင့်ကြံနေထိုင်ပြီးမှသာ အခြားသူများကို ဟောပြောပေးစေလို၏။ ဆိုလိုသည်မှာ အပြောနှင့်အလုပ် ထပ်တူဖြစ်စေလိုခြင်းပင် ဖြစ်၏။

သို့သော် မျက်မှောက်ခေတ်တွင်ကား အပြောနှင့် အလုပ် ထပ်တူမဖြစ်သူများ အများအပြား ရှိနေပေ၏။ အပြောတခြား အလုပ်တခြားဖြင့် အမှားမှား ဖြစ်နေသူများ ရှိနေကြ၏။ မိမိကိုယ်တိုင်က အမှားလုပ်နေ၊ မကောင်းသည် များကို လုပ်နေသော်လည်း အခြားသူများကိုကား အကောင်း လုပ်စေလို၊ အမှန်လုပ်စေလိုကြ၏။

အထူးသဖြင့် မိသားစု အသိုင်းအဝိုင်းများတွင် ထိုကိစ္စ များ များကြာခဏ ဖြစ်လေ့ရှိတတ်၏။ အဖေကိုယ်တိုင်က အရက်ကလေး တမြမြ၊ ဖဲကလေး တစစဖြင့် မဟုတ်သည့် လုပ်ရပ်များတွင် ကျင်လည်နေသော်လည်း သားသမီးများကို ကား အမှားတစ်ခုခု လုပ်မိလျှင် ဆူပူကြိမ်းမောင်းကာ ရိုက် နှက်ဆုံးမတတ်သည်အထိ ပြုတတ်သည့် ဖခင်များ ရှိ၏။ ထိုဖခင်များသည်ကား အထက်တွင် ပြောခဲ့သည့်အတိုင်း ငါပြောသလိုလုပ် ငါလုပ်သလိုမလုပ်နှင့် ဆိုသည့် ဖခင်များသာ ဖြစ်နေပေ၏။

စင်စစ် ထိုသို့မဖြစ်သင့်ပေ။ မိဘဖြစ်စေ၊ ဆရာသမား ဖြစ်စေ၊ သားသမီးများ၊ တပည့်များအား ဆုံးမပြောဆို

www.burmeseclassic.com

www.burmeseclassic.com

သွန်သင်မှုကို ပြုကြမည်ဆိုလျှင် ရှေးဦးစွာ မိမိကိုယ်တိုင် မိမိကိုယ်မိမိ ပြုပြင်ကာ မိမိ၏အပြောနှင့်အလုပ် ထပ်တူဖြစ်စေရန် အားထုတ်သင့်၏။ မိမိကိုယ်တိုင် မိမိပြောသည့် အတိုင်း လက်တွေ့လိုက်နာ နေထိုင်မှုကို ပြုပြင်ပြီးမှသာ သားသမီးများ၊ တပည့်များအား ပြောဆိုဆုံးမခွင့် ရှိသင့်၏။

ဤမြတ်စွာ မိန့်မှာတော်မူသကဲ့သို့ မိမိ၏ သားသမီး၊ တပည့်များအား ဆုံးမသည့်အတိုင်း မိမိကိုယ်တိုင် လိုက်နာ ပြုကျင့်ပြီးမှသာ သူတစ်ပါးတို့အား ဆုံးမသွန်သင်မှုကို ပြုသင့်ပေ၏။ သို့မှသာ အပြောခံရသူ၊ အဆုံးမ ခံရသူများသည် မိဘစကား၊ ဆရာစကား ရှိသေမှုနှင့် လွန်ခံလိုက်နာပြုမည် ဖြစ်ပါ၏။

စကားစပ်၍ ဒကာတစ်ယောက်အကြောင်း ဆက်ရေး သေး၏။ ထိုဒကာသည် မကောင်းသတင်းများဖြင့်သာ ထင်ရှားလေ့ရှိသည့် ဒကာဖြစ်၏။ မကောင်းမှုတွင် ပျော်ပါးလေ့ ရှိသူတစ်ယောက် ဖြစ်၏။ သို့သော် သူသည် မိမိကိုယ်တိုင်ကား မဟုတ်သည်များဖြင့် ကျင့်လည်လေ့ ရှိသော်လည်း အခြားသူများအား "ဟိုဟာ မလုပ်ဖို့၊ ဒါမလုပ်ဖို့၊ ဇိုလို မနေဖို့ ဒီလို မနေဖို့" စသည်ဖြင့် ပြောဆိုလေ့ရှိသည်ဟုဆို၏။

သူတစ်ပါးအား မည်မျှပင် ပြောဆိုနေသော်လည်း မိမိကိုယ်တိုင်က မဟုတ်သည်များဖြင့် ကျင့်လည်နေသူ ဖြစ်သဖြင့် သူ့စကားအား သောတရာမှတ်ယူကြောင်း မကောင်း တတ်သဖြင့်သာ ရှေ့တွင် [illegible] ရာတွင် မကောင်းပြောနေကြသည်က များနေပေ၏။ ဒကာသည် ထိုသဘောကို မသိဘဲ မိမိကိုယ်တိုင်က မကောင်းသည့် အလုပ်များဖြင့် နေလေ့ရှိသော်လည်း အခြားသူများအား ဤသို့ဤပုံ ပြုမူရန်သာ ပြောဆိုပြီး ပြောဆိုနေလေ့ရှိ၏။

သူ့အဖြစ်ကိုကြည့်ကာ ဤကဲ့သို့သောသူများကြောင့် မြတ်စွာဘုရားရှင်က "သူတစ်ပါးကို ဆုံးမသော နည်းအတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ရာ၏" ဟု ဟော တော်မူခြင်း ဖြစ်ကြောင်း သဘောပေါက်မိ၏။

ဆိုလိုသည်မှာ အခက်တကာ့ အခက်ဆုံးတွင် မိမိကိုယ်ကို ပြုပြင်ဆုံးမရန်မှာ အခက်ဆုံးဖြစ်သည်ဟု ဆိုကြသကဲ့သို့ လက်တွေ့ဘဝတွင်လည်း မိမိကိုယ်မိမိ အပြောလည်းကောင်း၊ အလုပ်လည်းကောင်းပြီး အပြောနှင့်အလုပ် ထပ်တူဖြစ်ရန် မလွယ်လှကြောင်း ဆိုလိုရင်းဖြစ်ပါ၏။

ထိုသို့ မလွယ်လှသဖြင့် သူတစ်ပါးတို့အား ပြောဆိုဆုံးမမှု မပြုမီ မိမိကိုယ်မိမိ ရှေးဦးစွာ ယဉ်ကျေးအောင် ပြုပြင်နေထိုင်သင့်ကြောင်း သိစေလိုရင်း ဖြစ်၏။ မိမိကိုယ်တိုင် အပြောနှင့်အလုပ် ထပ်တူဖြစ်ရန် ကြိုးစားသင့်ကြောင်း တိုက်တွန်းလိုရင်း ဖြစ်ပါ၏။

[illegible] လောကတွင် အပြောနှင့်အလုပ် တစ်ထပ်တည်းကျရန် မလွယ်လှသော်လည်း ကြိုးစားအားထုတ်ဖြင့် တဖြည်းဖြည်း ပြုပြင်ကြရန်မှာ ဖြစ်နိုင်သည့် အရာဖြစ်သည် မရှိနိုင်ပါ။ ရှေးဦးစွာ မိမိတို့ကိုယ်မိမိ တစ်နည်း အားဖြင့် မိမိစိတ်ကို ပြုပြင်ကြည့်ကြရန် ဖြစ်ပါ၏။

သူတစ်ပါးတို့အား မပြောဆိုမီ မိမိကိုယ်တိုင် မိမိဖြစ်စေချင်သည့်အတိုင်း လက်တွေ့ကျင့်ကြံနာ ကျင့်သုံးပြရန် လိုအပ်ပေ၏။ မိမိပြောသည့်အတိုင်း မိမိကိုယ်တိုင် နေထိုင်ပြုကျင့်ကြိုးစားသင့်ပေ၏။ သို့မှသာ မိမိ၏ဆုံးမသွန်သင်ခြင်း အပြောကောင်း၊ အလုပ်ကောင်းသူတစ်ဦး ဖြစ်လာမည်ဖြစ်ပြီး မိမိကို အမှီပြုကြသူများသည်လည်း မိမိပြောသည့်အတိုင်း လက်ခံလိုက်နာကြမည်သာ ဖြစ်ပါ၏။

ထို့ကြောင့် မည်သူမဆို သူတစ်ပါးတို့အား မည်သို့မည်ပုံ ပြုလုပ်နေထိုင်ရန် ပြောဆိုနှိပ်ဆော်လည်း မိမိကိုယ်တိုင်ကား မိမိပြောသကဲ့သို့ လိုက်နာကျင့်ဆုံးရန် မလွယ်ကူလှသဖြင့် သူတစ်ပါးတို့အား မပြောကြားမီ ရှေးဦးစွာ မိမိကိုယ်တိုင် အပြောကောင်းပြီး အလုပ်ကောင်းသူများ ဖြစ်စေရန်၊ မိမိ၏ အပြော [illegible] အပြစ်ကင်းသည့်အပြော၊ အပြစ်ကင်းသည့်အလုပ်များ ဖြစ်စေရန်၊ အပြောနှင့်အလုပ် ထပ်တူဖြစ်စေရန် ကြိုးစားရင်း မိမိကိုယ်မိမိ ယဉ်ကျေးအောင် ဆုံးမရန် ခက်ခဲလှသည့်အဖြစ်မှ ကောင်းလွတ်စေလျက် ဆိုဆုံးမ လွယ်သူအဖြစ်ဖြင့် မိမိ၏အပြောနှင့် မိမိ၏အလုပ် အကောင်းဆုံးဖြစ်အောင်သာ ကြိုးစားကြပါဟု တိုက်တွန်းသမှု ပြုလိုက်ရပါသည်။

❖

လောဘခံတူသည်

လောဘရှိ လူသားတို့၏ တွေ့ကြုံရမည့် သဘောဓာတ်ကို လောကဓမ္မ (လောကခံ)ဟု ခေါ်၏။

လူသားတို့၏ ဖြစ်မနေ တွေ့ကြုံခံစားရမည့် ယင်း လောကခံတရားများမှာ-

(၁) လာဘ်လာဘ ပေါများခြင်း၊
(၂) လာဘ်လာဘ မရှိခြင်း၊
(၃) အခြံအရံ မိတ်ဆွေအပေါင်းအသင်း ပေါများခြင်း၊

www.burmeseclassic.com

www.burmeseclassic.com

(၄) အခြားအင် မိတ်ဆွေအပေါင်းအသင်း မရှိခြင်း၊
(၅) ချီးမွမ်းခံရခြင်း၊
(၆) ကဲ့ရဲ့ခံရ၊
(၇) ချမ်းသာခြင်း၊
(၈) ဆင်းရဲခြင်း ဟူသော ဤတရားရှစ်ပါးပင် ဖြစ်၏။

ဤတရားရှစ်ပါးကို မတွေ့ကြုံဖူးသူ၊ မခံစားဖူးသူ တစ်စုံတစ်ယောက်မျှ ရှိမည်မဟုတ်မပေ။ အားလုံး တွေ့ကြုံခံစားဖူးကြမည်သာ ဖြစ်၏။

လောကခံရှစ်ပါးတွင် အကောင်းလောကခံရှိသကဲ့သို့ အဆိုးလောကခံလည်းရှိ၏။ သို့သော် အကောင်းလောကခံနှင့် ကြုံသည့်အခါ အားလုံး နှစ်သက်သဘောကျပြီး မည်သူကမျှ 'ဒါလည်းပဲ လောကခံပါလား' ဟု ဆင်ခြင်ကာ သတိနှင့် နေမည်ဟူသည့်အတွေး မရှိကြပေ။ စင်စစ် ဤအကောင်း လောကခံသည်လဲလည်း မည်သူမဆို မလွဲမသွေ တွေ့ကြုံရမည့် လောကခံပင် ဖြစ်၏။

မည်သူမျှ အကောင်းချည်းပဲ မရှိနိုင်သကဲ့သို့ အဆိုးချည်းများနှင့်လည်း မရှိနိုင်ပေ။ အကောင်း အဆိုးတွဲပြီး ကြုံတွေ့နေကြရမည်သာ ဖြစ်၏။ ပုထုဇဉ်များ၏ သဘောသည် အကောင်းချည်းသာ ကြုံတွေ့လိုကြသည့်သဘော ရှိ၏။ သို့အတွက်ကြောင့်လည်း အကောင်းကို မျှော်လင့်ရာက အဆိုးကြုံလာသည့်အခါ မခံစားနိုင်ဖြစ်ပြီး အလွယ်တကူ ပျက်စီးသွားကြခြင်း ဖြစ်၏။

စင်စစ် အဆိုးလောကခံကြောင့် ပျက်စီးနိုင်သကဲ့သို့ အကောင်းလောကခံကြောင့်လည်း ပျက်စီးသွားနိုင်ပေ၏။ လောကတွင် သိပ်ချမ်းသာသည့်သူများ ဘဝပျက်နေကြသည်ကို တွေ့ကြရမည် ဖြစ်၏။ ထိုသူများသည် အကောင်း လောကခံကို မခံနိုင်သဖြင့် ပျက်စီးနေကြရခြင်း ဖြစ်၏။

မြတ်စွာဘုရားရှင်က - "အကောင်းလောကခံနှင့် ကြုံသည့်အခါ အလွန်အကျွံ မပျော်မိကြရန်၊ မခံစားမိကြရန်၊ အဆိုးလောကခံနှင့် ကြုံတွေ့သည့်အခါတွင်လည်း အလွန်အကြူး စိတ်မညစ်ရန်၊ စိတ်ဓာတ်မကျရန်နှင့် ဤအကောင်း အဆိုး ဟူသည်မှာ လောကခံတရားများသာဖြစ်ကြောင်း သတိကပ်ကာ ခံနိုင်ရည်ရှိအောင် ကြိုးစားကြရန်" မိန့်ကြားတော်မူ၏။

မှန်၏။ ဤအကောင်းအဆိုး လောကခံတရားများသည် လူတစ်ယောက်၏ ဘဝကို ပြောင်းလဲသွားနိုင်၊ ပျက်စီးသွားနိုင်ပေ၏။

မျက်မှောက်ခေတ်တွင် လောကခံတရားကို မခံနိုင်ကြသဖြင့် ပျက်စီးသွားကြသူများကို အားလုံး တွေ့ကြုံဖူးကြမည် ဖြစ်၏။

အချို့ လာဘ်လာဘ ပေါများမှုဟူသော လောကခံကို မခံနိုင်ကြသဖြင့် ပျက်စီးသွားကြ၏။ လာဘ်လာဘ ပေါများသဖြင့် အပျော်အပါး အလွန်လိုက်စားကာ မိမိတို့ယ်မိမိ မထိန်းနိုင်ဖြစ်ကုန်ကြ၏။ ယင်းအပျော်အပါးများကြောင့်ပင် ကိုယ်ကျင့်တရားများလည်း ပျက်စီးသွားတတ်ကြ၏။ အရာရာ ငွေနှင့်ရှင်းလျှင် ဖြစ်သည်ဟူသော အတွေးဖြင့် လုပ်ချင်ရာ လုပ်မိတတ်ကြ၏။ နောက်ဆုံး နားထင် သွေးရောက်ကာ ထောင်ရောစိုင်းမိကြသဖြင့် ဘဝပါ ပျက်စီးသွားတတ်ကြ၏။ ဤသည်မှာ လာဘ်လာဘ ပေါများမှုဟူသော လောကခံကို မခံနိုင်ကြ၍ဖြစ်၏။

ထို့ကြောင့် လာဘ်လာဘ ပေါများသည့်အခါတွင်လည်း "ဒါလည်းပဲ လောကခံပါလား" ဟူသော အတွေးဖြင့် သတိပြုဆင်ခြင်ရန် လိုအပ်၏။ အချို့လည်း အလာဘ ဟူသော ပစ္စည်းလာဘ်လာဘ မရှိသဖြင့် လာဘ်လာဘ ရအောင်ကြိုးစားရင်း ပျက်စီးသွားကြသည်များလည်း ရှိ၏။ မိမိတို့ရှိသမျှ ရသမျှလေးများဖြင့် မရောင့်ရဲနိုင်ကြသဖြင့် ပို၍ ရအောင် ကြိုးစားရင်း ရောထိမ်နစ်သွားတတ်ကြ၏။

အထူးသဖြင့် မိန်းကလေးများမှာ ဤလောကခံကြောင့် ပိုမိုပျက်စီးတတ်ကြ၏။ အခြားသူများ စိတ်ဝင်စားသကဲ့သို့ ဝတ်ချင်စားချင်ကြသဖြင့် မှန်ကန်သည့်လမ်းကို မရွေးချယ်ကြဘဲ အလွယ်ရသည့်နည်းဖြင့် ကြိုးစားကာ လာဘ်လာဘ ရအောင် ရှာဖွေကြရင်း မိမိခန္ဓာကိုယ်တို့ ရောင်းစားသည် အထိ ဖြစ်တတ်ကြ၏။ ဤသည်မှာ အလာဘ ဟူသော လာဘ်လာဘမရှိမှု လောကခံကို မခံနိုင်ကြ၍ ဖြစ်၏။

ထို့အတူ အခြားရဲ့ မိတ်ဆွေအပေါင်းအသင်း ပေါများခြင်း၊ မိတ်ဆွေအပေါင်းအသင်းမရှိ တစ်ယောက်တည်း အထီးကျန်ဖြစ်ခြင်း ဟူသော လောကခံတရား နှစ်ပါးနှင့် ကြုံရသည့် အခါတွင်လည်း ခံနိုင်ရည်ရှိဖို့လို၏။ အချို့ မိတ်ဆွေ အပေါင်း အသင်း ပေါများသဖြင့် အပေါင်းအသင်းများနှင့်သာ အချိန်ကုန်ပြီး မိမိအကျိုး ပျက်စီးမှုများ ရှိတတ်၏။ အပေါင်းအသင်း များတွင် မကောင်းသည့် မိတ်ဆွေအပေါင်းအသင်း ပါလာပါက ထိုအပေါင်းအသင်းကို အကြောင်းပြု၍ ယခင်က မလုပ်တတ်သော မကောင်းသည့်အလုပ်များကို လုပ်တတ်လာသည် အထိ ဖြစ်တတ်၏။

www.burmeseclassic.com

စင်စစ် အခြံအရံ အပေါင်းအသင်း ပေါများမှုသည် လာဘ်လာဘ ပေါများမှုနှင့်လည်း ဆက်စပ်မှုရှိ၏။ မိမိက သုံးနိုင်ဖြုန်းနိုင် စားသောက်နိုင်သဖြင့် အခြံအရံ အပေါင်းအသင်း ပေါများမှုလည်း ဖြစ်နိုင်၏။ မိမိတွင် ဘာမျှမရှိသည့် အခါ မိတ်ဆွေအပေါင်းအသင်းများသည်လည်း ကြက်ပျောက် ငှက်ပျောက် ပျောက်သွားတတ်၏။

ထို့ကြောင့် အခြံအရံ အပေါင်းအသင်း ပေါများမှု ရှိသည့်အခါတွင်လည်း အလွန်အကျူး မဖြစ်ဖို့၊ မမျော်မိဖို့ မိမိအကျိုးပျက်သည်အထိ မဖြစ်ဖို့ အခြံအရံ အပေါင်းအသင်း ပေါများခြင်းသည်လည်း လောကခံတစ်ခုပင်ဖြစ်ကြောင်း ဆင်ခြင်ကာ ခံနိုင်ရည်ရှိအောင် ကြိုးစားတတ်ဖို့ လိုအပ်၏။

အခြံအရံ မိတ်ဆွေအပေါင်းအသင်းမရှိ တစ်ယောက်တည်း အထီးကျန်ဖြစ်နေသည့်အခါတွင်လည်း နေတတ်အောင် ကြိုးစားဖို့ လိုအပ်၏။ တစ်ခါတစ်ရံ တစ်ယောက်တည်းဖြစ်နေသည်က ကောင်းသည့်အခါမျိုးလည်း ရှိတတ်၏။ အပေါင်းအသင်း များသည့်အခါ ထိုအပေါင်းအသင်းများကို အကြောင်းပြု၍ မသွားချင်ဘဲ သွားရ၊ မပြောချင်ဘဲ ပြောရ၊ မစားချင်ဘဲ စားရသည့် အစြဖိများရှိနိုင်သော်လည်း အပေါင်းအသင်း မရှိသည့်အခါ ထိုအဖြစ်မျိုးမှလည်း ကင်းနိုင်၏။ တစ်ယောက်တည်းနေသဖြင့် မိမိလုပ်ချင်သည့် အလုပ်ကိစ္စကို လွတ်လွတ်လပ်လပ် လုပ်ခွင့်ရတတ်၏။

စင်စစ် ကိလေသာဟူသည် 'မြင်အပ်ရာ ကိလေသာ သူဟာသူငြိမ်း၏' ဟူသော မဟာစည်ဆရာတော်ကြီး၏ အဆုံးအမနှင့်အညီ တစ်ယောက်တည်းရှိနေသဖြင့် အပြင်မထွက်ဖြစ်သည့်အခါ အပြင်သွားသဖြင့် တွေ့ရမည့် အာရုံများကို အကြောင်းပြု၍ ဖြစ်ပေါ်လာမည့် အကုသိုလ်များ မဖြစ်နိုင်ပေ။

ထို့ကြောင့် တစ်ယောက်တည်း နေတတ်အောင် ကြိုးစားသည့်အလေ့အကျင့်ကို လုပ်ပေးသင့်၏။ တစ်ယောက်တည်း နေတတ်လာလျှင် 'အယသ' ဟူသော အခြံအရံ မိတ်ဆွေအပေါင်းအသင်းမရှိ တစ်ယောက်တည်း အထီးကျန်ခြင်းဟူသော လောကခံကိုလည်း အလိုလို ခံနိုင်ရည်ရှိသွားမည် ဖြစ်၏။

လောကရှိ လူတိုင်း တွေ့ကြုံရမည့် အရေးအကြီးဆုံး လောကခံမှာ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း ဟူသော လောကခံပင် ဖြစ်၏။ မည်သူမဆို အကဲ့ရဲ့ခံရဖူးသည်သာ ဖြစ်၏။ ကဲ့ရဲ့ခံရခြင်းမှ ကင်းသည့်သူ တစ်ယောက်မျှ ရှိမည်မဟုတ်ပေ။

သာမန်သူများ မဆိုထားဘိ မြတ်စွာဘုရားရှင်သော်မှလည်း ကဲ့ရဲ့မှုဒဏ်မှ မလွတ်ခဲ့ပေ။ ထို့ကြောင့် မြတ်စွာဘုရားရှင်က ကဲ့ရဲ့မှုနှင့် ပတ်သက်၍ အတုလဉပသကာ ဝတ္ထုတွင် အောက်ပါအတိုင်း ဟော်ကြားတော်မူခဲ့၏။

"အို - အတုလ၊ ဤကဲ့ရဲ့ခြင်းသည် ရှေးရှိုးအစဉ် အလာပေတည်း၊ ဤကဲ့ရဲ့ခြင်းသည် ယခုမှဖြစ်သည် မဟုတ်၊ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကုန်၏၊ များစွာဟောပြောသူကိုလည်း ကဲ့ရဲ့ကုန်၏၊ ခိုင်းနှိုင်း၍ ပြောသူကိုလည်း ကဲ့ရဲ့ကုန်၏၊ လောကဌ် အကဲ့ရဲ့လွတ်သောသူမည်သည် မရှိ၊ လုံးဝ အကဲ့ရဲ့ခံရသူမည်သည် ရှေးကလည်း မရှိခဲ့၊ နောင်အခါလည်း ရှိလိမ့်မည်မဟုတ်၊ ယခုအခါ၌လည်း မရှိ"

မှန်၏။ ဘုရားရှင် ဟောတော်မူသကဲ့သို့ပင် လောကတွင် ကဲ့ရဲ့ခံရခြင်းမှ ကင်းသောသူမည်သည် မရှိပါသဖြင့် ကဲ့ရဲ့ခြင်းနှင့် ကြုံတွေ့ပါက မတုန်မလှုပ် ခံနိုင်ရည်ရှိအောင် ကြိုးစားလေ့ကျင့်ပေးဖို့ လိုအပ်၏။ ဤအတူပင် ချီးမွမ်းခြင်းနှင့်ကြုံသည့်အခါတွင်လည်း ခံနိုင်ရည်ရှိအောင် ကြိုးစားရမည်။

စင်စစ် ချီးမွမ်းခြင်းများကို ပြန်ကြည့်ပါက မိမိနှင့် အဆင်ပြေ၊ မိမိကျေးဇူးနှင့်မကင်းဘဲ ရှိနေသည့်အခါတွင် မိမိကို ဝိုင်းဝန်းချီးမွမ်းနေကြမည်ဖြစ်ပြီး မိမိနှင့်အဆင်မပြေပါက ဝိုင်းဝန်းကဲ့ရဲ့ကြမည်မှာ ဓမ္မတာပင်ဖြစ်၏။

'ချစ်လျှင် အပြစ်မမြင်' ဟူသော မြန်မာစကားအတိုင်းပင် မိမိနှင့်ကျွမ်းဝင်နေ၊ သင့်မြတ်နေပါက မည်သူမျှ အပြစ်ပြောကြမည် မဟုတ်ပေ။ သို့သော် အဆင်မပြေဖြစ်ပြီဆိုပါက ဝိုင်းဝန်းချီးမွမ်းကြသော ထိုသူများကပင် ပြန်၍ အပြစ်ပြောကဲ့ရဲ့တတ်ကြ၏။

ထို့ကြောင့် ချီးမွမ်းခံရသည့်အခါတွင်လည်း ဈာပါပဲဟု ဆင်ခြင်တတ်ဖို့ လိုအပ်၏။ လူတိုင်း လူတိုင်း ကောင်းသည့်စကား ချီးမွမ်းသည့်စကားကိုသာ ကြားလိုကြ၏။ သို့သော် အမြဲမကြားနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဘာမှမမြင်ခြင်းဟူသည့် သဘောကပင် အတက်အကျ အနိမ့်အမြင့် သဘောကို ဆောင်နေသောကြောင့် ဖြစ်၏။

နောက်ဆုံး လောကံခံဖြစ်သည့် ချမ်းသာခြင်း၊ ဆင်းရဲခြင်း သဘောသည်လည်း လောကသားတိုင်း ရှောင်လွှဲ၍မရ ဧကန်မုချ ရင်ဆိုင်တွေ့ကြုံရမည့် လောကခံတရားများဖြစ်၏။ စင်စစ် နိဗ္ဗာန်ချမ်းသာမျှထစ်ပါး လောကသတ်မှတ်ကြသည့် ချမ်းသာများသည် အစစ်အမှန် ချမ်းသာများ မဟုတ်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com

တဒင်္ဂ ချမ်းသာများ ဖြစ်၏။ တဒင်္ဂဟူသည် အမြဲမဟုတ်သဖြင့် ယင်းချမ်းသာများသည် အချိန်မရွေး ပြောင်းလဲနိုင်၊ ပျောက်ပျက်နိုင်၏။

ထို့ကြောင့် လောကချမ်းသာ ဟုဆိုသော တဒင်္ဂ ချမ်းသာများအပေါ် အမြင်မမှားဘဲ အချိန်မရွေး ပြောင်းလဲနိုင်သည့် အရာများဟု သတိပြုဆင်ခြင်ကာ ယင်းချမ်းသာခြင်းဟူသော လောကဓံကိုလည်း ခံနိုင်အောင်ကြိုးစားရမည် ဖြစ်၏။

ချမ်းသာသည့် အခိုက်တွင် အကျိုးရှိသည်များကို ကြိုးစား လုပ်ကိုင်သင့်၏။ ချမ်းသာမှု၏ နောက်ကွယ်တွင် ဆင်းရဲမှု ရှိနေသဖြင့် အချိန်မရွေး ဆင်းရဲသွားနိုင်သည်ကို သတိပြုကာ ချမ်းသာခြင်းဟူသော လောကဓံအပေါ် မယစ်မူး ကြရန် လိုအပ်ပေ၏။

လောကဘ္ဝ ပစ္စည်းဥစ္စာ ချမ်းသာသည်တု ဆိုသူများသည် မိမိတို့၏ ချမ်းသာမှုများသည် ရန်သူမျိုးငါးပါးကြောင့် အချိန်မရွေး ပျက်စီးသွားတတ်ကြသည့် သဘောကို အထူး ဆင်ခြင်ရန် လိုအပ်လှ၏။

ထင်ရှားသည့် သာဓက ပြရလျှင် နာဂစ်မုန်တိုင်းကြောင့် ပျက်စီးသွားကြသည့် မိသားစုများ၊ ဆင်းရဲမွဲတေသွားကြသည့် သူဌေးများကို အနီးဆုံးသာဓကအဖြစ် ပြရမည် ဖြစ်၏။ ထိုသူများ၏ ချမ်းသာသည် ဆင်းရဲခြင်းအဖြစ်သို့ ရောက်သွားခဲ့ရ၏။ တဒင်္ဂဟူသော သဘောကို ၎င်းတို့က ထင်ဟပ်ပြနေ၏။

ဆင်းရဲခြင်းဟူသော လောကဓံသည်လည်း ထို့အတူ ပင်ဖြစ်၏။ လောကတွင် လူတိုင်း လူတိုင်း မွေးကတည်းက ဘာမှပါလာကြသည် မဟုတ်။ ရုပ်တရားရလာခြင်းကပင် ဆင်းရဲအစုကို ရလာခြင်းဖြစ်သဖြင့် အခြားခြားသော ဆင်းရဲဟူသည် လူသားတို့အတွက် ထူးဆန်းလှသည် မဟုတ်ပေ။ လူဆင်းရဲသော်လည်း စိတ်မဆင်းရဲအောင်၊ အကျင့်မဆင်းရဲအောင် လုပ်ဖို့ပင်ဖြစ်၏။

ဆင်းရဲမှုအပေါင်းတွင် စိတ်ဆင်းရဲမှုသည် အဆိုးဆုံးပင် ဖြစ်သဖြင့် စိတ်မဆင်းရဲစေရန်သာ သတိပြု နေထိုင်ကြရမည် ဖြစ်၏။

ထို့ကြောင့် ချမ်းသာမှု၊ ဆင်းရဲမှု ဟူသည်တို့သည် အခိုက်အတန့်မျှသာ ဖြစ်သဖြင့် ထိုချမ်းသာ ဆင်းရဲဟူသော လောကဓံတို့တွင် မည်သို့သော လောကဓံနှင့်ကြုံကြုံ မတုန်မလှုပ် ရင်ဆိုင်နိုင်အောင် ကြိုးစားသင့်၏။

စင်စစ် လောကဓံတရားကို ရင်ဆိုင်ရန်မှာ အပြောလွယ်သလောက် အလုပ်ခက်လှ၏။ သာမန်လူများအဖို့ကား ကျော်လွှားရန် မလွယ်လှပေ။ သို့သော် အလွယ်နည်းတစ်နည်းကား ရှိ၏။ တရားအလုပ် အားထုတ်ကြရန်သာ ဖြစ်၏။ အထူးသဖြင့် ဝိပဿနာတရား အားထုတ်ကြရန် လိုအပ်၏။ ဝိပဿနာအလုပ် အားထုတ်ထားသူများသည် လောကဓံကို အလွယ်တကူ ရင်ဆိုင်နိုင်၏။

တရားအားထုတ်စဉ် တွေ့ကြုံရသည့် ဆင်းရဲမှုနှင့် ဝေဒနာများကို သည်းခံထားနိုင်ပါက အပြင်လောကတွင် တွေ့ကြုံရသည့် လောကဓံများကို ကောင်းစွာခံနိုင် ကျော်လွှားနိုင်၏။ ခန္ဓာကိုယ်ဒုက္ခများနှင့် ယှဉ်ပါက အပြင်လောကဓံများသည် အသေးအဖွဲလေးမျှသာ ဖြစ်ကုန်၏။

အရာအားလုံးသည် မမြဲဟူသော အနိစ္စသဘောကို တရားအားထုတ်ကြည့်ခြင်းဖြင့် ကောင်းစွာလက်ခံ သဘောပေါက်ထားပါက မည်သို့သော အကြောင်းကိစ္စများနှင့်ကြုံကြုံ ဖြေနိုင်သွား၏။ ထို့ကြောင့် လောကဓံတရားများကို ကောင်းစွာရင်ဆိုင် ကျော်လွှားလိုပါက တရားသာ များများအားထုတ်ကြပါဟု တိုက်တွန်းရခြင်း ဖြစ်ပါ၏။

နိဂုံးချုပ်အားဖြင့် လောကဓံဟူသည် လောကရှိလူသားတိုင်း မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရမည့် တရားဖြစ်၍ အကောင်း အဆိုး မည်သို့ပင်ကြုံကြုံ မတုန်မလှုပ် ခံနိုင်ရည် ရှိအောင် တရားအားထုတ်ခြင်းဖြင့် ရင်ဆိုင်ကျော်လွှားကြပါစို့ဟု တိုက်တွန်းစကား ထပ်မံပြောကြားရင်း ဤဆောင်းပါးကို အဆုံးသတ်လိုက်ရပါသည်။

(ဆက်ရန်)

ဓမ္မဒိန်

❑

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပေါင်းစုံ အောင်မင်းခေါင်ကုန်း

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရော့/သု)

နီးလွန်းလျှင် မမြင်တတ်သည့် လူသဘာဝအတိုင်း အောင်မင်းခေါင်ကုန်းသည်လည်း ကိုယ်တို့ ကျော်ဖြတ်သွားနေကျ နေရာလေး ဖြစ်သည်။ သည်နေ့တော့ ဆယ်စုနှစ်ပေါင်းများစွာ အမှုမဲ့အမှတ်မဲ့ထားခဲ့သော ထိုနေရာလေးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့၏။

ကျောက်မျက်ဘွဲ့ အတွက်မန္တလေးဆောင်တွင် အတူလက်တွေ့လုပ်ရင်း၊ မိုးကုတ်ကို ကွင်းဆင်းရင်းရင်းနှီးခဲ့ရသော ညီမငယ် ဝင်းမာက ဆွမ်းကျွေးဖိတ်သည်။ အောင်မင်းခေါင်ဘုရားမှာတဲ့။

အင်း- သွားဖြစ်အောင်သွားမှ ရောက်တော့မည့်နေရာဖြစ်၏။ မြေနီကုန်း၊ မဟာမြိုင်မှတိုင်တွင်ဆင်းကာ ရွှေတိဂုံဘုရားလမ်းမှ ရေတမာပင်တန်းများ၏ အရိပ်ကိုခိုရင်း လျှောက်ရာ ဘလေဖွန်ကုန်တိုက်သို့ ရောက်လာသည်။ မိုးမိုး(အင်းလျား)၏ 'ညီမလေးက အချစ်ကို ကိုးကွယ်သတဲ့လား' မှ ဇာတ်ဝင်ခန်းတွင် ထိုအပင်အုပ်အုပ်လေးများကို ရေတွက်ခဲ့ပုံအား သင်ရလိုက်မိသေးသည်။

ဘလေဖွန်ဘေးမှ ချင်းတွင်းလမ်းအတိုင်း ဝင်လျှောက်ခဲ့ရာ သစ်သီးနှင့် ပန်းများရောင်းသည့် စျေးတန်းလေးကို ရောက်လာ၏။ ထိုမှ သံလွင်လမ်းကို ဖြတ်ကူးပြီး အနည်းငယ် ကွေ့ကွေ့ကောက်ကောက် ဆက်လျှောက်လိုက်သောအခါ ဓာတ်ပေါင်းစုံ အောင်မင်းခေါင်ဘုရားဝင်းသို့ ရောက်တော့သည်။

ဓာတ်ပေါင်းစုံ အောင်မင်းခေါင် စေတီတော်၏ သမိုင်းအစ

မဝင်းမာ၏ အလှူတွင် ဒါန်မြောက်အောင် စားသောက်ပြီးသော အခါ ဘုရားကုန်းတော်ပေါ်သို့ တက်ခဲ့၏။ ကုန်းမြင့်ထက်ဆီတွင် တည်ထားသော ဓာတ်ပေါင်းစုံစေတီတော် (Dat-paungsone Ceti) ကို အရင်ဆုံးဖူးမြော်လိုက်သည်။

ဓာတ်ပေါင်းစုံစေတီတော်မှာ ရွှေဟောင်းသမိုင်းဝင်တော့ မဟုတ်။ ဓာတ်ပေါင်းစုံအောင်မင်းခေါင်စေတီ၏ အစကား လွတ်လပ်ရေးရပြီး နောက် တစ်နှစ်အကြာ ၁၉၄၉ ခု ဇန်နဝါရီလ ၁၃ ရက်နေ့တွင်မှ ဖြစ်လေ၏။

မွန်သူဌေးကြီး (Mon Wealthy Land-owner)ချမ်းမဖီး (Chanmaphee) နှင့် ဇနီး ဒေါ်အေးမြတို့၏ သားသမီးမြေးမြစ်တစ်စုနှင့် ဦးဖိုးဝက်တို့ဏာ ဓာတ်ပေါင်းစုံ အောင်မင်းခေါင်စေတီ တည်ထားကိုးကွယ်ရန် သူတို့ပိုင်မြေ ၅ ဧကကို မွန်ဆရာတော် အရှင်သီလဝန္တ (Venerable U Silawunta Sayadaw of the Mon State)အား ဝတ္ထုကမြေအဖြစ် လှူဒါန်းခဲ့ခြင်းမှ စေတီတော် သန္ဓေတည်ခဲ့လေသည်။ မူလစေတီတော်သေးရှိ ပြုတိုက်ခန်းလေးတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော စေတီတော်မှတ်တမ်း ကျောက်စာတွင် စေတီတော်သမိုင်းကြောင်းကို အောက်ပါအတိုင်း ရေးထိုးထား၏။

(Dharma Centre Pagoda ----- Construction of this pagoda began on the full moon of August 8 1982 at 8 a.m. The Relic of Sakyamuni

လပြည့်ဝန်းမဂ္ဂဇင်း (နိုဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com



အောင်မင်းခေါင် ဓာတ်ပေါင်းစုံစေတီပတ်လည်မှ စေတီဘုရားများ

Buddha and several arahats along with various offerings were sealed into the bell on August 1982 at 11, 9 a.m. The Umbrella and consecration ceremony was completed on August 22 1982 at 1 a.m. The pagoda was built by the Venerable U Silawunta Sayadaw of the Mon State, Burma, along with the help of many members and non-members of the Dhamma Centre of Canad. May it be an inspiration to search for and manifest compassionate truth for the good of the Wrorl.) ဟု ရေးသား ထားသည်။

ဓာတ်ပေါင်းစုံ အောင်မင်းခေါင် စေတီတော်၏ ဒီဇုတာဒ

စေတီတော်၏ပန်းကုံ (Base-ment)မှာ လေးထောင့်ပုံရှိပြီး ထောင့် လေးခုတွင်အရံစေတီ လေးဆူရှိသည်။ ထို စေတီရံများ အကြား တွင်မှ စေတီငယ် လေးများ များစွာ တည်ထားလေသည်။ ဖင်မစေတီတော်တွင် ရှစ်မျက်နှာ ရှိသော ပစ္စယာ (Terraces) သုံးဆင့် ရှိ၏။

ကြိုတိုင်နှင့်ရုပ်တုများ

ထိုပစ္စယာထောင့် ရှစ်ထောင့် တွင်လည်း စေတီရံအငယ်လေးများကို ထောင့်တိုင်း အဆင့်တိုင်းတွင် တည် ထားသည်။

ခေါင်းလောင်းပုံ အောက်ဘက်မှ အနားပတ်ဖြစ်သော ခေါင်းလောင်းနား (Bell Lower Edge) နှင့် ပစ္စယာ၏ အထက်ဘက်တွင် ရစ်ပတ်ပြုလုပ်ထား သော ကျည်းဝန်း (Base For Bell) (Circular Bell-rest)ကို ထူးခြားစွာဖြင့် ကြာမျှောက် ကြာဖွဲ့နှင့် တန်ဆာဆင်ထားသည်။ ခေါင်းလောင်း အလယ်နား၏ အထက်ပိုင်းကိုလည်း ဘီလူးပန်းဆွဲများအစား မွေ့စကြာ ဘီဝိုင်းများဖြင့် ခြယ်သ အမွမ်းတင် ထားရာ ထူးဆန်းနေ၏။

ဖောင်းရစ် ဆတ္တဝလီများ (Chatravali, Cemented Ringed Spire, Concentric Rings)ကမူ ဒိုးရိုးကြိုးခွေ များကို ဆင့်ထားသည့်နှယ်ရှိမှာ ရှမ်း

www.burmeseclassic.com

ငအောင်မင်းဒေါင် တတ်ပေါင်းစုံ စေတီတော်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





အောင်မင်းခေါင် တက်ပေါင်းစုံစေတီဝင်းမှ ကျောက်သပိတ်စေတီများ

ဘုရားများနှယ် ရှည်သွယ်နေလေ၏။ စေတီပတ်လည်တွင် ပြိုဟ်တိုင်များကို သက်ဆိုင်ရာ ပူး ဆင် စသောအရုပ်များနှင့် အတူအနပြုလုပ်ပေးထားသည်။

မည်မည်ရာ ကျဉ်းမြောင်းသော မြေနေရာတွင် စေတီပုထိုးများကို နေရာလပ်မရှိအောင် အချိုးတကျ တည်ထားသည်ကိုတော့ ချီးကျူးရ၏။ ထို့ပြင် သွားလာ လေ့လာဖူးမြော်၍ အဆင်မြေအောင် အတက်၊ အဆင်း လေးများကို တွက်ဆကာပြုလုပ်ထားပုံ ရသည်။

အကြိုက်ဆုံးကတော့ ဘုရား ရှိခိုးဝတ်ပြုရန် ဇရပ်ဆောင်လေးများကို စေတီကြီးပတ်ပတ်တွင်၊ ရင်ပြင်ပတ်လည်တွင် လှည့်လည် သွားလာရင်း ကူးသန်းသွားလာ၍လည်း လွယ်ပြီး၊ သီးခြားလည်း ဖြစ်နေအောင် တည်ဆောက်ထားခြင်းပင်။ ပတ်လမ်းကို လည်း အနှောင့်အယှက်မဖြစ်စေ။

ထူးခြားဆန်းပြား စေတီများ ဝိဇ္ဇာ ဘုရားပေမို့လား

ပင်မစေတီပတ်လည်တွင် ဗုဒ္ဓဂယာ မဟာဗောဓိ စေတီ၊ မုစလိန္ဒာ နဂါးရုံဘုရားစသည်များကိုလည်း မလပ်မကျန်တည်ဆောက်ထားပါသေးသည်။ ကျိုက်ထီးရိုးစေတီနှယ် ကျောက်စာစုံလုံး စေတီငယ်ကိုလည်း ဖူးခဲ့ရသည်။ သပိတ်အနီပေါ်မှ စေတီ၊ သပိတ်အစိမ်းပေါ်မှ စေတီစသော ဆန်းပြားသည့်စေတီငယ်လေးများလည်း တွေ့ခဲ့ရပါသည်။ စေတီငယ်လေးများ ၏ ခေါင်းလောင်းတော်တွင် ဘီလူးပန်းဆွဲနေရာများ၌ ဇော်ဂျီရုပ်များကို အများအပြား တွေ့ရသည်။

ဘုံဘုန်စံဆင့် တံခွန်တိုင်

www.burmeseclassic.com

www.burmeseclassic.com

ထိုပြင် လေးထောင့်ပုံ ဝိရမစ် ဆန်ဆန် အောက်ခြေပေါ်တွင် ရှည်သွယ်တက်သွားသော ကိုယ်ထည်နှင့် စေတီငယ်တစ်ဆူကိုလည်း ထူးခြားစွာ တွေ့ရှိရ၏။ ယင်းစေတီ၏ လေးမျက်နှာပြောင်ချော အနီရောင်ကိုယ်ထည်ပေါ်တွင် ဗျည်းအက္ခရာများနှင့် အင်းများ ရေးထိုးထားလေသည်။ အ၊ ဥ၊ ဟ၊ သ၊ ဝ၊ လ။ ယ၊ ရ။ ဗ၊ ဘ၊ မ။ ခ၊ နှ၊ ပ၊ ဖ။ အင်းစေတီပေလော။

ဘိုးဘိုးကြီးရုပ်တု

ဇော်ဂျီရုပ်များကို လူအရွယ်နီးပါး ထုလုပ်ကာ စေတီဘေးတွင်ထား ရှိခြင်း၊ ကျောက်သမွန်ပုံပေါ်တွင် စေတီတည်ကာ ဇော်ဂျီရုပ်များက ဆေးကြိတ်နေပုံများ ထည့်သွင်းထားခြင်း စသည်များလည်း တွေ့ရ၏။

ဇရုပ်၊ တန်ဆောင်းများတွင် လည်း ဇော်ဂျီရုပ် ဘုရားကန်တော့နေပုံ၊ ဘုရားရှင်က ဇော်ဂျီရုပ်များကို ဗျာဒိတ်ပေး ညွှန်ပြနေပုံများလည်း ရှိနေသေးသည်။ ဝိဇ္ဇာဘုရား၊ ဝိဇ္ဇာစေတီများ မို့ပေလော။

မည်သို့ဖြစ်စေ ကိုယ့်အဖို့မှာက ဘုရားစေတီတော်များ၏ သမိုင်းကို ပြုစုနေခိုက်ဖြစ်ရာ တစ်နည်းတစ်ဖုံ အကျိုးတော့ရှိနေပေသည်။ ဆောက်လက်စ ကျောင်းဆောင်များ၊ ဘုရားများကြား တွင် ထူးခြားသော တံခွန်တိုင်တစ်ခုကိုလည်း မြင်လိုက်ရ၏။ ယင်းမှာ တရုတ် ဘုံကျောင်းနှယ် ဘုံခုနစ်ဆင့်နှင့် ဖြစ်သည်။ သို့သော် ယင်းထိပ်ပေါ်မှာတော့ မြန်မာဆန်ဆန် ဟင်္သာရုပ်က ရှိနေမြဲ။

အောင်မင်းခေါင်စေတီ၏ ပြတိုက် မပီသေးသော ပြတိုက်တခလေး

ထို့နောက် ပြတိုက်ဆောင်ဟု ခေါ်သော တိုက်ကျောင်းလေးတန်ခူးဟို တွေ့သဖြင့် ဝင်လေ့လာဖြစ်သွား၏။ နေ့

www.burmeseclassic.com



ဆေးကြိတ်နေသော ဇော်ဂျီရုပ်များ

တကျ ဖွဲ့စည်းထားသော ပြတိုက်တော့ မဟုတ်။ သို့သော် ဘုရားခန်းနှင့် ဘုရားခန်းဘေး တစ်ဖက်တစ်ချက်တွင် ပထမဗိုးမင်းခေါင်၊ ဗိုးအိုးအောင်တို့၏ ရုပ်တုတော်များ၊ စေတီတော်ပရဝဏ်ကို လှူဒါန်းသူ မွန်သူဌေးကြီးမိသားစု ဓာတ်ပုံများ၊ ဦးဆောင်ဆရာတော်၏ ပုံတော်၊ ထိုဆရာတော် ဦးသီလဝန္တ ဦးဆောင်လျက် ကမ္ဘာတစ်ဝန်းတွင် စေတီပုထိုးဘုရားများ တည်ထားသည့် မှတ်တမ်းပုံများ၊ ဤစေတီတော် တည်ထားခြင်းဆိုင်ရာကျောက်စာမှတ်တမ်းများ၊ ပန်းပုရုပ်များကို ပြသထားသည်။

ဘုရားခန်း၏ လက်ယာဘက်ရှိ တစ်ယောက်အိပ်စာ ညောင်စောင်းသလွန်တစ်ခုမှာ အဘအောင်မင်းခေါင် ရှိစဉ်က သုံးစွဲအိပ်စက်ခဲ့ရာဟု မဝင်းမာက တိုးတိုးလေး လာပြောပြ၏။ မှန်စီရွေချ ကျောက်နီပွင့်များနှင့် ဖြစ်သည်။ တစ်ဖိုက်ခန့်ထူသော မွေ့ရာနှင့် အိပ်ရာခင်းဖြူဖြူလေးလည်း ခင်းထားသေးသည်။ သလွန်ဘေးတွင် အဘခေါင်၏ အဖြူအမဲဓာတ်ပုံကြီး ထောင်ထားသည်ကိုလည်း သံတိုင်များကြားမှမြင်လိုက်ရ၏။ ဓာတ်ပုံမှာ ဝါကျင်နေကာ စီပီယာကာလာနှင့်ဖြစ်သည်။

လက်ဝဲဘက်အခန်းထဲတွင်မူ မုတ်ဆိတ်ကျင်စွယ်နှင့်ပုဂ္ဂိုလ်ရုပ်တုသည်ဝတ်ဖြူစင်ကြယ်နှင့် ဖော့လုံးဖြူ ဆောင်းထားရင်း မျက်လွှာချကာ တရားရှုမှတ်နေ၏။ သူ၏ ရှေ့နောက် တစ်ဆင့်တွင် ပြဒါးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာနှင့် သံဝိဇ္ဇာဟု ရေးထိုးထားသော ရုပ်တုလေးခုလည်း ထိုင်နေပုံဟန် ပုံသဏ္ဌာန်မျိုးစုံနှင့် ရှိနေလေသည်။

ဗိဇ္ဇာရုပ်တု

www.burmeseclassic.com

www.burmeseclassic.com

အောင်ပင်းခေါင် ဓာတ်ပေါင်းစုံဧရိယာတော် ဦးဆောင်သရာတော် အရှင်သီလဝန္တ



အောင်ပင်းခေါင် ဓာတ်ပေါင်းစုံဧရိယာတော် ပြတိုက်မှ ကျောက်စာချပ်

ပြခန်းကြီး၏ အလယ်တွင်တော့ နတ်ဘုံနတ်နန်း အဆင့်ဆင့်များကို သံကိုယ်ထည်များ၊ ဘုံဆောင်ငယ်များ၊ ဆင်းတုငယ်များဖြင့် သရုပ်ပြပုံစံငယ်ဖြင့် ပြုလုပ်ကာ နေရာအတော်ယူပြီး ပြသထားသည်။

ထိုပြတိုက်ဆောင်လေးတွင်ပင် အမွေးတိုင်နှင့် ဖယောင်းတိုင် ထွန်းညှိပူဇော်ခြင်း မပြုရ ဟူသော အလွန်ကောင်းသည့် ထူးဆန်းသောစာတန်းလေးကိုလည်း တွေ့လိုက်ရ၏။ အိန္ဒိယနိုင်ငံ၊ မဇ္ဈိမတစ်ခွင် လှည့်လည်စဉ်ကလည်း ထိုတားမြစ်ချက်မျိုးကို တွေ့ခဲ့ရဖူး၏။ ဟိုဆီမှာတော့ရေးထားသည့် အတိုင်း တကယ်လိုက်နာ စောင့်ထိန်းကြသည်။ သည်မှာတော့ ထိုဆိုင်းဘုတ် အောက်မှာပင် ဖယောင်းတိုင် ထွန်းကြကာ ဆီးမီးထိန်ထိန် ထွန်းပါတဲ့ မလွန်းတို့အိမ် ဖြစ်နေပေသည်။

ထို့ပြင် 'မည်သူမှ မသိသောတရား'ဟူသော စာတန်းလေးတစ်ခုကိုလည်း တွေ့ရ၏။

"အဲသက်ရှူသောကြောင့် မိမိနှစ်သက်ရာကိုယုံကြည်နိုင်၏။ အာနဲ-အသက်ရှူခြင်းကို၊ အစိရံ-မကြာမကြာ၊ အပွမာဒေန-မမေ့မလျော့၊ သမ္မာဓေဏ-ကောင်းစွာသိကြ၊ စက္ခုကရဏီ-မြင်ခြင်းကိုသိ၊ သောတကရဏီ-ကြားခြင်းကိုသိ၊ ဃာနကရဏီ-ရနံ့ကိုသိ၊ ဇိဝှါကရဏီ-စားသောက်ခြင်းကိုသိ၊ ကာယကရဏီ-ပြုမူလှုပ်ရှားခြင်းကိုသိ၊ ဝေဒနာကရဏီ-ခံစားခြင်းကိုသိ၊ မနောကရဏီ-စဉ်းစားခြင်းကိုသိ။

သတ္တဝါတို့၏အသက်ကို မသတ်ရာ။ သားငါးစားခြင်းကိုဇွဲကြ၊ မူးယစ်သောက်စား မပြုရာ၊ ခိုးချဉ်စပ် ဖန်ခါးငန့်ဆိမ့် အရသာ ၇ ပါးကို ပြည့်စုံအောင်စား၊ အစာစားပြီးတိုင်း သွားကို သန့်ရှင်းကြတုန်။ ပညာရှေ့ ကြာသပတေးနေ့။ ၂၇. ၈. ၂၀၀၉' တုရေးသားထားလေသည်။

မည်သူ၏ အဆိုအမိန့်မှန်း မသိသော်လည်း မှတ်သားစရာတော့ကောင်း၏။

ဘာသာရေး၊ ယုံကြည်ကိုးကွယ်ရာကိုသာမက ကျန်းမာရေး ရှုထောင့်မှလည်း မြင်ပြထားလေသည်။

ဓာတ်ပေါင်းစုံ မွန်ဆရာတော် ရှင်သီလဝန္တမဟာထေရ်၏ ထေရပွတ္တိ

ထိုပြတိုက်ဟု မဆိုသာသော် ပြတိုက်ငယ်လေးမှ ကျောက်စာချပ်များကို တွေ့ရသဖြင့် လိုက်ကြည့်နေမိသည်။ ဓာတ်ပေါင်းစုံ မွန်-ဆရာတော် အရှင်သီလဝန္တမဟာထေရ်၏ ထေရပွတ္တိဆို သည်ကို ဖတ်ရှုလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com

အောင်မင်းခေါင် ဓာတ်ပေါင်းစုံစေတီ ပြတိုက်မှ ကျောက်စာချပ်

အောင်မင်းခေါင် ဓာတ်ပေါင်းစုံစေတီ ပြတိုက်မှ နှတ်ဘုံနှတ်နှုန်း နမူနာပြုပုံ

သာသနာသက္ကရာဇ် ၂၄၅၆ ခုနှစ်၊ မွန်မြန်မာသက္ကရာဇ် ၁၂၇၄ခုနှစ် ပထမဝါဆိုလပြည့်၊ သော်ကြာနေ့၊ ၂၈. ၆. ၁၉၁၂ တွင် ဖွားမြင်သည်။ မွန်ပြည်နယ်၊ သံဖြူဇရပ် ဝဲကလောင်ကျေးရွာ၌ လယ်သမားကြီး နိုင်ငြိမ်း၊ ဒေါ်တစ် တို့၏ သားသမီးရှစ်ယောက် အနက် တတိယမြောက်သားဖြစ်သည်။ အသက် (၁၄) နှစ်တွင် သာမဏေဘောင်သို့ဝင်ပြီး ၁၂၉၄ ခုနှစ်တွင် ကျော်ရွာဆရာတော်ကို ဥပဇ္ဈာယ်ပြု လျက် ရဟန်းပြုသည်။

အထက်၊ အောက် မြန်မာပြည်တစ်လွှားတွင် အနှစ်(၂၀)ကျော် ကျင်လည်ရင်း ပရိယတ္တိစာပေများ ဆည်းပူးသည်။ သတ္တဝါများ အကျိုးအတွက် စေတီ ပုထိုး၊ ကျောင်း၊ ဇရပ်စသော သာသနိက အဆောက်အအုံများကို ကိုယ်တိုင်ဦးစီးလျက်၌ မွမ်းမံပြင်ဆင် အသစ်ဆောက်လုပ်ပေးသည်။

ဆရာတော်ကြီး၏ ကောင်းမှုကုသိုလ်တော်များအဖြစ်

◆ ၁၃၀၃ ခုနှစ်တွင် ရွှေတိဂုံစေတီတော် ဒုတိယပစ္စယာ ရာဟူထောင့်ရှိ စေတီရံ မြည်လုံးချမ်းသာ ကပ်ကျော်ဘုရားကို ထီးတော်တင်ခြင်း။

◆ ၁၃၁၀ ပြည့်နှစ်တွင် မွန်ပြည်နယ်၊ ဖားအောက်ရွာ တိုက်ကျောင်းအတွင်းရှိ ပျက်စီးနေသောစေတီတော်အား ပြုပြင်ခြင်း။

◆ ၁၃၁၀ ပြည့်နှစ်တွင် မြေပိုင်ရှင် သူဌေးကြီး ချမ်းမဖီးနှင့် ဒေါ်အေးမြ၊ ဒါယကာ ဦးဖိုးဝက်တို့ လှူဒါန်းမှုဖြင့် ရန်ကုန်မြို့မှ မြေငါးကေပေါ်တွင် ဓာတ်ပေါင်းစုံ အောင်မင်းခေါင်စေတီတော် တည်ထားပေးခြင်း။

◆ ၁၃၁၇ ခုနှစ်တွင် မွန်ပြည်နယ်၊ ဘီးလူးကျွန်း၊ ဒရယ်ရွာ၌ ရွှေဟောင်းစေတီတော်တစ်ဆူ၊ တောကနာကျောင်းတိုက်ကြီး အတွင်းအပြင်ရှိ စေတီဇော် ၁၇ ဆူကို မွမ်းမံပြင်ဆင်ခြင်း။

◆ ၁၃၂၀ ပြည့်နှစ်တွင် ဆရာတော် ဦးအာဒိစ္စရံသီ၊ အမေရိကန်လူမျိုး မစ္စတာရပ်ဂျီရိတို့နှင့်အတူ အမေရိကန်နိုင်ငံ၊ နယူးယောက်ပြည်နယ်၊ အိုလီရန်းအော်လဂန်နီ ဧရိယာ၌ ဥဏ်တော် ခုနစ်တောင်ရှိ အမေရိကန် ရွှေတိဂုံဘုရားဟု အမည်တွင်မည့် အမေရိကန်နိုင်ငံ၏ ပထမဆုံး ဗုဒ္ဓဘာသာစေတီတော်ကို တည်ထားပေးခဲ့ခြင်း။

◆ ၁၅. ၁၀. ၅၈တွင် အိန္ဒိယပြည်၊ ဗာရာဏသီတွင် ဆရာတော်ဦးနန္ဒဝံသ ကျောင်းတိုက်၌ စေတီတော်တစ်ဆူကို တည်ထားခဲ့ခြင်း။

◆ ၁၃၂၁ ခုနှစ်တွင် ဘီလူးကျွန်း၊ ကော့ကဒွတ်ရွာ၌ ရွှေဟောင်းစေတီတော်သုံးဆူ ပြန်လည်မွမ်းမံခဲ့ခြင်း။

◆ ၁၃၂၅ ခုနှစ်တွင် ဦးသီလဝံသ၊ ဦးဝါရလင်္ကာ (ဖားအောက်)၊ မန္တလေးမြို့ မွန်ကျောင်းဆရာတော် ဦးနန္ဒသာရတို့နှင့်အတူ ခေါင်းဆောင်ကျွန်းမှ ရွှေဟောင်း စေတီတော် ၁၀ ဆူကို ပြုပြင်မွမ်းမံ ထီးတော်တင်ခဲ့ခြင်း။

◆ ညောင်တုန်းမြို့နယ်၊ ဆားမလောက် ကျေးရွာ၌ ဆရာတော် သီလဝံသ၊ အံတော်ကုန်းဆရာတော် တို့နှင့်အတူ စေတီတော်ကြီးတစ်ဆူ တည်ခဲ့ခြင်း။

◆ ၁၃၂၇-၂၈ ခုနှစ်တွင် ဓာတ်ပေါင်းစုံ ဆရာတော်၊ မန္တလေး မွန်ကျောင်းဆရာတော် ဦးနန္ဒသာရတို့နှင့် အတူ ဘီလူးကျွန်းကမာကေးရွာတွင် ရွှေဟောင်းစေတီတော်နှင့် အခံစေတီတော်များကို ပြုပြင်ခြင်း။

◆ ၁၃၂၉ ခုနှစ်တွင် ပုသိမ်မြို့ တိုင်းဌာနချုပ် တပ်ကြီးကုန်းစေတီတော်၊ အားပြင်ဆင်ခြင်း။

◆ ဓာတ်ပေါင်းစုံ ဆရာတော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အောင်မင်းဒါဠိ၏ ပုံတော်နှင့် တော်ခန်း

အံခဲကျောင်းဆရာတော်တို့ ကြီးမှူးပြီး သံဖြူဇရပ်မြို့တွင် စေတီတော်ကြီး တည်ခဲ့ခြင်း။

◆ ၁၃၃၁ ခုနှစ်တွင် ချောင်းဆုံမြို့နယ်ရွာသစ်သာယာကျောင်းအတွင်းမှ စေတီတော်နှစ်ဆူ ထီးတော်တင်ခဲ့ခြင်း။

◆ ၁၃၃၂ ခုနှစ်တွင် ချောင်းဆုံမြို့နယ်၊ မုရစ်ကလေးရွာ။ ၁၃၃၃ ခုနှစ်တွင် ချောင်းဆုံမြို့နယ်၊ နှင်းမုတ်ကျေးရွာ။ ၁၃၃၄ ခုနှစ်တွင် ညောင်တုန်းမြို့နယ်၊ သဇင်ရေကျော်ကျေးရွာတို့တွင် ရွှေဟောင်းစေတီတော်များ ပြုပြင်ခြင်း။

◆ ၁၃၃၅ ခုနှစ်တွင် ဓာတ်ပေါင်းစုံ မွန်ဆရာတော်၊ မစိုးရိမ်ဆရာတော်၊ ဝိဠကဆရာတော်၊ ခြောက်ထပ်ကြီးဆရာတော်၊ ဖားဖောက်တိုက်ကျောင်းကြီးဆရာတော်တို့ အတူတကွ လှုပ်ရှားတော်ပတ္တမြား ဆေးတိုက်ဝိုင်ရှင်၏ တုသိုလ်အဖြစ် ရန်ကုန်၊ ကံဘဲ သစ္စာဝါဒီ ကုန်းမြေ အတုလပတ္တမြားဝိဠကတ် ကျောင်း မဟာမြတ်မုနိရုပ်ပွားတော်ဘည်ထားကိုးကွယ်ခြင်း။

◆ ၁၃၃၆ ခုနှစ်တွင် ညောင်တုန်းမြို့၊ မယ်ဇလီရွာအရှေ့ဘက်၊ ကံရွာ။ ထိုနှစ်တွင်ပင် သံဖြူဇရပ်၊ အံခဲရွာ ရှေဟောင်းစေတီတော်၊ ညောင်တုန်းမြို့ ရွှေဂူကျောင်း ရှေးဟောင်းစေတီတော်များ ပြုပြင်မွမ်းမံခြင်းတို့ ပြုလုပ်ခဲ့ကြောင်း ကောင်းမှုကုသိုလ်စာရင်းကို တွေ့ရှိဖတ်ရှု သာဓုခေါ်ခဲ့မိပါသည်။

ထို့ပြင် မွန်ဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ရေးထိုးထားသော ကျောက်စာမှတ်တမ်းများကိုလည်း တွေ့ရှိရ၏။

တစ်ပြည်သူ မရွေထဲက်တို့ သခ္ခါပွဲ ကြည့်ညှိစရာ

ထို့ပြင် ဓာတ်ပေါင်းစုံဆရာတော် သီလဝန္တမဟာထေရ်၏ ကုသိုလ်တော် စေတီဘုရားများ စာရင်းကျောက်စာကို လည်း သိခြွေးတွေ့ရသေးသည်။ ဆရာတော်ကြီး ပြည်ပနိုင်ငံများတွင် တည်ထားသော စေတီများ၊ ထူထောင်ပေးထားသော တရားရိပ်သာများ၏ ပုံကို ဓာတ်ပုံမျိုးစုံဖြင့် ပြတိုက်ငယ် ပတ်လည်တွင် ချိတ်ဆွဲပြသထားပြန်၏။ ဆရာတော်မှ ဦးစီးကျင်းပ ပြုလုပ်ခဲ့သော ဘာသာရေးကိစ္စ လှုပ်ရှားမှုများလည်း ပါသည်။

◆ ၆. ၆. ၁၉၅၉ အမေရိကန်၊ အော်လဂန်နိုမြို့၊ မြေ ၆၄ ဧကပေါ်မှ ဉာဏ်တော်အမြင့် ၁၀ ပေရှိ ပထမရွှေတိဂုံစေတီတော်ပုံတူ။

◆ ၂၁. ၅. ၁၉၈၂ အမေရိကန်၊ အိုက်ဒဟို ဘွိုက်စီးမြို့၊ ဉာဏ်တော်အမြင့် ၁၈ ပေရှိ ဒုတိယစေတီတော်။

◆ ၄. ၈. ၁၉၈၂ ကနေဒါ၊ အိုတာရီယိုကင်းမောင့်မြို့၊ ဉာဏ်တော်အမြင့် ၂၀ ပေရှိ ကင်းမောင့်စေတီ (ကနေဒါရွှေတိဂုံ)။

◆ ၂၇. ၈. ၁၉၈၂ အမေရိကန်၊ အော်လဂန်နိုမြို့၊ ပထမရွှေတိဂုံစေတီတော်ကို ဉာဏ်တော် ၁၀ ပေမှ ပေ ၂၀ သို့ တိုးမြှင့်မွမ်းမံပြင်ဆင်ခဲ့။

◆ ၉. ၉. ၁၉၈၂ ကနေဒါနိုင်ငံ၊ မြောက်ဘက်အဆုံး ဂလီယာနိုကျွန်း ဉာဏ်တော် ၁၉ ပေရှိ (ဒုတိယ ကနေဒါစေတီ)။

www.burmeseclassic.com

www.burmeseclassic.com

အောင်မင်းခေါင် တတ်ပေါင်းစုံစေတီ မူလအလှူရှင် မွန်သူဌေးကြီးနှင့် ဇနီး

◆ ၁. ၃၀. ၁၉၈၂ အမေရိကန်၊ ကာလီဖိုးနီးယားပြည်နယ်၊ စီအာရာတောင်၊ ဒါယကာ၊ ဒါယိကာမ ၁၉ ဦးနှင့် ဓမ္မကမ္မဌာန်း အားထုတ်ခြင်း၊ တုရားကိုးဆူပူဖော်ခြင်း ဆွမ်း၊ ရေ ဆီမီး ကပ်လှူခြင်း။

◆ ဟာဝိုင်အီကျွန်း၊ ဟိုနိုလူလူတွင် ၁၅ ရက်မျှ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း မင်္ဂလာ ပရိတ်တရားတော်များ စီးဖြန်းခြင်း။

◆ နယူးဇီလန်၊ အန်ကလပ်မြို့၊ ဝယ်လင်တန်မြို့၊ ခရစ်ချက်ချ်မြို့တို့တွင် ကမ္မဋ္ဌာန်းစီးဖြန်းခြင်း။

◆ ၂. ၁. ၁၉၈၃ နယူးဇီလန်၊ နယ်လဆင်မြို့ အနီး ဝန်ကပီကအရပ်၊ ပြေကေ ၁၀၃ ပေါ်တွင် ဥက္ကာတော် ၂၈ ရှိ ပထမ နယူးဇီလန် ရွှေတိဂုံစေတီပေါ်။

◆ ၂၈. ၁. ၁၉၈၃ ဩစတြေးလျ ပြည်၊ အဒီလိတ်မြို့၊ ဥက္ကာတော်ပေ ၂၀ ရှိ ပထမ ဩစတြေးလျ ရွှေတိဂုံစေတီတော်။

ကမ္ဘာတစ်ဝန်းတွင် လှည့်ပတ်လျက် ဟရာကာသီ-၄ဆူ၊ အမေရိကန်-၂ဆူ၊ ကနေဒါ-၂ဆူ၊ နယူးဇီလန်-၁ဆူ၊ ဩစတြေးလျ-၁ဆူ စသဖြင့် စုစုပေါင်း မြေကော ၆၆၀ ပေါ်တွင် စေတီတော် ပေါင်း ၁၀ ဆူမျှ တည်ထားကာ သာသနာ ပြုခဲ့ပေသည်။

ဆန့်ကျင်ဘက်တို့၏ ဆုံမှတ်

ဘုရားဖူးပြီးနောက် အလှူရှင် မဝင်းမာလေးကို နှုတ်ဆက်ကာ ထို အောင်မင်းခေါင်ဓာတ်ပေါင်းစုံစေတီ ဝင်းမှ ပြန်ထွက်ခဲ့ကြ၏။

မြို့ထဲနှင့် လက်တစ်ကမ်းအကွာတွင် ရှိနေသော်လည်း၊ ဆိတ်ငြိမ်အေးချမ်းသော နေရာလေးကို ခေါင်းလှည့်ကာ သမင်လည်ပြန်ကြည့်မိသည်။

ကွေ့ကွေ့ဝိုက်ဝိုက် အပြန်လမ်းကလေး၏အလွန်တွင် လတ်ဆတ်သော သစ်သီးတန်းနှင့် ဖွေးပျဲသော ပန်းဈေးခင်းလေး။ ထို့နောက် ရန်ကုန်မြို့၏ နာမည်ကျော်လှသော လူကုံထံရပ်ကွက် ဝင်ဒါမီယာ။ ပြီးတော့ ရွှေပုံထွေးပွေလီသော ပြည်လမ်းမကြီး။

လူတို့၏ ကမ္ဘာမြေကြီးပေါ်တွင် အရာရာသည် ဆန့်ကျင်ဘက်တို့ဖြင့် ပေါင်းစပ် ဖွဲ့စည်းကာ သဘာဝကျ၊ အနုပညာဆန်ဆန် ဖြစ်တည်နေမြဲပေတကား။

ကိုအေးမြင့် (မဟာဝိတ္ထာရေး-သု)

❑

www.burmeseclassic.com

www.burmeseclassic.com

သာယာဝတီမင်း ခေါင်းလောင်းကြီး

ယောနကာဘိုးထောင်



သာယာဝတီမင်းခေါင်းလောင်း

အမရပူရ မင်းနေပြည်တော်တွင် ၁၈၃၇ ခုနှစ်တွင် နန်းတက်သော ရွှေဘိုမင်း ခေါ် သာယာဝတီမင်းသည် ခရစ်နှစ် ၁၈၄၁ ခုတွင် ရန်ကုန်မြို့သို့ ရွှေတိဂုံ ဆံတော်ရှင် စေတီတော်ကို ဖူးမြင်လှူဒါန်းရန် စုန်ဆင်းလာခဲ့သည်။ ရန်ကုန် မြို့သစ်ကို တည်ရန်အတွက် မင်းနှင့်အတူ မိဖုရား၊ မှူးမတ်တို့ အစုအလင်ဖိုဒီရေသည်။ စုန်ဆင်းရာခရီးလမ်းတွင် မြဝတီမင်းကြီး ဦးစက 'ဘုံဆောင်မြင့် ခါ မောင်းလာကြီး၊ ဇေယျာမြို့ ခါ ဖောင်ငင်ကြီး' စိမ်းလဲ့ညိုပြာ' ခါ ဖောင်ဆိုတ်ကြီးများကို ရေးသားဆက်သွင်းခဲ့သည်။

မင်းနှင့် မိဖုရားတို့ စံမြန်းရန် ရွှေတိဂုံစေတီတော်၏ အနောက်ဘက်တွင် တာဝန်း ၁၈၀၀ ခန့်သော အောင်မြေရန်နှင့် မြို့ကို အသည်းစွန်ထောက် မင်းကြီး မဟာစည်သူအား ကြွေတောင် စေလွှတ်၍ ဆောက်လုပ်စေသည်။

သာယာဝတီမင်းသည် ၁၈၄၁ ခုနှစ်၊ အောက်တိုဘာလ (၂)ရက် (၁၂၀၃ ခုနှစ်၊ သီတင်းကျွတ်လပြည့် ကျော် ၃ ရက်နေ့တွင် ရန်ကုန်ဆိပ်တန်း သို့ ဆိုက်ရောက်သည်။ နောက်တစ်နေ့တွင် နန်းတော်သို့တက်ရောက်ပြီး ထိုနေ့တွင်ပင် ရွှေတိဂုံစေတီသို့ အဖူးအမြော်တက်သည်။ ရန်ကုန်မြို့တွင် စံနေတော်မူစဉ်အတွင်း ရွှေတိဂုံဆံတော်ရှင်သို့ အကြိမ်ကြိမ်တက်ရောက်ဖူးမြော်သည်။

သာယာဝတီမင်းသည် ရွှေကျပ်ခဲ့ ၁၂၀၀၀ ဖြင့် အမရပူရမြို့ ဖျက်ပါးခံတံလုပ်စေခဲ့ပြီး ဆံတော်ရှင်စေတီတော်အား ဖိနပ်တော်မှ စွန့်ကျူးဖူးအသိ ရွှေသင်္ကန်းကပ်လှူသည်။ ရွှေသင်္ကန်းကပ်လှူပွဲသို့ ရပ်ဝေး ရပ်နီးမှ ဘုရားဖူးများ လာရောက်ကြသည်။ လက်ဝှေ့၊ လက်ပမ်း၊ ဇာတ်ရုပ်စုံ သဘင်ပွဲများကို ခံ့ကလေသည်။

သာယာဝတီမိဖုရား ဖြစ်သော အနောက်နန်းမတော်မိဖုရား မမြလေးကလည်း ဘုရားကြီး၏ အနောက်ဘက် စောင်းတန်း ဆောက်လုပ်ရန် သစ်၊ ပျဉ်နှင့် လွှက်ခများ လှူဒါန်းသဖြင့် ထိုအလှူကို မင်းနှင့် မိဖုရားတို့ ရောက်သွန်းချ လှူဒါန်းခြင်းသည်။

သာယာဝတီမင်းသည် ၁၈၄၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက် (ထို့နှစ်တပို့တွဲလဆန်း ၁၀ရက်နေ့) အဖူးအမြော် တစ်ခေါက်သော အခါတွင်လည်း ဘိုးတော်မင်းတရားကြီးလက်ထက်တွင်

ထပြည့်ဝန်းမဂ္ဂဇင်း (နိုဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ထိုးလုပ်သည့် သံသေတို့ ရွှေနီ၊ ရွှေဖြူ တို့ဖြင့် ရောစပ်ပြုလုပ်ပြီး အချိန်ပိသာ ၇၀ ရှိ ဆည်းလည်းတစ်လုံးနှင့် အချိန် ၁ ပိသာ ၅၅ ကျပ်သားရှိ ဆည်းလည်း တစ်လုံးတို့ကို လျှုဒါန်းသည်။ မိဖုရား မှူးမတ်တို့ လျှုဒါန်းသော ရွှေဆည်း လည်းများကိုလည်း လျှုဒါန်းခဲ့သည်။

မင်းကြီး၏ အခြားကုသိုလ်တော် စာရင်းပါမှာ သာယာဝတီမင်း ခေါင်းလောင်း အလှူတော်မင်္ဂလာကြီး ဖြစ်ပါသည်။ 'မဟာတိသဒ္ဒယက္ခ' ဘွဲ့ရ ခေါင်းလောင်းကြီးကို သွန်းလုပ်စေ၍ လျှုဒါန်းခြင်းဖြစ်သည်။ သာယာဝတီမင်း ခေါင်းလောင်းတော်ကြီး၏ အရပ်အမြင့်မှာ ၉ တောင် ၁ မိုက် ၃ သစ်၊ အနားလုံးပတ် ၁၅ တောင်၊ ခေါင်းစည်းလုံးပတ် ၁၃ တောင်၊ ၁ မိုက် ၄ သစ်၊ အုပ်အချင်း ၅တောင်၊ ထူထည် ၂ မိုက် ၄ သစ် ဖြစ်သည်။ ခေါင်းလောင်းကြီး၏ အလေးချိန်မှာ ကြေးစင် ပိသာ ၂၅၃၄၀ နှင့် ၄၉ ကျပ်သား (တန် ၄၀၁၆၆) ရှိပါသည်။

ပေါင်းကိုင်းတွင် နရသီဟခြေသံ့ လေးစီးပါရှိသည်။ ခေါင်းလောင်းကြီးကို ဘုရင့်အမိန့်ရ သွန်းလုပ်ကြသော ပုဂ္ဂိုလ်များမှာ ကြေးသွန်းအဏာတ်၌ ကျွမ်းကျင်သော ဝန်ထောက်မင်းကြီးမဟာစည်သူ၊ ပန်းတဲဝန်၊ လက်နက်တိုက်ဝန်မင်းကြီး မဟာမင်းကျော်သခိုယာတို့ ဖြစ်သည်။

ခေါင်းလောင်း သွန်းလုပ်ရာ၌ ကြေးသွန်းအမှုထမ်း ၅၀ ကျော်ပါဝင်လုပ်ကိုင်ရသည်။ ထိုခေါင်းလောင်းကြီးကို သာယာဝတီမင်း ပြန်လည်ကြွချီသွားပြီးနောက် ခရစ်နှစ် ၁၈၄၃ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် စေတီတော်ရင်ပြင်အရှေ့မြောက်ဘက်အရပ်(တနင်္ဂနွေထောင့်)၌ တန်ဆောင်း ပြာသာဒ်နှင့် တကွ ဆွဲထား လျှုဒါန်းလေသည်။

သာယာဝတီမင်း ရန်ကုန်သို့ ဆင်း၍ ကောင်းမှုပြုစဉ်က စေတီတော်ကြီး၏ ဉာဏ်တော်မှာ သံတောင် ၁၈၆ ထောင် ၁ မိုက်နှင့် ၄ သစ် ဖြစ်၍ ဖိနပ်တော်အဝန်းမှာ သံတောင် ၉၀၀ ဖြစ်သည်ဟု သိရလေသည်။

ထိုအချိန်တွင် သာယာဝတီမင်း၏ မိဖုရားတော်မှ ဘုရားအနောက်ဘက်ရှိ ဥက္ကလာပနန်းတော်၌ တက်သည့်လမ်းကို 'လမ်းမတော်' ဟု ယခုတိုင် ခေါ်ဆိုနေကြလေသည်။

သာယာဝတီမင်းသည် ဥက္ကလာပတွင် စံနေ၍ ငါးလကျော်ကြာသောအခါ သွားသောအခါ၊ အတူလိုက်ပါလာခဲ့သော မဣမူးမတ်တို့က နေပြည်တော်သို့ လွှမ်းဆွတ်၍ ပြန်လိုကြလေသည်။ ထို့ကြောင့် ပြင်စည်မင်းသားက "တောင်ယံတောက၊ မောလေအောင်" ဟု တောတောင်ဘွဲ့ မွန်သီချင်းကိုရေး၍ နေပြည်တော်ကို တမ်းတသည်။ မြဝတီဝန်ကြီးက 'စိန်ခြယ်ညီးလင်း' မွန်သီချင်းကို ရေးသည်။ ယင်းသီချင်းတွင် 'နှင်းယွန်းသာဟေမန်၊ လေပြန်လောင်း၊ ပြောင်းမည့်ဟန်၊ မှန်နန်းကွာဝေး၊ ဆွတ်ပျံသည့်လွှမ်းရေး' စသည်ဖြင့် ဥက္ကလာပမှနေ၍ နေပြည်တော်ကို လွှမ်းရေးဆွတ် ဖွဲ့ဆိုဆက်သွင်းလေသည်။ ထို့ကြောင့်ပင် သာယာဝတီမင်းကြီးသည် ၁၂၈၃ ခု၊ တပို့တွဲလဆန်း ၁၂ ရက်နေ့ (၁၈၂၄ ခု၊ ဇန်နဝါရီလ ၂၂ ရက်)တွင် ရန်ကုန်မြို့မှ အမရပူရသို့ ရေကြောင်းဖြင့် ပြန်လည် ကြွချီလေသည်။

သာယာဝတီမင်းခေါင်းလောင်းတော်ကြီးကို ဓလ့လာနိုင်ရန် နောင်တော်မြို့ အစ်ကို ဦးစိန်ဝင်းအောင်ထံ ခွင့်ပန်ပြီး သုတေသနလက်တွေ့မျက်မြင် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ခေါင်းလောင်းတော်ကြီးသည် ရွှေတိဂုံစေတီတော် တနင်္ဂနွေထောင့် တွင် တည်ရှိသည်။ ကျောက်စိမ်းဓမ္မာရုံနှင့် ရဟန္တာသိမ်ကျောင်းတော်အကြား တည်ရှိသည်။ မြောက်ဘက်တွင် နောင်တော်ကြီး ရွှေတိဂုံစေတီတော်ရှိနေသည်။ သာယာဝတီမင်းခေါင်းလောင်းကြီးကို အခိုင်အမာ ဆောက်လုပ် ချိတ်ဆွဲထားသည်။ ခေါင်းလောင်းထိုး၍ ရသည်။ ရွှေတိဂုံစေတီတော်မှ ခေါင်းလောင်းထိုးသံကို ချိုမြကြည်လင်စွာ ကြားနာနိုင်သည်။

ခေါင်းထိပ်တွင် ကြာပွင့်သဏ္ဌာန် အထွတ်တင်ထားသည်။ ခေါင်းလောင်းနားပေါက်တွင် ခိုင်ခံ့သော သပ်ကို လျှို၍ ချိတ်ဆွဲသည်။ ဘေးနှစ်ဖက်တွင် ခိုင်မာတောင့်တင်းသော စိုင်နှစ်ခုဖြင့် ဝိုင်းရံထားသည်။ ကြာရွက်ကြာခံများကို သုံးထားပုံက မြန်မာ့မူလက်ရာတွင် ထူးခြားဆန်းသစ်နေသည်။

သာယာဝတီမင်းခေါင်းလောင်း သပ်လျှိကြီး ဘယ်ညာတွင် ပဉ္စရူပရုပ်များကို ဆွဲချထား၏။ ခေါင်းလောင်းကြီး၏ ပုစွန်တုတ်ကွေးသည် တောင်နှင့် မြောက်ကို လှည့်ထားသည်။ ပဉ္စရူပရုပ်များကို ဘယ်ညာပုံထားရှိသလို အရှေ့အနောက်တွင် မနုဿိဟရုပ်များ ပါရှိနေသည်။ ဖောင်းရစ်ကို စက်ဝိုင်းမဲ့သဏ္ဌာန်ထည့်သွင်းထားပြန်သည်။

ဖောင်းရစ်အောက်တွင် ရွှဲလုံးများကို စီကာရီကာ ပတ်ပတ်လည်ပြည့်တပ်ဆင်ထားသည်။ ရွှဲလုံးများအောက်တွင်မူ ကြာနုကလေးများကို လှလှပပ ညီညီညာညာ ပြုလုပ်ထားသည်။ ကြာနုကလေးများအောက်တွင် လည်ရစ်တန်းတစ်ခု ခံထားပြန်သည်။ လည်မှာအောက်တွင် စက်ဝိုင်း စက်တန်းကို

www.burmeseclassic.com

www.burmeseclassic.com

ထပ်မံဖြည့်စွက်ထားသည်။ ခိုင်မာမှုအားကောင်းမောင်းသန်ရန် ပန်းပဉ္စာဆန်းတစ်ခုဖြစ်သည့် စက်ဝိုင်း စက်ဝန်းအောက်တွင်မူ မြန်မာ့ဓလေ့ရိုးရာ ကြာကို ကြာမှောက်ပြုလုပ်ထားသည်။

ကြာမှောက်ကြာလှန် အောက်ခံတွင်မူ ရွှဲလုံးများကို စီကာ ဆင့်ကာထည့်ထားပြန်သည်။ ရွှဲလုံးအောက်တွင် ကြာပန်းဆွဲ ပထမဆင့်ကို ခံထား၏။ နောက် ကြာပန်းဆွဲ ဒုတိယဆင့်ကို ပြန်၍ ဆင့်ခံထားသည်။ ပြီးလျှင် ကြာပန်းဆွဲ တတိယဆင့်ကို ပြန်၍ မြင့်ကာ ဆင့်ခံထားပြန်သည်။

ကြာပန်းဆွဲများပြီးလျှင် ခေါင်းလောင်းပုံ ပထမလည်ရစ်ကြိုးများကို တွေ့မြင်ရသည်။ ပထမလည်ရစ်များအပြီးသတ်တွင် နောက်ထပ်နှစ်ဆင့်ခံလည်ရစ်နှစ်တန်းကို ဖြည့်စွက်ထားပြန်သည်။ ပန်းပဉ္စာအခိုင်အခဲ့ အသန့်ဘက်သို့ လှအောင် တင့်တယ်ရန်ပြုလုပ်ထားသည်။

မြန်မာ့ ခေါင်းလောင်းကြီး၏ ထူးခြားချက်မှာ မြန်မာတို့၏ အစဉ်အလာ သဘာပညာကိုပြသသော အင်းကွက်များနှင့် အင်းဂါထာများ ထည့်သွင်းရေးထိုးထားသည်။ သိရှိ ဉာဏ်မီသလောက် လေ့လာတွေ့ရှိချက်များမှာ ကြာ၊ ထီး၊ နဂါး၊ မြွေ ပုံသဏ္ဌာန် အင်းကွက်များစွာကို ပုံဖော် ထည့်သွင်းချထားလေသည်။

ဤသို့သော အင်းများကို စဉ့်ကူမင်းခေါင်းလောင်တော်ကြီးတွင်လည်း လေ့လာ တွေ့ရှိနိုင်ပါသည်။ မြန်မာ့အင်း၊ အိုင်၊ ခဲလှည့်၊ လက်ဖွဲ့၊ မန္တန်ပဉ္စာရပ်များကိုလည်း မတိမ်ကောမပျောက်စေရန် လေ့လာထိန်းသိမ်းထားသင့်ပါသည်။ အုန်းအဓိပ္ပါယ်ရှိရှိ ဉာဏ်ပညာဖြင့် မြန်မာတို့၏ ပန်းဆယ်မျိုးကို အမျိုးဂုဏ်တက်အောင် လုပ်ဆောင်ထားခြင်း ဖြစ်ပါသည်။

သာယာဝတီမင်းခေါင်းလောင်းစာ သမိုင်းကြောင်းကို ပန်းကနုတ် ကဗျာများဖြင့် မြန်မာ့ဟန် မြန်မာ့နည်း စနစ်ကျကျ ရေးထိုးထားပါသည်။ ဤ ခေါင်းလောင်းစာများသည် မြန်မာ့ခေါင်းလောင်းဖြစ်စဉ် သမိုင်းဘဝမော်ကွန်းကို ရေးထိုးထားခြင်း ဖြစ်သည်။

ခေါင်းလောင်းစာ အောက်ခြေတွင် အောက်နှုတ်ခမ်းတော်ကြီးကို ပထမရစ်အလယ်ရစ် အောက်ဆုံးအရစ်များဖြင့် ခိုင်ခိုင်ခဲ့ခဲ့ မြန်မာ့ပန်းပဉ္စာရပ်များဖြင့် စီစီရီရီ ညီညီညာညာ စကေးကိုက် ရွေးကိုက် ပြုလုပ်ထားပြန်သည်။

အောက်နှုတ်ခမ်းတော်ကြီး လေးဘုံအရစ် ပြီးသောအခါ သပိတ်မှောက်ကို အဆင့်ပြေပြေ ကိုယ်ထည်ကြီးကို ဝင့်ဝင့်ကြွားကြွား တင့်တင့်ထွားထွားဖြစ်ရန် လုပ်ဆောင်ထားပါသည်။ သာယာဝတီမင်း ခေါင်းလောင်းကြီးကို နှုတ်ခမ်းသား ခိုင်ခိုင်မာမာ ပြည့်ပြည့်ဖြိုးဖြိုးနှင့် အဆုံးသတ်ထားပါသည်။

သာယာဝတီမင်း ခေါင်းလောင်းတော်မြတ်ကြီးသည် စဉ့်ကူမင်း ခေါင်းလောင်းတော်ကဲ့သို့ ဖြုတ်ယူခြင်း၊ သယ်ဆောင်ခြင်း၊ လောကဓံကို မခံရသဖြင့် အနာအဆာ ဒဏ်ရာဒဏ်ချက် ကင်းစင်သည်။ ခေါင်းလောင်းထိုးသံ ဟိန်းဟိန်းညံ သံစဉ်ရသကို ပေးသည်။ မြန်မာတို့၏ ရွှေတိဂုံစေတီတော်မြတ်ခြေရင်းတွင် အမျှဝေ သာဓုခေါ်အောင် စည်ဆော်ခေါင်းလောင်းထိုးသံကား တနင်္ဂနွေ အောင်ဓာတ် ဂဠုန်အရပ်သည် မြင့်ခြင်း တင့်ခြင်းကို ဆောင်ပါသည်။

အောင်စစ်သည်တော် ထီးပူဇော်ရာတွင်လည်း ဤတနင်္ဂနွေထောင့်မှ တင်လျှူတော် အောင်ခြင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင်တစ်ဝ ခေတ် အဆက်ဆက် ကြား ကြားဖူးသံ ထီးတော်ပုံ စေတီတော်များ ဦးစံရာ နှစ် မြေသာဖြစ်သည်။

ပြီးတော့ ယနေ့တိုင် မြန်မာတို့ ရင်တွင်း ရင်နှစ်တွင် ပဟေဠိအဖြေရှာ မရသေးသော ဓမ္မစေတီခေါင်းလောင်းတော်ကြီး၏ ခြေရာအစုံ နေရာမြတ်ကား တနင်္ဂနွေထောင့်အလွန် ဓမ္မစေတီတော် ကျားခြေသို့အရှေ့ရင်ပြင်တော်ဝယ် ရှိနေခြင်းကလည်း ဆန်းလျက်ကျယ်ဝန်းလှပေသည်။

မည်သို့ပင်ဖြစ်စေ ရွှေတိဂုံစေတီတော်ခြေရင်းတွင် စဉ့်ကူမင်းခေါင်းလောင်း၊ သာယာဝတီမင်းခေါင်းလောင်းတို့ကတော့ လက်တွေ့မျက်မြင် ထင်ထင်ရှားရှား ပေါ်ပေါ်လွင်လွင် ရှိနေဆဲဖြစ်သည်။ ဘိုဖြစ်၍ လက်ရှိ မျက်မြင် ခေါင်းလောင်းကြီးများ၏ အဖိုးတန်အမျိုးမှန် အလှကို တာရှည်ခံအောင် စောင့်ရှောက်ထိန်းသိမ်းမှု တာဝန်မှာ မြန်မာတို့၏ ဝတ္တရားဖြစ်သည်။

ဆက်လက်၍ မြန်မာတစ်မျိုးသားလုံး စိတ်ဝင်စားမဆုံးဖြစ်နေသော ဓမ္မစေတီခေါင်းလောင်းကြီး အကြောင်းကိုလည်း ဉာဏ်မီသရွေ့ လေ့လာမှုသုတေသနပြုလုပ် တင်ပြပါမည်။ ယခုအခါ သာယာဝတီမင်းခေါင်းလောင်းကြီး အကြောင်း သိရှိလေ့လာမီသမျှ တင်ပြအပ်ပါသည်။

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

ဟောနကဘိုးအောင်

www.burmeseclassic.com

www.burmeseclassic.com

ဗဒေါမဟူကျွဲစိုးထက်ကို ဘုရားလောင်းက ဘယ်လိုနည်းနဲ့ ဖြိုခွင်းခဲ့သလဲ

(ယခင်လမှအဆက်)

ပေါရိသာဒသည် ဘုရားလောင်း၏ စကားကို ပစ်ပယ်ရန် မသင့်ဟု ဆုံးဖြတ်လိုက်ပြီး ယခုလည်း သတာရဟဂါထာကို လည်း ဟောပြထားသည့် ဘုရားလောင်းအား လူသားကို ရှောင်ပါမည်ဟူသော ဆုကို ဘုရားလောင်း၏ ခြေရင်းတွင် ဝပ်၍ ငိုကြွေးရင်း ပေးခဲ့တော့သည်။

ထို အခါ ဘုရားလောင်းက သီလ၌ တည်ပြီးသေရခြင်းသည် မြတ်ကြောင်း၊ လူသားစားခြင်းကို ရှောင်သည့် နေ့မှစ၍ မြတ်သောအကျင့် တည်ပြီဖြစ်ကြောင်း မိမိအားချစ်ခင်လေးစားသည်မှန်လျှင် ငါးပါးသီလကို ဆောက်တည်ရန် ပေါရိသာဒအား တိုက်တွန်းခဲ့၏။ ပေါရိသာဒကလည်း ဝန်ခံခဲ့သည်။ နတ်အပေါင်းတို့သည် ကောင်းချီးပေးကြကုန်သည်။

ဖမ်းထားသောမင်းတို့ကို ပြန်လွှတ်မည့်ကိစ္စတွင် ပေါရိသာဒနှင့် မင်းအပေါင်းတို့အကြားတွင် မမြေမလည် အခက်အခဲ မဖြစ်စေရန် ဘုရားလောင်း

လမြဲဦဝန်းမတင်း (နိဝင်းသာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

သည် နှစ်ဖက်လုံးကို ကောင်းစွာရှင်းပြသွန်ကြားပေးခဲ့သည်။ အားလုံးကလည်း ဘုရားလောင်း၏ စကားကို နာယူခဲ့ဖြင့် ဖြစ်ပြီးသမျှကို သင်ပုန်းချေပြီး ခဲ့ချင်းချင်းသင့်မြတ်ကြကာ အသီးသီး ဘတိုင်းပြည်သို့ ပြန်ကြကုန်သည်။

ပေါရိသာဒသည် မိမိ၏ တိုင်းသူပြည်သားတို့သည် မိမိကို ခွင့်လွှတ်ကြမည် မဟုတ်သဖြင့် တောင်၌ နေခဲ့ပြီး သစ်ဥ သစ်ဖုတို့ကိုသာ စားတော့မည်ဟု ဆိုခဲ့သည်။ ဘုရားလောင်းက မစိုးရိမ်ရန် နှစ်သိမ့်ပြီး တိုင်းပြည်သို့ ပြန်ခေါ်ခဲ့သည်။

ပထမတွင် မင်း၊ မိဖုရား၊ စစ်သူကြီးကာဠဟတ်အပါအဝင် တိုင်းသူပြည်သားတို့က ပေါရိသာဒကို ဝင်ခွင့်မပြုခဲ့ချေ။ ဘုရားလောင်းက ပေါရိသာဒအတွက် အာမခံခဲ့ကာ ဘုရားသူတော်ကောင်းတို့၏ စိတ်ထားပုံ၊ ပြုကျင့်ပုံတို့ကို အဝတ္ထုကြေရန် ဖျောင်းဖျ ရှင်းလင်းပြောကြားခဲ့သဖြင့် နောက်ဆုံးတွင် အားလုံးသည် ဘုရားလောင်း၏ အဆုံးအမကို ခံယူကာ ပေါရိသာဒကို မင်းအဖြစ် ပြန်ပြုခဲ့ကြသည်။

ပေါရိသာဒသည်လည်း မင်းကျင့်တရားနှင့် ကျင့်ကြံပြုမူရင်း ပြည်သူတို့နှင့်အတူ ကောင်းမှုတို့ကို ပြုခဲ့သည်။ ဘုရားလောင်း မဟာသုတသောမဓင်းသည် ပညောင့်ပင့်စောင့်နတ်အတွက် ရေကန်၊ အဆောက်အအုံတို့ကို ပြုလုပ်ပေးခဲ့သည်။ ရွာကိုလည်း တည်ပေးခဲ့သည်။ ကမ္ဘာသုဒ္ဓမွန်ဂုံးဟု တွင်ခဲ့သည်။ တစ်ရွာတစ်ပါးသော မင်းနှင့် ပြည်သူတို့သည်လည်း ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ ဒါနအစရှိသော ကောင်းမှုတို့ကို ပြုကြ၍ နတ်ပြည်ကို ပြည့်စေကုန်၏။

ပညာရှိ သူတော် ကောင်းဆိုသည်မှာ ဤသို့တည်းဟု ပြဆိုအပ်သော ပညာရှိ သူတော်ကောင်းတစ်ဦးသည် မိတ်ဆွေသာမက ရန်သူဖြစ်သူကိုပါ အကျိုးကျေးဇူး ဖြစ်ထွန်းစေကြောင်း ပြအပ်သော မဟာနိပါတ်ဝိဓုရဇာတ်တွင် ဂေါတမဘုရားလောင်း ဝိဓုရအမတ်ကြောင့် လိမ္မာ ယဉ်ကျေးသွားရွံ့မတလိုချင်သော နဂါးမင်းသမီးကိုပါ ရခဲ့သော် ပုဏ္ဏကနတ်ဘီလူးကား အဂုလိမာလမထေရ်လောင်းလျာတည်း။

လွန်လေပြီး ဘာလထစ်ခုခဲ့ကုဋ္ဌတိုင်း ဣန္ဒပတ္ထနဂိုရိမ်ပြည်တွင် မင်းပြုသော ဓနဥယကောရဇ မင်းကား အရှင်အာနန္ဒာမထေရ်လောင်း ဖြစ်သည်။ **ထိုမင်း၏ ပညာရှိ အမတ်ကား** ဂေါတမဘုရားလောင်း ဝိဓုရအမတ်တည်း။ ထိုမင်းကား ကြွေအန်ကစား ကြူးသူဖြစ်သော်လည်း ဝိဓုရအမတ်၏ အဆုံးအမ၌ စည်၍ အလျှူပေး၏။ သီလဆောက်တည်၏။ ဥပုသ် ဆောက်တည်၏။ အတိတ်ဘဝက မိတ်ဆွေရင်းများဖြစ်ကာ ယခုဘဝတွင် ပြန်ဆုံ၍ ရင်နှီးချစ်ခင်ကြသော အရှင်သာရိပုတ္တရာလောင်း ဝရုဏနဂါးမင်း၊ အရှင်မောဂ္ဂလာန်မထေရ်လောင်း ဂဠုန်မင်း။ အရှင် အနုရုဒ္ဓါမထေရ်လောင်း သိကြားမင်းတို့နှင့်အတူ ကောရဇမင်းသည် ဓာစ်နေ့သော ဥပုသ်နေ့၌ မင်း၏ ဥယျာဉ်တွင် လာရောက်စုရုံးကြပြီး ဥပုသ်ဆောက်တည်ကာ တရားဘာဝနာများ ပွားများနေခဲ့သည်။

ညချမ်းရောက်သော် စုရုံး၍ စကားဆိုကြရင်း မိမိတို့ ရရှိခံစားရသော ကာမဂုဏ်စည်းစိမ်တို့ကို ကိုယ်စီ စွန့်ပယ်သည်းခံ၍ တစ်နေ့တာ ဥပုသ် ဆောက်တည်ခဲ့ကြရာ တစ်ဦးစီတိုင်းသည် မိမိ၏ သီလသည် အမြတ်ဆုံးဖြစ်လိမ့်မည်ဟု ယူဆပြီး ထုတ်ဖော်ပြောဆိုကြသည်။ သို့နှင့် ဤပြဿနာကို ဝိဓုရအမတ်ကြီး အားဆုံးဖြတ်စေခဲ့သည်။ ဘုရားလောင်း အမတ်က မင်းအသီးသီး၏ သီလတို့ကို ကျိုးကြောင်းဆီလျော်စွာ ချိုးကျူးပြီး ထပ်တူပြုကာ အဆုံးအဖြတ်ပေးခဲ့သည်။ အားလုံးက နှစ်သက်လက်ခံကြပြီး မိမိတို့၏လက်ဆောင်များကို ဘုရားလောင်းအား ပေးအပ် ပူဇော်ခဲ့ကြသည်။

မိမိတို့၏ နေရင်းဌာနသို့ ပြန်ကြရာ ဝရုဏနဂါးမင်း၏ လည်ဆွဲပတ္တမြားကို မမြင်သဖြင့် ဝိမလာဒေဝီနဂါး မိဖုရားကြီး (ခေမာထေရီလောင်းလျာ)က မေးခဲ့သည်။ ဘုရားစကားကို နာရ၍ ကျေနပ်အားရသဖြင့် ဝိဓုရအမတ်ကြီးအား ပူဇော်ခဲ့ကြောင်း၊ ဝရုဏနဂါးမင်းက ပြောခဲ့သည်။ ထိုအခါ ဝိမလာဒေဝီနဂါးမိဖုရားသည် ဘုရားလောင်း၏ တရားစကားကို နာယူလိုသည့် ချစ်ခြင်းဖြစ်လာခဲ့သည်။

မိမိ၏ ဆန္ဒပြည့်ရန် ပရိယာယ်သုံးပြီး နာဟန်ပြုလျက် လင်ဖြစ်သူကို တောင်းဆိုခဲ့သည်။ အနိုင်အထက်မပြုဘဲ တရားနှင့်အညီဆောင်၍ ရသော ဝိဓုရသုခမိန်၏နှလုံးကို အလိုရှိကြောင်း ပြောပြ ပူဆာခဲ့သည်။ အခက်တွေ့နေသော ဝရုဏနဂါးမင်းသည် ရှေ့သို့ အခံစားရောက်လာသည့် သမီးကြွရန္တတိနဂါးမင်းသမီးကို တွေ့သော် အကြံရသဖြင့် ရွှတ်ကြောက် ထိန်းချုပ်ခြင်းမပြုနိုင်တော့ဘဲ မယား၏ အလိုလိုက်ရန် သမီးဖြစ်သူကို အကျိုးအကြောင်း ပြောပြလျက် မိဖုရားဆန္ဒကို ဖြည့်စွမ်းပေးနိုင်မည့်သူကို ရှာ၍ ခေါ်လာရန် ခိုင်းတော့သည်။

နဂါးမင်းသမီး(ကိသာဂေါတမီထေရီလောင်း) ကလည်း လိုလားစွာ လက်ခံခဲ့သည်။ ဟိမဝန္တာအရပ်ရှိ ကံဇ္ဇဟူသော ကျောက်ညိုတောင်ထိပ်တွင် ပန်းခင်းပြုလုပ်ကာ သီချင်းများရေးစပ်သီကုံးပြီး ဝိဓုရသုခမိန်၏ နှလုံးကို တရားသဖြင့် ရယူနိုင်သူအား လင်အဖြစ် ပြုမည်ဟု သီဆိုခဲ့သည်။

ထိုစဉ် ဝေဿဝဏ်နတ်မင်း၏တူ အဂုလိမာလမထေရ် လောင်းလျာ ပုဏ္ဏကနတ်ဘီလူး စစ်သူကြီးသည် မနောမယသိန္ဓောမင်း (ဖွားဖက်တော် ကဏ္ဍကမြင်းလောင်းလျာ)တို့ဝီစီ၍ ထိုနေရာသို့ ရောက်လာခဲ့သည်။ ဒေသာဂတ်တို့တွင် အတူပေါင်းဖော်ဖူးခဲ့ကြသည့် နဂါးမင်းသမီးနှင့် နတ်ဘီလူးသည်

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးကို တစ်ဦး ချစ်ခင်နှစ်သက်ခြင်း ဖြစ်ကြရကား အကျိုးအကြောင်းသိကြသော် ဝရဏနဂါးမင်းထံသွားခဲ့ကြသည်။

သေချာစွာကျိုးကြောင်းခြင်း ရာတို့ကို ပြောဆိုကြပြီးနောက် ပုဏ္ဏကနတ်ဘီလူးက ဆောင်ရွက်ပေးရန် လက်ခံခဲ့သည်။ ထို့နောက် ဦးရီးတော် ဝေဿဝဏ်နတ်မင်းထံ ခွင့်ပန်၍ ဝေပုလ္လတောင်ထိပ်မှ မနောဟရုပတ္တမြားကိုယူပြီး ကာလစမ္ဘာနဂိုရ်ပြည်မှ ကစ္စည်းလုလင်အမည်ခံလျက် ထီးဆောင်းမင်းများနှင့် အတူ အန်ကစားနေသည့် ကောရဗျမင်းရှိရာသို့ သွားခဲ့သည်။ မနောဟရပတ္တမြား၏ ထူးခြားအံ့သြဖွယ်တို့ကို ပြောပြလျက် ပတ္တမြားကို လောင်းကြေးပြု၍ ကြွေအန်ကစားမည်ဟု တောင်းဆိုခဲ့သည်။

ကောရဗျမင်းကလည်း မိမိကိုယ်မိဖုရား၊ ထီးနန်းကိုချန်၍ မည်သည့်အရာကို မဆို အလိုရှိရာကို ယူစေဟု လောင်းတမ်းဥစ္စာကို ပြောပြီး မင်းအများ၏ ရှေ့တွင် ကတိဖြစ်စေသည်။ ကြွေအန်ကစားကြရာ အစပိုင်း၌ ရှေးဘဝက အမိတော်စပ်ခဲ့ဖူးသော နတ်သမီး၏ စောင့်ရှောက်မှုကြောင့် ကောရဗျမင်းနိုင်လေသည်။

ကစ္စည်းလုလင်(ပုဏ္ဏကဘီလူး)က မိမိ၏ တန်ခိုးဖြင့် နတ်သမီးကို ကြောက်လန့်ထွက်ပြေးစေခဲ့ရာ ကောရဗျမင်း ရှုံးတော့သည်။ နိုင်သူ ကစ္စည်းလုလင်က လောင်းကြေးဆုအဖြစ် ဝိဓုရသုခမိန်ကို တောင်းခဲ့သည်။ ကောရဗျမင်းက ဝိဓုရသုခမိန်သည် မိမိကိုယ်နှင့်ထပ်တူပြု တန်ဖိုးထားကာ အားကိုးယုံကြည်သူဖြစ်သဖြင့် မိမိပိုင် ဥစ္စာမဟုတ်သဖြင့် မပေးနိုင်ကြောင်း ပြောခဲ့သည်။

အဆုံးအဖြတ်ရယူရန် ဝိဓုရသုခမိန်ထံသွား၍ အမတ်ကြီးသည် မင်းကြီးပိုင်ဆိုင်သူလော ဆွေမျိုးလောဟု မေးခဲ့သည်။ ဘုရားလောင်း ဝိဓုရအမတ်က မိမိသည် ကောရဗျမင်း၏ အခစားကျွန်ဖြစ်ကြောင်း၊ တစ်စုံတစ်ခုသော အကြောင်းအတွက် မင်းသည် မိမိကိုပေးပါက တရားသဖြင့် ပေးခြင်းဖြစ်ကြောင်း မှန်သောသစ္စာစကားဆို၍ ဖြေကြားခဲ့သည်။

အရှက်ရပြီး အမျက်ထွက်သွားသော ကောရဗျမင်းသည် ဘုရားလောင်းအား ကစ္စည်းလုလင်ကို ပေးသည်ဟု ပြောရတော့သည်။ ဗာဒိတ်ခံရပြီးဖြစ်သော ဘုရားလောင်း ဝိဓုရအမတ်သည် မိမိ၏ အသက်အန္တရာယ် ရှိနိုင်သည် ဖြစ်သော်လည်း မမှန်မကန် ချွတ်ယွင်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်းဟူသော ဘုရားလောင်းတို့ ဆောက်တည်ကျင့်ကြံသော သစ္စာပါရမီဖြည့်ကျင့်ခြင်း အမှုဖြစ်သည့် ဝစီသစ္စာကို မယိုင်ယွင်းစေဘဲ အမှန်ကို ဝန်ခံ ပြောဆိုခဲ့သည်ဖြစ်ရာ ဘုရားလောင်း သုတော်ကောင်းတို့၏ ပါရမီဖြည့်ကျင့်တော်မူပုံအား မျှားစွာကြည်ညိုလေးစားဖွယ် ဖြစ်တော့သည်။

မတ်တတ်သာ၍ ပေးလိုက်ရသော်လည်း ကောရဗျမင်းသည် မသွားမီ မိမိအား တရားစကားကို ပြောကြားပေးခဲ့ရန် ဝိဓုရအမတ်အား တောင်းဆိုခဲ့သည်။ ဘုရားလောင်း ဝိဓုရအမတ်သည် မင်းအား အိမ်ရာထောင်သော လူဘောင်၌ ကျင့်ဆောင်ရာ တရားကို ဟောခဲ့သည်။ မင်းအား ခြိုးမြောက်မ,စခြင်းနှင့် ပတ်သက်သောတရား၊ သစ္စာစောင့်ခြင်း အလေ့ဆိုင်ရာ ကျင့်ဝတ်တရားတို့ကို ပြောပြကာ မမေ့မလျော့မင်းကျင့်တရားနှင့်အညီ ကျင့်ရန် ပြောခဲ့သည်။

ထို့နောက် အမတ်ကြီးသည် ကစ္စည်းလုလင် (ပုဏ္ဏကဘီလူး)အား မိမိ၏ အိမ်သို့ ခေါ်၍ နှစ်ရက် သုံးရက်ခန့် စည်းစိမ်သုခအပြည့်အစုံဖြင့် ပြုစုပြီး စောင့်ဆိုင်းနေစေခဲ့သည်။ ဘုရားလောင်း ဝိဓုရအမတ်ကြီးသည် ဇနီးဖြစ်သူ ယသော်ဓရာဒေဝီလောင်းလျာ အနောဇာဒေဝီမှ အစပြု၍ သားသမီးချွေးမတို့ကို ခေါ်ယူစုရုံးစေကာ အကျိုးအကြောင်း ရှင်းပြခဲ့သည်။ မိမိမသွားမီ အားလုံးအတွက် မင်းခယောက်ျားတို့ ကျင့်ရာ ဆောင်ရာ တရားဖြစ်သော ရာဇဝသတိတရားကို လေးဆယ့်ခြောက်ဂါထာဖြင့် ဟောကြားဆုံးမပေးခဲ့သည်။

ဇနီးသားသမီး ဆွေမျိုး အခြေအရံ အပေါင်းတို့ ငိုကြွေးစဉ်တွင်ပင် ဘုရားလောင်းသည် ပုဏ္ဏကနတ်ဘီလူး၏ မြင်းမြီးကိုဆွဲကိုင်၍ မြင်း၏ ပေါင်နှစ်ဖက်ကို ခြေနှစ်ဖက်နှင့် ချိတ်ကာ ပုဏ္ဏကခေါ်ရာသို့ လိုက်သွားခဲ့တော့သည်။

ပုဏ္ဏကသည် ဘုရားလောင်းအား အသေသတ်ပြီး နှလုံးကို ယူသွားမည်ဟု ကြံပြီး ဘုရားလောင်း သေစေရန် လုပ်ဆောင်ခဲ့တော့သည်။ ဟိမဝန္တာတောကို ဖြတ်ကျော်စဉ် တောင်များ သစ်ပင်များနှင့် ထိတိုက်ပြီး သေစေရန် မြင်းကို အပြင်းစိုင်းနှင်ခဲ့သည်။

ဘုရားလောင်း၏ ကုသိုလ်ပါရမီအာနုဘော်ကြောင့် အန္တရာယ်ဖြစ်မည့် အရာများသည် ဖယ်ရှားကုန်သည်။ ဘုရားလောင်းမှာ ပင်ပန်းကြီးစွာ ဒုက္ခခံရသော်လည်း အသက်မသေခဲ့ပေ။

ထိုသို့ သုံးကြိမ်ခန့် လုပ်သော်လည်း ဘုရားလောင်း မသေခဲ့သဖြင့် ကောင်းကင်၌ ပြင်းထန်သော လေသင်ခုန်းအကြားတွင် သေစေရန် ကောင်းကင်၌ မြင်းကို အပြင်းစိုင်းခဲ့ပြန်သည်။ မသေပြန်သော် သာဂ္ဂါဂိရိတောင်ထိပ်သို့ ယူဆောင်ကာ ကြောက်မက်ဖွယ်ရာ အဆင်းသဏ္ဌာန်လုပ်ပြီး ကြောက်လန့်အောင် ခြိမ်းခြောက်လျက် သေအောင် ကြိုးစားပြန်သည်။ မသေသေးသဖြင့် ဘုရားလောင်း၏ ကိုယ်ကို ကိုင်ပြီး တောင်ထိပ်အပြင်၌ တပြောင်းပြန်ပြန် ကိုယ်ကို လှုပ်ယမ်းပြီး သေအောင်ပြုသော်လည်း မသေခဲ့ချေ။

သို့ဖြစ်ရာ တောင်ထိပ်မှနေ၍ ဘုရားလောင်းကို ပစ်လွှတ်ချပြန်သည်။ တစ်ဆယ့်ငါးယူဇနာအထိ လွင့်ပစ်ကျ

www.burmeseclassic.com

www.burmeseclassic.com

သော်လည်း မသေပြန်။ နောက်တစ်ကြိမ် ယူဇနာသုံးဆယ်၊ နောက်တစ်ကြိမ် ယူဇနာခြောက်ဆယ်ရောက်သည်အထိ ပစ်လွှင့်ပြန်သော်လည်း သေအောင် မသတ်နိုင်ခဲ့ချေ။

ထိုအခါ ဘုရားလောင်းသည် နောက်တစ်ကြိမ် ပစ်ရန်ပြုစဉ် ပုဏ္ဏကအား မိမိကို အဘယ်ကြောင့် သတ်လိုကြောင်း မေးခဲ့သည်။ ပုဏ္ဏက နတ်ဘီလူးက မိမိ ထိုသို့ပြုလုပ်ရခြင်းကို ရှင်းပြခဲ့သည်။ ဘုရားလောင်း ဝိဓုရသုခမိန်သည် နဂါးမိဖုရားက မိမိ၏ တရားကို နာယူလိုသဖြင့် ပရိယာယ်ပြု၍ ဤသို့ဒိုင်းစေရကြောင်း ဆင်ခြင်သဘောပေါက်ခဲ့သည်။

ထို့ကြောင့် မိမိ၏ ပညာဉာဏ်စွမ်းကို အသုံးချလျက် ပုဏ္ဏကကို အနိုင်ယူပြီး ဆုံးမမည်ဟု ကြံခဲ့သည်။

သို့အတွက် ခပ်သိမ်းသောသူတို့ကျင့်အပ်၊သိအပ်သော သူတော်ကောင်းဟု သမုတ်သောသူတို့၌သာ တည်သော တရားဖြစ်သည့် သာဓုနရတရားကို နာကြားကြည်ရန် ပုဏ္ဏကကို တိုက်တွန်းခဲ့သည်။

ပုဏ္ဏကသည် ရှေးက မဖောဖူးသေးသည့် ထူးခြားသော တရားဖြစ်လိမ့်မည်ဟု တွေးမိသဖြင့် တရားနာယူရန် ဘုရားလောင်းအား သက်သာရာရအောင် ပြုလုပ်ပေးခဲ့သည်။ ခန္ဓာကိုယ်ကို သန့်စင်စေပြီး တောင်ထိပ်တွင် ထိုင်ရန် နေရာကို ပြင်ပေး၍ တရားကို နာယူခဲ့သည်။ ဘုရားလောင်းသည် အကျဉ်းလေးဂါထာနှင့် တစ်ဝါထာစီကို ဖွင့်ဆိုပေးသော လေးဂါထာတို့ကို ပုဏ္ဏကအား ဟောပြခဲ့သည်။ အကျဉ်းလေးဂါထာကို နာယူကြည့်ကြပါစို့။

"ယာတာနုယာယိစ ဘဝါဟိ
နာဏာဝ၊ အလ္လဒ္ဓပါဏိ၊ ပရိဝဇ္ဇယဿု၊
ဓာစသူ မိတ္တေသု ကဒါစိ ဒုဋ္ဌိ၊ မာစဝဿ
အသတီနံ နိဂဏ္ဌေ"

* သွားလေသောသူ နောက်သို့ အစဉ်လိုက်သည်လည်းဖြစ်လော့။

(ရှေးသူတော်ကောင်းတို့ သွားသောတရားလမ်းကို မယွန်းမထောင့်ဖြောင့်မှန်စွာ လိုက်လော့)

* စိုစွတ်သော လက်ကိုလည်း မခြောက်စေလင့်။

(တစ်ဦး တစ်ယောက်ထံတွင် အရိပ်ခိုဖူး အစားအသောက်တို့ကို စားဖူးခဲ့လျှင် ထိုသူအား စိတ်ဖြင့်မျှလည်း မပြစ်မှားအပ်)

* ခင်ပွန်း၌ မပြစ်မှားအပ်။

(အရိပ်၌ ခိုဖူး၊ အိပ်ခဲ့ဖူးသော သစ်ပင်သော်မှ အကိုင်း အခက်ကို မဖျက်ဆီး မခိုးဖျက်ရ မိမိ၏ ကိုယ်စိတ် ချမ်းသာခြင်းကို ပြုပေးခဲ့ဖူးသော အပင်၊ သက်ရှိလူ စသည်တို့သည် ခင်ပွန်းမည်၏)

* ယုတ်မာသော မိန်းမတို့၏အလို သို့မလိုက်ရ။

(စည်းစိမ်ချမ်းသာနှင့် ပြည့်စုံအောင်ထားပါလျက် အမြွောက်လင်ထား၍ လင်၏ကျေးဇူးမထောက်၊အကောက်ကြံတတ်သူ၊ မာယာဖြင့် ဖြားယောင်းသည်ကို အကောင်းထင်ကာ ရမ္မက်စိတ်ကြောင့် မဆင်ခြင်ဘဲ မိန်းမအလိုအတိုင်း မကောင်းမှု မပြုအပ်)

အဂ္ဂလိမာလ မထေရ်လောင်း ပုဏ္ဏကဘီလူးသည် တရားနာချိုးသော်တွေးမိခဲ့သည်။ ဝိဓုရအမတ်သည် မိမိကို နှစ်ရက် သုံးရက်ခန့် နေရာပေး ပြုစုခဲ့ဖူးသည်။ ကိုယ်စိတ်နှစ်ပါးကို ချမ်းသာစေခဲ့ဖူးသည်။ နဂါးမင်းသမီးကို ရရေးအတွက် ဝိဓုရအမတ်အားသတ်၍ နှလုံးသား ရယူခြင်းသည့် ခင်ပွန်းပြစ်မှားသူဖြစ်တော့မည်။ သူယုတ်မာဟုဆိုရတော့မည်။ ထို့ကြောင့် ဘုရားလောင်း ဝိဓုရသုခမိန်အား လွှတ်ပေးခဲ့သည်။

ဘုရားလောင်းသည် ပုဏ္ဏကအား နဂါးမင်းထံခေါ် သွားရန် တောင်းဆိုခဲ့သည်။ အဲ့သက်အန္တရာယ် ရှိနိုင်သော နေရာသို့ မသွားရန် ပုဏ္ဏကပြောခဲ့သည်။ ဘုရားလောင်းက မိမိသည် မကောင်းမှုကံကို ပြုခဲ့သူမဟုတ်ကြောင်း၊ သူကဲ့သို့သော နတ်ဘီလူးကိုပင် စည်းနှုန်းနိုင်သည်ဖြစ်ရာ နဂါးမင်းကိုလည်း မိမိ ဖျောင်းဖျနိုင်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

နဂါးမင်းထံရောက်သော် နဂါးမင်းတ ရန်ရှာလျှင် ဘုရားလောင်းကို ကာကွယ်နိုင်ရန် မိမိ၏ နောက်တွင် ဝိဓုရအမတ်ကြီးကို နေစေခဲ့သည်။ နဂါးမင်းတ မိမိတို့ ရှိခိုးခြင်းမပြုသော ဝိဓုရအမတ်ကြီးအား ရွှတ်ချပြစ်တင်ခဲ့သည်။ ဘုရားလောင်းတ မည်သူမျှ မိမိကို သတ်မည့်သူအား ရှိခိုးလိမ့်မည်မဟုတ်ဟု ပြန်ပြောခဲ့သည်။

ထို့နောက် နဂါးမင်းကြီးအား လက်ရှိစည်းစိမ်ကို ရရှိခံစားစေခဲ့သည့် ကောင်းမှုအကြောင်းတရားကို မေးခဲ့သည်။ နဂါးမင်းက လူဘဝ၌ ဖြစ်ခဲ့စဉ် နဂါးမိဖုရားနှင့်ပြုလုပ်ခဲ့ဖူးသည့်ကောင်းမှုအကြောင်းကို ပြောပြသည်။

ထိုအခါ ဝိဓုရအမတ်ကြီးက ဤသို့သော စည်းစိမ်မျိုးကို နောင်လည်း ရရှိနိုင်ရန် မမေ့မလျော့တရားသဖြင့် ပြုကျင့်ရမည်ဖြစ်ကြောင်း၊ မိမိ၏ မိဖုရားသားသမီး မှူးမတ် ခြွေရံသင်းပင်းတို့အပေါ် တွင် အမျက်ထွက်ရန် ကိစ္စရှိသော် အမျက်မထွက်ရအောင် သတိပညာဖြင့် ဖြေဖျောက်ဟန့်တားလျက် အသာတကြည် ဆုံးမပြီးချစ်ကြင်နာခြင်းမေတ္တာကို ပွားစေကာ စောင့်ရှောက်ရမည် ဖြစ်ကြောင်း၊ မေတ္တာစိတ္တ ဟိဒါနတော အတိရေကတရံကပုညံ ဟူသော ဂါထာနှင့်အညီ သူတစ်ပါးတို့အား ချစ်ခြင်းမေတ္တာပေးခြင်းသည် အလျှူပေးသည်ထက် လွန်မြတ်သော ကောင်းမှုဖြစ်ကြောင်း ရှင်းပြခဲ့သည်။

နဂါးမင်းသည် နှစ်သက်ကြည်ညိုလျက် မိဖုရားထံ ခေါ်သွားခဲ့သည်။ ဝိမလာဒေဝီနဂါးမိဖုရားကို ဝရုဏနဂါးမင်းကဲ့သို့ပင် တရားစကားကိုပြောရာ နဂါးမိဖုရား ချင်ခြင်းပြည့်ခဲ့တော့သည်။

ပုဏ္ဏကသည် ဘုရားလောင်းအား မနှောဟရယတ္တမြားအားပေးအပ်၍

www.burmeseclassic.com

နဂါးမင်းသမီးကိုခေါ်၍ ဘုရားလောင်းအား ပြည်သို့ ပြန်ပို့ပေးခဲ့သည်။ ကောရဝမင်းနှင့် ပြည်သူအားလုံးသည် ဝမ်းမြောက် ဝမ်းသာဖြစ်ကြပြီး သုခမိန်အား လက်ဆောင်များဖြင့် ပူဇော်ခဲ့ကြသည်။ မင်းနှင့် ပြည်သူတို့သည် ဘုရားလောင်း၏အဆုံးအမကိုလိုက်နာကာ ဒုနှစ်သိလျှစသော ကောင်းမှုတို့ကို ဖြည့်ဆည်းကျင့်ကြပြီး နတ်ပြည်သို့ ထွားကြရသည်။

အင်္ဂလိမာလမထေရ်ရောင်း လွှာသူသည် သံသရာဝယ် ကျင်လည်ခဲ့ရာတွင် ပြုခဲ့ဖူးသော ပါရမီကောင်းမှုကုသိုလ်ကံရှိခဲ့သဖြစ်ခဲ့ရကား နောက်ဆုံးဘဝတွင် ဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ ကောသလတိုင်း သာဝတ္ထိပြည်၌ ပဿေနဒိကောသလမင်းကြီး၏ ပုရောဟိတ်ဖြစ်သော အန္ဓကဝိန္ဒကာနှင့် မန္တာနီပဏ္ဍော်မတို့၏ သားဖြစ်လာခဲ့သည်။

အင်္ဂလိမာလမထေရ်လောင်း သတို့သား ဖွားမြင်သည်နှင့်တစ်ပြိုင်နက် မင်းမှအစပြု၍ ပြည်သူပြည်သား အားလုံး အသုံးပြုသော လက်နက်ကိရိယာတို့သည် အရောင်အဝါ တောက်ပလင်းလက်ခဲ့ကြကုန်သည်။ ဖခင် ပုရောဟိတ်က အခြေအနေကို တွက်ချက်ကြည့်ရာ မိမိ၏ သားသည် စောရန်ကွတ်နှင့် ယှဉ်၍ ဘုရားသခင်ဖြစ်ရာ ဆုံးသွမ်းသော ခိုးသားကြီး ဖြစ်လိမ့်မည်ဟု သိလိုက်သည်။

ထို့ကြောင့် မင်းကြီးထံသို့ အကြောင်းကို လျှောက်တင်အသိပေးခဲ့သည်။ တစ်ယောက်တည်း သိသွမ်းမည့်သူဖြစ်ကြောင်း သိရသဖြင့် စိတ်အေးကာ ပုရောဟိတ်ကြီးအား ကောင်းစွာ မွေးမြူစောင့်ရှောက်ရန် ပြောခဲ့သည်။

မိမိတို့၏အမြီးအနှယ်ကိုမည်သူမျှ ဆဲစေခြင်းငှဲ့ ရည်ရွယ်၍ သားကို အဟိသက ဟုမည်ခေါ်ခဲ့သည်။ အရွယ်ရောက်လျှင် ဇာတ္တသိဇ်ပြည့်၌ ဒီသာပါမောက္ခဆရာထံတွင် အလပ်အကျွေး ပြု၍ အတတ်ပညာသင်ယူရာလော ဝမ္မေဝါသိတတပညာအဖြစ် အကောင်းဆုံးယူစေခဲ့သည်။

အဟိသကသည် ကျိုးနွံသေဝဝပြီး အလိုက်သိကာ လုံ့လဝီရိယရှိပြီး ဉာဏ်ထက်မြက်သူ ဖြစ်ရကား) ဆရာသူမ၏ ဆရာတတ္တောနှစ်မိသားစုတို့ကုပါ သားရင်းသဖွယ် မေတ္တာထားရှိခဲ့ရကာ လျက် ဆရာထံမှ အတတ်ပညာအားလုံးကို သင်ယူနှင့်ရခဲ့ဘဲ အဖြစ် အခွင့်ထူးရခဲ့ပြီ။

ထို့ကြောင့် ဈာန်အဘိညာတို့၏ မနာလိုဖြစ်ခြင်းကို ခံခဲ့ရသည်။ အဟိသကသည် ပျက်စီးစေရန် ဆရာအတောင်နှင့် ဖောက်ပြန်ပါသည်ဟု ဟုံးတိုက်စကား ပြောခဲ့ကြသည်။ အစပိုင်းတွင် ဆရာက ဖယ်ကြည်ခဲ့ဖြင့် စကားဆိုလာသူတို့ကို ကြိုးမောင်းခဲ့သည်။

သို့ဆေည် ကြိမ်ဖန်များစွာ ပြောခဲ့ကြသဖြင့် နောက်ဆုံးတွင် ဆရာခံသည် သံသယဝင်ကာ အဟိသကကို အသက်ဆုံးရှုံး ပရိယာယ်သုံးခဲ့တော့သည်။ မိမိ၏ နောက်ဆုံးလက်ဝါးကို အဟိသကသည် လက်နက်ကိရိယာတို့သည် အရောင်အဝါ တောက်ပလင်းလက်ခဲ့ကြကုန်သည်။ ဖခင် ပုရောဟိတ်က အခြေအနေကို တွက်ချက်ကြည့်ရာ မိမိ၏ သားသည် စောရန်ကွတ်နှင့် ယှဉ်၍ ဘုရားသခင်ဖြစ်ရာ ဆုံးသွမ်းသော ခိုးသားကြီး ဖြစ်လိမ့်မည်ဟု သိလိုက်သည်။

ထို့ကြောင့် မင်းကြီးထံသို့ အကြောင်းကို လျှောက်တင်အသိပေးခဲ့သည်။ တစ်ယောက်တည်း သိသွမ်းမည့်သူဖြစ်ကြောင်း သိရသဖြင့် စိတ်အေးကာ ပုရောဟိတ်ကြီးအား ကောင်းစွာ မွေးမြူစောင့်ရှောက်ရန် ပြောခဲ့သည်။

မိမိတို့၏အမြီးအနှယ်ကိုမည်သူမျှ ဆဲစေခြင်းငှဲ့ ရည်ရွယ်၍ သားကို အဟိသက ဟုမည်ခေါ်ခဲ့သည်။ အရွယ်ရောက်လျှင် ဇာတ္တသိဇ်ပြည့်၌ ဒီသာပါမောက္ခဆရာထံတွင် အလပ်အကျွေး

ဆွဲထားခဲ့သည်။ လက်ဖျောင်းပန်းကိုး ဆွဲထားသူ အဂုလိမာလ ခိုးသူကြီးဟု နာမည်တွင်ခဲ့ကေသည်။ တောတွင်းသို့ လူများ ကြောက်၍မလာကြတော့သဖြင့် ရွာဇနပုဒ် နိဂုံးတို့ရှိ အိမ်များအထိ ထိုးဖောက် ဝင်ရောက်ပြီး လူသတ်၍ လက်ညှိုးတို့ကို ရိတ်ခဲ့သည်။

လူများက စုရုံးပြီး ခိုင်းလိုက် သော်လည်း ကြံဖန်သတည်း အင်အားလည်းကြီးမား ပြုံးမဲ့နေခဲရိုးကိုပင် တစ်ယုတ်ခြင်း လျှင်စွမ်းပြေးနိုင်သူ ဖြစ်ရကား မည်သို့မျှ မနိုင်ဟ ဖြစ်ခဲ့သည်။ ထို့ကြောင့် ရွာပေါ် ဇနပုဒ်တို့ ပျက်ပြီး လူတို့သည် မြို့နှင့်နိုးရာ ရွာကြီးများသို့ ပြောင်းနေကြသဖြင့် တိုင်းနိုင်ငံ ချောက်ချားခဲ့ရသည်။ နောက်ဆုံး သာဝတ္ထိပြည်အနီးအဖို ပြောင်းကာ ဆုးတပ်ကာ၍ နေခဲ့ကြရသည်။

ဇာစ်ခုမော နံနက်ဘွင် ဂေါတမ ဘုရားရှင်၏ ဉာဏ်တော်တွင် အင်္ဂုလိမာလ မထေရ်ဇေလင်း အဟိသက၏ မဂ်ဖိုလ်ရအကြောင်းကို ဆင်ခြင်ထင်ပြင် လာသဖြင့် အဟိသကကို ချေချွတ်ရန် လုံ့လပြုခဲ့တော့သည်။ ဆွမ်းခံကြွပြီး ဆွမ်းကိုစွပ်ပြီးသော် ကျောင်းအိမ်နေရာ ကို သိမ်းဆည်း၍ သင်္ကန်းကို သက်ကို ကြေငြာခဲ့သည်။

အဂုလိမာလသည် သန်လျက်ကြီး ကြွတော်မူခဲ့သည်။

လှံ၊ ဓား၊ လေးပြား၊ မီးပေါက်ဟူသော လက်နက်ကြီးပြီးကို တိုင်စွဲလျက် မြို့မှ ထွက်ကာ ဇာစ်မူလော ကောဇုပ်တွင် နေပြီး ခရီးသွား မိန်းမ မေမျှော်ကိုးကို အား ဖမ်းဆီးသတ်ဖြတ်၍ လူသိုက်ကို ယူခဲ့သည်။ အလွန်ထက်မြက်သော ပညာရှိဟုလျက် ပါကာတပါဝါအမှု လွမ်းမိုးပူကြောင့် စိတ်မှုလွဲကာ ရူးသွပ်သော လူတို့ကို မရေတွက်ဘဲ သတ်ဖြတ်သည်ဖြစ်၍ ကျေးဇူးတို့ ကုန်ဆုံးဖြင့် မေမျှော်မှာ တုန်တောသည်။

ထို့ကြောင့် မဟောက်ရန် လာရောလျှင် လူစုလူဝေးနှင့်သာ ခရီးသွားတို့ကို ကျောင်းကန်ဆီ၍ ဝန်ထမ်းသည်။ ထိုသို့ ဝန်ထမ်းများသည် မိမိ

www.burmeseclassic.com

ကြောင့် ယုတ်နိမ့်ကြသည်သာ ဖြစ်သည်။ ယခု ဤရယ်နှုန်းကြီးကား တစ်ဖက်မှ စတည်း ကြွလာသည်။ မိမိကို မလေးဖန့်ပြုရဲသော ဤရယ်နှုန်းကြီးကိုကား သတ်ရန် နောက်ဆုံး လိုအပ်နေသော လက်သီးကို ပြသရမည်ဟု ဆုံးဖြတ်ကာ ဘုရားရှင်၏နောက်သို့ အပြေး လိုက်မီတော့သည်။

ပြကတော့အတိုင်း ကြွသွားသော ဘုရားရှင်ကို ဖားစွမ်းကုန်နောက်မှလိုက် ရသော်လည်း အဂ်္ဂလိမာလသည် မမီနိုင်သို့ ဖြစ်ခဲ့သည်။ မနီးလွန်း မဝေးလွန်း သော အနေအထားဖြင့် လိုက်နေစေရန် ဘုရားရှင်က တန်ခိုးတော်ဖြင့် ပြုလုပ်ထားခဲ့သည်။ မည်သို့မျှ လိုက်၍မမီသဖြင့် အဂ်္ဂလိမာလက ကြွေကွေးတော့သည်။

"မှုံသြဖယ်ရှိရဟန်းတည် ပြေးနေသော ခွင်ကိုဖည်းကောင်း၊ ခြင်းကို လည်းကောင်း၊ မိအောင်လိုက်ပြီး ဖမ်းနိုင်ခဲ့သည်၊ မြေးနေသော သမင်ကိုလည်း မိအောင် ဖမ်းနိုင်ခဲ့သည်၊ မြေးနေသော ရထားကိုလည်း မိအောင်ဖမ်းနိုင်ခဲ့သည် သာဓုခန့် ပကတိအတိုင်းကြွသွားသော ဤရဟန်းကြီးကိုမူကား အဟွမ်းကုန် လိုက်သည့်တိုင် မမှီနိုင်ဟုကား" ဟု မွေးရင်း ရပ်လိုက်ကာ ဘုရားရှင်အား လှမ်းမြင်ခဲ့သည်။

"ရဟန်းကြီး ရပ်ပလော့၊ ရပ်လော့"

ထိုအခါ ဘုရားရှင် ပြန်ဖြေတော်မူခဲ့သည်။

"အဂ်္ဂလိမာလ၊ ငါသည် ရပ်နေသည်၊ သင်လည်း ရပ်လော့"

ထိုအခါ အဂ်္ဂလိမာလ ပြောသည်ကို ကြားသောအခါ ဤရဟန်းကြီးသည် ရပ်ပြီးသားပင် ဟု ထင်မှတ်ကာ ဘုရားရှင်ကို လှမ်းမေးခဲ့သည်။

"ရဟန်းကြီး သွားနေလျက် ငါရပ်၏ဟုဆိုဘိ၏၊ ရပ်နေသော အကျွန်ုပ်ကိုမူ မရပ်ဟု ဆိုပြန်သည်၊ ရဟန်းကြီး သင့်အား ထိုအကြောင်းကို မေးပါအံ့၊

သင်သည် အဘယ်သို့ရပ်တန်၍ အကျွန်ုပ်သည် အဘယ်သို့ မရပ်ပါဆနည်း"

ဘုရားရှင်က ပြန်လည်ဖြေကြားတော်မူခဲ့သည်။

"အဂ်္ဂလိမာလ၊ ငါသည် အခါခပ်သိမ်း အလုံးစုံသော သဒ္ဓါဝါတို့၌ တုတ်လုံးတို့ကို ချ၍ ထားပြီ၏၊ သင်မူကား အလုံးစုံသော သဒ္ဓါဝါတို့၌ သတ်ဖြတ်ညှဉ်းဆဲခြင်းမှ မစောင့်စည်း၊ ထို့ကြောင့် ငါသည် ရပ်တန့်သူဖြစ်၍ သင်သည် မရပ်သူဖြစ်၏"

ဤတွင် ကျက်ခိုန်တန်ပြီဖြစ်သော အဂ်္ဂလိမာလသည် ဘုရားရှင်၏ နှုတ်မြွက်စကားတော်၏ အဓိပ္ပာယ်ကို ချက်ချင်း ဆင်ခြင်သုံးသပ်မိပြီး နားလည်သဘောပေါက်ခဲ့တော့သည်။ မိမိ၏ ရှေ့တွင်ရှိသော ဗုဒ္ဓဂိုလ်သည် သာမည ရဟန်းမဟုတ်နိုင်၊ လောကတွင်ထင်ထင် ရပါတမာဘုရားရှင် ဖြစ်တော်မူလိမ့်မည်ဟု မှန်တန်စွာ ခြင်းဖတ်တော့သည်။

ထို့ကြောင့် ဤသို့လျှောက်ထားခဲ့သည်။

"ပူဇော်ထိုက်၍ အခြံတ်တရားကို ချာဖိုးလေ့ရှိတော်မူသော၊ မုနိဆော စကားကိုသာ ဆိုလေ့ရှိတော်မူသော မြတ်စွာဘုရားသည် အမျိုးကြွယ်မြင့်မှ အကျွန်ုပ်၏ နေရာ ဤတော်အပ်သို့ ကြွရောက်တော်မူဘိ၏၊ တကား၊ ထို အကျွန်ုပ်သည် အရှင်ဘုရား၏ တရားနှင့် စပ်လျဉ်းသော ဂါထာကို ကြားနာရသည်ဖြစ်ပါ၍ မကောင်းမှုကို ပယ်လျက် ကျင့်ဝတ်ပြုတော့အံ့"

ထိုသို့လျှောက်ထား၍ လက်နက်အားလုံးကို ချောက်ထဲသို့ ဗစ်ချပြီး ဘုရားရှင်၏ ခြေတော်တို့ကို ရှိခိုးကာ ဘုရားရှင်အား မိမိကို ရှင်ရဟန်းအဖြစ် ပြုပေးပါရန် တောင်းပန်ခဲ့သည်။

ထိုအခါ ဘုရားရှင်က ရဟန်းလာလော့ ဟု မိန့်တော်မူသည်နှင့် အဂ်္ဂလိမာလသည် ရဟန်းအဖြစ်သို့ ရလှုဒြင်း ပြီးတော့သည်။

ဘုရားရှင်သည် အဂ်္ဂလိမာလ ရဟန်းအား ခေါ်ဆောင်၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ကြွခဲ့တော့သည်။

ထိုအချိန်တွင် ပြည်သူပြည်သားတို့က အဂ်္ဂလိမာလသူခိုးကြီးအား နှိမ်နင်းပေးရန် ဝိုင်း၍ တောင်းဆိုကြသဖြင့် ကောသလမင်းကြီးသည် မြင်းသည် ငါးရာကို ခေါ်ကာ မွန်းတည့်ခါနီးတွင် သာဝတ္ထိပြည်မှ ထွက်လာခဲ့သည်။ လမ်းသင့်နေသဖြင့် ဇေတဝန်ကျောင်းထဲသို့ ဝင်ပြီး ဘုရားရှင်အား ဝင်ဖူးခဲ့သည်။

ဘုရားရှင်က ထွက်လာရသည့် အကြောင်းကို မေးရာ ရက်စက်ကြမ်းကြုတ်သော အဂ်္ဂလိမာလကို ဖမ်းရန် လာကြောင်း လျှောက်ထားခဲ့သည်။

ထိုအခါ ဘုရားရှင်က အကယ်၍ သင်နန်းရွှေ့ကို ရဟန်းဘောင်သို့ ဝင်ပြီး သီလကို ဆောက်တည် စောင့်ထိန်းကာ ဗာစဓဝေသော ဆွမ်းကိုသာ စားနေသည့် အဂ်္ဂလိမာလကို မြင်ခဲ့သည်ရှိသော် မည်သို့ပြုမည်နည်းဟု ကောသလမင်းအား မေးတော်မူခဲ့သည်။

ထိုအခါ ကောသလမင်းက -

'ထိုသို့မြင်ရပါမူ ရှိသည်း ခိုးပါမည်၊ ခရီးဦးလည်း ကြိုပါမည်၊ သီတင်းသုံးရန်လည်း စီမံပေးပြီး ပစ္စည်းလေးပါးနှင့်လည်း ဖိတ်ကြားပါမည်၊ တရားနှင့် လျော်သော စောင့်ရှောက်လုံခြုံမှုကို ပြုပေးပါမည်' ဟု လျှောက်တင်ခဲ့သည်။

သို့သော် မင်းအဆက်လျှောက်တင်ခဲ့ဆဲမှာ ဤမျှ ယုတ်ညံ့ရက်စက်ကြမ်းကြုတ်သူဟု အဂ်္ဂလိမာလသည်

www.burmeseclassic.com

www.burmeseclassic.com

သီလ စောင့်စည်းသော ရဟန်းအဖြစ် မည်သို့ တည်နေနိုင်ပါမည်နည်း မဖြစ်နိုင်ပါ' ဟု ဆိုခဲ့သည်။

ထိုအခါ ဘုရားရှင်က အနီးတွင် ထိုင်နေသော အဂ်ုလိမာလမထေရ်အား ညွှန်ပြ၍ မည်သူဖြစ်ကြောင်း သိစေခဲ့သည်။ ကောသလမင်းသည် ကြောက်ခြင်းကြောင့် ကြက်သီးမွေးညင်း ထခဲ့သည်။ ဘုရားရှင်က ကြောက်လန့်ဖိုးရိမ်ဖွယ် မလိုကြောင်း၊ ယခုအချိန်တွင် အဂ်ုလိမာလမထေရ်သည် မည်သူကိုမျှ အန္တရာယ်ပေးလိမ့်မည် မဟုတ်ကြောင်း မိန့်ခဲ့သည်။

ထို့ကြောင့် ကောသလမင်းသည် စိတ်သက်သာရာကာ အဂ်ုလိမာလထေရ်အား နှုတ်ဆက်လျှောက်ထားပြီး ပစ္စည်းလေးပါးဖြင့် ဝင့်ဖိတ်ခဲ့သည်။ မထေရ်က ပြည့်စုံကြောင်း မိန့်ခဲ့သည်။

ကောသလမင်းက အကြမ်းမဖက် မေတ္တာဖြင့် အဂ်ုလိမာလကို လိမ္မာယဉ်ကျေးစေခဲ့သည်ဟု ဘုရားရှင်အား ချီးမွမ်းလျှောက်တင်ပြီး နန်းတော်သို့ ပြန်သွားတော့သည်။

အဂ်ုလိမာလထေရ်သည် နံနက်ခိုန် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွစဉ် သားမဖွားနိုင်သဖြင့် ဝေဒနာခံစားနေရသော ကိုယ်ဝန်ဆောင် မိန်းမတစ်ယောက်ကို မြင်ရာ သတ္တဝါတို့သည် ပင်ပန်းကုန်စွတကားဟု ဆင်ခြင်မိခဲ့သည်။ ကျောင်းသို့ ပြန်ရောက်သော် 'ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားခဲ့သည်။

ထိုအခါ ဘုရားရှင်က မထေရ်အား မိန့်ခဲ့သည်။

"သင်သည် ထိုမိန်းမထံ သွားလော့၊ ထိုမိန်းမအား နှမ၊ ငါသည် မွေးစအခါမှစ၍ သေစေလိုသော စေတနာဖြင့် သတ္တဝါတို့ကို သတ်ဖြုံးသည် မသိစဖူး၊ ထို့မှန်သော သစ္စာစကားကြောင့် သင့်အား လည်းကောင်း၊ ကိုယ်ဝန်သတ္တဝါအား လည်းကောင်း ချမ်းသာစေသတည်း"

ထိုအခါ အဂ်ုလိမာလထေရ်က ဤသို့ဆိုလျှင် မိမိသည် သိလျက်နှင့် ချွတ်ယွင်းသော စကားကို ပြောသည် ဖြစ်ပါလိမ့်မည်ဟု ပြန်လျှောက်တင်ခဲ့သည်။

ဘုရားရှင်က သာသနာ့ဝယ် ထင်ရှားသည့် ပရိတ်တော် ဂါထာဖြစ်လာစေရန် အောက်ပါ အဂ်ုလိမာလသုတ် ဂါထာကို ပြောင်း၍ သင်ပေးတော်မူခဲ့သည်။

"ယတောဟံ ဘဂိနီ အရိယာယ
ဇာတိယာ ဇာတော၊ နာဘိဇာနာမိ၊ သဗ္ဗံ
စွပါဏံ ဇီဝိတာ ဝေါရောပေတာ၊ တေန
သစ္စေန သောတ္ထိတေ ဟောတု သောတ္ထိ
ဂဗ္ဘဿ"

"နှမ ငါသည် အရိယာဇာတ်ဝင် ဖြစ်သောအခါမှစ၍ သတ္တဝါတို့ကို သတ်ဖြုံးသည်ဟူ၍ မသိစဖူး၊ ထို့မှန်သော သစ္စာစကားကြောင့် သင့်အား လည်းကောင်း၊ ကိုယ်ဝန်သတ္တဝါအား လည်းကောင်း ချမ်းသာခြင်းသည် ဖြစ်စေသတည်း"

အဂ်ုလိမာလထေရ်က ဂါထာကို ရွတ်ဖတ်ပေးခဲ့သဖြင့် ကိုယ်ဝန်သည် သည် ချမ်းသာစွာ မီးဖွားနိုင်ခဲ့သည်။

အဂ်ုလိမာလမထေရ်မြတ်သည် အရဟတ္တဖိုလ်သို့ မျက်မှောက်ပြုပြီးသူ ရဟန္တာဖြစ်ရကား ထိုအရှင်၏ လူဝတ်ကြောင် ဘဝကဖြုံခဲ့သော အသက်သတ်ခြင်းဟူသော မကောင်းမှုကံကြောင့် ငရဲတွင် ကြာရှည်စွာ ခံရမည့်အပြစ်ဒဏ်သည် မဖြစ်နိုင်တော့ချေ။

သို့ဖြစ်ရာ ထိုမကောင်းမှုကံ၏ သတ္တမတောစေတနာသည်လည်းကောင်း (ဥပပဇ္ဇဝေဒနီယကံ- နောက် ဒုတိယဘဝ၌ အကျိုးပေးမည့်ကံ)၊ အပရာပရိယဝေဒနီယကံ- တတိယဘဝမှစ၍ နိဗ္ဗာန်မရမီ အတွင်း၌ အကျိုးပေးမည့်ကံတို့ အကျိုးပေးခွင့် ရတော့မည် မဟုတ်ချေ။ သို့သော် ရဟန္တာဖြစ်သဖြင့် မကောင်းမှုကံ၏အကျိုးကို ကျော်လွန်ပြီးမြောက်ခြင်းကား မဖြစ်နိုင်။

ထို့ကြောင့် ပရိနိဗ္ဗာန်မပြုမီ မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ပင် ဒိဋ္ဌဓမ္မဝေဒနီယကံဟူသော အပြစ်ဒဏ်ခံရခြင်းကိုမူ ရှောင်လွှဲ၍ မရသည်သာ ဖြစ်သည်။

ထို့ကြောင့် အဂ်ုလိမာလမထေရ်သည် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွဝင်တော်မူသည့်အခါ တစ်ပါးအရပ်သို့ ပစ်လွှတ်သော ကျောက်စရစ်ခဲတို့သည် အရှင်မြတ်၏ ကိုယ်တော်ပေါ် ကျရောက်ကြတော့သည်။ တစ်ပါးသော့အရပ်သို့ ပစ်လွှတ်သော တုတ်၊ လှံတံ စသည့် လက်နက်တို့သည် အရှင်မြတ်၏ ကိုယ်ပေါ် ကျလာကြကုန်သည်။

အရှင်မြတ်သည် ကွဲသော ဦးခေါင်း၊ ယိုစီးသော သွေး၊ ကွဲသော သင်တိ၊ စုတ်ပြတ်ကုန်သော သင်္ကန်းတို့ဖြင့် ဘုရားရှင်ထံ ချဉ်းကပ်ခဲ့သည်။

ဘုရားရှင်က အဝေးမှလာသော အဂ်ုလိမာလမထေရ်ကို မြင်တော်မူသော် ဤသို့ မိန့်တော်မူခဲ့သည်။

"မကောင်းမှုကို အပပြုပြီးသော ရဟန်း၊ သင် သည်းခံလော့၊ သည်းခံလော့၊ မကောင်းမှုကို အပပြုပြီးသော ရဟန်း၊ သင်သည် ပြုခဲ့သောအကုသိုလ်ကံ၏ အကျိုးအပြစ်ဖြင့် နှစ်ရာထောင် ခွီလျက် ရှည်ကြာစွာသော ကာလပတ်လုံး ငရဲ၌ကျက်လေရာ၏။ မကောင်းမှုကို အပပြုပြီးသော ရဟန်း၊ သင်သည် ထိုအကုသိုလ်ကံ၏ အကျိုးကို ယခုဘဝ၌ ခံစားရခြင်း၏"

ဆိုးသွမ်းရက်စက်လှသော အဂ်ုလိမာလမထေရ်လောင်း သူခိုးကြီးသည် အမှီကောင်းတည်းဟူသော ဘုရားရှင်၏ သနားခြီးမြှောက်ခြင်းကို ရ၍ ရဟန်းအဖြစ် ရသည်မှစ၍ တောကျောင်း၌ နေခြင်းဟူသော အာရညကင်္ဂတင်၊ လှည့်လည်ဆွမ်းခံ၍ရသော ဆွမ်းကိုသာ စားခြင်း ဟူသော ပိဏ္ဍပါတိကင်္ဂတင်၊ လမ်း၊ သုသာန်၊ အမှိုက်ပုံ စသည်တို့မှ ရသော အဝတ်စဖြင့် ပြုလုပ်သော သင်္ကန်းကိုသာ ဆောင်ခြင်းဟူသော ပံသုကူလိကင်္ဂတင် ဒုကူဋ်၊ ကိုယ်ရုံ၊ ဘင်းပိုင်

www.burmeseclassic.com

www.burmeseclassic.com

အားဖြင့် သက်နံး သုံးထည်ကို သာဆောင်ခြင်းဟူသော တိစီဝရိတ်ဓူတင်၊ ဤသို့ ဓူတင်လေးမျိုးကို ဖြည့်ကျင့်ခဲ့ကာ ဆိတ်ငြိမ်ရာအရပ်သို့ ကြွပြီး တစ်ပါးတည်း မမေ့မလျော့ ပြင်းထန်စွာ တရားဘာဝနာကို ပွားများအားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ ရဟန်းဖြစ်ပြီး မကြာမီ သောအခါနှိန်အတွင်း၌ အရဟတ္တဖိုလ်သို့ မျက်မှောက်ပြုနိုင်ခဲ့ရကား ဆရာကောင်း အဖို့ကောင်းကြောင့် ကြီးစွာသော ကောင်းကျိုးချမ်းသာကို ပိုင်ဆိုင်နိုင်ခဲ့ရတော့သည်။

ဗဟုသုတအဖြစ် လည်းကောင်း အရှင်မြတ်ဘဝဇာတ်ကြောင်းကို ဖတ်ရှုသူတို့အဖို့ ဖြည့်စွက်၍ ပိုမို ဇာတ်ရည်လည်စေနိုင်ရန် လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်အများတို့ သိထား၊ လက်ခံထားသည့် ဇိနတ္ထပကာသနီကျမ်းလာ ဖြစ်စဉ်တို့ကိုလည်း အကျဉ်းမျှ ဖော်ပြပေးလိုပါသည်။

အကြောင်းအရာအားဖြင့် ကွဲလွဲမှု အနည်းငယ်ရှိသော်လည်း အရှင်မြတ်၏ ဖြစ်စဉ်ကို ပိုမိုပြည့်စုံစွာ နာယူဖတ်ရှုနိုင်ပါလိမ့်မည်။ ဇိနတ္ထပကာသနီကျမ်းတွင်မူ မိခင် ပုဏ္ဏော်မကြီး၏ သားအပေါ် ထားရှိသည့် မိခင်မေတ္တာကို အံ့လေးထား ထည့်သွင်းပြီး ဖော်ပြထားသည်ကို တွေ့ရပါမည်။

ပြည်သူပြည်သားတို့၏ တောင်းဆိုမှုကြောင့် ကောသလမင်းကြီးသည် မြင်းစီးသူရဲဘေးရာဖြင့် အဂ်္ဂလိမာလဓိုးသူကြီးအား ဖမ်းရန် ထွက်မည်ဟု သတင်းကြားရသော မိခင် မန္တာနီပုဏ္ဏော်မသည် လင်ဖြစ်သူ ပုရောဟိတ်အား သားထံသွားပြောရန် တိုက်တွန်းခဲ့သည်။ သို့သော် ပုရောဟိတ်က အသက်ခံရမည်ကို ကြောက်၍ မသွားနိုင်ဟု ပြန်ပြောခဲ့သည်။

ထို့ကြောင့် မိမိကို သတ်လိုက သတ်စေတော့၊ သား၏ အန္တရာယ်ကျရောက်မည်ကို မကြားရက် မကြည့်ရက်နိုင်သဖြင့် ပုဏ္ဏော်မကြီးသည် သားရှိရာ တော့အရပ်သို့ သွားပြီး အော်ဟစ်သတိပေးတော့သည်။ လက်ညှိုး တစ်ချောင်းသာ လိုတော့သည် အဂ်္ဂလိမာလသည် အဝေးမှ လာနေသော မိန်းမကြီးအား သတ်၍ ယူမည်ဟု စောင့်နေခဲ့သည်။

ထိုအခါ အဂ်္ဂလိမာလကို ချွတ်ရန် ဘုရားရှင်သည် ကြွလာကာ ဝုဏ္ဏော်မကြီးနှင့် ဦးသူကြီးအကြားတွင် နေလိုက်သည်။ အဂ်္ဂလိမာလသည် ရဟန်းကို သာ သတ်တော့မည်ဟုကြံ၍ ဘုရားရှင် နောက်လိုက်သည်။ နောက်ဆုံး ဘုရားရှင်၏ ဆုံးမတော်ကြားသော တရားကို နာရပြီး သတိသံဝေဂရကာ လက်နက်ကို စွန့်၍ ဘုရားထံ ရဟန်းပြုပေးရန် လျှောက်ထားခဲ့သည်။

ဤသို့ဖြင့် အဂ်္ဂလိမာလသည် ရဟန္တာ ဖြစ်ခဲ့ရသည်။ ဘုရားရှင်၏ နောက်မှ လိုက်လာသော သားကို မိခင် ပုဏ္ဏော်မကြီးက အိမ်သို့ မြန်ခေါ်သော်လည်း ငြင်းကာ ဘုရားနောက်သို့သာ လိုက်သွားခဲ့သည်။

ဇေတဝန်၌ ကျောင်းတော်သို့ ပြန်လာရာ ပြည်သူ့ ပြည်သားတို့သည် အဂ်္ဂလိမာလကို ဘုရားရှင် ဆုံးမပြီး ယဉ်ကျေးစေကာ ရဟန်းပြုပေးကြောင်း အုတ်အုတ်ကျက်ကျက် ဖြစ်ကြကုန်၏။ ကောသလမင်းသိသော် ဘုရားရှင်ထံ လာ၍ ခိုးသူအား ဖမ်းဆီးစီရင်ရန် လျှောက်တင်ခဲ့သည်။

ဘုရားရှင်က အဂ်္ဂလိမာလသည် မကောင်းမှုကို ပြုတော့မည်မဟုတ်ဘဲ ရဟန္တာဖြစ်ကြောင်း အသိပေးခဲ့ရာ ကောသလမင်းသည် အံ့ဩခြီးကျူးတာ ပြန်သွားခဲ့သည်။ အဂ်္ဂလိမာလထေရ်သည် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွစဉ် ကြောက်ရွံ့နေကြသော မြို့သူမြို့သားတို့သည် ရှောင်ပြေးကြသည်။ အချို့က အိမ်တံခါးကို ပိတ်ထားကြသည်။ မိဘဆွေမျိုးသားချင်း အသတ်ဆုံးရှုံးရသူ အချို့က အခဲမကျေဖြစ်ကာ ခဲအုတ် လှံတံတို့ဖြင့် ပွစ်ခတ်ကြသည်။

ဆွမ်းမရသဖြင့် အခြားရဟန်းများက မျှဝေပေးခဲ့ရသည်။ ဘုရားရှင်က မကောင်းမှုကံ၏ အကျိုးကို ခံစားရခြင်း ဖြစ်ကြောင်း နှစ်သိမ့်တရားပြခဲ့သည်။ နောက်တွင် မီးမဖွားနိုင်သော မိန်းမအား ဘုရားရှင်သင်ပေးသော အဂ်္ဂလိမာလသုတ် ဂါထာကို ရွတ်ပေး၍ ချမ်းသာစေနိုင်ခဲ့သဖြင့် လူများက ကြည်ညိုလာကာ လှူဒါန်းပူဇော်ခြင်း ခံရတော့သည်။

ဤသည်တို့ကား မဖျိမပဏ္ဏာသပါဠိတော် မြန်မာပြန်နှင့် အနည်းငယ် တွဲလွဲသော ဇိနတ္ထပကာသနီကျမ်းလာ အဂ်္ဂလိမာလထေရ်၏ ဖြစ်စဉ်တို့ ဖြစ်ပါသည်။

အဂ်္ဂလိမာလ မထေရ်မြတ်ကို အကြောင်းပြု၍ ဟောကြားခဲ့ပြီး နာယူရသူတို့အဖို့ သောတာပတ္တိဖိုလ် စသည်တို့၌ တည်စေခဲ့သည့် ဘုရားရှင်၏ တရားဒေသနာတို့ကို ကြည်ညိုနာယူကြည့်စေလိုပါသည်။

ခပ်သိမ်းသော ဘုရားရှင်တိုင်းအား တစ်ကြိမ်သာလျှင် ဖြစ်မြဲ ဓမ္မတာဖြစ်သည့် အသဒိသဒါနခေါ် အတုမရှိ အလှူကြီးမျိုးကို ကောသလမင်းနှင့် ပြည်သူပြည်သားတို့ အပြိုင်ပြုကြရင်း ဂေါတမဘုရားရှင်နှင့် သံဃာတို့အား လှူဒါန်းခဲ့ကြသည်။

ထိုဒါနပွဲတွင် နောက်ဆုံး၌ မလ္လိကာ မိဖုရားကြီး၏ စိမ်ဆောင်ရွက်မှုကြောင့် ပြည်သူတို့ ရှုံးပြီး မင်းက အနိုင်ရခဲ့သည်။

အလှူပွဲတွင် ကြွလာသော သံဃာတစ်ပါးစီ၏ နောက်တွင် ဆင်တစ်ကောင်စီက ထီးဖြူကို နှာမောင်းဖြင့် ပွေ့ပိုက် အုပ်မိုးပေးစေခဲ့သည်။ အဂ်္ဂလိမာလမထေရ်၏ နောက်တွင်မူ ဆင်ကြမ်းတစ်ကောင်ကို ထားပေးခဲ့ရသည်။ အလှူပြီးသော် ရဟန်းတို့တိုအဂ်္ဂလိမာလမထေရ်အား ဆင်ကြောင့် ကြောက်ရွံ့ခြင်း ဖြစ်ခဲ့ပါသလားဟု မေးရာ အရှင်မြတ်တ ခေါ်ကြောင်း ဖြေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ရဟန်းတို့က ဘုရားရှင်အား အစဉ်လိမ္မာလှည့်ထွေရှိသည့် အရာ ဟုတ်ဖို့လိုကြောင်း ဝန်ခံသည်အဖြစ် သက်သေခံကြသည်။ ကဲ့ရဲ့ခြင်းမရှိကြသည်။

"ရဟန်းတို့၊ ငါ၏သားတော်ဖြစ်သော် အစ်လိမ္မာလှတာ၊ ကြောက်ခြင်းမဖြစ်သည်မှာ မှန်၏။ ရဟန္တာဘုရှင်ဖြစ်ထိုက်၏ အတွင်း၌ ကြီးကဲမြန်ဖြတ်သည်သာ တော်သားတော်နှင့် တူကုန်သော ရဟန်းတို့သည် မကြောက်ကြကုန်"

ဤသို့ မိန့်တော်မူပြီး နာယူကြသူတို့ ဆောက်တည်ပတ်ထိုဖို့ စသည်တို့သို့ ရောက်စေခဲ့သည့် အောက်ပါဂါထာကို ဘုရားရှင်သည် ဟောတော်မူခဲ့သည်။

"ခရေဆံ ပဓုရံ ဝိရံ မဇ္ဈေသိ
ဝိဇိတာ စိန်၊ အနေဇ နွာကုတ် ဘုဒ္ဓံ၊
ဘမဟံ ဗြူမိ ပြုတ်စုံ"

"ကြောက်ရွံ့တုန်လှုပ်ခြင်း တင်းသည်ဖြစ်၍ ဦးဆောင်ဦးရွက်ပြုနိုင်သော၊ မြတ်သော ရဟန္တာလုပ်ငန်းဝတ္တရားတို့ကို ဆောင်ရွက်ပြီးသော၊ ခန္ဓာကိုယ်ကို အောင်ပြီးသော၊ ကိလေသာရှိသော၊ သစ္စာလေးပါးကို သိပြီးထသော ထိုပုဂ္ဂိုလ်ကို ငါဘုရားသည် မကောင်းမှုကို အပုပြုအပ်ပြီးသော သူဟု ဆိုအပ်၏"

အဝိလိမ္မာလမထွေရှိမြတ်သည် အချိန်ရသည်နှင့် ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်၍ တစ်ပါးတည်း စုံနေတော်မူ လျက် အရဟတ္တဖိုလ်ချင်းသာကို ခံစားကာနေလေရှိသည်။

ဤဒါန်းစကားကို မြတ်ဆိုကျူးရှင်နေလေရှိသည်။

"ယောပုဗ္ဗေ ပမဇ္ဇိတွာ၊ ပစ္ဆာ သောန ပမဇ္ဇတိ၊ သော လောကံ ပဘာသေတိ၊ အဗ္ဘာမုတ္တောဝစန္ဒိမာ"

အကြင်ပုဂ္ဂိုလ်သည် ရှေ့၌သာလျှင် ဝတ်ပြုကာ သရဏာယ်ကာဖြင့် မေ့လျော့၏၊ နောက်မှ ဆိပုဂ္ဂိုလ်သည် မဉ်ဖို့ကိုလျှော့ချခြင်းသောကြောင့် ကိုယ်ခန္ဓာ စေတနာ လွန်ခဲ့ဖူးသော ဘဝတို့၌ အားအစဉ်လိမ္မာလှထွေရှိသည့် အရာ လျော့ပါးသွေးပါးသည်ဖြစ်၍ ဟုတ်ဖို့လိုကြောင်း ဝန်ခံသည်အဖြစ် သက်သေခံကြသည်။ ကဲ့ရဲ့ခြင်းမရှိကြသည်။

"ရဟန်းတို့၊ ငါ၏သားတော်ဖြစ်သော် အစ်လိမ္မာလှတာ၊ ကြောက်ခြင်းမဖြစ်သည်မှာ မှန်၏။ ရဟန္တာဘုရှင်ဖြစ်ထိုက်သည့်

www.burmeseclassic.com

အသိလေးကို အစဉ်သတိကပ်တြန့်သွမ်မိ
တဲ့အခါနဲ့လည်း ကြီးကိုင်ခိုနိုင်မှု ဉာဏ်မီ
သမျှ ဖြေသိမ့်ပေးပါရစေး

အဲဒီကောင်မလေး ရက်လည်တဲ့
နေ့ကတော့ ပါမောက္ခချုပ်ဆရာတော်
ကြီးရဲ့ အိတ်ဆောင် လတ်တမီး မှူ
စာအုပ်ငယ်လေးတွေဟာပဲ မွေးအသို
ဉာက်လေးတွေကပ်ပေးလိုက်ရပါတယ်။

ပခုးမြို့မှာက တီးတက်လာတဲ့
ခေတ်ရေစီးကြောင်းနဲ့ အပြိုင် ယာဉ်
ကြောပိတ်ဆို့မှုတွေကို သက်ဆိုင်ရာက
စွမ်းအားဖြည့်ပြီး ဖြေရှင်းပေးနေရတယ်
ဆိုပေမယ့် အသက်နဲ့အလောင်းအစား
လုပ်ပြီး စည်းကမ်းမဲ့ အမြန်မောင်းနေကြ
တဲ့ မော်တော်ဆိုင်ကယ်နဲ့ ကားတွေ
ကြားထဲမှာ အသက်ကို အပေါင်တင်ပြီး
သွားလာနေကြရတဲ့ အချိန်အခါပါပဲ။

အဲဒီလို ဝန်နှင့်အား မညီမျှတဲ့
အတွက် အလျော်အစား ပေးနေကြရ
တဲ့တော့ သစ်စိမ်းချိုး အချိုးခံလိုက်ရ
တဲ့ ဒဏ်ရာဒဏ်ချက်တွေ နေ့စဉ်မြင်နေ
ကြားနေရသလို နာရေးကဉ်မှုအသင်း
တွေလည်း စိတ်မကောင်းစွာ ကုသိလ်
တွေ ယိုနေကြရကုန်တာပေါ့။

ဒီလို အပူမီးတွေ ရှတ်တရက်
အလောင်ခလိုက်ရပြီဆိုရင် ဘယ်လိုလဲ
ဖြေသိမ့်ပေးရမှာလဲဆိုပြီး အတတ်နိုင်ဆုံး
စကားလုံးတွေ ရှာမိပါတယ်။ မိသားစုရဲ့
ဝိုင်းအုံချစ်ခြင်းကို ခံရသော သူမီးမိန်းက
လေး အတွေးဆုံးလေးလည်းဖြစ်တယ်။

ဘွဲ့ရပြီး အလုပ်ဝင်တာမှ နှစ်လကျော်
လေး ရှိသေးတယ်။ နောင်အနာဂတ်
အတွက် မျှော်လင့်ချက်အပြင်မှားဆုံး
အရွယ်ကောင်းလေးမှ အခုလို မမျှော်
လင့်ဆုံး အချိန်အခါမှာ ကြွေကွဲစရာ
မြင်ကွင်းနဲ့အတူ မွေးစာမွေးပါကြီးကို
ဖြေဆိုသွားရတာဆိုတော့...

ဖြေဆိုဖို့ ဘုရားရှင် လမ်းညွှန်ထားတဲ့
ကုသိုလ်ကံတရားတော်ကြီးကို ကိုယ်ချင်းစာတရားဆိုတာ သူ့
ကွန်ရက်ကို စာမျက်နှာမှာ တင်ထားတဲ့ ကိုယ်နဲ့ နေရာချင်းလဲကြည့်နိုင်တာပါ။
ဓာတိုးကောင်းတဲ့ နှစ်ပုံကြွေင့် ကိုယ်ချင်းစာ ကိုယ် မလုံချင်တာ သူများကို လုံးဝ
တရားစခန်းအတွင်း အပူမှုဝေခံစားခဲ့ပြီ သည် မထေးနဲ့။ ကိုယ်လုံချင်တာ သူများကို
ဆောင်ပါးလေးကို နေ့ပြချင်တာပါ။ အကုန်ပေး။ ကိုယ်ပေးတဲ့အတိုင်း ကိုယ်
အမှုန့်ကြွေသလို မတုတ်ပြီ တာယကာ ပြန်ရမယ်ဆိုတဲ့ ကံရဲ့နိယာမအတိုင်း
ရှင် မိသားစုအနေနဲ့ သစ်စိမ်းချိုးဒဏ် မထေရမြတ်တို့ စကားဝိုင်း ဆရာတော်
ချက်ကို သောကပါးလောက်တဲ့ အချိန် ကြီးရဲ့ စာပည်ဖြစ်တာနဲ့အည် လူတိုင်း
ကျမှပဲ နေလိုက်တာ ကောင်းပါတယ် ဖြေဆိုရမယ့် သေမင်းစာမေးပွဲကြီးကို
လို့ ဆင်ခြင်ကြည့်ပြီးမှ နေလိုက်ရပါ အများနည်းနဲ့ မဖြေချင်ဘဲ ဘုရားနည်းနဲ့
တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပါတယ်။ ဆုနာမီတို့ နာဂစ်တို့နဲ့-ကိုရီယားကူးတို့သဘော်ဘထဲမှာ ပါသွားတဲ့ ကျောင်းသူလေးတွေရယ်၊ ပြီးတော့ မလေးရှားလေယာဉ်တစ်စင်းလုံး ပျောက်ဆုံးသွားတာတို့ကျတော့ ကိန်းဂဏန်းဆိုပေမယ့် လူတစ်ယောက် သေဆုံးတာဟာ တွယ်တာရမယ့် မိသားစုအဖို့ ကြေကွဲဝမ်းနည်းစရာ သောက ထုထည် ပိုသိပ်သည်းစေသလား မသိပါဘူး။ ဒီနေရာမှာ ခေါင်းထဲကို ဝင်လာတဲ့ သံဝေဂလက်ာလေးက -

"ရေဘေး၊ မီးဘေး၊ ပြည်ဖျက်ဘေးကာ၊ ဆယ်ရေးတစ်ရေး ကယ်နိုင်သေး၏။ အိုဘေး၊ နာဘေး၊ သေခြင်းဘေးဟု ဤဘေးသုံးပါး လွန်ကြီးများကာ၊ သားနှင့်အမိ၊ ဖြစ်တုံဘိလည်း မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊ သက်သက်ရေးပိုင်း မကယ်နိုင်ဘူး၊ လက်မြိုင်ချကာ၊ နေရစ်ခွာရှင့်" (မာယဒေဝ)

မှန်လိုက်တာ။ အဲဒီနေ့က တိုက်တဲ့ကားဘေးနားမှာရှိတဲ့လူအများကော၊ အင်တာနက်စာမျက်နှာက ဓာတ်ပုံလေးကို တက်ကြည့်ကြတဲ့သူများပါ မိသားစုနဲ့ထပ်တူ "မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊ သက်သက်ရေးပိုင်၊ မကယ်နိုင်ဘူး၊ လက်မြိုင်ချကာ၊ နေရစ်ခွာရှင့်" ဆိုတဲ့အတိုင်း ယူကျုံးမရ ခံစားခဲ့ကြရပါတယ် ခင်ဗျာ။

ဒါကြောင့်မို့လည်း အဲယားကွန်းအခေါင်းနဲ့ အိမ်ကို ပြန်သယ်လာတဲ့နေ့က မိသားစုကို ဖြေသိမ့်ပေးဖို့ အခွင့်ရခဲ့ရင် ဘယ်လိုစကားမျိုးနဲ့ တရားစကားလေး ပြောဖြစ်မလဲ။

'ဝမ်းနည်းပူဆွေးဖို့ အပူဆုံးအချိန်မှာ မျက်နှာလွှဲတဲ့စကားနဲ့ တရားနဲ့ဖြေပါလို့ မပိတ်ပင်ရက်ပါဘူး။ သတိပြုရမှာက ဝမ်းနည်း ကြေကွဲရတာကို ရင်ထဲမှာမျိုသိပ်မထားမိပါစေနဲ့၊ ငိုချင်လာမှာဖြစ်တဲ့အတွက် မျက်ရည်မိုးတွေ ရွာသွန်းဖြိုးလိုက်ပါ။ မကျေနပ်သေးရင် အသံထွက်ပြီး ရင်ဖွင့်ပစ်လိုက်ပါ။ မျက်ရည်ဆိုတာဟာ နှလုံးသားဝေဒနာနှောင်ဖွဲ့မှုကို အမြန်ဆုံး ကုစားခြင်း ဆေးကောင်းတစ်လက်ပါတဲ့၊ ဘယ်လောက်ထိ ငိုရမလဲဆိုရင် နောက်ဆုံးငိုကြည့်လိုက်တော့လည်း ဘာမှမထူးပါဘူးလို့ ကိုယ်တိုင် ကျေကျေနပ်နပ် သဘောပေါက်လာတဲ့အထိ ငိုလိုက်ကြပါလို့'။

ဒီလို ဖြေသိမ့်စကားပြောလိုက်ပေမယ့် သောကတွေ မစဲနိုင်သေးမှန်း သိပါတယ်။ ခုနေခိုန်ခါသာ "သင့်လိုလူ အများကြီးရှိသည်" ဆိုတဲ့ ဆိုင်းဘုတ်ကို မြင်မိလိုက်ရင် ဖတ်မိတဲ့ လူတိုင်း အကောင်းဘက်မှာရော၊ အဆိုးဘက်မှာပါ အကျယ်ခဲ့ ဆင်ခြင်သုံးသပ်တတ်လာမှာပါ။ သင့်လိုလူ အများကြီးရှိသည် ဟူဆိုတော့ ငါ့ကျမှ ဖြစ်ရလေတယ်ဆိုပြီးတော့လည်း ကံဆိုးလို့ ကံဇော်ဆရာကို 'ဆဲချကြီး' လို့ မထင်ကြတော့ဘူး မဟုတ်လား။

လူတိုင်း လူတိုင်းလည်း ကြုံရမယ်။ အခွင့်အရေး တူညီစွာ တစ်ချိန်ချိန်မှာ ကြုံရမှာမို့ပါ။ ယပ်တောင်လေးပေါ်က စာသားလေးက သက်သေပြသတိပေးနေပြီပဲ။ "ချစ်ခင်စုံမက်၊ ခွစ်သက်ဖွယ်ဟူသမျှနဲ့ နောက်ဆုံးမှာ ကွေကွဲရမှာပဲလို့ ငါပြောပေါင်းများလှပြီ အာနန္ဒာ၊ မြတ်ယဆိုတာ ဘာတစ်ခုမှ မရှိဘူးတဲ့" (ပရိနိဗ္ဗာနသုတ်)။

လောကမှာ အသေအချာ အရေအရာဆုံးက မသေချာခြင်းတွေပါလားနော်။

ဒီလိုနဲ့ တစ်လပြည့် ဆွမ်းကပ်နေ့လောက်ကျရင်တော့ သေခြင်းတရားက သေချာ၊ ရှင်ခြင်းတရား မသေချာပုံလေးကို အနုတ္တအခြေခံ သဘောတရားလေးနဲ့ ရှင်းပြချင်ပါတယ်။ မိမိတို့ အမှတ်တမဲ့ လောကသားအများစုဟာ ကံနဲ့ကံရဲ့အကျိုးကို ယုံကြည်ကြတာဆိုတော့ ကံကောင်းအောင် နည်းအမျိုးမျိုးနဲ့ ကြိုးစားဆောင်ရွက်နေကြသူတွေ များပါတယ်။ ကံကောင်းခြင်းလက်ဆောင်တွေပေါ့ဗျာ။

ဘာမှ ရေရေရာရာ မသိနိုင်တဲ့ ကံတရားကြီးကို တကယ်ရောရာ အပိုင်သေချာတဲ့ အားကိုးစရာကြီးလို့ ပုံဖော်မိခဲ့ကြတာပါ။ ကံသာလျှင် အမိ၊ ကံသာလျှင် အဖလို့ ဥဒါန်းကျူးရင်ပြီး စိန်ခေါ်ရင် တိမ်ပေါ် ခုန်တက်ချင်ကြတယ်။ ကံကို မိဘလိုသဘောထားပြီး ပုံအပ်လွန်းလို့ ဆူးပေါ် ပုံခုန်ချတဲ့သူတွေလည်း မနည်းလောက်ပါဘူး။ ခလုတ်ထိမှ အမိတချိန် မရတော့ဘဲ ခုလို မမျှော်လင့်တဲ့အချိန်၊ မထင်မှတ်ထားတဲ့ အဖြစ်မျိုးတွေကြုံရတော့မှ 'တို့ထင်သလို ကံဆိုတာ မိဘတွေ မဟုတ်ဘူး' လို့ ငိုချင်းချရတဲ့ ကံဇာတ်ဆရာရဲ့ အခိုင်းအစေမျိုး လွမ်းချင်းဆို ငိုခဲ့ရတာပါ။

ကံကိုယိုးမယ်ဖွဲ့ကာ တိုင့်မှတ်လို့ ထုံးသုတ်ပေမယ့် အမှန်တော့ ကံဆိုတာ မိဘလည်း မဟုတ်၊ ဆွေမျိုးလည်း မဟုတ်၊ ရှေ့နေလည်း မဟုတ်၊ ဆွဲချလည်း မဟုတ်ပါဘူး။ တကယ်တော့ ကံဆိုတာ တကယ့်ကို လာဘ်ထိုးလို့မရ၊ ရွှေပေးလို့လက်မခံ၊ ဒေါ်လာကိုလည်း အကျင့်ပျက်ခြမစား။ အဂတိလိုက်စားမှုလုံးဝမရှိတဲ့ တကယ့်အစစ်အမှန် မွေနိယာမတရားကြီး စစ်စစ်ပါ။ စေတနာရဲ့ အထက်မှာ ဘာမှမရှိဘူး ဆိုတဲ့အတိုင်းပေါ့ဗျာ။ အခုလည်း ကာယကံရှင်တွေ ဆိုရင်ပဲ ကြုံခဲ့ရတဲ့ သမီးထွေးလေးကိစ္စ

လပြည့်ဝန်းမဂ္ဂဇင်း (နိဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

နဲ့ပတ်သက်ပြီး ငါတို့သမီးလေးမှ လုပ်ရတ်တယ်ဆိုပြီး ကံတရားကို 'ဆွဲချကြိုး' လို့ မြင်ခဲ့သေးတယ် မဟုတ်ပါလား။

အဲဒါ ဘာကြောင့်လဲဆိုရင် နည်းနည်းလောက်တော့ စဉ်းစားကြည့်ရအောင်ပါ။ တကယ်တော့ ဘဝကို အာမခံချက် အပြည့်ရအောင် ကံရဲ့လက်ထဲက ဆွဲထုတ်ပြီး ဉာဏ်ရဲ့လက်ထဲ အပ်နှင်းအောင် ဗုဒ္ဓအလိုက္ခ မစွမ်းဆောင်နိုင်ကြသေးတာကတော့ အဓိကအကြောင်းအရင်းပေါ့လေ။

ဒီထက် ပိုဆိုးတာကတော့ ငါ ငါ ဧါလို့ တစ်ငါတည်း ငါနေတဲ့ အတ္တအစွဲပါပဲ။ ကံရဲ့လက်ထဲက မရုန်းထွက်နိုင်လို့ ကံပိုင်တဲ့အရာတွေကို ငါပိုင်တယ်ထင်ပြီး ဆွဲယူသိမ်းပိုက် ထွေးပွေ့ထားကြတယ် မဟုတ်လား။ ငါလို့ ထင်လိုက်တာနဲ့ အတ္တဆိုတာ ဖြစ်တည်လာတာမို့ ငါရဲ့နယ်သတ်မျဉ်းက အလွန်ကျဉ်းပေမယ့် ဘယ်သူမဆို ငါလိုချင်၊ ငါပိုင်ချင်ဆိုတဲ့ ဧရိယာအကျယ်အဝန်းက နယ်စည်းမခြား မပြည့်ဆင်းရဲသားတွေ ဖြစ်ကြပါတယ်။

ငါဆိုတဲ့ ဘောင်ကျဉ်းကျဉ်းလေးထဲမှာ စွဲလမ်းထားတဲ့ အရာရာတိုင်းက ပိုင်မယ်ထင်လို့ တောင့်တ၊ ဆိုင်တယ်ထင်လို့ ကြောင့်ကြကြတဲ့အတိုင်း (ခရိုနီကြီးတွေ အတိုင်း) မဆုံမပြတ်လို့ ဆိုရလောက်အောင် လောဘဂိုဒေါင်ကြီးက ဘယ်တော့မှ မပြည့်ပေမယ့် အဆမတန်ကို ထိုးသိပ်ထားတဲ့အတွက် သိပ်သည်းပြီး မလွတ်ငြိမ်းဘဲ ဝန်ပိလေးလံနေကြတာပါဗျာ။

လူဟာ လူပါပဲ။ သူလည်း လူပဲ၊ ငါလည်း လူကွယ် ဆိုပေမယ့် အဲဒီလူဟာ 'ငါ'ဝိုင်ဆိုတဲ့ ကော်အစေးလေးနဲ့ တစ်လိုက်ပြီဆိုရင် အားလုံးထက်ပိုပြီး လေးလံသိပ်သည်းသွားသလို ခံစားရမှာပါပဲ။ ဒါဘာကြောင့်လဲဆိုတော့ အတ္တအကျဉ်းထောင်ကြီးက သိပ်သည်းကျဉ်းမြောင်းသွားတော့တာကိုး။ 'လေးနေရင် ဖွကြည့်လိုက်' ဆိုတဲ့ ဓမ္မဘေရီဆရာတော်ကြီးရဲ့ တရားတော်ထဲကအတိုင်း ခံတစ်ပိဿာနဲ့ မို့တစ်ပိဿာ ဆိုပါတော့၊ ဘဝချိန်ခွင်ထဲ ထည့်ပြီး ချိန်ကြည့်ရင်တော့ အသက်ရှင်နေချိန်ကာလအတွင်း မိမိတို့ရဲ့ ခန္ဓာဝန်ထုပ်ကြီး အလေးချိန်ကအတူတူပါပဲ။ ဒါပေမဲ့ ရုတ်တရက် မေးလိုက်ရင်ဖြစ်ဖြစ်၊ ကိုင်ကြည့် မကြည့်ရင်ဖြစ်ဖြစ် ခံတစ်ပိဿာက လေးသလိုထင်နေတတ်တယ် မဟုတ်လား။

ဆရာကြီး ဒေါက်တာသန်းထွန်းလေသံနဲ့ ပြောရလျှင် ခံတစ်ပိဿာနဲ့ မို့တစ်ပိဿာ ဘယ်ဟာက ပိုလေးသလဲ သိချင်ရင် အဲဒီဝန္ဓဉ်းနှစ်ခုကို အပေါ်မြှောက်တင်ပြီး အောက်ကနေ ခေါင်းနဲ့ ခံကြည့်လိုက်ပါလားတဲ့။ အလေးချိန်ချင်း တူပေမယ့် ကိုယ့်အပေါ် သက်ရောက်လာတဲ့အခါမှာတော့ သိပ်သည်းတဲ့အရာက ပိုပြီးလေးလံသလို ခံစားသွားရတာပေါ့။ အဲဒီသဘောသဘာဝအတိုင်းပါပဲ။ လူချင်းတူပေမယ့် အတ္တသိပ်ကြီးတဲ့ ခန္ဓာဝန်ထုပ်ကြီးက ပိုပြီးတော့ လေးလံမာကျော်သလို ခံစားရမှာဖြစ်ပါတယ်။

ဥပမာပေးရရင် တောင်ငူဈေးကြီး မီးလောင်သွားပေမယ့် ကိုယ့်မှာ ဘာမှမခံစားရပါဘူး။ ဒါပေမဲ့ ဈေးထဲက ထီးကလေးတစ်ချောင်း ဝယ်လာပြီး အဲဒီထီးရွက်ပေါ် ဆေးလိပ်မီးပေါက်လေး ကျပေါက်သွားရင်တော့ ရင်ထဲမှာ ပူလောင်သွားသလိုပါ။ လောင်တာက ထီး ပူတာက အသည်းနှလုံးဆိုသလိုပေါ့ဗျာ။

အခုလည်း ကံပိုင်နက်ထဲက သမီးထွေးလေးကို ကံတရားသူကြီးက အသက်ရှင်နေထိုင်ခွင့် ကုန်ပြီလို့ သတ်မှတ်လိုက်တာ ဖြစ်ပါတယ်။

မိမိတို့ ပဲခူးမြို့ ဝန်းကျင်မှာ တစ်နေ့ တစ်နေ့ လူပေါင်း ဆယ်လေးငါးယောက်လောက် အဲဒီလိုပဲ ကံရဲ့ဆုံးဖြတ်ခြင်းကို ခံနေကြရတာပါ။ အခုဆိုရင် နာရေးကူညီမှုအသင်းတွေ အားကိုးနဲ့ မှောင်ခိုပါမစ်ဝယ်ပြီး ဆိုင်ကယ်စတန့်ထွင် အမြန်မောင်းကြလွန်းလို့ စံချိန်ပိုတိုးတိုးလာနေပြီပဲ။

အဲဒီလိုပဲ ကံခွဲတမ်းထဲမှာပါသွားတဲ့ သတင်းကိစ္စကြီးယေတွေ အမြင်အတွေ့ ဆိုပေမယ့် မို့ထုပ်ကြီး ကိုယ့်အပေါ် ကျသလောက်ပဲ ဖြစ်ပါတယ်။ 'ငါ' ဆိုတဲ့ သတ်မှတ်ခွဲလမ်း သိမ်းပိုက်ကော်ကပ်ထားတဲ့ ဒီသမီးငယ်လေးကျမှ ခံတစ်ပိဿာ ခေါင်းပေါ် ပစ်ချလိုက်သလို ခံစားကြတာမို့လား။ အမှန်တော့ ကံခွဲတမ်း ချမှတ်ခံရသူချင်းအတူတူ တစ်ပိဿာချင်းတူပါလျက် ဘာကြောင့် ရိုက်ချက်က ပြင်းတယ်လို့ ခံစားချက်ချင်း မတူကြတာပါလဲ။

မြတ်ဗုဒ္ဓရဲ့ သစ္စာလေးပါးတရားတော် အနှစ်ချုပ်မှာ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ - အတိုချုပ်ကတော့ အစွဲဥပါဒါန်နဲ့ ယှဉ်တဲ့ ခန္ဓာငါးပါးဟာ ဒုက္ခပဲ" ဆိုတဲ့ စကားတော်က ဒီလို အဖြစ်အပျက်မျိုးကို ထောက်ပြလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ဒါဖြင့် ခဲလို လေးလံဖိစီးနေတဲ့ ဒီဝန်ထုပ်ကြီးရဲ့ မလွတ်ငြိမ်းတဲ့ သဘောမှန်ကို သိလာရင် ဘာလုပ်သင့်သလဲ။ ခဲလို မလေးစေချင်ရင် မို့လို ပေါ့ပါးသွားအောင် ဖွပ္စန်လိုက်ခဲ့တာလွဲတဲ့ တခြားနည်း မွှိနိုင်သေးလို့လား။

www.burmeseclassic.com

www.burmeseclassic.com

ဒီနေရာမှာ စာဖတ်သူလည်း ကာယကံရှင် မိသားစုကဲ့သို့ ကြုံတွေ့လာခဲ့ရင်ကော လူပြောသူပြောနဲ့ တရားနဲ့ဖြေပေါ့ ဆိုတဲ့ အားပေးစကားကို အလွယ်တကူ လက်ခံနိုင်ပါ့မလား။ လက်ခံနိုင်တာ မနိုင်တာ အသာထားပြီး ရင်ဆိုင်ဖြေရှင်းဖို့တော့ ကြိုတင်ပြင်ဆင်ထားရမှာက ဗုဒ္ဓဘာသာတွေရဲ့ လုပ်ရိုးလုပ်စဉ် အလုပ်ပါ။

လူတိုင်းဖြေဆိုရမယ့် မရဏာ စာမေးပွဲကြီးကို ဘုရားနည်းနဲ့ ဖြေဆိုသွားနိုင်ဖို့ ဗုဒ္ဓသာသနာတော်နဲ့ လက်ငင်းကြုံတွေ့နေတာ မိမိတို့ ကံကောင်းထောက်မနေတယ်လို့ ခံယူနိုင်စွမ်းရှိရမှာဖြစ်ပါတယ်။ သာသနာကြုံကျိုး၊ လုံဖြစ်ကျိုးနပ်အောင် ဘုရားပေးတဲ့ ခဲထုပ်ကနေ မွှီထုပ်လုပ်ပစ်လိုက်တဲ့ နည်းလမ်းလေးကို ဆက်ရေးပြပါမယ်။

ကိုယ့်ရဲ့အတ္တကို' ဗုဒ္ဓဟောတဲ့ အနတ္တဆီကို ခေါင်းပန်းလှန်သလို တိုက်ရိုက်မပြောင်းလဲနိုင်သေးလို့ အတ္တနှင့် အနတ္တ ကြားခံနယ်အဖြစ် ပရဆိုတဲ့နယ်ကို ဖြတ်သန်းရပါတယ်။ အလေ့အကျင့် လုပ်ပါများလာရင် အတ္တထုထည် သိပ်သည်းမှုကြီးက တဖြည်းဖြည်း ထုထည်ပါးသည်ထက် ပါးလျလာပြီး လွှင့်ပြယ်ကျယ်ပြန့်မှသွားလို့ နောက်ဆုံးမှာ ပရနယ်ထဲမှ တစ်ဆင့် အနတ္တနယ်ထဲကို ဆိုက်ရောက်သွားပါမယ်။

ဥပမာအားဖြင့် 'မသာ တစ်ခေါက် ကျောင်းဆယ်ခေါက်'လို့ မင်္ဂလာအရှိဆုံး ဆိုရိုးလေးအတိုင်း သူ့အပူကိုယ်စီ့၊ ကိုယ့်အပူ သူမျှဝေ ခဲ့သလို အသုဘတွေကို လိုက်ပို့ဖူးကြတဲ့သူတွေချည်းပါပဲ။ ဒါပေမဲ့ ပေးသမျှ ယပ်တောင်တို့၊ ရေသန့်ဘူးတို့၊ အချိုရည်ဘူးတို့ ယူပြီး နှစ်လုံး သုံးလုံးအကြောင်းပြော၊ သေဆုံးသူရဲ့ အသက်ကို အတိတ်ကောက်ထိုး၊ မဲ့ကာရွဲ့ကာ အဖာင်းပြောကြ၊ ရယ်ကြ မောကြနဲ့ ကားလိုက်စီးကြတာ များပါတယ်။ သူလိုပဲ ငါလည်း တစ်နေ့ဆိုတဲ့ သံဝေဂဆိုတာ စာလုံးတောင်မပေါ်းတတ်တော့အောင် အမှားကြောလာလို့ ရိုးအီနေကြပါပြီ။ သေတယ်ဆိုတာ ကိုယ်နဲ့မဆိုင်သလို မွှီထုပ်ကြီး ခေါင်းပေါ် ခဝ်ဖွဖွလေး ကျလာဖို့ အဝေးကြီးလိုပါသေးတယ်လို့ ကံတရားသူကြီးရဲ့ မိန်းမကို လာဘ်ထိုးထားတာကျနေတာချည်းပါပဲ။

အမှန်တော့ ဘုရားဟောထားတဲ့ ကမ္မဋ္ဌာန်း (၄၀)ထဲမှာ အသုဘကမ္မဋ္ဌာန်း ဘာဝနာရှုပုံလေးက သိပ်သည်းလေးလဲနေတဲ့ ငါဆိုတဲ့ အတ္တဝန်ထုပ်ကြီးကို အထိရောက်ဆုံးဥာဏ်လမ်းစဖွင့်ပေးပြီး ဝန်ပေါ်သွားအောင် မွှီထုပ်လုပ်ပစ်တဲ့ အကောင်းဆုံးနဲ့အထိရောက်ဆုံး နည်းလမ်းဖြစ်ပါတယ်။

ဗုဒ္ဓ လမ်းညွှန်ထားပုံလေးက - "ဧဝံ ဝမ္မော၊ ဧဝံ ဘာဝီ၊ ဧဝံ အတ္ထိတော" တဲ့၊ ငါလည်း ဒီဃညောပဲ၊ ငါလည်း ဒီလိုဖြစ်လိမ့်မယ်၊ ငါ့ရဲ့ခန္ဓာလည်း ဒီဃတောကို မလွန်ဆန်နိုင်ဘူး။ သူလိုပဲ ကံတရားသူကြီးရဲ့ အဓိန့်ချလိုက်စာကို အချိန်နဲ့အမျှ အနတ္တဆိုတဲ့ အဓိုးမရတဲ့သဘာဝအတိုင်း အချိန်ယား အတိအကျမရှိတဲ့ သေမင်းစာမေးပွဲကြီးကို ရုတ်တရက် ဝုန်းဒိုင်းဆိုပြီး ချက်ချင်းဖြေသွားရနိုင်တယ်။ အဲဒီလိုဆိုရင် ဘုရားပေးထားတဲ့ နည်းလမ်းနဲ့ ဖြေသွားနိုင်မှ သေခြင်းရဲ့ ဆုလာဘ်ကို ပိုင်ဆိုင်သွားနိုင်မယ်မဟုတ်လား။

ဆယ်တန်းစာမေးပွဲမှာ အဖြေမှားသွားလို့ တစ်နှစ်ကျသွားရင် နောက်နှစ်မှာ ဒီအတိုင်းပြန်ဖြေလို့ အခွင့်အရေးရနိုင်ပေမယ့် သေမင်းစာမေးပွဲက အဖြေမှားသွားရင် ဒီအတိုင်းပြန်ဖြေဖို့ အခွင့်အရေး မရှိနိုင်တော့ဘူးဆိုတာ ဗုဒ္ဓဘာသာဝင် အားလုံး ရှင်းရှင်းသိနိုင်ပါတယ်ဗျာ။

ဒါကြောင့်မို့ ဘုရားနည်းအတိုင်းပဲ အသုဘပို့တဲ့အခါ ခေါင်းတလားထဲမှာ ပက်လက်လန်နေတာ ကိုယ့်ပုံသဏ္ဌာန်လို့ အစားထိုးကြည့်လိုက်၊ အသုဘခေါင်း နံရံမှာ ရေးထားတဲ့ ကွယ်လွန်သူ နာမည်နဲ့ နေရာမှာ ကိုယ့်နာမည်နဲ့ အသက်ကို အစားထိုးရွက်လုပ်ကြည့်လိုက်၊ နောက်ဆုံး အဲဒီနေ့က အင်တာနက်ပေါ်က ဓာတ်ပုံထဲကလို ကားဘီးအောက်က သမီးလေးရဲ့နေရာမှာ ကိုယ်သာဆို ဘယ်လိုပြင်ဆင်မိမလဲ။

ကုန်ကုန်ပြောရရင် ယပ်တောင်နဲ့ နာရေးဖိတ်စာတွေတိုင်း ကိုယ့်နာမည်ကို အစားထိုးလို့ သူနဲ့ကိုယ်နဲ့ နေရာချင်းလဲကြည့်ပြီး အသုဘကမ္မဋ္ဌာန်း ရှုပစ်လိုက်ရင် ငါဆိုတာ ဘာလဲလို့ မာန ထောင်ပြီး မံဆုံမပြိတ်တွေ လွှင့်ပြယ်ပါးလျလာပါလိမ့်မယ်။

ဒီလောက်ဆိုရင် အချိန်တန်လို့ သေဆုံးခြင်း ချိန်ခွင်ထဲမှာ ထည့်ချိန်ကြည့်ရင် သေတာဟာ အတူတူပဲဆိုပေမယ့် အတ္တခဲထုပ်ကြီးလား၊ အများအကျိုးတွေကို သယ်ပိုးရွက်ဆောင် အကျိုးပြုခဲ့တဲ့ ပရမွှီထုပ်ကြီးလားဆိုတာ မိမိကိုယ်တိုင် နေရာချင်းလဲကြည့်ပြီး ခေါင်းခဲလေ့ကျင့်ထားလို့ သေခြင်းရဲ့ဆုလာဘ်ကို ရယူနိုင်ကြရအောင်။

ကိုအေးမင်း(ပဲခူး)

❑

www.burmeseclassic.com

www.burmeseclassic.com

နတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်း

သစ္စာဦး (ဒေလှောရွာ)

တစ်နေ့သောအခါ၌ အရှင်မောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ဒေသစာရီကြွချီတော်မူပေသည်။

နတ်ပြည်သို့ ရောက်တော်မူသည်နှင့် တန်ခိုးကြီးလှသော နတ်သမီးတစ်ဦး၏ ဘုံဗိမာန်တံခါးဝ၌ ရပ်တော်မူ၏။

နတ်သမီးလည်း မထေရ်မြတ်ထံသို့ လာရောက်ကာ ရှိခိုးလေသည်။

ထိုအခါ အရှင်မောဂ္ဂလာန်မထေရ်မြတ်က -

"အဲသင်နတ်သမီး၊ အသင်၏ ဘုံဗိမာန်တို့သည် ထူးကဲကောင်းမွန်လှ၏၊ အသင်၏ စည်းစိမ်ချမ်းသာတို့သည်လည်း ကြီးမြတ်လှ၏၊ အံဩဖွယ်သို့သော ကောင်းမှုကုသိုလ်တို့ကို ပြုခဲ့၍ ဤကဲ့သို့ ခံစားရသနည်း"

နတ်သမီးလည်း အရှင်မြတ်၏ အမေးစကားကို ချက်ချင်းမဖြေ။ လူဘဝဖြစ်စဉ်က သူပြုခဲ့သော ကောင်းမှုကုသိုလ်တို့သည် လွန်စွာနည်းလှသည်ဟု ယူဆကာ ရှက်လွန်းလှသဖြင့် -

"ဤအမေးစကားဖြင့် တပည့်တော်မကို မေးတော်မမူပါနဲ့ ဘုရား၊ တပည့်တော်မ ပြုခဲ့သော ကောင်းမှုကုသိုလ်တို့မှာ လွန်စွာနည်းပါးလွန်းလှသောကြောင့်ပါ ဘုရား" ဟု လျှောက်ထားလေသည်။

အရှင်မောဂ္ဂလာန် မထေရ်မြတ်က သိလိုသော အကြောင်းရင်းကို နတ်သမီးအား ထပ်မံမေးတော်မူသောအခါမှ -

"တပည့်တော်မသည် မြတ်သော အလှူကိုလည်း မလှူဖူးပါ၊ မြတ်စွာဘုရားရှင်နှင့် သံဃာတော်တို့ကို ပူဇော်ခြင်းလည်း မပြုခဲ့ဖူးပါ၊ တရားတော်တို့ကိုလည်း မနာကြားခဲ့ဖူးပါ၊ သို့သော် မှန်မှသာစကားကိုသာ ပြောဆိုခဲ့၏၊ မဟုတ်မမှန်သော စကားတို့ကို မပြောမဆိုမိအောင် သတိဖြင့်ထိန်းသိမ်းခဲ့ပါသည်၊ ဤကဲ့သို့ မှန်သောစကားကိုသာ ပြောဆိုခဲ့ခြင်းကြောင့် ကြီးမြတ်သော စည်းစိမ်ချမ်းသာတို့ကို ခံစားရခြင်း ဖြစ်ပါသည် ဘုရား" ဟု လျှောက်တင်လေသည်။

အရှင်မြတ်လည်း နတ်သမီး၏ အဖြေစကားကို နားထောင်တော်မူပြီးမှ အခြားသော ဘုံဗိမာန်တံခါးဝသို့ကြွကာ လာရောက်ရှိခိုးသော နတ်သမီးအား မေးတော်မူပြန်၏။

"အို- နတ်သမီး၊ အသင်၏ ဘုံဗိမာန်နှင့် စည်းစိမ်ချမ်းသာတို့သည် အလွန်ကြီးကျယ်လှ၏၊ အဘယ်ကောင်းမှုတို့ကို ပြုခဲ့ခြင်းကြောင့် ဤသို့သော နတ်စည်းစိမ်တို့ကို ရသနည်း"

နတ်သမီးလည်း ထူးကဲမွန်မြတ်လှသော ကုသိုလ်ကောင်းမှုတို့ကို ပြုခဲ့ဖူးခြင်း မရှိရကား ရှက်သောကြောင့် ပြန်လည်လျှောက်တင်ခြင်းမရှိဘဲနေရာ အရှင်မြတ်က ထပ်၍ မေးတော်မူမှ-

"တပည့်တော်မသည် ကဿပဘုရားရှင် ပွင့်တော်မူသောအခါက သူတစ်ပါး၏ အိမ်တွင် ကျွန်မ ဖြစ်ခဲ့ဖူး၏၊ တပည့်တော်မ၏ အရှင်သခင်သည် လွန်စွာ ရက်စက်၏၊ နွှတ်အဝူးအရာလည်း ကြမ်းတမ်းလှ၏၊ သဘောမတွေ့လျှင် နီးရာ သစ်သား ထင်း ဝတ္ထုပစ္စည်းတို့ဖြင့် ဦးခေါင်းကို ရိုက်ခွဲတတ်သူဖြစ်၏၊ တပည့်တော်မအား မတရားသဖြင့် နှိပ်စက်ခြင်း ပြုခဲ့သော်လည်း တပည့်တော်မသည် ဤသို့ဝဋ်ဆင်းစားခဲ့ရ၏၊

ထမြည့်ဝန်းမင်းဝင်း (နိဝင်္ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

"ငါ၏ အရှင်သခင်ကို ပြန်၍ အမျက်ထွက်မိလျှင် ဤအရှင်သခင်သည် ငါ့အား သေရာပါနိုင်သော သံပူမီးပူတို့ဖြင့် ကပ်ခြင်း၊ နှာခေါင်း အစရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကို ဖြတ်ခြင်းတို့ဖြင့် ပြင်းထန်စွာ နှိပ်စက်နိုင်သူ ဖြစ်၏၊ ဤအရှင်သခင်အပေါ် အမျက်မထွက်လေနှင့်' ဟု မိမိကိုယ်မိမိ ဆုံးမကာ တစ်ကြိမ် တစ်ခါလေးမျှ အမျက်ထွက်ခြင်းမရှိခဲ့ပါ ဘုရား၊ ထိုကဲ့သို့ အမျက်မထွက်ခဲ့ဖူးသော ကုသိုလ်ကောင်းမှုကြောင့် ဤကြီးကျယ်သော စည်းစိမ်ချမ်းသာကို ရရှိခြင်းဖြစ်ပါသည် ဘုရား" ဟု လျှောက်တင်လေသည်။

အရှင်မဟာမောဂ္ဂလာန်လည်း အခြားသော ဘုံဝိမာန်တစ်ခုသို့ ကြွကာ ရှေးနည်းအတိုင်း မေးမြန်းတော်မူရာ နတ်သမီးက -

"အရှင်ဘုရား၊ ရှေးအခါက တပည့်တော်မသည် ကြံခင်းကို စောင့်ရှောက်ရသော သူဆင်းရဲမတစ်ဦး ဖြစ်ခဲ့၏၊ ရဟန်းတော်တစ်ပါးအား စေတနာသဒ္ဓါတရား ဖြူစင် ထက်သန်စွာဖြင့် ကြံတစ်ချောင်းကို ပေးလှူခဲ့ဖူးသော ကောင်းမှုကုသိုလ်ကြောင့် ဤနတ်စည်းစိမ်ချမ်းသာကို ရရှိခဲ့ပါသည် ဘုရား" ဟု လျှောက်၏။

အရှင်မြတ်လည်း အခြားအခြားသော ဘုံဝိမာန်တို့မှ နတ်သမီးတို့ကို မေးတော်မူပြန်ရာ နတ်သမီးအသီးသီးတို့သည် တည်သီးတစ်လုံး လှူခဲ့ဖူးခြင်း၊ သခွားသီးတစ်လုံး လှူခဲ့ဖူးခြင်း၊ မုန်လာတစ်ဆုပ်လှူခဲ့ဖူးခြင်း၊ တမာရွက်တစ်ဆုပ် လှူခဲ့ဖူးခြင်း အစရှိသည်ဖြင့် အနည်းငယ်မျှသော အလှူဒါနတို့ကြောင့် စည်းစိမ်ချမ်းသာတို့ကို ခံစား စံစားကြရကြောင်း လျှောက်ထားကြလေသည်။

အရှင်မောဂ္ဂလာန်မထေရ်မြတ်လည်း နတ်သမီးတို့ လျှောက်တင်လိုက်ကြသော အဖြေစကားတို့ကို မှတ်သား ပြီး မြတ်စွာဘုရားရှင်အား ဤသို့ မေးလျှောက်လေ၏။

"ဘုန်းတော်ကြီးမြတ်လှသော မြတ်စွာဘုရား၊ မှန်သောစကားကို ဆိုရုံမျှဖြင့်၊ အမျက်ဒေါသ မထွက်အောင် သိမ်းဆည်းရုံမျှဖြင့်၊ အနည်းငယ်မျှ လောက်သော ကြံ၊ တည်သီး၊ သခွားသီး စသည်တို့ကို လှူဒါန်းရုံမျှဖြင့် နတ်တို့၏ စည်းစိမ်ချမ်းသာကို ရရှိခံစားနိုင်ပါသလား ဘုရား"

"ချစ်သား မောဂ္ဂလာန်၊ ဤအမေးကို အဘယ်အတွက်ကြောင့် ငါဘုရားအား မေးလျှောက်ရသနည်း၊ နတ်သမီးတို့ကိုယ်တိုင် အနည်းငယ်မျှ လျှောက်သော ကုသိုလ်ကောင်းမှုတို့ကို ပြုခြင်းဖြင့်နတ်ပြည်သို့ရောက်ရကြောင်း လျှောက်တင်လိုက်ကြသည် မဟုတ်လော"

"မှန်လှပါ၊ အနည်းငယ်မျှသော ကုသိုလ်ကောင်းမှုကြောင့် ထိုကဲ့သို့သော နတ်တို့၏ စည်းစိမ်ကို အမှန်တကယ် ရနိုင်ပါသလား ဘုရား"

"ချစ်သား၊ မှန်သောစကားကို ဆိုသောကြောင့် နတ်ပြည်သို့ ရောက်ရ၏၊ အမျက်ဒေါသ မထွက်ရန် အစဉ်သိမ်းဆည်းသောကြောင့် နတ်ပြည်သို့ ရောက်ရ၏။

သီလရှိသောသူ တောင်းခံလာသည်ရှိသော် အနည်းငယ်မျှဖြစ်စေ လှူဒါန်းသောကြောင့်လည်း နတ်ပြည်သို့ ရောက်ရ၏၊ ဤအကြောင်းသုံးပါးတို့သည် နတ်ပြည်သို့ရောက်စေနိုင်သော အကြောင်းတို့သာ ဖြစ်ပေသည် ချစ်သား"

များစွာသော သူတို့သည် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ဒေသနာတော်အဆုံးတွင် သောတာပတ္တိဖိုလ်၌ တည်လေ၏။

သံသရာ၌ ကျင်လည်ကြကုန်သော သတ္တဝါဟူသမျှတို့သည် မိမိတို့ ကြိုးစားပြုခဲ့ကြသော ကောင်းမှုကံစေတနာတို့ကြောင့် အဆုံးဘဝ နောင်ကာလ၌ ဘဝ၏ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ရွေပြည်ကြီးသို့ တက်လှမ်းလိုကြသည်သာ ဖြစ်၏။ နိဗ္ဗာန်ရွေပြည်ကြီးသို့ မရောက်မီ ကြားကာလတစ်လျှောက်၌လည်း မြင့်မြတ်သော ဘုံဘဝတို့၌ ရောက်ရှိခံစားလိုကြသည်မှာ အမှန်ပင် ဖြစ်၏။ ထို့အတွက် -

မှန်သောစကားကို ပြော၊
အမျက်ဒေါသကို သိမ်းဆည်း၊
တောင်းခံလာသူကို ပေးကမ်း၊
နတ်ပြည်သွားရာ ခရီးလမ်း။

ဆိုသောစကား ရှိသည်နှင့်အညီ မှန်သောစကားတို့ကို ပြောဆိုခြင်း၊ အမျက်ဒေါသကို မဖြစ်စေရန် သိမ်းဆည်းခြင်း၊ တောင်းခံလာသောသူတို့ကို ပေးကမ်းဝေမျှခြင်း စသော ကောင်းမြတ်သည့် အကျင့်တို့ကို ကျင့်ကြံပြုမူခြင်းဖြင့် မြင့်မြတ်သော ဘုံဘဝတို့သို့ ရောက်ရှိခံစားကြရမည် ဖြစ်၏။

ထိုမှတစ်ဆင့် ဒါန၊ သီလ၊ သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာတို့ကို ကြိုးစားကျင့်ကြံ အားထုတ်ကြမည်ဆိုလျှင် မိမိတို့ အဆုံးစွန် လိုလားတောင့်တကြသည့် နိဗ္ဗာန်ရွေပြည်ကြီးသို့ မလွဲမသွေ တက်လှမ်းနိုင်ကြမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

သစ္စာဦး(ယျောဂ္ဂ)

❑

www.burmeseclassic.com

လူပြည်ဝန်းမဂ္ဂဇင်း (နိဝင်းဘာလ၊ ၂၀၁၆)

www.burmeseclassic.com

ပိုးဒယားနှင့် ဖြန်ဖမင်းများ

အောင်သိမ်းမြတ်



www.burmeseclassic.com

www.burmeseclassic.com

သစ္စာဖေဖော်သမိန်စောထွတ်

ဤသို့ ဘုန်းလက်ရုံး အာဏာပညာ အမြော်အမြင်ဖြင့် ပြည့်စုံတော်မူသော မင်းသည် မပေါင်းအပ်သော နီယတမိစ္ဆာဒိဋ္ဌိ ကုလားဗရင်ဂျီ တစ်ယောက်နှင့် ပေါင်းဖော်တော်မူချေသောကြောင့် မြတ်သောမင်း၏အဖြစ်မှ ရွေ့လျောတော်မူချေသည်။

သက္ကရာဇ် ၉၀၁ ခုနှစ်တွင် ဗညားရံမင်း အိမ်နီမ့်တွင်မြင်သော သားတော် ရဟန်းတစ်ဦးသည် ဇရွဲအုံမြို့တွင် သက်အိမ်သွေးသောက်ကြီး မတရားပွဲသို့ သွားလေ၏။

ယင်းစွင် တိုင်ပင်ကြပြီးလျှင် သံန်လျှင်သို့ သွားလေ၍ ခေါင်းအကြီးတို့နှင့် ရုံးစည်းကာ ဒဂုန် ဒလဈာက်ဟူသော အရပ်၌ ပရိသုဒ္ဓပြုပြီးလျှင် ကျိုက်ပေါဘုရားတွင် သစ္စာပြုသည်။

ထို့နောက် ထိုလူထွက်သည် သမိန်ထောရာမ အမည်ခံ၍ လူသူစုရုံးကာ မကော်၌ တပ်လုံတပ်ခိုင်ချရပ် နေထိုင်သဖြင့် ဘုရင့်နောင် ချီတက်နှိမ်နင်းသော်ငြား အမြစ်မပြတ်ပေ။ သို့အတွက် နောင်တော် ချီတက်မှ အရေးပြီးလွယ်မည် ဆိုသောအခါ အမိန့်တော်ကို မလွန်ဆန်နိုင်သဖြင့် မင်းတရားရွှေထီးကို ထားခဲ့ရသည်။

မင်းတရားရွှေထီး၏ အစ်မတော်နှင့် ကျော်ထင်နော်ရထာတို့ အကြောင်းပါသဖြင့် ဘုရင့်နောင်ကျော်ထင်နော်ရထာ ဖြစ်လာ၏။ စစ်လိုလားသောဘုရင်သည် စစ်မှုရေးရာ၌ ကျွမ်းကျင်သူကို မြှောက်စားရာက ဘုရင့်နောင်ကျော်ထင်နော်ရထာသည် အရေးပါ အရာရောက်လာသည်။

မင်းတရားရွှေထီးသည် အရက်အမျိုးမျိုးချက်ကာဆက်သောကုလားကြောင့် တိုင်းရေးပြည်မှုကို ယောက်ဖတော် ဘုရင့်နောင်သို့ လွှဲထားရလေသည်။ မွန်၊ ဗမာ၊ ရှမ်း အမတ်များကမင်းပြုပါ တိုက်တွန်းပါလျက် ဘုရင့်နောင်သည် မင်းတရားရွှေထီးကို နန်းမချပေ။

သို့ရာတွင် သက္ကရာဇ် ၉၁၂ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက် ပုဒ္ဓဟူးနေ့ သို့အပင် ညဉ့်သုံးချက်တီးကျော်တွင် စစ်တောင်းစား လက်ဝဲဝင်းမှူး သမိန်စောထွတ် လုပ်ကြံသောကြောင့် မင်းတရားရွှေထီး နိဂ္ဂိုလ်စံတော်မူ၏။

ထိုအချိန်တွင် ဘုရင့်နောင်မှာ သန်လျင်သို့ ရောက်နေသည်။ ဟံသာဝတီတွင် ရှိနေသော မိဖုရားထံမှ စာရသဖြင့် အကြောင်းစုံကို သိရသည်။

မင်းတရားရွှေထီး စုစည်းခဲ့သော နိုင်ငံတော်ကြီးမှာ သူတစ်လူငါတစ်မင်းဖြင့် ကရဲကသီဖြစ်နေရာ ပြန်လည်စုရုံးရသဖြင့် သက္ကရာဇ် ၉၁၂ ခုနှစ် တပို့တွဲလကျမှ ဘိသိက်ခံနိုင်သည်။

ထိုအချိန်မှစတင်ပြီး ဘုရင့်နောင် ကျော်ထင်နော်ရထာဟု မရေးသားဘဲ ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီးဟု ရေးသားသုံးနှုန်းသည်ကို တွေ့ရပေ၏။ ထိုမင်းသည် နောက်ထပ် ခုနစ်နှစ်၊ ၉၁၉ ခု တန်ဆောင်မုန်းလအထိ ချီတက်ဆဲတိုက်ခိုက်ဆဲဖြစ်ကာ ဇင်းမယ်မြို့ကို ဝန်းရံထားတော်မူသည်။

သက္ကရာဇ် ၉၁၅ ခု ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့တွင် ဇင်းမယ်ကျိုင်းတုံဘက်မှ ပြန်ရောက်လာသည်။ ထိုအခါတွင်မှ ယိုးဒယားအကြောင်း တွေ့ရသည်။ ထိုအချိန်က လင်းဇင်း၊ ဇင်းမယ်တို့သည် ယိုးဒယားမဟုတ်ပေ။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားဇာတ်ကြီးတော်မူ၏။

"ယိုးဒယားသည် ညီတော် မင်းတရားလက်ထက်တော်ကပင် လက်နက်နိုင်ငံ ဖြစ်ဖူးသည်၊ ယခုလည်း ဆင်ဖြူလေးစီးကို တစ်စီးမျှဆက်လျှင် ရေနှင့်မြေကဲ့သို့ ဖြစ်ရမည်ဟု အောက်မေ့တော်မူ၏"

မင်းတရားကြီးသည် ဗညားဒလကို ခေါ်တော်မူပြီး ထပ်မံမိန့်ကြားတော်မူပြန်သည်။

"ငါသည် မြတ်သောဘုရားဆုကို တောင်းတော်မူသည်၊ စစ်မက်ကို အလိုတော်မရှိပြီ၊ ငါ့ရဲမက်တော်တို့ကိုလည်း မပင်မပန်းစေနှင့်၊ ယိုးဒယားမင်းဝယ် ဆင်ဖြူလေးစီးရှိသည်ကို တစ်စီးမျှ ငါ့ကို ဆက်သော် ယိုးဒယားပြည်နှင့် ငါတို့ ဟံသာဝတီပြည်ကြီးသည် ခရီးအကြားဌ မီးမသေ ရေမနောက် ဖြစ်လိမ့်မည်"

"သံတော်ဦးတင်ပြီ ဘုရား"

သို့ဖြင့် ဗညားဒလသည် ရွှေပေတွင် အက္ခရာစီရင်၍ သံငါးဦးသို့အပ်၏။ သံများမှာ ခုန်ပြန်နှင့် ရာဇမန္ဒရီ၊ ဥပထုပ်၊ ရာဇထုပ်၊ တြိထုပ်တို့ပေတည်း။ စာကို ဖတ်ရှုအပြီးတွင် ယိုးဒယားမင်းက ဤသို့ပြော၏။

"ဟံသာဝတီဘုရင်သည် ဆင်ဖြူတစ်စီးကို လိုဇ်ဟု တောင်းသော် ငါပေးမည့်သူကား လွယ်၏၊ ငါ့အပေး ခံမည့်သူကား ခက်၏၊ ရှေးအလောင်းမင်းတို့သည် ဆင်ဖြူကို လိုပါ၏ဟု တောင်းလျှင် ဆင်ဖြူကို ပေး၏။ ငါသည် မြတ်သောဆုကို တောင်းသည်၊

www.burmeseclassic.com

ဟံသာဝတီဘုရင်သည် တရားဆယ်ပါး စောင့်က ငါ ဆင်ဖြူတစ်စီး ပေးမည်"

မင်းသံတိုလည်း ဟံသာဝတီသို့ ရောက်လျှင် အကြောင်းမျိုးကို ဗညားဒလမှတစ်ဆင့် သံတော်ဦးတင်လေသော် "အနော်ရထာမင်းစော၊ မနုဟာပုံ" ကိုယူ၍ သည်းခံတော်မူသည်။ အရေးလည်းလှမည်။ ရဲမက် ဗိုလ်ပါလည်း မပင်ပန်းစေနှင့်။ ဇီယုမင်းကို ယိုးဒယားမင်းသည် ဆင်ဖြူပေးဖူးသည်။ ရာဇာမိရာဇ်တွင်လည်း ဂန္ဓယော် ဟူသော ဆင်ကို ဆက်ဖူးသည်။ ညီတော်မင်းတရားတွင်လည်း ဇေယနဘတ်နှင့် ဗျက်ကြီးကို ခီဆက်ဖူးတော့သည် ဖြစ်သောကြောင့် "ငါ့ ဘုန်းလက်ရုံးတော်ကြောင့် ဆက်သည်ဟူ၍သာ တွင်လိမ့်မည်" ဟူ၍ မိန့်တော်မူပြီးမှ ဆင်ဖြူယူမည် သွားပြန်ရလေ၏။

ရောက်သော် "ဟံသာဝတီဘုရင်သည် တရားဆယ်ပါးကို စောင့်က ငါ့ဆင်ဖြူတစ်စီး ပေးမည်" ဟု ဆို၏။

"တရားဆယ်ပါးစောင့်ကြောင်းကို စာမပါ။ ဘုန်းလက်ရုံးကိုကိုး၍ ယခုတောင်းရာရောက်သည် ဖြစ်လတ်သော်ကြောင့် ငါမပေးပြီ" ဟူ၍ ဆို၏လေ၏။

ထို့အပြင် အကွာရာရွှေပေလည်း ရေး၍ပေးလိုက်သည်။ မှာစာအဆုံးတွင် ပါသောအကွာရာကား ဂဏန်းခြေ "အစ်" ဟူသော အကွာရာတစ်လုံးကို ရေးလိုက်၏။

ဟံသာဝတီမင်း သံတော်ဦးရောက်၍ ဘဝရှင်မင်းတရားကြီးကို ဆက်သော မှာစာအဆုံး၌ "အစ်" ဟူသော ဂဏန်းခြေတစ်လုံးကို မြင်တော်မူ၍ ဗညားဒလကိုခေါ်၍ တိုင်ပင်တော်မူသည်။ ဗညားဒလက ဤသို့လျှောက်သည်။

"သည်အကွာရာကို မြတ်စွာဘုရား တရားတော်ဝယ် ကေဟူ၍ဆိုသည်၊ ဗေဒင်ဝယ်ကား အစ်ဟူ၍ဆိုသည်၊ ကျွန်ုပ်တို့ မွန်အလိုသော်ကား သည်အကွာရာကို အိုက်ဟုခေါ်သည်၊ အိုက်ဟူသည့် အလိုသော်ကား 'အိုက်ဟုဖွယ် - အွယ်ဟုဖိုက်' ငါမကြောက်ဆိုလိုသည်"

မင်းတရားကြီးသည် ဗညားဒလကို များစွာချီးမွမ်းပြီးမှ မိန့်တော်မူသည်။

"ဗညားဒလ၊ ငါသို့သောမင်းကို အွယ်ဟုဖိုက်တူ၍ဆိုသော် ငါချီတော်မမူမီ ဘယ်သို့စေရမည်နည်း"

"ယိုးဒယားမင်းသည် အစ်ဟူသော ဂဏန်းခြေကိုပေးသော် ဒွေးဟူသော ဂဏန်းခြေကိုပေးမည်၊ ဒွေးဟူသော အကွာရာ အလိုသော်ကား တရားတော်ဝယ် ဒွေးဟုဆိုသည်၊ ဗေဒင်ဝယ် စန္ဒရဟုဆိုသည်၊ မြန်မာတို့ဝယ်ကား နှစ်ဟုဆိုသည်၊ မွန်တို့အလို ဒွိတ်ဟုဆိုသည်၊ ဒွိတ် ဟူသည့်အလိုကား ဒွိတ်တလက် - ဒွက်တလိတ် ဟူ၍ဆိုသည်၊ မကြောက် ကကြီးနှင့်ချည်ဟု ဆိုလိုသည်"

ဗညားဒလ ရှင်းပြသောအချက်ကို ဘဝရှင်မင်းတရားကြီး နှစ်သက်တော်မူသဖြင့် ဒွေးဟူသော ဂဏန်းခြေနှင့် ယိုးဒယားသို့စေပြန်၏။

ကြားသော် ယိုးဒယားမင်းလည်း "ငါတို့အဆိုကို ဟံသာဝတီဘုရင် သိလေ၏" ဟု ထိတ်လန့်လေ၏။

ယိုးဒယားက ထိတ်လန့်သော အဖြစ်၊ မကျိုးနွံသောစကားကို ဆိုသော အဖြစ်ကို သံတို့ရောက်၍ ကြားတော်မူလျှင် "ယိုးဒယားမင်းသည် ပျက်စီးလိုသည် ဤစကားကိုဆိုသည် ဖြစ်တော့သည်" အဓိန့်တော်ရှိပြီးလျှင် ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော် အပေါင်းကို ခေါ်တော်မူ၍ အဓိန့်တော်ရှိသည်မှာ ဤသို့ဖြစ်၏။

"ယခု ယိုးဒယားသို့ ဗညားဒလက အုစုံအစမ်းစေလွှတ်သည်တို့ မြို့ခိုင်လုံသည်နှင့် ဆင်မြင်းဗိုလ်ပါ လက်နက် ကိရိယာများသည်ကို ယုံ၍ မမှုမဝဝံ့ မကျိုးမနွံပြုလေသည်၊ ယိုးဒယားမြို့ကို ဘယ်သို့လုပ်ကြံရသော် အလိုတော် ပြည့်လွယ်မည်နည်း"

သည် အမေးကို သီရိဇေယျကျော်ထင် လျှောက်သည်။

"အရှေ့ပြည်တစ်လွှားတွင် ယိုးဒယားတစ်မြို့၊ လင်းငင်းတစ်မြို့၊ လိုက်တစ်မြို့၊ သည်မြို့ကြီးတို့သည် ဆင်ကောင်း မြင်းကောင်းလည်း များလေသည်၊ လက်နက်ကိရိယာလည်း ထူထပ်လှသည်၊ အသက်တို့ အသက်မမှတ်၊ အမူထမ်းမည့်သူ သူရဲသူခက်နှင့်လည်း ပြည့်စုံလေသည်။

ရှမ်းပြည် ယွန်းပြည်ကို ချီတော်မူသကဲ့သို့ မလောက်မလား မလေးမစား လုပ်ကြံတော်မမူသင့်ချေ၊ အလုံးအရင်းအခိုင်အဖြိုး စီရင် ခန့်ရန်တော်မူ၍ စည်းစည်းကြပ်ကြပ် ချီတော်မူမှ အရေးတော် ပြီးလွယ်မည်"

"ကျွန်တော် သီရိဇေယျကျော်ထင် လျှောက်ခဲ့သည့်အရေးသည် စစ်ရေးပင် ဖြစ်လေသည်"

ဗညားဒလက ဝင်ရောက် လျှောက်ထားခြင်းဖြစ်သည်။

"သို့ရာတွင် ဘဝရှင်မင်းတရားကြီး နိုင်ငံတော်အလုံးတွင်ရှိသော ထီးဆောင်းမင်းစကာနှင့်တကွ ချီတော်မူ၍ လုပ်ကြံတော်မူသည်ကို ယိုးဒယားလင်းငင်းမြို့ကိုထားဘိ၍ တရှောင်တည်

www.burmeseclassic.com

ဘွားပင် ဖြစ်သော်လည်း ခံနိုင်မည် မဟုတ်"

ယင်းသို့ ဗညားဒလ လျှောက်သည်ကို ဘဝရှင်မင်းတရားကြီးဘုရား ကြိုက်တော်မူ၍ -

"နိုင်ငံတော်အလုံးတွင်ရှိသော ထီးဆောင်းမင်းအပေါင်းတို့ကို အလုံးအရင်းနှင့်တကွ အလျှင် ရောက်စေ" ဟူ၍ စေတော်မူဆည်။

ယင်းသောအခါ သောက်တော် ရေတကောင်းဖုံး၊ စားတော်လက်ဖက်အိုး၊ သောက်ရေတော် ပတ္တမြားစီသော ဖလားကို မျက်ပါးခတ်စေ၍ တံခွန်ကြီးလေးတိုင်တွင် အပြည့်ထည့်တော်မူသည်။ ပြီးလျှင် ကောင်းမှုတော် မဟာစေတီမှာ လှူတော်မူသည်။

သီလဝန်၊ ဝုဏဝန်တို့နှင့် ပြည့်စုံသော သံဃာတော် တစ်ရာ့တစ်ပါးတို့ကို ပင့်၍ ဆွမ်းလုပ်ကျွေးတော်မူသည်။ ပရိက္ခရာရှစ်ပါးနှင့်တကွ လှူဖွယ်လှူခင်းလည်း လှူတော်မူသည်။ ယင်းသို့မှ ယိုးဒယားသို့ ချီတော်မူမည်ကို စီရင်ခန့်အပ်တော်မူသည်။

ဇင်းမယ်မြို့တွင်ရှိသော တိုက်လေ၊ ကုန်လေတို့ကို ပြင်ဆင်လုပ်ဆောင်စေဟု စေတော်မူသည်။

ဇင်းမယ်မင်းလည်း အမိန့်တော်အတိုင်း ဂ္ဂန္ဓဂိရိစားနှင့် ဘုမ္မဂိရိစားတို့ကို တပ်သားနှင့်တကွ အလျင်လုပ်ဆောင် ပြင်ဆင်ရသည်။ ယင်းသို့မှ ယိုးဒယားသို့ ချီတော်မူမည်ကို ခန့်ရန်တော်မူသည်။ တပ်စဉ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

လက်ဝဲရဲတိုင် မြင်းတပ် တစ်တပ်၊ တုရင်ရာဇာ မြင်းတပ် တစ်တပ်၊ ရာဇတမန် မြင်းတပ် တစ်တပ်၊ နန္ဒသိန်းစည်း မြင်းတပ် တစ်တပ်။

ဆင်တပ်မှာလည်း အောက်ပါအတိုင်းဖြစ်သည်။

ရာဇသင်္ကြံ တစ်တပ်၊ ဗညားစက် တစ်တပ်၊ နေမျိုးကျော်ထင် တစ်တပ်၊ ဗညားကျန်းတော တစ်တပ်၊ နန္ဒသင်္ကြံ တစ်တပ်၊ သမိန်အဲပရဲ တစ်တပ်၊ သီရိဇေယျနော်ရထာ တစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ ဗညားပရဲ တစ်တပ်၊ မိုးမိတ်စော်ဘွား တစ်တပ်၊ သီပေါစော်ဘွား တစ်တပ်၊ သမက်တော် အင်းဝဆုရင်သတိုးမင်းစော တစ်တပ်။

မြင်းတပ် လေးတပ်နှင့် တပ်ပေါင်း တစ်ဆယ့်လေးတပ်တွင် ပါသည့် တိုက်ဆင် လေးရာ၊ မြင်း ငါးထောင်၊ စစ်သည်သူရဲ တစ်သိန်းလေးသောင်းနှင့် ရှေ့ဖျားချီရသည်။

လက်ယာယောဇာ မြင်းတစ်တပ်၊ တုရင်ဗဒလ မြင်းတစ်တပ်၊ တုရင်သီဒို့ မြင်းတစ်တပ်၊ စစ်တုရင်သူ မြင်းတစ်တပ်နှင့် ဆင်တပ်မှာ ဘယ်ကျော်ထင် တစ်တပ်၊ သမိန်သံလိုက် တစ်ဆာပ်၊ မင်းမဟာ တစ်တိမ်၊ ဆမိန် သံကျယ် တစ်တပ်၊ သရေစည်သူ တစ်တပ်၊ သမိန်ရဲသင်ရဲ တစ်တပ်၊ သီရိဇေယျကျော်ထင် တစ်တပ်၊ မိုးညင်းစော်ဘွား တစ်တပ်၊ မိုးကောင်းစော်ဘွား တစ်တပ်၊ ညီတော် တောင်ငူဘုရင်မင်းခေါင် တစ်တပ်။

မြင်းတပ် လေးတပ်နှင့် တကွ တပ်ပေါင်း တစ်ဆယ့်လေးတပ်တွင်ပါသည့် တိုက်ဆင် လေးရာ၊ မြင်း ငါးထောင်၊ စစ်သည်သူရဲ တစ်သိန်း လေးသောင်းနှင့် ချီရသည်။

လက်ယာရဲတိုင် မြင်းတစ်တပ်၊ ဘယရာဇာ မြင်းတစ်တပ်၊ တုရင်ပုညာ မြင်းတစ်တပ်၊ ဆင်တပ်မှာ မင်းရဲကျော်ထင် တစ်တပ်၊ သမိန်ရှိကရတ် တစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ အဲမွန်တရာ တစ်တပ်၊ လက်ဝဲနန္ဒမိတီ တစ်တပ်၊ သမိန်ဝိပ်ပွန် တစ်တပ်၊ ဇေယသင်္ကြံ တစ်တပ်၊ အုန်းဘောင်စော်ဘွား တစ်တပ်၊ မိုးနဲစော်ဘွား တစ်တပ်၊ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ တစ်တပ်၊ မြင်းတပ် လေးတပ်နှင့် တပ်ပေါင်း တစ်ဆယ့်လေးတပ်တွင် ပါသည့် တိုက်ဆင် လေးရာ၊ မြင်း ငါးထောင်၊ စစ်သည်သူရဲ တစ်သိန်းလေးသောင်းနှင့် တစ်ကြောင်းချီရသည်။

လက်ယာတုရင် မြင်းတပ်၊ ဇေယတမန် မင်းတပ်၊ တုရင်သိန်းစည်း မြင်းတပ်၊ တုရင်ယောဓာ မြင်းတပ်။ ဆင်တပ်မှာ ဇေယကျော်ထင် တစ်တပ်၊ ဗညားဒလ တစ်တပ်၊ စည်သူကျော်ထင် တစ်တပ်၊ ဗညားပရူ တစ်တပ်၊ ဘယကျော်ထင် တစ်တပ်၊ သမိန်မောခွင် တစ်တပ်၊ သခ်ယာ တစ်တပ်၊ ညောင်ရွှေစော်ဘွား တစ်တပ်၊ သိန်းနီစော်ဘွား တစ်တပ်၊ သားတော် မဟာဥပရာဇာ တစ်တပ်၊ မြင်းတပ် လေးတပ်နှင့် တပ်ပေါင်း တစ်ဆယ့်လေးတပ်တွင် ပါသည့် တိုက်ဆင် လေးရာ၊ မြင်း တစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းလေးသောင်းနှင့် ချီရသည်။

ဤသို့ ညီတော်၊ သားတော်တို့ကို လေးစုပြု၍ ချီစေပြီးမှ တုရင်ဒေဝ မြင်းတစ်တပ်၊ ဒေဝသူရ မြင်းတစ်တပ်၊ သူရိယကုမ္ဘ မြင်းတစ်တပ်၊ တုရင်ယောဓာ မြင်းတစ်တပ်၊ ဆင်တပ်မှာ ရာဇသင်္ကြံ တစ်တပ်၊ ဗညားစက် တစ်တပ်၊ လက်ယာနန္ဒသူ တစ်တပ်၊ သမိန်လကွန်းအိမ် တစ်တပ်၊ သီဟပတေ့ တစ်တပ်။

◆

www.burmeseclassic.com

www.burmeseclassic.com

ထမန်ပိုတိ ပျက်ပြို

ယင်းကမ္ဘ ဘဝရှင်မင်းတရားကြီး ဘုရားမှာ ဝင်းတော်လေးမျက်နှာတွင် ရွှေတော်က တိုက်ဆင့်တစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည်သူရဲ တစ်သောင်းတွင် နန္ဒယောဓ တပ်မှူး၊ ရာဇယောဓ စစ်ကဲခန့်တော်မူသည်။

လက်ယာတော်က တိုက်ဆင့်တစ်ရာ၊ မြင်းတစ်ထောင်၊ ဗိုလ် တစ်သောင်း၊ သက်ရှည်ကျော်ထင်ကို တပ်မှူး၊ ဇေယရန္တမိတ်ကို စစ်ကဲ ခန့်တော်မူသည်။

လက်ဝဲတော်က တိုက်ဆင့်တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ ဥဒိန်ကျော်ထင်ကို တပ်မှူး၊ နန္ဒသူကို စစ်ကဲခန့်တော်မူသည်။

နောက်တော်က တိုက်ဆင့်တစ်ရာ၊ မြင်း တစ်ထောင်၊ ဗိုလ် တစ်သောင်း၊ လက်ယာဇေယသင်္ကြိကို တပ်မှူး၊ နန္ဒသီဟကို စစ်ကဲခန့်တော်မူသည်။

တပ်တော်တွင် ဝင်းတော်လေးမျက်နှာသားကို ရွှေဒိုးရွှေလွှား၊ ရွှေကာရွှေလှံနှင့်ချည်း လိုက်ရသည်။

အစောင့်အနေ သုံးတပ်မှာ ဗညားလောတစ်တပ်၊ ဘယသင်္ကြိ တစ်တပ်၊ သီရိခမ္မာသောကတို့ ဖြစ်ကြ၏။

အရှေ့ဘက် မုတ္တမ ၃၂ မြို့ကို အစောင့်အနေချထားသော နှစ်တပ်မှာ ဗညားဦး တစ်တပ်၊ မင်းရဲသခ်ယာ တစ်တပ် ဖြစ်သည်။

အနောက် ပုသိမ် ၃၂ မြို့ကို စတုဂါမဏီ တစ်တပ်၊ သီရိခမ္မရတ် တစ်တပ်၊ သည်နှစ်တပ်သို့ အစောင့်အနေ ခန့်တော်မူသည်။

ကောင်းမှုတော်စေတီ ပြိုသည်ကို လုပ်ဆောင်ရန်အတွက်မူ လက်ဝဲနန္ဒသူ တစ်တပ်၊ သမိန်ဇော်ကရတ် တစ်တပ်၊ သည်နှစ်တပ်ကို ထားတော်မူခဲ့သည်။

ဤသို့ မြည်အလုံးကို စီရင်ခန့်ရန်တော်မူ၍ သက္ကရာဇ် ၉၂၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက် တနင်္လာနေ့တွင် ယိုးဒယားသို့ ဖော်သော ဝတီက ဦးတော်မူ၍ 'အောင်တင်သာစည်' ဟူသောတပ်တော်တွင် ချတော်မူသည်။ 'အောင်တင်သာစည်' တပ်တော်ကသည် ကမန်ပိုက် တိုင် ၃၂ စခန်း ဦးတော်မူသည်။

ကမန်ပိုက်တွင် တပ်တော်ကို 'အောင်ချာနဂိုရ်' ဟူ၍ သမုတ်တော်မူသည်။

ဇင်းမယ်မင်းကား နောက်တော်မလိုက်ဘဲ သောင်းကျန်း၍နေရစ်လေသည်။ ဇင်းမယ်တွင်ရှိသော တိုက်လေသုံးရာကျော်ကို မူကား ဣန္ဒဂီရိစား၊ ဘုမ္မဂီရိစားတို့ ဇင်းမယ်က ချီခဲ့၍ လုပ်သောကြောင့် မသိမ်းမယူ ရတော်မူသည်။ ထိုတိုက်လေ ကုန်လေတို့တွင် ဆန်စပါးတင်၍ ယူဆောင်ခဲ့ရလေသည်။

ကမန်ပိုက်သို့ ရောက်တော်မူလျှင် ကမန်ပိုက်စားလည်း မြို့ပြကျိုးမြောင်း၊ ကတုတ်ရင်တား ပြင်ဆင်၍ လက်နက်ကိရိယာ စီစဉ်ပြီး မြို့က အခိုင်အလုံ စံနေသည်။

ဘဝရှင်မင်းတရားကြီး ဘုရားလည်း ရောက်တော်မူ၍ မိုးသောက်လွှင် ညီတော်၊ သားတော်၊ မှူးတော်မတ်တော် အပေါင်းတို့ကို -

"ယခုပင် ကမန်ပိုက်မြို့ကို လုပ်ကြံတော်မူမည်၊ ဆင်သည်လည်း ဆင်နှင့် မြို့ရှင်းသို့ ရောက်စေ၊ မြင်းသည်လည်း မြင်းနှင့် မြို့ရှင်းသို့ ရောက်စေ၊ ခြေသည်လည်း လှေကား တူးရွင်းကိုင်၍ မြို့ရှင်းသို့ချဉ်းလျက် မြို့ကိုတူးစေ" အမိန့်တော်ရှိသည်။

တပ်မှူးစစ်ကဲ အပေါင်းတို့လည်း အမိန့်တော်အတိုင်း တည်အောင် စီရင်ကြသည်။

ဆင်သည်၊ မြင်းသည်၊ ခြေသည်အပေါင်းတို့လည်း အကြောက်အရွံ့မရှိ မြို့ရှင်းသို့ ချဉ်း၍ အချို့မြို့တံခါးကို ဆင်ဖြင့်တိုက်သည်။ အချို့မြို့ကို ဝါးလှေကား ထောင်၍တက်သည်။ အချို့မြို့ကို တူးကုန်သည်။

ဤသို့ လုပ်ကြံတော်မူလျှင် တစ်ဒင်္ဂတစ်ခဏချင်း လျှပ်တစ်ပြက်ကဲ့သို့ လက်ဝါးပြကာ အောင်မြင်တော်မူသည်။

ကမန်ပိုက်မြို့ပျက်လျှင် ရဲမက် အပေါင်းတို့ သုံ့ပန်းဖမ်းယူကြသည်။ ဘဝရှင်မင်းတရားကြီး ဘုရားလည်း ဆင်၊ မြင်း၊ လက်နက်သာ သိမ်းယူတော်မူသည်။ ရွှေ၊ ငွေ၊ ကြေးသံ၊ အဝတ်အစားတို့ကို ရသူ ယူရသည်။

ကမန်ပိုက်စားကိုလည်း သားမယား အခြွေအရံနှင့်အတူ သိမ်းယူတော်မူ၍ အကြပ်ထားတော်မူသည်။ ဘယနန္ဒမိတ်နှင့် လက်ယာဇေယသူကို အစောင့်အနေ ခန့်တော်မူသည်။

ယင်းသို့မှ ဗညားဒလ ဤသို့ နားတော်လျှောက်သည်။

"ယခု ယိုးဒယားမြို့ကို ရှိနှင့်စေ၍ သောက္ကတဲ၊ ဝိဿလောက်၊ သုဝဏ္ဏလောက်၊ ဝိတ်စဲ၊ တနင်္သာရီသို့ချီ၍ သိမ်းတော်မူပြီးမှ ယိုးဒယားမင်းသည် အတောင်တွားတ်သောဇက်ကဲ့သို့ ရှိမည်"

ဘဝရှင်မင်းတရားကြီးဘုရားလည်း ဗညားဒလလျှောက်သောအတွေ့ကို ကြိုက်တော်မူ၍ သားတော် ဟာ

www.burmeseclassic.com

www.burmeseclassic.com

ဥပရာဇာနှင့် ညီတော်အုရင် မင်းခေါင်တို့ ၂၈ တပ်ကို သောက္ကတဲသို့ချီ၍ လုပ်ကြံရသည်။ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာနှင့် သမက်တော် အင်းဝဘုရင်မင်းစော်တို့ ၂၈ တပ်ကို ပိဿလောက်သို့ချီ၍ လုပ်ကြံရသည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ဆယ်တပ်နှင့် သုဝဏ္ဏလောက်သို့ချီတော်မူသည်။

သားတော် မဟာဥပရာဇာတို့ ချီရာမှာ သောက္ကတဲစားလည်း ဆင်လုံးမြင်းရင်းအများနှင့် မြို့ကထွက်၍ ကြို လာသည်ကို တွေ့တော်မူလျှင် အဆီးအတားမရှိ ဆင်ကိုချွန်းဖွင့်၍ လွှတ်ကြသည်။ သောက္ကတဲစား အားမတန်၍ ဆုတ်လေ၏။

ရဲမက်တော်တို့လည်း နောက်ထပ်လိုက်၍ တိုက်သည်။ မြို့ရှင်းသို့ ရောက်လျှင် မြို့ကိုတက်ဘိ၍ တစ်မြို့လုံးကို မြို့စားနှင့်တကွ ရတော်မူသည်။ ယင်းသို့မှ သောက္ကတဲစားနှင့်တကွ တစ်မြို့လုံးကို သိမ်းယူတော်မူခဲ့၍ ဘဝရှင်မင်းတရားကြီးရှိရာသို့ ပေါင်းလာ၏။

ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ ချီရာမှာ ပိဿလောက်စားသည် မြို့ဝန် ကျွေးမြောင်း၊ ကတုတ်၊ ရင်တား ပြင်ဆင်၍ မြို့ကခံနှင့်သည်ကို ညီတော် သတိုးဓမ္မရာဇာတို့ ရောက်တော်မူလျှင် မြို့ကိုဝန်းရံ၍ ငါးရက်ခန့်ဆင်၊ မြင်း ဗိုလ်ပါတို့ကို ဖြည့်တင်းပြီးလျှင် အမြောက်ကြီး၊ မြတ်ပူနှင့် မီးပေါက်မိုး ရွာစေပြီးမှ မြို့တိုးချဉ်း၍ ဆင်သည်၊ မြင်းသည်၊ ခြေသည် အပေါင်းတို့ လုပ်ကြံကြသည်။ မခံနိုင်၍ ပျက်လေ၏။

ပိဿလောက်မြို့ကို ရတော်မူလျှင် မြို့စားနှင့်တကွ တစ်မြို့လုံးကို သိမ်းယူတော်မူ၍ ဘဝရှင်မင်းတရားကြီး ရှိရာသို့ ပေါင်းလာသည်။ ဘဝရှင်မင်းတရားကြီးဘုရား ချီတော်မူရာမှာ သုဝဏ္ဏလောက်စားလည်း ဘဝရှင်မင်းတရားကြီးဘုရား ချီတော်မူလာသည်၊ ဆင်လုံးမြင်းရင်း စစ်သည်ဗိုလ်ပါများလှသည်ဟု ကြားလျှင် လက်ဆောင်လက်နက် အများနှင့် ဆီးကြို၍

"ကျွန်တော် ဘဝရှင်မင်းတရားကြီးကို အနိမတုဝံ့ပါ၊ ယိုးဒယားမြို့ကို အလိုတော်ပြည့်လျှင် ကျွန်တော်မှာ ပင်ပန်းရမည့်အခင်းမရှိပါ" ဟုနားတော်လျှောက်၏။

ဘဝရှင်မင်းတရားကြီးဘုရားလည်း သုဝဏ္ဏလောက်သို့ အရောက် ချီတော်မူ၏။ ညီတော်၊ သားတော် အပေါင်းကိုငဲ့၍ နေတော်မူသည်။ ယင်းသို့စဉ်တွင် ပြည်ဘဝိစာခံက လက်ဆောင် လက်နက်အများနှင့် ကျွန်တော်ခံလာသည်။

ညီတော်နှင့် သားတော်တို့ အရောက်ညီလျှင် ပြည်ဘဝရာဇာ၊ ပြည်သုဝဏ္ဏလောက်၊ ပြည်ဝိတ်ခံတို့ကို ခေါ်တော်မူ၍ ယိုးဒယားသို့ ချီတော်မူသည်။

သဝန်ခလောက်သို့ ရောက်တော်မူလျှင် ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာကို ရေကြောင်းတိုက်ဖေ့အများနှင့် ချီရသည်။ ဘဝရှင်မင်းတရားကြီးမှာ သားတော်မဟာဥပရာဇာတို့ မြင်းတပ်၊ လေးတပ်နှင့် တပ်ပေါင်း ၁၄ တပ်ကို လက်ယာကြောင်းချီရသည်။

ညီတော် တောင်ငူဘုရင်မင်းခေါင်တို့ မြင်းတပ်လေးတပ်နှင့် တပ်ပေါင်း ၁၄ တပ်ကို အလယ်ကြောင်းချီရသည်။

သမက်တော် အင်းဝဘုရင် သတိုးမင်းစော မြင်းတပ်နှင့်တကွ တပ်ပေါင်း ၁၄ တပ်ကို လက်ဝဲကြောင်းချီရသည်။

ဘဝရှင်မင်းတရားကြီးမှာ မြင်းတပ် လေးတပ်နှင့်တကွ တပ်ပေါင်း ဆယ်တပ် နောက်အုပ်၍ ချီတော်မူသည်။

သဝန်ခလောက်က ချီတော်မူ၍ တပ်စခန်းသို့ ရောက်တော်မူလျှင် ယိုးဒယားမင်းသမက် နောက်တော် တွင်ပါသော ဩရာဇမွေရာဇာ လျှောက်သည်။

"အရေးတော်မြို့မည့် အကြောင်းကို ယိုးဒယားမင်းတို့ ကျွန်တော် စေပါသည်၊ ခွင့်ပြုတော်မူပါ"

"ဩယာဇမွေရာဇာက ယိုးဒယားမင်းသို့စေမည်ဟုလျှောက်ရာမှာအလျှောက်စေရလိမ့်မည်၊ ငါ ထုပ်ကြွတော်မူရသည်ကို ဇမ္ဗူဒီပ်မြေပြင်ဝယ် ခံနိုင်မည့် ပြည်ထောင်မင်း ရှိမည်လော"

ဩယာဇမွေရာဇာလည်း အမိန့်တော်ကို ကြားလျှင် ယိုးဒယားမင်းသို့ ဤသို့စေသည်။

"ဘဝရှင်မင်းတရားကြီး ယခု ချီတော်မူလာရာမှာ ညီတော်၊ သားတော် အစရှိသော ဆီးဆောင်းမင်း အပေါင်းနှင့် ဖြစ်၍ ဆင်မြင်းဗိုလ်ပါလည်း များလှသည်။

ညီတော်၊ သားတော်၊ ဥူးတော်၊ မတ်တော် အပေါင်းတို့သည်လည်း အသက်ကိုစွန့်၍ အမှုကို ထမ်းမည့်သူချည်း ဖြစ်သည်။

ယင်းသို့ဖြစ်သောကြောင့် အရေးပြီးမည့်အကြောင်းကို အလျင်ဆီးကြို၍ လျှောက်သည်ဖြစ်မှ စည်းစိမ်မပျက် အသက်မသေ ရှိမည်"

လပြည့်ဝန်မဟာဝင်း (နီလာဘာသာ ၂၀၁၆)

www.burmeseclassic.com

ယိုးဒယားဘုရင်လည်း အရေးအရာ လျှောက်လာစေသူကို ချုပ်၍ထားပြီးလျှင် ယိုးဒယားဘုရင့်သား ဒြမဟိန် ဟူသော အိမ်ရှေ့မင်းကို ကိုက်လေသုံးရာတွင် စိန်ပြောင်းမြတပူ ဘက်နက် ကိရိယာ အများတင်၍ ကုလားဗရင်ကျိ ခုံလှိပင်းကားအပေါင်းနှင့် ဆီးကြို၍ ခံရသည်။

ခံလာကြောင်းကို ကြားလျှင် နေမျိုးကျော်ထင်ကို မြင်းလေးတပ်တွင် အကြီး ပြုစေ၍ တစ်ဗိုကြောင်း။ ဘယကျော်ထင်ကို မြင်းလေးတပ်တွင် အကြီး ပြုစေ၍ တစ်ဗိုကြောင်း။ နန္ဒကျော်ထင်ကို မြင်းလေးတပ်တွင် အကြီးမြှုစေ၍ တစ်ကြောင်း။ သည်မြင်း တစ်ဆယ့်နှစ်တပ်နှင့် အမတ်ကြီး သုံးဦး ရှေ့လွန်၍ အစုံအစမ်း ချီရလေသည်။

ယိုးဒယားမင်းသားသည် အိမ်ရှေ့မင်း ရေကြောင်းချီလာသည်နှင့် တွေ့ကြလျှင် လေ့က ကုလားတို့ ကြည်သို့တက်၍ စိန်ပြောင်းမြတံမူဖြင့် ပစ်သည်။ မြင်းသည်တော်တို့ အထိအပါး အရှုအန များလှချေသည်။

ယင်းသို့စဉ်တွင် သားတော် မဟာဥပရာဇာ၊ ညီတော် တောင်ငူမင်း၊ သမက်တော် အင်းဓမင်းတို့ ရောက်လာပြီး ဆင်တပ်နှင့်ဖြိုး၍တိုက်လျှင် ယိုးဒယားသားတို့ မခံနိုင်၊ ပျက်၍ လေ့တပ်သို့ ပေါင်းလေ၏။

ယင်းအခိုက်တွင် ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ လေ့တပ် ရောက်လာ၍ တိုက်သည်။

ယိုးဒယားက ချီလာသော လေ့တပ်ပျက်၍ ကရဲကသီ ကစဉ့်ကလျား ရှိချေ၏။ တိုက်လေ့ တစ်ရာကျော် လက်နက် ကိရိယာနှင့်တကွ ရတော်မူထိုက်၏။ သုံပန်းလူ နှစ်ရာကျော်လည်း ရတော်မူ၏။ သေလေသည်လည်း များ၏။

ယိုးဒယားဘုရင့်သား အိမ်ရှေ့မင်းမူကား လေ့လျင်နှင့် အပြင်းစွာ လေသောကြောင့် လွတ်လေသည်။ ယိုးဒယားဘုရင်လည်း သားတော် အိမ်ရှေ့မင်းရောက်လာလျှင် သားနှင့် ညီကို တိုက်ဆင် ငါးရာ၊ မြင်းခြောက်ကောင်၊ စစ်သည်သူရဲခြောက်သောင်း စီရင်၍ အလျင်ချီရသည်။

ယိုးဒယားမင်းမူကား တိုက်ဆင် သုံးရာ၊ မြင်း ရှစ်ထောင်၊ စစ်သည်သူရဲ ရှစ်သောင်းဖြင့် နောက် တပ်မပြု၍ ချီရသည်။ လုံတလိယူသော အရပ်သို့ ရောက်လျှင် တပ်ခိုင် တပ်လုံနေရသည်။ သားနှင့်ညီကို ကြိုလာရသည်။

ဘဝရှင်မင်းတရားကြီးက ရှေ့လွန်၍ချီစေသော မြင်းတပ်နှင့် တွေ့ကြလျှင် မြင်းသည်တော်တို့ လိုက်၍ တိုက်သည်။ ယိုးဒယားမင်းတပ် အားမတန်၍ ရွှေ့လေ၏။

ယင်းဆို့စဉ်တွင် ဆင်တပ် ရောက်၍ မှန်းကြောခံပြီး ပစ်ခတ်ကြသည်နှင့် စစ်ရေးငင်ခဲ့၏။

ယိုးဒယားတို့လည်း ဆင်ပါ၊ မြင်းပါ ဖိ၍တိုက်လာသည်ကို နီးလျှင် သားတော် မဟာဥပရာဇာ၊ ညီတော် တောင်ငူမင်း၊ အင်းဓမင်းတို့လည်း အကြောက်အရွံ့မရှိ ချွန်းဖွင့်ကာ လွှတ်တော်မူကြသည်။

စော်ဘွားစော်ကန် တပ်မှူးစစ်ကဲ အပေါင်းတို့လည်း သူထက်ငါ ပွဲရအောင် ဆင်ချွန်းဖွင့်ကာ လွှတ်ကြသည်။

ယိုးဒယားမင်း သားသမက်တို့ မခံနိုင်၍ ပျက်လေ၏။ စီးသည့် ဆင်နှင့်သာ လုံကလိတပ်သို့ ပြေးဝင်လေ၏။

မဟာဥပရာဇာ တောင်ငူမင်း၊ အင်းဓမင်း စသော စော်ဘွားစော်ကန် အမှူးအမတ်တို့လည်း ဆုံ့ပါ မြင်းပါ လိုက်၍တိုက်သည်။ ဆင်မြင်း လူသူ ရသည် များစွာ။

ယင်းသို့မှ ဘဝရှင်မင်းတရားကြီးဘုရားရောက်တော်မူလျှင် တပ်မှူးစစ်ကဲအပေါင်းတို့ကို အမိန့်တော် ပြန်သည်။

"ယခုပင် လုံကလိတပ်ကို ငါလုပ်ကြံတော်မူမည်။ ဆုံ့သည် မြင်းသည် ခြေသည်အပေါင်းတို့ တပ်ရင်း သို့ချဉ်း၍ ဆင်သည်လည်း ဆင်နှင့် တပ်ကိုတိုက်စေ၊ မြင်းသူသည်လည်း မြင်းနှင့် တပ်ကိုချဉ်း၍တိုက်စေ၊ ခြေသည်လည်း လေ့ကား။ တူးရွင်းနှင့် တပ်ကို တူးစေ၊ အမိန့်တော်အတိုင်း မတည်ကြလျှင် ကြီးစွာသောအကွပ်ကို ခံရမည်"

ယင်းသို့လျှင် တပ်တိုင်းသို့ အမိန့်တော်ပြန်ရသည်။

တပ်မှူးစစ်ကဲ အပေါင်းတို့သည် အမိန့်တော်အတိုင်းတည်အောင် အဆီးအတားမရှိ သူထက်ငါ တပ်ကို ဝန်းရံလုပ်ကြကြသည်။

တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ တနဂ်လာနေ့တွင် သဒ္ဓော်သုံးစင်းနှင့် တကွလုံကလိတပ်ကို ရတော်မူသည်။ ယိုးဒယားဘုရင်လည်း မြင်းစီး၍ သားသမက်တို့နှင့် မြို့တွင်းသို့ ပြေးဝင်၍ လွှတ်လေသည်။ ရဲမက်တော် အပေါင်းတို့လည်း လိုက်လံ၍ သုံပန်း ဖမ်းယူ၏။

ယင်းသို့မှ လုံကလိပ်တပ်တွင် ဘဝရှင်မင်းတရားကြီး နေတော်မူ၍ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော်တို့ကို ယိုးဒယားမြို့ကို မြဲလျောင်သတဲ့သို့ဝန်းရံ၍ တပ်နှင့်ချဉ်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤကဲ့သို့ ဝန်းရံတော်မူ၍ အမြောက်ကြီး မြတ်ပူနှင့် မီးပေါက်မိုး ရွာစေလျှင် ယိုးဒယား တစ်မြို့လုံး အံသားစားလတ္တံ့သို့ ကြောက်ရွံ့ကြကုန်၏။

အညံ့ခံမည့်အကြောင်းကို ယိုးဒယားမင်းအား လျှောက်ကြကုန်၏။

ယိုးဒယ်ဘုရင်လည်း သားသမက်တို့နှင့် တိုင်ပင်ပြီးလျှင် ဆင်ဖြူတစ်စီးကို လက်ဆောင်ပြု၍ အမှူးအမတ်နှင့်တကွ ဆရာတော်တို့လျှောက်လာလေသည်။

"စည်းစိမ်မပျက် အသက်မသေ ရှိပါမည့်အကြောင်းကို ခွင့်ပြုတော်မူပါလျှင် ကျွန်ုပ်ဿစွာတော်ခံ၍ ခြေရင်းတော်မှာ နေပါမည်၊ ကျွန်ုပ်သားငြမဟိန်ကိုမူကား ယိုးဒယားမြို့ကို သနားတော်မူ၍ အစဉ်မင်းပြုပါစေ"

ဆင်ဖြူများသခင် ဖြစ်တော်မူသော ဘဝရှင်မင်းတရားကြီးဘုရားလည်း ယိုးဒယားမင်း လျှောက်သော စကားကို ကြားတော်မူလျှင် ညီတော်၊ သားတော်၊မှူးတော် မတ်တော်အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။

"ယိုးဒယားမြို့လည်း သာသနာတော်မြတ် တည်ရာဖြစ်၍ ဘုရား၊ ဂူ၊ ကျောင်း၊ အရိယာသံဃာများ ရှိသည်၊ ထိုအရိယာသံဃာတို့သည် ယိုးဒယားမြို့ကို ငါဝန်းရံသည်မှစ၍ အလွန်ကျဉ်းမြောင်းလှပေသည်။

ယင်းသို့ဖြစ်သောကြောင့် ယိုးဒယားမင်း လျှောက်လာသည့်အတိုင်း ငါ ခွင့်ပြုတော်မူမည် အကြံတော်ရှိသည်"

ထို အခါတွင် ဗညားဒလ လျှောက်သည်။

"ယိုးဒယားမင်းသည် အထက်က သံစေတော်မူသော်အခါ သောင်းကျန်းရိုင်းပျသော စကားကို ဆိုလေသောကြောင့် မြေကြီးအထုနှင့်တူသော ဆင်လုံးမြင်းရင်းအပေါင်းနှင့် ချီတော်မူ၍ ယိုးဒယားကျေးလက်အပေါင်းကို သိမ်းယူတော်မူလျှင် ယိုးဒယားမင်းသည် အတောင်ကျွတ်စသော် ငှက်ကဲ့သို့ မထောင်ထားနိုင်၍ အသနားတော်ခံလာသည့်အရာမှာ သစ္စာတော်ခံ၍ အမှုတော်ကို ထမ်းမည် ဆိုလျှင်ပင် အနေတော် ပြီးတော့သည်၊ သို့ရာတွင် . . . "

ဗညားဒလက ယိုးဒယားမင်း၏ ရိုင်းပျမှုကို ကိုယ်တွေ့ကြုံသူဖြစ်သောကြောင့် ဤမျှဖြင့် ကျေအေးလိုဟန်မရှိ။

"သို့ရာတွင် ယိုးဒယားမင်းအကြီးနှင့် သားသမီး ဆင်ဖြူ လေးစီးကို သိမ်းယူတော်မူမှ ပျံဝပ်ကျိုးနွံမည် ဖြစ်သည်"

ဘဝရှင်မင်းတရားကြီးသည် ဗညားဒလ၏ လျှောက်ထားချက်အရ ဤသို့ အမိန့်တော်ရှိသည်။

"ယိုးဒယားမင်းနှင့် သား အိမ်ရှေ့ကို စီးမြန်းမြဲ အစီးအနင်း၊ ဆောင်ယောင်မြဲ အဆောင်အယောင်နှင့်တကွ လာစေ"

ယိုးဒယားမင်းဆရာတို့ ပြန်လေ၍ အမိန့်တော်ကိုကြားလျှင် ဆက်သရန် လက်ဆောင်တော်များကို ဤသို့ စီရင်သည်။

ဆင်ဖြူပေါက်တစ်စီး၊ ဆင်ဖြူမတစ်စီး၊ ပေါင်း ဆင်ဖြူသုံးစီးနှင့်တကွ အထူးထူးသော ပုဆိုးကောင်း၊ သက္ကလတ် အစိမ်း အနီ၊ ပတ္တုနီ၊ ခါသာ၊ ပင်းကား၊ ဇော်ကရတ်ပူရီ၊ သိဂီ၊ ဖဲ၊ မော်ယော်၊ နဲ့သာနီ၊ နဲ့သာဖြူ၊ ကရမက်၊ အကျော်၊ စမွာ၊ ဘုန်မသိမ်၊ အနံ့ဘတ်၊ နှင်းရည်၊ ပရဆေးများစွာ လက်ဆောင်တော်ယူ၍ စီးမြဲသော အစီးအနင်း၊ ဆောင်မြဲသော အဆောင်အယောင်နှင့် အမှူးအမတ်အပေါင်းဝန်းရံ၍ သက္ကရာဇ် ၉၂၅ ခု တပေါင်း လဆန်း ၈ ရက် သောကြာနေ့ မြို့တွင်းက ထွက်သည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း တဲတော်ဦးမာရဇာဘင်တွင် ကျည်းရှည်တံခါး ထားတော်မူ၍ မာရဇာဘင်တံခါးပြင် တစ်ဆယ့်ငါးတောင်ခန့်တွင် နှီးခေါက်ဖျာထက်သင်ဖြူးအနားမွမ်း ခင်းရှိထားသည်။ သားအိမ်ရှေ့မင်းနေရာကိုလည်း ယိုးဒယားမင်းနှင့် ငါးတောင်ခန့် ခွာ၍ ခင်းရသည်။

ယင်းကမှ သားတော် မဟာဥပရာဇာ၊ ညီတော်ပြည်ဘုရင်၊ တောင်ငူဘုရင်၊ အင်းဝဘုရင် စသော စော်ဘွားစော်ကန်၊ မှူးတော် မတ်တော်၊ ဒေါဗညားအပေါင်းတို့ကို နေရာစဉ်အတိုင်း ချတော်မူ၍ နေစေပြီးမှ ယိုးဒယားဘုရင်ကို ဝင်းတော်တံခါးပြင် ဝေါယျဉ်၍ သက်ရသည်။

ရာဇသကြိုနှင့် စန္ဒရာသီ ကြပ်မတ်၍ တဲတော်ဦးနေရာတိုင် လိုက်ရသည်။

သားအိမ်ရှေ့မင်းမူကား ဝေါမယ့်ဉ်ရ။ ဝင်းတော်ပြင်ကသည် တဲတော်ဦးတိုင် ရာဇတမန်နှင့်ပုဏ္ဏားတို့ ကြပ်မတ်ရသည်။

ယိုးဒယားဘုရင် အဆောင်အယောင်မူကား အဆောင်ကိုင်တို့ တက်၍ မတည်ရ၊ ဝင်းတော်တွင်း တဲတော်အောက် ကနားတွင် နေရသည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ မှူးသား မတ်သားတို့ အဆောင်အယောင်ကိုယူ၍ ယိုးဒယားမင်းနေရာမှာ တည်ရသည်။ ယိုးဒယားမင်းကိုလည်း နေရာမှာ ထက်ဝယ်ဖွဲ့၍ နရသည်။

ယင်းသို့ စီရင်ခန့်ရန်တော်မူပြီးမှ မာရဘင်တံခါးကို ဖွင့်တော်မူ၍ တံခါးတွင်းက သလွန်တော်နှင့် နေရသည်။ ထွက်တော်မူသောအခါ ယိုးဒယားမင်း ရှိခိုးရ၊ လက်ယှက်၍သာ နေရသည်။

ယင်းသို့မှ ဤသို့ အမိန့်တော်ရှိသည်။

"ငါသို့သော အားငါးပါးဖြင့် ပြည့်စုံသော မင်းဧကရာဇ် လုပ်ကြံရသည်ကို ဇမ္ဗူဒီပမြေပြင်ဝယ် ဘယ်ပြည်ထောင်မင်းသည်ခံနိုင်မည်နည်း"

ဘဝရှင်မင်းတရားကြီး မိန့်တော်မူသည့်နည်းတူ ယိုးဒယားမင်းကလည်း နားတော်လျှောက်ရသည်။

"ဘုန်းတော်၊ တန်ခိုးတော် ကြီးမြတ်တော်မူသောမင်း ဖြစ်တော်မူ၍ မျက်နှာဆိုင်ကာ မတိုက်ပုံရှိချေသည်"

ယင်းသို့မှ လက်ဆောင်တော်ကို သိမ်းစေ၍ ယိုးဒယားမင်းကိုယ်မှစပြီး သား၊ သမက်၊ ညီ၊ အမှူး၊ အမတ်တို့ကို သစ္စာတော်ပေးရသည်။

သစ္စာတော်ပေးပြီးလျှင် ယိုးဒယားဘုရင်သား ဗြမဟိန်ကို ယိုးဒယားမြို့ကို ပေးတော်မူသည်။ ယိုးဒယားဘုရင့် သမက် ဝိဿလောက်စားကိုလည်း ဝိဿလောက်မြို့ကို ပေးတော်မူသည်။

ဒွေးဘက္ကတဲမြို့ကို စားသော ယိုးဒယားမင်းညီကိုလည်း စားမြဲစားဟူ၍ အဆောင်အယောင်နှင့်တကွ ပေးတော်မူသည်။ ဝိတ်စံမြို့ကိုလည်း ယိုးဒယားမင်းညီအငယ်ကို စားမြဲစားဟူ၍ အဆောင်အယောင်နှင့်တကွ ပေးတော်မူသည်။

ယင်းသို့မှ ယိုးဒယားမင်းအကြီးသားတော် မဟိန်ကို ထီးဖြူမတို့ဦ မင်းမြောက်တန်ဆာ ငါးပါးနှင့်တကွ မင်းဆောင်မင်းယောင် မင်းခမ်းမင်းနား ပေးတော်မူ၍ ယိုးဒယားမြို့ကို မင်းပြုတော်မူရသည်။

ယိုးဒယားမင်းအကြီးနှင့် သားအငယ်ပြရာမသွန်၊ အမတ်ကြီး အောက်ဖြစ်ကြ၊ ဆင်ဖြူလေးစီးကို ကားယူတော်မူခဲ့၍ ခြေတော်ရင်းမှာ မြရသည်။

ယိုးဒယားမြို့ခွန်မှာ တစ်နှစ်ကို တိုက်ဆင်သုံးဆယ်၊ ငွေသုံးရာ၊ တနင်္သာရီ သင်္ဘော အကောက်အခွန်ကို နှစ်စဉ်ဆက်ရသည်။

ယိုးဒယားမြို့တွင်ရှိသော ပန်းထိမ်၊ ဗန်းပဲ၊ ပန်းတဉ်း၊ ပန်းပု၊ ပန်းပွတ်၊ ပန်းခို၊ ပန်းယွန်း၊ ပန်းတမော့၊ ပန်းတော့၊ ပန်းတယာ၊ သဘင်သည်၊ ဆင်ဆေးသမား၊ မြင်းဆေးသမား၊ လက်သမား၊ ဗိသုကာ၊ ဆံထိုးဝဲဂင် တတ်သူ၊ အထုံနံ့သာ တတ်သူ၊ ပန်းဆိုးနယ်နု တတ်သူ၊ အကြော်အလှော် အပေါင်းအကျစ် တတ်သူတို့ကို ရွေးယူတော်မူ၍ သားမယားနှင့်တကွ အသီးအသီး ဟံသာဝတီသို့ ပို့တော်မူ၍ အကွက်အရပ် ချရပ်နေရသည်။

ယိုးဒယားမြို့တွင်ရှိသော ဘုရား၊ ဂူကျောင်း၊ တန်ဆောင်း၊ ဇရပ် ဟောင်းနွမ်း ပြိုပျက်လေသည်များကိုလည်း လုပ်ဆောင်ပြင်ဆင်စိမ့်မည် ဟူ၍ ငွေသုံးရာ ယိုးဒယားမင်းကို အပ်တော်မူသည်။ ပဋိဉ်း သက်တော်စေ့ခဲ့တော်မူ၍ သံယာလည်း တစ်ရာပင့်ကာ ဆွမ်းလုပ်ကျွေးတော်မူသည်။ ပရိက္ခရာ ရှစ်ပါးလည်း အစုံ လှူတော်မူသည်။

ယင်းတို့မှ ယိုးဒယားမင်းစား ချစ်ကြည်လေးမြတ်လှစွာသော သမီးနှင့်တကွ ရွှေသာတစ်ရာ လုပ်သော မင်းဆောင်မင်းယောင် မင်းခမ်းမင်းနား ငွေတစ်ရာ၊ ဆင်တောင်း တစ်ဆယ် ဆက်ပြန်သည်။

သားတော်မဟာဥပရာဇာ၊ ညီတော် တောင်ငူမင်း၊ ပြည်မင်း၊ အင်းဝမင်းတို့ကိုလည်း ဆင်၊ မြင်း၊ ရွှေငွေ၊ အဝတ်အစား အထိုက်အလျောက် ပေးသည်။

ဤသို့ ယိုးဒယားတစ်မြို့လုံးကို စီရင်ခန့်ရန်တော်မူ၍ တန်ခူးလပြည့်ကျော် ၂ ရက် အင်္ဂါနေ့တွင် ယိုးဒယားက ပြန်တော်မူသည်။ သက္ကရာဇ် ၉၂၆ ခု နယုန်လဆန်း ၆ ရက် ဗုဒ္ဓဟူးနေ့တွင် ဟံသာဝတီ နေပြည်တော်သို့ ရောက်တော်မူသည်။

ယိုးဒယားမင်းအကြီးကို အထက်က ခေါ်တော်မူခဲ့၍ ဟံသာဝတီမှာ စကြောနှစ်ထပ် အိမ်ဖြူပေး၍ နေရသူသည် ရဟန်းပြုထော့မည် လျှောက်သည်။ ထိုအခါ ဘဝရှင်မင်းတရားကြီး ယုံတော်မူ၍ အထူးထူးသော ပိတ်၊ ရမထိ၊ ပရိသယ စသော ရဟန်းပရိက္ခရာတို့ကို အပ်တော်မူ၍ ရဟန်းပြုလေသည်။

ထိုယိုးဒယားမင်း ရဟန်းပြုသူသည် ယိုးဒယားသို့ ဘုရားပုထိုး အဖူးအမြင်လျှောက်၍သွားလေသည်။

ထိုသို့ ယိုးဒယားမင်း ရဟန်းပြုသူ သားအငယ်ပြရာမသွန်သည် အထက်က ဇင်းမယ်သောင်းကျန်း၍ ခိုတော်မူ သောအခါ နောက်တော်တွင် ပါ၍ လွန်လေသည်။

ဗြာရမသွန် သားမယားလည်း ယိုးဒယားသို့သွား၍နေပါမည် လျှောက်

www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် ပစ္စည်း ပစ္စယနှင့်တကွ ယိုးဒယားသို့ ပို့ရလေသည်။

ယိုးဒယားမင်း ရဟန်းပြုသူလည်း လူထွက်၍ သားယိုးဒယားမင်းနှင့် တစ်ချက်တည်း တိုင်ပင်ကာ ဇလသင်္ခဲရဲလာကြောင်းကိုကြားလျှင် ခရီးကကြို၍ ဇလသင်္ခဲရဲကို ကွပ်လေ၏။

ထိုအကြောင်းကို ယိုးဒယားမင်းအကြီး သမက် ဩယာပိသလောက်စား ကြားလျှင် ဤသို့ဆို၏။

"ယိုးဒယားမင်းသမီးသည် ကိုယ်ကိုအမျက်ရှာ၍ မကြံရာသောအကြံကို ကြံသည်၊ ယိုးဒယားမင်းကဲ့သို့ ငါကိုယ်ကိုငါ အမျက်မရှာကောင်းချေ။ ရွှေဖဝါးတော်အောက်သို့ အလျင်သွား၍ မြွေစွဲမှ သင့်မည်"

ထိုသို့ဆိုပြီးလျှင် အလုံးအရင်းဆင်မြင်းနှင့်တကွ ဟံသာဝတီသို့ ချီလာ၍ သက္ကရာဇ် ၉၃၀ ခု၊ နယုန်လပြည့်ကျော် ၂ ရက်၊ သောကြာနေ့ ရွှေဖဝါးတော်အောက်သို့ ရောက်လာသည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း အားရတော်မူ၍ စော်ဘွားသောင်းကျည် ဟူသောအမည်နှင့်တကွ မကိုင်ထီးဖြူ ပေးတော်မူသည်။

ယိုးဒယားမင်းလည်း ဩယာပိသလောက်စား ဟံသာဝတီသို့ ဝင်လေပြီဟူ၍ ကြားလျှင် အလုံးအရင်းဆင်မြင်းအများနှင့် ပိသလောက်သို့ ချီလာ၍ မြို့တွင်ရှိသော သမီးနှင့်တကွ သူ့ဌေး သူကြွယ်တို့ကိုယူ၍ ယိုးဒယားသို့ သွားလေသည်။ ထိုအကြောင်းများကို ဘဝရှင်မင်းတရားကြီးဘုရား ကြားတော်မူလျှင် ဤသို့ အမိန့်တော်ရှိသည်။

"ယိုးဒယားစားသည် ကျေးဇူးသစ္စာတော်နှစ်ပါးကို မစောင့်၊ ဤသို့သောင်းကျန်း ပုန်ကန်မည့်အကြံကို ကြံခြင်းသည်ကား စော်ဘွားသောင်းကျည် ယိုးဒယားမြို့ကို မင်းပြုရမည်ကဲ့၊ အကျိုးပေးချိန်သို့ ရောက်၍ သောင်းကျန်း ပုန်ကန်မိလေသည် ဖြစ်တော့သည်"

ထို့နောက် သားတော် မဟာဥပရာဇာနှင့် မှူးမတ်များကို ခေါ်ကာ တိုင်ပင်တော်မူ၏။

"ယိုးဒယားသို့ ချီမည်မှာ ပသို့ ထင်ကြသနည်း"

ယင်းသောအခါ ဗညားဒလလျှောက်သည်။

"ယခု ယိုးဒယားအကြီးသည် ရဟန်းကဲ့ လူပြု၍ သားနှင့်တစ်ချက်တည်း ကြံရာမှာ ယိုးဒယားတစ်ပြည်သာ ကြံသည်မထင်၊ လင်းဇင်းတစ်ပြည်ထောင်၊ လံဝိုက်တစ်ပြည်ထောင်၊ ဤသုံးပြည်ထောင် ပေါင်း၍ ကြံစည်သည်အဟန်ရှိသည်၊ တခြားမြို့ရွာကို လုပ်ကြံသကဲ့သို့ ပေါ့ပေါ့လျော့လျော့ မလေးမစား ချီတော်မူ၍ မသင့်ချေ။

နိုင်ငံတော်အလုံးတွင် ရှိသောထီးဆောင်းမင်းတကာ အပေါင်းနှင့်တကွ ဆင်လုံးမြင်းရင်း စစ်သည်ဗိုလ်ပါစီရင်တော်မူ၍ ရုံးရုံးစုစု ချီတော်မူပြီးလျှင် ရပ်ရပ်နေနေ လုပ်ကြံတော်မူသည်ဖြစ်မှ ယိုးဒယားမြို့ကို အလိုတော် ပြည့်လွယ်မည်၊ တစ်ပါးတိုင်းနိုင်ငံက ကူညီလာသော်လည်း ခွဲခြမ်း၍ လုပ်ကြံရစေ"

ဥတ္တမသီရိဇေယျသူရကလည်း ဤသို့လျှောက်၏။

"ကျွန်တော်ဗညားဒလ လျှောက်သော အနေသည် သင့်လှပေသည်၊ သို့ရာတွင် ယခုအခေါ်သည် လျင်လျင်လျားလျားမလို၊ မျှော်တင်းထောက်ရှုတော်မူ၍ မိုးစဲလေသာမှ စည်းစည်းကြပ်ကြပ် ချီတော်မူသင့်သည်။

တစ်ကြောင်းမှာလည်း ယိုးဒယား၊ လင်ဇင်း၊ လဝိုက်သားတို့ လုပ်ရည်ကြံရည်ကိုလည်း ကျွန်တော်တို့ သိရပြီ၊ ကျွန်တော်တို့ လုပ်ရည်ကြံရည်ကိုလည်း သူတို့သိရပြီး ဖြစ်သည်။

ယင်းသို့ဖြစ်သောကြောင့် ယိုးဒယားမင်းသမက် စော်ဘွားသောင်းကျည်နှင့်တကွ ရွှေဖဝါးတော်အောက်က တပ်မှူးစစ်ကဲ ခန့်တော်မူ၍ အလုံးအရင်းဖြင့် ပိသလောက်မြို့သို့ ချီစေကာ အခိုင်အလုံနေစေမှ သင့်မည်ထင်သည်"

(ဆက်ရန်)

အောင်သိမ်းမြတ်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

နေရှိန်ပြင်းသော မေလ၏ တစ်နေ့လယ်တွင် ကျွန်ုပ်သည် ဝင်ဒါမီယာရှိ ကျွန်ုပ်၏ ခြံနောက်ဘက် ပိုင်းရှိ ဥယျာဉ်ထဲတွင် အရိပ်ကောင်းလှသော မရန်းပင်ကြီး သုံးပွင့်ဆိုင်ရှိ အပန်းဖြေနားနေရန် ပြုလုပ်ထားသော ကျောက်စားပွဲကျောက်ကုလားထိုင်များ ခင်းကျင်းထားသောနေရာတွင် အပူဒဏ်ကို ရှောင်ရှားရင်း ယောမင်းကြီး ဦးဘိုးလှိုင် နေသားသော ဥတုဘောဇနကျမ်းကို ဖတ်ရှုလျက်ရှိ၏။

ကျွန်ုပ်အပေါ် အလိုက်သိတတ်လှသော တပည့်ကလေး မောင်စိန်သည် စားပွဲပေါ်တွင် နက်စ်ကော်ဖီကို အသင့်ဖျော်ထားပြီး ရေနွေးကြမ်းကျကျ၊ အဖန်ခြောက်ကဲ့ကဲ့နှင့် ခတ်ပေးထား၏။ ဆေးတံ၊ ဆေးချေးထိုးတံ၊ မီးခြစ်နှင့် ရေသူမတံဆိပ် ဆေးတံသောက်ဆေးမှုန့်ဘူးကိုလည်း အသင့်ထားရှိပြီး ပေါင်မုန့်ကိုလည်း ကျွမ်းယောင်သန်းမျှ မီးကင်ပြီး ထောပတ်စစ်စစ် သုတ်ပေးထား၏။

အပြင်တွင် ရာသီဥတုပူပြင်းနေမည်ဖြစ်သော်လည်း ကျွန်ုပ်၏ခြံထဲတွင်မူ နေသာ ထိုင်သာ ရှိပါ၏။ ကျွန်ုပ်၏ ခြံသာမက ဤအနီးတစ်ဝိုက်ရှိ ခြံတိုင်းတွင် သစ်ပင်ကြီးများ ပေါများသဖြင့် အပူဒဏ်သက်သာနေခြင်းဖြစ်၏။

ထို့ကြောင့် နွေခိုသော ကျေးငှက်သာရကာတို့လည်း ပေါများရာ ရွှဲကလေးများ၏ အော်သံ၊ ချိုးကူသံ၊ ဆက်ရက်အော်သံတို့ကို ကြားနေရပြီး တစ်ခါ တစ်ခါ ဥသြတွန်သံကိုပင် ကြားနေရပါသေး၏။

မောင်စိန်သည် ပုဏ္ဏရိုက်ပင်များကို ကိုင်းဖျားများ ကိုက်ညှီရန် မားကတ်ကြေးကြိုးကို ယူပြီး အိမ်ထဲမှ ထွက်လာသဖြင့် -

"ဟေ့- မောင်စိန်၊ ဒီ ခဏ"

မောင်စိန်သည် အံ့ပြေးတစ်ပိုင်းဖြင့် ရောက်ရှိလာပြီး ကျိုးနွံစွာရပ်လျက် -

"ဆရာကြီး ဘာခိုင်းစရာရှိလို့လဲ၊ အမိန့်ရှိပါ"

"အဲဒီမှာ ထိုင်စမ်းပါဦးကွာ၊ ခိုင်းစရာမရှိပါဘူး၊ ပြောစရာရှိလို့ပါ" ဟု ဆိုလိုက်ရာ မောင်စိန်လည်း ကျောက်ကုလားထိုင်တွင် ဝင်ထိုင်၏။

"ဒီလိုပါကွာ၊ အခုလို နေရှိန်ပြင်းတဲ့အချိန်မျာ အိမ်ထဲမှာ လုပ်စရာရှိတာတွေကိုပဲ ရှာကြံလုပ်ကွာ၊ နေအေးတဲ့အချိန်မှ ခြံထဲကလုပ်စရာရှိတာတွေကို လုပ်ရတယ်ကွ။

လူဟာ ဓာတ်ကြီးလေးပါးနဲ့ဖွဲ့စည်းထားတာဖြစ်လို့ ရာသီဥတုအခြေအနေကို ကြည့်ပြီး သင့်တင့်လျောက်ပတ်အောင် နေထိုင်တတ်ရတယ်ကွ၊ ဒါမှ ဓာတ်ကြီးလေးပါး ညီညွတ်မှာ။

အဲဒီလိုပဲ အစာ အာဟာရ စားသောက်တဲ့အခါမှာလည်း နွေဆိုလည်း နွေနဲ့သင့်တာ၊ ဆောင်းဆိုလည်း ဆောင်းနဲ့သင့်တာ၊ မိုးဆိုလည်း မိုးနဲ့သင့်တဲ့ အစားအစာမျိုးကို စားရတယ်ကွ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ကျွန်ုပ်သည် လတ်တလော ဖတ်ရှုနေသော ဦးဘိုးလှိုင်၏ စာအုပ်ထဲမှ အကြောင်းအရာတို့ကို ကိုးကား၍ ပြောနေခြင်းဖြစ်၏။

"လူတွေအတွက် ကျန်းမာရေးဟာ အရေးကြီးဆုံးပဲကွ၊ ကျန်းမာရေးကောင်းရင် ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေ အကုန်လုပ်လို့ရတယ်၊ သွားချင်ရာသွား၊ စားချင်ရာစား၊ လုပ်ချင်ရာလုပ် အကုန်ဖြစ်တယ်၊ အဲဒါကြောင့် ကျန်းမာရေးကို ဂရုစိုက်ရမယ်၊ မိမိကိုယ်မိမိ စောင့်ရှောက်ရမယ်"

"ဟုတ် ဟုတ်ကဲ့ပါ ဆရာကြီး"

"ကဲ ဒါဆို နေရှိန်ပြင်းချိန်မှာ အပြင်ထွက်ပြီး မလုပ်နဲ့၊ အိမ်ထဲမှာ လုပ်စရာရှိတာတွေ သွားလုပ်ချေတော့"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ဒါဆို ကျွန်တော် အိမ်ထဲသွားတော့မယ်" ဟုဆိုကာ ကျွန်ုပ်၏အနီးမှ ထွက်ခွာသွား၏။ ထိုစဉ် ခြံတံခါးဝမှ လူခေါ်သံလိုသံ ထွက်ပေါ်လာ၏။

"ကလင် ကလင် ကလင် ကလင်"

မောင်စိန်လည်း အိမ်တံခါးဆီသို့ ဦးတည်နေရာမှ ခြံတံခါးဆီသို့ ဦးတည်ချက်ပြောင်းပြီး ထွက်ခွာသွား၏။

တစ်ခဏအတွင်း မောင်စိန် ပြန်လည်ရောက်ရှိလာပြီး -

"ဆရာကြီး သစ်တောအတွင်းဝန် ဦးမောင်ကလေး ရောက်နေပါတယ်၊ ကျွန်တော်က ဆရာကြီး အိပ်နေသလား မသိဘူး၊ သွားကြည့်ပေးမယ်လို့ ပြောခဲ့ပါတယ်"ဟုဆိုရာ-

"ဒီလူကြီးက တော်ရုံကိစ္စနဲ့ ငါ့ဆီလာလေ့ရှိတာမဟုတ်ဘူး၊ အရေးကြီးလို့ပဲ ဖြစ်မယ်၊ ခေါ်လိုက်ပါကွာ၊ လာပါစေ"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ကျွန်ုပ်ထံသို့ အကူအညီအကြံဉာဏ်တောင်းခံရန် ရောက်ရှိလာသမျှသော အယုတ်၊ အလတ်၊ အမြတ်မရွေး မေတ္တာစေတနာအပြည့်ဖြင့် ဆောင်ရွက်၍ နေသည် မှန်ပါ၏။

သို့သော် လူအချို့တို့သည် ကျွန်ုပ်ကို တန်ခိုးရှင် ဥဖွဆရာများ ထင်မှတ်နေသည်လား မသိပါ။

သဘာဝမဟုတ်သော၊ မဖြစ်နိုင်သော အကြောင်းကိစ္စတို့ကိုလည်း လာရောက် အကူအညီတောင်းခံကြ၏။

အများစုမှာလည်း ကျွန်ုပ်ထံ လာရောက် မေးမြန်းလျှင် အခကြေးငွေ မပေးရသည့်အပြင် ဇော်ဖီ တစ်ခွက်၊ မုန့်တစ်ခုပါ ဧည့်ခံကျွေးမွေးသည်ဖြစ်၍ ထဘီပျော်က်၊ အင်္ကျီပျော်က်ကိစ္စလောက်မျှကိုလည်း လာရောက် မေးမြန်းနေကြသည်ဖြစ်ရာ ကျွန်ုပ်အဖို့ တန်ဖိုးရှိလှသော အချိန်တို့ကို နှမြောလွန်းလှ၍ ဧည့်သည်လာလျှင် ကျွန်ုပ်ကို အကြောင်းကြားပြီးမှသာ ဧည့်သည်ကို ကျွန်ုပ်ထံ ခေါ်လာရန် မှာကြားထားရခြင်း ဖြစ်သည်။

"ဆရာကြီးကတော့ အေးအေးဆေးဆေးပဲဗျို့၊ ဇိမ်ကျလိုက်တာ၊ ကျုပ်တို့မှာဖြင့် ဖတ်ဖတ်ကို မောလို့ ပြေးလိုက် လွှားလိုက်ရတာ နားရတယ်ကို မရှိပါဘူးဗျာ"

"ကဲ ကဲ ဒါဖြင့် ထိုင်ပါဗျာ၊ နားရပါပြီ"

ဟုဆိုကာ ဦးမောင်ကလေး အား ကျောက်ကုလားထိုင် တစ်လုံးကို ညွှန်ပြလိုက်၏။

"ကဲ မောင်စိန်ရေ၊ ဦးမောင်ကလေး မောလာတယ်၊ သံပရာရည်လေး ယူခဲ့ပါကွာ"

မောင်စိန်လည်း အိမ်အတွင်းသို့ ခပ်သုတ်သုတ်ဝင်ရောက်သွား၏။ ဦးမောင်ကလေးသည် ထိုင်ပြောင်ပြောင်ဟေါ်သို့ ကော့စတစ်များလိမ်း၍ ခပ်ကဲကဲဖုံးအုပ်ထားသော ဆံပင်တို့အကြားမှ စီးကျလာသော ချွေးတို့ကို လက်ကိုင်ပဝါဖြင့် သုတ်လျက် "ဟူး"ခနဲ လေပူတို့ကို မှုတ်ထုတ်လိုက်ပြီး -

"ပူလိုက်တာဗျာ၊ နေစ်ရာကို မရှိဘူး" ဟု ညည်းညူ၏။

"ဒါက ကျင့်သား မရလို့ပါ ဦးမောင်ကလေးရယ်၊ လန်ချားဆွဲနေတဲ့ ကုလားတွေ ဘယ်နှယ်လုပ်မတုံး၊ ကဲ- ထားပါတော့၊ ဒီလောက် နေပူကြီးထဲ လာရအောင် ဘာကိစ္စများ ရှိလို့ပါလဗျာ၊ ဆိုစမ်းပါဦး"

ကျွန်ုပ်လည်း လုံးဝ မသိကိစ္စကို မေးလိုက်ရ၏။

"ဒီလိုဗျ၊ ကျုပ်တို့ အထက်မြန်မာပြည် သစ်တောမင်းကြီး ဆာဦးခံခင်က ပုန်းမရဲ့မြေတိုက်ဘုက် (၁၀) မိုင်လောက်ဝေးတဲ့ ရွာတော်ဆိုတဲ့ ရွာလေးနားက ရေးပေါင်းစေတီကြီးတွေ့ရဲ့သူ ပြင်ခိုင်းလို့ ကျုပ်က တာဝန်ယူပြီး ပြင်နေတာ၊ တစ်နှစ်ကျော်သွားပြီဗျ"

ထိုအခါ ကျွန်ုပ်က စကားဖြတ်၍ -

"ဩော်- ဒါကြောင့် ခင်ဗျား ရန်ကုန်ကနေ မကြာမကြာ ပျော်တိ ပျောက်သွားတာကိုး၊ ကဲ ဆက်ပြောပါဦးဗျာ"

ထိုအချိန်တွင် တပည့်ကလေး မောင်စိန်သည် သံပရာရည်ခွက်ကို ကိုင်ပြီး ရောက်ရှိလာပြီးနောက် ကျွန်ုပ်တို့ ပြောဆိုနေကြသည်ကို ကြားခဲ့ရ၍ ဖြစ်ပုံ ဖြစ်ကြောင်းကို ညွှန်ပြလိုက်၏။ မောင်စိန်လည်း သံပရာခွက်ကို စားပွဲပေါ် တင်ပြီးသည်နှင့် အလိုက်သိစွာ အိမ်အတွင်းသို့ ပြန်ဝင်သွား၏။

"အဲဒီဘုရားက ကျုပ်အတွက် အရေးပါသလို မင်းကြီးအတွက်လည်း အရေးပါတယ်၊ ဘယ်လို ကြောင့်လဲဆိုတော့ အဲဒီဘုရားကို မင်းကြီးစိတ်တိုင်းကျ ပြင်ပေးနိုင်ရင် ကျုပ်အတွက် မျက်နှာရမှာ ဖြစ်သလို မင်းကြီးအဖို့ရာလည်း နယ်သူ နယ်သားတွေ ချစ်ခင်လေးစားမှုကို ရရှိမှာ ဖြစ်လို့ပဲ။

ဒါကြောင့် ကျုပ်လည်း ကျုပ်တပည့် တောအုပ်ကြီး ကုလားသန်းအောင်ကို ဘုရားမှာပဲ နေခိုင်းပြီး ကြပ်ကြပ်မမ လုပ်ခိုင်းခဲ့တာ၊ အခုဆိုအားလုံး ပြီးသလောက်ရှိသွားပြီမို့ ရှေ့လထဲ ထီးတင်လို့ရပြီလို့ မင်းကြီးကို ပြောလိုက်တယ်။

မင်းကြီးလည်း ဝမ်းတွေသာလို့ ပေါ့ပါးမှာ၊ ကျုပ်ကိုလည်း ငါ့တပည့်တော်တယ်၊ တော်တယ်နဲ့ ချီးကျူးလို့ မဆုံးတော့ဘူးဗျို့၊ အခုမှတော့ ဘယ်လို ဖြစ်တယ်မသိပါဘူး၊ ဒီမှာ ကုလားကြီးသန်းအောင် ပို့လိုက်တဲ့ ကြေးနန်း"

ဟုဆိုကာ ကြေးနန်းစာရွက်ကို ကျွန်ုပ်ကို ထုတ်ပေး၏။

"ကဲကဲ အမော်ပြေ သံပရာရည်လေးသောက်လိုက်ပါဦး၊ ကြေးနန်း ဖတ်လိုက်ပါဦးမယ်"

ကြေးနန်းစာတွင် -

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ၊ ပန်းရန်တွေ အကုန်ပြန်ပြေးသွားပြီ၊ ဘယ်ပန်းရန်မှလည်း ခေါ်လို့ မရတော့ဘူး၊ ဆရာ အမြန်လာခဲ့ပါ။ ဒီရောက်မှ အကြောင်းစုံပြောပြမယ်၊ သန်းအောင်၊ တောအုပ်၊ ပျဉ်းမနား" ဟူ၍ ဖြစ်ပါ၏။

"အဲဒီတော့ ဦးမောင်ကလေး ကျွန်တော့်ဆီ လာတာက"

"အခုဟာက ဘာရယ်လို့မှန်း မသိပေမယ့် တကယ် မလွယ်တဲ့ ပြဿနာတစ်ခု ပေါ်ပေါက်နေပြီ ဆိုတာတော့ သေချာတယ်၊ ဘာလို့လဲဆိုတော့ ကုလားကြီးသန်းအောင်ဟာ ခေတဲ့ကောင်တော့ မဟုတ်ဘူး၊ တော်တော် ကြီးကြီးမားမား ကိစ္စတွေတောင် ကျွပ်ဆီ မရောက်လာဘဲ သူ့ဘာသာ ဖြေရှင်းနိုင်စွမ်းရှိတယ်၊ အခုဟာက သူနယ်ထဲမှာဆိုတော့ ပိုပြီးတောင် စိတ်ချရတယ်။

အခု ဒီလိုဖြစ်တယ်ဆိုတော့ ကျွန်တော် လိုက်သွားရလိမ့်မယ်၊ အဲဒီမှာ ဘာဖြစ်နေမှန်း မသိပေမယ့် ဆရာကြီးသာ ပါလာရင် အဆင်ပြေသွားမှာပဲလို့ ယုံကြည်တယ်၊ အဲဒါကြောင့် ဆရာကြီးကို လာပင့်တာပါ"

ဟု ကျွန်ုပ်အား အားကိုးတကြီး ပြော၏။

"ကောင်းပြီလေ၊ နွေရာသီမှာ ပျင်းနေတာနဲ့ အတော်ပဲ၊ ပျဉ်းမနား မရောက်တာလည်း ကြာသွားပြီဆိုတော့ ကျွပ်လိုက်ခဲ့ပါ့မယ်၊ အဲဒီတော့ ဘယ်နေ့ ဘယ်အချိန်သွားမှာလဲဆိုတာသာ ပြောပါ"

ကျွန်ုပ်၏ စကားကို ကြားသောအခါ ဦးမောင်ကလေးသည် ရွှင်လန်းဝမ်းမြောက်သွားပြီး -

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရာ၊ ကျွပ်တာ ဆရာကြီးကို ခဲရာခဲဆစ် ခေါ်ရလိမ့်မယ် ထင်နေတာ ကျေးဇူးပါပဲ ဆရာကြီးရာ"

"ကျေးဇူးတင်တာ ကောင်းတာပေါ့ဗျာ၊ ဒါပေမဲ့ ကျွပ်လိုက်ဖို့ ဆုံးဖြတ်လိုက်တာက ခင်ဗျားအတွက်လည်း မဟုတ်ဘူး၊ ရဲမင်းကြီးအတွက်လည်း မဟုတ်ဘူး၊ စေတီတော်ကြီး မပြီးစီးဘဲ နေမှာစိုးလို့ဗျ။

တော်ကြာ ဘာသာခြားတွေက သူတို့ကိုးကွယ်တဲ့ဘုရား တန်ခိုးကြီးတယ်ဆိုပြီး တံဉာလို့တောင် မရဘူးလို့ အမြင်စောင်းသွားမှာ၊ ပုတ်ခတ် ပြောဆိုကြမှာ ကြောက်လို့ပဲ" ဟု ရှင်းပြလိုက်ရ၏။

"ဘာကြောင့်ပဲ ဖြစ်ဖြစ် ပေါ့ဗျာ၊ ကျွပ်တို့က ဆရာကြီးကို ကျေးဇူးတင်တာပါပဲ၊ ကျွန်တော် မနက်ဖြန် ရုံးခဏတက်ပြီး မှာစရာရှိတာတွေ မှာရဦးမှာဆိုတော့ ဆရာကြီးကို ၁၂ နာရီ မထိုးခင်လောက် လာခေါ်မယ်၊ အဆင်သင့်သာ ပြင်ထားပေတော့"

ထို့နောက် ကျွန်ုပ်တို့ စကားအနည်းငယ်ပြောဆိုကြပြီးနောက် ဦးမောင်ကလေး ပြန်သွား၏။ထိုအခါမှ တပည့်ကျော် မောင်စိန်လည်း ခြံတံခါး လိုက်ဖွင့်ပေးပြီး သော့ခတ်၍ ကျွန်ုပ်ထံသို့ ရောက်ရှိလာ၏။

"မောင်စိန်၊ မနက်ဖြန် ငါတို့ ခရီးထွက်ရလိမ့်မယ်၊ ဘယ်လောက်ကြာမလဲ မသိသေးဘူး၊ တစ်ပတ်ဆယ်ရက်လောက်တော့ ကြာမယ် ထင်တာပဲ၊ အဲဒါကြောင့် မင်းအတွက်ရော၊ ငါ့အတွက်ရော ဘာမှ မလိုရအောင် ထည့်ထားပေတော့၊ ဘန်ကောက် လုံချည်တော့ နှစ်ထည်လောက်ပဲ၊ ကျန်တာ ပလေကပ်ပေါ်ကွာ၊ ကော်ဖီမှုန့်၊ လက်ဖက်ခြောက်၊ နို့ဆီ၊ ဆေးဝါး၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ ဘာတစ်ခုမှ မမေ့စေနဲ့ဟေ့"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ဟို တစ်ခါ ခရီးထွက်တုန်းကလို ပြည့်စုံအောင် ထည့်ပါ့မယ်"

"အေး- သွားတော့၊ ငါလည်း ပြင်စရာရှိတာတွေ ပြင်လိုက်ဦးမယ်"

ကျွန်ုပ်လည်း အိပ်ခန်းတွင်းသို့ ဝင်လိုက်ပြီး ဗီရိုအံဆွဲထဲမှ အင်္ကျီလန်နိုင်ငံလုပ် ခြောက်လုံးပြူးသေနတ်ကို ထုတ်ယူလိုက်ပြီး ခြံထဲသို့ ဆင်းခဲ့၏။ စားပွဲပေါ်တွင် သေနတ်ကို တစ်စစီဖြုတ်လိုက်ပြီး ချေးဆေးခြင်း၊ ပြောင်းတိုက်ခြင်းတို့ ပြုလုပ်၏။ စိတ်တိုင်းကျ ပြင်ဆင်ပြီးသောအခါမှ ခါးပတ်အိတ်အတွင်းသို့ နေသားတကျ ပြန်ထည့်လိုက်၏။

ကျွန်ုပ်သည် ပျဉ်းမနားကို ကောင်းစွာ နှံ့နှံ့စပ်စပ်ရောက်ဖူးထားခြင်းဖြစ်၍ ဦးမောင်ကလေး ပြောသွားသော ရွာတော်လေးရွာကို စိတ်အာရုံတွင် ထင်စွာမှတ်ကြည့်၍ ထိုနေရာသို့ မေတ္တာပို့လျက် ဖြန့်ကြက်၍ နေမိ၏။

ထိုနေရာတွင် ကျွန်ုပ်အတွက် အတွေ့အကြုံ တစ်ခုခု ရရှိမည်ကတော့ သေချာ၏။ အတွေ့အကြုံ အသစ်အဆန်း ဖြစ်နေမည်လား၊ ကြုံဖူးပြီးသော အတွေ့အကြုံဖြစ်နေမည်လား ဆိုသည်ကိုတော့ တပ်အပ် သေချာ မပြောနိုင်သေးပါ။

ထိုညက ကျွန်ုပ်တို့ ခါတိုင်းထက်စောစောအိပ်ရာဝင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ခရီးထွက်မည်ဆိုလျှင် အိပ်ရေးဝထားမှဖြစ်မည်။ ခရီးသွားလာရာ၌ မောင်ပေါက်ကျိုင်း၏ မအိပ်မနေ အသက်ရှည်ဟူသော ထုံးသည် မှန်ကန်သင့်မြတ်လှပါ၏။

မည်သည့်ခရီးသည်မဆို မိမိနေအိမ်မှ စတင်ထွက်ခွာသောအချိန်မှ မိမိနေအိမ်သို့ ပြန်လည် မရောက်ရှိမီ ကြားကာလအတွင်း၌ အချိန်မရွေး အမျိုးမျိုးသော အန္တရာယ်တို့တွေ့ကြုံနိုင်သောကြောင့် ဖြစ်ပါ၏။

နောတ်တစ်နေ့ နေ့လယ် ၁၂ နာရီခွဲခန့်တွင် ဦးမောင်ကလေး၏ ကားဖြင့် ကျွန်ုပ်တို့၏ နေအိမ်မှ စတင် ထွက်ခွာခဲ့ကြ၏။

ဖြူးမြို့သို့ ရောက်သောအခါ ညနေ ၅ နာရီခန့် ရှိပြီဖြစ်၍ ဖြူးမြို့လယ်ကောင်ရှိ ကြယ်စိန် တရုတ်ခေါက်ဆွဲဆိုင်တွင် ရပ်နားပြီး ကျွန်ုပ်တို့ ပန်းသေးခေါက်ဆွဲ စားကြ၏။

"ဦးမောင်ကလေးရဲ့ မော်စကို ဗစ်ကားလေးက တော်တော် တောင်းစာပဲနော် လမ်းမှာ လုံးဝ မဖောက်ဘူး၊ ရွာတော်ကိုတော့ ဒီကားနဲ့ ဖြစ်မယ်မထင်ဘူး၊ ဘယ်လို စီစဉ်ထားသလဲ"ဟု ကျွန်ုပ်က မေးလိုက်သည်။

"အဲဒီအတွက်တော့ မပူပါနဲ့ဗျာ၊ ပျဉ်းမနား သစ်တောရုံးမှာ ဂျစ်လည်း ရှိတယ်၊ လင့်ရိုဗာလည်း ရှိပါတယ်"

"ဟုတ်ပြီ ဟုတ်ပြီ၊ အဲဒီဘက်က လမ်းကြမ်းလို့ ပြောတာပါ"

ထို့နောက် ကျွန်ုပ်တို့ဆည်ကိုယ်စီအတွေးများဖြင့် ငြိမ်သက်နေကြ၏။ ကျွန်ုပ်လည်း ဆေးတံကို မီးညှိ၍ ဖွာရှိုက်နေလိုက်၏။ ဦးမောင်ကလေး၏ ကားဒရိုင်ဘာသည် ကားကို ဆီ၊ ရေ၊ လေ စစ်ဆေး၍ နေ၏။

"အောင်မြင့်၊ ဘယ်လိုလဲ၊ သွားလို့ရပြီလား"

"ရပါပြီဆရာ၊ အခြေအနေအားလုံးကောင်းပါတယ်"

ကျွန်ုပ်တို့ ခရီးဆက်ခဲ့ကြပြန်၏။ လမ်းခရီးတွင် အထွေအထူးမတွေ့ရှိကြရ၍ တင်ပြစရာ မရှိပါ။ ည ၈ နာရီခန့်တွင် ပျဉ်းမနားမြို့ရှိ သစ်တောရုံးသို့ ရောက်ရှိသည်။ သစ်တောရုံးထဲတွင်တော့ လျှပ်စစ်မီးများ ထွန်းညှိထား၍ လင်းချင်းလျှက်ရှိပြီး ကျွန်ုပ်တို့ကို မျက်နှာဖြူအရာရှိများ လာရောက်လျှင် နေရာချထားပေးသော ဝိုလ်တဲကြီးပေါ်သို့ ခေါ်ဆောင်သွားပါသည်။

အိမ်သာ၊ ရေချိုးခန်း၊ မီးဖိုဆောင်၊ အိပ်ခန်း၊ ဧည့်ခန်း အစုံအလင် ပါရှိ၏။ လေသာဆောင့်လည်း ပါရှိသည်။ ဆောင်းတွင်းအခါ ဝိုလ်တဲပေါ်မှာပင် မီးလှုံနိုင်ရန် ခေါင်းတိုင်ပါရှိသော မီးလင်းဖိုကြီးလည်း ပါရှိ၏။

ခြေတဲရှည် အဆောက်အအုံဖြစ်၍ ကျွန်ုပ်တို့၏ ကားကလေးကို ဝိုလ်တဲအောက် ထိုးထားခဲ့ကြသည်။

"မျက်နှာဖြူတွေက အလွန်ဇိမ်ခံတဲ့ကောင်တွေကွ၊ ဒီလိုနေရာမပြောပါနဲ့၊ စစ်မြေပြင်မှာတောင် ကောင်းကောင်းစားပြီး ကောင်းကောင်းနေလို့ရအောင် ဖန်တီးတဲ့ကောင်တွေ"

"ဆရာကြီး ပြောတာ ဟုတ်တယ်ဗျို့၊ ဒီကောင်တွေ တစ်ခါတစ်ခါလာရင် ကျွဲမို့ ကျွဲခံရတာ မလွယ်ဘူးဗို့၊ အကောင်းတော်တော် ကြိုက်တဲ့ကောင်တွေ"

ကျွန်ုပ်၏ စကားကို ဦးမောင်ကလေးက ဝင်ရောက်ထောက်ခံ၏။ ဦးမောင်ကလေးအား ဤလုံးမှဝန်ထမ်းများသည် အတော်ကြောက်ရွံ့ကြပုံရ၏။ လိုလေသေးမရှိ စီစဉ်ထားရှိပြီး ဝန်ထမ်း (၁၀)ဦးထက်မနည်း ရှိနေကြ၏။

ကျွန်ုပ်ကို ခေါင်းရင်းအိန်းတွင် နေရာချထား၍ ခြေရင်းခန်းတွင် မောင်စိန်ကို ထားရှိ၏။

"ကျုပ်ကတော့ တည်းနေကျ အဆောင် ရှိတယ်၊ ဆရာကြီးတို့လိုအပ်တာ ခိုင်းဖို့နဲ့ စောင့်ရှောက်ရအောင် ဒီဝန်ထမ်း (၁၀)ယောက်လုံး အလယ်ခန်းမ ကြမ်းပြင်မှာ ပြားပြီး အိပ်ကြလိမ့်မယ်၊ ရေချိုးချင်လည်း ချိုး၊ ခဏ နားပြီးမှ ထုမင်းစားကြတာပေါ့၊ ကျုပ်လည်း အခန်းပြန်ပြီး ရေမိုးချိုးပြီး အဝတ်အစား လဲလိုက်ဦးမယ်"

ဟုဆိုကာ ဦးမောင်ကလေး ဝိုလ်တဲပေါ်မှ ဆင်းသွား၏။

မောင်စိန်သည် ကျွန်ုပ်၏ ပစ္စည်းများကို နေရာတကျထားရှိပြီး နဂို ခင်းထားပြီးသား အိပ်ရာ အိပ်ခင်းတို့ကို ပိုမိုသပ်ရပ်အောင် ပြုပြင်၏။ ကျွန်ုပ်ကတော့ အိပ်ခန်းထဲမှာပင် ရှိသော ကြိမ်ပက်လက်တွဲလား ထိုင်ကြိုးပေါ် ထိုင်ရင်း ဆေးတံကို အရသာခံ၍ မီးညှိဖွာရှိုက်နေလိုက်၏။ ဤယနေ့ နေ့တစ်ပိုင်းမျှ ဆေးတံမသောက်ခဲ့ဘဲ နေခဲ့ရသဖြင့် ယခုဆေးတံသောက်ရသည်မှာ အလွန်အရသာပို၍ ထူးကဲလှ၏။

www.burmeseclassic.com

www.burmeseclassic.com

"မောင်စိန် ၁၅ မိနစ်လောက် နားလိုက်ဦး၊ ပြီးရင် ရေအဝသောက်လိုက်ပြီးမှ ရေချိုး၊ နေရောင်ခြည်တိုက်ရိုက်မထိပေမယ့် နေပူရှိန် ဟပ်ထားတာဆိုတော့ အပူရှုပ်ပြီး ဖျားမှာစိုးရတယ်"

ကျွန်ုပ်က သတိပေးလိုက်၏။ မောင်စိန်လည်း ကျွန်ုပ်ကို အရှိအသေပေးကာ အခန်းတွင်းမှ ထွက်ခွာသွား၏။

ကျွန်ုပ်တို့ ရေမိုးချိုးပြီးကြသောအခါ ဦးမောင်ကလေးလည်း ရောက်ရှိလာ၏။

ကျွန်ုပ်တို့အား ဖွယ်ရာလှစွာသော ညစာထမင်းဝိုင်းကြီးနှင့် တည်ခင်း ကျွေးမွေးပါ၏။ ထမင်းစားပြီးသောအခါတွင်လည်း အချိုပွဲ၊သစ်သီးပွဲများနှင့် ဧည့်ခံပါသေး၏။

အတန်ကြာမျှ စကားစမြည်ပြောဆိုကြပြီးနောက် ဦးမောင်ကလေးလည်း တည်းခိုဆောင်သို့ ပြန်သွား၏။

ကျွန်ုပ်တို့လည်း အိပ်ခန်းတွင်းသို့ ဝင်ခဲ့ကြတော့၏။ ကျွန်ုပ်သည် အိပ်ရာမဝင်မီ ဘုရားရှိခိုးပြီး ငါးပါးသီလ ခံယူလိုက်၏။

ထို့နောက် မေတ္တာဘာဝနာပွားများပါသည်။ ထို့နောက် ဝင်လေထွက်လေ ရှုမှတ်ရင်း အိပ်မောကြခြင်းသို့ ရောက်ရှိပါတော့၏။

နံနက်စောစောတွင် ကောက်ညှင်းပေါင်းနှင့် မတ်ပဲကြော် အဆာပြေစားသောက်ကြပြီး သစ်တောဌာနပိုင် လင့်ရိုဘာ့ကားဖြင့် ဦးမောင်ကလေးနှင့် ကျွန်ုပ်တို့နှစ်ယောက်အပြင် သစ်တောဝန်ထမ်းနှစ်ဦးပါ လိုက်ပါခဲ့ကြ၍ ရွာတော်ကျေးရွာသို့ ထွက်ခဲ့ကြသည်။

ပျဉ်းမနား ဒေသသည်ကား သစ်ကြီး ဝါးကြီးတို့ ပေါများလှ၍ အရိပ်အာဝါသ ကောင်းလှသည်။ လမ်းများကတော့ မကောင်းပါ။ မြေလမ်းများသာဖြစ်ပါ၍ ဖုန်တထောင်းထောင်း ထလျက်ရှိပါသည်။

ချိုင့်ခွက်များလည်း ထူပြောလှ၍ ဖြည်းဖြည်းမှန်မှန်သာ မောင်းရပါသည်။ နာရီဝက်ကျော်ကျော်ခန့် ခရီးနှင်ပြီးသော အချိန်တွင်တော့ ငြမ်းများဆင်ထားသော ရွှေဟောင်းလက်ရာ စေတီတော်ကြီးကို တွေ့ရပါသည်။

ကျွန်ုပ်တို့ကား စေတီတော်ပရဝဏ်အတွင်းသို့ ဝင်ရောက်လာသောအခါ ကုလားကြီးသန်းအောင်ဟု ယူဆရသူ ကုလားနှင့်မခြား ထောင်ထောင်မောင်းမောင်း လူတစ်ဦး ပြေးလာပြီး ခရီးဦးကြိုပြု၏။

"သန်းအောင့်ရေ၊ ဆရာကြီး ကြွလာတယ်နော်၊ နေရာထိုင်ခင်း ရေနွေးပွဲ သေသေချာချာ လုပ်ထားရဲ့လား"

"အဆင်သင့်ပါဗဲ့ ဆရာ၊ အားလုံးပြည့်ပြည့်စုံစုံ လုပ်ထားပါတယ်၊ နေ့လယ်စာအတွက်ပါ ပြင်ဆင်နေပါပြီ"

ဦးမောင်ကလေးသည် ကုလားကြီးသန်းအောင်ကို မေးမြန်းနေရာမှ ကျွန်ုပ်ဘက်သို့ လှည့်ပြီး "ဆရာကြီး ကြွပါခင်ဗျာ" ဟုဆိုကာ သက်ငယ်မိုး ဝါးတဲကလေးဆီသို့ ခေါ်ဆောင်သွား၏။ ဝါးကုလားထိုင်၊ ဝါးကွပ်ပျစ်၊ ဝါးစားပွဲတို့မှာ အသစ်စက်စက်များဖြစ်၍ ဝါးရနံ့တို့ သင်းပျံ့လျက်ရှိပြီး ကုန်းထိပ်တွင် တည်ရှိ၍ လေတဟူးဟူး တိုက်ခတ်လျက်ရှိရာ ပူအိုက်မှုကို သက်သာစေပါ၏။

"ဦးမောင်ကလေး၊ ဒီဘုရားရဲ့ ရာဇဝင်ကို သိသလား"

"ကျုပ်လည်း လူကြီးခိုင်းလို့သာ လုပ်နေရတာ၊ ဂဃနဏ မသိပါဘူးဗျာ"

"ဒီလိုဗျ၊ ဟိုးအရှေ့ကို လှမ်းကြည့်လိုက်ရင် ရှမ်းခိုးမရဲ့ အခြေကညို့ညို့တောင်ကလေးဟာ လှေခွင်းတောင်လို့ ခေါ်တယ်၊ အဲဒီတောင်နဲ့ ရှမ်းခိုးမကို ပေါင်းလောင်းမြစ်က စည်းသားထားတဲ့ပေါ့ဗျာ၊ လှေခွင်းတောင်ခြေမှာ ကျည်တောင်ခေါ်မဆိုတဲ့ ရှမ်း၊ ကရင်၊ မြန်မာတွေနေတဲ့ ရွာနှစ်ရွာရှိတယ်၊ လှေခွင်းတောင်ရဲ့ မူလအမည်က ဆေးမင်းတောင်ဗျ၊ လှေခွင်းတောင်လို့ အမည်တွင်သွားရတာကတော့ . . . "

ဟု အစချီလျက် ကျွန်ုပ်က အောက်ပါအတိုင်း ရှင်းပြလိုက်ပါ၏။

◆

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ခန့်က ကျည်တောင်ရွာတွင် တောင်သူကြီးတစ်ဦးရှိသည်။ သူ၏ ယာကုန်သင်း တစ်ခုပေါ်တွင် သဲကျောက်ဖြင့် ထုလုပ်ထားသော ဘီလူးရုပ်တုကြီးရှိပြီး ၎င်း၏ ဘိုးဘွားဘီဘင်များ လက်ထက်ကတည်းက ရှိနေခဲ့ပြီး ထိုဘီလူးရုပ်တုကြီးနှင့် မျက်နှာချင်းဆိုင် ယာကွက်နှစ်ကွက် အလွန်တွင် ဆယ့်နှစ်ရာသီရေမပြတ်သော ဧကဝက်ခန့် မြေသားပေါင်ရေကန်တစ်ခုလည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ကန်ပေါင်ပေါ်တွင် အဆစ်နှစ်ဆစ်သာ သီးသော မန်ကျည်းပင်အိုကြီး ငါးပင်ရှိ၍ ထိုမန်ကျည်းပင်ကြီးများအောက်တွင် ရွေးကဲ မည်သည့်အဆောက်အအုံငယ်တို့ တည်ရှိခဲ့သည် မသိရပါ။ အုတ်ခုံအစအနတို့ တွေ့ရှိရသည်။

တောင်သူကြီးသည် မိဘတို့လက်ထက်ကအတိုင်း တောသို့လာသည့်အခါတိုင်း ပါရှိသော ထမင်းထုပ်၊ ရေဘူး၊ ဆေးလိပ်၊ ကွမ်းယာတို့ကို ကျောက်ဘီလူးအား အရိုအသေ တင်သပြီး လုပ်ငန်းခွင် ဝင်ရောက်၏။

လယ်ထွန်ခြင်း၊ ပေါင်းခုတ်ခြင်း၊ မြက်ရိတ်ခြင်း အမှုကိစ္စတို့ ဆောင်ရွက်ပြီးမှ တင်သထားသည်တို့ကို ပြန်စွန့်ပြီး စားသောက်ခြင်းကို ပြု၏။ ကျောက်ဘီလူးကြီးမှ စောင့်ရှောက်သည်ဟုလည်း ယုံကြည်၏။ ထို့ကြောင့် ၎င်းတွင် နှစ်စဉ်သီးနှံများ အောင်မြင် ဖြစ်ထွန်း၏။ သီးနှံများ ခိုးယူခြင်းမခံရ။ ကျွဲနွားများ ပျောက်ရှုမှုမျိုးမရှိ။ အခြားတောင်သူများနှင့် စာလျှင် သိသိသာသာ စီးပွားရေးများ ဖြစ်ထွန်း၏။

ဤသို့ဖြင့် နှစ်ပေါင်းများစွာ နေလာခဲ့ရာ တစ်နေ့ တောသို့ရောက်ရှိ၍ ကျောက်ဘီလူးကြီးအား ထမင်းထုပ် တင်သရန် ထိုအနားအရောက်တွင်

"ငါ့ကို ကြိုးဖြေပေး မြန်မြန်၊ ရန်သူတွေ ရောက်နေပြီ" ဟူသော စကားသံ ထွက်ပေါ်လာ၍ ကြက်သီးဖြန်းဖြန်း ထသွားမိသည်။ မည်သူက ထိုသို့ ပြောနေပါသနည်း။

လူတစ်ဦးတစ်ယောက်မျှပင် မတွေ့မြင်ရသဖြင့် ကျောက်ဘီလူးကြီးကို မေ့ကြည့်မိရာ ကျပ်လုံးခန့် တုတ်သော အုန်းဆံကြိုးကြီးဖြင့် အထပ်ထပ် တုပ်နှောင်ထားသည်ကို တွေ့လိုက်ရသဖြင့် အသင့်ပါလာသော ပေါင်းခုတ်ဓားဖြင့် ကြိုးကို ဖြတ်ပေးလိုက်၏။

ထိုစဉ် ကျောက်ဘီလူးကြီး အတွင်းမှ ကိုယ်ပွားသဏ္ဌာန်ရိပ်ခနဲ ပျံထွက်သွားပြီး ကျောက်ဘီလူး ရုပ်ကြီးမှာ အစိတ်စိတ်အမွှာမွှာ ကွဲကြေ၍ မြေသို့ ပုံကျသွား၏။

ကျောက်ဘီလူးကြီး၏ ကိုယ်ပွား အရိပ်သဏ္ဌာန်သည် ရှေ့တူရွေကန်ဆီသို့ ပြေးထွက်သွားခြင်းဖြစ်၍ တောင်သူကြီးလည်း ရေဖန်ဆီသို့ အပြေးလိုက်သွားသည်။

ကန်ရိုး အုတ်ခုံဟောင်းပေါ်တွင် ကန်တော့ပွဲ သုံးပွဲနှင့် ဖယောင်းတိုင်များ ထွန်းညှိထားပြီး လူနှစ်ဦးသည် ကန်ရေပြင်ကို ကြိမ်လုံးနှင့် ရိုက်လျက်ရှိစဉ် ကန်ရေပြင်တို့ ဝဲကတော့ကဲ့သို့ လည်လာပြီး ရေများအပေါ်သို့ ထောင်ပန်းလာပြီး နောက် ရတနာအပြည့်တင်ဆောင်ထားသော သွေ့လေကြီးတစ်စီး ရေအောက်မှ ရေပြင်ပေါ်သို့ ပေါ်ထွက်လာ၏။

ထိုစဉ် ကျောက်ဘီလူးကြီး၏ ကိုယ်ပွားသည် သိုက်ဆရာနှစ်ဦး၏ ကျောပြင်အား လက်ဝါးနှစ်ဖက်ဖြင့် တစ်ဖက် တစ်ချက်ပြိုင်တူ ရိုက်ချလိုက်ပြီး ရတနာသွေ့ကြီးပေါ်သို့ ခုန်ပျံတက်လိုက်လျှင် လေ့ကြီးသည် ဦးလှည့်ရာ အရပ်ဆီသို့ လျင်မြန်စွာ ပျံတက်သွား၏။

ကျောက်သားတို့ခြင့် အတိုင်းသော ဆေးမင်းတောင်တို့ အောက်ထွင်းသွားပြီး အနောက်တည့်တည့်သို့ ပျံသန်းသွားကာ ပျဉ်းမနားမြို့၏ မြောက်ဘက် ရွာထော်ရွာ၏ တောင်ဘက် အင်းစောင်းတွင် ကျရောက်ပြီး မြေတွင် ငုပ်လျှိုးပျောက်ကွယ်သွားပါသည်။ ထို့အချိန်မှစ၍ ဆေးမင်းတောင်သည် လေ့ခွင်းတောင် ဟူ အမည်သစ်တွင်သွားခြင်း ဖြစ်သည်။

လေ့ခွင်းတောင်တွင် ယခုတိုင် လေ့ကြီးထွင်းဖောက်ထွက်သွားရာ ကျောက်သားတောင်ခေါင်း ဥမင်လိုက်ပေါက်ကြီးရှိနေသေးပြီး တောင်ဘက်တောင်ခေါင်းပေါက်မှ လက်ကိုင်ဝါကို ပစ်ချလျှင် လေစုပ်အားဖြင့် ပါရှိသွားပြီး အနောက်ဘက်တောင်ခေါင်းပေါက်မှ ထွက်ကာ လေတွင်ပျံဝဲ၍ တောင်အောက်အဝဲတော့ဝေးသော နေရာများအထိ လွင့်ပါသွားတတ်သည်မှာ ဤယနေ့တိုင် ဖြစ်သည်။

ထို့နောက်မှ ဆက်၍ ကျွန်ုပ်က

"တကယ်တော့ ကျောက်ဘီလူးကြီးဟာ ရတနာလေ့ကို တစ်ဦးတည်းစောင့်နေခဲ့တာပေါ့။ သိုက်ဆရာတွေသိကုန်တော့ စိတ်မချရတော့လို့ ဘုရားသိုက်တွေစုနေတဲ့ ဒီနေရောင်ပြအင်းနဲ့ နေရောင်ပြဘုရားဆီကို ရွှေ့လာတာပဲ"

ကျွန်ုပ်၏စကားကို ဦးမောင်ကလေးနှင့် ၎င်း၏ တပည့်များ စိတ်ဝင်စားစွာ နားထောင်နေကြပြီး-

"ဩော် ဒီလိုကိုး၊ ဒေးဒုကြီး ကတော့ တကယ့်ကို လေ့သုတဉာဏ်

www.burmeseclassic.com

www.burmeseclassic.com

ပညာ ပြည့်စုံပါပေတယ်ဗျာ၊ ဒါဆို ကျုပ်တို့ ဒီဘုရားကြီးကို မြီးအောင် တည်နိုင်တော့မှာပေါ့နော်"

ဟု ကျွန်ုပ်ကို အားကိုးတကြီး ကြည့်ကာ ပြော၏။

"အဲဒီလိုလည်း မဟုတ်သေးဘူးဗျ၊ ဒီမှာ တဘောင်ရှိတယ်၊ 'ရာစုနှစ်ဆယ် အစွန်းဝယ် လမ်းမလေးသွယ် ပေါ်လစ္တဲ့၊ နေရောက်ပြအင်းမြို့လယ်အတွင်း သက်ဆင်းရောက်လတ္တဲ့၊ စေတီတော်ကြီး မဟာထီး၊ ငွားငွားစွင့်စွင့် ပွင့်မည်မှတ်' လို့ ဆိုထားတော့ ၂၀ ရာစုကျော်တဲ့အခါမှ ဒီနေရာမှာ အခု ရန်ကုန်မြို့လို မင်းအစိုးရ ခုံးစိုက်တဲ့ မြို့တော်ကြီး ပေါ်ထွန်းလာလိမ့်မယ်။

အဲဒီအခါမှ မြို့တော်ဦးသွောင် စေတီတော်ကြီးကို မင်းနဲ့ပြည်သူတွေ စုပေါင်းတည်ထား ကိုးကွယ်ကြလိမ့်မယ်၊ အဲဒီစေတီတော်ကြီး ထီးတော်တင်ပြီးတဲ့ အခါမှသာ ဒီစေတီတော်ကြီးကို ထီးတင်လို့ရမယ်လို့ ဆိုထားတာပဲ"

"ဒါဆို ကျုပ်တို့ ခဲလေသမျှ သဲရေကျ ဖြစ်ပြီပေါ့ဗျာ၊ ကြံစမ်းပါဦး ဆရာကြီးရယ်" တု ဦးမောင်ကလေးက အားယေးစိတ်ပျက်စွာ ဆို၏။

ထိုစဉ် လက်လုပ်လက်စား ဆင်းရဲသားအသွင် လူ(၅)ဦးကို ကုလားကြီးသန်းအောင်မှခေါ်ဆောင်လာပြီး-

"ထွက်ပြေးသွားတဲ့ ပန်းရန်သမားတွေပါ၊ ဆရာ သိချင်တာ မေးလို့ရအောင် ခေါ်ထားတာပါ"

ကုလားကြီးသန်းအောင်က ဦးမောင်ကလေးကို ထိုသို့ ပြော၏။

"ကဲ ဆရာကြီး၊ ဒီမှာလုပ်တဲ့ ပန်းရန်တွေပါပဲ၊ ဟေ့ကောင်တွေ အဲဒီမှာထိုင်ကြ၊ ဘာမှ ကြောက်စရာ မလိုဘူး၊ ဆရာကြီး မေးတာတွေကို အမှန်အတိုင်း ဖြေလိုက်ကြ"

ဦးမောင်ကလေးသည် ကျွန်ုပ်နှင့် ပန်းရန်သမားတို့ကို တစ်ဆက်တည်း ပြောလိုက်၏။

ပန်းရန်သမားတို့သည် ကျွန်ုပ်နှင့် မလှမ်းမကမ်း မြေပြင်တွင် ဒူးတုပ်ထိုင်ကြ၏။

"မင်းတို့ထဲက ခေါင်းဆောင် ဘယ်သူလဲ၊ အဲဒီ တစ်ယောက်ပဲ လုံးဧ့ ပတ်ဧ့ ပြောပြကွာ"

ကျွန်ုပ်က ထိုသို့ပြောလိုက်ရာ နားသယ်စတွင် ဆံပင်တို့ ဖြူစပြုနေ ဖြီဖြစ်သော အသက်(၄၀)ကျော်ခန့် မည်းမည်းတုတ်တုတ် လူက မတ်တတ်ရပ်လိုက်ပြီး လက်ပိုက်၍-

"ကျွန်တော့်နာမည် ကျော်ခိုင်ပါ ဆရာကြီး၊ ဒီအဖွဲ့မှာ ကျွန်တော်က ခေါင်းဆောင်ပါ၊ ဒီစေတီကြီးမှာ ကျွန်တော်တို့က အနုစိတ် ပန်းတမော့ တာဝန်ယူထားရတာပါ၊ ဒီမှာ အလုပ်ဆင်းလာတာ နှစ်ပတ်လည် ခါနီးပါပြီ ဘာပြဿနာမှ မရှိခဲ့ပါဘူး ပြီးခဲ့တဲ့လက စပြီး ထူးခြားလာတော့ တာပါပဲ"

"ဘယ်လိုတွေ ထူးသလဲ၊ ဘာတွေ ထူးသလဲဆိုတာ ဆက်စမ်းပါဦးကွာ"

"ဟုတ်ကဲ့ပါ၊ စေတီတော်ကြီးရဲ့ ရာဟုထောင့်က ဘီလူးရုပ်ကြီးကို စပြီး ပြင်တဲ့အချိန်မှာ အဲဒီနေ့မှာပဲ ကျွန်တော် မျက်စိနာတော့တာပဲ၊ သာမန်မဟုတ်ဘူး ဆရာကြီး၊ မီးစနဲ့ ထိုးသလို ခံရပြီး အော်နေရတာပါ၊ နောက်တော့ ကျွန်တော်တို့ ထမင်းစားတဲ့အခါ အုတ်ခဲပုံကြီးရဲ့ဘေးမှာ နေရိပ်ခိုပြီး စားကြပါတယ်။

တစ်နေ့ အဲဒီအုတ်ခဲပုံကြီး ပြို့ကျလို့ ကျွန်တော့်တပည့်နှစ်ယောက် ဒဏ်ရာရပြန်ပါတယ်၊ အဲဒါလည်း ကျွန်တော်တို့ သတိမထားမိသေးပါဘူး၊ ကျွန်တော်တို့ အနုစိတ်သမားတွေက ဧ့ောလော လောလောလုပ်လို့ မရပါဘူး၊ အချိန်ယူပြီး အေးအေးဆေးဆေး လုပ်ရတာမို့ ကျွန်တော်တို့ ရွာထဲတောင် ပြန်မအိပ်ကြဘဲ ဒီမှာပဲ အိပ်ပြီးလုပ်ကြတာပါ။

တစ်ခါ အသေအချာ လုပ်ထားရက်နဲ့ ငြိမ့်ပြုတ်ကျလို့ ကျွန်တော့်တပည့်တစ်ယောက် လက်ကျိုးသွားပြန်ပါတယ်၊ နွေခေါင်ခေါင်ကြီးမှ ခရာ ခရာ ဖျားကြပါတယ်၊ ပြီးခဲ့တဲ့ လပြည့်ညကတော့ ကျွန်တော်တို့ ငါးယောက်စလုံး တူညီတဲ့အိပ်မက် တစ်ပြိုင်တည်း မက်ကြတယ်။

အဲဒီအိပ်မက်ထဲမှာ အင်္ဂတေဘီလူးကြီးက အသက်ဝင်ပြီး တင်းပုတ်ကြီးနဲ့ လိုက်ထုတယ်၊ လန့်ပြီး နိုးလာတာနဲ့ ကျွန်တော်တို့ငါးယောက်စလုံး မတိုင်ပင်ကြဘဲ တစ်ချိုးတည်း ရွာဘက်ကို ပြေးကြတော့တာပါပဲ၊ ရွာထဲရောက်မှ အိပ်မက် တစ်ခုကို အတူတူမက်ခဲ့ကြမှန်း သိရတော့တာပါပဲခင်ဗျာ" ဟု ရှင်းပြ၏။

"ကေးလူးပါပဲ မောင်ကျော်ခိုင်၊ တို့ အဲဒီ ဘီလူးကြီးကို သွားကြည့်ရအောင်"

ကျွန်ုပ်တို့အားလုံး စေတီတော်ကြီးဆီသို့ ထွက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

စေတီတော်ကြီးမှာ ဖိနပ်တော်ပေ ၂၀၀ ပတ်လည်ခန့် ရှိပေမည်။ အင်မတန် ကြီးမားလှပေ၏။ ထိုစဉ် လူသုံးဦး စေတီတော် ရင်ပြင်ဆီသို့ လာနေကြ၏။

"ဟေ့ကောင် သန်းဝင်း၊ ဒီကို လာ"

ကုလားကြီးသန်းအောင်က လှမ်းပြော၏။

ထိုလူ သုံးယောက် ကျွန်ုပ်တို့ ထံသို့ ခပ်သုတ်သုတ် လျှောက်လာကြ၏။

အနားသို့ရောက်သော်-

"ဆရာကြီး၊ သူက စေတီတော်ကြီးကို တာဝန်ယူထားတဲ့ ပန်းရန်ဆရာသန်းဝင်းပါ၊ ဟေ့ကောင် သန်းဝင်း၊ မင်းတို့ ဘာကြောင့် စေတီတော်ကြီးမှာ အလုပ်မဆင်းတော့တာလဲ ဆိုတာ ဆရာကြီးကို သေသေချာချာ ပြောပြလိုက်"

ပန်းရန်ဆရာ သန်းဝင်းသည် ကျွန်ုပ်အား ရိုကျိုးစွာကြည့်လျက်-

"ကျွန်တော့်အထင် ပြောရရင်တော့ ဒါဟာ စေတီပျက်ကြီး မဟုတ်လောက်ဘူး၊ နဂိုကတည်းက တစ်ပိုင်းတစ်စနဲ့ ရပ်ထားသလိုမျိုးပဲ၊ အောက်ခြေပိုင်းတွေ ချောတယ်၊ လိုတဲ့နေရာ အုတ်တွေ ဖြည့်တယ်၊ ချောချောမောမောပါပဲ၊ ဒါမေမဲ့ နဂို နေရာကနေ အထက်ကို တက်ဖို့ အုတ်စီတဲ့အခါ မနက်ရောက်ရင် စီပြီးသားအုတ်တွေဟာ ပြိုကျနေတာတွေ့ရတယ်၊ ဘယ်လိုပဲ ကြိုးစားစီပေမယ့် မရဘူး။

အဲဒီအချိန်မှာ မတော်တဆ ထိခိုက်မှုတွေလည်း များလာတယ်၊ အဆိုးဆုံးကတော့ အလုပ်သမားတွေ တစ်ယောက်နဲ့တစ်ယောက် ခိုက်ရန် ဖြစ်ပွားကြတာပါပဲ၊ ဘယ်လောက်ပဲ သဘောကောင်းတဲ့သူ၊ အေးတဲ့သူ ဖြစ်ပါစေ ဒီမှာ အလုပ်ဆင်းလိုက်တာနဲ့ စိတ်တို စိတ်ဆတ်ပြီး ဒေါသတွေ ကြီးကုန်ကြတော့တာပဲ၊ ဒါကြောင့် ကျွန်တော်တို့ အလုပ်နားလိုက်ကြရတာပါ"

"အေးကွာ၊ အခုလို ရှင်းပြတော့ အဖြေရှာလို့ ရတာပေါ့ကွာ၊ တကယ်လို့ အဲဒီလို ပြဿနာတွေသာ မရှိဘူးဆိုရင် အလုပ်ပြန်ဆင်းကြမလား"

"ဆင်းတာပေါ့ ဆရာကြီးရာ၊ ဘုရားကျောင်းကန်တွေ လုပ်ရတာ ကုသိုလ်လည်းရ ဝမ်းလည်းဝမို့ သိပ်လုပ်ချင်တာပေါ့"

"ကဲ- ဒါဆို စေတီပေါ်ကို လိုက်ပြဦး"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ကျွန်ုပ်တို့ ခြေမ်းများပေါ်မှ စေတီတော်ကြီးပေါ်သို့ တက်ရောက်ခဲ့ကြ၏။ အတော်ပင် မြင့်မားလှ၏။ စေတီတော်ကြီး၏ အောက်ပိုင်းများတွင် တစ်ဆုံတစ်ရာ ထူးခြားမှုမရှိသော်လည်း မူလအုတ်ဧည့်ထက် တက်၍မရသည်ကို ထူးခြားစွာ တွေ့ရ၏။

ကျွန်ုပ်သည် စေတီတော်ကြီးပေါ်တွင် လက်ယာရစ်တစ်ပတ် ပတ်လိုက်ပြီး မေတ္တာသုတ်ကို ရွတ်ပွားလျက် ပူဇော်၏။ ဦးမောင်ကလေးသည် ကျွန်ုပ်၏နောက်မှ လိုက်ပါ၍ နှိပ်တမသတ်သာ ဖြစ်နေသည်။

ဤစေတီတော်ကြီး ထီးတင်နိုင်ရေးသည် ၎င်း၏ဘဝတိုးတက်ရာ တိုးတက်ကြောင်းအတွက် အဓိက ဖြစ်နေပေသည်။ တစ်ပတ် ပတ်မိသောအခါ မူလနေရာတွင် ရပ်လိုက်ကြပါသည်။

"စိတ်ဆင်းရဲ ဖြစ်မနေပါနဲ့ ဦးမောင်ကလေးရယ်၊ ခင်ဗျားပြောသလို တစ်လအတွင်း ဒီဘုရားကြီး ထီးတင်ရမှာပါ" ဟု ကျွန်ုပ်က ဆိုလိုက်ရာ-

"တကယ်၊ ပြောတာလား ဆရာကြီး၊ ဝမ်းသာလိုက်တာ၊ ဆရာကြီးရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးဗျာ"

"ကဲ ကဲ ဆင်းကြစို့၊ ခင်ဗျား တပည့် တုလားကြီးသန်းအောင်ကို သာဝန်ရန်အဖွဲ့တွေ အားလုံး ပြန်စုခိုင်းထားပေတော့"

ကျွန်ုပ်တို့အဖွဲ့သည် ဘီလူးရုပ်တုကြီးကိုလည်း သွားရောက်ကြည့်ရှု၏။ လက်ရာမြောက်လှသဖြင့် အသက်ဝင်နေသကဲ့သို့ပင် ထင်ရ၏။ ပန်းရန်ဆရာ ကျော်ခိုင်တို့ အဖွဲ့သည် ကျွန်ုပ်ပါ ရှိနေလျက်ပင် ဘီလူးရုပ်တုကြီးကို ရဲရဲမကြည့်ရဲကြပါ။

"ဦးမောင်ကလေး ဆေးအနှက်နဲ့ စုတ်တံ လိုချင်တယ်"

"ဟုတ်ကဲ့၊ ရပါတယ် ဆရာကြီး"

ဆုလာကြီးသန်းအောင်မှာ စေတီတော်ကြီးအတွင်း ဝင်သွားပြီး တစ်ခဏနှင့် ပြန်ထွက်လာပြီး ဆေးဘူးနှင့် စုတ်တံ ယူဆောင်လာ၏။

ကျွန်ုပ်သည် ဘီလူးကြီး၏ မျက်စိနှစ်လုံးအား ဆေးအနှက်တို့ဖြင့် ပိန်းပိတ်အောင် သုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ဦးမောင်ကလေးနှင့် ပန်းရန်ဆရာတို့သည် ကျွန်ုပ်ကို နားမလည်သလို ကြည့်နေကြ၏။

"ကဲ- ပန်းရန်ဆရာကိုကျော်ခိုင် အနုပြုန်ကစလို့ အလုပ်ဆင်းလို့ရပါပြီ၊ ဘာအန္တရာယ်မှ မရှိနိုင်တော့ပါဘူး၊ ကျွန်ုပ်လည်း ဒီမှာသုံးရက်လောက် နေပေးမျှမယ်"

ဟု ဆိုလိုက်ပြီး ညွှန်ခဲတဲသို့ ပြန်ခဲ့ကြတော့၏။

"ဆရာကြီး၊ တကယ်ပဲထီးတင်လို့ ရမှာလား၊ တကယ်ပဲ ဘီလူးရုပ်တုကြီးကို အပြီးသတ်လို့ ရမှာလား"

"ဩော် ဦးမောင်ကလေးရယ် ဒီလိုမျိုးတွေ ကျုပ်က ကြုံခဲ့ပြီးပါပြီဗျာ ဘာမှ မပူပါနဲ့၊ စိတ်အေးအေးသာထားပါဗျာ၊ တကယ်တော့ ဘယ်ရုပ်တုမဆို မျက်စိကို နောက်ဆုံးမှ ထည့်ရတယ်ဗျ၊ မျက်စိကို အရင်ထည့်လိုက်ရင် အစောင့်အရှောက်ကြီးတဲ့ နေရာတွေမှာဆို ရုပ်တုတွေဟာ အသက်ဝင်လာတတ်တယ်။

ပြီးတော့ ဒီမှာရှိတဲ့ လူတွေအသား ငါး စားတာတို့၊ အရက်သောက်တာတို့၊ မိန်းမပြဿနာတို့၊ ဆဲရေးတိုင်းထွာတာတွေ၊ ညစ်ညမ်းတဲ့စကားတွေ ပြောဆိုတာတွေ ရှောင်ရမယ်၊ ပြီးတော့ ကန်တော့ပွဲထိုးပြီး နေ့စဉ် အလုပ်ဆင်းမယ့်သူတွေ အားလုံး ဘုရားကန်တော့ပြီးမှ အလုပ်ဆင်းကြပါစေ၊ ဘာမှ မဖြစ်စေရပါဘူး၊ ကျုပ် တာဝန်ယူပါတယ်"

ဟူ၍ ရှင်းပြလိုက်သောအခါမှ ဦးမောင်ကလေးမှာ ဝမ်းသာပျော်ရွှင်သွားပါ၏။

"ဦးမောင်ကလေးရေ၊ စေတီတော်ကြီး ထီးတော်တင်လို့ ရအောင်ကတော့ အဲဒီအပေါ်မှာ စေတီတစ်ဆူ ခင်သေးသေး ပြန်တည်ရမှာဗျ၊ မည်ကာတွေ့တော့ မဟုတ်ဘူးနော်၊ မြေနုတ်ကမ္ဘဝါကအစ၊ ပန္နက်တင်မင်္ဂလာတွေ လုပ်ရမယ်၊ တကယ့် မြေပြင်ပေါ်မှာ စေတီတော်တစ်ဆူ တည်သလိုမျိုး အင်္ဂါရုပ်တွေပြည့်စုံအောင် စီမံဆောင်ရွက်ရမယ်။

ပြီးရင် အဲဒီစေတီတော်လေးကို မဏ္ဍိုင်ကြီးကြီးခိုင်ခိုင် ထည့်ပြီး ထီးအကြီးကြီး တင်လိုက်ရင် စေတီတော်ကြီးကို ထီးတင်ထားတာနဲ့မခြား အောက်ကနေ ဖူးကြရမှာပေါ့"

ဟု ထပ်ဆင့် ရှင်းပြလိုက်ရပါသည်။

"ဒါဆိုလည်း ကူညီလက်စနှင့် စေတီတော်လေးပြီးသည်အထိ နေပေးပါ ဆရာကြီး"

"ကောင်းပြီလေ၊ ကျုပ်လည်း ပျဉ်းမနားကို မရောက်တာကြာပြီဆိုတော့ မိတ်ဟောင်းဆွေဟောင်းတွေနဲ့ အေးအေးဆေးဆေး တွေ့ရတာပေါ့ဗျာ။

ပြီးတော့ သုဏ္ဏရာဇ် ၅၅၅ ခုနှစ်မှာ ပျဉ်းမနားမြို့ တည်စဉ်က တည်ထားတဲ့ ဘုရား(၉)ဆူရှိတယ်ဗျ၊ ရှင်းကန်နားမှာ၊ အဲဒီဘုရားမှာ ကျုပ်အဓိဋ္ဌာန်တွေအောင်ဖူးတယ်၊ အဲဒီနေရာဟာ တကယ့် အောင်မြေအစစ်ပဲ၊ တကယ့်အရိယာ ဆူတော်စင်ကြီးတွေ သာသနာ့ တော်ပန္နက် စိုက်ထူခဲ့တဲ့ နေရာမှာပေါ့ဗျာ။

ဒါကြောင့် ပျဉ်းမနားမြို့ကြီးဟာ ဘယ်တော့မှ တိမ်ကော ဆုတ်ယုတ်ဖို့ရာ မရှိဘူး၊ တိုးတက်ကြီးပွားဖို့ရာပဲ ရှိတယ်၊ ကျုပ် အဲဒီဘုရားမှာ (၉)ရက် အဓိဋ္ဌာန်ဝင်လိုက်မယ်။

ဒီနေရောင်ပြစေတီတော်ကြီးမှာလည်း တစ်ပြိုင်တည်း (၉)ရက် အဓိဋ္ဌာန်ဝင်လိုက်မယ်၊ ဒါဆို ကျုပ် အတွက်ရော ခင်ဗျားအတွက်ရော ကောင်းသွားပြီပေါ့ဗျာ"

ထိုနေ့မှစ၍ ကျွန်ုပ်သည် နံနက်တွင် နေရောင်ပြဘုရားသို့ လာရောက်ပြီး တစ်နေကုန် ဘုရားမှာပင် နေပြီး အဓိဋ္ဌာန်ဝင်ရောက်သည်။ ညပိုင်းတွင် ဘုရား(၉)ဆူသို့ သွားရောက်၍ အဓိဋ္ဌာန်ဝင်၏။

ဤသို့ဖြင့် အဓိဋ္ဌာန် (၉)ရက် ပြီးမြောက်ခြင်းသို့ ရောက်ရှိချိန်တွင် လူအင်အားသုံး၍ တည်ဆောက်ခြင်းကြောင့် စေတီတော်ကလေးလည်း ပြီးစီးသွားပြီ ဖြစ်၏။

ထိုရက်များ အတောအတွင်း ကျွန်ုပ်သည် ပျဉ်းမနားရှိ မိတ်ဆွေဟောင်းများနှင့်လည်း အားရပါးရတွေ့ဆုံခွင့် ရသဖြင့် မိတ်ဆွေတို့လည်း ဝမ်းသာလျက်ရှိကြ၏။

စေတီတော်ကြီး လုပ်ငန်းခွင်ထွင်လည်း မည်သည့် ပြဿနာမျှ မကြုံတွေ့ရတော့ပါ။ အဆင်ပြေချောမောပါ၏။

အဓိဋ္ဌာန်စေ့ပြီး နောက် တစ်ရက်တွင် ကျွန်ုပ်တို့အား ဦးမောင်ကလေးမှ ရန်ကုန်သို့ ပို့ဆောင်ပေးပါသည်။

မိတ်ဆွေများက ဇေသဝွက်လက်ဆောင်များ ပေးကြရာ ကားမနိုင်သဖြင့် ရထားဖြင့် တင်ပို့ရန် ဦးမောင်ကလေးက စီစဉ်၏။

www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပါပဲ ဆရာကြီးရယ်၊ ထီးတင်ပွဲကျရင်လည်း ဆရာကြီးကို လာစေချင်ပါတယ်"

"အင်းပေါ့ဗျာ၊ အကြောင်းဆုံချင်တော့ ရောက်ဦးမှာပါ။ ဒါပေမဲ့ နယူးဒေလီကို သွားစရာရှိတယ်ဗျ၊ ဟို ရောက်မှတော့ ဗုဒ္ဓဂယာမှာ အေးအေးဆေးဆေး အဓိဌာန်ဝင်ဦးမှာဆိုတော့ မိမယ်တော့ မထင်ဘူး၊ ဟိုမှာလည်း အရေးကြီးတဲ့ကိစ္စတွေ ဆောင်ရွက်စရာတွေ ရှိနေတယ်၊ ကိုယ့်ကိစ္စတော့ မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမဲ့ သွားရင်းဟန်လွဲ အဓိဌာန်တွေ ဝင်ခွင့်ရတာပေါ့"

ကျွန်ုပ်သည် ကားမောင်းသူဦးမောင်ကလေး အိပ်မငိုက်စေရန် လမ်းတစ်လျှောက်လုံး ထွေရာလေးပါး စကားများပြော၍ လိုက်ပါလာခဲ့၏။

ညနေ ၃ နာရီခန့်တွင် ကျွန်ုပ်၏အိမ်သို့ ချောချောမောမော ပြန်လည်ရောက်ရှိသည်။

ပျဉ်းမနားသို့ ရောက်ရှိပြီး သုံးရက်ခန့် အကြာတွင် ကျွန်ုပ်တို့လည်း အိန္ဒိယနိုင်ငံသို့ ထွက်ခွာခဲ့ကြပါသည်။

အရှေ့ဆောင့်အရှ နိုင်ငံများသည့် နိုင်ငံရေးအသိစိတ်တို့ နိုးကြားလှုပ် နယ်ချဲ့အင်္ဂလိပ်ကို၏ ကိုလိုနီစနစ် လွတ်မြောက်ရန် အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် တော်လှန်ရေးဆင်နွှဲရန်၊ အသင့်အနေအထားသို့ ရောက်ရှိနေကြပြီ ဖြစ်၏။

ဗကြာမီ ကာလအတွင်း၌ အရှေ့ဆောက်အနှံနိုင်ငံများအားလုံး လွတ်မြောက်ရေး ချမှတ်ကာမည်ကို ကျွန်ုပ်၏ အာရုံ၌ ယင်မြင်၍ လာနေ၏။

သို့သော် ဤနိုင်ငံများတွင် သာယာဝပြောသော လူဘောင်သစ်ဆီသို့ ရောက်ရှိရန်မှာမူ နှစ်ပေါင်းများစွာ ကြိုးစားရဦးမည်ကိုလည်း မြင်တွေ့၊ ဘေးဒုက္ခမျိုးစုံကိုလည်း ကြုံတွေ့ရဦးမည်ကိုလည်း မြင်တွေ့နေရ၏။

သတ္တဝတ္ထာ ကမ္ဘသကာ ဟူသော ဘုရားရှင်၏ အဆိုအမိန့် အတိုင်းပင် လူတို့သည် ကိုယ်ပြုခဲ့သော ကံများအတိုင်းသာ ပြန်လည်ခံစားကြရခြင်းသာ ဖြစ်ပါ၍ မည်သူ့ကိုမျှ အပြစ်တင်စရာမရှိပါ။

ကျွန်ုပ်တို့သည် အိန္ဒိယနိုင်ငံတွင် တစ်လမျှ ကြာမြင့်ခဲ့ပါသည်။ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသောအခါ မိုးဦးကျချိန်နေပြီ ဖြစ်ပါ၏။

ကျွန်ုပ်တို့ အိမ်ထဲသို့ ရောက်ရှိသောအခါ မောင်စိန်က သော့ယူ၍ ခြံတံခါးမှ စာထည့်ပုံးကို သွားဖွင့်ပြီး စာတွေ့ တစ်ပွေ့ကြီးယူလာ၏။

"ဆရာကြီး တစ်လအတွင်း လာထားတဲ့ စာတွေ နည်းတာမဟုတ်ဘူး"

ဟုဆိုကာ ကျွန်ုပ်၏ စားပွဲပေါ်သို့ ချပေး၏။

ဖိတ်စာများစုံတို့ပါဝင်ပြီး ပေးစာအိတ်များ ကြေးနန်းစာများလည်း ပါဝင်၏။

ကျွန်ုပ်သည် အရှည်လျားဆုံးသော ကြေးနန်းစာ တစ်စောင်ကို ပထမဦးဆုံး ကောက်ယူ ဖတ်ရှုလိုက်သည်။

ဆရာကြီး

• ထီးတင်ပွဲအောင်မြင်စွာ ပြီးဆုံးသွားပါပြီ၊ မတို့ဦဝီနေ့က ဆရာကြီးကို လာပင့်ပါသေးတယ်၊ ဆရာကြီးတို့ အိန္ဒိယမှာပဲ ရှိနေဦးမယ် ထင်ပါတယ်၊ ဆရာကြီး သာဓုခေါ်ရအောင်လို့ အကြောင်းကြားပေးတာပါ၊ အချိန်ရရင် ဆရာကြီးရဲ့ ကျေးဇူးနဲ့ ထီးတင်ထားတဲ့ ဘုရားကြီးကို လာရောတ် ဖူးမြော်လှည့်ပါဦး။

ရှိသေလေးစားစွာဖြင့်

မောင်တလေး

ဟူ၍ ဖြစ်ပါ၏။

ကျွန်ုပ်သည် နေရောင်ပြေစေတီတော်ကြီးအား စိတ်အာရုံတွင် ထင်မြင် ဦးခိုက်လျက် ဝမ်းမြောက်ဝမ်းသာ ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွဟု သာဓုခေါ်ဆိုမိပါတော့သတည်း။

ဘိုဘို(ရွှေကုန်း)

❑

www.burmeseclassic.com

www.burmeseclassic.com

မကျိုးကိုကိုတစ်ယောက် နှမြောတမ်းကြေး

ညီမ ကျွန်မတို့ အိမ်ရောက်လာတော့ သူတစ်ကောင်တည်း မဟုတ်ပါ။ အရေအတွက် မသိနိုင်တဲ့ သန္ဓေလွယ်ဗိုက်ကြီးနဲ့ပေါ့။ ကျွန်မတို့ အိမ်ရှေ့က ရေထွက်ပေါက်လိုက်ခေါင်းထဲမှာ ညီမ သားဖွားဖို့ နေရာရွှာရင်း ကျွန်မတို့ မိသားစုနဲ့ ရင်းနှီးခွင့်ရခဲ့ပါတယ်။

အညိုရောင် အမွေးလေးနဲ့မို့ လွယ်လွယ်ကူကူပဲ ညီမ လို့ခေါ်ခဲ့တာပါ။ လူစကားမပြောတတ်ပေမယ့် လူတွေပြောတဲ့ စကားကိုတော့ မှက်တွေ့ပလေးချချပြီး နားလည်သလိုနဲ့ နားထောင်ပေးတတ်တဲ့ ညီမပေါ့ရှင်။

ကလေးလူကြီးအားလုံး လူတွေနဲ့ ရင်းနှီးလွယ်ပြီး တွန့်တို ပြုံးပြုံးစိတ်နည်းပါးတဲ့ ညီမဟာ ပေါက်လာတဲ့ ခွေးကလေးသုံးကောင်ကိုလည်း ကျွန်မတို့ မိသားစုရှေ့ ချီ ချီယူလာပြီး ပြတတ်တယ်။

ပိုးကီကောင်တလေးတွေလို တလွန့်လွန့် တလှုပ်လှုပ်နဲ့ ပိတိုးသည်တိုးလုပ်နေတဲ့ ခွေးငယ်နှလုံးတွေကို ကျွန်မတို့ ချီပိုးကိုင်ကွယ်ရင်ရန်မလိုတတ်ဘဲ ဆောင့်ကြောင့်ထိုင်

လပြည့်ဝန်းမဂ္ဂဇင်း (နိဝင်္ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

ချပြီး ကျေနပ်ဝမ်းသာနေတဲ့ မျက်ဝန်းတွေနဲ့ ကြည့်တတ်တယ်။

"ကျွန်မလိုပဲ ကျွန်မသမီးတွေကိုလည်း ချစ်ပါလို့ ပြောနေသလိုပဲနော်၊ အမေ"

"ညည်းက ခွေးစကား နားလည်လို့လား"

"အမေကလည်း ညီမ မျက်လုံးလေးတွေကို ကြည့်ပါလား။ အဲလို ပြောနေသလိုပဲ"

ဒီကြားထဲ အဖေ့စကားက ပိုဆိုးသေး။

"မိန်းမ၊ ငါ မွေးထားတာ လူမလေးပါနော်" တဲ့။

လူနဲ့ စာရွာန်ဆိုတဲ့ ဘဝချင်း ခြားနားပေမယ့် ညီမတို့ မိသားစုကို ကျွန်မတို့အားလုံးက မိသားစုစာရင်း သွတ်သွင်းခဲ့တယ်။ ငါးပိရည်နဲ့ အတို့ အမြှုပ်ကောင်းကောင်းစားပြီး အသားဟင်းလျာ အစားနည်းတဲ့ ကျွန်မတို့ အိမ်ရဲ့ စွန့်ပစ်ပစ္စည်းဟာ အတို့ အမြှုပ် အကြမ်းရင့်ရင့်မာမာတွေနဲ့ အဖော်မပါ ငါးပိရည်ကျဲသာ ဖြစ်ပါတယ်။

ဟစ်ခါတလေ အသားဟင်း အနည်းအပါး ထည့်ကျွေးရင်တောင် ညီမက နှုတ်သီးနဲ့ ဖယ်ရှားပြီး ပန်းကန်ထောင့်နား ကပ်ကပ်ထားတယ်။ ကန်စွန်းရွက်ပြုတ်၊ ကောက်ရိုးနွယ်ပြုတ်၊ မုန်လာဥပြုတ်၊ ခရမ်းသီးပြုတ်နဲ့ ငါးပိရည်ဖြူရောလူးထားတဲ့ ထမင်းကို ညီမ ပိုကြိုက်တတ်ပါတယ်။

ခွေးလေးတွေ ပေါက်ဖွားလာပြီးတဲ့ နောက်မှာတော့ အသားဟင်းလျာတွေကို ခွေးလေးတွေကို စားစေပါတယ်။

ညီမနဲ့ အချိန်ပြည့် နီးစပ်မှု မရှိပေမယ့် ထမင်းကျွေးချိန်မှာတော့ နီးနီးကပ်ကပ်ရှိနေလို့ သတိထားမိစေ ရှိသေးတယ်။

ထမင်းကျန် ဟင်းကျန်ဆိုပြီး ဖြစ်သလို မကျွေးဘဲ ထိုက်သင့်တဲ့ အရသာပါအောင် စီမံကျွေးတတ်တဲ့ အမေ့လက်ကို သူနာခေါင်း ညီမောင်းမောင်းနဲ့ ထိတွေ့ နမ်းတတ်တယ်။ ထမင်းစာခါနီး တစ်ခါ နမ်းတတ်ပြီး စားပြီး တစ်ခါ နမ်းရှုတတ်တယ်။ ခွေးချစ်တဲ့ ကျွန်မကတော့ သဘောပေါက်သလောက် အဖေနဲ့ အမေ့ကို မြန်မြန်ပြောပြတာပေါ့။

"ထမင်းကျွေးတဲ့ ဒီလက်ကို ကျေးဇူးတင်လိုက်တာဆိုပြီး နမ်းတာ အမေရဲ့"

မိခင်ရိုရည်ကလည်းကောင်း၊ စားလုံးကလည်းကောင်းလို့ ခွေးလေးတွေက နေ့ချင်း ညချင်း ဝဖီးလာလိုက်တာ။ နို့စို့အားကလည်း သန်လာတော့ ညီမ ခံမှာ မတတ်နိုင်ရှာဘူးထင်ပါရဲ့၊ ခွေးလေးတွေနဲ့ ဝေးရာကို ထွက် ထွက်ပြေးတတ်တယ်။ ခွေးလေးတွေက လျင်လို့ နို့ကို ဆွဲမိသွားရင်တော့ ဝပ်စင်းမေးတတ်ပါတယ်။

"ပြောမရလည်း စို့တော့ဟယ်"လို့ သဘောထားတယ် ထင်ပါရဲ့။ ခွေးလေးတွေမှာ သွားလေးတွေ ထွက်လာပြီး အာခေါင်နဲ့ လျှာကပ်ဆွဲတဲ့ အရှိန်ကြားမှာ ချွန်ထက်တဲ့ သွားလေးတွေက နို့သီးခေါင်းနဲ့ နို့အုံတစ်ဝိုက်ကို ရောင်ရမ်းတဲ့ အနာဖြစ်လာစေပါတယ်။ ဒါကြောင့် ခွေးလေးတွေနားကို သိပ်တောင် မကပ်တော့ဘူး။

ညီမ သားပေါက်ပြီး သုံးလ အကြာမှာတော့ ကျွန်မ မူလတန်းပြဆရာမ အလုပ်ရတယ်။ ကျွန်မနေတဲ့ မြို့နဲ့ လေးမိုင်ကျော်လောက်ဝေးပြီး ကြားထဲမှာ ရွာလေးတစ်ရွာနဲ့ တောထူးလေးတစ်ခုခြားတယ်။

ရေလမ်းခရီးက သင်္ဘောနဲ့ သွားရင် တစ်နာရီကျော်ကြာအောင် စီးရမှာရယ်၊ သင်္ဘောခ ငါးမူးကိုလည်း နှမြောတာရယ်ကြောင့် ကျွန်မနဲ့အမေ တွန်းမာရင်အကြောင်းပြပြီး ဦးနက်စောစော လမ်းလျှောက်ကာ ကျောင်းတက်တယ်။

ကျွန်မ ကျောင်းရောက်တာနဲ့ တစ်အောင့်တစ်နာရီ အမောဖြေပြီး အခေတ ပြန်ရပြန်ရော။ ညနေ ကျောင်းဆင်းရင်တော့ ကျောင်းအထိ အမေ လာမကြိုပါဘူး၊ တောတန်းလေး အလွန်မှာ ထိုင်စောင့်ရင်း ကြိုတတ်တယ်။

အမေ့ရဲ့ ကျောင်းပို့ ကျောင်းကြိုလုပ်ငန်းမှာ ညီမက အမြဲပါတယ်။

ကြားရွာကို ဖြတ်ရတဲ့အခါ စိတ်ညစ်ရတာ တစ်ခုရှိတယ်။ ရွာခံခွေးတွေက ညီမကို မြင်တာနဲ့ ဝိုင်းကိုက်တော့တာပဲ။ ကျွန်မတို့ သားအမိ ဘယ်လိုတားတား မရခဲ့ဘူး။ အင်အားချင်းကလည်း မမျှတော့ ခွေးအများကြီး ဝိုင်းအကိုက်ခံနေရတဲ့ ညီမကို သနားရုံကအပြင် ဘယ်လိုမှ မတတ်နိုင်ခဲ့ပါဘူး။

နှစ်ရက်၊ သုံးရက် ရွာထဲဖြတ်ပြီးတဲ့နောက်မှာတော့ ရွာနားရောတာနဲ့ ညီမ ပျောက်ပျောက်သွားတတ်ပါတယ်။ အမေ့-

www.burmeseclassic.com

www.burmeseclassic.com

"ညီမလေး ဘိမ်ပြန်သွားပြီ၊ ခွေးအများကြီးဖက် ပုဆယ်ခုနိုင်မှာလဲ" တဲ့။

ညီမ မပါတော့မှ ဘာသတင်းကို စိတ်အေး လက်အေး ဝင်ရိုင်တယ်။ ခွေးသံ တစီစီလည်း မဖြစ်တော့ဘူး။ ရွာထဲက ထွက်ပြီး တောတန်းလေးနားလည်း ရောက်ရော ကျွန်မတို့ကို ဆောင့်ကြောင့်ထိုင်ပြီး မျှော်နေတဲ့ ညီမကိုတွေ့ရတော့ ဝမ်းသာလုံးဆို သွားတယ်။

"အမေ၊ ညီမက ရွာရှောင်လမ်းက ဖတ်ထွက်လာတာ ဖြစ်မယ် နော်"

အမေလည်း အံ့သြဝမ်းသာနဲ့ ညီမခေါင်းကို ဖွဖွကိုင်ပြီး "တော်လိုက်တာ၊ တော်လိုက်တာ"လို့ခီးကျူးနေလေရဲ့။

ညနေဘက် တောတန်းလေးမှာ အမေရောက်နေပြီ ဆိုတာကိုလည်း ကျွန်မရဲ့ ကျောင်းကို ညီမရောက်လာတာနဲ့ သိနိုင်ပါတယ်။ အဲဒီလို လိမ္မာရေးခြားရှိတဲ့ ညီမပါ။

တစ်နေ့တော့ အမေ နေ့မကောင်းလို့ ကျောင်းလိုက် ပို့နိုင်ဘူး။ အမေက ကျွန်မကို စိတ်မချလို့ "သင်္ကေတနဲ့ သွားပါလား သမီးရယ်" လို့ ပြောပေမယ့် -

"အမေရယ် ညီမ ပါတာပဲ စိတ်ချပါ" လို့ ပြောရတယ်။ ကြားရွာကဖြတ်ဦး တောတန်းလေးမှာ ကျွန်မနဲ့ ညီမဆုံပြီး ကျောင်းရောက်တယ်။ ကျွန်မ ကျောင်းဆို ကောင်းကောင်း မွန်မွန်ရောက်ကြောင်း အမေ့ကို သိစေချင်လို့ကော။ အမေ စိတ်ပူနေမှာစိုးလို့ပါ။

ကျွန်မ အကြံအစည်ပါတယ်။

"သမီးကောင်းကို ရောက်ပါပြီ" လို့ အမေ့ အဲဒီစာလှေကို ကြိုးနဲ့ ဖောက်ချည်ပြီးတော့ ညီမလည်ပင်းမှာ ကပ်ချည်ပေးလိုက်တယ်။ ညနေ ညီမ ကျွန်မဆီ ရောက်လာတော့ လည်ပင်းက စာနဲ့ကြိုး မမြင့်ရတော့ဘူး။ အမေ ပြုတ်ယူ ပစ်ပြီးသောက်ပြီပေါ့။

ညနေ ဒေါ်ပြန်ရောက်တော့ ကန်စွန်းရွက်ပြုတ်၊ ငါးပိရည်ရဲရဲအမဲ့ထားတဲ့ ထမင်းပန်းကန်နဲ့ အမေက ညီမကို ကြိုဆိုနေပါတယ်။ သူတို့စံအတိုင်းပါပဲ။ ထမင်းကျွေးတဲ့ အမေ့လက်ကို ထိတွေ့နမ်းတယ်။ ပြီးတော့မှ စားတယ်။ အမေက -

"တိရစ္ဆာန်မဲ့ ဖြစ်ဖြစ်၊ လူပဲ ဖြစ်ဖြစ် ကျေးဇူးကရားကို သိတတ်ပြီး ဆပ်လည်းဆပ်တတ်တယ်၊ ညီမက ကျေးဇူးတရားကို ဟုတ်မပြောတတ်ပေမယ့် ကျေးဇူးလို့ သိပြီး ဆပ်တတ်တာ၊ ညီမ သေရင် လူဖြစ်ဖြစ်မှာပါ" တဲ့။

▲

မည့် ကျွန်မဆိုင်ကို ရောက်တော့ ဆယ့်သုံးနှစ်သမီးပဲ ရှိသေးတယ်။ မိသားစုများပြီး ကျောင်းမတားနိုင်တော့တဲ့ မည့်ကို သူ့အဖေ ကျွန်မဆိုင်မှာ အလုပ်လာလွှင်းခဲ့တာပါ။ အားလုံးညီညီ ဟုပလုံးလုံးလေးနဲ့ ချစ်စရာကောင်းတဲ့ မည့်မှာ ခရမ်းချဉ်သီးတောင်တဲ့ နှုတ်ခမ်းစူစူမဲမဲက အားလိုမလုပ်ခဲ့ပုံစံနဲ့ ဖေါ်။

စာကောင်းသူ သားသမီးတွေရဲ့ ပညာရေးကြောင့် ဝါသနာမပါတဲ့ ကျောင်းဆရာဘဝကို စွန့်၊ အပြစ်စီးပွားရေးလုပ်ငန်းဖြစ်တဲ့စားသောက်ဆိုင်ရောင်းတဲ့ လုပ်ငန်းနဲ့ ဘဝကို ကျင်လည်ဖြတ်သန်းရပါတယ်။ စားသောက်ဆိုင်လုပ်ငန်းဆိုတာ ပင်ပန်းလှပါတယ်။ ကျွန်မ တစ်ဦးတည်းနဲ့ လည်း အလုပ်က မနိုင်တဲ့အတွက် မည့်အရွယ် အကူမိန်းကလေး ထုံးဦးလည်း ရှိပါတယ်။

မနက်ခင်း အစောအစော ရောင်းချရသူမို့ အချိန်လုပြီး အလုပ်လုပ်ရပါတယ်။ ဆိုင်မှာ စားသူ၊ ပါဆယ်ထုပ်သူနဲ့ အမြဲ စားနေကျ ဖောက်သည်တွေက များလှတာမို့ လုပ်ငန်းလုပ်နေ ဈေးရောင်းချိန်မှာ ရောင်းတဲ့ အာရုံတစ်ခုတည်းပေါ်မှာ နှစ်မြှုပ်ပြီး အလုပ်လုပ်ကြရပါတယ်။

မည့်နဲ့အတူ လုပ်ဖော်ကိုင်ဖက် မိန်းကလေး သုံးယောက်မှာ သူတို့ကြီးပြင်းရာ နေရာဒေသ၊ ဓလေ့ ရိုးရိုးတွေက တစ်ယောက်တစ်မျိုးနဲ့ အချိုးကျအောင် ပြုပြင်သွန်သင်ရာမှာ မည့်ကလွဲပြီး ကျန်တဲ့ သုံးယောက်ကတော့ ရိုးကျိုးနာခံတတ်သူတွေပါ။

ရိုးကျိုး နာခံတတ်ကြပေမယ့် အမှတ်သညာကတော့ နည်းပါးပါတယ်။ မည့်ကတော့ မထီမဲ့မြင် ပုံစံရှိပြီး အမှတ်သညာတော့ ရှိပါတယ်။ အားလုံးတဲ့မှာ ဉာဏ်ကောင်းပြီး အမှတ်သညာရှိတဲ့ မည့်ကို အမေးပေး ဂရုစိုက်ခဲ့ပါတယ်။

အလုပ်မှာ ကျွမ်းကျင် သွက်လက်လှပေမယ့် စုနေတဲ့ နှုတ်ခမ်းကြောင့် အပြုံးမဲ့ စိတ်ဆိုး စိတ်ဟောက်နေတယ်လို့ထင်ရသဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာပေးကို ကျွန်မ သတ်ကြားပြသပေးခဲ့ပါတယ်။

"စွေးရောင်းတဲ့သူက မျက်နှာစုပုပ်နေရင် စွေးဝယ်သူက ဝယ်ချင်ပါတော့မလား၊ အဲဒီတော့ သမီးတို့ မျက်နှာလေးတွေကို ပြုံးပြုံးလေးထား၊ ညှိနှုတ်ခမ်းစူနေတာကို သတိထားပြီး ရယ်စမ်းပါအေ၊ ညည်းနှုတ်ခမ်းက အမြဲစူနေသလိုပဲ"

"အန်တီကလည်း သမီး နှုတ်ခမ်းက နဂိုကတည်းက စူနေတာကို ဘယ်လိုလုပ်ရမလဲ"

"ပြုံးနေလေ၊ သတိထားပြီး ပြုံးနေရင် စူနေတာ ပျောက်သွားမှာပေါ့"

စွေးရောင်းဖို့ ပြင်ပြီဆိုတာနဲ့ လက်၊ ခြေထောက်ကအစ ဆေးကြောသန့်စင်စေရပါတယ်။ ကျွန်မကိုယ်တိုင်လည်း စားသောက်ဆိုင်တစ်ဆိုင် ဝင်လိုက်တာနဲ့ ရောင်းသူတွေရဲ့ ခြေလက်သန့်ရှင်းမှုကို ကြည့်တတ်လို့ပါ။ အမှုမဲ့ အမှတ်မဲ့ ခေါင်းကုတ်တာ၊ နားကော်တာ၊ နှာခေါင်းကော်တာက အစ စားသောက် ဝယ်ယူသူတွေရှေ့မှာ မလုပ်ရပါဘူး။

စားသောက်သူရဲ့ စိတ်ကို ကိုယ့်စိတ်နဲ့ စာနာပြီး စေတနာထားရောင်းခဲ့တာမို့ ကျွန်မဆိုင်ဟာ ကျွန်မတို့မြို့လေးမှာ ရောင်းအားအကောင်းဆုံးအဖြစ် နာမည်ရ ဆိုင်တစ်ဆိုင်ဖြစ်ခဲ့ပါတယ်။

အဲဒါကြောင့်လည်း သားသမီးတွေအတွက် ပညာရေးဘက်မှာ မချို့ငဲ့ရအောင် ထားနိုင်ခဲ့ပါတယ်။ သားအကြီးက စီးပွားရေး မဟာဘွဲ့နဲ့ ကျောင်းပြီးခါနီး သမီးငယ်က အီးမေးလ်နဲ့ ကျောင်းပြီးဖို့ တစ်နှစ်အလိုလောက်မှာ လူဘဝရဲ့ မဓာဉ်ငြိမ်တတ်တဲ့ ပြောင်းလဲမှုကို ကျွန်မ စတင်ခံစား နားလည်ခဲ့ရပါတယ်။

စွေးရောင်းဝယ်မှုနဲ့ အသားကျစီးပွားရှာတတ်တဲ့ ကျွန်မအတွက် စည်ပင်နယ်နိမိတ် မလွတ်တင်းလို့ စွေးဆိုင်တန်းတွေ ဖယ်ရှားခဲ့ရချိန်မှာ ကျွန်မဘဝကြီးတစ်ခုလုံး ပျက်စီးခြင်းဆိုတဲ့ကပ်ဆိုက်ရောက်လာသလိုပါပဲ။ ကလေးတွေရဲ့ရှေ့မှာ မူမမှန်နေနိုင်ဖို့ ကြိုးစားပေမယ့် ပျက်ယွင်းနေတဲ့ မျက်နှာသွင်ပြင်က ပြင်မရခဲ့ပါဘူး။ ထိုင်နေလို့ ဘာမှ ဖြစ်မလာနိုင်တဲ့ ဘဝမှာ နောက်ထပ် ဆိုင်ခန်းသစ် တစ်ခုကို ရှာခဲ့ရပါတယ်။

လက်ရှိလုပ်ငန်းက ရှာဖွေရသမျှဟာ ကလေးတွေရဲ့ ပညာရေးအတွက်ပဲ သုံးခဲ့ရတဲ့အတွက် စုမိဆောင်းမိ မရှိခဲ့ပါဘူး။ လောလောဆယ်က ပညာရွှေအိုးတွေထဲ ထည့်နေရတာပါ။ ပညာရွှေအိုးတွေထဲက လည်း နို့က်ယူသုံးစားလို့ မရသေးတော့ ဆိုင်သစ်ဖြစ်မြောက်ရေးကို ကြွေးနဲ့ စတင်ခဲ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် အရင်ခောင်းအားအတိုင်းရှိရင် မကြာခင် တင်နေတဲ့ ကြွေးကိစ္စတွေ ပြေလည်သွားမှာပါ။ ကလေးတွေလည်း ကျောင်းပြီးတော့မှာ ဖြေဆည်ရာ အတွေးတွေနဲ့ ရှေ့ဆက်ရမယ့်လုပ်ငန်းတွေအတွက် ဇောကပ်နေတဲ့ အချိန်မှာပဲ မြွေပူရာကင်းမှောင့်လို့ တစ်ထောင့်ကနေပြီး ပြဿနာ စလာပါတော့တယ်။

အဲဒါကတော့ မည်ုနဲ့ သူ့အဖေပါ။ မည်ု အဖေက မည်ုရဲ့ လုပ်အားခကို ထပ်တိုးပေးဖို့ တောင်းဆိုပါတယ်။ ကျွန်မက အခက်အခဲတွေ တအားဖြစ်နေချိန်မို့ ဆိုင်သစ်မှာ အရှိန်ရလာရင် လစာတိုးပေးမယ့် အကြောင်းနဲ့ ခုလောလောဆယ်မှာတော့ မဖြစ်နိုင်သေးတဲ့အကြောင်း ပြောလိုက်ပါတယ်။

သူ့အဖေ ပြန်သွားပြီး သိပ်မကြာခင်ပဲ မည်ု ရောက်လာပါတယ်။ ကျွန်မဆိုမှာ အလုပ်လုပ်ချိန် ဆယ့်သုံးနှစ်ကျော်ကြာမြင့်တဲ့ကာလမှာ ကျွန်မရဲ့ဖောက်သည်၊ ကျွန်မရဲ့ မိတ်ဆွေအားလုံးဟာ မည်ုရဲ့ ဖောက်သည်၊ မည်ုရဲ့ မိတ်ဆွေပါပဲ။

မသိတဲ့သူ တချို့က မည်ုနဲ့ ကျွန်မကို တူမနဲ့အဒေါ်လို့ ထင်တတ်ကြပြီး တချို့ကလည်း သားအမိလို့တောင် ထင်တတ်ကြပါတယ်။

ကျွန်မဆိုင် အရောင်းအဝယ်အတွက် အားအထားရဆုံးသူဖြစ်လို့ အစစ အရာရာ မည်ုဟာ ကျွန်မသားသမီးတွေပြီးရင် ဒုတိယ ဦးစားပေးခံရသူပါပဲ။ ကျွန်မဆီမှာ အနေမြဲပြီး ကျွန်မ စည်းကမ်း၊ ကျွန်မ နည်းလမ်းတွေကို လက်ထပ်သင်ယူထားသူမို့ သူမရှိတော့ရင်ဆိုတဲ့ စိတ်ကလည်း ကသိကအောက် နိုင်လှပါတယ်။

"ညီ၊ သမီးမရှိရင် အန်တီ ဘယ်လိုလုပ်မလဲ၊ အခြားကလေးတွေက သမီးလောက် သိတာ တတ်တာ မဟုတ်ဘူးလေ"

အဲဒီအခါ မည်ု ပြန်ပြောတဲ့ စကားက -

"တော်ပြီပေါ့ အန်တီရယ်၊ ဒီလောက်လုပ်ပေးခဲ့တာ အခုတိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com

သမီးတွေလည်း အကုန်ပညာတတ်
တွေ ဖြစ်ကုန်ပြီပဲ" တဲ့။

'ဘုရား ဘုရား ငါ့သားသမီး
တွေ ပညာတတ်တွေဖြစ်တာတောင်
သူကြောင့် ဖြစ်လာသလိုပါလား'

စီးပွားရေးလုပ်ငန်း အရ
အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာ
ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုထား
သဘာဝတရားပါ။ ဒါပေမဲ့ "ငါ့
ကြောင့် ဖြစ်လာတာပါ" ဆိုတဲ့ စိတ်
အလွဲနဲ့တော့ လက်မ ဓိဏောင်းနှင့်
ဘီဘူး။ 'ဟင်းစားပေးပါ။ ကွန်ချက်
ပြပါနဲ့' စကားပုံကို အခုအချိန်မှာ
သတိရလည်း လွန်ပြီးသွားပါပြီ။

ဆိုင်ရဲ့ အရင်းအနှီး အမြတ်
အစွန်း အကုန်ပေးသီထားပြီး သမီး
တစ်ယောက်လို အားကိုးခဲ့ရတဲ့ မည်
ပါ။ ဆိုင်မှာ လူလိုလို အလုပ်ခန့်မယ်
ဆိုရင်တောင့် မည်ရဲ့ ဩဘောထား
ကို အရယူပြီးမှ အလုပ်ခန့်ခဲ့တာပါ။

မည်ဟာ မကြိုက်ရင်ပယ်၊ မည်
နဲ့ မတည့်ရင် ထုတ်၊ ဖြုတ်၊ ဆိုင့်ပိုင်
ရှင်ဖြစ်တဲ့ ကျွန်မထက် မည်ကို
အကူမိန်းကလေးတွေက ပိုကြောက်
ကြပါတယ်။ ကျွန်မ အခက်အခဲနဲ့
ကျဉ်းထဲကျပ်ထဲ ရောက်တဲ့အချိန်မှ
မည်ကသူလုပ်ပိုင်ခွင့်ကို ပြပါတော့
တယ်။ ကျွန်မ ဘယ်လိုပဲ တောင်းပန်
စည်းရုံးပေမယ့် -

"ဟင့်အင်း လုပ်ကို မလုပ်ချင်
တော့တာပါ" ဆိုပြီး သူတိုပြတ်ခြောမှ
ကျွန်မ လက်လျှော့ပြီး -

"ဒါဆို အလုပ်သမားထပ်ရတဲ့
အထိတော့ ဆင်းပေးပါ" လို့ တောင်း
ပန်ခဲ့ရတယ်။ ကျွန်မ တောင်းပန်မှု
ကြောင့် မလွဲသာလို့ အလုပ်လာဆင်း
တဲ့ မည်ဟာ သူ့ရဲ့ဒီဇရွပ်ကို စပြီး
ထုတ်ပြပါတော့တယ်။

နဂိုစုနေတဲ့ နှုတ်ခမ်းကို တင်း
တင်းစေ့ပြီး မရယ်မပြုံးနဲ့ မလွဲသာ
လို့ လုပ်ပေးနေရတဲ့ အမူအရာက
ထင်ရှားလှပါတယ်။ အပြစ်မြင်နေကျ
ရယ်နေကျ ဖောက်သည်တွေအပေါ်
အမှားအယွင်းတွေ အများကြီးလုပ်မိ
လို့ ကျွန်မ သတိပေးရင်တောင် -

"လာမပြောနဲ့ သိထယ်" လို့
နှုတ်လုံခံပဏ္ဍိတာမျိုးတွေ ဖြစ်လာ
ပါတော့တယ်။

အပြောင်းလဲကြီး ပြောင်းလဲ
သွားတာကို ကျွန်မအံ့သြနေမိမှာပဲ
နောက်ထပ် အံ့သြဖွယ်ရာတစ်ခုကို
ထပ်မံမြင်လိုက်ချိန်မှာတော့ ကျွန်မရဲ့
အံ့သြတုန်လှုပ်မှုက အကြီးမားဆုံးကို
ရောက်ရှိသွားပါတော့တယ်။

"မနက်ဖြန် ကျွန်မ အလုပ်
မလာတော့ဘူး" လို့ ပြတ်ပြတ်သား
သား ပြောထွက်သွားတဲ့ မည်နဲ့ သူ့
အဖေကို အလုပ်သမားမဲ့နှင့် ဆင်း
ပေးဖို့ မြေးချစ်ပေမယ့် အဖေ့ရော
သမီးပါ အိုတွေ့မခံတော့လို့ လက်
လျှော့ပြီး ရှိတဲ့လူအင်အားနဲ့ လုပ်တဲ့
အခါ ထောင့်မစေ့လှပေမယ့် အလုပ်
ကတော့ ဖြစ်သွားပါတယ်။

စားနေကျ မြင်နေကျ ဖောက်
သည်တွေက မည်ကို မတွေ့လို့ မေး
တဲ့အခါ "သူ နေမကောင်းလို့ပါ"
လို့ ဖြေခဲ့ရပါတယ်။

မည်ရဲ့ ပြောင်းလဲခြင်းဟာ
မြန်လွန်းလို့ အံ့သြခဲ့တာပါ။ ဆိုင်သစ်
အမြန်ဖွင့်နိုင်ရေးအတွက် ကျွန်မ
သွားပြီး ကြီးကြပ်နေချိန်မှာ ဆိုင်
အတွက် စျေးဝယ်၊ ရောင်းပြီး ငွေ
သိမ်း၊ ရောင်းရတဲ့ ငွေသိမ်း၊ အားလုံး
ကို လွဲအပ်လိုက်တဲ့အခါ လုပ်ငန်းရဲ့
အမြတ်အစွန်းအခြေအနေကိုအကုန်
နားလည်ပြီး လောဘတက်ခဲ့တာ ဖြစ်
ပါလိမ့်မယ်။

ကွန်ချက်ပြသူက ကျွန်မမို့
ရလာတဲ့ ကြောင်းကျိုးပေါ်မှာ ကျွန်မ
နောင်တမဖြစ်ပါဘူး။

'သူလည်း ခွဲထွက် စီးပွားရှာ
ချင်မှာပဲပေါ့၊ ပင်လယ်ရေ တစ်
ယောက်တည်းသောက်လို့ ကုန်တာမှ
မဟုတ်တာဘဲ နေပါစေ' လို့ စိတ်ကို
ဖြေလျော့ ဖော့တွေးပေးခဲ့ပါတယ်။
ကျန်တဲ့ကလေးတွေကတော့ -

"မမည်ကလည်း အန်တီမှာ
ကျဉ်းထဲကျပ်ထဲရောက်နေတာတောင်
ထွက်သွားတယ်" လို့ အပြစ်တင်ကြ
ပေမယ့် ကျွန်မဏာတော့ ဆယ်နှစ်
ကျော် သံယောဇဉ်နဲ့ အပြစ်မမြင်
ရက်ခဲ့ပါဘူး။ သူမရှိလည်း ကျွန်မ
ဆိုင်ကတော့ ရောင်းမြဲ၊ ဝယ်မြဲ၊ စည်
ကားနေဆဲပါပဲ။

မည် ထွက်သွားပြီး တစ်ပတ်
လောက် အကြာမှာတော့ ကျွန်မဆိုင်
နဲ့ တစ်ဆိုင်ကျော်က ပိုတ်ထားတဲ့
ဆိုင်မှာ ဆိုင်ဖွင့်ဖို့ မွမ်းမံပြင်ဆင်နေ
တာ တွေ့ရပါတယ်။ ကျွန်မ ဆိုင်လိုပဲ
စားသောက်ဆိုင်လို့ သိရပါတယ်။

ကျွန်မ ဆိုင်ထွက်နောက်ကျ
တဲ့ တစ်နေ့မှာ ဆိုင်သစ်က အစော
ကြီးဖွင့်ပြီး ရောင်းဝယ်နေတာ လူတွေ
လည်း စည်ကားလှပါတယ်။ ကျွန်မ
ဆိုင်မှာ စားနေကျ ဖောက်သည်တွေ
တောင် ဆိုင်သစ်မှာသွားစားသောက်
နေကြလို့ လုံးဝအကြည့် ကျွန်မအံ့သြ
သွားရပါတယ်။

လပြည့်ဝန်းမဂ္ဂဇင်း (နိဝင်္ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ဆိုင်မှာတုန်းက နှုတ်ခမ်းစူစူလေးနဲ့ မည်းတစ်ယောက် ဖွေးနေတဲ့ သွားလေးတွေ အားလုံးပေါ်တဲ့အထိ တပြုံးပြုံးနဲ့ ရယ်ရင်း မောရင်း စျေးရောင်းနေလိုက်တာ။ ကျွန်မ ကြည့်နေတာ သိပေမယ့် သူကျွန်မကို ပြန်မကြည့်ပါဘူး။ တချို့ဖောက်သည်တွေက မည်းဆီမှာ စားသောက်ပြီး ကျွန်မဆိုင်ကို လာပါတယ်။

"အန်တီ့ဆိုင်နဲ့ အတူတူ မဟုတ်လား"

ကျွန်မ မကြားဟန်ဆောင်နေလိုက်ရပါတယ်။ ဖြေချင်စိတ်ကို မရှိတော့လို့ပါ။ တချို့ အကြောင်းသိတဲ့ သူတွေကတော့ -

"မလုပ်သင့် မလုပ်ထိုက်ဘူး၊ လုပ်မယ်ဆိုရင်တောင် ဒီလိုအနီးအနားမှာ လာမလုပ်သင့်ဘူးပေါ့"

"ကျေးဇူးရှိမှ ကျေးစွပ်တာ အန်တီ၊ ကိုယ့်စိတ်ကိုယ်ဖြေပါ"

မည်းဆီက ကျွန်မနဲ့ ပတ်သက်တဲ့ အမနာပစကားတွေလည်း ကြားရရဲ့။ လိုသူ မလိုသူ စကားပို့စကားယူသူတွေနဲ့ နှလုံး မချမ်းမြေ့ဖွယ်ရာပါပဲ။

ကျွန်မဆိုင်က ကောင်မလေးတွေကို ကျွန်မ မရှိချိန်မှာ ခေါ်တွေ့တတ်ပြီး မည်း ခေါ်တွေ့တဲ့ ကောင်မလေးတချို့ကတော့ အလုပ်ထွက်ဖို့ ပြင်တော့တာပါပဲ။

ကျွန်မဆီမှာ အလုပ်သမား ရှားပါးအောင် မည်းရဲ့ ဆောင်ရွက်ချက်ကို မသတီလို့ ပြန်ရေးချင်စိတ် မရှိခဲ့ဘူး။ ကျွန်မ အသက်အရွယ်နဲ့ အဆင့်အတန်းအရရော၊ တရားနဲ့ စောင့်ထိန်းချင်တဲ့ စိတ်ကြောင့်ရော သူနဲ့ တုပ ရန်ဖက်မဖြစ်လိုပါဘူး။

ကျွန်မ ဆိုင်ဝင်မယ့် စားသုံးသူတွေကို အဝင်းထွက်ခေါ် ဆွဲခေါ်၊ တချို့ကလည်း ကျွန်မကို မျက်နှာပူနောက်တော့ စားသောက်သူအများစုတာ သူနဲ့ကျွန်မ ဆိုင်နှစ်ဆိုင်ကြားမှာ အနေအစားခက်ပြီး ဘယ်ဆိုင်မှ လာမစားကြတော့ပါဘူး။

ကျွန်မလည်း အရောင်းကျသူလည်း အရောင်းအ ဘဝဖြစ်ရပါတယ်။ သူမှာ လွတ်လပ်စွာ ရောင်းဝယ်ခွင့်ရှိပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ပုဒ္ဓဘာသာလူမျိုးတွေမှာရှိတဲ့ စည်းကိုတော့ မကျော်သင့်ပါဘူး။ ကျေးဇူးတရားဆိုတာ သိရုံနဲ့တင် မဂ်လာရှိတဲ့အထဲ အကျုံးဝင်စေပါတယ်။ ကျွန်မဘက်ကလည်း တစ်သက်လုံး အလုပ်သမားအနေနဲ့ ဆွဲချည် တုပ်နှောင်ထားဖို့ မရည်ရွယ်ပါဘူး။ တစ်နေ့နေ့ တန်ဆိုချိန်ချိန်မှာတော့ သူလည်း ကျွန်မလို လုပ်ငန်းရှင် တစ်ယောက်ဖြစ်ချင်မှာပဲလေ။

ဒါပေမဲ့ ကျွန်မ ဒုက္ခရောက်နေချိန်မှာ စင်ပြိုင်တစ်ခု အနေနဲ့ အနီးကပ်ဝင်တိုက်လိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ အကြောင်းသိတဲ့ မိတ်ဆွေရင်းတွေကတော့ အားပေးကြပါတယ်။

"မူရင်းက မူရင်း၊ မိတ္ထူကီ မိတ္ထူပေါ့" တဲ့။

ကျွန်မကို မျက်လုံးချင်းဆုံမကြည့်ရဲတဲ့ မည်းလည်း အနေခက်ရှာမယ်လို့ ကျွန်မ တွေးမိပါတယ်။ ဆင်ဖြူမျက်နှာ ဆင်မည်း မကြည့်ဝံတဲ့အဖြစ်။

နောက်ကျောမလုံ လိပ်ခြာမသန့်သူအဖြစ် အပြစ်များစွာနဲ့ အနေခက်ရှာမယ့် မည်းအတွက် ကျွန်မ ဆိုင်ခန်းကိုရောင်းပြီး ရန်ကုန်ပြောင်းခဲ့ပါတယ်။ ပညာစုံပြီဖြစ်တဲ့ သားသမီးတွေရဲ့ စောင့်ရှောက်မှုအောက်မှာ နှလုံးစိတ်ဝမ်းအေးချမ်းနေပါပြီ။ မြို့က အမျိုးတွေ ရန်ကုန်အိမ်ကို ရောက်လာတော့ မည်နဲ့ပတ်သက်တဲ့ သတင်းတွေ ပါလာပါတယ်။ "အိမ်ထောင်ကျသွားပြီ၊ ဆိုင်မထွက်တော့ဘူး" ဆိုတာ သိရတော့လည်း ကျွန်မရင်ထဲ ဘာခံစားချက်မှ မရှိတော့ပါဘူး။

လောကကြီးမှာ အမြဲတမ်း မတည်မြဲဘူး၊ ဖြစ်ပျက် ပြောင်းလဲနေတတ်စာကိုလည်း သိထားပြီးလို့ပါ။

'ညီမက ကျေးဇူးတရားကို ထုတ်မပြောတတ်ပေမယ့် ကျေးဇူးလို့ သိပြီး ဆပ်တတ်တယ်၊ ညီမ သေရင် လူပြန်ဖြစ်မှာပါ"လို့ ပြောခဲ့တဲ့ အမေလည်း မရှိတော့ပါဘူး။ အမေရှိရင်တော့ မေးချင်ပါသေးတယ်။

"မည်းရော သေရင် ဘယ်ရောက်နိုင်သလဲ" လို့။

နှုတ်သီးလေးနဲ့ ထမင်းကျွေးတဲ့လက်ကို နမ်းတတ်တဲ့ ခွေးမလေး ညီမ။

နှုတ်ခမ်းလေးတစူစူနဲ့ အမြဲငြူစူတတ်တဲ့ လူမလေး မည်း။

ကိုက်တတ်တဲ့ခွေးတ နမ်းတတ်ပြီး နမ်းတတ်တဲ့လူက တိုက်တတ်တယ်ဆိုတာ ကျွန်မကိုယ်တွေ့ကြုံလို့ ယုံလိုက်ရတာပါ။

လေးမှူး

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဆူးပန်းတို့

www.burmeseclassic.com

www.burmeseclassic.com

ဆရာ ရေနံ့သာအောင်ချမ်းဇော်ရဲ့ "လွမ်းသမုဒယသံသရာ"နှင့်စပ်လျဉ်း၍

လိုရင်းတိုရှင်း ပြောရရင် 'လွမ်းသမုဒယသံသရာ' ဝတ္ထုဟာ အမှတ်- ၂၄၅၂၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လထုတ် လပြည့်ဝန်းမဂ္ဂဇင်း စာမျက်နှာ (၁၆၁) မှာ ဖော်ပြခဲ့တဲ့ 'သမုဒယမိုးမြေ' ဝတ္ထုရဲ့ နောက်ဆက်တွဲ (ဒုတိယပိုင်းလို့ပဲ ပြောပြော၊ ဇာတ်သိမ်းပိုင်းလို့ပဲ ပြောပြော) ဖြစ်ပါတယ်။ ဒါပေမဲ့ ဆရာအောင်ချမ်းဇော်က 'လွမ်းသမုဒယသံသရာ' ကို အရှင်ပေးပို့ခဲ့ပါတယ်။ ဇာတ်လမ်းတောင်းတစ်ပုဒ် ဖြစ်တာမို့ အထက်ဖော်ပြပါ လပြည့်ဝန်းမဂ္ဂဇင်းမှာ ဖော်ပြခဲ့ပါတယ်။ ဝတ္ထုတင်ဆက်ပုံအရ ဇာတ်လမ်းကို အဆုံးသတ်ထားတာမို့ 'ဆက်ရန်' ရှိသေးတယ်လို့လည်း မထင်ခဲ့ဘူး။ အဲဒီလို ဖော်ပြပြီး နှစ်လခန့်အကြာ (၂၆၊ ၈၊ ၂၀၁၆၊ စနေနေ့) မှာမှ အယ်ဒီတာစားပွဲပေါ်မှာ 'လွမ်းသမုဒယသံသရာ' ကို တွေ့ရှိ ဖတ်ရှုမိပါတယ်။

အိုး . . . လက်စသတ်တော့ 'လွမ်းသမုဒယသံသရာ' ထာ 'သမုဒယမိုးမြေ' ရဲ့ နောက်ဆက်တွဲ ဖြစ်နေတာကိုး။ 'သမုဒယမိုးမြေ' ထဲက ချစ်သူနှစ်ဦး ဖြစ်ကြတဲ့ မင်းစည်သူနဲ့ စောခရာတို့ရဲ့ ဆွတ်မှဲ့လွမ်းမောဖွယ် ပြန်လည်ဆုံတွေ့ခန်းဟာ 'ဝမ်းသာလွန်းလို့ မျက်ရည်များပင် လည်ရွာတယ်' လို့ ပြောရမယ့်အစား 'ဆုံပဲ ဆုံတတ်လွန်းလို့ မျက်ရည်မိုးတွေ စွေရွာတယ်' လို့ ပြောရတော့မယ်။

ကဲ- အခု ဆရာ အောင်ချမ်းဇော်ရဲ့ 'သမုဒယမိုးမြေ' အဆက် 'လွမ်းသမုဒယသံသရာ' ကို အားပေးဖတ်ရှုကြပါဦးလို့ လေးစားစွာ နိဒါန်းသဝဏ်လွှာ ရေးသားလိုက်ရပါတယ်။

(အယ်ဒီတာ)

◆ ◆ ◆ ◆ ◆

"အရှင်ဘုရား သင်္ကန်းဝတ်ပြီး ရဟန်းဘဝနဲ့ ဘယ်လောက်ကြာကြာ နေမှာလဲ ဘုရား"

"ငါ့သားနဲ့ မြေးက ၁၀ ရက် သင်္ကန်းဝတ်ကြမှာဆိုတော့ ငါက ဟော် သလောက်ပေါ့ကွာ"

"အရှင်ဘုရား ဟိုလွန်တော်မူတဲ့ အဖေ ဟော်အောင် သင်္ကန်းဝတ်နေနိုင်ရင် ကောင်းတာပေါ့ ဘုရား"

"ဖြစ်နိုင်မယ် မထင်ပါဘူးကွာ"

"ဘာလို့ မဖြစ်နိုင်ရမှာလဲဘုရား၊ အရှင်ဘုရား သားသမီးတွေ ပညာတတ်တွေ အခြေတကျတွေလည်း ဖြစ်နေကြပြီဝဲ၊ မြေးတွေတောင် ကြီးကုန်ပါပြီ၊ အရှင်ဘုရားလည်း ငယ်တော့တာမှ မဟုတ်တာ၊ စီးပွားဥစ္စာလည်း ပြည့်စုံပြီပဲ"

"ဒါတော့ ဒါပေါ့ကွာ၊ ဒါမေမဲ့-"

"အရှင်ဘုရား သာသနာ့ဘောင် ဝင်သွားရင် ဇနီး မိဝေအတွက် စိတ်မချလို့လား ဘုရား၊ မိဝေအတွက် တပည့်တော် တာဝန်ယူပါတယ်ဘုရား၊ သူငယ်ချင်းကို ပါရမီဖြည့်ချင်လို့ပါ ဘုရား"

"ခွေးမသား ခုချိန်ထိ ငါ့မိန်းမ မိဝေကို ကြိုစည်ပြစ်မှားနေတုန်းပဲလား၊ မိဝေကို မှာထားရဦးမယ်၊ ဒီကောင် အိမ်ကို မလာစေနဲ့လို့"

"တပည့်တော် ဘက်ကတော့ စိတ်ချပါ ဘုရား"

"အေးပါ၊ အေးပါ၊ ငါ့မိန်းမမိဝေဘက်က စိတ်မချရဘူးပေါ့ ဟုတ်လား၊ တော်စမ်းပါကွာ၊ စိတ်ဖြောင့်ဖြောင့်၊ ဒုလ္လဘဝတ်စမ်းပါရစေ၊ ဒီနေ့ ရဟန်းခံရှင်ပြု မင်းတို့အားလုံး လာမှလာပါ့ မလားလို့ကွာ၊ လူစုံတက်စုံလာလို့ ငါ ဝမ်းသာပါတယ်ကွာ၊ ဘယ်လိုလဲ၊ စားလို့ အဆင်မြေကြရဲ့လား"

"စားလို့ကတော့ အဆင်ပြေပါတယ် ဘုရား၊ သောက်ဖို့က အဆင်မပြေဖြစ်နေပါတယ်"

"ဒါကတော့ နင်တို့ဟာနင်တို့ ဆိုင်သွားသောက်ကြပေါ့ဟာ"

"ဆိုင်သွားတဲ့အခါ ခါတိုင်းလို အရှင်ဘုရား မပါတော့ ရင်ထဲ ဟာတာတာကြီး ဖြစ်မှာ ဘုရား"

"ခွေးမသား လွင်မောင်၊ နင် ငရဲကြီးတော့မှာပဲ၊ အခု ငါက နင်နဲ့ မတူတော့ဘူး၊ ရဟန်းဖြစ်နေပြီဟ"

"သိပါတယ် ဘုရား၊ သိမ်ဆင်းလာပြီးပြီဆိုတော့ ရဟန်းဖြစ်သွားပြီ၊ ဒါဆိုရင်လည်း ငယ်သူငယ်ချင်းတွေတို့ တရားဦးလေး ဘာလေး ဟောဦးလေး တပည့်တော်တို့လည်း တရားနာရတာပေါ့"

"အေး လွင်မောင်၊ နင်ပြောမှပဲ ငါသတိရတော့တယ်၊ မင်းတို့ကို အနေတကြီး အုံသြစရာ ပြောပြချင်တာ ရှိတယ်၊ ငါမေ့နေလို့ ငါလည်း မင်းတို့နဲ့ အေးအေးဆေးဆေးကို စကားပြောခွင့်မရခဲ့ဘူး"

www.burmeseclassic.com

"အရှင်ဘုရားက နိုင်ငံခြား သွားနေတာလည်း အကြာကြီးပဲ၊ ပြန်ရောက်တော့လဲည်း ချက်ချင်း မြေးကိုရှင်ပြု သားနဲ့အရှင်ဘုရားက ရဟန်းခံဆိုတော့ တပည့်တော်တို့နဲ့ စကားပြောချိန်မှ မရတာ"

"အေး၊ ကောင်းမှုကုသိုလ်ပြုမယ်ဆိုရင် အချိန်မဆွဲဘဲ မြန်မြန်လုပ်ရတယ်ကွ၊ ငါလည်း ရဟန်းမခံခင် ဘုန်းကြီးကျောင်းမှာ ကြိုပြီး ကိုရင်ကြီးဝတ်နေတာကွ၊ တစ်ခါမှမနာကြားဖူးတဲ့ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတဲ့ တရားတွေ နာဖြစ်တယ်ကွာ၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ မင်းတို့ကို ငါ ထူးထူးဆန်းဆန်း အံ့သြစရာအကြောင်း ပြောပြချင်တဲ့ ကိစ္စနဲ့ တိုက်ဆိုင်တယ်ကွာ၊ ငါတို့နဲ့ ငယ်ငယ်ကတည်းက ကျောင်းအတူနေခဲ့ကြတဲ့ စည်သူနဲ့ အစောတို့ အကြောင်းတော့ မင်းတို့အားလုံး သိပြီးကြပြီးသား။ ဒါပေမဲ့ မင်းတို့ မသိမမြင်ရတဲ့ နောက်ဆုံးအခြေအနေတွေ ငါက ကိုယ်တွေ့ကြုံခဲ့ရတယ်ကွ။

အဲဒီအကြောင်း ပြောပြချင်တာ၊ ဒါပေမဲ့ တိုက်ဆိုင်ဆက်စပ်နေတဲ့ အနာထပိဏ်သူဌေးကြီး နောက်ဆုံး နာကြားသွားရတဲ့ တရားတော် ငါအရင် ပြောပြမယ်၊ အဲ- ငါ တရားဟောမယ်ကွာ၊ သေသေချာချာ နာကြ"

"တပည့်တော်တို့ကသာ ငယ်သူငယ်ချင်းတွေမို့ နှုတ်ကျိုးပြီး စည်သူ၊ အစော လို့ခေါ်နေကြတာ၊ စည်သူ နာမည်ရင်းက မင်းစည်သူ၊ အစော နာမည်က စောခရာ၊ အခုဆို အဲထူးကုဆရာဝန်မကြီး ဒေါက်တာစောခရာ၊ စည်သူကလည်း အခု နိုင်ငံခြားသင်္ဘော အရာရှိကြီး ခိုအင်ဂျင်နီယာ ဦးမင်းစည်သူ"

"အေးပါ၊ ဟုတ်ပါတယ်၊ သူတို့ချင်း ငယ်ငယ်ကတည်းက သိပ်ချစ်ခဲ့ကြတာ၊ ဒါပေမဲ့ အံ့သြစရာက ဒီခေတ်ကြီးထဲမှာ ယုံရအခက် မယုံရအခက်၊ တို့ဆင်ဖြူကျွန်းမြို့က ငါးမျက်နှာဘုရား ငါးမျက်နှာကန်မှာရှိတဲ့ ကုလားမြို့ပ်ဘုရားသမိုင်းနဲ့ သူတို့နှစ်ယောက်နဲ့က ပတ်သက်တိုက်ဆိုင်နေတယ်၊ ပြီးတော့ ပညတ်သွားရာ ဓာတ်သက်ပါ ပြောရမလားပဲ၊ ငါးမျက်နှာကန်နဲ့ ကုလားမြို့ပ်ဘုရားသမိုင်းထဲက လူတွေနာမည်နဲ့ သူတို့နာမည်တွေ တူနေတာကြောင့်ပဲလား၊ ဒါမှမဟုတ် တကယ် ဘဝသံသရာကြီးဟာ ရှည်ခဲ့ကြတော့ ဘဝကံကြမ္မာတွေကလည်း များခဲ့တော့ ဒီဘဝမှာ တဲ့ကယ်ပြန်ဆုံကြတာပဲလား အတော် စဉ်းစားရခက်တယ်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလထုတ် သီလဝ ဘာသာရေးမဂ္ဂဇင်းနဲ့ ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း နာယကကြီးအဖြစ် တာဝန်ထားယူတဲ့ လပြည့်ဝန်းမဂ္ဂဇင်း ၂၀၁၄ ခုနှစ် စက်တင်ဘာလထုတ်တွေမှာ ငါးမျက်နှာဘုရားသမိုင်းအကြောင်းတွေ မင်းတို့ ဖတ်ဖြစ်ကြတယ် မဟုတ်လား။

မင်းတို့ သတိရအောင် ငါ နည်းနည်း အကျဉ်းချုံးပြီး ပြောပြမယ်၊ ငါးမျက်နှာဘုရား မူလဒါယကာကတော့ အသောကမင်းကြီးပဲ၊ ကျွန်စစ်မင်းရဲ့ မြေးတော် အလောင်းစည်သူမင်း ဖောင်စကြာနဲ့သွားရင်း ကျပင်းမြို့ဦး ရတနာဂိရိတောင်ခြေ ရောက်လာခဲ့တယ်၊ အဲဒီမှာ ငါးမျက်နှာဘုရားကို ပြုပြင်မွမ်းမံရင်း စခန်းချ နားနေချိန် ဝေသာလိပြည် မင်းဆိုးကြောင့် ကုလားမောင်နှမ ဘဝါနဲ့ စောခရာတို့ ထွက်ပြေးလာတာနဲ့ ဆုံရတယ်။

အသွင်တစ်မျိုးနဲ့ အဲလှထူးတဲ့ စောခရာကို မြင်တော့ အလောင်းစည်သူမင်း မြတ်နိုးတော်မူတယ်၊ စောခရာကလည်း အလောင်းစည်သူမင်းကို သံယောဇဉ်ဖြစ်ရှာတယ်၊ စောခရာကို အလောင်းစည်သူက မိဖုရားမြှောက်ချင်ပေမယ့် မှူးမတ် ပုဏ္ဏားတော်များက ကန့်ကွက်ကြတယ်။

အလောင်းစည်သူက စောခရာကို ချစ်ပေမယ့် မယူဘူး၊ ဒီတော့ စောခရာက အချစ်စိတ် ရွှင်စိတ်တွေနဲ့ သူ့ခေါင်းက ဆံထိုးနဲ့ သူလည်ပင်းကိုထိုးပြီး သတ်သေသွားတယ်၊ အဲဒီမှာ အစ်ကို ဖြစ်သူ ဘဝါကလည်း ညီမအဖြစ်ကို ကြည့်ပြီး သူ့နံစောင်းကို လှံထောင်ထောက်ပြီး အဆုံးစီရင်သွားပြန်တယ်၊ မောင်နှမနှစ်ယောက်လုံး အစိမ်းသေ ဘဝ သေကြရရှာတယ်။

အလောင်းစည်သူဟာ စိတ်ထိခိုက်ပြီး ငါးမျက်နှာဘုရားအနီး ငါးမျက်နှာကန်အလယ်မှာ ရွှေငွေ နှစ်လှေစာ မြှုပ်လို့ လွှမ်းစေတီ တည်ထားခဲ့တယ်၊ အစိမ်းသေ ဘဝါနဲ့ စောခရာတို့ မောင်နှမ ဥစ္စာစောင့်တွေ ဖြစ်ရရှာတယ်၊ အခုထိ ငါးမျက်နှာကန်လယ်မှာ ထန်းပင်အိုနဲ့ ဘုရားပျက် ဖူးတွေ့နိုင်သေတယ်၊ အဲဒါက အတိတ်က ဇာတ်လမ်း။

ငါတို့ ငယ်သူငယ်ချင်း မင်းစည်သူ (စည်သူ)နဲ့ စောခရာ (အစော) တို့ ချစ်သူတွေ ဖြစ်ကြတယ်၊ တို့ငယ်ငယ်က ကျောင်းဝိတ်ရက်တွေ ငါးမျက်နှာဘုရားကို ဘုရားဖူးသွားကြတိုင်း ငါးမျက်နှာကန်ပေါင်မေ်မှာ စည်သူနဲ့ အစောတို့ ထိုင်ကြပြီး ဘုရားအို ဘုရားပျက် ကန်လယ်က ကုလားမြို့ပ်ဘုရားကို ကြည့်ပြီး မျက်ရည်ကျကြ ငိုကြတယ်လေ၊ စည်သူကလည်း သူ့ကိုယ်သူ အလောင်းစည်သူ

www.burmeseclassic.com

www.burmeseclassic.com

ဝင်စားတယ်လို့ ယုံကြည်သလို အစောကလည်း သူဟာ ဝေသာလီပြည်က ထွက်ပြေးလာတဲ့ စောခရာ ဝင်စားတယ်လို့ ယုံကြည်ကြစေဟယ်။

နာမည်တွေကလည်း တူနေတယ်၊ ပြီးတော့ တိုက်ဆိုင်တာက စည်သူ ယော်ယော်ကတည်းက ခရီးထွက်တာ ဝါဿနာကြီးတယ်၊ ကြီးလာတော့လည်း အင်ဂျင်နီယာကြီးဖြစ်ပြီး သင်္ဘောလိုက် ချင်နေတယ်၊ အစောကလည်း တို့အညာသူ စစ်စစ်ပေမယ့် သူ့ရုပ်က တစ်မူထူးနေတယ်၊ အထူးသဖြင့် အိန္ဒိယကုလားမင်းသမီးလေးလို ချောတယ်၊ လှတယ်၊ အစော မျက်ခုံး၊ မျက်လုံးက အိန္ဒိယနွယ်ဖွား မျက်ခုံး၊ မျက်လုံးအလှမျိုးပဲ။

သူတို့ချင်း ယော်ချစ်တွေ ဖြစ်ကြပေမယ့် နှစ်ဖက်မိဘတွေက ဆွေကြီးမျိုးကြီးတွေဆိုတော့ မာနတွေ ပြိုင်ကြပြီး သဘောမတူဘူး၊ ဒီတော့ ချစ်ရက်နဲ့ ကွဲသွားကြရတယ်၊ အစောက ဆရာဝန်မကြီးဖြစ်ပြီး လူကြီးတွေသဘောတူတဲ့ ရန်ကုန်က အင်ဂျင်နီယာတစ်ဦးနဲ့ အိမ်ထောင်ကျသွားတယ်၊ ဟိုကောင် စည်သူကတော့ လွမ်းလွမ်းဆွေးဆွေးနဲ့ ပင်လယ်ပျော်ကြီးလုပ်ပြီး သင်္ဘောပေါ်မှာပဲ သူ့ဘဝကို ဖြေသိမ့်နေတယ်။

အဲဒါက မင်းတို့ ငါတို့အားလုံး သိခဲ့ကြတဲ့ အခြေအနေ၊ ဇာတ်လမ်းကပြီးသွားပြီ၊ ဇာတ်သိမ်းပြီ ထင်ခဲ့ကြတာ၊ မဟုတ်ဘူးကွ၊ ငါတစ်ယောက်တည်း မင်းတို့မပါဘဲ ကိုယ်တွေ့ကြုံခဲ့ရတဲ့အဖြစ်က အတော်ကို အံ့သြဖို့ကောင်းတယ်၊ တော်တော်ထူးဆန်းတယ်။

ငါ စင်ကာပူသွားပြီး အလုပ်လုပ်တော့ တိုက်တိုက်ဆိုင်ဆိုင် အစော တို့ လင်မယားနဲ့ဆုံတယ်၊ ဆုံပုံကလည်း ငါလုပ်တဲ့ ဆောက်လုပ်ရေးကုမ္ပဏီကြီးမှာ အစောယောကျ်ားက အင်ဂျင်နီယာကြီး၊ ငါက သူ့လက်အောက်က စူပါဗိုက်ဆာ ကြီးကြပ်ရေးမှူးပေါ့ကွာ၊ အစကတော့ အစောယောကျ်ားမှန်း မသိသေးဘူး၊ ငါ အလုပ်ထဲမှာ မတော်တဆ ဒဏ်ရာရတော့ ဆေးရုံတက်ရတယ်၊ ဆေးရုံမှာ အစောကို ပြန်ကြေ့တာ၊ သူက ငါတက်တဲ့ဆေးရုံမှာ ဆရာဝန်မကြီး၊ ငါ့အထက်က အင်ဂျင်နီယာကြီးက ငါ့ကို လူမမာလာမေးရင်း သူ့မိန်းမဒီဆေးရုံမှာရှိတယ်ဆိုပြီး မိတ်ဆက်ပေးတော့ အစော ဖြစ်နေတယ်၊ အစောကလည်း ငါနဲ့သူငယ်ချင်းတွေဆိုတာ သူ့ယောကျ်ားကို မြောပြတယ်၊ ဒီတော့ ခင်သွားတယ်ပေါ့ကွာ၊ စင်ကာပူမှာ မြန်မာအချင်းချင်း ရင်းနှီးကြတော့ စားအိမ် သောက်အိမ်ဖြစ်၊ အတူသွား အတူလာဖေါ်။

တစ်နေ့ အစောယောကျ်ား အင်ဂျင်နီယာကြီးက အလုပ်မအားတာနဲ့ ငါ့ကို တာဝန်ပေးတယ်၊ 'ခင်ဗျားရဲ့ သူငယ်ချင်း အစောကို စွေးဝယ်ဖို့ ပင်နီဇီလား ပလာဇာ လိုက်ပို့လိုက်စမ်းပါ' ဆိုတာနဲ့ သူ့ကားကို ငါမောင်းပြီး အစောနဲ့ ပင်နီဇီလားပလာဇာ သွားကြတယ်၊ အဖေါ်ထဝ်မှာက မြန်မာစွေးဆိုင်တွေ၊ စတိုးဆိုင်တွေ အများကြီးရှိတယ်၊ မြန်မာတွေ အများဆုံးရှိတဲ့ နေရာပဲ။

အစောနဲ့ငါ ရတနာစတိုးမှာ စွေးဝယ်နေတုန်း မမျှော်လင့်ဘဲ ငါနဲ့ စည်သူ ပက်ပင်းကြီး တွေ့တာပဲ၊ အားရဝမ်းသာ ပြေးဖက်တာပေါ့ကွာ၊ နောက်တော့ အစောက မြင်သွားပြီး စည်သူ့ကို လာနှုတ်ဆက်ပါတယ်၊ သူတို့ချင်းလည်း စကား နည်းနည်းပြောကြ၊ မျက်ရည် များများ ကျကြတာပေါ့ကွာ၊ မြင်ရတဲ့ မြင်ကွင်းက အတော် စိတ်ထိခိုက်စရာကောင်းတယ်။

စည်သူက သူ့သင်္ဘောပေါ်က သင်္ဘောသား မြန်မာတွေနဲ့လည်း မိတ်ဆက်ပေးတယ်၊ ဖုန်းနံပါတ်တွေ၊ လိပ်စာတွေ ပေးကြ၊ ယူကြပေါ့ကွာ၊ အချိန်မရတော့ ခဏနဲ့ ခွဲလိုက်ကြရတယ်၊ စည်သူတို့လည်း အပြေးအလွှား သင်္ဘောပြန်ဆင်းသွား၊ ငါလည်း အစောကို အိမ်ပြန်ပို့ပေါ့ကွာ၊ အစော မျက်ရည်တွေ ဝဲနေရှာတယ်။

ဒီလိုနဲ့ တစ်လကျော်လောက်ရှိတော့ တောင်တရုတ်ပင်လယ်မှာ မုန်တိုင်းမိလို့ စည်သူတို့သင်္ဘောမှောက်ပြီး သေတဲ့လူလည်းသေ၊ ဆယ်လို့ရတဲ့လူတွေလည်း ရှင်တဲ့လူကရှင်ပေါ့၊ စည်သူကတော့ သင်္ဘောမှောက်တဲ့အထဲ ပါပြီး သေသွားတယ်ဆိုတာ သတင်းတွေရတယ်၊ မြန်မာပြည် လှမ်းစုံစမ်းတော့လည်း ဟုတ်တယ်၊ စည်သူ သေသွားတယ်။

ဒီသတင်း အစောကိုပြောသင့် မပြောသင့် စဉ်းစားနေတုန်း အဲဒီနေ့မှာပဲ အစောယောကျ်ား အင်ဂျင်နီယာက သူဇနီး ကိုယ်ဝန်ရှိတာ ပျော်လွန်းလို့ ငါ့ကို လာပြောပြတယ်၊ အိမ်မှာလိုက်ပြီး ထမင်းစားဖို့ ဖိတ်တယ်၊ ငါ လိုက်သွားတယ်၊ အစောကလည်း သူမှာ ကိုယ်ဝန်ရှိပြီ ဆိုတဲ့အကြောင်း ငါ့ကိုပြောတယ်၊ စည်သူ သင်္ဘောမှောက်လို့ သေတာ ငါမပြောရက်လို့ မပြောခဲ့တော့ဘူး။

နောက်တော့ အစော သားဦးလေး မီးဖွားတယ်၊ ငါလည်း အစောတို့ လင်မယားနဲ့ မိသားစုလိုဖြစ်လို့ အမြဲလိုလို သူတို့အိမ် သွားတယ်၊ အစော သားလေး နှစ်နှစ်သားကျော် ကျော် စကားစပြောတတ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တော့ ကလေးက ငါ့ကို မြင်တာနဲ့ စကားမပီတပီနဲ့ -

'ဟေ့ကောင် အောင်ချမ်း၊ ငါဆီလာလည်တာလား၊ ငါ စည်သူပါကွ' လို့ ပြောလိုက်တော့ လူကို ပူထူပြီး လန့်သွားတာပဲကွာ၊ အတော်ကို ငါလည်း အံ့သြတူန်လှုပ်သွားတယ်၊ တစ်သက်နဲ့ တစ်ကိုယ် ဒီအဖြစ်မျိုး တစ်ခါမှမကြုံဖူးဘူး၊ ထူးဆန်းလိုက်တာကွာ။

ကလေးပြောတာကို အစောလည်း ကြားလိုက်တယ်၊ အစောလည်း အံ့အားသင့်တုန်လှုပ်သွားတယ်၊ ကလေးက သူ့အမေကိုလည်း -

'အစော၊ စည်သူတို့ အောင်ချမ်းနဲ့ ထမင်းအတူ စားရအောင်' လို့ပြောတယ်၊ အံ့သြစရာပါကွာ၊ အစောကဆို ချုံးပွဲချင့်လိုက်တာ၊ သူယောက်ျား မြန်လာတော့မယ်၊ တိတ်တော့လို့ ပြောယူရတယ်။

ငါနောက်ထပ် သိပ်မသွားတော့ဘူး၊ ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ ရှောင်နေတယ်။

အစောဆီက သိရတာက သူ့သားလေးဟာ တစ်ခါတလေ သူ့ကို အမေလို့ မခေါ်ဘဲ အစော လို့ခေါ်ပြီး ရှေးဖြစ်နောက်ကြောင်းတွေ ပြောတဲ့အခါ ပြောသတဲ့၊ မေးတိုင်းလည်း ပြောတာမဟုတ်ဘူး၊ တစ်ခါတလေမှ ပြောတာတဲ့၊ သုံးနှစ်ပြည့်လို့ စကားတော်တော်ပြောတတ်တော့ အဲဒါတွေ မပြောတော့ဘူးတဲ့၊ မေးလို့လည်း မရတော့ဘူး။

ဒီတော့ အစောက ငါ့ကိုမေးတယ်၊ စည်သူ ရှိသေးသလားတဲ့၊ ငါလည်း ဖုံးမထားချင်တော့လို့ အစောကိုယ်ဝန်ရှိစက စည်သူလည်း သင်္ဘောမှောက်လို့ သေသွားတာ ပြောပြလိုက်တော့တယ်။

ငါပြောချင်တာက စည်သူနဲ့ အစော ယေယျက ချစ်သူတွေဖြစ်ခဲ့ရစဉ်ကလည်း သူတို့နာမည်တွေဟာ ရွေးဘဝ အလောင်းစည်သူ၊ စောခရာဆိုတဲ့ နာမည်နဲ့ အခုဘဝ နာမည်တွေ တူနေတာရယ်၊ ငါးမျက်နှာဘုရားနားက ငါးမျက်နှာကန့် ရောက်တိုင်း ကန်လယ်က ကုလားမြုပ်ဘုရားဟောင်းကိုကြည့်ပြီး သူတို့ ငိုကြတယ်။

ဘဝ ဘဝတွေက အတိတ်ရေစက် ဆိုတာရယ်၊ ဘဝသံသရာကြီးဟာ နိဗ္ဗာန်မရောက်မချင်း အဖန်ဖန်မွေး အဖန်ဖန်သေ ဉာဉ ဘုံထဲ လည်နေတယ်ဆိုတာရယ်၊ တစ်ဦးနဲ့တစ်ဦး မတော်စပ်ဖူးသူ မရှိလောက်အောင် သံသရာရှည်တာရယ်၊ ပြီးတော့ စွဲလမ်းမှု သမုဒယဟာ အင်မတန် ကြောက်စရာကောင်းတယ်၊ သမုဒယကြောင့် ဒုက္ခဖြစ်တယ်၊ စုတေ ကွယ်လွန်ပြီးနောက် ဘယ်ဘဝ ဘယ်ပဋိသန္ဓေနေနေ ဘာဘဝပဲရရ ဒုက္ခသစ္စာပါပဲ။

အလောင်းစည်သူမင်းကြီးဘဝကနေ သံသရာလည်ပြီး ငါတို့သူငယ်ချင်း စည်သူရယ်လို့ လာဖြစ်တယ်ပဲ ဆိုဆို၊ ဝေဿာလီပြည်က ပြေးလာတဲ့ စောခရာဆိုတဲ့သူဟာ ဒီဘဝမှာ ငါတို့ သူငယ်ချင်း အစော၊ စည်သူချစ်သူ စောခရာ လာဖြစ်တယ်လို့ပြောပြော၊ ငြင်းဖို့ လက်ခံဖို့ ခက်လှတယ်။

ငါ့ကိုယ်တွေ့ သင်္ဘောမှောက်ပြီး သေသွားတဲ့ စည်သူဟာ သူ့ချစ်သူ ဆရာဝန်မ အစောရဲ့ဝမ်းထဲမှာ ဝင်စားတယ်လို့ ငါပြောရင် မင်းတို့ လက်ခံမလား၊ ငြင်းကြမလား၊ ဒီကမ္ဘာကြီးထဲက နိုင်ငံတိုင်းမှာ လူဝင်စားမြဿနာတွေ အခုထိ သက်သေပြနေကြတုန်း၊ အငြင်းပွားနေကြဆဲပါ။

ကဲ- ဒီဇာတ်လမ်းကို အသာထားလိုက်၊ မင်းတို့ကို ပြောပြချင်တာက ၄ ရက် ၅ လ ၆၂ ခုနှစ်က မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားခဲ့တဲ့ အနာထပိဏ်သူဌေးကြီး နောက်ဆုံးနာကြားရသော တရားတော်ကို ငါပြန်ပြီး ပြောပြမယ်၊ ဆရာတော်ဘုရားကြီးက အလုပ်ပေးတရားအဖြစ် ဇာတ်ဝတ္ထု အကြောင်း အသားမပေးဘဲ ဝိပဿနာတရားကို တစ်နာရီကြာ ဟောထားတာ၊ ငါ့အနေနဲ့ကတော့ ငါဉာဏ်မီသလောက်လေး မင်းတို့ကို မျှဝေပေးမယ်။

ဒီလိုကွာ၊ ဘုရားရှင် လက်ထက်က ဘုရားတော်ကြီးဖြစ်တဲ့ အနာထပိဏ်သူဌေးကြီးဟာ နေ့စဉ် ဘုရားရှင်ကျောင်းတော်ကို နံနက်ပိုင်း သွားရင် ယာဂုတွေ လှူဖို့ပယူသွားတယ်၊ နေ့လယ်ပိုင်း သွားတဲ့အခါ ပန်းတို့၊ ဖနောင်းတိုင်တို့ ယူသွားတယ်၊ ညအခါကျောင်းတော်သွားရင် စတုမဓူ၊ သကာ၊ ဖျာရည်တို့ လှူဖို့ အမြဲယူသွားလေ့ရှိတယ်၊ နေ့တိုင်းလည်း အိမ်မှာ သံဃာတော် ၅၀၀ ကို ဆွမ်းကျွေးနေတဲ့သူဖြစ်တယ်၊ သဒ္ဓါတရား အလွန်ကြီးတာ။

နှစ်ပေါင်း (၃၈)နှစ်ကြာတဲ့အခါ အနာထပိဏ်သူဌေးကြီး မမာမကျန်းဖြစ်ပြီး အိပ်ရာထဲ ဘုံးဘုံးလဲတော့တယ်၊ ဒီတော့ ရှင်သာရိပုတ္တရာနဲ့ ညီတော် အာနန္ဒာတို့နှစ်ပါး သူဌေးကြီးအိမ် ကြွကြတယ်၊ သူဌေးကြီး မနေရစော့ဘူး ကွယ်လွန်တော့မယ်ဆိုတာ ရှင်သာရိပုတ္တရာ သိတော်မူတယ်။

ဒါကြောင့် ရှင်သာရိပုတ္တရာက နံ စက္ခုဝိညာဏ် ဥပါဒါယိသာမိ၊ နံ မေ စက္ခုဝိညာဏ နိသိတံ ဝိညာဏံ ဘဝိဿတိတိ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိဘဗ္ဗံ။ မြင်စိတ်ကို မစွဲလို့ရှိရင် မြင်

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကြောင့် နောက်ခန္ဓာ မလာပါဘူး။ နောက် မြင်စိတ်နဲ့တွဲမယ့် ခန္ဓာမလာဘူး၊ ဒီလိုပဲ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားယံကောင်းစိတ်၊ မနောစိတ် မစွဲလို့ရှိရင် နောက်ခန္ဓာ မလာဘူး။

ဘယ်စိတ်မဆို မစွဲလမ်းလို့ရှိရင် မနောစိတ်ဆိုတော့ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ အဲဒါတွေ မစွဲလို့ရှိရင် နောက် မနောဝိညာဏ်နဲ့ ပတ်သက်တဲ့ ခန္ဓာမလာပါဘူး၊ ပေါ်လာတာကို ဖြစ်ပျက်မရှုဘဲ စွဲလမ်းရင် တဏှာ၊ ဥပါဒါန် ကံတွေ လိုက်လာပါတယ်၊ ကံလိုက်လာတော့ ကမ္မဘဝ ပစ္စယာ ဇာတိ၊ ဇာတိ ခန္ဓာ လာရင် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ မလွတ်ပါဘူး။

ပေါ်တဲ့စိတ် ဖြစ်ပျက်ရှုလိုက် တာနဲ့တစ်ပြိုင်နက် တဏှာ၊ ဥပါဒါန် ကံမလိုက်တော့ဘဲ ဉာဏ်လိုက်ပါတယ်၊ ဝိပဿနာဉာဏ်လိုက်တော့ ကံဖြတ်ချ လိုက်တယ်၊ကံဖြတ်ချလိုက်တော့ အကျိုးပေး မလာတော့ဘူး၊ ကမ္မံ ဝိပါကဿ ဝိပါက်အကျိုးပေး မလာပါဘူး။

ဝေဿန္တရာမင်း လှူတဲ့အလှူ တွေ နည်းတာမှ မဟုတ်ဘဲ၊ ကံမပြတ်ဘဲ ဘုရားကို မပွင့်ဘူး၊ ကံပြတ်မှ အရိယာ ဖြစ်နိုင်တယ်၊ ဝိပဿနာအလုပ် မဂ်ဆိုက်အောင် လုပ်တဲ့အလုပ်ဟာ ဒုက္ခ သိမ်းတဲ့အလုပ်၊ ကံကြောင့် ခက်နေတာ၊ ကံက လှူပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည် အကျိုးပေးလိုက်ပြန်တော့ ဇာတိ၊ ဇရာ၊ မရဏာ ဒုက္ခသစ္စာချည်း လာနေတာပဲ။

အနာထပိဏ်သူဌေးကို ရှင်သာရိပုတ္တရာက တောတယ်၊ နစက္ခဝိညာဏ် ဥပါဒါယိသာမိ - စက္ခု ဝိညာဏ်, မစွဲလမ်းရင်၊ နစ ဧ စက္ခုဝိညာဏာ နိဿိတံ ဝိညာဏံ ဘဝိဿတိ - စက္ခု ဝိညာဏ်ကို မှီတဲ့ ပဋိသန္ဓေဝိညာဏ် မဖြစ်ဘူးတဲ့၊ မစွဲမှ မလာမှာ၊ စွဲရင် လာပါတယ်။

ပေါ်တိုင်း ပေါ်တိုင်း သမုဒယ ဓမ္မာ နုပဿီဝါ ဝယဓမ္မာနုပဿီဝါ - ဖြစ်မှုနဲ့ ပျက်မှု ရှုပါ။ ကုသိုလ်စိတ်ကို လည်း ဖြစ်ပျက်ရှုပစ်ရမယ်၊ ကုသိုလ်စိတ် ကလေးဆိုပြီး မရှုရင် ဘူ အကျိုးပေး လိုက်လို့ရှိရင် ကမ္မဝိပကဿဆိုတဲ့ ဒုက္ခ သစ္စာ လာပါတယ်၊ မဂ်ကုသိုလ်တော့ မရှုရဘူး၊ ကာမာဝစရ ကုသိုလ်တော့ ရှုပစ်ရမယ်၊ ဝိတရာဂစိတ္တံ ဝိတရာဂ စိတ္တန္တိ ပဇာနာတိ ကုသိုလ်စိတ်လည်း ရှုပစ်၊ ဝိတရာဂစိတ် ဆိုတာ ရာဂကင်းတဲ့စိတ် ကုသိုလ်စိတ် ရှုရမယ်၊ ပဇာနာတိ သိအောင် လုပ်ရမယ်။

သမုဒယဓမ္မာနုပဿီဝါ - ဝယဓမ္မာနုပဿီဝါ ရှုရမယ်၊ ရှေးတုန်းက နားလည်ထားတာက ကုသိုလ်စိတ်ဆိုတာ ပွားရမယ်၊ ကုသိုလ်ပွားရမယ်ဆိုတာ မဟုတ်ဘူး၊ မဂ်ကို ပွားရမယ်၊ ကုသိုလ် ပွားလိုက်ရင် စာဂါနုဿတိ သမထဘာဝနာ လှည့်သွားတယ်၊ ဖြစ်ပျက်ရှုလိုက်ရင် ဝိပဿနာဘာဝနာလှည့်သွားတယ်၊ စာဂက စွန့်ကြေတာ၊ အနုဿတိက အောက်မေ့ တာ၊ စာဂါနုဿတိက သမထနှတ်ပြည် ဗြဟ္မာ့ပြည် သွားဦးမယ်။

ဒုက္ခရှိလျက်နဲ့တော့ နောက်ဒုက္ခ သစ္စာ တောင့်တနေဖို့ မလိုဘူး၊ ကုသိုလ် စိတ်ကိုသာယာနေပြန်ရင်လည်း တဏှာ နောက်က လိုက်တယ်၊ တဏှာလိုက်ရင် ဥပါဒါန်လိုက်မယ်၊ ကံလိုက်မယ်၊ ကမ္မ ဘဝပစ္စယာ ဇာတိလိုက်ပါတယ်၊ကုသိုလ် ကိုပွားရင် အရင်လှူထားသလို ကုသိုလ် ပဲ ပြန်ရတယ်၊ အကျိုးပေးက ကာမာ ဝစရကုသိုလ် အဖြူကံ သွားဖြစ်တယ်၊ အကျိုးပေးလိုက်တော့ နတ်ရွာသုဂတိ ရောက်တယ်၊ ဒုက္ခသစ္စာပါ၊ အဖြူကံ ဘုရားမကြိုက်ဘူး၊ မလှူနဲ့လို့ ဟောတာ မဟုတ်ဘူး၊ တင်းတိမ်မနေနဲ့။

ဘုရားရှိခိုးဟာ ကုသိုလ်၊ အကုသိုလ် စွန့်တယ်၊ ကုသိုလ် ကုသိုလ် ဇော်၊ ကုသိုလ် အကျိုးပေးတော့ နတ်ရွာသုဂတိ၊ အကုသိုလ် အကျိုးပေးတော့ အပါယ်သွားတယ်၊ မဂ်ဉာဏ်နဲ့ စွန့်လိုက်တော့ နိဗ္ဗာန်ပဲ အကျိုးပေးတော့ တယ်၊ ပဋိစ္စသမုပ္ပာဒ်တစ်ဒုဇံး ဧဝမေတံသုဟ ကေဝလဿ ဒုက္ခန္ဓဿ ဒုက္ခ သစ္စာချည်း ပေါ်တာပဲ။

ရှုစိတ် ရှိုက်စိတ်တောင် ဖြစ်ပျက် ရှုရပါမယ်၊ ရှုစိတ် ရှိုက်စိတ် မြင်စိတ် ကြားစိတ် နံစိတ် စားစိတ် ယားယံနံစိတ် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အလောဘစိတ်၊ အဒေါသစိတ်၊ ဆယ့် နှစ်မျိုးအနက် ရှုစိတ်၊ ရှိုက်စိတ် နှစ်မျိုး ကို အမြဲရှု ကျန်တာကို ပေါ်မှရှု။

အသာသာ ပသာသာ ကာယ သခါရော - ထွက်သက် ဝင်သက်တို့ ဟာ ကိုယ်ကို ပြုပြင်နေတာ၊ ဘုရားက ယမိုက်ကျမ်းမှာ ဟောတယ်၊ ရှင်သာရိ ပုတ္တရာက အနာထပိဏ်သူဌေးကြီးကို ဘိုဘဝ ဒီဘဝတောင် မစွဲပါနဲ့ ဒကာကြီး လို့ ဟောလိုက်တယ်။ ဆရာမှားတာဟာ ကြောက်စရာ ကောင်းပါတယ်၊ ရာဟုလာ အလောင်းဟာ လောကီစွာန်ရတဲ့ ရသေ့ဆရာမှားနဲ့ တွေ့တော့ နဂါးကြီး ဖြစ်သွားခဲ့တယ်၊ ရှင်သာရိပုတ္တရာက အနာထပိဏ်သူဌေးကို ဘိုဘဝ ဒီဘဝ မစွဲပါနဲ့၊ ဘဝ နိဂ္ဂောဓော နိဗ္ဗာန် နိဗ္ဗာန် ရောက်အောင် တစ်ခါတည်း ရဟန္တာ ဖြစ်အောင် ဟောချလိုက်တာ၊ နတ်ပြည် ဗြဟ္မာ့ပြည် မစွဲနဲ့၊ ဒီဋ္ဌ သုတ မုတ ဝိညာတတွေတောင် မစွဲနဲ့၊ စွဲရင် စွဲရာ ကို ပဋိသန္ဓေ သွားနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဥပရိပဏ္ဏာသမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သတ္တဝါတစ်ဦးတစ်ယောက်မှာ အကြီးဆုံး အပြစ်သင့်တာ ဘာလဲဆိုရင် ဒီဘဝ စုတေပြီး နောက်ဘဝ ပဋိသန္ဓေ နေတာဟာ အပြစ်အကြီးဆုံး သင့်တာပဲတဲ့၊ စုတိက ဒုက္ခသစ္စာ၊ နောက်ပဋိသန္ဓေကလည်း ဒုက္ခသစ္စာ၊ ဒုက္ခပြီးဒုက္ခ ဆက်နေတာ အပြစ်အကြီးဆုံး သင့်နေတာ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောထားလို့ ရှင်သာရိပုတ္တရာကလည်း တိုက်ရိုက်ဟောတယ်၊ ဘဝလည်စရာမပါဘဲ နိဗ္ဗာန်ရောက်တရား ဟောတယ်။

ရှင်သာရိပုတ္တရာက ဟောတော့ အနာထပိဏ်သူဌေး မျက်ရည်တွေကျတယ်၊ သောတာပန်သာ ဖြစ်သေးတဲ့ ရှင်အာနန္ဒာက အနာထပိဏ်သူဌေး မျက်ရည်ကျတာကို အကဲခတ်လွဲတယ်၊ ပစ္စည်းတွေ၊ သားသမီးတွေ စွန့်ရမှာ ကြောက်လို့ မျက်ရည်ကျတယ်လို့ အကဲခတ် လွဲတယ်။

ဒီတော့ အနာထပိဏ်သူဌေးက တပည့်တော်လည်း သောတာပန်ကြီးပါ၊ မစွဲပါဘူး ဘုရား၊ တပည့်တော်အပေါ် အကဲခတ်မလွဲပါနဲ့ ဘုရား၊ တပည့်တော် မျက်ရည်ကျရတာက အရှင်ဘုရားတို့နဲ့ မြတ်စွာဘုရားထံ နှစ်ပေါင်းများစွာ နေလာခဲ့ပြီး တပည့်တော် အခုလို နိဗ္ဗာန်ပေါက်တရား တစ်ခါမှ မနာကြားရဘူး၊ နှစ်ပေါင်းများစွာ ဒီဆရာသမားတွေကိုးကွယ်ပါလျက် အလွန်မွန်မြတ်တဲ့ တရားကို မနာခဲ့ရဘူး၊ အခုမှ နာရတော့ ဝမ်းနည်းလွန်းလို့ ငိုတာပါ။

တပည့်တော်က သေတော့မှာပါ၊ အရှင်ဘုရားတို့ ဒီတရားမျိုးကို ဟော၊ ရစ်တော်မူပါလို့ အနာထပိဏ်က မှာတယ်။

ရှင်သာရိပုတ္တရာက ဒီတရားကို မဟောချင်လို့ မဟောခဲ့တာမဟုတ်ဘူး၊ တကယ်ကို ဟောရမယ့် တရားပါ၊ ဒါပေမဲ့ လူတွေဟာ ပစ္စည်း၊ သားမယား၊ သားသမီး စွဲလမ်းကြတာဆိုတော့ တရားက နက်လွန်းပြီး လူတွေက အဝိုက်ထူနေတယ်၊ လူတွေမှာ မထောင်နိုင်တဲ့နား ရှိနေလိမ့်မယ်။

ဒီတော့ အနာထပိဏ်သူဌေးက 'အရှင်ဘုရား လူတွေမှာလည်း ထောင်တတ်တဲ့နား ရှိတဲ့သူတွေ အများကြီးရှိပါတယ်၊ မထောင်နိုင်တဲ့နား ရှိတဲ့သူတွေချည်း မဟုတ်ပါဘူး၊ ထောင်တတ်တဲ့နား ရှိတဲ့ပုဂ္ဂိုလ် ဒီတရားမျိုး မနာရရင် သံသရာမှာ သွားရောပေါ့ဘုရား၊ ပုဂ္ဂိုလ် ရွေးပြီး ဟောတော်မူပါဘုရား' လို့ တောင်းခံတယ်။

အနာထပိဏ်သူဌေးဟာ ဖြစ်ပျက်ရှုပြီး ကွယ်လွန်သွားတယ်၊ အထက်မဂ်ကို မရလိုက်တော့ သေတဲ့အခါ တုသိတာနတ်ပြည်မှာ ရွှေတုံးခန္ဓာကြီး သွားဖြစ်တယ်၊ သူခန္ဓာကြီး သူကြည့်၊ သူပိုင်ဆိုင်တဲ့ နတ်ဥယျာဉ်ဒိမာန် ပဒေသာပင်တွေ၊ ဘုံနန်းတွေ ကြည့်ပြီး 'သြော်- ဒုက္ခသစ္စာ လူမိုက်တို့ဖြင့် ဟော်စရာကြီးပါလား' လို့ သူကိုယ်တိုင် သတိတရားရတယ်။

ဒီတော့ ညနေမှာ စုတေပြီး ညမှာ ဘုရားရှင်ဆီ ပြန်ဆင်းလာတယ်၊ ဘုရားသခင်ကို ကမ္ဘံ ဝိဇ္ဇာစ ခမ္မောစ၊ သီလံ ဇီဝိတ မုတ္တမံ၊ ဧတေန မစ္စာ သုဂ္ဂတိံ၊ နံ ဂေါတ္တန ဝဒေနဝါ လို့ လျှောက်ထားတယ်။

ပစ္စည်းပေါလို့လည်း နိဗ္ဗာန်မရောက်နိုင်ဘူး၊ အမျိုးအနွယ်ကောင်းလို့လည်း နိဗ္ဗာန်မရောက်နိုင်ပါဘူးဘုရား၊ မဂ္ဂင်မှပဲ နိဗ္ဗာန်ရောက်မှာ ဘုရား၊ ဖြစ်ပျက်ရှုရင်တော့ မဂ်လာမယ်၊ ဖြစ်ပျက်မရှုရင် မဂ်မလာဘူး၊ အနိစ္စ မရှုရင် မဂ်မလာဘူး၊ ဒုက္ခ မရှုရင် မဂ်မလာဘူး၊ အနတ္တ မရှုရင် မဂ်မလာဘူး ဘုရားလို့ အနာထပိဏ်သူဌေးက အရောင်အဆင်းအလင်းတွေနဲ့ ဘုရားကို လာလျှောက်တယ်။

ဘုရားသခင်က နားထောင်နေပြီး ဘာမှ မှားတယ်လို့ မပြောလိုက်ဘူး၊ သဘောတူလိုက်တယ်၊ အမှန်တွေချည်း ပံ့ဆိုပြီး အဖြေ ဘာမှမပေးလိုက်ဘူး၊ မနက်မိုးလင်းတော့ ဘုရားသခင်က ညတုန်းက အရောင်အဆင်း အလင်းတွေနဲ့ နတ်သားတစ်ယောက် လာတယ်လို့ မိန့်တော်မူတဲ့အခါ ရှင်အာနန္ဒာက အနာထပိဏ်သူဌေးကြီး မဟုတ်လား ဘုရားလို့ ပြန်ပြီးလျှောက်ထားသတဲ့၊ ဒီတရားဟာ အနာထပိဏ်သူဌေးကြီး သေခါနီး ရှင်သာရိပုတ္တရာ ဟောကြားလိုက်လို့ နောက်ဆုံး နာကြားသွားရတဲ့ တရားတော်ပဲ။

ငါလည်း ရဟန်းခံခဲ့မီ ဘုန်းကြီးကျောင်းမှာ ကိုရင်ကြီး ဝတ်နေတုန်း မိုးကုတ်ဆရာတော်ဘုရားကြီးတရားကို နာကြားခဲ့ရမှ သိရတာက၊ ငါစဉ်းစားမိတယ်ကွာ၊ စွဲလမ်းမှု သမုဒယဟာ တယ်လည်း ကြောက်စရာကောင်းပါလားလို့၊ တစ်ချိန်က အလောင်းစည်သူမင်း ဝင်စားတယ်ဆိုတဲ့ ငါတို့သူငယ်ချင်း စည်သူရယ်၊ ဝေဿာလီမြို့ကြီးက ထွက်ပြေးလာတဲ့ အိန္ဒိယမင်းသမီးလေး စောခရာ ဝင်စားတယ်ဆိုတဲ့ ငါတို့သူငယ်ချင်းအစောရယ်၊ အရင်ဘဝကလည်း ချစ်ခဲ့ကြတယ်၊ အခုဘဝမှာလည်း ချစ်သူတွေ ဖြစ်ခဲ့ကြတယ်။

ဒါပေမဲ့ အရင် ရှေးအတိတ်ဘဝကလည်း မပေါင်းခဲ့ကြရဘူး၊ ဒီဘဝမှာ

www.burmeseclassic.com

www.burmeseclassic.com

လည်း ကွဲခဲ့ကြရတယ်၊ အစော အိမ်ထောင်ကျပြီး စည်သူက ပင့်လယ်ပြင်မှာ သူ့အလွမ်းဝေဒနာကို ခံစားဖြေသိမ့်နေရင်းက မမျှော်လင့်ဘဲ နာရီပိုင်းလေးအတွင်း စင်ကာပူမှာ ပြန်ပြီးတွေ့ကြရတယ်၊ အဲဒါ ပို့ဆိုးသွားတာပေါ့။ မေ့မေ့ပျောက်ပျောက် ဖြစ်နိုင်လောက်တဲ့ အချိန်မှ အလွမ်းတွေ တစ်ရေးနိုးစေခဲ့တယ်။

သိပ်မကြာခင်မှာပဲ စည်သူတောင်တရုတ်ပင်လယ်မှာ မုန်တိုင်းမိသဘော်မောက်လို့ သေတယ်၊ အဲဒီအချိန်မှာပဲ အစော ကိုယ်ဝန် စတည်တယ်၊ စည်သူရဲ့ စွဲလမ်းမှု သမုဒယဟာတိုမှာ စုတီဖြစ်ပြီး ဒီမှာ ပဋိသန္ဓေဖြစ်တယ်။

အစော မွေးဖွားလာတဲ့ သားယောကျ်ားလေး နှစ်နှစ်၊ သုံးနှစ်အရွယ် စကားပြောတတ်စ အမေဖြစ်တဲ့သူကို အမေလို့ မခေါ်ဘဲ အစောလို့ ခေါ်တယ်၊ ငါ့ကို ဟေ့ကောင်အောင်ချမ်းလို့ ခေါ်တယ်၊ ငါနဲ့အစော ဒီကလေးဟာ စည်သူဝင်စားတယ်လို့ ယုံကြည်တယ်။

ကလေးကြီးလာတော့ အတိတ်ကို မမှတ်မိတော့သလို သမုဒယဒဏ္ဍာရီဆန်တဲ့ အပြောတွေ မပြောတော့ဘူး၊ ဒါပေမဲ့ အစောရင်မှာတော့ စွဲသွားပြီ၊ လွဲမှားတဲ့အစွဲတွေကြောင့် အလွမ်းတွေ၊ သမုဒယတွေက သံသရာရှည်ကြရပြီပေါ့၊ သမုဒယဆိုတာ ဒုက္ခဖြစ်စေတဲ့ အကြောင်းတရားပဲ။

မင်းတို့ကို ငါပြောပြချင်တယ်ဆိုတဲ့ စည်သူနဲ့ အစောတို့ အကြောင်းကို တရားသဘောနဲ့ ပြောရရင်တော့ လွမ်းသမုဒယ သံသရာပေါ့ကွာ၊ လွမ်းသမုဒယ သံသရာပေါ့"

ရေနံ့သာအောင်ချမ်းဇော်

❑

ယခုမှ (၁)နှစ်အတွင်း သင်ကုံကြမ္မာ သေချာမှန်ကန်တိကျ သိစေရမည်

✪ ထီဆုကြေး၊ ဆုလတ်တွေ ပေါက်နိုင်လား ✪ ဇွေကြေးအစုအပုံ အမြောက်အများ ဝင်ရောက်ရကိန်းရှိလား ✪ သင်တန်းကောင်းတွေ တက်ရကိန်းရှိလား ✪ ပညာရေး ဖြေဆိုမှုတွေ ထူးချွန်အောင်မြင်မလား ✪ သားသမီးရတနာ ဝင်ကိန်းရှိလား ✪ သားသမီး မဝံ့လာကိစ္စ ဆောင်ရွက်ပေးရကိန်းရှိလား ✪ ဘာသာရေး၊ အလှူအတန်းကိစ္စတွေ ဆောင်ရွက်အောင်မြင်မလား ✪ လက်ရှိခံစားနေရတဲ့ ရောဂါဝေဒနာတွေ သက်သာပျောက်ကင်းမလား ✪ ယာဉ်ကား ဝင်မလား ✪ လျှပ်စစ်ပစ္စည်းကြီးတွေ ဝင်မလား ✪ ချစ်သူရည်စား ရရှိမလား ✪ ခရီးကောင်းတွေ သွားရမလား ✪ အနုပညာလုပ်ငန်းတွေ အောင်မြင်မလား ✪ အမျိုးသားများ အိမ်ထောင်ကောင်းကျနိုင်လား ✪ မင်္ဂလာဆောင်ရကိန်းရှိမလား။

ဆရာကြီးဦးဇေအောင်မြင့်(ဥပဒေဘွဲ့)

လက္ခဏာဇေဒင်ပညာသုတေသီ

✪ ယုံကြည်စိုက်ထုတ်သော လာဘ်ရှိ ✪

အမှတ်-၇၄၃၊ ဦးဝိစာရလမ်း၊ ဒွဲ့-ရပ်ကွက်၊ ဒဂုံပြည်သစ်မြောက်ပိုင်း၊ ရန်ကုန်။

၀၉-၅၀၆၂၈၄၄၃၊ ၀၉-၅၁၀၇၆၂၂၂၊ ၀၉-၃၀၁၀၇၀၀၇၅၊ ၀၉-၇၃၃၀၀၅၉၂၄၄၊ ၀၉-၂၅၂၃၀၆၆၇၅

၀၉-၂၆၀၄၄၄၀၀၁၊ ၀၉-၀၉၅၆၀၇၄၀၅ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

www.burmeseclassic.com

ကြွေးမြီတရားသေ ငွေလမ်းပိတ်ခြင်း

ကျွန်တော်တို့၏ မျိုးရိုးသည် တောင်သူလယ်သမားမျိုးရိုး ဖြစ်ပါသည်။ ဘိုးစဉ်ဘောင်ဆက် တောင်သူလုပ်ငန်းအား ရိုးရှင်းစွာ လုပ်ကိုင်လာခဲ့ကြပါသည်။ တောင်သူလုပ်ငန်းမှ လွဲ၍ မည်သည့်လုပ်ငန်းကိုမျှ စိတ်ဝင်စားမှု မရှိတဲ့ မိုးလင်းမှ မိုးချုပ် လယ်အလုပ်နှင့်သာ အချိန်ကုန်ကြရလေသည်။

ကျွန်တော်တစ်ဦးတည်းသာလျှင် တောင်သူလုပ်ငန်းမှ သွေဖည်၍ အစိုးရလခစား အလုပ်တို့ လုပ်ကိုင်ခဲ့ပါသည်။

ကျွန်တော်တို့ မိသားစုတွင် လစ်မြေ (၁၀)ဧကကျော်ရှိပါသည်။ ထို လယ်များအား ကျွန်တော် အစိုးရအလုပ်မလုပ်ခင်က အဖေ၊ ဦးလေးနှင့် ကျွန်တော်(၃)ဦးသာလျှင် အဓိက ဇောက်ချလုပ်ကိုင်ပါသည်။ လယ်အလုပ်ကိုသာ အချိန်ပြည့် အာရုံစိုက်စိတ်နှစ်ထားသော ကာလဖြစ်ပါသည်။

ယခုနှစ် စပါးရိတ်သိမ်းချိန်တွင် လည်း ကျွန်တော်တို့ (၃)ဦးသာလျှင် ပင်တိုင်ရိတ်သိမ်းရပါသည်။ လိုအပ်မှ သာလျှင် အနည်းအကျဉ်း ငှားရိတ်ပါသည်။

ငြိမ်းချမ်းသော နယ်မြေမဟုတ်၍ ပွင့်လင်းရာသီတွင် သောင်းကျန်း သူများ ရွာထဲသို့ မကြာခဏ ဝင်ထွက်သွားလာလေ့ရှိသည်။ သောင်းကျန်းသူများသည် ရွာထဲတွင် သူတို့ရှိုးနှစ်၌ အတွင်း ရွာနီးချုပ်စပ်ရှိ လယ်များအား

www.burmeseclassic.com

စပါးရိတ်သိမ်းခွင့်ပြုသော်လည်း ရွာနှင့်ဝေးသည့် လယ်များကိုမူ ရိတ်သိမ်းရန် ခွင့်မပြုပေ။ သတင်းပေါက်ကြားမည်စိုး၍ ဖြစ်သည်။

ကျွန်တော်တို့၏ လယ်သည် ရွာနှင့်ကပ်လျက် တည်ရှိ၍ စပါးရိတ်သိမ်းခွင့် ပြုထားပါသည်။ လယ်၏ မြောက်ဘက်တွင် ခြောင်းတစ်ခု သည် အနောက်မှ အရှေ့အရပ်သို့ သွယ်တန်းလျက်ရှိပြီး မိုးရာသီတွင် ကမ်းလုံးပြည့် ရေများပြည့်လျှံနေသော်လည်း ဆောင်းဦးပေါက် စပါးရိတ်သိမ်းချိန်တွင်မူ ရေအနည်းငယ်သာ ရှိပါတော့သည်။

တစ်နေ့တွင် ကျွန်တော်တို့ (၃)ဦး သည် ခြောင်းနှင့်ကပ်လျက် လယ်ကွက်တွင် စပါးရိတ်နေပါသည်။ ရွာနှင့်ဆိုလျှင် လယ်ကွက်တစ်ကွက်သာခြား၍ ခန့်မှန်းခြေ ကိုက်(၂၀၀)ခန့်ရှိမည် ထင်ပါသည်။ နံနက်ပိုင်းတွင် အအေးဓာတ်ကြောင့် စပါးရိတ်ရာတွင် သက်သောင့်သက်သာ ရှိသော်လည်း ၁၀ နာရီနောက်ပိုင်းတွင် နေပူရှိန်ကြောင့် ပူလောင်အိုက်စပ်ကာ ထင်သလောက် လက်မသွက်တော့ပါ။ သို့သော်လည်း ခြောင်းဦးပေါက် မြောက်ပြန်လေကြောင့် အမောကို ပြေစေသည်။

အချိန်က ၁၁ နာရီ ကျော်ပြီဖြစ်သည်။ ရိတ်သိမ်းလက်စ လယ်ကွက်အား အပြီး လက်စသတ်ရန်အတွက် သုံးဦးစလုံး တက်ညီလက်ညီ ရိတ်သိမ်းနေစဉ် ခြောင်းဖျိမှတစ်ဆင့် လယ်ကွက်များပေါ် သို့ ဓာတ်လှေသဲ့ တပ်မတော်စစ်ကြောင်း တစ်ကြောင်းအား တွေ့ရှိရပါသည်။

ကျွန်တော်သည် ခြောင်းနှင့် အနီးဆုံးနေရာတွင် ရိတ်သိမ်းနေသူဖြစ်၍ ခြောင်းထဲတွင်လည်း စစ်သားအချို့ တစ်ဝက် ရှိနေသည်ကို မြင်နေရပါသည်။ ရွာထဲတွင် သူပုန်များရှိနေ၍ တိုက်ပွဲဝင်ကာ ဖြစ်တော့မှာပဲဟု တွေးကာ ကြောင်ပြီး မတ်တတ်ရပ် မှင်တက်မိနေစဉ်မှာပင် ရွာဘက်ဆီမှ တောက်တောက်တောက်ဆိုပြီး သေနတ်သံ စကြားရတော့သည်။

"ဟော့တောင် ရပ်မနေနဲ့ ဝပ်နေ"

အသံကျယ်ကျယ်ဖြင့် ဦးလေး၏ သတိပေးသံကို ကြားရမှ ကျွန်တော်လည်း ဦးလေးဘက်သို့ လှည့်အကြည့် ကျွန်တော်၏ ဘယ်ဘက်ရင်အုံအောက်နားဆီသို့ 'ဖောက်' ဆိုသည့်အသံနှင့်အတူ အရာဝတ္ထုတစ်ခုခုနှင့် ထိတွေ့သကဲ့သို့ ခံစားရပြီး လူတစ်ဦး တစ်ယောက်၏ ဆောင့်တွန်းခြင်းကို ခံရသကဲ့သို့ နောက်သို့ ပစ်လဲကျသွားပါသည်။ ထို့နောက်တွင် ဘာဆို ဘာမျှ မသိရတော့ပေ။

ကျွန်တော် ပြန်လည် သတိရသောအခါ ဦးလေးမှ ကျွန်တော့်အား ပွေ့ဖက်ထားသည်ကို သိရှိရပါသည်။ ရင်ဘတ်တွင် အနဲငယ်အေးအောင့်သလို ခံစားရ၍ ငဲ့ကြည့်ရာ သွေးများ ထွက်နေသည်ကို တွေ့ရပါသည်။ ရင်ဘတ်တွင် သေနတ်မှန်သွားပြီ ဆိုတာကို သိလိုက်ရ၍ 'ငါတော့ သေတော့မယ် ထင်တယ်'ဟု တွေးနေစဉ်မှာပင် ထပ်မံသတိလစ်သွားပါသည်။

မည်မျှကြာအောင် သတိလစ်နေသည်ကို မသိရှိရပါ။ ပြန်လည် သတိဝင်လာသောအခါ ကျွန်တော်သည် ရွာထဲရှိ အိမ်ရှေ့သို့ ရောက်ရှိနေပါသည်။ ကျွန်တော့်အား လမ်းဘေးရှိ ခွေး ၂-၃ ကောင်မှ သဲသဲမဲမဲ ထိုးဟောင်နေသဖြင့် အိမ်ပေါ် သို့ အမြန်ဆုံးပြေးတက်ခဲ့ပါသည်။

မည်သည့် အနှောင့်အယှက်မျှ မရှိဘဲ ရှောရှောရှုရှု ပေါ့ပေါ့ပါးပါးပင် အိမ်ပေါ် သို့ လွယ်ကူစွာ ရောက်ရှိသွားပါသည်။ အဖေ၊ အမေ၊ ဦးလေးနှင့် ညီအစ်ကို မောင်နှမများ အားလုံး မည်သူမျှ ကျွန်တော့်အား အဖက်မလုပ်ဘဲ သူတို့ အလုပ် သူတို့ ဆက်လက်လုပ်နေကြပါသည်။

အဖေသည် သားသမီးများအပေါ် ချစ်သော်လည်း မည်သည့်အခါမျှ ချစ်ဟန်မပြဘဲ မှန်တမ်းသာ ဆက်ဆံသဖြင့် ကျွန်တော်တို့ ညီအစ်ကို မောင်နှမများသည် အဖေထက် ကျွန်တော်တို့အပေါ် အလိုလိုက် အကြိုက်ဆောင်သည့် ဦးလေးကို ပို၍ခင်တွယ်ကြပါသည်။ သို့ဖြစ်၍ ကျွန်တော်သည် ဦးလေးအနားသို့ တိုးကပ်ကာ ဘာလုပ်နေတာလဲ မေးရာ ဦးလေးမှ မသိသလိုလုပ်နေ၍ ညီမအနားသို့ တိုးကပ်သွားပြန်သည်။

ညီမလုပ်သူမှလည်း ကျွန်တော့်အား ဖုတ်လေသည့်ငါးပိ ရှိတယ်လို့ တောင်မထင် ပုံစံမျိုးဖြစ်နေ၍ အဖေအမေတို့ စကားပြောနေသည့် နေရာသို့ သွားရောက်ခဲ့ပြန်သည်။ ထိုအခါမှ ကျွန်တော် ဆုံးပြီဖြစ်ကြောင်းနှင့် ရက်လည်ဆွမ်းသွတ်ရန် တိုင်ပင်နေကြခြင်း ဖြစ်ကြောင်း သိရပါတော့သည်။

သေနတ်မှန်ပြီးသည်မှ (၄)ရက်မြောက်နေ့အတိ ကျွန်တော်၏ ဝိညာဉ်သည် မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို မသိရှိရပေ။ အရာအားလုံးသည် ဝိုးတဝါးဖြင့်သာ အချိန်ကုန်လွန်ခဲ့သည်။

သို့သော်လည်း (၄)ရက်မြောက် နောက်ပိုင်းမှစ၍ နေ့စဉ်အချိန်တိုင်း လယ်ကွက်သို့ရောက်ရှိနေပြီး စပါးရိတ်

www.burmeseclassic.com

www.burmeseclassic.com

သိမ်းလျက်ရှိပါတော့သည်။ မည်သူမျှ ခိုင်းစေခြင်း မဟုတ်ပါ။ မိမိဘာသာ မိမိ ရိတ်သိမ်းနေခြင်း ဖြစ်သည်။

နေ့နေ့ ညည အချိန်ပြည့် စပါး ရိတ်နေရသဖြင့် ပင်ပန်းလိုက်တာလည်း မပြောပါနှင့်တော့။ ဝိုက်ဆာ၊ ရေဆာ၊ ခေါင်းမူး စသော ဝေဒနာများကို ခံစားနေရလျက်ပင် ကျွန်တော့်မှာ အနားမယူနိုင်ဘဲ စပါးများကို ဆက်လက် ရိတ်သိမ်းနေပါသည်။

အချို့သော လယ်ကွက်များရှိ စပါးပင်များသည် အမှည့်လွန်သော ကြောင့် ကျိုးပြတ်ကာ မြေပေါ်သို့ ရောက်ရှိနေပါသည်။ စာ အန္တရာယ်၊ ကြွက် အန္တရာယ်အပြင် ရွာနှင့်နီးသော လယ်ဖြစ်၍ ကြက် အန္တရာယ်ကိုပါ စိုးရိမ်နေရသည်။

သို့ဖြစ်၍လည်း အဆိုပါစပါး များ အချိန်မီ ရိတ်သိမ်းပြီးစီးစေရန် အတွက် ကိုယ်တွေလက်တွေ ကိုက်ခဲပြီး မလုပ်ချင် မကိုင်ချင် ဖြစ်လျက်ကပင် ဆက်လက်ရိတ်သိမ်းမြဲ ရိတ်သိမ်းနေရ သည်။ အလွန်ဆင်းရဲ ပင်ပန်းခြင်းပါ တကား။

သို့သော်လည်း တစ်ချိန်မှာတော့ ကျွန်တော်သည် အိမ်သို့ ပြန်လည် ရောက်ရှိနေပါသည်။ မိမိကိုယ်မိမိ သေဆုံးပြီးဖြစ်ကြောင်း သိရှိနေပြီဖြစ်၍ အမှည့်လွန် စပါးခင်းများ အမြန်ရိတ် သိမ်းရန်နှင့် ကျွန်တော်ထစ်ယောက် တည်း ရိတ်သိမ်းနေရသည်မှာ အလွန် ပင်ပန်းကြောင်း အိမ်သူ အိမ်သားများ သိရှိစေရန် မည်ကဲ့သို့ လုပ်ဆောင်ရ မည်ကို စဉ်းစားနေမိပါသည်။

ကျွန်တော်ပြောတာကို သူတို့ မကြားသော်လည်း သူတို့ပြောတာကို ကျွန်တော်မှ အကုန်ကြားနေရပါသည်။

ထိုစဉ် ညီမဖြစ်သူ အနားမှဖြတ် လျှောက်သွားသဖြင့် လုပ်မိလုပ်ရာ ညီမ လက်ကို လှမ်းဆွဲလိုက်ပါသည်။

ပြီးနောက် စာရေးစားပွဲသို့ သွား၍ ကျွန်တော်ပြောချင်သည့် စကားများ ကို ကျွန်တော်၏ လက်ဖြင့် ညီမ၏ လက်အား အပေါ်မှ အုပ်မိုးကိုင်ကာ စာရွက်နှင့် ရေးမိပါတော့သည်။ ညီမထံ ဝိညာဉ်ဝင်ပူးခြင်း ဖြစ်မည်ထင်ပါသည်။

ကျွန်တော် ဖြစ်စေချင်သည့် ဆန္ဒကို ရေးချပြီးသည်နှင့် အဖေမှ စိတ် မကောင်းဖြစ်ကာ -

"ကိုယ့်လမ်းကိုယ် ဖြောင့်ဖြောင့် သွားပါ၊ စပါးခင်းအတွက် စိတ်ထဲ မထားပါနဲ့"

ကျွန်တော်မှလည်း ပြောချင်တာ ပြောပြီးပြီဖြစ်၍ ဝမ်းသာကြည်နူးသည့် ခံစားမှုကို ခံစားရပါသည်။ သို့သော် လည်း ကိုယ့်လမ်းကိုယ် ဖြောင့်ဖြောင့် သွားပါဆို သည့် အချက်အား နား မလည်နိုင်အောင်ရှိပါသည်။ ဘယ်ကို သွားရမှန်းလည်း မသိပါ။

ထို့ကြောင့် စပါးခင်းသို့သာ ပြန် လည်ရောက်ရှိပြီး အချိန်ရှိသရွေ့ စပါး များကို ဆက်လက်ရိတ်သိမ်းနေမိပါ သည်။ တစ်ခါတစ်ရံ သေနတ်ဒဏ်ရာ ရရှိသည့် ဘယ်ဘက်ရင်အုံအောက်နား တွင် အနည်းငယ်အောင့်တောင့်တောင့် ခံစားရသော်လည်း မခံနိုင်လောက် အောင် မဟုတ်ပါ။ အသားတွင် ဆူးစူး သည့် ဒဏ်ရာလောက်ပင် နာကျင်မှု မခံစားရပါ။

အခြားသူများ သေနတ်ဒဏ်ရာ ဖြစ်ဖို့ သေဆုံးပါက အခု ကျွန်တော်ကဲ့ သို့ ခံစားရမည်လော၊ နာကျင်နေမှာ လား၊ လုံးဝ မနာဘူးလားဆိုတာ သိချင် နေမိသည်။

ကျွန်တော်သည် စပါးရိတ်နေ ရင်းမှပင် အိမ်သို့ နောက်တစ်ကြိမ်သွား ရောက်လိုသည့် ဆန္ဒပေါ်လာသည်နှင့် တစ်ပြိုင်နက် အိမ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

ထိုအချိန်တွင် အိမ်သူ အိမ်သား အားလုံးမှ ပုပ်စော်နံကြောင်း ပြောဆို နေကြသဖြင့် ထိုအနံ့သည် ကျွန်တော့် ထံမှပင်ဖြစ်ကြောင်း၊ ခံစား သိရှိရ၍ ဝမ်းနည်းစွာ ငိုရှိုက်မိပါတော့သည်။

'ငါ ဒီမှာနေလို့ မသင့်တော့ဘူး ဟု'လည်း ကိုယ့်ကိုယ်ကိုယ် သုံးသပ်မိပါ သည်။ ဘယ်ကိုသွားရမှန်းလည်း မသိ ပါ။ ထိုစဉ် ကျွန်တော့်နောက်ကျော အား တစ်စုံတစ်ဦးမှ ပုတ်ခတ်ပြီး -

"ဟေ့ကောင် ထတော့၊ သွား ကြမယ်"

"ဗျာ ဘယ်ကိုသွားမှာလဲ"

"ဟာ ကြောင်တောင်တောင်နဲ့၊ ဘယ်ကို သွားရမလဲ၊ စပါးရိတ်မှာပေါ့"

"ဗျာ စပါးရိတ်မယ်"

"ဟာကွာ ဒီကောင် တဗျာဗျာနဲ့"

ထိုသူသည် စိတ်မရှည်တော့၍ ကျွန်တော့်အား တစ်ဖက်သို့ ဆွဲလှည့် ကာ -

"ထ မျက်နှာသစ်တော့၊ နေ တောင် အတော်မြင့်နေပြီ"

ကျွန်တော်လည်း မှောက်လျက် အိပ်နေသည့် အနေအထားမှ ပက်လက် အနေအထားသို့ ရောက်ရှိခဲ့၍ မျက်နှာ ပေါ်တွင် အုပ်မိုးနေသည့် ဦးလေး၏ မျက်နှာကို မြင်ရခါမှ ဝမ်းသာအားရ ဖြစ်မိတော့သည်။

"ဟောဗျာ ဦးလေးပါလား။ ကျွန် တော် မသေဘူးနော်"

အဆက်အစပ်မရှိ ကျွန်တော့် စကားကြောင့် ဦးလေးမှ ကျွန်တော့်အား

www.burmeseclassic.com

www.burmeseclassic.com

သေချာကြည့်ကာ ကောက်ချက်ချပါတော့သည်။

"မင်း အိပ်မက် မက်နေတာပဲ၊ ကြည့်စမ်း မျက်ရည်တွေတောင်ထွက်လို့၊ မှတ်ထား အိပ်မက်ထဲမှာ သေရင် တကယ့်အပြင်မှာ မသေဘူးကွ"

"ဝမ်းသာလိုက်တာ ဦးလေးရာ"

"ဝမ်းသာတာ နောက်ကထား၊ ငါသွားနှင့်ပြီ၊ မင်းလိုက်ခဲ့တော့"

ဦးလေးသည် ပြောပြောဆိုဆို ဖြင့် ကျွန်တော့် ခုတင်ဘေးတွင် ချိတ်ထားသည့် ဝါးခမောက်အားလှမ်းဆွဲပြီး စပါးရိတ်ရန် လယ်ကွင်းဘက်သို့ ထွက်သွားပါတော့သည်။

အမှန်ကတော့ ကျွန်တော် အိပ်မက် မြင်မက်နေခြင်းသာ ဖြစ်သည်။ ဦးလေးလာရောက် နှိုးကာမှ အိပ်စက်မှုလန်နှိုးခဲ့ရသည်။ လူတစ်ကိုယ်လုံး ကိုက်ခဲပြီး မူးနောက်နောက်နှင့် ဖျားချင်ချင် ဖြစ်နေပါသည်။

ဘယ်ဘက်ရင်အုံ အောက်၌ နာသလိုလိုရှိ၍ စမ်းကြည့်ရာ အိပ်ကပ်ထဲမှ မီးခြစ်ဖြစ်နေသည်။ မှောက်လျက် အိပ်စဉ် ဘယ်ဘက်ရင်အုံအောက်တွင် မီးခြစ် ခုနေ၍ အောင့်သလိုလို နာသလိုလို ခံစားရခြင်းဖြစ်သည်။

အိပ်မက်မြင်မက်သည့် အချိန်သည် အလွန်ဆုံးရှိလျှ ၂၀-၃၀ မိနစ်ခန့် ဖြစ်သော်လည်း အိပ်မက်ထဲတွင် ခုနစ်ရက်တာ ကာလကို ဖြတ်သန်းကျော်ဖြတ်ခဲ့ရသည်။ သာမန် မက်ရိုးမက်စဉ် အိပ်မက်မျိုးမဟုတ်ဘဲ အိပ်မက်ထဲတွင် သေခဲ့ဖူးသည်။

အိပ်မက်ဖြစ်၍ ယနေ့ချိန်ထိ မှတ်မှတ်ထင်ထင် ရှိနေဆဲပင်ဖြစ်သည်။ အလုပ်အပေါ် စွဲလမ်းသည့် စွဲလမ်းစိတ်ဓိဌာန်ကြောင့်လော၊ ဆောင်းတွင်း အိပ်မက် ကယောက်ကယက်ကြောင့် ပေလော။

အသက်(၃၀)နှစ် အရွယ်တွင်လည်း ဖော်ပြပါဖြစ်စဉ်နှင့် ခပ်ဆင်ဆင် တူသည့် ဖြစ်စဉ်မျိုး ကြုံတွေ့ခဲ့ရပြန်ပါသည်။ အစိုးရ အရေးကြီးဌာနတစ်ခုတွင် ကွန်ပျူတာစာရေးအဖြစ် တာဝန်ထမ်းဆောင်စဉ်က ဖြစ်သည်။ အရေးကြီးဌာနဖြစ်သည်နှင့်အညီ (၂၄)နာရီ ပတ်လုံး အလုပ်နှင့်လတ် မြတ်သည်ဟူ၍ မရှိပေ။

အရေးကြီး ကြေးနန်းများ၊ သုံးသပ်ချက်များ၊ လေးလပတ်အစီရင်ခံစာများ၊ ထူးခြားဖြစ်စဉ်များအား အထက်ဌာနသို့ အချိန်မီ တင်ပြနိုင်ရေး အတွက် ကွန်ပျူတာ စာစီစာရိုက်ခြင်းအား အချိန်နှင့်တစ်ပြေးညီ ပြုလုပ်ကြရသည်။

ဌက်ဖျားရောဂါ အခံရှိသည့် ကျွန်တော်သည် အရေးကြီးကာလ အလုပ်တာဝန်များပိသည်နှင့် ဖျားသည်က များပါ၏။ ဖျားသည့်အခါများ၌လည်း အပူချိန်များပြီး မူးဝေအော့အန်ကာ သတိလစ်မတတ် ခံစားရပါသည်။

အဖျားကြီးစဉ် အိပ်မျော်နေသည့်အချိန်များ၊ သတိလစ်မတတ်ခံစားရသည့် အချိန်များတွင် ကျွန်တော်၏ စိတ်ဝိညာဉ်သည် လက်ရှိ ခန္ဓာကိုယ်မှ ခွာကာ အလုပ်လုပ်သည့် ရုံးခန်းသို့ ရောက်ရှိပြီး ကွန်ပျူတာ စာစီစာရိုက်ပါတော့သည်။

မနှီးမချင်း သတိမရမချင်း ဖြစ်ပါသည်။ စာများအား ပြင်လိုက်၊ ဖျက်လိုက်၊ လိုအပ်သည့်နေရာတွင် အစားထိုးလိုက်၊ အချောစာစီလိုက်ဖြင့် အလုပ်ကို ရွှဲနေတော့သည်။ ဒီကြားထဲ အရေးပေါ်ကိစ္စ၊ အရေးကြီး ကြေးနန်းများ ဝင်လာပါက ကြားဖြတ်လုပ်ဆောင်ရပြန်သည်။ စာစီ စာရိုက်လုပ်နေစဉ် လက်မှတ်ရေးထိုးရန် အသင့်စောင့်နေသည့် အထက်အရာရှိကြောင့် ပို၍ ဆန္ဒစောမိသည်။ ဆန္ဒစောလေ အမှားပြုလုပ်မိလေ၊ အမှန်နှင့် ဝေးလေ ဖြစ်တော့သည်။

တစ်ခါတစ်ရံ စာရိုက်နေသည့် စာပိုဒ် တစ်ပိုဒ်လုံး ပျောက်ခြင်းမလှ ပျောက်နေတတ်ပြန်သည်။

ပင်ပန်းမှုကြောင့် ခေါင်းများ ချာချာလည် မူးနောက်နေအောင် ခံစားရသော်လည်း အလုပ်မပြီးမေးရ၍ အနားမယူနိုင်သေးပါ။

အိပ်ပျော်ရာမှ နိုးလာပါက ခေါင်းပင် မထောင်နိုင်ပါ။ အိပ်ပျော်မည်ကို ကြောက်လန့်နေမိတော့သည်။ အဖျားရောဂါ မသက်သာသေးသရွေ့ အိပ်ပျော်သည်နှင့် ကွန်ပျူတာရှေ့ ရောက်ကာ စာစီ စာရိုက်နေမလားဟု ကျွန်တော် တွေးနေမိသည်။

မပြောကောင်း၊ မဆိုကောင်း အဖျားရောဂါကြောင့် ငါသေသွားပါက ဒီဝဋ်က ကျွတ်ပါ့မလားဟုပင်ဖြစ်သည်။ (ကြားဖူး ကြုံဖူးကြပေလိမ့်မည်၊ သေဆုံးသွားသည့်တိုင် ရုံး၌ လက်နှိပ်စက် တဖြောက်ဖြောက်ရိုက်နေသည့် ရုံးစာရေးဝန်ထမ်းများ) ထိုကဲ့သို့ ဖြစ်ရခြင်းမှာ စိတ်စွဲလမ်းမှုကြောင့်လော၊ တာဝန်အပေါ် အလေးထားလွန်းမှုကြောင့်လော၊ စိုးရိမ်ကြောင့်ကြမှု များခြင်းကြောင့်လော၊ စွဲလမ်းဝိညာဉ်ကြောင့်လောဆိုပြီး မသိနိုင်လောက်အောင်ပင် ဖြစ်မိပါတော့သည်။

စောလဂုဘော်

❑

www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်သတ်ကျွဲ

ဧရာဒြေဇော်း(ပင်လယ်)

ပန်းချီအောင်မိုင်လတ်

ဇင်ချောင်းကမ်းခြေရှိ ကျောပိုက်တဲများသည် နံနက်လင်းသည်နှင့် နိုးထလာကြသည်။ ဆောင်းဦးပေါက်ရာသီချိန်ဖြစ်၍ ရာသီဥတုက အေးချမ်းလှသည်။

ပိုက်ထဲစောင့်သူများက စောစောစီးစီး မီးဖိုတွင် မီးမွှေး၍ ပုစွန်ပြုတ်အိုးကြီးများကို တည်နေကြသည်။ သို့မှသာ ရမိလာသည့် ရွှေပုစွန်များကို အချိန်မီပြုတ်၍ နေလှန်းနိုင်ကြမည်ဖြစ်သည်။

အချိန်မီပြုတ်၍ နေမိအောင် လှန်းကြသည့် ရွှေပုစွန်များသည် စံချိန်မီအရည်အသွေးကောင်း ရွှေပုစွန်အဖြစ် ဈေးကောင်းရနိုင်မည် ဖြစ်သည်။

ကျောပိုက်ပိုင်ရှင် ကိုဘထွန်းသည် ပိုက်တဲမှနေ၍ ပင်လယ်ကမ်းခြေဖက်သို့ မျှော်ကြည့်လိုက်သည်။ သူပိုင် ကျောပိုက်က ယခုတိုင် မမြင်မိသေးချေ။ အချို့အချို့သော ကျောပိုက်လှေများစာ ဆိုက်ကပ်နေကြပြီဖြစ်သည်။ လှေလိုက်သားအချို့က လှေဝမ်းခေါင်းထဲမှ ရွှေပုစွန်များကို ခြင်းတောင်းများဖြင့်ထည့်၍ ထမ်းပိုးဖြင့်လျှိုကာ ထမ်းသယ်ယူနေကြသည်။

ထမ်းတောင်းထဲမှ ပုစွန်များကို ပုစွန်ပြုတ်သူများက ပုစွန်ပြုတ်အိုးကြီးများထဲသို့ ထည့်ကာ ပြုတ်နေကြသည်။ ဇင်ချောင်းကမ်းခြေ လှိုင်းစပ်စပ်တွင် ကျောပိုက်လုပ်သားများ ကိုယ့်အလုပ်နှင့်ကိုယ် ပျားပန်းခပ်မှု လှုပ်ရှားနေကြသည်။

ထပြည့်ဝန်းမဂ္ဂဇင်း (ဖိုလ်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ကျော့ပိုက်တဲများ ဝန်းကျင်တွင် ပုစွန်ပြုတ်အိုး တည်ထားသည့် မီးခိုးငွေ့များသည် တလူလူလွင့်ပျံ၍ ပင်ယက်တွင် အုံဆိုင်းနေကြသည်။

မကြာမီ ကိုဘထွန်း မျှော်လင့်စောင့်စားနေသည့် သူပိုင်ကျော့ပိုက်လှေသည် စက်သံတဘုတ်ဘုတ်နှင့် သူတို့ပိုက်တဲရှိရာသို့ တည့်တည့်ပင် ထိုးဆိုက်လာနေလေသည်။ နောက်လိုက်လှေမှာ ခပ်နစ်နစ်ရှိနေသည်ကို မှန်းဆကြည့်ရင် ရွှေပုစွန် အတော်အသင့်ရမိခဲ့ပြီဟု ဝမ်းသာနေမိလေသည်။

ထိုအချိန်တွင် သူအိပ်ရာခေါင်းရင်းထက်တွင်ချိတ်ဆွဲထားသည့် ရေဒီယိုလေးမှ နံနက်ခင်း ထေးသဲသာများ ရုတ်ခြည်းရပ်ဆိုင်း၍ မုန်တိုင်း အထူးသတိပေးသတင်းပေါ်ထွက်လာခဲ့သည်။

"မြန်မာ့အသံက မုန်တိုင်းအထူးသတင်းကို ကြေညာပါ့မယ်ရှင်"

"မုန်တိုင်း အထူးသတင်း- ယမန်နေ့ ညသန်းခေါင်ယံအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသတွင် လေထုအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နေပါသည်။ အဆိုပါ လေထုအားနည်းရပ်ဝန်းမှသည် မုန်တိုင်း အဖြစ်သို့ ပြောင်းလဲနိုင်ပြီး ပို့မိုအား ကောင်းလာကာ အနောက်ဘက်သို့ ရွေ့လျားနိုင်ပါသည်။ မုန်တိုင်းလမ်းကြောင်းအတွင်း လေတိုက်နှုန်းသည် တစ်နာရီလျှင် ၈၀ မှ ၁၀၀ နှုန်းအထိ တိုက်ခတ်နိုင်ပါသည်။ မုန်တိုင်း တိုက်ခတ်ရာလမ်းကြောင်းတွင် ပင်လယ်ရေပြင်သည် ၃ပေမှ ၉ပေအထိ မြင့်တက်နိုင်ပါသည်။ ဤတွင် မုန်တိုင်းအထူးသတင်းကို ကြေညာ၍ ပြီးပါပြီရှင်"

ရေဒီယိုမှ မုန်တိုင်းအထူးသတင်းကို နားထောင်ပြီးနောက် ကိုဘထွန်း တစ်ယောက် ကျော့ပိုက်တဲမှနေ၍ ကမ်းခြေဘက် ပို့က်လှေ ဆိုက်ကပ်ရာသို့ ဆင်းသွားခဲ့လေသည်။

●

ကိုဘထွန်းတို့လို ပင်လယ်ရေလုပ်သားတို့အဖို့ ရွှေပုစွန်များကို ယခုလို ဆောင်းရာသီတွင် လက်လှော်လှေကလေးဖြင့် ဘီးဘွားအစဉ်အဆက် ကွန်ပစ်၍ ဖမ်းလာခဲ့ကြသည်။ ယခုအခါ ဘော့ချိတ်ခေါ် ပုံစွန်အရွယ်သာသာရှိသည့် ရွှေပုစွန်များသည် ပင်လယ်ထဲတွင် သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် အုပ်စုဖွဲ့၍ အခဲလိုက်အများအပြား ပေါ်ပေါက်လေ့ရှိပါသည်။

ဤအချိန်တွင် ပင်လယ်ရေထဲ၌ ပြဒါးမြွေတောက်၍ အလင်းရောင်ပေးကာ ပြေးလွှားနေကြသည့် ရွှေပုစွန်များကို အကွက်စိတ်ချည် ကွန်များဖြင့်ပစ်ကာ ဖမ်းဆီးခဲ့ကြခြင်းဖြစ်သည်။

လက်လှော် လှေကလေးတွင် တစ်ဦးက ပဲ့ကိုင်ကာ တစ်ဦးက ပုစွန်ကွန်ပစ်၍ လုပ်ကိုင်ကြရသည်။

လှေဦးတွင် မတ်တတ်ရပ်၍ ကွန်ပစ်ရသည့် အလုပ်က လွယ်ကူလှသည်တော့ မဟုတ်ချေ။

လှိုင်းအလှုပ် လှေအကျတွင် လှေဦး၌ သာမန်လူတို့အဖို့ ခြေနှစ်ချောင်း မြဲမြံအောင် ရပ်တည်နိုင်ဖို့ ခဲယဉ်းလှပေသည်။ ဝါရင့် သမ္ဘာရင့် ပုစွန်ကွန်ပစ်သမားမှသာ လှေဦးတွင် ရပ်တည်ကွန်ပစ်နိုင်ကြခြင်း ဖြစ်သည်။

ရွှေပုစွန် ကွန်ပစ်သည့် နည်းပညာကို သူဖခင်ထံတွင် ကိုဘထွန်း တစ်ယောက် မနည်းသင်ယူခဲ့ရသည်။ လှိုင်းအလှုပ် လှေအထတွင် ရေထဲသို့ အကြိမ်ကြိမ် ထိုးကျခဲ့ဖူးသည်။ လှေဦးတွင် ရပ်တည်နိုင်ပြန်တော့လည်း ကွန်ပွင့်အောင် ပုစွန်ခဲကို ချုပ်မိအောင် ပစ်တတ်ဖို့လည်း သင်ကြားရသေးသည်။ အလွန်ချမ်းတုန်လှုပ်သည့် ဆောင်းလေအေးအေးတွင် ကိုဘထွန်းတို့ သားအဖ ပုစွန်ကွန်ပစ် ထွက်ခဲ့ကြသည်။ ရွှေပုစွန်ခဲများက ပြဒါးမြွေများ ရောင် တဝင်းဝင်းနှင့် အစုလိုက် အပြုံလိုက် ပေါနေကြသည်။ ခါတိုင်းနေ့တွေထက် ပို၍ ပုစွန်များပေါနေသည်ဟု ကိုဘထွန်းက တွေးမိလိုက်သည်။

လှေဦးနှင့် အနီးစပ်ဆုံး ပုစွန်ခဲကို ထွန်ဖြင့် ပစ်ဖမ်းလိုက်ပြီးနောက် ကွန်ရေအကျနှင့် အောက်ခြေခဲဆွဲချိန်တို့ကို စောင့်ဆိုင်းနေရင်း ဖခင်ကို လှမ်းမေးလိုက်သည်။

"အဖေ၊ ဒီနေ့က ခါတိုင်းထက် ပုစွန်ခဲတွေ ပိုပေါနေသလားလို့"

"အေး - ဟုတ်တယ်၊ ဒါ ရေသတ္တဝါတွေရဲ့ ထူးခြားချက်ပဲ ငါ့သား"

"အဖေ၊ ဘာကို ဆိုလိုတာလဲ ပြောစမ်းပါဦး"

"မင်း ကွန်ချက်က ပုစွန်ခဲကို ထိထိမိမိ အုပ်မိရဲ့လား"

"မမိလိုက်ဘူးအဖေ၊ သုံးပုံတစ်ပုံလောက်ပဲ ချုပ်မိလိုက်တာ"

"အေး၊ အဲဒါ ရေထဲမှာ အောက်ရေစီးနေလို့ပေါ့၊ ခါတိုင်းဆို ကွန်ချက်က မရွေ့လျားပဲ ချုပ်မိနေမှာ၊ ခုက မင်းကွန်က ရေပေါ်ကို ပေါ်တက်တာ မြန်တယ် မဟုတ်လား"

"ဟုတ်တယ် အဖေ"

"သတ္တဝါအချို့ဟာ မိုးလေဝသနဲ့ ပတ်သက်လို့ အဖေတို့ထက် ကြိုပြီးသိကြတယ် ငါ့သား၊ သူတို့ရဲ့ ထူးခြားတဲ့ အပြုအမူတွေကို ကြည့်ပြီး ရောင်းမင်လိုင်းတက်မယ်၊ မုန်တိုင်းတိုက်မယ်ဆိုတာကို ခန့်မှန်းနိုင်ကြတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်နော် အဖေ၊ ပင်လယ် စင်ရော်တွေ ကုန်းကိုတက်လာပြီဆိုရင် ပင်လယ်ထဲမှာ မုန်တိုင်းရှိနေလို့ပေါ့၊ ပြီးတော့ ဝံလက်ဆိုတဲ့ပင်လယ်စွန့်ဌက်ကြီးတွေ အသိုက်နိုမ့်နိုမ့်ဆောက်ရင် မုန်တိုင်းထန်မယ့်နှစ်ဆိုတာတို့ပေါ့"

"ဟုတ်တာပေါ့၊ ရာသီဥတု သာယာနေတုန်း အနောက်တောင်ထောင့်က ကြက်မတစ်ဝပ်စာ တိမ်မည်းမည်းလေးကနေ တိမ်တွေ ပိုမိုကြီးထွားပြီး ချက်ချင်းဆို မည်းပြီး ပြေးတက်လာပြီဆိုရင် ဒါမုန်တိုင်းရဲ့ အရိပ်အယောင်တွေပဲ ငါ့သား"

"ပင်လယ်က မာယာများသလို လျှို့ဝှက်ချက်လည်း နက်နဲတယ်နော် အဖေ"

"အေး၊ ဒါထက် အရှေ့ဘက်ကောင်းကင်ဆီ မော့ကြည့်လိုက်ပါဦး"

"ဟာ ဟုတ်ပါရဲ့ အဖေ၊ အရှေ့ဘက်ကောင်းကင်တစ်ခွင် နီရဲနေတာပဲ"

"ဒါ မကြာမီ အရှေ့လေ၊ ဒါမှမဟုတ် လေနီကျမယ့် အရိပ်အယောင်ပဲ၊ ဒီလေမိလို့ကတော့ တံငါလေ့တွေ ရေနက်လွှင့်ပါကြပြီး ပြန်မရောက်နိုင်ကြလို့ မုဆိုးမလေလို့ ခေါ်တတ်သေးသကွဲ့၊ ကမ်းခွာလေပေါ့ ငါ့သားရေ"

"ဟုတ်တယ်နော်အဖေ အမှတ်မဲ့ကြည့်ရင် အရုဏ်တက်ချိန် မဟုတ်ဘဲ ရောင်နီလင်းလာနေတယ်လို့ ထင်မိမှာ"

"ကဲ-ငါ့သားရေ ပုစွန်တွေချည်းလောဘကပ်နေလို့ မပြီးသေးဘူး၊ လေနီကြမ်းမတိုက်ခင်ကမ်းကို အရောက်ပြန်ကြရအောင်"

●

"ဗျို့ ကိုသိန်းအောင်၊ ခင်ဗျားတို့ အဖွဲ့တွေ ဒီနေ့ ပုစွန်တော်တော် ထိလာတယ်ဆို"

"အေးဗျ၊ ဒီနေ့တော့ ခါတိုင်းထက် ပိုရခဲ့တယ်၊ ပုစွန်ခဲတွေကလည်း ပေါ်မှပေါ် ပင်လယ်တစ်ခွင်လုံး မီးထွန်းထားသလား အောက်မေ့ရတယ်ကွာ၊ တစ်ပြင်လုံး ထိန်ထိန်လင်းနေတာပဲ၊ တင်းမတစ်ရာလောက်ထိခဲ့တာ ဖြုတ်လို့ကို မပြီးနိုင်ကြဘူး၊ လူတွေလည်း ဖတ်ဖတ်ကို မောနေတာပဲဗျို့"

"ဒါနဲ့ ရေဒီယိုက မိုးလေဝသ သတင်းနားထောင်ဖြစ်ရဲ့လား ကိုသိန်းအောင်"

"စခန်းစောင့်ပြောတာကတော့ မုန်တိုင်းအထူးသတင်း ကြေညာထားတယ် ပြောတာပဲ"

"အေးဗျ တောင်တရုတ်ပင်လယ်မှာ မုန်တိုင်းတိုက်နေတယ်လို့ ပြောတာပဲ"

"အဝေးကြီးဆိုပြီး ပေါ့မနေနဲ့ ကိုယ့်လူ၊ ဒီအချိန်က လေနီကျတတ်တဲ့ အချိန်ဗျ၊ တော်ဆို ပြုန်းစားကြီးရောက်လာရင် ဘယ်လို လုပ်ကြမလဲ"

"ခင်ဗျားကလည်း ရေဒီယိုက ကြေညာတိုင်း မှန်ဖူးလို့လား၊ ခင်ဗျားမလဲ ကြဲကြောက် လှည်းအောက်မှာ မနေသာ ဆိုသလို ဖြစ်နေပြန်ပါပြီ"

အတွေ့အကြုံ နည်းပါးသေးသည့် ကိုသိန်းအောင်တို့ ပိုက်တဲမှ သူ ပြန်လာခဲ့သည်။ ငွေရှိလို့ ကျောပိုက်သာထောင်ကြသည်။ တချို့ဆို ပင်လယ်ကိုပင် မမြင်ဖူးသည့် ဧသမှ ရောက်ရှိလာသူများ ဖြစ်ကြသည်။ သူတစ်ပါးတွေ စီးပွားဖြစ်တာမြင်၍ လိုက်လုပ်ကြသည့်သဘောသာရှိသည်။ ပင်လယ်၏သဘာဝကို ကောင်းကောင်းနားလည်သူများ မဟုတ်ကြချေ။ မကြုံဖူးသေးသဖြင့် အတွေ့အကြုံရှိသူများ၏ စကားကို ယုံတမ်းစကား ထင်ကြလေသည်။

မိမိပိုက်တဲ ပြန်ရောက်တော့ ညဖက် ပိုက်ဆင်းရန် ဟန်ပြင်နေကြသည်ကို တွေ့ရသည်။ ပိုက်တဲဝန်းကျင်တွင် ပုစွန်ရှုပ်နေသူ၊ ပုစွန်ခွံချွတ် အိတ်ရှိုက်နေသူများကို တွေ့ရသည်။ ရွှေပုစွန် အသားများကလည်း ရွှေရောင်နှယ် ဝင်း၍ လင်းလက်နေသည်။ ပုစွန်သား အရည်အသွေးက ကောင်းမွန်လှသည်။

သူတို့အဖို့ ငွေဖြစ် ရွှေဖြစ်မည့် ရောင်းကုန်များ ဖြစ်ကြလေသည်။ ရွှေပုစွန်ခေတ်ကောင်းချိန်ဖြစ်၍ ကျောပိုက် လုပ်ငန်းရှင်များ နေ့ချင်းညချင်းကြီးပွားချမ်းသာကုန်ကြသည်။ ပိုက်လိုက်သားများပင် လက်ဖျား ငွေသီးကြသည်။ ကျောပိုက်ဦးစီး တက်မကိုင်များက ကော်မရှင်ကြေးပို၍ ပို၍ စိတ်အားထက်သန်နေကြသည်။

"ကိုတင်ဝင်းရေ တက်မကိုင်နဲ့ ဦးစီးတို့ကို ခဏခေါ်ပေးပါဦး၊ ကျွန်တော် သူတို့နဲ့ တိုင်ပင်ဆွေးနွေးစရာရှိလို့ ခေါ်ခိုင်းတယ် ပြောလိုက်ပါ"

"ဟုတ်ကဲ့ ကိုဘထွန်း"

စခန်းစောင့် ကိုတင်ဝင်းက ပိုက်ဆင်းရန် ဟန်ပြင်နေသည့် လှေဘက်သို့ ဆင်းသွားလေသည်။

မကြာမီ တက်မကိုင် ကိုစံအေးနှင့် ဦးစီးကြလှေတို့ ပိုက်တဲသို့ ပြန်လာကြသည်။ လှေလိုက်သား အချို့လည်း နောက်က ပါလာကြသည်။

"ဦးလေးက အခေါ်လွှတ်တယ်ဆိုလို့"

"အေးဟုတ်တယ်၊ ဆွေးနွေးစရာ စကားနည်းနည်းရှိလို့ပါ"

"ကိစ္စ အတွေ့အထူးရှိလို့လား ကို ဘထွန်း"

"အေး၊ ကိစ္စရှိဆို မင်းတို့ ဒီနေ့ည ပင်လယ်ဆင်းဖို့ ပြင်ဆင်နေကြလား

www.burmeseclassic.com

www.burmeseclassic.com

မလား၊ အဲဒါ မင်းတို့ ဒီနေ့ည ပင်လယ်မဆင်းကြပါနဲ့လား"

"ဟာ မဆင်းလို့ ဘယ်ဖြစ်မလဲ၊ ဒီလောက် ပုစွန်တွေ အထီအမိများနေတာကို အုံနာကလည်း သိရဲ့သားနဲ့"

"ရေဒီယိုက မုန်တိုင်း အထူးသတင်း မကြာခဏကြေညာနေတာ မင်းတို့လည်း အသိသားနဲ့"

"သိသားပဲဗျ၊ မုန်တိုင်းက ဘင်္ဂလားပင်လယ်အော်မှာ မဟုတ်တာ၊ တောင်တရုတ်ပင်လယ်ဆိုတော့ ဘုန်းကြီးနဲ့ ဘီးလို ဝေးသေး"

"ရေဒီယို သတင်းလောက်နဲ့ ပြောနေတာ မဟုတ်ဘူး၊ မနေ့က ပင်လယ်ထဲမှာ အောက်ရေဆွဲပြီး ရေကြမ်းနေတယ် မဟုတ်လား၊ ပြီးတော့ စုန်လေက ဒီနှစ်စောစောကျနေတယ်၊ မိုးရိပ်မိုးသားတွေ တရိပ်ရိပ် တက်လာနေတယ်"

"တွေးပြီး ကြောက်မနေပါနဲ့ အုံနာကြီးရာ၊ သူများတွေလည်း ကိုယ်စီဆင်းကြမှာပဲ၊ ရေထဲ အလုပ်ဆိုတာ မျှင်ပုစွန် ငါးပေါ်တုန်းကို လုပ်ရတာ၊ တစ်ည ပင်လယ်အဆင်းဖျက်ရင် သူများကို တစ်သက်မမီဘူးသာ မှတ်ပေတော့"

"ငှဲ့ပစ္စည်းတွေ ဆုံးရှုံးဖို့ ကြောက်လို့ ပြောနေတာ မဟုတ်ဘူး၊ ငါက ငယ်စဉ်ကတည်းက ပင်လယ်အတွေ့ အကြုံရှိလို့ ပြောနေရတာ၊ ပစ္စည်းထက် လူက ပိုတန်ဖိုးရှိတယ်ဟေ့၊ မင်းတို့ကို ဖိုရိမ်လို့ ပြောနေရတာ၊ ဒီညပိုက်မဆင်းကြတာ အကောင်းဆုံးပဲ"

"စိတ်ချစမ်းပါ အုံနာကြီးရာ၊ မသာကာ မုန်တိုင်းနဲ့ တိုးရင်တောင် လေအကြီး စက်အကောင်းစားတွေပါဗျ၊ မုန်တိုင်းကိုဆန်ပြီး မောင်းတက်လာရင် ရနိုင်ပြီးသားပဲ။

ကျွန်တော်တို့က ဆင်းရဲလို့ ငွေလိုလို့ လိုက်နေကြတာနော်၊ တစ်ညတွက်ဆို မနည်းဘူးမှတ်၊ စိတ်ချလက်ချ နေစမ်းပါဗျာ၊ တွေးပြီး ပူမနေပါနဲ့"

"အေး အေး၊ ပြောမရလည်း ဆင်းကြပေါ့ကွာ၊ သတိ ဝိရိယနဲ့လည်း ဆင်းကြပေါ့ကွ၊ မပေါ့ဆကြနဲ့၊ ကြားလား"

"ဟုတ်ကဲ့ပါ ခင်ဗျ"

အများနှင့် တစ်ယောက်ဖို့ လုပ်သားများ စကားကို မလွန်ဆန်နိုင်သဖြင့် ကိုဘထွန်း တစ်ယောက် လက်လျှော့လိုက်ရသည်။ ပိုက်လှေဆီသို့ အစီအရီ ဆင်းသွားကြသည့် ပိုက်လုပ်သားများ၏ ကျောပြင်ရှိ ကြည့်နေရင်း ကိုဘထွန်း တစ်ယောက် သက်ပြင်းကို အကြိမ်ကြိမ် ချလိုက်မိလေတော့သည်။

●

ညသန်းခေါင်ယံလောက်တွင် ပိုက်တဲကို လေပြင်းပြင်းတိုးသံ ကြားလိုက်သဖြင့် ကိုဘထွန်းတစ်ယောက် ဖျိုပ်ရာထဲမှ လူးလဲထလိုက်သည်။

အရှေ့လေက ခပ်ပြင်းပြင်းတိုးနေပြီ ဖြစ်သည်။ ဓာတ်မီးကို ကိုင်၍ တဲပြင် ထွက်လိုက်တော့ အခြားပိုက်တဲများမှ လှုပ်လှုပ်ရှားရှား အသံများနှင့် ဓာတ်မီးရောင်ဇာဝင်းဝင်းကို မြင်တွေ့လိုက်ရသည်။ သူ့ပိုက်တဲက ကမ်းမြင့်ပေါ်မှာ ရှိသဖြင့် အခြားပိုက်တဲများသို့ စူးစမ်းရန် လိုက်သွားမိသည်။

"ကိုဘထွန်းပါလား၊ စုန်လေက နဲည်းနည်းပြင်းပြင်းတိုက်လာပြီး ကမ်းဘက်ကို လှိုင်းတက်လာလို့ ပိုက်တဲတွေ ရောင်ကုန်ကြတယ်"

"လေနီကျတော့မယ် ထင်ပါရဲ့၊ အရှေ့ဘက်ကောင်းကင်တစ်ခို နီရဲနေသာတာ ကြည့်ပေတော့"

"အေးဗျာ၊ မနေ့က ခင်ဗျားက ပြောနေတာတော့ကြားမိပါရဲ့၊ ဒီအတိုင်းဆို ပင်လယ်ဆင်းသမားတွေတော့ ခုကွပါပဲဗျာ"

"ကျွန်တော်ပြောတာကို ယုံမယုံလူ မရှိဘူးဗျ၊ ငါးတစ်ကိုပဲ မြင်ကြတာ၊ ကျောက္ကင်းကျတော့ မမြင်မိကြဘူးမလား၊ ဘေးမသီရန်မခို့ ဆုတောင်းရုံတော့လွဲလို့ ဘာတတ်နိုင်ကြမှာလဲ"

မိုးက တစ်စစနှင့် လင်းလာသလို လေနီကြမ်းတလည်း ပြင်းသထက် ပြင်းလာလေသည်။ ပင်လယ်ပြင်တွင်လည်း သာမန်ယက်လှိုင်းများမှ နေ၍ လှိုင်းလုံးကြီးများက ပို၍ ကြီးသထက် ကြီးလာနေသည်။

နံနက်လင်းသည်နှင့် ကျောပိုက်လှေတစ်စင်းစ နှစ်စင်းစသာ စောရှိ ပြန်ဆိုက်ရောက်လာခဲ့သည်။ လေအခြေအနေနှင့် ရေစီးကို ရိပ်စားမိ၍ ပိုက်တစ်ချက်၊ နှစ်ချက်သာ ထိုးပြီး အခြေအနေ မကောင်းသဖြင့် ခပ်စောစော ပြန်ပြေးလာသူများ ဖြစ်ကြသည်။

နေတက်လာသည်နှင့်အမျှ လှိုင်းလုံးကြီးများက မြင့်သထက် မြင့်လာကြသည်။ လေနီကြမ်း တိုက်ခတ်မှုကလည်း ကြမ်းသထက် ကြမ်းလာနေလေသည်။

ပိုက်လှေများ ပြန်မရောက်သေးသည့် ပိုက်ရှင်များမှာ ဆောက်တည်ရာမရ ဖြစ်နေကြသည်။ အချို့က ခြေမကိုင်မိ လက်မကိုင်မိနှင့် ကမ်းခြေတွင် စုန်ဆန်သွားလာနေကြသည်။

ရှစ်နာရီခန့်တွင် လှိုင်းလုံးကြီးများ အကြားတွင် ကျောပိုက်လှေများ ပြန်လာကြသည်ကို မြင်ကြရသည်။ တချို့ခြေမှ လူများက သူ့လှေ တိုးဝင်လှေ ကွေးကြည့်ရင်း ဝမ်းသာနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် ကြာကြာဝမ်းမသာနိုင်ကြပါ။ ကမ်းခြေအနီး လှိုင်းလုံးကြီးများအောက်ဝယ် လေ့များက တစ်စစီဖြစ်သွားကြသည်။ ပိုက်သားများက လှိုင်းလုံးကြီးများ အကြားဝယ် နှစ်မြုပ်ပျောက်ပျက်ကုန်ကြသည်။ ကျော့ပိုက်လေ့၊ ဂျမ်းပိုက်လေ့၊ တန်းပိုက်လေ့၊ သုံးထပ်ပိုက်လေ့များသည် ကမ်းခြေတွင်ပင် နှစ်မြုပ်ပျက်စီးကုန်ကြသည်။ ကုသိုလ်ကံကောင်းသူ တစ်ဦးစ နှစ်ဦးစသာ လှိုင်းအရိုက်နှင့် ကံအားလျော်စွာ ကမ်းပေါ်သို့ ရောက်နိုင်ခဲ့ကြသည်။

အချို့လေ့များက လှိုင်းလုံးကြီးများကြောင့် ကမ်းသို့မကပ်ဖြစ်တော့ဘဲ မာန်အောင်ရဲကျွန်းများဘက်သို့ စက်ကုန်တင်၍ မောင်းထွက်သွားကြသည်။

သို့သော် ကံအားလျော်စွာ နှစ်စင်းစ သုံးစင်းစသာ မာန်အောင်ကျွန်းသို့ရောက်ရှိကာ ချောမောစွာ အသက်ရှင်ကြသည်။ လမ်းခုလတ်တွင် နှစ်မြုပ်သည့် စက်လေ့များ၊ စက်ပျက်ကာ ဘင်္ဂလားဘက်သို့မျောပါသည့်လေ့များမှ ပိုက်သားများမှာ ယနေ့တိုင် မြင်တွေ့ခွင့် မရနိုင်ကြတော့ချေ။ မှုန်တိုင်းစဲပြီး တစ်ပတ် နှစ်ပတ်ကြာမှ လေ့စက်မပါဘဲ လူချည်းသက်သက် ပြန်ရောက်လာခဲ့ကြသည်လည်း ရှိလေသည်။

မှုန်တိုင်း စတိုက်ပြီဆိုကတည်းက ကိုဘထွန်းက သူလူများကို မမျှော်လင့်ဖြစ်ချေ။ ကံကောင်းပါမှ အသက်ရှင်ခွင့် ရနိုင်သည်ကို၎င်း ကျိတ်၍ ဆုတောင်းနေမိသည်။

ကိုဘထွန်း တစ်ယောက် ဆုတောင်း မပြည့်ရှာခဲ့ပါ။ သူ့ပိုက်လေ့အဖွဲ့သည် မုန်တိုင်း ဟ်လည်း ပြန်မရောက်လာခဲ့ပါ။ အများကပ်ရောက်နိုင်သည့် ဒေသများသို့ မှုန်းဆက်သွယ်မေးမြန်းသော်လည်း မထူးခြားခဲ့ပါ။

ကိုဘထွန်း၏ စကားကို၊ မယုံခဲ့ကြသဖြင့် ပင်လယ်၏ မာယာကွန်ရက်၊ သဘာဝတရား၏ လှည့်စားမှုတို့ကြောင့် လောဘဇောတက်ကာ ပင်လယ်သတ်ကွင်းအတွင်း ကျရောက်၍ မပြန်လမ်းသို့ မြန်းခဲ့ကြရပြီဖြစ်ကြောင်း ကောင်းကောင်းကြီး သိလိုက်ရလေတော့သည်။

မောင်မြထွေး(ပင်လယ်)

❑

မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့

နှုတ္တရ လက္ခဏာနှင့် စွယ်စုံပညာရှင်

ဆရာအောင်ကျော်ခိုင်

အိမ်ထောင်ရေးဒုက္ခတွေ့နေသလား။ စီးပွားရေးအခက်တွေ့နေသလား။ အိမ်ခြံမြေ တိုက်ခန်း ရောင်းထွက်ချင်သလား။ အိမ်ကအမျိုးသားက ခြေလှမ်းများများနေသလား။ အမျိုးသမီးက ပုံမှန်မာတ်ရဲ့လား။ သားသမီးတွေ ပြောစကား နားမထောင်ဘူးလား။ နိုင်ငံခြားခရီး ကြာနေသလား။ ကြွေးတွေက တောင်းမရလို့ စိတ်ညစ်နေသလား။ အတိုက်အခံတွေ ပေါ်သလား။ စျေးရောင်းကောင်းချင်လား။

ဒါတွေ ခက်နေတာ လွယ်ပို့ သင် ဆရာနဲ့တွေ့ပို့ အခြိုနှံတန်ပြီ

တောခန်းတည်နေရာ ➡ ဆုတောင်းပြည့် အောင်မြေသာယာစေတီတော် မြောက်ဘက်မှခံ သူတော်စင်များနန်းအနီး။

လမ်းညွှန် ➡ ရုံးလွှမ္မတ်တိုင်၊ လိုင်သာယာမြို့နယ် ဆင်း ရောက်ပြီ။

ဖုန်း ➡ ၀၉-၄၂၀၈၇၂၉၃၂၊ ၀၉-၇၉၅၁၀၇၀၃ (ပိတ်ရက်မရှိပါ)

(အခါပေးအမျိုးမျိုး၊ ဗေဒင်ဟော၊ ဓာတ်ဖွဲ့၊ အတိုက်အခိုက်ရှင်း၊ ဓာတ်ရှိက်ဓာတ်ဆင်နှင့် အဆောင်ယာကြာကိစ္စများ အထူးဆောင်ရွက်ပေးပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

ရိုးရိုးငှက်

ရေထဲကောက်ကျစ်မှ ပြုတ်သတ်သော....

www.burmeseclassic.com

www.burmeseclassic.com

အံ့ကယ်၍သာ...

ကျွန်ုပ်သည် မတ္တရာသို့ ခရီးမသွားဖြစ်ခဲ့လျှင် ဤမျှ ထူးခြားဆန်းကြယ်သော အကြောင်းအရာများနှင့် တြိတွေ့လိမ့်မည် မဟုတ်ပေ။ သည်အဖြစ်အပျက်ကလည်း လူတစ်သိန်းမှာ တစ်ယောက် ကြုံနိုင်ဖွယ်မရှိနိုင်။

ဘယ်လောက်များ ဆန်းကြယ်သလဲဟု ဆိုရပါမူ...

မိုးအကုန် ဆောင်းအကူး ငွေနှင်းမှုန်ကလေးများ မြူဆိုင်းနေသောကာလတွင် ကျွန်ုပ် မတ္တရာသို့ ရောက်ရှိခဲ့သည်။

ရောက်ခဲ့သည့် အကြောင်းမှာ သာမန်မျှသာဖြစ်ပြီး မထူးခြားလှပေ။ ကျွန်ုပ်၏ ဦးလေးမိသားစုမှာ မိုးကုတ်မြို့သို့ ခရီးသွားရန် အကြောင်းဖန်ခဲ့သည်။ ဦးလေး၏ဇနီးမှာ မိုးကုတ်သူဖြစ်၍ ကိစ္စတစ်ခုကြောင့် မိုးကုတ်မြို့သို့ သွားရပေမည်။ ဦးလေးက ကျွန်ုပ်အား အဖော်အဖြစ်ခေါ်သဖြင့် ဦးလေးတို့မိသားစုနှင့် အတူ ခရီးသွားခဲ့ခြင်းဖြစ်သည်။

ယခု ခရီးသွားသည့်လူဦးရေမှာ ငါးယောက်ဖြစ်ပြီး၊ ဦးလေးနှင့်အဒေါ်၊ သူ၏သားနှစ်ယောက်နှင့် ကျွန်ုပ် ဖြစ်သည်။

ဦးလေး၏သားများမှာ ကျွန်ုပ်ထက်ငယ်ပြီး အင်ဂျင်နီယာ ဒုတိယနှစ်နှင့် တတိယနှစ်ကျောင်းသားများ ဖြစ်သည်။ ကျွန်ုပ်မှာမူကား ဥပဒေ (Law) ဖြင့် အောင်မြင်ပြီး ရှေ့နေလိုက်နေသူ ဖြစ်သည်။

ကျွန်ုပ်၏ ဒီဇကပင် စပ်စပ်စုစုရှိသလောက်၊ အကြောင်းအရာ တစ်ခုခုအပေါ်တွင် အများနှင့်ဆန့်ကျင်ဘက် တွေးတောတတ်သူဖြစ်သည်။ အထူးသဖြင့်ဆိုရပါမူ ကျွန်ုပ်သည် အယုံလွယ်သူ မဟုတ်သလို၊ အယုံခက်သူလည်း မဟုတ်ပါ။ သို့သော် အရာရာကို ချင့်ချင့်ချိန်ချိန် တွေးတောပြီးမှ ယုံကြည်ချက် ချတတ်တဲ့ လူတန်းစားမျိုး။

ထိုအကျင့်ကြောင့် သူငယ်ချင်းများက တွေဝေမိန်းမောပြီးမှ ကောက်ချက်ချတတ်သူလို့ ပြောကြပြန်သည်။ သို့သော်လည်း ကျွန်ုပ်က တွေးရသည်ကို ပျော်သည်။

တစ်ခါတစ်ရံ ကျွန်ုပ်သည် တွေးတောရင်း အခြေးကမ္ဘာတစ်ခုသို့ လွင့်မျောသွားသလို ခံစားခဲ့ဖူးသည်။

ပုံသဏ္ဌာန်မမှန်သော အတွေးစများကြောင့် ကျွန်ုပ်ကိုယ် ကျွန်ုပ်ပင် သံသယဝင်လာမိသည်။

◆

ဦးလေးနှင့် ကျွန်ုပ်တို့နှစ်ဦးသည် ကိုယ်ပိုင်ကားကလေးဖြင့် တစ်လည့်စီ မောင်းရင်း နေအိမ်မှ နံနက်စောစော စတင်ထွက်ခွာလာခဲ့သည်။ ယခုအခါ အမြန်လမ်းမကြီး ပေါ်ပေါက်လာပြီဖြစ်၍ ညနေစောင်းအချိန်၌ မန္တလေးမြို့သို့ ရောက်ရှိခဲ့သည်။

မန္တလေးမြို့တွင် ဦးလေး၏ အစ်မ (ကျွန်ုပ်၏ဒေါ်လေး)အိမ်၌ ခေတ္တတည်းခိုခဲ့သည်။ နောက်တစ်နေ့တွင်မှ မိုးကုတ်သို့ ခရီးဆက်ရန် စီစဉ်ခဲ့ပါသည်။ သို့သော် ဒေါ်လေးဒေါ်ခင်ရီ၏ စကားကြောင့် ကျွန်ုပ်တို့၏ခရီးစဉ်မှာ ပြောင်းရွှေ့သွားပါသည်။

"မောင်ချစ်နိုင်၊ မင်းတို့ မိုးကုတ်ကိုသွားမှာဆိုရင် မတ္တရာကို ဝင်လိုက်ဦး"

"မတ္တရာမှာ ဘယ်သူရှိလို့တုံး အစ်မရဲ့"

"မတ္တရာက ရဲကွန်းစင်တောင်မှာ ရသေ့မကြီး ဒေါ်နန္ဒာစာရီ ဘုရားတည် နေတယ်"

"ဩော်- သိပြီ သိပြီ၊ အမေတို့ လက်ထက်ကတည်းက အကြားအမြင်ရတဲ့ ရသေ့မကြီးပဲ၊ ဘုရား တည်နေတယ်ဆိုတော့ သွားပြီးလှူလိုက်ဦးမယ်"

"အေး အေး၊ အလှူအတန်းလုပ်ရင်း ဘုရားမှာလိုရာဆုတောင်းပေါ့"

"ဟုတ်ကဲ့ အစ်မ"

ထိုအချိန်အထိ ကျွန်ုပ်တို့ ဇာတ်လမ်းမှာ ဆန်းဆန်းပြားပြားမရှိ၊ ရိုးသားစွာ လျှောက်လှမ်းနေဆဲ။

ကျွန်ုပ်တို့အုပ်စုဟာ မန္တလေးမှ မတ္တရာသို့ နံနက်စောစော ထွက်လာခဲ့ပါတယ်။ ဖြူလွလွနေသော နှင်းကလေးများသည် မှုန်ရီနေသော မိုးကောင်းကင်မှ တဖွဲဖွဲတဖျဆင်းနေသည်။ နှင်းတောထဲမှာ ကားမောင်းရသည်မှာ မလွယ်ကူပေ။ သတိထားကာ ကားမောင်းနေရသည်။

မန္တလေးနှင့် မတ္တရာမှာ မဝေးလှပေ။ နံနက် ၁၀ နာရီအချိန်တွင် မတ္တရာမြို့သို့ ရောက်ရှိခဲ့ပါသည်။ ရက္ကန်းစင်တောင်သည် စက္ခင်တောင်ကြီးကို ကျော်သွားပြီး ပူဇော်ခံရွာမှ အတွင်းသို့ ဝင်သွားရပါသည်။

ရက္ကန်းစင်တောင်သို့ သွားရာလမ်းမှာ မကောင်းပါ။ ချိုင့်တွေပေါလှပါသည်။ ကားကို ချိုင့်ထဲမကျစေရန် ဂရုတစိုက်မောင်းရင်း ကားပေါ်ပါ လူများမှာ ဆီးဖြူသီးကို ဆန်ကာထဲထည့်လိုမ့်သကဲ့သို့ လူးလူးလိမ့်လိမ့်ဖြင့် တောင်ခြေသို့ ရောက်ရှိခဲ့ပါသည်။

တောင်ခြေတွင်ဇရပ်တစ်ဆောင်ကို တွေ့ရှိရပြီး ဇရပ်ပေါ်သို့ တက်သွားရာ ရသေ့မကြီး ဒေါ်နန္ဒာစာရီနှင့် အခန့်သင့် တွေ့ခဲ့ကြသည်။

"ဩော်- ဒကာကြီးဦးချစ်နိုင်တို့ မိသားစုပါလား"

www.burmeseclassic.com

www.burmeseclassic.com

"တင်ပါ့ဘုရား၊ အစ်မက ဆရာကြီး ဒီတောင်မှာ ဘုရားတည်နေတယ်လို့ ပြောလို့ ဝင်လာခဲ့တာပါ"

"အိမ်း- ကောင်းပါတယ်၊ ဒကာကြီးတို့အုပ်စု ဒီမှာထမင်းစားသွားနော်၊ သက်သတ်လွတ်ထမင်းဟင်းချက်ထားတယ်"

"ရပါတယ်၊ မစားတော့ပါဘူး ဆရာကြီး"

"ဒီနေရာကို လာတဲ့သူတိုင်း ဒီထမင်းဟင်းကို ဆေးအဖြစ်နဲ့ ကျွေးတာပါ၊ ဒကာကြီးတို့မိသားစုဟာ မင်းအမေ ထက်ထက်ကတည်းက အလှူဒါနပြုပြီး ဆွေလိုမျိုးလိုနေခဲ့တာ၊ ဒီမှာ နားပါဦး"

ရသေ့မကြီး ဒေါ်နန္ဒာစာရီက ဤသို့ပြောသဖြင့် ကျွန်ုပ်တို့အားလုံး သက်သတ်လွတ် ထမင်းဟင်းများကို စားသောက်ခဲ့ကြသည်။

"ဒီအသီးအနှံတွေက ဒီနှယ် တစ်ဝိုက်ကလာပြီး လှူဒါန်းထားတာ"

ထိုသို့ပြောရင်း ဌက်ပျောသီးနှင့် အခြားသီးနှံမျိုးစုံကို ချကျွေးပါသည်။ ဘာကြောင့်မှန်းမသိ။ ဤရသေ့မကြီး၏ ဇရပ်၌ စားရသော ထမင်းဟင်းများမှာ အငွေ့တထောင်းထွောင်းနှင့် လွန်စွာစားကောင်းခဲ့ပါသည်။

ထို့နောက် ဦးလေးတို့ ဇနီးမောင်နှံက ဘုရားအတွက် ငွေလှူဒါန်းပြီးနောက် စကားစမြည် ပြောခဲ့ကြပါသည်။ ကျွန်ုပ် ကိုလျှာရှည်ကမူ -

"ဆရာကြီး၊ တပည့်တော် - ဒီရက္ကန်းစင်တောင်အကြောင်း မကြားဖူးလို့ သမိုင်းကြောင်းလေး ပြောပြပါ"

"အိမ်း- ရက္ကန်းစင်တောင်အကြောင်းက ဒီလိုကွယ်"

ဟူ၍ ဤသို့ အစချီကာ ရက္ကန်းစင်တောင်အကြောင်း ပြောပြပါသည်။

"အလောင်းစည်သူမင်းကြီးဟာ ဘုန်းတန်ခိုးအလွန်ကြီးတဲ့ မင်းဖြစ်လို့ ဖောင်စကြာနဲ့ လိုရာခရီးကို သွားနိုင်တယ်၊ ပါးစပ်ရာဇဝင်အရ ပြောရရင် လက်ညှိုးညွှန်ရာ ရွေ့ဖြစ်သတဲ့။

တစ်နေ့တော့ အလောင်းစည်သူမင်းကြီးဟာ အဲဒီလို ဘုန်းတန်ခိုးကြီးလွန်းတဲ့အတွက် သူ့ရဲ့ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တွေဟာ သူ့လောက် ဘုန်းတန်ခိုး ရှိမှရှိပါ့မလားဆိုတဲ့ အတွေးနဲ့ပြစ်မှားခဲ့မိတယ်။

အဲဒီလို ပြစ်မှားတဲ့ကံကြောင့် မကြာမီမှာ မင်းကြီး မျက်စိကွယ်တော်မူခဲ့တယ်၊ မင်းကြီးလည်း ကြောက်လန့်ပြီး ပုရောဟိတ် ပုဏ္ဏားများကို မေးမြန်းတဲ့အခါ ဘိုးလောင်းတော်၊ ဘေးလောင်းတော်တွေကို ရှုပ်တုထုပြီး ဘုရားတည်ကာ တောင်းပန်ရမယ်လို့ အဖောထွက်တယ်"

"ဆက်ပြောပြပါဦး"

"မင်းကြီးဟာ ပုဂံပြည်မှာ ဘိုးလောင်းတော်၊ ဘေးလောင်းတော်တွေရဲ့ ပုံကိုထုပြီး ထွန့်တော့တောင်းပန်တယ်၊ ဂေါတော့ပလွင်စေတီတော် တည်ပြီး ပြစ်မှားမိတဲ့အပြစ်တွေ ဝန်ချတောင်းပန်တဲ့အတွက် စက္ခုနှစ်ကွင်း အလင်းရခဲ့တယ်။

ဒီလိုနဲ့ အလောင်းစည်သူမင်းကြီးဟာ အင်းကျယ်ကြီးတစ်ခုကိုရောက်ရှိလာခဲ့တယ်၊ အခုထော့ အဲဒီအင်းဟာ ပူဇော်ခံရွာနားက နေရာပေါ့"

"ပူဇော်ခံရွာလို့ ဘာကြောင့် ခေါ်တာလဲ"

"မင်းကြီးလာမယ်ဆိုတာ ကြို့တင်သတင်းရလို့ မင်းကြီးကို ပူဇော်ကန်တော့ဖို့ မဏ္ဍပ်ကြီးတွေ ဆောက်ပြီး ပူဇော်ဖို့ လုပ်ထားတဲ့အတွက် နောင်အခါမှာ 'ပူဇော်ခံရွာ' ဖြစ်လာခဲ့တယ်၊ မင်းကြီးဟာ အဲဒီနေရာကနေ ခရီးဆက်ခဲ့ရာ တောင်ကြီးတစ်တောင်ကို လှမ်းမြင်ခဲ့ရတယ်။

အဲဒီတောင်ကြီးကို ကြည့်ရင်း ကြည့်ရင်း အရင်ကထက်ပိုပြီး မြင်ရတဲ့အတွက် အရင်က မျက်စိကွယ်ခဲ့တာကို အမှတ်ရပြီး 'မျက်ကန်းမြင်တောင်'လို့ ခေါ်ခဲ့ကြတယ်၊ အခုတော့ ကာလရွှေ့လျားပြီး မျက်ကန်းမြင်တောင်ကနေ ရက္ကန်းစင်တောင် ဖြစ်သွားခဲ့တယ်"

"ဒါဆိုရင် ဒီတောင်က နာမည်နှစ်မျိုးပေါ့"

"ဟုတ်ပါတယ် ဒကာလေး၊ ဆရာကြီးက ဒီတောင်ခြေမှာ ဘုရားတည်မလို့ စောင့်နေတာ နှစ်ပေါင်းမနည်းတော့ဘူး၊ အခု ဒကာလေးတို့လာတော့ ဘုရားတည်လို့ ရသွားပြီ"

ရသေ့မကြီးက ဤသို့ပြောလိုက်သော်လည်း၊ သူပြောသည်ကို ကျွန်ုပ် နားမလည်ပေ။

ထူးခြားသော ဇာတ်လမ်းမှာ ဤနေရာမှ စတင်ခဲ့ပါသည်။

"ဘာကြောင့် အခုမှ ဘုရားတည်ဖြစ်မှာလဲ ဆရာကြီး"

"အခုတော့ ပြောလို့မရသေးဘူး၊ ညကျမှ ပြောမယ် ဒကာလေး"

ဤတွင် ကျွန်ုပ်၏ဦးလေး ဦးချစ်နိုင်မှ -

"တပည့်တော်တို့ ဒီမှာ ညမအိပ်ဘူး၊ ခဏနေ မိုးကုတ်ကို ဆက်သွားမှာ ဆရာကြီး"

"မအိပ်လို့ မရဘူး ဒကာကြီး၊ ဒကာကြီးတို့နဲ့အတူ ဒီစေတီတည်မယ့် ပဌာန်းဆက် အဓိက ပုဂ္ဂိုလ်တစ်ဦးပါလာတယ်"

"အဲဒါ ဘယ်သူလဲ ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com

"ညူပဲ၊ အရင်ဘဝကတော့ မောင်သီဟပေါ့။ အခုဘဝမှာလည်း သောကြာသားပဲ"

"ခင်ဗျာ"

ကျွန်ုပ်မှာ သောကြာ ဖြစ်နေသဖြင့် အာမေဍိတ်သံ ထွက်ပေါ်လာခဲ့သည်။

"ဒကာလေး နာမည်နဲ့ မွေးနေ့ ပြောပါ"

"တပည့်တော်နာမည် သီဟနိုင်ပါ။ သောကြာသားပါ"

ထိုအခါ ဦးလေးလည်း လှုပ်လှုပ်ရွရွ ဖြစ်သွားပြီ -

"ဒါဆို ဆရာကြီး တပည့်တော်တို့ ဘယ်လိုလုပ်ရမလဲ"

"အိမ်း၊ ညကျရင် သိလိမ့်မယ်၊ ဒီနေ့ည ဒီမှာ အိပ်ရမယ်၊ ခရီးဆက် သွားရင် မင်းတို့ဘေးအန္တရာယ်ဆိုးနဲ့ တွေ့ကြုံရလိမ့်မယ်၊ ညမှာ မောင်သီဟ နဲ့ ဆွေတော်မျိုးတော်တွေ လာလိမ့်မယ်"

'ဆွေတော်မျိုးတော်တွေ ဆိုပါလား၊ ဘယ်သူများပါလိမ့်'

ကျွန်ုပ်မှာ ဤမေးခွန်းကို မေးလိုသော်လည်း မမေးရဲသဖြင့် နှုတ်ဆိတ်နေခဲ့သည်။

ဤသို့ဖြင့် ည၉ ၁၀ နာရီအချိန်သို့ ရောက်လာခဲ့သည်။ ရသေ့မကြီးသည် ဇရပ်ပေါ်ရှိ ဘုရားခန်းတွင် ဆီမီးများ၊ အမွှေးတိုင်များ ထွန်းညှိကာ အသင့်စောင့်နေခဲ့သည်။

ထိုအချိန်တွင် အစိမ်းရောင်၊ ပန်းရောင်၊ အဝါရောင်ဝတ်စုံကို ဝတ်ဆင်သည့် မိန်းမပျို သုံးဦး ဇရပ်ပေါ်သို့ တက်လာခဲ့သည်။ သူတို့သုံးယောက် စလုံးမှာ ဆံပင်ဖားလျားချထားပြီး ဆံပင်တစ်ရပ်၊ လူတစ်ရပ်ဖြစ်သည်။ သူတို့၏ အပြင်အဆင် အနေအထားကို ကြည့်ကတည်းက ထူးခြားသောအသွင် ရှိသူများပင်။

"ဩော်-ဒကာမလေးတို့ ရောက် လာကြပြီကိုး လာကြ၊ လာကြ"

မိန်းကလေး သုံးယောက်သည် ဇရပ်ပေါ်ရှိ ဘုရားခန်းသို့ သွားကာ ဘုရားရှိခိုးပြီးနောက် ကျွန်ုပ်တို့အုပ်စု ရှိရာသို့ လာခဲ့သည်။

ထိုစဉ် ရသေ့မကြီးက -

"သူတို့တွေက ညီအစ်မတွေလေ၊ ဒီနားက ရွာမှာနေတယ်၊ အကြီးမက 'နှင်းမြ' တဲ့၊ အလယ်က 'နှင်းလှ'၊ ဟို နောက်ဆုံးက 'နှင်းခ' တဲ့။

ဒီဘက်က ဒကာကြီးက 'ဦးချစ်နိုင်'တဲ့၊ ဟိုဘက်မှာ ဒကာလေးကတော့ 'သီဟနိုင်' တဲ့"

"ဩော်- အစ်ကိုသီဟ ရောက် လာပြီကိုး"

ဟု ပြောပြောဆိုဆို နှင်းမြဟူသော မိန်းကလေးမှာ မျက်ရည်ပိုးပိုး ပေါက်ပေါက် ကျလာပါတော့သည်။

ခဏအကြာတွင် သူမသည် လက်နှစ်ဖက်ဆို ကန်တော့သကဲ့သို့ ပူးကပ်ထားပြီး တစ်ကိုယ်လုံး နှတ်ပူးသလို တဆတ်ဆတ် တုန်ယင်နေသည်။

"ငါကတော့ မင်းတို့ရဲ့အစ်ကို ကြီး ရာဇာပဲ"

နှင်းမြ၏အသံမှာ ယောကျ်ားကြီးတစ်ယောက်၏ အဆံကဲ့သို့ ပြောင်းလဲသွားပါသည်။

ကျွန်ုပ်တို့အုပ်စုကြီးမှာ နှင်းမြ၏ ထူးခြားသော အပြုအမူကြောင့် ကြောင် ၍ကြည့်နေသည်။

ထိုအခါ နှင်းမြမှာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ရီနေရင်း -

"ငါတို့ဟာ နဂါးသိုက်မှာ သိုက် နန်းရှင်မိသားစု ခြောက်ယောက် ဖြစ်တယ်၊ ဘုရားတည်ဖို့ အမေဟာ လူပြည်ကိုအရင်သွားခဲ့တယ်၊ နောက်တော့ မင်းနဲ့ ညီမလေး သုံးယောက် လိုက်သွားခဲ့တယ်၊ အဖြောင်းဖျမျိုးမျိုးကြောင့် အရပ်ဒေသကွဲပြားသွားသလို ဝင်စားတဲ့ မိဘလည်း ကွဲပြားသွားတယ်။

ငါ့အစ်ကိုကြီး ရာဇာကတော့ သိုက်နန်းမှာ စောင့်ရှောက်ရင်း ဒီနဂါး သိုက်မှာ ကျန်ရစ်ခဲ့တယ်၊ အခုလည်း ဘုရားတည်ဖို့ အချိန်ကျပြီဖြစ်လို့ မင်းနဲ့ အမေနဲ့ ညီမလေးတွေ ပြန်လည်ဆုံတွေ့ ရတာပဲ။

အမေနဲ့ ညီမလေးတွေကတော့ ဒီအကြောင်းကို သိပြီးပါပြီ၊ မင်းသိဖို့ပဲ ကျန်တော့တယ်၊ အခုမှ သိရလို့ မင်း ယုံချင်မှယုံမယ်၊ မင်းယုံကြည်အောင် ငါ လက်ဆောင်တစ်ခု ပေးလိုက်မယ်၊ မင်း ယုံကြည်တဲ့တစ်နေ့မှာ အမေနဲ့ ညီမလေးတွေနဲ့အတူ မင်း ဘုရား လာ တည်ပေးပါ"

ကျွန်ုပ်မှာ မည်သို့ပြောရမှန်း မသိ။ ဤကဲ့သို့ အတွေ့အကြုံမျိုးလည်း တစ်ခါမျှ မကြုံဖူးပါ။ နဂါးသိုက်မှ အစ်ကိုကြီး ဆိုသူလည်း ထွက်သွားခဲ့ သည်။

ကျွန်ုပ်လည်း တစ်ခါက တစ် ဘဝတွင် အမေ တော်ခဲ့ဖူးသည်ဟု ဆိုသော ရသေ့မကြီး၏ မျက်နှာကို လှမ်းကြည့်မိသည်။

ရင်ထဲတွင် ဝမ်းနည်းခြင်းလား၊ ဝမ်းသာခြင်းလား အမည်မဖော်ပြနိုင် သည့် ဝေဒနာတစ်မျိုးကို ခံစားလိုက်ရ သည်။ ထို့အတူ မိန်းကလေးသုံးဦးကို လှမ်းကြည့်ပြန်တော့ ယခင်ကတည်းက ရင်းနှီးသလို ခံစားရပြန်သည်။

"ဒကာလေး မင်းက အခုမှ ဒီလို ဖြစ်ရပ်ဆန်းကြယ်နဲ့ တွေ့ကြုံရတာဟာ

www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်းဝေခွဲလို့ရမှာ မဟုတ်သေးဘူး။ ဘဝသံသရာဆိုတာ ရှည်လျားလှပါတယ်။ ဒါပေမဲ့ အတူကုသိုလ်ပြုဖူးတဲ့ သူတွေဟာ တစ်နေ့မှာ ပြန်ဆုံတွေ့ကြမှာပဲ။

ဒကာလေးဟာ ဆရာကြီးတို့နဲ့ ပဌာန်းဆက်ပါတယ်ဆိုရင် ဒီနေရာကို ပြန်လာပြီး ဘုရားတည်ရမှာပဲ၊ မနက်ဖြန်တော့ မင်းတို့အုပ်စု မိုးကုတ်ကို အန္တရာယ်ကင်းကင်းနဲ့ သွားလို့ရပါပြီ"

ထိုသို့ပြောပြီးနောက် မိန်းကလေး သုံးယောက်လည်း ပြန်သွားခဲ့သည်။ ကျွန်ုပ်တို့အုပ်စုလည်း အိပ်ရာဝင်ခဲ့သည်။

နံနက်စောစောတွင် မိုးကုတ်မြို့သို့ သွားရောက်ခဲ့ပါသည်။ မိုးကုတ်မြို့သို့သွားရာလမ်းတွင် ဦးလေးကို ကားမောင်းရင်း -

"သား ကိုသီဟ၊ ရသေ့မကြီး ပြောတဲ့စကားကို ဘယ်လိုနားလည်လဲ"

"ပြောရရင်တော့ ကျွန်တော်က သိပ်မယုံချင်ဘူး၊ ဘုရားတည်ဖို့ အလှူခံချင်လို့လား မသိဘူး"

"အဲဒီလိုတော့ မဟုတ်လောက်ဘူး၊ ဘုရားတည်ဖို့ အလှူခံရင်လည်း ဦးလေးတို့က လှူမှာပဲ၊ အမေရိကတည်းက ဒီဆရာကြီးကို လှူလာတာပဲ၊ ဆရာကြီးက သိပ်အလှူမခံဘူး၊ အမေကသာ လှူနေတာ၊ ထူးတော့ ထူးခြားတယ်"

"ထူးခြားတာတော့ အမှန်ပဲ၊ ကျွန်တော့်စိတ်ထဲမှာလည်း အမေ တစ်ယောက်ကို တွေ့လိုက်ရသလိုမျိုး ခံစားမိတယ်၊ ဒါပေမဲ့ ဦးလေးရယ် ကျွန်တော့် စိတ်ထဲမှာ မယုံတစ်ဝက်၊ ယုံတစ်ဝက် လွန်ဆွဲနေတယ်"

"အေးလေ၊ ဦးလေးကတော့ ဘာမှမပြောချင်ပါဘူး၊ မင်းအကြောင်းနဲ့ မင်းပေါ့၊ မင်းလည်း စဉ်းစားနိုင်တဲ့အရွယ်ရောက်နေပြီ၊ ဘုရားတည်ချင်တဲ့စိတ် ရှိရင် တည်ပေါ့၊ မရှိရင် မတည်နဲ့ပေါ့"

မှန်မါသည်။

ဦးလေးပြောသလို ဘုရားတည်လိုက တည်နိုင်သလို၊ မတည်လျှင်လည်း နေနိုင်ပါသည်။ ဘုရားတည်ရန် ငွေအသင့်အတင့်လည်း လှူစွဲနိုင်သည့် အတွက် ကျွန်ုပ်၏ ဆုံးဖြတ်ချက်အပေါ် ၌သာ မူတည်ပါသည်။

ကျွန်ုပ်၏စိတ်မှာမူ လက်တွေ့ကျကျသာ မြင်တွေ့လိုက်သည့်အတွက်-

"အကယ်၍သာ တပည့်တော်သည် နဂါးသိုက်မှလာကာ ဤစေတီတော်အား တည်ရမည်ဆိုလျှင် ယုံကြည်အောင် အကြောင်းပြချက် တစ်ခုခု တွေ့ပါရစေဘုရား"

ဟူ၍ အဓိဋ္ဌာန်ပြုခဲ့သည်။

နောက်တစ်လခန့် အကြာတွင် ကျွန်ုပ်နှင့် ကျွန်ုပ်၏ သူငယ်ချင်းကို မအူပင်မြို့၌ ရှေ့နေလိုက်ရန် ငှားရမ်းသဖြင့် မူအူပင်မြို့သို့ ရောက်ရှိခဲ့ပါသည်။

မအူပင်မြို့ရှိ တရားရုံးတွင် အမှုစစ်ပြီးနောက် ညနေစောင်းအချိန်တွင် မအူပင်မြို့၏ မြစ်ကိုဖြတ်ကာ ရွာတစ်ရွာဆီသို့ အလည်အပတ် လှေစီးခဲ့ကြသည်။

ကျွန်ုပ်တို့အုပ်စုမှာ ထိုရွာတွင် ထန်းရည်သောက်ပြီးနောက် ပြန်လာခဲ့သည်။ ညနေ ၆ နာရီ ထိုးနေပြီဖြစ်၍ အမှောင်ရိပ်သန်းနေပါသည်။ လှေကလေးမှာ ရေလယ်သို့အရောက်တွင် သိမ့်ခနဲယိမ်းထိုးသွားပြီး လှေနံတစ်ဖက် စောင်းကာ ကျွန်ုပ်မှာ ရေထဲသို့ ရုတ်တရက် ထိုးကျသွားသည်။

အရှိန်မထိန်းနိုင်သော ကျွန်ုပ်မှာ ရေထဲသို့ ခေါင်းဖြင့်ထိုးကျသွားကာ ရေအောက်သို့ အရှိန်ဖြင့် ကျသွားစဉ်-

'ဒိန်း'ဟူသော အသံနှင့်အတူ ကျွန်ုပ်၏ ဦးခေါင်းနှင့် ရေအောက်ရှိ ကျောက်တုံးကြီးတို့ တိုက်မိပြီး ကျွန်ုပ် သတိလစ်သွားခဲ့သည်။

ကျွန်ုပ် သတိလစ်စဉ် ကျွန်ုပ်၏ ကိုယ်မှ ကိုယ်ပွားတစ်ခု ထွက်လာပြီး ရေအောက်တွင် ကူးခပ်နေစဉ် လို့က် ခေါင်းပေါက်တစ်ခုကို တွေ့ရှိရသဖြင့် ထိုလို့က်ခေါင်းထဲသို့ ကူးခပ်ကာ ဝင်ရောက်ခဲ့သည်။

ထိုလို့က်ခေါင်းထဲသို့ ဝင်မိသည့် တစ်ခဏတွင် အခန်းကျယ်ကြီးတစ်ခု ဆီသို့ ရောက်ရှိသွားခဲ့သည်။ ထိုအခန်းကျယ်ကြီးတွင် ရေလုံးဝမရှိဘဲ ကုန်းပေါ်မှ စံအိမ်တော်ရှိ အခန်းကြီးကဲ့သို့ ခမ်းနားသော အသုံးအဆောင်များနှင့် ပြည့်နှက်နေသည်။

မကြာမီ ထိုအခန်းကျယ်ကြီးဆီသို့ နန်းဝတ်နန်းစား ဝတ်ဆင်ထားသည့် မင်းသားတစ်ပါးနှင့် သူ၏ ရဲရွေတော်များ၊ အစောင့်အကြပ်များ ရောက်ရှိလာသည်။

ထိုမင်းသားသည်- ကျွန်ုပ်နှင့် လွန်စွာရုပ်ချင်းဆင်တူသည်ကို ကျွန်ုပ် သတိပြုမိသည်။ ထိုစဉ် မင်းသားမှ-

"ညီတော် ရောက်လာပြီကိုး၊ နှောင်တော်ကို ရာဇာပါ။ မယ်တော်ကြီးဆီမှာ နှောင်တော်ရဲ့ ကမ္မဇဇီဒွိတန်ဉီးနဲ့ လာရောက်ပြီး ဘုရားတည်ဖို့ ပြောခဲ့တယ်၊ ဒါပေမဲ့ ညီတော်က မယုံကြည်ခဲ့ဘူး၊ အခုတော့ မင်း ယုံကြည်အောင် ပစ္စည်းတစ်ခု ပေးလိုက်မယ်၊ အဲဒါကတော့ သိုက်နန်းရဲ့ အထိမ်းအမှတ် 'ကျောက်စီရွှေမိကျောင်းရုပ်'ပဲ၊ ဒီရုပ်တုကလေးကို ယူသွားပြီး မယ်တော်ကြီး တည်ထားမယ့်ဘုရားမှာ ဌာပနာပေး

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပြောဆိုပြီး နီလာပတ္တမြား စိန်၊ ကျောက်မျက်ရတနာ အမျိုးစုံ စီခြယ်ထားသည့် တစ်ထွာခန့်ရှိသော ရွှေမိကျောင်းရုပ်ကလေးကို လှမ်းပေးသဖြင့် ကျွန်ုပ် ယူလိုက်သည်။

"ကဲ - ညီတော် အမြန်ပြန်တော့၊ ဒီနေရာဟာ အန္တရာယ်များတယ်"

ဟု ဆိုကာ လိုဏ်ခေါင်းအဝ အိတိုလိုက်ပို့ပေးခဲ့သည်။

ထိုသို့ အရောက်တွင် ကျွန်ုပ် သတိပြန်ရပြီး ရေမွန်းသည့် ဒဏ်ကို ခံစားရသဖြင့် ခြေထောက်နှစ်ဖက်က ရေကိုတွန်းကန်ပြီး ကိုယ်ဖော့လိုက်ရာ-

'ဗွမ်း' ဟူသော အသံနှင့်အတူ ကျွန်ုပ်ရေပြင်ပေါ်သို့ တက်လာနိုင်ခဲ့သည်။

"ဟိုမှာ ဟိုမှာ. . . . ကိုသီဟ"

ကျွန်ုပ် ရေထဲသို့ ထိုးကျသွား သဖြင့် လိုက်ဆယ်သော သူငယ်ချင်းနှင့် လေ့သမားက လှမ်းအော်ပြီး လာကယ်ခဲ့ကြပါသည်။

"ဟူး. . . . မောလိုက်တာ"

ကျွန်ုပ်ရေထဲကျသည့် နေရာက တစ်နေရာ၊ ရေပေါ်ပြန်ပေါ်လာသည့် နေရာက တစ်နေရာဖြစ်သည်။ ကျွန်ုပ်အား လေ့ပေါ်တင်ပြီး ကမ်းသို့ လော်ခတ်လာခဲ့သည်။ မကြာမီ ကုန်းပေါ်သို့ ရောက်ရှိလာခဲ့သည်။

"ထန်းရည်သောက်ပြီး ရေထဲပြုတ်ကျအောင် မူးတဲ့ကောင်မျိုး ဒီတစ်ခါပဲ တွေ့ဖူးတယ်၊ တော်တော် ဒုက္ခပေးတဲ့အကောင်"

ကျွန်ုပ်၏ သူငယ်ချင်းရှေ့နေ ခင်မောင်စိုးက ဤသို့ ပြောလိုက်သည်။

တကယ်တမ်းတော့ ကျွန်ုပ်မှာ ထန်းရည် မမူးဘဲနှင့် နဂါးသိုက်သို့ ရောက်သွားခြင်း ဖြစ်ပါသည်။

ဤအကြောင်းကို ပြောလည်း ယုံမှာမဟုတ်ပေ။ ကျွန်ုပ်လည်း ထုံပေပေနှင့် ထိုင်နေရင်း မိကျောင်းရုပ်ကလေးကို သတိရမိပါသည်။

သို့ဖြင့် ကျွန်ုပ်လည်း ခန္ဓာကိုယ်အား ဟိုစမ်းသည်စမ်း စမ်းကြည့်ရာ ရင်ဘတ်အလယ်လောက်တွင် ဖုနေသော အရာဝတ္ထုတစ်ခုကို စမ်းမိသည်။ ကျွန်ုပ်လည်း အလျင်အမြန် ဆွဲထုတ်လိုက်ရာ -

"ဟာ- ကျောက်စိမ်းမိကျောင်းရုပ်တု"

မှန်ပေသည်။

စောစောက အိပ်မက်တစ်ခု အဖြစ်သာ ထင်ခဲ့မိသည့် အကြောင်းအရာ တစ်ခုမှာ အမှန်ပင် ဖြစ်လာခဲ့သည်။ ထို့ကြောင့် ဖြစ်ကြောင်းကုန်စင် ပြောပြခဲ့ပါသည်။

ကျွန်ုပ်၏ ဖြစ်ရပ်မှန်ကို ကြားသိရသူ အပေါင်းမှာ မယုံနိုင်အောင် ဖြစ်ကြပါသည်။

ကျွန်ုပ်လည်း သိပ္ပံပညာနှင့် သဘာဝလွန် ဖြစ်ရပ်တို့ကို ဘယ်လို နားလည်ရမှန်း မသိတော့ပါ။

ရှေ့နေပီပီ သက်သေရှာခဲ့သော ကျွန်ုပ်မှာ မိကျောင်းရုပ်တု သက်သေ ရခဲ့ပါပြီ။

အမေနှင့် ညီမငယ်သုံးဦးတို့နှင့် အတူ မိကျောင်းရုပ်တုကို ဌာပနာဖို့ ကျွန်ုပ် ဆုံးဖြတ်ချက်ချလိုက်ပါသည်။ ကျွန်ုပ်အား မသေကောင်းမပျော်ကောင်း ရေထဲဆွဲနှစ်ပြီး မိကျောင်းရုပ်တုပေးပါသော နောင်တော်ကြီးကိုလည်း ယုံကြည်သွားခဲ့သည်။

အိမ်သို့ ပြန်ရောက်သောအခါ မိကျောင်းရုပ်တုကို ပြပြီး ထိုအဖြစ်အပျက်များကို ပြောပြရာ ဦးလေးက ဘုရားတည်မည့်နေရာသို့ ပို့ဆောင်ပေးမည်ဟု ဆိုပါသည်။

"အမေနဲ့ ညီမလေးတို့ရေ - အစ်ကိုကြီးပေးလိုက်တဲ့ မိကျောင်းရုပ်တုလေးကို ပိုက်ပြီး မင်းတို့ရှိရာအရပ်သို့ အရောက်လာခဲ့မယ်"

ကျွန်ုပ်က ထူးခြားဆန်းကြယ်စွာ ရရှိထားသည့် မိကျောင်းရုပ်တုကလေးကို ပိုက်ရင်း ပြောလိုက်မိသည်။

ကျွန်ုပ်သာ ရက္ခန်းစင့်တောင်ခြေရှိ အမေ့ရပ်ကလေးဆီကို ရောက်ရှိပါက အမေနဲ့ ညီမလေးမျှား ဘယ်လောက်တောင် ပျော်လေမလဲ မသိ။

ရိုရိုဌေး

❑

www.burmeseclassic.com

www.burmeseclassic.com

တေးသွားဆိုင်ရာ အရည်ဟင်းလေးပယ် ဖြစ်ပေါ်ကြောင်း

တစ်နေကုန် သူများအိမ်မှာ အလုပ်ကူလုပ်၊ အဝတ်အင်္ဘားလျှော်ရသည့် ဒေါ်ထွေးမိအဖို့ နံနက်စောစော ဘုရားကို ဆွမ်း၊ ပန်း၊ ရေချမ်းကပ်သည့် အချိန်ကသာ သူ့အတွက် ပြည့်ပြည့်ဝဝ နားရသည့်အချိန် ဖြစ်သည်။ ဘုရားရှိခိုးပြီး အမျှအတန်း မှုဝေခင် မေတ္တာအရင်ပို့လေသည်။

"စက်မှုဇုန်မှာနေထိုင်တဲ့ သားလေး မောင်ဖိုးအောင် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အမေနှင့်အတူတူ နေထိုင်ကြတဲ့ သမီးလေး ပြုံးပြုံးချို၊ သမီးငယ်လေး အေးအေးချိတို့လည်း ကျန်းမာ ချမ်းသာကြပါစေ၊ ကမ္ဘာသူ ကမ္ဘာသားများနှင့် မြန်မာပြည်သူ ပြည်သားများလည်း ကျန်းမာ ချမ်းသာကြပါစေ၊ ကပ်ကြီးသုံးပါးလည်း ကျော်လွှားနိုင်ကြပါစေ။

မရှိစကား နားမှ လေသံ မကြားရဘဲ လှုနိုင် တန်းနိုင် ပေးနိုင် ကမ်းနိုင်သော ဘဝများ ဖြစ်ကြပါစေ၊ လူလူချင်း သတ်ဖြတ်ကြခြင်း ဘေးတွေမှလည်း ကင်းဝေးပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ငြိမ်းချမ်းကြပါစေ"

ဘုရားရှိခိုး မေတ္တာပို့ အမျှဝေပြီးမှ အိမ်အတွက် ထမင်းတစ်အိုးတည်၊ အရည်ဟင်းလေးတစ်အိုး ထပ်ချက်ရသည်။ ကလေးတွေက အရည်ဟင်းပါလျှင် ထမင်းစားဝင်ကြသည်။ ကလေးတွေ နေ့လယ် ကျောင်းမှ ထမင်းစားပြန်လာလျှင် အဆင်သင့် စားရအောင် ဝယ်ထားသော အကြော် တစ်ပန်းတန်နှင့်အတူ အရည်ဟင်း တစ်ခွက်ခပ်တာ အုပ်ဆောင်းအောက် အုပ်ထားခဲ့ရသည်ဟု သူတို့ကို နံနက်စေးမီးစေ ကျောင်းမသွားမီ တွေ့လိုက်ရသည်ထိ

ထမြည့်ဝန်းမဂ္ဂဇင်း (နိဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ထမင်းကြမ်းကို ပဲပြုတ်၊ ဆီနည်းနည်း တို့ဖြင့် လှော်ထားသော ထမင်းကြမ်းကြော်၊ တစ်နည်း ထမင်းကြမ်းလှော်ဖြစ်သည်။ ကော်ဖီတို့၊ လက်ဖက်ရည်တို့ မတိုက်နိုင်၊ ရေနွေးကြမ်းပူပူလေးသာ တိုက်လိုက်နိုင်သည်။ တစ်ခါတလေတော့ ထမင်းရည်ပေါ့။ ထမင်းရည်ကလည်း ဗီတာမင်တွေ အပြည့်အဝပါတယ်လေ။ လျှာနှာ ပါးစပ်ထဲအပူကန်တာတို့ဆို ထမင်းရည်ပူပူလေးကို ဆားခပ်ခါသာ အဝသောက်လိုက်၊ နှစ်ခါလောက် သောက်လိုက်ရင်ကို ပျောက်သွားတတ်ပါသည်။ မရှိတဲ့လူတွေအဖို့တော့ ဆေးတစ်ပါးပါပဲ။

အဝတ်လျှော်ရသည့် အိမ်ကို မနက် စနာရီခွဲလောက်တော့ အရောက်သွားရသည်။ ဒေါ်ထွေးမိ အတွက်က နံနက်စာမပူရ။ အဝတ်လျှော်ရသည့် အိမ်က နံနက်စာ ထမင်းကျွေး၊ ကော်ဖီတိုက်သေးသည်။ သူကလည်း အလိုက်သိသည်။ ရောက်သည်နှင့် ခြံထဲမှာ တံမြက်စည်းလှည်း၊ ပန်းကန် ကူဆေးပေး။ ပြီးမှ အဝတ်လျှော်သည်။

သူအလိုက်သိတော့ အိမ်ရှင်တွေကလည်း သူ့အပေါ် စေတနာရှိသည်။ ကလေးတွေအတွက် အဝတ်အစား၊ သူ့အတွက် အနွေးထည်၊ ထဘီ၊ အင်္ကျီ ကအစပေးတတ်သည်။ အဝတ်မလျှော်ခင် ဘောင်းဘီအိတ်၊ အင်္ကျီအိတ်ကပ်တွေထဲ အရင်ရှိုက်ကြည့်ပေးရသည်။ တစ်ခါတလေ အနေကြီးသည့် စာရွက်လေးတွေ၊ ဝန်ထမ်းကတ်တွေ ပါတတ်သေး၍ ဂရုစိုက်ရသည်။

တစ်နေကုန် နှစ်အိမ်ကို လျှောက်လှည့် အဝတ်လျှော်ခ ငါးထောင်၊ခြောက်ထောင်လောက် ရသည်။ သူ့အတွက် လျှော်ရသည့်အိမ် မရှား။ တစ်ခါတလေ အဝတ်လျှော်ရင်း စိတ်မကောင်းဖြစ်ရသည်။ သူ အေးဆေးစွာနေရသည့်ဘဝကနေ ယောကျ်ားဖြစ်သူ ကိုဖိုးနောင်ဆုံးသွား၍ မလုပ်တတ် မကိုင်တတ် ဖြစ်ကျန်ခဲ့သည်။

သားဖြစ်သူက ပထမနှစ် စီးပွားရေးပညာ တက်နေသည့် ကျောင်းသား။ ကိုးတန်းကျောင်းသူ သမီးနှင့် ရှစ်တန်းကျောင်းသူ သမီး တို့ကို ချန်ခဲ့ကာ သူဆုံးပါးသွားတော့ အရင်းအနှီးလည်း မရှိသည်မို့ အဝတ်လျှော်သည့်အလုပ်လုပ်ကာ သားသမီးတို့ကို ကျောင်းဆက်ထားခဲ့ရသည်။

သားကြီးကို သူ အားကိုးပါသည်။ သားကြီး ဘွဲ့ရ၍ အလုပ်ရလျှင် အငယ် သမီးတွေအတွက် ကျောင်းစရိတ်လေးမှ ကာမိခါမှ သူ အနည်းငယ် သက်သာမည်ဟု တွေးမိခဲ့သည်။ အထင်နှင့်အမြင်က ပါစင်အောင် လွဲခဲ့ရသည်။

သား ဘွဲ့ရအောင် ကုန်းရွန်း အဝတ်လျှော်ခဲ့ရသည်။ သူဘွဲ့ရတော့ အလုပ်ရဖို့ စောင့်နေရသေးသည်။ ကံကောင်းချင်တော့ ရုံးမှ သူတို့အဖေ လုပ်ဖော်ကိုင်ဖက်များနှင့် လမ်းတွင် တွေ့ဆုံမိရာမှ သတင်းမေးကြရင်းက အဝတ်လိုက်လျှော်နေရကြောင်း သိ၍ သားကို အလုပ်သွင်းပေးမည်ဟု ကတိပေးသွားကြရာမှ အလုပ်ရခဲ့သည်။ အလုပ်အချိန် အတိအကျမရှိ၊ အနေကြီးလျှင် ကြီးသလို ညဆင်းတွေလည်း ဆင်းရသည်။

သားက ငွေစာရင်း ကိုင်ရ၍ အချိန်ပိုဆင်းရသည့်အခါ အချိန်ပိုကြေးရသလို သူတို့ရုံးက အပိုဆုငွေတွေလည်း ပေးတတ်ကြောင်းကို သူများပြော၍သာ သိရသည်။ သားအလုပ်ရှိသော်လည်း သားဆီက ပိုက်ဆံမရခဲ့ပါ။ အမေကပင် သူ့ကို ကျွေးနေရသေးသည်။

အင်္ကျီအိတ်တွေ နှိုက်ကြည့်နေရာမှ သား မောင်ဖိုးအောင်ကို သတိရလိုက်မိသည်။ အိမ်တွင် သားဖြစ်သူ၏ ပုံထားသော အဝတ်များကို တစ်ပတ် တစ်ခါ သူအဝတ်လျှော်နားသည့်နေ့တွင် လျှော်ပေးခဲ့ရသည်။ ငွေကလည်း အနေကြီးသလို အိမ်အလုပ်ကလည်း အနေကြီးပါသည်။ ကလေးတွေ နားသည့် တနင်္ဂနွေနေ့တွင် သူလည်း အဝတ်လိုက်မလျှော်ဘဲ တစ်ပတ်စာ အိမ်အလုပ်များကို လုပ်ရသည်။

သမီးဖြစ်သူကလည်း ကျောင်းစာတစ်ဖက်နှင့် စတိုးဆိုင်လေးတွင် အရောင်းစေးသည်လေး အဖြစ်လည်း အလုပ်လုပ်နေရ၍ မနားရရှာပါ။ အိမ်အလုပ်များကလည်း ကိုယ့်အလုပ်ပါပဲ။ သူ့ကျောင်းစရိတ်လေးရအောင် ကြိုးစားနေရှာသော သမီးကို ကြည့်ရသည့်အခါ မောင်ဖိုးအောင်အပေါ် စိတ်ခုမိပါသည်။ ညီမလေးတွေ ကျောင်းစရိတ်လည်း မထောက်ပံ့၊ ဘာတွေ လုပ်နေသနည်းဟု သိချင်သော စိတ်သည် သူ့အိတ်ထောင်မှရသော စာကြောင့် သိလိုက်ရသည်။

အချစ်လေးရေ . . .

ကိုယ့်ရုံးက ဘောနပ် နှစ်သိန်းပါးရတယ်၊ အချစ်ကျောင်းစရိတ်သုံးဖို့ တစ်ဝက်ခွဲပို့ပေးလိုက်တယ်နော်၊ ရှင့်ရုံးဖုန်းကို ဆက်လိုက်ဦးနော်၊ ကိုယ်တိုင် လာပေးဖို့ဟာ ရုံးမှာ အလုပ်များလွန်းလို့ ထွက်မရလို့ မနေ့က လူကြုံ မသစ်သစ်ကနေ ပို့ပေးလိုက်တယ်။ အချစ်ဆီက အခုထိ ဖုန်းမလာသေးလို့ ဒီစာကို လူကြုံနဲ့ ထပ်ပေးလိုက်တာ၊ အချစ် အခုစာရတဲ့အချိန် ပို့ဆံ့ချပြီးပြီထင်တယ်

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ထွေးမိ စာကို ဆက်မဖတ်ဖြစ်တော့ဘဲ မျက်ရည်များသာ ကျလာခဲ့ပါသည်။ သားဘွဲ့ရဖို့ အလုပ်တွေသိမ်းကျုံး လုပ်ခဲ့ရသည်။ အလုပ်ရတော့လည်း မိဘအပေါ် မသိတတ်။ အခုစာဖတ်ပြီးတော့ ဒေါ်ထွေးမိ မခံနိုင်တော့ပါ။ ညဘက် သားအလုပ်က ပြန်လာတော့ မေးကြည့်မိရသည်။

"မောင်ဖိုးအောင်၊ သား အပိုဝင်ငွေရတဲ့အခါ အိမ်ကိုတော့ ပိုက်ဆံလေး ဘာလေး ပေးမှပေါ့ကွယ်၊ မင်း ညီမအငယ်လေးကလည်း ဒီနှစ် ဆယ်တန်း၊ သူ့မှာ ကျူရှင်လည်း မယူနိုင်၊ သူအစ်မ သင်ပေးတာလေးနဲ့ စာကျက်နေရတာ၊ မင်း အဝတ်တွေလည်း အမေက လျှော်ဖွပ်ပေးနေရတာ။

မင်းအမေကို အမေလို့ သဘောမထားဘဲ အဝတ်အငှားလျှော်ပေးတဲ့ မိန်းမကြီးလို့ သဘောထားပြီး အဝတ်လျှော်ခတော့ ပေးဦးမှပေါ့။ မရသေးတဲ့ရည်းစားကိုတော့ ပိုက်ဆံတွေ သွားသွားပေးနေတာ မင်း ဘာအချိုးချိုးတာလဲ၊ အမေလည်း မင်းအပေါ် သည်းခံခဲ့ပေါင်းများပြီ ဒီတစ်ခါတော့ သည်းမခံနိုင်တော့ဘူး၊ အိမ်အတွက်လည်း စဉ်းစားပေးပါဦး။

မအေမှာ သူများအိမ်တွေလိုက်ပြီး အဝတ်လျှော်စားနေရတာ၊ မင်းကျောင်းပြီးအလုပ်ရတာတောင် အဝတ်လျှော်စားရတဲ့ဘဝက မလွတ်သေးဘူး၊ မင်း ဘာတွေလုပ်နေတာလဲ၊ မင်း အမေကို မဆနားဘူးလား၊ ညီမလေးထွေးကို မချစ်ဘူးလား၊ သူတို့မှာ ချို့ချို့ငဲ့ငဲ့နဲ့ ကျောင်းနေနေရရှာတာ၊ သားသမီးက ပြောမှပေးတဲ့ ပိုက်ဆံကို အမေ မယူချင်လို့ မင်းကို ဘာမှမပြောဘဲ သည်းခံနေခဲ့တာ၊ ဒီလိုအလုပ်တွေ လုပ်နေတော့မင်းကို ပြောရတော့မယ်၊ မင်းထမင်းစရိတ်နည်းနည်းတော့ အမေ့ကို ပေးသင့်တယ် သား"

"အမေ သားမှာ ရည်းစားရှိတယ်၊ ကောင်မလေး ကျောင်းမပြီးသေးလို့ လက်ထပ်ဖို့ စောင့်နေတာ၊ အိမ်ထောင်ပြုရင် မင်္ဂလာဆောင်စရိတ်လိုတယ်အမေ၊ သူများသားသမီးကို ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်ပြီး မယူနိုင်ရင်တောင် ကိုယ့်ရပ်ကွက်က လူတွေ နှစ်ဖက်မိဘဆွေမျိုးတွေနဲ့ အသိအမှတ်ပြုပွဲလေးတော့ လုပ်သင့်တယ်လေ၊ မင်္ဂလာခန်းဝင်ပစ္စည်း ဝယ်ဖို့တို့၊ ကိုယ့်ဘာသာ အခန်းလေး ငှားနေဖို့ အတွက် ငွေလိုတယ်လေ အမေရယ်၊ အမေလည်း ထုတ်ပေးနိုင်မှာမဟုတ်လို့ ကိုယ့်ဘာသာ စုနေရလို့ပါ"

သားဖြစ်သူ၏ ပြန်ပြောစကားကြောင့် ဒေါ်ထွေးမိမှာ ရင်ကွဲပက်လက်ဖြစ်ခဲ့ရပါသည်။

တစ်နှစ်လောက်သာ ကြာပါသည်။ သားဟိုမိုးထောင်ပြုသွားသည်။ သားမှာ ငှားနေသော အခန်းလေးနှင့် ဇနီးမယားနှင့် သူဝင်ငွေကလည်း မဆိုး။ လင်မယားနှစ်ယောက် ကလေးမရှိသေး၍ လောက်ရုံမက ပိုပင်ပိုဦးမည်။ မိဘအပေါ် ယခုထက်ထိ ငွေတစ်ပြားမှ မကျဘူးပါပေ။ ကလေးနှစ်ယောက် ရလာတော့လည်း ကလေးတွေအတွက် ကုန်ကျစရိတ်တွေ ရှိလာတော့ ပိုလျှံတုန်းကတောင် မထောက်ပံ့သည့် သားအပေါ် ဘာမျှမျှော်လင့်မထားတော့ပါ။

ဆွေမျိုးတွေက ဒေါ်ထွေးမိဘက်က ခံပြင်းကြသည်။

"မိဘက ချမ်းချမ်းသာသာနဲ့ အဖေစုံ၊ အမေစုံရှိလို့ ကိုယ့်ဘာသာ စားနိုင်သောက်နိုင်လို့ မထောက်ပံ့ရင် အပြစ်မပြောပါဘူး၊ ကိုယ့် အမေက အဖေဆုံးပြီးကတည်းက အဝတ်လျှော်ပြီး ဘွဲ့ရအောင် ကျောင်းထားပေးရတာ ကျေးဇူးတရားလေးတော့ ရှိသင့်တာပေါ့၊ သူအလုပ်ရတာလည်း မိဘကျေးဇူးနဲ့ ရတာ၊ ကိုယ့်မိသားစုတို့ ကြည့်ရှုနိုင်ပါစေဆိုပြီး အလုပ်သွင်းပေးကြတာကို ဒီကောင် မိဘကျေးဇူး မသိတတ်တဲ့ကောင်၊ ဘယ်တော့မှ ကြီးပွားမှာ မဟုတ်ဘူး။

တချို့က ကိုယ်သားသမီးရရင် မိဘအပေါ် ကျေးဇူးသိတတ်လာကြတယ်တဲ့၊ သူကတော့ ဘယ်ဘဝမှ သိတတ်မလဲ မသိပါဘူး မထွေးမိရယ်၊ ညည်းအစား ရင်နာလိုက်တာအေ"

ဒေါ်ထွေးမိကထော့ ဘာမှ မပြောလိုတော့ပါ။ အရက်သမား မဖြစ်တာ၊ သူ့မယားကို ကောင်းကောင်း လုပ်ကိုင်ကျွေးတာ၊ သူ့အိမ်လာပြီး မနှိပ်စက်တာနှင့်ပင် သားအပေါ် ကျေးဇူးတင်မိပါသည်။ တချို့သားသမီးတွေ အိမ်ထောင်ကျသော်လည်း မိဘဆီက လာလာတောင်းသောသူများတွေ့ဖူးခဲ့၍ ဒါနှင့်ပဲ ကျေနပ်ရတော့မည်။

အလတ်မလေး ပြုံးပြုံးချိုလည်း စာပေးစာယူနှင့် ဘွဲ့ရသွားပြီ။ အငယ်မလေး အေးအေးချိုလည်း နောက်ဆုံးနှစ်ရောက်နေပြီး စာပေးစာယူတက်ကာ ကုန်စုံဆိုင်ထွင် ဝင်အလုပ်လုပ်ပြီး ပညာယူနေသည်။

ကိုယ့်ဘာသာ ကျောင်းပြီးလျှင် အိမ်ဆိုင်လေး တည်ပြီး အမေ့ကို အဝတ်မလျှော်ခိုင်းတော့ဟု ပြောကြခဲ့သမီး နှစ်ယောက်အတွက် ကြည်နူးဝမ်းသာရသည်။ သူတို့ဘဝမှာ သူတို့လို မဝတ်ရ မစားရလို့လည်း လား။

www.burmeseclassic.com

www.burmeseclassic.com

သားအမိတစ်တွေ စည်းစည်းလုံးလုံးဖြင့် သူတို့ဘဝကို အပူအပင် မရှိဘဲ ကျော်ဖြတ်နိုင်ဖို့ကိုပဲ ကြိုးစား ကြရသည်။

"အစ်ကို နေမကောင်းဘူးတဲ့၊ သူ့မိန်းမဘက်က ညီမ သမီးတို့ စတိုးဆိုင်မှာ ဈေးလာဝယ်ရင်း ပြောပြသွား တာ၊ သွားမတွေ့နဲ့ အမေ၊ တကယ်ဆို အမေ့ကို မထောက်ပံ့နိုင်ပေမယ့် မိဘကို တစ်လတစ်ခါဖြစ်ဖြစ် လာတွေ့သင့် တယ်၊ သူ့ဟာက လုံးဝကို အိမ်အဝင် အထွက် မရှိတာ၊ သမီးကတော့ အစ်ကို့ကို သူစိမ်းလို့ပဲ သဘောထားတယ်"

"အကြောင်းမကြားရင် မသွားနဲ့အမေ၊ သိပ်ဖြစ်ရင်တော့ အကြောင်း ကြားမှာပါ၊ အခုဟာ နည်းနည်းပါးပါး နေမကောင်းတာ ဖြစ်မှာပါ"

သမီး အလတ်ရော၊ အငယ်ရော အစ်ကို့အပေါ် စိတ်နာကြ၍ မသွားခိုင်းပါ။

ဒေါ်ထွေးမိကလည်း အခုထိ အဝတ်အင်္ဘာ လိုက်လျော်ရတုန်း။ သမီး တွေက မလုပ်ပါနှင့် တားလည်းမရ။ သူအလုပ်လုပ်ခဲ့သည့် အိမ်တွေက သူမ အကြောင်းကိုသိ၍ ညှာတာကြသည်။ တချို့တလေသာ လျော်ရသည့် တန်ဖိုး ထက် နည်းပေးသည်များ ရှိသည်။

အဝတ်လျော်စားသည့် လူဆိုတော့ မြို့ကြီးတွေလို တစ်ထည် ခာယ်လောက်ဟု မတောင်းပါ။ စေတနာကြေး ပေးတာကိုယူ၊ ကျေးဇူးတာကိုစားပေါ့။ တချို့ကလည်း တစ်နှစ်တစ်ခါ အဝတ် အစားအသစ်များ ဝယ်ပေးတတ်ကြ သည်။

စလုပ်ခါစက လေးနာရီကျော်မှ အိမ်ပြန်ရောက်လျှင် ထမင်းဟင်းချက် နောက်ကျ၍ ကလေးတွေ ကျောင်းမှ အပြန် ဆာမည်စိုး၍ ခပ်သုတ်သုတ်ပြန် ရ သည်။

"မထွေး လမ်းလျှောက်တာများ ဟယ် ချက်လေယာဉ်ပျံကျနေတာပဲ၊ လမ်းလျှောက်မြန်လိုက်တာ၊ အိမ်ထွက် ပြေးမှာ ကျနေတာပဲ"

"မဟုတ်ပါဘူး အမေနန်းရယ်၊ ညနေစာ ထမင်းဟင်းကို ပြန်မှ ချက် ရလို့ သမီးတွေ ကျောင်းအပြန်မှာ ဆာနေမှာစိုးလို့ပါ။ သူတို့ကို မုန့်ဖိုးရယ် လို့လည်း ပေးနိုင်တာမဟုတ်ဘူး၊ ထမင်း အားပြု စားကြရလို့ပါ"

အကြောင်း သိသွားကြတော့ သူ့အတွက်ဆိုကာ ခပ်ပေးထားသည့် ဟင်းတို့ပိုလျှင် -

"မထွေး ကလေးတွေအတွက် ထည့်ယူသွား၊ ဒါ မထွေးအတွက် ထည့် ပေးထားတာ၊ မကုန်နိုင်ရင် ချန်မထားနဲ့ အိမ်အတွက် ထည့်ယူသွားတော့" ဟု ဆိုကြသည်။

နောက်တော့လည်း ဟင်းနှစ် ခွက် ထည့်ပေးလျှင် အရည်ဟင်းလေး နှင့်လူးစားတာ ကလေးတွေအတွက် ချန်စားခဲ့တတ်သည်။

ညနေစာဟင်းကို သမီးတွေ တစ်ထပ်စားပြီးမှ ညဆာလျှင် စားဖို့ ထပ်ချက်ဖြစ်သည်။ သူတို့ကျေးဇူးတွေ ရှိတော့ မထွေးမိ မရှိရင် မဖြစ်ပါဘူး ဆိုသော စကားနှင့်ပင် အလုပ်ကို မရပ် နိုင်ခဲ့။ ကိုယ်လုပ်နိုင်တုန်း လုပ်ရတာ ဆိုပြီး အဝတ်ဆက်လျော်ဖြစ်ခဲ့သည်။

သား တော်တော်နေမကောင်း ဟု လူကြုံနှင့်လာမှာတော့ အမေဆို တော့ မနေနိုင်။ သူတို့အိမ်ကို ဆိုက် ကားလေးငှားကာ သွားကြည့်ရသည်။ သားက အိပ်ရာပေါ်မှနေ၍ အမေကို လက်အုပ်ချီကာ ကန်တော့ပါသည်။

"အမေ၊ သား အမေ့အပေါ် မှားခဲ့တာတွေရှိခဲ့ရင် ကန်တော့ပါတယ် အမေ၊ သားကို ခွင့်လွှတ်ပါ အမေ"

သားက ထိုသို့ဆိုတော့ အမေ ပဲ မျက်ရည်ကျရသည်။

"သားတို့ ကျန်းမာချမ်းသာပါ စေလို့သာ အမြဲမေတ္တာပို့ပါတယ်ကွယ်၊ သား အပြစ်တွေရှိရင်လည်း အမေ ခွင့်လွှတ်ပါတယ်၊ စိတ်ထဲမှာ ဘာမှ မထားနဲ့၊ ကျန်းမာအောင်သာ နေပါ၊ ဒါတွေ တွေးမနေနဲ့၊ အမေလည်း မကြာမကြာ သားကို လာကြည့်ပို့မယ်၊ ညနေကျရင် သားညီမလေးတွေ အလုပ် ပြန်ရင် သူတို့ကို လွှတ်လိုက်မယ်နော် သား"

နေမကောင်းစဉ်က အမေကို လက်အုပ်ချီကန်တော့ခဲ့သည်က လွဲ၍ နေကောင်းသွားသည့်အခါ သိတင်း ကျွတ်တောင် မုန့်တစ်ထုပ်နှင့် လာ ကန်တော့ဖော် မရသောသား။ ဆွေ မျိုးတွေက ပြောပါသည်။

"မအေကိုသာ လာမကန်တော့ တာ၊ ဒီကောင် သူရာထူးတက်ဖို့ ဆရာ တွေကို လိုက်ကန်တော့ရတာတောင် သူများတွေ ရာထူးတက်ပြီး သူကျန်ခဲ့ တယ်လေ၊ သူ့မိန်းမဆို စွေ့စွေ့ခုန်နေ တာပဲ။

ဘယ်တက်ပါ့မလဲ၊ မိဘအပေါ် မသိတတ်၊ ခွေးမကလည်း ယောကျ်မ အပေါ် မသိတတ်၊ အိမ်ကို လာဖော် တောင် မရတာ။

ညည်းက ငါ့သားလေး ကျန်းမာ ပါစေ၊ ချမ်းသာပါစေ ဆုတောင်းပေး လေ သူတို့မှာ မိဘကျေးဇူးကန်းတဲ့ အပြစ်တွေကြောင့် ပိုထိလေပဲ"

"မဟုတ်တာ မယ်ခရယ်၊ ငါက ငါ့သားသမီး ဒုက္ခရောက်အောင် မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com

ပို့ပါ့မလား။ မိဘဆိုတာ ကိုယ့်သားသမီးကို တကယ်ချမ်းသာစေချင်တဲ့ စေတနာနဲ့သာ မေတ္တာပို့တာပါ"

"ဟုတ်ပါတယ်၊ မိဘကတော့ မိဘမေတ္တာနဲ့ မေတ္တာပို့တာပေါ့၊ သူတို့က အဝတ်လျှော်ခနဲ့ ကျောင်းထားပေးရတဲ့ မိဆွေးဖူးမသိတော့ မေတ္တာစူးတာပေါ့၊ ဘာလုပ်လုပ် ဝမ်းဝရုံပဲရှိမယ်၊ မကြီးပွားဘူးပေါ့။

သူ နေမကောင်းထုန်းကသာအဒေါ်ကို ဒေါ်ပြီး ကုန်တော့တာ၊ နောက်တော့ ၂ မုန့်တစ်ထုပ်တောင် မအေပေါ် မသိတတ်တဲ့ကောင်၊ သူ မိဘမေတ္တာတွေ စူးနေတာ၊ လခရရင် မိန်းမကို လစာအပ်၊ အကုန်အပ်ရတာ၊ သူတစ်ခုခုဖြစ်ရင် အမေ့မေတ္တာ စူးနေတာလား မသိဘူး ပြောပေမယ့် ပြန်မမကြည့်တာ။

မိဘသိတတ်တဲ့ သားသမီးက မထောက်ပံ့နိုင်တောင် မိဘအိမ် ဟင်းတစ်ခွက်တော့ ရောက်တာပဲ၊ အဒေါ် သမီး ပြုံးပြုံးချိုတို့၊ အေးအေးချိုတို့ဆို ဆင်းရဲလည်း ပြောင်ပြောင်ရောင်ရောင် ဆင်းရဲမှာပဲ၊ မိဘကျေးဇူး သိတတ်ကြတယ်လေ"

သူပြောတာလည်း ဟုတ်တာပါပဲ၊ ဒေါ်ထွေးမိတို့ ဦးလေးဆို အမြဲပြောပြသည်။

"ငါကွာ အမေရှိတုန်းက အမေ့ကို လုပ်ကျွေးနေလို့ မီးပွားရှာလို့ကောင်းလိုက်တာ၊ အမေကလည်း တခြားသားသမီးတွေနဲ့ မနေဘဲ ငါနဲ့ပဲ အတူတူနေတော့ အမေစားဖို့ ရှာရတယ်ဆိုတဲ့အတွေးနဲ့ ပျော်နေတာ။

ငါ့ မိန်းမကလည်း သူ့မိဘလိုပဲ ပြုစုရှာတာ၊ အမေ ဆုံးသွားတော့ ရှာရဖွေရတာ အရင်လောက် မကောင်းတော့ဘူး၊ အနေမတတ်ပုံကို ရှိခိုးပြီး အလုပ်သွားလုပ်တဲ့နေ့များဆို ဝင်ငွေပိုကောင်းတယ်" တဲ့လေ။

ဒေါ်ထွေးမိမှာ မိဘတွေ မရှိတော့ပါ။ ကျွေးချင်သော်လည်း မတွေ့ရ၊ ပေးချင်သော်လည်း မပေးရတော့။ ပြုစုချင်ပါသည်ဆိုလည်း ပြုစုခွင့်မရနိုင်တော့။

တစ်ခါတစ်ရံ အမေနှင့် အဖေကို အိမ်ဦးခန်းတွင် ထားကာ လုပ်ကျွေးချင်ခဲ့သောစိတ် ပေါ်ပေါက်ခဲ့ပါသည်။ အမေကြိုက်တတ်သော မုန့်ဟင်းခါးလေး စားဖြစ်သည့်အခါ၊ ငါးဖယ်ဆီပြန်လေးချက် ချဉ်ပေါင်ဟင်းကို မျှစ်လေးနှင့် ချဉ်ရည်ဟင်းလေး ကျိုဖြစ်သည့်အခါ အမေ့ကို ကျွေးချင်ခဲ့မိပါသည်။

ဒေါ်ထွေးမိ၏ အသက်သည်လည်း မငယ်တော့။ လူတစ်ယောက်၏ သက်တမ်းသည် ရှစ်ဆယ်ကျော် ဆိုသည်က တော်တော်နေရသည့်အသက်ပါပဲ။ ဒေါ်ထွေးမိအသက်က ခြောက်ဆယ်ကျော်နေပြီ။

သိတင်းကျွတ်လျှင် ဒေါ်ထွေးမိသည် သမီးများ ကန်တော့သည့် ပစ္စည်းတွေ၊ မုန့်တွေကို လက်ခံရင်း မလာသည့်သားကို မျှော်နေမိတတ်သည်။

ဒီလောက်ဆိုးသည့် မသိတတ်သည့် သားသမီး ရှိနိုင်ပါ့မလား၊ ဖြစ်နိုင်ပါ့လေးဟု ထင်သောသူများလည်း ရှိနိုင်ပါသည်။

ဒေါ်ထွေးမိလို မိဘများ ဘယ်လောက်များရှိနေမည်ကို မသိနိုင်သော်လည်း သားကို မျှော်နေရတတ်သည်ကတော့ နွေ့ မို့။ ဆောင်းပါပဲ။

တကယ်ဆို သားသမီးများသည် မိဘကို ငွေကြေး မထောက်ပံ့နိုင်တောင် မိဘအပေါ် လာရောက်ကြည့်ရှုခြင်းဖြင့် မေတ္တာပေးဖို့လိုကြောင်းကိုတော့ သိစေချင်ခဲ့မိပါသည်။

ဒေါ်ထွေးမိအကြောင်း နားထောင်မိရာက မိဘကို ကျွေးမွေးဖို့ အချိန်ရှိသေးကြောင်း အသိတရား ရရှိစေလိုသော ဆန္ဒဖြင့် ထိုစာလေးကို ဇာတ်လမ်းဖွဲ့ကာ ရေးသားမိလိုက်ပါသည်။

စေမိသွင်(ရန်ကုန်)

❑

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

နာရီလက်တံများက ည ၁၂ နာရီတိတိကို ညွှန်းဆိုနေ၏၊ ဇနနဝါရီ ဆောင်းလရက်များသည် လွန်စွာ အေးစိမ့်နေ၏။ လမ်းမီးတိုင်မှ မာကျူရီမီးအလင်းရောင်များသည် ဆောင်းနှင်းဖွေးဖွေးအောက်တွင် အားနည်းသော အလင်းရောင်များကို ပေးစွမ်းလျက်ရှိသည်။

တစ်ခါတစ်ရံမှသာ လမ်းပေါ်မှ ခွေးလေ ခွေးလေလွှင့်များ၏ ထိုးဟောင်သံကို ကြားနေရသည်။ ညဉ့်နက်လာသည်နှင့် အမျှ ညအမှောင်ထုသည် ပိုမိုနက်ရှိုင်းလာ၏။ လူသွားလူလာလည်း သိပ်မရှိတော့။

ငြိမ်သက် တိတ်ဆိတ်မှုကို ဖြိုခွင်းလျက် နှင်းစက်များ သွပ်မိုးပေါ် သို့ တဖြောက်ဖြောက် ကျနေသံကိုလည်း ကြားနေရသည်။ လူနေတိုက်တာအဆောက်အအုံများသည် ဆောင်းနှင်းဖွေးဖွေးအောက်တွင် ကွယ်ပျောက်နေဟန်ရှိသည်။ ကြယ်တာရာ အလင်းစများကိုလည်း လုံးဝ မမြင်ရ။ လဆုတ်ရက်ဖြစ်၍ လကို ရှာမတွေ့။

ထိုအချိန်တွင် ရင်ခုန်သံများ တဒုန်းဒုန်း မြည်နေသော ကိုခန့်သည် ခေါင်းရင်းဘက်ခြမ်းရှိ အုတ်တံတိုင်းကို ကျော်တက်လျက်ရှိသည်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးသည် ကြောင်တစ်ကောင် အလား ပေါ့ပါးလျက်ရှိသည်။

ကိုခန့်တစ်ယောက် သူလို အခွင့်အရေးမျိုးကို ရရန် လပေါင်းများစွာ ရက်ပေါင်းများစွာ အချိန်ယူခဲ့ရသည်။

လူတွေ အားလုံးဟာ မျှော်လင့်ချက်တွေနဲ့ အသက်ရှူ ရပ်တည်နေတယ်ဆိုတာ ကိုခန့် ယုံကြည်လက်ခံခဲ့သည်။

မျှော်လင့်ချက်၏ နောက်ကွယ်တွင် များစွာသော အတ္တကြိုးတွေ သွယ်တန်းလျက်။ ၎င်းအတ္တကြိုးတွေသည် လောကကြီးကို အလှည့်ဆင်သလို တစ်ဖက်မှာလည်း အံကျည်းတန် အရုပ်ဆိုးဖောင် ဖျက်လို ဖျက်ဆီးလုပ်၏။

တရားသဘောနဲ့ ကြည့်လျှင် လူတွေ အားလုံးဟာ သူသဘော သူဆောင်၏။ အဖြေကတော့ ဒါပါပဲ။

ယခုလည်း ကြည့်။ ဆောင်းနှင်းဖွေးဖွေးအောက်တွင် ကိုခန့် ခွေးတွေ ရွှန်နစ်နေ၏။ သူများတွေ အေးစိမ့်နေသလောက် ကိုခန့် ရင်ထဲမှာ ဘလောင်ဆူပြိုး ပူလောင်နေ၏။ ရင်ခုန်သံလည်း ပိုပြီး မြန်နေ၏။ ဒါက သူ့အတွက် ပထမခြေလှမ်း။

သိပ်သည်းသော နှင်းထုအောက်တွင် မှုန်ရီမှုန်ဝါး လမ်းမီးတိုင်၏ မီးအလင်းရောင်များက ကိုခန့်အား အခက်အခဲ မရှိအောင် လမ်းညွှန်ပေးသလို ဖြစ်နေသည်။

ခေါင်းရင်းဘက်ခြံထဲ ရောက်တော့ နောက်ဖေးပေါက်ရှိ အသင့်ဖွင့်ထားသော တံခါးပေါက်မှ အထဲသို့ ဝင်လိုက်သည်။ အထဲတွင် မှောင်မဲလျက်။

သို့သော်လည်း အမှောင်၏ နောက်ကွယ်မှ တိုးညင်းသော အသံလေး ထွက်ပေါ်လာသည်။

"လာ ကိုခန့်၊ အပေါ်ထပ် ဆုပန်အခန်းထဲ သွားကြရအောင်"

အပြာရောင် မှုန်ရီဝိုးဝါး မီးအလင်းရောင်လေးသည် သူတို့နှစ်ဦးအား လှေကားပေါ် တက်ရန် တွန်းအားပေးနေသလိုလို။

ကိုခန့် ရင်တွေ တဒုန်းဒုန်းခုန်နေ၏။ တကယ်ပါ အချစ်ဆိုတာ ဒါပဲလား။

ဒါမှမဟုတ် အမှောင်ထုအတွင်းက တဏှာနဲ့ထဲကို ဆင်းသက်တာလား။ ဆာလောင်မွတ်သိပ်နေတဲ့ ရမ္မက်ဆန္ဒတွေကို ဖြည့်ဆည်းပေးတာလား။

သေချာတာ တစ်ခုကတော့ လူသားတွေ အားလုံး ဘယ်သူကမှ မိုးပေါ်က ကျလာတာ မဟုတ်ပါဘူး။ ဖိုမ ပေါင်းစပ်ပြီး သန္ဓေတည်မွေးဖွားလာတာပါ။

အချစ်ဆိုတဲ့ ဆာလောင်မွတ်သိပ်မှုဟာ တန်ပြန်သက်ရောက်မှု တစ်ခုပါပဲ။ စိန်ခေါ်မှုတွေ၊ အားပြိုင်မှုတွေ၊ လူ့အဆင့်အတန်းခွဲခြားမှုနဲ့ ဆင်းရဲချမ်းသာ လွန်စွာမှကွာဟမှုတွေ၊ မနာလို ဝန်တိုမှုတွေ၊ တိုက်ခိုက်ချေမှုန်းတာတွေ၊ ရက်စက်ယုတ်မာမှုတွေ၊ ကိုယ်ချင်းစာတရား ကင်းမဲ့တာတွေ အားလုံးက လောကကြီးရဲ့ ပြဿုတ်ပါ။

အဲဒီအထဲမှာလည်း အချစ်ဆိုတဲ့ အရာက လွှမ်းမိုးချုပ်ကိုင်ထားတာပါ။ ဘာကြောင့်လည်းဆိုတော့ အချစ်ကြောင့်ပဲ လူသားတွေ မွေးဖွား တိုးပွားလာတာလေ။

ဆုပန် အခန်းထဲမှာလည်း ပြာလဲ့လဲ့ မီးရောင်လေး ထွန်းထားလျက်ပါ။ အဲဒီတော့မှ ပါးလွှာသော ညဝတ်အင်္ကျီအောက်မှ မို့မောက်သောရင်၊ စွင့်ကားသောတင်၊ ဖြူဖွေးသော အသားစိုင်များကို အထင်းသား မြင်တွေ့နေရ၏။

ကိုခန့် နှာခေါင်းဝသို့ မိတ်တစ်နံ့များ၊ ရေမွှေးနံ့များ၊ အလှအယက် တိုးဝင်လာသည်။ ၎င်းအနံ့အသက်များသည် ထက္ကာ ရမ္မက်ဇောကို ထက်သောင်းကျန်းစေသည်။

တစ်လောကလုံးကို အိပ်ခိုင်းထားချင်တယ် ဆိုတာ ဒါပဲဖြစ်မည် ထင်သည်။ ဘာဖြစ်လို့လည်းဆိုတော့

www.burmeseclassic.com

www.burmeseclassic.com

အချစ်ကြောင့် အားလုံးကို မေ့ပျောက်သွားလို့ပါပဲ။

ကိုခန့် တစ်ယောက် ဆုပန်တစ်ကိုယ်လုံး အနှမ်းမိုးတွေ ရွှာသွန်းပြီးတဲ့ အချိန်မှာ လောကကြီးမှာရှိတဲ့ အရာခပ်သိမ်း အားလုံးကို မေ့ပျောက် ကွယ်ပျောက်သွားလို့ပါပဲ။

သြော် အမှောင် အမှောင်။

သြော် တဏှာရမ္မက် တဏှာရမ္မက်။

လောကကြီးမှာ ထွာဝရွှင်သန်နေသော အမှောင်ထဲမှ တဏှာ မီးတောက်ကြီးဟာ အမြဲတမ်း အင်အားကောင်းလျက်ပါ။

✿

"ကိုခန့်၊ မင်း ဆုပန်ကို မပြတ်ဘူးဆိုရင် တို့မောင်နှမတွေလည်း လှမ်းခွဲရမှာပဲ၊ လက်ရှိနေတဲ့ တိုက်ကို ရောင်းပြီး အချိုးကျခွဲဝေယူပြီး လမ်းခွဲကြတာပေါ့၊ ဘယ်နှယ်တော့ ကြိုက်စရာရှားလို့၊ မိန်းမပျက်ကိုမှ ကြိုက်ရတယ်လို့၊ တစ်ခါပြောလည်း မရ၊ နှစ်ခါပြောလည်း မရ နောက်ဆုံးတော့ ပြောတဲ့သူတောင် အမောဆိုပြီး သေသွားနိုင်တယ်"

ဒေါ်နှင့် မောနှင့် ပြောနေသော အစ်မကြီးဒေါ်သီတာ၏ အသံပင်ဖြစ်ပါသည်။ ကိုခန့်အားလည်း ရွံရှာသော၊ စက်ဆုတ်သော၊ ခံပြင်းဒေါသဖြစ်သော အကြည့်ဖြင့် ကြည့်လျက် ကြေကွဲဝမ်းနည်းလျက် ရှိပါသည်။

"ဒီအတိုင်းဆို ကျွန်မတို့လည်း ဒီရပ်ကွက်ထဲမှာ နေလို့ မရဘူးနော်၊ တိုက်ကိုရောင်းပြီး တစ်နေရာကို ပြောင်းမှဖြစ်တော့မယ်၊ အေးလေ၊ ဘယ်တက်နိုင်မှာလဲ ကံစီမံရာပဲပေါ့၊ မဟုတ်ဘူးလား"

ဝမ်းနည်းစိတ်ပျက်သော အသံဖြင့် ပြောလိုက်သည့် အစ်မလေး ဖြစ်သူ ဒေါ်သင်းလွဲ၏ စကားသံ။

ကိုခန့်တစ်ယောက် ဆက်တိုပေါ် ထိုင်ရင်း ခေါင်းငိုက်စိုက်ကျလျက် ဘာဆိုဘာမှ မပြောနိုင်။

"ဒီမှာ ကိုခန့်၊ ညဆို သူ့ဆီကို သူဖောက်သည်တွေ ကားမျိုးစုံနဲ့ လာတာ မင်းလည်းအသိ၊ ယောကျ်ားမရှိတဲ့ အပျိုကြီး ဂုဏ်ပုဒ်ကို ရှေ့တန်းတင်ပြီး လုပ်စားနေတာ တစ်ရပ်ကွက်လုံး အသိပဲ၊ ဆင်းရဲ ချမ်းသာတာဟာ အဓိကမဟုတ်ဘူး၊ အဓိကက ကိုယ်ကျင့်တရားကောင်းဖို့ပဲ။

ဘယ်နှယ်တော် ခုတော့ ရှိတဲ့ ဂုဏ်ပုဒ်တွေကို ရှေ့တန်းတင်ပြီး လုပ်စားနေတဲ့သူကို မောင်အရင်းဖြစ်တဲ့သူက တန်းတန်းစွဲကြိုက်နေတယ် ဆိုတော့ အခက်သားလား၊ ဘယ်လိုမှလည်း ပြောလို့ ဆိုလို့ မရဘူး ဖြစ်နေတာ၊ သြော် ခုကွာ ခုကွ"

ဒါတွေလည်း အစ်မကြီးဖြစ်သူ ဒေါ်သီတာ၏ ထပ်ဆင့် မကျေမနပ်နှင့် ပြောဆိုနေသံ။

"ဘာမှ အပင်ပန်းခံပြီး ထပ်မပြောပါနဲ့တော့၊ ပြောရတဲ့ အကြိမ်ပေါင်းလည်း မနည်းတော့ဘူး၊ ပြီးတော့ ကလေးလည်း မဟုတ်ဘူး၊ လူဆိုတာ သူ့အကြောင်းနဲ့သူ လောကကြီးထဲကို ဝင်လာကြတာလေ၊ တိုက်ကိုလည်း ဝယ်မဲ့သူ အဆင်သင့်ရှိတယ်၊ အချိုးကျခွဲဝေယူပြီး လမ်းခွဲကြတာပေါ့၊ ဒါက နောက်ဆုံး အဖြေပဲ"

မောင်နှမ သုံးဦးစလုံး ခေါင်းချင်းဆိုင်ပြီး နောက်ဆုံး ပြောခဲ့သည့် စကားများသာ ဖြစ်သည်။ ပါရဂူရှိ ပေ ၅၀× ၇၀ အကျယ်အဝန်း ရှိသည့် မြေပေါ်မှ နှစ်ထပ်တိုက်အား မရောင်းချင်ပဲ ရောင်းလိုက်ကြရသည်။ ထားရစ်ခဲ့သည့် မိဘအမွေဖြစ်၍ မရောင်းချင်ကြ။ကံကြမ္မာအရေခြေအနေက တိုက်တွန်းဆုံးဖြတ်ခဲ့လေပြီ။

မိဘထားရစ်ခဲ့သည့် မြေ၊ သည်တိုက်တွင် သူတို့ မောင်နှမသုံးဦး နေလာသည်မှာ နှစ်ပေါင်းမနည်း။ ခုဆို အစ်မကြီး ဒေါ်သီတာဆိုလျှင် အသက် (၄၆)နှစ်။ အစ်မလေး ဒေါ်သင်းလွဲဆိုလျှင် အသက် (၄၂)နှစ်။ ကိုခန့်ဆိုလျှင် အသက် (၃၅)နှစ်။ အပျိုကြီး လူပျိုကြီးဘဝနှင့် ထိန်းသိမ်းပြီး နေလာခဲ့ရသည့်နှစ်က မနည်း။

အစ်မ အပျိုကြီး နှစ်ယောက် ဆိုလျှင် ဘွဲ့ရပြီးကတည်းက သိမ်ကြီးစေးတွင် အထည်ဆိုင်ဖွင့်၍ စီးပွားရှာခဲ့သည်။ ကိုခန့်ကတော့ ဘွဲ့ယူပြီး ဌာနဆိုင်ရာ တစ်ခုတွင် ဝန်ထမ်းလုပ်သည်။

ခုတော့ အငယ်ဆုံးဖြစ်သည့် မောင်လူပျိုကြီးက ထပြီး စဖောက်တော့ ဓိသားစု အသိုက်အမြုံလေး ပြိုလဲပျက်စီးခဲ့လေပြီ။

အဆိုးဆုံးမှာ အပျိုကြီး နှစ်ယောက်ဖြစ်သည့် ဒေါ်သီတာနှင့် ဒေါ်သင်းလွဲ တောင်ကြီး၊ အင်းလေး ဘုရားဖူး (၇)ရက် သွားသည့် အချိန်များမှာ ထိန်းမနိုင် သိမ်းမရဖြစ်ခဲ့သည်။ ခြံခြင်းကပ်လျက်ဆိုတော့ ညစဉ် ကျော်ဝင်ပြီး ဖြစ်ချင်တိုင်း ဖြစ်နေခဲ့သည်။

ခေါင်းရင်း ခြံ၏ ရာဇဝင်ကိုလည်း ကြည့်ပါဦး။ လွန်ခဲ့သော (၁၀) နှစ်ခန့်က ဝိုင်ရှင် တရုတ်သူဌေးကြီး ဦးရှိန်မှ ဦးဇေယျဆိုသူအား ရောင်းခဲ့ခြင်း ဖြစ်သည်။ ဦးဇေယျမှာ ရန်ကုန်သား မဟုတ်။ မန္တလေးဘက်မှ ပြောင်းရွှေ့လာသူ တစ်ဦးဖြစ်သည်။

www.burmeseclassic.com

ပြောင်းရွှေ့လာစဉ်အခါက သူတွင် ဇနီးမယားမရှိ။ သမီးဖြစ်သူ ဆုပန်နှင့် ထမင်းချက် ဒေါ်သဲ တစ်ယောက်တည်းသာ ပါလာသည်။ ထိုအချိန်က ဆုပန်၁ အသက် (၂၀) နှစ်သာရှိသေးသည်။

ပြောင်းရွှေ့ရောက်ရှိလာပြီး (၅) နှစ်ခန့်အကြာတွင် ဦးဇေယျ သေဆုံး၏။ ဦးဇေယျ သေဆုံးပြီးနောက်ပိုင်း သတင်းအစအနများ ထွက်လာ၏။ ဆုပန်မှာ ဦးဇေယျ၏ သမီးအရင်းမဟုတ်၊ မွေးစားသမီး၊ မွေးစားသမီး၊ မွေးပြီး စားတာလေဟု ရပ်ကွက်ထဲတွင် သတင်းပြန်၏။

ဆုပန် တက္ကသိုလ်မှ ဘွဲ့ရပြီးတော့လည်း ဘာမှမလုပ်။ လုပ်တဲ့အလုပ်ကလည်း ကြည့်ပါဦး။ အကောင်းဆုံး ကားလှလှလေးတွေနှင့်လာ၊ ည အချိန်မတော် ပြန်ထွက်သွားသည့် အလုပ်။

ထူးဆန်းသည်မှာ ခြံအကျယ်အဝန်းနှင့် နှစ်ထပ်တိုက်ပုံစံမှာတထေရာတည်းပင်ဖြစ်သည်။ အခြေခံ နေထိုင်ခဲ့စဉ်အခါက ခြေရင်းခေါင်းရင်း လွန်စွာသင့်မြတ်ခဲ့ပုံပေါ်သည်။

နှစ်ထပ်တိုက်ကို ကာလပေါက်စေးနှင့် ရောင်းချပြီး ဒေါ်သီတာနှင့် ဒေါ်သင်းလဲ့မှာ ကမာရွတ်ဘက်ကို ပြောင်းမွေ့သွားခဲ့ကြသည်။

ကိုခန့်နှင့် ဆုပန်မှာ ရသည့်ငွေနှင့် ဗဟန်းမှာ တိုက်ခန်းတစ်ခန်းဝယ်ပြီး အတူနေကြသည်။ မြို့နယ်တရားသူကြီးရှေ့တွင် အကျဉ်ချုံးပြီး လက်ထပ်လိုက်ကြသည်။ ပါရမီရှိ နှစ်ထပ်တိုက်တွင် ဆုပန်၏ ထမင်းချက် ဒေါ်သဲအား ထားသည်။

ဆုပန်သည် ချိုလွင်သော အသံဖြင့် ကိုခန့်အား -

"ကိုခန့် အလုပ်ပဲ ဆက်ဆင်းပေါ့၊ အလုပ်တစ်ခုရဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ ကိုခန့်အတွက် အဆင်ပြေအောင် အိမ်ဖော်တစ်ယောက် ခေါ်ထားပေးမယ် ဟုတ်ပြီလား။ ဘာမှစိတ်မပူနဲ့ ဟုတ်ပြီလား"

ဆုပန်သည် ကိုခန့် မျက်နှာလေးအား လှလှပပနမ်းပြီး ပြောလိုက်ခြင်းဖြစ်သည်။

"ဆုပန် ကိုခန့်ကလွဲပြီး ဘယ်သူကိုမှ မချစ်ရဘူးနော်၊ အရင်လို ပုံစံမျိုး တွေဆို ကိုခန့် လက်ခံမှာမဟုတ်ဘူး၊ ကိုခန့်တို့ရဲ့ အိမ်ထောင်ရေးလည်း တည်မြဲမှာ မဟုတ်ဘူး"

"ဒါပေါ့ ကိုခန့်ရယ် ပြင်ရမှာပေါ့၊ အများကြီး အများကြီး ပြင်ရမှာပေါ့"

ဆုပန်၏ ချိုသာသွဲ့လွဲသောစကားများကြောင့် ကိုခန့် အကြိုးအကျယ် ဝမ်းသာသွားသည်။

ဆုပန်၏ ရင်ခွင်ထဲတွင် ပေါ်ပေါ်ထင်ထင် နေခဲ့ရသော ညပေါင်းများစွာသည့် အလွန်ပင်သာယာကြည်နူးဆွတ်ပျံ့ဖွယ် ကောင်းခဲ့သည်။

သားလေးလို၊ မောင်အငယ်ဆုံးလေး တစ်ယောက်လို အသည်းအသန် ချစ်ခဲ့ရှာသော အစ်မအပျိုကြီး နှစ်ယောက်လည်း သတိမရတော့။ အချစ်ဆိုသည့် တဏှာ အမှောင်ထုထဲတွင် ပျော်ပါး ကျင်လည် ကျက်စားခဲ့လေပြီ။ ရမ္မက်ပြင်းထန်သည့် တဏှာစိတ်များသည် အမှန်နှင့် အမှားကို တိတိကျကျ မခွဲခြားနိုင်။

ပြီးတော့ အရက်၏ ကျေးကျွန်မူးယစ်ဆေး၏ ကျေးကျွန်။

ညနေပိုင်း ကိုခန့် အလုပ်ဆင်းပြီး ရုံးမှ ပြန်လာတိုင်း အကောင်းစား ဘီယာ၊ အကောင်းစား အရက်၊ ပြီးတော့ လိင်ဆက်ဆံတိုင်း သောက်သည့် မူးယစ်ဆေးဝါးများ၊ အကောင်းဆုံး အစားအသောက်များသည် အလျှံပယ်။ ၎င်းအရာများနှင့် နတ်ပြည်နှင့် မလဲနိုင်။ နတ်ပြည်တွင်လည်း ၎င်းအရာများ မရှိ။

နှစ်လများကြာရှည်တော့ ကိုခန့် ကျန်းမာရေး ထိခိုက်လာ၏။

တစ်နေ့။

ထိုနေ့ကို မမေ့နိုင်။

ကိုခန့်အတွက် ကြမ္မာစင်ငေါနေ့ ဖြစ်သည်။

ကျန်းမာရေး မကောင်း၍ နေ့တစ်ဝက်နှင့် ရုံးမှခွင့်ယူပြီး ပြန်လာခဲ့သော နေ့ဖြစ်သည်။

ဆုပန်သည် ဗဟန်းတိုက်ခန်းတွင်မရှိ၍ ပါရမီတိုက်သို့ သွားခဲ့ရသည်။ လက်ကိုင်ဖုန်းနှင့် အကြိမ်ကြိမ် ဆက်သွယ်လို့လည်း မရ။

တိုက်ရှေ့ ကိုခန့်၏ မတ်တူးတားဖြူဖြူလေး ရောက်တော့ မျက်စိမျက်နှာပျက်နေသော အိမ်ဖော်ဒေါ်သဲ သံပန်းတံခါး ဖွင့်ပေး၏။

ည၁၀ခန်းစဲရှိ ဆိုဖာပေါ်တွင် ဟန်မပျက် မဂ္ဂဇင်းတစ်စောင်ကို ထိုင်ဖတ်နေသော ဆုပန်ကို တွေ့ရသည်။

ဆုပန်သည် အချိုသာဆုံး မျက်နှာထားဖြင့် -

"ပြန်လာတာ စောလှချည်လား"

"ဟုတ်တယ်"

ကိုခန့်သည် စကားတိုတိုတုတ်တုတ် ပြောရှာ အပေါ်ထပ်ရှိ အိပ်ခန်းထဲသို့ သွားကြည့်လိုက်သည်။

ခုတင်နှင့် ကပ်လျက်ရှိသည့် စားပွဲပေါ်တွင် ဘီယာဘူးခွံများ၊ ဝန်းကျင်ပြားထဲမှ အရာယွင်းနေသော ကြက်ကင်၊ ဘဲကင်များ၊ အစိမ်းအေးများ၊ ရေသန့်ဘူးများ။

www.burmeseclassic.com

www.burmeseclassic.com

ခုတင်ပေါ်တွင် ဘီယာမူးပြီး ခြေပစ်လက်ပစ် အိပ်မောကျနေသည့် အသက်လေးဆယ်နီးပါးရှိ အမျိုးသား တစ်ယောက်။ အဖြေက ရှင်းနေ၏။ ကိုခန့်သည် အောက်ထပ်သို့ ဒေါနှင့် မောနှင့် ဆင်းသွားကာ -

"ဒါက ဘာသဲဘောလဲ ဆုပန်၊ ကိုယ့်ကို ကတိတွေပေးထားတာနော်၊ စိတ်သစ် လူသစ်နဲ့ ဘဝသစ် စမယ်လို့ ပြောထားပြီးသားလေ၊ ဒါက ဘာအချိုးချိုးတာလဲ၊ ပြောစမ်းပါဦး"

ည့ည့်ခန်းထဲတွင် ကိုခန့်၏ ဒေါသသံက ကျယ်လောင်စွာမြည်ဟည်းသွားသည်။

သို့သော်လည်း ဆုပန်က ဟန်မပျက် စာဖတ်လျက်။ ပြုံးရွှင်သော မျက်နှာထား၊ အချိုသာဆုံးသော အသံဖြင့် ပြောသည်မှာ -

"ကိုခန့်ရယ် စကားပြောတာ ဆင်ခြင်စမ်းပါ။ အဲဒါ အင်းတော်ကြီးက လာတဲ့ ကျွန်မ ဦးလေးရှင့်"

ကိုခန့်သည် ပိုပြီး ဒေါသထွက်၍ ကျယ်လောင်စွာ အော်ပြောလိုက်၏။

"ဘာကွ၊ အင်းတော်ကြီးက မင်း ဦးလေး ဟုတ်လား၊ တစ်ခါမှလည်း ပြောသံ မကြားမိပါလား၊ မင်းနဲ့ငါ လမ်းခွဲမယ်၊ လမ်းခွဲမှ ဖြစ်မယ်၊ မင်းကို အင်မတန် ချစ်ခင်နှစ်သက်လွန်းလို့ ငါ့အစ်မတွေနဲ့ လမ်းခွဲခဲ့ရတယ်၊ မိဘထားရစ်ခဲ့တဲ့ အမွေဆိုင်တိုက်ကိုလည်း ရောင်းခဲ့ရတယ်။

ခုတော့ မင်းက ဒီအချိုးတိုင်းလဲ ဆက်ချိုးတယ်၊ အဲဒီတော့ မင်းနဲ့ငါ ပြတ်စဲပြီး လမ်းခွဲတာ အကောင်းဆုံးပဲ"

ဆုပန်က ရယ်ပြုံးမပျက်။

✿

ညသည် ငြိမ်သက်တိတ်ဆိတ်နေ၏။ လျှပ်စစ်မီးအလင်းရောင်များ ကြောင့် မှောင်မဲ၍မနေ။ ရွှေဝါရောင် မီးပွင့်လေးများသည် ခန်းလုံးပြည့် လင်းထိန်နေ၏။ အပြာနုရောင် ပါးလွှာသော ညဝတ်အင်္ကျီအောက်မှ ဖြူဖွေးလှပပြီး မို့မောက်နေသော ရင်အစုံ။ သေးသိမ်သောခါး။ စွင့်ကားသောတင်အလှက ဆုပန်အတွက် တန်ဖိုးမဖြတ်နိုင်။

သည်အလှ ကွန်ရက်များဖြင့် ကိုခန့်အား ဖမ်းစားနိုင်ခဲ့သည်။ တိမ်းညွတ်ယစ်မူးစေခဲ့သည်။

ညို့မှောင်အား လွန်စွာပြင်းထန်လွန်းသည့် အလှ။

ယခုလည်း ကြည့်. . . ။

ကိုခန့်အား ဘယ်လက်ဖြင့် သိုင်းဖက်ထားပြီး ညာလက်ဖြင့် အမြှုပ်များ တစီစီတက်နေသည့် ဘီယာဖန်ခွက် လှမ်းပေးလျက် -

"သောက်လိုက်ပါ ကိုခန့်၊ ဒေါသတွေ အမုန်းတရားတွေ ထားမနေစမ်းပါနဲ့၊ ရှိတဲ့အချိန်လေးမှာ တန်ဖိုးရှိရှိ သာသာယာယာ နေစမ်းပါ"

ကိုခန့်တစ်ယောက် သူ့နှုတ်ခမ်းနား တေ့ကပ်ထားသည့် ဘီယာအား သောက်လိုက်ပြီး ဆုပန်လက်ဖြင့် ပါးစပ်ထဲ ထည့်လာသည့် ကြက်သားကြော်အား ဝါးစားလိုက်၏။

နေ့ခင်းမှ ဖြစ်ပေါ်လာခဲ့သော ဒေါသတွေ အမုန်းတရားတွေ မရှိတော့။ ကြက်ပျော်၊ ဒှက်ပျော်၊ ကွယ်ပျောက်သွားခဲ့ချေပြီ။ ပြတ်စဲမယ် လမ်းခွဲမယ်လည်း မပြောတော့။ တုံ့ကို ဘာဝေ ဖြစ်ခဲ့လေပြီ။

ဆုပန်၏ အလှကွန်ရက်က အင်အား ကြီးမားစွာဖြင့် ညို့ယူဖမ်းစား အနိုင်ယူခဲ့လေပြီ။

နေ့စဉ် ညတိုင်းသောက်သည့် အရက်၊ ဘီယာ၊ စီးကရက်၊ မေထုန် သံဝါသမပြုမီ သောက်သည့် စိတ်ကြွဆေးပြားများကြောင့် ကိုခန့်တစ်ယောက် ကျန်းမာရေး ထိခိုက်လာ၏။ ပုံမှန်မဟုတ်။

ဦးနှောက်နှင့် အာရုံကြောများကို အကြီးအကျယ် ဒုက္ခပေးလာ၏။ ကျောက်ကပ်များလည်း ယိုယွင်းပျက်စီးလာ၍ ခန္ဓာကိုယ်မှာ ဖောသွပ်သွပ် ဖြစ်လာ၏။ ငေးမိငေးရာ၊ တွေးမိတွေးရာဖြင့် ကြောင်တောင်တောင် ဖြစ်လာ၏။ ရုံးမှ ဦးစီးအရာရှိဆိုလျှင် -

"ကိုခန့်၊ ခဏ ခဏ ခွင့်ယူပြီး ဆေးခွင့်တွေလည်းကုန်နေပြီ လစာမဲ့ခွင့် ကလည်း သိပ်များသွားပြီ၊ ရှောင်တခင် ခွင့်၊ လုပ်သက်ခွင့်တွေလည်း ဘာတစ်ခုမှ မရှိတော့ဘူး၊ ညွှန်ကြားရေးက အလုပ်ကနားခိုင်းလိုက်တော့လို့ ပြောနေတယ်နော်"

ဦးနှောက်က ပုံမှန်မဟုတ်တော့ စာရင်းဇယားတွေလည်း မနိုင်။ ရုံးမှာ ဘာမှ လုပ်အားလည်း မရှိ။ တာဝန်ပေးမှု ရပ်ဆိုင်းပြီး တဖြည်းဖြည်း လူပို တစ်ယောက် ဖြစ်လာသည်။

နောက်တော့ အလုပ်မှ ထွက်ရသည့်ကိန်း ဆိုက်သွားသည်။ အပျိုကြီး အစ်မနှစ်ယောက်ကလည်း မဆက်သွယ်တော့။ လက်ကိုင်ဖုန်း ပြောလျှင်လည်း ဝတ်ကျေတန်းကျေသာ ပြောလေ့ရှိသည်။ သေသည့်အထိ စိတ်မှာ ဒဏ်ရာရသွားပုံပေါ်သည်။

ဆုပန်သည် ပြုံးရွှင်သော မျက်နှာထား၊ ကြည်သာသော အသံဖြင့် ပြောသည်မှာ -

"ဘာအားငယ်စရာလိုလဲ ကိုခန့်ရယ်၊ ဆုပန့်တစ်ယောက်လုံး ရှိနေတာ၊

www.burmeseclassic.com

ကိုခန့်ကြိုက်တဲ့ အကောင်းဆုံး ဘီယာ၊ အကောင်းဆုံး အရက်၊ အကောင်းဆုံး စိတ်ကြွဆေးပြားတွေကို မှီဝဲသုံးရမှာပါ။ ဦးတော့ ဆုပန်ရဲ့တစ်ကိုယ်လုံးကိုလည်း ဆိုင်ပြီးပြီလေ၊ ဘာလိုသေးလို့လဲ ဟုတ်ဖူးလား"

ညဉ့်ပေါင်းများစွာ ဆုပန်၏ရင်ခွင်ထဲတွင် အိပ်စက်ရင်း ဆာလောင်မွတ်သိပ်သော အနမ်းများဖြင့် အချိန်များကို ကုန်လွန်စေခဲ့သည်။ ကြိုးဆွဲရာ ကတတ်သည့် အရွှပ်လေးတစ်ရွှပ်လို ဖြစ်ခဲ့၏။ ထုဆစ်ထားသော ဘဝ၏ ပုံရိပ်များသည် အကျည်းတန် အရွှပ်ဆိုးလာသည်။ ဘဝ၏ ကောက်ကြောင်းထဲသို့ တန်ဖိုးမဲ့သော အချိန်များ အစားထိုးဝင်ရောက်လာသည်။ အသက်ရှင်လျက် သေဆုံးခြင်းပင် ဖြစ်ပါသည်။

လောကကြီးတွင် သည်လိုလူတွေ အများကြီးပါ။ တဏှာသိုက်ကို စနစ်တကျ အကွက်လှလှလေးဖြင့် တူးဖော်ပြီးယူခဲ့သည့် ဆုပန်က အနေအစား မဖျက်။

ဟော- ခုကြည့်၊ ကိုခန့်ဆီမှ ရသည့် အမွေတွေ၊ လက်ဝတ် လက်စားတွေ ပြီးတော့ မတ်တူးကားတစ်စီးက ပါသေး။

အမွေရသည့် တစ်ဝက်ထဲမှ ရန်ကုန်-တောင်ကြီး ပြေးဆွဲသည့် ကုန်တင်ကားကြီး (၃)စီးထောင်ထား၏။ ကိုခန့်အတွက် ကုန်ကျစရိတ် ပူစရာမလို။ ငါးကြင်းဆီနှစ် ငါးကြင်းကြော် သည့် စီမံကိန်းထက် များစွာသာ၏။ စဉ်းစားသာကြည့်။

ပြီးတော့ ဆုဝန်က ဘီယာ မသောက်၊ အရက် မသောက်၊ စီးကရက်မသောက်၊ ကွမ်းမစား၊ မူးယစ်ဆေးစိတ်ကြွဆေးတွေကို ဝေးဝေးက ရှောင်၏။ ဖဲလည်း မရိုက်။ ကလေးလည်း မမွေး။ ကလေးက မွေးလို့မဖြစ်။ ကလေးမွေးလျှင် သူ့စီမံကိန်းတစ်ဝက် အရှုံးပေါ်မည်။

နက်ရှိုင်းသည့် အတွေးအခေါ်။ ကောင်းလိုက်သည့် ဦးနှောက်၊ ဆင်နှာမောင်းလို လှုပ်သော ဆုပန်၏ လက်နှစ်ဖက်သည် ပုရိသ အထက်တန်းစားများကို သွယ်ယှက် ရစ်ဝတ်နိုင်၏။ ညို့တာတ်ပါသော မျက်လုံး သံလိုက်လို ဆွဲငင်နိုင်သော နှုတ်ခမ်းလွှာများသည် စည်းရုံးရေးအင်အား ပြင်းထန်လွန်းလှသည်။

မိုးတွေ အရမ်းရွာသော နေ့တစ်နေ့။

ကိုခန့် တစ်ယောက် နံနက် ၉ နာရီကျော်မှ နိုးလာ၏။ ထုံးစံအတိုင်း ဆုပန်မရှိ။ မတ်တူးကားဖြူဖြူလေးလည်း မရှိ။ ရင်ထဲတွင် ပူလောင်စွာဖြင့် တက္ကစီငှားပြီး ပါရမီသို့ ထွက်လာခဲ့သည်။ မျက်နှာပင် မသစ်နိုင်။ ရေမိုး မချိုးနိုင်။ ညဘီတ် အဝတ်အစားအတိုင်း လာခဲ့ခြင်း ဖြစ်သည်။

ခြံဝင်းထဲတွင် မတ်တူးကားဖြူဖြူလေးနှင့်အတူ မာစီဒီးကားအနက်တစ်စီး ယှဉ်လျက်ရှိနေသည်။ အိမ်ဖော်ဒေါ်သဲမှ ခြံဝန်းအဝင်အထွက် သံပန်းတံခါးလာဖွင့်ပေးသည်။

ဧည့်ခန်းထဲရှိ ဆိုဖာပေါ်တွင် တီဗွီကြည့်နေသော ဆုပန်ကို တွေ့ရသည်။ အဝတ်အစားများက ကပိုကရို။ အထဲမှာ အတွင်းခံ မရှိ။ ဆံပင်များက ဖွိုယို့ဖွာယား။ လှုပ်သည့်နှုတ်ခမ်းတွင် ခြယ်မှုန်းထားသည့် နှုတ်ခမ်းနီဆိုးဆေးများက ပျက်ပြယ်နေ၏။

ကိုခန့်ကို မြင်နေရသည့်တိုင် အလေးထား ဂရုစိုက်ဟန်လည်း မပြ၊ မသိကျိုးကွဲ မျက်လွှာချပြီး နေနေ၏။

ကိုခန့် အပေါ်တက်ရန် ခြေလှမ်းပြင်တော့ ဆုပန်မှ မာကျောခက်ထန်သော လေသံဖြင့် -

"ကိုခန့် အပေါ်တက်ကြည့်စရာ မလိုဘူး၊ ရှင့်ကို ကျွန်မ ပြောနေတယ်နော်၊ ရှင် သဘောပေါက်ဖို့ လိုတယ်"

ကိုခန့်၏ အပေါ်တက်ရန် လှေကားထစ်များအား နင်းထားသည့် ခြေလှမ်းများ တုံ့ခနဲရပ်ဆိုင်းသွားသည်။

နှုတ်မှလည်း -

"မင်း မင်း ဘာအချိန်အခါတာလဲ ဟင်"

ဆုပန်သည် ပြတ်သားသော လေသံဖြင့် -

"ဘာအချိန်ချိန်းတာလဲ ဟုတ်လား၊ ရှင် ပေါင်းသင်းနေတဲ့ ကိုယ့်မိန်းမကို နားလည် သဘောမပေါက်ဖူးလား"

ကိုခန့်သည် အင်အားချိနဲ့သော လေသံဖြင့် -

"မင်း မင်း ငါ့ကို ကတိပေးထားတယ်လေ"

ဆုပန်သည် ရယ်သွမ်းသွေးသော အသံဖြင့် -

"သွားစမ်းပါ၊ ဒီခေတ်မှာ ဒါတွေက ပြက်လုံးတွေပါ၊ ခေတ်စကားနဲ့ ပြောရရင် ကမ္ဘာကျော်တဲ့ တော်ကီတွေပါ"

ကိုခန့်၏ မျက်လုံးများ မီးဝင်းဝင်းတောက်သွားသည်။

နှုတ်မှလည်း အင်အားချိနဲ့သော လေသံဖြင့် -

"မင်း ကိုယ့်ကို အလွဲလုပ်နေတာပေါ့ ဟုတ်လား"

ဆုပန်သည် လုံးဝ ဝန္ဓနဲ့ဇွတ်သည့်လေသံဖြင့် ပြန်ပြောသည်မှာ -

www.burmeseclassic.com

www.burmeseclassic.com

"အလှူလုပ်တာ မဟုတ်ဘူးရှင်၊ အဲဒါ ကျွန်မရဲ့ စီးပွားရေး၊ ရှင့်နဲ့ ညားတာတောင် ဘယ်မှာ ကလေးယူလို့လဲ၊ ရှင် အဲဒီလောက်အထိသဘောမပေါက်ဘူးလား၊ ခုဆို ရှင့်မှာ အလုပ်အကိုင်မရှိဘူး၊ ရှင့်ရဲ့ နေ့စဉ် ကုန်ကျစရိတ်ဖြစ်တဲ့ ဘီယာဖိုး၊ အရက်ဖိုး မူးယစ်ဆေးဝါးဖိုး ပြီးတော့ စားစရိတ်၊ ရှင် စဉ်းစားကြည့်လေ"

ကိုခန့်သည် အားကျမခံသော လေသံဖြင့် -

"ငါ့ရဲ့ အမွေရတဲ့ ငွေတွေနဲ့ ဝယ်ထားတဲ့ ရန်ကုန်-တောင်ကြီးပြေးဆွဲနေတဲ့ ကုန်တင်ကားတွေ၊ ဘဏ်မှာ သွင်းထားတဲ့ ငွေတွေ အများကြီး ရှိသေးတယ်လေ"

ဆုပန်သည် မချိပြုံးလေး ပြုံးလျက် -

"အဲဒါတွေ ဘာတစ်ခုမှ မရှိတော့ဘူး"

"ဗျာ ဘယ်လို ဘယ်လို"

"ဟုတ်ဟယ် ကုန်တင်ကားတွေကို ရောင်း၊ ဘဏ်ကငွေတွေကိုထုတ်ပြီး ကျွန်မ နာမည်နဲ့ တူမွေကိတစ်ခုမှာ ရှယ်ယာဝင်ထားလိုက်တယ်"

ထိုစကားစုများသည် ကိုခန့်ဦးခေါင်းအား မိုးကြိုးထိမှန်သလို ခံစားလိုက်ရသည်။ သွားပြီ။

အကြီးအကျယ် ခံလိုက်ရသည်ကိုလည်း သိလိုက်ရသည်။ ခုတော့ လက်မဲ့ခြေမဲ့၊ အမွေပိုက်ဆံနှင့် ဝယ်ထားသည့် ဗဟန်းမှ တိုက်ခန်းတစ်ခန်းသာ ကျန်တော့သည်။

"ရှင် ရုံးကနေ အလုပ်ထွက်လိုက်ရကတည်းက ရှင့်မှာ ဘာအရည်အသွေး ဘာအရည်အချင်းမှ မရှိတော့ဘူးဆိုတာ နားလည်ထား"

ပြင်းထန်သော ထိုးနှက်ချက်များ၊ အပြီးသတ်ချေမှုန်းခြင်းကို ခံရသော စကားစုများသာ ဖြစ်သည်။

ကိုခန့် မျက်လုံးများ အရောင်မထွက်တော့။ ပြန်လှန်စကားများလည်း မဆိုနိုင်။ ခေါင်းငိုက်စိုက်ကျသွားသည်။

ဇနောက်တော့-ဘာဆို ဘာမှ မပြောဆိုနိုင်။ ပြောဆိုခွင့်လည်း မရှိတော့။

အရက်၊ ဘီယာ၏ ကျေးကျွန်။

မူးယစ်ဆေးဝါး၏ ကျေးကျွန်။

မိန်းမ၏ ကျေးကျွန် လုံးလုံးဖြစ်သွားတော့သည်။

ဘယ်လောက်ထိ အခြေအနေဆိုးလည်းဆိုလျှင် ကိုခန့် ကိုယ်တိုင်ပင် သူ့မိန်းမ ဆုပန်စီးပွားရေး လမ်းကြောင်းဖြောင့်ရန် ဖောက်သည်များကို ရှာဖွေပေးရသည့် အဆင့်အထိ ဖြစ်လာသည်။

ဘူဘဝဟူသည် ကြောက်စရာကောင်းသော ပြဿုဂ်များဖြင့် ဝန်းရံနေ၏။ လောကကြီးသည် မည်သူ့ကိုမှ မျက်နှာသာမပေး။ အမှန်နှင့် အမှားအားပြိုင်ကျရာတွင် အားကြီးသည့်ဘက်မှ အသာစီးရလေ့ ရှိသည်။ ရေများ ရေနိုင်၊ မီးများ မီးနိုင်သဘောကို ဆိုလိုရင်းဖြစ်သည်။

✿

အထူးကူဆေးခန်း ခုတင်ပေါ်တွင် အရိုးပေါ် အရေတင်ပြီး ပိန်လှီနေသည့် လူနာတစ်ဦးကို တွေ့ရသည်။ အရက်၊ ဘီယာ၊ မူးယစ်ဆေး စွဲနေသဖြင့် ကျောက်ကပ်၊ အသည်း၊ အစာအိမ်လမ်းကြောင်းများ ယိုယွင်း ပျက်စီးနေ၏။

ပိုပြီးဆိုးသည်မှာ ဦးနှောက်နှင့် အာရုံကြောများလည်း မကောင်းတော့။ အသိစိတ်များလည်း ကင်းလွတ်နေ၏။

မည်သူ့ကိုမှလည်း မမှတ်မိ။ အခြေအနေက အတော့်ကို ဆိုးဝါးသွားပြီဖြစ်သည်။

ပြီးတော့ လူနာတောင်းတသည်က အရက်နှင့် မူးယစ်ဆေး။ ခုတင်အနီးတွင်ရှိသော လူနာစောင့်အမျိုးသမီးကြီးနှစ်ဦးအား တာဝန်ကျဆရာဝန်မှ -

"လူနာနဲ့ ဘာတော်လဲမသိဘူး"

"ကျွန်မတို့ရဲ့ မောင်လေးပါရှင်"

တာဝန်ကျဆရာဝန်သည် လူနာအား အကြိမ်ကြိမ်စစ်းသပ်စစ်ဆေးပြီး ပြောသည်မှာ -

"အခြေအနေကတော့ မကောင်းဘူး၊ ပြန်ခေါ်သွားတာ အကောင်းဆုံးပဲ၊ သေမယ့်လူနာတစ်ယောက်ကို ဆေးကုသခြင်းဟာ တန်ဖိုးရှိတဲ့ဆေးဝါးတွေကို ဖြုန်းတီးပစ်လိုက်တာပဲ၊ တစ်ဖက်မှာ ကျတော့လည်း စီးပွားရေးပေါ့လေ၊ ဒါပေမဲ့ လူနာနဲ့ ပတ်သက်တဲ့ ကာယကံရှင်တွေအတွက် အများကြီး ထိခိုက်နစ်နာတယ်"

တာဝန်ကျ ဆရာဝန်၏ ပြောစကားကို နားထောင်နေသော အမျိုးသမီးနှစ်ဦးမှ -

"ကျွန်မတို့ မောင်လေးကို ဘယ်လောက်ကုန်ကုန် ဆေးကုချင်တယ် ဒေါက်တာ၊ အသက်လေးဆယ်ဆိုတာ အရွယ်ကောင်းတုန်းရှိသေးတာ ဒေါက်တာရယ်"

အမျိုးသမီးကြီးနှစ်ဦး၏ မျက်ဝန်းအိမ်တွင် မျက်ရည်များခိုတွဲနေ၏။

ထိုအချိန်တွင် စိန်ရွှေရတနာတွေ တစ်ကိုယ်လုံး ညှပ်နေအောင် ဝတ်ဆင်ထားသည့် ဆုပန်သည် အမျိုးသား တစ်ယောက်နှင့်တွဲလျက် လူနာလာကြည့်၏။ တာဝန်ကျဆရာဝန်အား ကြည့်လျက်ပြောသည်မှာ -

www.burmeseclassic.com

www.burmeseclassic.com

"ကောင်တာကို ဆွဲငင်းထားတဲ့ ငွေကုန်ဆုံးသွားရင် လူနာကို ကျွန်မ တာဝန်မယူဘူးနော်"

ထိုအခါ တာဝန်ကျ ဆရာဝန်သည် လူနာမှတ်တမ်းအားကြည့်လျက်-

"ဒါနဲ့နေပါဦး အစ်မကြီးတို့က လူနာကိုခန့်နဲ့ ဘာတော်ပါသလဲ၊ စိတ်မရှိပါနဲ့ဗျာ၊ အကြောင်းရှိလို့ မေးတာပါ"

"ကျွန်မတို့က လူနာ ကိုခန့်ရဲ့ အစ်မကြီး ဒေါ်သီတာနဲ့ အစ်မလေး ဒေါ်သင်းလွဲပါ"

"ဩော် ဟုတ်ပါပြီ ဟုတ်ပါပြီ"

ထာဝန်ကျဆရာဝန်သည် ဆုပန်အား ကြည့်၍-

"အစ်မက ဘာတော်လဲဟင်"

"လူနာကိုခန့်နဲ့ ကျွန်မက ကွာရှင်း ပြတ်စဲပြီးသားပါ။ အခုက လူမှုရေးသက်သက် လာကြည့်တာပါ"

တာဝန်ကျဆရာဝန်သည် နားမလည်နိုင်စွာဖြင့် -

"လူနာလာပို့တဲ့ ငွေသွင်းတာ တစ်ယောက်ဖြစ်နေတော့ နားမလည်နိုင်ဘူး ဖြစ်နေတယ်"

"ဟုတ်တယ် ဟုတ်တယ်၊အဒေါ်ကြီးတစ်ယောက်ကို လာပို့ခိုင်းတာ၊ လူနာနဲ့ ပတ်သက်တဲ့ ဆက်သွယ်ရမဲ့ ဖုန်းနံပါတ်ကိုလည်း ကျွန်မ ပေးလိုက်တာ"

ဆုပန်၏ စကားကြောင့် အားလုံး ရှင်းသွား၏။ အမျိုးသား တစ်ယောက်နှင့်တွဲလျက် ကျောခိုင်းထွက်ခွာသွားသော ဆုပန်ကိုကြည့်ရင်း ပြောလိုက်သည့် ဒေါ်သီတာ၏ စကားမှာ -

"သိုက်တူးသမားဆိုတာ သူမှ အစစ်ပဲ၊ လူနတ်ချမ်းသာဆိုတာ နပ်ထဲသူ ချမ်းသာတာပါပဲ"

ထိုအချိန်တွင် ခုတင်ပေါ်မှ ကိုခန့်၏ မျက်လုံးများသည် ဝေဝါးနေ၏။ နှလုံးခုန်သံများလည်း မူမမှန်တော့။ ခုတင်ဘေးတွင်ရပ်လျက် သူ့အား ကြည့်နေသည့် အစ်မကြီး ဒေါ်သီတာနှင့် အစ်မလေး ဒေါ်သင်းလွဲဆိုတာ မသိတော့။ သူလိုချင်တောင့်တ တပ်မက်နေသည်က အရက်။

"အရက်ပေးပါ၊ အရက်ပေးပါ အရက်ပေးပါ"

ကိုခန့် အသံကုန် အော်လိုက်၏။ သို့သော် လည်ချောင်းဝမှာ တစ်ဆို့ပြီး အသံက မထွက်။ သွေလက်များ၊ ခြေထောက်များ ရွန်းကန်ကြည့်၏။ လုံးဝ လှုပ်ရှား၍မရ။ မျက်လုံးများသည် ပြာဝေပြီး ဘာကိုမှ မမြင်ရ။ ပတ်ဝန်းကျင်မှ ပြောဆိုသံများလည်း သူနားထဲသို့ မဝင်။ လွန်စွာ ဝေးကွာလွန်းသော အမှောင်ထုထဲသို့ ခုန်ဆင်းသွားသလို ခံစားလိုက်ရသည်။

တကယ်ပင် ကိုခန့်အား အမှောင်ထဲမှ ဘဏ္ဍာဝိမီးတောက်ကြီးသည် အပြီးအပိုင် ဝါးမျိုလိုက်တော့သည်။

မင်းဟန်(သန်ကျွန်း)

❑

ကဗျာ ဆောင်းပါးများ

စာပေ ပါဝင်နေရာများ မိမိစိတ်ကူးကို ဝိတ္ထရကော်ပီထား၍ ထည့်သွင်းခန့်ဆွဲပေး တိုက်ဆိုင် ချက်သွယ်ပေးနိုင်ပါသည်။ ပရော်ဖက်ရှင်နယ်ဆန်စွာ စာမူများကို ပြုပြင်ပေးခြင်းလေ့ ပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ။ ဘာသာရေး ဆောင်းပါးများ။ ကဗျာရွတ်ထုများ။ မုဆိုးဝတ္ထုများ။ ရသဝတ္ထုများ။ ဟာသများ။ အရေးတိုင်းအနောက်တိုင်း ဆေးပညာရပ်များ။ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

စီးဒွေးစေးလွှဲခေါ်ရန်ရှင်းရှား
ဝိဝိထွဋ်ခန်း
ပို့ဆိုင်းဆော်
စောဝဏ္ဏဒေရန်
ထပြည့်ဝန်းဒွေးဆွေ
ကြေငြာချက်များ
ထည့်သွင်းနိုင်ပါသည်။

အပြူးအမည်း
တစ်ယောက်နှာ
ကျော်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အပြူးအမည်း
မျက်နှာဝက်
ကျော်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

အပ်ချုပ်ရုံ
အယ်ဒီတာအဖွဲ့
ထပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)
အခန်း (၁၇) ပထပ်၊ မဟာဗန္ဓုလထပ်မံ
(၁၇×၁၈)လမ်းကြား။
လသာပြိုင်နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၇၅၀၀

www.burmeseclassic.com

www.burmeseclassic.com

ပေတံကြိုးပြုန်းသော သားသမီး

ကျောင်းပေါ်ကို ဒကာ နှစ်ယောက် တက်လာကြသည်။ ဆရာတော် စကြိုလျှောက်နေရာက လှမ်းကြည့်၏။ တစ်ယောက်က လူမျိုးခြား၊ ကျန်တစ်ယောက်ကမူ ဦးမောင်အုန်း၊ ဦးမောင်အုန်းမှာ နှစ်စဉ်လိုလို ဆရာတော်အား ဝါဆိုသက်နှံးကပ်နေကျဖြစ်သည့်အပြင် သူ့အိမ်တိုလည်း နှစ်ခါသုံးခါ ဆွမ်းပင့်ဖိတ်ဖူးသဖြင့် ဆရာတော်နှင့် ရင်းနှီးနေသည်။

ထိုင်နေကျ ခုံပေါ် တွင်ဆရာတော် ထိုင်လိုက်တော့ ဦးမောင်အုန်းက ဦးချ၏။ လူမျိုးခြားကတော့ ဦးမခ။

သို့သော် ဦးမောင်အုန်းလိုပင် ရိုရိုသေသေတော့ ထိုင်၏။

"ဒကာအုန်း၊ ဘာကိစ္စတုံး"

www.burmeseclassic.com

www.burmeseclassic.com

"ဒီဒကာက တပည့်တော်တို့နဲ့ တစ်လမ်းတည်းနေ ဦးစိုးခ,ပါဘုရား၊ ကိစ္စက သူ့တိုက်နဲ့ ကပ်လျက်တိုက်က ဒေါ်တင်မလတ်တို့တိုက်ပါ ဘုရား၊ ဒေါ်ဇာင်မလတ်တော့ ဆရာတော် သိပါတယ်"

"သိပါတယ်၊ တဲ့ကွ သို့လ်က ဆရာမကြီး မဟုတ်လား၊ သူ့အမျိုးသား ဟိုလက ဆုံးသွားလို့ ဘုန်းကြီးတောင် ရက်လည်သွားခဲ့သေးတယ်"

"အဲဒီ ဆုံးသွားတဲ့လူရဲ့ ကိစ္စပဲ ဘုရား"

"အင်း. . . ဟင်၊ တစ်လတော်ငပြည့်သွားပလား"

"မဟုတ်ပါဘူး ဘုရား၊ သေသွားတဲ့ အဲဒီပုဂ္ဂိုလ်က မကျွတ်မလွတ်ဖြစ်ပြီး သူ့အိမ်တော့ ဘာပြဿနာမှ မရှာဘဲ တိုက်ချင်းကပ်ဖြစ်တဲ့ ဒီဦးစိုးခတို့အိမ်မှာ ညညဆို လာလာသောင်းကျန်းနေလို့ပါ ဘုရား"

"ဟေ . . . ဘယ်လိုများ လာသောင်းကျန်းတုံး"

"လူကြီးတွေကို ခုတင်ပေါ်က ဆွဲချပါတယ်၊ ကလေးတွေကိုလည်း ခေါင်းခေါက် ထိပ်ပုတ်လုပ်ပါတယ်၊ အိမ်ပေါ်မှာ သွားလာနေကြတဲ့လူနဲ့ တိုက်မိမတတ် လေဟပ်သွားပြီး တစ်ကိုယ်လုံး ချွဲနစ်မှဲစိမ့် ဖြစ်ဖြစ်သွားတတ်ပါတယ်၊ အစကတော့ ဘာဖြစ်မှန်း မသိကြပါဘူး။

နောက်မှ အသိတွေက ပြောပြလို့ သူလာလာခြောက်နေမှန်း သိရပါတယ်၊ သူတို့နဲ့ ဟိုတုန်းကပင် တိုက်ချင်းတပ်ဆိုတော့ သူ့မိန်းမနဲ့ စကားများဖူးတာ ရှိထားလို့ ထင်တာပါပဲ"

ဦးစိုးခ ဆိုသူမှာ အတော်စိတ်ဓာတ်ကျနေပုံရ၏။ မျက်နှာက ညှိုးနွမ်းနေသည့်အပြင် စကားသံပါ ဝမ်းနည်းနေသံ ပါနေ၏။

"ဒကာကြီးက ဘာသာခြားထင်ပါတယ်၊ ဒကာကြီးတို့ အစဉ်အလာရှိတဲ့ ရိုးရာတွေ ဘာတွေနဲ့ကော လုပ်မကြည့်ကြဘူးလား"

"အဲဒီလို ခြောက်တာနဲ့ပတ်သက်လို့ အစဉ်အလာ လုပ်ကြတာ ဓလ္လိပါဘူး၊ မနေနိုင်၊ မနေဝံ့ကြရင် အိမ်က ထွက်သွားကြတာပါပဲ၊ အဲဒါ ဦးမောင်အုန်းက ဘုန်းကြီးပင့် ဝရိတ်နာလိုက်ရင် ပျောက်သွားတယ်ပြောလို့ ဘုန်းကြီးဆီ အကူအညီ လာတောင်းရတာပါ"

"မှန်လှပါ ဘုရား၊ ဦးစိုးခတို့မှာ ညညလည်း ကောင်းကောင်းမအိပ်ကြရတာ၊ ဒေါ်တင်မလတ်ယောက်ျား ဆုံးကတည်းကလို့ ပြောပါတယ်ဘုရား၊ သူ့ချွေးမတစ်ယောက်ဆို မနေဝံ့လို့ သူ့မိဘဆီ ပြောင်းပြေးသွားတာတောင် သုံး, လေးရက်ရှိပြီ ပြောပါတယ်၊ အဲဒါ ဦးစိုးခတို့က်ဆောက်တာလည်း မကြာသေးတော့ သူ့တို့က်ကို ဒီအတိုင်း ပိတ်ထားခဲ့ရမှာလည်း နှမြောလို့ လမ်းက ဗမာတွေကို ဒိုလိုဖြစ်ရင် ဗမာတွေ ဘယ်လို လုပ်ကြလဲ၊ ဟိုလူ့မေး ဒီလူ့မေးနဲ့ နောက်တော့ လမ်းကလူတွေက ညွှန်လိုက်လို့ တပည့်တော်ဆီ ရောက်လာတာပါ ဘုရား"

"အေးနော် တစ်မျိုးပဲ၊ ဒေါ်တင်မလတ်တို့ မိသားစု ဆိုတာကလည်း ဘုန်းကြီးသိရသလောက် သား၊ သမီး၊ ချွေးမကအစ အင်မတန် ဘုရား၊ တရားကြည်ညိုကြတဲ့ မိသားစုပဲ၊ ဘုန်းကြီးက မရင်းနှီးပေမယ့် သိနေပါတယ်၊ အဲဒီ ဒကာကြီးကိုသာ မမြင်ဖူး. . . "

"သူ့ကို ဆရာတော် ဘယ်မြင်ဖူးပါ့မလဲ ဘုရား၊ သူက လက်ဝဲအယူကြီးတဲ့၊ တောမြန်ပါဘုရား ဘေးဘင်ဘုရားဆိုတာလည်း သွားတဲ့လူမှမတုတ်ဘာ၊ အဲဒါ ခု ဟိုကလည်း ဘယ်စိတ်ကောင်းပါ့မလဲ ဘုရား၊ ဆရာမကြီးဆို ရှက်လို့ ပင်စင်တောင် တင်ထားတယ်ကြားပါတယ်၊ သူတို့ကိုတော့ တပည့်တော်မှာ အားနာလွန်းလို့ မသိသလို လုပ်နေရပါတယ်၊ ခု ဦးစိုးခက အကူအညီလာတောင်းတော့ ကူညီရမယ့် ဝတ္တရားရှိလို့ပါဘုရား၊ အဲဒါ ဆရာတော်ကြွရောက်ချီးမြှင့်ပေးဖို့ လာလျှောက်ရတာပါ ဘုရား"

"ကောင်းပါပြီ၊ တစ်ခုတော့ရှိတယ်၊ ဦးစိုးခတို့က ဘာသာခြားဆိုတော့ ဘုန်းကြီးနှုတ်က ချပေးသလို၊ ဒကာအုန်းတို့ လိုက်ဆိုသလို ဦးစိုးခတို့မိသားစုအားလုံးက လိုက်ဆိုလို့ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်ပါတယ် ဘုရား၊ ဆိုနိုင်ပါတယ်၊ ဦးမောင်အုန်းတို့ လိုက်ဆိုသလို တပည့်တော်တို့မိသားစုလည်း လိုက်ဆိုပါ့မယ်ဘုရား၊ တပည့်တော်တို့ ဒုက္ခကို ကူညီ ချီးမြှင့်ပေးပါ"

ဦးစိုးခ၏စကားကို ဆရာတော်က တော်တော်ကြီးကို ဝမ်းသာသွားသည်။ ရှိခိုးဦးချ၍ မပြောသော်လည်း ဦးမောင်အုန်း၏ လေသံကိုလိုက်ကာ 'တပည့်တော်'နှင့် 'ဘုရား' ဟု ပြောလာသော စကားနှစ်ခွန်းက ဆရာတော်ကို ပြုံးမိသွားစေသည်။

"ကောင်းပါပြီလေ၊ ဘယ်တော့လဲ"

"ဆရာတော် ဆွမ်းစား တွင်းမရှိရင် ဦးစိုးခက မှန်တိမ်ပြန် ဆောင်ချွေးပေးစေချင်ကြောင်း ပြောပါတယ်ဘုရား"

"အခွံန်က"

"အရှေ့ဆွမ်းပါဘုရား"

"သံဃာတ ဘယ်နှယောက်"

www.burmeseclassic.com

www.burmeseclassic.com

ဦးစိုးခက ဆရာတော်မျက်နှာကို မော့ကြည့်ပြီး -

"ဘယ်နှပါးဖြစ်ဖြစ် တပည့်တော် တတ်နိုင်ပါတယ်ဘုရား" ဟု လက်အုပ်ချီ၍ ပြောပါ၏။

ဘဲသားခြောက်တစ်ယောက် လက်အုပ်ကလေးတော့ ချီလာပြီဟု ဆရာတော်က ဝမ်းသာသွားပြန်၏။

"ကောင်းပြီ၊ ဘုန်းကြီးနဲ့ နောက်သံဃာနှစ်ပါးဆိုတော့ သုံးပါးပေါ့နော်"

"မှန်ပါ့ဘုရား"

ဦးစိုးခက လက်အုပ်ချီ၍ ပြော၏။ ဦးမောင်အုန်းက-

"မနက်အရုဏ် တပည့်တော် လာပင့်မှာပါ ဘုရား"

"ကောင်းပါပြီဗျာ"

"ဦးစိုးခတို့အိမ်မှာ တပည့်တော် လိုက်စီစဉ်ပေးရမှာမို့ ခွင့်ပြုပါ ဘုရား"

"ကောင်းပါပြီ"

*

မနက် ဆွမ်းစား လာပင့်ရင်း ဦးမောင်အုန်းက -

"ဦးစိုးခတို့မိသားစုကတော့ သိပ်ဝမ်းသာနေကြပါတယ် ဘုရား၊ ဩက တစ်ညလုံး ဆွမ်းဝေယျာဝစ္စလုပ်ပြီး သန်းခေါင်နီးမှ အိပ်ကြတာ၊ ခါတိုင်း ညလို ကလေးတွေလည်း ထထအော်မငိုကြတူး၊ လူကြီးတွေလည်း ဘာမှ မဖြစ်ကြဘူး၊ တပည့်တော်လည်း ညက သူတို့အိမ်မှာ အိပ်လိုက်ပါတယ်၊ အဲဒါ ဦးစိုးခကတော့ 'ခင်ဗျားတို့ဗမာဘုန်းကြီး တကယ်စွမ်းတယ်ဆိုတာ ကျုပ် ယုံသွားပြီ'လို့ ပြောကျွန်ခဲ့ပါတယ် ဘုရား"

"ဘုန်းကြီးက ကျောင်းမှာနေတာ၊ ဘယ်နှယ့်စွမ်းမှာတုံး၊ ခင်ဗျားက သူ့အိမ်သွားအိပ်တော့ ခင်ဗျားစွမ်းလို့ ညက အခြောက်အလှန့်မရှိတာ နေမှာပေါ့"

"တပည့်တော် တစ်ကိုယ်လုံး ကိလေသာတွေ ဖုံးလွှမ်းနေတာ ဘယ်လိုအစွမ်းရှိပါ့မလဲ ဘုရား၊ သံယာကို ရည်စူးပြီး ဆွမ်းချက်ပြုတ်နေကြတာနဲ့ မောင်မင်းကြီးသား အိမ်ထဲ မဝင့်ဝံ့တာ ဘဲ ဖြစ်ပါလိမ့်မယ် ဘုရား"

ဆရာတော်က ရယ်စရာပြောသည်ကို ဦးမောင်အုန်းက ပြန်လျှောက်၏။

သည်လိုနှင့် ဦးစိုးခတို့ မိသားစုကလည်း ဦးအုန်းမောင်နှင့် ငါးပါးသီလယူ၊ ပရိတ်တရားတော်နာ၊ ထိုပုဂ္ဂိုလ်၏ အမည်ကို ထုတ်ဖော်၍ အမျှအတန်း ပေးဝေကြသည်။ ကလေးမတစ်ယောက်က ထိုပုဂ္ဂိုလ်၏အမည်ကို ရွတ်ဆိုရာတွင် အသံကျယ်သွား၍ ဦးမောင်အုန်းမှာ စာစဖက်အိမ်သားတွေများ ကြားသွားပလားဟုပင် စိုးရိမ်မိလိုက်၏။

သည်လိုနှင့် ဘုန်းကြီးပြန်ကြွခါနီးတွင် တစ်အိမ်သားလုံး ဘုန်းကြီးကို ဦးချပြီး၊ အကူအညီ အလှူအတန်း ပို အပ်ပါကြ အမိန့်ရှိပါရန် ဖုန်းနံပါတ်ပါ ဆရာတော်အား ရေးပေးလိုက်သည်။

ထိုတစ်ညလွန်မြောက်၍ နောက်တစ်နေ့တွင် ဆရာတော်က ဦးစိုးခဆီ ဖုန်းဆက်၍ အခြေအနေကို မေးမြန်းသည်။

ဦးစိုးခက ဝမ်းသာအားရသံနှင့် ညက ဘာအခြောက်အလှန့်မှ မရှိတော့ကြောင်း၊ တစ်အိမ်သားလုံး ဘုန်းကြီးကို ကျေးဇူးတင်နေကြပါကြောင်း အထပ်ထပ် အခါခါ ပြောသည့်အပြင် သူ့ဇနီးကပါ ဘုန်းကြီးကို ကျေးဇူးတင်စကား ပြောလိုပါသည်ဆိုသဖြင့် ဦးစိုးခဇနီးနှင့် ဘုန်းကြီးက ပြောရပြန်၏။ ဦးစိုးခဇနီးကလည်း ဦးစိုးခနည်းတူ ကျေးဇူးတင်ကြောင်း အထပ်ထပ်အခါခါ ပြော၍ အကူအညီလိုအပ်ပါက ဖုန်းနှင့် ပြောပါရန်ကိုပါ မြောလေသည်။

နောက်သုံးလေးရက်ကြာတော့ ဘုန်းကြီးဆီ ဦးစိုးခကိုယ်တိုင် ဖုန်းဆက်လာ၏။

'ဦးစိုးခပါ ဘုရား' ဆိုတော့ ဘုန်းကြီးက နည်းနည်းတော့ထိတ်သွားသည်။ ဦးစိုးခတို့အိမ်ကို ဟိုပုဂ္ဂိုလ် ပြိတ္တာကြီး လာနှောင့်ယှက်နေပြန်ပြီ အထင်နှင့်-

"ဒကာကြီး၊ ပြန်ဖြစ်နေပြန်ပလား"

"မ- မဟုတ်ပါဘုရား၊ တပည့်တော်အိမ်မှာ ဘာမှမဖြစ်တော့ပါဘုရား၊ ဒါပေမယ့် ဦး. . . ဦးက လမ်းထဲရောက်သွားပါတယ် ဘုရား၊ အဲဒါ လမ်းသွားလမ်းလာတွေကို ညည်းဆို လိုက်လိုက်ဆွဲ၊ ခြောက်လှန့်နေလို့ ခွေးတစ်စီဖြစ်နေကြတာ မကြာမီ အရှင်ဘုရားဆီကို လမ်းပရိတ်တော့ပေးဖို့ ဦးမောင်အုန်း ရောက်လာပါလိမ့်မယ် ဘုရား။

ခုတော့ သူ့ခမျာ အဲဒီကိစ္စအတွက် လိုက်ဆောင်ရွက်နေရလို့ အိမ်တောင်မကပ်နိုင် ဖြစ်နေရှာပါတယ် ဘုရား၊ သူ့အိမ်က ဖုန်းနံပါတ် အရှင်ဘုရားဆီမှာ ရှိလား ဘုရား၊ အကျိုးအကြောင်း သူ့ကိုမေးရင် သူ ပြောပြပါလိမ့်မယ် ဘုရား"

"ရပါတယ် ဒကာကြီး၊ သူလည်း အလုပ်များနေတယ် ဆိုဒီတော့ ဖုန်းဆက်တော့ပါဘူး၊ ဒကာကြီးတို့အိမ် အန္တရာယ်ကင်း ဘေးရှင်းသွားတာ ဘုန်းကြီး ဝမ်းသာပါတယ်၊ ဦးမောင်အုန်းလာတော့မှ မေးကြည့်ပါ့မယ်"

ဦးစိုးခ ဖုန်းဆက်ပြောသလိုပင် ညနေစောင်း ၃ နာရီကျော်လောက်မှာ ရပ်ကွက်ကောင်စီဥက္ကဋ္ဌနှင့်အတူဦးမောင်အုန်းတို့ ရောက်ချလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဦးစိုးခ စောစောကပဲ ဖုန်းဆက်တယ်၊ ဘယ့်နှယ် ဟိုပုဂ္ဂိုလ်ကြီး လမ်းမှာ သောင်းကျန်းနေပြန်တယ်ဆို"

"မှန်လှပါဘုရား၊ ညမိုးချုပ်တာနဲ့ကလေး။ လူကြီး လမ်းမထွက်ရဲလောက်အောင် သောင်းကျန်းနေပါတယ်ဘုရား၊ ကျန်ခဲ့တဲ့ ညကလည်း ရပ်ကွက်ထဲပဲပြုတ်နံပြား ရောင်းနေကျ ဈေးသည်ကို လိုက်ဆွဲလို့ နံပြားနဲ့ပဲပြုတ်တွေလည်း ပြန့်ကြဲ၊ ခွေးတွေကလည်း တစီစီနဲ့ တစ်လမ်းလုံး ဆူညံသွားတာပဲ ဘုရား၊ သိပ်အတင့်ရဲလာလို့ အဲဒါ ညနေ လမ်းအန္တရာယ်ကင်း ပရိတ်တရား ချီးမြှင့်ပေးဖို့ တပည့်တော်တို့ လာလျှောက်ရတာပါဘုရား"

သူက ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌပါ။ သူတို့ရပ်ကွက်၊ သူတို့လမ်းတွေမှာ လူကုံထဲ သူဌေးသူကြွယ်တွေချည်း နေကြသော ဆိတ်ငြိမ်ရိပ်ကွက်ဖြစ်သည်။ အိမ်တိုင်း၊ တိုက်တိုင်းမှာ ကားကိုယ်စီရှိကြသဖြင့် အိမ်အထွက်လည်း ကား၊ အိမ်အဝင်လည်း ကားနှင့်သာဖြစ်သဖြင့် လမ်းတိုင်းလိုလိုတွင် လူသွားလူလာပြတ်မည်ကို ဘုန်းကြီးက သိနေသည်။

"အေး၊ လမ်းအန္တရာယ်ကင်းဆိုတော့ သံယာငါးပါးတော့ လိုလိမ့်မယ်၊ ဒကာအုန်းတို့ အဆင်သင့်သာ စီမံထားကြပါ၊ ဘုန်းကြီးက သံယာရှာပင့်ထားလိုက်မယ်၊ ကျောင်းပိတ်ထားတော့ စာသင်သားတွေက အရပ်ပြန်ကြနေကြတာကများတယ်၊ ဆရာတစ်ပိုင်း စာသင်သားတစ်ပိုင်း အဆောင်နေ ကိုယ်တော်တွေတော့ ရှိပါလိမ့်မယ်"

"မှန်ပါဘုရား၊ ညနေ တပည့်တော်တို့ လာပင့်ပါမယ် ဘုရား၊ တပည့်တော်တို့ကို ခွင့်ပြုပါဦးဘုရား"

"ကောင်းပါပြီ"

သည်လိုနှင့် ဆရာတော်က အဆောင်နေများဖြစ်ကြသော ဦးပဉ္စင်း နောဝိဉာဏ အပါအဝင် သံယာသုံးပါးနှင့် ဆရာတော်၏ တပည့်ဖြစ်သော မွန်ပြည်နယ်က ဆရာတော်ဆီ လာကန်ထောသော ည့ေသည်သံယာတစ်ပါးပါ ငါးပါးပြည့်သွားသည်။

ဆရာတော်ကြီးက လမ်း၌ အန္တရာယ်ကင်း ပရိတ်ရွတ်ကြရမည့် အကြောင်းနှင့် အဖြစ်အပျက်ကို ပြောပြရာ မွန်ပြည်နယ်နေ ည့ေသည်ရဟန်းတော်က -

"အမှန်တကယ် မတွွတ်မလွတ်ဘဲ ပေတ(ပြိတ္တာ)ဘဝကို ရောက်နေတယ်ဆိုရင် အဲဒီဒကာအတွက် တပည့်တော် စိမ်ပါမယ်၊ ခွင့်ပြုပါဘုရား။ တပည့်တော်တို့ ပရိတ်တရားတို့ သူလာ နာ၊ မနာ ဆိုတာကိုလည်း တပည့်တော် ကြည့်ပါ့မယ် ဘုရား" ဟု ဆရာတော်ကြီးကို လျှောက်၏။

ရုတ်တရက်မှ ဆရာတော်ကြီးပင် သူ့ရေပည့်လည်းဖြစ်ဖူးသော ည့ေသည်ရဟန်း၏ စကားကို အံ့သြသွားသည်။ ဆရာတော်ကြီးကျောင်းက စာသင်ထွက်သွားပြီး သူကား မွန်ပြည်နယ်၌ ဓုတင်ဆောက်တည်နေကြောင်းတော့ ကြားထားသည်။ ညကျလျှင် သုသာန်သချိုင်းများကို လှည့်လည်သွားလာပြီး ပေတ(ပြိတ္တာ)များကို တရားဟောနေမှန်းတော့ ဆရာတော်ကြီးက မသိပေ။

ထို့ကြောင့် -

"မောင်ပဉ္စင်းက တယ်ဟုတ်ပါလား၊ ဘုန်းကြီးတို့တော့ တစ်သက်လုံး နှစ်ဆန်းတစ်ရက်ဆို ရပ်ကွက်တကာ၊ လမ်းတကာမှာ အန္တရာယ်ကင်း ပရိတ်ဟောလာတာ အကြိမ်အခါကို မရေတွက်နိုင်တော့ဘူး၊ သရဲ၊ တစ္ဆေ၊ ပြိတ္တာတွေကို တစ်ခါမှ မမြင်ဖူးဘူး၊ မောင်ပဉ္စင်း အဲသလို ပေတ(ပြိတ္တာ)တွေကို မြင်အောင် ဘယ်လိုများ အားထုတ်ကျင့်ကြံလာလဲ"

"ပေတ(ပြိတ္တာ)တွေကို မြင်ရဖို့ လွယ်ပါတယ် ဘုရား၊ သုသာန်သချိုင်းမှာ ညညသွားပြီး သူတို့ကို မေတ္တာပို့ဖိတ်ခေါ်ပြီး တရားဟောရင်၊ တစ်လလောက်အကြာမှာ ရုပ်ဆင်းသဏ္ဌာန် အမျိုးမျိုးနဲ့ တရားလာနာကြတဲ့ ပေတ(ပြိတ္တာ)တွေ၊ တချို့ကလည်း တရားမနာဘဲ နောက်ခိုင်း လာထိုင်နေကြတာတို့လည်း မြင်လာရပါတယ် ဘုရား"

ဆရာတော်ကြီး အပါအဝင် နောက်ရဟန်းများကလည်း ည့ေသည်ရဟန်းစကားကို အံ့သြသွားကြသည်။

"ကဲ- ဒါဆို ဟုတ်ပြီ၊ အိမ်ကနေ လမ်းပေါ် ရောက်သွားတဲ့ အဲဒီ ပေတ(ပြိတ္တာ)ဒကာအတွက် မောင်ပဉ္စင်းပဲ အားလုံးစီမံတော့၊ အတော်ကြာရင် ဒကာအုန်းတို့ လာပင့်ကြပါလိမ့်မယ်"

"မှန်ပါဘုရား"

ဒကာဦးမောင်အုန်းနှင့် ရပ်ကွက်ကောင်စီဥက္ကဋ္ဌတို့ လာပင့်ကြသောအခါ ဆရာတော်ကြီးအပါအဝင် သံယာငါးပါး အန္တရာယ်ကင်း လမ်းပရိတ်ရွတ်ရန် လိုက်သွားကြသည်။ အချိန်မှာ ထိုပေတ(ပြိတ္တာ)ကြီး ကြွာတ်ချွန်နေကျ မှောင်ချိုးဖျ ညနေအချိန်။

ပရိတ်ဟောရမည့် နေရာနှင့် တရားနာပရိသတ်များ နေရာယူတတ်လည်ကို မီးချောင်းတွေ၊ မီးလုံးတွေ ပတ်ပတ်လည် ဆင်ထားသဖြင့် ပတ်ဝန်းကျင် တစ်ခုလုံးပါ လင်းထိန်နေသည်။

ည့ေသည်ရဟန်းက -

"အဝင်ဝရှိ မီးချောင်းနှစ်ချောင်းတို့ ပိတ်ထားလိုက်ပါ" ဟု မိန့်၏။

www.burmeseclassic.com

www.burmeseclassic.com

ကြွလာကြသော ဆရာတော်ကြီးနှင့်တကွ သံဃာငါးပါး ကော်ဇော ပေါ် ထိုင်လိုက်ကြသည်။ တရားနာ ပရိသတ်ထဲတွင် ဦးစိုးခတို့ မိသားစုကိုလည်း လူအုပ်ထဲတွင် ပရိတ်တရားနာရောက်နေကြသည်ကို မြင်ရသဖြင့် ဆရာတော်ကြီးမှာ အလွန်ဝမ်းသာသွားသည်။

ည့ဉ်သည်ရဟန်းက ဦးမောင်အုန်းကို ဘုန်းကြီးငါးပါးရှေ့ ပေတ (ပြိတ္တာ) ဒကာထိုင်ပြီး တရားနာနိုင်အောင် သီးသန့်အခင်းတစ်ခု လုပ်ပေးခိုင်း၏။ ဦးမောင်အုန်းကလည်း ပရိသတ်ထိုင်ရန် လုပ်ထားသော အစွန်နားက ကော်ဇောငယ်တစ်ချပ်ကို ယူခေါက်ပြီး ပေတ(ပြိတ္တာ)ကြီးအထွက် နေရာလုပ်ပေးလိုက်၏။

ည့ဉ်သည်ရဟန်းက မတ်တပ်ထရပ်၏။ ပြီး ပရိသတ်အစွန်နား ကြွသွားကာ ပေတ(ပြိတ္တာ)ကြီးအား တရားနာရန် ဖိတ်ခေါ်၏။ ရွှတ်ဖတ်သရဏ္ဂုံယာကာ မိမိနေရာ၌ ပြန်ထိုင်၏။ မကြာမီမှာပင် ခွေးတွေအူလာကြသည်။ ဟိုပြေးသည်ပြေးနှင့် လမ်းရှိ ခွေးလေခွေးလွင့်များ ဟောင်ကြသော်အခါ ခြံထဲ တိုက်ထဲရှိ မွေးထားသော ခွေးများလည်း ဟောင်ကြ၊ အူလာကြသည်မှာ ဆူညံနေ၏။

ပရိတ်တရားတော်နာရန် လူတွေ လာထိုင်နေကြသော နေရာနားထိ လမ်းရှိ ခွေးလေခွေးလွင့်တွေက ဟောင်ကြ၊ အူကြနှင့် ရောက်လာကြသည်။ ထိုအခါ ဦးမောင်အုန်းတို့အဖွဲ့က ခွေးတွေကို အော်ငေါက်၊ မောင်းထုတ်ကြသည်။

"ဒကာတို့၊ ခွေးတွေကို မမောင်းပါနဲ့၊ ဒကာတို့နေရာ ဒကာတို့ ပြန်ဝင်ထိုင်နေကြပါ"

ည့ဉ်သည်ရဟန်းက မိန့်လိုက်ပြီး ဆရာတော်ကိုလည်း တိုးတိုးကပ်ပြော၏။

"သူ လာနေပါပြီ ဘုရား၊ လူတွေက ခွေးကိုင်းထုတ်ရင် သူ့ကိုမောင်းလွှတ်တယ် ထင်ပြီး ပြန်သွားမှာစိုးရတယ်၊ အဲဒါကြောင့် ဒကာတွေကို ဟန့်တားရတာပါ ဘုရား" ဟု ဆိုသည်။

ပြီးတော့မှ -

"ဩော်- လာ လာ ဒကာကြီး၊ ဘုန်းကြီးတို့ ဗရိတ်တရားကို နာယူပါ။ အမျှအတန်းဝေတဲ့အခါ သာဓုခေါ်ပါ။ မမေ့ပါနဲ့၊ ကဲ - ဟုတ်ပြီ၊ ဒကာကြီး အတွက် နေရာပေးထားပါတယ်၊ လာထိုင်ပါ။ သံဃာတော်တွေကို ဦးချပါ။ သံဃာတော်တွေ ဟောကြားတဲ့ ပရိတ်တရားတော်ကို တောင်းစွာ နာယူပါ။ ထိုင် ထိုင်" ဟု တစ်ဆတ်တည်း မိန့်ကြားသည်။

ပရိသတ်က မည်သို့ရှိကြမည်မသိ။ ဆရာတော်ကမူ သူ့တပည့် အာဝန္တရဟန်း မိန့်ကြားနေသည်ကို ကြက်သီးထချင်နေသည်။ ထို့ကြောင့် သူနှင့် ကပ်ထိုင်နေသော သူ့တပည့် ရဟန်းကို မသိမသာအကဲခတ်ကြည့်ရာ ပေတ(ပြိတ္တာ) ဒကာ လာနေသည်ကို ဖကတိ မြင်နေရသလို ပြောဆိုနေသော်လည်း သူ့တပည့် ည့ဉ်သည်ရဟန်းကမူ စက္ခုန္ဒြေချထားသည်။

ဆရာတော်ကြီးသည် ပေတ(ပြိတ္တာ)ဒကာ 'နေရန်'ဟု ခင်းပေးထားသော နေရာကိုလည်း ကြည့်၏။ နေရာလွတ်ကိုသာ မြင်ရသည်။

"ကဲ - အားလုံး ငါးပါးသီလယူပြီး ပရိတ်တရားတော်ကို နာကြားကြရအောင်၊ သံဃာတော်များ၏ ဂုဏ်တော်ကို အာရုံပြုပြီး သံဃာတော်များကို ကန်တော့ကြပါ"

ဤစကားကိုတော့ ည့ဉ်သည်ရဟန်းတော်က မျက်လွှာတစ်ချက် ပင့်ကြည့်ပြီး မိန့်ကြား၏။ သူတပည့်၏ အခြေအနေကိုမူ ဆရာတော်ကြီးက အလွတ်မပေးဘဲ သိတိထားလျက်ရှိ၏။

သည်လိုနှင့် ပရိတ်တရားဟော၊ ရေစက်ချ အမျှဝေပြီး ကျောင်းသို့ပြန်ကြွလာကြသည်။ ထိုနေ့ကစ၍ ထိုလမ်းတွင် မည်သည့်အခြောက်အလှန့်မျှမရှိတော့ပါ။ ပရိတ်တရားနာပြီး နောက်တစ်ရက်၊ နောက်တစ်ရက်၊ နောက်တစ်ရက် သုံးရက်လုံးလုံး ညနေတိုင်းတွင် ဦးမောင်အုန်းက သူတို့လမ်း သူတို့အိမ်တွေ၌ မည်သို့သော အခြောက်အလှန့် မရှိကြောင်း လာလာလျှောက်သည်။

အထက်ပါ အကြောင်းအရာ အဖြစ်မှန်များမှာ ၂-၃-၂၀၁၁ ခုနှစ်၊ နိကယ်သာသနာတော် ထွန်းကားရေး အသင်းကြီး(ရန်ကုန်)၏ (၃၆)ကြိမ်မြောက် စာအောင်ဆုနှင်းသဘင်တွင် ယခု နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ (ယခင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပရိယတ္တိ မဟာဌာနမှူး) ဗန်းမော်ဆရာတော်ကြီး ဟောကြားတော်မူသွားသော ကိုယ်တွေ့အကြောင်းအရာ အချို့တစ်ဝက်ကို လူအမည်နာမများလွှဲ၍ ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။ အကယ်၍ အမည်နာမများ တိုက်ဆိုင်မှု ဖြစ်သွားပါက ခွင့်လွှတ်ကြပါရန်။

ဝေယ်လင်းခေါင်

❑

လပြည့်ဝန်းမဂ္ဂဇင်း (နိုဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ဖြည့်ဆည်းခြင်းငှါ

၁၉၈၄ ခု၏ ဆောင်းဦးညများ. . .

လွတ်လပ်ရေးကွင်းရှိရာ နှင်းတို့ ရစ်သိုင်းနေသော ရေကန်အတွင်းမှာ အပျော်စီးလှေများ လူးလာကူးခတ်နေကြ၏။ မမျှော်ခင်ကပင် ဝေသော နှင်းတို့ကြောင့် လက်ဖျား ခြေဖျားတွေ အေးစက်နေသည်။

မကျွမ်းကျင်သော်လည်း လှော်တက်ကို မာန်ပါပါကိုင်ရင်း သီတာဆွေသွားချင်ရာသို့ ထိန်းကာ လှော်ပေးဖြစ်သည်။ သီတာဆွေက ရေကို ဆော့ကစားရင်း ပြောလိုက်သည်။

"ကိုနောင်ရေ၊ ဟိုဘက် ဗေဒါအုပ်တွေနားက ရှင်းပါတယ်၊ ရေလယ်မှာဆို သူ့လှေ၊ ကိုယ့်လှေနဲ့ တိုက်မိခိုက်မိမယ်"

သီတာဆွေ၏ စကားကြောင့် လမ်းကြောင်းပြောင်းလိုက်သည်။

ကမ်းစပ်နှင့်နီးရာ ဗေဒါအုပ်များဆီသို့ ဦးတည်လှော်လိုက်သည်။ ဗေဒါအုပ်တွေနားရောက်တော့ နည်းနည်း မောချင်သွား၏။ လှေကို ခဏရပ်ပြီး ဗေဒါပွင့်ပြာပြာလေးကို ခူးယူလိုက်သည်။

သီတာဆွေ ဝတ်ထားသည့်ဇာလည်း ဗေဒါရောင်ဝမ်းဆက်။

"သီတာဆွေ"

"ဘာလဲ ကိုနောင်"

ထမြည့်ဝန်းမဂ္ဂဇင်း (နိဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ဗေဒါအုပ်တွေကြားမှာပင် လှေကိုရုပ်ထားလိုက်၏။ သူ ဘာလုပ်မည်ကို သီတာဆွေ မမှန်းဆတတ်။ လှေအလယ်တွင် ထိုင်နေသော သီတာဆွေ့ နံဘေးသို့ တိုးကပ်ရင်း ဝင်ထိုင်လိုက်သည်။

ဗေဒါပွင့်ပြာလေးကို သီတာဆွေခေါင်းမှာ ပန်ပေးဖို့ပြင်ရင်း -

"အဖြေရတဲ့ အထိမ်းအမှတ် အနေနဲ့ ပန်ပေးတာနော်" ဟု သူပြောဖြစ်သည်။

ပြုံးရင်းကပင် သီတာဆွေ ခေါင်းငဲ့ပေး၏။

"ကိုနောင် ဟော်ရဲ့လား"

"မပျော်ဘဲ နေပါ့မလားကွယ်"

သူပခုံးဦးမှာ သီတာဆွေ မှီလိုက်သည်။

မြောက်လေအဝှေ့ ချမ်းသွားမည်စိုး၍ တယုတယ သူဖက်ထားလိုက်သည်။ မီးရထားခေါင်းတွဲရဲ့အတွင်းသို့ မောင်းဝင်သွားသော ရထားဥဩသံနှင့်အတူ အဆို၊ အတီးပြိုင်ပွဲဆီမှ စန္ဒရားသံသဲ့သဲ့ကို ကြားနေရ၏။

သူရော သီတာဆွေပါ ကိုယ်စီရင်ခုနှစ်သံတွေဖြင့် မိန်းမောနေဖြစ်ကြ၏။

✿

လဲ့လဲ့နှင့် ထွေးမောင်တို့ လူစုကတော့ လှေစီးတာ မဝသေးလို့ဆိုပြီး ကျန်ရစ်ခဲ့ကြသည်။

သီတာဆွေလက်ကို ဖွဖွကိုင်ပြီး အဆို၊ အတီးပြိုင်ပွဲဆီသို့ လျှောက်ဖြစ်သည်။ ချစ်သူမျက်နှာကို ကြည့်ပြီး ကြည်နူးနေရသော အချိန်တွေကြောင့်သာ မေ့လျော့နေတာ ဖြစ်နိုင်သည်။ ကွမ်းယာဆိုင်ကို မြင်တော့ စိတ်ထဲက အလိုလိုချဉ်ခြင်းတပ်လာ၏။

"ကိုနောင် ဘာလုပ်မလို့လဲ"

"ဆေးလိပ်သောက်ချင်လို့"

သီတာဆွေ့လက်ကို လွှတ်ပြီး ဆေးပေါ့လိပ်ဝယ်ဖို့ ပြင်မိသည်။ အစိခံကောင်းသော ဆေးပေါ့လိပ်များကို ရွေးနေတုန်းမှာပင် -

"ဖက်ဆေးလိပ်တွေ မသောက်နဲ့၊ သောက်ချင်ရင် စီးကရက်ဝဲသောက်၊ စီးကရက်တစ်ဘူး ပေးပါ"

သီတာဆွေ့ စကားကြောင့်ပင် အကြွေထုတ်ပေးဖို့ သတိရလိုက်သော သူ့စိတ်ကူးတို့ တွန့်သွားရသည်။

သီတာဆွေ၏ ပိုက်ဆံအိတ် ဖွင့်သံကို ကြားနေရသည်။

အရွက်ကြီးစာစ်ရွက် ထုတ်ပေးတာကိုလည်း မြင်ရသည်။ သီတာဆွေ ဝယ်ပေးသော ခပေါင်းဘူးဝါလေးကို သာ ယူလိုက်ရ၏။

✿

နုညက်ဖြူဝင်းနေသော သီတာဆွေ့ပါးပြင်ကို မက်မောစွာ ငေးကြည့်ဖြစ်သည်။

ငဲ့ကြည့်သော သီတာဆွေနှင့် အကြည့်ချင်းဆုံ၏။

သူပခုံးဆီမှာ ထုံးစံအတိုင်း သီတာဆွေ မှီလိုက်သည်။ နှုတ်ခမ်းပါးပေါ်မှ ရနံ့က သူ့စိတ်ကို အစိုးမရဖြစ်စေ၏။ သီတာဆွေ ငြိမ်နေရင်းကပင် -

"ဘာရှာနေတာလဲ ကိုနောင်"

ဆောက်တည်ရာမရ ဖြစ်သွားသောစိတ်ကို ထွက်ပေါက်ပေးသည့် အနေဖြင့် စီးကရက်ကို နှုတ်ခမ်းမှာ တေ့လိုက်ပြီးမှ မီးခြစ်ဘီ ရှာမတွေ့။

"မီးခြစ် ရှာနေတာ"

"ထင်တော့ ထင်သားပဲ စတွေ့တဲတည်းက ပေးမလို့"

ပြောပြောဆိုဆို သီတာဆွေ ပိုက်ဆံအိတ်ကို ဖွင့်လိုက်သည်။

"မပျောက်အောင် ကိုင်နော်၊ သီတာ့ဖစ်တို့ သူဘော်သားပါလာတဲ့ ဇစ်ပို့မီးခြစ်လေ"

'ဇစ်ပို့' မီးခြစ်လေးကို ထောက်ခနဲမြည်အောင် ဖွင့်ရင်း သီတာဆွေ ကိုယ်တိုင် မီးညှိပေး၏။ သီတာဆွေ၏ အလိုက်သိမှုကြောင့်ပင် ရင်မှာ ချမ်းမြေ့ရသည်။

စီးကရက်ကို တစ်ဖွာရှိုက်ရင်း မီးခိုးငွေ့များကို သီတာဆွေ့နားသယ် စပ်ဆိသို့ မှုတ်ထုတ်လိုက်သည်။

စီးကရက် မီးခိုးငွေ့ကြောင့်ပင် သီတာဆွေ အနေခက်သွားပုံရသည်။

'ဇစ်ပို့' မီးခြစ်လေးကို သီတာဆွေ လှမ်းပေး၏။

နတ်သမီးစံဆိပ် စက္ကူယမ်း မီးခြစ်သာ ကိုင်နိုင်သော သူ့အဖို့မှာတော့ ဇစ်ပို့မီးခြစ်လေးက ရွှေထက်ပင် တန်ဖိုးကြီးနေပေ၏။

"လာမယ့် ဒီဇင်ဘာ ၅ ရက်ဆိုရင် တက္ကသိုလ်စတက်ရတော့မှာနော်၊ ကိုနောင် ဘာမေဂျာကို ဦးစားပေး လျှောက်ထားလဲ"

သူငယ်ချင်းတွေထဲမှာ သူနှင့် သီတာဆွေသာ ဆယ်တန်းအောင်၏။ ဂုဏ်ထူး လေးဘာသာထွက်သော သီတာဆွေက ဆေးတက္ကသိုလ်ဝင်ဖို့ သေချာနေ၏။

သူအခြေအနေကတော့ ဝင်ခွင့်လျှောက်ပြီးမှ စာပေးစာယူပြောင်းရမလိုလိုဖြစ်နေ၏။

"သနှံ့ဘဲ ရလိမ့်မယ်ထင်တာပဲ" ဟု မတင်မကျ ပြန်ပြောဖြစ်သည်။

✿

လပြည့်ဝန်းမဂ္ဂဇင်း (နိဝင်းအလေ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၆ ခု ဝိုးစက်များ

ဒုတိယနှစ် နွေကျောင်းပိတ်ပြီး ပြန်ဖွင့်တော့ လဲ့ဆွဲနှင့် ထွေးမောင်တို့ လက်ထပ်ဖြစ်ကြသည်။ သီတာဆွေတို့ ဒဿားစုလည်း အင်းစိန်မှ အင်းလျားလမ်းသို့ ပြောင်းရွှေ့သွား၏။

သီတာဆွေနှင့် ချိန်းပြီး မီးရထားရိပ်သာ မင်္ဂလာခန်းမဆီသို့ အတူသွားဖြစ်သည်။

"မင်းအတွက်ရော၊ လဲ့လဲ့အတွက်ပါ အများကြီး ဆုတောင်းပေးတယ်၊ မင်းတို့လင်မယား အိုအောင် မင်းအောင် ပေါင်းဖြစ်မှာသေချာတယ်"

ထွေးမောင်လက်ကို ကိုင်ရင်း အားပါးတရ ကောင်းချီးပေးဖြစ်သည်။

"ငါတို့ကိုကြည့်ပြီး အားမကျဘူးလား သီတာဆွေ"

လဲ့လဲ့ မေးလိုက်တော့ သီတာဆွေ့မျက်နှာ အရောင်ပြောင်းသွားသည်ကို သတိထားဖြစ်လိုက်သည်။

လဲ့လဲ့တို့ မင်္ဂလာမောင်နှံကို ငေးကြည့်ရင်းကပင် ရေခဲမုန့်ကိုအတူတူ စားကြသည်။ ထုံးစံအတိုင်း တစ်ယောက် တစ်ခွက်စီ လာချပေးသည်။ သူတို့ကတော့ တစ်ခွက်တည်းကိုပင် နှစ်ယောက်အတူတူ စားသည်။ တစ်ခွက်ကုန်မှ ကျန်တစ်ခွက်ကို နှစ်ယောက်အတူ ဆက်စားကြ၏။

"မောင် ×××. ရှေ့ကိုတည့်တည့် လျှောက်မယ်လေ ××× မယ်လည်း တည့်တည့်လိုက်ကာ လျှောက်မယ် မောင်ရေ ××× ဟောဟို့အရာ အဖြူစင်ပေ မြင်သလား မေ ××× ဘော်သာခွာကြ၊ မုလဲဖြူ မြင်သားပေါ့ သက်ဝေ ××× ၊"

မင်္ဂလာမောင်မယ် ငေးသွားတာ ခန်းမတစ်ခုလုံး ဖုံးလွှမ်းနေ၏။

"ဒီသီချင်းကို သီတာ အရမ်းသဘောကျတာပဲ၊ မစ်လာသီချင်းတွေထဲမှာ ကျက်သရေအရှိဆုံး သီချင်းပဲ"

"သီချင်းနာမည်က မင်္ဂလာမောင်မယ်တဲ့ သီတာ၊ ဆရာ မြို့မငြိမ်းရေးခဲ့တာလေ"

"သီတာတို့နှစ်ယောက် မင်္ဂလာဆောင်ရင်တော့ ဒီသီချင်းတစ်ပုဒ်တည်းကိုပဲ အဆိုတော်တွေ တစ်ယောက်ပြီး တစ်ယောက်ပြောင်းပြီး တီးဝိုင်းနဲ့ ဆိုခိုင်းရမယ်"

"သီတာက ကဗျာဆရာရဲ့ချစ်သူလို့ မပြောရဘူး၊ အတွေးက အရမ်းလှတယ်"

သူစကားကြောင့်ပင် သီတာဆွေ့ထံမှ ချစ်စရာမျက်စောင်းလေးကို ရလိုက်၏။ သီချင်းနားထောင်ရင်းကပဲ ချဉ်ခြင်းတပ်လာသည်။ စီးကရက်ကို အသာ ရှိုက်ဖြစ်သည်။ ခပေါင်းတို့၊ ဒူးယားတို့သောက်တာ အဆင်မပြေ၍ အိတ်စပို့(စ်)၊ ဒူးယား ပြောင်းသောက်သည်။ တစ်ခါတစ်ရံ မွန်ထရီသောက်ဖြစ်သည်။

"အစီခံမပါတာထက် စာရင်းပါတာက နည်းနည်းသက်သာတယ်၊ ကျန်းမာရေးကို အရမ်းထိခိုက်တဲ့ကိစ္စဖြစ်နေတော့ မဖြတ်နိုင်ရင်တောင် လျှော့သောက်နော် ကိုနောင်"

ဆရာဝန်လောင်း သီတာဆွေက သူ့ကို ဆိုဆုံးမ၏။

ဒီနှစ်ပိုင်းမှာ ဆေးလိပ်ကို တမက်တမော ပိုသောက်ဖြစ်နေတာကို သတိထားဖြစ်၏။

✿

၁၉၈၈ ခု နွေလယ်နေ့များ

မတ်လ၏ နွေပူပူမှာ ထီးရိပ်ကို အတူခိုရင်း အင်းလျားရေပြင်ကို ငေးဖြစ်ခဲ့ကြသည်။ တန်ရေပြင်ပေါ်မှာ တဲလှေပ်တွေက အထင်းသား။

သူကတော့ သတင်းဌာနကို ခိုးချဖြစ်သည်။

သီတာဆွေ၏ သတင်းမေးတွေကြောင့်ပင် သူ့နှလုံးသား လိပ်ပြာငယ်ရ၏။

"ကိုနောင့်ဝတ္ထုပါတဲ့ မဝင်းကိုကိုင်ပြီး စာရေးဆရာဆိုတာ အသွေးမွေးပြောင်တဲ့ လူစားမျိုး မဟုတ်ဘူးလို့ ရစရာမရှိအောင် မာမီ ပြောတယ် ကိုနောင်"

အခံခက်သောစကား။ မှန်သင့်သလောက် မှန်နေ၍ မငြင်းဆိုသာ။ အနုပညာကို စွဲလမ်းဖက်တွယ်မိသူတိုင်းသည် ခယောင်းလမ်းကို ရွေးပြီး လျှောက်နေရသူများပင်။

"သီတာ့မာမီ ပြောတာ မှန်ပါတယ်၊ ကိုနောင် မနာပါဘူး"

"သီတာကတော့ ကိုနောင်နဲ့ မခွဲချင်ဘူး"

"နေဦး သီတာ၊ ကဗျာတစ်ပုဒ်၊ ဝတ္ထုတစ်ပုဒ်က ရတဲ့ပိုက်ဆံဟာ ခြေသည်း လက်သည်းဆိုးဆေးဖိုး၊ နှုတ်ခမ်းနီဖိုးတောင် မရှိဘူးလို့ ပြောသေးတယ်မဟုတ်လား"

သူမျက်နှာကို သီတာဆွေကြည့်သည်။ ပြီးမှ -

"ကိုနောင်က ဒီနှစ် နောက်ဆုံးနှစ် မဟုတ်လား၊ စာမေးပွဲပြီးတာနဲ့ အလုပ်တစ်ခုရအောင် ကိုနောင် ရှာတော့၊ တကယ်တမ်း ကိုနောင့်နောက်တို့ လိုက်ဖြစ်ရင် အဆင်သင့်ဖြစ်အောင် လို့လေ၊ သီတာကလည်း ဆေးတွေ့ခွင့် တန်းလန်းကြီးနဲ့ဆိုရင် ခက်မယ်"

အနာဂတ်ကို ဝိုးရိပ်ပြီး ပဟေဠာဆွေ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့အကြောင်းကို သူအသိဆုံး။ ခယောင်းလမ်းကို သီတာဆွေ လျှောက်ရဲသည်ပဲ ထားဦး၊ တဲအိုပျက်မှာ မိုးယိုလို့ သီတာဆွေ မျက်နှာညိုမှာကို စိုးမိသည်။

သူကတော့ တိတ်ဆိတ် ငြိမ်သက်နေ၏။ သူ့အတွေးတွေ၊ စကားလုံးတွေကို မီးခိုးငွေ့များနှင့် အတူ အဝေးသို့ လွှင့်နေလိုက်သည်။

"စီးကရက်တွေ အရမ်းသောက်တာပဲ၊ တစ်ထိုင်တည်းနဲ့ ဘယ်နှလိပ် ရှိနေပြီလဲ၊ ဆေးလိပ်သောက်ခြင်းက ကိုယ်ကိုယ်တိုင် မဟုတ်ဘူး၊ ပတ်ဝန်းကျင်ကိုပါ ဆိုးကျိုးဖြစ်စေတယ်၊ ဆေးလိပ် ဖြတ်ပါလား ကိုနောင်ရယ်"

သူသောက်နေကျ ဆေးလိပ်ကို သာမက ရင်ထဲက သံယောဇဉ်တွေကိုပါ ဖြတ်လိုက်ချင်ပြီဟု ရင်ထဲမှာ ပြောဖြစ်၏။

✿

၁၉၉၇ ခ၏ နွေဦးပေါက်ကာလများ

သွလုံးချင်းဝတ္ထု ၅ အုပ်မြောက် ထွက်သောနေ့မှာပင် ထွေးမောင့် တစ်ယောက် အိမ်သို့ အလည်ရောက်လာ၏။ ထွေးမောင်ဖြစ်စေ၊ လဲ့လဲ့ဖြစ်စေ ရန်ကုန်ဆင်းလာတိုင်း သူ့အိမ်မှာပဲ တည်းခို၏။

"မင်းရေးတဲ့ဝတ္ထုတွေကို ငါတို့ နယ်မှာ လူငယ်တွေ အတော်ဖတ်ကြတယ် ကိုနောင်"

အလုပ်အကိုင်တွေကြောင့်ပင် ထွေးမောင်တို့နှင့် အနေဝေးရုံမက တစ်မြို့တစ်ရွာစီ ဖြစ်နေကြသည်။

သူ့သားငယ်ကို ထွေးမောင် ရင့်ခွင်ထဲမှာ ထား၏။

"ငါလည်း ဆေးလိပ်ဖြတ်နေတာ၊ မင်းသောက်တာမြင်တော့ တစ်လိပ်လောက် သောက်လိုက်ဦးမယ်၊ မီးခြစ်ပေးစမ်းပါဦး"

သီတာဆွေ့ကို သတိတရဖြစ်နေတုန်းမှာပင် ထွေးမောင်က မီးခြစ်တောင်း၏။

သီတာဆွေ ပေးထားခဲ့သော ဇစ်ပို့မီးခြစ်လေးကို သူရှာသည်။

"စောစောကတင် ရှိသေးတယ် ထွေးမောင်၊ မင်းတူယူဆော့ပြီး ဘယ်နားသွားထားလဲ မသိဘူး၊ ပျောက်သွားရင်တော့ ဒုက္ခပါပဲ"

သူ့ညည်းတွားသံ အဆုံးမှာ ဇနီးဖြစ်သူအနားသို့ ရောက်လာ၏။

"အဲဒါသာကြည့်တော့ ကိုထွေးမောင်၊ ဒီမီးခြစ်နဲ့ ပတ်သက်လာရင် သည်းသည်းလှုပ်လွန်းတယ်၊ ဘယ်ရည်းစားက ပေးထားခဲ့လို့ ဒီလောက်တောင် ဖြစ်နေလဲ မသိပါဘူး"

မီးခြစ်ပြန်လာပေးပြီး သားငယ်ကို ဇနီးသည် ချီထွက်သွားမှ ထွေးမောင် မေးသည်။

"သီတာဆွေ နိုင်ငံခြား ပညာတော်သင်သွားတာ ပြန်ရောက်လာပြီလား၊ မင်္ဂလာ ဆောင်တယ်လို့လည်း သတင်းကြားတယ်"

ထွေးမောင် မီးညှိပြီး ချထားသော ဇစ်ပို့မီးခြစ်လေးကို ကောက်ယူလိုက်သည်။ မီးခြစ်ထည်သော အိတ်ကလေးတွေသာ တစ်ခုပြီးတစ်ခုပြောင်းသွားသော်လည်း မီးခြစ်လေးက ဒီနေ့အထိ အသုံးဝင်နေဆဲ။

ဇစ်ပို့မီးခြစ်လေးကို အိတ်ထဲမှ ဆွဲထုတ်လိုက်၏။ သီတာဆွေ ပေးထားခဲ့သော ပတ်စ်ပို့ပုံလေးကို ထွေးမောင် မြင်အောင် ထုတ်ပြဖြစ်၏။ နှစ်ကာလတွေ ကြာနေပြီဖြစ်၍ ဓာတ်ပုံလေးမှာ ဝါကြင်ကြင်ဖြစ်နေ၏။

"ငါမှတ်မိပြီ၊ ဒီပတ်စ်ပို့ပုံလေးက ကိုးတန်းနှစ်တုန်းက သီတာဆွေ ပေးခဲ့တာ မဟုတ်လား၊ အဲဒီနေ့မှာပဲ လဲ့လဲ့လည်း ငါ့ကို တစ်ပုံပေးတယ်၊ ငါ့မှာတော့ လဲ့လဲ့ပေးတဲ့ပုံ မရှိတော့ဘူး၊ မင်းကတော့ ဒီနေ့အထိရှိနေတုန်းပဲနော်"

"မင်းကတော့ လဲ့လဲ့ကို တစ်ဘဝလုံး ပိုင်ထားနေပြီပဲ၊ ဓာတ်ပုံ ဘယ်လိုတော့မလဲ၊ ငါ့မှာတော့..."

ပြောလက်စ စကားတို့သည် လည်ချောင်းဝမှာပင် တစ်ဆို့ နစ်ဝင်သွား၏။

သီတာဆွေ့အကြောင်း နောက်ကြောင်းပြန်ပြောရင်း လွမ်းခိုက်မှာပင် ရင်ထဲ နင့်သွားရ၏။

✿

ပစ္စုပ္ပန်ကာလများ

ရင်ဘတ် အောင့်အောင့်နေ၍ သူ့ထုတ်ဝေသူက နှလုံးအထူးကုနှင့်ပြဖို့ စီစဉ်ပေးသည်။ ထုတ်ဝေသူ တိုက်တွန်းလွန်းလို့သာ လိုက်လာဖြစ်သည်။ ဆေးရုံဆေးခန်းကို တတ်နိုင်သမျှ မသွားချင်။ ပြဿနာမည့် အထူးကု သမားတော်မှာ ဘယ်သူဘယ်ဝါဆိုတာကို ရေရေရာရာ မသိပေ။

သမားတော်ထံ ဝင်တွေ့တော့ ထုတ်ဝေသူက အပြင်မှာ ကျန်နေခဲ့သည်။ မဝင်ချင့်ဝင်ချင်ဖြင့် တစ်ယောက်တည်း ဝင်ခဲ့၏။ လေးကန်သောခြေလှမ်းများ ပိုမိုနှေးကွေးသွားသလား၊ မြန်သွားသလားဆိုတာ ကိုယ်တိုင်မဝေခွဲနိုင်ပေ။ ထိုင်ခုံမှာ ထိုင်ချလိုက်ချိန်အထိ နှစ်ဦးစလုံး အံ့အားသင့်စွာ စကားမဆိုဖြစ်ကြပေ။ တိုက်တိုက်ဆိုင်ဆိုင် သူကလွှဲဖြစ်ပြီး သီတာဆွေက နှလုံးအထူးကု သမားတော် ဖြစ်နေ၏။

www.burmeseclassic.com

"အသက်နဲ့ ဆေးလိပ် ဘယ်ဟာကို ရွေးမလဲ ကိုနောင်၊ ဆေးလိပ်ကို လုံးဝဖြတ်မှ ဖြစ်တော့မယ်"

ခဲ့ညားသော လှပခြင်းများဖြင့် ကြည့်ကောင်း၍နေဆဲပင်။ အတိတ်တုန်းဆီက ချစ်သူတွေ ဖြစ်ခဲ့ဖူးခြင်းကို အမှတ်ရကောင်းပါလေစ။

စမ်းသပ်ချက်တွေလုပ်ပြီးသည်နှင့် ဆေးလိပ်ဖြတ်ခိုင်းနေ၏။

ဆိုင်သူကိုယ်စီဖြင့် ဘဝခြားနေကြသော်လည်းသံယောဇဉ်အငွေ့အသက်များ မကုန်ခန်းသေးဟု စိတ်မှာထင်မိသည်။ ဟိုတစ်ခါက ပြောခဲ့ဖူးသော စကားကို အမှတ်ရပြီး -

"လျှော့သောက်လို့ မဖြစ်ဘူးလား"

"ဈေးမဆစ်နဲ့လေ ကိုနောင်၊ ဖြတ်ကိုဖြတ်မှ ဖြစ်မယ်"

လက်ကျန်သံယောဇဉ်ကြောင့် ပဲလား မသိ၊ ငါးသုံးလုံး စီးကရက်ဘူးခွံ ကွယ်နေ၍ ဇစ်ပိုမီးခြစ်လေးကို ဒေါက်တာသီတာဆွေ မမြင်နိုင်။ မြင်သာအောင်ဆိုပြီး ဇစ်ပိုမီးခြစ်လေးကို နေရာ ရွှေ့ထားလိုက်သည်။ ဒါကို ဒေါက်တာသီတာဆွေ မြင်ပုံရသည်။

တိတ်ဆိတ်ခြင်းကို ဖြိုခွဲဖို့ ကြိုးစားတာလား၊ ဒါမှမဟုတ် သူ့လိုပင် စိတ် လှုပ်ရှားနေ၍ လုပ်မိလုပ်ရာ လုပ်လိုက်ခြင်းလား မသိ။ ကက်ဆက်ခလုတ်ကို လှမ်းနှိပ်လိုက်၏။

တကယ်တော့ ဒေါက်တာသီတာဆွေတ ရေဒီယိုခလုတ်ကို ဖွင့်လိုက်ခြင်းပင်။ မန္တလေး အက်ဖ်အမ်မှ လာနေသော သီချင်းသံထွက်လာသည်။

"ကိုနောင့်ရောဂါ ဒီအခြေအနေအထိ ရောက်လာတာ သီတာ့ပယောဂတောင်းဘူး"

"ဘာဖြစ်လို့လဲ"

"ဒီဇစ်ပိုမီးခြစ်လေးကို သီတာကိုယ်တိုင်ပေးခဲ့ဖူးတာ မဟုတ်လား။ လက်စနဲ့ မီးခြစ်ကို ပြန်သိမ်းထားလိုက်တော့မယ်၊ ဒါမှ ကိုနောင် စိတ်ပြတ်နိုင်မှာ"

ဆေးလိပ်နှင့်အတူ သံယောဇဉ်ကိုပါ ရောထွေးပြီး ပြောလိုက်ခြင်းလေလား။ ဒါမှမဟုတ် သူ့မျက်လုံးများ၏ အကြည့်တွေကို ကြိုတင်တားမြစ်လိုက်တာမျိုးလား မသိ။

နှစ်ယောက် အကြည့်ဆုံဖြစ်ကြ၏။ အသံမဲ့စွာဖြင့် စကားတွေ ပြောနေခိုက်မှာပင် အသံလွှင့်အစီအစဉ်မှ နေပြီး "မင်္ဂလာမောင်မယ်" တေးသွားထွက်ပေါ်လို့လာ၏။

"တောဟိုအရာ အဖြူပါ မြင်သလား မေ ××× ဘော်သာခွာကြူ ပုလဲဖြူ မြင်ရှားပေါ့ သက်ဝေ ××× ဘုရားသွား ကျောင်းတက် စိတ်တူ ကိုယ်တူ ×××"

✿

ကားကို ထွေးမောင် မောင်းသည်။ ဗဟိုလမ်းအတိုင်း မောင်းနှင်လာရင်းက ကြို့ကုန်းရိပ်သာကို ဖြတ်သည်။ အရင်တုန်းက ဒီနေရာမှာ ဗဟိုလမ်း မရှိပေ။ သူတို့ လှေစီးဖူးရာ လွတ်လပ်ရေးကွင်းကြီးမှာလည်း မှတ်မိချင်စရာ မရှိတော့ပေ။ အတိတ်တုန်းမှာ ကန်ကြီးတစ်ကန် ရှိခဲ့ဖူးသည်ဆိုသော အရိပ်လက္ခဏာအဖြစ် ကန်ငယ်လေးကိုသာ တွေ့ရ၏။

"ငါလည်း ဆေးလိပ်ပြတ်သွားပြီ ကိုနောင်၊ ငါက အစိမ်းဖြတ်လိုက်တာ၊ ဖြတ်ခါစကတော့ ခံရတာလို့မ်နေတာပဲ"

ဒေါက်တာ သီတာဆွေနှင့် တွေ့သည့်နေ့ကစ၍ သူ ဆေးလိပ်ဖြတ်လိုက်သည်။ ဇစ်ပိုမီးခြစ်လေးကိုလည်း ဒေါက်တာ သီတာဆွေကပင် ပြန်လည်၍ သိမ်းဆည်းသွား၏။

"လက်ကျန် ကန်လေးထဲမှာ ဗေဒါပင်လေးတွေတော့ ရှိနေသေးတယ်နော်"

"ဒါနဲ့ နေပါဦး၊ ဇစ်ပိုမီးခြစ်လေးကို ပြန်ယူသွားတော့ အဲဒီအထဲမှာ ဓာတ်ပုံပါသွားသေးလား"

ထွေးမောင် အမေးကို သူ ခေါင်းညိတ်ပြလိုက်သည်။

"ဒါနဲ့ မင်း အခုထိ သီတာဆွေနဲ့ ပြနေတုန်းလား၊ ဒီတစ်ခါဆုံရင် ဓာတ်ပုံကိစ္စ မေးကြည့်ပါလား၊ ဒါမှမဟုတ် ငါမပြန်ခင် လိုက်ခဲ့ပေးပြီး ဓာတ်ပုံကိစ္စကို မေးပေးမယ်လေ"

"တစ်လလောက် အထိတော့ သူနဲ့ သုံးခါလောက် ပြဖြစ်တယ်၊ အခု သူမရှိတော့ဘူး၊ နိုင်ငံခြား ပြန်ထွက်သွားပြီ ထွေးမောင်"

အခုဆိုရင် သူလည်း ဆေးလိပ်လုံးဝပြတ်သွားပြီ။ လူလည်း အရင်လောက် မခန့်ချာတော့ပေ၊ ဇစ်ပိုမီးခြစ်လေး ပြန်သိမ်းသွားပြီး သူ့ရောဂါကို သက်သာအောင် ကုသပေးခဲ့သော ဒေါက်တာသီတာဆွေအား ကျေးဇူးတင်ဖြစ်၏။

တစ်ခါနက ဗေဒါပွင့်ပြာပြာလေးကို ခူးပြီး ကိုယ်တိုင်ပန်းခဲ့သည်ကို အမှတ်ရလိုက်၏။

ဗေဒါတို့သည် အုပ်သင်းဖွဲ့ပြီး ကန်လေးထဲမှာ မင်းမူနေကြဆဲပင်။

မောင်ညီအေး(ပန်းတေး)

❑

www.burmeseclassic.com

www.burmeseclassic.com

ဆုတ်ကိုက်

ရန်လုံဆိုသည်မှာ ကျွန်တော်တို့ မိသားစုအတွက် အရေးပါ အရာရောက်ခဲ့သော အိမ်မွေး ခွေးတစ်ကောင်၏ နာမည်ဖြစ်ပါတယ်။

မြန်မာခွေးမျိုးတွေထဲမှာ ထွန်းခွေးလို့ ပြောရလောက်မည့် ခွေးဖြစ်ပြီး ဒေါင်ကောင်း။ အလှားရှည်ကာ အမွေးက အုန်းခွံရောင် ရှိ၏။

ရန်လုံကြီးအား ခွေးပေါက်စ လေးဘဝမှာ ကျွန်တော့်အဖေ၏ တပည့် တစ်ဦးထံမှ တောင်းယူမွေးခဲ့တာ ဖြစ်၏။

ကျွန်တော့်မိဘများသည် အထက်မင်းလှမြို့ မလွန်စက်ရုံမှ ဝန်ထမ်းများ ဖြစ်ပြီး စက်ရုံ အိမ်ထောင်သည်လိုင်းခန်းများတွင် နေထိုင်ကြရ၏။ ကျွန်တော်တို့ မလွန်စက်ရုံနယ်မြေသည် ၁၉၆၂ ခုနှစ်ဆီများက တောတောင်ထူထပ်ပြီး တောကောင်သားရဲများ နေထိုင်ကျက်စားကြ၏။

တစ်ခါတစ်ရံ စက်ရုံ အနောက်ဘက်ဆီမှ ကျားဟိန်းသံများပင် ကြားရတတ်၏။ အများအားဖြင့်တော့ ကျားသစ်နှင့် တောကြီးမြွေဟောက်များ အလွန်ပေါများ၏။

အိမ်ထောင်သည် စက်ခွဲလိုင်းခန်းများထဲတွင်မွေးမြူထားသော ကြက်၊

www.burmeseclassic.com

www.burmeseclassic.com

ဘဲ၊ ဆိတ်များနှင့် ဝက်ပေါက်စလေးများအား ကျားသစ်၊ တောကြောင် (ကြောင်ဝက်)၊ တောကြီးမြွေဟောက်များက ညအချိန်ဝင်ရောက် ဖမ်းဆီးစားသောက်ခြင်းများကို အမြဲလိုလိုခံကြရလေ၏။ ဒီအဖြစ်ကို ကာကွယ်ရန် အလို့ငှာ စက်ရုံအိမ်ထောင်သည်လိုင်းရှိ အိမ်တိုင်းတွင် ခွေးများ မွေးမြူထားရှိကြ၏။

လိုင်းခန်းထဲရှိ ခွေးများအားလုံးထဲမှာတော့ ကျွန်တော်တို့အိမ်က ရန်လုံကြီး အသံက အအောင်ဆုံး။ အကောင်ကလည်း အကြီးဆုံးဖြစ်ပြီး ဘယ်ခွေးမှ မယှဉ်နိုင်ကြ။

ဆွေးတိုးစမ်း လာရောက်ယှဉ်ပြိုင်သော ခွေးများအား အရှောင်အတိမ်း အတိုက်အခိုက်ကောင်းသော သိုင်းသမားများကဲ့သို့ ပညာပေးလေ့ရှိ၏။

ကျွန်တော့်အဖေအား ဒီကောင်ကြီးက ပိုပြီးချစ်ခင်တယ်လို့ ထင်၏။ ကျွန်တော်တို့ စက်ရုံမှာ ထွန်စက်ထုတ်လုပ်သော စက်ရုံဖြစ်တာမို့ အလုပ်ရုံတစ်ရုံစီမှ ရုံးတာဝန်ခံများအား ထွန်စက်တစ်စီးစီ ပေးထားပြီး အလုပ်တက်အလုပ်ဆင်းခွင့်ပေး၏။

ကျွန်တော့်အဖေသည် ရုံးတာဝန်ခံ တစ်ယောက်ဖြစ်တာမို့ ထွန်စက်တစ်စီးရ၏။ စက်ရုံ၏ များစွာသော ထွန်စက်သံအများကြီးမှာ ကျွန်တော့်အဖေရဲ့ ထွန်စက်သံကြီးကို အဝေးက နေပြီးတောင် ရန်လုံကြီးက မှတ်မိ၏။ တခြားထွန်စက်သံတွေကိုတော့ ခေါင်းငဲ့ ထောင်မကြည့်။ အဖေ့ ထွန်စက်သံ အဝေးတ ကြားပြီဆိုတာနဲ့ ရောက်တဲ့နေရာတ အဖေ့ကို ပြေးကြိုတော့တာ ရှင်။

တစ်ခါက အဖြစ်အပျက်တစ်ခု။

ကျွန်တော့် အဖေရဲ့ တပည့်ကျော် တစ်ဦးအား မိန်းမတောင်းပေးရန်ကိစ္စပေါ်လာသဖြင့် မလွန်နှင့် မိုင် (၅၀)ခန့် ဝေးသော မင်းဘူးမြို့နယ် ရေတော်ကြီးရွာသို့ သွားရ၏။

ထွန်စက် ထွေလာဖြင့် သွားရမှာမို့ ကျွန်တော်တို့ ညီအစ်ကို မောင်နှမများအားလုံး ရေတော်ကြီးတေ့ရွာသို့ ရောက်ဖူးတယ်ရှိအောင် လိုက်သွားကြ၏။ အိမ်မှာ ရှိသမျှလူတွေအတူန် ခရီးသွားကြမှာမို့ ရန်လုံကြီးအား အေးအိမ်နီးချင်းများနဲ့ အပ်ခဲ့ဖို့ လုံ့ပရတော့၏။

ဒီကောင်ကြီးက လိုက်မယ်တကဲကဲ လုပ်နေတာကြောင့် ကြိုးချည်ထားပြီး ကျွန်တော်တို့ ထွန်စက်ထွက်တဲ့ အချိန်ရဲ့ နောက်(၁၅)မိနစ်လောက်ကြာမှ ပြန်လွှတ်ပေးရန် အိမ်နီးချင်းများအား မှာခဲ့ရပါတော့တယ်။

ယခုခေတ်လို အနေထားမျိုးနဲ့ မိုင်(၅၀)ခရီးဟာ မပြောပလောက်ပေမယ့် ၁၉၆၂ ခုနှစ်လောက်များဆီကတော့ လမ်းပန်းဆက်သွယ်ရေး ညံ့သမှ သိပ်ညံ့။ အိမ်ကစထွက်ခါစ စက်ရုံနယ်မြေကအထွက် ဘက်စုံဟူသော စိုက်ပျိုးရေး လမ်းဆုံကို ကျော်သောအခါ ခရီးက ကြမ်းလာ၏။ မြေပြန့်ခရီးက နည်းပြီး အတက်အဆင်းလမ်းက များလာ၏။

ကျွန်တော့်ဖခင် မောင်းနှင်ပြီး ကျွန်တော်တို့ကို သယ်ဆောင်လာသော ထွန်စက်သည် ကုန်းကြီးကျေးရွာ အဝင်က အကျယ်ပေ (၂၀၀)ခန့် ရှိသော တောင်ကျခြောင်းကို ဖြတ်ကြရ၏။

အချိန်ကာလက မိုးနှောင်းဆောင်းကူးမို့ မိုးဝသန့်နှတ်ရှင်က လက်ကျန်မိုးများ သွန်ချကာ ဆောင်းနှင်းတို့အား တစ်စစနေရာပေးနေသော အချိန်ဖြစ်တာမို့ ကုန်းကြီးတောကျခြောင်းက ညဉ်းပို့ခ်ိန်းက ရွာခဲ့သော မိုးရဲ့ ပယောဂကြောင့် ရေစီးကသန်နေဆဲ။ ကျွန်တော့်အဖေ ထွန်စက်ကြီးကို ခရာရပ်ပြီး ရေအခြေနေကို ကြည့်၏။

ပြီးတော့ (၅၀)ပါဝါအား ရှိသော ဇွဲထွန်စက် (ယခင် ချက်နိုင်ငံမှ ပစ္စည်းများနှင့် တစ်ဆင့်ထားသော) အား ယုံကြည်မှုအပြည့်ဖြင့် ခြောင်းရေစီးအား ထိုးခွဲကာ ခရီးဆက်ဖို့ အခိုင်အမာဆုံးဖြတ်ချက်ချပြီး ထွန်စက်ထွေလာ အောက်ခရာဆင်းပြီး အညောင်းအညာ ဖြေနေကြသည့် ကျွန်တော်တို့အား-

"က- အားလုံး ထွန်စက်ပေါ်တက် ခရီးဆက်မယ်" ဟု ခေါ်သြဇာလေတော့၏။

ကျွန်တော့် အဖေသည် စက်ယန္တရားများကို ကိုင်တွယ်မောင်းနှင်ရာမှာ အထူးကျွမ်းကျင်၏။ သူသွားမည့် လမ်းတွေအကြောင်းကိုလည်း ကောင်းကောင်းသိ၏။

ယခု ဖြတ်ကူးမည့်ခြောင်းမှာ သဲတစ်ဝက် ကျောက်စရစ်တစ်ဝက်ရောကာ အောက်ခံမြေသားပျော့သော ခြောင်းဖြစ်တာမို့ ခြောင်းထဲ စဆင်းကတည်းက ထွန်စက်အား နံပါတ်ဝမ်း ဂီယာနဲ့ ဖြည်းဖြည်းချင်း ဆင်း၏။ ဂီယာမချိန်းတော့ဘဲ တောက်လျှောက် ဖြတ်ကူးခဲ့ရာ ခြောင်းအလယ် ပေ(၁၀၀) ခန့်အရောက်မှာ ထွန်စက်က မရွန်းတော့။

ခြောင်းရေကလည်း ထွန်စက်၏ နောက်ဘီးကြီးတစ်ဝက်ကိုဝင် မြှုပ်နေသောကြောင့် ထွန်စက်ရှေ့ဘီးများတို့ တော့မပြောနဲ့တော့ ရေငုပ်နေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com

အနောက်က ကျွန်တော်တို့ လိုက်ပါလာသော ထွေလာအဖွဲ့၏ ဘေးဘောင်တန်းကိုတော်ောင် တောင်ကျ ချောင်းရေက ဦးထိုးဝင်လာနေ၏။

ကျွန်တော့်အဖေနှင့် ညီမ၊ ညီတွေလည်း ကြောက်ကြောက်နဲ့ အော်ကြ ဟစ်ကြနဲ့ပေါ့။

အဖေ့ကို ကြည့်တော့ မတုန်မလှုပ်။ မျက်နှာက တည်တံ့နေ၏။ အနောက်သို့ အဖေက လှည့်ပြီး -

"ဘာမှမစိုးရိမ်ကြနဲ့၊ မကြောက်ကြနဲ့" ဟုဆိုကာ ထွန်စက်လီဗာကို ခပ်ပြင်းပြင်းနင်းကာကစား ကလပ်နင်းပြီး နံပါတ်(၁)ဂီယာအား ဖြုတ်လိုက်၏။ ဝှက်ဖဲ၊ အဖေရဲ့ ကုန်းကြီးချောင်းကို စတင်ဖြတ်ကူးလာကတည်းက ဝှက်ဖဲတစ်ခု အဖေ ထုတီသုံးလိုက်၏။

အဲဒါကတော့ ထွန်စက်ထွေရဲ့ နောက်ဆုံးဂီယာ စပါယ်ရှယ် ဂီယာကို တင်းတင်းနဲ့ထိုးပြီးတော့ ချောင်းရေပြင်အား ခနဲ့တဲ့တဲ့ ပြုံးကြည့်ကာ ရှုန်းလေတော့၏။

ဘယ်လောက်မြင့်တဲ့ တောင်ကုန်း၊ ဘယ်လောက်ထူသော ရေပြင်ပဲဖြစ် စပါယ်ရှယ်ဂီယာအား အလျှော့ပေးရတာပဲ ဖြစ်၏။ ဒီလိုနဲ့ ချောမောစွာ ချောင်းတစ်ဖက်သို့ ရောက်ခဲ့ကြ၏။ အဖေက လိုအပ်တာထက်ပိုပြီး အားကုန်ရုန်းခဲ့ရသော ထွန်စက်အား ခဏအနားပေးလိုတာမို့ စက်ရပ်ကာ အနားပေးနေ၏။ ထိုအချိန် -

"ဟိုမှာ ဟိုမှာ ရန်လုံကြီးရယ်၊ အဖေ ရဲနဲ့လုံကြီး လိုက်လာတယ်"

ဟု တဒဲ့တဲ့ အော်ဟစ်ကာ ပြောသည့် ကျွန်တော့်ညီ အငယ်ဆုံး မောင်နိုင်၏ အသံကြောင့် ကျွန်တော် အားလုံး ညီငယ် လက်ညှိုးထိုးပြနေသည့် ချောင်းဟို တစ်ဖက်ကို လှမ်းကြည့်လိုက်ကြ၏။ ဟုတ်ပါရဲ့ ရန်လုံကြီးပါလား။

အဖေက -

"ဟာ ဒီကောင်ကွာ ဒီအထိ မရမက လိုက်လာသေးတယ် ဒုက္ခပါပဲ"

အဖေ ပြောနေစဉ်မှာပင် ကျွန်တော့် ညီအငယ်ဆုံးလေးက -

"အို့ အို့ အို့ အို့ ရန်လုံ ရန်လုံ အို့ အို့"

အန္တရာယ်။ တကယ့်အန္တရာယ်။ ကျွန်တော့်ညီရဲ့ ရန်လုံအား ခေါ်လိုက်ခြင်းသည် ရန်လုံအား သေမင်းစက်ကွင်းထဲသို့ တွန်းပို့သလို ဖြစ်သွား၏။

ကြည့်ပါဦး။ ညီငယ်လေး၏ ခေါ်သံဆုံးတာနဲ့ တစ်ပြိုင်နက်တည်း ဝါးလုံးထိုး စီးဆင်းနေသော တောင်ကျ ချောင်းအား အန္တရာယ်မမြင်ဘဲ ရန်လုံကြီး အူယားဖားယား ကူးခပ်လာနေ၏။

အစပထမတော့ ရန်လုံကြီး ကောင်းကောင်း ကူးခပ်နိုင်ပေမယ့် ချောင်းအလယ် ရေစီးသန်သောနေရာ ရောက်တော့ ရေစီးအားကို ရန်လုံကြီး မတွန်းလှန်နိုင်တော့ဘဲ မျောပါသွားတော့၏။

ကျွန်တော်တို့ မိသားစုအားလုံး ရေစီးနှင့် မျောပါသွားသည့် ရန်လုံအား ငိုသံပါများနှင့် အော်ဟစ် ခေါ်ကြရင်း ချောင်းကမ်းပါးအတိုင်း ပြေးလိုက်ကြ၏။ ခြေထောက်တွေ ဆူးခြစ်သည့် ဒဏ်၊ ဆူးစူးသည့်ဒဏ်များအား ဂရု မထားဘဲ ပြေးလိုက်ကြ၏။ ကိုက် (၅၀၀) လောက် ပြေးလိုက်သွားပြီးတဲ့အခါ တော်တော်မောနေကြပြီ။ ချောင်းကတော့ ကမ်းပါးအမြင့် မရှိတော့ဘဲ ချောင်းပြန့်ဖြစ်သွား၏။

ရန်လုံကြီးခမျာလည်း ခြေကုန်လက်ပန်းကျနေပြီ ထင်ပါတယ်။ ပဲ့ပဲ့လေးကူးလိုက် ရေစီးနှင့် မျောပါသွားလိုက်နဲ့ ဖြစ်နေ၏။ ကြာတော့ ရန်လုံကြီး ရေမွန်းပြီး အားကုန်သလားမသိ သိပ်မလှုပ်တော့။ ငိုကြလေပြီ။ ရန်လုံကြီးရဲ့ အချစ်တော် ကျွန်တော်တို့ အားလုံး ဝမ်းနည်းစွာ မျက်ရည်တွေ ဝဲနေ၏။ ညီအငယ်ဆုံးက ကလေးဆိုတော့ အော်ဟစ်ပြီး ငိုနေ၏။

ထိုစဉ် -

"ဩး.. ဩး.. ဩး"

လက်ခေါက်မှုတ်သံ။ အားအင်အပြည့်ပါပြီး ပြင်းထန်စူးရှသော လက်ခေါက် မှုတ်သံ။ လက်ခေါက် မှုတ်သံပိုင်ရှင်က ကျွန်တော်တို့ရဲ့ အဖေ။

ဒီအချိန်မှာ အံ့ဩစရာကောင်းသော အဖြစ်အပျက် ရုတ်ခြည်း ဖြစ်ပေါ်လာ၏။

စောစောက ရေစီးသန်သော ချောင်းထဲမှာ ခြေကုန်လက်ပန်းကျပြီး ရေစီးအရှိန်နဲ့ မျောပါနေသော ရန်လုံကြီးက အဖေရဲ့ လက်ခေါက်မှုတ်သံလည်း ကြားရော မည်သည့်နေရာက အားအင်များ ဝင်ရောက်လာသည်မသိ ဦးခေါင်းမော့ကာ ရေစီးကြောင်းအား တပွမ်းပွမ်းနှင့် ထိုးခွဲကူးခပ်ပြီး ကမ်းစပ်ကို ကူးခပ်လာတာဟာ ရေစီးနောက်ကို ပင် သိပ်မပါ။

"ဟေး တို့ရန်လုံကြီးကွ၊ တို့ရန်လုံကြီး" ဟု သံပြိုင်အော်ဟစ်ကာ အားပေးကြ၏။

ရန်လုံကြီးကတော့ အဖေ့အနားကပ်ကာ ခြေထောက်အစုံကို နမ်းရှုပ်တော့ အဖေက ရန်လုံကြီးကို ပွေ့ချီပြီး-

"တော်တော် ဒုက္ခခံတဲ့ကောင်၊ လိုက်ဖြစ်အောင် လိုက်လာသေးဟယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ကရုဏာဒေါသောနှင့် ပြောကာ ရန်လုံကြီးအား ပွေ့ချီလျက်သား ကွန်စက်ဆီသို့ ပြန်ခဲ့ပြီး အဖေ့ တပည့်အား မိန်းမတောင်းပေးရမည့် ရေဘော်ကြီး ရွာသို့ ခရီးဆက်ကြလေတော့တ်။

ရေဘော်ရွာသို့ ရောက်တော့ အခက်တစ်ခု ကြုံရပြန်တ်။ ရေဘော်ကြီးရွာမှ ရွာခံအိမ်မွေးခွေးများသည် ရန်လုံအား မာန်စောင် ရန်ထောင်နေကြသောကြောင့် ထွန်စက်ပေါ်မှာပဲ ထားကာ ရန်လုံကြီး အောက်မဆင်း စေရန် ညီဖြစ်သူ နို့ညှာကောင် မောင်ဌေး အထိန်းခိုင်းရတ်။

ရန်လုံကြီးက သူ့ရပ် သူ့ရွာမှာ ဒိုရိုလုပ်ခဲ့တဲ့ စိတ်ကလေးနဲ့ တစ်ပွဲတစ်လမ်း အကဲစမ်းချင်နေပုံရတ်။ မဖြစ်ပေဘူး။ ရွာခံခွေးတွေက ဝိုင်းသမကြမှာ။ ကိုယ့်ခွေး အနာမခံနိုင်တာကြောင့် ရွာထဲ လည်ပတ်ဖို့အတွက် ဒုက္ခခံပြီး အလှည့်ကျ ဓဝင်ကြည့်ရတော့တ်။

ရေဘော်ရွာခံများက ကျွန်တော်တို့အား ရွာဦးဘုန်းကြီးကျောင်းတွင် ညအိပ်စက်ရန် စီစဉ်ထားတ်။

ရှေးကျောင်းကြီးဖြစ်ပြီး ကျောင်းဝင်း တစ်ခုလုံးသည် စားပင်များနှင့် ပြည့်နေတ်။

ကျွန်တော်တို့အား ကျောင်းအပေါ်ထပ်တွင် နေရာချထားသောကြောင့် ရန်လုံကြီးအတွက် အခက်တွေ့ပြန်ရတ်။

ဘုန်းကြီးကျောင်းက ခွေးများကလည်း တဂဲဂဲ မာန်စောင်နေကြသောကြောင့် အဖေက ကျောင်းထိုင်ကြီးအား အကျိုးအကြောင်း (ရန်လုံကြီး ကျွန်တော်တို့နောက် လိုက်လာပုံ) လျှောက်ထား တောင်းပန်ရတ်။

ရန်လုံကြီးအား ဘုန်းကြီးကျောင်း လေ့ကားခြေရင်းမှာပင် ကြီးတစ်ချောင်း ရှာကာ ချည်ထားပြီး (ရန်လုံမှာ လည်ပတ်ပါသည်) ခရီးပန်းပန်းနှင့် အိပ်လိုက်ကြတော့တ်။

●

"ဝေါင်း ဝေါင်း ဂီး ဂဲ ဝုတ် ဝုတ်"

ခရီးပန်းပန်းနှင့် အိပ်ပျော်နေစဉ် ခွေးများဆူညံစွာ အော်ဟစ်တိုက်ခိုက်နေသော အသံများကြောင့် ကျွန်တော်တို့ တစ်မိသားစုလုံး ရုန့်လုံကြီး အတွက် စိတ်ပူပြီး အသင့်ပါလာသော ဓာတ်မီးများနှင့် ထိုးကြည့်တော့ စိတ်ပူထားတဲ့အတိုင်း ရန်လုံကြီး ဘယ်အခွိန်က ကြိုးချည်ထားရာမှ လွတ်သွားသည်မသိ ဘုန်းကြီးကျောင်းမှာ ခွေးထားသော ခွေး(၃)ကောင်နှင့် ရန်ပွဲဆင်နေကြသည်ကို တွေ့ရတ်။

ကျွန်တော်တို့ ကျောင်းရဲ့ အောက်ကို ဆင်းကာ ရန်လုံအား ပြန်ခေါ်လိုက်တ်။ လိမ္မာသော ရန်လုံသည် ကျွန်တော်တို့အသံ ကြားသမို့ လှည့်ကြည့်ပြီး ပြေးလာမည်လုပ်တိုင်း ခွေး သုံးကောင်က အလစ်ဝင်ကိုက်လိုက် ရန်လုံကြီးက ပြန်ပြီးကိုက်လိုက်နဲ့ ခွေးရန်ပွဲ သဲသဲရာလည်နေတ်။

ဒေါသကြီးတတ်သော၊ အဲသားအနာခံရလျှင် အသေအလဲ ပြန်ကိုက်တတ်သော ရန်လုံကြီး အထွတ်အထိပ် ဆုံးသို့ ဒေါသရောက်သွားလေပြီ။ လုံးဝတားမရတော့။ ဟိုခွေး သုံးကောင်လည်း အထိနာ၊ ရန်လုံကြီးလည်း အထိနာပေါ့။

တဖြည်းဖြည်းနဲ့ ခွေးရန်ပွဲဆင်တာ ကြာမြင့်လာတော့ ရွာခံခွေးများ စစ်ကူရောက်လာကာ တစ်ရွာသားခွေး ရန်လုံကြီးအား အမဲဖျက်ကြတော့တ်။

ကျွန်တော့်ညီတွေဆို ရွာခွေးများကို တောင် မတြောတ်တော့ဘဲ ဒုတ်များနှင့် လိုက်ရိုက်သောကြောင့် အဖေ ဝင်တားရတ်။

အိမ်များနှင့် တစ်တောင်ကြားရန်လုံကြီးခမျာ ကြာလာတော့ ထေသံပါအောင် အော်ပြီး ခြေဦးတည့်ရာ ပြေးလေတော့တ်။ ကျွန်တော့်ညီ အငယ်ဆုံးလေးက ရန်လုံအား လိုက်ခေါ်လေမယ့် မရတော့။

အဖေ့အား လက်ခေါက်ဒူတ် ခေါ်ခိုင်းပြန်တော့ ဘုန်းကြီးကျောင်းထဲမှာ မလုပ်ရဘူးဟု စိတ်မကောင်းသဖြင့် ပြောကာ ကျွန်တော် ညီအငယ်ဆုံးလေးရဲ့ ပခုံးဖက်ကာ

"ရန်လုံကြီး မနက်ကျ ပြန်လာပါလိမ့်မယ်၊ အိပ်ကြတော့" ဟု နှစ်သိမ့်ကာ ပြန်အိပ်ခိုင်းတ်။

မနက်မိုးလင်းတော့ အဖေ့တပည့် မိန်းမတောင်းရာအိမ်သို့ ကျွန်တော်တို့ မလိုက်နိုင်ကြ။ ရွာထဲမှာ ရန်လုံကြီးအား ရှာပုံတော်ဖွင့်ကြတ်။ ဟိုမေး ဒီမေးနဲ့ သတင်းအစအနမရ။ ချောင်းရေထဲ မပါဘဲနဲ့ ဒီရွာရောက်မှ ပျောက်ရတယ်ဆိုပြီး ညီအငယ်ဆုံးလေးက ရွာခံခွေးများကို ကျိန်စာတိုက်နေတ်။

"ခွေးစုတ် ခွေးပျက် အလေအလွင့်ခွေးတွေ၊ ငါ့ရန်လုံကြီးကို ဝိုင်းကိုက်တယ်၊ သူတောင်းစားခွေးတွေ ဟီး ဟီး ဟီး"

ငိုလည်း ငိုလို့။

●

အဖေ့တပည့်ရဲ့ မိန်းမတောင်းကိစ္စ ပြီးပြီးချင်း ရေဘော်ကြီးရွာမှ ပြန်ခဲ့ကြတ်။ လမ်းခရီးမှာ ရန်လုံအား တွေ့လိုတွေ့ငြား လိုက်ရှာကြသေးတ်။

www.burmeseclassic.com

www.burmeseclassic.com

ညီအငယ်ဆုံးလေးခမျာ လမ်းတစ်လျှောက်လုံး "ရန်လုံ ရန်လုံ" ဆိုပြီး ငိုသံပါကြီးနဲ့ အော်ဟစ် ခေါ်နေတော့တာ။

ကုန်းကြီးရွာကိုကျော်ပြီး ကုန်းကြီးချောင်းကို ဖြတ်တော့ ရန်လုံကြီး အသက်လွှဲခဲ့သော ချောင်းဟု တွေးမိတာ။

ကျွန်တော်တို့ မိသားစု၏ အိမ်အပြန်ခရီးသည် ထွန်စက်ထွေလာသံမှ တစ်ပါး တိတ်ဆိတ်နေတာ။ ဘယ်သူမှ စကားမပြော။ ရန်လုံကြီးအတွက် စိတ်မကောင်းသော စိတ်က ဖိစီးနေရလေတာ။

ဒီလိုနဲ့ ည ၈ နာရီအချိန်လောက် အိမ်ပြန်ရောက်သောအချိန် အိမ်ရှေ့မှာ ထွန်စက်ရပ်တော့ အီ အီ အီအီ အူအူနဲ့ ကျွန်တော်တို့ကို ကြိုနေသော ရန်လုံအား ကြိုးတန်းလန်းနှင့် အိမ်ကပြင်မှာ တွေ့လိုက်တော့ ကျွန်တော်တို့ ထွန်စက်ပေါ်မှ အူယားဖားယားပြေးဆင်းကာ ရန်လုံကြီးအား ပြေးဖက်တော့တာ။

"မနေ့က တစ်နေကုန် ဒီကောင်ကြီးပျောက်နေတာ ညတုန်းက အော်ခေါ်ပြီး ထမင်းခေါ်ကျွေးတော့ လာမစားဘူး၊ ကျွန်မ မနက်အစော အရှက်ဆွမ်းလောင်းဖို့ ဆွမ်းချက်နေတုန်း အိမ်ပြင်က တအီအီလုပ်နေလို့ တံခါးဖွင့်ကြည့်တော့ ဒဏ်ရာတွေ ပွစိတက်အောင်ရထားတဲ့ ရန်လုံကြီးကို တွေ့ရတယ်၊ ကျွန်မက နင် တစ်နေကုန် တစ်ညလုံး ဘယ်ပျောက်နေတာလဲဆိုပြီး ထမင်းကျွေးလိုက်တယ်၊ ပြီးတော့ အစ်မတို့အိမ်ရှေ့ကပြင်မှာ ကြိုးနဲ့ ချည်ထားလိုက်တာ"

ကျွန်တော်တို့ ရေဘေးကြီးရွာကို မသွားခင် ရန်လုံကြီးအား အပ်နှံထားခဲ့သော အိမ်မှ အနှံတိုဇေါ် မေချစ်က ကျွန်တော်တို့ အမေကို ဆီးပြောပါတယ်။

အဖေတို့အမေတို့က ရန်လုံကြီး အကြောင်း ပြန်ပြောပြတော့ အနှံတိုဇေါ် မေချစ်တစ်ယောက် ရင်ဘတ်လေး ဖိပြီး ပြောရှာပါတယ်။

"အာဂ ရန်လုံ၊ တကယ့် ရန်လုံ" တဲ့။

●

တစ်လလောက်ကြာတော့ ရန်လုံကြီး အနာများ ပျောက်ကင်းကာ ထူထူထောင်ထောင် ဖြစ်နေလေပြီ။

ခွေးတို့ရဲ့ ချစ်တင်းနှောသည့် ရာသီကလည်း ဆိုက်ရောက်နေတာမို့ ဒီကောင်ကြီး အို့မ်ကို သိပ်မကပ်။ တစ်ခါတစ်ရံ ခွေးမတွေ အိမ်ကို ပါလာတတ်ပြီး သူက ပြန်ပြီးလိုက်သွားသော နေ့တွေလည်း ရှိ၏။

တစ်ည။ အိမ်နောက်ဖေး ဝက်ခြံဆီမှ ဝက်သိုးကြီးနှင့် သားပေါက်များ ရှိနေသော ဝက်မကြီး အန္တရာယ်တစ်ခုခုတွေ့သည်အလား ဂနာမငြိမ် အော်ဟစ်နှာမှုတ်ကာနေသောကြောင့် ကျွန်တော်နှင့် အဖေ လှံတစ်ချောင်းစီ ယူကာ အိမ်နောက်ဖေးပေါက်မှ အသာထွက်၏။

အဖေက ကျွန်တော့် အား အသာလေး နောက်ကလိုက်ရန် လက်ဟန် ခြေဟန်ပြတဲ့ အတွက် လှံကို အသင့်ကိုင်ပြီး အဖေနောက်က လိုက်ပါတယ်။ အဖေကလည်း လှံကို အသင့်အနေအထား ကိုင်ထားပါတယ်။

(ဒီနေရာမှာ တစ်ခုပြောချင်ပါတယ်၊ ကျွန်တော့်အဖေရဲ့ အကြောင်းပါ။ အဖေဟာ မြန်မာ့ရိုးရာသိုင်းပညာရပ်များဖြစ်သော ဗန်တို၊ ဗန်ရှည်၊ သုဝဏ္ဏသိုင်း၊ သိုင်းပြောင်းပြန်ပညာရပ်တွေကို ဆရာအဖြစ်ထိ တတ်မြောက်ထားသူ ဖြစ်ပါတယ်၊ ကျွန်တော်တို့ မောင်နှမတွေကိုလည်း စနစ်တကျ သင်ပေးခဲ့ပါတယ်၊ အဖေ သင်ပေးသမျှ ပါရမီထူးကဲသော ကျွန်တော့်ညီအငယ်ဆုံး မောင်နိုင်က အဖေ့ခြေရာကို နင်းနိုင်ခဲ့ပါတယ်။)

ဝက်ခြံနားအရောက် အဖေရဲ့ "သတိထား သားကြီး" ဟူသော အသံနှင့်အတူ ရိပ်ခနဲ အရိပ်တစ်ခုက ခုန်အုပ်လိုက်ခြင်းကို ညာတိမ်းကာ လှံဖျားနှင့် ရိုက်ချခြင်းကို မြင်လိုက်ရ၏။

အရိပ်ရှင်က နောက်တစ်ခါ အဖေ့ကိုသာ ခုန်အုပ်ပြန်၏။ ထိုစဉ် ကျွန်တော့် အဖေနှင့် အရိပ်ရှင်ကြား ထဲသို့ "ဝေါင်း" ဆိုသော အသံနှင့်အတူ အရိပ်တစ်ခုက ကြားဖြတ်ခံကာ ပထမ အရိပ်ရှင်နှင့် လုံးထွေး တိုက်ခိုက်နေကြ၏။

ပထမ အရိပ်ရှင် သတ္တဝါကို တော့ ဘာကောင်မှန်း အတိအကျမသိပေမဲ့ ဒုတိယအရိပ်ရှင်ကတော့ ဘယ်သူရှိမှာလဲ၊ အဖေ့အချစ်တော် ကျွန်တော်တို့ မိသားစုတစ်ခုလုံးရဲ့ အချစ်တော် ရန်လုံကြီးပဲ ဖြစ်၏။

ရန်လုံကြီးနဲ့ တိုက်ခိုက်နေသော သတ္တဝါအား တဖြည်းဖြည်းနဲ့ ရှုပ်လုံးဖော် သေချာကြည့်လိုက်။ လား လား ကျားသစ်ပျ ကျားသစ်။ အိမ်မှာရှိတဲ့ ဝက်ခြံထဲက ဝက်ပေါက်တွေကို အလစ်ချောင်းဖမ်းပြီး စားသောက်ဖို့လာသော ကျားသစ်။ ကျွန်တော်နဲ့ အဖေ ထွက်လာတော့ တိုက်ကွက်ပြောင်းပြီး အဖေ့ကို ရန်ရှာတာ ဖြစ်၏။

ကျားသစ်နှင့် ရန်လုံကြီး ဝှေးရှုပြင်းထန်စွာ မာန်ဖိတိုက်ခိုက်သံကြောင့် အိမ်မှ မိသားစုများနှင့် အိမ်နီးချင်းများ

www.burmeseclassic.com

www.burmeseclassic.com

တုတ်ဆွဲ ဓားဆွဲနှင့် ရောက်လာကြ၏။ သို့သော် လူတွေ ဝင်မပါလိုက်ရဘဲ ကျားသစ်နှင့် ရန်လုံရဲ့ တိုက်ခိုက်မှုက ခဏလေးနှင့် ပြီးသွား၏။

ကျားသစ်ထံမှ အသက်ထွက်နှာမှုတ်သံ ကြားနေရပြီ။ အကြောဆန့်ငင် ဆန့်ငင် ဖြစ်နေလေပြီ။

ကျွန်တော်တို့ ရန်လုံကြီးက တော့ ယိုင်တိယိုင်တိုင်နှင့် အဖေ့ဆီသို့အရောက်သွားပြီး အဖေ့ရဲ့ ခြေရင်း အရောက် ဘိုင်းခနဲ လဲကျသွား၏။ လဲကျသွားသော ရန်လုံအား သေချာကြည့်လိုက်တော့ ဝိုက်ပေါက်ကာ အူပွင့်ထွက်နေပြီ ဖြစ်၏။

သခင်ကိုရန်မူသော ကျားသစ်အား လုံးထွေးတိုက်ခိုက်ပြီး ကျားသစ်၏ လည်မျိုကို ခလွတ်တင်း ခဲထားပုံရ၏။

လည်မျိုအခဲခံရသော ကျားသစ် ကလည်း လုံးရင်း ထွေးရင်း ခြေသည်း လက်သည်းများနှင့် ခြွန်လည်တုတ်ခဲ့ခုခံသောကြောင့် ဗိုက်ပွင့်နေပေမဲ့လည်း သခင်ဖြစ်သူအတွက် အသက်စွန့်တာ တိုက်ပွဲဝင်ခဲ့သော သွေးသံတရဲရဲဖြစ်နေသည့် ရန်လုံကြီး၏ အသက်မဲ့ ခန္ဓာကိုယ်အား တင်းတင်းလွှဲဖက်ပြီး -

"မင်း ငါ့အတွက် အသက်ပေးသွားတယ် ရန်လုံ၊ မင်းဟာ အဟိတ်တိရစ္ဆာန်ဖြစ်ပေမယ့် ကျေးဇူးတရား မင်းကို သံယောဇဉ်ထားစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတရားကို အသက်နဲ့ရင်းဆပ်သွားခဲ့တယ်။

မင်းဟာ ငါ့ရဲ့ အသက်သခင် ကျေးဇူးရှင်ဖြစ်သွားပြီ ရန်လုံ၊ မင်းဟာ ငါ့ရဲ့အသက်သခင် ဖြစ်သွားပြီ"

(စာကြွင်း - တွန်တော့်အဖေသည် ဘဲဥငှေ့ခန္ဓာမှာ တိုင်ပြည်တာဝန်ထမ်းဆောင်ရင်း သေဆုံးခဲ့ပါတယ်။

ယခုအခိုက်ထိ အလှူခံနေပြုလုပ်တိုင်း အဖေအတွက် သာဓုခေါ်ဆို အမျှဝေခဲ့သလို ခွေးကြီး ရန်လုံတို့လည်း အမျှဝေလျက်ရှိနေဆဲ ဖြစ်ပါတယ်။)

ဘဒင်(မလွန်မြေဖွား)

❑

ဆရာဦးပိုင်ဇေအောင် (ဝိဇ္ဇာဘွဲ့)

လက္ခဏာဗေဒင်ဟောခန်း

တိုက် (၄၀)၊ အခန်း (B-1)၊ မြေညီထပ်၊ မဟာပြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း (၄၁) ရပ်ကွက်၊ မြောက်ဒဂုံပြို့နယ်။

ဝေဖန်ချက်များ ဝေဖန်ရသောအကြောင်းများ

- ပြည်ပ နိုင်ငံခြား ပညာသင် ရွေးချယ်ခံရဖို့။
- ပြည်ပ သွားရောက်လုပ်ကိုင်ခွင့် စာမေးပွဲကို အမှတ်များများရရှိအောင်မြင် ရွေးချယ်ခံရစေဖို့။
- နိုင်ငံခြားမှ အလုပ်ခေါ်စာ အမြန်ဆုံးရောက်လာစေဖို့။
- မိမိသွားဖို့ လျှောက်ထားသော (သို့) ရည်မှန်းထားသော ပြည်ပနိုင်ငံကို အခက်အခဲမရှိ လွယ်ကူအဆင်ပြေစွာ အမြန်ဆုံးသွားရစေဖို့။
- ပြည်ပ နိုင်ငံခြား ရောက်ရှိနေသူ အမြန်ဆုံးပြန်လာစေဖို့။

● နိုင်ငံခြား သင်္ဘောသားသစ်များ အလိမ်အညာမခံရဘဲ နိုင်ငံခြားသင်္ဘော အမြန်ဆုံးတက်ရဖို့ ● နိုင်ငံခြား သင်္ဘောသားဟောင်းများ လိုင်းကောင်း၊ သင်္ဘောကောင်းမှာ လစာကောင်းဖြင့် အမြန်ဆုံး ပြန်တက်ရဖို့ ● နိုင်ငံခြားသင်္ဘောမှာ အစစအရာရာ အဆင်ပြေပြီး ဘေးရန်ကင်း ကျန်းမာစွာဖြင့် စာချုပ်သက်တမ်းပြည့်သည်အထိ ခိုင်မြဲစွာလုပ်ကိုင်ရဖို့ ● နိုင်ငံခြားသင်္ဘောဆိုင်ရာ အဆင့်ရာထူးတိုး (နေ့ဖြေ၊ လက်ဆွဲ) စာမေးပွဲများ အခက်အခဲမရှိ စွာစ်ကြိမ်တည်းနဲ့ ဖြေဆိုနိုင်အောင်မြင်ဖို့။ | နည်းလမ်းတောင်းများရှိပါတယ် |

www.burmeseclassic.com



မောင်ဖိုးတို့ နတ်အုန်းသီးနှင့် မြေကြီး

"ဂိုး ဂိုး ရော်နယ်ဒိုကွ ကန်ပြီ၊ ဂိုး ဂိုး ဒါက ရွန်းနီရဲ့ကန်ချက် ဂိုး ဂိုး ဂိုး ပြီ"

ညစာထမင်းစားအပြီး ၈ နာရီ TV သတင်း နားထောင်ရန် ကုလားထိုင်ပေါ် ထိုင်မယ်အလုပ် တောင်ဘက်သုံးလေးအိမ်လောက်က ဘောလုံးပွဲ အားပေးသံ ကြားမိသည်။ TV ဘယ်လိုင်းက လာနေသလဲဆိုပြီး CH ပြောင်းကြည့်ပေမယ့် ဘယ်လိုင်းကမှ မလာ။ အဲဒီအချိန်မှာ အပြင်ဘက်က မြန်လာတဲ့ ကျွန်တော့်တူ ဝက်ကလေးဆိုတဲ့ကောင်ကို မေးကြည့်မိသည်။

"ယွေကောင် ဝက်ကလေး၊ ဘောလုံးပွဲ ရှိလို့လား၊ ဟိုဘက်က တဂိုးဂိုးနဲ့ အော်နေတာ"

ကျွန်တော့်မေးခွန်း ဆုံးတော့ ဝက်ကလေးက -

"အဲဒါလောပြောတာ ဦးမိုးကြီးလေ သူအိမ်က နတ်အုန်းသီးကို မြေကြီးပေါ် ပစ်ချပြီး ဘောလုံးလိုကန်နေတာ"

"ဟေ ဟုတ်လား၊ ဒီငမိုးကြီး တော်တော်ဆိုးတဲ့သူ မကြောက်မလန့် ကွာ"

"အဲဒါ အဘ သွားပြောပါလား"

"ဟတောင်ရာ အိမ်မှာ ကိုးကွယ်ထားတဲ့ နတ်အုံးသီးတောင် မြေကြီးထဲချပြီး ဘောလုံးလို တန်ရဲတဲ့သူကို အဘလိုလူ သွားပြောလို့ရမလား၊ အဘကိုပါ ဘောလုံးလို လုပ်ကန်လိုက်ရင် ဘယ်လိုလုပ်မလဲ"

"ဟင်- ဒါလည်းဟုတ်တာပဲ"

"ဒါနဲ့ နေဦး၊ သူဟာသူ စင်ပေါ်နေတဲ့ နတ်အုန်းသီးကို ဘာလို့ မြေကြီးထဲပစ်ချပြီး ဘောလုံးလုပ်ကန်ရတာလဲ"

"သူတို့ သောက်နေတဲ့ အရက်ဝိုင်းမှာ အပြီးလုပ်ခိုင်းတာ သူမိန်းမက ချက်ချင်း မလုပ်ပေးဘဲ အိမ်တွင်းအုန်းကို ယပ်တောင်နဲ့ ယပ်ပေးလို့တဲ့၊

လင်မြည့်ဝန်းမင်္ဂင်း (နိုင်ငံဘာသာ ဘာသာ)

www.burmeseclassic.com

ဒီအိမ်မှာ အိမ်တွင်း ဖခင်ကြီးဆိုတာ အဲဒီ အုန်းစံဝင်က နှင့်လင်မဟုတ်ဘူး၊ ငါငါ ဆိုပြီး သူ့မိန်းမကိုလည်းရိုက်၊ နတ်စင်က အုန်းသီးကို မြေကြီးထဲ ပစ်ချပြီး ဘောလုံးလုပ် ကန်နေတာ အဘရဲ့၊ ဒီမိုးကြီးက မူးရင် တော်တော် ဆိုးတာနော်"

"အေးပေါ့ကွ၊ မူးရင် ဘယ်သူ ကောင်းလို့လဲ၊ မပြောသင့်တာ ပြောမယ်၊ မလုပ်သင့်တာ လုပ်မယ်၊ ဒီအမှားတွေဟာ အရက်ကြောင့်ပဲ"

စာရေးသူတို့ ရပ်ကွက်ထဲမှာ ငမိုးကြီးတို့ ညီအစ်ကိုသုံးယောက်သည် တစ်ခြံတစ်ဝင်းထဲမှာ အိမ်ကလေးတွေ ကိုယ်စီ ဆောက်နေကြကာ ကြုံရာကျပန်း လုပ်ကိုင်စားကြသူတွေ။

မနက်ပိုင်း အလုပ်လုပ်ပြီး ညပိုင်း ရောက်ရင် ညီအစ်ကို သုံးယောက် ပုလင်းထောင်ကြပြီး ဗိုက်ထဲကို အရက် မဝင်ခင်မှာ ညီလေး အစ်ကိုလတ်၊ အစ်ကိုကြီးနဲ့ ချို့မြသော စကားတွေ ပြောကြပေမယ့် ပုလင်းတစ်လုံး ကုန် ခါနီးမှာ မင်းလုံး ငါလုံးတွေ ဖြစ်လာပြီး အငယ်ဆုံးကောင် ငသောင်းကလည်း အကြီးဆုံး ငမိုးကို မင်းနဲ့ ငါနဲ့ ပြောသည်။ အလတ်ကောင် ငသိန်းကလည်း အငယ်ကောင် ငသောင်းကို မအေနမကုန်အောင် ဆဲဆိုတော့သည်။

အကြီးဆုံး ငမိုးက ပါးစပ်တင်မက လက်ပါပါသည်။ ပုလင်းတွေ ရိုက်ခွဲပန်းကန်တွေ လွှင့်ပစ်၊ အဲဒီနည်းနဲ့ သူ့ဒေါသကို ဖြေဖျောက်တတ်သူ။ တစ်ခါတလေ ညကြီးအချိန်မတော် သန်းခေါင်သန်းလွဲ ညီအစ်ကိုတွေဖြစ်တဲ့ ရန်ပွဲဟာ တစ်ရပ်ကွက်လုံးကို နိုးစေသည်။

မခံမရပ်နိုင်တဲ့သူက ရပ်ကွက်ခုံးသွားတိုင်တော့မှ ရပ်ကွက်လူကြီးနဲ့ အရန်ဝီးသတ်တွေရောက်လာပြီး ဆုံးခေါ်ကာ ဝန်ခံကတိထိုးခိုင်းသည်။ ညီအစ်ကို သုံးယောက် နောက်မဖြစ်တော့ပါဘူးလို့ ရပ်ကွက်ခုံးမှာ ဝန်ခံကတိထိုးထားတဲ့ လက်မှတ်တွေလည်း လယ်ကျစာအုပ်ထဲမှာ ထပ်နေပြီ။

ကြာတော့လည်း ငမိုးတို့ ညီအစ်ကို အရက်ပိုင်းရန်ဖြစ်သံတွေဟာ ရပ်သူရွာသားတွေရဲ့နားမှာ အထူးအဆန်းမဟုတ်တော့။ ဖြစ်ခိုက်ဖြစ်စဉ် ဖြစ်နေကျလို့ သဘောထားလိုက်ကြသည်။

ရပ်ကွက် လူကြီးတွေသည်လည်း ငမိုးတို့ညီအစ်ကို အရက်ပိုင်းရန်ဖြစ် ဆူညံတာ တစ်ခုတည်း ဖြေရှင်းမနေနိုင်၊ အခြားအရေးကြီးတဲ့ အိမ်ခြံမြေကိစ္စတွေ၊ ပလပ်မြေ အကွက်ရိုက်ဖို့ကိစ္စတွေ၊ အဲဒီ ကြီးလေးသော တာဝန်တွေက ရှိနေသေးသည်။ ကျွန်တော်တို့ အိမ်နီးချင်းတစ်စုကတော့ နားနှစ်ဖက် ပွတ်ဆို့ပြီး မပျော်ပျော်အောင် အိပ်ဖို့ပဲ ရှိသည်။

ညက ဖြစ်တဲ့ အဖြစ်အပျက်တွေက မနက်လင်းတော့ သူမလုပ်ခဲ့သလို သူမသိခဲ့သလို သူတို့ရှိတဲ့ အလုပ်ခွင်ဆီ သွားကြပြီ။

ညနေစောင်းတော့ အရက်ပိုင်းက ထုံစံအတိုင်း ဖွဲ့မြဲ၊ သောက်မြဲ၊ ဆူမြဲ ညည်းမြဲ၊ ဒီနေ့ ငမိုးကြီးအလုပ်သွားတာ အလုပ်မရှိလို့ အိမ်ကို စောစော ပြန်ရောက်နေသည်။ အလုပ်မရှိမယ့် အတူတူ အလကားမနေ ညနေအရက်ပိုင်းမှာ အမြီးလုပ်ဖို့ ချောင်းထဲမှာ ဂဏန်းသွားချိတ်မည်။ မနက်စာစားပြီး ဂဏန်းချိတ်နဲ့ ပလိုင်းလွယ်ကာ ချောင်းရိုးဆီ ထွက်သွားသည်။

လူတွေမှာ အကျိုးပေးဆိုတာ ရှိသည်။ အကုသိုလ်အလုပ်နဲ့ အကျိုးပေးတဲ့သူဟာ ကောင်းရောင်းကောင်း ဝယ် လုပ်စားလို့မရ၊ အကုသိုလ်နှင့် လုပ်စားမှ စီးပွားဖြစ်သည်။ ငမိုးကြီးလည်း ထိုနည်းအတူပင် အကုသိုလ်နှင့် အကျိုးပေးသည်။

နေ့ခင်းပိုင်း ဂဏန်းချိတ်သွားတဲ့ ငမိုးကြီး ညနေစောင်းတော့ ပလိုင်းထဲမှာ ဂဏန်းတွေတင်မက ပခုံးမှာ ငါးဝါလန့်ဆဲ့ ပုံးတစ်ပုံးအထဲမှာ အရည်အပြည့်နဲ့ထမ်းပြီး အားရဝမ်းသာ ရွာထဲ ပြန်ဝင်လာသည်။

အိမ်ခြံထဲ ရောက်တော့ -

"ငါညီ ငသောင်းနဲ့ ငသိန်း အလုပ်က ပြန်လာပြီလား"

"မရောက်သေးဘူး ဘကြီးမိုး၊ ဘာပုံးကြီး ထမ်းလာတာလဲ"

ငသိန်းသား အကြီးကောင် စိန်ကုလားက မေးတော့ ငမိုးကြီးက -

"ဟား ဟား လူမင်းဘုန်းကြီး နှတ်မင်းမနေသာ ဆိုသလိုပေါ့ကွာ၊ ငါ အရက်ကြိုက်မှန်း အဲဒီကွင်းက ကွင်းပိုင်ကြီးက သိလို့ထင်တယ်၊ အရက်ပုံး တစ်ပုံး ချောင်းရေတက်နဲ့ မျှောပေးလိုက်တာ၊ ဟား ဟား တစ်လလောက်တော့ ဝယ်မသောက်ရတော့ဘူး၊ ဟေ့ကောင် စိန်ကုလား၊ မင်း အဖေတို့ ရောက်ရင် စောစောလာလို့ ပြောလိုက် ငါ ကဏန်းတွေပြုတ်ပြီး အမြည်းလုပ်လိုက်ဦးမယ်"

စောစော လာပါဆိုမှ ဟိုနှစ်ကောင်က ဒီနေ့ နောက်ကျနေတယ်။ သူညီနှစ်ယောက်လာရင် ဒီအရက်ပုံးကြီး ချောင်းရေစီးထဲ မျောလာပုံ၊ သူဆင်းဆယ်ပုံတို့ကို အားပါးတရ ဖောက်သည်ချချင်နေပြီ။

"ဒီအချိန်မှ မလာသေးရင်လည်း မစောင့်နိုင်တော့ဘူးတွာ"

www.burmeseclassic.com

www.burmeseclassic.com

ငမိုးကြီး တစ်ယောက်တည်း ပုံးထဲက အရက်တွေကို ပုလင်းထဲသွန်ထည့်ပြီး ကဏန်းကြော်ပန်းကန်နှင့် ဖန်ခွက်များချကာ သောက်ဖော်သောက်ဖက် သိန်းနဲ့ ငသောင်းအလာကို စောင့်နေသည်မှာ မိုးချုပ်လုပြီ။

"ဟေ့ ဟေ့ နေညိုရင် လေပြိုပြီ၊ အရက်သမားဘဝ သောက်ချိန်တန် မသောက်ရတော့ ဗိုက်ထဲက လေတွေ တဟေ့ဟေ့နဲ့ တက်လာပြီ"

"ကလုပ် ကလုပ် ကလုပ်"

ပုလင်းထဲမှ အရက်တွေကို ဖန်ခွက်လည်ရစ်ထဲ လောင်းထည့်ကာ ဖန်ခွက် နှုတ်ခမ်းတေ့ပြီး ကန္တာရထဲ ရေတော်သူ အိုအေစစ်တွေ့သလို အားပါးတရ မော့ချလိုက်အပြီးမှာ -

"ဝူး ဝူး ဝါး ဝါး . . . ဝူး"

အသံနက်ကြီးနှင့် ရင်ခေါင်းကွဲသလို အော်ဟစ်သံက အနီးပတ်ဝန်းကျင်မှာ ဆူညံသွားသည်။ အနီးပတ်ဝန်းကျင်မှသူတွေလည်း အံ့သြကြားပေမယ့် သိပ်ပြီး ဂရုမစိုက်တော့။

ညီအစ်ကိုတွေ သောက်ပြီး ဖြစ်နေကျလို့ပဲထင်ကာ မသိလိုက် မသိဘာသာနေကြသည်။

"အဘရေ . . . အဘရေ"

ကျွန်တော့်တူ ဝက်ကလေးဆိုတဲ့ ကောင် အမောတကောနဲ့ အိမ်ပေါ် ပြေးတက်လာပြီး -

"အဘရေ အဲဘ၊ ဦးမိုးကြီးလေ သူ့အိမ်ရှေ့ မြေကွက်လပ်မှာ ဝက်လို နွားလို ဝူးဝူးဝါးဝါး အော်ပြီး လှိမ့်နေတယ်"

"သူ့ညီ သိန်းတို့ ငသောင်းတို့ မရှိကြဘူးလား"

"သူတို့နှစ်ယောက် ပြန်မရောက်ကြသေးဘူး"

"ဘာဖြစ်လို့ ဝူး ဝူး ဝါး ဝါး အော်နေတာလဲ"

"သူ ညနေက ချောင်းထဲမှာ ကဏန်းသွားချိတ်တော့ ချောင်းရေနဲ့ မျောလာတဲ့ ပုံးတစ်ပုံး ရလာတယ်၊ အဖုံးဖွင့်ပြီး နမ်းကြည့်တော့ အရက်တွေ ပုံးအပြည့်ပဲ၊ အဲဒီပုံးထဲက အရက် တစ်ဖန်ခွက်သောက်ပြီး အဲသလိုဖြစ်သွားတာတဲ့"

"ဟေ ဟုတ်လား၊ ဒီလူမိုက်တွေကွာ၊ အရက်မှန်း ဘာမှန်း သေသေချာချာ မသိဘဲ ရမ်းသောက်တယ် ထင်တယ်၊ လာ သွားကြည့်ရအောင်"

ကျွန်တော် ငမိုးကြီး အိမ်ရှေ့ ရောက်တော့ သူ့အိမ်ရှေ့ မြေကွက်လပ်မှာ လူးလှိမ့်အော်ဟစ်နေတဲ့ ငမိုးကြီးကို စိတ်မချမ်းမြေ့စွာ တွေ့ရသည်။ မျက်စိထဲမှာ မနေ့ညက သူ နတ်အုန်းသီးကို ကန်တုန်းကအတိုင်း အုန်းသီးလိမ့်သလို သူလည်း လိမ့်နေသည်။

"ကဲ - ဖယ်ကြ ဖယ်ကြ"

ရွာထဲက ဆေးမှူးလေး ကိုအောင်ကျော်စိုး ရောက်လာပြီ ငမိုးကြီး မိန်းမကို ဖြစ်စဉ်တွေ မေးကြည့်လိုက်သည်။

"အဲဒီပုံးထဲက အရက်တစ်ခွက် သောက်ပြီး အဲဒီလို ဖြစ်သွားတာ၊ အကောင်းကြီးကနေ"

ဆေးမှူးလေး ကိုအောင်ကျော်စိုး ငမိုးကြီးသောက်ထားသော အရက်ခွက်ကို နမ်းကြည့်သည်။

သူလယ်ခလယ်အား အရက်ပုံးထဲသို့ ထိုးနှစ်ပြီး ခါကြည့်လိုက်သည်။

"ဟာ ဒါအရက်မှ မဟုတ်တာ၊ အက်သနောတို့ မက်သနောတို့ ဖြစ်မယ်၊ ကဲ လာ မြို့ဆေးရုံပို့ဖို့လုပ်မယ်၊ ကိုရင် ငသီး ထွေလာဂျီ ခဲ့ခွေး"

အော်ဟစ် လူးလှိမ့်နေသော ငမိုးကြီးကို ဝက်တစ်ကောင်လို တုပ်နှောင်ပြီး ထွေလာဂျီပေါ် တင်ကာ မြို့ဆေးရုံသို့ အော် သွားကြသည်။ ဆယ်ရက်လောက် မြို့ဆေးရုံမှာ အတွင်းလူနာအဖြစ် ကုသမှုခံယူပြီး ဆေးရုံက ဆင်းလာသည်။ အရင်လို အကောင်းပကတိတော့ မဟုတ်။ စကားပြောလို့ မရ၊ အသံအိုး ပျက်စီးသွားပြီလို့ ဆေးရုံက ပြောလိုက်သည်။

သူ စကားပြောလျှင် မန်ဒါလီတစ်ကောင်လို ရဲရဲ ရဲရဲ အသံပင်ထွက်သည်။ အဲဒီ ဝေဒနာနှင့်ပင် ငမိုးကြီး တစ်ယောက် တစ်နှစ်လောက်အကြာမှာ သေဆုံးသွားခဲ့ရသည်။

လူ့လောကမှာ မရှိတာထက် မသိတာခက်ဆိုတဲ့ ရှေးလူကြီးဆိုစကား နားမှာ ကြားမိသည်။ ဥစ္စာငွေကြေး မရှိလျှင် ကြိုးစားရှာဖွေလို့ ရလွယ်ပေမယ့် အသိတရား မရှိသူတွေအတွက် အသိတရား ရှာဖို့ အသိတရားရဖို့ ခက်ခဲလှသည်။

မိမိမယုံကြည်လို့ မကိုးကွယ်ချင်လျှင်နေ၊ သူတစ်ပါး ယုံကြည်လို့ ကိုးကွယ်ထားတာကို ကိုယ်နှင့်ဖြစ်စေ၊ နှုတ်နှင့်ဖြစ်စေ မစော်ကားမိစေဖို့ ငမိုးကြီးတစ်ယောက် စံနမူနာပြ အသက်ဆုံးခဲ့ရပြီ။

မောင်မိုးထူး(ဗိုလ်ချုပ်ရွာ)

❑

www.burmeseclassic.com

www.burmeseclassic.com

ကြေးမုံ

ကျွန်ုပ်နှင့် မဝင်ရဲသူမို့

www.burmeseclassic.com

www.burmeseclassic.com

တစ်လွှာဖဲ့ခြွေ
တစ်ပွင့်ကြွေနှမ်း
မွှကြေကျွမ်းလည်း
မောင့်အသည်းမှာ
ငြိစွဲတွယ်ရစ်
မေတ္တာစစ်နှင့်
ဆက်ချစ်နေမည် မြကြာသီ။

ချစ်သူရဲ့ ကဗျာတစ်ပုဒ်ဖတ်ရာ ကမ္ဘာကျော် ဂန္ဓဝင် မဟုတ်ပေမယ့် ကျွန်မအတွက်တော့ အားသစ်တွေကို မွေးဖွားစေနိုင်ခဲ့တဲ့ မဟာဆေးတစ်ခွက်ပါပဲ။ ပျော်ရွှင်ကြည်နူးခဲ့ရသလို ရင်နာစွာလည်း ခံစားကြေကွဲခဲ့ရပါတယ်။

ဖြစ်နိုင်ရင် အတိတ်ဆိုတာကို ပစ္စလက်ခတ်ကြီး မေ့ထားလိုက်ချင်တယ်။ ဖြစ်ပြီးခဲ့သမျှကို ဘာမှ သတိတရ ရှိမနေချင်ပါတော့ပါဘူး။ အတိတ်မေ့ရောဂါတစ်ခုကို နှစ်သက်စွာ စားသုံးချင်မိပါတယ် ရှင်ရယ်။ နောက်ဆုံး ကျွန်မ ဘယ်သူဆိုတာတောင် ပြန်မသိချင်တော့ပါဘူး။

▲

အတိတ်ဆိုတာ မေ့လို့ရနိုင်တဲ့ အရာမှမဟုတ်တာဘဲ။ ကိုယ်က မေ့ထားချင်ပေမယ့် တကယ်တမ်းကျတော့ မြောသလောက်မလွယ်လှဘူးလေ။ အိပ်မက်ဆိုးတွေထဲက ဘယ်တော့မှ ရုန်းထွက်နိုင်မှာ မဟုတ်ဘူးဆိုတာ သိနှင့်နေခဲ့ပါတယ်။

ပင်လယ်ကြီးထဲမှာ မိုးတွေအုံ့မှိုင်းရီဝေနေပြီ ဆိုရင်ပဲ ရင်ထဲမှာ နင့်နေအောင် ခံစားလိုက်ရပြီး မျက်ရည်စက်တွေက မိုးစက်ပွင့်တွေထက် အရင်ခုန်ထွက်ကျလာတတ်စမြဲပါ။

ဒီလို ခါးသီးလွန်းတဲ့ နေ့ရက်များစွာကို အားပေးနွေးထွေးစေမယ့်သူကင်းမဲ့တာ မြတ်ကျော်ခဲ့ရပါတယ်ရှင်။

ကျွန်မ ငိုခဲ့ရပြီ။ ငိုနေရပြန်ပါပြီလေ။ ပင်လယ်ကြီးထဲမှာ မိုးတွေ ရွာချတော့မယ်။ ကောင်းကင်တစ်ခုလုံးလည်း မိုးသား တိမ်မည်းတွေ ကြီးစိုးလို့။

ရင်ထဲမှာ တစစ်စစ် နာကျင်ခံစားနေရတယ်လေ။ သဲခဲန် ရွှိက်လိုက်စဉ် မျက်ရည်တစ်စက် လှစ်ခန် ခုန်ထွက်ကျလာတယ်။ ပြီးတော့ ဝေဝါးထိုင်းမှိုင်းစွာ ပင်လယ်ကြီးရဲ့ အဆုံးမဲ့ တစ်နေရာကို ငေးမောနေမိတယ်။

ဘာရယ်တော့ မသိ။ အမိဟုတ် ရှိခြင်း။ မရှိခြင်း ကျွန်မ မသိ။ ကောင်းကင်ထက်က လျှပ်စီးတစ်ချက် ဝင်းခနဲ လက်တာတော့ သိလိုက်သလိုပဲ။

▲

ပင်လယ်ကမ်းစပ်မှာ တည်ရှိနေတဲ့ ဂိုတ်တောရွာကလေးဟာ မြို့လေးတစ်မြို့လို စည်ကားလှပါတယ်။ အထူးသဖြင့်တော့ ပင်လယ်ပြာကြီးကို မှီခိုလုပ်ကိုင် စားသောက်နေသူတွေနဲ့ ရွာကလေးဟာ သက်ဝင်လှပေါ့။

အူဖေ ကိုယ်တိုင်က ရေလုပ်သားကြီး တစ်ယောက်ဖြစ်နေမှတော့ ပင်လယ်မှာပျော်၊ ပင်လယ်က ကျွေးသမျှ စားသုံးရင်း ပင်လယ်ပြာကြီးကို မြတ်နိုးတွယ်တာတတ်ခဲ့တာ အဆန်းတော့ မဟုတ်ပါဘူးလေ။

ဘဝမှာ အမေဆိုတာ မြင်ခွင့်မရခဲ့ပေမယ့် ကျွန်မသိပ်ချစ်တဲ့ အဖေရယ်၊ ကျွန်မ သိပ်မြတ်နိုးခဲ့တဲ့ ပင်လယ်ပြာကြီးရယ် ရှိနေခဲ့တာကြောင့် ဘဝမှာ တစ်စိတ်တစ်ပိုင်း အထိတော့ ပြည့်စုံခဲ့ရပါတယ်။

အဖေဟာ ကျွန်မရဲ့ဘဝ၊ ကျွန်မရဲ့အသက်၊ ကျွန်မရဲ့မနက်ဖြန်တွေပေါ့။ ကျွန်မ ရှင်သန်နေဖို့အတွက် အဖေဟာ မရှိလို့မဖြစ်တဲ့ ကဏ္ဍာကြီးပါပဲ။

ပင်လယ်ပြာကြီးကို အားကိုးပြီး ရေလုပ်သားကြီးဘဝနဲ့ ကျွေးမွေး စောင့်ရှောက်လာခဲ့တဲ့ အဖေဟာ ကျွန်မဘဝအတွက်တော့ ဘုရားသခင်ပါပဲ။

ကမ်းခြေမှာ ခရုလေးတွေ အတူလိုက်ကောက်ရင်း ပျော်ရွှင် ကြည်နူးခဲ့ရတယ်။ ညတွေမှာဆိုရင်လည်း အဖေပြောပြတဲ့ ပင်လယ်ပုံပြင်အကြောင်းတွေ နားထောင်ရင်း မှေးစက်ခွင့်ရခဲ့တယ်လေ။

ဘဝဆိုတာ ပင်လယ်ပြာကလို့ငြိုးတွေလိုပဲ ထင်ပါရဲ့။ မှေးစက်နားနေခြင်း မရှိကြဘူးပေါ့။ ကျွန်မတို့ ဘဝလည်း ပင်လယ်နဲ့ တစ်ထပ်တည်း ကျနေခဲ့တာပဲလေ။ တည်ငြိမ် အေးချမ်းနေတဲ့ ကျွန်မတို့ ဘဝလေး လူးလိမ့်လှုပ်ရှားခဲ့မယ်လို့ ကျွန်မ မတွေးမိခဲ့ပါဘူး။

အဖေ ကျန်းမာရေးမကောင်းလို့ ပင်လယ်မဆင်းနိုင်တာ ကြာပြီ။ အစကတော့ ဘာမှမဖြစ်သလိုနဲ့ ရောဂါက ဝိုဝိုသာ ဆိုးလာခဲ့ပြီလေ။ အဖေဝေဒနာအသည်းအသန် ခံစားနေရပြီဆိုမှ ခြေမကိုင်မိ လက်မကိုင်မိနဲ့ ဘာမှ မလုပ်တတ်တော့အောင် ပြာဝေခဲ့ရတယ်။ တစ်သက်လုံး အဖေ ရွာဖွေကျွေးခဲ့တာဆိုတော့ တကယ့်အခက်အခဲ ကြုံလာတဲ့အခါမှာတော့ ဒုက္ခကို မြည်းစမ်းရပြီပေါ့။ အဖေ့ကို ကျွန်မ အပြစ်မတင်ပါဘူး။ နောင်လည်း အပြစ်တင်မှာ မဟုတ်ပါဘူး။

သူသိပ်ချစ်တဲ့ ကျွန်မကို မျက်နှာမငယ်ရအောင် ထားခဲ့တဲ့ အဖေဟာ ထာဝရဘုရားသခင်ပဲ။

▲

ဒီအချိန်မျိုးမှာ အားကိုးစရာ မရှိပေမယ့် ယေဟိုက ကျွန်မ ဘဝကို

www.burmeseclassic.com

www.burmeseclassic.com

အားပေး နှစ်သိမ့် ကူညီပေးခဲ့ရှာတဲ့ ကိုတီတာ့ကိုတော့ သတိရမိပါတယ် ဆိုရင် သံယောဇဉ်ကြီးတစ်မျှင် ရစ်နွယ်ခဲ့တာကို ဝန်ခံရဲပါတယ်။

ဒါပေမဲ့ ခုတော့ ဘယ်ဝယ် ဘယ်ဆီ ရောက်နေမှန်းမသိတဲ့ သူ့ကို တမ်းတနေပေမယ့် အဖေ့အခြေအနေက အရမ်းဆိုးနေပြီလေ။

အိပ်ရာထဲမှာ လူးလိမ့်ခံစားနေရတဲ့ အဖေ့ကို ကျွန်မ မကြည့်ရက်နိုင်တော့ဘူး။ ဆေးမြီးတိုလော်က်နဲ့ မရတော့မှန်း ကျွန်မ ရိပ်မိခဲ့ပြီ။ တစ်ခုခုတော့ လုပ်မှ ဖြစ်တော့မယ်လေ။

လူချမ်းသာ ဆေးဆရာကြီးကို တောင်းတောင်းပန်ပန်နဲ့ ပင့်ပေမယ့် ငွေမက်တဲ့ ဆရာကြောင့် ရင်နာမိပြန်တယ်။ ခြေကြွခ၊ နောက် ဆေးတွေ ဝယ်ဖို့ ငွေ အရမ်းလိုအပ်နေပြီလေ။ ဘယ်က ရနိုင်မလဲလို့ အပြေးအလွှား စဉ်းစားရင်း အဖေ့အလုပ်ရှင် သူဌေးကို သတိရလိုက်မိတယ်။

နေတ ဝင်လုဆဲ။ အဖေ့ဘဝ နေဝင်တော့မှာလား။ နေမဝင်ရဘူး။ နေမဝင်ပါစေနဲ့လို့ အကြိမ်ကြိမ် ဆုတောင်းရင်း ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရတယ်။ အဖေ့အတွက် အရမ်း အရေးကြီးနေတဲ့ အချိန်မို့ သူဌေးဆီကို လာခဲ့ရပေမယ့် သူဌေးရဲ့ မီးတောက်နေတဲ့ မျက်လုံးတွေကို ကျွန်မ ထိတ်လန့်တုန်လှုပ်စွာ မြင်ခဲ့ရဖူးတယ်။

ကျားမုဆိုးရဲ့ မျက်လုံးတွေကို ရင်မဆိုင်ရဲပေမယ့် ဒီအချိန်ဟာ အဖေ့အတွက် သိပ်ကို အရေးကြီးတဲ့အချိန်ပဲ။ အဖေကိုယ်တိုင် သူ့သူဌေးဆီကို မသွားမလာဖို့ အမြဲတမ်း တားမြစ်ခဲ့ဖူးတယ်။

အဖေ ကျွန်မကို ခွင့်မလွှတ်ချင်နေပါစေတော့။ အဖေ့အတွက်မို့ အဖေ့စကားကို ဆန့်ကျင်ခဲ့ရတာကိုတော့ ကျွန်မကို နားလည်ပေးချင်တယ်ရှင်။

သူဌေးကို အကြောင်းစုံ ပြောပြတော့ သူဌေးက ခေါင်းတဆတ်ဆတ် ညိတ်ရင်း ကျွန်မကို စူးရဲတဲ့ မျက်လုံးတွေနဲ့ အငမ်းမရကြည့်တာ ခံလိုက်ရတယ်ဆိုရင်ပဲ ကြောက်သီးမွေးညင်း ထမိတဲ့ အထိ ချောက်ချားခဲ့ရတုန်း။

ပြီးတော့ သူ့အခန်းထဲမှာ ငွေလိုက်ယူဆိုလို့ နောက်က လိုက်ခဲ့မိတယ်။

ကျွန်မ သိလိုက်ရပြီ။ သူ့ဆီက ကောက်ကျစ်တဲ့ အပြုံးတစ်ချက် လက်ခနဲ့ တွေ့လိုက်ရချိန် အခန်းတံခါးက ချက်ကျပြီးနေပြီ။

ရွေးတွေပြန်ပြီး တဆတ်ဆတ် တုန်နေတဲ့ ကြားက သူဌေးဝါးစပ်က စကားလုံးတွေကို ရွံရှာမုန်းတီးစွာ ကြားလိုက်ရတော့ ငယ်ထိပ်ကို မိုးကြိုးဖစ်သလားလို့တောင် ယောင်မှားသံသယ ဖြစ်မိတယ်။

ရွက်စိတ် ကြောက်စိတ် ရွံရှာအားငယ်စိတ်တွေကြောင့် နောက်ကြောင်းပြန်လှည့်ဖို့ ကြိုးစားချင်ပေမယ့် အိပ်ရာထဲမှာ အလူးအလဲ ခံစားနေရတဲ့ အဖေ့မျက်နှာကို ပြန်မြင်မိချိန်မှာတော့ မျက်ဝန်းထဲက မျက်ရည်တစ်စက် လျှောခနဲ ထွက်ကြလာတယ်လေ။

အိစက်စက် မွေ့ရာပေါ်ကို လှဲသိပ်ခြင်း ခံလိုက်ရတယ် ဆိုရင်ပဲ အံကြိတ်ရင်း မျက်စိအစုံကို ဇွတ်အတင်း မှိတ်ထားလိုက်မိတယ်။ အပြင်ဘက်မှာ မှောင်ရိပျိုးနေပြီ။ လျှပ်စီးတွေလည်း ခဏခဏ လက်လို့။ မိုးဖွဲလေးတွေ တောင် တစ်ပေါက် နှစ်ပေါက် ကျနေပြီ ထင်ပါရဲ့။

▲

မိုးတွေတောင် သဘောပေါက်နေလို့ပါလား။ ဘယ်အပြိုင်နဲ့များ ဒီလောက်တောင် ရွာနေရတာလဲ မိုးရယ်။

တစ်ကိုယ်လုံးလည်း မိုးရေတွေ ရွှဲနစ်လို့။ အသားတွေ တဆတ်ဆတ်တုန်အောင် ချမ်းနေပေမယ့် ရင်ထဲမှာတော့ သောကမီးတောက်တွေ တုန်းတုန်းတောက်လို့ပေါ့။ ရင်မှာပူလောင်နာထွင်ခဲ့ရပါတယ်။

မျက်ရည်တွေဟာလည်း မိုးရေစက်တွေနဲ့ ရောထွေးလို့လေ။ အဖေ့အခြေအနေကို ဆရာက ခေါင်းခါပြတယ်။ အသက်မရှိတော့ဘူးတဲ့။

ကျွန်မ ရင်ခုန်သံတွေ ခဏတော့ ရပ်သွားခဲ့မယ်ထင်တယ်။ "အဖေ" ဆိုတဲ့ တစ်ခွန်းပဲ ခေါ်နိုင်ခဲ့ပါတယ်။ ရင်ထဲမှာ မွန်းကျပ်လွန်းစွာ နှင့်နာကြေကွဲခဲ့ရပြီလေ။ ဟာသွားတဲ့ ရင်ဘတ်ကြီးထဲမှာ ကြေကွဲဆွေးမြည့်ခြင်းတွေ ပြည့်သိပ်ခဲ့ပြီပေါ့။

ကျွန်မ ဘဝပျက်ပြီ။ တကယ် ကိုပါပဲ။ ခန္ဓာကိုယ်နဲ့ရင်ပြီး ယူခဲ့ရတဲ့ အဖေ့အတွက် ဆေးဖိုး အရေးမကြီးပါဘူး။ ကျွန်မ ဘယ်ဘဝရောက်ရောက် အဖေသာရှိနေရင် အသက်ရှင်နေမယ်ဆိုရင်ပေါ့။ အဖေဟာ ကျွန်မရဲ့ ကမ္ဘာတစ်ခုဖြစ်နေမှတော့ အဖေ မရှိတော့ဘူးဆိုရင် ဘဝပျက်ခဲ့ရတာလောက်တာ အသေးအမွှားပါ။

တကယ်တမ်းကျတော့ ကျွန်မ အတွက် ကမ္ဘာပျက်ခဲ့ရတာပါလေ။ အသက်ရှင်လျက် သေဆုံးခဲ့ရသူတာ ကျွန်မရယ်ပါရှင်။ အဖေတာ ကျွန်မ အသက်ပဲ။ အဖေနဲ့ ကျွန်မ ဘဝတစ်ခုမှာ အဖေ မရှိတော့ဘူးဆိုတော့ ကျွန်မ ဘဝ အဓိပ္ပာယ် မဲ့ခဲ့ရပြီလား၊ ဘာတာ လမိုက်ခဲ့ပြီ ထင်ပါတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com

လူတချို့ ပြောသံကြားဖူးတယ်။ မုန်တိုင်းပြီးရင် လေပြည်လေညင်း ဆိုတာ လာတတ်စမြဲပါပဲတဲ့။ ကျွန်မလည်း ဒီလိုပဲ မျှော်လင့်ခဲ့တာပါ။ တကယ်တမ်း ကျတော့ ဖြစ်လာခဲ့သမျှတွေဟာ မျှော်လင့်ချက်ရဲ့ တိုတစ်ဖက်ကမ်းမှာပါ။ သက်ပြင်းတစ်ခါချလို့ အသက်တစ်ရက် တိုမယ်ဆိုရင် ကျွန်မ သေသင့်နေပါပြီ။

တစ်ခါ တစ်ခါ လောကမံဆိုတာကြီးကို သိပ်ကြောက်နေမိတယ်။ မလှပတဲ့ ဘဝမှာ နုံချာချည့်နဲ့တဲ့ ပိုင်ဆိုင်ခွင့် ကံကြမ္မာကို မုန်းတီးနေခဲ့တယ် ဆိုရင် ကျွန်မ လွန်မယ်လို့တော့ မထင်မိဘူး။

အတိတ်ဆိုတာကို ပြန်သတိရမိတဲ့ အချိန်တိုင်း ကျွန်မ ရင်ထဲ့ထပ်ခါ ထပ်ခါ ကွဲနေရမယ်ဆိုတာတော့ သေချာနေပါတယ်ရှင်။

▲

ပင်လယ်ပြာကြီးကို နှုတ်ဆက်ခဲ့ပါတယ်။ ဒီနေရာ ဒီဒေသကို မခွဲခွာရက်ပေမယ့် ဆက်ပြီးနေဖို့ ကျွန်မမှာ အားအင်တွေ ကုန်ခန်းခဲ့ပါပြီ။ လေမရှိတဲ့ နေရာဒေသတစ်ခုလို အသက်ရှူဖို့ ကျွန်မ မတတ်နိုင်တော့ဘူးလေ။

လွင့်ကြွေမျောခဲ့ရတဲ့ ခိုကိုးရာမဲ့ ရွက်ခြောက်တစ်ခုလို လေနှင်ရာ လွင့်ပါရမယ့် ဘဝမို့ ခြေဦးတည့်ရာ သွားတော့မယ်ကွယ်။ နောက်ဆုံးအနေနဲ့ အဖေ့ရဲ့ မြေပုံမို့မို့လေးကို ကန်တော့ဖြစ်ခဲ့ပါတယ်။ ရင်ထဲမှာ နာနာကျင်ကျင် ခံစားရတယ်။ မျက်ရည်စက်တွေကိုလည်း မတားဖြစ်ခဲ့ပါဘူး။

ဂျီတော- ငပလီ- သံတွဲ ပြေးနေတဲ့ လိုင်းကားတစ်စီးကို စီးရင်း အတွေးမြစ်ထဲမှာ စီးမျောနေခဲ့တယ်။ ရေရာ သေချာမှု မရှိတဲ့ ခရီးစဉ်ရဲ့ အဆုံးမှာတော့ အကောင်းဆုံးလို့ ယူဆရတဲ့ အကူအညီတစ်ခု ရလိုက်ပါတယ်။

သက်တူ ရွယ်တူ မိန်းကလေး တစ်ယောက်က သူ့အလုပ်မှာ လိုက်လုပ်ဖို့ အခွင့်အရေး ပေးခဲ့တယ်လေ။ ကျေးဇူးတင်လိုက်တာ။ ဝမ်းလည်းသာမိပါတယ်။ ဝမ်းသာလွန်းလို့ မျက်ရည်တွေတောင် ကျခဲ့ပါတယ်ရှင်။

ပျက်အစဉ် ပြင်ခဏတဲ့။ လူတချို့ ပြောသံကြားဖူးတယ်။ ဘဝကို ပြုပြင်ပြီး လှပတဲ့ မနက်ဖြန်တွေကို ကိုယ်တိုင် ဖန်ဆင်းယူရမယ် ဆိုတဲ့ အတွေးနဲ့ ကြည်နူးခဲ့ရတယ်။

ဒါပေမဲ့ အဖေ့ရဲ့ မြေပုံလေးရယ်၊ ဂျီတ်တောရွာကလေးရယ်၊ ပင်လယ်ပြာပြာကြီးရယ် အားလုံးကို ချစ်လျက်နဲ့ ခွဲခွာခဲ့ရတာဆိုတော့ ရင်ထဲမှာ နှင့်နာခဲ့ရတာတော့ အမှန်ပါပဲ။

ခွဲခွာ အဝေးထွက်ပြေးခဲ့သူ ကျွန်မကို စာနာ နားလည်ပေးကြလိမ့်မယ်လို့ ယုံကြည်ပါတယ်လေ။

▲

ရန်ကုန်ရောက်တော့ ဘီယာဆိုင်မှာ စားပွဲထိုး အလုပ်ရတယ်လေ။ နေစရာ စားစရာအပြင် ပိုက်ဆံပါ ရဦးမယ်ဆိုတော့ ကျွန်မလိုတစ်ကောင်ကြွက် တစ်မျက်နှာအံတွက် တကယ်ပဲ အားတက်ခဲ့ရပါတယ်။ စိတ်သစ်၊ လူသစ်၊ ဘဝသစ်အတွက် ကျေနပ်မိခဲ့ပါတယ်။

အလုပ်စဝင်ဝင်ချင်းပဲ ဆိုင်ရှင်ရဲ့ အရေးပေးမှုကို ခံခဲ့ရတယ်။ ကျွန်မ တာဝန်ယူရတဲ့ ပိုင်းက ကျွန်ပိုင်းတွေ ထက် ပိုက်ဆံပိုရခဲ့တယ်လေ။

ဒီတော့ ဆိုင်ရှင်က ဘောက်ဆူး အမြဲပေးတာပေါ့။ ကျွန်မ ကျေနပ်ခဲ့ပါတယ်။ တစ်လကျော် နှစ်လ နီးပါးလောက်တော့ ပျော်ရွှင် ကြည်နူးခဲ့ရပါတယ်။ လမိုက်ဖို့အတွက် လပြည့်ခဲ့ရတာကိုတော့ ကျွန်မ ထုံအလွန်းစွာ မသိခဲ့လိုက်မိပါဘူး။

တကယ့်လက်တွေ့ သိလိုက်ခံစားလိုက်ရတာက မုန်တိုင်းထန်ည တစ်ညပါပဲ။ မှောင်မိုက်လွန်းတဲ့ ည တစ်ညဟာ ကျွန်မဘဝရဲ့ အနာဂတ် တံတားတစ်စင်းကို ကျိုးပဲ့ ကြေမွစေခဲ့တာပဲပေါ့။

ဆိုင်သိမ်းလို့အပြီးမှာ ဆိုင်ရှင် ခေါ်လို့ အခန်းထဲ ဝင်သွားခဲ့တယ်။ ခါတိုင်းလိုပဲ ဘောက်ဆူးပေးမယ် ထင်ခဲ့တာပါ။ ကျွန်မ ရယူခဲ့ရတာက နှစ်သက်မြတ်နိုးမှု လုံးဝမရှိတဲ့ ဆန္ဒမဲ့ အဓမ္မ အနိုင်ကျင့်မှု။

ကျွန်မ့ အလိုမတူဘဲ ပေးဆပ်ခဲ့ရခြင်းတွေ၊ ဘဝမှာ မျှော်လင့်တာတွေ ဖြစ်မလာဘဲ မဖြစ်ချင်တာတွေသာ ရရှိပိုင်ဆိုင်ခွင့် ရနေတဲ့ ကံတရားဆိုးတွေ။ ဒါတွေဟာ ဝဋ်ကြွေးတွေသာ ဖြစ်ခဲ့မယ်ဆိုရင် ဒီဘဝ ဒီမျှနဲ့ ကျေပါစေတော့လို့ ဘုရားသခင်ဆီမှာ ဒူးထောက်ပြီး ဆုမတောင်းတော့ပါဘူးလေ။

"နင်လားဟဲ့ ကြမ္မာရှိင်း" ဆိုပြီးတော့သာ ကံကြမ္မာမုန်တိုင်းတွေကို လောကဓံ ကြိုးပိုင်းထဲမှာ အန်တုယှဉ်ပြိုင် စိန်ခေါ် ထိုးသတ်ဖို့ ဆုံးဖြတ်လိုက်မိတယ်။ မှန်သလား မှားသလားဆိုတာတော့ ကျွန်မ ဝေခွဲ ပိုင်းခြားနိုင်စွမ်း မရှိခဲ့ပါဘူး။

နှင်းခြေ ခြွေလွင့်လို့ ကြေလွင့် နေခဲ့ရပေမယ့် ဝေခွင့်လေးတော့ ရနေချင်သေးတယ်ဆိုရင် ကျွန်မ အတ္တကြီး သွားမယ်လို့ မထင်မိချင်ဘူး။ ကျွန်မ မပို့ဖြစ်တော့ဘူးလေ။

ကံကြမ္မာ မုန်တိုင်းထဲက ရွှန်း မထွက်နိုင်ခဲ့တဲ့ ဘဝအတွက် မျက်ရည်

လပြည့်ဝန်းမဂ္ဂဇင်း (နိဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

စက်တွေ ဆင်းသက်ခွင့် ကျွန်မ မပေးနိုင်တော့ဘူး။ ကျွန်မ ရင့်ကျက်လာတာတော့ မဟုတ်ဘူးပေါ့။ အရေထူသွားတာ၊ ခံစားမှုတွေ၊ ဒဏ်ရာတွေက နေရာယူ ကြီးစိုးသွားခဲ့တာပါ။

"ကိုယ်အောင်မြင်တဲ့ တစ်နေ့ ကျရင် ကလေးဆီ ပြန်လာခဲ့ပါ့မယ်" ဆိုတဲ့ ကိုတီတာရဲ့ နောက်ဆုံးနှုတ်ဆက်စကားလေးကို အချိန်တိုင်း သတိရနေမိတယ်။ ဒီလို အချိန်မျိုးမှာဆိုရင် ပိုပြီးတော့ မျှော်လင့်တမ်းတနေမိပါတယ်ရှင်ရယ်။

အဲဒီတုန်းက ကျွန်မ အရွယ်မရောက်ခဲ့သေးပေမယ့် ကျွန်မရင်ထဲမှာ ကိုတီတာ ရှိနေခဲ့တယ်ဆိုတာ နောက်တော့ သေချာသိလိုက်ရတယ်။ ကလေးဘဝကတည်းက ချစ်နေမိခဲ့တာပါဆိုရင် အပြစ်တစ်ခုတော့ ဖြစ်မယ် မထင်ပါဘူးနော်။

ရင်ထဲမှာ နင့်နေအောင် ခံစားခဲ့ရတယ်။ ဒီလို အခြေအနေမျိုးနဲ့တော့ ကိုတီတာ့်ကို မတမ်းတသင့်တော့ပါဘူးလေ။ ကျွန်မ ကြုံဆုံ ခံစားခဲ့ရသမျှကို အဖေသာ တမလွန်က သိခဲ့မယ်ဆိုရင် အဖေ အရမ်းကို ကြေကွဲနေရမယ်ဆိုတာ ကျွန်မ မယုံကြည်ချင်ဘူး။ ကျွန်မနဲ့ဝေးရာ ကောင်းကင်ဘုံတဝမှာ အဖေ ကျွန်မကို မေ့နေပါစေတော့လေ။

▲

ခံစားမှုအတွက် နုရွတဲ့ အသည်းနှလုံး မရှိတော့တဲ့ ဘဝမှာ ရေစုန်မျှောမိခဲ့ပါတယ်။ ဘီယာ လာသောက်တဲ့ ယောကျ်ားတွေအတွက် အမြင်အာရုံနိုးထ ရုန်းကြွေစေအောင် မလုံမလဲ တင်းတင်းကျပ်ကျပ် အဝတ်အစားတွေ ဝတ်ဆင်လာတတ်ခဲ့တယ်။ အနေအထိုင် အပြောအဆိုတွေက အစ အပြင်းဆုံး ညို့အားတွေ သုံးခဲ့တယ်။

ကျွန်မကိုယ် ကျွန်မ တန်ဖိုးမဲ့စွန့်ပစ်မစဉ်းတစ်ခုလို သဘောထားခဲ့တယ်လေ။ ယောကျ်ားအားလုံးရဲ့ မျက်လုံးပေါင်းများစွာဟာ ကျွန်မရဲ့ ခန္ဓာကိုယ်ပေါ်မှာ ရမ္မက်ကြီးစွာ စိုက်ကြည့် ငေးမောခြင်းကို ခံလိုက်ရပြီးတဲ့နောက် ခေါင်းမော့ ရင်ကော့မိတဲ့ ကျွန်မ အသိတရားတွေ ခေါင်းပါးခဲ့တယ်ဆိုရင် လက်ခံပါတယ်။

ဒါပေမဲ့ ကျွန်မ မှန်တယ်ထင်တာပဲ။ မှောင်မိုက်တဲ့ ညတွေဟာ ငွေဆိုတဲ့ အောက်မှာ ကျွန်မအတွက် ထိန်ထိန်လင်းခဲ့တယ်။ ငွေများများရမယ်ဆိုရင် ကမ္ဘာ့အပြင်ဘက်အထိ လိုက်ရဲတဲ့ သတ္တိတွေ ရရှိခဲ့တယ်။

ကျွန်မ ငွေကို လိုအပ်တာထက် ပိုမြတ်နိုးတတ်ခဲ့ပြီလေ။ အရင်ကလို ဆင်းရဲချို့ငဲ့တဲ့ မိန်းမတစ်ယောက် မဟုတ်တော့ဘူး။

ရွှေအပြည့် ငွေအပြည့်၊ လိုချင်တာမှန်သမျှ တမ်းတလိုက်ရုံနဲ့ ရောက်နိုင်လောက်တဲ့ ပညာတွေက အပြည့်။ စားချင်တာစား၊ သွားချင်ရာသွား။ အားလုံးက အိုကေပဲလေ။

ကျွန်မ ခန္ဓာကိုယ်ကို တပ်မက်ကြတဲ့ ယောကျ်ားတွေ အတွက်တော့ အသက်မဲ့ အပြုံးတွေ၊ ခံစားချက်ကင်းမဲ့တဲ့ အကြင်နာ အယုအယတွေကို ငွေဆိုတဲ့ ဖန်ဆင်းရှင်နဲ့ လဲလှယ်ပေးခဲ့ပါတယ်။

အဲဒီလို လုပ်ခဲ့တဲ့ ကျွန်မကို လူတွေက ပြောကြတယ်။ "မိန်းမပျက်မ"တဲ့။ ကျွန်မ မိန်းမပျက်မ မဟုတ်ရပါဘူး။ အဖြည့်ခံပါ။ သူတို့ လိုအပ်နေတာတွေကို ဖြည့်ဆည်းပေးခဲ့တာပါ။ **ဒါပေမဲ့ တန်ရာတန်ကြေးတော့ ကျွန်မ ယူခဲ့ပါတယ်။ ကြေးစားပေါ့။**

▲

ကြေးစားမိန်းမတစ်ယောက်ရဲ့ ရလဒ်ကတော့ H.I.V ဗိုင်းရပ်စ် ကပ်ဆောင်ဖြစ်ဖို့ သေချာသလောက်ပါပဲ။ အဆုံးသတ်မရှိတဲ့ ဘဝမှာ ကျွန်မ ဦးတ်ရဲခဲ့ပါတယ်။ တကယ်ဆို ကျွန်မတောဘဝ သေနေခဲ့သူပါ။ အသက်ရှင်လျက် သေဆုံးနေခဲ့ရတဲ့ ဘဝအတွက် နောင်တဆိုတာ မရချင်တော့ပါဘူး။ အရာရာကို အနှုံးပေးခဲ့ရသူက ကျွန်မ တစ်ယောက်တည်းပဲ ဖြစ်နေမယ် ထင်ပါရဲ့။

ကျွန်မ ဘဝမှာ မနက်ဖြန်တွေဟာ အရောင်မဲ့နေခဲ့တာပါလေ။

မျှော်လင့်ချက် မရှိတဲ့ ဘဝမှာ အရာရာဟာ အဓိပ္ပာယ်မဲ့နေခဲ့ပါတယ်။

▲

မေ့ထားချင်ပေမယ့် သတိတရ ရှိလှတဲ့စိတ်ကို ပိုင်စိုးနိုင်လောက်အောင် ကျွန်မ မစွမ်းနိုင်ခဲ့ပါဘူး။ အဖေရယ်၊ ပင်လယ်ကြီးရယ်၊ ဂျိတ်တော့ရွာကလေးရယ်ကို သတိရလွန်းလို့ ရွာကို ခဏပြန်လာခဲ့တယ်။

ဂျိတ်တော့ရွာကလေးနဲ့ အဖေ မြေပုံလေးဆီကို ရောက်အောင် လာခဲ့ပေမယ့် ကျွန်မ ခြေလှမ်းတွေက ရွေ့တိုခရီးမဆက်ဖြစ်ခဲ့ဘူး။ ကျွန်မ ဘဝကို ဖျက်ဆီးခဲ့တဲ့ လူယုတ်မာ တစ်ယောက်ကြောင့် ကျွန်မ သိပ်ချစ်ရတဲ့ အဖေနဲ့ ရွာကလေးကို ဒုတိယအကြိမ် တောခိုင်းမိခဲ့ပြန်တယ်။

နောက်ဆုံးတော့ ငယ်ဘဝ ခိုခန်းတစ်ခုမှာပဲ တည်းရင်း ပင်လယ်ကြီးကို ရင်ဖွင့်ခဲ့ရတယ်။ ရင်ထဲက ခံစားချက်တွေကို အကုန် ဖွင့်ဟခဲ့တယ်။ ကျွန်းလူးတင်ပါတယ် ဇလပင်ကြီးရယ်။

www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ကြီးကပဲ ကျွန်မကို နားလည်ပေးနိုင်ဆုံးပဲလေ။

မျက်ဝန်းထဲက မျက်ရည်တစ်စက် လှစ်ခနဲကျလာတာ သိလိုက်တယ်။ အမည်မသိတဲ့ ရင်ခွင်ရသ တစ်ခုပဲပေါ့။

အလင်းရောင်တစ်စက် အမှတ်မထင် ကျွန်မအနား ရောက်လာလို့ မော့ငဲ့ကြည့်မိတဲ့အချိန်မှ ရင်ခုန်သံတွေ ခဏတော့ ရပ်သွားခဲ့မယ်ထင်တယ်။ ပြန်ဆုံဖို့ မျှော်လင့်မထားရဲခဲ့တဲ့ လူတစ်ယောက်ကို တွေ့လိုက်ရတော့ အရာအားလုံးကို ခဏလေးတော့ မေ့သွားခဲ့ပါတယ်။

ကိုတီတာ။

ကျွန်မ ငယ်ငယ် ကလေးဘဝ ကတည်းက အားကိုး တွယ်တာခဲ့ရတဲ့ သူ။ အဖေ ပင်လယ်ထဲ ထွက်ရင် ကိုတီတာဟာ ကျွန်မရဲ့ သူရဲကောင်း တစ်ယောက် ဖြစ်ခဲ့သူပါ။ ဖြူစင်တဲ့ ကြင်နာယုယမှုတွေနဲ့ နွေးထွေးစေခဲ့တဲ့ သူကို အဖေ ဆုံးပါးသွားခဲ့ပြီးတဲ့နောက် တမ်းတမိခဲ့ပေမယ့် သူကတော့ ဘယ်ဝယ်ဘယ်ဆီ လွင့်ပါနေမှန်း ကျွန်မ မသိခဲ့ရဘူးလေ။

"ရှာလိုက်ရတာ မြကြာသီရယ်၊ တွေ့မယ့်တွေ့တော့လည်း တိုက်တိုက်ဆိုင်ဆိုင် ပင်လယ်မှာမှ လာဆုံရတယ်လို့"

သူကို ဘာပြန်ပြောရမှန်း မသိလောက်အောင် ရင်တွေ ခုန်နေခဲ့ရတယ်။ ကြည်နူး ပျော်ရွှင်ခဲ့ရတယ်။

"ကိုယ် မြကြာသီရဲ့ အကြောင်းစုံကို သိလိုက်ရတော့ အရမ်းဒေါသထွက်ရပါတယ်"

"ကိုတီတာ သိတာ ကျွန်မဘဝရဲ့ တစ်စိတ်တစ်ပိုင်းလောက်ပါရှင်ရယ်" လို့ နှုတ်က ဖွင့်မပြောဖြစ်ခဲ့ပေမယ့် ရင်ထဲမှာတော့ ကြေကြေကွဲကွဲလေး ပြောခဲ့မိပါတယ်ရှင်။

"အခု ကလေး ဘယ်မှာနေလဲ၊ ဘာလုပ်နေလဲ" တဲ့လေ။

ကျွန်မ အဖြေရခက်ဆုံး စကား တစ်ခွန်းပါပဲရှင်။ ဖြေနိုင်စွမ်းလည်း မရှိခဲ့ပါဘူး။ မျက်ရည်စက်တွေကသာ ကျွန်မရဲ့စကားလုံးတွေ ဖြစ်ခဲ့ပါတယ်။

"ကဲပါကွာ၊ မပြောချင်သေးရင်လည်း နေပါဦး၊ မငိုနဲ့တော့နော်၊ ကဲ ကဲ တိတ် တိတ်၊ တိတ်ပါတော့ ကလေးရယ်၊ မင်းရွာက ထွက်သွားတော့ ကိုယ်ရွာကို ရောက်ခဲ့တယ်၊ အကြောင်းစုံကို သိလိုက်ရတာနဲ့ ကိုယ် ချက်ချင်းရှာခဲ့တာပါ။ အခုတွေ့ပြီဆိုတော့ ဘာမှ အားမငယ်နဲ့တော့နော်၊ ကိုယ်ဒီမှာ အလုပ်ကိစ္စ လေးတွေပြီးရင် ကိုယ်နဲ့ တစ်ခါတည်း လိုက်ခဲ့တော့၊ ဟုတ်ပြီလား"

ကိုတီတာက စကားတွေပြောရင်း ကြင်နာမြတ်နိုးခြင်းများစွာနဲ့ ကျွန်မ ပခုံးလေးနှစ်ဖက်ကို ခပ်ဖွဖွ ကိုင်ပြီး-

"ကိုယ် မင်းကို အမြဲ ချစ်နေပါရစေ မြကြာသီရယ်" တဲ့လေ။

သူ့ဆီက ထွက်ပေါ်လာတဲ့ စကားလုံးလေးတွေဟာ ရနံ့သင်းတဲ့ လေပြည်လေညင်းကလေးပဲပေါ့။ ရင်နဲ့ မဆုံအောင် ကျေနပ်ခဲ့ရပါတယ်ရှင်။ ရင်ထဲက သံယောဇဉ်တွေ သူ့အတွက် ထာဝရ ရှင်သန်နေတာ မုသားမဲ့ သစ္စာစကားဆိုရင် သူကို ကျွန်မ မျှော်လင့်ခဲ့တာဟာ ဝန်ခံမှု တစ်ခုပါ။

ဒါပေမဲ့ ကျွန်မရဲ့ စုတ်ပြတ်နေတဲ့ ဘဝအမှန်ကြီးနဲ့ ဘယ်လိုမှ မပျော်နိုင်ခဲ့ပါဘူး။ အခုလို အချိန်မျိုးမှာ ကျွန်မ ဘဝမှန်ကို သူ သိခဲ့ရင် ကျွန်မ အပေါ်မှာ စိတ်သန့်နိုင်တော့မှာ မဟုတ်ပါဘူးရှင်။

ကျွန်မ ခန္ဓာကိုယ်ကလေးကို ဆွဲယူထွေးပွေ့ရင်း -

"ကိုယ်က မင်းကို ကလေးဘဝထဲက သံယောဇဉ် စွဲယ်ခဲ့ရသူပါ။ မင်း ဘယ်လိုဘဝမျိုး ရောက်နေရောက်နေ မြတ်မြတ်နိုးနိုးနဲ့ အမြဲတမ်း ကြင်နာယုယနေပါ့မယ် မြကြာသီရယ်" တဲ့။

"ကျွန်မလည်း ရှင့်လိုပါပဲလေ၊ ကလေးလေး ဘဝကတည်းက တွယ်တာနေခဲ့ရတာပါရှင်ရယ်"

လို့ ပြောချင်ပေမယ့်လည်း ပြောခွင့်မပြုဖို့ ကျွန်မ နှလုံးသားကို ဦးနှောက်တွေက အသိပေးတာ ခံခဲ့ရပါတယ်။

အဆုံးစွန်ထိ ကြည်နူးပျော်ရွှင်နေရမယ့် အချိန်မှာ အရမ်းခံစားကြေကွဲခဲ့ရပါတယ်။

တကယ်တော့ ရုစရာမရှိအောင် ကြေမွ ပျက်စီးနေတဲ့ မိန်းမ တစ်ယောက်ကို အကြောင်းစုံ အကုန်မသိဘဲနဲ့ မြတ်နိုးနေနိုင်မယ့် ကိုတီတာ့ အတွက် နစ်နာခဲ့ရပါတယ် ရှင်ရယ်။ ဖြူစင်သန့်ရှင်းပြီး မြင့်မြတ်ကြီးမားတဲ့ ကိုတီတာ့ရဲ့ မေတ္တာတရားကို ကျွန်မ ခံယူနိုင်စွမ်း မရှိခဲ့ပါဘူး။

▲

တစ်လှိမ့်ဖဲ့ခွေ
တစ်ပွင့်ကြွေနွမ်း
မွှေကြွေကျွမ်းလည်း
မောင့်အသည်းမှာ
ငြိစွဲတွယ်ရစ်
မေတ္တာစစ်နှင့်
ဆက်ချစ်နေမည် မြကြာသီ။

ချစ်သူရဲ့ ကဗျာတစ်ပုဒ်ဟာ ကမ္ဘာကျော် ဂန္ဓဝင် မဟုတ်ပေမယ့် ကျွန်မအတွက်တော့ အားအင်သစ်တွေကို မွေးဖွားစေနိုင်ခဲ့တဲ့ မဟာဆေး တစ်ခွက်ပါပဲ။

လင်မြည့်ဝန်းမဂ္ဂဇင်း (နိဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှင်ကြည်နူးခဲ့ရသလို ရင်နင့်စွာလည်း ခံစားကြေကွဲခဲ့ရပါတယ်။ ဖြစ်နိုင်ရင် အတိတ်ဆိုတာကို ပစ္စလက်ခတ်ကြီး မေ့ထားလိုက်ချင်တယ်။ ဖြစ်ပြီးခဲ့သမျှကို ဘာမှ သတိတရ ရှိမနေချင်တော့ပါဘူး။

အတိတ်မေ့ရောဂါ တစ်ခုကို နှစ်သက်စွာ စားသုံးချင်မိပါတယ် ရှင်ရယ်။ နောက်ဆုံး ကျွန်မ ဘယ်သူဆိုတာတောင် ပြန်မသိချင်တော့ပါဘူး။

ခံစားကြေကွဲခံရသမျှ ဘဝရဲ့ ဒိုင်ယာရီ စာမျက်နှာ တချို့အတွက် ချစ်သူက ထာဝရ ခွင့်လွှတ်ခြင်းတွေ ပေးအပ်ခဲ့ပြီးတဲ့နောက် လွင့်စဉ် ပျောက်ကွယ်သွားပြီလို့ လုံးဝတော့ ပြောလို့ မရဘူး။ အနှံ့တရ မဟုတ်ရင်တောင်မှ အမှတ်တရ ဒဏ်ရာ ဒဏ်ချက်တွေ ကတော့ ရှိနေဦးမှာပါ။

ဝမ်းနည်းကြေကွဲစွာ ချစ်သူကို ပြန်လည်ဖက်တွယ်ရင်း ချစ်သူ့ရင်ခွင်ရဲ့ နွေးထွေးမှုတွေကို ယုံကြည်စွာ ခံစားချင်ခဲ့မိတယ်။

ချစ်သူရဲ့ ချိုမြိန်တဲ့ အနမ်းတွေကို နှစ်သက်စွာ စားသုံးချင်မိပေမယ့် ဒါ အမှန်တရားတော့ မဖြစ်သင့်ဘူးလေ။

ကိုတီတာက ကျွန်မရဲ့ နူတ်ခမ်းနှစ်လွှာကို ခပ်ဖွဖွလေး နမ်းရှိုက်ပြီး -

"အနားယူတော့နော်၊ မနက်ကျမှ ပင်လယ်ထဲ ဆင်းကြတာပေါ့" တဲ့။

ကျွန်မကို အခန်းဝအထိ လိုက်ပို့တော့ 'အလှပဆုံးဖြစ်အောင် ကျွန်မ ပြုပြုပြင်ပြင်ဖြစ်ခဲ့တယ်။

ကျွန်မတို့ နှစ်ယောက်အတွက် မဆုံခင်က လမ်းခွဲကြဖို့ ဘဝရဲ့ နောက်ဆုံး အပြုံးတစ်ပွင့် ဆိုတာကိုတော့ တိုတိတ်တစ်ယောက် သိခဲ့မှာမဟုတ်ဘူးလေ။

သူကျောပြင်ကို ငေးကြည့်ရင်း သဲ့ခနဲ ရှိုက်လိုက်မိခဲ့ပါတယ်။ ပြန်တွေ့ကြတယ် ဆိုပေမယ့် ဆုံစည်းဖို့ ဆိုတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး ရှင်ရယ်။ ဆုံးဖြတ်ချက်တစ်ခုကို အမှန်ကန်ဆုံးဖြစ်အောင် ချရတော့မယ်။

ကိုတီတာရယ် ရှင့်ကို ကျွန်မ သိပ်ချစ်ခဲ့ပါတယ်။ အားကိုးခဲ့တာလည်း အမှန်ပါ။

ဒါပေမဲ့ တစ်ခါတလေ လောကကြီးထဲကို ကျွန်မ ရောက်လာခဲ့တာ ဘာအတွက်လဲလို့ မစဉ်းစားတတ်အောင်ဖြစ်ရတယ်။ ဘဝမှာ ဖြစ်ချင်တဲ့ဘထက် မနှစ်မြို့စရာတွေပဲ ဖြစ်ဖြစ်နေတယ်လေ။ ဂ်တရားက ကျွန်မတို့ နှစ်ယောက်ကို ကမ္ဘာကြားစေခဲ့ပြီးပါပြီ။

ကြေးစား မိန်းမပျက် တစ်ယောက်ရဲ့ နွမ်းခြောက်ကြေမွနေတဲ့ ဘဝအဆွေးကြီးနဲ့ ဖြူစင်သန့်ရှင်းတဲ့ ကိုတီတာရဲ့ မေတ္တာတရားက မတိုက်တန့်တော့ပါဘူး ရှင်ရယ်။ ကျွန်မကို နားလည်ပေးပါတော့နော်။ ဒီစာကို ကိုတီတာဖတ်နေတဲ့ အချိန်မှာ ကျွန်မကို ယုံကြည်ထားလိုက်ပါတော့။ ရှင်နဲ့ အဝေးဆုံးမှာ ရောက်နေခဲ့ပြီလို့။

ကာရန်မညီတဲ့ စာတချို့တစ်ဝက်ကို ရေးပြီး အိပ်ရာပေါ် တင်ထားရစ်ခဲ့တယ်။ ပြီးတော့ ကြယ်စင် တချို့ရဲ့ အလင်းကို အားကိုးပြီး ပင်လယ်ထဲကို ဆင်းခဲ့တယ်။ ရင်ထဲမှာ မွန်းကျပ်နေခဲ့ရပါတယ်။ ပြောမပြတတ်အောင်ဘဲ ခံစားနေခဲ့ရပါတယ် ရှင်ရယ်။

ဩော်- ပင်လယ်ကြီးကိုလည်း ထားရစ်ခဲ့ရတော့မယ်။ ချစ်သူကိုလည်း စွန့်ခဲ့ရတော့မယ်။ နူတ်ဆက်ခဲ့ပါတယ် ချစ်တဲ့ ပင်လယ်ပြာကြီးရယ်။

နှလုံးသားတစ်ခုနဲ့ နာကျင်မှုနဲ့အတူ မျက်ရည်တစ်စက်တစ်ပင်လယ်ထက်ကို ခုန်ချခဲ့တယ်။

ပင်လယ်ကြီးကို တော့ခိုင်းလိုက်ခဲ့နဲ့ ကျွန်မ ခြေလှမ်းတွေထက်တော့ နာကျင်ခြင်း များစွာဖြင့် တမ္ဘာသစ်တစ်ခုဆီသို့ ဦးတည်လျှောက်လှမ်းခဲ့ပြီလေ။

ဒီတစ်ခါတော့ ကျွန်မ လုပ်ရပ်တွေ အားလုံးမှန်သွားပြီဆိုတာ ကျွန်မ ကိုယ်ကျွန်မ အကြွင်းမဲ့ ယုံကြည်တယ်။ ဖြစ်ချင်တာထက် ဖြစ်သင့်တာတို့ ဆုံးဖြတ်ခဲ့တာပါ။

ဟိုးအဝေးဆုံးမှာ ရောက်နေခဲ့ပြီဆိုရင်လည်း ကျွန်မဘဝမှာ သိပ်မြတ်နိုးခဲ့ရတဲ့ အဖေရယ်၊ ရွာကလေးရယ်၊ ပင်လယ်ပြာကြီးရယ်၊ ပြီးတော့ ကိုတီတာရယ်ပေါ့။

ကျွန်မ လွမ်းဆွတ် တမ်းတသတိတရတော့ ရှိနေဦးမှာပါ။

အခုတော့ ရွှေရင်ခွင်နဲ့ အဝေးဆုံး တစ်နေရာကိုပေါ့။

ကြယ်ငင်သစ်

❑

www.burmeseclassic.com

www.burmeseclassic.com

တန်ဖေးမောင်ဖေမောင်

မျောက်ခဲ့နေသောဘဝ

လူဘဝ၏ မပြည့်စုံမှုတွေနှင့် ရှင်သန်နေရချိန်တွင် အလိုမကျမှုတွေ ဖြင့်သာ စိတ်ခံစားခဲ့ရသည်။ အစဉ် မပြည့်စုံမှုတို့အပေါ် စိတ်အလိုမကျ တိုင်း မိသားစုနှင့် ပြဿနာဖြစ်သည်။

တစ်ခါတစ်ရံ စိတ်လွတ်ကိုယ် လွတ် ပေါက်ကွဲမိသည့်အခါ ပတ်ဝန်း ကျင်၌ လူဆိုးတစ်ယောက်အဖြစ် သတ် မှတ်ခံခဲ့ရသည်။

မိသားစုဆိုရာ၌ ကျွန်တော်၏ မိသားစု အရင်းအချာများ မဟုတ်ကြ။ ကျွန်တော်က တစ်ကောင်ကြွက်၊ တစ် မျက်နှာသမား ဖြစ်သည်။ မိဘနှစ်ပါးမှာ ကျွန်တော် ငယ်စဉ် သိတတ်စလောက် ကပင် ဆုံးပါးခဲ့ကြသည်။

မိဘများ ဆုံးပါးသွားသောအခါ အမေ၏မောင်ဖြစ်သူ ဦးဧလေး ဦးမောင် ရွှေက ခေါ်ယူကျွေးမွေး စောင့်ရှောက်ခဲ့ သည်။ ဦးဧလေး ဦးမောင်ရွှေ၌ မိသားစု (၆)ယောက်ရှိသည်။

ဦးလေး မိသားစုသည်လည်း ပြေလည်ကြသည်မဟုတ်။ ကျပ်တည်း စွာ ရပ်တည်နေကြရသည်။

ကျွန်တော်ပါ ထိုမိသားစုလေး ထဲ ရောက်ရှိသွားသည့်အခါ သူတို့ အတွက် ဝန်ပိုတစ်ခု ဖြစ်လာသည်။

ဦးလေးမှလွဲ၍ ကျွန်မိသားစုဝင် တို့က ကျွန်တော့်အား တာဝန်မယူလို သော်လည်း ယူခဲ့ရသည့် အခြေအနေမို့ ကျွန်တော့်အတွက်လည်း အခက်အခဲ များနှင့် ရင်ဆိုင်ခဲ့ရသည်။

သို့သော်လည်း သူတို့မိသားစု ကျွန်တော့်အား လုပ်ပေးနိုင်ခဲ့သော အရာတစ်ခု ရှိသည်။ ကျွန်တော့်အား ဆယ်တန်းအောင်သည်အထိ ကျောင်း ထားပေးခဲ့သည်။

ထိုအခွင့်အရေးတစ်ခုဖြင့် ကျွန် တော့်ဘဝ၌ ပိုင်ဆိုင်ခွင့် ရရှိခဲ့သည်။

အခြားသော အခွင့်အရေး မူ သမျှကို ဘဝ၌ စိတ်ခံစားမှုအဖြစ်နှင့် သာ လက်ခံခဲ့ရသည်။

လူသားတစ်ယောက် ဖြစ်သော ကျွန်တော့်အတွက် လိုအပ်ချက်ဟူသမျှ ကို တောင့်တမိခဲ့သည်။ သို့သော်လည်း ရလာဒ်ဆိုးတို့ကိုသာ လက်ခံခဲ့ရသည်မို့ အခွင့်အရေးဆိုသည်ကို ကိုယ်နှင့်မဆိုင် သလို ခံစားခဲ့ရသည်။ ကြာတော့ ရယူ ခံစားခြင်းမရှိသော ဘဝကို ငြီးငွေ့လာ ခဲ့မိသည်။

ထို့ကြောင့်ပင် မိမိ၌ အသုံးချနိုင် စရာ အကြောင်းတစ်ခုဖြစ်သော ဆယ် တန်းအောင်ဆိုသည့် သတ္တိပဿချက်ကို

ထပ်ဆက်ပါအုံးမယ်

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းပြု၍ ကျောင်းဆရာဘဝသို့ ရောက်ရှိခဲ့သည်။

ကျောင်းဆရာဘဝ ဆိုသည်က လည်း ရယူခြင်းရှိသော ဘဝမဟုတ်။ ပေးဝေရသူ၊ ဖြန့်ဝေရသူသာ ဖြစ်သည်။ သို့သော်လည်း မိသားစုဘဝထက်တော့ သာလိမ့်မည်ဟု ထင်သည်။ ကျပ်တည်း မှုများ ရှိသော်လည်း စိတ်ခံစားမှု မများ ခဲ့ပေ။ ဘယ်လိုပဲဖြစ်ဖြစ် ထိုစဉ်က ကြုံ တွေ့နေရသည့် အခက်အခဲ၊ အကျပ် အတည်းတို့ကို ထိုအတိုင်း နေရုံဖြင့် လွန်မြောက်နိုင်မည် မဟုတ်ကြောင်း သိခဲ့သည်။

တစ်ခါတစ်ရံ အသက်ရှင်သန် နေရခြင်းကိုပင် လောကအတွက် ပေး ဆပ်ရန်သက်သက်ပါလားဟု တွေးထင် ခဲ့ဖူးသည်။ အခြားနည်းဖြင့်လည်း ထို အခြေအနေမှ ရုန်းထွက်ရန် လမ်းစကို မမြင်ပေ။ ထို့ကြောင့် ကျောင်းဆရာ အလုပ်ကို ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ကျွန်တော့်အတွက်တော့ ဘဝ သစ်တစ်ခုဟု ဆိုရမည်။ ဦးလေး၏ မိသားစုဘဝထဲတွင် အချိန်ကြာမြင့်စွာ နေလာခဲ့ပြီး ယခု ကျောင်းဆရာအလုပ် ခန့်စာကို ကိုင်၍ မြို့နှင့် အတန်ငယ် ဝေးသော ဇယက်စုရွာလေးသို့ ရောက် လာခဲ့သည်။

ပထ်ဝန်းကျင်အသစ်ထဲသို့ ဝင် ရောက်ခဲ့ရာတွင် အတွေ့အကြုံသစ်တို့ က ကျွန်တော့်စိတ်ကို အပြောင်းအလဲ ဖြစ်စေခဲ့သည်။

ဇယက်စုရွာလေးက ကုန်းတွင်း ပိုင်းကျသော ရွာဖြစ်သည်။ ရွာနံဘေးမှ ချောင်းတစ်ခုက ရစ်ခွေ စီးဆင်းလျက် ရှိသည်။ ထို့အပြင် အုပ်ဆိုင်းနေသော တောအုပ်တောတန်းနှင့် ရွာထိပ်က ထုံးစေတီလေးသည် လှည်းကောင်း၊ အစိမ်းရောင် လယ်ကွင်းပြင်ကြီးသည် လည်းကောင်း ရွာ၏ အလှကို နောက်ခံ ပြုထားကြသည်။ နံနက်ခင်းနှင့် ညနေ နေဝင်ပြီးစ အချိန်တို့၌ ရွာအခြေတွင် ရစ်သိုင်းနေသော မြူခိုးတို့ကလည်း ပန်းချီကားတစ်ချပ်နှယ်ပင်။

အတွေးတို့ မဆုံးမီ ဝဿန်လေ နှင့်အတူ ပါလာသော မိုးရော်မှုန်တို့က မျက်နှာပေါ်သို့ ထိရောက်လာသည်။ မကြာမီ မိုးရွာတော့မည်ပဲ။ ထိုအချိန် အတန်ငယ်ဝေးသော လယ်ကွင်းပြင် ဆီမှ ဖြတ်သန်းပျံဝဲကာ ဗျိုင်းငှက် တစ်အုပ် အနောက်ဘက်အရပ်ဆီသို့ အိပ်တန်းတက်ရန် ဦးတည်ပျံသန်းနေ ကြသည်။

မနီးမဝေးရှိ သစ်ပင်ပေါ်သို့ အတက်အဆင်းလုပ်နေသော ဆက်ရက် ငှက်တို့ကို ငေးကြည့်ရင်း မိသားစုဆို သော အသိုက်အမြုံကို တောင့်တနေ မိသည်။ စိတ်ထဲတွင် မိသားစု အနှောင် အဖွဲ့၏ သံယောဇဉ်ဆိုသော အရာကို ခံစားချင်မိသည်။

အနောက်ဘက်အရပ်ဆီမှ တိမ် မည်းတို့ ရွေ့လျားလာနေကြပြီ။ နေဝင် ချိန်၏ သဘာဝအလှတို့ကို ဖျက်ဆီးကြ တော့မည်ပင်။ ငှက်တချို့ပင် သူတို့၏ ခိုနားရာ အသိုက်အမြုံဆီ ပျံသန်းသွား နေကြသည်။

ကျွန်တော်သည်လည်း ထိုင် နေရာမှ ထလိုက်ပြီး ခိုနားခွင့်ပြုထား သော ဘုန်းကြီးကျောင်းပေါ်သို့ လေး ကန်စွာ တက်ခဲ့သည်။ ဘဝ၌ ပျော်ရွှင် ခြင်းတို့ ဆိတ်သုဉ်းခဲ့ပြီး အထီးကျန်ဆန် စွာ ရှင်သန်ခဲ့ရသည်။ တွေဝေခြင်းတို့က ဘဝ၌အဖော်ပြုရသည်မို့ အရာရာသည် ကျွန်တော့်အတွက် အဆင်မပြေခြင်း တို့နှင့်သာ နှစ်သိမ့်ခဲ့ရသည်ပင်။

ကျွန်တော် တွေးခေါ်သို့ ရောက်သည်နှင့် မိုးက သဲကြီးမဲကြီး ရွာချလိုက်သည်။ မနေ့မနှောင်းပင် ကျွန်တော်၏ နောက်ဘက်ဆီမှ ဆီ မသ ခေါ်သံကို ကြားလိုက်ရသည်။

"အားပါး . . . အားပါး"

လှည့်ကြည့်လိုက်သည်တွင် ကျောင်းအဝင်ဝ၌ မိုးရေတို့ စိုရွှဲနေ သော ကလေးနှစ်ယောက်ကို တွေ့ရ သည်။ အစ်ကိုဖြစ်သူက သူ၏ညီလေးကို ကျောပိုးထားသည်။ တစ်ခုခု အကူအညီ တောင်းခံနေသည်ဟု စိတ်ကထင်သဖြင့် မေးကြည့်လိုက်သည်။

"ကလေး ဘာကူညီပေးရမလဲ"

"အားပါး ပါး . . . အားပါး"

ထို့နောက်၌ ကျွန်တော်သိလိုက် ရသည်က ထိုကလေးနှစ်ယောက်တွင် အစ်ကိုဖြစ်သူက ဆွဲ့အသူ၊ ညီဖြစ်သူက လမ်းမလျှောက်နိုင်သော အကြောသေ ဝေဒနာရှင်တို့ဖြစ်ကြောင်း သိလိုက်ရ သည်။

ထိုတွင် အစ်ကိုဖြစ်သူက ချမ်း အေးနေရှာသော ညီလေးအား ယုယစွာ ပွေ့ဖက်ထားပေသည်။ ထိုညီအစ်ကို နှစ်ယောက်ကို ကြည့်၍ သနားစိတ် ဝင်မိသည်။

ဘာကြောင့်ရယ် မသိ သူတို့ နှစ်ဦး၏ အသွင်သဏ္ဌာန်တို့ကို ကျွန် တော့်စိတ်ထဲ စွဲမြဲသွားခဲ့သည်။

ထို့နောက် ကျောင်းထိုင်ဆရာ တော်ကြီး ရောက်လာပြီး -

"ဟဲ့ ဖိုးတာတို့ ညီအစ်ကိုလား မိုးမှောင်ကျနေပြီလေ၊ ခုချိန်ထိ အိမ် မပြန်ကြရသေးဘူးလား။ အင်း ခုတ္တ ခုတ္တ စိုရဲ့ . . . ကပ္ပိယ"

"ဘုရား၊ တပည့်တော်ရှိပါသေး ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

"ဖိုးတာတို့ ညီအစ်ကိုကို လိုက်ပို့လိုက်စမ်း၊ အိမ်း သတ္တဝါတိုင်း ဝဋ်ကြွေးပါလာရင် ပေးဆပ်ကြရတာပဲ"

ထိုညတာ ဖိုးတာတို့ ညီအစ်ကို ပြန်သွားပြီးနောက် ကျွန်တော်၏ အဲခန်းလေးထဲ၌ အိပ်ရာပေါ်သို့ ရောက်ရှိသည့်တိုင် သူတို့နှစ်ယောက်၏ ပုံရိပ်တို့က ကပ်ငြိနေခဲ့သည်။

အရွယ် မရောက်သေးသော ဒုက္ခိတ ညီအစ်ကိုနှစ်ယောက် အချိန်တန် အိမ်ပြန်ရမည့်အချိန် အိမ်မပြန်နိုင်သေးသည့်အကြောင်းတို့က ဘယ်လို အကြောင်းတွေကြောင့်လဲ၊ သိချင်သော်လည်း မည်သူ့ကိုမျှ မမေးမိခဲ့ပေ။

နှစ်ရက်ခန့်အကြာ ညနေဘက် ကျောင်းဆင်း၍ ကျွန်တော် တည်းခိုရာ ဘုန်းကြီးကျောင်းသို့ ပြန်လာခဲ့သည်။ စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းက အနည်းငယ်သာ ဝေးသည်။

ဘုန်းကြီးကျောင်းဝင်းအတွင်း ဝင်လိုက်လျှင် ကျောင်းရှေ့ဧရပ်ပေါ်တွင် ခွေခွေလေး အိပ်ပျော်နေရှာသော ဖိုးတာ၏ညီ ဖိုးမောင်လေးကို တွေ့ရသည်။

ထို့ကြောင့် အနီးအပါးတွင် ဖိုးတာကို ရှာကြည့်သည်။ ဖိုးတာက ရေပုံးတစ်ပုံးဖြင့် ကျောင်းရှေ့ရှိ ခြေဆေးအိုးထဲ ရေဖြည့်နေသည်။ ဖိုးတာ ရေဖြည့်ပြီးချိန်လောက်တွင် ဖိုးမောင် နိုးလာသည်။ ဖိုးတာက ကပ္ပိယကြီး ပေးလိုက်သော မုန့်ထုပ်ကိုယူ၍ ဖိုးမောင်ဆီ သွားသည်။

ကျွန်တော် အဝတ်အစားလဲပြီး ပြန်ထွက်လာသည်တွင် ဖိုးတာတို့ ညီအစ်ကိုကို မတွေ့ရတော့သဖြင့် -

"ကပ္ပိယကြီး၊ ဖိုးတာတို့ ညီအစ်ကို ပြန်သွားကြပြီလား"

"စောစောက ဧရပ်ပေါ်မှာရှိကြသေးတယ် ဆရာလေးရဲ့၊ အခု ဘယ်ကို ခရီးဆက်ကြပြန်ပြီလဲ မသိဘူး။ သူတို့ကိုလည်း အရပ်က ကျွေးနေရတယ် ဆိုပါတော့၊ အခုလည်း ထမင်း မစားရသေးဘူးဆိုလို့ မုန့်တစ်ထုပ်ပေးလိုက်ရတယ်၊ ဘုန်းကြီးကျောင်းက ပစ္စည်း ဆိုတာ ဒီအတိုင်း မစားကောင်းဘူး၊ အပြစ်ရတယ် ဆရာလေးရဲ့၊ ဒါကြောင့် ခြေဆေးအိုးထဲ ရေဖြည့်ခိုင်းပြီးမှ စားခိုင်းရတယ်"

"ဖိုးတာတို့မှာ မိဘတွေ မရှိကြတော့ဘူးလား"

"အင်း၊ ဘယ်လို ပြောရမလဲ၊ ဖိုးတာတို့ အဖေ ချစ်ထွန်းက သူတို့ငယ်စဉ်ကပဲ ပိုးထိပြီး ဆုံးသွားတယ်၊ သူတို့အမေ မိဒ္ဒေးကလည်း သားနှစ်ယောက်နဲ့ ပင်ပန်းကြိစွာ ရုန်းကန်ခဲ့ရတာပေါ့၊ မိဒ္ဒေးက ဒီရွာဇာတိမဟုတ်ဘူး၊ နောက်တော့ မိဒ္ဒေးက အရွယ်လေးလည်းရှိ၊ ပင်ပန်းဆင်းရဲနဲ့ ရုန်းကန်နေရတာကို မကြည့်ရှုက်ကြတော့ လူကြီးတွေက တစ်ပင်လဲ တစ်ပင်ထူဖို့ ခွင့်ပြုလိုက်ကြတယ်။

အဲဒီမှာ အရက်သမား ဖဲသမား တင်စိုးနဲ့ အကြောင်းပါခဲ့တယ်၊ အစက တော့ စာင်စိုးက ဒီမိသားစုကို တာဝန်ယူစောင့်ရှောက်ပါ့မယ်၊ စိတ်မဆင်းရဲစေရပါဘူးလို့ ကတိတွေ ပေးခဲ့ပေမယ့် အိမ်ထောင်သက်ရလာတာနဲ့အမျှ အရက်သမား၊ ဖဲသမား ဝိဇ္ဇာ ပြလာတော့တာပဲ၊ အရက်မူးလာရင် သူတို့သားအမိတွေကို ပြဿနာရှာ ရိုက်နှက်တော့တာပဲ။

တင်စိုးကလည်း အရက်ကို တစ်နေကုန်သောက်လာတယ်၊ တင်စိုး အရက်မူးလာရင် ကလေးနှစ်ယောက်လည်း အိမ်မှာ မနေရဲကြဘူး၊ သူက ကလေးတွေကို မကြည်ဖြူဘူးလေ၊ မိဒ္ဒေးကလဲလည်း လင်ကို ကြောက်ရတော့ အလုပ်က ပြန်လာရင် ချက်ပြုတ်ရ၊ တင်စိုးရဲ့ ဝေယျာဝစ္စလုပ်ပေးရနဲ့ ကလေးနှစ်ယောက်ကို မကြည့်နိုင်ခဲ့ဘူး"

ဖိုးတာတို့ အကြောင်းကြားသိခဲ့ရပြီးနောက် သနားစာရလာသက်မိသည်။ ထို့ကြောင့် ဖိုးတာတို့ညီအစ်ကိုနှင့် ကျွန်တော်ဆုံမိလျှင် အရောတဝင်ဆက်ဆံပေးခဲ့သည်။ တတ်နိုင်သမျှ ဖေးမကူညီခဲ့သည်။ အမေရှိသော်လည်း အမေ့မေတ္တာကို အပြည့်အဝ မရရှိကြသည့် သူတို့လေးတွေ၏ ဘဝကို ကိုယ်ချင်းစာမိသည်။

မိဘမေတ္တာကို ကျွန်တော်သည်လည်း တောင့်တမိသည်ပင်။

ကျွန်တော်၌ မိဘနှစ်ပါးစလုံး မရှိကြတော့၍သာ မိဘမေတ္တာကို မခံစားရခြင်း ဖြစ်သည်။ သူတို့လေးတွေ၏ အဖြစ်က ရောက်ကြိုး မြင်နေပါလျက် ရေမသောက်ရသည့် အဖြစ်နှင့် တူနေသည်။ ထို့ကြောင့် ကျွန်တော်၏ နွေးထွေးကြင်နာမှုကို ရကြသည့်အခါ သူတို့တွေ ကျွန်တော့်အား တွယ်တာခင်မင်လာခဲ့ကြသည်။

ဖိုးတာက ကျောင်းနေမည်ဆို လျှင် သုံးတန်း၊ လေးတန်း ကျောင်းသားအရွယ်ဖြစ်သည်။ ဆွဲ့အနေသူမို့ ကျောင်းနေရဟန် မတူ။ သူတို့ ညီအစ်ကိုကလည်း စာသင်ကျောင်းဆိုသည်ကို သူတို့နှင့်မဆိုင်။ သူတို့ ရောက်ခွင့်မရှိသော နေရာဟု သတ်မှတ်ထားဟန်ရှိသည်။ ကျွန်တော်က သူတို့၏ စိတ်သဘောကို သိလို၍ စိတ်စမ်းခဲ့ဖူးသည်။

"ဖိုးတာ စာတတ်လား"

လမ်းညွှန်မဂ္ဂဇင်း (နိဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

"အားပါး ပါ. . "

"မတတ်ဘူးတဲ့ ဆရာလေး"

ဖိုးမောင်က ဝင်ပြောသည်။

"ဖိုးမောင်ရော ရေးတတ် ဖတ် တ်လား"

"ဟင့်အင်း မတတ်ဘူး"

"ဟုတ်ပြီ ဒါဆို မင်းတို့ကို ဆရာ စာသင်ပေးမယ်"

ကျွန်တော့်စကားကြောင့် ဖိုးတာ အလွန် ပျော်သွားပုံပင်။ ထို့နောက် မျက်နှာညှိုးငယ်သွားပြီး -

"အားပါး. . အားပါးပါ ပါး. . အားပါး . . ပါ"

ဖိုးတာက သူ မသင်လိုတော့။ သူညီ ဖိုးမောင်လေးကိုသာ သင်ပေး ပါတဲ့။ ပြီးတော့ ဖိုးမောင်ကို ကျွန် တော်လို ကျောင်းဆရာတစ်ယောက် ဖြစ်စေလိုသည်တဲ့လေ။

ကျွန်တော်ရင်ထဲ ဆို့နင့်သွား သည်။ ဖိုးတာက သူညီ ဖိုးမောင် အပေါ်ထားသည့် မေတ္တာကို ကျွန်တော် ခန့်မှန်းခိုင်ခဲ့သည်။ သူညီ ဖိုးမောင်၏ ဘဝကို လူတိုင်းရသည့် အခွင့်အရေးမျိုး ရစေဖြစ်စေလိုသည့် ဆန္ဒတွေရှိနေ သည်။

ကျွန်တော့်၌ ညီအစ်ကို မောင် နှမ အရင်းအခြာမရှိသော်လည်း သူတို့ ညီအစ်ကို၏ သံယောဇဉ်ကို ခံစား နား လည်နိုင်သည်။ ကျွန်တော်ကိုယ်တိုင် လည်း တောင့်တမိခဲ့ဖူးသည်။

ဖိုးတာတို့ ညီအစ်ကို ကျွန်တော် ထံသို့ နေ့တိုင်းလိုလို ရောက်လာတတ် သည်။ ရောက်လာတိုင်း ကျွန်တော်နှင့် စကားတွေပြောခဲ့ကြသည်။ ကျွန်တော် စာတတ်စူးသည့် ပုံပြင်များ၊ အတွေ့ အကြုံများကို ပြောပြခဲ့သည်။ တစ်ခါ တစ်ရံ ဒီဘဝတွေနှင့်ဆိုင်သော ပုံပြင် များ၊ ဝတ္ထုများ ပြောသည့်အခါ သူတို့ လေးတွေ၏ မျက်နှာများ ညှိုးငယ်နေ တတ်သည်ကို တွေ့ရသည်။ မိခင်၏ မေတ္တာကို တောင့်တနေကြသည်ဟု ထင်သည်။

တစ်နေ့ကျောင်းပိတ်ရက် ရွာ ထဲသို့ အပျင်းပြေလမ်းလျှောက် ထွက်ခဲ့ သည်။ ရွာလမ်းပေါ်၌ ကလေးတချို့ ဆော့ကစားနေကြသည်။ ရွာသားတချို့ လယ်ကွင်းပြင်ဘက်ဆီမှ ပြန်လာနေကြ သည်ကိုလည်း တွေ့ရသည်။

ဝိုင်းဖွဲ့ကစားနေသော တလေး အုပ်စုထဲတွင် ဖိုးတာတို့ ညီအစ်ကိုကို ရှာမိသည်။ မတွေ့ရ။ ထိုမှဆက်၍ လျှောက်လာမိသည်တွင် တစ်နေရာ အရောက် အိမ်တစ်အိမ်ထဲမှ ထွက်လာ သည့် ဖိုးတာတို့ ညီအစ်ကိုကို တွေ့လိုက် ရသည်။

ဖိုးတာက ဖိုးမောင်ကို ကျောပိုး ထားပြီး လက်ထဲ၌ ပုလင်းတစ်လုံးကို ကိုင်ထားသည်။ ဖိုးတာက ကျွန်တော်ကို တွေ့လျှင် လက်ထဲမှ ပုလင်းကို နောက် သို့ ပုတ်လိုက်သည်။ ကျွန်တော်နှင့် မလှမ်းမကမ်းသို့ရောက်လျှင် ဖိုးမောင် က ဦးစွာပင်-

"ဆရာလေး ဒီအရက်က သူများ ဝယ်ခိုင်းတာပါ၊ ဖိုးတာ မသောက်ဘူး"

"အေး အေး သွားပို့ပြီး ဆရာ့ဆီ လာခဲ့"

ခဏအကြာ ဖိုးတာတို့ညီအစ်ကို ကျွန်တော့်ဆီ ရောက်လာကြသည်။ နှစ်ယောက်စလုံး မျက်နှာတွေ ငယ်နေ ကြသည်။ သူတို့တွေကို ဆုံးမလမ်းပြ ပေးမည့်သူ နည်းပါးကြဟန်ရှိသည်။

"ဖိုးမောင်၊ မင်းတို့ကို ဘယ်သူ က အရက်ဝယ်ခိုင်းတာလဲ"

"ဦးမောင်လုံးပါ ဆရာလေး"

"မင်းတို့ကကော ဘာလို့ သွား ဝယ်ပေးရတာလဲ"

နှစ်ယောက်စလုံးက မဖြေ။ ထို့နောက်မှ ဖိုးတာက သူခါးကြားရှိ လိပ်ထားသော ငွေစက္ကူတစ်ရွက်ကို ထုတ်ပြသည်။

"နောက်ကို မှတ်ထား၊ ဘယ် သူတ ဘာပေးပေး ဒီလိုကိစ္စမျိုးကို လုပ်မပေးရဘူး၊ ကြားလား ဖိုးတာ"

"အားပါး . . အားပါး . . ပါး . . အား ပါး. . အီးတီး. . တီး"

ဖိုးတာက သူညီ ဗိုက်ဆာလို့ ငိုလျှင် မုန့်ဝယ်ကျွေးချင်လို့ လုပ်ရ တာပါဟု ပြောလာသည်။ ကျွန်တော့် ရင်ထဲ ထိခိုက်သွားသည်။ တစ်ဆက် တည်းမှာပင် ကျွန်တော့်၌လည်း ဖိုးတာ လို ညီငယ်အပေါ် ချစ်ခင်ကြင်နာတတ် သော အစ်ကိုတစ်ယောက်ရှိခဲ့လျှင်ဟု အတွေးရောက်မိသည်။

ဖိုးမောင်ကလေး အလွန်ကံ ကောင်းသည်။ ကျွန်တော်သည်ပင် သူတို့ ညီအစ်ကို၏ ချစ်ခြင်းမေတ္တာကို အားကျမိသည်။

ဖိုးတာတို့ ညီအစ်ကိုက နှစ် ယောက်ပေါင်း တစ်ဘဝဟုဆိုရမည်။ မသန်စွမ်းသော ဖိုးမောင်လေး သွား လိုရာ ဖြစ်လိုရာကို ဖိုးတာက ကူညီရ သလို ဖိုးတာပြောလိုသည့် စကားတို့ကို ဖိုးမောင်က ပြောပေးရသည်။

ညီအစ်ကို နှစ်ယောက်ကိုလည်း အတူတွဲလျက်သာတွေ့ရသည်။ သူတို့ကို ကြည့်ပြီး ကျွန်တော် သင်ခန်းစာတစ်ခု ရလိုက်သည်။ သူတို့ဘဝ၏ အခက်အခဲ အကျပ်အတည်း သူတို့ကိုယ်တိုင် ရင် ဆိုင် ဖြေရှင်းကြသလို လတ်ရှိဘဝတို့ လည်း ရဲရဲရဲဝံ့ ရင်ဆိုင်နိုင်ကြခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကတော့ ကျွန်တော့် ပတ်ဝန်းကျင်အပေါ် အလိုမကျမှု မကျေနပ်မှုတို့ဖြင့်သာ ဖြေရှင်းခဲ့သည်။

စာသင်နှစ် ကုန်ဆုံးခါနီးပြီမို့ ကျောင်းသား ကျောင်းသူတို့ပင် နှစ်ဆုံး စာမေးပွဲ ဖြေဆိုရန် ပြင်ဆင်နေကြပြီ။ ဆောင်းမှ နွေအကူးထွင် သစ်ပင်တချို့ ရွက်ဟောင်းတို့ကို ခြွေချနေကြသည်။

အချို့လည်း ပွင့်ရွက်တို့ ခါချ ကာ သီးကင်းဘဝသို့ ကူးပြောင်းကြ သည်။ လယ်လုပ်ငန်းပြီးဆုံးချိန်မို့ ရွာ သားများလည်း ဝမ်းစာစပါးများ သိမ်း ဆည်းနေကြသည်။

တစ်နေ့ညနေခင်းတွင် လမ်း လျှောက် ထွက်လာရင်း ဖိုးတာတို့ အိမ်ဘက်သို့ ရောက်လာသည်။ ဖိုးတာ တို့အိမ်နှင့် ခပ်လှမ်းလှမ်းအရောက် ဖိုးတာတို့ အိမ်ဆီမှ ပထွေးဖြစ်သူ၏ ဆူပူကြိမ်းမောင်းသံကို ကြားရသည်။ ပတ်ဝန်းကျင်က စိတ်ဝင်စားမှု မရှိကြ။ ထိုအသံတို့က ပတ်ဝန်းကျင်အတွက် ရိုးနေကြပြီထင်သည်။

"မိဌေး ငါ့ကို အရက်ဖိုးပေးလို့ ပြောနေတယ်နော်"

"ကျွန်မမှာ ဒီနေ့ နေ့စားလုပ် ထားတဲ့ လုပ်အားခလေးပဲ ရှိတယ်၊ အဲဒီငွေနဲ့ ထမင်းဟင်းချက်ဖို့ ဝယ် လိုက်ရတယ်၊ ကျွန်မမှာ တစ်ပြားမှ မရှိတော့ပါဘူးလို့ ပြောနေတယ်"

"မိဌေး နင် ငါ့ကို မလိမ်နဲ့၊ နင်သိမ်းထားတာတွေ ရှိတယ်မလား၊ နင်က ဘယ်လင်ငယ်ကို မေးဖို့ သိမ်း ထားတာလဲ၊ ဒီကောင်မတော့ နာချင် ပြီနဲ့ တူတယ်"

ကိုတင်စိုးက အရက်မူးနေဟန် ရှိသည်။ စကားတို့က ပလုံးပထွေးဖြစ် နေသည်။

"ရှင် ကျွန်မ သိက္ခာကို မစော်ကားနဲ့နော်၊ ကျွန်မမှာ သိမ်းထားဖို့ ငွေပိုငွေလျှံလည်း မရှိဘူး။ ရှင်ကရော ကျွန်မကို ပိုက်ဆံဘယ်နှပြားပေးတာ ရှိလို့လဲ၊ ကျွန်မတို့မှာ ရတဲ့ နေ့စားခ လေးနဲ့ မလောက်မင စားနေရတာလေ"

"ဟာ- ဒီကောင်မ ငါလုပ်မိ တော့မယ် ကဲကွာ"

"ဝုန်း"

"အမလေး သေပါပြီတော်"

"အားပါးပါ. . အားပါး"

"ဩော် ဒီဆောက်အုံက မအေ ကိုထိတော့ နာတယ်ပေါ့၊ နာချင်ဦး နာချင်ဦး"

"ဖျန်း . . . ဖျန်း"

"ရှင့် ကျွန်မသားတွေကို မလုပ် နဲ့နော်၊ ကျွန်မ အသက်နဲ့ လဲပစ်လိုက် မယ်၊ သား ဖိုးတာ နောက်ဆုတ်နေ"

မမိဌေးတစ်ယောက် သားကို ထိတော့ မနေနိုင်ပြီ။ အနီးအနားတွင် တွေ့ရသည့် ဓားကို ဆွဲကိုင်ထားသည်။ သားကို ကွာကွယ်ဖို့ သတ္တိမွေး သွေး တွေရလာသည်။ ထိုအခြေအနေတွင် ပတ်ဝန်းကျင်မှ အိမ်နီးချင်းများ ရောက် လာကြပြီး ဖျန်ဖြေလိုက်သဖြင့် ပြဿနာ ပြီးသွားခဲ့သည်။

ထိုအဖြစ်အပျက်တို့ကို မြင်တွေ့ ကြားသိလိုက်ရသည့် ကျွန်တော့်ရင် ထဲ၌ ဘာရယ်မသိ ကျေနပ်ဝိတိဖြစ်ရ သည်။

ဖိုးတာတို့ အမေက ဖိုးတာတို့ ညီအစ်ကိုအပေါ် ဘယ်လောက်ချစ် ကြောင်း သက်သေထူပြလိုက်ပြီ။

ဖိုးတာသည်လည်း မိခင်အား ပထွေးဖြစ်သူက နှိပ်စက်သည့်အခါ မိခင်ကို ချစ်သည့်စိတ်ကြောင့် ပထွေး ဖြစ်သူကို တုံ့ပြန်ခဲ့သည်။

ဖိုးတာတို့ သားအမိတွေ တစ်ဦး ကိုတစ်ဦး မေတ္တာဖြင့် အပြန်အလှန် အကာအကွယ်ပေးကြသည်ကို တစ်မိ စိမ့် တွေးရင်း ကျွန်တော့်ရင်ထဲ အကျေ နပ်ကြီး ကျေနပ်နေမိသည်။

မိသားစုဆိုသည့် သဘာဝလေး ကို အမှတ်မထင် တွေ့လိုက်ရသည့် အတွက်လည်း ရင်ထဲ၌ တစ်ခုခုကို လွမ်းဆွတ်သလို ရှိခဲ့သည်။

နွေရာသီ ကျောင်းပိတ်ရက်မို့ အိမ်ပြန်လာခဲ့သည်။ အိမ်ရှေ့ရောက် သည်နှင့် ဦးလေး၏ သမီးအငယ်ဆုံး လေး ထွက်လာသည်။

"မမရေ ကိုထွဋ် ပြန်လာပြီ"

"ဟုတ်တယ် ညီမလေး၊ ဒီမှာ ညီမလေးအတွက် မုန့်ဝယ်လာတယ်"

"ကိုထွဋ် ညီမဖို့ရော ဘာပါလဲ"

"ညီမလေးနဲ့ အတူတူ စားလေ ယွန်းရဲ့"

ကျောင်းအားရက် အိမ်၌ရှိနေ စဉ် အိမ်ရှိ အလုပ်များကို လုပ်ဖြစ်ခဲ့ သည်။ အိမ်ရှေ့ရေမြောင်းထဲ၌ အမှိုက် သရိုက်များ ပိတ်ဆို့နေသည်ကို ရှင်းလင်း ပေးခဲ့သည်။ အိမ်နောက်ဘက်ရှိ ရေစင် ပြိုကျနေသည်ကို ပြုပြင်ပေးခဲ့သည်။ ထို့အပြင် အိမ်မှုကိစ္စ လုပ်စရာများ ရှိလျှင်လည်း ကူညီပေးခဲ့သည်။

တစ်နေ့ အိမ်ထဲ၌ ကျွန်တော် စာဖတ်နေစဉ် ဦးလေးနှင့် အဒေါ်တို့၏ ပြောဆိုနေသံကို ကြားရသည်။

"ကိုမောင်ရွှေရေ ကျွန်မဖြင့် အံ့ဩနေတယ်၊ ကိုထွဋ်လေ ပြန်လာ ကတည်းက ပုံစံတွေ ပြောင်းလာလိုက် တာ၊ သူညီ ညီမတွေ အစ်ကို အစ်မ တွေနဲ့ အဆင်မပြေနေတယ်၊ ပြီးတော့ အိမ်အလုပ်တွေဆိုရင်လည်း ပြောစရာ မလိုဘူး။

လယ်ပြည့်ဝန်းမဂ္ဂဇင်း (နိဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မဖြင့် ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ ကျွန်မ မွေးရကျိုးနပ်ပါပြီနော်၊ ဘာပဲဖြစ်ဖြစ် တူဝိုဗေမယ့် ကျွန်မတို့ လက်ပေါ်မှာ ပြင်းခဲ့ရတာ ဆိုတော့ ကျွန်မတို့သားပဲပေါ့တော်"

ကျွန်တော် ကျေနပ်နေမိသည်။

မိသားစုဆိုသော ဘဝလေးထဲတွင် ကျွန်တော့်ကို ပါဝင်ခွင့်ပြုခဲ့ကြသည်။ ကျွန်တော် တောင့်ခဲ့သည့် အရာတွေထဲတွင် မိသားစု ဆိုသော အသိုက်အမြုံလေးထဲ၌ နွေးထွေးကြင်နာစွာ ပျော်ဝင်လိုခဲ့သည်။

ယခုဆိုလျှင် မိသားစုအားလုံး၏ ချစ်ခင်ရင်နှီးခြင်းကို ခံရပေပြီ။

ကျွန်တော် သည်လည်း ထို မိသားစုလေးကို ချစ်ခင်တွယ်တာတတ်ခဲ့သည်။

လောကတွင် ကိုယ်က မပေးဘဲ ဘာမှပြန်မရနိုင်။ လူတိုင်းသည် ကိုယ်ရပ်တည် ကျင်လည်ဖို့အတွက် ကိုယ့်ကိုယ်ကိုယ်သာ ရွေးချယ်ရမည်ပင်။ ထိုအသိတရားကို ပေးခဲ့သည်မှာ ဖိုးတာတို့ ညီအစ်ကိုပင် ဖြစ်သည်။

သူတို့ဘဝ ရပ်တည်ရေးအတွက် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် သူတို့ဘဝကို ပေးဆပ်ခဲ့ကြရသည်။

ယခုဆိုလျှင် သူတို့လေးတွေ ထည်း မိခင်ရင်ခွင်တွင် အမေ့မေတ္တာကို ခံယူရင်း မိသားစု ဘဝလေးထဲတွင် ပျော်ရွှင်နေကြပေလိမ့်မည်။

လောကတွင် လူသားတိုင်း ကောင့်တာနေကြသည်မှာ မေတ္တာတရားကင် ဖြစ်ပေသည်။

ဤနေတော့်ထက် ဖိုးတာတို့ ညီအစ်ကို မိခင်၏ မေတ္တာရင်ခွင်တွင် နွေးထွေးစွာနေခွင့်ရခြင်းကို ပို၍ကျေနပ်နေမိသည်။

သို့သော်လည်း ထိုကျေနပ်မှု ဝိဏိက ကာလကြာရှည်စွာ ဖြစ်ခွင့်မရလိုက်။ ကျောင်းများ ပြန်ဖွင့်၍ တာဝန်ကျရာ ဖိုးတာတို့ရွာသို့ ပြန်အရောက်တွင် မထင်မှတ်သော စကားတို့ကို ကြေကွဲစွာ ကြားခဲ့ရသည်။

"ကပ္ပိယကြီး၊ ကျွန်တော်မရှိတုန်း ဖိုးတာတို့ ညီအစ်ကို ဒီကိုလာကြသေးလား။ ကျွန်တော် သူတို့အတွက် မုန့်တွေ ဝယ်လာတယ်"

"အင်း- ဆရာလေးရေ ခရီးရောက်မဆိုက် စိတ်မကောင်းစရာအဖြစ်ကို ပြောရဦးမယ်"

"ဟင်- ဖိုးတာ့တို့ ဘာဖြစ်လို့လဲ ကပ္ပိယကြီး"

"လွန်ခဲ့တဲ့ နှစ်လလောက်က ပေါ့၊ ဖိုးတာတို့အမေ မိဌေးလည်း သားတွေရဲ့ နောင်ရေးအတွက် တင်စိုးကို လူကြီးတွေရှေ့မှာ ကွာရှင်းလိုက်ပြီးတဲ့နောက် သားအမိသုံးယောက် နေကြတယ်။

မိဌေးက သူများတွေဆီမှာ ပေါင်းထိုး မြက်ရှင်း နေ့စားလုပ်တယ်၊ ဖိုးတာက ဖိုးမောင်ခဲ့အံတူ အိမ်မှာနေပြီး ထမင်းချက်၊ ရေခပ်လုပ်ရတယ်။

တစ်နေ့တော့ မိဌေးက ဟင်းစားငတ်လို့ စားချင်တဲ့အကြောင်း ဖိုးတာတို့ရှေ့မှာ ပြောမိတယ်တဲ့၊ ဖိုးတာက မိဌေး အလုပ်သွားတုန်း အိမ်မှာရှိတဲ့ ပိုက်အစုတ်လေးကို ယူပြီး ဟိုးကွင်းလယ်က ကြာကန်ကြီးထဲမှာ ငါးသွားထောင်တယ်လေ၊ ညနေစောင်း မိဌေး အလုပ်က ပြန်တက်မလာခင်မှာ သူတို့ ညီအစ်ကို ကြာကန်ထဲက ပိုက်ကို ဖော်ယူဖို့ သွားကြတယ်။

ဖိုးမောင်တို့ တန်ဖေ့မှားသွားခဲ့ပြီး ဖိုးတာက ရေထဲတူးပြီး ပိုက်သွားဖော်တယ်၊ တန်ရေဆိုပေမယ့် ရေထလူကြီး ခါးတစ်ဝက်ကျော်လောက်နက်တာ ဆရာလေးရဲ့၊ ကံဆိုးချင်တော့ ဖိုးတာ ထောင်ထားတဲ့ပိုက်မှာ မြွေဟောက်တစ်ကောင် ပိုက်နဲ့ငြိနေတယ်၊ ဖိုးတာက မြွေကို မတွေ့ဘူး၊ ပိုက်တို့ဖော်ယူလိုက်တယ်ဆိုရင်ပဲ ဒေါသထွက်နေတဲ့ မြွေက ကိုက်လိုက်လို့ ဖိုးတာ တစ်ယောက် အဲဒီနားမှာတင် သေခဲ့ရတယ်ဆိုပါတော့။

ဖိုးမောင်က ဖိုးတာ ရေထဲမြုပ်သွားပြီး ပြန်ပေါ်မလာတော့ ဖင်ရွှေ့သွားပြီး အစ်ကိုကိုကယ်ဖို့ ကန်ထဲကို အဆင်းမှာ ဓရုနစ်ပြီး သေခဲ့ကြရတယ်"

ကပ္ပိယကြီး၏ စကားတို့ကို ကျွန်တော်ဆက်၍ နားထောင်နိုင်စွမ်းမရှိတော့။ ရင်ထဲ၌ ကြေကွဲဆို့နင့်နေမိသည်။

ကျွန်တော်၏ ဝေသီနေသော မျက်ဝန်းအစုံက ကျောင်းရှေ့ရှိ ဇရပ်ကြီးပေါ် ရောက်သွားသည်။ တစ်ချိန်က ဖိုးတာတို့ညီအစ်ကို၏ ပုံရိပ်သွင်များကို မြင်ယောင်နေသည်။

မိသားစုဘဝလေးထဲတွင် ပျော်ရွှင်စွာ ခိုနားနိုင်ကာမှ အကြွေစောခဲ့ကြသည်။ သူတို့လေးတွေ ဘဝဆက်တိုင်း မိသားစုဘဝလေးထဲတွင် အေးချမ်း သောကင်းစွာ နေနိုင်ကြပါစေလို့ စိတ်ထဲက ဆုတောင်းရင်း ပင့်သက်တစ်ခုကို ချလိုက်မိပေတော့သည်။

တင့်မောင်မော်(ပေါက်ကုန်း)

❑

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ၊ ဒါရိုက်တာ၊ သရုပ်ဆောင် ပညာရှင်

ဆန်းဝင်း(အောင်ပြေ)

စာရေးသူ လွန်စွာလေးစားလှသော စာပေ၊ ဂီတ၊ ရုပ်ရှင်နယ်တွင် ရှာမှရှား ပုဂ္ဂိုလ်ကြီးအကြောင်း ရေးဖွဲ့ရန် ပထမတော့ လက်တွန့်မိသေးသည်။ သို့သော် စာရေးဆရာများတွင် ထုံးစံတစ်ခုက ခီးကျူးဂုဏ်ပြုလိုသော၊ အများမိသားသည်ကို သိအောင်ရေးသလိုဖြစ်သော၊ အသစ်ဖြစ်သော ကြည်နူးဝမ်းမြောက်မှုများကို ဖြစ်ပေါ် စေတတ်သော၊ တစ်ဖန် ပြန်လည်သတိရ လွမ်းဆွတ်ဖွယ်လည်းဖြစ်သော အကြောင်းရင်းခံ အမျိုးမျိုးတို့အား လက်ဆင့်ကမ်းသယ်ဆောင် အလေ့အထသည်ပင် စာရေးသူအား ရေးဖြစ်အောင် အားထည့်ပေးသလို ခံစားရ၍ ရေးပါပြီ။ စာဖတ်သူ တစ်စုံတစ်ရာ ကျေနပ်ဖွယ်ရာ တွေ့ရှိပါလျှင် ရှေ့က တင်ပြသွားကြသော နောင်တော် စာရေးဆရာတို့ ကျေးဇူးဟုသာ မှတ်ယူပေးပါရန်။

ဆရာသုခနှင့် စာပေ

ဆရာဦးသုခသည် ငယ်စဉ်ကတည်းက ရတုကဗျာများကို ရေးသားခဲ့သည်။ ဝတ္ထုများကို အထက်တန်းကျောင်းသားဖြစ်မှ ရေးလာသည်။ ၁၉၂၉ ခုနှစ်တွင် 'စိန်သိန်းသန်း' ကလောင်နာမည်ဖြင့် 'စံပယ်ပွင့်' ဝတ္ထုကို စတင်ရေးသားခဲ့သည်။ ကဝိမျက်မှန် မဂ္ဂဇင်းသို့ပို့ရာ ဖော်ပြခြင်းခံခဲ့ရ၏။ ၁၉၃၀ ပြည့်တွင် ရွှင်ပျော်ပျော်တိုက် ဝတ္ထုတိုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ ရွေးချယ်ခံခဲ့ရ၏။ 'မိန်းမသား' ဟူသော စာမူဖြစ်၏။

၁၉၃၄ ခုနှစ်တွင် ရွှေပျော်ပျော်တိုက်နှင့် လိုက်ဖက်ရန် 'သုခ' ဟူသော ကလောင်အမည်ကို ယူခဲ့သည်။ စာပေနယ်တွင် ၁၉၃၈ ခုနှစ်အထိ ကြာမြင့်ခဲ့၏။

တိုးတက်ရေးသတင်းစာတွင် ဆောင်းပေမာ၊ မိုးကြယ်မိုဃ်းနှင့် လုံးချင်းဝတ္ထုများဖြစ်သည့် လူမှာအတွေ့၊ ဗြိတိသျှဝေလမင်းသား။ နှစ်လင်ကွာ၊ ဘုန်းဇနီးဆက် လွမ်းမမဲ့တဲ့နိုင် တို့သည် ရေပန်းစား လူကြိုက်များလှသည်။ ထိုအချိန်တွင် ဒဂုန်မဂ္ဂဇင်းကြီးမှ ဝတ္ထုစာမူ တောင်းခံလာသည်။ ထိုခေတ်က ခေတ်ပြိုင်မဂ္ဂဇင်းများအနက် ဒဂုန်မဂ္ဂဇင်းမှာ ဂုဏ်ရှိန်ထည်ဝါမှု အကြီးဆုံးဖြစ်၏။

ဒဂုန်မဂ္ဂဇင်း၏ ထုတ်ဝေသူ အေဝမ်းဦးတင်မောင်မှာ ဆရာဦးသုခ၏ ဆရာဖြစ်လေသည်။ ထိုခေတ်က နာမည်ကျော် စာရေးဆရာများ ပါဝင်ရေးသားကြ၏။ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ပဗွားဦးကျော်ရင် (လယ်တီဦးကောဝိဒ)၊ ဒဂုန်ဦးစန်းငွေတို့မှာ အယ်ဒီတာချုပ်များ ဖြစ်ကြသည်။ အဖွဲ့ဝင် အယ်ဒီတာများမှာ ဦးတင်နွယ်၊ ဦးလှဘူး၊ ဦးချင်းစိန် တို့ဖြစ်သည်။

ထမြည့်ဝန်းမဂ္ဂဇင်း (နိဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

သရုပ်ဖော်ပန်းချီဆရာတို့မှာလည်း ပန်းချီဦးဌေကိုင်၊ ဦးဘလုံ၊ ဦးအုန်းလွင်တို့က ဦးဆောင်ပန်းချီဆရာကြီးများ ဖြစ်လေသည်။

ထိုအချိန်က ပါဝင်ရေးသားသူတို့မှာ ဒဂုန်နတ်ရှင်၊ ဒဂုန်ရွှေမျှား၊ ဒဂုန်မောင်စံသူ၊ ဒဂုန်ခင်ခင်လေး၊ ဒဂုန်သိန်းသိန်း၊ ဒဂုံခင်လေးဆွေ၊ ဒဂုန်ဆရာရွှေ၊ ဒဂုန်မြတ်လေးနွယ်၊ ဒဂုန်တာရာ စသည့် ဒဂုန်ဘွဲ့ရ စာရေးဆရာများ ပင်တိုင်ရေးသားကြ၏။ အခြား စာရေးဆရာများမှာ ဟံသာဝတီဦးဘရင်၊ ဝီမိုး နှင်း၊ ဇေယျ၊ ဉာဏ၊ ဇဝန၊ သခ်ိ၊ ရွှေဦးဘီအောင်တို့၏ စာမူ တို့လည်း ဖတ်ရ၏။ တက္ကသိုလ်ကဏ္ဍတွင် ဆရာဇော်ဂျီ၊ ဆရာ မင်းသုဝဏ်၊ သိပ္ပံစိုးရင်၊ သိပ္ပံမောင်ဝ၊ ကုဒ္ဒ၊ မြကေတု၊ တက္ကသိုလ်ထင်ကြီး၊ တက္ကသိုလ်ခင်လေးမောင်၊ တက္ကသိုလ် မောင်ရမောင်ကြီး၊ တက်ကိုး၊ သိန်းဖေမြင့်တို့ ပါဝင်ရေးသား ကြ၏။

မောင်ဌေးမြိုင် (ဒဂုန်တာရာ)၏ ကျေးဇူးဖြင့် ဒဂုန်မဂ္ဂဇင်းတွင် ပါဝင်ရေးသားရလေသည်။ ဆရာဦးသုခနှင့် တစ်ချိန်တည်း စာရေးသူများမှာ ရန်အောင်၊ သခ်ိ၊ ရဲထွဋ်၊ မင်းဆွေ၊ သိပ္ပံကျော်ထင်၊ မြို့မအုန်း၊ သတိုးသီဟ၊ ဇကာကြီး ထိပ်တင်၊ ကဝိမောင်၊ တက်ထွန်း၊ တင့်တယ်၊ ရွှေပိန်သောင်း တို့ဖြစ်ကြသည်။

တက္ကသိုလ်တွင်၊ မောင်ဌေးမြိုင် (ဒဂုန်တာရာ)ကား သူ၏ ကျိုက်လတ်မြို့မှ စန္ဒရားကြီးအား စစ်ကိုင်းဆောင်သို့ ယူဆောင်လာသည်။ ဆရာဦးသုခမှာ တက္ကသိုလ်ကျောင်းသား မဟုတ်သော်လည်း ကျိုက်လတ်သား မောင်ဌေးမြိုင် (ဒဂုန်တာရာ)ကြောင့် အဆောင်ထမန်းစားကာ တက္ကသိုလ်ဆောင်မှာ နေရတော့သည်။ အတန်းအခန်းတို့တွင် လူစုံ၊ အတွေးစုံ၊ အကြောင်းစုံစုံကို ဆရာဦးသုခ သတိပြုမိသည်။ တိုအထဲတွင် ထူးထူးခြားခြား ရှိလှသူတစ်ဦးမှာ မှုန်တေတေ လွန်ခြေကြိုကြိုး စကားအနည်းဆုံးဖြစ်သူ ကိုအောင်ဆန်း(ပိုလ်ချုပ်အောင်ဆန်း)ဝင်ဖြစ်သည်။

ထိုစဉ်က ကိုအောင်ဆန်း(၁၉၃၅-၃၆)ခုနှစ် တက္ကသိုလ် သမဂ္ဂတွင် အမှုဆောင်တစ်ယောက်ဖြစ်သည်။ သူစရိုက် အတိုင်း ဟန်ပန်မရှိ၊ ဒိန်ဒိန်ရွဲရွဲ နေတတ်ကာ သိဆိုနေသော သိချင်မဆုံးမိ ထွက်ချင်ထွက်သွားတတ်၏။ အခန်းထဲရှိ ဝိတအရသာ ခံစားနေသူတို့နှင့် ဆန့်ကျင်ဘက် အနေအထားမျိုး ရှိတတ်၏။ ထိုစဉ်က ကိုအောင်ဆန်းနှင့် ပတ်သက်ပြီး မောင်ဌေးမြိုင် (ဒဂုန်တာရာ)က မှတ်ချက်ပေးဖူးသည်။

"ဒီလူက ဒီလိုပဲဗျ၊ အားနာတယ်ဆိုတာ မရှိဘူး၊ အားနာတယ်ဆိုတာ လိမ်တာတဲ့၊ စကားပြော တိုတောင်းသလောက် စိတ်ဖြောင့်မတ်တယ်၊ လောကွတ်မရှိတော့ ရိုင်းတယ်လို့ ထင်ရတယ်" ဟု ပြောဖူးသည်။ သူကိုယ်တိုင်လည်း "အောင်ဆန်း သို့မဟုတ် အရိုင်း" ဟူသောဆောင်းပါး ရေးခဲ့ဖူးလေသည်။

ဤသို့ တစ်မူထူးခြားသော ကိုအောင်ဆန်း၏ စရိုက်လက္ခဏာ အပြုအမူတို့ကို အကြောင်းပြု၍ ဆရာဦးသုခ၏ ပွေဆော်ဦးဝတ္ထု ဇာတ်ကောင်မှာ 'ကိုအောင်စန်း' ဖြစ်သွားလေသည်။ ဝတ္ထုအမည်ကား 'သခင်ကတော်' ဖြစ်၏။ အယ်ဒီတာများက ကိုအောင်ဆန်း၏ စရိုက်လက္ခဏာများ ပေါ်လွင်သည်ဟုဆိုကာ ကြိုက်နှစ်သက်ကြ၏။ ထုံးစံအတိုင်း ဦးဆို့ခ ကိုဌေးမြိုင်ထံ သီချင်းသွားဆိုသော ကိုအောင်ဆန်းနှင့် ဆုံပါလေတော့သည်။ ကိုအောင်ဆန်းက ခပ်တည်တည်ဖြင့် -

"ခင်ဗျားဝတ္ထုက ဘာလဲဗျ" ဟုမေးရာ ဦးသုခက-

"ဝတ္ထုဆိုတာက ဝတ္ထုပေါ့ဗျာ" ဟု ခပ်ပေါ့ပေါ့ ပြန်ဖြေခဲ့သည်။

စောရှန်ကတ်၊ ကြားသားမိုးကြိုး၊ လင်ယူရတာ စသော ဝတ္ထုများ ဆက်ရေးခဲ့သည်။ လင်ယူရတာ ဝတ္ထုတွင် မိန်းမတို့၏ အတွင်းသဘောအား နှိုက်နှိုက်ချွတ်ချွတ် သိမ်မွေ့နှ

ထင်ဦးဆွဲဝန်းမဂ္ဂဇင်း (နိဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြထားသည်ဖြစ်၍ ဆက်လက်ရေးသားရန် တောင်းဆိုသည်အထိ အမျိုးသမီးများ ကြိုက်နှစ်သက်ကြ၏။ ထိုဝတ္ထု အကျိုးဆက်ကြောင့်ပင် ထိုအချိန်က ရုပ်ရှင်လောကတွင် ဒါရိုက်တာအဖြစ် အောင်မြင်နေသော အေဝမ်းဦးတင်မောင်နှင့် စတင်တွေ့ဆုံရတော့သည်။ ထိုမှ 'ချစ်အမျှ' ဇာတ်လမ်းပေါ်လာရာ ဂန္ဓဝင်ရုပ်ရှင်ကားကြီး 'ချစ်အမျှ' အဖြစ် ထွက်ပေါ်လာခဲ့သည်။

ထိုအချိန်က တစ်မတ်တန်၊ ငါးမူးတန် လုံးချင်းဝတ္ထု တစ်ပုဒ်အတွက် စာမူခမှာ ၁၂၅ ကျပ်၊ ၁၅၀ ကျပ်မျှရသော အချိန်၌ ဆရာဦးသုခ၏ ချစ်အမျှဝတ္ထု စာမူခမှာ ၂၅၀ ကျပ် ရရှိခဲ့လေသည်။ ဆရာဦးသုခသည် တစ်မတ်တန်ခေတ်မှ ၂၀၀၅ ခုနှစ်အထိ လုံးချင်းဝတ္ထုပေါင်း ၁၀၀ ခန့်နှင့် ဝတ္ထုတိုပေါင်း ၂၀၀ ခန့် ရေးသားခဲ့လေသည်။ ဆောင်းပါးစာမူများများလှသဖြင့် အရေအတွက် မမှတ်သားနိုင်ပါ။ အစပိုင်း အကြောင်းအရာမျိုးစုံ ရေးခဲ့သော်လည်း ဘဝနောက်ပိုင်းကာလတွင် ဘာသာရေးဆိုင်ရာများ အလေးပေးရေးသားခဲ့လေသည်။

များလှစွာသော ဆရာစာများထဲမှ ဆရာမကွယ်လွန်မီ ပါရမီစာပေတိုက်မှ (ဆရာအကြိုက်ဆုံးဟုဆိုသော စာမူများကို) ပြန်လည်ထုတ်ဝေခြင်း ပြုခဲ့ပါသည်။

၁။ သုခမှတ်စု (အကြိမ်များစွာ)
၂။ ချယ်ရီအလှ စာအလှ
၃။ ဓမ္မရသ အလှမျိုးစုံ စာမျိုးစုံ
၄။ အကျော်ဒေယျ ဗုဒ္ဓသမီးတော်များ
၅။ လှောကနီတိ
၆။ ရာမာခရစ်ရှနာပုံပြင်များ
၇။ မေတ္တာသုတ်
၈။ မင်္ဂလသုတ်
၉။ သုခဝတ္ထုတိုများ
၁၀။ ရတနသုတ်
၁၁။ စိတ်ဆိုသောစိတ်နှင့် ဝဠုနာဒီပနီ
၁၂။ အမေ
၁၃။ သုတ ရဿ ဓမ္မစာစုံ
၁၄။ ကဲကဲ၏အကျိုးနှင့် အခြားဝတ္ထုတိုများ
၁၅။ ဂုဏ်ရည်မတူလို့လား
၁၆။ ဇေယျထုသဝွမင်္ဂလံ
၁၇။ သုခနှင့်သုခ

အကောင်းဆုံးဒါရိုက်တာဆုရရှိသူ ဦးသုခက ကျော်ဇူးဆင်ဓာတ်ပြားကြေးဆဲ့

၁၈။ ဓဝဇကထာစာပဒေသာ
၁၉။ သဗ္ဗေသတ္တာ
၂၀။ တေဘူမ္မာအဖွင့်
၂၁။ သည်ဆောင်းဟေမန်
၂၂။ ရုပ်ရှင်လောက ဘဝသံသရာ
၂၃။ ဇီဝကဇ္ဇ်ကိုယ်ပိုင်ဂုဏ် (ဒေါက်တာမတင်ဝင်းနှင့်တွဲ၍) တို့ဖြစ်လေသည်။

ဤသည်တို့ကား ဆရာသုခနှင့်ဆရာ့စာပေအကြောင်း တို့မျှသာ ဖြစ်သည်။

ဆရာသုခနှင့် ပြဇာတ်ခေတ်

စစ်ပြီးခေတ်တွင် ရုပ်ရှင်အနုပညာရှင်တို့မှာ ရုပ်ရှင်ထုတ်လုပ်မှုလုပ်ငန်းများ ရပ်တန့်သွားသဖြင့် ရုံသွင်းကပြရသည့် ဇာတ်သဘင်လောကသို့ အလှူအလှူ ဝင်ရောက်လာကြသည်။ ထိုအချိန်က ပြဇာတ်ခေတ် တစ်ခို့နိ ခေတ်ဆန်းထလာသည်ဟု ဆိုရပေမည်။

ထိုအချိန်၌ ရန်ကုန်မြို့မှ ဇိမ်ရုံ၊ ဇော်ရုံ၊ မြို့ငယ်ရုံ၊ ကာဒွေးရုံ၊ ကန်တော်မိတ်ရုံများအပြင် ရန်ကုန်မြို့၏ ကျက်သရေဆောင် မြို့တော်ခန်းမကြီး၌ပင် ရုံဝင်ကြေးယူ၍ ပြဇာတ်များ ပြသခဲ့ကြသည်။ ထိုရုံများတွင် အခြားအနုပညာရှင်များနည်းတူ ဆရာဦးသုခလည်း ပါဝင်ခဲ့၏။ ဦးသုခ ပါဝင်ကပြ တင်ဆက်ခဲ့သော ပြဇာတ်ပေါင်း (၂၃)ထုပ် ရှိသည်။

လပြည့်ဝန်းမဂ္ဂဇင်း (နိုဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

(၁) ဂုဏ် (၂) မေတ္တာနှင့် သစ္စာ (၃) ညြော် မိန်းမ (၄) ညြော် ယောကျ်ား (၅) ညြော် လောက (၆) မိန်းမနဲ့ ယောကျ်ား (၇) ချစ်တော့ချစ်တယ် (၈) ချစ်ကုမ္ပဏီ (၉) ဝသုန် ဤမြေ (၁၀) ကိုယ်ကြိုက်တာကိုယ်လုပ် (၁၁) သားတို့ရှုပ်ရည် (၁၂) ဦးပေါ်ဦး (၁၃) မောင်ဖေငယ် (၁၄) နှလုံးသွေးပျက်သော တေးတစ်ပုဒ် (၁၅) တစ်သောင်းမကသော လက်များ (၁၆) ဝိဇယ (၁၇) ရွှေတိဂုံသမိုင်း (၁၈) ချမ်းသာကိုယ်စိတ် မြဲပါစေ (၁၉) အမြတ်ဆုံး ငါးဖြာ (၂၀) ညောင်ရေသာဘင် (၂၁) တေးချီချို (၂၂) သာယာရွှေပြည် (၂၃) ခုံတော်မောင် ကျဘမ်း ပြဇာတ်တို့ တင်ဆက်ကပြခဲ့သည်။

ထိုအချိန်က မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ အသင်းရန်ပုံငွေလည်း ရရှိစေ၊ ရွေးစာဆိုကြီးများကိုလည်း ဂုဏ်ပြုရာရောက်စေ ဟူသော ရည်ရွယ်ချက်ဖြင့် နှစ်စဉ်လို လိုပင် ပြဇာတ်များ စင်တင်ကပြခဲ့ကြသည်။ ဆရာသုခ၊ ဆရာဇဝန၊ ဆရာရွှေညာမောင်တို့မှာ လွန်စွာအတွဲညီခဲ့ကြသော စာပေဖခင်ကြီးများ ဖြစ်ကြသည်။

မြို့တော်ခန်းမတွင် ပထမဦးစွာ ကပြခဲ့သော ပြဇာတ်မှာ ဆရာသုခ၏ 'တေးချီချို' ပြဇာတ်ဖြစ်သည်။ ဆရာဦးသုခက ဂီတနက်သန်ကိုစောညိန်းကို ထိုပြဇာတ်တွင် အသုံးပြုရန် အတွက် သီချင်းနှစ်ပုဒ် ရေးခိုင်းခဲ့သည်။ နွေနှောင်းဝသန် သီချင်းနှင့် ရတုဘုရင်သီချင်းတို့ ဖြစ်၏။ နွေနှောင်းဝသန် သီချင်းကို ဇာတ်ဝင်တေးအဖြစ် အသုံးပြုခဲ့သည်။ ရတုဘုရင် သီချင်းမှာ အသုံးပြုခြင်းမခံရသော်လည်း ယနေ့ထိ အော်မြင်ကျော်ကြား သီချင်းတစ်ပုဒ်အဖြစ် ထင်ရှားသည်။ ပြဇာတ် ၂၀ ကျော်တွင် ဦးသုခပါဝင်သော ဦးပေါ်ဦး၊ မောင်ဖေငယ်၊ ဝိဇယ၊ ခုံတော်မောင်ကျဘမ်းတို့ကား ထင်ရှားလှ၏။

ဆရာဦးသုခ ပြဇာတ်များတွင် 'ဝိဇယ'ပြဇာတ်သည် ဝိုရှိနာမည်ကြီးခဲ့၏။ မြန်မာနိုင်ငံ ပထမဦးဆုံး စာဆိုတော်နေ့ အဖြစ် ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျင်းပရန် ဆုံးဖြတ်ပြီး ဦးပုည၏ 'ဝိဇယကုမ္ပဏီ'ပြဇာတ် ကပြကြရန် စာရေးဆရာအသင်းကြီးက ဆုံးဖြတ်ခဲ့ကြသည်။ စစ်အတွင်းက မြန်မာပြည်အရပ်ရပ်တွင် ဖက်ဆစ်ဂျပန်စစ်သားများ၏

၁၉၇၆ ခုနှစ် အကောင်းဆုံးလျှောက်ပတ်အုတ်များ ဘုယ္ယအပြီး တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

ဆိုးသွမ်းရမ်းကား ပက်စက်မှုများ၊ လူထုခံစားခဲ့ရပုံများကို လည်းကောင်း၊ ရွှေယခင်ခေတ်က မူးရမ်းသောက်စား ရမ်းကားခဲ့သော ဝိဇယမင်းသားနှင့် နောက်လိုက်အပေါင်းပါတို့အား ပြည်နှင်ဒဏ်ပေးခဲ့ပုံတို့အား လည်းကောင်း မြန်မာပြည်သူပြည်သားများ သိစေလိုၑ် ရွှေချယ်ကပြခြင်း ဖြစ်လေသည်။

ထိုပြဇာတ်တွင် ဆရာဦးသုခသည် သီတာခင်ထွေး မေသန်းတို့နှင့် အလှည့်ကျ ကပြခဲ့ရာ များစွာအောင်မြင်ခဲ့သည်။ ဆရာဦးသုခသည် ပြဇာတ်ထဲတွင် နောက်လိုက်နောက်ပါ ခြွေရံသင်းပင်းတို့နှင့်အတူ မူးယစ်သောက်စား ရမ်းကားရသော *ဇာတ်ဝင်ခန်း*ၑ် *ဇာတ်သဘင်တို့ ထုံးတမ်း* စဉ်လာဖြစ်သော အရမ်းသမား ဝံထောက်သံ၊ ထန်းရည်သမား ဗွဲ့ထောက်သံတို့ကို သိဆိုခြင်းမပြုဘဲ -

"မူးလိုက်ပါတဲ့ ငှက်ခါးတောင်၊ သည်မောင်မောင်မှာဗျာ၊ ဟန်မထိန်းနိုင်ဘူ၊ ယိမ်းယိုင်လို့ လဲ" အစချီသည့် ဝံကြီးသံကို တစ်ဘာသာ ဆန်းသစ်၍ သီဆိုသရုပ်ဆောင်သွားရာ ထူးထူးခြားခြား အောင်မြင်မှု ရခဲ့လေသည်။ ဤကား ဆရာဦးသုခ ပြဇာတ်လောက တစ်ခေတ်ဆန်းချိန်က အောင်မြင်မှု အချို့ ဖြစ်လေသည်။

ရုပ်ရှင်ဘက်မှ တာဝန်ဝတ္တရား

၁၉၆၈ ခုနှစ်အတွင်း ရုပ်ရှင်ကုမ္ပဏီအသီးသီး ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ ရုပ်ရှင်ကားများအနက် မြန်မာရုပ်ရှင် အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့က အကောင်းဆုံးဇာတ်ကားအဖြစ် 'စကားပြောသော အသည်းနှလုံး' ဇာတ်ကားဖြစ်သည်။ အကောင်းဆုံး ဒါရိုက်တာဆုကို စကားပြောသော အသည်းနှလုံးဇာတ်ကားကို စီစဉ်ရိုက်ကူးခဲ့သော ဦးသုခက ရရှိသွားလေသည်။

အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုအဖြစ် 'ဗန်တိုလူလေး' ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်သော ကိုညွန့်ဝင်းက ရသည်။ အမျိုးသမီး ဇာတ်ဆောင်ဆု 'နှစ်မြှောအသည်း' ဇာတ်ကားမှ စန္ဒာက ရရှိ၏။ အကောင်းဆုံး အမျိုးသားဇာတ်ရံဆုကို 'စကားပြောသော အသည်းနှလုံး' ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်သော ဦးသိန်းမောင် ရရှိသည်။ ဇာတ်ရံဆု 'အပါယ်ရတနာ' ဇာတ်ကားမှ ခင်မိုးမိုး ရရှိပြီး ဓာတ်ပုံဆိုက် 'နှစ်မြှောအသည်း' တွင် ရိုက်ကူးသော ဓာတ်ပုံဆရာ ဦးသန်းမောင်တို့ အသီးသီး ရရှိခဲ့ကြလေသည်။

"ကျွန်တော်တို့ အနုပညာသည်တွေဟာ ပထမဆုံး ယုံကြည်မှုလိုပါတ ကိုယ်ပြဋ္ဌာန်းတာကို ကိုယ်တိုင်က ယုံကြည်ခံစားမှုရှိမှ ဖြစ်ပါဘယ်၊ စကားပြောသော အသည်းနှလုံး ဇာတ်ကားကို ရိုက်ချင်တာ နှစ်ပေါင်း (၃၀)ကျော်လောက် ရှိပါပြီ၊ အနုပညာသည်တွေဟာ ဘုရားကိုးဆူဆရာ၊ ဦးရှင်ကြီး ဆရာလို တစ်ဦး တစ်ယောက်ကောင်း လုပ်လို့မရပါဘူး၊ အပေါင်းအသင်းနဲ့ လုပ်ရပါတယ်။

ကျွန်တော့် ခုလို ထူးချွန်ဆုရရှိခြင်းဟာ ဇာတ်ကားထဲမှာပါတဲ့ ပညာရှင်များ အထောက်အကူပြုလို့ ရရှိခြင်းဖြစ်ပါတယ်၊ ကျွန်တော့်ကို ခုလို ချီးမြှင့်တာဟာ ကျွန်တော့်မိခင်ကို *ချီးမြှင့်တာပါလို့ ယုံကြည်ပါတယ်" ဟု* ဦးသုခက ပြောခဲ့လေသည်။

ဤဇာတ်ကားအား ရုပ်ရှင်ဝိသစ္စာ မိဘမေတ္တာကြီးများပုံ အလေးအနက်ထား ရိုက်ကူးခဲ့သောကြောင့် ဆုသုံးဆု ဆွတ်ခူးရရှိခဲ့လေသည်။

ဆရာဦးသုခနှင့် ဘာသာရေး

ဆရာဦးသုခသည် ၁၉၈၄ ခုနှစ်တွင် အံမြင်အာရုံချို့ယွင်းလာသောကြောင့် ဂျပန်သို့ သွားရောက်ကုသခဲ့သော်လည်း ကောင်းမလာခဲ့ပါ။ ခပ်ဝါးဝါးသာ မြင်ရရှာလေသည်။ စာပေရေးသားခြင်းကိစ္စတွင် မိမိကိုယ်တိုင် မရေးနိုင်၍ နှုတ်တိုက်ပြောပေးရလေသည်။ ဆရာသည် အမြင်အာရုံမကောင်းတော့သော်လည်း အားယေဘုယျသူ ဓမ္မဟုတ်ပါချေ။

"မျက်စိမကောင်းတော့ တွေးတောစဉ်းစားချိန် ရတာပေါ့" ဟုပင် ဖြေသိမ့်စကား ကြားခဲ့ဖူးပါသည်။ သို့သော်

လွှင့်သူပေးပွဲတို့ တက်ရောက်လာကြသော ရုပ်ရှင်အနုပညာရှင်များ

www.burmeseclassic.com

www.burmeseclassic.com

"စာရေးနေစဉ် ကျမ်းကိုးများ ရှာဖွေရာ၌ မလွယ်ကူတော့ဘူး" ဟုတော့ ညည်းပြောလေး ပြောရသည်။

မနီလာ ကမ္ဘာ့ရုပ်ရှင်ပွဲတော်သို့ သွားရောက်ခဲ့စဉ်က ၂၀၀၇ စီဝေးနာ သိပ်မဆိုးသေးပေ။ နိုင်ငံခြားမှ ပြန်လာပြီး နာက် ဆရာ ရဟန်းတော်ပါသေးသည်။ မင်းကွန်းတိပိဋကဆရာတော်ကြီး မွေးနေ့မင်္ဂလာပွဲတွင် မွေးနေ့ဩဇာစာဖတ်ချိန်၌ သိပ်မကောင်းတော့ပေ။ နောက်ပိုင်း ရုပ်ရှင်လုပ်ငန်းအား ရပ်နားပြီး ရတနာသုတ်၊ မေတ္တာသုတ် စာအုပ်နှစ်အုပ် ထုတ်ဝေနိုင်ခဲ့၏။

မေတ္တာသုတ်စာအုပ်ကို ရုပ်ရှင်မင်းသား ကျော်ဟိန်းက ဓမ္မဒါန လှူဒါန်းရန်အတွက် ဆရာကြီးထံ စာအုပ်လာဝယ်သည်။ ဆရာက များစွာဝမ်းသာ၍ သာဓုခေါ်ခဲ့ပေသည်။

"လူဆိုတာ အချိန်ရယ်၊ အသက်ရယ် အခြေအနေပေါ်မှာ မူတည်ပြီး ပြောင်းလဲနေကြတာ၊ လူတိုင်း ကောင်းသောပြောင်းလဲခြင်းမျိုး ဖြစ်ဖို့လိုပါတယ်" ဟု ဩဝါဒချီးမြှင့်ခဲ့လေသည်။

ဆရာကြီးသုခနှင့် မြည့်ပခရီး

၁၉၆၈ ခုနှစ်က ဆိုဝီယက်ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ ကျာမနီဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ မြောက်တိုရီးယားနိုင်ငံ အစိုးရတို့၏ ဖိတ်ကြားချက်အရ ပြန်ကြားရေးဌာန၊ ဗဟိုရုပ်ရှင်ဌာနခွဲ ညွှန်ကြားရေးဝန် ဦးမြင့်စိုး ခေါင်းဆောင်သည့် မြန်မာ့ရုပ်ရှင်အဖွဲ့နှင့်အတူ သွားရောက်ခဲ့ရသည်။ ထိုအဖွဲ့သည် နိုင်ငံသုံးနိုင်ငံတွင် ရက်သတ္တပတ် ကိုးပတ်ကြာမျှ နိုင်ငံခြားရုပ်ရှင်လုပ်ငန်းများ၏ အခြေအနေကို လှည့်လည်ဆည်းပူးခွင့် ရခဲ့သည်။

၁၉၈၃ ခုနှစ်ကလည်း ဖိလစ်ပိုင်သမ္မတကတော် အီမယ်လ်ဒါမားကို့စ် (ရုပ်ရှင်ပွဲတော် ဦးစီးနာယက) ဦးဆောင်ကျင်းပသော ဒုတိယအကြိမ် မနီလာရုပ်ရှင်ပွဲတော် (အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်)တွင် အာရှနိုင်ငံစုံမှ အနုပညာရှင်အဖြစ် တက်ရောက်ခွင့်ရခဲ့သည်။

ဖိလစ်ပိုင်ရုပ်ရှင်ပွဲတော်တွင် အာရှနိုင်ငံစုံမှ ရုပ်ရှင်ကားများ ပြသရာတွင် မြန်မာနိုင်ငံမှ ဆရာဦးသုခ၏ 'ချစ်အမှု' နှင့် 'ရွှေချည်ငွေချည်တန်းပါလို့' ဇာတ်ကား နှစ်ကားလည်း ပြသခွင့်ရခဲ့လေသည်။ ထိုဇာတ်ကားများတွင် မြန်မာ့ရှေးဓလေ့များ အများဆုံးပါဝင်၍ နိုင်ငံခြားသားများ သဘောကျကြသည်။ အထူးသဖြင့် နိုင်ငံတကာ ကားများတွင် "Love" အချစ်ကို ပြသရာ၌ "Sex" ကိစ္စမပါဘဲ ပြ၍ မရလောက်အောင် ဖြစ်နေချိန်တွင် မြန်မာရုပ်ရှင်ကားများက အချစ်ကို သရုပ်ဖော်ရာတွင် သိမ်သိမ်မွေ့မွေ့ ပြသခြင်းကို အံ့သြချီးမွမ်းကြသည်။

မြန်မာ့ရုပ်ရှင် ဒါရိုက်တာများကိုလည်း ထပ်မံချီးမွမ်းကြရာ ဦးသုခက နိုင်ငံဂုဏ်နှင့် ယဉ်တော့မှုကို ဦးတည်၍ ဤသို့ တုံ့ပြန်ခဲ့လေသည်။

"မြန်မာဒါရိုက်တာတွေကို ချီးမွမ်းဖို့မလိုပါဘူး၊ မြန်မာ့ယဉ်ကျေးမှုနဲ့ မြန်မာတို့ရဲ့ ပြဟ္မဝိဟာရတရားအရ သည်လို ညစ်ညမ်းတဲ့ ပြကွက်တွေကို လက်မခံသလို နိုင်ငံအုပ်ချုပ်သူ အစိုးရအနေဖြင့်လည်း လုံးဝခွင့်မပြုပါ" ဟုဆိုခဲ့သည်။

"ငွေအတွက် လောဘမထွက်ပါဘူး၊ ငယ်ငယ်က ထမင်းတစ်လုတ်စားချင်လို့ ရုပ်ရှင်ရိုက်ခဲ့ပါတယ်၊ ခုတော့ ရုပ်ရှင်ရိုက်ရအောင်သာ ထမင်းတစ်လုတ် စားချင်ပါတယ်၊ အလုပ်လုပ်တာဟာ အသက်ရှည်သကွ၊ မှတ်ထားကြ"

ထိုသို့ စံပြုရသည့် ဆရာကြီးဦးသုခကား သူနှစ်လိုသော အနုပညာရှင်ဘဝကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ အသက် (၉၅)နှစ်အရွယ်တွင် စွန့်လွှတ်သွားရှာခဲ့ပါပြီ။ မန္တလေးမြို့တွင် ဆရာကြီး၏ နှစ်(၁၀၀)ပြည့်ကျရောက်သော ၁၄-၁-၂၀၁၀ နေ့တွင် ရာပြည့်ကျင်းပကြဆည်ဟု သိရသည်။ ယခု ၂၀၁၆ ခုနှစ်ရောက်သဖြင့် ရာပြည့်၍ ခြောက်နှစ်ပင် ကျော်ခဲ့ပေပြီဟူ ဆရာကြီးအား ဝုက်ပြုရေးသားရပါတော့သတည်း။

ဆန်းဝင်း(အောင်မြေ)

ကျမ်းကိုး၊ စာတို့

ဖေဖော်ဝါရီလထုတ် အမှတ် (၅၀)၊ ၂၀၁၀၊ ပိတောက်နွယ်မဂ္ဂဇင်းမှ မောင်သိလ၏ ဦးသုခဖြတ်သန်းခဲ့ရသော အနုပညာသည်ဘဝ။

အတွဲ (၁၉)၊ အမှတ် (၂၀) ၁-၅-၁၉၆၉ ထုတ် တိုင်းရင်းမေဂျာနယ်မှ ရွှေညာသူ၏ ကြုံရာဆုံရာလေးများတို့မှ မှိုင်မြင်းကောက်နုတ် တင်ပြပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

ပြဿနာတွေ ရှိသေးသလား

မောင်လှမျိုး(ချင်းချောင်းခြံ)



(၁)

မူလတန်းအရွယ် ကလေး တစ်ယောက်ရဲ့ ငိုသံနဲ့ ဒုတိယတန်းအရွယ် ကလေးငယ် တစ်ယောက်ရဲ့ ငိုသံကို စူးစူးဝါးဝါး ကျယ်ကျယ်လောင်လောင် ကြားနေရပေမယ့် ကျွန်တော် တံခါး ခေါက်လိုက်မိပါတယ်။

တံခါး လာဖွင့်တဲ့သူက ကျွန်တော့်သူငယ်ချင်း သိန်းထွဋ် မဟုတ်။ သူဇနီး မိမိမိုး။

"ဟဲ့ - ဆူလို့ ညဲလို့ပါလား"

ကျွန်တော့်စကားမေးကို မိမိမိုးက တံခါးပြန်ပိတ်ရင်း ဖြေတယ်။

"အငယ်ကောင်ကိုရော၊ အကြီးမကိုရော သူအဖေ ဆော်ပလော်တီးနေတာ"

"အင်း - ဖြစ်ရမယ်၊ နင်တို့ ကလေး မွေးထားတာ၊ ရိုက်ဖို့ နှက်ဖို့ မွေးထားကြတာလား"

"ကျွန်မ မရိုက်ဘူးနော်၊ ကျွန်မလုံးဝ မရိုက်ဘူး၊ ကိုမျိုး သူငယ်ချင်း ရိုက်တာလေ၊ သူက ထစ်ခနဲဆို ကလေးတွေကို ရိုက်မယ် နှက်မယ် ဆိုတာ ချည်းပဲ"

"နင်က တားပေါ့ဟဲ့"

"သူရိုက်နေရင် ဝင်မတားနဲ့တဲ့၊ ကလေးတွေ ရောင့်တက်မယ်တဲ့၊ အဲဒါကြောင့် ကျွန်မ ဝင်မတားတာ"

အိမ်အခန်းထဲက ငိုသံလေးတွေ တိတ်သွားကြတယ်။

◆

"နှစ်ကောင်စလုံး ဘာအသံမှ မထွက်နဲ့၊ အသံ ထပ်ထွက်တာနဲ့ အသေပဲ"

ကလေးတွေရဲ့ ဖခမည်းတော်ကြီး သိန်းထွဋ်ရဲ့ ရာဇသံကို အတိုင်းသား ကြားနေရပြန်သေးတယ်။

ခဏကြာတော့မှ သိန်းထွဋ် အိမ်ရှေ့ ရောက်လာတယ်။

"နောက်ကို ငါနဲ့ ချိန်းထားတဲ့ အချိန်မှာ ကလေးတွေကို ရိုက်စရာရှိတယ်ဆိုရင် ငါ့ကို မချိန်းနဲ့ကွာ၊ ငါ ကလေးငိုသံတွေ မကြားချင်ဘူး၊ မင်း ဘာသာ ရိုက်ချင်ရင် ငါမကြားနိုင်မယ့် အချိန်ကျမှ ရိုက်ကွာ"

"ဆောရီးကွာ ကိုမျိုး၊ ငါ ရိုက်တာ မဟုတ်ပါဘူး၊ ဆုံးမတာပါ"

"မင်း ရိုက်ပြီး ဆုံးမလိုက်တော့ ကလေးတွေက အော်ငိုပြီးတော့ အသိဉာဏ်ပညာတွေ ပိုထက်မြက်လာတယ်ပေါ့။ ပိုလိမ္မာလာတယ်ပေါ့။ ဟုတ်လား"

သိန်းထွဋ်က သူ့လက်ထဲရှိဉာဏ်ပွင့်ကိရိယာ (ကြိမ်လုံး)ငယ်ကို စားပွဲပေါ်မှာ တင်လိုက်ပြီး - -

"မရိုက်လို့ မရဘူးက၊ အခုခေတ် ကလေးတွေက ဆိုးကို ဆိုးတာ၊ ပါးစပ်နဲ့

www.burmeseclassic.com

www.burmeseclassic.com

ပြောလို့ကို မရဘူး၊ သူတို့ အသားနာမှ ဆုံးမတယ် ထင်တာကွ၊ ပါးစပ်နဲ့ ပြောပြ ဆုံးမတာကို လိုက်နာစရာလို့ ထင်တာ မဟုတ်ဘူး"

စကားနိုင် မလုချင်တော့တဲ့ အတွက် ဆန့်ကျင်ရာ သဘောထားကို ကျွန်တော့် ထပ်မပြောဖြစ်တော့ဘဲ -

"ဘာပြဿနာဖြစ်လို့ ရိုက်တာလဲ၊ အဲ ဘာအပြစ်လုပ်ကြလို့လဲ၊ ကလေးတွေက"

သိန်းထွဋ်ရဲ့ ဇနီးဖြစ်သူ မိမိမိုးက ဘာစကားမျှ ဝင်မပြော။

"ရန်ဖြစ်တဲ့ ပြဿနာ၊ မောင်နှမချင်း ရန်ဖြစ်တဲ့ အပြစ်၊ ရှိတာမှ နှစ်ယောက်တည်း၊ တည့်ကို မတည့်ကြဘူး"

ကျွန်တော်က ပြဿနာ အရင်းခံကို မမေးမြန်းသေးဘဲ -

"ဒီအရွယ်ကလေးတွေ ဘာကိုပဲ ပြုမူ ပြုမှု၊ အဲဒါ မိဘရဲ့ တာဝန်ပဲ၊ စကားရိုးရိုးလေး မင်း ကြားဖူးမှာပါ၊ သားသမီးမကောင်း မိဘခေါင်းတဲ့"

သိန်းထွဋ်က -

"အင်းလေ၊ အဲဒါကြောင့် ငါ ဆုံးမတာပေါ့"

"မဆုံးမနဲ့လို့ ငါ မပြောဘူး၊ ရိုက်နှက်ပြီး မဆုံးမဖို့၊ ဝါ ပြောချင်တာ"

"ကိုမျိုး မရဘူးနော်၊ ဒီကလေးတွေက ပါးစပ်နဲ့ မရဘူး၊ ငါ့စိတ်နဲ့ဆို ငါ ကြိမ်နဲ့တောင် မရိုက်ချင်ဘူး၊ ကိုင်ပါ ပေါက်ပစ်လိုက်ချင်တာ"

◆

(၂)

မိမိမိုးက ကော်ဖီခွက်တွေကို စားပွဲပေါ် မှာတင်ပြီး ကလေးနှစ်ယောက် အကြောင်းကို ပြောပြပါလေရော။

"တီဗွီကြည့်ရင်းက ထဖြစ်ကြတာ၊ အကြီးမက သီချင်းဆိုတာ ကြည့်တယ်၊ အငယ်ကောင်က ကာတွန်းကားလာတဲ့လိုင်းကို လုပြောင်းတယ်၊ ကာတွန်းလိုင်းနဲ့ သီချင်းလိုင်း လုဖွင့်ကြရင်းနဲ့ ဖြစ်ကြတာ၊ ဘယ်သူက မှန်တယ်၊ ဘယ်သူက မှားတယ် အစစ်အဆေး အမေးအမြန်း မရှိ ဖအေလုပ်တဲ့သူက ဥာဏ်ပွင့်ကိရိယာ ကြိမ်စကြာနဲ့ ဆော်ပလော်တီးတော့တာပဲ"

မိမိမိုးရဲ့ စကား ဆုံးတော့မှ ကျွန်တော်က -

"ဘာပြဿနာမှ မဖြစ်အောင် ဒီကလေးနှစ်ယောက်ကို မင်းတို့ လင်မယား နှစ်ယောက် မသွန်သင်နိုင်ကြဘူးလား"

စကား မတုံ့ပြန်ကြ။

"တကလေးမွေးပြီး ကလေးတွေ လိမ္မာယဉ်ကျေးအောင် ဘာပြဿနာမှ မဖြစ်အောင် ပြဿနာ ဖြစ်ပြီဆိုရင်လည်း ပြေပြေလည်လည် ဖြေရှင်းတတ်အောင် မင်းတို့ သွန်သင်နိုင်ရမယ်လေ၊ မသွန်သင် မဆုံးမတတ်ဘဲနဲ့တော့ မင်းတို့ မိဘ မလုပ်သင့်ဘူး"

သိန်းထွဋ်က -

"မင်းက ကလေး မရှိတော့ ကလေးတွေ ဘယ်လောက်ဆိုးတယ်ဆိုတာ မင်းမသိဘူး ကိုမျိုး၊ ပေါက်ကရ အကုန်လုပ်တဲ့ကလေးတွေနော်၊ ဒီကလေးတွေက"

"အေးပါ၊ ငါက ကလေးမရှိလို့ ကလေး ဆုံးမနည်း မသိဘူးဘဲ ထားပါ၊ ဒါပေမဲ့ ဆုံးမတဲ့နေရာမှာ ဒီအရွယ်လေးတွေကို ရိုက်နှက် ဆုံးမတာကတော့ တကယ့်နည်းလမ်း မဟုတ်ဘူးလို့တော့ ငါ ထင်တယ်"

မိမိမိုးက -

"ကျွန်မ မရိုက်ပါဘူး၊ သားသမီးရဲ့အမှုန်းကို မခံချင်လို့ ကျွန်မ မရိုက်တာ၊ ပါးစပ်နဲ့ပြောတယ်၊ အတတ်နိုင်ဆုံး လိုက်လျောတယ်၊ သူကတော့ အမုန်းခံတယ်"

သိန်းထွဋ်က -

"ဟေ့ သားသမီးဆိုလို့ ရိုက်တာ၊ ဒါကို သားသမီးက မုန်းမယ်ဆိုလည်း တစ်သက်လုံး အမုန်းခံလိုက်မယ်၊ အမုန်းခံရမှာ ကြောက်လို့ အလိုလိုက်တာကမှ ပိုပြီးအန္တရာယ်ကြီးတယ်၊ မှတ်ထား"

◆

(၃)

အဲဒီနေ့ကစပြီး သိန်းထွဋ်နဲ့ မိမိမိုးတို့ အိမ်ကို ကျွန်တော် မသွားဖြစ်တော့ဘူး။ (တမင် မသွားတော့တာပါ)

ကလေးတွေ ဆိုးတယ်ပြောရင် ကျွန်တော် မကြိုက်။ ကလေးတွေကို ရိုက်ရင် ကျွန်တော် မနှစ်သက်။ အဲဒါကြောင့်ပဲ သူငယ်ချင်း အရင်းအခြာတွေ ဖြစ်ပေမယ့် ကိစ္စကြီးငယ်ရှိရင် ဖုန်းနဲ့ပဲ ဆက်သွယ်ဖြစ်တော့တယ်။

မဖြစ်မနေ တွေ့စရာရှိရင် အပြင်မှာပဲ တွေ့ကြ ဆုံကြတယ်။ အိမ် အလည် မသွားမိတော့ဘူး။

◆

"ဘာပြဿနာမှ မဖြစ်တော့ပါဘူး ကိုမျိုးရဲ့၊ ဟိုတစ်လောက ဖြစ်တဲ့ တီဗွီလိုင်း လုကြည့်ကြတဲ့ ပြဿနာတို့ ကျွန်မ ဖြေရှင်းလိုက်ပါပြီ၊ အခုပြေလည်သွားပြီ"

ကလေးတွေကို ရိုက်ရင် အိမ် လာမလည်တော့ဘူး ပြောထားမိလို့ သိန်းထွဋ်ရော၊ မိမိမိုးရော သူတို့အိမ်ကို ကျွန်တော် မလာ လာအောင် ဖိတ်ခေါ်က ပြုနေပါတော့တယ်။

သိန်းထွဋ်က -

"မင်းနှမ ဘယ်လို ဖြေရှင်းလိုက်တယ် ထင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com

"မသိဘူးလေကွာ"

"မင်း အိမ်ကို လာကြည့်ရင် သိလိမ့်မယ်"

"နောက်မှ လာပါ့မယ်ကွာ၊ ဒါနဲ့ မိမိမိုးက ဘယ်လို ဖြေရှင်းလိုက်တာလဲ၊ ပြောပြစမ်းပါ"

"နောက်ထပ် တီဗွီတစ်လုံး ဝယ်လိုက်တာ ဟေ့ကောင်ရေ့၊ သူသား သမီးနှစ်ယောက်၊ တီဗွီတစ်လုံးတည်းနဲ့ ဆို တစ်ယောက်က ဟိုဟာကြည့်မယ်၊ တစ်ယောက်က ဒီလိုင်း ကြည့်မယ်နဲ့၊ ပြဿနာ ရှုပ်လွန်းလို့တဲ့၊ အခု တစ်ယောက် တစ်လုံး စီစဉ်ပေးလိုက်တယ် တဲ့လေ"

"ဟေ - အဲဒီလိုကြီးလား"

"အေး၊ အဲလိုကြီးပဲ"

"ဒါဆို၊ သူလိုင်း ကိုယ့်လိုင်း လုကြတဲ့ ပြဿနာ ငြိမ်းသွားပြီပေါ့"

"အင်း၊ ငြိမ်းသွားပြီ"

"ဒါဆို မင်း မရိုက်ရတော့ဘူးပေါ့"

"ဒါပေါ့"

"အေး၊ အဲဒီလို ဘာပြဿနာမှ မရှိတော့ဘူးဆိုရင် ငါ လာလည်ပါ့မယ်"

နွေရက် အတိအကျတော့ကတိ မပေးဖြစ်။ (အလည်ရောက်တဲ့နေ့မှာတော့ ကလေးနှစ်ယောက်ကို တီဗွီ တစ်ယောက်တစ်လုံး ဝယ်ပေးတဲ့အထိ အလိုမလိုက်ဖို့တော့ မိမိမိုးကို ပြောရပေဦးမယ်။)

◆

(၄)

ကြိုတင်လည်း ဖုန်းမဆက်။ လာမယ်လည်း ကြိုမပြောဘဲ သိန်းထွဋ်နဲ့ မိမိမိုးတို့ အိမ်ကို ကျွန်တော်အရောက် သွားဖြစ်တယ်။ ပြဿနာတွေ ရှိသေးသလားလို့ အော်မေးမည်အပြု တံခါး မခေါက်ခင် ကလေးတွေရဲ့ ငိုသံကို ကြားရပါလေရော။

ဒီတစ်ခါ ဦးဆောင်ရိုက်နှက်နေသူက သိန်းထွဋ်မဟုတ်။ ကလေးများရဲ့ မိခင် မိမိမိုးသာ ဖြစ်ပါကြောင်း။ သူ့အော်သံ ဟစ်သံတွေက တုန်ဆင့် ခန့်မှန်းမိပါရဲ့။

တံခါးကို ခေါက်လိုက်တယ်။ မိမိမိုး တံခါးလာဖွင့်တယ်။ သူ့လက်ထဲမှာ ဘက်ပွင့်ကိရိယာ ရွှေကြိမ်လုံး။

သိန်းထွဋ်က ဘာမျှ ဝင်မပြော။

မိမိမိုးဆာလှောင် ငိုလိုက် ရိုက်လိုက်ဖြင့် ဖြစ်ကြောင်းကုန်စင် ပြောပြလေတော့တယ်။

"ကျွန်မ မရိုက်ဘူးလို့ နေတာ၊ လုံးဝ မရဘူး၊ ကိုသိန်းထွဋ် ပြောသလို ကိုင်ပါ ပေါက်လိုက်ချင်တယ်"

"ကဲပါ စိတ်လျှော့ပါ၊ မငိုပါနဲ့တော့၊ ကလေးတွေက အသားနာ၊ မိဘက ရိုက်သာ ရိုက်ရတယ်၊ အသည်းကနာ၊ အင်း နင်တို့အိမ်လည်း တကယ့် ပြဿနာပဲ၊ အခု ရိုက်ရပြန်တာက ဘာအမှုလဲ၊ ပြောပြပါဦး"

"တီဗွီ အမှုပဲလေ"

"ဟေ တီဗွီအမှု၊ ဟုတ်လား၊ သူလိုင်း ကိုယ့်လိုင်း မလုကြရအောင် တစ်ယောက် တစ်လုံးစီ ဝယ်ပေးလိုက်ပြီဆို"

"အဲလို ဝယ်ပေးထားပါလျက်နဲ့ ပြဿနာထပ်ဖြစ်လို့ ဒီတစ်ခါ ကျွန်မကိုယ်တိုင်ရိုက်ပစ်လိုက်တာပေါ့ ကိုမိုးရဲ့"

"ဘာပြဿနာ ထပ်ဖြစ်တာတုံး"

"သူလိုင်း ကိုယ့်လိုင်း မလုကြရတော့၊ နှင့် သီချင်းသံကျယ်တယ်၊ နှင့် ကာတွန်းကားသံ ကျယ်တယ်ဆိုပြီး တစ်ယောက်နဲ့တစ်ယောက် အသံတိုးခိုင်းကြရင်းက တိုးမပေးကြဘဲ သူ့အသံထက် ကိုယ့်အသံကို ပိုပို မြှင့်ကြတာလေ၊ တစ်အိမ်လုံး ငရဲပြည်ကျနေတာပဲ၊ တီဗွီအသံကို အပြိုင်မြှင့်ကြတာ၊ နှစ်ယောက်စလုံး စိတ်ထား မကောင်းဘူး၊ အဲဒါကြောင့် ကျွန်မကိုယ်တိုင် ရိုက်ပစ်လိုက်တာ၊ ပြဿနာအေးအောင် ဘာလုပ်ပေးရမှန်းတောင် မသိတော့ဘူး"

မိမိမိုးက ပြောရင်း မျက်ရည်ဝဲစပေါက်ပေါက်။

"ပြဿနာအေးအောင် ဘာလုပ်ပေးရမှန်းတောင် မသိတော့ဘူး" တဲ့။

ကျွန်တော်လည်း ဘာအကြံပေးရမယ်မှန်း မသိတော့ပါဘူး။

◆

(၅)

ငယ်ရွယ်သူတို့ပင် ဖြစ်လင့်ကစား အတ္တရှိနေကြလျှင် ပြဿနာတွေ ရှိနေကြလိမ့်ဦးမည်ဟု စကားဝါကျ မဖွဲ့သိလိုတော့။ ဒါကြောင့် ဖြစ်သည်ထင်ပြီး ဒါကိုလိုက်လျောလိုက်သည့် အခါ ဟိုဟာဆိုသည့် နောက်ထပ် ပြဿနာတစ်ခု ထပ်မံပေါ်ပေါက်လာတတ်ပြန်ချေသည်။

သိန်းထွဋ်နှင့် မိမိမိုးတို့ မိသားစုကဲ့သို့သော အခြားမိသားစု၊ အခြားလူအဖွဲ့အစည်းတို့၏ အိမ်တံခါးကို သံသံမျှ ခေါက်ကြည့်လျက် "ပြဿနာတွေ ရှိသေးသလား" ဟု မမေးမြန်းဝံ့တော့ချေ။

ငယ်သူ, ရွယ်သူ, ကြီးသူ, မဟူ။ အလိုရမ္မက်တို့ ကိန်းဝပ်ရာ နှလုံးတို့၏ အရပ်, ဒေသ, လောကတိုင်း၌ ပြဿနာကိုယ်စီ ရှိခြိမ့်မည်။

မောင်လှမျိုး (ချင်းချောင်းခြံ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကဗျာတစ်ပုဒ်၊ စာတစ်ဆုပ် ရေးရလျှင် ကောင်းပေမည် ဟူသော အကြံဉာဏ်ဖြင့် စဉ်းစားခန်းဝင်လေသောအခါ သိုးသိုးသဲ့သဲ့ အသံလေးများ ကြားရလေသည်။

'အမယ်. . . ကိုရင်ကလည်း ဘယ်ခေလို့တုံး၊ ဟို စာရေးဆရာကြီးကဲ့သို့ ကိုယ်ရေးမယ့် ဇာတ်လမ်းတွေကို ဝိညာဉ်တွေက လာပြောပြစာပေါ့လေ'

သို့ကလို မဟုတ်ရပါ။ ချောက်ချီး ချောက်ချက် ကျွန်တော့်ငယ်ခမျာ အရှင်လတ်လတ် လူစစ်စစ်ကြီးက လူသံပီပီ သသဖြင့် ပြောပြခြင်းပါ။ ဆိုပါစို့၊ တစ်ယောက်သော ဆရာကြီးက တစ်ခုသော နေရာမှာ မင်းဆိုး မင်းညစ် မင်းစုတ်ပြတ်သတ်တွေ အကြောင်း အာပေါင် အာရင်းသန်သန် ပြောဟော သည်။

ထိုသို့ ပြောဟောလေသော အခါ တစ်ယောက်သော ပရိသတ်မှ နေ၍ 'ဆရာကြီး ပြောပြ၍ မင်းဆိုး မင်းညစ် မင်းစုတ်ပြတ်တွေ အကြောင်း ကောင်းကောင်းကြီး သိရပါပြီ၊ ယခု တစ်ဖန် မင်းကောင်း မင်းမြတ်တို့ ကျင့်သုံးရမည့် ကျင့်ဝတ်တရားတို့ကို ပြောပြပေးပါရန်' ဟု တောင်းဆိုသတဲ့။

ထိုအခါ ထိုဆရာကြီးမှ အပြောအဟောအတွေ့အကြုံများပြီး အာဝဇ္ဇန်းကောင်းသူပီပီ နိဒ်ဝတကာမှ နာမည်ကျော် ခေါင်းဆောင်ကြီးများအကြောင်း အတိတ်ဆောင်၍ 'မင်းကောင်း မင်းမြတ် ဟူသည်မှာ ဤသို့တည်း' ဟူ၍ သက်သေပြလေသည်။

ထိုသို့ အားပါးတရ သက်သေပြပြီးသောအခါ မေးခွန်းရှင်သည်တစ်ဖန် မတ်တတ်ရပ်ပြန်၍ 'ထိုအကြောင်းတွေကို စာအုပ်တွေထဲမှာ ဖတ်ထား၍ သိပါသည်၊ သိချင်သည်မှာ မြန်မာပြည်ဖြစ်မင်းကျင့်တရားဆယ်ပါးအကြောင်း ဖြစ်ပါသည်' ဟု စောဒကတက်ပါသတဲ့။

ထိုသို့ စောဒကတက်သောအခါ နိဒ်ဝတကာမှနာမည်ကျော်ခေါင်းဆောင်ကြီးများအကြောင်း ထောင်းလမောင်း ထအောင် တဖောင်းဖောင်း ပြောသွားသော မြန်မာပြည်ဖြစ် လူသားစစ်စစ်ကြီးသည် အလွန် စိတ်ပျက်အားငယ်သွားဟန် အမူအရာဖြင့် 'ဟာ- ဒါတွေက ဘိုးတော်ဘုရားလက်ထက်ကဟာတွေပါဗျာ၊ အဲဒါတွေတော့ မသိဘူးဗျ' ဟူသတဲ့။

ယခု ပြန်လည် ပြောပြနေသည်မှာ မူရင်းအတိုင်း မဟုတ်ကြောင်း အသိပေးပါရစေ၊ မည်သူကိုမျှ နှလုံးစိတ်ဝမ်း မည်စွန်မ်းစေလိုသောကြောင့် ယဉ်ယဉ်ကျေးကျေး ပေါ့ပေါ့ပါးပါး စကားလုံးဖလှယ်၍ ပြောပြခြင်းပါ။ မူရင်းအတိုင်း ဆိုလျှင်လည်း 'ဆင်ဆာ' ထိမှာ သေချာသည်။

ဤဖြစ်ရပ်အပေါ် ယောနိသောမနသိကာရဖြင့် ဓမ္မဓိဌာန်ကျကျ သုံးသပ်ကြည့်မိသည်။မေးခွန်းရှင်သည် တကယ် မသိတာကို တကယ် သိချင်၍ ရိုးရိုးသားသား မေးတာ ဖြစ်နိုင်သလို ကိုယ်သိပြီးသားဖြစ်ပါလျက် တစ်ဖက်သားကို ပညာစမ်းလိုသောကြောင့် မရိုးမသား မေးတာမျိုးလည်း ဖြစ်နိုင်သည်။

တစ်ဖက်မှ ဖြေကြားသူ အနေဖြင့်လည်း မသိတာကို မသိဘူးဟု ပညာရှိပီပီ ဝန်ခံတာမျိုး ဖြစ်နိုင်သလို 'တော်တော် လျှာရှည်တဲ့ မိကျောင်းသား၊ မှတ်ကရော' ဟု အငေါ်တူးပြီး မိမိ သိပါလျက် 'မသိဘူး' လည်း ဖြစ်နိုင်သည်။ အဖြေမှန်ကိုမူ ကာယကံရှင်များသာ သိကြပေမည်။

ယနေ့ လူပ်လှုပ်ရှားရှား ရှိလှသော ဟောပြောပွဲတို့၊ 'ဝဝ်ရှော့' တို့ ဆိုသည်မျိုးကလည်း လွယ်မယောင်နှင့် ခက်၊ တိမ်မယောင်နှင့်နက်သော အလုပ်ကိစ္စမျိုး ဖြစ်ပါသည်။ ထို့ကြောင့် တချို့ ဆရာကြီး၊ ဆရာမကြီးများသည် ထိုကိစ္စမျိုးများ ဖိတ်ကြားလာလျှင် ယဉ်ယဉ်ကျေးကျေး ရှောင်ရှားလေ့ရှိပါသည်။ လိုက်ပါ ဆောင်ရွက်သူများကိုမူ 'သတ္တိကောင်းပါပေတယ်' ဟု ဂုဏ်ပြုချီးကျူးရမည်သာ ဖြစ်ပါသည်။

ဤစာ ရေးနေသောကာလမှ နောက်ပြန်ရေတွက်သော် ရက်ပိုင်းမျှသာ ရှိသေးသော အခါသမယ၌ စာပေဆိုင်ရာ ဝပ်ရှော့တစ်ခု လုပ်ပါသည်။ 'ပုံနှိပ်မီဒီယာ'နှင့် 'အွန်လိုင်းမီဒီယာ' တို့၏ လုပ်ငန်းစဉ်များကို အကျေအလည် ခြေခြေမြစ်မြစ် သူဘက်၊ ကိုယ့်ဘက် ဆွေးနွေးကြခြင်း ဖြစ်ပေရာ အလွန်ကောင်းမွန်သော အစီအစဉ်ပင် ဖြစ်သည်။ 'မီဒီယာနှစ်လောက' နှင့်စပ်လျဉ်း၍ အသိအမြင် ဗဟုသုတများ ကျယ်ပြန့်နက်ရှိုင်းသွားရပါသည်။

ထိုပွဲတွင် စိန်ကောင်း၊ ကျောက်ကောင်း ရောင်းသည့်နေရာ ဆေးရိုးသည်က ကန့်လန့် ကန့်လန့် ဆိုသလို ဖြစ်သွားသည်။ တစ်ယောက်သောသူက ဤသို့ ထပြောသည်။

'ပုံနှိပ်မီဒီယာက အယ်ဒီတာရွေးမှ ဖော်ပြခံရတာ၊ အွန်လိုင်းမီဒီယာကတော့ ဘယ်အယ်ဒီတာစားပွဲမှ ဖြတ်စရာ မလိုဘူး' စသည်ဖြင့် နှုတ်ခမ်းတလန့် ပန်းတလန့် ဆွေးနွေးသွားသည်။ ကြွရောက်လာကြသော စာရေးဆရာဘိုးအေကြီးများ၊ အယ်ဒီတာ ဘိုးအေကြီးများကို အလွန်အားနာစရာကောင်းလှသော 'အဂါရဝ' အပြုအမူပင် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ထားပါတော့၊ ဤကဲ့သို့ မသိသား ဆိုးဝါးလှသော နှုတ်သီးကောင်းလျှာပါး ပြဿနာများသည် ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ ဝပ်ရှော့များ၌ ကြုံရလေ့ရှိပါသည်။ ထို့ကြောင့်ပင် တချို့ ဆရာကြီး၊ ဆရာမကြီးများ ရှောင်ရှားကြသည်ကို နားလည်ခံစားမိပြီး 'တွေ့မရှောင်သတ္တိခဲများ' ကိုမူ ဂုဏ်ပြု ချီးကျူးရခြင်း ဖြစ်ပါသည်။

ဟောပြောပွဲနှင့် ပတ်သက်၍ အမြဲသတိရနေမိသော ဆရာကြီး တစ်ယောက်ရှိပါသည်။ ဆရာကြီး 'ဝဏ္ဏသီရိ' ဖြစ်ပါသည်။ 'ညီတော်အာနန္ဒာ၏ တစ်သက်တာ မှတ်တမ်း' စသည့် ဘာသာရေးစာအုပ်များဖြင့် ထင်ရှားကျော်ကြားသော ဆရာကြီးသည် တက္ကသိုလ်ရိပ်သာလမ်းရှိ ရွှေတောင်ကုန်းသဃနာရိပ်သာ၌ ဟောပြောရမည် ဖြစ်လာပါသည်။

နွေရာသီ ကျောင်းပိတ်ရက်တွင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ သာမဏေ ဝတ်နေကြသော ကိုရင်ကလေးများ၊ သာသနာ့အန္တေဝါသီ ကိုရင်ကလေးများကို ဘာသာရေးဆိုင်ရာ သိမှတ်ဖွယ်ရာ အဖြာဖြာ ဟောပြောပေးရန် ဖြစ်ပါသည်။ ဆရာကြီးသည် မုံရွာမြို့တွင် နေထိုင်ရာ ရန်ကုန်ရောက်တုန်း ရောက်ခိုက် အထူးအစီအစဉ်အဖြစ် စီစဉ်ပေးခြင်းပင် ဖြစ်ပါသည်။ ထိုစဉ်က ရွှေတောင်ကုန်းဆရာတော်ကြီးသည် သက်တော်ထင်ရှား ရှိနေပါသေးသည်။

ကျွန်တော်သည် ဆရာကြီး၏ ထိုဟောပြောပွဲအား မှတ်တမ်းတင် ဆောင်းပါးရေးရန် အကြံအစုည်ဖြင့် ဆရာကြီးနှင့်အတူ လိုက်ပါသွားခြင်း ဖြစ်သည်။

ဆရာကြီးသည် ထိုဟောပြောပွဲ၌ ကိုရင်ကလေးများ၊ သီလရှင်ကလေးများနှင့် လိုက်ဖက် ညီညွတ်သော အကြောင်းအရာကို ဟောပြောပါသည်။ ခေါင်းစဉ်ကို သေသေချာချာ မမှတ်မိတော့သော်လည်း 'သားတော်ရာဟုလာ အကြောင်း' ဆိုစည်ကိုမူ ကောင်းကောင်း မှတ်မိနေပါသည်။

ဆရာကြီးသည် ကျမ်းဂန်ပါဠိနိုင်နင်းကျွမ်းကျင်သော လူပြန်တော်စာရေးဆရာကြီး ဖြစ်သည်နှင့်အညီ သားတော်ရာဟုလာအကြောင်း ဟောပြောသွားသည်မှာ စေ့စပ်သေချာလှသည်နှင့်အမျှ စိတ်ဝင်စားစရာ ကောင်းလှပါသည်။ ဦးရေ နှစ်ရာနီးပါးရှိသော ကိုရင်ကလေးများ၊ သီလရှင်ကလေးများနှင့် များပြားလှသော ဧည့်ပရိသတ်ကြီးများမှာ တုတ်တုတ်မျှ မလှုပ်စတမ်း စိတ်ပါဝင်စားစွာ နားထောင်နေကြပါသည်။

ထိုဟောပြောပွဲ အစီအစဉ်တွင် ကြွရောက် နားထောင်သော ပရိသတ်မှ မိမိတို့ သိရှိလိုသော၊ မေးမြန်း ဆွေးနွေးလိုသော အချက်များ ရှိပါက မေးမြန်းခွင့်ပြုသော အစီအစဉ်လည်း ပါဝင်ပါသည်။

ထို့ကြောင့်လည်း တစ်နာရီမျှ ဆရာကြီး ဟောပြောပြီးသောအခါ ကိုရင်ကလေးများ၊ သီလရှင်ကလေးများ၊ ဧည့်ပရိသတ်များမှ သူတို့သိလိုသော အချက်အလက်များ၊ နားမရှင်းလိုက်သော အကြောင်းအရာများကို မေးမြန်းကြပါသည်။ ကိုရင်ကလေးများ၊ သီလရှင်ကလေးများ မေးမြန်းသော မေးခွန်းများကို ခပ်လွယ်လွယ် ခပ်ပေါ့ပေါ့ မေးခွန်းများ ဖြစ်လိမ့်မည်ဟု ကျွန်တော်တွက်ဆထားကြောင်း ပြောပါရစေ။

တကယ်မေးမြန်းကြသော မေးခွန်းများကိုကြားရသောအခါ ကျွန်တော် မျက်လုံးပြူးသွားပါသည်။ သူတို့ကို 'ကလေးတွေပဲ' ဟူသော အမှတ်သညာဖြင့် လျှော့တွက်မိခဲ့သည်မှာ မဟာအမှားကြီး မှားလေစွ။

ကြည့်ပါ။ သူတို့မေးခဲ့သော မေးခွန်းများမှာ ဤသို့ဖြစ်ပါသည်။

'ဒကာကြီး၊ တန်ခိုးပြာတယ် ဆိုတာ ဘယ်လို ပြတာလဲ'

'ဒကာကြီး၊ ကိုရင်တို့ ညစာမစားရတာ ဘာကြောင့်လဲ'

'ဒကာကြီး၊ သားတော်ရာဟုလာရဲ့ မွေးနေ့ကို ပြောပြပါဦး'

စသည် . . . စသည်။

ကျွန်တော်သာဆိုလျှင် ဘာတစ်ခွန်းမျှ ပြန်ဖြေနိုင်မည်မဟုတ်။ ဖင်ကုတ်၊ ခေါင်းကုတ် ခွေးပြန်ပြီး 'လူကြီးရှက်တော့ ရယ်' ရလိမ့်မည် ထင်ပါသည်။

ဆရာကြီး ဝဏ္ဏသီရိကမူ ကိုရင်ကလေးများ၊ သီလရှင်ကလေးများ၏ ကတ်သီးကတ်သတ် ပေါက်ပေါက်ရှာရှာ မေးခွန်းမဟာများကို အပြုံးမပျက် ပြန်လည် ဖြေကြားသွားသည်မှာ ပေါ့ပေါ့ပါးပါး ရယ်ရယ်မောမောပင်၊ မေးခွန်းရှင်မှာ ကျေနပ်ဖွယ်ဖြစ်ရသလို ကြားရသူအပေါင်းမှာလည်း နှစ်သက်ကြည်နူးရပါသည်။

ကျွန်တော်လည်း သက်ပြင်းတွေ အခါခါချရင်း ဆရာကြီး၏ လေးနက်သောဉာဏ်၊ လျင်မြန်သောဉာဏ်တို့ကို လေးစားနေမိပါသည်။

ဟောပြောပွဲကဲ့သို့ နေရာမျိုးတွင် မေးခွန်းများကို ပြန်လည်ဖြေကြားရာ၌ အီး . . . အဲ . . . ဟိုသင်း . . . ဒီအတု လုပ်နေလို့မရပါ။ 'တဲ့ -ကဲ့ ခင်ဗျား ဖုန်းနံပါတ်ပေး။ နောက်မှ ဖုန်းဆက်ခဲ့မယ်'

www.burmeseclassic.com

www.burmeseclassic.com

လိုက်မယ်' လုပ်လို့လည်း မဖြစ်ပါ။ ချက်ချင်းမေး၊ ချက်ချင်းဖြေ။

ချက်ချင်းမေး၊ ချက်ချင်းဖြေဆိုရှု့ ကြုံဖူးတာလေးတစ်ခု - ပြောရဦးမည်။ သူကလည်း ချက်ချင်းမေး၊ ချက်ချင်းဖြေသွားသည်ပဲ။ ဒါပေမဲ့ သူ့ ချက်ချင်းဖြေတာက 'ဒါတော့ မသိပါ'၊ 'ဒါကတော့ မဖြေနိုင်ပါ'၊ 'ဒီဥစ္စာက ပြောသွားတဲ့ အကြောင်းအရာနဲ့ မသက်ဆိုင်ပါ' စသည်ဖြင့် မေးခွန်း ဆယ်ခွန်းမှာ ရှစ်ခွန်းလောက်က ထိုကဲ့သို့ အဖြေမျိုးတွေပင်။ ဆိုးတော့ မဆိုး၊ သူကလည်း ချက်ချင်းမေးတာကို ချက်ချင်းဖြေနိုင်သည်ပင် မဟုတ်လား။ တကယ်တော့ ယခု ဆရာကြီးဝဏ္ဏသီရိကဲ့သို့ မေးခွန်းရှင်နှင့် တကွ ဧည့်ပရိသတ်အပေါင်း ကျေနပ်နှစ်သက်သွားစေမည့် အဖြေမျိုး ဖြစ်ဖို့တော့ လိုအပ်လိမ့်မည် ထင်ပါသည်။

ကျွန်တော် ဟောပြောပွဲမေးခွန်းနှင့်ပတ်သက်၍ စဉ်းစားခန်းဝင်နေဆဲမှာပင် ကိုရင်ကလေးတစ်ပါး မတ်တတ်ရပ်တော်မူပါသည်။ ဘာများ မေးပါဦးမည်နည်း။ မေးခွန်းရှင်, ကိုရင်လေးကို ကြည့်လိုက်တော့ ခပ်တည်တည်၊ သူသိချင်သည့် မေးခွန်းကို တိတိကျကျ မေးတော့မည့် ပုံသဏ္ဌာန်ပင်။ မေးပါပြီ။

'ဒကာကြီး၊ လူတွေဟာ ဘယ်က ဖြစ်လာတာလဲ'

ကိုရင်ကလေးက သူ့မေးခွန်းကို တည်တည်ငြိမ်ငြိမ် ပြတ်ပြတ်သားသား မေးပြီး ဣန္ဒြေရရပင် ပြန်ထိုင်တော်မူသည်။ ကိုရင်ကလေး မေးလိုက်သော မေးခွန်းကြောင့် အစပထမတွင် ဆရာကြီးရော ကျန်ပရိသတ်များပါ 'ကြောင်' သွားဟန် တူပါသည်။ ခေတ္တ ငြိမ်သက်သွားသည်။ မကြာပါ၊ စဉ်းငယ်မှု အချိန်အတွင်းမှာ ဝေါခနဲ ရယ်မောသံများ ပေါ်ထွက်လာသည်။ ဟုတ်ပ၊ မေးခွန်းကြီးက ပေါက်ပေါက်ရှာရှာ။

ဆရာကြီးကမူ လိုက်လိုက်လဲလဲ ပြုံးရင်းသားမှ -

'အို- မရယ်ကြနဲ့လေ၊ ကိုရင်မေးတဲ့ မေးခွန်းက သိပ်တောင်းတဲ့မေးခွန်းပဲ၊ သူ မေးတာ မှန်တာပေါ့။ လူရယ်လို့ ဖြစ်လာမှတော့ လူဟာ ဘယ်ကဖြစ်လာသလဲ ဆိုတာ သိသင့်တာပေါ့၊ မဟုတ်ဘူးလား"

ဆရာကြီးသည် ဘဝ အတွေ့အကြုံ ရင့်ကျက်သူဖြစ်သည့်အလျောက် 'ပွဲထိန်း' ပုံမှာ ညင်သာသေသပ်လှပါသည်။ ကျွန်တော်ကမူ ရယ်လည်းမရယ်နိုင်၊ ပြုံးလည်း မပြုံးနိုင်၊ အဖြေလွယ်မယောင်နှင့် အဖြေခက်လှသော ဤမေးခွန်းမျိုးကို ဆရာကြီး ဘယ်လိုဖြေမှာပါလိမ့်ဟု တွေးတော ရင်မောနေမိသည်။

ကျွန်တော်တို့ သိသလောက်မူ လူဆိုတာ မျောက်က ဆင်းသက်လာတာတဲ့၊ အာဒမ်နဲ့ ဧဝက ငါက်ဖွားလာတာတဲ့၊ ဗြဟ္မာကြီးကတဲ့ စသည်ဖြင့် ဒီအဖြေတွေကို ဖြေပါဦးတဲ့၊ မေးခွန်းရှင် ကိုရင်ကလေးနဲ့တကွ ဧည့်ပရိသတ်က ကျေနပ်နှစ်သက်နိုင်ပါ့မလား။

'မျောက်က ဖြစ်လာတာ'

'အာဒမ်နဲ့ ဧဝက ဖြစ်လာတာ'

'ဗြဟ္မာကြီးက ဖြစ်လာတာ'

ကိုယ့်ဘာသာကိုယ် ဖြေကြည့်သည်။ ဟုတ်သလိုလို ရှိသော်လည်း ဘဝင်မကျ။ ရင်ထဲမှာ မတင်မကျကြီး။

ဆရာကြီးက ပွဲထိန်းစကား ပြောကြားပြီးသောအခါ ဤသို့ ဆက်ပြောပါသည်။

'ကိုရင် မေးတဲ့ မေးခွန်းကို တပည့်တော် ဖြေပါ့မယ့် ဘုရား၊ တပည့်တော်တို့ တစ်ထောင့်ကိုးရာခုနစ်ဆယ့်လေးခုမှာ တစ်ပြည်လုံး မဲပေးရတယ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းကို အတည်ပြုရမလား၊ အတည်မပြုဘူးလား၊ အဲဒါကို မဲပေးကြရမှာ။

ဒီနေ့ရောမှာ အဓိက ပြောချင်တာက အဲဒါမဟုတ်ဘူး၊ အဲဒီလို မဲပေးကြရမယ် ဆိုတော့ သိကြတဲ့အတိုင်း အနုပညာသည်တွေက စည်းရုံးလှုံ့ဆော်တဲ့အနေနဲ့ သီချင်းတွေ ဘာတွေ ဆိုကြတာပေါ့။

အဲဒီမှာ အဆိုတော်တစ်ယောက်က သီချင်းဆိုတယ်၊ 'မဲရဲ့ မဲရဲ့ကိုလာ ×× မဲရဲ့ မဲရဲ့ကိုလာ' ဆိုပြီးတော့၊ သိပ်တော့ မမှတ်မိတော့ဘူး၊ နှစ်ပေါင်းတော သုံးဆယ်ကျော်ပြီဆိုတော့၊ အဆိုတော်က အောင်ကိုလတ် ထင်ပါရဲ့၊ ဂီတာလေးတစ်လက်နဲ့ ဆိုသွားတာ'

(စကားချပ် ။ ။ ဆရာကြီးသည် ထိုသီချင်းကို အမှန်ပင် မမှတ်မိတော့သည်လား၊ သို့တည်းမဟုတ် သာသနာ့နယ်မြေအတွင်း ဖြစ်သောကြောင့် သီချင်းဆိုရမည်ကို မဝံ့မရဲသောကြောင့်လား၊ မပြောတတ်ပါပေ။) -

'အဲဒီလို ဆိုသွားတဲ့အထဲမှာ လူတွေဟာ မျောက်က ဆင်းသက်လာသတဲ့၊ ပြီးတော့ အာဒမ်နဲ့ဧဝကနေ လူတွေ ဖြစ်လာတာတဲ့၊ နောက် ဗြဟ္မာကြီးတွေကနေ ပေါက်ဖွားလာတာတဲ့၊ နောက် ရှိသေးတယ် ဒီနေ့ဆိုရင် ကမ္ဘာပေါ်မှာ လူဦးရေက ဘယ်လောက်ရှိနေပြီ၊ သန်းပေါင်း ဘယ်လောက်ရှိနေပြီ၊ အဲဒီလိုတွေ ထည့်ဆိုသွားတာတော့ မှတ်မိနေတယ်။

အဲဒီတော့ တပည့်တော်က စဉ်းစားတယ်၊ ဟာ- အဆိုတော်ကတော့

www.burmeseclassic.com

www.burmeseclassic.com

အဆိုကောင်း၊ အသံကောင်းပါရဲ့၊ ဒါပေမဲ့ သီချင်းထဲမှာ တစ်ခုလိုနေတယ်၊ ဘာလဲဆိုတော့ လူတွေဟာ အဖေနဲ့ အမေကနေ ပေါက်ဖွားလာကြတယ် ဆိုတဲ့ အချက်ပဲ'

ဆရာကြီးက ထိုနေရာအရောက်တွင် မေးခွန်းရှင် ကိုရင်ကလေးကို ပြုံးပြုံးကြီးစိုက်ကြည့်လိုက်သည်။ ထို့နောက် ဧည့်ပရိသတ်ဘက် လှည့်ကြည့်သည်။ ပြီးတော့ ကိုရင်ကလေးဘက် ပြန်လှည့်၍ ဤသို့တစ်လုံးချင်း ပီပီသသ ပြောလေသည်။

'အဲဒါ ထပည့်တော်ရဲ့ အဖြေပါပဲ'

ဆရာကြီးအဖြေ ဆုံးသွားသော အခါ မေးခွန်းရှင် ကိုရင်ကလေးများ၊ သီလရှင်ကလေးများ တိုးတိုးတိတ်တိတ် ကျိတ်ရယ်ကြသည်။ ဧည့်ပရိသတ်ကြီးလည်း ခပ်အုပ်အုပ် အသံပြုလျက် ပြုံးစိစိ ဖြစ်ကုန်သည်။

(မှတ်ချက် ။ ။ ဘာသာရေးဟောပြောပွဲဖြစ်ပြီး သာသနာ့နှယ်မြေ အတွင်းဖြစ်သောကြောင့် လက်ခုပ်မတီးကြခြင်း ဖြစ်ပါသည်။ ဘာသာရေး ဟောပြောပွဲ ပြီးဆုံးသောအခါ၊ နိဂုံးချုပ်သော အခါတွင်လည်း လက်ခုပ်မတီးကြပါ။ သာဓု ခေါ်ကြပါသည်။)

ဤဟောပြောပွဲသည် လွန်ခဲ့သော ဆယ်နှစ်ခန့်တွင် ဖြစ်ခဲ့ပါသည်။ သို့ပင် ကြာခဲ့ပြီဖြစ်သော်လည်း ကျွန်တော့် ရင်ထဲတွင် စွဲနေပါသည်။ ဟောပြောပွဲများတွင် အထက်၌ဆိုခဲ့သလို အဆီအငေါ်မတည့်၊ 'တုံ့ပေါက်တိ ကပေါက်ချ၊ ယောင်လည်လည်ဖြစ်ရပ် လေးများနှင့် မတော်တဆ ကြုံတွေ့ရသောအခါ ဆရာကြီးဝဏ္ဏသီရိ၏ ထိုဟောပြောပွဲကို ပို၍ အမှတ်ထင်ထင် ရှိမိတတ်ပါသည်။ ကလေးအရွယ် လူမမည်တို့၏ ရှာရှာဖွေဖွေ ကတ်သီးကတ်သတ် မေးပဲ မေးတတ်နိုင်လွန်းသော မေးခွန်းများကို ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော ကျေနပ်နှစ်သက်ဖွယ် ဖြေကြားသွားသော ဆရာကြီး၏ အဖြေစကားများကို တွေးမိတိုင်း ပီတိဖြစ်ရပါသည်။

ဆိုလိုချင်သည်မှာ ဟောပြောပွဲတို့၊ ဝပ်ရှော့တို့ စသည့် ပရိသတ်နှင့် ဒူးတိုက်တွေ့ဆုံရသော 'ပွဲများသည် အံ့ရေကြီးပါသည်။ အသံဩဇာကောင်း ရုံမှန့်၊ သီချင်းဆိုတတ်ရုံမှန့်၊ ရယ်စရာ မောစရာ ပြောတတ်ရုံမှန့်၊ ဗဟုသုတ (ဝမ်းစာ) ပြည့်စုံရုံမှန့် တော်ရုံအမြင် မတိမ်သင့်ပါ။ မိမိအား ယုံကြည်ကိုးစားနွာ ကြွရောက်လာကြကုန်သော ဧည့်ပရိသတ်ကြီးကို လေးလေးစားစား တန်ဖိုးထားပြီး တွဲပြန်မေတ္တာ ထားစေလိုပါသည်။

မိမိ မသိလျှင် မသိပါဟု အပြုံးမပျက် ဖြေနိုင်စွမ်းလည်း ရှိရပါမည်။ 'ဒါတွေက ဆိုးတော်ဘုရား လက်ထက်က ဟာတွေပါဗျာ' ဟူသော မဖွယ်မရာ ထော်လော်ကန့်လန့်စကားမျိုး အလျှင်းမသုံးသင့်ပါ။

ဆရာကြီး ဝဏ္ဏသီရိသည် တော်တော်ခွကျကျနိုင်လှသည့် မေးခွန်းရှင် ကိုရင်ကလေးကို 'ဘုရားသားတော် ကိုရင်ကလေးက ဒီမေးခွန်းမျိုး မေးရလား၊ 'ဒီကိစ္စနဲ့ ကိုရင်နဲ့ ဘာဆိုင်လို့တုံး' စသည် နင်ပဲဆော စကားမျိုး လေသံမျှပင် ဟမသွားပါ။

မေးခွန်းရှင် ကိုရင်ကလေးအတက် ကပင် ထောက်ခံမဲမေးပြီး အဖြေမတတ် လျှင် အလွန်ပြဿနာတက်နိုင်သည့် မေးခွန်းကို ဖြေလို့က်မှန်းပင် မသိ လောက်အောင် ပီပီရိုရို သေသေသပ် ဖြေကြားသွားပါသည်။

အသက်အရွယ်အရ ဝုတ်သိက္ခာအရ ဂါရဝတရား ထားရမည့် စာရေးဆရာကြီးများ၊ အယ်ဒီတာကြီးများကို ရှေ့ထားပြီး 'တယ်အယ်ဒီတာစားပွဲမှ ဖြတ်စရာမလိုဘူး' ဟု မှုဆိုးတစ်ပိုင်း မိန်းမနိုင်းလေသံမျိုးဖြင့် မြောသင့်၏၊ မပြောသင့်၏ ဆင်ခြင်ဖွယ်ဖြစ်ပါသည်။

ယနေ့ခေတ်ကို 'ပညာခေတ်'ဟု အမှတ်မှားတင်ကြပါသည်။ ကျွန်တော်ကမူ 'စကားခေတ်' ဟု ပြောလျှင်လည်း ရမည်ဟု ထင်ပါသည်။ ခုတစ်လောမှာပင် ဗြိတိန်ဝန်ကြီးချုပ်အသစ် ရွေးပွဲ၌ တစ်ယောက်သော အမျိုးသမီးသည် စကားတစ်ခွန်း မှားသွားသောကြောင့် ပြိုင်ဘက်ကို အရှုံးပေးလိုက်ရသည်။ စကားတစ်ခွန်း အမှားကြောင့် ဗြိတိန်ဝန်ကြီးချုပ်ဖြစ်လာမည့် သရဖူကို စွန့်လွှတ်လိုက်ရပါသည်။

စကားတစ်ခွန်းကြောင့် ကုလားထိုင် ပျောက်သွားသူများ၊ စကားတစ်ခွန်းကြောင့် ရာဇပလ္လင်ပေါ် စွဲ့ခနဲ ရောက်သွားသူများ၊ စဉ်းစားကြည့်လျှင် မအေးသေး၊ ပူပူနွေးနွေးပင် ရှိပါသေးသည်။

စကားတစ်ခွန်းကြောင့် စုတ်ပြတ် မသွားဘဲ အဟုတ် အမြတ်စား အောင်မြင်တော့ကြားကြပါစေ။

လင်းဦးရဲခေါင်

❑

www.burmeseclassic.com

www.burmeseclassic.com

မင်းရဲ့ခြံစည်းရိုးနဲ့ငါ့မှာ ဒုက္ခရောက်တဲ့ မကျန်ရစ်ပါစေနဲ့

မင်းလှမင်းခေါင်

ဆန္ဒဝတော ကီ နာမ ကမ္မံ နဝိဇ္ဇတိ၊ ဆန္ဒပြင်းသော သူသည် အဘယ်မည်သော အမှုမျိုးမဆို ပြီးမြောက် အောင်မြင်နိုင်သည်ဟု ဗုဒ္ဓဟောကြား ဆုံးမထားသည်ကို နာယူခဲ့ဖူးသည်။ ထို့ကြောင့် မည်သည့်ကိစ္စမဆို စိတ်ကို အဓိကထား၍ ကျင့်ကြံပွားများ အားထုတ်လျှင် အောင်မြင်တိုးတက်ကြီးပွားမှုတို့ကို ရယူနိုင်မည်မှာ မုချမသွေပင် ဖြစ်သည်။ ထို့ကြောင့် အောင်မြင်လိုသူများသည် မိမိတို့၏ စိတ်ဓာတ်ကို မြှင့်ပြီး တစိုက်မတ်မတ် ကြိုးစားကြရမည်သာ ဖြစ်သည်။

ထိုသို့ ကြိုးစားကြသည့် အခါများတွင် အင်းဝခေတ် စာဆိုအကျော် (ရှင်မဟာရဋ္ဌသာရ) ဆရာတော်က လိုက်နာကျင့်သုံးရမည့် အချက်များကို ဂန္ဓိသာရပျို့တွင် ရေးသားဆုံးမထားသည်ကို လူငယ်များအတွက် လက်ဆင့်ကမ်း ပါရစေ။

www.burmeseclassic.com

www.burmeseclassic.com

ထို ဝန္ဆီသာရပျို၏ အကျွတ်ဘယ်မှာ ဝေးတော့မည်နည်း အပိုဒ်တွင် ရေးဖွဲ့ထားသည်မှာ -

'သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ စာ ကဿရာစွဲသုံး၊ ဤရှစ်လုံးကို၊ သိကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့။ စာသင်ပျိုနှံ၊ အခြေပြုတို့၊ ဥဇူဘူတ၊ မထင်မပေါ်၊ မကျော်စောဘဲ၊ တီမှာလွဲအံ့' ဟု စပ်ဆို ဆုံးမထားခဲ့လေသည်။

အဓိပ္ပာယ်မှာ -

(၁) သု = သုဏောယျ = ကြားနာရာ၏ (Listening)

(၂) စိ = စိန္တေယျ = ကြံစည်ရာ၏ (Himking)

(၃) ပု = ပုစ္ဆေယျ = မေးမြန်းရာ၏ (Asking)

(၄) ဘာ = ဘာသေယျ = ပြောဆိုရာ၏ (Speaking)

(၅) ဝိ = ဝိစာရေယျ = စူးစမ်းဆင်ခြင်ရာ၏ (Reasoming)

(၆) လိ = လိက္ခေယျ = လေ့ကျင့်ရာ၏ (Practice)

(၇) သိ = သိက္ခေယျ = ရေးသားရာ၏ (Writing)

(၈) စာ = စာရေယျ = နှုတ်ဆိုင်ရာ၏ (Orally)

အထက်ပါ ဆရာတော်၏အဆုံးအမ အပြင် ခေတ်မီပြောင်းလဲလာသော ယခုခေတ်အခါတွင် ခေတ်မီတိုးတက်လာသော နည်းပညာများကို မျက်ခြေမပြတ် လေ့လာသင်ယူ၍ အောင်မြင်မှုကို ရယူကြရမည်သာ ဖြစ်ပေသည်။

အလျဉ်းသင့်၍ ထိုကဲ့သို့ မိမိစိတ်ဓာတ်ကို မြှင့်တင်၍ တစိုက်မတ်မတ်ဖြင့် ကြိုးစားအားထုတ်ခဲ့၍ အောင်မြင်ခဲ့သူ ပုဂ္ဂိုလ်ကြီးတစ်ဦးအကြောင်းကို လက်ဆင့်ကမ်းချင်ပါသေးသည်။

သက္ကရာဇ် ၁၉၃၃-၃၄ ခုနှစ် ခန့်က မြန်မာနိုင်ငံ စာပေလောကတွင် ဦးဗကျိုဦး ဟူသော စာရေးဆရာ၊ အယ်ဒီတာတြီး တစ်ဦး ရှိခဲ့သည်။ အဲဒီဆရာကြီးက ကန့်ဘဲ့တွင်နေသည်။ ထိုအချိန်က တိုးတက်ရေးဟူသော ကြီးပွားတိုးတက်ရေးမဂ္ဂဇင်းလေးတစ်စောင် ထုတ်ဝေနေသော ကာလဖြစ်သည်။

တစ်နေ့ သူက သူမိတ်ဆွေဖြစ်သူ ဦးသန်းတင်ကို သူ့အိမ်တွင် ထမင်းဖိတ်ကျွေးသည်။ ဦးသန်းတင် ရောက်လာသည့်အခါ ဦးဗကျိုဦးက ဓာတ်ပုံတစ်ပုံကို ပြသည်။ ထိုဓာတ်ပုံထဲတွင် ဦးဗကျိုဦးသည် တောင်ရှည်ပုဆိုးကို ဝတ်ဆင်ထားသည်။ နောက် ခေါင်းပေါင်းအုပ်ပေါင်းထားပြီး ရင်ဖုံးအင်္ကျီကို ဝတ်ဆင်ထားသည်။ ခြေထောက်မှာလည်း ရှူးဖိနပ်ကိုစီးထားသည်။ နောက် မော်တော်ကား တံခါးကိုဖွင့်ထားပြီး ကားပေါ်ကို တက်မည့်ဟန်နှင့် ရိုက်ထားသောဓာတ်ပုံကို ပြသည်။

ဓာတ်ပုံက မည်သို့မျှ မထူးဆန်းသော်လည်း ဓာတ်ပုံအောက်ခြေတွင် ရေးသားထားသည့်စာတန်းက ထူးဆန်းသည်ဟု ပြောရပေလိမ့်မည်။ ရေးထားသည့်စာက "ကျွန်တော် အသက်(၄၀) ရောက်လျှင် မော်တော်ကားစီးမည်၊ ပုဆိုးတောင်ရှည် ဝတ်မည်၊ ခေါင်းပေါင်းအုပ်ပေါင်းမည်" ဟု ရေးထားသည်ကို တွေ့ရသဖြင့် ဦးသန်းတင်လည်း ရုတ်တရက် ခပ်ကြောင်ကြောင်ဖြစ်သွားပြီး ဒီလူကြီးကို လူပေါ်ကြီးဟု ထင်မိသွားသည်။

သို့သော် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားသောအချိန်တွင် တိုးတက်ရေးသတင်းစာသည် အောင်မြင်သော သတင်းစာတစ်စောင်ဖြစ်ခဲ့ပြီး ဦးဗကျိုဦးသည် သူ့ဓာတ်ပုံထဲက အတိုင်း ဖြစ်သွားသည်ကို ဦးသန်းတင် အံ့သြစွာ တွေ့မြင်လိုက်ရသည်။

အထက်ပါ အကြောင်းအရာသည် စိတ်ဓာတ်အရ မြင့်မြတ်ပြီး ကြီးစားအားထုတ်၍ အောင်မြင်သွားခဲ့သော ဦးဗကျိုဦးအကြောင်းကို ရောင်ပြန်မဂ္ဂဇင်း အမှတ်- ၂၄၇၊ ၂၀၁၆ ဧပြီလထုတ်တွင် ဆရာမောင်မောင်မြင့်စား ရေးသားသော ဝိဇ္ဇာအမြင့်နှင့် သရဏကုံ ဆောင်းပါးထဲမှ အတုယူအားကျဖွယ်အကြောင်းအရာအဖြစ် ဖတ်ရှုမိရင်းက လက်ဆင့်ကမ်း ဖောက်သည်ချလိုက်ခြင်း ဖြစ်ပါသည်။

အထူးသဖြင့် ရေးသားလိုသည်မှာ ဦးသန်းတင်ဆိုသော ပုဂ္ဂိုလ်ကြီးမှာ တစ်ခေတ်တစ်ခါက အောင်မြင်ကျော်ကြားခဲ့သော စာရေးဆရာကြီး ဦဝံဖြစ်ပြီး ဆရာကြီးဦဝံနှင့် ဆရာကြီးဦးဗကျိုဦတို့ တွေ့ဆုံခဲ့သည့်အကြောင်းကို ၁၉၈၅ ခုနှစ် နိုဝင်ဘာလထုတ် ဂီတပဒေသာ မဂ္ဂဇင်းတွင်ဖော်ပြထားသောဆောင်းပါးဖြစ်ကြောင်း ဆရာမောင်မောင်မြင့်အား က မှတ်ချက်ပြုထားသည်။ လူငယ်များအတွက် လက်ဆင့်ကမ်းလိုက်ပါသည်။

တိုးတက်အောင်မြင် ကြီးပွားချင်ကြပါသလားဟု မေးလျှင် လူငယ်အားလုံးက ဟုတ်ကဲ့၊ အောင်မြင်ချမ်းသာချင်ပါတယ်၊ ကြီးပွားချင်ပါတယ်ဟု တစ်ပြိုင်နက် အဖြေကို ပေးကြပါလိမ့်မည်။

သို့သော် ထိုထိုသော အောင်မြင်မှု၊ ကြီးပွားမှု ဟူသမျှသည် လွယ်လွယ်ကူကူဖြင့် ရယူနိုင်သော အရာများ မဟုတ်ပေ။ မိမိတွင်ရှိသော ဂုဏ်၊ ဉာဏ်၊ ဝီရိယတို့နှင့်အတူ ကာယစွမ်းအား ဉာဏစွမ်းအားများကို အခြေအနေနှင့် အချိန်ကာလအလိုက် သင့်တင့်မျှတစွာ

www.burmeseclassic.com

www.burmeseclassic.com

ပတ်သော ပေးဆပ်မှုကို ထိုက်တန်စွာ ပေးဆပ်မှုသာ အောင်မြင်မှုကို ရရှိနိုင်ပေလိမ့်မည်။

အထက်ပါ အကြောင်းအရာနှင့် ပတ်သက်၍ အထောက်အထားတစ်ခု အဖြစ် ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး 'ဒါဝင်' ပြောပြဖူးသော အကြောင်းအရာ တစ်ခုကို ပြောပြချင်ပါသည်။ သိပ္ပံပညာရှင်ကြီး ဒါဝင်က -

'သတ္တဝါတွေဟာ ရေက စဖြစ်ကြသတဲ့၊ ငယ်သောသတ္တဝါများကို ကြီးမားသော သတ္တဝါကြီးများက လိုက်လံသတ်ဖြတ်စားသောက်ကြသည်၊ထို့အခါ ငယ်သောသတ္တဝါများသည် အသက်ဘေးမှ လွတ်မြောက်ရန်အတွက် ကုန်းပေါ်သို့ တက်မြွေးရန် ကြိုးစားကြရတော့သည်၊ ထိုသို့ ကြိုးစားအားထုတ်ရာမှ ခြေလက်များ ထွက်လာကြလေသည်' ဟု ဆိုသည်။

'ကုန်းပေါ်သို့ တက်ရောက်လာနိုင်သော အခါတွင်လည်း သတ္တဝါတို့၏ ဓလေ့စရိုက် သဘောသဘာဝအရ ကြီးနိုင်ငယ် ညှဉ်းဆဲခြင်းကို ခံကြရပြန်သည်။ ထို့ကဲ့သို့ ကြီးမားသော သတ္တဝါကြီးများ၏ အနိုင်ကျင့်မှုကို 'ခံစားကြရသော သတ္တဝါများသည် သတ္တဝါကြီးများ၏ ကိုက်ဖြတ်စားသောက်ခြင်းဘေးမှ လွတ်မြောက်လိုသော စိတ်ဆန္ဒအရ ငယ်သော သတ္တဝါများသည် လေထဲသို့ ပျံတက်နိုင်ရန် ကြိုးစားအားထုတ်ကြရပြန်သည်။ ထိုသို့ ကြိုးစားအားထုတ်ရာမှ အတောင်များထွက်ပေါ်လာကြပြီး လေထဲတွင် ပျံသန်းနိုင်သော ငှက်များ ဖြစ်လာကြတော့သည်' ဟု ဖတ်ရှုခဲ့ရသည်။

သိပ္ပံပညာရှင်ကြီး အဆိုအဓိပ္ပာယ်မှန်သည်။ အကျိုးအကြောင်း ဆီလျော်သည်ဟု ထောက်ခံနေခြင်း မဟုတ်ပါ။ သူ့အဆိုထဲတွင် ဘဝတစ်ခုမှတစ်ခုသို့ တိုးတက်အောင်မြင်ရန် ကြိုးစားအားထုတ်ရသော သတ္တဝါတို့၏ ဘဝပေးအခြေအနေကို လူငယ်များဘဝနှင့်ယှဉ်၍ လက်ခံစဉ်းစားနိုင်ရန် နေသားရခြင်း ဖြစ်ပေသည်။

လူငယ်များကို ပြောလိုသည်မှာ ဖြစ်ချင်သော ဆန္ဒနှင့် ပြင်းပြသော စိတ်ဓာတ်သာ ရှိပါစေ၊ ခြေ၊ လက်နှင့် အတောင်များ ပေါက်လာသလို (ဒါဝင် ပြောသလို) အောင်မြင်တိုးတက် ကြီးပွားခြင်းတွေသည် မလွဲမသွေ ရောက်ရှိလာမည်မှာ အသေအချာပင်ဖြစ်သည်။

အောင်မြင်တိုးတက် ကြီးပွားလိုသူ လူငယ်များသည် ပထမဦးစွာ မိမိကိုယ်ကို လူပီသအောင် ကြိုးစားပါ။ လူပီသချင်လျှင် လူတွေကို အပြစ်မတင်ပါနှင့်။ မြင်တတ်သူသည် ပြုပြင်တတ်ရပေမည်။ ပျက်စီးနေသည်ကို ပြုပြင်ပါ။ ဖျက်ဆီးသူမဖြစ်ဖို့ သတိပြုပါ။

ကိုယ်တစ်ဦးတည်း ကောင်းနေလျှင်ပင်လည်း တစ်ကိုယ်ကောင်းဆန်သူ ဖြစ်နေတတ်ပြီး ယဉ်ကျေးသော လူအသိုင်းအဝိုင်းထဲတွင် တွေးခေါ်မြော်မြင်မှုများဖြင့် တိုးတက်အောင်ပြုလုပ်မှသာ လူဖြစ်သည်ကို နားလည်သင့်ပေသည်။

ထိုသို့ နားလည်ပြီးသော လူငယ်များသည် ဗုဒ္ဓ၏ အဆုံးအမများကို လိုက်နာကျင့်သုံးရပေလိမ့်ဦးမည်။ လိုက်နာရမည့် အကြောင်းအရာများသည် လူငယ်တိုင်း ကြားဖူးနားဝ စကားများ ဖြစ်သည်။ ဤနေရာတွင် ကြားဖူးသမျှကို မိမိနားဝတွင်မထားဘဲ 'ယောနိသော မနသိကာရ' ဟူသော စကားအရ ရင်ထဲနှလုံးသားထဲတွင် အသေအချာ သိုဝှက်သိမ်းဆည်းပြီး လိုက်နာကျင့်ဆောင်ရပေမည်။ ထိုအရာများမှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ဟူသော ရတနာသုံးပါးနှင့် ဆရာ၊ မိဘ ဟူသော အနန္တော အနန္တ၌ငါးပါးကို အမြဲကြည်ညိုစိတ်ဖြင့် ပူဇော်ခြင်းကိုလည်း ပြုလုပ်ပါဟု တိုက်တွန်းပါရစေ။ ဖြစ်နိုင်လျှင် ငါးပါးသီလကို ဆောက်တည်ပါ။ အလှူဒါန ပြုလုပ်ပါ။

အလှူဒါန ပြုလုပ်ပါဟု ဆိုတိုင်း ငွေကြေးဖြင့်လှူဒါန်းခြင်းကို မဆိုလိုပါ။ ငွေကြေးမပါသော်လည်း အလှူဒါန မြောက်သော လှူနည်းများရှိပါသည်။

(၁) အမှုအရာ မျက်နှာဖြင့် လှူဒါန်းခြင်း - တစ်ဖက်သားအား ပြုံးပြခြင်းဖြင့် တစ်ဖက်သား၏ စိတ်ချမ်းသာမှုကြည်နူးမှုကို ဖြစ်ပေါ်စေပါသည်။

(၂) နှုတ်ဖြင့် လှူဒါန်းခြင်း - မိမိနှုတ်မှ ထွက်လာသော စကားလုံးများသည် တစ်ဖက်သားအား ချီးကျူးစကား၊ ညာတာစကား၊ အားပေးစကား၊ နွေးထွေးသောစကား ပြောကြားပေးခြင်းသည် အလှူပေးခြင်းတစ်မျိုး ဖြစ်ပါသည်။

(၃) စိတ်ဖြင့် လှူဒါန်းခြင်း - မိမိစိတ်တံခါးကို ဖွင့်၍ တစ်ဖက်သားအား ရိုးသားစွာ ဆက်ဆံပေးပါ။

(၄) အမြင်ဖြင့်လှူဒါန်းခြင်း -ကောင်းသောစေတနာဖြင့် တစ်ဖက်သားအား ကြည့်မြင်တတ်သော အလေ့အထပြုပါ။

(၅) ကိုယ်ကာယဖြင့် လှူဒါန်းခြင်း - မိမိစွမ်းနိုင်သလောက် ခွန်အားဖြင့် တစ်ဖက်သားအား အကူအညီပေးခြင်း။

(၆) နေရာထိုင်ခင်း လှူဒါန်းခြင်း - ခရီးသွားသည့် အခါများတွင် လေ၊ သင်္ဘော၊ ကား၊ ရထားများဖြင့် သွားလာကြရသည်။ ထိုအခါ မိမိရရှိထားပြီးသော ထိုင်ခုံအား ရဟန်းသံဃာ၊ သီလရှင်၊ အိုမင်းမစွမ်း ဖြစ်နေသူများ၊ လက်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များအား လျှော့ပါးနိုးခြင်း (နေရာဖယ်ပေးခြင်း)

(၇) မိမိနေအိမ် လျှော့ပါးနိုးခြင်း - မိမိနေအိမ်ကို တစ်ပါးသူများအား အနားယူတည်းခိုနိုင်ရန် ကြည်ပြုစွာ ခွင့်ပြုခြင်း စသည့် အလေ့အထများသည် များစွာမစိုက်ထုတ်ရဘဲ လျှော့ပါးနိုးရသည့်အလျှော်များ ဖြစ်ပေသည်။ အောင်မြင်တိုးတက်ကြီးပွားလိုသူများသည် ဤသို့လျှော့ပါးခြင်းဖြင့် အထောက်အပံ့ဖြစ်သည်ဟု နားလည်ပါ။

*

တိုးတက်ကြီးပွား အောင်မြင်လိုသော လူငယ်များအတွက် အတုယူအားထားဖွယ်ရာ အကြောင်းအရာတစ်ခုကို ထပ်မံနေ့သား တင်ပြပါဦးမည်။ အလွန်ပင် စိတ်ဝင်စားဖို့ကောင်းပါသည်။ သူအမည်မှာ အေမီမီခေးလ်ပါဒီ (Amy Michell Prudy) ဖြစ်သည်။

၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် အမေရိကန်နိုင်ငံ နီဗားဒါး, ပြည်နယ် လက်စ်ဗီးဂတ်မြို့ (သဲကန္တာရမြေခွေး)တွင် မွေးဖွားသည်။ ငယ်စဉ်ကပင် လွတ်လပ်မှုကို လိုလားသည်။ စာပေနှင့် ခရီးသွားခြင်းကို ဝါသနာပါသည်။ အထက်တန်းစာမေးပွဲအောင်ပြီး (၁၉) နှစ်အရွယ်တွင် နှင်းများဖုံလွှမ်းနေသော ဒေသသို့ ပြောင်းရွှေ့နေထိုင်ပြီး အကြောပြင်သော ပညာရှင်အလုပ်ကို လုပ်ကိုင်ခဲ့သည်။

တစ်နေ့တွင် သူမအတွက် အကုသိုလ်တို့သည် အလုံးအရင်းဖြင့် ဝင်ရောက်လာသည်။ အဖျားဝေဒနာအကြီးအကျယ် ခံစားရပြီး ဆေးရုံသို့ ကူသခံခဲ့ရသည်။ အောက်ဆီဂျင် တပ်၍ အသက်ဆက်ခဲ့ရသည်။ အသက်ရှင်ခွင့်မှာ ၂ ရာခိုင်နှုန်းသာ ရှိတော့သည်။ ထို့ပြင် ဦးနှောက်အမြှေးရောင်ရောဂါက ဝင်ရောက်လာပြန်သည်။ နောက်နှစ်လအတွင်းမှာပင် သရက်ရွက်နှင့် ကျောက်တပ်လည်း ပေါက်စီးလာပြီး ဘယ်အင်္ဂါနားအကြားအာခံ့ ချို့ယွင်းပြီး ဒူးဆစ်အောက် ခြေထောက် နှစ်ဖက်စလုံး ဆုံးရှုံးခဲ့လိုက်ရသည်။

ထိုမှတစ်ဆင့် ဦးနှောက်အမြှေးရောင်ရောဂါပြီး ဝင်လာပြီး သွေးဆိပ်တက်ရာမှတစ်ဆင့် ကျောက်တပ်နှစ်ဖက်စလုံး ပေါက်စီးသွားခဲ့ရပြန်သည်။

သူမအဝတွင် ခြေနှစ်ဖက်လုံး ဖြတ်ခဲ့ရပြီး ကျောက်တပ်နှစ်ခု ပေါက်စီးခဲ့ရသလို သရက်ရွက်လည်း ထုတ်ဝစ်ခဲ့ရသည်။ မိခင်အနားတွင် အားငယ်စိတ်ဖြင့် ငိုကြွေးခဲ့ရသည်။ ထို့နောက် သူမသည် အားငယ်စိတ်များကို သူမခန္ဓာကိုယ်မှ ထုတ်ပယ်ပစ်လိုက်ပြီး မတ်တတ်ရပ်နိုင်အောင် စတင်ကြိုးစားလေတော့သည်။ ထိုမှတစ်ဆင့် မတ်တတ်ရပ်နိုင်လာသည်နှင့် ထပ်မံကြိုးစားကာ ခြေလှမ်းနိုင်အောင် ကြိုးစားခဲ့သည်။

ဆရာဝန်ပေးထားသော ခြေတုများကို အိပ်ရာဘေးထားရင်း အချိန်အချို့ ကုန်လွန်ပွားခဲ့ရသည်။ သူမသည် ထိုကာလအတွင်း စဉ်းစားမိသည်။ ဒီလိုနဲ့ ဘဝကို အဆုံးပေးမှာလား။ အဆုံးမပေးဘဲ ရင်ဆိုင်ဖြတ်ကျော်မှာလားဟုတွေးပြီး ခက်ခဲလှသော ရွေးခရီးကို စတင်ရင်ဆိုင်ဖြတ်သန်းဖို့ ကြိုးစားအားထုတ်ခဲ့သည်။

လေးလကြာသောအခါ နှင်းလျှောစီးခြေနင်းပြားတွင် ရပ်လျက် ခြေအတုဖြင့် စတင်လေ့ကျင့်သည်။ ချော်လဲသည့်အခါ ပြန်ထသည်။ ပြုတ်ကျသည့်အခါ ပြန်ထသည်။ ကြိမ်ဖန်များစွာ ချော်လဲပြုတ်ကျ ရင်ဆိုင်ခဲ့ပြီး ခုနစ်လအကြာ မိမိဘာသာ တီထွင်ထားသော နှင်းလျှောစီး ခြေတုတစ်စုံဖြင့် နှင်းလျှောစီးနိုင်ခဲ့လေသည်။

သည်လိုနှင့် CNF အသိအမှတ်ပြု အားကစားသမားတစ်ဦး ဖြစ်လာခဲ့သည်။ အသက် (၂၁)နှစ်အရွယ်တွင် ဇောင်ထဲမှ ကျောက်တပ်တစ်လုံး အစားထိုးရရှိခဲ့သည်။ ၂၀၀၃ ခုနှစ် လူငယ်သန်းခေါင်များ ထူထောင်သော NGO အဖွဲ့ ၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ပူလေအလုပ်ဖြစ်သော အကြောပြင်ပညာရှင် အလုပ်နှင့် အလှူငွေမော်ဒယ်လ်အလုပ်တို့ တွဲ၍ လုပ်ဆောင်နိုင်ခဲ့သည်။

ထို့နောက် ခြေတုထုတ်လုပ်နေသန်မစွမ်းလူငယ်များအတွက် NGO လုပ်ငန်းများ ထူထောင်လာနိုင်ခဲ့ပြီး အားကစားပြိုင်ပွဲများ ဝင်ရောက် ယှဉ်ပြိုင်နိုင်အောင် ကူညီခဲ့သည်။

တောင်အာဖရိကနိုင်ငံသို့ သွားရန် မသန်စွမ်းလူငယ်များစွာကို ဖိနှပ်စီးနိုင်အောင် ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့အပြင် ထိုလူငယ်များကို ကျောင်းတက်နိုင်အောင်လည်း စွမ်းဆောင်ပေးခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် "What's Buggam Seth" ရုပ်ရှင်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထို့နောက် အိုလံပစ်ပြိုင်ပွဲ၌ အမေရိကန်နိုင်ငံ ကိုယ်စားပြု လျှောစီးအားကစားသမားအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယ ငွေတံဆိပ်ဆုကို ရရှိခဲ့သည်။

Adaptive Action Sport တို့ အများနှင့်ထူထောင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် နှင်းလျှောစီးပြိုင်ပွဲတွင် ရွေတံဆိပ်ဆု၊ ၂၀၁၄ ခုနှစ် နယူးဇီလန်နိုင်ငံ နှင်းလျှောစီးပြိုင်ပွဲတွင် "How to Raise

www.burmeseclassic.com

www.burmeseclassic.com

an Olympeim" အမည်ရှိ စီးရီးရုပ်သံတင်ဆက်နိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်မှာပင် "Commy own two feet from cosing my legs to learning the dance of life" စာအုပ် ထုတ်ဝေနိုင်ခဲ့ပြန်သည်။

၂၀၁၅ ခုနှစ်တွင် အိမ်ထောင်ပြုခဲ့သည်။ ထို့နောက် စိတ်ဓာတ်မြင့်တင်ရေးနှင့် ကြိုးစားရုန်းကန်မှုဆိုင်ရာ သဘောတရားများကို ရေဒီယိုနှင့်ရုပ်သံလိုင်းများမှ ပို့ချဟောပြောပေးခဲ့သည်။ ယခုအခါ အဓမရိကန်ရုပ်သံလိုင်းကျင်းပသည့် 18th Season of Dancing with Stars ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ကမ္ဘာထိပ်တန်း နှင်းလျှောစီးအမျိုးသမီး အားကစားမယ်တစ်ဦးအဖြစ် ရပ်တည်နေဆဲ ဖြစ်သည်။

ရုပ်ရှင်သရုပ်ဆောင်၊ ဖျော်ဖြေမှုလုပ်ငန်းများ၊ မသန်စွမ်းသူများ၏ သံတမန်၊ အဝတ်အစား ဒီဇိုင်နာ၊ စိတ်ဓာတ်ရေးရာ မြှင့်တင်ရေး စည်းရုံးဟောပြော ပို့ချသူ၊ စာရေးဆရာ စသည့် ဂုဏ်ဖြစ်ပေါင်း များစွာကို ပိုင်ဆိုင်ထားသူအဖြစ် တွေ့မြင်ကြရဆဲ ဖြစ်သည်။

ဤရွေ့ ဤမျှ ခန္ဓာကိုယ်အစိတ်အပိုင်း များစွာကို စွန့်လွှတ်ခဲ့ရပြီး အသက်ရှင်ရန် ၂ ရာခိုင်နှုန်းမျှသာရှိပြီး ကျောက်ကပ်မရှိ၊ ခြေနှစ်ဖက်မရှိ၊ သရက်ရွက်မရှိ၊ ဦးနှောက်အမြေးပါးရောဂါရှင် အမျိုးသမီးဘဝမှ သာမန်လူကောင်း ပကတိများပင် မစွမ်းဆောင်နိုင်သော အလုပ်ကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သူသည် အေဒီမီခေးလ်ပါဒီ ဆိုသော အမျိုးသမီးလေးပင် ဖြစ်သည်။

သူမ ဖြတ်သန်းခဲ့ရသောဘဝနှင့် ယှဉ်၍ ရရှိခဲ့သော အတွေးအခေါ်တစ်ခုကို သူမက ဤကဲ့သို့ပြောသည်ကို ဖတ်ရှုခဲ့ရသည်။ "အကန့်အသတ်များကို စိတ်ဓာတ်ဖြင့် ကျော်လွှားပါ။ လဲလျှင် ပြန်ထပါ။ နာလျှင် အားမွေးပါ။ မိမိကိုယ်ကို အားကိုးပါ။ မိမိအစွမ်းရှိသလောက် မစွမ်းသူများနှင့် စွမ်းသူများကို စိတ်ဓာတ်ခွန်အား မျှဝေပါ"

ဘဝနှင့်ရင်းချှေ ရယူခဲ့ရသော သူမဘဝ အောင်မြင်တိုးတက် ကြီးပွားရေးတွင် ပေးဆပ်မှုများက များစွာပေးဆပ်ခဲ့ရပြီးမှ ယခုဘဝကို ရောက်ခဲ့ရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် အောင်မြင်တိုးတက် ကြီးပွားလိုသော လူငယ်များကို ပြောလိုသည်မှာ အေမီမီခေးလ်ပါဒီကဲ့သို့ မိန်းကလေးတစ်ဦးပင်လျှင် ဤကဲ့သို့ အောင်မြင်သောဘဝကို ရောက်နိုင်ခဲ့လျှင် သင်တို့အဖို့လည်း ဤလိုဘဝမျိုးကို အဘယ်ကြောင့် မရောက်ဘဲရှိနိုင်ပါအံ့နည်း။

ဦးဗဂျိုင်ကဲ့သို့သော စိတ်ဓာတ်ဖြင့်ရည်မှန်းချက်ထားပြီး ရောက်အောင် ကြိုးစားသကဲ့သို့ လည်းကောင်း၊ သိပ္ပံပညာရှင် ဒါဝင်မြော့သော မိမိအသက်အတွက် ကြိုးစားရင်း ခြေထောက်များ၊ လက်များ ပေါက်လာသော ရေသတ္တဝါများနှင့် ကုန်းပေါ်တွင် အသက်အန္တရာယ်ကြောင့် အတောင်များပေါက်လာပြီး လေထဲတွင် ပျံသန်းသွားနိုင်သော ဌက်သတ္တဝါများကဲ့သို့ ကြိုးစားအားထုတ်ပါက အောင်မြင်တိုးတက် ကြီးပွားမှုများကို မလွဲမသွေ ပိုင်ဆိုင်ကြရမည်သာ ဖြစ်သည်။

လူငယ်များအတွက် အောက်ဖော်ပြပါ အဖြစ်အပျက်လေးတစ်ခုကို သင်ခန်းစာယူနိုင်ရန် ရေးသားရင်း ဤဆောင်းပါးကို နိဂုံးချုပ်ပါမည်။

တစ်ခါက ကလေးတစ်ယောက်ဟာ မိဘများ သတ်မှတ်ထားသော စည်းကမ်းကို အမြဖောက်ဖျက်ကျူးလွန်လေ့ရှိတယ်။ မိဘတွေကလည်း တစ်ဦးတည်းသောသားလေးဖြစ်လို့ မရိုက်ရက်ကြဘူး။ ဒီတော့လည်း အဲဒီကလေးက နေ့စဉ်ရက်ဆက်ဆိုသလို အပြစ်တွေ ကျူးလွန်လာသတဲ့။

တစ်နေ့တော့ သူ့ရဲ့ဖခင်ဖြစ်သူဟာ အကြံတစ်ခု ရသွားပြီး 'ကဲ- သားလေး မင်းက မိဘတွေ သတ်မှတ်တဲ့ စည်းကမ်းကို အမြကျူးလွန်သူဖြစ်တယ်၊ ဒီတော့ ဟောဒီ တူတစ်ချောင်းရယ်၊ သံတွေထည့်ထားတဲ့ အိတ်တစ်လုံးရယ် ယူထားပါ။ ပြီးတော့ သားလေး အပြစ်တစ်ခါ ကျူးလွန်ရင် အိမ်ရှေ့ခြံစည်းရိုးမှာ သံတစ်ချောင်းရိုက်ပါ' ဟု ပြောသတဲ့။

သားဖြစ်သူကလည်း သူ့ဖခင်စကားအတိုင်း အပြစ်ကျူးလွန်ပြီးတိုင်း ခြံစည်းရိုးက သစ်သားချောင်းများ သံတစ်ချောင်း အမြဲရိုက်သတဲ့။ ဒီလို နဲ့ခြောက်လ ခုနစ်လလောက် ရောက်လာတဲ့အခါ သံထုပ်ထဲက သံတွေလည်း ကုန်သွားသတဲ့။

အဲဒီအခါမှာ ကောင်လေးက စဉ်းစားတယ်။ သံထုပ်ထဲက သံချောင်းတွေလည်း ငါရိုက်ခဲ့တာ ကုန်ပြီ။ ခြံစည်းရိုးမှာလည်း သံရိုက်ထားတာတွေ ပြည့်လုပြီ။ ဒီတော့ ငါ ဒီနေ့ကစပြီး အပြစ်မကျူးလွန်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီး 'အဖေ၊ သား ဒီနေ့ကစပြီး အပြစ်တွေ မကျူးလွန်တော့ပါဘူး' ဟုပြောသည်။

ထိုအခါ ဖခင်ဖြစ်သူက -

'ကောင်းပြီသားလေး၊ အပြစ်မကျူးလွန်ရန် တစ်နေ့ မင်းရိုက်ထားတဲ့ သံချောင်းတစ်ချောင်း ပြန်နုတ်ပါ' ဟုပြောပြီး သံနုတ်(ပလာယာ)တစ်ချောင်း ပေးလိုက်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com

သားဖြစ်သူ ကောင်လေးလည်း တစ်နေ့ တစ်ချောင်းနှုန်းနဲ့ ခြံစည်းရိုးသံတွေ ပြန်နုတ်လာလိုက်တာ ခြောက်လ ခုနစ်လလောက်အကြာမှာ ခြံစည်းရိုးက သံတွေ အားလုံးနုတ်ပြီးလို့ ကုန်သွားသတဲ့။ အဲဒီအခါမှာ သားဖြစ်သူကောင်လေးက သူ့အဖေထံ ပြေးသွားပြီး-

'အဖေရေ၊ ခြံစည်းရိုးက သစ်သားတန်းတွေမှာ သံတွေတစ်ချောင်းမှ မရှိတော့ဘူး အဖေ' ဟု ဝမ်းသာအားရနဲ့ ပြောသတဲ့။

ထိုအခါ ဖခင်ဖြစ်သူက သားဖြစ်သူရဲ့ ပခုံးကို ညင်သာစွာ ပွေ့ဖက်ရင်း ခြံစည်းရိုး သစ်သားတန်းရှိရာကို ခေါ်သွားသတဲ့။

သစ်သားတန်းနား ရောက်သော အခါ သစ်သားတန်းများ အပေါ်မှ သံရိုက်ရာ အပေါက်တွေကို လက်ညှိုး ဖြင့်ထိုးပြပြီး -

'လူကလေး ခြံစည်းရိုးမှာ မင်း ရိုက်ခဲ့တဲ့ သံချောင်းတွေ မရှိတော့ပေမယ့် သစ်သားနံရံတွေမှာ ဒဏ်ရာတွေ ကျန်ခဲ့တယ် သား' ဟုပြောလိုက်သတဲ့။

အင်မတန် သင်ခန်းစာယူစရာ ကောင်းသော ဇာတ်လမ်းလေး ဖြစ်ပါသည်။ အောင်မြင်တိုးတက် ကြီးပွားလိုသော လူငယ်များ အနေဖြင့် ထိုကလေးကဲ့သို့ အမှားမျိုး မကျူးလွန်မိအောင် နေထိုင်ကျင့်ကြံရမှာ ဖြစ်သလို အပြစ်ကျူးလွန်မိလျှင်လည်း မိမိအပြစ်ကို ရဲဝံ့စွာ ဝန်ခံရဲသော သတ္တိလည်းရှိဖို့ လိုပါလိမ့်မည်။

သို့သော် အမှားကို ကျူးလွန်ပြီးမှ အမှန်ကို ဝန်ခံခြင်းထက် ကိုယ်တိုင်မည်သည့်အမှားကိုမှ မကျူးလွန်ခြင်းသည် အောင်မြင်တိုးတက် ကြီးပွားလိုသူ လူငယ်များအတွက် အကောင်းဆုံး လိုက်နာကျင့်သုံးရမည့် ကိစ္စတစ်ရပ်ပင် ဖြစ်သည်။

ထို့ပြင် အောင်မြင်မှု၏ အဓိက သော့ချက်တို့လည်း သိထားဖို့ လိုပေလိမ့်မည်။ ထိုအချက်တား စိတ်တူးယဉ် အိပ်မက်ကြီးကြီး မတ်ခြင်းနှင့် ယင်း အိပ်မက်တို့ အတောင်အထည်ဖော်ရမည်ဟု တကယ်ခွဲခြမ်းကြည့်ပါက ယင်းအတွက် လိုအပ်သည့်အရာနှင့်သမ္မာကို မလျှော့သောခွဲခြင့် လုပ်နိုင်ခြင်းပင်ဖြစ်သည်ဟု အယ်လားရစ်ဟောင်စ် အေရိကန်လူမှု အပ်ချုပ်စက်တီတွင်သူ၏ စကားလေးကို အမှတ်ရ၍ ဖော်ပြပေးလိုက်ပါသည်။

စာရေးသူ၏ စကားကို နိဂုံးချုပ်ပါတော့မည်။ အမှန်တကယ် အောင်မြင်တိုးတက် ကြီးပွားချင်လျှင် စာရေးသူ၏ ဆောင်းပါးတွင်ပါရှိသည့် စကားလုံးများ၊ ဝါကျများကို အလေးအနက်ထား၍ ဖတ်ပြီး အနက်အဓိပ္ပာယ်၏ ဆိုလိုရင်းကို ရယူနိုင်အောင် ကြိုးပမ်းပါဟု ပြောပါရစေ။

အထူးသဖြင့် စာရေးသူ၏ စေတနာကို နားလည်သဘောပေါက်ပြီဟု ဆိုပါက အောင်မြင်တိုးတက် ကြီးပွားချင်သူ လူငယ်များကို အဓိကစကားလုံးဖြင့် နှုတ်ဆက်ပါရစေ။

မင်းရဲ့ခြံနံရံမှာ သံတွေမရှိတော့ပေမယ့် ခြံနံရံမှာ သံရိုက်ခဲ့တဲ့ ဒဏ်ရာတွေ ကျန်ရစ်တာကို သတိပြုပါ။

မင်းလှမင်းခေါင်

❑

စာပေဝါသနာရှင်များ မိမိ၏စာမူကို ဝိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ဓိရတ္တာများ၊ မုဆိုးတတ္တများ၊ ရာဇဝတ္တုများ၊ ဇာတ်သများ၊ အရှေ့တိုင်းအနောက်တိုင်း ဒေးဝဲညာရပ်များ၊ ထူးခြားဆန်းကြယ်သောပြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

စီးပွားရေးလှုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပို့မို့တိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

ဆက်သွယ်ရန်
အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထမ၊ မဟာဗန္ဓုလလမ်း
(၁၇×၁၈)လမ်းကြား၊
လသာပြိုနယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၅၅၀၀

www.burmeseclassic.com

www.burmeseclassic.com

ရှေ့မှာ ပန်းတိုင်ရှိသည် နှဲ့နှဲ့မိုးကြယ်



ဘာကို ကုစားရမှာလဲ

ဘဝရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှားကြရာ၌ ချို့ယွင်းချက်၊ အားနည်းချက်တို့ ကင်းကြလိမ့်မည် မဟုတ်ပေ။ အနည်းနှင့်အများ ဆိုသလိုတော့ ရှိနေပါလိမ့်မည်။

ထိုသို့ ချို့ယွင်းချက်ရှိလေတိုင်း၊ အားနည်းချက်ရှိလေတိုင်း ရှက်ရွံ့သိမ်ငယ်စရာ မဟုတ်သလို ကွယ်ဝှက်သိုသိပ် ထားစရာလည်း မလိုပါချေ။ ပေါင်းသင်းဆက်ဆံရာ၌ မဝံ့မရဲ ဖြစ်နေစရာလည်း အကြောင်းမရှိ။

အကြောင်းရှိသည်က ထိုထိုသော ချွတ်ယွင်းချက်၊ အားနည်းချက်တို့ကို လျော့ပါး ပျောက်ကွယ်သွားရလေအောင် ကုစားဖို့ပဲ ဖြစ်သည်။

ထိုသို့ ကစားခြင်းသည် အောင်မြင်မှု လမ်းခရီးကို လျှောက်လှမ်းရာ၌ အထောက်အကူ ပေးပါလိမ့်မည်။

ချို့ယွင်းချက်၊ အားနည်းချက်တို့မည်သည် ကာယကံရှင်၏ ကိုယ်တွင်းမှ ပေါက်ဖွားလာခြင်းဖြစ်၍ ကာယကံရှင်ကိုယ်တိုင် ကုစားပစ်ရပါလိမ့်မည်။

ထိုသို့ ကုစားနိုင်ရန်အတွက် မိမိကိုယ်မိမိ ဝေဖန်နိုင်လျှင် အကောင်းဆုံးဖြစ်ပေလိမ့်မည်။ မိမိကိုယ်မိမိ ဝေဖန်ဆန်းစစ်ပြီးသည့်နောက် မည်သာတမ်း ကုစားပစ်ဖို့လည်း လိုအပ်ပေသည်။ ထိုသို့ ကုစားခြင်းကို မည်သူမျှ သိဖို့ရာ အကြောင်း မရှိပါပေ။

ချို့ယွင်းချက်၊ အားနည်းချက်တို့ဟူသည် လိုလားအပ်သော အသိုးအပွင့်၊ ရလဒ်များ မဟုတ်။ ဒီအတွက် မိမိ၌ ထိုအရာများ ရှိနေပြီကို သိလာပါက အမြန်ဆုံး ကုစားလိုက်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပေသည်။

ထိုသို့ကုစားရာဝယ် နောင်တွင် ဤကဲ့သို့ မဖြစ်စေရဟု အကြိမ်ကြိမ် သတိပေးခြင်းများနှင့်အတူ အရာရာကို ပေါ့ပေါ့လျော့လျော့မလုပ်ဘဲ လေးလေးနက်နက် လုပ်ဆောင်ခြင်း သတိကို ရှေ့ဆောင်ခြင်း၊ အမှုအား၊ အမှန်ကို သရုပ်ခွဲလာခြင်း စသည်တို့သည် မူလတင်ရှိနေသော ချို့ယွင်းချက်၊ အားနည်းချက်တို့ကို သန့်စင်ပေးသွားနိုင်ပါလိမ့်မည်။

မိမိတို့သည် ဘာသာတရား၏ ထိန်းကျောင်းမှု၊ ဆုံးမပဲ့ပြင်မှုတို့ကို လိုက်နာကြသူများ ဖြစ်ကြပါသည်။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၍ ဖြူအောင်စိတ်ကို ထားနေကြပါသည်။ ထိုသို့ ကြိုးစားအားထုတ်နေသည့်ကြားမှ မကောင်းသော ဝိပါက်ကြမ္မာတို့နှင့် ကြုံကြိုက်နေရဆဲဆိုပါလျှင် အတိတ်ကံကြွေးကို ပေးဆပ်နေရသည်ဟု သဘောထားကြဖို့သာ ရှိပါသည်။

ထိုသို့ ခံယူပြီး စိတ်ကို ရှင်းသန့်စွာ ထားတတ်ပြီဆိုလျှင် အတိတ်ကံဝဋ်ကြွေးများ ဖြေလျှော့ သန့်စင်သွားပါလိမ့်မည်။ ကျောင်းသားတစ်ယောက် စာမေးပွဲရှုံးနိမ့်ရခြင်းသည် စာမကျက်သော အားနည်းချက်၊ ချို့ယွင်းချက်ကြောင့် ဖြစ်၏။

လပြည့်ဝန်းမဂ္ဂဇင်း (နိုဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ထိုအားနည်းချက်၊ ချို့ယွင်းချက်ကို ပြင်သည့်အနေဖြင့် တစ်နေ့ ပေးစာတစ်နေ့ အကြွေးမထားဘဲ လုံးစေ့ပတ်စေ့ နားလည်တတ်ကျွမ်းအောင် ပြောင်းလဲကုစားလိုက်ပါက ထိုကျောင်းသားအဖို့ စာမေးပွဲကို ထူးချွန်စွာ အောင်မြင်သွားပေလိမ့်မည်။

နေ့စဉ် နေ့တိုင်း အိပ်ရာဝင်၍ အိပ်မပျော်မီ မိမိတစ်နေ့တာ လုပ်ဆောင်ချက်များကို အပြန်ပြန် အလှန်လှန် စဉ်းစားကာ ချို့ယွင်းချက်၊ အားနည်းချက်များကို ရှာဖွေသင့်ပေသည်။

ပေါင်းသင်းဆက်ဆံရေး၌ အားနည်းနေသလား။ ဝင်ငွေ၊ ထွက်ငွေ အချိန်မမှ ဖြစ်နေပါသလား။ ဝန်ဆောင်မှုရပ္ပနှင့် ရရှိသောအကျိုးတို့မှာ သဟဇာတ ဖြစ်ပါရဲ့လား။ ရှိသင့်ရှိထိုက်သော လောဘ လိုအင်ဆန္ဒများထက် မတော်လောဘ လိုအင်တွေ များနေသလား။ လုပ်ငန်းဆိုင်ရာ အသုံးထက် မလိုလားအပ်သောနေရာများ၌ ဖြုန်းနေသကဲ့သို့ ဖြစ်နေပါလျှင် ရောဂါနှင့်ဆေး၊ တည့်အောင်ပေးက၊ ပျောက်ရေး ဘယ်မှာ မခက်ပါ ဆိုသကဲ့သို့ ဆုတ်ယုတ်ခြင်း ကင်းလျက် တိုးတတ်ဖွံ့သာ အကြောင်း ရှိပေသည်။

❖

လိုတိုနာအပ်သည့် ကျင့်စဉ်များ

ဆရာကြီးသက်လုံက ဘဝအောင်မြင်ရေး၊ ကျန်းမာပျော်ရွှင်မှုနှင့် စိတ်စွမ်းအင်အမည်ရှိ စာအုပ်တွင် ၎င်းကိုယ်တိုင် ကြိုးစားကျင့်ဆောင်နေသော ကျင့်စဉ်များကို ဖော်ထုတ် ရေးသားခဲ့ပါသည်။

ထိုကျင့်စဉ်များကား -

"ဒေါသ မကြီးလင့်။

မာန မကြီးလင့်။

စိတ် မတိုလင့်။

စိတ်ဓာတ် မကျလင့်။

အန္တိမ မပေးလင့်"

စသည့်အခြေခံအချက် ငါးချက် ဖြစ်ရာ မှတ်သားနာယူဖွယ် ထောင်းလှပေသည်။

ထိုအချက် ငါးချက်ကို လိုက်နာကျင့်သုံးကြလျှင် ဘဝတွင် အောင်မြင်ရုံသာမက ကျန်းမာပျော်ရွှင်နိုင်မည်ဟုလည်း ဆိုထားပေသည်။

ဒေါသဟူသည် မိမိတို့၌ ရှိနေတတ်သောအရာ ဖြစ်သည်။ ဒေါသကြီးလာပါက အမှန်တရားတို့ ပျောက်ကွယ်တတ်ပါသည်။ အမှောင်ဖုံးကာ လက်လွတ်စပယ် ဖြစ်တတ်ပေသည်။ ဒေါသအမျက် ကြီးမားနေသူ၏ ဥပဓိရုပ်မှာ မည်သို့မျှ ကြည့်ပျော်ရွှင်ဖွယ် မဖြစ်ပါ။ ကြောက်မက်ဖွယ်ရာ ကောင်းနေပါသည်။

ဒေါသ ရှေ့ဆောင်နေသည့် အတွက် စဉ်းစားချင့်ချိန်နိုင်စွမ်းမရှိဘဲ မလုပ်သင့်လောအမှုတို့ကို လုပ်ဆောင်ကျူးလွန်တတ်ပါသည်။ အကောင်း၊ အဆိုး၊ အကြောင်းအကျိုးတို့ကို ဝေဖန်နိုင်စွမ်းလည်း မရှိတော့။ ဒေါသကြီးမားသူအတွက် ဒုအောင်မြင်မှုနေရာ မရှိနိုင်ပေ။

မာနဟူသည် ဖယ်ခွာပစ်ရမည့် အဝိဇ္ဇာတရားပဲ ဖြစ်သည်။ သို့ရာတွင် လူတော်တော်များများသည် အဝိဇ္ဇာကို ဝိဇ္ဇာဟု ထင်မှတ်မှားနေတတ်ကြသည်။ ပညာမာန၊ ရုပ်ရည်မာန၊ ဆွေမျိုးမာန၊ ရာထူးမာန အစရှိသဖြင့် မာန်တွေတက်နေတတ်ကြသည်။

လူ၌ မာနတရားတို့ ဖုံးလွှမ်းလာပြီဆိုလျှင် အာရုံတစ်ခုလုံး နောက်ကျိကာ ကြည်လင်ခြင်း မရှိနိုင်တော့ပေ။

လူတစ်ယောက်သည် စာတော်ခင်က ပညာမာနမရှိသော်ငြား စာတတ်ပညာတတ်ဖြစ်လာသောအခါ ဥစ္စာမာနတွေ တက်လာတတ်သည်။ မာနတို့လွှမ်းခြုံလာပြီဆိုလျှင် ကျိုးနွံစိတ်လည်း မရှိတော့ပေ။ မာန၏ ရှေ့ချီစေ့ဆော်မှုကြောင့် တော်ရုံတန်ရုံမျှလောက်ကို လူမထင်တော့။

စိတ်တိုခြင်းသည်လည်း ဒေါသအနွယ်ဝင်ဖြစ်၏။ စိတ်တိုခြင်းကြောင့် အကျိုးနှင့်အကြောင်း ဆင်ခြင်မှု လျော့ပါးလာတတ်သည်။ အတွေ့အစွဲအလမ်းတွေ လွန်ကဲလာတတ်သည်။ အတိတ်က အကျိုးပေးကောင်း၍ ကြီးပွားချမ်းသာသည့်တိုင် ရေရှည်မြဲမြံလိမ့်မည်မဟုတ်ပါချေ။

လူတစ်ယောက် ရုန်းနိမ့်ရခြင်းကို လေ့လာဆန်းစစ်ကြည့်လျှင် စိတ်ဓာတ်ကျခြင်းဆိုသည့် အချက်ကို တွေ့ရှိရပေသည်။ လူမှာသာ စိတ်ဓာတ်ကျခြင်း ရှိ၏။ တိရစ္ဆာန်တို့၌ စိတ်ဓာတ်ကျခြင်း မရှိ။ ဒီအတွက် ခွေတ်ခြုံကျသောတိရစ္ဆာန်ဟူသည် မရှိပေ။ ရှိခြင်းရှိလျှင် နာကျင်မှုခံစားရသော ဝေဒနာသာရှိနိုင်ပေသည်။

ဒုက္ခတစ်ခုက ကြုံရုံမျှဖြင့် ပုံလဲကျသွားတတ်သူအတွက် အောင်မြင်မှုမရှိနိုင်ပေ။ မတော်တဆ ရလာသည့်တိုင် ခိုင်မြဲစွာ အကြောင်းမရှိ။ ဘဝအောင်မြင်ရေးကို ရွေးချယ်သူအဖို့ စိတ်ဓာတ်ခိုင်မာရေးသည်. အရေးပါသော အချက်တစ်ချက် ဖြစ်ပေသည်။

တစ်ဖန် လောဘကြီးကို အန္တိမပေးဟူသော စိတ်ဓာတ်သည် အရေးကြီးလှ၏။ အန္တိမတွေ လာဝါစာလည်း ဘာကြောင့်မှန်ရမှာနည်းဟူသောမေးခွန်းတို့ အပြန်ပြန် အလှန်လှန် စဉ်းစားသုံးသပ်ထား အန္တိမဆံ့အောင်ပြင်ထို ရှိပြီး

www.burmeseclassic.com

www.burmeseclassic.com

တတ်ခြင်းသည် အောင်မြင်မှုအတွက် နှင်းကြမ်းဖြစ်ခဲ့၏။ အချုံးမပေးသူအတွက် အချုံးဟူသည် လုံးဝမရှိနိုင်ပေ။

သို့ဖြစ်ရာ မိမိတို့သည် ဘဝအောင်မြင်ရေးအတွက် အခြေခံကျင့်စဉ်များဖြစ်ကြသော ဒေါသကို ထိန်းချုပ်ခြင်း၊ မာနကို ခွာချခြင်း၊ စိတ်ရှည်ရှည်ထားခြင်း၊ စိတ်ဓာတ်မြင့်တင်ခြင်း၊ အချုံးမပေးခြင်းတို့ဖြင့် အောင်လံထူသင့်လှပေသည်။

❖

အဇ္ဈောင်အထည် ဇော်ရမည့် အိပ်မက်များ

အိပ်မက်ကို ပညာရှင်တို့က အမြဟယ်အမျိုးမျိုး ဖွင့်ဆိုခဲ့ကြသည်။ ဖွင့်ဆိုမှုများမှာလည်း သူ့ရှုထောင့်နှင့်သူ မှန်ကန်နေသည်သာချည်း။

အချို့သော အိပ်မက်များသည် စိတ်ကူးယဉ်ကောင်းရုံသက်သက်သာဖြစ်၍ မကြာမတင်မှာပင် ပါးလျပျောက်ကွယ်သွားတတ်ကြသည်။ အချို့ကျပြန်တော့ ယုံမှားနိမိတ်ဟု ထင်ရလောက်အောင် အကောင်အထည်ဖော်ဆောင်သင့်သည့် အိပ်မက်များဖြစ်နေကြသည်။ ဒီအတွက် အိပ်မက်ကို 'စိတ်ကူးဖြင့်ကြံစည်တည်ဆောက်ခြင်း'ဟုအမြဟယ်ဖွင့်ဆိုချင်ပါသည်။

အိပ်မက်ပညာရှင် အချို့က-

"ညမှာ မက်တဲ့ အိပ်မက်ဟာ လူရဲ့ ကျန်းမာရေး၊ စိတ်ဓာတ်ကြံခိုင်ရေးတို့အတွက် အရေးပါသလိုပဲ နေ့မှာ မက်တဲ့ အိပ်မက်ဆိုတာဟာလည်း ဘဝအောင်မြင်ရေးအတွက် အခြေခံအုတ်မြစ်တွေပါပဲ" ဟု မိန့်ဆိုကြသည်။

စင်စစ် စိတ်ကူးစိတ်သန်းဟူသည် ဖော်ဆောင်လိုစိတ်ရှိသူအတွက် အကောင်အထည်ဆိုလျှင် မမှားပေ။ မိမိတို့ အနာဂတ်အတွက် ကြိုတင် ကြံစည်ခြင်း မရှိသူ၊ ဖော်ဆောင်လိုစိတ် ကင်းမဲ့သူအတွက်၊ တန်ဖိုးရှိသော အိပ်မက်ဟာ အလဟဿ ဖြစ်ရပါ ချေ၏။ ၎င်းအတွက် အတိတ်ရှိချင်ရှိမည်။ ပစ္စုပ္ပန် ရှိချင်ရှိမယ်။ အနာဂတ်မှာမူ မရှိချေ။

အနာဂတ် ကင်းမဲ့နေသူအဖို့ ရှင်ခြင်းသည် အဓိပ္ပာယ် ကင်းမဲ့လှပေ၏။ လန်းဆန်းတက်ကြွမှု ဆိုသည်မှာလည်း နတ္ထိ။ ဘဝကို အလွယ်တကူ လက်မြောက်အချုံးပေးကာ မမှန်ကန်သော ထွက်ပေါက်ကို ရှာသွားကြသူများ၌ ၎င်းလူစားမျိုးမှာ (အထုံကြောင့် မဟုတ်) အများဆုံး ပါဝင်နေပေသည်။

ယေ့ရွယ်နှုန်းသူများအဖို့ သူ့အသက်၊ သူ့အရွယ်အလိုက် မျှော်လင့်ချက် အိပ်မက်များ ရှိနေနိုင်သကဲ့သို့ အသက်အရွယ်ကြီးရင့်ကြသူများ အဖို့ ရာမှာလည်း သူ့အသက်၊ သူ့အရွယ်အလိုက် မျှော်လင့်ချက် အိပ်မက်များ ရှိနေနိုင်မှသည်။

ထိုအိပ်မက်တို့ကို အကောင်အထည် ဖော်ဆောင်ကြရာ၌ ဝန်နှင့်အား မျှတဖို့အရေးကြီးပေသည်။ ဖြစ်ချင်သည့် စိတ်သည် မျှော်လင့်ချက်ကို ဖူးပွင့်ပေးလိုက်၏။ ရန်၊ မွေးကြိုင်ဖို့ တန်ဖိုးအနှစ် ရှိစေဖို့အတွက်ကျတော့ ဝီရိယစိုက်ထုတ်ဖို့ လိုအပ်ပေသည်။ ထို အခါ 'တစ်နေ့တစ်လံ' စိတ်က လိုအပ်ချက် ရလဒ်ကို ပေးစွမ်းလာပါလိမ့်မည်။

"ဖြစ်ချင်တာဖြစ်လာဖို့ရာအတွက် မဆုတ်မနစ်ဘဲ ကြိုးစားမယ်"

ထိုစိတ်ထားမျိုးကား ထူးချွန်မည့်သူတို့၏ စိတ်ထားများပင် ဖြစ်ပေသည်။ အချို့သော အသက်ကြီးပိုင်းများအဖို့ -

"ငါတို့တော့ အိုမင်း မစွမ်းတွေ ဖြစ်ကုန်ပြီ၊ အိုမင်းပြီဆိုမှတော့ စွမ်းတော့မယ်လည်း မထင်ပါဘူး"

ဟူ၍ မာန်လျှော့သည့်စိတ်မျိုး ဝင်တတ်ပါသည်။

သူတို့သည် လူငယ်များ မဟုတ်တော့။ လူငယ်တွေကဲ့သို့ အပြည့်အဝ ရွှင်လန်းတက်ကြွမှုတွေမရှိတော့။ ဝန်ထုပ် ဝန်ပိုးသဖွယ် ဖြစ်လာသည်။ ခန္ဓာကိုယ်ကြောင့် ဘဝအတွက် နှိုးကြားမှုတွေ မှိန်ဖျော့လာတော့သည်။ သို့သော် စိတ်ဓာတ်ကျစရာ အကြောင်းမရှိပါ။

လူငယ်တို့ကဲ့သို့ နုပျိုရွှင်လန်းမှု မရှိသော်ငြား အတွေ့အကြုံရင့်ကျက်မှုတွေက လူငယ်တွေထက် တစ်ပန်းသာနေတော့သည်။

သို့ဖြစ်၍ အိပ်မက်ကို အကောင်အထည်ဖော် ထုဆစ်ရန် အားသာချက်တွေ ရှိနေပေသည်။ ဒီအတွက် ရုပ်ခန္ဓာအိုမင်းမှုကို မေ့လျော့ထားဖို့ လိုသည်။ စိတ်ခန္ဓာနုပျိုစေဖို့ ဟော်ရွှင်စရာ၊ အားတက်စရာတို့ကို တွေးတော ကြံဆပျိုးထောင်ပေးရမည်။

ထို့ပြင် "ငါ့အတွက် အနာဂတ် ဆိုတာရှိတယ်ဟေ့" ဟူသည့် စိတ်ဓာတ်ကို မွေးမြူထားဖို့လိုသည်။

ဒီမျှော်လင့်ချက်သည် အောင်မြင်မှုအတွက် သော့ချက်တစ်ခုဆိုလျှင် မမှားပေ။ မိမိ၏ ကိုယ်စွမ်း ဉာဏ်စွမ်းတို့ကို အခြေပြုလျက် မဆုတ်မနစ်သော ခွဲလံ့လတို့ဖြင့် ထုဆစ်ပါက အိပ်မက်ထဲမှ ကြယ်စင်များ၊ သရဖူများသည် အောင်မြင်လိုသူ၏ ရှေ့မှောက်သို့ တဖွဲဖွဲရောက်ရှိလာလိမ့်မည်မှာ မြေကြီးလက်ခတ် မလွဲပါပေ။

❖

www.burmeseclassic.com

www.burmeseclassic.com

အရေးပါသည့် လူမှုဆက်ဆံရေး

သမိုင်းဦး ဘုံမြေခေတ်မှသည် မျက်မှောက်ကာလ တိုင်အောင် လူ ၁တ်ဝန်းကျင်၊ လူ့အစုအဖွဲ့၊ လူ့ဘကသားတို့နှင့်အတူ ပေါင်းစည်း နေထိုင်တတ်သည်မှာ မိမိတို့ လူသားများသာ မဟုတ်။ တိရစ္ဆာန်အတော်များများမှာလည်း ထိုသဘောတရား အတိုင်းပင် ဖြစ်ချေသည်။

လူမှာ ရုပ်နှင့်စိတ်တို့ရှိကြသည်။ ရုပ်ခန္ဓာ အသက်ရှင်နိုင်ရေးအတွက် အစာအာဟာရကို မှီဝဲကြရပြီး စိတ်မှာမူ လူမှုဆက်ဆံရေးနှင့် ဆက်စပ်ရှင်သန်ကြရသည်။ မိမိတို့ ကျင်လည် ကျက်စားရာ လူမှုအသိုင်းအဝိုင်း၌ အဆင်ပြေ ချောမွေ့နိုင်စိမ့်သောဌာ ဆက်ဆံရေးသည် လွန်စွာ အရေးကြီးပေ၏။ ဆက်ဆံရေး အဆင်ပြေ ချောမွေ့လျှင် မိမိတို့၏ လျှောက်လမ်းသည် ဖြောင့်ဖြူးသာယာပေလိမ့်မည်။

မိမိတို့ လူသားအချင်းချင်း ဆက်ဆံမှု ချောမွေ့ပြေပြစ်လာပြီ ဆိုပါက သာယာသော လူ့ဘောင်သစ်ကြီး ထွန်းကားလာပေလိမ့်မည်။ မြို့နေ လူထုနှင့် ကျေးလက်နေလူထု၏ စိတ်အခြေခံကို ဆန်းစစ်ကြည့်လျှင် ကွာဟချက်တွေ တွေ့နိုင်ပေသည်။ ကျေးလက်တောရွာအတွင်း လူစိမ်းဝင်လာပါက ရွာသူရွာသားများသာမက ခွေးများပါ သိနေကြသည်။ ပြီးတော့ တစ်ရပ်လုံး တစ်ရွာလုံး သူ့အကြောင်း ကိုယ်မသိတာ မရှိသကဲ့သို့ သူ့အကြောင်းကိုလည်း ကိုယ်မသိတာ မရှိပေ။

အကြောင်းမူ ရပ်ဆွေရပ်မျိုး စိတ်ဓာတ်အခြေခံနှင့်တကွ ရိုးသားပွင့်လင်းစွာ ဆက်ဆံခြင်းကြောင့်လည်း ဖြစ်ပေလိမ့်မည်။

မြို့ပြမှာမူ ပေါင်းသင်းဆက်ဆံရေးက အပေါ်ယံသဘောဆို့ ဆောင်ပေသည်။ ကျဉ်းကျပ်လှသော နေထိုင်မှုဧရိယာကြောင့်လည်း ကိုယ့်အခန်းဝင် သူ့ကိုယ့်တံခါးဝိတ်၊ သူ့အခန်းဝင် သူ့တံခါးဝိတ်ဖြင့် သီးခြားသဘောဆန်နေကြသည်။ သူ့ကိုလည်း ကိုယ်မယုံရဲသလို ကိုယ့်ကိုလည်း သူမယုံရဲပေ။

ယုတ်စွအဆုံး တစ်လမ်းတည်း သားချင်းပင် ဖြစ်လင့်ကစား သူ့ဘယ်တိုက်၊ ဘယ်အခန်းမှာ နေသည်ကို တော်ရုံတန်ရုံနှင့် မသိပေ။ သာမူ၊ နာမူတို့မှာလည်း ကိုယ့်အစုအဖွဲ့နှင့် ကိုယ် ပြေလည်အောင် ဖြေရှင်းကြရသည်။

အထူးသဖြင့် သီးခြားဆန်မှု သဘောကြောင့် ကျန်းမာရေးကိစ္စကဲ့စကားပြောလာတော့သည်။ အထူးသဖြင့် အထီးကျန်နေထိုင်သူတို့ သေလျှင်တောင် အနံ့ထွက်မှ ဘေးပတ်ဝန်းကျင်က သိရခြင်းမျိုးသည် မဖြစ်သင့်သော့အရာပါပေ။

ဘဝလျှောက်လှမ်း ပြေပြစ်ဖို့ အရေး၌ အများသူငါနှင့် ဆက်ဆံရခြင်းတို့ ပေါ့ပေါ့တန်တန် သဘောထား၍ မရပါပေ။ မိမိ၏ အတ္တကိုသာ ရှေ့တန်းတင်လွန်းပါက ပတ်ဝန်းကျင်အဖွဲ့အစည်းနှင့် မည်သို့မျှ သဟဇာတ မဖြစ်နိုင်ပေ။ အကောင်းဆုံးက မိမိ၏ ကိုယ်ကျိုး အတ္တကို ခဝါချခြင်းသာ ဖြစ်ပေ၏။

'ကိုယ့်စိတ်နှင့်နှိုင်း မရိုင်း' ဆိုသကဲ့သို့ လူမှုဆက်ဆံရေးနယ်ပယ်၌ 'ကိုယ်ချင်းစာစိတ်'ကို ရှေ့တန်းတင်ပါက မပြေလည်စရာ အကြောင်းကိစ္စတို့ ရှိလိမ့်မည် မဟုတ်ပေ။ တစ်ဖက်သားမှ ဒေါသဖြင့် ရိုက်ခတ်လာသည်နှင့် ကြုံရပါက "ညြော်- သူဟာ ပုထုဇဉ် လူသားတစ်ယောက်ပေပဲဟာ၊ အပြစ်တင်အပြစ်ပြင်လို့ မဖြစ်ချေဘူး" ဟူ၍ ခွင့်လွှတ်စိတ် သည်းခံစိတ်တို့ မွေးမြူပါက ဆက်ဆံရေးသင်းကြားတွင် အထစ်အငေါ့တို့ ရှိနိုင်မည် မဟုတ်ပေ။

မိမိတို့ ပြန်ဆန္ဒ နယ်ပယ်၌ 'သစ်ဝင်အောက်နေလို့ သစ်ဝင်ပဲ သေချင်သေမည်၊ လူ့အောက်နေလို့ လူပဲ မသေနိုင်' ဟူသည့် ဆိုဒ်ဒီးအေ အခြေပြုလျက် လိုက်လျောညီထွေစွာ ပေါင်းသင်းဆက်ဆံ နေထိုင်သွားခြင်းဖြင့် အဆင်ပြေချောမောမှာ သေချာသည်။

ရဲဘော်ရဲဘက်စိတ်တွေ ပေါထွန်းလာကာ ဥပေက္ခာစိတ်များ လွှမ်းမြုံလာပေလိမ့်မည်။ သို့ဆိုလျှင် မိမိဘဝသက်သက်သာ သာယာချမ်းမြေ့မည်မဟုတ်။ ပတ်ဝန်းကျင်လောကတစ်ခုလုံးပါ သာယာချမ်းမြေ့ပေလိမ့်မည်။

နန္ဒာမိုးကြယ်

❑

www.burmeseclassic.com

www.burmeseclassic.com

အဓိကောင်းမြင်စိတ် ရွေးမြှုပ်ပါ

ချစ်မင်းသူ

လူတွင် စိတ်သည် အဓိက အကြောင်း ဖြစ်သည်။ ရုပ်သည် စိတ်နောက်မှ လိုက်ပါသည်။ စိတ်က ဆရာ ဖြစ်သည်။ အာရုံငါးပါးကို ခံစားသည်မှာလည်း စိတ်ဖြစ်သည်။ စိတ်ကို ငြိမ်ဝပ်နေအောင် ထားဖို့ ခဲယဉ်းလှသည်။

တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေတစ်သန်းခန့် လျင်မြန်စွာ ဖြစ်ခြင်း၊ ချုပ်ခြင်းရှိကြောင်း၊ စာပေကျမ်းဂန်တို့မှ ဖတ်ရှုမှတ်သားရပါသည်။

မြတ်ဗုဒ္ဓ ဟောကြားသည်မှာလည်း "စိတ်သည် ငြိမ်ဝပ်ပိပြားနေဖို့ ဆုံးမရန် ခဲယဉ်းသည်၊ လျင်မြန်စွာ ဖြစ်ပျက်သွားသည်၊အာရုံငါးပါးဌာန ကျက်စားသည်၊ မကောင်းမှု အကုသိုလ်၌သာ ပျော်မွေ့သည်" ဟု မိန့်ဆိုတော်မူခဲ့ပါသည်။

တစ်ခါတွင် မြတ်စွာဘုရားရှင်သည် အနာထပိဏ် သူဌေးကြီးအား ဤသို့မိန့်တော်မူသည်။

"အနာထပိဏ်သူဌေးကြီး၊ စိတ်ကို နိုင်အောင် ထိန်းနိုင်လျှင် ကိုယ်နှင့် နှုတ်ကိုလည်း စောင့်ထိန်းနိုင်သည်၊ စိတ်ကိုနိုင်အောင် မစောင့်ထိန်းနိုင်လျှင် ကိုယ်နှင့် နှုတ်ကိုလည်း မစောင့်ထိန်းနိုင်" ဟူ၍ ဖြစ်သည်။

"အသီးတစ်ရာ အညှာတစ်ခု၊ ပမာရှု၍၊ စိတ်ဟုမည်ကြား။ ဤတစ်ပါးမှ၊ တရားကိုကြပ်၊ စောင့်စည်းကွပ်ကာ လူ့ရပ်နတ်ရွာ၊ ငြဟ္မာ့နိဗ္ဗာန်၊ ရောက်ကြောင်းမှန်၏" ဟူ၍လည်း မယဒေဝလင်္ကာ၌ ဆိုထားပါသည်။

စိတ်သည် အထက်၌ ဆိုခဲ့သည့်အတိုင်း အလွန်ထိန်းချုပ်ရန် ခက်ခဲသောကြောင့် သတိနှင့် ချုပ်ငြိမ်းအုပ်သကဲ့သို့ ဆင်ခြင်နိုင်ပါမှ တော်ရုံကျပေမည်။

ဤတွင် စိတ်နှင့် ပတ်သက်၍ လူကိုကြည့်မည်ဆိုလျှင် လူနှစ်မျိုးသာ ရှိကြောင်း တွေ့ရသည်။

တစ်မျိုးကား စိတ်ကို ကျွန်ခံသောသူနှင့် ကျွန်တစ်မျိုးမှာ စိတ်ကို သခင်လုပ်သောသူတို့ပင် ဖြစ်သည်။

စိတ်သည် မကောင်းမှု အကုသိုလ် လုပ်ခိုင်း၏။ ထိုစိတ်ခိုင်းသည့် အတိုင်း မကောင်းမှု အကုသိုလ်လုပ်နေသောသူများသည် စိတ်ကို ကျွန်ခံနေသူများသာ ဖြစ်သည်။ မူးယစ်ဆေး သုံးစွဲသူများ၊ လောင်းကစား ကြိုးသူများ၊ အပျော်အပါး လိုက်စားသူများသည် စိတ်ခိုင်းသည်ကို လိုက်လုပ်နေသူများပင် ဖြစ်သည်။

ထိုသို့ စိတ်ကို ကျွန်ခံနေသူများသည် ယခုပစ္စက္ခဘဝမှာလည်း မွဲ၏၊ တေ၏။ နာမည်ဂုဏ်သတင်း အောက်တန်းကျသည်။ သံသရာမှာလည်း အကုသိုလ်သာ လုပ်ခဲ့သူဖြစ်သောကြောင့် အပါယ်လေးပါးသို့ ကျရ၏။

စိတ်ကို ကျွန်ခံသူသည် ပစ္စက္ခဘဝရော သံသရာမှာပါ နှစ်ဘဝလုံး ဆုံးရှုံးပျက်စီးရသည်။ အလွန်သတိထားဆင်ခြင်သင့်သည်။

သခင်သည် ကျွန်ကို မိမိလိုရာသို့ ခိုင်းသကဲ့သို့ အချို့လူတို့သည် အကုသိုလ် ဖြစ်စေသည့်အလုပ် (ဥပမာ) မူးယစ်ဆေးဝါး၊ လောင်းကစား၊ အပျော်အပါးတို့ကို မလိုက်စားမိရန် မိမိကိုယ်

လမ်းညွှန်မဂ္ဂဇင်း (နိဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

မိမိ ထိန်းချုပ်၍ မိမိစိတ်ကို ဆုံးမ၏။ ကုသိုလ်တရားများကို ကြိုးစားရှာဖွေကာ ပြုကြ၏။ မကောင်းမှုကို ရှောင်ကြ၏။ သမ္မာအာဇီဝကျသည့် စီးပွားကို ာ ရှာကြံလုပ်ကိုင်ကြ၏။

ထို့ကြောင့် စိတ်သခင်ဖြစ်သော လူသားသည် ပစ္စက္ခဘုဝတွင်လည်း ကြီးပွား၏၊ ချမ်းသာ၏၊ တိုးတက်အောင်မြင်၍ သံသရာအတွက်လည်း ကောင်းရာသုဂတိ ရစေ၍ မဂ်ဖိုလ် နိဗ္ဗာန်သို့တိုင် တက်ရောက်နိုင်ပါသည်။ သို့ဖြစ်ရာ စိတ်ကို ကျွန်ခံခြင်းမပြုဘဲ စိတ်၏သံသခင်ဖြစ်အောင် စွမ်းဆောင်နိုင်ပါမှ လူဖြစ်ရကျိုးနပ်ပေမည်။

လူသည် အသိဉာဏ် ပညာ ဆင်ခြင်တုံတရားများ မထားရှိပါက တိရစ္ဆာန်နှင့်မခြား ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် လူတိုင်း အသိနှင့်သတိကို လက်ကိုင်ထား၍ ကျင့်သုံးသင့်ကြသည်။

စိတ်တွင် အသိစိတ်နှင့် မသိစိတ် ဟူ၍ ရှိသည်။ လူတို့၏ အသိစိတ်တွင် မမှတ်မိထေ့သည့် အတွေ့အကြုံ အဖြစ်အပျက်များသည် မသိစိတ်တွင် ဆက်လက်ကိန်းအောင်းနေလေ့ရှိသည်။ မသိစိတ်တွင်ကိန်းအောင်းနေသော အာရုံများသည် အတိတ်ကာလ အတွေ့အကြုံ အဖြစ်အပျက်များမှ ပေါ်ပေါက်သိမ့်ထားသော အာရုံများဖြစ်၍ လူတစ်ယောက်၏ အသိအတွေးအခေါ် မျက်မှောက်ကာလရှိ အလေ့အကျင့် အလုပ်အကိုင်များကို နောက်ကွယ်မှ အဆက်မပြတ်ပုံသွင်းနေသည့် တန်ခိုးကြီးသော အာရုံများဖြစ်သည်။

မသိစိတ်မှ အာရုံဟောင်းများကို အသိစိတ်သို့ လိုသလို ရွေးချယ်စေလွှတ်ရန် လမ်းဖွင့်ထားဖို့လိုပါသည်။ ထိုနည်းတူစွာ အာရုံဆိုးများ ဝင်မလာနိုင်အောင်လည်း သတိဖြင့် ဆင်ခြင်၍ ထိန်းသိမ်းထားရပေမည်။

တစ်နည်းအားဖြင့် အာရုံများဆည် အခိုင်အစားမတ္ပ တစ်ခုနှင့်တစ်ခု အဆက်အသွယ်မရှိဘဲ တည်နေတတ်သည်။ အနည်းတို့ အများထင်ခြင်း၊ အမှားကို အမှန်ထင်ခြင်း၊ မိမိတို့ယိမိမိ အကောင်းထင်၍ သူများကို အထောင်းမခြင်ခြင်း စသည်ခြင့် အောက်လဲ့ အောက်ပြန် ဖြစ်နေတတ်သည်။

ဤသို့ လွဲမှားမှုများကို သိရှိရန် တစ်ခါတစ်ရံ မိမိတို့ယ်တိုင် မိမိတို့ ပြန်လည်သုံးသပ်လေ့လာ၍ သတိထားကြည့်ရှုစစ်ဆေးသင့်သည်။

စိတ်သည် နူးညံ့ပျော့ပျောင်းခြင်း ရှိသကဲ့သို့ ခက်ထန်မာကျောခြင်းလည်း ရှိပါသည်။ လောဘစိတ်သည် နူးညံ့ပျော့ပျောင်း၍ ဒေါသစိတ်သည် ခက်ထန်ကြမ်းတမ်းသောအသွင် ရှိသည်။

လောဘစိတ်၏ နူးညံ့ပျော့ပျောင်းမှုကြောင့် တစ်ခါတစ်ရံ အတ္တစိတ် လွန်ကဲခြင်း၊ မာန်မာန ထောင်လွှားခြင်း စသည့် လောဘ၏ ဘက်တူစိတ်များ ဖုံးလွှမ်းနေပါလျှင် လူသည် မိမိကိုယ်မိမိသာ အထင်တကြီး ရှိတတ်တော့သည်။ တစ်ပါးသူအား အကောင်းမမြင်၊ မနာလိုဝန်တိုခြင်းများ မသိမသာ မိမိ၏စိတ်မှာ ကြီးစိုးနေတတ်ပါသည်။

ထိုစိတ်များ ကြီးစိုးနေသည်ကို မိမိကိုယ်တိုင် သတိဖြင့် ဆင်ခြင်သုံးသပ်နိုင်ပါမှ သိမည်ဖြစ်သည်။

သို့ဖြစ်ရာ နေ့စဉ် မိမိပြုလုပ်ခဲ့ပြီး၊ ပြုလုပ်နေဆဲ လုပ်ဆောင်မှုကိစ္စများကို ဆင်ခြင်သုံးသပ် လေ့လာခြင်း သတိကပ်ရန်မှာ အလွန်အရေးကြီးသော ဆောင်ရွက်မှုတစ်ခု ဖြစ်သည်။

ထို့အတူ လောဘစိတ်၊ ဒေါသစိတ်တို့ကဲ့သို့ ခိုးနှိမ်ပစ်ရန်ရှိသည့် စိတ်ရိုင်းတစ်မျိုးမှာ မောဟစိတ်ဖြစ်သည်။

မောဟစိတ် ဟူသည်မှာ တွေဝေနေခြင်းမဟုတ်ဘဲ သိသင့်သိထိုက်သော အာရုံ၏ အမှန်သဘောကို စာတယ်မသိခြင်းဖြစ်သည်။ ထိုမောဟစိတ်သည် အမှန်ကို မသိသကဲ့သို့ အမှားကိုလည်း မသိချေ။

သို့ဖြစ်သောကြောင့် မောဟစိတ် ဓိမိတို့ဆိုဒ် တိန်းအောင်းနေခြင်း၊ နေခြင်းတို့ကို သိရှိရန်မှာ အလွန်ခဲယဉ်းသည်။ သို့ရာတွင် သတိတပ်၍ အသိဖြင့် ဆင်ခြင်ဉာဏ်ဖြင့်နိုင်မည်ဆိုပါက ဝဃနာ သိခြင်နိုင်ပါသည်။

အထူးအားဖြင့် စိတ်သည် ဇမ်းချုပ်ရန် ခက်ခဲသော်လည်း ဝိပဿနာနည်းဖြင့် သတိကပ်၍ အသိဖြင့်ဆင်ခြင်ကြည့်မည်ဆိုပါက တစ်နေ့ရာထဲတွင် စုစည်းဖမ်းချုပ်ထားနိုင်ပါသည်။

အကောင်းဆုံးနည်းမှာ မိမိစိတ်ကို မိမိက အကျင့်ရအောင် ပြုကျင့်ပေးဖို့ လိုအပ်ပါသည်။ ထိုနည်းတူ ကုသိုလ်အကုသိုလ် တရားများကိုလည်း သိရှိနားလည်ထားပြီး လုပ်သင့်သောအလုပ်၊ မလုပ်သင့်သောအလုပ်တို့ကို ခွဲခြားသိထားဖို့လိုသည်။

သို့ပါမှ မိမိစိတ်ကို အကုသိုလ်ဘက်သို့ မယိမ်းမယိုင်အောင် ထိန်းသိမ်းထားနိုင်မည် ဖြစ်သည်။ တစ်ဖန် စိတ်ကောင်း ထားရှိနိုင်ရန် မေတ္တာစိတ်မွေးမြူခြင်း အထောက်အပံ့ကိုလည်း လိုအပ်ပါသည်။

မေတ္တာစိတ်မွေးမြူထားရှိခြင်းသည် မိမိကိုယ့်မိမိ အေးမြစေသကဲ့သို့ တစ်ပါးသူကိုလည်း မိမိနည်းတူ ေအးမြလန်းဆန်းစေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာစိတ် များများမွေးမြူနိုင်လျှင် လောဘ၊ ဒေါသနှင့် မောဟစိတ်တို့ တဖြည်းဖြည်း လွှင့်ပြယ်သွားနိုင်ပါသည်။

လူတိုင်းအပေါ် မေတ္တာစိတ်ဖြင့် ကြည့်လျှင် အကောင်းချည်း မြင်ကာ ခွင့်လွှတ်နိုင်မှုများ ဖြစ်ပေါ်လေ့ရှိပါသည်။

တစ်နည်းအားဖြင့် လူတိုင်းအပေါ် မေတ္တာစိတ်ဖြင့် အကောင်းမြင်ခြင်းမှာ လောဘ၊ ဒေါသနှင့် မောဟစိတ်တို့ကို ဖယ်ရှားအနိုင်ယူခြင်းပင်ဖြစ်သည်။

ထိုအခါ လူနှင့် လူ့ပတ်ဝန်းကျင်တွင် မိမိသည် ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်အချိန်အခါဖြစ်စေ လူတိုင်းနှင့် ချစ်ကြည်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံနိုင်မည်ဖြစ်သည်။

အကယ်၍ အကောင်းမြင်စိတ် မရှိဘဲ အဆိုးမြင်စိတ်တို့နှင့် တစ်ပါးသူတို့ကို ကြည့်မြင်နေမည်ဆိုလျှင် မိမိကိုယ်တိုင် ထိုစိတ်၏ ဖိနှိပ်မှုခံရကာ အမြဲထာဝရ အလိုမပြည့်သော လောဘ၊ ဒေါသ၊ မောဟစိတ်တို့၏ ထိုးနှက်ချက်ကို အလူးအလှိမ့် ခံစားရမည်ဖြစ်သည်။

ထိုအခါ စိတ်ရောဂါယပါဆင်းရဲရပေမည်။ အလိုမကျခြင်းကြောင့် အမြဲထာဝရ သောကဖြင့် နပန်းလုံးနေရလေရာ အတွေးအခေါ် အယူအဆတို့မှာလည်း သစ်လွင်တောက်ပမှု မရှိနိုင်တော့ချေ။

သို့ဖြစ်ရာ မိမိရော တစ်ပါးသူတို့ပါ စိတ်ချမ်းသာမှု ရကြစေခြင်းငှာ လူတိုင်းအပေါ် မေတ္တာစိတ်ထား၍ အရာရာအပေါ် အကောင်းမြင်ကြစေဖို့ တိုက်တွန်း ရေးသားလိုက်ရပါသည်။

ချစ်မင်းသူ

❑

ဆုတောင်းပြည့်

ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဗလိတပညာရှင် - မဟာဂန္ဓာရီ ဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)

ကဇလာင်ခွဲ – ကာလီဒါချ် (မြန်မာပြည်)

- ယကြာမာတ်ရိုက်မာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရွေ့ရှားလမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
ဗေဒင် ☎ ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး ☎ ၀၉-၃၁၀၂၂၈၁၆

www.burmeseclassic.com

www.burmeseclassic.com

နယ်ချဲ့တို့ဖိမ့်ဖိမ့်တုန်ခဲ့ရသော မြန်မာ့အာဏာနည်များ

မှတ်တော်တည်ကြကုန်လော့

အလောင်းမင်းတရား အောင်ရေယျတဲ့ပေ့

ထွန်းလင်းသူ

www.burmeseclassic.com

www.burmeseclassic.com

အလောင်းမင်းတရား ဦးအောင်ဇေယျနှင့် ခင်ဦးစား ချစ်ညီတို့၏ စီးချင်းတိုက်ပွဲကို ဆရာမကြီး ခင်ဆွေဦး ရေးသားသော 'ရွှေပြည်ကိုသာ လွမ်းတော့်သည်' စာအုပ်ထဲမှ ကောက်နုတ်ဖော်ပြလိုပါသည်။ ဆရာမကြီး ခင်ဆွေဦးသည် စာရေးဆရာကြီး မဟာဆွေ၏ သမီးဖြစ်ပြီး ယခုအခါ အသက် ရှစ်ဆယ် ကျော်ပါပြီ။ ဆရာမကြီးသည် 'ရွှေပြည်ကိုသာ လွမ်းတော့်သည်' ကို လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ခန့်၊ ၁၉၆၇ ခုနှစ်တွင် ပထမအကြိမ် ရေးသားထုတ်ဝေခဲ့ပြီး ဒုတိယအကြိမ်ကိုမူ ၂၀၁၂ ခုနှစ်၊ ဇွန်လတွင် လင်းလွန်းခင်စာပေမှ ပြန်လည်ထုတ်ဝေခဲ့ပါသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ကြားကာလမှာ (၄၅)နှစ် ကွာဟပါသည်။

ထိုသို့ ကြာမြင့်ရှည်မောလှသော 'စာပေသရော်ကြီး ခိုင်း' သည့် ကာလများတွင် 'ရွှေပြည်ကိုသာ လွမ်းတော့်သည်' ကို မိတ္ထူများဖြင့်သာ ကျွန်တော်တို့ ဖတ်ခဲ့ကြရသည်။ တစ်နည်းအားဖြင့် ဆရာမကြီး ခင်ဆွေဦး ပေးလိုသော 'အလောင်းမင်းတရား ဦးအောင်ဇေယျစိတ်ဓာတ်' များ (၄၅) နှစ်ကြာ မှိန်ဖျော့ငုပ်လျှိုးနေခဲ့ရသည် ဟူ၍သာ ဆိုပါရစေတော့။ ဝမ်းနည်းဖွယ်ပင်။

ထို့ကြောင့် ယခု အကြောင်းတိုက်ဆိုင်လာသည့်အခါ (၄၅)နှစ်ကြာ မှိန်ဖျော့ငုပ်လျှိုးနေခဲ့ရသည့် 'ဦးအောင်ဇေယျ စိတ်ဓာတ်' များ ပြန်လည်နိုးထစေလိုသော စေတနာဖြင့် ကောက်နုတ်ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့် 'လွမ်းခဲ့ရသည့် ရွှေပြည်တော်' ကို အလွမ်းပြေ အလွမ်းဖြေလိုက်ရပါတော့သည်။

(၅)

တန်ဆောင်မုန်းလတွင် နှင်းမြူဆိုင်းစ ပြုလေတော့သည်။ မုဆိုးဘိုအောက်ခွင်တွင်နေသော မွန်တပ်များ၊ မြောက်ဘက်တစ်လွှား ရောက်လာခဲ့ကြသော တပ်များကား မနေဝံ့၍ အဝမြို့သို့ချည်း ထွက်ပြေးကြလေ၏။ အလောင်းဘုရားကို တိုက်လိုသော ခင်ဦးစားတပ်သာ အခိုင်အမာ ရှိနေသည်။

အလောင်းမင်းတရားကြီးမှာ ခင်ဦးအရှေ့ အင်ကြင်းကုန်းမှနေ၍ နောင်တော်ကြီးဦးအောင်ဖြိုးမှာ တောင်မျက်နှာက တက်ရ၏။ ငမျိုးစံတို့ကဲ့သို့သော တပ်မှူး၊ ဗိုလ်မှူး သူရဲကောင်း ဟူသမျှလည်း နောက်တော်က လိုက်ပါကြရလေသည်။

ခင်ဦးစားသည် တောင်မျက်နှာက တပ်ကို အလုံခံစေပြီးလျှင် အရှေ့က မြင်းနှင့်ထွက်၍ အလောင်းဘုရားရှိရာသို့ ချီလာလေသည်။

ဦးချစ်ညီနှင့် ဦးအောင်ဇေယျတို့မှာ တစ်ဦးကိုတစ်ဦး အရှင်ရလိုသူများ ဖြစ်ကြသည်။ သို့ကြောင့် သေနတ်ပစ်အလွန်လက်ဖြောင့်သော သူရိန်ဒေဝသည် လူကိုမပစ်ဘဲ ခင်ဦးစား၏ မြင်းကိုသာ ပစ်လဲ့လိုက်သည်။ လဲနေသောမြင်းကို ထားခဲ့၍ တပ်တွင်းသို့ဝင်ကာ နောက်မြင်းတစ်စီးနှင့် ထွက်လာပြန်ရာ သူရိန်ဒေဝက သေနတ်နှင့် ပစ်လဲ့ပြန်သည်။

နောက်တစ်ကြိမ်တွင် ဦးချစ်ညီသည် မြင်းစင်ရော်ဖြူနှင့် သေနတ်ရှိရာ မဝင်မူဘဲ မြင်းတပ်တွင်းသို့ အတင်းဝင်တိုးရာ မြင်းတပ်သားအားလုံး ဖရိုဖရဲ အစုစုကွဲ၍ ပရမ်းပတာ ရှိချေသည်။

ဤတွင် တပ်တွင်း အလောင်းဘုရားရှိရာ မြင်းနှင့် အတင်းနှင်ရင်း -

"နင်လည်း အောင်ဇေယျ၊ ငါလည်း ချစ်ညီ၊ ခံနိုင်အောင်ခံ" ဟု ဟစ်အော်လိုက်စဉ် -

"နင်လည်း ချစ်ညီ၊ ငါလည်း အလောင်းဘုရား၊ နင့်ကိုသာ ငါလိုလှသည်၊ ယောကျ်ားကောင်း တပဲမှန်သော် ငါ့သို့ ချဉ်းခဲ့"

ဓားကို အိမ်မှချွတ်ကာ ရဲရင့်တည်ကြည်စွာ ဆိုပြီး နောက် ကြဲကြဲခံလေသည်။

ဦးချစ်ညီသည် မည်သည့်အကြောင်းကြောင့် မသိ၊ ရုတ်တရက် အမ်း၍နေပြီးမှ မြင်းဦးလှည့်ကာ နောက်ဆုတ်ပြန်သွားလေသည်။

တပ်တော်သားတို့သည် ခင်ဦးတပ်ကို တက်သူတက်၊ ဖြိုသူဖြို လုပ်ကြံကြသော်လည်း ခင်ဦးစား အစီအမံ အကွပ်အကဲ ကောင်းသောကြောင့် မဖြိုဖျက်နိုင်ဘဲ ရှိလေသည်။ တောင်မျက်နှာတွင် တာဝန်ယူနေသော နောင်တော်ကြီး ဦးအောင်ဖြိုးသည် မြင်းက ဆင်း၍ စစ်ကွပ်ချသောကြောင့် တပ်အဆုတ်တွင် ကျဆုံးရရှာလေသည်။

အလောင်းဘုရားသည်လည်း နှလုံးမသာ အလွန်ကြောကွဲတော်မူကာ ရဲမက်တော်တို့ကို စုရုံးပြီး ဆုတ်ခွာခဲ့ရလေ၏။

(၆)

"ကင်းထောက်လုလင်"

ကျေးတောသားအယောင် ရုပ်ဖျက်ထားသော ကင်းထောက်လုလင်သည် ငမျိုးစံ၏ ရှေ့မှောက်တွင် ဒူးထောက်လက်အုပ်ချီလျက် -

"ရောက်ကြောင်းပါ ဗိုလ်မင်း"

"အကြောင်းစုံ သိခဲ့ရပြီလား"

"သိခဲ့ရပါပြီ"

"သဟာဖြင့် စောစောက ကျုပ်တို့တပ်တွေ အရှုံးဖရဲအဆုတ်၊ အလောင်းဘုရားကို ဦးချစ်ညီ ခဲလုံး ကြီးတပ်ဖမ်း

www.burmeseclassic.com

www.burmeseclassic.com

၍ မိမည်ဆဲဆဲ ပဇာကြောင့် နောက်လှည့်သွားရသာလဲဆိုတဲ့ အကြောင်း သိခဲ့ပြီလား"

"သိခဲ့ပါသယ်"

"ကိုရင့် မျက်မြင်လား"

"မျက်မြင်ပါ ဗိုလ်မင်း၊ ဦးချစ်ညီက မြင်းနဲ့ ခင်ဦးမြို့ အတွင်း ပြန်အဝင် ကျွန်တော်မျိုးလည်း ထင်းခွေယောက်ျား အသွင်နဲ့ နောက်က မယောင်မလည် လိုက်သွားသာ၊ ဦးချစ်ညီက သူ့ညီဆီ အပြေးသွားပါသယ်"

"အိမ်း- ဆက်ပါဦး"

"အောင်ဇေယျကို အဓိလိုက်ဖမ်းစဉ် ငါ့ညီက 'ကိုကို ကယ်လှည့်ပါ' အော်သလားလို့ ညီကို မေးပါတော့သယ်"

"အိမ်း၊ ဆိုစမ်း"

"ဦးချစ်ညီညီ ဦးချစ်မြက သူ မအော်ရကြောင်း၊ သူလည်း ပဇာမှ'မဖြစ်ကြောင်း ပြောတော့ ဦးချစ်ညီက 'အောင်ဇေယျ ဘုန်းကြီးတယ်၊ နတ်မသာပဲ' လို့သာ ညည်းတော့သယ် ဗိုလ်မင်း"

"အိမ်း- ဒါဟာကြောင့် ဦးချစ်ညီ ရုတ်တရက် အမ်း နေတော့သာကိုး"

"မှန်ပါ၊ သည်အကြောင်းကို ဦးချစ်ညီအမိ 'ဒေါ်ဇကလား' သိတော့ သူဝမ်းဗိုက်ကို ပုတ်ပြတဲ့ပြီး 'ချစ်ညီ၊ နင် ယောကျ်ားကောင်းစင်လျက် ညီကို သာလောက်ချစ်ရသလား။ ဟောသည်မှာ ညီတွေ အများကြီး ရနိုင်သေးသယ်' လို့ ပြောဆိုပါသယ်"

"အိမ်း- မှတ်ဖွယ်ရာစကားပေပဲ"

"သည့်နောက် ခင်ဦးမြို့သားများ ပြောသံ ကြားခဲ့ရ သဟာဖြင့် ဦးချစ်ညီက ဦးအောင်ဇေယျထက် လက်ရုံးရည် ကောင်းသယ်၊ ဦးအောင်ဇေယျက ဦးချစ်ညီထက် ဘုန်းကံ ပညာ သာသယ် ဆိုကြကြောင်းပါ ဗိုလ်မင်း"

"တခြား သတင်းထူး ရှိသေးလား"

"ရှိပါသေးသယ်"

"ပသို့နည်း"

"ခင်ဦးစားလည်း အဝမှာ ဒလပန်းနေရာ ရောက်ရှိနေတဲ့ ငွေခွန်ဝန်ထံ စာရေး၍ လူစေလွှတ်ဖြည့်ဖို့ စစ်ကူတောင့်သယ် ဗိုလ်မင်း"

"သဟာပဲလား"

"သဟာပဲ"

"အကြောင်းစုံ သိရလို့ အဇောင် သွားနိုင်ပြီ"

"မှန်ပါ"

○

ထိုဖြစ်ရပ်သည် အလောင်းမင်းတရား ဦးအောင်ဇေယျ၏ 'လူသားသစ္စာ' က အလောင်းမင်းတရား ဦးအောင်ဇေယျကို ကယ်တင်လိုက်ခြင်းပင် ဖြစ်ပေသည်။

'ကိုကို ကယ်လှည့်ပါ' ဟူ၍ ညီဖြစ်သူ၏ အသံသည် ကာယကံရှင်က အော်ရသည်လည်း မဟုတ်ပါဘဲနှင့် မည်သို့ ပေါ်ထွက်ခဲ့ရပါသနည်း။ ထိုအသံကိုသာ ခင်ဦးစား ချစ်ညီ မကြားမိလိုက်ဘူး ဆိုပါလျှင် အလောင်းမင်းတရား ဦးအောင်ဇေယျသည် ခင်ဦးစား ချစ်ညီ လက်တွင်းသို့ သက်ဆင်းရမည် ကောန်ဖြစ်သည်။

ထိုဖြစ်ရပ်နှင့် ပတ်သက်၍ 'တတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သူ အလောင်းမင်းတရား ဦးအောင်ဇေယျ' စာအုပ်ထဲတွင် ဆရာတင်ထွေး သုံးသပ်တင်ပြထားပုံမှာ မှတ်သားဖွယ် ကောင်းလှပေသည်။

ဆရာတင်ထွေး သုံးသပ်တင်ပြထားပုံမှာ ဤသို့ ဖြစ်ပါသည်။

'ခင်ဦးစား လက်ယာပျံခိုဘွဲ့ခံ ဦးချစ်ညီမှာ လက်ရုံးရည်၌ မယှဉ်သာအောင် ကောင်းလှသူ ဖြစ်သည်။ ဦးအောင်ဇေယျကဲ့သို့ ဘုန်းကံ မရှိသောကြောင့် အမြင့်နေရာသို့ မရောက်နိုင်သူဖြစ်သည်။ အလောင်းမင်းတရားက ဦးချစ်ညီအား သူ့ထံဝင်ရန် စာရေးသား ပေးပို့ခဲ့သည်။ သို့သော်လည်း ဦးချစ်ညီက လက်မခံခဲ့။ ငြင်းဆိုလွှတ်လိုက်သည်။'

ဆရာတင်ထွေး သုံးသပ်တင်ပြပုံထဲမှ 'ကောက်နုတ်ဖော်ထုတ်လိုက်သောအခါ,'အမြင့်နေရာသို့ ရောက်ဖို့ ဘုန်းကံရှိရမည်' ဟူသော အချက်ကို ရရှိမည် ဖြစ်ပါသည်။

မှန်ပါသည်။ ခင်ဦးစား လက်ယာပျံခို ဦးချစ်ညီသည် လက်ရုံးရည် အလွန်စွမ်းသူ ဖြစ်သည်။

ခင်ဦးစား လက်ဂ(လက်ယာ)ပျံခို ဦးချစ်ညီတို့မိသားစုသည် မိသားတစ်စုလုံး စွမ်းရည်သတ္တိ ပြည့်ဝထက်မြက်သူများ ဖြစ်သည်။ ခင်ဦးမြို့သည် တောင်ရွာ၊ မြောက်ရွာ ဟူ၍ အပိုင်းနှစ်ပိုင်းရှိသည်။ တောင်ခင်ဦးရွာ၊ မြောက်ခင်ဦးရွာ ရွာနှစ်ရွာ ပေါင်းစပ်၍ ခင်ဦးမြို့ဟု ခေါ်တွင်ခြင်း ဖြစ်ပေသည်။,

ခင်ဦးမြောက်ရွာ၌ ဦးလုံး၊ ဒေါ်ဇကလား ဇနီးမောင်နှံ ရှိသည်။ ထိုဇနီးမောင်နှံမှ မောင်ချစ်ဝ၊ မောင်ချစ်ညီ၊ မောင်ချစ်မြ အမဲည်ရှိသော သားသုံးဦးနှင့် အခြားသားသမီးများ ဖွားမြင်သည်။ ထိုသားသမီးများတွင် မောင်ချစ်ဝ၊ မောင်ချစ်ညီ၊ မောင်ချစ်မြ ဟူသော သားသုံးယောက်မှာ တစ်မိပေါက် သုံးယောက်ထွန်း ဆိုသကဲ့သို့ ထင်ပေါ် ကျော်စောသူများ ဖြစ်သောကြောင့် အခြား သားသမီးများထက် ထင်ပေါ်ကျော်ကြားရခြင်း ဖြစ်သည်။

မောင်ချစ်ဝ၏ လက်ရုံးရည်စွမ်းအားမှာ တစ်နှစ်သား သာသာရှိသော ထန်းပင်ပေါက်ကို ပျိုးနုတ်သကဲ့သို့ လတ်နှင့် ဆွဲနုတ်နိုင်သော အားအစွမ်းရှိသူ ဖြစ်သည်။

တစ်နှစ်သားသာသာ ထန်းပင်ပေါက်ဆိုသည်မှာ ပင်စည် မရှိသေး၊ အရွက်၊ အဖူးမျှသာ ရှိသော်လည်း သားနှံ

www.burmeseclassic.com

www.burmeseclassic.com

စွမ်းအားရှိသူ သုံးလေးယောက် ဝိုင်းနုတ်၍ မရနိုင်အောင် အမြစ်ဆွဲအား ကောင်းလှသည်။ ထိုထန်းပင်မျိုးကို မောင်ချစ်ဝသည် ပိုနုတ်သကဲ့သို့ မြုတ်ခနဲနေအောင် အသာအယာ ပင် ဆွဲနုတ်နိုင်လေသည်။

မောင်ချစ်ညိုသည် ကောက်ရိတ်သမား ငါးယောက် ရိတ်သိမ်းရသော စပါးပင်များကို သူတစ်ယောက်တည်းနှင့် အပြီးရိတ်နိုင်လောက်အောင် ခွန်အားဗလ သန်စွမ်းပြီး လျင်မြန်ဖျတ်လတ်သူ ဖြစ်လေသည်။ ထို့ပြင် မောင်ချစ်ညိုသည် ဓားခုတ်၊ လုံထိုး၊ မြင်းစီး၊ ဆင်စီး စသည့် လက်ရုံးရည်အရာတွင် အလွန်တတ်ကျွမ်း ကျော်ကြားသူ ဖြစ်သည်။

မောင်ချစ်မြမှာ တစ်ပိဿာစီးသော ဓားဖြင့် ဝါးလုံးနှစ်ဆယ့်ငါးလုံးကို မရပ်မနား တစ်ရှိန်ထိုး ခုတ်ပိုင်းနိုင်သူ ဖြစ်လေသည်။

မောင်ချစ်ညို အထူးကျွမ်းကျင် လိမ္မာသော အတတ်ပညာ တစ်ရပ်မှာ အတောင်တစ်ရာ ရှည်သောကြိုးတွင် တစ်ပိဿာ အလေးချိန်ရှိ ခဲလုံးကိုတပ်၍ ပစ်ခတ်ကစားတတ်သော အတတ်ပညာပင် ဖြစ်သည်။ ကြိုးသိုင်းပညာဟု ခေါ်ရမည်။ ထိုကြိုးသိုင်းပညာဖြင့် ပစ်ခတ်ဖမ်းဆီးမိသော ရန်သူကို မောင်ချစ်မြက ဓားဖြင့် ခုတ်ပိုင်းလေ့ ရှိသည်။ တစ်ဖက်ရန်သူတို့ အလွန်ကြောက်ရွံ့သော တိုက်ခိုက်နေ နည်းပညာတစ်ရပ်ပင် ဖြစ်ပါသည်။

ခင်ဦးစား လက်ျာပျံချီ ချစ်ညိုသည် ထိုသို့ လက်ရုံးရည်စွမ်းအား အပြည့်အဝ ရှိသော်ငြားလည်း ဦးအောင်ဇေယျ၏ ဘုန်းသမ္ဘာအရှိန်အဝါကို မခံနိုင်သောကြောင့် နိုင်လုလု အခြေအနေတွင် အရှုံးဖြင့် ဆုတ်ခွာသွားရပြီး ဒုတိယနေ့ပြည်တော်ရှိ မွန်ဝန်ကြီးထံ ဤသို့ စစ်ကူတောင်းခဲ့ရပါသည်။

"ဗိုလ်မင်း

မုဆိုးဘိုသားတို့သည် ဘီလူး၊ သဘက်အတူ ရန်သူတွေ့လျှင် အသား စားအံ့သကဲ့သို့ စွန့်စွန့်စားစား ညီညီညာညာ မဆုတ်မနစ် စည်းစည်းကြပ်ကြပ် ရပ်ရပ်နေနေ ရှိလှချေသည်။ စစ်တိုက်လေသမျှ သူတို့ကသာ ပွဲလမ်းရချေသောကြောင့် နိုင်လိုကြက်ကဲ့သို့ အားတက် အင်မြောက် ရှိချေသည်။

ယခု ခင်ဦးတပ်ကို အကြိမ်ကြိမ် လုပ်ကြံ၍ မပေါက်မြောက်သဖြင့် ပြန်သွားကြသည်မှာလည်း ကျွန်ုပ်တို့က သားမယားကိုယ်ရေးဖြစ်၍ အသက်ကို စွန့်စားထမ်းရွက်ကြရသည်နှင့် တပ်လည်း လုံခြုံခိုင်ခံ့လှသောကြောင့် အရေးမလစ် ရှိချေသည်။

မုဆိုးဘိုသားတို့ စိတ်ခေါင်းမာလှသည်။ နောက်အားသစ်၍ ချီလာပြန်သော ခင်ဦးသားတို့ စစ်ခေါင်းကျိန်းလှပြီဖြစ်၍ ခံနိုင်မည်မထင်။ စစ်ကြီးမရောက်မီ လူသုံးထောင်တန်သည် ထပ်ဖြည့်မှ နေနိုင်မည် အကြောင်းများကို အစီရင်ခံပါသည်။

လက်ျာပျံချီ
ခင်ဦးမြို့စား။

ဤသို့ လက်ျာပျံချီ ခင်ဦးစားထံမှ စစ်ကူတောင်းသည့် စာချွန်တော်ကို ရလျှင် ရချင်းပင် အင်းဝဌေးခွန်ဝန်သည် အလျင်အမြန် စစ်ရေးစီရင်၍ မွန်စစ်သည်သူရဲ သုံးထောင်ကို စေလွှတ်သည်။ ထိုသုံးထောင်တပ်ကြီးသည် ခင်ဦးမြို့ အနီးအနား၌ သုံးပွင့်ဆိုင်တပ်ကြီး သုံးတပ်ဖွဲ့၍ အခိုင်အမာ ခြေကုပ်ယူထားလိုက်လေသည်။

ကိုင်း - 'စိတ်ခေါင်းမာလှသော' ဘီလူး၊ သဘက် အလား မုဆိုးဘိုသားတို့ လာရဲလျှင် လာကြပေလော့၊ သုံးပွင့်ဆိုင် သုံးထောင်တပ်ကြီးဖြင့် ခင်ဦးမြို့ကို အခိုင်အမာ ပြုထားလေပြီ။

အသင် မုဆိုးဘိုသားတို့သည် ဘီလူး သဘက်မျှ လောက်ဖြင့် မချဉ်းကပ်လာလေနှင့်၊ သုံးပွင့်ဆိုင် သုံးထောင်တပ်ကြီး၏ ချေမှုန်းမှုအောက်ဝယ် တစ်ယောက်မကျန် မြေမှုန်အတိ ပြာမှုန်အလား ပြားပြားဝပ်စေတော့အံ့။

အသင် မုဆိုးဘိုသားတို့ဆည် သံချပ်ဝတ်ကိုယ်စီ ဆင်မြန်း၍ ကုမ္ပဏီ (နတ်ဘီလူး)တစ်သောင်း အပိုဆောင်း လာမှသာ ဖြစ်နိုင်ဖွယ်ရှိတော့သည်။

အသင် မုဆိုးဘိုသားတို့၊ ကုမ္ပဏီ တစ်သောင်း မဆိုထားနှင့်၊ ကုမ္ပဏီတစ်ယောက်ပင် လောက်လောက်လားလား မခေါ်နိုင်ခဲ့ပါမူ ငါတို့ရှေ့မှောက်၌ ဒူးထောက်၍ အည့်ခံကြကုန်လော့။

ခင်ဦးမြို့သို့ စစ်ကူရောက်လာသော သုံးပွင့်ဆိုင် သုံးထောင်တပ်ကြီးသည် ထိုသို့ အဓိပ္ပာယ်သက်ရောက်သောကြေညာသံကို ထုတ်ပြန်နေသည်သို့ ရှိပေရာ ထန်းလုံးတပ်အတွင်းမှ မုဆိုးဘိုသားတို့ ပဇာသို့ လုပ်ကြပါမည်နည်း။

ဟုတ်ပေသည်၊ ပဇာကို ပဇာသို့ ပြုရပါအံ့နည်း။

ပဇာသို့ ပြုရပါအံ့နည်း ဟူ၍ ဆိုဖွယ်သာ ရှိပါချေသည်။ အကယ်စင်စစ်တွင်မူ တိုင်းနိုင်ငံ ဝန်းကျင်တစ်ခိုတွင် တဘောင်အတိတ် အောင်နိမိတ် သီချင်းသံသည် ခြိမ့်ခြိမ့်ညံ သီကြွေးနေခဲ့ကြပါသည်။

"အမယ်ကြီးနှင့် ဘကြီး တား၍၊ လားလားမနိုင်၊ သောကြာသားက စကားခိုင်၊ သံတိုင် ကျောက်ခဲ၊ လူပျိုချင်းတွင် ပိုလို့ကဲ့။

ပဲနှင့်ပြောင်းကို ဟောင်းလျှင်ပစ်၍ အသစ်ရှာအောင်ပါစေသား သောကြာသား"

အောင်နိမိတ်သီချင်းတဘောင် အဓိပ္ပာယ်မှာ ရှင်းလှသည်။ ခက်ခက်ခဲခဲ နက်နက်နဲနဲကြီးတွေ ဘာမျှမပါ။ သောကြာဆားကို အမယ်ကြီးနှင့်ဘကြီးတား၍ ရတော့မည်မဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com

သောကြာသား၏ နှုတ်ထွက်စကားသည် ခိုင်မြဲလှသည်။ သံတိုင်၊ ကျောက်ခဲကဲ့သို့ တိတိပပ မာကျောထက်ရှလှသည်။ လူချင်းတူလျှင် သောကြာသားကသာ ပိုကဲသာလွန်းသည်။ ပဲအဟောင်း၊ ပြောင်းအဟောင်းတို့သည် ပိုးထိုးလောက်ကိုက် ပျက်စီးခြင်း ဆိုက်ဘိသကဲ့သို့ ပျက်စီးယိုယွင်းနေပြီဖြစ်သော တိုင်းနိုင်ငံ အဟောင်းကို စွန့်ပစ်၍ တိုင်းသစ်ပြည်သစ် ထူထောင်ရန် ကြိုးစားနေသော သောကြာသားသည် အောင်ပါစေသား အောင်စကားဖြင့် အောင်ရမည်သာ ဖြစ်သည်။

သောကြာသား ဟူသည် အဘယ်သူကို ပြောပါသနည်း။ ခမည်းတော် မင်းညီစံနှင့် မဟာဒေဝီ စောညိမ်းဦးတို့မှ သက္ကရာဇ် ၁၀၇၆ ခုနှစ် တော်သလင်းလပြည့်ကျော် တစ်ရက်၊ ညဉ့်တစ်ချက်တီးကျော် ဓနသိဒ္ဓိနက္ခတ် မွန်းတည့် မတ်ချိန်တွင် ဖွားမြင်သန့်စင်ခဲ့သည့် အာဇာနည် မင်းတောင်းမင်းမြတ် အလောင်းအလျာ 'မောင်အောင်ဇေယျ' သည် သောကြာသား ဖြစ်လေသည်။

ဟုတ်ပါသည်၊ နေပြည်တော်ဝန်းကျင်တွင် ပုံနှံသီကျွန်နေသော အောင်အတိတ်ဆောင် နိမိတ်တဘောင် အောင်တေးချင်းသံသည် သောကြာသား ဦးအောင်ဇေယျအတွက် အောင်ပွဲနိမိတ် အောင်တေးသံပင် ဖြစ်ပါသည်။

ထို့ပြင် မကြာသေးမီ အချိန်ကာလတွင် အောင်နိမိတ်ကို အထင်အရှား မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ပြီးဖြစ်သည်။ ထိုနေ့သည် မုဆိုးဘိုသို့ ရန်သူတပ်မဟာကြီး ဆိုက်ရောက်ဝန်းရံလာသော (၉)ရက်မြောက်သောနေ့။ ၁၁၁၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၆)ရက် နေ့နှစ်ချက်တီးကျော် နှစ်ဘောင်းအချိန်။ အလောင်းမင်းတရား ဦးအောင်ဇေယျသည် ရန်သူတပ်မဟာ၏ စစ်သေနင်္ဂဗျူဟာ အခင်းအကျင်းနှင့် စစ်ရိပ်စစ်ခြည်ကို ကြည့်ရှုအကဲခတ် သုံးသပ်တော်မူရန် မုဆိုးဘိုထန်းလုံးတပ်၏ အရှေ့မျက်နှာ မင်္ဂလာတံခါးမှ တပ်ဝိုလ်၊ တပ်မှူးတို့ ခြံရံလျက် ထွက်ကြွတော်မူလာသည်။

ထိုအချိန်တွင် အဇ္ဈာပြင် ထက်ကောင်းကင်၌ သိမ်းဌက်သည် စွန်ရဲတစ်ကောင်ကို အရှိန်အဟုန်ပြင်းပြင်း အတင်းတရကြမ်း လိုက်လံထိုးဆိတ်နေသည်။ အလောင်းမင်းတရား ဦးအောင်ဇေယျလည်း မဖြစ်ဖူးမြဲ ထူးကဲသောမြင်ကွင်းကြောင့် အံ့အံ့သြသြ စူးစူးစိုက်စိုက် အလေးဂရုပြုကာ ကြည့်ရှုတော်မူသည်။

ကြည့်နေဆဲမှာပင် သိမ်းဌက်၏ အထိုးအသုတ်ကို ခံရသော စွန်ရဲသည် အလောင်းမင်းတရားရှေ့ မြေပြင်သို့ ဖုတ်ခနဲ ပြုတ်ကျလာသည်။ စွန်ရဲမှာ သွေးသံရဲရဲဖြင့် မရွှမလှသေပွဲဝင်ရရှာသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျသည် မမျှော်လင့်မူ၍ ဂုတ်ခြည်းဖြစ်ပေါ်လာသော ပုဗ္ဗနိမိတ်ကို သုံးသပ်ဆင်ခြင်တော်မူသည်မှာ ဤသို့ ဖြစ်ပါသည်။

'စွန်ဌက်သည်ကား အင်္ဂါနံ၊ သိမ်းဌက်သည်ကား သောကြာနံ ဖြစ်သည်၊ ဘောမပဋ္ဌာစ အင်္ဂါငါးလုံးသည် လေပြည် ဓာတ်ဖို့ရ အောက်ရွာတလိုင်းပ ဟူသော ပုဂ္ဂလပညတ် ဖြစ်သည်၊ ယနေ့ပင် အင်္ဂါနံဖြစ်သော ရန်သူတော်ကို သောကြာသား ဖြစ်တော်မူသော ငါ အလောင်းမင်းတရားသည် မုချ တေန် အမှန်ပင် အောင်မြင်တော်မူတော့မည်'

ထိုသို့ ထင်လင်းပြတ်သားစွာ နိမိတ်ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် -

'ငါသည် ရတနာရွှင်လူ ပြည်သူတကာနှင့် သာသနာတော်၏ အစီးအပွား ဆွေတော်မျိုးတော်တို့၏ အစီးအပွားတို့ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွှန့် တိုင်အောင် ဆောင်တော်မူထိုက်သည်မှန်လျှင် သီကြား၊ ဗြဟ္မာ၊ တဂိုလောကပါလနတ်၊ သာသနာတော်စောင့်နတ်တို့ ကူညီဆောင်ရွက်၍ အလွယ်တကူ အောင်မြင်စေသော်'

တူ သစ္စာအဓိဋ္ဌာန်ပြု၍ ရွေ့ထားရာမှပြင် ရေသွန်းတော်မူသည်။ သွန်းလောင်းသောရေ မြေသို့ ရောက်သည်နှင့် -

'အောင်ခါရောက်ပြီ
အောင်ချိန်သင့်ပြီ
အောင်ခါတန်ပြီ'

ဟူ၍ အောင်မြင်ခဲ့ဉာဏ်သော အသံဖြင့် တစ်ကြွေးလျက် လက်သုံးတော်ခေါ်းကို ဝင့်တော်မူသည်။ အလောင်းမင်းတရား ဦးအောင်ဇေယျ ထိုသို့ဟစ်ကြွေးလိုက်သော အသံသည် နှစ်ဖက်စစ်သည်တော်တို့ နားဝတွင် ကပ်၍ အော်လိုက်သကဲ့သို့ ကြားကြရလေသည်။ ထိုသို့ ကြားကြရာတွင် ထူးခြားချက်တစ်ရပ်ကို တွေ့မြင်ရသည်မှာ အံ့သြဖွယ်ပင် ဖြစ်ပါသည်။ မည်သို့ ထူးခြားပါသနည်းဆိုသော် အလောင်းမင်းတရား ဦးအောင်ဇေယျ ဟစ်ကြွေးသံကို နားအုံးဦးခံကပ်၍ ဟစ်အော်လိုက်သကဲ့သို့ ကြားကြရသော် တစ်ဖက်ရန်သူ စစ်သည်တော်တို့သည် ကြောက်ရွံ့တုန်လှုပ် ချောက်ချားကာ လက်၌ စွဲကိုင်ထားသော ဓား၊ လှံ၊ လေးမြား အစရှိသည့် လက်နက်တို့သည် လက်မှလွတ်ကျကုန်သည်။ ဤသို့ ဖြစ်ရသည်မှာ အလောင်းမင်းတရား ဦးအောင်ဇေယျ၏ ဘုန်းရှိန်၊ ကံရှိန်၊ အာဇာအရှိန်ကို မခံမရပ်နိုင်သောကြောင့် ဖြစ်ရသည်ဟု ရာဇဝင်တော်ကြီးများ၌ ဆိုလေသည်။

အခြား တစ်ဖက်တွင်ကား အလောင်းမင်းတရား ဦးအောင်ဇေယျ၏ စစ်သည်တော်တို့နားဌ၌မူ ထိုဟစ်ကြွေးသံသည် အောင်စည်၊ အောင်မောင်း ရိုက်တီး ဆော်သွင်းလိုက်သကဲ့သို့ ရဲစိတ်ရဲမာန်များ လျှံကျ ဆူဝေလာခဲ့ရပါသည်။ အလောင်းမင်းတရား ဦးအောင်ဇေယျ၏ စစ်ပိုလ်၊ စစ်မှူး အကြပ်စစ်သည် ဟူဟူသမျှတို့သည် ရဲတင်းသဲ ဟစ်ကြွေးခြင်းသံဖေးလျက် ရွှမ်းရွှမ်းခွံ့ခွံ့ ဖြိုင်ဖြိုင်ညီညီ သွန်သွန်ဟုန်ဟုန် ချီတက်ထိုးခုတ် တိုက်ခိုက်ကြလေရာ တစ်ဖက်ရန်သူလက်ကြီး

www.burmeseclassic.com

သည် လှိုင်းအဖိခံရသော ကျူပင်များပမာ အကျအဆုံး အရှုံးအနာ များပြားစွာဖြင့် ဆုတ်ခွာထွက်ပြေးရလေသည်။

ထိုကဲ့သို့ စစ်ဦးတွင် ထူးကဲလှသော အောင်အတိတ်၊ အောင်နိမိတ်တို့ဖြင့် အောင်ဘိသိက်သွန်းကာ စစ်ဦးဘီလူး အောင်ဆုထူး ရယူခဲ့သော အံ့လောင်းမင်းတရား ဥ်းအာင်ဇေယျအတွက် ယခု ရင်ဆိုင်ရတော့မည်ဖြစ်သော ခင်ဦးစား ချစ်ညီနှင့် မွန်သုံးထောင်တပ်ကြီးကို မူလောက်စရာ မဟုတ်ပါချေ။

သို့သော်လည်း အတိတ်ကောင်း၊ နိမိတ်ကောင်းတို့ဖြင့် ကံကောင်းလှပေသည်ဟူ၍ မြိန်မြိန်ကြီး ထိုင်နေ၍ မရပေ။

မယဒေဝလက်ဘက်ကြီး၌ မန်လည်ဆရာတော်ဘုရား မိန့်တော်မူသည်မှာလည်း -

'မပျင်းကုသိုလ်၊ ထိုပုဂ္ဂိုလ်ကား၊ ကိုယ့်ကို ချစ်သူ၊ မည်သောဟူ၏၊ အယူမသွင်း၊ ဆောက်တည်ခြင်းဖြင့်၊ ကံရင်းမူလ၊ ဝိရိယနှင့်၊ ဉာဏထောက်ကူ၊ ရှိသည့်သူမှ၊ လူတွင်လူလွန်၊ လွှားတံခွန်သို့၊ လူမွန်တစ်ယောက်၊ တစ်ခေါ်လောက်အောင်၊ ခါရောက်ချိန်ဆုန်း၊ တုမဲ့နှုန်း၍၊ ရွှေဘုန်းမော်ရမည်ကိုထား'

ဟူ၍ ရေးစပ်တော်မူကာ ဆုံးမတော်မူခဲ့သည်။

ကောင်းမှုကုသိုလ် အထိထိုက်သော ကာယကံကောင်းမှု၊ ဝစီကံကောင်းမှု၊ မနောကံကောင်းမှုတို့ကို မပျင်းမရိ ထက်ထက်သန်သန် နိုးနိုးကြားကြား ကြိုးစားအားထုတ်သောသူသည်သာ ကိုယ့်ကိုယ်ကိုယ် တကယ်ချစ်သောသူ မည်ပါသည်။ ကံ၊ ဉာဏ်၊ ဝိရိယ သုံးပါးပြည့်စုံသူသာ 'တစ်' ခေါ်လောက်သော ဘုန်းရှိသူ၊ ကံရှိသူ၊ လူလွန်၊ လူ [illegible] ခွန်ဖြစ်လေသည်ဟူ၍ ထိုလက်ဘက ဆိုလိုခြင်း ဖြစ်ပါသည်။

'ကံ ဉာဏ် ဝိရိယ၊ သုံးဌာ [illegible] စွာ၊ သစ္စာကတိ၊ အမှန်ရှိ၍၊ တိတိကျကျ၊ စီရင်မှုသ [illegible] ချမှန်စွာ၊ ဖြစ်တုန်ရာ၏' ဟူ၍လည်း ရှေးပညာရှိ သူတော်ကောင်းထို့မိန့်ဆိုတော်မူခဲ့လေသည်။

ထို့ကြောင့်ပင် ငါ ကံကောင်းလှပေသည်၊ ငါ အတိတ်ကောင်း၊ နိမိတ်ကောင်း မြင်ရ၊ ကြားရပေသည်ဟူ၍ စိတ်ချလက်ချ မနေအပ်ပေ။ ကံ၊ ဉာဏ်၊ ဝိရိယ မျှမျှတတ ကျစ်ကျစ်လျစ်လျစ်ပြု၍ သတိမပျင်း ဆောက်တည်ခြင်းရှိပါသော်မှ ဘဝသည် တန်ကာကျလေသည်။

ထိုသို့ 'တန်ကာကျလေသည်' ဆိုသည့်ကြားမှ 'ဥစ္စာဟူသည် မျက်လှည့်မျိုး' ဟူသကဲ့သို့ 'ကံ'မျက်လှည့်ပါရုပ်ကြီးက 'အပ်ချလောင်း' တစ်ချက် မိန်းမှုတ်လိုက်ရုံဖြင့် သောက်ကျိုးနည်းကုန်ကြသော သာဓကတို့သည် လောကီထုပ္ပတ်လူတို့ဇာတ်၌ အထပ်ထပ် အခါခါ ဖြစ်ခဲ့ဖူးလေပြီ။ ယခုအခါ တွင်လည်း ဖြစ်နေဆဲပင်၊ နောင်တွင်လည်း ဖြစ်ကြပေလိမ့်ဦးမည်။ ဤအကြောင်းကို ရည်ရွယ်၍ -

'သုဘာ သုဘာ၊ ဝေါဟာရဖြင့်၊ လောက အလို၊ ဟောပြဆိုတိုင်း၊ ထိုထိုအနိဋ္ဌ၊ ဒုန္နိမိတ်လည်း၊ မြဲကြိတ်မုချ၊ မဟုတ်စွတည်၌ ဓမ္မတရား၊ ထိမ်းပါး မမှု၊ တည်သောသူအား၊ ဘေးဟူတုံလတ်၊ ဥပဒ်အပြစ်၊ မဖြစ်နိုင်ရာ၊ တင်းကြစွာ၏။'

ဟူ၍ မာယဒေဝ၌ မန်လည်ဆရာတော် ဆိုပြန်တော်မူပါသည်။

လောကတွင် လောကသား အများတကာတို့ ယုံကြည်စွဲလမ်းထားသော ကောင်းသည်လည်း ဖြစ်သော၊ မကောင်းသည်လည်းဖြစ်သော အတိတ်၊ နိမိတ်၊ စနည်း၊ တဘော်၊ သိုက်စာ စသည်တို့သည် ပုံသေကားကျ တထစ်ချ ဖြစ်ရမည်ဟု ပုံသေတွက်မထားအပ်ပါဟေ။ အဘယ်ကြောင့် ဆိုသော် တရားမမှတည်သူအား ဘေးဥဒဿတို့သည် ကွင်းရှောင်၍ သွားတတ်သောကြောင့်တည်း ဟူ၍ ထိုလက်ဘက ပြောလိုရင်း ဖြစ်ပါသည်။

ဟုတ်ပါသည်၊ အတိတ်ကောင်း၊ နိမိတ်ကောင်း မည်မျှပင် ကြုံစေကာမူ ကြုံရသော ထိုပုဂ္ဂိုလ်သည် 'ရွေးကံမပါ၊ ဉာဏ်မှာမလင်း၊ ဝိရိယကင်းလျက်၊ စောင့်ခြင်းသိလ၊ တကွသစ္စာ၊ ကင်းမဲ့ပါမူ' ပျက်ရမည်မှာ ဓမ္မတာဖြစ်ပါသည်။

အခြားတစ်ဖက်မှ ကြည့်ပြန်ပါလျှင် အတိတ်ဆိုး၊ နိမိတ်ဆိုး မည်မျှပင် ကြုံစေဦးတော့ ကြုံရသော ထိုလူသားသည် 'တရား'၌ တည်သောသူ ဖြစ်ခဲ့ပါမူ ကျရောက်လာသည့် ဘေးဥပဒ် အန္တရာယ်ဟူသမျှသည် သူ့သဘော သူ့ဆောင်ပြီး ဖယ်ရှောင်ကင်းကွာသွားကြစမြဲသာတည်း။

'သိကြားတည်လစ်၊ ပြည်ဝင်ဖြစ်လည်း၊ မစစ်မဆေး၊ မူအရေး၌၊ မလေးမနာ၊ သူမြတ်စွာနှင့်၊ ရတနာသုံးပါး၊ ဥစ္စာများကို၊ သုံးစားသိမ်းယူ၊ လုယက်မူဖြင့်၊ ပြည်သူ့မင်းတို့၊ ချွတ်ယွင်းမှောက်မှား၊ ဖောက်ပြားတုန်လျက်၊ တရားပျက်သော်၊ ဆက်ဆက်ထိုပြည်၊ ပျက်အံ့သည်တည်း၊ မစည်မကား၊ မထွန်းကားဘူး။'

ဝတ္ထိထိပ်ဖျားမှ တန်ခိုးရှင် သိကြားမင်းကြီး တည်ဆောက်ထားသော ဘုန်းကြီး၊ ကံကြီး၊ ဉာဏ်ကြီးသည့် တိုင်းပြည်မဟာကြီးပင် ဖြစ်စေဦး 'တိုင်းပြည်ပျက်ကြောင်း လေးပါး' ဖြင့် 'မတရားသဖြင့်' အာဏာရှင်ဆန်ဆန် အကျင့်တန်ခဲ့သော် ထိုတိုင်းပြည်နိုင်ငံသည် ကိုးနှင့်ဖုတ်ဖုတ် ခြောက်ပဝ်တိတ်ဆိတ်လျက် မစည်မကား မထွန်းကားချေဟူ၍ မန်လည်ဆရာတော်က မယဒေဝတွင် ထပ်ဆင့် မိန့်ဆိုခဲ့သည်မှာ အထဲက်ပါ အကြောင်းတရားတို့ကို ခြုံငုံပြဆိုတော်မူဘိသကဲ့သို့ ရှိပါချေသည်။

www.burmeseclassic.com

www.burmeseclassic.com

'တိုင်းပြည်ပျက်ကြောင်း လေးပါး' ဆိုသည်မှာ-

၁။ အမှုကိစ္စတို့ကို မစစ်မဆေး မမေးမမြန်းဘဲ စီရင်ခြင်း။

၂။ ဝုဏ်သိက္ခာအားဖြင့်၊ အသက်အရွယ်အားဖြင့် လေးစားထိုက်သူတို့၌ လေးစားမှု ကင်းမဲ့ခြင်း။

၃။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့နှင့် စပ်လျဉ်းသော ပစ္စည်းဥစ္စာတို့ကို သိမ်းယူသုံးစားခြင်း။

၄။ ပြည်သူနှင့် အစိုးရမင်းတို့ ကိုယ်ကျင့်တရား ပျက်စီးခြင်း။

ထိုလေးပါးသည် တိုင်းပြည်ပျက်ကြောင်း တရားတို့ ဖြစ်သည်။

နံပါတ်တစ် အချက်နှင့် ပတ်သက်၍ ပြောရလျှင် ပြောမဆုံးပေါင် တောသုံးထောင်၊ 'The Book of THE THOUSAND NIGHTS and ONE NIGHT' (တစ်ထောင့်တစ်ည) ဇာတ်လမ်းတွဲများပင် လိုက်၍မီမည် မဟုတ်ပေ။ မြန်မာပြည်တွင် ထိုသို့ မစစ်ဆေး မမေးမြန်း အကြမ်းအရမ်း ပြစ်ဒဏ်ပေး စီရင်ခဲ့ခဲ့ရသော 'လူအဖိုးတန်' ပုဂ္ဂိုလ်ကြီးများ အမြောက်အမြား ရှိနေသည်ကို ဝမ်းနည်းကြေကွဲဖွယ် တွေ့မြင်ရမည် ဖြစ်ပါသည်။ ထိပ်တန်း နိုင်ငံရေးသုခမိန်ကြီးများ၊ ထိပ်တန်း စစ်ဘက် နယ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်ကြီးများ၊ ထိပ်တန်း စာရေးဆရာ၊ ကဗျာဆရာ၊ အနုပညာရှင်များ၊ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်ကြီးများ ပြော၍ ဆုံးနိုင်မည်မဟုတ်ခေ့။ ရှုံးခြင်းကြီး ရှုံးလေစွ ဟူ၍သာ ဤနေရာ၌ နှုတ်ခမ်းသတ်ခဲ့ပါရစေ။

နံပါတ်နှစ် အချက်နှင့် ပတ်သက်၍ ပြောရမည်ဆိုပါလျှင် စဉ်းစားမိရုံမျှနှင့်ပင် အသည်းရော နှလုံးပါ နာကျင်လှပါသည်။ အသည်းနာနာနှင့် ပြောရမည်ဆိုလျှင် ထိပ်တန်း ပုဂ္ဂိုလ်ကြီးတစ်ဦး တည်ထောင်သော မဂ္ဂဇင်းတိုက်ကြီး တစ်တိုက်တွင် စာတည်းချုပ်ဆိုသူက အသက်ခပ်ငယ်ငယ်၊ ထိပ်တန်းပုဂ္ဂိုလ်ကြီးနှင့် မတင်းရာ မကင်းကြောင်း ဖြစ်ပုံရပါသည်။ ဧကန်ပါတော့၊ မထားနိုင်သည်မှာ 'စာပြင်ဆရာကြီး' များ ဖြစ်သည်။ ထိုမဂ္ဂဇင်းတိုက်တွင် စာပြင်ဆရာကြီးများကို ခန့်ထားရာ အသက် ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ် ပုဂ္ဂိုလ်ကြီးများလည်း ပါဝင်သည်။

စာပြင်ဆရာကြီးတို့သည် အသက်အရွယ်အရ ပရိတ်တော်၊ ဂါထာတော်တို့ကို တစ်ခါတုန်ရဲ့ ရွတ်ဖတ်သရဇ္ဈာယ် လေ့ရှိသည်။ အလုပ်အားလပ်သွားသည့်အခါ၊ စိတ်အပန်းဖြေသည့်အခါ စသည့် အချိန်၌ ရွတ်ဖတ်ကြခြင်း ဖြစ်သည်။ နောက်တစ်ချက်မှာ အပြင်ထွက် လက်ဖက်ရည်ဆိုင် ထိုင်တတ်သောအလေ့ မရှိသောကြောင့် (လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည် သောက်ရလောက်အောင် အပိုငွေ မရှိသောကြောင့်လည်း ဖြစ်နိုင်သည်) ရေနွေးကြမ်းအိုးတည်၍ ဆာလောင်မွတ်သိပ်မှုကို ဖြေဖျောက်ရာအဖြစ် ရေနွေးကြမ်း သောက်လေ့ရှိပါသည်။

တိုတိုပြောကြပါစို့၊ ထိုစာပြင်ဆရာကြီးများကို တူအရွယ်၊ သားအရွယ်လောက်ရှိသည့် စာတည်းချုပ်ကြီးက စကားပြောသည့်အခါ ခင်ဗျားမှုံးသုံး၊ ကျုပ်လုံးတွေ သုံးပြီး ပြောဆိုဆက်ဆံသည်။ ဤကြားထဲ တစ်ခါတစ်ရံ ရူးသလို ပေါသလို အချိုးမို့ဖြင့် 'မင်းလုံး'၊ 'ငါလုံး' တွေပါ ညှပ်ပြော တတ်ပါသေးတဲ့။ ဩော်- သူက စာတည်းချုပ်ကြီးကိုး။

တကယ်တော့ ဘဝပေးကုသိုလ်ကံအရ (ဒီလိုပဲ ထင်ကျေးခြိုသာ ပြောလိုက်ရသော်လည်း ထိမ်ချန်လွန်းရာ ကျနေမည်လား တွေးမိသည်၊ သစ္စာတော့မထိုက်၊ မယုတ်မလွန် ပြောရသော် 'နှမယေး ထုသိုလ်က်' ဟု ဆိုရမည်။ ခေတ်ကြီးတိုက် 'နှမယေး တုသိုလ်က်'၊ 'အစ်မယေး တုသိုလ်က်' တွေကများလှသကိုး) 'ချုပ်'မည်သာ ချုပ်နေသည်၊ ယပင့် (၂)နှင့် ချုပ်ရသလား၊ ရရစ် (ြ)နှင့် 'ခြုပ်'ရမလားပင် မသိရှာသူ၊ ရှိစေတော့။

အဲ- အလွန်ဆိုးသည်မှာ သူမဂ္ဂဇင်းတိုက်တွင် ပရိတ်တွေ၊ ဂါထာတွေ မရွတ်မဖတ်ရဘူးတဲ့။ ရွတ်ချင်ရင် ဘုန်းကြီးကျောင်း သွားကြတဲ့၊ ဘုရားရင်ပြင် သွားကြတဲ့။ ပုဇ္ဈော် ဘုရားကယ်တော်မူပါ။ နောက်ပြီးတော့ ရေနွေးကြမ်းလည်း မသောက်ရဘူးတဲ့၊ ကြိုက်တတ်ရင် အိမ်မှာ အဝသောက်ခဲ့ကြတဲ့။ ဟိုက်- ရှာလပတ်ရည်။

ထိုဖြစ်ရပ်တွင် ပါဝင်ဆင်နွှဲခဲ့ရသော စာပြင်ဆရာကြီး တချို့မှာမူ ယခုအခါ သက်ရှိထင်ရှား ရှိနိုင်တော့မည် မဟုတ်၊ ထိုစဉ်အခါက အသက် ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်နီးပါး ဆရာကြီးများသည် ယခု နှစ်ပေါင်း နှစ်ဆယ်ကျော်အခါ၌ ကံဇာတာ ကောင်းလွန်းသော်မှ အသက်တစ်ရာနားပင် ကပ်နေကြပေတော့မည်။ မြန်မာပြည်၏ ကျန်းမာရေး ဝန်ဆောင်မှုမှာ တယ်နိုင်ငံကမျှ လိုက်၍မမီနိုင်လောက်အောင် (စွေးနွှန်းကို ပြောတာဖြစ်မည်) ကောင်းပေရာ ထိုဆရာကြီးများ သက်ရှည် ကျန်းမာရေးအတွက် မျှော်လင့်နိုင်ပါသည်။

သို့သော် ထိုစဉ်အခါက အသက် သုံးဆယ်ကျော်၊ လေးဆယ်ကျော် စာပေလောကသားတို့မှာမူ ယခုအခါ အသက် ငါးဆယ်ကျော်၊ ခြောက်ဆယ်ကျော် ပျော်ချင်တိုင်း ပျော်နေနိုင်မည်မှာ သေချာလှသည်။ (ဟုတ်တယ်လေ၊ 'ဒီမိုကရေစီ ချက်ချင်းပေး' အော်ဟစ် တောင်းဆိုခဲ့တဲ့လူတွေ အခု ဒီမိုကရေစီ ရနေကြပြီဆိုတော့ ပျော်နေကြပေမပေါ့။ ဤကား စကားချပ်။)ထို ငါးဆယ်ကျော်၊ ခြောက်ဆယ်ကျော် ထဲမှ တချို့ပုဂ္ဂိုလ်တို့သည် ယခု တင်ပြခဲ့သော ဖြစ်ရပ်ကို ကောင်းကောင်းကြီး သိကြပေလိမ့်မည်။

ဝုဏ်သိက္ခာအားဖြင့်၊ အသက်အရွယ်အားဖြင့် လေးစား ထိုက်လှသော စာပြင်ဆရာကြီးများကို ထိုစဉ်သို့ ဘယ်တော်

www.burmeseclassic.com

www.burmeseclassic.com

သဟမ်းပြုခဲ့သော စာတည်းချုပ်ကြီးမှာ ယခုအခါ အာဖဂန်နစ္စတန်သို့ ရောက်နေရောမည် ထင်ပါသည်။ မြန်မာပြည် ဒီမိုကရေစီတိုင်းပြည်ကြီး၌ သူနာမည် မကြားရတော့လို့ ဖြစ်ပါသည်။

ထိုမဂ္ဂဇင်းကြီးသည် လောင်မီးကျသလို ပျောက်ကွယ်သွားသကဲ့သို့ တည်ထောင်သူ ပုဂ္ဂိုလ်ကြီးမှာလည်း နွေခေါင်ခေါင် မိုးကြိုးပစ်ခံရသလို အပစ်အခတ်များနှင့် ညှဉ်ပတ်သွားရရှာပါပြီ။ ရဟန်းတော်တို့ သုံးနှုန်းသော ဝိနည်းတော်လာ စကားရပ်နှင့် ပြောရလျှင် 'ထန်းလည်ဆစ်ကျိုး' ထွားရရှာပါသည်။

ဆိုခဲ့ပါသည်၊ 'စဉ်းစားမိခဲ့မှုနှင့်ပင် အသည်းရော နှလုံးပါ နာကျင်လှပါသည်' ဟု၊ အသည်းနှာနှာ ရင်နှာနာနှင့်ပင် ဤစာကို ရေးရလေသည်။ သူတစ်ဖက်သားအား ထိခိုက်စေလိုသော စေတနာမပါကြောင်း ဖော်ပြချက်များအရပင် လိပ်ပြာသန့်ပါသည်။ နှောင်းလူတို့ သတိ သံဝေဂ ဖြစ်ကြစေခြင်းငှာ အခွင့်ကြုံကြိုက် အကြောင်းဆိုက်တုန်း ရေးသားရခြင်းပါ။

'ဂုဏဝုဠ္ဌိ၊ ဝယဝုဠ္ဌိအားဖြင့် လေးစားထိုက်သူတို့၌ လေးစားမှု ကင်းမဲ့ခြင်း' နှင့် စပ်လျဉ်း၍ ကျွန်တော့်စိတ်ထဲ၌ ထိထိခိုက်ခိုက် နာနာကျင်ကျင် ခံစားရသော ဖြစ်ရပ်တစ်ခုကို ပြောပြချင်သေးသည်။

(ဂုဏဝုဠ္ဌိ ဆိုသည်မှာ အထက်တွင် ပြောခဲ့သော ဂုဏ်သိက္ခာအားဖြင့် လေးစားထိုက်သူ၊ ဝယဝုဠ္ဌိ ဆိုသည်မှာ အသက်အရွယ်အားဖြင့် လေးစားထိုက်သူကို ပြောခြင်းပင်။ အသံထွက်မှာ ဂုဏဝုတ်ဓိ၊ ဝယဝုတ်ဓိ ဖြစ်သည်။ တချို့ အသိအမှတ် အခက်အခဲ ဖြစ်မည်စိုး၍ ရှင်းပြရခြင်း ဖြစ်ပါသည်။)

ထိုပြောပြချင်သော ဖြစ်ရပ်မှာ ဆရာမောင်ခင်မင် (ခနဲဖြူ)၏ ကိုယ်တွေ့ဖြစ်ရပ် ဖြစ်ပါသည်။ ဆရာမောင်ခင်မင် (ခနဲဖြူ) ရေးသားပြုစုသော 'ခေတ်အမျိုးမျိုးမှာ (အတွေ့အကြုံစာစု)' စာအုပ်ကို 'ဆန်းစသော်တာ' စာပေမှ ၂၀၁၅ ခုနှစ် ဇူလိုင်တွင် ပထမအကြိမ် ထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်ထဲတွင် ဆရာမောင်ခင်မင်(ခနဲဖြူ) ကိုယ်တိုင် ကြုံတွေ့ဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံများကို ခေါင်းစဉ် (၂၃)ခုဖြင့် စာစုပေါင်း (၂၃)ပုဒ် စုစည်းတင်ပြထားရာ အလွန်အဖိုးတန်သော ဘဝအတွေ့အကြုံ အသိအမြင်များကို ရရှိပါသည်။ အထူးသဖြင့် လူငယ်၊ လူရွယ်များအတွက် မတွေ့ကြုံ မသိမြင်ခဲ့သော ဘဝအတွေ့အကြုံများ ဖြစ်ပေရာ လူငယ်၊ လူရွယ်များအတွက် တန်ဖိုးမဖြတ်နိုင်သော သမိုင်းဟူ၍ပင် ပြောရမည်။ လူကြီးများအတွက်လည်း ဖတ်ရှု ပြန်မှတ်မိနိုင်သော အတိတ်၏ လွမ်းမောဖွယ်၊ နာကျင်ဖွယ်၊ ခါးသီးဖွယ် ဖြစ်ရပ်များ ဖြစ်ပါသည်။

ထိုစာစုထဲတွင် 'ကျွန်တော် မေဒေးလုပ်အားပေး' အမည်ရှိ စာစုတစ်ပုဒ် ပါရှိသည်။ ဖတ်ကြည့်လျှင် ဤသို့တွေ့ရမည် ဖြစ်ပါသည်။-

'တော်လှန်ရေးကောင်စီ လက်ထက်တွင် အထူးအလေးအမြတ်ပြုသော နေ့ကြီး၊ ရက်ကြီး နှစ်ရက်မှာ တောင်သူလယ်သမားနေ့နှင့် အလုပ်သမားနေ့ ဖြစ်သည်။ လယ်သမားနှင့် အလုပ်သမားကို အခြေခံထားသော လမ်းစဉ်ပါတီ၏ မူဝါဒနှင့်အညီ ထိုနေ့ နှစ်နေ့ကို အလေးထား၍ အခမ်းအနားများ ကျင်းပသည်။ ယခင်က တောင်သူလယ်သမားနေ့မှာ ဇန်နဝါရီလ ၁ ရက်နေ့ ဖြစ်သော်လည်း တော်လှန်ရေးကောင်စီ ပေါ်ပေါက်ချိန်ကစ၍ တစ်မတော်က အာဏာသိမ်းသော မတ်လ ၂ ရက်နေ့ကို တောင်သူလယ်သမားနေ့အဖြစ် ပြောင်းလဲသတ်မှတ်သည်။ အလုပ်သမားနေ့ကတော့ ကမ္ဘာ့အလုပ်သမားနေ့ (မေဒေး)ဖြစ်သော မေလ ၁ ရက်နေ့ပင် ဖြစ်သည်။

၁၉၆၇ ခုနှစ်လောက်က ထင်ပါသည်။ ရန်ကုန်မှာ မေဒေးနှင့် ဆက်စပ်ကျင်းပသော အလုပ်သမားနှီးနှောဖလှယ်ပွဲကြီး တစ်ခုသို့ တက်ရောက်လာသော အနယ်နယ် အရပ်ရပ်က အလုပ်သမား ကိုယ်စားလှယ်တော်ကြီးများကို ရန်ကုန်တက္ကသိုလ် ပရိဝုဏ်ထဲရှိ အဆောင်များတွင် တည်းခိုရန် နေရာချထားပြီး ကျွေးမွေးဧည့်ခံသည်။ ဧည့်ခံသည့်အလုပ်ကို ကျွန်တော်တို့ တက္ကသိုလ် ဆရာ၊ ဆရာမများက လုပ်ပေးရသည်။ ထိုခေတ်က စကားနှင့် ဆိုရလျှင်တော့ ကျွန်တော်တို့က အလုပ်သမားကြီးတွေကို ကျွေးမွေးဧည့်ခံသည့် အလုပ်မှာ လုပ်အားပေးရသည် ဆိုပါတော့။

"ဒါ တို့ တက္ကသိုလ် ဆရာ၊ ဆရာမတွေကို ပညာတတ်တွေဆိုပြီး သက်သက်ချီးတာ" ဟူ၍ မကျေမနပ် ပြောသံများ ထွက်လာသည်။'

ထိုနေရာအရောက်တွင် ကျွန်တော် မျက်မှောင်ကြုတ်မိသွားပါသည်။ 'အင့်- ဟင် ဘယ်လိုကြီးပါလိမ့်' ဟူ၍လည်း အောင့်သက်သက် ဖြစ်သွားသည်။ ဆရာ မောင်ခင်မင် (ခနဲဖြူ) ၏ စာအရေအသားသဘော ရှင်းလင်းပြေပြစ်လှပေရာ အဓိပ္ပာယ်ကို နှစ်ခါထပ်၍ စဉ်းစားနေစရာ မလိုပါ။ အလုပ်သမား နှီးနှောဖလှယ်ပွဲကြီးသို့ တက်ရောက်လာသော အနယ်နယ် အရပ်ရပ်မှ အလုပ်သမား ကိုယ်စားလှယ်တော်ကြီးများကို တက္ကသိုလ် ဆရာ၊ ဆရာမများက ကျွေးမွေးဧည့်ခံရခြင်း ဖြစ်သည်။ ဆရာက 'ကျွေးမွေးဧည့်ခံ' ဟု ယဉ်ယဉ်ကျေးကျေး သုံးနှုန်းသွားသည်။ တည့်တည့်ပြောရလျှင် တက္ကသိုလ်ဆရာ၊ ဆရာမတို့ကို 'စားပွဲထိုး' လုပ်ခိုင်းခြင်း ဖြစ်ပါသည်။

လှမြင့်ဝန်းမင်း (နီဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ဩော်- လက်စသတ်တော့ အဲဒီကတည်းက 'ပညာရေး' ကို အစွဲယ်ချိုးခဲ့တာပါလားဟု ကျွန်တော် ကောက်ချက်ချမိလေသည်။ ဆက်ဖတ်သောအခါ-

'အသံထွက်စရာ အကြောင်းများကလည်း ရှိနေသည်။ ထိုကာလတွင် ပါတီယူနစ်လို၊ အလုပ်သမားကောင်စီလို၊ တောင်သူလယ်သမားကောင်စီလို အဖွဲ့အစည်းများ၏ အစည်းအဝေးများမှာ ပညာတတ်တွေကို ပုတ်ခတ်ပြောဆိုသော ဆွေးနွေးမှုမျိုးတွေ မကြာခဏ ကြားသည်။ 'ပညာတတ်ဉာဉ်'တို့၊ 'ဖောက်ပြန်တဲ့ ပညာတတ်လူတန်းစား' တို့ဆိုသော စကားတွေကို တက္ကသိုလ် ဆရာ၊ ဆရာမတွေ ရှေ့မှာထားပြီး ပြောင်ပြောင်တင်းတင်း လွန်လွန်ကဲကဲ ပြောဆိုမှုများ ရှိသည်။

အချို့ပုဂ္ဂိုလ်များမှာ အာပေါင်အာရင်းလည်း သန်သည်။ "ကျွန်တော်တို့က အခြေခံအလုပ်သမား လူတန်းစားထဲက တက်လာကြတာ" ဟူ၍လည်း ဝုန်းယူပြောတတ်သည်။

တစ်ခါမှာတော့ ပညာတတ်လူတန်းစားကို အမျိုးမျိုး ရွှတ်ချပြောဆိုသံတွေ အစည်းအဝေးတစ်ခုမှာ ညံနေသောအခါ တက္ကသိုလ်ပါမောက္ခကြီး တစ်ယောက်က "ကျွန်တော်တို့ကို ပညာတတ်တဲ့အတွက်တော့ အပြစ်မတင်သင့်ပါဘူးဗျာ" ဟု အေးအေးဆေးဆေး ထပြောပြီး အစည်းအဝေးခန်းထဲက ထွက်သွားသည်ကို တွေ့ဖူးပါသည်။'

ဤနေရာအရောက်တွင်တော့ ကျွန်တော် ့တော်တော် တုန်လှုပ်သွားပါသည်။ တော်တော်လည်း ကြောက်ရွံ့ထိတ်လန့်သွားပါသည်။

အဘယ်ကြောင့်ဆိုသော် ဆရာ့စာကို ဖတ်နေရင်း မြန်မာပြည် အနှံ့အပြားမှ သယ်ဇာတတွေကို အလကားမတ်တင်းစေးဖြင့် နိုင်ငံခြားသားတို့လက်ထဲ ထိုးထည့်နေရပုံတွေကို ဖျတ်ခနဲ ဝင်းခနဲ ရှင်းခနဲ မျက်စိထဲ ပြန်လည် မြင်ယောင်လာရသောကြောင့် ဖြစ်ပါသည်။

ဆိတ်သုဉ်းပြောင်တလင်းခါသွားသော မှိုင်းညို့ညို့ တောအုပ်ကြီးများ၊ လွင်ပြင်အတိ ဖြစ်သွားရသော တောင်ကြီးများ၊ နိုင်ငံခြားသားတို့လက်ထဲ ထိုးထည့်ထားသော ဆိပ်ကမ်းနယ်မြေများ၊ ရေနက်ဆိပ်ကမ်းများ၊ ငါး၊ ပုစွန် စသည့် ရေထွက်ပစ္စည်းများ ထောင်းလမောင်းထအောင် ရက်ရွက်စက်စက် အတူးအဆွခံနေရသော မြန်မာ့ရတနာမြေများ၊ ပြီးတော့... ပြီးတော့ ရင်ထုမနာ ရင်ကျိုးရရှာလေသော မြန်မာ့လူသားအရင်းအမြစ်များ။

ဟိုယခင်က ကမ္ဘာအနှံ့အပြား ရွှေပြောင်းနေထိုင်ရမည်ကို သေမလောက်ကြောက်သော မြန်မာ၊ 'မွေးငှာနို့' သီချင်းလေးကို မြတ်မြတ်နိုးနိုး ယုယုယယ ထွေးပိုက်မဝနိုင်သော မြန်မာ၊ ယခုတော့ ကမ္ဘာအနှံ့အပြား ခွေးလေးပျားဖြစ်နေကြပြီ။ သူတစ်ပါးနိုင်ငံမှာ ကြုံရာကျပန်း လုပ်သူက လုပ်၊ ကျွန်အပြုခံရသူက ကျွန်အပြုခံရ 'မြန်မာစစ်စစ်ရမည်' စာတန်းတွေ အချိတ်ခံရလိုခံရ၊ စုံတစ်ပါးကိုယ်လုပ်တော် အဖြစ် ရောင်းအစားခံရသူက ရောင်းအစားခံရ ပြောရတာ အသည်းက နာလှသည်။

ကိုယ့်ပြည်တွင်းမှာ ဧရာမ အဆောက်အအုံကြီးတွေ လာဆောက်ကြသည်။ လာဆောက်သူတွေက အင်ဂျင်နီယာ အစရှိသည့် ထိပ်ပိုင်းဝန်ထမ်းတွေကို သူတို့နိုင်ငံသားတွေ ခေါ်လာသည်။ ပညာရှင် နိုင်ငံခြားသားတွေက မြန်မာစကား မတတ်တော့ မြန်မာစကားပြန် လိုအပ်သည်။ သူတို့က အမျိုးသားစကားပြန်ကို အလိုမရှိ။ အမျိုးသမီး အိမ်ထောင်မရှိသူကိုသာ အလိုရှိသည်။ မြန်မာအမျိုးသားတွေက 'ဦးအောင်ဇေယျသွေး' ပါသူတွေဆိုတော့ သူတို့ လန့်သည်။

မြန်မာတွေကို အလုပ်ကြမ်းသမား နေရာတွင် သုံးသည်။ ဘွဲ့ရ အလုပ်လက်မဲ့တွေ အရိုးများသလေ။ ချေးခါးသလေး ငြင်းမနေနိုင်၊ လစာက ကောင်းကောင်းပေးသည်ကိုး။ အလုပ်ခိုင်းသည့်အခါ ခြေထောက်ဖြင့် ထိုးခိုင်းရာ မြန်မာ့သတ္တိက ဒါကိုတော့ လက်မခံ။ သူက ခြေထောက်ဖြင့် ထိုးခိုင်းတော့ ကိုယ်က လက်သီးဖြင့် ထိုးလေပြီ။ 'အဲဒါ မြန်မာကွ' ဟု ဩဘာပေးကြသော်လည်း နောက်အလုပ်တစ်ခု ရဖို့က မလွယ်။ ထိုးလိုက်မိတာ မှားပြီလား။

ကျွန်တော်တို့ မျက်စိအောက်က 'ဒုက္ခမြို့တော်' ဟု အမည်သမုတ်ခံရလောက်အောင် မြို့ပြအလှ၊ မြို့ပြသဘာဝတို့ ဆိတ်သုဉ်းသွားပြီဖြစ်သော မဟာရန်ကုန်မှာတဲ့ရော။ ယခင်က စက်မှု(၁)၊ စက်မှု(၂)၊ ဘာကော်ပိုရေးရှင်း၊ ညာကော်ပိုရေးရှင်း၊ ဘာကုန်သွယ်ရေး၊ ညာကုန်သွယ်ရေး စသည့် နေရာများမှာ ယနေ့ မည်သူတွေ ပိုင်သည့် မည်သည့် အဆောက်အအုံကြီးတွေ ဖြစ်နေကြပြီနည်း။

ထိုထို ဤဤ အလီလီသော အဆောက်အအုံကြီးတွေ ဆောက်လိုက်ကြသည်မှာ မြေပြိုခမန်းပင်။ ဟုတ်သည်၊ မြေပြိုခမန်း၊ တချို့ အဆောက်အအုံတွေ လူတက်နေ၍ ဘာမှ မကြာသေး အလုံးလိုက် မြေမျိုတုန်သည်။ တိုက်အလုံးလိုက် မြေကွဲကျသွားခြင်းကို ပြောတာပါ။ တချို့ အဆောက်အအုံကြီးတွေ တည်ဆောက်နေဆဲမှာပင် တဝုန်းဝုန်း ပြိုကျကုန်သည်။ မျိုမှာပေါ့၊ ပြိုမှာပေါ့၊ ဘီလပ်မြေကအစ၊ သံချောင်းက အလယ်၊ သဲက အဆုံး အားလုံးလိုလို ခြစားနေသလား၊ လုပ်သားတွေက ပေါချောင်ကောင်းတွေလား။

ဆောက်လိုက်ကြ၊ လုပ်လိုက်ကြသည်မှာ မြေပြိုခမန်း။ မြေပြိုပြိုဆိုမှတော့ မိုးကလည်း ပြိုချေပြီ။ မြန်မာပြည်တွင် နှစ်ပေါင်းထောင်နှင့်ချီ၍ မဖြစ်ပေါ်ဖူးသော မုန်တိုင်းများ၊

www.burmeseclassic.com

www.burmeseclassic.com

မိုးရွာသွန်းမှုများ၊ မြစ်ရေကြီးမှုများသည် မိုးပြိုခြင်းပင် ဖြစ်လေသည်။

'မသုံးဓမ္မ၊ ပျက်ယွင်းကြသော် . . . လူနှင့်စပ်ရာ၊ နတ်ထိမှာလည်း၊ မသစနှလုံး၊ မရွှင်ပြုံးဘဲ၊ မသုံးဓမ္မ၊ ပျက်ယွင်းကြ၏' ဟူ၍ စောဂုဒ္ဓါဘုရား ဟောထုတ်မှာကြားခဲ့ပြီး ဖြစ်ပါသည်။ လူတို့သည် တရားကို အသုံးမပြု၊ အသုံးမပြုရုံသာ မဟုတ်၊ ပျက်လည်း ပျက်ယွင်းကြသေးသည် ဆိုပါမူ လူတို့နှင့်သက်ဆိုင် စပ်လျဉ်းရာ နတ်ဒေဝတာတို့သည်လည်း တရားမစောင့်အယူမဖြောင့်ကြတော့ပါ။ ရှင်းရှင်းပြောရသော် တရားကင်းမဲ့သော လူသား (မြန်မာမှမဟုတ် လူမျိုးတစ်ရာ့တစ်ပါး)ကို နတ်ဒေဝတာတို့ မစောင့်ရှောက်ဟူလို၊ တိုက်လိုက်စမ်း မုန်တိုင်း၊ လှုပ်လိုက်စမ်း လေျင်၊ ထလေရော့ နာဂစ်၊ သွားပေရော့ ဆူနာမီ စသည် စသည်။ ယခုပင် ကြည့်လော့၊ ရှုလော့။

မြေလည်းပြို၊ မိုးလည်းပြို၊ ပြိုချင်တိုင်းပြိုလို့မှ အားမရသေး နာမည်ကျော်၊ ကမ္ဘာကျော် နာဂစ်မုန်တိုင်း ဝင်ဖြိုလိုက်ရာ ပစ္စည်းဥစ္စာ ဆန်ရေစပါး စားနပ်ရိက္ခာ ကုဋေပေါင်းများစွာ ဆုံးရှုံးရုံသာမက လူပေါင်းတစ်သိန်းကျော် သေကျေပျက်စီးရပြန်သည်။ မိုးပြိုသောည၊ မြေပြိုသောည၊ ဘဝတွေ ပြိုလဲရသောည။

ထိုသို့ အပြိုပြို အလဲလဲ အနိဋ္ဌာရုံတွေ တသဲသဲကြားမှပင် ဖွဲ့စည်းအုပ်ချုပ်ပုံ 'အခြေခံဥပဒေကြီးကို ထောက်ခံမဲကိုးဆယ် ရာခိုင်နှုန်းကျော်ဖြင့် အောင်မြင်စွာ အတည်ပြုလိုက်နိုင်ပုံကိုတော့ ကမ္ဘာကပင် ရင်သပ်ရှုမော အံ့သြကြရလေသည်။ မြန်မာတို့ကတော့ နာဂစ်နဲ့အပြိုင် နပန်းလုံးနေရလို့ တာမှ မပြောနိုင်ကြ၊ အံတကြိတ်ကြိတ် တောက်တခေါက်ခေါက်၊ မျက်လုံးလေး ပေကလတ် ပေကလတ် လုပ်နေကြရုံမှ တစ်ပါး အခြားမရှိပြီ။ ကောင်းလေစွ၊ ကောင်းလေစွ၊ စိတ်ပျက်စရာတို့ ပြောတာပါ။

မြစ်ထဲ၊ ချောင်းထဲ၊ ရေပင်လယ်ထဲမှာ အလောင်းတွေက မြင်မကောင်း ရှုမကောင်း။ ရေကိုပင် လက်နှင့်ထိချင်စရာ မရှိ။ အမြင်မတော်သော အဖွဲ့အစည်းများက ရှင်းလင်းချင်သည်မှာ လက်ယားနေသည်။ အခွင့်မရှိ မကိုင်ရ ဆို့တော့ မည်သူမျှ အနားမကပ်ရဲ။ တော်ကြာ တရားခံဖြစ်နေမည်။ ထိုစဉ် ဟယ်လီကော်ပတာကြီး စီးတော်မူပြီး ဝေဟင်မှ ရေပြင်သို့ ရှုစားတော်မူကာ မိန့်မြွက်တော်မူလိုက်သော အင်မတန်မှတ်သားထိုက်သည့် စကားတစ်ခွန်းကြောင့် ရွှစိ ရွှစိ ပွစိ ပွစိ ဖြစ်နေသူတွေ အကုန်ငြိမ်၊ အကုန်ပိတ်၊ အကုန်တိတ်ကုန်သည်။

'ဟ- ဒီအလောင်းတွေကို ငါတို့က ရှင်းစရာမလိုဘူး၊ ငါးပူတင်းတွေ စားလိုက်ရင် ရှင်းသွားမှာပေါ့၊ လောက်တောင် လောက်မှာ မဟုတ်ဘူး' ဟူသတတ်။ ဘိုလိုပုဂ္ဂိုလ်ကြီးပါလိမ့်။ အကုန်လုံး မျက်လုံးလေးစဲတွေ ပေကလတ် ပေကလတ်ဖြင့် ရှိသမျှအပေါက် အကုန်ပိတ်ကုန်သည်။ ပွဲထဲက ဝန်ကြီးစကား ဖြင့် ပြောရလျှင် 'ဘိတ်စေ စမြောင်' ပေါ့။

မှတ်မိနေသေးသည်။ မဲရုံမှာ မဲသွားထည့်တော့ လဲပြီနေတဲ့ သစ်ပင်တွေ၊ အပျက်အစီးတွေကို ကျော်ခွ၊ ရှုံ့တွေ့တွက်တွေကိုနင်းကျော်။ 'လယ်ကွင်းကိုဖြတ် ရိုးပြတ်ကိုကျော်' အ-သုံးလုံး လုပ်အားပေး သီချင်းလေးကို ခပ်ညည်းညည်းလုပ်ရင်း ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား မသိန်းကြည်ဖြစ်မိရသေးသည်။

ဖွဲ့စည်းပုံကြီးက သဘောကျစရာ အင်မတန်ကောင်းသည့် ဖြစ်သောကြောင့် အတားအဆီး အဟန့်အတားတွေကြားမှ အားကြိုးမာန်တက် ချီတက်ပြီး မဲသွားထည့်ကြရသည်လေ။ ထောက်ခံမဲလား၊ ကန့်ကွက်မဲလား၊ ကိုယ့်ကိုယ် ကိုယ်သာ အသိဆုံး ဖြစ်ကြပေလိမ့်မည်။ မိမိသည် ကိုးဆယ်ကျော်ထဲမှာလား၊ ကိုးကျော်ကျော်ထဲမှာလား၊ မဲစာရင်း ထွက်လာတော့ အားလုံး တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်၍ပင် မပြုံးနိုင်ကြ။ ဟား ဟား. . . ဟား ဟားနှဲ့ တဝါးဝါး ဖြစ်နေကြသောကြောင့် ဖြစ်ပါသည်။

အောင်နိုင်သူတို့သည်ကား နှုတ်ခမ်းမွေး သပ်ကုန်ကြပြီ။ နာဂစ်ဖွဲ့စည်းပုံကြီး ကိုင်ပြီး ထင်ရာစိုင်း၍ ရပြီကိုး။ (ဟုတ်ပါသည်၊ တချို့က 'ဥဝဇ ဖွဲ့စည်းပုံ' မှာ ပြောကြသော်လည်း ကျွန်တော်တို့ ရွာငယ်ဇနပုဒ် မီးက်လေးမှိတ်တုတ် ရွာက လူတွေကမူ 'နာဂစ်ဖွဲ့စည်းပုံ' ဟု အမှတ်သညာ ပြုထားကြသည်။ ကလေးမွေးထာကိုပင် ခုနှစ် သက္ကရာဇ် မမှတ်တတ်၍ 'ရေဒီးကြီးကွဲတဲ့ ညကလေ' ဟု မှတ်တတ်ကြသူတွေက နာဂစ်တွင် မဲပေးခဲ့ရသော ဖွဲ့စည်းပုံကို 'နာဂစ်ဖွဲ့စည်းပုံ' ဟု မှတ်သားထားကြသည်မှာ အပြစ်တော့ မဆိုသာ။)

ထင်ရာစိုင်းလိုက်ကြသည်မှာလည်း ဆီးသီးသည် မဟိုင်းတွေ အကုန်လန်ကုန်သည်။ အဲလေ- ဆီးသီးဗန်းတွေ တစ်ဗန်းပြီး တစ်ဗန်း မှောက်ကုန်သည်။ (အင်း- လန်တာနဲ့ မှောက်တာနဲ့ ဆိပ်တော့ မကွာပါ။ ဟောင်းလောင်း ဒူးယူဒူး ဖြစ်တာချင်းက အတူတူ။) ဆီးသီးတွေ ကောက်လိုက်ကြသည်မှာ အလုအယက်။ တိုင်းပြည်အတွက်၊ ပြည်သူအတွက်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာအတွက် အဲဒီလို အလုအယက် တာဝန်ထမ်းဆောင်ကြမည် ဆိုပါသော် အဟောဓတကောင်းလေစွ။

(ဆက်ပါဦးမည်)

ရိုသေစွာ ဦးညွတ်လျက်-

ထွန်းလင်းသူ

❑

www.burmeseclassic.com

www.burmeseclassic.com

ဒီမှတ်ပုံယ်ရာ ဆေးပညာ

ကျောက်တပ်ဒဏ်ရာများ လွယ်သလားမမေးနဲ့

ရောမြေ ခိုင်ခန့်ကျော်

တစ်ခါတစ်ခါ ဝေဒနာဟာ အသည်ပြာတွေ ပုံအောပေမယ့် လွယ်လင့်တကူ မပျောက်ဘဲ ငွေကုန်သံပြာနယ်ထဲမှာ ဝဲလည်နေတတ်ကြပါတယ်။ ဒါဟာ အနာရှိလျက် ဆေးရှာခက်ခြင်းကြောင့် ပဲဖြစ်ပါတယ်။

မြန်မာ့ဆေးနည်း အံ့ဩဖွယ်အသွယ်သွယ် ရှိနေပါလျက် ငွေနဲ့ဆက်မှ အသက်ရှင်မယ် အထင်ရောက်၊ ပါရဂူဆိုသူကို ဒူးထောက်ရမှ ကျေနပ်ကြလေ့ရှိပြီး မြန်မာ့နည်းကို အထင်သေး၊ အန္တရာယ်ဆေးလို့ အမြင်ရောက်ပြီး ကွယ်ပျောက်ခဲ့ရတဲ့ အဖြစ်ဟာ တကယ့်ကို ဝမ်းနည်းစရာလို့ ဆိုရပါလိမ့်မယ်။

လူမျိုးတိုင်းမှာ သူ့ရိုးရာ၊ သူ့ဓလေ့၊ သူ့စကား၊ သူ့ဆေးဆိုတာ ခေတ်အဆက်ဆက်မှာ ပေါ်ထွက်ခဲ့တာမျိုးရယ်ပါ။ မြန်မာဆိုတာ မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့ဓလေ့၊ မြန်မာ့စရိုက်၊ မြန်မာ့ရေမြေသဘာဝနဲ့ ကိုက်တဲ့ဆေး တကယ့်အစစ်အမှန်ဟာ မြန်မာ့ဆေးရယ်ပါ။

မြန်မာ့နည်းဟာ လွယ်ပါတယ်။ မြန်မာဆေးဆရာတွေဟာ စေတနာပါတယ်။ ဒီတော့ နွယ်မြက်သစ်ပင် ဆေးအသွင်နဲ့ ကုသ၊ ခြေကြွေခတောင် မယူကြတဲ့ မြန်မာပညာဟာ အထင်သေးစရာလား။ အထင်သေးသူတွေ များလာသမျှ နွယ်မြက်သစ်ပင် ဆေးအသွင်တာ အမြင်ကွယ်မှောက်၊ အစွမ်းပျောက်ခဲ့ရပါပြီ။ ကွယ်ပျောက်နေတဲ့ မြန်မာ့ဆေး တစ်ခွက်ကို ရေးပြချင်ပါတယ်။

အဖြစ်က မနှစ်ကလို့ ဆိုရမှာပါ။ ကျွန်တော်တို့အိမ်အနားမှာ ကျောက်ကပ်ဝေဒနာခံစားရင်း နေ့လား၊ ညလား ရယ်လို့တောင် ထင်ထားရတဲ့သူ တစ်ဦး ရှိခဲ့ဖူးပါတယ်။ တစ်ကိုယ်လုံး ဖောရောင်လို့ အကြောတောင် မမြင်ရတော့တဲ့ အဖြစ်၊ ရေတိမ်မှာ နစ်ရတော့မယ့်အခြေ။

ဤအခြေအနေမှာပဲ ကယ်မယ်သူတစ်ဦး ပေါ်ပေါက်လို့လာခဲ့ပါတယ်။ ဒီပုဂ္ဂိုလ်ဟာ သာမန်မျက်လုံးနဲ့ ကြည့်ရင် အထင်ကြီးစရာပင်မရှိ (ကျွန်တော့်အမြင်ကတော့ ရွှေထုပ်တဲ့မြပဝါပေါ့)၊ ဥပဓိရုပ်က မခန့်၊ အဝတ်အစားက မသန့်၊ တစ်နေကုန် ခြေဆန့်ပို့ရင်း စီးပွားရှာရတဲ့ လူတစ်ယောက်၊ ဒီလိုလူက အမောဖောက်နေတဲ့သူကို ဆေးနည်းပေးလို့ တိုက်ကျွေးပါရစေ ခွင့်တောင်းနေတော့ ရယ်စရာပေါ့။ ဒါပေမဲ့ မီးစာကုန်ခန်း၊ နောက်ဆုံးလမ်းအတွက် မြက်တစ်ပင်နဲ့ အသက်ရှင်မလားလို့ ခွင့်ပြုလိုက်ကြတယ်။

ဒီလိုနဲ့ သူလုပ်ပုံက လွယ်မှလွယ်၊ ပြေးဟယ် လွှားတယ်မရှိ၊ ပကတိ တည်ငြိမ်စွာနဲ့ အိမ်ရှေ့မှာ ပေါက်နေတဲ့ ပိန်းရွိုင်း (မှတ်ချက်- ပိန်းရွိုင်းပင်မှာ ရိုးတံအစိမ်းနဲ့ ရိုးတံအနက်ဟူ၍ နှစ်မျိုးရှိရာ ဆေးအတွက် ရိုးတံအနက်ကို သုံးပါသည်။) သုံးပင်ကို ပဉ္စင်းပါး ပါအောင်နုတ်၊ ရေနဲ့ သုံးခွက် တစ်ခွက်တင် ပြုတ်ပြီး လိုသလောက်ကို ဝေဒနာရှင်ကိုပေး၊ ဒီလိုနဲ့ တိုက်ကျွေးလိုက်တာ ညဘက်မှာ ဆီးတွေသွား၊ ခံစားရသမျှ အဖောတွေပျောက်၊ အံ့သြစရာ ကောင်းလောက်အောင် တွေ့မြင်လိုက်ရပါတယ်။

ဒီလိုနဲ့ တစ်လခန့် သောက်အပြီးမှာတော့ မြန်မာဆေးကို အထင်သေးတဲ့ မြန်မာလေးတစ်ယောက်၊ မြန်မာ့ဆေးသောက်ရင်း အသက်ရှင်ခဲ့ရပါတယ်။

ဒါကြောင့် ကျွန်တော် ခေါင်းစဉ်မှာ ရေးခဲ့တာပေါ့။ "ကျောက်ကပ်အဖောများ၊ လွယ်သလားမမေးနဲ့" လို့လေ၊ လက်တွေ့ လုပ်ကြည့်ကြပါလို့သာ အကြောင်းကြားလိုက်ရပါတော့တယ်။

ရောမြေ ခိုင်ခန့်ကျော်

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ဖွယ်ရာ ဆေးပညာ

တီဘီမှန်လျှင် စိန်ခေါ်ချင်သည်

မင်းသွေး (ထမင်းစေး)

သစ်ကလေးပင်သည် ကျွန်တော်တို့ အရပ်ဒေသတွင် နေရာမရွေးဆိုသလို ဖွတ်နိုင်သော အလေ့ကျအပင် တစ်မျိုးဖြစ်သည်။ ထို့ကြောင့်လည်း ဤအပင်ကို လူတိုင်းက တန်ဖိုးမထားတတ်ကြ၊ အမှိုက်ရှုပ်သော အပင်ဟုသာ ထင်မြင်ယူဆလျက် မိမိခြံဝိုင်းအတွင်း ပေါက်လာပါက ခုတ်ထွင် ရှင်းလင်းပစ်သည်သာ များကြလေသည်။

အရွက်သည် ဂရုတ်ရွက်သဏ္ဌာန်ရှိ၍ အသီးသည်လည်း ဂရုတ်သီးသဏ္ဌာန်ပင်ဖြစ်သည်။ ထို့ကြောင့် စာရေးသူတို့ ငယ်စဉ်က ၎င်းအသီးကို ဂရုတ်သီးစိမ်းလုပ်၍ စေ့ရောင်းတမ်း ဂုစားရာတွင် ထည့်သွင်း အသုံးပြုခဲ့သည်။ ထို့ထက်ပို၍ အသုံးမချတတ်ခဲ့။

ဤသို့သော အသုံးမဝင်သည့် အပင်တစ်ပင်သည် အသုံးချတတ်သူတို့လက်တွင် ဆေးတစ်ပင်အဖြစ် အသုံးဝင်ခဲ့သည်။ အဖြစ်က ဤသို့တည်း။

စာရေးသူ ဇနီး၏ ဦးလေးတော်စပ်သူ ဦးမျိုးမြင့်သည် ရင်ကျပ်ရောဂါအခံရှိရာမှ နောက်ဆုံး တီဘီအသွင်သို့ ကူးပြောင်းခံစားလာခဲ့ရပြီး ဆေးမတွေ့သည့် ဘဝဖြင့် အသုံးသတ်ရမည့် အခြေအနေသို့ ဆိုက်ရောက်လာလေသည်။

ဤသို့ ဖြစ်နေ၍ တစ်နေ့ မမျှော်လင့်ဘဲ ၎င်းနှင့် ခင်မင်ရာ မိတ်ဆွေတစ်ဦးမှ ဆေးနည်းပေးလာသဖြင့် ဟုတ်လေနိုးနိုး အရဲကိုး သောက်သုံးကြည့်ရာမှ မမျှော်လင့်ဘဲ ယနေ့တိုင်အထိ အသက်ရှင်နေနိုင်ခဲ့သည့် အဖြစ်ပင်တည်း။

သူသောက်ရသော ဆေးနည်းသည်ကား အလွန်လွယ်လွန်းလှ၏။ လက်တွေ့မကြုံလျှင် မယုံချင်စရာဟု ဆိုရပေမည်။ သို့သော် လက်တွေ့တွင်မူတော့ သူ အသက်ရှင်ခဲ့သည်။

သူ၏ အသက်သခင်သည် သစ်ကလေးပင်ဟုပင် ဆိုရပေမည်။ ထို့ကြောင့်လည်း သူသည် ယနေ့တိုင် လက်ကိုင်ထား၍ သောက်သုံးနေဆဲ ဖြစ်သည်။

သောက်သုံးပုံကား ဤသို့တည်း။

သစ်ကလေးပင်အား သောက်သုံးမည့်သူသည် မိမိသောက်သုံးရန် ဆေးတစ်ခွက်စာ အနေတော် ပဉ္စငါးပါး ပါအောင်နုတ်၍ ရေဖြင့် စင်စင်ဆေးကာ သုံးခွက်တင်ကို လျက် နေ့စဉ်မပျက် သုံးကြိမ်ဆက်မနည်း သောက်သုံးပေးသွားရမှာ ဖြစ်ပါသည်။

သောက်သုံးစဉ်ကာလ ထူးခြားသည့် လက္ခဏာပြ၍ လာပေလိမ့်မည်။ ဤသို့ ထူးခြားလာသည်နှင့်အမျှ ရောဂါကျ၍ အကင်းသေပျောက်သည့် ကာလအထိ နေ့စဉ် သောက်သုံးပေးသွားရမှာ ဖြစ်သည်။

ဤသို့ သောက်သုံးပေးခြင်းအားဖြင့် တီဘီကင်းဝေးအသက်ရှင်ဆေးဖြစ်ကြောင်း ရဲရဲကြီး အာမခံပေးဝံ့ပါသည်ဟု ဦးမျိုးမြင့်ကတော့ ဂုဏ်ယူဝင့်ကြွားစွာ သွေးခွဲမိုးအား ကြော်ငြာလျက်ရှိပါကြောင်း စေတနာကောင်းဖြင့် တင်ပြပေးလိုက်ရပါတော့သည်။

မင်းသွေး (ထမင်းစေး)

❑

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ဖွယ်ရာ ဆေးပညာ

အစွမ်းထက်လှသော ကြိတ်မှန်ပင်

တင့်ထူး (ဇေယျဝတီ)

နွယ်မြက်သစ်ပင် ဆေးဖက်ဝင် ဆိုစကားအတိုင်း တွန့်နုပ်တို့ ပတ်ဝန်းကျင်ရှိ မြေဖေါ်တွင် ပေါက်ရောက်နေကြသော မြက်ပင်၊ ပိန်းပင်၊ ပေါင်းပင်များကြားတွင် ဆေးဖက်ဝင်သော ခွေးသေးပန်းပင်၊ ပီစပ်ပင်၊ ကြိတ်မှန်ပင်၊ ထိကရုံးပင်၊ ဟင်းနုနယ်ပင် စသည်ဖြင့် အပင်များကို တွေ့မြင်ကြရမည်ပင် ဖြစ်သည်။

ထိုအပင်များထဲတွင် အလေ့ကျ ပေါက်ရောက်သော ကြိတ်မှန်ပင်ကို တွေ့ကြမည်ပင်။ လူတို့က ကြိတ်မှန်ရွက်ရည်ကို မီးလောင်နာ၊ အာရွက်တို့တို့ လိမ်းပေးလျှင် အနာပျောက်၍ အာရွက်ပါပျောက်သည်။ အဆိုးသီးများ မီးယပ်ရောဝါအတွက် ပြုတ်၍ တိုက်ကျွေးရန် ရွာဘွဲ့ဆရာ အသုံးပြုကြလေသည်။

သို့သော် ကြိတ်မှန်ပင်၏ အာနိသင်မှာ ထိုမျှသာမကဘဲ အခြားရောဂါဝေဒနာများကိုလည်း ပျောက်ကင်းနိုင်ကြောင်းကိုမူ လူတိုင်း ပြီးပြည့်စုံအောင် သိနိုင်ကြမည် မဟုတ်သောကြောင့် ဆေးဖက်ဝင်သော ကြိတ်မှန်ပင် အကြောင်းကို တင်ပြပေးလိုပါသည်။

ကြိတ်မှန်ပင်၏ မျိုးရင်းသည် နေကြာမျိုးရင်းဝင် ဖြစ်သည်။ ကြိတ်မှန်ပင်၏ ရုက္ခဗေဒအမည်မှာ (Eclip'a abba hassk) ဖြစ်သည်။ မြန်မာ အခေါ် အဝေါ်အားဖြင့် ကြိတ်မှန်ပင်ဟု ခေါ်တွင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ဖွယ်ရာ ဆေးပညာ

ကြိတ်မှန်ပင်၏ ပုံသဏ္ဌာန်မှာ တစ်နှစ်ခံ ပင်ပျော့ပင်ငယ်မျိုးဖြစ်သည်။ ၁၈ လက်မကျော်ထိမြင့်သည်။ ထောင်မတ်၍ပေါက်သည်။ ခရမ်းညိုရောင်ရှိသော ပင်စည်ရိုးတံပေါ်တွင် သေးငယ်သော အမွေးကြမ်းကလေးများရှိသည်။

အရွက်မှာ ရွက်ဆိုင်ထွက်သည်။ ရှည်မျောမျောလှဲစွပ်ပုံဖြစ်သည်။ ရွက်ထိပ်ချွန်၍ ရွက်ရင်းသွယ်သည်။ ရွက်ညှာ အလွန်တိုသည်။ အရွက်၏ ထက်အောက်မျက်နှာပြင် နှစ်ခုလုံးတွင် အလွန်သေးငယ်သော အမွေးကြမ်းကလေးများရှိသည်။ ရွက်နားပတ်လည် ခွေးသွားစိတ်ကလေးများရှိသည်။

ကြိတ်မှန်ပင်၏အပွင့်သည် ပန်းခိုင်ထိပ်တွင် သေးငယ်သော အပွင့်ကလေးများ စုပေါင်းပြီး တစ်ပွင့်တည်းကဲ့သို့ ဖြစ်နေသည်။ ပန်းပွင့်မှာ ခေါင်းလောင်းပုံသဏ္ဌာန် ဖြစ်၍ အဖြူရောင် သို့မဟုတ် အဝါရောင်ရှိသည်။ ပွင့်ခံ ရွက်ကြီး၍ ထင်ရှားသည်။ တပို့တွဲ၊ တပေါင်းလများတွင် ပွင့်သည်။

ကြိတ်မှန်ပင်သည် မြန်မာပြည် နေရာအနှံ့အပြားတွင် ပေါက်သည်။ မိုးများသော အရပ်ဒေသများတွင် ပေါင်းပင်ကဲ့သို့ ပေါက်ရောက်သည်။ ကြိတ်မှန်ပင်သည် သဘာဝအလျောက် အလေ့ကျ ပေါက်ရောက်ပင်မျိုးဖြစ်သည်။

ကြိတ်မှန်ပင်၏ ပဉ္စင်းပါးနှင့် အရွက်များကို အသုံးပြုကြလေသည်။ ကြိတ်မှန်ပင်၏ အာနိသင်မှာ မြန်မာဆေးကျမ်းများ အလိုအရ ကြိတ်မှန်ရွက်သည် ပူ၏။ လေနာ၊ သလိပ်နာတို့ကို နှိုင်၏။ သွေးကို တက်ကြွစေ၏။ ဆံပင်ကို နက်၍ သန်စွမ်းစေ၏။ လေ သလိပ် သည်းခြေနှင့် ယှဉ်၍ဖြစ်သော အနာမျိုးတို့ကို နှိုင်၏။ အားကိုဖြစ်စေ၏။ ဓာတ်တို့ကို ပြောင်းစေ၏။ အသက်ရှည်၏။ မျက်စိရောင်ခြင်းနှင့် အခြားရောင်တင်းခြင်းများကို ပျောက်ကင်းစေသည်။

ကြိတ်မှန်ပင် အသုံးပြုပုံ အမျိုးမျိုးမှာ -

(၁) ပဉ္စင်းပါးအရည်ကို အားတိုးဆေးအဖြစ်လည်းကောင်း၊ အသည်းရောင်ရောဂါ၊ အရေပြားရောဂါတို့ဆေး အဖြစ် အသုံးပြုသည်။ (၂) ကြိတ်မှန်ရည် နှစ်စက်ခန့်ကို ပျားရည်နှင့်ရောရှ၍ မွေးစကလေးများအား တိုက်ပါက နှာစေး၊ ချောင်းဆိုးနာကို ပျောက်ကင်းစေသည်။ ဆံပင်နက်ဆိုးဆေးအဖြစ်လည်း သုံးသည်။

(၁) အရွက်ရည်ကို ချောင်းဆိုး၊ ခေါင်းကိုက်ရောဂါ၊ အသည်းရောင်ရောဂါ၊ အဆစ်ရောင်ရောဂါတို့ဆေး၊ အနာအုံဆေး၊ ဖန်ရည်ဆေးအဖြစ်သုံးသည်။ (၂) အရွက်ကို အမှုန့်ထောင်း၍ နွားနို့နှင့် နေ့စဉ်သောက် သုံးလျှင် မျက်စိအမြင်သန်၏။ ဆွဲ့အသောသူများ စကားပြောနိုင်၏။ နားပင်းသူများ အသံကြားနိုင်သည်။ နဲ့သောသွားများ ခိုင်မာလာသည်။ (၃) ကြိတ်မှန်ရွက်နှင့် နှမ်းနက်ကို ဆတူယူ၍ အမှုန့်ပြုပြီး နွားနို့နှင့် အမြဲမှီဝဲသော် အနာရောဂါကင်းစင်ပြီး အသက်ရှည်ကာ ဆံပင်လည်း နက်လာသည်။ (၄) ကြိတ်မှန်ရွက်အား ခေါင်းကိုက်ရောဂါ၊ ထိပ်ပြောင်မွေးကျွတ်ရောဂါ၊ အကျိတ်နာ၊ မီးယပ်ထိမ်ခြင်းနှင့် ကာလသားရောဂါတို့တွင် အသုံးပြုကြသည်။ (၅) ကြိတ်မှန်ရွက်ရည်နှင့် ပင်စိမ်းရွက်ရည် ရောရှ၍ တစ်နေ့နှစ်ကြိမ်ခန့် မီးလောင်နာပေါ်တွင် လိမ်းပေးသော် ပူလောင်ခြင်းပျောက်၍ အနာရွတ်များလည်း ပျောက်ကင်းသည်။ (၆) ကြိတ်မှန်ရွက်၊ ခွေးသေးပန်းရွက်တို့အား ရှိန်းခိုအနည်းငယ် ထည့်ကြိတ်ပြီး ကလေးနှာပိတ်လျှင် ငယ်ထိပ်မှ-နှာခေါင်းအထိ ဆွဲပေးပါက ပျောက်၏။ ကျောပူ၊ ခေါင်းပူ၊ ခွဲထုဖြစ်လျှင် ငယ်ထိပ်တွင် ပါးပါးလိမ်းပေးရ၏။ ကလေးအညှော်မိ၊ သန်ထ၊ သန်ဝမ်းသွား၊ ကျောက်၊ ဝက်သက်၊ ရေကျောက်ဖြစ်ပါက မိခင်နို့ရည်နှင့် ဖျော်ပြီး တိုက်ပေးနိုင်သည်။ (၇) မီးယပ်သွေးငုပ်လျှင် အရွက်ကို ထန်းလျက်နှင့် သုံးခွက်တစ်ခွက်တင် ကျိသောက်သော် သွေးပေါ်စေပါသည်။

ကြိတ်မှန်ပင်သည် အလေ့ကျပေါက်ပင်ဖြစ်၍ နေရာတိုင်းတွင် အလွယ်တကူ ရှာဖွေ၍ ခူးယူနိုင်ကာ ကလေးလူကြီး၊ အမျိုးသမီးများပါမကျန် ခံစားကြရသော ဝေဒနာများအတွက် ပျောက်ကင်းအောင် အသုံးပြုနိုင်သော ဆေးဖက်ဝင် အပင်တစ်မျိုးဖြစ်ပါကြောင်း တင်ပြပေးအပ်ပါသည်။

တင့်ထူး(ဒေယျဝင်)

❑

www.burmeseclassic.com

www.burmeseclassic.com

ဆီးချိုရောဂါများအတွက် သဘာဝကုထုံး
ကြက်ဟင်းခါးသီး အာနိသင်

သန်းတင်စိုး



ကျွန်တော်သည် ဆရာဝန်တစ်ယောက် ဖဟုတ်ပါ။ သတင်းသမား၊ စာရေးသမားတစ်ယောက် ဖြစ်ပါသည်။ ဆရာဝန် မဟုတ်ဘဲနဲ့ ဆေးဆောင်းပါးတွေ ရေးနေတာ



အဆင်ပြေရဲ့လား။ ဘာကြောင့်ရေးတာလဲ မေးဖွယ်ရှိပါတယ်။ စာရေးဆရာဆိုတော့ စာတွေ တော်တော်ဖတ်ရပါတယ်။

စာပေကနေ အထွေထွေ ဗဟုသုတလည်း ရရှိခဲ့ပါတယ်။ အားလုံးကို ရင်ထဲ ခေါင်းထဲ မရှိပေမယ့် တော်တော်များများကျဲကျဲ သိနေပါတယ်။ ရေးချင်တဲ့ အကြောင်းတစ်ခုကို သိတာနဲ့ပဲ ကိုးကားချက်နဲ့ ရေးရပါတယ်။

ဆီးချိုရောဂါအကြောင်း ဘာကြောင့်ရေးလဲ ဟုတ်လား။ ကျွန်တော့်မိသားစု ပတ်ဝန်းကျင်မှာ မိတ်ဆွေတွေအကြား, ဆီးချိုရောဂါရဲ့ ဖိစီးနှိပ်စက်မှုတွေကို ခဏ ခဏ ကြားသိနေရ၍ ဆီးချိုရောဂါရှင်များကို ကူညီချင်တာနဲ့ ဤအစားလည်းဆေး၊ ဆေးလည်းအစာ ဆေးဆောင်းပါးများ ရေး၍ မြန်မာ့တိုင်းရင်းဆေး၊ မြန်မာ့ရိုးရာ အစားအသောက်များမှ အထောက်အကူပြုနိုင်မည့် နွယ်မြက်သစ်ပင်များ ဆေးဖက်ဝင်ပုံကို ရှာဖွေတင်ပြပြီး ရောဂါရှင်နဲ့ ဗဟုသုတကြားမှ ပွဲစားလုပ်မိတာပါ။

စည်းလွတ်ဝါးလွတ် မဟုတ်ဘဲ ကျမ်းဂန်ပါဠိနှင့်အညီ ရေးသားထားခြင်းဖြစ်၍ ကျွန်တော့်ဆောင်းပါးများကို စိတ်ချလက်ချ ဖတ်ပြီး နည်းလမ်းများကို အသုံးချကြည့်ပါ။ ငွေကုန်နည်းပြီး ရောဂါပျောက်စေရမယ်လို့ အာမခံပါတယ်။ ယုံကြည်မှုနဲ့ လုပ်ဆောင်မှုဟာ အဓိကပါပဲ။ ဘေးထွက်ဆိုးကျိုးလည်း နည်းပါတယ်။ ဒါဆိုရင် မသုံးသင့်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com

ကြက်ဟင်းခါးသီးသည် သတ္တုဓာတ်များ၊ ဗီတာမင် ကြွယ်ဝသည့် ဆေးစွမ်းထက်သည့် မြန်မာ့အစားအစာ ဟင်း မည်တစ်မျိုး ဖြစ်သည်။

မြန်မာလူမျိုးတို့သည် ကြက်ဟင်းခါးသီးကို များစွာ နှစ်ခြိုက်ကြသည်။ ထမင်းဆိုင်များတွင် (SIDEDISH) အဝို ဟင်းမည် တစ်မျိုးအဖြစ် တွဲဖက်၍ အမြဲစာမ်း ရောင်းချကြ သည်။

ဝက်သား ကြိုက်သူများသည် ကြက်ဟင်းခါးသီးနှင့် နှပ်စားပါက အထူးကောင်းမွန်သော အရသာကို ခံစားနိုင် သည်။ ဝက်သား မစားသူများအဖို့ ပုစွန်ခြောက် (အမှုန့်)၊ ပုစွန်အစိုး ကြက်ဥ၊ ဘဲဥတို့နှင့် ကြော်စားပါက ခံတွင်းမြိန်လှ ပါသည်။

တန်ဖိုးအားဖြင့်လည်း နည်းပါး၍ မြန်မာပြည် အနှံ့ အပြား ရာသီမရွေး ပေါက်ရောက်နိုင်၍ ပေါများစွာ ဟင်း တစ်မည်အဖြစ် စားသုံးနိုင်သည့်အပြင် ဆေးဖက်ဝင်သော အစာဖြစ်ကြောင်းကို ကျမ်းဂန်ပါဠို လာရှိသည်နှင့်အညီ ရေးသားဖော်ပြအပ်ပါသည်။

ရုက္ခဗေဒအခေါ်- **MOMORDICA CHARABTIS**

မြန်မာအခေါ်- ကြက်ဟင်းခါးသီး

အင်္ဂလိပ်အခေါ်- **BITTER GOURD**

ကြက်ဟင်းခါးသီးသည် နွယ်ပင်တစ်မျိုး ဖြစ်သည်။ မိမိ၏ အိမ်ခြံစည်းရိုးဘေး စိုက်ထားပါက စင်ခံစရာမလိုပေ။ ရာသီဥတုမရွေး ပေါက်ရောက်နိုင်၍ ရေမှန်မှန်လောင်းပေး ပါက လို့အပ်သောအချိန်တွင် ခူးယူ စားသုံးနိုင်သည်။

ဟင်းမည်အဖြစ် စားရုံသာမက ကြက်ဟင်းခါးသီးမှ ပေးစွမ်းနိုင်သော အာဟာရဓာတ်များအဖြစ် သတ္တုဓာတ်များ၊ ဗီတာမင်ဓာတ်များ များစွာပေးစွမ်းနိုင်သည်။ အထူးသဖြင့် ကြက်ဟင်းခါးသီး၏ SUPPER POWER သည် ဆီးချိုသမား များအတွက် အထူးပေးစွမ်းနိုင်ကြောင်းကို အထူးရေးပြလို ပါသည်။

ဆီးချိုသမားတို့၏ ဆီးချိုတက်မှုမှာ သွေးတွင် သကြား ဓာတ် ပိုမိုများပြား၍ ဆီးချိုတက်နေခြင်းဖြစ်သည်။ ဆီးချို သည် ဇီဝရုပ်တွင်း ဓာတ်ပြောင်းလဲမှု ချို့ယွင်းမှု ဖြစ်လာရ သော ရောဂါဖြစ်သည်။ MOTABOLIC DISEASES ဖြစ် သည်။

ဓာတ်ပြောင်းလဲမှု ချို့ယွင်းချခြင်း အကြောင်းရင်းများ တွင် ပန်ကရိယ (PANCRES) ပျက်သုဉ်း၍လည်းကောင်း၊ ယင်းအကျိုးတ်မှ အာဟာရဓာတ် လုံလောက်စွာ မထုတ်နိုင် သော်လည်းကောင်း၊ အင်ဆူလင်ဓာတ်ပျက်စေရုန် ဓာတ် ပစ္စည်းများ သွေးတွင်းရှိလာ၍လည်းကောင်း၊ အဝလွန်သော သူ၊ ကိုယ်အလေးချိန် အဆမတန်များလာပြီး ထုတ်လုပ်မှုနှင့် အသုံးချမှု မမျှတတော့၍လည်းကောင်း ဆီးချိုဝင်ရသည်။

အင်ဆူလင်သည် ဆီးချိုရှင်တို့၏ အသက်သခင် ဆေးတစ်ဆူပင်ဖြစ်သည်။ ကြက်ဟင်းခါးသီးကို စားသုံးခြင်း ဖြင့် ရုကွမှ ရလာသော အင်ဆူလင် (PLANT-INSULIN)ကို ရရှိသည်။ ကြက်ဟင်းခါးသီးကို စားခြင်းဖြင့် ဆီးချိုကျသည်။

အကြောင်းရင်းမှာ ကြက်ဟင်းခါးသီးတွင် ပါဝင်သော PLANT INSULIN ခေါ် ပရိတိန်းဓာတ်ကြောင့်ဖြစ်သည်။ P- INSULIN တွင်ပါဝင်သော အမိုင်နိုအက်စစ် မော်လီကျူး (၁၆)လုံးသည် ဝက်မှ ထုတ်ယူသော အင်ဆူလင်နှင့် ထပ်တူ ထပ်မျှဖြစ်သည်။

ဝက်၏ ပန်ကရိယမှထုတ်သော အင်ဆူလင် ထိုးဆေး သည် ဆီးချို ဒီဌထိန်းနိုင်သည်။ သို့သော် ဝက်မှရသော အင်ဆူလင်သည် စား၍မရ၊ ဆေးထိုး၍ရသည်။ ကြက်ဟင်း ခါးသီးမှ ရသော (P- INSULIN) စား၍ရသည်။ ဓနဋ္ဌေ ကြေးနှင့် တိုင်းသော် ချမ်းသာသူများအတွက် ထိုးဆေးကို တန်ဖိုးကြီးစွာ ပေးဝယ်ထိုးနိုင်ပေမယ့် ဆင်းရဲသားများအဖို့ ကြက်ဟင်းခါးသီးကို စားခြင်းဖြင့် ငွေကြေးကုန်ကျမှု သက်သာ လာပြီး ရောဂါလည်း ဆေးထိုးသကဲ့သို့ သက်သာနိုင်ပါသည်။

ထိုဆေးသည် အင်ဆူလင် အကျကိုသာ ထိန်းနိုင်၍ ကြက်ဟင်းခါးသီးကား အတက်အကျကို ထိန်းနိုင်စွမ်းရှိ၍ ထူးခြားသောသတ္တိ ဖြစ်သည်။

ကြက်ဟင်းခါးသီး၏ ဆီးချိုကျ အာနိသင်သည် ပန်ကရိယရှိသော ကြောင်များနှင့် ပန်ကရိယထုတ်ထားသော ကြောင်များထက် ပို၍ အာနိသင်ပြသည်။ ပန်ကရိယရှိသည် ဖြစ်စေ မရှိသည်ဖြစ်စေ ဆီးချိုအာနိသင်ရှိကြောင်း ပြသည်။

ကြက်ဟင်းခါးသီး ပင်၊ ရွက်၊ မြစ်တို့၏ အသုံးဝင်ပုံ များကို အိန္ဒိယနိုင်ငံ အူနီဆေးကျမ်းအလိုအရ -

ကြက်ဟင်းခါးမြစ်သည် ဖန်သော အရသာရှိ၏။ လိပ်ခေါင်းရောဂါကို ပျောက်ကင်းစေနိုင်၏။

ကြက်ဟင်းခါးသီးသည် ဂေါက်အဆစ်ရောင်ရောဂါ၊ လေးဖက်နာရောဂါ၊ အသည်းရောဂါ၊ ထုံကျဉ်ကိုက်ခဲနာ၊ နှုတ်ခမ်းကွဲရောဂါ၊ မိန်းမ ဓမ္မတာမမှန်ခြင်းများအတွက် ရောဂါပျောက်ကင်းနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

အေအိုင်ဒီအက် ရောဂါများအတွက် အရွက်သည် ဝမ်းကို မီးမှန်စေသည်။ ဝမ်းနုတ်ဆေးအဖြစ် သုံးနိုင်သည်။ သန်ချဆေးအဖြစ်လည်း သုံးနိုင်သည်။ ကြက်ဟင်းခါးသီး အရွက်သည် အော့အန်ခြင်း၊ ချောင်းဆိုးခြင်း၊ လေသလိပ်တို့ကို နိုင်၏။

မြန်မာ့ဆေးကျမ်းများတွင်

ကြက်ဟင်းခါးသီးသည် ခါးမြကြေလွယ်၏။ ခါးသော်လည်း လေကို မပျက်စေရာ၏။ အေး၏။ သလိပ်သည်းခြေကို နိုင်သည်။ အဖျားနာ၊ မက္ကနာ၊ ပိုးနာတို့ကို နိုင်သည်။ ကြက်ဟင်းခါးသီး အငယ်သည် အကြီးထက် ကြေလွယ်၏။ ဝမ်းမီးကို တောက်တတ်၏။

ကြက်ဟင်းခါးသီး

အသီးနုရည်ကို. မီးဖိုပေါ်၌ နွေး၍ လိမ်းပေးပါက အဆစ်ရောင်ရောဂါ ပျောက်၏။ ကြက်ဟင်းခါးသီးကို မှိုနှင့် ရောမစားပါနှင့် အဆိပ်သင့်သည်။

ကြက်ဟင်းခါးသီး အခြောက်ကို ကျောက်ပျဉ်၌ သွေး၍ လည်ပင်းတစ်ဝိုက် လိမ်းကျံပေးလျှင် လည်ချောင်းရောဂါ ပျောက်၏။

ကြက်ဟင်းခါးသီးအရည်ကို ပျားရည်အနည်းငယ်နှင့် ရော၍ မကြာခဏ သောက်လျှင် ရေဖျဉ်းရောဂါ ပျောက်၏။

ကြက်ဟင်းခါးသီး သတ္တုရည်ကို သောက်သုံးပါက သွေးတွင်း ညကြားဓာတ်ပါဝင်နှုန်းကို ကျဆင်းစေသည်။ ဆေးသောက်ပြီး (၁)နာရီအတွင်း တန်ခိုးပြသည်။ ဆေးအာနိသင်သည် အချိန်(၆)နာရီလောက်အထိ အစွမ်းရှိသည်။

ကြက်ဟင်းခါးသီး သတ္တုရည်ကို တစ်နေ့ တစ်ကြိမ် မှန်မှန်သောက်သုံးပါက သွေးထဲရှိ သကြားဓာတ် ဖြည်းဖြည်းကျသည်။ တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ပါက ထိထိရောက်ရောက်မြန်မြန်ကျစေသည်။

ဆေးရည်သည် လူကောင်းများနှင့် ဆီးချိုရှင်များတွင် ဆီးချိုရှင်များ ပို၍အကျိုးမြန်သည်။ ဆီးချိုရှိသူများ တစ်ဦးနှင့် တစ်ဦး အာနိသင်ကွာခြားသည်။ ဆီးချိုပြင်းလေ အာနိသင် ပိုလေ၊ ဆီးချို သာမန်ရှိလျှင် အာနိသင်သာမန်ရှိ၍ ဆီးချိုနည်းလျှင် အာနိသင် နည်းသည်။ ဆိုက်အဖက် (SIDE EFFECTS) ရှိသော ဆီးချိုရှင်၊ သဘာဝဖြစ်သော ဆီးချိုရှင်အားလုံးအတွက် အာနိသင်ရှိသည်။

ဆေးသောက်ခြင်းဖြင့်

ကြက်ဟင်းခါးသီးစားသုံးပါက အစားစားမှု ပမာဏကို လျော့ကျစေသည်။ သို့သော် ကိုယ်အလေးချိန်ပေါင် လျှော့ချမှု မရှိပေ။ ဂလူးကို့စ် သကြားဝမ်းတွင်းမှ စုပ်ယူနှုန်းကို မြန်စေသည်။

ကြက်ဟင်းခါးသီး သတ္တုရည်ကို သောက်သုံးပါက ဆီးချိုရှင်သည် သွေးတွင် ဂလူးကို့စ် ထပ်မတက်လာသည်ကို တွေ့ရသည်။

ထူးခြားသည်မှာ ကြက်ဟင်းခါးသီး သတ္တုရည်သည် သွေးတွင်း ဂလူးကို့စ်ဓာတ် တက်မလာနိုင်စေပါ။ ပို၍ထူးခြားသည်မှာ ကြက်ဟင်းခါးသီး သတ္တုရည်သည် လူများအတွက် (SIDE EFFECTS) မဖြစ်၊ သွေးတွင်း ဂလူးကို့စ်ဓာတ် အတက် အကျကို ထိန်းနိုင်သည်။ အင်္ဂလိပ်ဆေးရည်သည် အံကျကိုသာ ထိန်းနိုင်သည်မို့ ကြက်ဟင်းခါးသီးသတ္တုရည်သည် အားသာမှုများသည်။

ကြက်ဟင်းခါးသီးရွက်

ပူခါး အရသာရှိ၏။ သလိပ်သည်းခြေနှင့် ယှဉ်၍ ဖြစ်သောအဖျား၊ ဝမ်းပြည့်ရင်ကယ်၊ အော့အန်၊ ချောင်းဆိုး၊ လေနာ၊ အဆိပ်အတောက်သင့်သော အနာမျိုးတို့ကို နိုင်၏။ အညှော်အသင်းတို့ကို ထုတ်သောက်၏။

အရွက်သည် အစာကြေခြင်း၊ ဝမ်းရပ်ခြင်း၊ လေကြောင့်ဖြစ်သော လေဖြတ်၍ ခြေလက်ကွေးကောက်ခြင်းတို့ကို ငြိမ်းစေတတ်၏။ မျက်စိရောဂါ၊ ယောနိ၌ဖြစ်သော ရောဂါများ၊ သွေးအားနည်းခြင်းရောဂါများကို ပျောက်စေ၏။

အရွက်ကြိတ်ညှစ်ရည် သောက်သော် အူတွင်းရှိ ပိုးများ သေကျေပျက်စီးနိုင်သည်။ အညှော်မိလျှင် အရွက်ကို ခြေ၍ ရှူပေးရ၏။

စိမ်းဖန့်ဖန့်ရှိသော အလုံးထွားထွား ကြက်ဟင်းခါးသီးသည် ကျစ်ပြီး အစိမ်းရင့်ရောင် ကြက်ဟင်းခါးသီးထက် အာနိသင်ပိုသည်။ အစေ့တွင် အာနိသင်မရှိ။ ကြက်ဟင်းခါးသီး သတ္တုရည်တွင် အာနိသင် အပြည့်ရှိသည်။

ဟင်းချက်ရာတွင် အပူရှိန် ပြင်းစွာမပေးရန် အရေးကြီးသည်။ ဓာတ်ပျက်တတ်သည်။ မီးအေးအေးနှင့် ကြော်ချက်ခြင်းသည် ကောင်း၏။

ကြက်ဟင်းခါးသီးကို ပါးပါးလှီး၍ ဆုံတွင် ထည့်ထောင်းကာ အရည်ညှစ်ယူပြီး စစ်၍ ခဲယူသောက်သုံးနိုင်

www.burmeseclassic.com

www.burmeseclassic.com

လျှင် အကောင်းဆုံးဖြစ်သည်။ နေ့စဉ် သောက်ပေးနိုင်ပါက ဆီးချိုရှင်များအတွက် အကောင်းဆုံး ကုသပေးခြင်းပင်ဖြစ်သည်။

ကြက်ဟင်းခါးသီးကို ပါးပါးလှီးပြီး နေရိပ်တွင် အခြောက်လှန်း အမှုန့်ပြုလုပ်၍ စားသုံးနိုင်ပါက ရေရှည်ထား၍ သုံးစွဲနိုင်ပါသည်။

ကျွန်ုပ်တို့အနီးတွင်ရှိသော ကြက်ဟင်းခါးသီးတွင် ပါဝင်သော အာဟာရဓာတ်များမှာ အုံ့သြလောက်ဖွယ်ရာပင်ဖြစ်သည်။

သတ္တုဓာတ်များ ဖြစ်ကြသော မဂ္ဂနီဆီယမ်ဓာတ်၊ ကယ်လ်စီယမ်ဓာတ်၊ သံဓာတ်၊ သွပ်ဓာတ်၊ မင်းဂနီးစ်ဓာတ်၊ တိုက်တေနီယမ်ဓာတ်၊ နစ်ကဲလ်ဓာတ်၊ အိုင်အိုဒင်းဓာတ်၊ ကယ်လိုရင်းဓာတ်၊ ဗီတာမင်ဓာတ်များ၊ ဗီတာမင် ဘီ-၁၊ ဗီတာမင် ဘီ-၂ ဓာတ်၊ နိုင်ယာစင်းဓာတ်၊ ဗီတာမင်ဓာတ်များကြွယ်ဝစွာပါဝင်သည်။ အထူးသဖြင့် ဗီတာမင်စီဓာတ်ကို အပြည့်အဝရသည်။

မြန်မာပြည်တွင် ဆီးချိုရောဂါရှင်များ မြောက်မြားစွာရှိနေသည်ကို တွေ့ရှိရသည်။ အချို့ရောဂါမှန်းမသိ ရောဂါပြင်းထန်စွာ ခံစားရ၍ ခြေဖြတ်၊ လက်ဖြတ်ရသူများ ရှိခြင်း၊ မျက်လုံးကွယ်ခြင်း၊ ကျောက်ကပ်ရောဂါများရှိခြင်း၊ နှလုံးရောဂါ ခံစားလာရခြင်းတို့ကို တွေ့ရှိ ကြားသိနေရသော ကြောင့် ကောင်းမြတ်သော စေတနာ၊ သတ္တဝါတွေ ချမ်းသာသုခ ရကြစေခြင်းငှာ ကျမ်းဂန်များ၊ စာပေများကို လေ့လာဖတ်ရှု၍ ဆီးချိုရောဂါရှင်များအတွက် အထောက်အကူအဖြစ် ရရှိနိုင်ပါရန် ရှာဖွေရေးသားတင်ပြပါသည်။

မြန်မာ့အစားအစာဖြစ်သော ကြက်ဟင်းခါးသီး၏ ဆီးချိုကျမှု အာနိသင်ကို စမ်းသပ်တိရစ္ဆာန်တို့မှ ထုတ်သော အင်ဆူလင်သည် ထိုးဆေးအဖြစ်သာ သုံးနိုင်ပြီး၊ ကြက်ဟင်းခါးသီးမှ P-INSULIN မှာ စားသုံး၍ရခြင်းကြောင့် သဘာဝအားသာချက်များရှိကာ အထူးအားကိုးနိုင်ပါဆည်။

အားငယ်စိတ်ဓာတ်ကျနေသူ လူနာရှင်များအတွက် ကျွန်ုပ် ရေးသားတင်ပြချက်ကို အဆုံးပြုပြီး ရောဂါသက်သာပျောက်ကင်းကြပါက ကျွန်ုပ်ဒုက္ခခံစားရကျိုး ရေးသားရကျိုး နှစ်ပါပြီ။ ရောဂါကင်း၍ ထျန်းမာ ချမ်းသာနိုင်ကြပါစေ။

သန်းတင်စိုး

ကျမ်းကိုးစာရင်း

(၁) ရွှေတော်မူကျမ်း
(၂) ဒဗ္ဗဝုဏ္ဏာပကာသနီကျမ်း
(၃) ဥတုဘောဇနသင်္ဂဟကျမ်း
(၄) ဆေးအဘိဓာန်ကျမ်း
(၅) ဦးလှခင် (ဆန်းညွှန့်ဦး)၏ ဆေးနည်း(၁၀၀၀)
(၆) ကျန်းမာရေးဆိုင်ရာ ဂျာနယ်မဂ္ဂဇင်းစာအုပ်များ

❑

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်းပို့မိုတို့းတက်အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။
၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

ဆက် သွယ် ရန်

တိုက်အမှတ်(၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈

www.burmeseclassic.com

www.burmeseclassic.com

သံပရာသီး

ချဉ်(ကဲတ)





သံပရာသီးသည် လူတိုင်းသိသော အသီးဖြစ်သည်။ ဂရေးလူးဇ်ကြီး အတုန်သီသည်။ နေရာဒေသမရွေး အလွယ်တကူ မြင်တွေ့နိုင်သော အသီးလည်း ဖြစ်သည်။ အစားအစာအဖြစ် လည်းကောင်း၊ ဆေးဝါး အဖြစ်လည်းကောင်း သုံးနွဲ့ကြသည်။

သံပရာသီး၏ ဆေးဖက်ဝင် အသုံးနည်းများစွာ အနက်မှ Online ပေါ်တွင် ဖတ်ရှု မှတ်သားထားခဲ့သည့် ဆေးနည်းများကို တစ်ဆင့်ပြန်လည် တင်ပြလိုက်ပါသည်။

သံပရာသီး၏ ဝိုဏ်နှင့်စွမ်းရည်ကို အရှင်နာဂသိန်ပိုပြ ဆေးအဘိဓေန်တွင် ချဉ်၏၊ လေကို နှိုင်၏၊ ဝမ်းမီးတောက်၏။ ကြောကျက်လွယ်၏။ ပိုးကို နှိုင်၏။ တက်၏ ဟု ဖော်ပြထားပါသည်။

ထိုစာအုပ်၌ပင် သံပရာသီးနှင့်တင်ဆာ ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်ကို ပြန်လည် ဖော်ပြလိုပါသည်။

အရည်နှင့် ပြည့်နေသော သံပရာသီးကို ရေအေးတွင် စိမ်ထားပါ။ ထို့ရေအေးနှင့် စိမ်ထားသော သံပရာသီး



www.burmeseclassic.com

www.burmeseclassic.com

ကို မီးဖြင့် ပြုတ်ပါက သံပရာသီးမှာ ပျော့ပျောင်း၍ လာပေမည်။ ပြုတ်ယူခြင်း မဟုတ်ဘဲ ပေါင်းလျှင်လည်း ရသည်။ ထိုပြုတ်ထားသော သို့မဟုတ် ပေါင်းထားသော သံပရာသီး၏ ရသရည်ကို စုပ်၍ မျိုချပါ။

ထိုကဲ့သို့ မစုပ်နိုင်ပါက အထက်က ဆိုသကဲ့သို့ ပြုလုပ်ထားသော သံပရာသီးကို တစ်ရက်လျှင် တစ်လုံး၊ နှစ်ရက်မြောက်လျှင် နှစ်လုံး၊ သုံးရက်မြောက်လျှင် သုံးလုံး စသည်ဖြင့် (၁၂)ရက်မြောက် (၁၂)လုံးတိုင်အောင် သောက်၍ (၁၂)ရက်ပြည့် (၁၂)လုံး သောက်ပြီးပါက တစ်ရက်ကို တစ်လုံး လျှော့၍ သောက်ရပါမည်။

ထိုသို့သောက်ရာတွင် ပျားရည်နှင့်ရောပြီး သောက်ရပါမည်။ ၁၂ ရက် မသောက်နိုင်ပါက ရှစ်ရက် ရှစ်လုံး သောက်၍ ရှစ်ရက်ပြည့်လျှင် တစ်ရက် တစ်လုံးလျှော့၍ သောက်ရပါမည်။ ထိုသို့သောက်ခြင်းက ကင်ဆာရောဂါများကို သက်သေစေသည်ဟု ဖော်ပြထားပါသည်။

ရင်ဘတ်နာပါက သံပရာသီး အစိမ်း၏ အခွံကို စားပေးခြင်းအားဖြင့် ပျောက်ကင်းစေပါသည်။

သံပရာပင် အခေါက်တို (၅)ပေပျဉ်းသားကို ရေ (၅၀) ကျပ်သားဖြင့် ထက်ဝက်ခန်းအောင်ကျိ၍ တစ်ခွက်စာ ထိုကျိထားသော အရည်နှစ်ကျပ်သားမျှ သောက်သုံးခြင်းအားဖြင့် အဖျားရောဂါကို ပျောက်ကင်းစေပါသည်။

သွားဖြူဆေး

သံပရာသီး အခွံကို ဆားတစ်ကော်စာနှင့် ရော၍ သွားကို တိုက်ပေးပါက သွားကို ဖြူစင်တောက်ပ၍ အနံ့အသက်လည်း ကောင်းစေပါသည်။

သွားကိုက်လျှင်

သံပရာရည်ဖြင့် ပဲလုတ်ကျင်းပေးပါက သွားကိုက်ရောဂါကို အမြန်ဆုံးသက်သာ ပျောက်ကင်းစေပါသည်။

ဆံပင်ကျွတ်လျှင်

အုန်းရည် စားပွဲတင်ဇွန်း လေးဇွန်းနှင့် သံပရာရည်ကို ရောစပ်၍ တစ်ပတ်တစ်ခါမျှ လိမ်းပေးလျှင် ဆံပင်ကျွတ်ခြင်းကို ပျောက်ကင်းစေပါသည်။

ဦးရေပြား ယားယံနှင့် ဗောက်၊ ဒက် ထလျှင်

ကြက်ဥ အကာရည်နှင့် သံပရာသီး တစ်လုံးစာကို ရောပြီး ဆံပင်အရင်းမှ စ၍ လိမ်းပေးပါ။ တစ်နာရီခန့် အကြာတွင် ခေါင်းလျှော်လိုက်ပါ။ ထိုကဲ့သို့ တစ်ပတ်လျှင် တစ်ကြိမ်မျှ တစ်လခန့် ပြုလုပ်ပေးရုံမျှဖြင့် ဦးရေပြား သန့်ရှင်း၍ ဗောက်၊ ဒက်တို့ ကင်းစင်သွားစေပါသည်။

အသားအရေ ခြောက်သွေ့လျှင်

ဥက်ပျောသီးမှည့် တစ်လုံးကို ယူ၍ ခြေလိုက်ပါ။ ထို့နောက် ချေထားသော ဥက်ပျောသီးနှင့် လတ်ဆတ်သော သံပရာရည် တစ်စက်၊ နှစ်စက်တို့ကို ရော၍ မျက်နှာနှင့် လက်ကို လိမ်းပေးခြင်းအားဖြင့် အသားအရေကို ချောမွေ့သန့်စင်စေပါသည်။

ထို့ပြင် အသားအရေ ခြောက်သွေ့ခြင်းကို ပျားရည် လက်ဖက်ရည်ဇွန်း တစ်ဇွန်းကို ဟင်းသီးဟင်းရွက်ဆီနှင့် ရော၍ သံပရာရည် တစ်စက်၊ နှစ်စက်ဖြင့်ရောပြီး လတ်တလော ခြေဖနောင့်နှင့် ကြွမ်းထော်နေသော နေရာများကို လိမ်းပေးနိုင်ပါသည်။

အဆီပြန်လျှင်

သံပရာရည် လက်ဖက်ရည်ဇွန်း နှစ်ဇွန်း၊ နနွင်းမှုန့် လက်ဖက်ရည်ဇွန်းဝက်ခန့်ကို ယူပါ။ သင်္ဘောသီးစိတ်ကို ခြေ၍ ပျော့ဖတ်သဖွယ်ရအောင် လုပ်ရပါမည်။ ထိုသင်္ဘောသီးရည်ကို လက်ဖက်ရည်ဇွန်းဖြင့် သုံးဇွန်းယူ၍ သံပရာရည်၊ နနွင်းမှုန့်တို့ဖြင့် ရောစပ်ပြီး မျက်လုံးမှလွဲ၍ မျက်နှာပြင် တစ်ခုလုံးအား လိမ်းပေးရပါမည်။

မိနစ် ၂၀ ခန့်ကြာသောအခါ မျက်နှာကို ရေဖြင့် ဆေးကြော သန့်စင်ပေးခြင်းဖြင့် မျက်နှာအဆီပြန်ခြင်းကို ပျောက်ကင်းစေပါသည်။

တံတောင်ဆစ် မည်းလျှင်

သံပရာသီး အခွံဖြင့် ပွတ်ပေးပါ။ အချိန်အနည်းငယ် ကြာသောအခါ ရေဆေးပေးပါ။ မည်းနေသော တံတောင်ဆစ်မှာ သန့်စင်တောက်ပြောင်လာပါလိမ့်မည်။

အချို့သောသူများမှာ အသားအရေ မောင်မှိုင်း ခြောက်သွေ့နေတတ်ကြပါသည်။ ထိုသူတို့မှာ လတ်ဆတ်

www.burmeseclassic.com

www.burmeseclassic.com

သော သံပရာသီးတစ်လုံး၏ အရည်ဖြင့် မျက်နှာမှအစ တစ်ကိုယ်လုံးကို အိပ်ရာမဝင်ခင် ပွတ်သပ်လိမ်းပေး၍ အိပ်ပါ။ မနက်ကျမှ ရေချိုး သန့်စင်ရပါမည်။

ဤသို့အားဖြင့် မည်းမှောင် ခြောက်သွေ့နေသော အသားအရေ ပိုင်ရှင်တို့မှာ ထူးခြားစွာ ဝင်းလက် တောက်ပြောင်လာပါလိမ့်မည်။

လက်သည်းများ အစွန်းထင်း ပေကျံလျှင်

သံပရာသီးစိတ် သို့မဟုတ် သံပရာရည်ကို ရေထဲ ရော၍ လက်ကို ဆယ်မိနှစ်ခန့် စိမ်ပေးပါ။ ထို့နောက် ဘရပ်ရှ်(Brush)ဖြင့် ပွတ်တိုက်၍ ရေနွေးဖြင့် ဆေးကြော ပေးခြင်းအားဖြင့် လက်သည်းများကို သန့်စွမ်းပြီး တောက်ပြောင်လာစေသည်။

ချွေးထွက်များပါလျှင်

နွေရာသီ ရောက်၍ ပူပြင်းသောကြောင့် ချွေးထွက်များလျှင် သော်လည်းကောင်း၊ ရင်ပူလျှင်သော်လည်းကောင်း သံပရာရည်ကို ပျားရည်တစ်ဇွန်းနှင့် ရော၍ သောက်ပေးပါက သွေးလေလည်ပတ်မှု မှန်ကန်၍ ချွေးထွက်ခြင်းကိုလည်း သက်သာစေပါသည်။

သံပရာသီးနှင့် အထွေထွေ

(၁) သံပရာရည်ကို ပုံမှန်သောက်ပေးခြင်းဖြင့် မောပန်းနွမ်းနယ်မှုကို ပြေပျောက်စေ၍ အထူးသဖြင့် ဝမ်းဗိုက်နှင့် သက်ဆိုင်သော ရောဂါများကို ကာကွယ်ပေးနိုင်ပါသည်။

(၂) ထမင်းစားပြီး အော့အန်လျှင် လတ်ဆတ်သော သံပရာရည်ကို သောက်ပေးခြင်းဖြင့် သက်သာစေပါသည်။

(၃) သံပရာရည်ကို သကြားခတ်၍ သောက်ပါက ခန္ဓာကိုယ်တွင် အဆီများပို့ကြောင့် ချောင်းဆိုးခြင်း၊ အစာအဆိပ်သင့်ခြင်း၊ အရက်နာကျခြင်း၊ ကိုယ်လက် ကိုက်ခဲခြင်းများကို ပျောက်ကင်းစေပါသည်။

(၄) သံပရာဖျော်ရည်ကို နေ့စဉ် သောက်သုံးပေးပါက အထိုင်အထတွင် ဖြစ်တတ်သော မူးဝေခြင်း၊ မိုက်ခနဲဖြစ်ခြင်းတို့ကို ပျောက်ကင်းစေပါသည်။

(၅) သံပုရာသီးအစိမ်း၏ အခွံကို စားပွဲခြင်းအားဖြင့် လေနာ၊ ရင်နာများကို သက်သာပျောက်ကင်းစေပါသည်။

(၆) သံပရာသီးသနပ်ကို ထမင်းနှင့် နေ့စဉ် စားသုံးပေးပါက သရက်ရွက်ကြီးသော ရောဂါကို ပျောက်ကင်းစေပါသည်။

(၇) သံပရာသီး တစ်လုံးကို မီးကျွမ်းအောင် ဖုတ်၍ လေးညှင်း တစ်ပွင့်နှင့် ကြိတ်၍ သွားဖုံးရင်းတွင် သိပ်ပေးပါက သွားကိုက်၊ သွားနာကို ပျောက်ကင်းစေပါသည်။

(၈) သံပရာဖျော်ရည်ချိုချိုကို သောက်ပေးခြင်း၊ သံပရာရည်နှင့် ဆားမီးဖုတ်ကို လျက်ပေးခြင်းဖြင့် နှလုံးတုန်ခြင်း၊ ရင်ခုန်ခြင်း၊ မူးဝေမောပန်းခြင်းများကို သက်သာပျောက်ကင်းစေပါသည်။

(၉) သံပရာသီး တစ်လုံးနှင့် ပျားရည် ထမင်းစားဇွန်း(၃)ဇွန်းကို ဖန်ခွက်ကြီး တစ်ခုထဲတွင် ထည့်၍ ရေနွေးအဖြူနှင့် မွှေပြီး သကြားအနည်းငယ်ထည့်ကာ ညနေပိုင်းတွင် သောက်သုံးပေးခြင်းအားဖြင့် လေကို နိုင်စေ၍ စားကောင်း အိပ်ပျော်ဖြစ်ကာ ဆီးဝမ်းကို မှန်စေ၍ လူကို ဝဖြိုးစေပါသည်။

(၁၀) သံပရာသီး တစ်လုံး၏ ငါးပုံ တစ်ပုံခန့်ကို လှီး၍ အကြမ်းပန်းကန်အတွင်းသို့ ညှစ်ထည့်ပြီး အုန်းဆီသုံးလေးစက်နှင့် ဂျူန်ရာဇာတဲ့သို့သော ဆေးပူတစ်မျိုးမျိုးကို အနေတော်ထည့်၍ မွှေပြီး ညအိပ်ရာဝင်ခါနီးတိုင်း ဆေးကို ရင်ညွန့်မှ ဝမ်းဗိုက်ဆီသို့ ဆွဲချပြီး အသားထဲ စိမ့်ဝင်အောင် လိမ်းပေးပါက ထူနေသော ဗိုက်များ ချပ်လာပါလိမ့်မည်။

ခါးတွင် အဆီရှိသူများအနေဖြင့် ခါးမှ ချက်ဆီသို့ ပွတ်ဆွဲ လိမ်းပေးပါ။

ညနေစာကို ပုံမှန်ထက် လျှော့စားလျှင် သိသာစွာ ကျဆင်းပါသည်။

ခရု(ကေတ)

www.burmeseclassic.com

www.burmeseclassic.com



အသားဝါခြင်း
နှင့်
အသည်းကင်ဆာရောဂါခြင်း



ဒေါက်တာ
နိုက်တင်ဝေလ

www.burmeseclassic.com

www.burmeseclassic.com

ကြောကွဲ ဝမ်းနည်းစရာတွေကို တွေ့တဲ့အခါ အချိန်လေး တစ်ခုကို စောင့်လိုက်ပါတဲ့။

အချိန်တို့ ဘယ်လိုပဲ ပြောင်းပြောင်း အမြဲထာဝရ‌အောက်မေ့သတိရ စေမည့် ပြည်သူချစ်သော အနုပညာရှင် တစ်ဦးကတော့ ကျွန်မတို့ ဟိုး-ငယ်စဉ် ကလေးဘဝတုန်းက ကျွန်မတို့ ဘွားအေ များနှင့်အတူ အိမ်နားနီးချင်း အဘိုး၊ အဘွား၊ ကလေးငယ်များ၏ အသည်းစွဲ ဖြစ်ခဲ့ဖူးသော၊ ကျွန်မတို့ ကြီးပြင်းလာ တော့လည်းသက်ကြိန်ချစ်သူများ၏အသည်း နှလုံးထဲမှာ သက်ကြိန်မင်းသားကြီးအဖြစ် ချစ်ခဲ့ကြသော နိုင်ငံကျော်အဆိုတော်နှင့် ရုပ်ရှင်ဇာရုပ်ဆောင် (ဦး)ဇော်ဝင်း ဖြစ်ပါသည်။

"မင်းရည်မှန်းတာက ××× စိန်ခဲမြခဲ ကိုယ့်မှာတော့ ××× လမ်းခင်းတဲ့ ကျောက်ခဲ"

ကလေးများ၏ ပါးစပ်ဖျားမှာ ရေပန်းစားခဲ့ဖူးသော သီချင်းအဆိုရှင်ကို အသက်ဇိဝိန် ခြွေခဲ့သည့် တရားခံက တော့ အသည်းရောဂါ ဖြစ်သည်။

လူ အတော်တော်များများက အသည်းရောင်ခြင်းနှင့်အသားဝါတာကို ရောဂါတစ်ခုတည်းဟု ထင်မှတ်တတ်ကြ ပါသည်။

တကယ်တော့ Jaundice ဟု ခေါ်ကြသော အသားဝါခြင်းသည် အသည်းရောင်ခြင်းကြောင့်တစ်ခုတည်း မဟုတ်ဘဲ သည်းခြေပြွန်ဆိုင်ရာရောဂါ များ၊ သည်းခြေရောင်ခြင်းတို့ကြောင့် ဖြစ်နိုင်သလို သွေးထဲမှာရှိသော သွေးနီ ဥလေးများ ပျက်စီးခြင်း (Haemolysis) ကြောင့်လည်း ဖြစ်နိုင်ပါသည်။ အသည်း နှင့်အဆိုင်သော တခြားရောဂါတို့ကြောင့် လည်း ဖြစ်တတ်ပါသည်။



ဥပမာအားဖြင့် အဝါရောင် (Carotene) များသော မုန်လာဥနီ၊ သင်္ဘောသီးမှည့်၊ သရက်သီးမှည့်စသည့် အဝါရောင်အသီးအနှံများ အစားများ၍ အဝါဓာတ်များပြီး အသားဝါလာခြင်း ဖြစ်ပါသည်။

အသည်းရောင်ခြင်းမှာ ရုတ်တရက် ပြင်းထန်စွာရောင်ခြင်း(Acute Hepatitis) နှင့် နာတာရှည် တဒွေ့ဒွေ့ ရောင်ခြင်း(Chronic Hepatitis) ဟူ၍ ရှိပါသည်။

အသည်းရောင်ဝိုင်းရုပ်ပိုး အေ နှင့်ဘီးက ရုတ်တရက် အသည်းရောင် ခြင်းကိုဖြစ်စေပြီး အသည်းရောင် ဝိုင်း ရုပ်ပိုး ဘီ၊ စီ၊ ဒီတို့ကတော့ နာတာရှည် အသည်းရောင်ခြင်းကို ဖြစ်စေပါသည်။ အသည်းရောင်ဝိုင်းရုပ်ပိုးအပြင် တခြား ဝိုင်းရုပ်ပိုးတို့ကလည်း အသည်းရောင် စေနိုင်ပါသည်။

Leptospira ဗက်တီးရီးယားပိုး ကလည်း အသည်းရောင်၊ ကျောက်ကပ် ပျက်ရောဂါကို ဖြစ်စေပါသည်။

အရက်ကြောင့် အသည်းရောင် နိုင်သလို အသည်းအဆီဖုံးရောဂါ ကြောင့်လည်း အသည်းရောင်နိုင်ပါ သည်။ Isoniazid ၊ Rifampicin စသော တီဘီဆေးတို့ကြောင့်လည်း အသည်း ရောင်နိုင်ပါသည်။ ပါရာစီတမောဆေး လွန်တခြင်းကြောင့်လည်း အသည်း ရောင်တတ်ပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေး များ၊ တိုင်းရင်းဆေးအချို့နှင့် မှိုများမှာ လည်း ခန္ဓာကိုယ်နှင့်ကော်မတည့်လျှင် အသည်းကိုထိခိုက်ပြီး အသည်းရောင် စေပါသည်။ တစ်ခါတစ်ရံမှာ နှလုံးအဆို့ ရှင်များ ပျက်စီးသောရောဂါ၊ နှလုံး အမြွေးပါးရောင်ရောဂါ စသည်တို့မှာ နှလုံးကြောင့် အသည်းမှာ သွေးလျှံပြီး အသည်းရောင်တတ်ပါသည်။

အသည်းရောင်အသားဝါ 'အေ' ရောဂါကိုဖြစ်စေသော ဝိုင်းရုပ်ပိုးမှာ မသန့်ရှင်းသော အစားအသောက်၊ မသန့်ရှင်းသော ရေကနေတစ်ဆင့် ကူး စက်ခြင်း ဖြစ်ပါသည်။

ရောဂါဖြစ်ပွားနေသူ စွန့်ပစ် လိုက်သော မစင်အညစ်အကြေးများမှာ ဝိုင်းရုပ်ပိုး သန်းပေါင်းမြောက်မြားစွာ ပါဝင်ပြီး ၎င်းအညစ်အကြေးများနှင့် ထိစပ်သော အစားအသောက်၊ အသီး အနှံ၊ အရွက်တို့မှာ အညစ်အကြေးနှင့် ရောစပ်သော ရေများကတစ်ဆင့် အစာ အိမ်နှင့် အူလမ်းကြောင်းကို ရောက်ရှိပြီး

www.burmeseclassic.com

www.burmeseclassic.com

ရောဂါကူးစက်ခြင်း ဖြစ်ပါသည်။ Fae-cal-oralroute ဟုခေါ် မါသည်။

မြန်မာနိုင်ငံမှာ ၁၉၇၀-၈၀ ဝန်းကျင်လောက်က အထက်အညာက မြို့ကြီး တစ်မြို့မှာ လူပေါင်းမြောက်မြားစွာ ကပ်ရောဂါအသွင် အသည်းရောင်အသားဝါ 'အေ'ရောဂါ ဖြစ်ခဲ့ကြဖူးပါသည်။ ရောဂါကူးစက်မှု၏ အရင်းခံကတော့ သူတို့သောက်သုံးကြသော ရေထဲမှာ အသည်းရောင်အသားဝါ 'အေ' ပိုးပြန့်ပွားမှုကြောင့်ပါပဲ။

အစားအသောက် ပြင်ဆင်ပေးသူများ၊ ရောင်းချသူများ၏ တစ်ကိုယ်ရည်သန့်ရှင်းမှု အားနည်းချက်များ၊ အသီးအနှံစိုက်ပျိုးရာမှာ မစင်ကို မြေဩဇာအဖြစ် အသုံးပြုခြင်းတို့မှာ ရောဂါပြန့်ပွားခြင်း၏ အခြေခံဖြစ်ပါသည်။

အသက်(၅)နှစ်ကနေ (၁၄)နှစ်အထိ အဖြစ်များပါသည်။ အသည်းရောင် 'အေ' ပိုး စတင်ဝင်ရောက်ပြီး (၁၅)ရက်မှ ရက်(၅၀)အတွင်းမှာ ရောဂါလက္ခဏာများ စတင် ပေါ်ပေါက်လာတတ်ပါသည်။ ရုတ်တရက် အသည်းရောင်ခြင်း၏ လက္ခဏာများဖြစ်သော မအီမသာဖြစ်ခြင်း၊ ကိုယ်လက် ညောင်းညာခြင်း၊ ပျို့အန်ခြင်း၊ အနည်းငယ်ဖျားခြင်းအစားအသောက်ပျက်ခြင်း၊ ခံတွင်းပျက်ခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့် ဝေဒနာများကို စတင်ခံစားရပါသည်။

(၃)ရက်လောက် ကြာသော အခါ မျက်လုံး ဝါလာခြင်း၊ အသားဝါလာခြင်း၊ ဆီးအရောင်ရင့်လာခြင်း၊ ညာဘက်နံစောင်းက အောင့်ခြင်းမျိုး ပေါ်လာပါသည်။ ထိုသို့ အသားဝါသည့် အဆင့်ကို ရောက်လာပြီဆိုလျှင်တော့ အရေးကြီးသည့် အခြေအနေမျိုးပါ။ အသည်းရောင်ရမ်းမှုမှာ ဆိုးရွားပြီး အသည်း အလုပ်မလုပ်သည့်အဆင့် (Acute Liver Failure) ရောက်ရှိသွားပြီဖြစ်၍ အရေးပေါ် ဆေးရုံတက်ပြီး စနစ်တကျ ဆေးကုသမှု ခံယူရပါမည်။ ၎င်းအဆင့်မှာ အသက်အန္တရာယ်စိုးရိမ်ရပါသည်။

ထိုသို့ ရောဂါလက္ခဏာ ဆိုးရွားလာမှု မရှိလျှင်တော့ မျက်လုံးဝါခြင်း၊ အသားဝါခြင်းတို့မှာ တဖြည်းဖြည်း သက်သာလာတတ်ပါသည်။ ထိုအချိန်မှာ တစ်ကိုယ်လုံး ယားယံလာတတ်ပါသည်။ အသည်းရောင် 'အေ' ရောဂါ၏ ထူးခြားသော လက္ခဏာပါပဲ။

အသည်း၏အတွင်းမှာ သည်းခြေပြန်ငယ်လေးမျိုး ရောင်ရမ်းရာကနေ ပိတ်ဆို့မှုများဖြစ်၍ သည်းခြေဆားတို့မှာ သွေးထဲမှာ ပျံ့နှံ့ပြီး ခန္ဓာကိုယ်တစ်ရှူးများထဲ စုပုံသွား၍ ဖြစ်ပါသည်။

အသားဝါပြီး၍ တစ်ပတ်ကနေ လေးပတ်အတွင်းမှာ ရောဂါမှာ သိသိသာသာ သက်သာလာတတ်ပါသည်။ ရောဂါသက်သာလာသော အခြိန်မှာ ခံတွင်းလည်းပြန်ကောင်းလာပြီး အစားအသောက် ပြန်စားလာနိုင်ပါသည်။ အားအင်ကုန်ခန်းခြင်း၊ နုံးခွေခြင်း၊ မအီမသာဖြစ်ခြင်းများကတော့ သိတင်း ပတ် အနည်းငယ်ကြာမှ တဖြည်းဖြည်း သက်သာလာတတ်ပါသည်။

အသည်းရောင် 'အေ' ပိုး၏ အဓိကအားသာချက်ကတော့ အသည်းပြန်ကောင်းလာသည့်အခါ လုံးဝပကတိ အခြေအနေအထိ ကောင်းလာပြီး နောက်ဆက်တွဲရောဂါများ လုံးဝဖြစ်ပွားခြင်း မရှိပါ။

အသည်းရောင် 'အေ' ပိုးကြောင့် အသည်းခြောက်ခြင်း၊ နာတာရှည် အသည်းရောင်ခြင်း၊ အသည်းကင်ဆာ ဖြစ်ခြင်းတို့ လုံးဝမရှိပါ။ တစ်ခါ ရောဂါဖြစ်ပွားပြီးလျှင်လည်း နောက်ထပ် အသည်းရောင် 'အေ' ရောဂါ ထပ်မဖြစ်နိုင်အောင် ပြည့်စုံသည့်ကိုယ်ခံစွမ်းအားစနစ်ကို ပေါ်ပေါက်စေပါသည်။

တစ်သက်တာကာကွယ်မှု ရရှိ၍ အသည်းရောင် 'အေ' ရောဂါ ကာကွယ်ဆေးလည်း ထပ်ထိုးပေးစရာမလိုတော့ပါ။

အသည်းရောင်အသားဝါ 'ဘီ' ရောဂါပိုးမှာ ရောဂါရှိသူတစ်ဦးကနေ တခြားတစ်ဦးကို ကူးစက်ပြန့်ပွားခြင်း ဖြစ်ပါသည်။ ရောဂါပိုး သယ်ဆောင်ထားသူ၏ သွေး (သို့မဟုတ်) ချွေး၊ တံတွေး၊ ဆီး၊ သုတ်ရည်မှ တစ်ဆင့် ခန္ဓာကိုယ်ထဲကို ရောက်ရှိနိုင်သကဲ့သို့ သွေးသွင်းခြင်း၊ ဆေးထိုးခြင်း၊ နားဖောက်ခြင်း၊ ဆေးမင်ကြောင်ထိုးခြင်း၊ သွားနှုတ်ခြင်း၊ ခွဲစိတ်ခြင်းများ ပြုလုပ်ရာမှာ ဝိုင်းရပ်ပိုး သေချာ သန့်စင်ထားခြင်း မရှိသော ပစ္စည်းကိရိယာများကို အသုံးပြုမိရာကတစ်ဆင့် ကူးစက်နိုင်ပါသည်။

ထို့အပြင် ရောဂါပိုးရှိနေသော မိခင်က ကိုယ်ဝန်ဆောင်စဉ်မှာ ရင်သွေးငယ်ကိုကူးစက်နိုင်သလို မွေးဖွားရာမှာလည်း သွေးနှင့်ထိမိပြီး ကူးစက်နိုင်ပါသည်။

မူးယစ်ဆေးဝါး အကြောထဲထိုးသည့်လူများမှာ ဆေးထိုးအပ်ကို တစ်ဦးနှင့်တစ်ဦး မျှဝေပြီး ပူးတွဲအသုံးပြုကြ၍ ကူးစက်နှုန်းအလွန်များပါသည်။

ရောဂါပိုးရှိသူနှင့် လိင်တူ၊ လိင်ကွဲ ဆက်ဆံမှုကတစ်ဆင့် ရောဂါကူးစက်ခံရသူများ ရှိပါသည်။ လိင်တူ ဆက်ဆံမှု ပြုသူများ၊ စအိုမေထုန်မှီဝဲသူများမှာ ပိုပြီး ကူးစက်မှုများတတ်ပါသည်။ အကာအကွယ်ပစ္စည်း ကွန်ဒုံးသုံးသည်တို့

www.burmeseclassic.com

www.burmeseclassic.com

အသုံးပြုလျှင်တော့ ကူးစက်မှု နည်းနိုင်ပါသည်။

မကြာခဏ သွေးသွင်းကုသနေရသော မွေးရာပါ သွေးအားနည်း ရောဂါဝေဒနာရှင်များနှင့် တျောက်ကပ်မကောင်း၍ စက်ကိရိယာတို့နှင့် သွေးသန့်စင်ပေးနေရသူများမှာလည်း ရောဂါကူးစက်မှုများတတ်ပါသည်။

ခန္ဓာကိုယ်အစိတ်အပိုင်း အစားထိုး ကုသရသည့်အခါမှာ ရောဂါပိုးရှိသူ၏ အစိတ်အပိုင်းကို အသုံးပြုမိလျှင် ကူးစက်နိုင်ပါသည်။

အနောက်နိုင်ငံများ၏ သုတေသနပြုချက်အရ ဤကဲ့သို့ ခန္ဓာကိုယ် အစိတ်အပိုင်း အစားထိုးကုသသူများမှာ သာမန်စစ်ဆေးမှုနှင့် မသိနိုင်သော (Occult Hepatitis B) ဘီရောဂါပိုး ကူးစက်နေသူ (၃၀)ရာခိုင်နှုန်းက (၅၀) ရာခိုင်နှုန်းခန့်အထိ ရှိနေသည်ကို တွေ့ရပါသည်။

ရောဂါပိုးရှိနေသူကို ထိတွေ့ဆက်ဆံရသော ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးကျောင်းသားများမှာ ရောဂါကူးစက်နိုင်သော အလားအလာ အလွန်များပါသည်။ ခွဲစိတ်ဆရာဝန်များ၊ သွားဆရာဝန်များ၊ ကျောက်ကပ်သန့်စင်သော စက်ကိရိယာဌာနမှာ လုပ်ကိုင်နေရသူများ၊ ကင်ဆာရောဂါနှင့်ကိုယ်ခံအားကျ ရောဂါကုသရေးဌာနမှာ လုပ်ကိုင်နေရသူများမှာ ပိုပြီးအန္တရာယ်ကြီးမားပါသည်။ ဆေးထိုးအပ်နှင့် မတော်တဆ စူးမိသွားတာ၊ ခွဲစိတ်စား ချုပ်အပ်နှင့် စူးမိတာ၊ အရေပြားပွန်းပဲ့ဒဏ်ရာက တစ်ဆင့် ကူးစက်မှုများပါသည်။

ထို့အပြင် သွေးမသွင်းဖူး၊ ခွဲစိတ်ခံရဖူး၊ ဆေးမထိုးဖူးဘဲနှင့် ရောဂါပိုး ရှိသူနှင့် အတူတကွပူးတွဲ နေထိုင်ရာကလည်း ကူးစက်နိုင်ပါသည်။

အာဖရိကနှင့် အရှေ့တောင်အာရှဒေသကဲ့သို့ ရောဂါပိုး သယ်ဆောင်သူ များပြားသည့်နေရာများမှာ သွားပွတ်တံ၊ မုတ်ဆိတ်ရိတ်ဓား၊ ပန်းကန်ခွက်ယောက်၊ ဇွန်း၊ သောက်ရေခွက်၊ အလှပြင်ပစ္စည်းကိရိယာများ၊ တစ်ကိုယ်ရေ သန့်ရှင်းမှု ကိရိယာများကို အတူတကွ သုံးဆောင်ရာမှလည်း ကူးစက်နိုင်ပါသည်။

ကလေးငယ်များကို ချစ်စဖွယ် နမ်းရှုပ်မှုပြုခြင်း၊ မူကြိုကျောင်းများမှာ အတူတကွ နေထိုင်စားသောက်ခြင်းများမှလည်း ကူးစက်နိုင်ပါသည်။

အသည်းရောင်အသားဝါရောဂါ 'ဘီ' ပိုးရှိသူတစ်ယောက်မှာ အသည်းခြောက်ရောဂါ၊အသည်းကင်ဆာရောဂါ ဖြစ်ပွားဖို့ အလားအလာ အမြဲရှိနေပါသည်ဟုယူဆရပါသည်။အသည်းရောင်အသားဝါ 'ဘီ'ပိုး မရှိသူတစ်ယောက်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ဘီရောဂါပိုးရှိသူမှာ အသည်းကင်ဆာဖြစ်ဖို့ အနေအထား အဆပေါင်း (၁၈၀)လောက် ပိုများသည်ကို တွေ့ရပါသည်။

ဘယ်အချိန်မှာ ဖြစ်လာမည် ဆိုသည်ကို အတိအကျပြောဖို့ခက်သော်လည်း တစ်ချိန်ချိန်မှာ ဖြစ်လာနိုင်သည် ဆိုတာကိုတော့ သိထားသင့်ပါသည်။

ဘီရောဂါပိုးရှိသူ တစ်ယောက်၏ ဖြစ်စဉ်မှာ အလွန်ပဲ မှန်းဆရခက်ပါသည်။ တချို့ပျောက်ချိန်တန်ပြီး ရောဂါပျောက်သွားသူများလည်း ရှိပါသည်။ ဘီပိုးသယ်ဆောင်ထားပြီး နှစ်ပေါင်းများစွာ ဘာရောဂါလက္ခဏာမှမပြဘဲ နေကောင်းနေသူလည်းရှိပါသည်။ တချို့ကတော့ ဘီပိုးစတွေ့ပြီး တစ်နှစ်၊ နှစ်နှစ် အတွင်းမှာပဲ အပြင်အဆင် အသည်းရောင်ရောဂါရသူများအသည်းကင်ဆာဖြစ်သူများလည်း တွေ့ရပါသည်။ တချို့လည်း နှစ်ပေါင်းများစွာကြာမှ နာတာရှည် အသည်းရောင်ခြင်း အဆင့်ကို ကူးပြောင်းခြင်းရှိပါသည်။

တချို့ကျပြန်တော့ အသည်းကင်ဆာဖြစ်တော့မှ ဘီပိုးရှိမှန်း သိကြရသူများပင် ရှိပါသည်။ တစ်ယောက်နှင့် တစ်ယောက် ဘီပိုးကူးစက်ပုံ၊ ဘီပိုး၏ မျိုးကွဲမျိုးစိတ်များပေါ်မှာမူတည်ပြီး ဖြစ်နိုင်သလို လူတစ်ဦးချင်းစီ၏ ကိုယ်ခံအား စနစ်ပေါ်မှာလည်း မူတည်နေကြောင်း တွေ့ရပါသည်။

ကျွန်မတို့ ဗုဒ္ဓဘာသာ တရားတော်အရဆိုရင် သတ္တဝါတွေတစ်ဦးနှင့် တစ်ဦး ကံကြွေး ဝဋ်ကြွေးများ မတူညီကြသလို အကျိုးပေးချင်းလည်း မတူညီနိုင်ပါ။

တစ်ခါတစ်ရံမှာတော့လည်း ဘီပိုးနှင့်အတူတွဲပြီးဖြစ်သော ရောဂါများ ဥပမာအားဖြင့် ဘီပိုးနှင့် စီပိုးတွဲလျက်ဖြစ်ခြင်း၊ HIV ပိုးနှင့်တွဲလျက်ဖြစ်ခြင်း၊ Delta Virus ပူးတွဲရှိနေခြင်း၊ အရက်ကြောင့် အသည်းရောင်ရောဂါရှိနေခြင်း၊ အသည်းအဆီဖုံး အသည်းရောင်ရမ်းခြင်းတို့နှင့် တွဲလျက်ဖြစ်ခြင်း၊ အသည်းကို ထိခိုက်စေသောဆေးဝါးများ ဥပမာအားဖြင့် (အဆုတ်တီဘီ ရောဂါတိုက်ဖျက်နေဆေးဝါး)၊ အသည်းကို ပျက်စီးစေသော ဆိုးဆေးများ၊ မှိုများ၊ အသည်းထဲမှာ သံဓာတ်များစုပုံနေခြင်း၊ သံဓာတ်ပါသော အစားအစာ၊ လုပ်ငန်းခွင်သုံး ဓာတုပစ္စည်းများ စားမိခြင်း အစရှိသည်တို့ကလည်း နာတာရှည်အသည်းရောင်ခြင်း အဆင့်ကနေ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာ ဖြစ်ခြင်းတို့မှာ

www.burmeseclassic.com

www.burmeseclassic.com

ပါဝင်ပတ်သက်နေသော အကြောင်းအရာများပဲ ဖြစ်ပါသည်။

ဤကဲ့သို့ သိထားပြီဆိုလျှင် ဘီပိုး ကူးစက်ခံထားရသူ တစ်ယောက် အနေနှင့် နောက်ဆက်တွဲ ဘေးများဖြစ်လာနိုင်သလဲဆိုသည်ကို မှန်းဆကြည့်နိုင်ပါသည်။

အသည်းရောင်'စီ'ရောဂါပိုးမှာ ပလာဗီဗိုင်းရိဒေး(Flaviviridae)ဟုခေါ်သော ဗိုင်းရပ်စ်ပိုးတစ်မျိုး ဖြစ်ပါသည်။ သူတို့မှာ ဘီပိုးနှင့်မတူသော RNA Virus တစ်မျိုးဖြစ်ပါသည်။ တစ်ကမ္ဘာလုံးမှာ နာတာရှည်စီရောဂါပိုး သယ်ဆောင်ထားသူ အရေအတွက် (၁၇၅)သန်းလောက် ရှိပါသည်။ ကျွန်မတို့နိုင်ငံမှာလည်း ဘီပိုးပြီးလျှင် စီပိုးကူးစက်ခံနေရသူများ အတော်များများလာကြောင်း တွေ့ရပါသည်။ ရောဂါဖြစ်ပွားနှုန်း အတိအကျဆိုတော့ လေ့လာသုတေသနပြုနေကြဆဲပါ။

အသည်းရောင်စီပိုးသည် ဘီပိုးကဲ့သို့ပင် ရောဂါပိုးရှိသူ၏ သွေး၊ ချွေး၊ တံတွေး၊ သုက်ရည်- မိန်းမကိုယ်က ထွက်သော အရည်များကတစ်ဆင့် ကူးစက်နိုင်ပါသည်။ အထူးသဖြင့် HIV ပိုးနှင့် ယှဉ်တွဲကူးစက်သည်ကို တွေ့ရပါသည်။

မူးယစ်ဆေးဝါး အကြောထဲထိုးရာမှာ တစ်ယောက်နှင့် တစ်ယောက် ဆေးထိုးအပ်တစ်ချောင်းတည်းကို အတူသုံးစွဲရာကတစ်ဆင့်ကူးစက်ခြင်း၊ လိင်ဆက်ဆံရာမှာ တစ်လင်တစ်မယားစနစ်မဟုတ်ဘဲ ပျော်ပါးဖော်များသည့် လူများမှာ အဖြစ်များသည်ကို တွေ့ရပါသည်။ လိင်ဆက်ဆံမှု နည်းပါးသည့် အသက် (၁၆) နှစ်အောက် ကလေးသူငယ်များမှာ အသည်းရောင်စီပိုး ဖြစ်ပွားမှုမှာ အလွန်နည်းပါးသည်ကို သတိပြုမိပါသည်။

မိဘနှစ်ပါးကနေ မွေးဖွားလာသောကလေးကိုကူးစက်နှုန်းမှာအတော်များလာကြောင်း သုတေသနမှတ်တမ်းများက ဆိုပါသည်။ မိခင်ဖြစ်သူမှာ စီရောဂါပိုးရှိနေပြီး ဝိုင်းရပ်ပိုးပမာဏလည်း များနေမည်ဆိုလျှင် ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားစဉ်ကာလများမှာ ရင်သွေးငယ်ဆီကို ရောဂါကူးစက်နိုင်ပါသည်။

ဤသို့ကူးစက်နှုန်းသည် မိခင်မှာ ကိုယ်ခံအားကျသောရောဂါပိုး HIV ပိုးရှိလျှင် ပိုဆိုးပါသည်။ ကိုယ်ဝန်အရင့်အမာဖြစ်မှ စီပိုးကူးစက်ခံရသည်ဆိုလျှင်လည်း ကူးစက်နှုန်းပိုများသည်ကို တွေ့ရပါသည်။ သို့သော်လည်း မိခင်နို့ရည်ကနေတစ်ဆင့် ရောဂါပိုးကူးစက်မှုကတော့ အလွန်နည်းပါးသည်ကို တွေ့ရပါသည်။

သွေးသွင်းခြင်းအပြင် သွေးကတစ်ဆင့် ထုတ်ယူထားသော သွေးရည်ကြည်၊ သွေးခဲဓာတ်ပစ္စည်းတို့မှာ စီရောဂါပိုးပါလျှင်လည်း၊ ကူးစက်နိုင်ပါသည်။ သွေး ခဏခဏသွင်းရသည့် သွေးအားနည်းရောဂါသည်များ၊ကျောက်ကပ် အလုပ်မလုပ်နိုင်၍ သွေးလှည့်သန့်စင်ပေးရသော လူများမှာလည်း ရောဂါကူးစက်မှုနှုန်း များပါသည်။

တစ်ကမ္ဘာလုံးမှာ မသန့်ရှင်းသော သွေးကြောင့် တစ်နည်းအားဖြင့် သွေးလှူဒါန်းသူ (Blood Donors) များ၏ (၂)ရာနှုန်းမှာ စီပိုးသယ်ဆောင်ထားသူများ ဖြစ်သည်ဟု သုတေသနမှတ်တမ်းများအရသိရပါသည်။ သန့်စင်အောင် ပိုးသတ်မထားသည့် ဆေးထိုးအပ်တို့နှင့် အသားအေး၊ အကြောဆေးသွင်းမိခြင်း၊ ခွဲစိတ်ကိရိယာ မသန့်စင်ခြင်း၊ နားဖောက်ခြင်း၊ အပ်စိုက်ကုသခြင်းတို့ကတစ်ဆင့် ကူးစက်ခံရနိုင်ပါသည်။

ရောဂါပိုးရှိသည့်လူနာ၏ သွေး၊ စွန့်ပစ်အညစ်အကြေး၊ တံတွေး စသည်တို့နှင့် ထိမိ ကိုင်မိလျှင်လည်း ရောဂါကူးစက်နိုင်ပါသည်။

အသည်းကြွပ်သည်ဆိုသည်မှာ အသည်းထဲမှာ အမာရွတ်လေးများဖြစ်တာ များလာပြီး အသည်းမျက်နှာပြင်မှာ မြူတ်ထသလို ဖြစ်လာပါသည်။ အသည်းမှာ နဂိုအတိုင်း ပျော့ပျော့ပျောင်းပျောင်းမရှိတော့ဘဲ မာကြွပ်လာတာကို ပြောတာပါ။ တချို့ကလည်း အသည်းခြောက်သည်ဟုလည်း ပြောကြပါသည်။ အင်္ဂလိပ်လို Cirrhosis ဟုခေါ်တာပါ။

အသည်းကြွပ်ခြင်း၏အကြောင်းများကတော့ အများကြီးပင်။ အများဆုံးကတော့ အသည်းရောင် အသားဝါရောဂါနှင့်အရက်ကိုကြာရှည်စွာသောက်သုံးကြသူတို့မှာ အဖြစ်များကြပါသည်။ နာတာရှည် အသည်းရောင်ရောဂါ ဘီနှင့်စီ အမျိုးအစားတို့မှာ အသည်းကြွပ်စေနိုင်ပါသည်။

ထို့အပြင် အသည်းထဲမှာ မွေးရာပါ ဓာတ်ပစ္စည်းချို့တဲ့ယွင်းမှုကြောင့် ကော့ပါးဓာတ်၊ သံဓာတ်တို့ စုပုံပြီး အသည်းခြောက်တာလည်း ရှိပါသည်။

သည်းခြေပြွန်လမ်းကြောင်းမှာ အနယ်အနှစ်ကျောက်တို့နှင့် ပိတ်ဆို့ပြီး အသည်းရောင် အသည်းကြွပ်ခြင်းများလည်း ရှိတတ်ပါသည်။ တချို့ဆေးဝါးများ၊ အစားအသောက်မှာပါသော ဓာတုများ၊ လုပ်ငန်းသုံး ဓာတုပစ္စည်းများကလည်း အသည်းကို ထိခိုက်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နှလုံးကြောင့်ဖြစ်သော နှလုံးအမြွှေပါးရောင်ရောဂါ၊ သွေးကြောပိတ်ရောဂါ၊ ထိုသို့သောရောဂါများမှာလည်း အသည်းထဲမှာ သွေးလျှံပြီး အသည်းရောင် အသည်းကြွပ်စေနိုင်ပါသည်။ ကိုယ်ခံအား ဖောက်ပြန်သော ရောဂါများမှာလည်း အသည်းကြွပ်ရောဂါနှင့် ဆက်စပ်မှုရှိပါသည်။

တစ်ခါတလေ အသည်းအဆီဖုံးရောဂါကနေ အသည်းကြွပ်ရောဂါအထိ ပြောင်းလဲသွားသည်များလည်း ရှိတတ်ပါသည်။ ဘာအကြောင်းမှ ရှာမရတဲ့နှင့် အသည်းကြွပ်ခြင်းကိုလည်း တွေ့ရတတ်ပါသည်။ အသည်းကြွပ်ခြင်းကို မဖြစ်အောင် ကြိုတင်ကာကွယ်နိုင်လျှင်တော့ အကောင်းဆုံးပေါ့။

အသည်းရောဂါတို့ကို ထိထိရောက်ရောက် ပျောက်ကင်းအောင် ကုသမည်ဆိုလျှင် အသည်းကြွပ်သည့် အဆင့်အထိ မရောက်ရှိနိုင်တော့ပါ။

ယခင်ကဆိုလျှင် အသည်းခြောက်ပြီဆိုသောအခါ ပြန်ကောင်းမလာနိုင်တော့ ဟူ၍ ထင်ကြပါသည်။ ယခုအခါမှာတော့ အသည်းမှာရှိသော အမာရွတ်များကို ပြန်ကောင်းအောင် လုပ်နိုင်သော ဆေးဝါးများ စမ်းသပ်နေပြီဖြစ်၍ မကြာခင်မှာ အသည်းကြွပ်ရောဂါကို ပျောက်ကင်းအောင် ကုသနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

အရက်ကို နေ့စဉ်ရက်ဆက်နှစ်ရှည်လများ စွဲသောက်နေကြသည့် အရက်သမားများမှာ အသည်းခြောက်ရောဂါ (Cirrhosis Liver)အဖြစ်များ၍ အသည်းခြောက်ရောဂါဆိုလျှင် အရက်သမားများမှာပဲ ဖြစ်တတ်သည်ဟု ထင်မှတ်မှားနေကြပါသည်။ အသည်းရောင်ရောဂါ (Hepatitis) ဖြစ်ဖူးသူ အများသား၊ အမျိုးသမီးများသည်လည်း အသည်းခြောက်ရောဂါ ဖြစ်သွားတတ်ပါသည်။

အထူးသဖြင့် အသည်းရောင်အသားဝါရောဂါ ဘီဝိုင်းနှင့် ဒီဝိုင်း (Hepatitis 'B' Virus, 'D' Virus) ရှိသူများမှာ အသည်းခြောက်ရောဂါဖြစ်ဖို့ ရာနှုန်းများပါသည်။

ထို့အပြင် ထီစထရိုဂျင် (Oestrogen) ပါသည့် ကိုယ်ဝန်တားဆေး၊ စတီးရွိုက် (Anabolic Steroids) ပါသောဆေး၊ ကင်ဆာတိုက်ဖျက်သည့်ဆေးဝါး၊ တီဘီရောဂါ တိုက်ဖျက်ရေးဆေးများ စသည့် တချို့ဆေးဝါးများကို အချိန်ကာလရှည်ကြာစွာ စွဲသောက်ခြင်းများလာလျှင်လည်း အသည်းခြောက်ရောဂါ ဖြစ်လာတတ်ပါသည်။

တချို့ အာဟာရချို့တဲ့သူများမှာ နှစ်ကာလ ကြာလာလျှင် အသည်းခြောက်သွားတတ်သလို အသည်းခြောက်ရောဂါသည် တချို့ရောဂါများ ဇီးနောက်ဆက်တွဲအဖြစ် အခြေအနေဆိုးရွားပြင်းထန်လာသောအခါ၊ နာတာရှည်ဖြစ်သည်မှာ ကြာလာသောအခါမှာ ဖြစ်တတ်ပါသည်။ အသည်းခြောက်ရောဂါမှာ ဘယ်အသက်အရွယ်၌မဆို၊ ယောကျ်ား၊ မိန်းမ မရွေးဖြစ်နိုင်ပါသည်။

အသည်းခြောက်ရောဂါ ဖြစ်လာပြီဆိုလျှင် ထိုလူနာမှာ နံခွေသည်၊ အားနည်းသည်၊ မောပန်းလွယ်သည်၊ ကြွက်တက်တတ်သည်၊ ဝိန်ကျသွားသည်၊ ပြီးတော့ အသက်ရှူမဝသလို ခံစားရမည်၊ ပျို့အန်မည်၊ ရင်ပြည့်ရင်ကယ်ဖြစ်နေသလို ခံစားရတတ်ပါသည်။

အစပိုင်းမှာ အသည်းကြီးနေသည်ကို စမ်းသပ်မိပြီး နောက်ပိုင်းမှာ အသည်းခြောက်သွားခြင်း အလွန်အစားငယ်သွားသည်။ ထိုသို့ဖြစ်လျှင် အသည်းမှာက်နာခြင်းမှာ တစ်ခါတစ်ရံ အသားမှာ အနည်းငယ် ဝါလာတတ်ပါသည်။ ရေဖျဉ်းစွဲလာတတ်ပါသည်။

အသားဝါလာခြင်းနှင့် ရေဖျဉ်းစွဲခြင်း တော်တော်ခြင်းထန်လာလျှင် အသည်းပျက်စီးမှု များလာ၍ပင်။ ထိုအခါ ဖြင်နှစ်ဖက် နီရဲနေပြီး နှုတ်ခမ်းနှစ်လွှာကတော့ ပြာနှမ်းနှမ်း ဖြစ်လာတတ်ပါသည်။ ရင်ဘတ်ပေါ်မှာ အနီစက် အနီပြောက်လေးများ တွေ့ရတတ်ပါသည်။ ဆပင် ကျွတ်တတ်ပါသည်။ လိင်အင်္ဂါဆိုင်ရာ အပြောင်းအလဲတချို့လည်း တွေ့ရတတ်ပါသည်။ လိပ်ခေါင်းသွေးယိုတတ်ပါသည်။ သွေးလည်း အန်တတ်ပါသည်။ နာခေါင်းသွေးလျှံခြင်းမကြာခဏဖြစ်တတ်ပါသည်။ သွေးခြည်ဥကလေးများ တွေ့ရတတ်သလို ခန္ဓာကိုယ်မှာ သွေးကြောထုံးနေခြင်းများလည်း တွေ့ရတတ်ပါသည်။

"ဘေလုံး"ဟု အရပ်ကခေါ်ကြသော Spleen ရောင်ရမ်းလာပါသည်။ အသားအရေ မွဲခြောက်လာသည်မှာ သိသာသလို လက်ချောင်းတလေးစီမှာ ပုံပန်းသဏ္ဌာန်တစ်မျိုး ဖြစ်လာသည်ကို သတိထားကြည့်လျှင် သိနိုင်ပါသည်။

တချို့ ဦးနှောက်ကိုပါ ထိခိုက်လာပြီဆိုလျှင်တော့ ရောဂါအခြေအနေ အတော်ဆိုးရွားနေပါပြီ။

နှလုံးစိတ်ဝမ်း ပြင်းခွင်ကြောဝေ။

ဒေါက်တာနိုင်ဝင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

စွမ်းထက်သုံးဝင် တောင်လုံးကျွဲပင်

စိန်မေရီလွင်မိုး

"အနာနှင့်ဆေး တည့်အောင် ပေး ပျောက်ရေးမဲခက်ပေ" ဆိုသည့် အတိုင်း ဆေးပင်တစ်ပင်ကို ရောဂါ အမျိုးအစားအလိုက် အသုံးပြုပုံကို လေ့လာမှတ်သားရသည်။ ရောဂါနှင့် ဆေးပင်ကို တွဲ၍ သိဖို့ရန် လိုအပ်သည်။ "တန်ဆေး လွန်ဘေး" ဆိုသကဲ့သို့ ဆေးကို မလွန်အောင် ချင့်ချိန် သုံးတတ်ဖို့ လိုသည်။ သို့မှသာ လူသားတို့အတွက် အကျိုးဖြစ်ထွန်းမှာ ဖြစ်သည်။ "စကား သစ္စာ မှန်သောအခါကား ဩဇာလေး နက် ပေါ်ဆိတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏" ဆိုသည့် စကားမှာ မှန်ကန်သော သစ္စာစကား ဖြစ်သည်။

ရှေးဘိုးဘွား မြန်မာကြီးများသည် ဆေးနည်း ဆေးစွမ်းကောင်းများကို လူတိုင်း လူတိုင်း စိတ်ဝင်စားပြီး နှုတ်ငုံဆောင်နိုင်ကြစေရန်ဟူသော စေတနာမေတ္တာဖြင့် တေးထပ်၊ ဒုံးခွင်းစသည့် ကဗျာလင်္ကာများ ရေးဖွဲ့ကာ လူထုရှေ့မှောက်သို့ ရောက်အောင် စွမ်းဆောင်ခဲ့ကြသည်။ တစ်နည်းအားဖြင့် ဆေးနည်းဆေးစွမ်းကောင်းများကို ကဗျာလင်္ကာရေးဖွဲ့၍ မှတ်တမ်းပြုခဲ့ကြသည်။ အချို့မှာမူ သားစဉ်မြေးဆက် လက်ဆင့်ကမ်းပညာပေးရာတွင် သစ္စာဆိုကာ ပေးခဲ့သောကြောင့် နောင်လာနောက်သားများ မသိရှိနိုင်ဘဲ သေရွာသို့ ယူဆောင်သွားကြသည်များလည်း ရှိသည်။

စာရေးသူအနေဖြင့် ကိုယ်တွေ့ လက်တွေ့တို့ကို အတုယူအားကျကာ မိမိတို့၏ ကိုယ်တွေ့ လက်တွေ့ အသုံးပြုပြီးသော မြန်ဆေးမြီးတို့၊ ဆေးနည်း၊ ဆေးစွမ်းကောင်းများ ရင်းနှီးသော မိတ်ဆွေများ၏ ကိုယ်တွေ့ပြောပြချက်များ စာအုပ်စာပေ စာတမ်းများ၌ ဖတ်ရသော ဆေးနည်းများနှင့် ဆေးစွမ်းကောင်းများကို ဖတ်ရှုမှတ်သားခဲ့ရပါသည်။

မိမိ၏ ကိုယ်တွေ့နှင့် စာဖတ်သူတို့၏ အကျိုးများ စေရန် ရေးသားမှုဝေခွဲစိတ်များ ဖြစ်ပေါ်မိသည်။

ဆေးပင်တို့ကား စာရေးသူတို့ နေထိုင်သော ကမ္ဘာမြေကြီးပေါ်တွင် များပြားလှသည်။ သူ့အစွမ်း၊ သူ့သတ္တိနှင့် ဂုဏ်ရည်တို့ ရှိကြသည်။ လူသားတို့ကို အကျိုးပြုကြသည်။ နေ့တိုင်း ကြုံတွေ့ရမှုများ နက် ပေါ်ဆိတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏" ဆိုသည့် စကားမှာ မှန်ကန်သော သစ္စာစကား ဖြစ်သည်။

ထို့ကြောင့် တန်ဖိုးထားရန် လိုအပ်သည်။ ယုံမှ ကြည်မှာ ဖြစ်ခြင်းကြောင့် ယုံကြည်မှုရှိဖို့ လိုအပ်သည်။ နွယ်မြက်သစ်ပင်တို့သည် လူတို့အား အကျိုးပြုကြ၏။

ဤဆောင်းပါးတွင် ထူးခြားသော ဆေးပင် တစ်ပင်၏ အကြောင်းကို လက်တွေ့ပျောက်ကင်း ချမ်းသာခဲ့ရသည့် အတွက် ခုနစ်ရက်သားသမီးများ ကျန်းမာချမ်းသာစေရန် ရေးသားမှုဝေပေးခြင်း ဖြစ်သည်။

ဆေးပင်အမည်မှာ "တောင်လုံးကျွဲ" ဟု သိရသည်။ အချို့ အမည်ရင်းကိုမသိ ကင်ဆာရောဂါကို လက်တွေ့ ပျောက်ကင်းခဲ့သောကြောင့် ကင်ဆာဆေးပင် ဟုခေါ်ကြသည်။ အချို့အရပ်ဒေသအခေါ် အကြိတ်ကြေပင်ဟု ခေါ်ကြသည်။ စာရေးသူ လေ့လာစူးစမ်း၍ သိရသလောက် ရင်သားအကျိတ်များကို နှလျှင် မခွဲစိတ်ရဘဲ ကြိတ်ထောင်း၍ အုံပေး ရခြင်း။ အနည်းငယ်ထောင်း၍ တိုက်ကျွေးပေးခြင်းများ ပြုလုပ်ပေးလျှင် အတွင်းအကြိတ်နာများ သိသိသာသာ လျော့ကျ ပျောက်ကင်းခြင်းများကို သုံးစွဲသူကိုယ်တိုင် မြော်ကြား၍ သိခဲ့သည်။

ထို့ပြင် အဆိပ်ရှိသော အကောင်ကိုက်၍ ပွတ်ခြေးအုံပေးရာ အဆိပ်ကျဆင်းကြောင်းကိုလည်း ကြုံတွေ့ရဖူး

www.burmeseclassic.com

www.burmeseclassic.com

သည်။ ထို့ကြောင့် အများအားဖြင့် အဆိပ်ပြေပြင်ဟုလည်း ခေါ်ဝေါ်သုံးစွဲကြသည်။

ဆေးပင်၏ ပုံသဏ္ဌာန်မှာ ရိုးတံမာ၍ အကြောများဖြင့် တည်ဆောက်ထားသော ပင်ပျော့ချိုးဖြစ်၏။ အပင်၏ အခြင့်မှာ အများအားဖြင့် ငါးပေခွဲ ခြောက်ပေခန့်ထိ မြင့်တက်ပြီး နွဲ့နှောင်းကိုင်းညွှတ်သော အပင်ဖြစ်သည်။ အရွက်မှာ အိမ်းရင့်ရောင်ဖြစ်ပြီး အနည်းငယ်ဝိုင်း၍ ထိပ်ဝိုင်းတွင် ချွန်သည်။ အနားသတ်အထစ်ထစ် အတွန့်တလေးများပါရှိ၍ ခေါင်းရွက်ပင် အသေးစားအရွက်နှင့် ဆင်တူသည်။

ရေသုံးသော နေရာများတွင် တစ်တောင်ခန့် အမြင့်ရှင်ရှင်ကို ထိုးစိုက်ရုံမျှဖြင့် ရှင်သန်နိုင်သော်အပင် ဖြစ်သည်။ အရွက်မှာ အလွန်ကြွေခဲ၍ စိမ်းရွှင်ရွှင်နှင့် အနှံပြင်းပြသော အပင်ဖြစ်သည်။ အရွက်မှာ ရွက်ဆိုင်ထွက်သည်။ အပွင့်မှာ ပွင့်ခဲလှသည်။ ပွင့်လျှင် အပြူရောင်အဆုပ်လေးများ ပွင့်ပြီး အသီးမှာ စာရေးသူတို့ ငယ်စဉ်က ဝါးပြွတ်တန်ကလေးထဲထည့်၍ ဖောက်ကစားသော ဘောင်ဘောင်သီးနှင့် ဆင်တူ၏။

ဆေးပင်၏ ဂုဏ်သတ္တိကိုကြည့်လျှင် စပ်ဖျဉ်းဖျဉ်းရှိ၏။ လက်နှင့် ပွတ်ခြေလျှင် စေးခွဲ၏။ သလိပ်နှင့် လေကိုနိုင်၏။ ကြေကျွက်လွယ်၏။ အုပူနာများကို နိုင်နင်း၏။ ဆီးအောင့်နာ၊ သည်းခြေနာ၊ ဝမ်းတွင်းကလီစာနှင့် သက်ဆိုင်သော အနာများကို အကျိုးပြု၏။

ခန္ဓာကိုယ်တွင်း အကြိတ်အခဲများကို ရေအနည်းငယ်နှင့် ကြိတ်ထောင်း၍ စတီးဇွန်း နှစ်ဇွန်းခန့် တိုက်ကျွေး၍ ဆီးနှင့်သက်ဆိုင်သော အဖောအရောင်ရောဂါများကို လက်တွင်း တစ်ဆုပ်ခန့် သုံးခွက်တစ်ခွက်တင် ကျိုတိုက်ခြင်းဖြင့် ဆီးဖောဖောသွား၍ အဖောအရောင် လျော့ကျစေသည်။

စာရေးသူ၏ ကိုယ်တွေ့ကို တင်ပြရလျှင်-

လွန်ခဲ့သော ဆယ်ငါးနှစ်ခန့်က စာရေးသူတို့ တာဝန်ကျရာ ကွမ်းခြံကုန်းမြို့လေးသို့ မိသားစုပြောင်းရွှေ့ခဲ့ရသည်။ ထိုအချိန်တွင် သမီးငယ်မှာ ကိုးတန်းကျောင်းသူမျှသာ ရှိသေးသော်လည်း အချိန်ရှိသရွေ့ ကျန်းမာရေးမကောင်းပေ။

မိန်းကလေးတို့ သဘာဝ လစဉ် ပုံမှန်ရှိရမည့်အစား လာလိုက် ပျောက်လိုက် နှစ်လခန့်ကျော်သွားလိုက်ဖြင့် ပုံမှန်ကျန်းမာရေးကို မရရှိပါ။ စာရေးသူလည်း သမီးငယ်သေး၍ မမှန်သေးတာဖြစ်မည်။ ဖြတ်တတ်သည့် သဘာဝရှိခြင်းကြောင့်ဟုဆိုကာ သာမန်တိုင်းရင်း သွေးညှဆေးနှင့် တဇောင်းလက်ပတ်ဆေးတို့ကိုသာ တိုက်ကျွေးခဲ့သည်။

သို့သော် အခြေအနေမှာ မထူးခြားလာပါ။ နောက်ပိုင်းတွင် ဝမ္မတာထိန်ကျန်ခြင်းများ မရှိတော့ဘဲ မျှားများလာ၍ တော်ရုံဖြင့် မပြီးတတ်တော့ပေ။ တစ်လနှင့် တစ်လ ရာသီသွေးမှာ ထရစပ်ဖြစ်ပြီး ရက်ခြားလျှင် သုံးရက်ခန့်သာရှိသည်။

ထို့ကြောင့် သမီးကို ကောင်းနိုးရာရာ အမည်ရတိုင်းရင်းဆရာများနှင့် ကုကြည့်သည်။ ဓာတ်စာများလည်း တွေ့သည်။ လစဉ်တိုင်းပင် လိုအပ်လျှင်လိုအပ်သလို နီးစပ်ရာဆေးခန်းဆေးခန်းတွင် အကြောဆေးသွင်းခြင်း သောက်ဆေးထိုးဆေးများဖြင့် တုသမ္မခဲယူခြင်းများ ပြုလုပ်သော်လည်း သမီး ဆယ်တန်းနှစ်ရောက်သည်အထိ သက်သာပျောက်ကင်းခြင်း အလျဉ်းမရှိပေ။ ထောင်းမှာထည်း ပျက်ရက်များသောကြောင့် ကျောင်းခေါ်ခွင့် မပြည့်မီဝ။ သက်သာသလိုရှိသော နေ့များ၌ ကျောင်းသွားတက်ပြန်ရင်လည်း လူပ်ရှားလိုက်သည်နှင့် ရေသွန်သတဲ့သို့ ထွက်ကျပြန်သည်။

ထိုအခါ ကျန်းမာရေး ဗဟုသုတနှင့် မပြည့်စုံသော ဆရာမများကြားတွင် ဘာလိုလို ဝေဖန်ခံခဲ့ရသေးသည်။ ထို့ကြောင့် ရန်ကုန်မြို့သို့ ခေါ်လာ၍ မီးယပ်အထူးကုနှင့် ပြသသောအခါ (အာထရာဆောင်း)ရိုက်ကြည့်ရာမှ သားအိမ်တွင် ရေအိတ်နှင့် အကျိတ်ရှိနေကြောင်း သိလိုက်ရသည်။

ထို့ကြောင့် ဆရာဝန်ကြီးအား ဆယ်တန်းစာမေးပွဲ မဖြေခင် ခွဲ၍ရလျှင် ခွဲထုတ်ပေးပါရန် ဆွေးနွေးကြည့်သော အခါ ယခုလိုသေးကြောင်း၊ လိုအပ်လျှင် ခွဲပေးမည့်အကြောင်း၊ ယခုပေးသည့် သွေးအားဖြည့်ဆေး ခေါ်(တော့ဟီးမား)ကိုသာ တစ်နေ့-တစ်ပုလင်း တိုက်ရမည့်အကြောင်းပြောပြီး (၁၅)ရက် တစ်ခါ ပြန်ပြရန် ပြောသည်။ ထိုခါ သမီးငယ်မှာ ဆင်းသက်သွေးကို အားထပ်ဖြည့်ရုံမှလွဲ၍ အိပ်ရာထဲတွင် တစ်ချိန်လုံး နေနေခဲ့ရသည်။ ထိုသို့နေရင်းနှင့်ပင် သမီးမှာ ဆယ်တန်းစာမေးပွဲကြီး တစ်နှစ် လက်လွတ်ဆုံးရှုံးခံလိုက်ရသည်။

တစ်နေ့တွင် စာရေးသူတို့ နေထိုင်သော ကွမ်းခြံကုန်းမြို့နယ် မိခင်နှင့်ကလေးဥက္ကဋ္ဌဆရာမ ခေါ်သောင်းမိုး အဖွဲ့၏ ရုံးခန်းနောက်တွင် စိုက်ပျိုးထားသော 'တောင်လုံး' ကျော်ပင်မှ အရွက်ကိုထောင်း၍ တိုက်ရန်အကြံပြုလာသည်။

ငင်းရုံးရှေ့ရှိ ကွမ်းယာဆိုင်မှာ ညီမတစ်ဦးသည်လည်း ထိုကဲ့သို့ သားအိမ်အလုံးဖြစ်ရာ ဆရာဝန်မှာ တစ်လ အနားယူအားပေးပါ။ တစ်လပြည့်လျှင် ပြန်ပြ၊ လိုအပ်သော စစ်ဆေးမှုများပြုလုပ်ပြီး ခွဲရမည်ဟု ပြောလိုက်သည်။ ထိုညီမငယ်မှာ ငွေရေးကြေးရေးကလည်း အခက်အခဲရှိနေပြန်၊ ဆိုင်ပိုင်ဆား

www.burmeseclassic.com

ဥ၌ အရဟံ မေတ္တာ လာဘံ

နတ်မျက်စိ ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ။ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုဇ္ဆာလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ။ ထိရောက်သော ယတြာများဖြင့် (၂၅)နှစ် တိုင်တိုင် ကူညီဆောင်ရွက်ပေးလျက် ရှိသည်။

အောင်မြင်သူတို့ ဆုံကြရာ

ဟောခန်းတည်နေရာ ➳ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
လမ်းညွှန် ➳ အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီးပြီး ဆယ်မိုင်ကုန်းစျေးမှတ်တိုင်တွင် ဆင်းပါ။
ဟောပြောချိန် ➳ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။
ဆက်သွယ်ရန် ဖုန်း ➳ ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇ ။
မှတ်ချက် ➳ *ဖုန်းဖြင့် ကြိုတင်တိုက်ယူပါ။* ကျေးလူးတင်ပါသည်။

ရလျှင်လည်း စားဝတ်နေရေးက အစဉ်မပြေလှသောကြောင့် အင်မတန် စိတ်ညစ်နေရသည့်အချိန် ဖြစ်ချင်ရာဖြစ် စမ်းသောက်ကြည့်မည်ဟုဆိုကာ တစ်နေ့နှစ်ကြိမ် ရေနွေးသောက် ပန်းကန်လုံးနှင့် တစ်ဝက်နီးပါး ကြေကြေလေးထောင်း၍ သောက်ကြည့်ရာ (၁၅)ရက်ခန့်သောက်ပြီး နေရထိုင်ရသည်မှာ ပေါ့ပါး၍ တစ်လပြည့် မြန်မြသောအခါ အလုံးမှာ သေးသေးမျှသာ ရှိသောကြောင့် ဆရာဝန်များ မျက်စိလည်ခဲ့ရသည်။

ဆရာဝန်မှ "ဘာဆေးတွေ သုံးသေးလဲ" ဟု မေးရာ လူနာမှ အမှန်အတိုင်း ပြောပြလိုက်သောကြောင့် ခွဲစိတ်ရန် မလိုအပ်တော့ကြောင်း၊ ၎င်းအတိုင်း ဆက်လက် သုံးစေပြီး ရက်ချိန်းမှန်မှန်သာ လာပြရန် ပြောခဲ့သည်။ နောက်ပိုင်း ကွမ်းယာရောင်းသော ညီမလေးမှာ လုံးဝ ပျောက်ကင်းနေကြောင်း သိရသည်။ စာရေးသူမှာလည်း ရှေ့မှာ လက်တွေ့သာဓက ရှိထားသောကြောင့် သမီးကို ယုံယုံကြည်ကြည်ဖြင့် ဆေးရွက်ကို လက်တစ်ဆုပ်ခူး၊ ရေစင်အောင် ဆေးကြော၍ ထောင်းကာ မနက်ကို လက်ဖက်ရည် အကြမ်းပန်းကန်နှင့် တစ်ဝက်နီးနီး ညကိုလည်း ထိုနည်းအတိုင်းပင် ထောင်း၍ အမြန်ပျောက်စေချင်သော ဆန္ဒဖြင့် သရဏဂုံရွတ်ခြင်း၊ သစ္စာပြုခြင်းများ ပြုလုပ်၍ တိုက်ကျွေးသည်။

၎င်း၏ ထူးခြားချက်မှာ ထုထောင်းပြီး၍ ပန်းကန်လုံးထဲသို့ ညှစ်ချရာတွင် ချွဲ၍ အပြင်လေနှင့် ထိတွေ့ပြီး ခဲသွားတတ်သည်။ ဝမ်းထဲသို့ မျိုချရာတွင် အပူအားများနေသော သူများအဖို့ လည်ချောင်းထဲ၌ စပ်ရှားရှားဖြစ်ပြီး ခေတ္တ ရင်ပူသည့်အတွေ့ကို ခံစားရသည်။ ထိုသို့ ရက်ဆက်သောက်သွားလျှင် ဝမ်းတွင်းအပူငြိမ်း၍ နောက်ပိုင်းသောက်လိုက်သည်နှင့် ရင်ထဲတွင် အေးငြိမ်းသွားသည်ကို ခံစားရသည်။

ထိုသို့ ရက်(၂၀)နီးပါးခန့် သမီးအား တိုက်ကျွေးပြီး ဆရာဝန်ထံသို့ ရက်ချိန်းပြန်ပြရာ အကျိတ်နှင့်အတူ သားအိမ်ရေအိတ်မှာ ကျုံ့၍ အလွန်သေးငယ်သွားကြောင်း သိရသည်။ ထိုမှ အားဆေးနှင့် အချိန်ခြား၍ ဆက်လက်တိုက်ပေးရာ ယခုအချိန်တွင် ပုံမှန်ကျန်းမာရေးကို ရရှိပြီး ပျောက်ကင်းချမ်းသာနေပြီ ဖြစ်သည်။

ထို့တူ စာရေးသူမှာလည်း အသည်းကြီး၊ အသည်းရောင်ရောဂါ ခံစားလာရသောကြောင့် ထိုကဲ့သို့မင် သောက်သုံးရာမှ သိသိသာသာ ပျောက်ကင်းခဲ့ကြောင်း မေတ္တာလောင်း၍ တင်ပြလိုက်ရပါသည်။

စိန်မေရီလွင်မိုး

❑

www.burmeseclassic.com

www.burmeseclassic.com

သွား

ကျန်းမာရေးနှင့် အစားအစာ

ဆေးဘက်ဆိုင်ရာသိပ္ပံ.

သွားကျန်းမာရေး ဟာ လူတိုင်း အတွက် အရေးကြီးတဲ့ မရှိမဖြစ် ကျန်းမာရေးပဲ ဖြစ်တယ်။

သွားတိုက်၊ သွားနာခြင်းကြောင့် အလုပ်ပျက်၊ အစားပျက်၊ အအိပ်ပျက် ခံစားဖူးကြလိမ့်မယ်။

လူတိုင်း နှစ်စဉ် နှစ်ကြိမ် သွား ဆရာဝန်နဲ့ ပြသပြီး သွားအတွက် အကြံဉာဏ် ရယူသင့်ပါတယ်။





ရှေ့သွားလုပ်မှုမှာ တတ်စွဲသဖွယ် အစာကို ကိုက်ဖြတ်ပေးတယ်။

အစွယ်သွားက အစာကို ထက်နဲ့ ဆုတ်ဖြဲသလို လုပ်ပေးတယ်။

အံသွားငယ်များက အစာကို တိုတ် ဖြဲခြင်း၊ ကွဲအက်သဖွယ် ကိုက်ချေခြင်း ပြုလုပ်ပေးတယ်။

အံသွားများက အစာကို ကြိတ်စက် သဖွယ် ခဲခြေပေးတယ်။

သွားရဲ့ လုပ်ရှားပုံ အရေးကြီးဆုံးက အစာကို ကြိတ်ခဲဖို့ဖြစ်ပြီး အစာကြေမွေ့ စေဖို့ ခြေပြစ်စေဖို့ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သွားရဲ့ပုံသဏ္ဌာန်ကို လေ့လာကြည့်ရင်း ယင်းရဲ့ ပုံသဏ္ဌာန်နဲ့ လုပ်ငန်းတာဝန်များကို ကိုက်ဖြတ်ခြင်း၊ ဆုတ်ဖြဲခြင်း၊ ခြေခြင်းနဲ့ ထုခြေကြိတ်ဝါးခြင်းများ ဆက်စပ်နေတာတွေ့ရတယ်။

သွားရဲ့ နောက်ဆက်တွဲ လူပ်ရှားမှုများမှာ စကားပြောရာမှာ တူညီခြင်း၊ မျက်နှာအမူအရာ ပြောင်းရာမှာ တူညီခြင်းနဲ့ ပါး၊ နှုတ်ခမ်းတို့ ပုံမှန်နေရာမှာ ရှိစေခြင်းက မျက်နှာအမူအရာ ထိန်းသိမ်းပေးပါတယ်။

(၁) သွားကျန်းမာရေးအတွက် **ရေပုံမှန် သောက်ရမယ်**။

အစာစားပြီးတိုင်း ပလုတ်ကျင်း၊ ရေသောက်စေခြင်းက သွားကြားမှာ ကပ်ငြိနေတတ်တဲ့ စားကြွင်းစားကျန်များ ကင်းစေတယ်။ တံတွေးရဲ့ ဂုဏ်သတ္တိက သွားပိုးစားပျက်စီးခြင်း ကာကွယ်ပေးတယ်။

(၂) **အချဉ်ဓာတ်ပါတဲ့ သစ်သီးဝလံများ** စားသုံးရမယ်။

လိမ္မော်သီး၊ စတော်ဘယ်ရီသီး အစရှိတဲ့ အချဉ်ဓာတ်ပါတဲ့ အသီးများဟာ သွေးကြောနဲ့ တစ်သျှူးများ ပိုမိုသန်စွမ်းနိုင်လို့ သွားနဲ့ သွားဖုံးအားများ ကျန်းမာ သန်စွမ်းစေပြီး သွားဖုံးရောင်ခြင်း တားဆီးကာကွယ်ပေးပါတယ်။

(၃) **ငါးစားပေးသင့်တယ်**။

အဆီဓာတ်ပိုတဲ့ ပင့်လယ်ငါး၊ တူနာ၊ ဆာဒင်းငါးတို့မှာ ဒီတာမင်ဒီနဲ့ ဖော်လင်းအက်စစ် ကြွယ်ဝတယ်။ သွားနဲ့ခံတွင်းကို ကျန်းမာစေနိုင်တယ်။

အရိုးပါစားသုံးနိုင်တဲ့ ငါးကလေးများနဲ့ ဆယ်လ်မွန်ငါး၊ မတ်ကာရွယ်ငါးများဟာ အရိုးတည်ဆောက်မှုနဲ့ သွား၊ သွားဖုံးများ ကောင်းစေနိုင်ပါတယ်။

ခန္ဓာကိုယ်မှ ကယ်လ်စီယမ်ဓာတ် စုပ်ယူမှုကို လုံလောက်စေနိုင်စေတယ်။

(၄) **နွားနို့နှင့် နို့ထွက်ပစ္စည်းများ** စားသုံးပေးသင့်တယ်။

နွားနို့နဲ့ နို့ထွက်ပစ္စည်းများမှာ လူ့ခန္ဓာကိုယ် အရိုးဖွဲ့စည်းမှုနဲ့ သွားများ သန်စွမ်းစေနိုင်တဲ့ ကယ်လ်ဆီယမ်ဓာတ်များ လုံလုံလောက်လောက်ပါဝင်ကာ မလိုင် ထုတ်ထားတဲ့ နွားနို့သောက်ပေးခြင်းက အရိုးဖွဲ့စည်းမှု အားကောင်းစေပြီး သွားများ ကျန်းမာစေတယ်။ ကယ်လ်ဆီယမ်ဓာတ်ဟာ သွားနဲ့ သွားဖုံးရောဂါမဖြစ်အောင် ကာကွယ်ပေးတဲ့အပြင် မေးရိုးများ သန်မာစေပါတယ်။

သွားဆွေးမြည့်ခြင်း အဓိက အချက်များမှာ ဘက်တီးရီးယား ချိုတဲ့ အစားအစာ၊ သွားနှင့် သွားကိုက်ခြင်း၊ သွားနှင့် အချို ထိတွေ့ချိန်တို့ပေါ် မူတည်တယ်။ သွားဆွေးမြေခြင်းကို ယခင်က သွားပိုးစားခြင်းလို့ ခေါ်ကြတယ်။ သွားဆွေးမြည့်ခြင်းဟာ လူတို့မှာ ဖြစ်ပွားလေ့ရှိတဲ့ ရောဂါအဖြစ်ဆုံး အပျံ့နှံ့ဆုံး သွားရောဂါတစ်မျိုး ဖြစ်တယ်။

သွားဆွေးမြည့်ခြင်း က နှေးနှစ်ပေါင်းများစွာ ကတည်းက ရှိတယ်။ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများက သွားဆွေးမြေခြင်းရောဂါ ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းထိ ဖြစ်ပွားတယ်။ ကလေးလူကြီးမရွေး ဆင်းရဲချမ်းသာမရွေး၊ ကျားမ မရွေး ဖြစ်တတ်တယ်။

တရုတ်လူမျိုးအားလုံးမှာ အချို့ကြိုက်တတ်လို့ ဖြစ်ပွားတာ ပိုတွေ့ရတယ်။

သွားဆွေးမြည့်ခြင်းရောဂါ ဖြစ်စဉ်ကို ဖော်ပြရရင် သွားရဲ့ ဓာတ်သတ္တု အစိတ်အပိုင်းများ ပျက်စီးသွားပြီး သွားရဲ့ အတွင်းပိုင်းရှိ အော်ဂဲနစ်အစိတ်အပိုင်း ကြွေပိုင်း အရိုးပိုင်းများပါ ပျက်စီးခြင်းရှိတယ်။

သွားများ ပတ်ဝန်းကျင်မှာ ခံတွင်းထဲရှိ အက္ကဒိဝဗက်တီးရီးယားမှ ထုတ်လုပ်တဲ့ အင်ဇိုင်းဓာတ်နဲ့ အချဉ်ပေါက်လွယ်တဲ့ ကာဗိုဟိုက်ဒြိတ် (ကစ်)ဓာတ်ပါတဲ့ အစားအစာများ ထိတွေ့ပေါင်းစပ်ပြီး ဖြစ်ပေါ်လာတဲ့ ဇရိမ်းဇော်ကြောင့် ဖြစ်တယ်။

သွားပိုးများက သွားကိုက်ခြင်း မဟုတ်ဘူး။ မျက်စိနဲ့မြင်နိုင်တဲ့ ပိုးမွှား ခံတွင်းထဲမှာလည်း မရှိပါ။ သွားပိုးချလို့

www.burmeseclassic.com

www.burmeseclassic.com

မရပါ။ အနုစိတ်မှုန်ပြောင်းနဲ့ ကြည့်မှသာ ဗက်တီးရီးယားက ခဲတွင်းထဲရှိ သွားများမှာကပ်နေတဲ့ သွားချေးလွှာမှာ ခိုအောင်းနေတတ်ပါတယ်။

ကြွေသွားလွှာမှာ ပါဝင်ဖွဲ့စည်းထားတဲ့ ဓာတ်သတ္တုများနဲ့ အော်ဂဲနစ်များ ပျက်စီးထားလို့ ရှေးဦးစွာ ကြွေသွားများမှာ အမည်းရောင် အညိုရောင် ပြောင်းသွားပြီး တဖြည်းဖြည်း ကြွေသွားလွှာ မည်းလာမယ်။ သွားမှာ အပေါက်လေးများ ဖြစ်လာတယ်။

ထင်းသွားပေါက်လေးကို အချိန်မီ မတုံသရင် သွားပိုး (သို့) ဗက်တီးရီးယားနဲ့ သွားပေါက်ရှိ စားကြွင်းစားကျန်များ ထပ်မံထိတွေ့မိပြီး သွားပိုးပေါက် ကြီးသထက် ကြီးလာကာ ကြွေသွားလွှာကတစ်ဆင့် ဆင့်စွယ်နှစ်၊ ဆင့်စွယ်နှစ်မှ သွားအတွင်း ဗက်တီးရီးယားကောင်များ ဝင်ရောက်ပြီး သွားမြစ်အတွင်းရှိ မွသွားလွှာအိမ် ရောင်ခြင်း ဖြစ်ပြီး တဖြည်းဖြည်း ဘက်တီးရီးယားကောင်များ သွားမြစ်အတွင်း မြောင်းထဲရောက်ကာ သွားမြစ်ထိပ် ပြည်တည်နာ၊ သွားမြစ်ပြည်အိတ်၊ မေးရိုးခြင်ဆီရောင်နာတို့ ဖြစ်စေနိုင်ပါတယ်။

သွားပေါက်ကျယ်လာလို့ တစ်ခါတစ်ရံ သွားကွဲသွားပြီး သွားနာခြင်း၊ လျှာဟာ ကွဲတဲ့သွားနဲ့ ထိတွေ့ပြီး လျှာနာခြင်း၊ အစားအစာကောင်းကောင်း မဝါးနိုင်ခြင်းကြောင့် အစာမကြေရောဂါများ ဖြစ်စေနိုင်တယ်။

ဒါ့ပြင် သွားဆွေးမြည့်ရောဂါဟာ ***နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ*** အဆစ်အမြစ်နာရောဂါများကို ပိုမို ဒုက္ခပေးနိုင်တယ်။

သွားဆွေးမြည့်ရောဂါကြောင့် အချို့သွားများ နုတ်ပစ်ရပြီး ငွေကုန်ကြေးကျခံလျက် သွားတုများ မစိုက်ခင် မိမိဘာသာ သွားများနုတ်ပစ်ရပြီး (သို့)သက်တင်းမရောက်မီ သွားတုနဲ့ ချိန်းပြောင်းစိုက်ပေးရပါတယ်။

သွားပိုးစားခြင်း အကြောင်းရင်းမှာ သွားမှာ ကပ်နေတဲ့ သွားပလပ် (Dental Plaque) ခေါ် သွားချေးလွှာကြောင့် ဖြစ်ကြောင်းသိရတယ်။ ယင်းသွားပလပ်ထဲမှာ ဗက်တီးရီးယား တွယ်နေနိုင်တယ်။

သွားချေးမြည့်ခြင်း တာတွယ်ရာမှာ သွားပလပ် အတွင်း စားကြွင်းစားကျန်များ ကျန်ရစ်ရအောင် အစာစားပြီးတိုင်း ပလုတ်ကျင်းပေး၊ သွားတိုက်ပေခြင်း (သို့) တစ်ရက် မနက်နှင့် ည နှစ်ကြိမ်သွားတိုက်ရမယ်။

သွားပိုးစားခြင်း ရှိ/မရှိ သွားများ သွား ဖျက်နာ ပြင်ပေါ်မှာ စစ်ဆေးဖို့လိုတယ်။ သွားဆရာဝန်ဟာ သွားကြည့်မှန် (သို့) သွားစမ်းသပ်တဲ့ အတဲနဲ့ အကြည့်ရခက်တဲ့ နေရာများမှာ သွားပိုးပေါက်ကိုသိရှိဖို့ ဓာတ်မှန်အသုံးပြုပြီး သိနိုင်တယ်။

ကျောင်းများမှာ ကျောင်းကျန်းမာရေး ဝင်လာချိန်မှာ သွားဆရာဝန် (သို့) ကျန်းမာရေးမှူးက သဘာဝ အလင်း ရောင် (သို့) လျှပ်စစ်မီး အလင်းရောင်အောက်မှာ သွားမှာ အပေါက် ရှိ/မရှိ ကြည့်နိုင်ပါတယ်။

သွားပိုးပေါက်ခြင်းမှာ သွားမနာပေမယ့် သွားကြားညပ်ခြင်း၊ သွားကျဉ်ခြင်း ခံစားရမယ်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများရှိ ဆရာဝန်နဲ့ ပြသပြီး လိုအပ်တဲ့ တုသမ္မများက ရှေ့ဖြစ်လာမယ့် သွားရောဂါနဲ့ ယင်းကြောင့်ဖြစ်တဲ့ အန္တရာယ် ကာကွယ်ရာ ရောက်တယ်။ သွားတိုက်ပေးရပါမယ်။

ဒေါက်တာလွင်သန့်

❑

www.burmeseclassic.com

www.burmeseclassic.com

ဂုတ်ပုံးရောဂါ ကာကွယ်ဆေးရုံး

www.burmeseclassic.com

www.burmeseclassic.com

ငှက်ဖျားရောဂါသည် ပလပ်စမိုဒီးယား (PLASMODIA) ကပ်ပါးပိုး များကြောင့် ဖြစ်ပေါ်သော ရောဂါဖြစ်ပါသည်။

ရောဂါဖြစ်ပွားလျှင် ကိုယ်ပူခြင်း၊ ချမ်းတုန်ခြင်းနှင့် တုပ်ကွေးကဲ့သို့ ရောဂါလက္ခဏာများ ဖြစ်ပေါ်တတ်ပါသည်။ မကုသဘဲ ထားလျှင် အခြားရောဂါ လက္ခဏာများဖြစ်သော သွေးအားနည်းခြင်း၊ ဘေလုံးရောင်ခြင်း၊ ဆီးအမည်းသွားခြင်း၊ သတိလစ်ခြင်းများ ဖြစ်ပေါ်လာတတ်ပါသည်။ ထို့ထက်မက သေဆုံးသည်အထိ ရောဂါပြင်းထန်တတ်ပါသည်။

ရောဂါမှာ အပူပိုင်းရောဂါ တစ်မျိုးဖြစ်ပြီး ကမ္ဘာနှင့်တစ်ဝန်း ဖြစ်ပွားတတ်ပါသည်။ ၂၀၁၃ ခုနှစ် မှတ်တမ်းများအရ ငှက်ဖျားရောဂါဖြစ်ပွားမှုမှာ သန်း ၁၉၀ ခန့် ရှိခဲ့ပြီး သေဆုံးသူ ၅၀၀,၀၀၀ ရှိခဲ့ပါသည်။ အများစုမှာ အာဖရိကတိုက်ရှိ နိုင်ငံများတွင် နေထိုင်သူများ ဖြစ်ကြပါသည်။

ငှက်ဖျားရောဂါကို စောစီးစွာ ရောဂါရှာဖွေ၍ ထိရောက်သော ကုသမှုပေးခြင်း၊ နည်းဗျူဟာဖြင့် တိုက်ဖျက်ခဲ့ပါသည်။

ရောဂါမပျံ့နှံ့စေရန်လည်း ဆေးစိမ် ခြင်ထောင်သုံးခြင်း၊ လူနာများအား ရှာဖွေဖော်ထုတ်ခြင်း၊ ဖြစ်ပွားသော လူနာအား ကုသခြင်းနှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ထို့ကြောင့် ကမ္ဘာနှင့် မြန်မာတွင် အောင်မြင်မှုများ ရှိလာပါသော်လည်း ငှက်ဖျားရောဂါအဖြစ်များသော ဒေသ (၀၆) ငှက်ဖျားဒေသသို့ ခရီးသွားရသည့် လူများအတွက်မူ စိုးရိမ်နေရပါသေးသည်။

ထိုသို့ ငှက်ဖျားဒေသခရီးသွားများသည် ရောဂါမဖြစ်ပွားစေရန် ကာကွယ်ဆေး(PROPHYLASIS DRUG) သုံးစွဲရန် ဆန္ဒရှိကြပါသည်။

အမေရိကန်ပြည်ထောင်စု ကူးစက်ရောဂါ တိုက်ဖျက်ရေးဌာန (CDC) မှ အသုံးပြုနိုင်သော ဆေးဝါးအချို့ကို အကြံပြုထားပါသည်။

PROQUA NIL ဝရိုက်ခါနဲ့

ထိဆေး၏ အားသာချက်များမှာ -

◆ ခရီးမထွက်ခွာမီ တစ်ရက်၊ နှစ်ရက် အလိုတွင် စတင်သောက်သုံးရသဖြင့် ရုတ်တရက် ခရီးထွက်ရသည့်လူများနှင့် အဆင်ပြေပါသည်။

◆ အချို့လူများက ဆေးလို နေ့စဉ် သုံးစွဲရခြင်းကို နှစ်သက်ပါသည်။

◆ ခရီးမပြန်လာအပြီး ခုနစ်ရက် အထိသာ ဆက်လက် သုံးစွဲရသဖြင့် အချိန်တိုခရီးများနှင့် သင့်တော်ပါသည်။

◆ ထို့ဆေးသုံးလျှင် လူအများစုတွင် ခံနိုင်ရည်ရှိပြီး ဘေးထွက်ဆိုးကျိုးများ ကြုံရန် ခဲယဉ်းပါသည်။

◆ ကလေးများအတွက် အဆင်သင့် အရွယ်အစားရှိသော ဆေးလုံးများ ရနိုင်သဖြင့် အဆင်ပြေပါသည်။

ထိဆေး၏ အားနည်းချက်များမှာ -

◆ ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များနှင့် (၅) ကီလိုဂရမ်အောက် အလေးချိန်ရှိသော ကလေးများတွင် သုံးစွဲ၍ မရပါ။

◆ ပြင်းထန်သော ကျောက်ကပ် ဝေဒနာရှိသူ သုံးစွဲ၍မရပါ။

◆ အခြားဆေးများထက် ဆိုလျှင် ဈေးကြီးပါသည်။

◆ အချို့လူများ အထူးသဖြင့် ကလေးများသည် နေ့စဉ်ဆေးသောက်ရန် ဝန်လေးတတ်ကြပါသည်။

CHLOROQUINE ကလိုရိုကွင်း

အများဆုံး သုံးလေ့ရှိသော ကာကွယ်ဆေး ဖြစ်ပါသည်။

ထိုဆေး၏ အားသာချက်များမှာ -

◆ **နေ့စဉ်မဟုတ်ဘဲ တစ်ပတ် တစ်ကြိမ်သာ သောက်ရပါသည်။**

◆ **တစ်ပတ် တစ်ကြိမ်သာ သုံးရသဖြင့် ရက်ရှည်ခရီးသွားများနှင့် သင့်လျော်ပါသည်။**

◆ **အဆစ်အမြစ်ရောင် ရောဂါသည်များသည် ဟိုက်ဒရောဆီကလိုရိုကွင်း (HYDROXY CHLOROQUINE)ကို သုံးစွဲရပါသည်။ ထိုရောဂါသည်များအတွက် ဆေးထပ်ဆောင်း၍ သောက်ရန် မလိုပါ။**

◆ ကိုယ်ဝန်ဆောင်ကာလ သုံးပိုင်းစလုံးတွင် သုံးစွဲနိုင်ပါသည်။

ထိုဆေး၏ အားနည်းချက်များမှာ -

◆ **ထိုဆေးအား ယဉ်ပါးသည် (RESISTANCE) ဟု သိထားသော ဒေသများတွင် သုံးစွဲ၍မရပါ။**

◆ အချို့လူများတွင် အနီရောင် အဖုအပိမ့်များ ထွက်တတ်ပါသည်။

◆ အချို့လူများက မေ့လျော့သော အပတ်စဉ် ဆေးသောက်နည်းစနစ်ကို မနှစ်သက်ပါ။

◆ ခရီးတိုများအတွက် မသင့်လျော်ပါ။ အဘယ်ကြောင့်ဆိုသော် ခရီးမပြန်လာအပြီး လေးပတ်ဆက်သောက်ရပါသည်။ ခဲတွာခရီးစဉ်အပြီး လေးပတ်ကာလမှာ ကြာလှပါသည်။

ဒေါက်တာမင်းဇင်း (နိုဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

◆ ရုတ်တရက် ခရီးထွက်ရသူနှင့် အဆင်မပြေပါ။ ခရီးမထွက်မီ တစ်ပတ်၊ နှစ်ပတ် ကြို၍သုံးစွဲရပါသည်။

DOXYCYCLINE ဒေါက်ဆီဆိုင်ကလင်း

အများသုံးစွဲနေသော ပဋိဇီဝဆေး (ANTIBIOTIC) ဖြစ်ပါသည်။

အားသာချက်များမှာ -

◆ အချို့လူများသည် နေ့စဉ် ဆေးမှီဝဲရခြင်းကို နှစ်သက်ပါသည်။

◆ ခရီးမထွက်မီ တစ်ရက်၊ နှစ်ရက်သာ ကြိုတင်၍ သုံးစွဲရသောကြောင့် ရုတ်တရက် ခရီးထွက်ရသူများနှင့် သင့်လျော်ပါသည်။

◆ ကုန်ကျစရိတ် အနည်းဆုံး ဆေးလည်း ဖြစ်ပါသည်။

◆ အချို့လူများမှာ ဝက်ခြံ(ACNE) မဖြစ်ပေါ်ရန် သုံးစွဲနေလျှင် ဆေးထပ်သောက်ရန် မလိုတော့ပါ။

◆ ပဋိဇီဝဆေးဖြစ်သဖြင့် အခြားသော အဖျားရောဂါများလည်း ပျောက်ကင်းစေပါသည်။ လမ်းလျှောက်ခြင်း၊ စခန်းချခြင်းနှင့် ရေကူးခြင်းများ ပြုလုပ်မည့်သူများအတွက် အထူးသင့်လျော်ပါသည်။

ထိုဆေး၏ အားနည်းချက်များမှာ -

◆ ကိုယ်ဝန်ဆောင်အမျိုးသမီး နှင့် အသက် (၈) နှစ်အောက် ကလေးများ လုံးဝမသုံးစွဲရပါ။

◆ ခရီးမှပြန်ပြီး လေးပတ်ကြာအောင် သုံးစွဲရသဖြင့် ခရီးတိုနှင့် မသင့်လျော်ပါ။

◆ ထိုဆေးကို ကြာရှည်သုံးစွဲခြင်းဖြင့် အမျိုးသမီး အင်္ဂါအတွင်း တဆေးမှို (YEAST) ရောဂါဖြစ်တတ်သည်။



◆ နေရောင်ခြည်နှင့် ဓာတ်တုံ့ပြန်သောကြောင့် နေပူဆာလှံသူများ၊ နေရောင်ထဲတွင် ကြာကြာနေသူများနှင့် မသင့်လျော်ပါ။

◆ အခါအားလျော်စွာ ဝမ်းဗိုက်အစာအိမ် မအီမသာဖြစ်တတ်ပါသည်။

MEFLOQUINE မက်ဖလိုကွင်း

ထိုဆေး အားသာချက်များမှာ -

◆ အချို့လူများမှာ အပတ်စဉ်ဆေးသုံးစွဲရမှုကို နှစ်သက်ပါသည်။

◆ ခရီးစဉ်အရှည်များနှင့် သင့်လျော်ပါသည်။

◆ ကိုယ်ဝန်ဆောင် အမျိုးသမီးများလည်း သုံးစွဲနိုင်ပါသည်။

အားနည်းချက်များမှာ -

◆ မက်ဖလိုကွင်းဆေး ယခင်ပါးသော ဒေသတွင် သုံး၍မရပါ။

◆ စိတ်အခြေအနေ မကောင်းသူများ သုံးစွဲရန်မသင့်ပါ။

◆ ရုတ်တရက် ရောဂါစွဲကပ်သော အခြေအနေနှင့် မသင့်လျော်ပါ။

◆ နှလုံးအားနည်းသူများနှင့် မသင့်လျော်ပါ။

◆ အနည်းဆုံး နှစ်ပတ်ကြို၍ ဆေးမှီဝဲရသဖြင့် ရုတ်တရက်ခရီးထွက်ရသူများနှင့် မသင့်လျော်ပါ။

◆ အချို့လူများက အပတ်စဉ်ဆေးသောက်သောစနစ်ကို မနှစ်သက်ပါ။

◆ ခရီးတို သွားသူများနှင့် အဆင်မပြေပါ။

PRIMAQUINE ပရိုင်မာကွင်း

ပရိုင်မာကွင်းသည်၊ အလွယ်တကူရရှိနိုင်သော ဆေးမျိုးဖြစ်ပါသည်။

အားသာချက်များမှာ -

◆ ပီဗိုင်းဗက် (P.VIVAX) ရောဂါပိုးတစ်မျိုးသာရှိသောဒေသ (သို့) ၎င်းပိုး (၉၀) ရာခိုင်နှုန်းရှိသော ဒေသများတွင် အသုံးပြုနိုင်သည်။

◆ ခရီးမှပြန်အပြီး ခုနစ်ရက်သာ ဆေးဆက်သောက်ရပါသဖြင့် ခရီးတိုများနှင့် သင့်လျော်ပါသည်။

◆ ခရီးမထွက်မီ တစ်ရက်၊ နှစ်ရက်ခန့်သာ ကြိုတင်၍ ဆေးသောက်ရသဖြင့် ရုတ်တရက် ခရီးထွက်ရသူများအတွက် အဆင်ပြေပါသည်။

◆ အချို့လူများက နေ့စဉ် ဆေးသောက်ရသည်ကို နှစ်သက်ပါသည်။

အားနည်းချက်များမှာ -

◆ ဂျီစ်ပီဒီ (G6PD) ပေါ့နုန်းချို့တဲ့သူများ သောက်သုံးရန် မသင့်ပါ။

လပြည့်ဝန်းမဂ္ဂဇင်း (ဖိုဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

◆ စမ်းသပ်မှု ပြုလုပ်မထားသူများလည်း မသုံးစွဲသင့်ပါ။

◆ ဆေးမသုံးမီ စမ်းသပ်မှုပြုလုပ်ရသဖြင့် ကုန်ကျစရိတ်ရှိပါသည်။ သို့သော် တစ်ကြိမ်သာ ပြုလုပ်ထားလျှင် လုံလောက်ပါသည်။

◆ ကိုယ်ဝန်ဆောင်စဉ်ကာလ တစ်လျှောက်လုံး သုံးစွဲ၍မရပါ။

◆ နို့တိုက်နေလျှင် ကလေးတွင် ဂျီစစ်ပီဒီ ချို့တဲ့မှု ရှိ၊ မရှိ စမ်းသပ်ထားရန် လိုပါသည်။

◆ တစ်နှစ်အောက် ကလေးငယ်များ သုံးစွဲ၍မရပါ။

◆ အချို့လူများက နေ့စဉ်သုံးစွဲရခြင်းကို မနှစ်သက်ကြပါ။

◆ တစ်ခါတစ်ရံ (အထူးသဖြင့် ဝမ်းပိုက်ထဲ အစာမရှိလျှင်) ဝမ်းပိုက် မအီမသာ ဖြစ်တတ်ပါသည်။

(မြန်မာနိုင်ငံတွင် ဗီဗိုင်းဗက်ပိုးတစ်မျိုးသာရှိသော ဒေသများမရှိပါ။ အကျိုးထက် အပြစ်ကများသဖြင့် ပရိုင်မာကွင်းကို ကာတွယ်ဆေးအဖြစ် မသုံးပါ။ ■ စာရေးသူ)

အထက်ဖော်ပြပါ တာတွယ်ဆေးများ၏ အကျိုးအပြစ်အား ဆင်ခြင်စဉ်းစားနိုင်ရန် တင်ပြချက်ဖြစ်ပါသည်။ အချိန်ကာလနှင့် သုံးစွဲရမည်။ ပမာဏသိရန် ဆင့်ဆရာဝန်နှင့် တိုင်ပင်သင့်ပါသည်။ ထို့ပြင် ဆေးဝယ်လျှင် ဆေးဝါးအတုမမိရန် အောက်ပါအချက်များ သတိထားရပါမည်။

◆ မိမိတို့နိုင်ငံအတွင်းမှသာ ဆေးဝယ်ယူသင့်ပါသည်။

◆ မိမိတို့ မှတ်စုတွင် ဆေးဝါးအမည်၊ ဓာတုပစ္စည်းအမည်နှင့် ထုတ်လုပ်သူကို ရေးမှတ်ထားသင့်ပါသည်။ သို့မှသာ လိုအပ်လျှင် ထပ်ဝယ်နိုင်ပေမည်။

◆ မူလထုပ်ပိုးမှုစနစ် ချို့ယွင်းလျှင် မဝယ်သင့်ပါ။

◆ ထုပ်ပိုးပုံ မမှန်ကန်ခြင်းနှင့် ပုံနှိပ်စာ မကောင်းခြင်းထဲ့မှာ ဆေးဝါးအတုဟု ရည်ညွှန်းပါသည်။

◆ ထူးဆန်းသော အနံ့၊ အရသာနှင့် အရောင်တို့ကို သံသယဖြစ်သင့်ပါသည်။ သို့မဟုတ် ဆေးလုံးမှာ အလွန်တရာ တြိုတ်ဆတ်နေလျှင်လည်း ဆေးဝါးအတုဖြစ်နိုင်ပါသည်။

အချို့သောဆေးဝါးများမှာ ဆေးဝါးအတု မဟုတ်သော်လည်း စံချိန်မမီသော (SUB STANDARD) များ ဖြစ်နေတတ်ပါသည်။

Ref : Internet, CDC Malaria - Malaria Drug For Travellers

တော်မြင့်(ဌက်ဖျား)

❑

အင်းဂလိုင်ဘိုးဘိုးကြီးနန်း
အကြားအမြင်ဆရာမကြီး
ဒေါ်ကြည်ကြည်မိုး

စီးပွားရေးတွေ နိမ့်ကျနေသလား။ ငွေကိစ္စ အခက်အခဲကြုံနေသလား။ လုပ်ငန်းကိစ္စ လွဲချော်နေသလား။ အိမ်ထောင်ရေး အဆင်ပြေချင်တာလား။ အိမ်ကယောကျ်ား ခြေလှမ်းမှားနေပြီလား။ ပစ္စည်းပျောက်၊ ငွေပျောက်၊ ရွှေပျောက်နေပြီလား။ အတိုက်အခံတွေ ပေါ်နေသလား။ ပြောရေးဆိုရေးတွေ အောင်မြင်ချင်တာလား။ အလုပ် အမြန်ရလိုတာလား။ ကျန်းမာရေးတွေ ညံ့နေလို့လား။ ဒါတွေဒါတွေ နိမ့်နေတာတွေ မြင့်ဖို့၊ ပိတ်နေတာတွေ ပွင့်ဖို့၊ ခက်နေတာတွေ လွယ်ဖို့ ဆရာမကြီးနဲ့ ဆွေးနွေးဖို့ အချိန်တန်ပြီ။

ဟောခန်းတည်ရာ ○ အောင်မြေသာယာစေတီတော် တနင်္္ဂနွေထောင့် အင်းဂလိုင်ဘိုးဘိုးကြီးနန်း
လမ်းညွှန် ○ ၂၁၁၊ ၁၂၅၊ ၁၂၈၊ ၈၆၊ ၃၃၃၊ ၉၆ ကားများစီး၍ ရုံးရှေ့မှတ်တိုင် ဆင်းပါ။

○ (၀ိတ်ရက်မရှိ) ပယောဂ အထူးကုပါသည်။ ○

ရှေ့ဖြစ်ဟော ဓာတ်ဆင် ဓာတ်ရိုက် ယတြာ အထူးဆောင်ရွက်ပေးသည်။
လိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၆၁၁၁၃၇၇၊ ၀၉-၇၇၀၀၈၆၂၇၃

www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆိုး ပျောက်ဆေးနည်းနိဿယစုံ

အောင်ဘုန်းဖြင့် (ကချင်မြေ)

ချောင်းဆိုးသွေးပါပျောက်ဆေး

လောက်သေရွက်၊ ဇရာက်ရွက်ကြမ်း၊ သက်ရင်းကြီးရွက်၊ ပွေးကိုင်းရွက် ယင်းအရွက်လေးပါးကို နေလှန်း ကြေမွအောင် ခြေပေးပြီး ဖို့မမွဲအောင် သိမ်းဆည်းထားပါ။ နေ့စဉ် ရေနွေးဆူဆူတွင် ရေနွေးကြမ်းခတ်သောက်သကဲ့သို့ ခတ်သောက်ပေးခြင်းဖြင့် ချောင်းဆိုးသွေးပါရောဂါ ပျောက်စေနိုင်သည်။

ဇော်ဂျီတောင်ဧေးအနီပင် အမြစ်၊ အကိုင်း၊ အရွက်၊ အညွှန့်၊ အပွင့် ပဉ္စငါးပါး တစ်ပင်လုံးကို ပြုတ်သောက်ပေးပါက ချောင်းဆိုးသွေးပါရောဂါ ကင်းစေနိုင်သည်။

စွန်သိုက်ရွက် ညှစ်ရည်ထဲ ကျောက်သွေးနှင့် စပါးကြီးသည်းခြေ သင့်ရုံထည့်ပြီး ထမင်းစားဇွန်းနှင့် တစ်ဇွန်းစာ တစ်နေ့တစ်ကြိမ် သောက်ပေးလျှင် နာတာရှည် ချောင်းဆိုးသွေးပါဝေဒနာ ပျောက်စေနိုင်သည်။

ကေရာဇ်ပင်၏ ရွက်မွှေးကို ပျားရည်နှင့် စားသုံးပေးက ချောင်းဆိုးသွေးပါ ကင်းစေနိုင်သည်။

ဒန္တသုခပင်၏ ပဉ္စငါးပါးကို ရေစင်စင်ဆေးပြီး သုံးခွက်တစ်ခွက်တင် ကျိ၍ ပျားရည်သင့်ရုံ ထည့်သောက်ပေးခြင်းဖြင့် ချောင်းဆိုးသွေးပါ ကင်းပျောက်စေနိုင်သည်။ မပျောက်မချင်း တစ်နေ့ အကြိမ်းပန်းကန် တစ်လုံးစာ သောက်ပေးနိုင်သည်။

မုရာကြီးရွက်စိမ်းကို ရေသုံးခွက်တစ်ခွက်တင် ကျိပြီး ပျားရည်စပ်သောက်ပေးသော် ချောင်းဆိုးသွေးပါ ပျောက်စေနိုင်သည်။ တစ်နည်း ဆင်တုံးမန္တယ် သုံးလက်မခန့်ကို ပါးပါးလှီး ရေသန့်သန့်နှင့် စိမ်ထားပြီး နံနက်၊ နေ့လယ်၊ ည တစ်နေ့သုံးကြိမ် သောက်သုံးပေးလျှင် ချောင်းဆိုးသွေးပါ ကင်းစေနိုင်သည်။

တစ်နည်း မုရာကြီးရွက်ညှစ်ရည်ကို ဆားမီးဖုတ် အနည်းငယ်နှင့် တစ်နေ့သုံးကြိမ် သောက်ပေးခြင်းဖြင့် ချောင်းဆိုးသွေးပါ ပျောက်ကင်းစေနိုင်သည်။ တစ်နည်း တောင်မနီးပင် ခေါ်လက်ပံခါးပင်၏ အခေါက်ကို သွေးသောက်ပေးလျှင် ချောင်းဆိုးသွေးပါ ကင်းပစေနိုင်သည်။

ကြက်သွန်ဖြူရင့်ရင့် ငါးကျပ်သားကို ကြေအောင်ထောင်းပြီး ပွက်ပွက်ဆူနေသည့် ရေနွေးခွက်ထဲ ထည့်ပါ။ ထည့်ပြီးပြီးချင်း အဝတ်ပါးတစ်စကို ရေဆွတ်ပြီး ရေနွေးခွက်အဝကို လုံအောင်အုပ်ထားပါ။ အဝတ်ပေါ်မှ အငွေ့ထွက်စေနိုင်ရန် အငွေ့လမ်းဖောက်ပေးပြီး ထွက်လာသည့် ကြက်သွန်ဖြူ အငွေ့ကို တံကြီး ရှူရှိုက်ပေးပါ။ တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ် ရှူရှိုက်ပေးခြင်းဖြင့် ချောင်းဆိုးသွေးပါနှင့် နှာစေး၊ ချောင်းဆိုးမှန်သမျှ ပျောက်ကင်းစေနိုင်ပါသည်။

ချောင်းဆိုးရင်ကျပ်ပျောက်ဆေး

ပင်စိမ်းနက်ပင်၏ သတ္တုရည်တွင် ဆားသင့်ရုံ ခတ်သောက်ပေးသော် ချောင်းဆိုးရင်ကျပ် ပျောက်စေနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆီးဖြူသီး၊ ဖန်ခါးသီး၊ နွယ်ချို ယင်းဆေးသုံးပါး အမျှကို အမှုန့်ပြုလုပ်၍ သိန္ဓောဆားရည်နှင့် သောက်သုံးပေးဝါသော် ချောင်းဆိုးရင်ကျပ် ကင်းစေနိုင်သည်။

ပျားရည် တစ်ကျပ်သား၊ ရှောက်ရည် တစ်ကျပ်သား၊ ဇဝက်သာ ရှစ်ပဲသား ယင်းဆေးသုံးပါးကို ရောသောက်ပေးပါ။ ချောင်းဆိုးရင်ကျပ် သလိပ်ကပ် ပျောက်ကင်းစေနိုင်ပါသည်။

ချင်းစိမ်း၊ ထန်းလျက်၊ ငရုတ်ကောင်း၊ လေးညှင်း ယင်းလေးပါးကိုဆတူ ကျိုသောက်ပေးပါမူ ချောင်းဆိုးရင်ကျပ် အရှင်းပျောက်စေနိုင်သည်။

ပင်စိမ်းပွင့်၊ ချင်းခြောက်၊ ကြက်သွန်ဖြူ ဆေးသုံးပါးကို ထုထောင်းပြီး ပျားရည်နှင့် စားပေးသော် ချောင်းဆိုးရင်ကျပ် သက်သာကောင်းစေနိုင်၏။

ခံတက်မြစ် အုတ်ငင်းသားကို ဆားသင့်ရုံဖြင့် သွေးထုံ၍ ရသော ဆေးရည်ကို ကလေး ငွန်းငယ်၊ လူကြီး ငွန်းကြီး တစ်ငွန်းစာ တစ်နေ့သုံးကြိမ် သောက်ပေးခြင်းဖြင့် ချောင်းဆိုးရင်ကျပ် ပျောက်ကင်းစေနိုင်သည်။

ဆင်တုံးမန္တယ် ဆားသင့်ရုံနှင့် ပြုတ်သောက်လျှင် အဆုတ်ပွ ရင်ကျပ်ချောင်းဆိုးရောဂါ ပျောက်စေနိုင်သည်။

ချောင်းခြောက်ပျောက်ဆေး

မန်ကျည်းမှည့်၊ နွယ်ချိုမှုန့်၊ သိန္ဓောဆား နယ်စားပေးပါက ချောင်းခြောက်ဆိုးခြင်းကို ပျောက်စေနိုင်သည်။ တစ်နည်း နွယ်ချို သံပရာမြစ် ဆား ရောထောင်းပြီး စားပေးသော် ချောင်းခြောက် ကင်းပစေနိုင်သည်။

ဖီးကြမ်းငှက်ပျောသီး ပျော်ပျော်ကို သကြားနှင့်မွှေပြီး ထမင်းလွတ် အဝစားပေးက ချောင်းခြောက်ကင်းပျောက်စေနိုင်သည်။

တစ်နည်း မန်ကျည်းမှည့်၊ ဝိတ်ချင်းသီး၊ ဆီမီးတောက်ဥ၊ ဆား ယင်းဆေးလေးပါး ကြိတ်စားပေးပါက သလိပ်မရချင်း၊ ချောင်းခြောက်ဆိုးခြင်းများကို ပျောက်စေနိုင်သည်။ ကြံနုရည် သောက်ပေးပါသော် ချောင်းခြောက်ရောဂါ ကောင်းစေနိုင်သည်။

ကညွတ်၊ မုရားကြီးရွက်၊ သကြားခဲ ရောစားပေးသည် ရှိသော် ချောင်းခြောက် ကင်းပျောက်စေနိုင်သည်။ ရွှံ့မတက်ဥ၊ မုရားကြီးရွက်၊ သကြားခဲ ယင်းဆေးသုံးပါးကို ရောကျိုပြီး သောက်သုံးပေးခြင်းဖြင့် နာတာရှည် ချောင်းခြောက်ကို ပျောက်ကင်းစေနိုင်ပါသည်။

ကြက်ညှာချောင်းဆိုးဆေး

ပျားရည်စစ်စစ် ရှောက်ရည်သန့်သန့် ရေကျွက်အေး နှင့် အနေတော် ဖော်သောက်ပေးသည်ရှိပါက သာမန် ကြက်ညှာချောင်းဆိုးရောဂါကို ပျောက်ကင်းစေနိုင်သည်။

တစ်နည်း ဟင်းနုနယ်ရွက်၊ ဆူးပေါက်နှင့် ထန်းဖို ပြာချ၍ ရေစိမ်ထား၍ ရေအကြည်ရေကို ခပ်ယူပြီး ရေခန်း ဆားခြစ်အောင် ချက်ယူထားသော ထန်းဖြူပြာ ရုက္ခမူဆားချက် ယင်းနှစ်မျိုးတို့ ထန်းလျက်နှင့် ဆတူရောရွှံ့ ဆီးကင်းလုံးခန့် စားပေခြင်းဖြင့် နာတာရှည် ကြက်ညှာချောင်းဆိုးရောဂါ သက်သာပျောက်ကင်းစေနိုင်သည်။

ကြောင်လျှာမြစ်အမှုန့်တို့ ချင်း သတ္တုရည် (ချင်းညှစ်ရည်) နှင့်ဖြစ်စေ (သို့) ပူးတောင်းရည်စစ်စစ်နှင့်ဖြစ်စေ ရောစပ်၍ စားပေး၊ လျက်ပေးသည်ရှိသော် ရုတ်ကြာ ဝန်းနာရင်ကျပ်ရောဂါ ပျောက်စေနိုင်ပြီး နာတာရှည် ချောင်းဆိုးရောဂါကိုပါ ကင်းပျောက် ချမ်းသာရစေနိုင်ပါသည်။

အအေးမိချောင်းဆိုးပျောက်ဆေး

ကြောင်ရိုးသေပင်၏ အရွက်စိမ်းကို ဟင်းရွက်ကြော် သလို ဆီနည်းနည်းနှင့် ကြော်စားပေးပါ။ တစ်ပတ်လျှင် တစ်ကြိမ် (သို့) နှစ်ကြိမ် ကြော်စားပေးခြင်းဖြင့် မကြာခဏ အအေးမိတတ်သူများနှင့် အအေးမိ၊ ချောင်းဆိုးရင်ကျပ်ရောဂါ ရှိသူများကို သက်သာကောင်းစေနိုင်သည်။ ဝမ်းမခိုင်သူများ ဖြစ်က သင့်ရုံ ချင့်ချိန်စားသင့်သည်။ များများစားလျှင် ဝမ်းသွား ဝမ်းလွယ်တတ်သည်။ ဝမ်းနှင့်အတူ မကောင်းသော ခွဲသလိပ်များ စင်သွားစေနိုင်သည်။

ကြက်သွန်ဖြူကြီး တစ်မြှာကို ကြေညက်သွားအောင် ထောင်းပြီး အုန်းဆီရောဖျော်ပါ။ ယင်းအဆီဖြင့် မေးအောက်မှစ၍ ချက်သို့ရောက်သည်အထိ ဆွဲချပြီး လိမ်းနယ်ပေးပါ။ ရင်ဘတ်နှင့် နောက်ကျောကိုပါမကျန် လိမ်းကျံပေးပါ။ ပြီးလျှင် အနွေးထည်ထူထူ ဝတ်ထားပြီး နွေးနွေးထွေးထွေးနေပါ။ ဖြစ်နိုင်လျှင် အအေးမိနာ အကိုက်အခဲပျောက်ဆေး တစ်မျိုးမျိုးကို စားပေးပြီး ခွေးထွက်လာသည်ထိ ရေနွေးသုံးပေးပါ။ အအေးမိချောင်းဆိုး ပျောက်ကင်းစေနိုင်ပါသည်။

နှာစေးချောင်းဆိုး

ကျည်းသီးအခွံကို သွေးယူ၍ နည်းနည်းမျှင်းသောက်ပေးလျှင် နှာစေးချောင်းဆိုး ဆေးနာ ပျောက်ကင်း

www.burmeseclassic.com

www.burmeseclassic.com

ရှင်းစေနိုင်သည်။ တစ်နည်း ချင်းပြုတ်ရည် ပူပူနွေးနွေးကို ပျားရည်နှင့် ဖျော်သောက်ပေးပါက နှာစေးချောင်းဆိုး ကင်းပ စေနိုင်သည်။

တစ်နည်း ချင်းစိမ်းအရင့် လတ်လတ်ဆတ်ဆတ်ကို အရည်ညှစ်ယူပြီး ပျားဟောင်းရည်စစ်စစ်နှင့် ရောစပ် သောက် ပေးခြင်းဖြင့် နှာစေးချောင်းဆိုးမှန် သမျှ ပျောက်ကင်းစေ နိုင်ပါသည်။

ချောင်းဆိုးသလိပ်နာဆေး

ချင်းခြောက် တစ်ကျပ်သား၊ ဖာလာ နှစ်ကျပ်သား၊ ဖာလာကြီး လေးကျပ်သား၊ ကျောက်ချဉ် တစ်ကျပ်သား၊ ဇလက်သာ ကိုးကျပ်သား၊ မက်လင်ချဉ် တစ်ဆယ်သား။ သိန္ဓော ဆယ့်ခြောက်ကျပ်သား၊ စမုန်မျိုးငါးပါး တစ်ပဲသားစီ၊ ငရုတ် ကောင်း တစ်မတ်သား၊ ဝိတ်ချင်းသီး ငါးမူးသား ယင်း ဆယ်ပါးကို အမှုန့်ပြုလုပ်၍ မှိုဝဲပေးသည်ရှိသော် ချောင်းဆိုး ရောဂါမှန်သမျှနှင့် ချောင်းဆိုးသလိပ်နာ ရောဂါကိုပါ ပျောက် ကင်းစေနိုင်သည်။

ချောင်းဆိုးပျောက်နည်း

ယောကျ်ား ချောင်းဆိုးလျှင် သင်္ဘောအမပင်ရွက် လက်တစ်ဆုပ်စာကို ဘယ်လက်ဖြင့်ခူးယူပါ။ မိန်းမ ချောင်းဆိုး ပါက သင်္ဘောအဖိုပင်ရွက် လက်တစ်ဆုပ်စာကို ညာဇက်ဖြင့် ဆွတ်ခူးယူရမည်။ ပြီးလျှင် အသက်အောင့်ထားပြီး သင်္ဘော ရွက် အရင်းအဖျားကိုပယ်၍ ထန်းလျက်သုံးလုံး ရေသင့်ရုံနှင့် ကျိုပါ။ ယင်းဆေးကို တစ်နေ့သုံးကြိမ် ချင့်ချိန်သောက်သုံး ပေးခြင်းဖြင့် ချောင်းဆိုးရောဂါ သက်သာ ကင်းဝေးစေနိုင် ပါသည်။

တစ်နည်း - ကုက္ကိုခေါက်အစိုကို အနည်းငယ်ထု ဆေးကြော်ပြီး မြေအိုးသစ်ထဲတွင် ဆန်ဆေးရည်နှင့် တစ်ည စိမ်ထားပြီး ရေစစ်နှင့် စစ်ယူ၍ သကြားအနည်းငယ်နှင့် သောက်သုံးပေးလျှင် (သို့) ဆင်သမန္တယ်၊ စမုန်နက်၊ သိန္ဓော ဆား ယင်းသုံးပါးအမျှကို နွေစဉ် ဇရာစားပေးပါက ချောင်းဆိုး ဝေဒနာကို ကောင်းစေနိုင်ပါသည်။

တစ်နည်း - သံပရာသီးတစ်လုံး ညစ်ရည်၊ ထန်းလျက် တစ်လုံး ယင်းနှစ်မျိုးကို ရောကြိတ်၍ လျက်ပေးလျှင် (သို့) ပင်စိမ်းရွက်ကိုချေပြီး ဆားနှင့်နယ်၍ ဝါးစားပေးလျှင် (သို့) နွယ်ချိုအမှုန့်၊ သိန္ဓောဆားအမှုန့်၊ မန်ကျည်းမည့်အနှစ် ယင်းဆေးသုံးပါးကို အမျှတေပြီး ကွမ်းသီးလုံးခန့်လုံး နံနက်၊ ညစားပေးလျှင် ချောင်းဆိုးရောဂါ ပျောက်ကင်းစေနိုင်သည်။

တစ်နည်း - ဆိတ်သားနှင့် ပင်စိမ်းရွက် ချက်စားပေး လျှင် (သို့) ငါးနှင့် ပင်စိမ်းရွက်ချက်စားလျှင် (သို့) ပင်စိမ်း ဖွဲ့၊ ချင်းခြောက်၊ ကြက်သွန်ဖြူ ယင်းသုံးပါးကို ထုထောင်း၍ ပျားရည်စစ်စစ်နှင့် ရောလျက်ပေးလျှင် (သို့) ထိကရုံး ဆူး ပေါက် အမြစ်ကို ထုထောင်းအရည် ညစ်ယူ၍ လည်ပင်းတွင် လိမ်းကျံပေးလျှင် ချောင်းဆိုးရောဂါ ပျောက်ကင်းစေနိုင် သည်။

တစ်နည်း - ငှက်ပျောဖူးကို သံပရာရည် ညှစ်ထည့်၍ သုပ်စားပေးလျှင် (သို့) ကြက်သွန်ဖြူကို အရည်ညှစ်ယူ၍ သောက်သုံးပေးလျှင် (သို့) ခွေးသေးပန်းရွက်၊ ကွမ်းရွက်၊ ဇီယာ ယင်းဆေးသုံးပါးကို ရောကြိတ် အရည်ညှစ်ယူပြီး ဆားအနည်းငယ် ခတ်သောက်ပေးလျှင် (သို့) စပျစ်သီး ခြောက်ကို ဖြည်းဖြည်းချင်း ဝါးစားပေးလျှင် ချောင်းဆိုး ရောဂါ ပျောက်နိုင်သည်။

တစ်နည်း - ဆီးဖြူသီးနှင့် ဖန်ခါးသီးကို နေရိပ်တွင် လေသလပ် အခြောက်ခံပြီး အစေ့ကို ဖယ်ထုတ်၍ အမှုန့် ထောင်း၊ ရှောက်ရည်နှင့် ဆေးလုံးဖြစ်အောင် လုံးထားပါ။ တစ်နေ့တစ်လုံး စားသုံးခြင်းဖြင့် ချောင်းဆိုးဝေဒနာ သက်သာ ပျောက်ကင်းစေနိုင်သည်။ မီးကွင်းဂမုန်းကို အတို့၊ အမြှုပ် လုပ်၍ စားပေးပါက ချောင်းဆိုးရောဂါ ကင်းစေနိုင်သည်။

တစ်နည်း - ကျောက်ဖရုံအမြစ်ကို နေလှန်းအမှုန့် ပြုလုပ်ထားပါ။ အိမ်သုံးဆား ငါးကျပ်သားကို ငှက်ပျောရွက် နှင့်ထုပ် ကျက်အောင် မီးဖုတ်ပြီး ကျောက်ဖရုံမြစ်အမှုန့်ကို ဆတူရော၍ တစ်နေ့သုံးကြိမ် သောက်ပေးခြင်းဖြင့် ချောင်းဆိုး ရောဂါ ပျောက်စေနိုင်သည်။

ငဖြူကြီးရွက် သတ္တုရည် (ညစ်ရည်) ကို ဆားသင့်ရုံ ခတ်သောက်ပေးပါက ချောင်းဆိုးရောဂါကို အရှင်းပျောက် စေနိုင်သည့်ပြင် ရင်ကျပ်ပန်းနာ သလိပ်နာ ဝမ်းဗိုက် ရောင် တင်းနာများကိုပါ သက်သာပျောက်ကင်း ချမ်းသာရစေနိုင်ပါ သည်။

ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ။

အောင်ဘုန်းမြင့်(ကချင်မြေ)

❑

www.burmeseclassic.com

www.burmeseclassic.com

တိရစ္ဆာန်များမှ လူသားများတို့ အကျိုးပြုပုံ

သမားတော်ကြီး ဒေါက်တာသက်ဆွေ

မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာ၌ တိရစ္ဆာန်များ၏ အသွေး၊ အသား၊ အရိုး စသည်များဖြင့် ဆေးဝါး ဖော်စပ် အသုံးပြုကြသည်များ ရှိပါသည်။ အချို့တိရစ္ဆာန်များအား ယဉ်ပါးအောင် မွေးမြူ၍ ခိုင်းစေကြရခြင်းများလည်း ရှိပါသည်။ ထို့ကြောင့် တိရစ္ဆာန်များမှ လူသားများ အကျိုးပြုပုံကို ရေးသား တင်ပြသွားမည် ဖြစ်ပါသည်။

ခြင်္သေ့

ခြင်္သေ့များသည် အကောင်ကြီးပြီး ကိုယ်လုံးထွားကျိုင်း၏။ အလျား ၉ ပေကျော်ပြီး၊ ၄ ပေကျော်မြင့်၏။ ကိုယ် အလေးချိန် ပေါင် ၄၅၀ ကျော်၊ ၅၀၀ ထိရှိကြ၏။

ခြင်္သေ့များသည် ခွန်အားကြီးမားသဖြင့် လက်ဖြင့် ပုတ်လိုက်ပါက နွားဂါဠီးခေါင်းပင် ကွဲသွား၏။ နွားပေါက် ကလေးများကို ချီ၍ သွားနိုင်၏။ ခြင်္သေ့များသည် ပေါ့ပါး ဖျတ်လတ်လျင်မြန်ကြ၏။

ခြင်္သေ့ကြီးများ၏ ရှေ့ရင်အုံ ကြီးပြီး နောက်ပိုင်း သေး၏။ သားကောင်များအား မိမိ၏ကိုယ်ဖြင့် တိုက်လဲကာ ချိသွားနိုင်၏။

ခြင်္သေ့ ဟူသော ဝေါဟာရသည် ကေသရီဟူသော ပါဠိမှ ကြေသရီ၊ ဇင်းမှ ကြင်္သေ့၊ ဂင်းနောက် ခြင်္သေ့ဟူ၍ ဆင်းသက်လာကြောင်း လေ့လာတွေ့ရှိရ၏။ အဘိဓာန်တွင်

www.burmeseclassic.com

ထမြည့်ဝန်းမဂ္ဂဇင်း (နိဝင်္ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

မိဂိန္နောခြင်္သေ့။ ကေသရီ-ခြင်္သေ့။ သီဟော-ခြင်္သေ့ ဟူ၍ (၃) ပုဒ်ပြထားသည်ကိုလည်း တွေ့ရှိရ၏။

ခြင်္သေ့များသည် ကုန်းတွင်းပေါက်ဖွား ကုန်းတွင်းကျက်စားသော ကုန်းနေသတ္တဝါများ ဖြစ်ကြပေသည်။

အဂ်္ဂတ္တရအဋ္ဌကထာတွင် ခြင်္သေ့ငါးမျိုးဖော်ပြထား၏။ ၎င်းတို့မှာ -

(၁) တိဏသီဟ၊ ပြောက်ကျားသော ကိုယ်ရေအဆင်းရှိသော နွားနှင့်တူသည့် မြက်စားသော ခြင်္သေ့။

(၂) ပဏ္ဍုသီဟ၊ သစ်ရွက်လျှော်ကဲ့သို့ အဆင်းရှိသော အသားစားသော ခြင်္သေ့။

(၃) ကာလသီဟ၊ မည်းနက်သော အဆင်းရှိပြီး မြက်နှင့် သားသေကောင်များစားသော ခြင်္သေ့။

(၄) ကေသရသီဟ၊ နီသောနှုတ်သီးဖျား၊ အမြီးမျှားနှင့် နီသောအစင်း သုံးစင်းတို့သည် ဦးခေါင်းမှ ကျောကုန်းအလယ် ရောက်အောင် စားသွားပြီး ချက်တွင် လက်ယာရစ်ပတ်ကာ တည်ရှိနေ၏။ ၎င်း၏ လည်ဆံမွေးများသည် ရွှေရောင် ဖြန့်ကျက်လျက် ရှိကြ၏။ ကျန်အမွေးများသည် ခရုသင်းကဲ့သို့ ဖြူ၏။ သားကောင်အရှင်များကိုသာ ဖမ်းယူစားသောက်ကြ၏။

(၅) မနုသီဟ ခေါ် နရသီဟသည် ခြင်္သေ့ကိုယ်လုံး မျက်နှာလူပုံသဏ္ဌာန်ရှိပြီး အဝတ်တန်ဆာ ဆင်ထားသော ခြင်္သေ့ဖြစ်သည်။ အခါခပ်သိမ်းရှိမနေဘဲ မြတ်စွာဘုရား ပွင့်တော်မူစဉ် တန်ခိုးရှင်တို့ ဖန်ဆင်းထားမှရှိသည်ဟု သိရ၏။

ခြင်္သေ့များသည် အာရှတိုက်၊ အာဖရိကတိုက်များတွင် များစွာတွေ့ရှိရပြီး အပြေးမြန်ပြီး ပေ ၃၀ အမြင့်ထိ ခုန်နိုင်ကြ၏။

ခြင်္သေ့များသည် အလွန်ဆာလောင်မှသာလျှင် အစာရှာထွက်ပြီး ကျန်အချိန်များတွင် အိပ်နေလေ့ရှိကြ၏။ ညနေပိုင်း အစာရှာထွက်သောအခါ ရေအိုင်များတွင် ရေဆင်းသောက်ပြီး ရေအိုင်၌အနီးရှိ ချုံပုတ်များတွင် ခိုအောင်းကာ ရေလာသောက်သည့် သားကောင်များကို ဖမ်းယူပြီး သားကောင်သေးပါက မိမိတို့ရှိရာထိ ကိုက်ခဲသွား၏။ ကြီးလျှင် ဆွဲသွားပြီး အသားများ ကိုက်ဖဲ့ခဲသွားကြ၏။

ခြင်္သေ့မများလည်း အထီးကဲ့သို့ ခွဲခွဲအားရှိပြီး သားကောင်ဖမ်း၏။ ကလေးငယ်များ ငယ်စဉ် အစာရှာကျွေးပြီး ၅-နှစ်၊ ၆-နှစ်သားအရွယ်တွင် သားကောင်ဖမ်းနည်း သင်ပေးကြ၏။

ခြင်္သေ့များသည် ခြေလေးချောင်းသတ္တဝါတို့၏ ဘုရင်ဖြစ်၏။ မြတ်စွာဘုရားလက်ထက်မှစပြီး ရှေးခေတ်အဆက်ဆက် ခြင်္သေ့ကို ပဓာနထား၍ သုံးစွဲခဲ့ကြ၏။ ရှေးဌေတ် ဘုရားများ အသုံးပြုခဲ့သော ပလ္လင်ရှစ်ခန်းတွင် သီဟာသန ပလ္လင် ခြင်္သေ့ရုပ်ခံသော ပလ္လင်ကို ရွေ့ဆုံးမှထား၍ သုံးခဲ့ကြ၏။

သိရိဓမ္မာသောကမင်းကြီးသည် ခြင်္သေ့ရုပ်ကို အထွတ်အမြတ်ထား၍ များစွာသုံးခဲ့၏။ ကျောက်စာတိုင်များ၏ထိပ်တွင် ခြင်္သေ့ရုပ် ထုလုပ်ထား၏။ ဗုဒ္ဓဂယာ ဘုရားဖူးသွားစဉ် တွေ့ရှိခဲ့ရ၏။

ရှေးခေတ်ဘုရင်များ စစ်တိုက်ထွက်ရာတွင် ခြင်္သေ့ရုပ်ကို ရွေ့မှထား၍ ချီတက်ကြ၏။ ခြင်္သေ့ကဲ့သို့ ရဲသွေးရဲမာန် တက်ကြွပြီး ခြင်္သေ့ကဲ့သို့ စွမ်းဆောင်နိုင်သော ယောကျ်ားပီသရန် ရည်ရွယ်ခြင်းဖြစ်၏။ ခြင်္သေ့၏ မြင့်မြတ်ထူးခြားပုံကို ရှေးခေတ်ဘုရင်များ အဆက်ဆက် ဘုရင်နှင့် စစ်သူကြီးများသည် မိမိတို့၏ ဘွဲ့အမည်ကို သီဟသူ၊ သီဟသူရ၊ သီဟပတိ (သီဟပတေ့) ဟူ၍ လည်းကောင်း၊ မဟာသီဟသူ ဟူ၍ လည်းကောင်း မှည့်ခေါ် ဆတ်မှတ်ခဲ့ကြပေသည်။

မြန်မာလ (၁၂) လရာသီတွင် သီဟ (သိဟ်) ရာသီဟု ပါရှိ၏။ သိဟ်-သိန်ဟု အသံထွက်သောကြောင့် နရသီဟကို (နရသိန်)၊ မဟာသီဟကို (မဟာသိန်)ဟု သုံးစွဲ ခေါ်ဝေါ်ကြ၏။

ယခုအခါ အိန္ဒိယနိုင်ငံ၊ ပန်ဂျပ်ပြည်နယ်တွင် ပန်ဂျာဝီလူမျိုးများသည် ၎င်းတို့၏ အမည်ရှေ့၌ သီဟ- (သိန်)သိန်မှ (ဆိန်)ဆိန်မှ (ဆင်း)ဟု အသံထွက်ကြ၏။ ဥပမာ-ဂျက်ကြီး ဆိန်ကို ဂျက်ကြီးဆင်းဟုလည်းကောင်း၊ ပါရဆိန်ကို ပါရဆင်းဟုလည်းကောင်း ခေါ်ဆိုကြ၏။

ခြင်္သေ့များသည် ရဲရင့်ခြင်း၊ တည်ကြည်ခြင်း၊ ခွဲ့ခွဲ့ခဲ့ ဝီရိယရှိခြင်းတို့ကြောင့် သီဟာဘွဲ့ကို ခံယူကြခြင်းဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com

သီဟဘွဲ့ပါသော ပုဒ်များ၏အဓိပ္ပာယ်မှာ-

၁။ သီဟစာရီ - မြတ်သောအကျင့်နှင့် ရဲရင့်သူ

၂။ သီဟတိ - ပြည့်ရှင်မင်း

၃။ အာကာသီဟ - ယောကျ်ားမြတ် အာကာပုရိသပုဒ်ရှင်း

၄။ မင်းရဲသီဟရာဇ် - ဟုကို သမြှပြီး သီသရာဇ်လည်း ရှိသေး၏။

၅။ မင်းရဲသီဟသူ - ဘုရင့်နောင် ခမည်းတော်၏ဘွဲ့။

၆။ သီဟပတေ့ - သီဟ်ပတေ့လည်း ရှိ၏။

၇။ မဟာသီဟသူရ - တံတားဦးမော်တွန်း

၈။ သီဟသူ - တံတားဦးသံပိုင်းတွင် တွေ့ရ၏။

၉။ သီဟယောတ - ရဲရင့်သော သူရဲကောင်း

၁၀။ နရသီဟပတေ့ - ပုဂံပြည် မင်းခွေးချေးဘွဲ့

၁၁။ သီရိမဟာ - သီဟသူရဓမ္မရာဇာဘွဲ့၊ ညောင်ရမ်းမင်းဆက်၊ နေမင်း၏ဘွဲ့။

၁၂။ တစ်စီးရှင်သီဟသူ - ပင်းယမြို့ ပထမတည်သောဆင်ဖြူတစ်စီးရှင်ဘွဲ့။

၁၃။ နေမျိုးသီဟပတေ့ - ကုန်းဘောင်မင်းဆက်၏ တတိယမြောက် ဆင်ဖြူရှင်က ဗိုလ်ချုပ်ကြီးအား ပေးသောဘွဲ့။

၁၄။ မဟာသီဟသူရ - တတိယမြောက် ဆင်ဖြူရှင်က စစ်ဗိုလ်ဝန်ကြီးအား ပေးဆောဘွဲ့။

၁၅။ နေမျိုးသီဟသူရ - တတိယမြောက် ဆင်ဖြူရှင်က ဗိုလ်မှူးအမြောက်ဝန်ကို ပေးသောဘွဲ့။

၁၆။ သီရိမဟာ - သီဟသူရဓမ္မရာဇာ ပုဂံမင်းက ညီတော်မင်းတုန်းမင်းသားအား ပေးသောဘွဲ့။

၁၇။ မင်းရဲသီဟ - ပုဂံမင်းက မှော်ပီမြို့စားမင်းသား မောင်လတ်အား ပေးသောဘွဲ့ စသည်တို့ဖြစ်ပါသည်။ အထူးသဖြင့် သာကီဝင်မှဆင်းသက်လာသော မင်းမျိုးဟူသမျှ 'နရသီဟ'ဘွဲ့ ခိုးမြှင့်ခံရသော မင်းများဖြစ်ကြပြီးလျှင် ကွယ်လွန်နတ်ရွာစံသောအခါတွင် ရွှေရုပ်တုများ ထုလုပ်ကိုးကွယ်ကြသည်ဟု သိရ၏။ ခြင်္သေ့၏ ရဲရင့်ပုံကို ပိဋကတ်တော်လာများ ရှိသော်လည်း ကျယ်သွားမည်စိုး၍ မဖော်ပြတော့ပါ။

ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များတွင် ခြင်္သေ့ပန်းချီပန်းပု လက်ရာများတွင် လှည်းကောင်း၊ ရွှေဆောင်း စေတီပုထိုးများ၏ရှေ့တွင် လည်းကောင်း ခြင်္သေ့ရုပ်ထွင်းများ ထင်ရှားစွာ တွေ့မြင်ကြရမည်ဖြစ်ပေသည်။

ခွေးတူဝက်တူ

ခွေးတူဝက်တူ သတ္တဝါများသည် ခြေလေးချောင်းရှိကုန်းနေသတ္တဝါများ ဖြစ်ကြသည်။ ခွေးနှင့်လည်းတူ၊ ဝက်နှင့်လည်းတူသဖြင့် ခြုံမှတ်ခေါ် ဝေါ်သော ဝေါဟာရဖြစ်သည်။

ခွေးတူဝက်တူများသည် ခြင်္ဂပါဠိတော်ဋီကာတွင် ပါဝင်၏။ ကုန်းနေသတ္တဝါဖြစ်သော်လည်း အေးသောဒေသများတွင် တွင်းတူး၍ တွင်းအောင်းနေလေ့ရှိ၏။ ဓာတ်ချောသော ခြေသည်း၊ လက်သည်းများ ပါရှိသဖြင့် တွင်းတူးရာတွင် အလွန်လျင်မြန်ကြ၏။

အမွေးရှည်များသည် လက်သည်း၊ ခြေသည်းများပေါ်ရှည်ကျပြီး အုပ်ထားသောကြောင့် လမ်းသွားလျှင် မမြင်ရပေ။ အရောင်မှာ ကိုယ်တွင် မီးခိုးရောင်ရှိ၏။ ခြေ၊ လဲက်၊ လည်ပင်း၊ ဝမ်းဗိုက်တို့တွင် အမည်းရောင်ဖြစ်၏။ မျက်နှာတွင် အနက်ရောင်ရှိပြီး နှာတံတွင် အဖြူစင်းကြောင်းတစ်ကြောင်း ပါရှိသည်။

ခွေးတူဝက်တူများ ပေါက်ဖွားရာဒေသတို့ကား ဥရောပတိုက်မြောက်ပိုင်း၊ အာရှတိုက်နှင့် အမေရိကတိုက်တို့တွင် ဖြစ်၏။

ခွေးတူဝက်တူများသည် လူကို ကြောက်တတ်၍ နေ့တွင် တွင်းအောင်းပြီး ညဉ့်ပိုင်းမှ ထွက်၍ အစာရှာ၏။

ခွေးတူဝက်တူများ၏ အစာမှာ ပုရစ်၊ နှံကောင်၊ မြေကြွက်၊ ရွှံ့၊ ဖွတ်၊ ပုတတ်၊ ကင်းလိပ်ချော၊ ငှက်သိုက်တွင်းမှ ငှက်ဥများအပြင် သစ်ဥသစ်ဖုများလည်း စားကြ၏။ အထူးသဖြင့် ဝက်ဝံများကဲ့သို့ ပျားအုံကိုလည်း ဖွပ်စားကြ၏။ ပျားတုပ်သော်လည်း အမွေးထူရှိသဖြင့် မနာတတ်ကြပေ။ နက္ခတ်အိမ်အတွင်းမှ အကောင်ငယ်လေးများကိုလည်း စားသောက်တတ်ကြ၏။

ခွေးတူဝက်တူများသည် လူကိုတွေ့လျှင်သော် လည်းကောင်း၊ ရန်သူတွေ့လျှင်သော် လည်းကောင်း တွင်းဆီသို့

www.burmeseclassic.com

www.burmeseclassic.com

ပြေးဝင်လေ့ရှိ၏။ မိမိတွင်းနှင့် ဝေးလျှင် ခေါင်း၊ ခြေ၊ လက် တို့ကို ဝိုက်အောက်သွင်းပြီး မြေကြီးပေါ် ပြားပြားဝပ်နေတတ်ကြ၏။ ရတ်တရက်ကြည့်လျှင် ကျောက်တုံးကျောက်ခဲနှင့် တူသလောက်ထင်ရ၏။

ခွေးတူဝက်တူများသည် ရန်သူနှင့်တွေ့၍ ပြေးမလွတ်ပါက ရှည်လျားသော လက်သည်းများဖြင့် ကုတ်ဖဲ့ပြီး ပါးစောင်ဖြင့် မလွတ်တမ်း ကိုက်ခဲထားပါက် တစ်ဖက်ရန်သူ သေသည်အထိ မလွတ်တမ်း တိုက်ခိုက်သော သတ္တိရှိ၏။ ခွေး ၄၊ ၅ ကောင်ကို နိုင်အောင်ကိုက်နိုင်သည်။

ရှေးခေတ်က ဥရောပတိုက်တွင် ခွေးတူဝက်တူ တစ်ကောင်နှင့် ခွေး ၄၊ ၅-ကောင် တိုက်သည့် ကစားပွဲများ ပြုလုပ်ခဲ့သည်ဟု သိရှိရ၏။ နောက်ပိုင်းတွင် ဥပဒေဖြင့် တားမြစ်ပိတ်ပင်လိုက်သည်ဟု ဆိုသည်။

ခွေးတူဝက်တူများသည် တစ်ကြိမ် သားပေါက်လျှင် တစ်ကောင်မှ ငါးကောင်အထိ ပေါက်ကြ၏။ သားပေါက်ကလေးများကို မိခင်က တစ်လခွဲ နှစ်လခန့် အစာရှာ၍ကျွေးပြီးနောက် ကလေးများသည် ၎င်းတို့ကိုယ်တိုင် အစာရှာ၍စားကြ၏။

ခွေးတူဝက်တူ၏ အသားသည် နုံ၍ မစားကြသော်လည်း သားမွေးသည် တန်ဖိုးကြီး၏။ အမွေးအမှင်များကိုလည်း ပန်းချီစုတ်တံအဖြစ် အသုံးပြုကြ၏။

ခွေးတူဝက်တူသားကို မစားသော်လည်း ၎င်း၏အရိုးကို ဆေးဘက်တွင် အသုံးပြုပုံများကို ဖော်ပြပါမည်။

(၁) ထုံကျဉ်ကိုက်ခဲသော ရောဂါပျောက်ဆေး

ခွေးတူဝက်တူရိုးနှင့် ၁နံ့သလွန်မြစ် ရောရွှဲ သွေးလိမ်းပေးက ပျောက်၏။

(၂) တစ်ကိုယ်လုံး နာကျင်ကိုက်ခဲသော ဝေဒနာပျောက်ဆေး

ခွေးတူဝက်တူရိုးနှင့် ရှောက်မြစ် ရောသွေးပြီး ဝါးချွန်စုတ်ဖြင့် ထိုးပေးပါ။ လိမ်းလည်း လိမ်းပေးပါက ပျောက်ကင်းစေပါသည်။

(၃) ကျောက်ပေါက်ရောဂါပျောက်ဆေး

ဝက်ခွေးဖက်မြစ်နှင့် ခွေးတူဝက်တူရိုးသွေးပြီး လေးပဲသားခန့် တစ်နေ့ (၂)ကြိမ် တိုက်ပါ။ အနာပေါ်တွင် လိမ်းလည်း လိမ်းပေးပါက ပျောက်ကင်းစေပါသည်။

(၄) ဝက်သက်ပေါက်ရောဂါပျောက်ဆေး

ခွေးတူဝက်တူရိုးနှင့် ဝက္ကဘိုင်ဖြင့် ရောသွေးပြီး လေးပဲသားခန့် တစ်နေ့ (၂)ကြိမ်တိုက်ပေးပြီး တစ်ကိုယ်လုံး လိမ်းပေးပါက ပျောက်ကင်းနိုင်၏။

(၅) သွေးလေ၊ သွေးမြေစွဲရောဂါပျောက်ဆေး

ခွေးတူဝက်တူရိုးကို သံပရာရည် (သို့) ရှောက်ရည်ဖြင့် သွေးပြီး လိမ်းပေးပါ။ စုတ်ဖြင့်လည်း ပေါက်ပေးပါက ပျောက်၏။

(၆) ခွေးခွးကိုက်ဝေဒနာပျောက်ဆေး

ပဒိုင်းသုံးဆင့်ပွင့်အမြစ် - ပဒိုင်းခတ္တာဟုလည်း ခေါ်သည်။ ထိုခွေးတူဝက်တူရိုးဖြင့် သွေး၍ ၈ ပဲသားခန့် တစ်နေ့ (၂)ကြိမ်၊ (၃)ကြိမ် တိုက်ပေးပါက အဆိပ်များ အန်ချပါမည်။ ကိုက်သောအနာတွင်လည်း လိမ်းပေးခြင်းဖြင့် ပျောက်ကင်းချမ်းသာစေပါသည်။

ခွေးတူဝက်တူရိုး ဆေးအသုံးဝင်ပုံကို လိုအပ်သလို သုံးနိုင်ရန် ဖော်ပြလိုက်ပါသည်။

❑

ဧရု (ဂို)



ချေကို မြန်မာအသံထွက် အနေဖြင့် 'ဂို'ဟု ခေါ်ကြ၏။ ရှေးခေတ် တောလိုက်မုဆိုးများက ချေငယ်၊ စိုင်း၊ ဆတ်၊ ဖွတ်၊ ပုတက်ဟု ဆက်စပ်ခေါ်ဆိုခဲ့ကြသည်ကို ဂို့ဟု ခေါ်ဆိုကြခြင်းဖြစ်မည်ဟု ယူဆမိပါသည်။ အဘိဓာန်၌ ရက်ဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရက် အဓိပ္ပာယ်မှာ ကျောကုန်၌ အပြောက်အပြောက် ရှိသော ချေဟု ဖော်ပြထား၏။

ချေများသည် အိမ်မွေးတိရစ္ဆာန် ဆိတ်နှင့်တူပြီး သမင်နှင့်လည်း တူ၏။ သို့သော် သမင်ထက် ခြေထောက်နှင့် လည်တိုင်သေးပြီး တို၏။ မျက်လုံးများလည်း သမင်မျက်လုံးနှင့် တူသော်လည်း အမွေးအမှင်ပါး၏။ ပြေးရာတွင်လည်း သမင်လောက် အပြေးမမြန်ပေ။ တောဆိတ်၊ ဆတ်၊ ပြောင်းစိုင်များကဲ့သို့ ကုန်းနေသတ္တဝါဖြစ်ပြီး ကုန်းတွင် ကျက်စားကြ၏။

ချေများကို မြန်မာပြည်၊ တရုတ်ပြည်၊ အိန္ဒိယ၊ ဂျပန်၊ ဂျာဗား၊ ဆုမတြားကျွန်းများတွင် အများဆုံး တွေ့ရှိရ၏။ ချေများသည် လွင်ပြင်တွင် သိပ်မပြေးနိုင်၍ တောကြီးများတွင် အနေများ၏။

ချေများ၏ အစွယ်သည် ထက်မြက်၍ ၎င်းအစွယ်ဖြင့် ကိုက်ထိုး၍ ပေါက်သွားပါက လေတိုက်လျှင် အပေါက်ကြီး ဖြစ်သွားပြီး အနာပေါက်ကြီး ဖြစ်သွား၏။

ကျားနှင့်တွေ့လျှင် ကျား၏ပေါင်ကို အရအမိကိုက် တတ်သည်ဟု သိရှိရ၏။ ကျားပေါင် ပေါက်သွားပါက လေတိုက်လျှင် ကြီးပြီး အနာကြီးဖြစ်သွားသည်ဟု သိရ၏။

ထို့ကြောင့် မယဒေဝလင်္ကာတွင် "ဂျိုစွယ်နဲ့ ကျားပေါင်ပဲ့သို့ အကဲ့ပဲ့သွေး မှန်မဝေးဘူး" ဟု စပ်ဆိုထားသည်ကို တွေ့ရှိရ၏။

ချေများ အော်မြည်သည်ကို တောက်သည် ဟုခေါ်၏။ သမင်က ဟောက်၊ ချေက တောက်၊ မျောက်က ကြိုးခွေ၊ ဒေါင်း အိုးဝေဟု ရွေးမြန်မာသီချင်းများ စပ်ဆိုထားသည်ကို တွေ့ရှိရ၏။

ချေကို သက္ကတဘာသာ၌ ဝမ်းဗိုက်တွင် အပြောက်ရှိသော သမင်မျိုးဟု ဆို၏။ မဂဓဘာသာ၌ (ပသဒ္ဒဒေရ)ကို အနက်ပေးရာတွင် ချေသတ္တဝါ၏ဝမ်းဟု ခေါ်၏။

ချေသတ္တဝါများသည် ဝမ်းမီးတောက်သဖြင့် အစာကြေလွယ်သော သတ္တဝါများဖြစ်ပြီး လေလည်သောအသံများသည် အလွန်မြည်၍ ပြောင်း ဦင်း ဟု မြည်သည်ဟုဆို၏။ ၎င်း၏လေလည်သံကို ၎င်းကိုယ်စိုင် လန့်တတ်သဖြင့် ချေအိုးချေလန့်ဟု ပြောစမှတ် ပြုကြ၏။

ချေ၏ အကျိုးသွေးအာနိသင်များမှာ ချေသားသည် သေး၏၊ ကြောကျက်လွယ်၏၊ ဝမ်းမီးကို တောက်စေ၏၊ ကျင်ဒယ်ကို နိုင်၏၊ ချိဆိုးခဲ့သော အရသာလည်း ရှိ၏၊ အနံ့အရသာ ကောင်းသဖြင့် လူသားများ နှစ်သက်ကြ၏။ သန္ဓိပါတ် အနာများကိုလည်း နိုင်၏ဟု ဒဗ္ဗဂုဏာပကာသကီ ကျမ်းတွင် ဖော်ပြထားပြီး ဓါတုရသကျမ်းတွင် ပထဝီဓာတ် ကြွိုတ်စာအဖြစ် ဖော်ပြရာတွင် "ယုန်-ငယ်-သမင်-ချေ-ဆင်-ကြံ့-စိုင်" တို့ပြဆိုထားပေသည်။

သွေး သည်းခြေ၊ လေ၊ သလိပ်တို့နှင့် ယှဉ်၍ဖြစ်သော ရောဂါများကို ချေ၏အစွယ်ကို သွေးတိုက်ပေးက ပျောက်၏။

ငှက်ခြင် ထေဒေတော်၊ ဝါယောတော်တို့နှင့် ယှဉ်၍ ဖြစ်သော ဒေနာများကိုလည်း ချေစွယ် သွေးတိုက်က ပျောက်၏။ သွေးထစ်သောရောဂါ၊ လေငန်းရောဂါနှင့် အဆိပ်အခိုနှိုက်တို့လည်း ပျောက်ကင်းစေနိုင်၏။

သမားတော်ကြီး အေးကားသက်ဆွေ

❑

www.burmeseclassic.com

www.burmeseclassic.com

ပြုံးရယ်ရယ်ဟာသများ

ယုံကြည်ချခြင်းအကြောင်း

"မင်းယောကျ်ားတစ်နေကုန် ငါးများဖို့ဆိုပြီး ထွက်သွားတာကို မင်းယုံနေသလား မညို"

"ယုံကြည်လောက်တဲ့အကြောင်း ရှိလို့ပေါ့ကွ"

"ဒါပေမဲ့ မင်းယောကျ်ား ငါးများရာက ပြန်လာတဲ့အခါ ငါးသေးသေးလေး တစ်ကောင်တောင်မှ မိမလာဘူး မဟုတ်လား"

"အဲဒါကြောင့် ငါ သူ့ကို ယုံတာပေါ့ကွာ၊ သူက ငါးမြားတာ အရမ်းညံ့တယ်၊ တကယ်လို့ ငါးတစ်ကောင်တလေ မိလာပြီဆိုရင်တော့ အဲဒါ သူ ဗေဒုက ဝယ်လာတာပဲ ဖြစ်ရမယ်၊ ဒါဆို ငါးများဖို့ထွက်သွားပြီး တခြား တစ်နေရာ ရောက်နေခဲ့လို့သာ ဖုံးကွယ်တာ သေချာတဲ့ယ်"

ငယ်ဇတ္တ ငယ်ပါရဲ့

"ကျွန်မအသက် (၃၀)ပဲ ရှိသေးတယ်၊ ဆံပင်ဖြူတချို့ ပေါက်လာတာတွေ့ရလို့ အထိတ်တလန့် ဖြစ်သွားတယ်၊ မကြာခင် တစ်ခေါင်းလုံး ဖြူဖွေးသွားရင် ကျွန်မယောကျ်ား စိတ်ပျက်သွားမှာစိုးလို့"

"ဒါဖြင့် ရှင့်ဆံပင်တွေကို ဆေးအနက် ဆိုးကြည့်ရိုက်ပါလား"

"ဆိုးကြည့်တာပေါ့ရှင့်၊ ဆိုးပြီးပြီးချင်း နက်မှောင်ပြောင်လက်နေတဲ့ ဆံပင်ကို ကျကျနနဖြီး၊ ကျွန်မယောကျ်ားရှေ့မှာ သွားရပ်ပြပြီး -

'ဘယ့်နှယ်လဲ၊ ကျွန်မအသက် ငါးနှစ်လောက် ငယ်မသွားဘူးလား' လို့ မေးလိုက်တယ်"

"အဲဒီတော့ ရှင့်ယောကျ်ားက ဘာပြောလဲ"

"မင်းရုပ်ရည်ကတော့ အရင်အတိုင်းပါပဲ၊ ဒါပေမဲ့ မင်းဆံပင်တွေကတော့ ငါးနှစ်လောက်ငယ်သွားတာပဲဟေ့ လို့ မှတ်ချက်ချလိုက်တယ်ရှင့်"

ကခေါ်းအစတွေး

"လမ်းဆုံလမ်းခွ လမ်းလယ်ကောင်မှာ ရပ်နေတာ ဘယ်သူလဲ ဖေဖေ"

"အဲဒါ ယာဉ်ထိန်းရဲ"

"သူလက်တွေကို လူပ်ရှားနေတာ ဘာကြောင့်လဲဟင်"

"ဘယ်ကား ဘယ်လမ်းက သွားရမယ်ဆိုတာ ညွှန်ပြနေတာ"

"ဒါပေမဲ့ ဘယ်ဈူ ဘယ်ကို သွားမယ်ဆိုတာ သူက ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ ဖေဖေ"

လပြည့်ဝန်းမဂ္ဂဇင်း (ဒိုင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

ပြုံးရယ်ရယ်ဟာသများ

စိတ်ပျက်သင့်ပါတယ်

"ကျွန်တော်တို့ အိမ်ထောင်သည်ဘဝ ပထမဆုံးနှစ်ဟာ အတော်ကိုဆိုးဆိုးရွားရွား အတွေ့အကြုံတစ်ခု ရခဲ့တယ်၊ ကျွန်တော့်တလေးဟာ ညစဉ်ညတိုင်း သန်းခေါင်ယံကျော်တာနဲ့ ငိုတော့တာပဲ၊ ကလေးငိုပြီဆိုရင် မိန်းတေကျွန်တော့်ကို နှိုးလေ့ရှိတယ်၊ အိပ်နေပျက်ပေါင်းလည်း များပြီးမှ" ဟု တိုးလေးက ညည်းတွားသည်။

ထိုအခါ သူမိတ်ဆွေ ကိုဘမင်းက အကြံပေးလိုက်ရာ ထိုအကြံအတိုင်း ကိုဖိုးလူက ဆောင်ရွက်သောအခါ ထိုညတွင် ကလေးက စောစောစီးစီး အိပ်သွားလေသည်။ သို့ရာတွင် သန်းခေါင်ကျော်သောအခါ မိန်းမက တိုးလူတို့ နှိုးသည်။

"ထပါဦး၊ ကလေး ဘာဖြစ်လို့လဲ မသိဘူး၊ ဒီည သန်းခေါင်ကျော်တာတောင် လုံးဝကို ငိုသံမကြားရဘူး" ဟူ၍ အလန့်တကြား ပြောလိုက်လေသည်။

❑

အကြားသမား အလျှော့အတင်း

ငါးမျှားသူ နှစ်ယောက်သည် တစ်ဦး တစ်နေရာစီသို့ သွားရောက် ငါးမျှားခဲ့ကြသည်။ သူတို့နှစ်ဦး ပြန်လည်ဆုံတွေ့ကြသောအခါ အချင်းချင်း အတွေ့အကြုံကို ပြောပြကြရာတွင် -

"အဲဒီနေ့က ငါ မျှားလို့ရခဲ့တဲ့ ငါးကြီးက သိပ်အံ့ဩဖို့ ကောင်းတာပဲ၊ အလေးချိန်အားဖြင့် ပေါင်တစ်ထောင်တိတိ လေးတယ်ကွ"

"ဒါ ဘယ်လောက်များ အံ့ဩစရာ ကောင်းလို့လဲ၊ ငါမိခဲ့တဲ့ ငါးကြီးရဲ့ ဗိုက်ကို ခွဲကြည့်လိုက်တော့ ငါးဗိုက်ထဲမှာ ရွှေပဓေသကိုက အသုံးပြုခဲ့တဲ့ ဖန်မီးအိမ်တစ်ခု တွေ့ရတယ်၊ အဲဒီမီးအိမ်ရဲ့ အောက်ခြေမှာ သက္ကရာဇ် ၁၇၅၆ ခုနှစ်လို့ ရေးထားပြီး မီးအိမ်ထဲမှာ ထွန်းညှိထားတဲ့ ဖယောင်းတိုင်ကလည်း အံ့ခချိန်ထိ မီးတောက်နေတုန်းပဲ"

"ကိုယ့်လူ အဲဒီ ဖယောင်းတိုင် မီးတောက်နေတဲ့အကြောင်းကို ပယ်ဖျက်လိုက်ရင် ငါ မျှားလို့ရခဲ့တဲ့ ငါးကြီးရဲ့ အလေးချိန်ကို ထက်ဝက်လျှော့လိုက်မယ်ကွာ"

ခွန်းထက်အောင်

❑

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မဒုံခိုင်ကျော်
2016-

မဒုံခိုင်ကျော်
2016-

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ကေလာသ သုံးဆူ အဓိဋ္ဌာန်မှ လမိုင်းကေလာသ

ဆရာကြီးဦးအောင်မြင့်

ဤစာရေးသူသည် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်းက ကေလာသ(၃)ဆူ အဓိဋ္ဌာန်လိုက်ဝင်ခဲ့ပါသည်။ ထိုကေလာသ(၃)ဆူမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ လမိုင်းကေလာသ

၂။ မြိုင်ကြီးဝူကေလာသ

၃။ ဘီးလင်းကေလာသတို့ ဖြစ်ကြပါသည်။

လမိုင်းကေလာသဆိုသည်မှာ မော်လမြိုင်-ရေး ကားလမ်းအတိုင်း ရေမြို့မရောက်မီ ၆မှာကနှင်ရွာမှ အနောက်ဘက် တစ်မိုင်အကွာ လမိုင်းမြို့လယ်တွင် တည်ရှိပါသည်။ တတ္တရာလမ်းကောင်းမွန်စွာရှိသဖြင့် လွယ်ကူလျင်မြန်စွာ သွားရောက်နိုင်သည်။ စာရေးသူအနေဖြင့် သံဖြူဇရပ်မြို့မှ နံနက် ၇ နာရီ စတင်ထွက်ခွာရာ လမိုင်းမြို့ ကေလာသဘုရားသို့ နေ့လယ် ၁၁ နာရီမှာ ရောက်ရှိသည်။

၁၈၉၉ ခုနှစ်၊ ဟံသာဝတီသတင်းစာတိုက်မှ ထုတ်ဝေသော စစ်ကဲတော်မင်း မောင်ရွှေနော် စုဆောင်းရေးသား စိရင်အပ်သော "မွန်ရာဇဝင်နှင့် စေတီတော်သမိုင်း ပေါင်းချုပ်" စာအုပ်၏ စာမျက်နှာ (၄၀)တွင် အောက်ပါအတိုင်း ဖတ်ရှုရသည်။

"သုဝဏ္ဏဘူမိ.သဏ်ပြည်ကို ဘုရားသခင် ဒေသစာရီကြွရောက်တော်မူစဉ် ရသေ့တို့အား ဆံတော်ပေးဆနားသော အခါ ကေလာသရှင်ရသေ့လည်း ဆံတော်တစ်ဆူ ရရှိထား၏။ ၎င်းဆံတော်တစ်ဆူကို လမိုင်းမြို့၊ ဝါဂရွာမြို့နယ်ပယ် အစိုးရမှူး သူဌေးကုန်သည် ဆင်းရဲသား မွန်တလိုင်းလူမျိုးများနှင့် ရှင်ရသေ့ တိုင်ပင်ပြောဆိုပြီးလျှင် မွတ်လအို၊ မွတ်လအပ် တောင်ထိပ်များမှာ ဌာပနာ၍ စေတီတည်လုပ် ကိုးကွယ်သတဲ့သို့ တည်လုပ်ကိုးကွယ်ကြကုန်၏။ ဘုရားစေတီဘွဲ့တော်မှာ ကေလာသတောင်၊ ကေလာသဘုရား ခေါ်ကြ၏"

၁၃၅၀ ပြည့်နှစ်တွင် ဓမ္မဒါန်းအဖြစ် ထုတ်ဝေသော ရေမြို့နယ်၊ လမိုင်းရွာ၊ ကေလာသဘုရားကြီး စေတီလန္ဒာတ၏ ဥက္ကဋ္ဌဖြစ်တော်မူသည့် မဲ့ကနှင်ဆရာတော် ရေးသား

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပြင်ဟော်ပေါ်မှ အရုံစေတီငယ်တစ်ဆူ

တန်ဆောင်းတစ်ခုအတွင်းမှ လျောင်းတော်မူရုပ်ပွားတော်

သော သမိုင်းစာအုပ်အရ မုနိပါလရှင်ရသေ့က ဗုဒ္ဓမြတ်စွာ ဘုရားထံမှ ရရှိခဲ့သော ဆံတော် ရှစ်ဆူကို ကောဇာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်၊ လပြည့် ဗုဒ္ဓဟူးနေ့တွင် ဌာပနာပြီး ဉာဏ်တော် ၇ တောင်အမြင့် စေတီတော် တည်ထားခဲ့ကြောင်း ဖတ်ရှုရပါသည်။

ကောဇာသက္ကရာဇ် ၁၂၁ ခုနှစ်အလွန်တွင် ဟံသာဝတီ ပြည်မှ ဓမ္မရာဇာအမည်ရှိ မွန်ဘုရင်မင်းမြတ် ကေလာသ စေတီတော်ကို အတောင် ၂၀ ဖြည့်ပြီး ၂၇ တောင် ဉာဏ်တော်မြင့်အောင် ပြုပြင်တည်ထားခဲ့သည်။ ကောဇာသက္ကရာဇ် ၆၂၂ တွင် ဒွတ္တဘောင်မင်း သက္ကရာဇ်ပြုပြီးနောက် ကောဇာသက္ကရာဇ် ၃၀၀ ပြည့်နှစ်တွင် မနုရာဇာအမည်ရှိ ဘုရင်မင်းမြတ်က ကေလာသစေတီတော်ကို ဉာဏ်တော် ၄၂ တောင်မြင့်အောင် ပြုပြင်တည်ထားခဲ့ပြန်သည်။ သာသနာနှစ် ၁၃၆၅ တွင် ကွန်ခမင်အမည်ရှိ ဘုရင်တစ်ပါးက ဉာဏ်တော် ၅၇ တောင်မြင့်အောင် ပြုပြင်တည်ထားပြန်သည်။ သာသနာနှစ် ၂၄၂၃ တွင် ရေးမြို့မှ ဦးဥတ္တမဆရာတော်က ဉာဏ်တော် ၈၀ တောင် မြင့်အောင် ပြန်လည်ပြုပြင်တည်ထားခဲ့ပြန်သည်။ ဤသို့ဖြင့် အဆင့်ဆင့် ယခုကာလတိုင်အောင် ဆရာတော်ကြီးများ၊ ဂေါပကလူကြီးများ ဦးဆောင်၍ ပြန်လည်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသဖြင့် လမိုင်းမြို့ ကျိုက်ကေလာသစေတီတော်ကြီးမှာ ကြည်ညိုဖွယ် သပ္ပါယ်လှပါသည်။ ဘုရားပရိဝုဏ်မှာလည်း စေတီရုံများ၊ ရုပ်ပွားရုပ်တုများ၊ ဇရပ်တန်ဆောင်း သာသနိက အဆောက်အအုံများနှင့် ထည်ဝါခမ်းနားလှပါသည်။

ထူးခြားမှုအနေဖြင့် စေတီတော်၏ တောင်ဘက်တွင် နတ်ရေကန်ရှိပါသည်။ ဒေသခံများက ကျန်းမာရေး၊ စီးပွားရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ ငွေဝင်လာဘ်ရွှင်၊ ရောင်းကောင်း၊ ရောင်းထွက် ကိစ္စများအတွက် ဉာဏ်ရှိသလို အသုံးချကြောင်း သိရသည်။ စေတီတော်ကြီး၏ ရင်ပြင်တစ်နေရာတွင် ထူးခြားသော ကျောက်သားကျောက်တုံးတစ်ခုကို တွေ့ရှိရသည်။ ထိုနေရာကို သူတော်စင်ပုဂ္ဂိုလ်တို့က အောင်မြေနေရာထူးအဖြစ် သတ်မှတ်ကာ အဓိဋ္ဌာန်ဝင်ကြောင်း သိရပါသည်။ စာရေးသူလည်း ထိုကျောက်တုံး၊ ကျောက်တိုင်အနီးမှာပင် ထိုင်၍ အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။

စာရေးသူ၏ အဓိဋ္ဌာန်မှာ -

၁။ ဘုရားကိုရည်မှန်း၍ ဦးသုံးကြိမ်ချရှိခိုးခြင်း၊

၂။ နမော်တဿ (၃) ခေါက်ရွတ်ခြင်း၊

၃။ အနန္တော အနန္တငါးပါး (၅) ခေါက်ရွတ်ခြင်း၊

၄။ ဘုရားဂုဏ်တော်ကိုးပါး (၉) ခေါက်ရွတ်ခြင်း၊

၅။ မေတ္တာသုတ် (၁) ခေါက်ရွတ်ခြင်း၊

၆။ အမျှအတန်း ပေးဝေခြင်း၊

၇။ လိုရာဆုတောင်းခြင်း ဖြစ်ပါသည်။

လမိုင်းမြို့ ကျိုက်ကေလာသဘုရားမှာ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့တွင် ရှိသည်။ မြို့ငြိုးငူကေလာသမှာ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြို့ငြိုးငူမြို့တွင် ရှိသည်။ နန်းဦးဘုရား ဟုလည်းကောင်း၊ ကျိုက်ကေသာ ဟုလည်းကောင်း၊ ကေလာသ ဟုလည်းကောင်း အမျိုးမျိုးခေါ်တွင်ကြသည်။ ဘီးလင်းကေလဲသမှာ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်ကြီးရွာအနီးမှာ တောင်တက်ကားလမ်း၊ ခြေကျင် အင်္ဂတေတောင်တက် လှေကားထစ်လမ်းများ ရှိသည်။ တောင်ထိပ်မှာ ရှိသည်။ တစ်နေ့ (၁)ဆူ၊ အချိန် (၃)ရက်ပေး၍ အဓိဋ္ဌာန်လိုက်ဝင်ကြည့်ပါ။ အလွန်ထူးခြားကံကောင်းကြောင်း စာရေးသူကိုယ်တွေ့ဖြစ်ပါသည်။

ဆရာကြီးအောင်မြင့်

❑

လပြည့်ဝန်းမဂ္ဂဇင်း (နိုဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

နဝရတ်ဆိုသော စကားလုံး

ဆရာကြီး ဦးအောင်ဖြိုး



"နဝရတ်ကိုးပါး"၊ "နဝရတ်လက်စွပ်" ဆိုသော အသုံးအနှုန်းကို ကျောက်မျက်ရတနာလောကတွင် အလွန်အသုံးများပါသည်။ မြန်မာမှုနယ်ပယ်တွင် လူသိများသော စကားလုံးများ ဖြစ်ပေသည်။ မြို့ကြီးပြကြီးများတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော ရွှေရတနာဆိုင်ကြီးများတွင် နဝရတ်လက်စွပ်ကို စီရင်ပြုလုပ် ရောင်းချနေကြသည်။

ခေတ်အဆက်ဆက် ပညာရှင်ကြီးများက နဝရတ်လက်စွပ် စီရင်ပုံနည်းနာများ၊ ဝတ်ဆင်ပုံ နည်းလမ်းများကို ရေးသားပြုစုခဲ့ကြပါသည်။ "နဝရတ်" ဆိုသော စကားလုံးကို "ရတနာကိုးပါး"ဟု အလွယ်တကူ သိရှိကြသည်။ သို့သော် "နဝရတ်"ဆိုသော စကားလုံးသည် မည်သည့်ဘာသာစကားမှ ဆင်းသက်လာသနည်းဆိုသော မေးခွန်းကို မှန်ကန်တိကျစွာ ရှင်းပြပေးခဲ့သော စာပေများ မဖတ်ရသူးပါ။

နဝရတ်လက်စွပ်ကို အထူးစီရင်ပြုလုပ်ရောင်းချမေးသည်ဆိုသော ရွှေရတနာဆိုင်ပိုင်ရှင်များနှင့် နဝရတ်လက်စွပ် အကြောင်း စာပေရေးသားပြုစုသော စာပေပညာရှင်၊ သုတေသန ပညာရှင်၊ ကျောက်မျက်ရတနာ ကျွမ်းကျင်ပညာရှင်တို့ကို လိုက်လံစုံစမ်း မေးမြန်းသောအခါတွင်လည်း မည်သူမှ တိကျမှန်ကန်စွာ အဖြေပေးနိုင်ခဲ့ပါ။

ထဲ- စာဖတ်သူ၊ သင်လည်း ပါဝင်ဖြေကြည့်ပါ။

"နဝရတ်" ဆိုသော စကားလုံးသည် မည်သည့် ဘာသာစကား ဖြစ်ပါသနည်း။

အချို့သော စာပေပညာရှင်တို့က နဝရတ္တ - နဝရတ် ကိုးပါးဟူ၍ ဖော်ပြကြပါသည်။ ပါဠိစာပေတွင် နဝ-ကိုး ဟူ ရှင်းပြထားသော်လည်း ရတ္တ-တပ်မက်မောသည်၊ ရာဂဖြင့် တပ်စွန်းသည်။ နီသည်။ သွေး။ ညဉ့် ဟူ၍ ရှင်းပြထားသည်။ ထို့ကြောင့် နဝရတ္တသည် နဝရတ်ကိုးပါး (ရတနာကိုးပါး) မဖြစ်နိုင်ပါ။ အချို့က တပ်မက်မောဖွယ်ကောင်းသော ရတနာကိုးပါးဟူ၍ လိုရာဆွဲ ရေးသားဖော်ပြကြသည်။

ကရင်ပြည်နယ်မှ ရသေ့ကြီး ဦးပညာဏ္ဍိ၏ မိန့်ကြားချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"နဝရတ် ဆိုတဲ့စကားလုံးဟာ မွန်ဘာသာစကားကွဲ့၊ မွန်ဘာသာစကားက ဆင်းသက်လာခဲ့တာ၊ မွန်တိုင်းရင်းသားလူမျိုးတွေဟာ ဟိုရှေးပဝေသဂိကတည်းက ပုဒ္ဓဘာသာကိုးကွယ်ယုံကြည်မှု ရှိခဲ့ကြတယ်၊ ပါဠိဘာသာနဲ့ မွန်ဘာသာကို ရောနှောအသုံးပြုလေ့ ရှိခဲ့ကြတယ်၊ ဥပမာ - သဝုံမြို့ ဆိုပါတော့၊ သုခုံဆိုတဲ့ မူလစကားလုံး ဖြစ်တယ်။ သု - ကောင်းမြတ်သော၊ ပါဠိဘာသာ။ ခုံ - မြို့၊ မွန်ဘာသာ။ ဘာသာနှစ်မျိုးကို ပေါင်းစပ်ထားတယ်။ အလားတူ မဒ်လာခုံမြို့ ဆိုရင်၊ မဒ်လာ - ကောင်းမွန်သော၊ ကျက်သရေရှိသော၊ ပါဠိဘာသာ၊ ခုံ - မြို့၊ မွန်ဘာသာ၊ အဲဒီလို ပါဠိဘာသာနဲ့ မွန်ဘာသာ ပေါင်းစပ်ခေါ်တွင်ကြတာပါ။

ထပ်မံဖော်ပြပါမည်

www.burmeseclassic.com

www.burmeseclassic.com

နဝရတ် ဆိုတဲ့ စကားလုံးမှာ၊ နဝ - ကိုး၊ ပါဠိဘာသာဖြစ်ပြီး ရတ် - ရတနာ၊ မွန်ဘာသာဖြစ်တယ်။ ဒါကြောင့် 'နဝရတ်' ဆိုတာ 'ရတနာကိုးပါး' လို့ အဓိပ္ပာယ်ပြန်ဆိုရတာပဲကွဲ့၊ ရန်ကုန်မြို့မှာရှိတဲ့ ကမာရွတ်မြို့နယ်ဆိုရင်၊ ကမာ-ရေကန်၊ မွန်ဘာသာဖြစ်ပြီး၊ ရတ်-ရတနာ၊ မွန်ဘာသာဖြစ်တယ်၊ ဒီတော့ ကမာရတ် - ရတနာရေတန်လို့ မြန်မာဘာသာပြန်ဆိုနိုင်တယ်၊ အခုခေတ် အင်းယားကန်ကြီးကို ဟိုခေတ်က ရတနာကန်လို့ အဓိပ္ပာယ်ရတဲ့ ကမာရတ်လို့ ခေါ်ကြရာက အခုတော့ စကားသံပြောင်းပြီး ကမာရွတ် ဖြစ်နေရတာပါ။

နဝရတ် ဆိုတဲ့ စကားလုံးဟာ ကျောက်မျက်ရတနာကိုးမျိုးလို့ တစ်သမတ်တည်း မဆိုလိုနိုင်ပါဘူး၊ ကျောက်မျက်ရတနာကိုးလုံးလည်း ဖြစ်နိုင်တာပါပဲ၊ ထို့အတူ ကျောက်မျက်ရတနာမဟုတ်တဲ့ တခြားရတနာကိုးမျိုးလည်း ဖြစ်နိုင်တယ်၊ နဝ ဆိုတာဟာ ကိုးပါး၊ ကိုးမျိုး၊ ကိုးလုံး၊ ကိုးခု၊ ကိုးယောက်စသဖြင့် အရေအတွက်ကို ဖော်ပြတာပါ။

ဒါနဲ့ပတ်သက်ပြီး နမူနာတချို့ ပြောပြမယ်၊ မင်းတို့မပြတ်ဆင်ယင်အပ်သော နဝရတ်ကိုးသွယ်ကတော့ 'ပြသည်ဉာဝင်၊ မျက်ကိုတွင်လည်း၊ ဦးကင်းမလွန်၊ တံခွန်မငြိ၊ မျက်စိမဖောက်၊ နားပေါက်မယယ်၊ အစွယ်မခွာ၊ မျက်နှာမလွှမ်း၊ ရင်ဝမ်းမမွေ့၊ အခြေမဖျက်၊ အလက်မဖြတ်၊ ကျင့်နိုင်တတ်မှု၊ နဝရတ်ကိုးဖြာ၊ ဆင်စေရာသည်၊ အောင်ချာပြည်ပ မူထမ်းတည်း' တဲ့။ နောက်တစ်နည်းကတော့ -

'ဦးကင်းမူးပြာ၊ ဓလသမဏ၊ အက္ခာဟူးရာ၊ ပြည်နားသူလျှို့ ခွယ်ကိုမင်းလျာ၊ ကညာမုခ၊ ဝမ်းမွှသူကြွယ်၊ ခြေဝယ်စစ်သည်၊ တစ်လည်လက်နက်၊ ဓဖျက်မဆီး၊ တိုင်းကြီးရာဇ၊ မစကြည့်ရှု၊ ဆင်ယင်မှု၊ ကိုးခုနဝရတ်' တဲ့။

ရသေ့ကြီး ဦးပညာဇ္ဇိဒ္ဓိ၏ သြဝါဒအရဆိုလျှင် "နဝရတ်" ဆိုသော စကားလုံးသည် မွန်ဘာသာနှင့် ပါဠိဘာသာတို့ကို ပေါင်းစပ်ထားသော ရှေးမွန်ဘာသာစကားမှ ဆင်းသက်လာကြောင်း လက်ခံနိုင်လောက်ပါသည်။ ထို့ပြင် ကျောက်မျက်ရတနာ ကိုးပါးကိုသာ ဆိုလိုရင်း မဟုတ်ဘဲ ရတနာကဲ့သို့ တန်ဖိုးထားအပ်သောအရာ ကိုးမျိုးကိုလည်း "နဝရတ်"ဟု တင်စားခေါ်နိုင်ကြောင်း သိရှိမှတ်သားရပါသည်။

ဆရာကြီးဦးအောင်မြိုင်

အမျိုးသမီးများ အချစ်ရေး၊ အိမ်ထောင်ရေး စိတ်အေးရစေဖို့

● ကိုယ့်အမှားတစ်ခုကြောင့် ကိုယ့်အပေါ် စိတ်နာပြီး အဆက်အသွယ် ဖြတ်သွားတဲ့ ကိုယ့်ချစ်သူက စိတ်ဆိုးဒေါသေ ပြေပျောက်ပြီး ကိုယ့်အပေါ် ယခင်လို ချစ်ခင်ကြင်နာကာ အဆက်အသွယ် အမြန်ဆုံး ပြန်လုပ်လာစေချင်ပါသလား ● အကြောင်းတစ်မျိုးမျိုးကြောင့် အဆက်အသွယ် ပြတ်နေတဲ့ ကိုယ့်ချစ်သူနဲ့ အဆက်အသွယ် အမြန်ဆုံး ပြန်ရစေချင်သလား ● လက်ရှိ အဆင်မပြေဖြစ်နေတဲ့ အချစ်ရေးကိစ္စ အမြန်ဆုံး အဆင်ပြေလိုပါသလား ● ကိုယ့်ချစ်သူအပေါ် စကားအပြောအဆို အောင်မြင်ပြီး အမြန်ဆုံး စေ့စပ်လက်ထပ် ပေါင်းသင်းချင်သလား ● အိမ်ထောင်ရေး ရှုပ်ထွေးဖောက်ပြန်နေသူနဲ့ မကြည့်ချင်လောက်အောင် အမြန်ဆုံး မုန်းတီးပြတ်စဲ အဆက်အသွယ် ပြတ်သွားစေဖို့ ● နောက်ကွယ်မှာ ခြေမများတော့ဘဲ အမြန်ဆုံး ခြေငြိမ် အိမ်မြေစေဖို့ ● မိမိပြောစကား သူ့အပေါ် အောင်မြင်ပြီး ရှာဖွေရရှိသမျှ ငွေကြေးဥစ္စာပစ္စည်းများ မိမိထံ အကုန်ပြန်အပ်နှံစေဖို့ ● တကျက်ကျက် ရန်မဖြစ်ရတော့ဘဲ အိမ်ထောင်ရေး အဆင်ပြေသာယာ ပျော်ရွှင်စေဖို့။

[ဝင်္ဂီသရပညာ ထင်ပြာအစီအရင် နည်းလမ်းကောင်းများရှိပါတယ်]

ဆရာမ ခေါ်နှင်းသူဇာဦး

လက္ခဏာဇေဒင် + ယတြာအစီအရင် (အမျိုးသမီး သီးသန့်)

တိုက် (၄၀)၊ အခန်း (A-2)၊ ပထမထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း (၄၁) ရပ်ကွက်၊ မြောက်ဒဂုံပြို့နယ်။

ဝဂု-၅၀၉၃၇၉၁၊ ဝဂု-၇၃၁၄၄၇၆၂၄၊ ဝဂု-၂၅၀၇၇၃၆၃၆

www.burmeseclassic.com

ဘုန်းတော်ဟယ်တြာ (၄)

အောင်ကြည်သန်း (ဟင်္သာတ)

စနေ သဈားသမီးတွေအတွက်
(ခြင်္သေ့သူဆိုး၊ ဝဠုန်ဆင်နှင့်တိုး)

မိုးဦးကျစကာလလေး မိုးလေးက တဖြောက်ဖြောက် ရွာချလိုက်၊ တိတ်သွားလိုက်ရယ်သာ။ နွေနှောင်း ရွက်ဝါလေးတွေ မိုးစက် မိုးပေါက်လေးတွေနှင့်အတူ ကြွေကျ မြေခနေကြသည်။ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းဆုတောင်းပြည့်စေတီတော် ဘုရားဝင်းထဲတွင် ဝိတောက်ပင်တိုင်း အဖူးအပွင့်များဖြင့် ရွှေဝါရောင်လွှမ်းကာ ဝိတောက်ပန်းရနံ့တို့ မွှေးပျံ့နေသည်။

ဘုရားဝင်းထဲတွင် ကြားနေကျ ဥဩဋ္ဌက်သံလေးတွေကိုတော့ မကြားရတော့ပါ။ ဥဩသံအစား ကွန်ကောင်းလေးတွေ၏ တကွန်ကွန် အော်မြည်သံကိုသာ ကြားနေရသည်။ သစ်ပင်ကြီးများတွင် မိုးတွင်းကာလ မိုးလာခိုကြသည့် ဝေသာလီမျိုးများ၊ တင်ကျီးငှက်များ၏ ကဲစ် ကစုံ ကွတ် ကွတ် အသံတွေကိုလည်း မိုးသက်လေနှင့်အတူ ကြားနေရသည်။

စိတ်သည် ဆန်းကြယ်သောသဘော ရှိလေသည်။ "အာရမ္မဏံ စိန္တေတိစိတ္တံ" အာရုံကိုသိခြင်း သဘောသည် စိတ်မည်၏ဟု အဘိဓမ္မာသဘောအရ ဆိုထားသည်။

မိုးလေးတဖြောက်ဖြောက် ရွာချလာပြန်သည်။ မိုးနှင့်အတူပါလာသည့် အနောက်တောင်လေအေးလေးနှင့်အတူ ကျွန်တော့်စိတ်တွေ မွေးရပ်ရွာလေးဆီသို့ရောက်သွားသည်။ အနေနီးခဲ့ကြသည့် ငယ်ကျွမ်းဆွေလေးကို ပြေးလို့သတိရနေမိသည်။ လွမ်းနေမိသည်။ တစ်ဆက်တည်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး၏ အဆုံးအမကို သတိရလာမိပြန်သည်။

"အတိတ်ကိုလည်း ပြန်မစဉ်းစားနဲ့၊ အနာဝတ်တို့လည်း မတွေးနဲ့၊ ယခု ဖြစ်တုန်းဖြစ်ဆဲ စောင့်ကြည့်ဖို့ပဲ၊ အသေမဦးခင် ဉာဏ်ဦးအောင်လုပ်" တဲ့။ "စိတ္တာနုပဿနာ ရှုရာမှာ ပေါ်တဲ့စိတ်ကိုရှု" တဲ့။ "ဖြစ်ပျက်ရှု ဖြစ်ပျောက် ဆုံးအောင်ရှု မုန်းအောင်ရှု" တဲ့။ ကျွန်တော့်လွှမ်းစိတ်လေးကို ဖြစ်ပျက်မြင်အောင် သတိကပ်ရှုနေစဉ် -

"ဆရာ ဝင်ခွင့်ပြုပါ" ဆိုသည့် အသံနှင့်အတူ မောင်ယုအောင် တစ်ယောက် ဗေဒင်ဟောခန်းအတွင်းသို့ ဝင်လာသည်။ မောင်ယုအောင်က အသက်ဆိုင်ရာ အရွယ်

www.burmeseclassic.com

www.burmeseclassic.com

မနိမ့်မမြင့်၊ မျက်နှာသွယ်သွယ်၊ ကိုယ်လုံးကိုယ်ပေါက် အပုအထစ်တို့က အချိုးအစားကျလှသည်။ ကြက်သွေးရောင် ပါတိတ်ဝမ်းဆက်ကို ဝတ်ထားသည်။ ကလေးသုံးယောက် အမေဖြစ်သော်လည်း အပျိုကြီးများလားဟု ထင်မှားလောက် စရာပင်။

"လာထိုင် ညီမ၊ ဘယ်က လှည့်လာတာလဲ"

"ဆရာ့ဆီပဲ တမင်လာခဲ့တာ၊ ဆရာ့ကို အပူကပ် အတူအညီ တောင်းစရာရှိလို့"

"ကဲ- ပြောပါဦး၊ ဘာများအကူအညီ ပေးရမလဲ"

"ပြောတောင် မပြောချင်ပါဘူး ဆရာရယ်၊ မပြော မဖြစ်လို့သာ ပြောရမှာ၊ ဒီလိုဆရာရဲ့၊ ကျွန်မယောကျ်ား ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တယ်၊ နယ်ဘက်မှာပဲ၊ သူ ကျွန်မဆီ တစ်လတစ်ခေါက်လောက် ပြန်ပြန်လာပါတယ်၊ မလာဖြစ်တဲ့လဆို ငွေပို့ပေးတယ်။

အခု ငွေလည်းမပို့ လူလည်းမလာတာ သုံးလကျော်လို့ အကျိုးအကြောင်း သိရအောင် သွားဆီ လိုက်သွားခဲ့တယ်၊ ဟိုရောက်တော့ သူ့အကြောင်း အကုန်သိရတယ်၊ ထမင်းဆိုင်က ကောင်မလေးတစ်ယောက်နဲ့ ငြိနေတယ်လေ၊ သူ ကျွန်မကို တောင် အတွေ့မခံဘူး၊ ရှောင်နေတယ်၊ ကျွန်မလည်း ဒေါသဖြစ်ဖြစ်နဲ့ စိတ်ဆိုးပြီး သင်းကို ကွာပစ်မယ်ပေါ့။

ဒါပေမဲ့ ဆရာရယ် စိတ်ဆိုးပြေသွားတော့ သူ့ကို အရမ်းသတိရတယ်၊ အရမ်းလွမ်းတယ်၊ သူမရှိရင် ကျွန်မ မနေတတ်ဘူး ဆရာ၊ ကျွန်မ သူ့ကို ယူစဉ်ကတည်းက သိပ်ချစ်လွန်းလို့ မိဘစကား နားမထောင်ဘဲ ခိုးရာလိုက်သွားခဲ့တာ၊ အခု ကလေးသုံးယောက်ရပြီးမှ သူ သိပ်ရက်စက်တယ် ဆရာ" ဟု အကြောင်းစုံ ရင်ဖွင့်ပြောရင်း ငိုပါတော့သည်။

ရှိက်ကြီးတငင်ငိုရင်း မျက်ရည်စက်တွေ ပါးပြင်နှစ်ဖက် ပေါ်စီးကျလာသည်။ ကျွန်တော်လည်း တစ်ရှူးကမ်းပေးရင်း-

"တိတ်ပါတော့ ညီမရယ်၊ ဆက်ငိုနေရင် ဆရာပါ လိုက်ငိုမိတော့်မယ်"ဟု ရယ်စရာအရွန်းဖောက်မြောလိုက်မှ မျက်ရည်တွေကို တစ်ရှူးနှင့်သုတ်ကာ အငိုတိတ်သွားပြီး စကားဆက်လာသည်။

"အဲဒါကြောင့် သူ ကျွန်မဆီ ပြန်ပြန်ပြန်လာအောင် ယတြာကောင်းကောင်းလေး ပေးပါဦးဆရာ" ဟု ရင်နှင့် အောင် ခံစားနေရသည့် အသံဖြင့် ပြောလာသည်။

"ဒီအတွက်ဆိုရင် ညီမ ဘာမှ ပူမနေနဲ့တော့၊ ဆရာ သူ့ကိုဓာတ်ယတြာ ပေးလိုက်မယ်၊ ညီမယောကျ်ား ညီမဆီ အမြန်ပြေးလာလိမ့်မယ်၊ ဆရာပြောတာသာ လိုက်မှတ်ပေတော့"

"ဟုတ်၊ သေချာလိုက်မှတ်သွားပါ့မယ်"

"ညီမက စနေသမီးနော်"

"ဟုတ်ပါတယ် ဆရာ"

"ဒီယတြာက ညီမမွေးနံ့ရဲ့ စတုရန်းကနေဆပွတ်၊ အညွှန့်နံ့တွေရဲ့ အဖွင့်ပန်း၊ အညွှန့်အခက်နဲ့ စားဖွယ် တွေကို ညီမအိမ်က ဘုရားမှာပဲ ကပ်လှူပေးရတာ၊ လိုအဲ့ဲ ဆုတွေ တောင်းရင် အမြန်ပြည့်စေတယ်၊ ညီမယောကျ်ား အမြန်ပြန်လာပြီး ညီမတို့အိမ်ထောင်ရေး အဆင်ပြေသွားမယ်"

"အဲဒီယတြာကို မြန်မြန်သာ ပြောပြပါတော့ဆရာ၊ ညီမ ရင်ထဲ မော်နေတယ်၊ ဆရာပြောတာတွေ လိုက်ပြီး နေ့မှတ်သွားပါ့မယ်"

"စနေသားသမီးတွေအတွက် အဂိါက စတုရန်းပဲ၊ စတုရန်းရဲ့အညွှန့်က ဗုဒ္ဓဟူး၊ စတုရန်းရဲ့ ဆပွတ်က တနင်္ဂနွေပဲ ညီမရ။

စတုရန်းရဲ့ အညွှန့်	၄	ဆင်
စနေရဲ့ စတုရန်း	၃	ခြင်္သေ့
စတုရန်းရဲ့ ဆပွတ်	၁	ဂဠုန်

ဘုရားမှာ ကပ်လှူဖို့အတွက် အဂိါရဲ့ အညွှန့်၊ ဆပွတ် ဖြစ်တဲ့ ဗုဒ္ဓဟူးအစ တနင်္ဂနွေအဆုံး၊ ဝက်အူပွင့်၊ ဇော်အူရွက်၊ ဝင်းအူပွင့်၊ ဝင်းအူရွက်၊ ဂဠုန်ရွက်၊ ဝဠုပွင့်တွေထဲက အလွယ်တကူ ရနိုင်တဲ့တစ်မျိုးရဲ့ အပွင့် ဒါမှမဟုတ် အရွက် (၈) ခက်၊ အညွှန့်ဖြစ်တဲ့ ဗုဒ္ဓဟူးနဲ့ ဝါရွက်၊ လဲရွက်၊ ဝါးရွက်၊ ရွက်လှရွက်တွေထဲက ရနိုင်တဲ့ တစ်မျိုးရဲ့ အရွက် (၈) ခက်။

အဂိါရဲ့ ဆပွတ်၊ အညွှန့်ဖြစ်တဲ့ တနင်္ဂနွေအစ ဗုဒ္ဓဟူး အဆုံး၊ ဥသျစ်ရွက်၊ ညောလဲရွက်တွေထဲက ရနိုင်တဲ့ တစ်မျိုးရဲ့ အရွက်(၈)ခက်။ ဆပွတ်ဖြစ်တဲ့ တနင်္ဂနွေနဲ့ အုန်းပန်း၊ အုန်းခက်၊ အင်ရွက်တွေထဲက ရနိုင်တဲ့ တစ်မျိုးရဲ့ အရွက် (၈)ခက်။

(၈)ခက်စီ ၄ မျိုး၊ အားလုံးပေါင်း (၃၂)ကို ပန်းအိုးတစ်လုံးမှာ ကြည့်လို့လှနေအောင် ပြင်ဆင်ထားရမယ်။

ဆွမ်းတော်အတွက် ရှောက်သီး၊ ရှောက်ယို၊ ရဲယို သီး၊ ဥသျစ်သွားသီး၊ ညောလဲသီး၊ ဥသျစ်သီး၊ အုန်းယို၊ အုန်းသီးစိတ် ရနိုင်သလောက် ပန်းကန်မှာ သင့်တင့်လှပနေအောင် ထည့်ထားရမယ်။ ဆွမ်းထမင်း သုံးပွဲ၊ သောက်တော်ရေ သုံးခွက်၊ ဖယောင်းတိုင် သုံးတိုင်၊ အမွှေးတိုင် သုံးတိုင်ကို အဆင်သင့် ပြင်ဆင်ထားရမယ်။

www.burmeseclassic.com

www.burmeseclassic.com

စနေရဲ့ စတုရန်း၊ အင်္ဂါအခါဖြစ်တဲ့ စနေနေ့မနက် ၉ နာရီ၊ ညီမအိမ်က ဘုရားမှာပဲ ကပ်လှူရမယ်။

"ဘုရားတပည့်တော်မ စနေသမီး မနှင်းယုအောင်တ စနေနရဲ့စတုရန်း အင်္ဂါ၊ အင်္ဂါရဲ့အညွှန့် ဆပွတ်ဖြစ်တဲ့ 'မြသေ့' သူဆိုး ဂဠုန်ဆင်နှင့်တိုး သျှန်္ခီတေတ်ယတြာ'ကို ဆက်တပ်လှူဒါန်း ပူဇော်ပါတယ် အရှင်ဘုရား' လို့ ရွတ်ဆိုပူဇော်ရမယ်၊ လိုတဲ့ဆုကို တောင်းရမယ်၊ ညီမယောကျ်ားအပြန်ပြန်လာပါစေလို့ ဆုတောင်းပေါ့၊ နော်ကပြီး ဘုံသုံးဆယ့်တစ်ဖြာမှာ ရှိကြတဲ့ လူ နတ် ဗြဟ္မာ သတ္တဝါတွေကို အမျှဝေပေးရမယ်"

"ကဲ- ညီမ ဒီသျှန်္ခီတေတ်ယတြာကို လုပ်တတ်မလား"

"ဟုတ်၊ ဆရာမြောတာတွေ အကုန်လိုက်မှတ်ထားတော့ ယတြာလုပ်တတ်ပါတယ် ဆရာ"

"ဒါဆိုလည်း လိုတာတွေရှာ သေသေချာချာ လုပ်ပေတော့၊ ညီမယောကျ်ား ညီမဆီ အပြေးပြန်လာလိမ့်မယ်၊ ပိုချစ်ပြီး အိမ်ထောင်ရေး ပိုသာယာသွားမယ်"

"ကျေးဇူးပါပဲ ဆရာ" ဟုပြောပြီး မနှင်းယုအောင် တစ်ယောက် ပြန်သွားပါတော့သည်။

မနှင်းယုအောင် ပြန်သွားပြီး နှစ်ပတ်ခန့်အကြာတွင် လက်ကိုင်ဖုန်းက 'ဉဩ ဉဩ ဉဩ' နှင့် အသံမြည် လာသဖြင့် ဖုန်းကိုကောက်ကိုင်ပြီး -

"ဟလို . . . ဟလို"

"ဆရာ ကျွန်မ နှင်းယုအောင်ပါ၊ ဆရာ့ဆီ အခုမှပဲ ဖုန်းဆက်ဖြစ်တာ ခွင့်လွှတ်ပါနော် ဆရာ၊ ဆရာပေးတဲ့ယတြာ ဘုရားမှာ ကပ်လှူပြီး သုံးရက်မြောက်မှာပဲ ကျွန်မယောကျ်ား အိမ်ပြန်ရောက်လာတယ်၊ သူ မှားမိပါတယ်ပြောပြီး နောက် ဒီလိုမဖြစ်စေရပါဘူး ဘာညာနဲ့ ကတိတွေပေးပြီး တောင်းပန်တယ်၊ ကျွန်မလည်း မှုမနေနိုင်ပါဘူး ဆရာရယ်၊ အားလုံးကို ခွင့်လွှတ်လိုက်ပါတယ်၊ အခု အားလုံး အဆင်ပြေနေပါပြီ၊ ဆရာ့ဆီလာပြီး ကန်တော့ပါဦးမယ်"

"မင်္ဂလာသတင်းကြားရတာပဲ ဝမ်းသာလှပါပြီညီမရာ"

ကျွန်တော့်မှာ အိမ်ထောင်ရေး အဆင်ပြေသွားကြောင်း ကြားသိရသဖြင့် ပီတိတွေ ပြည့်ဝနေပါတော့သည်။ အိမ်ထောင်ရေးသူခနဲ့ တစ်လုံးတစ်ဝတည်း ပြည့်ဝကြပါစေရယ်လို့သာ။

အောင်ကြည်သန်း (ဖောင်တော်သီ)

❑

ဆရာဦးအောင်ကြည်သန်း B.Sc-(Bot)

လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

✪ စီးပွားလုပ်ငန်းအသစ် လုပ်ကိုင်ရန် ✪ အချစ်ရေး၊ အိမ်ထောင်ရေး အခြေအနေ သိရန် ✪ ကျန်းမာရေး အခြေအနေ သိရန် ✪ လက်ထပ်ရန် သင့်၊ မသင့် ဇာတာတိုက်စစ်ရန် ✪ လက်ထပ်မင်္ဂလာအခါရွေးရန် ✪ ကလေး ခွဲစိတ်မွေးဖွားရန်အတွက် ရက်မြတ်ခိုန်ခါရွေးရန် ✪ ကလေး နာမည်ပေးရန် ✪ အိမ်၊ တိုက်၊ အဆောက်အအုံ ဆောက်ရန်အတွက် မြေသန့် ပန္နက်တင်မင်္ဂလာ ဆွေးနွေးနိုင်ပါသည်။ အောင်မြင်လိုသော ကိစ္စတို့အတွက် ဓာတ်ရိုက်ဓာတ်ဆင်း၊ နဝင်းယတြာ၊ အင်းယတြာ၊ ရုတ္တနာဒီပံယတြာ စသည့် အစီအရင်များဖြင့် လိုအပ်သလို အကူအညီ ပေးနေပါသည်။

ငွေကြိုသွင်းပြီး ဖုန်းဖြင့် ဗေဒင်မေးနိုင်ပါသည်။ CB Bank A/c No - 001960010003643[illegible]

ဟောင်ကွေးလာဘက်ခွဲ၊ ရန်ကုန်မြို့ နိုင်ငံသားမှတ်ပုံတင်အမှတ် - ၁၀/[illegible]

ဓာတ်ခန်း - အမှတ် (၆)၊ ပိုးကောင်းဘုရား ပြောက်တက်မုခ်၊ ရန်ကင်းမြို့နယ်၊ [illegible]

ဓာတ်ခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ : ၃၀) မှ ညနေ (၅ : ၅၅) နာရီထိ

www.burmeseclassic.com

www.burmeseclassic.com

ဗားမဲ့ဆရာတော်ကြီး စီရင်ပေးခဲ့သော

ဂီဏာမန္တိန် နှစ်ပုဒ်

သမီးဘွဲ့ညို

ပန်းချီဖိုးအောင်

ကျွန်မ၏ တစ်ဦးတည်းသော သားလေးသည် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ နှစ်တွင် နဝမတန်းကို ကောင်းစွာဖြေဆို အောင်မြင်ခဲ့သဖြင့် ၂၀၁၆ ခုနှစ်တွင် ဒသမတန်းကို တက်ရောက်၍ ပညာသင်ကြားရင်း ဒသမတန်းစာမေးပွဲကို ရင်ဆိုင်ဖြေဆိုရတော့မည် ဖြစ်ပါသည်။

ကျွန်မ၏သားလေး ပညာရေးအပေါ် စိုးရိမ်လွန်ကဲမှုတို့သည် စိုးရိမ်ရေးအမှတ်ထက်ပင် လွန်ကဲနေသည်ဟု ပြောရလေမည်လား မသိပါ။ မိခင်တစ်ဦး၏မေတ္တာ၊ သား စာမေးပွဲမှာ မတော်တဆများ လွဲချော်သွားခဲ့ရင် ဘုရား ဘုရား ကျွန်မ ဆက်မတွေးရဲပါ။

သားလေးသည် တစ်နှစ်လျှင် တစ်တန်း ပုံမှန် အောင်မြင်အောင် ကြိုးစား၍လည်း တစ်နှစ်မှ ကျရှုံးခြင်း မရှိခဲ့ပါ။ သို့သော် (၁၀)တန်းဆိုသော စာမေးပွဲကြီးကို ကျွန်မ ရင်ဆိုင်ခဲ့ရစဉ်က ကျောင်းသင်ခန်းစာကို ပုံမှန်လိုက်နိုင်ခဲ့သော်လည်း (၁၀)တန်း ဖြေဆိုရမည့်အချိန် စာမေးပွဲအခန်းထဲ ဝင်လိုက်သည်နှင့် ဦးတွေ့ တုန်ချင်သလိုလို၊ ရင်တွေ့ ခုန်ချင်သလိုလို ကတုန်ကယင် ဖြစ်ပြီး မေးခွန်းစာရွက်ကို မကြည့်ဝံ့သေးပဲ ခဏ မှောက်ထားရသည်။

နောက်မှ အဖေ ပြောလိုက်သည့် စကားကို သတိရပြီး ရတနာသုံးပါးနှင့် အနန္တော အနန္တငါးပါးကို ရည်မှန်းပြီး စိတ်ထဲမှ ရှိခိုးပူဇော်လိုက်ပြီး စိတ်ကို လျှော့လိုက်ကာ မေးခွန်းလွှာကို စတင်ဖတ်ရှုနိုင်ခဲ့သည်ကို ပြန်တွေးနေမိသည်။

၂၀၁၅ ကျောင်းဖွင့်သည်နှင့် သားလေးကို မနက် တစ်ကြိမ်၊ ည တစ်ကြိမ် ဘုရားမှန်မှန်ရှိခိုးပြီးမှ အိပ်ဖို့ စာကျက်ဖို့ ဆုံးမနေရသည်။ ကျွန်မရဲ့ မပျက်ကွက်သော အလုပ်တစ်ခုပင် ဖြစ်သည်။

လပြည့်ဝန်းမဂ္ဂဇင်း (နိုဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ယခုနှစ်တွင် (၁၀)တန်းဖြေဆိုမည့် သားလေးအတွက် အတန်းစာကိုလည်း မပျက်လိုက်နိုင်အောင် ကြိုးစားခိုင်းရသလို လိုအပ်သော ကျူရှင်ကိုလည်း တက်ခိုင်းထားရပါသည်။

သို့သော် ကျွန်မ စိုးရိမ်စိတ်များက လျှော့တွဲမသွားခဲ့ပါ။ ထို့ကြောင့် ရန်ကုန်မြို့တွင် အလုပ်မအားလပ်သော အလုပ်များနေသည့်အဖေကို အပူကပ်၍ အကူအညီ တောင်းခံရပြန်ပါသည်။

"ဟလို အဖေ၊ အဖေ မြေးက ဒီနှစ် (၁၀)တန်း ဖြေရမှာနော်"

"အေးပါ၊ အဖေ သိပါတယ်၊ ဖုန်းဆက်တိုင်း စာကြိုးစားဖို့ အဖေ့မြေးလေးကို အမြဲသတိပေးနေပါတယ်"

"သားလေးကလည်း ကြိုးစားပါတယ်၊ နွေရာသီကျောင်းပိတ်ရက်တွေမှာ ကျူရှင်တွေ ကြိုတက်နေပါတယ်၊ ဒါပေမဲ့ ခြေချော် လက်ချော်ဖြစ်မှာစိုးတယ် အဖေရယ်၊ ဒါကြောင့် အဖေ့မြေးလေးအတွက် အောင်မြင်မှုတွေ့ရပြီး စာမေးပွဲကို နှစ်ခြင်းပေါက် အောင်မြင်နိုင်မယ့် ဝုဒ္ဓတရားတော်များထဲက သူ ရွတ်ဆို ပူဇော်ရမယ့် ဂါထာလေးများ ရှိရင် သမီးဆီကို စာရေးပြီး အမြန်ချောပို့နဲ့ ပို့ပေးပါ။ အဖေ့မြေးကလည်း သူ့အဘဆီက ရောက်လာရင် နေ့စဉ်မနက်၊ ည ပူဇော်မယ်လို့ ပြောပါတဲ့"

အဖေကလည်း -

"စိတ်ချနေ၊ ငါ့မြေး လိုက်နာပူဇော်ဖို့ အဖေ ပို့ပေးလိုက်မယ်" ဟု ပြောကာ နောက်တစ်ပတ်အတွင်းမှာပင် အဖေဆီမှ စာရောက်လာပါသည်။ စာထဲတွင် ဂါထာတော်တစ်ပုဒ် ရေးထားပါသည်။

သူမိတ်ဆွေ စာရေးဆရာတစ်ဦး ပေး ရှိခဲ့ကြောင်း၊ တကယ် ရွတ်ဆိုပူဇော်သည့်အခါ အောင်မြင်မှု ရခဲ့ကြောင်း အထောက်အထားနှင့်တကွ ရှင်းပြထားပါသည်။

ထို ဂါထာတော်ကြီးမှာ ဗားမဲ့ဆရာတော်ကြီး စီရင်ပေးခဲ့သော ဂါထာတော်ကြီး ဖြစ်ကြောင်း၊ စီရင်ပေးခဲ့သော ဂါထာတော်ကို ညောင်ရမ်းမင်းကြီးက နေ့စဉ်မပြတ် ရွတ်ဆို ပူဇော်ခဲ့သော ဂါထာတော်ကြီးပင် ဖြစ်ပါသည်။

ညောင်ရမ်းမင်းကြီးအား ဗားမဲ့ဆရာတော်ကြီးသည် မန္တန်ဂါထာတော် နှစ်ပုဒ်ကို စီရင်ပေးခဲ့သည်။

အဆိုပါ ဂါထာတော်သည် အောင်ခြင်းရှစ်ပါး အချုပ်ဂါထာတော် ဖြစ်သကဲ့သို့ လောကီအစိုးအရင်များကို မိမိဉာဏ်ရှိသလို ချဲ့ထွင်အသုံးပြုပါက လွန်စွာမှ အစွမ်းထက်လှသော ဂါထာ ဖြစ်တော်ကြောင်း ရှေးဆရာများက ညွှန်းဆိုထားလေသည်။

ညောင်ရမ်းမင်းကြီးလည်း ဗားမဲ့ဆရာတော်ကြီး စီရင်ပေးသည့် ဂါထာတော်ကြီးကို နေ့စဉ်အမြဲမပြတ် ရွတ်ဆို ပူဇော်ခဲ့သည်။

အဆိုပါ ဂါထာတော် နှစ်ပုဒ်မှာ -

(၁) မာရံ ယတ္ထံ ဂဇ်စောရံ
စိဉ္စမာနဉ္စ သစ္စကံ
နာဂံ ဗဂ်ီဇိနိဇိနော
ဟောတုမေ ဇယမင်္ဂလံ။

(၂) မာရံ အာဠာဝကံ ဟတ္ထိ
အင်္ဂုလိမာလ စိဉ္စမာ၊
ကုဋ္ဌတ္ထိ နာဂ ရာဇဉ္စ
ဗဟံ အဇိနိံ တေဇသာ။
အနက်အဓိပ္ပါယ်မှာ-
ယော ဇိနော- အကြင် ငါးမာန်ပယ်ဘိ ဂုဏ်သတ္တိကြောင့် ဇိနအမည် ရွှေဘွဲ့တော် ချည်းအပ်သော မြတ်စွာဘုရားသခင် တို့သောကြောင့်လည်း

(၁) မာရံ - လတ်နှင့် တစ်ဆောင် ရွှေဖျားဆောင်လှူတိ၊ မြားမြောင်သန့်စစ်စိုလ်ပါနှင့်ရောရွှဲလာတို့ဉာဏ် တစ်နှမ်းမှတ်လောက်တဲ့ မာန်နတ်သားတို့ လည်းကောင်း၊

(၂) အာဠာဝကံ - ကြမ်းတမ်း ခက်မာ မိစ္ဆာလူချွတ် နတ်အာဠာဝက ခေါ်ရဆန်းထူး၊ မပြတ်ရှုတဲ့ နတ်ဘီလူးကြီးကို လည်းကောင်း၊

(၃) ဟတ္ထိ - အမုန်ယစ်ခြင်း၊ ပြင်းသည့် မျက်မာန်၊ ထန်သည့် ဒေါသ၊ ခက္ကအတ္တာ နာဠာဂီရိ အမည်တွင်ရှိပြီး အမြင်မှောင်ကြီးတဲ့ ဆင်ဖြောင်ကြီးကို လည်းကောင်း၊

(၄) အင်္ဂုလိမာလဉ္စ - လက်ညှိုး တစ်ထောင် ဆောင်ထုံကိုယ်တွင် ပန်းကုံးသွင်သို့ အင်္ဂုလိမာလ မည်ရတွင်ပြီး တစ်ဆိုးတည်း ဆိုးပြီးတဲ့ ခိုးသူကြီးကို လည်းကောင်း၊

(၅) စိဉ္စမာ - ဇွတ်တရွတ်ပဲ အလွတ်ကြုံစည်မည်ဟု၊ စွပ်စွဲရန်ရှာ ယုတ်မာတူစွဲလွဲ အပလိန်း အစစ်တည်းဟူသော မိန်းမညစ်တို့လည်းကောင်း။

(၆) တုဋ္ဌတ္ထိ - ဝါးတစ်ထောင် အာပုံဆောင်၍ ဝုတ်ရောင်လွှားပ၊ မိုတ်မာနကြောင့်၊ အနိစ္စ အနတ္တ သဒ်္ဓါရုံကို နိစ္စ၊ အတ္တာ ထင်၍သာလျှင်၊ မြတ်စွာရှင်စော၊ ဘုရားဟောကိုလည်း သဘောမကျ၊ မှားလေစွဟု ရွတ်ချခါခါ၊ မြစ်တင်လာသော်၊ မိစ္ဆာယူကြောက် ပရိပို့ဇ်၊ သစ္စက၊ တစ်မှုဖန်တဲ့ ကုဋ္ဌန္တကို လည်းကောင်း၊

(၇) နာဂရာဇဉ္စ၊ နန္ဒောပနန္ဒမည်ရ ကျော်မှန်း၊ ပြင်းထန် ဆိပ်တောက်၊ အံ့လောက်မာန်ပြင်း၊ နဂါးမင်းကို လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com

(၈) ဗက် ငါအယူသာ မှန်လှစွာဟု မိစ္ဆာဝါဒ၊ ခက်ခဲလှသော၊ ဗကမည်ရင်း တစ္စွာစွာ တင်းကြတဲ့၊ ပြဟ္မာမင်းကို လည်းကောင်း၊

အဇိနီ - တန်ခိုးတော်လွတ်၊ မိခွတ်အောင်တော်မူလေပြီ၊ တံတေ ဇသာ - ထိုသို့ အောင်မြင်ခြင်း မင်းတရား၏ ရှိန်ပြင်းတေဇော်၊ တန်ခိုးတော်ကြောင့်၊ မေ - တပည့်တော် တပည့်တော်မတို့အား၊ ဇယမင်္ဂလံ - တန်ဆောင် နဝင်းအောင်ခြင်း နှင်းအောင်ခြင်း မင်္ဂလာသည်၊ ဘဝတု-အကယ်စင်စစ် မသွေ၊ ဘယ်တွင် မလစ် ဖြစ်ပါစေသတည်း။

အဆိုပါ ဂါထာမန္တန် တန်ခိုးတော်ကြောင့် ညောင်ရမ်းမင်းတရားကြီးသည် အောင်မြင်မှု အလိုလိုရရှိခဲ့ပြီး မင်းညီ မင်းသား. မင်းဆွေ မင်းမျိုး မှူးမတ်အပေါင်း၊ သူရဲကောင်းများသာ မက တိုင်းသူပြည်သား အပေါင်းတို့၏ ချစ်ခင်ကြည်ညိုမှုကို ရခဲ့သည်ဟု အဖေ စာထဲတွင် ရေးသားထားသည့်အတိုင်း သားဖြစ်သူအား နေ့စဉ် မပျက်မကွက် ရွတ်ဆို ပူဇော်မှုကို ပြုလုပ်စေခဲ့ပါသည်။

သားဖြစ်သူကလည်း သူ့ဘိုးအေ ဖြစ်သူ ရေးပေးလိုက်သော ဂါထာမန္တန် နှစ်ပုဒ်ကို အပြဲရွတ်ဆိုပူဇော်ရင်း တစ်ဖက်ကလည်း ကျောင်းစာကို ကြိုးစား သင်ယူခဲ့သဖြင့် (၁၀)တန်းစာမေးပွဲကို နှစ်ချင်းပေါက် ဂုဏ်ထူး (၂)ဘာသာဖြင့် အောင်မြင်ပြီး လိမ္မာယဉ်ကျေးသော လူငယ်တစ်ယောက်ဖြစ်လာပြီး ဘာသာ ရေးအသိ၊ လူမှုရေးအသိများ ဝင်လာ ကာ လူချစ်လူခင်များသော ဘဝကို ပိုင်ဆိုင်နိုင်ခဲ့ပါသည်။ ကျွန်မလည်း အဲဒီ အခါကျမှ စိုးရိမ်ပူပန်မှုများ လုံးဝမရှိ တော့ဘဲ စိတ်ချမ်းသာခြင်း သုခကို ကောင်းစွာရရှိခဲ့ပါတော့သည်။

ထို့ကြောင့် သားသမီးများကို အောင်မြင်မှု ရရှိစေလိုသော မိဘများ၊ ကိုယ်တိုင် ဗအောင်မြင်လိုသော မိတ်ဆွေများ စီညာင်ရမ်းမင်းကြီးကဲ့သို့ အောင်မြင်မှု အလိုလိုရရှိခဲ့သော မင်း တစ်ပါးဖြစ်ပြီး လူအများ၏ ချစ်ခင် ကြည်ညိုစေရန် ဗားမဲ့ဆရာတော်ကြီးမှ ညောင်ရမ်းမင်းတရားကြီးအား စီရင် ပေးခဲ့သော ဂါထာမန္တန် နှစ်ပုဒ်အား အများပြည်သူ ရွတ်ဆို ပူဇော်ကြရင်း အောင်မြင်မှု သရဖူများဆောင်းနိုင်ရန် နှင့် ယုံကြည်စွာ ရွတ်ဆိုပူဇော်ပါက တုကယ်ပင့် အောင်မြင်မှုရရှိခဲ့သော အဖြစ်အပျက် (ကိုယ်တွေ့)အား လပြည့် ဝန်းမဂ္ဂဇင်းမှတစ်ဆင့် မျှဝေပေးလိုက် ပါသည်။

သမီးမွာညီ

❑

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွေးကြယ်ပွင့်ဆု (ကျိန်ဟာ - ၂၀၁၀) ရရှိထံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ဓေါင်းဆောင်မှု စွမ်းရည်ကြွယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

GENEVA GOLDSTAR FOR QUALITY

ပျံ-၅-ကောင်
အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆ၀က(စာနယ်ဇင်း) ၀၁၇/၀၃၁၅

သွေးချို-ဆီးချိုကျဆေးနှင့်
သွေးတိုးကျဆေးကို

တစ်ပြည်လုံးသို့
ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးဒယ်မ) Ph.D (Alternative Medicines)
ပျံ-၅-ကောင် တိုင်းရင်းဆေးခန်း အမှတ်-၁၂၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၇၁၂၇၅၊ ၃၉၂၅၉၄

www.burmeseclassic.com

www.burmeseclassic.com

မတ်မရိုက် လာသိရိုက်လာခေသော ဂါဝ

နတ်မျက်စိဆရာအောင်စိုး

ဒီဂါထာလေးကို ရတဲ့အချိန်မှာ မော်လမြိုင် ရှမ်းစုရပ်မှာနေတဲ့ မီးသမားကြီး ကိုသန်းညွှန့်ကို သူတိရမိတယ်။ တွန်တော်တို့မြို့မှာ မီးသမားအခေါ် အဝေါ်က တခြားဟုတ်နိုင်လား။

အိမ်မှာ မီးချောင်းပျက်ရင် တုပ်ဆင်ပေးတာ၊ မီးခလုတ်ကိစ္စ၊ မီးကြိုးကိစ္စတွေအဆုံး လျှပ်စစ်နှင့်ပတ်သက်ပြီး အတိုအထွာလေးတွေ လိုအပ်ရင် ခေါ်သုံးဖို့ လျှပ်စစ်ဖြင့် အသက်သေ အသက်မွေးဝမ်းကျောင်းပြုသူကို အလွယ်တကူ ခေါ်တဲ့ နာမည်ပညတ်ပေါ့။

မော်လမြိုင် ရှမ်းစုရပ်မှာနေစဉ် စာရေးသူနှင့် အိမ်ရှေ့မျက်နှာချင်းဆိုင်ဆိုတော့ မကြာမကြာ လုပ်ငန်းကောင်းဖို့၊ ရပ်ကွက်လိုက် ပွဲတော်တွေမှာ မီးသွယ်ရန် ကန်ထရိုက်ရဖို့၊ အလုပ်ခွင်မှာ အန္တရာယ်ကင်းဖို့၊ ယတြာရော အဆောင်ပါ တောင်းလေ့ရှိတယ်။

ထင်ညွှန့်ဝန်းမင်းငြိမ်း (နိုဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူအနေဖြင့်လည်း ဘုရားဂုဏ်တော်ဖြစ်သော 'အရဟံသိဒ္ဓိ ဘဂဝါ' ကို အမြဲမပြတ် ပွားနေဖို့နှင့် ဓာတ်ကြီးလေးပါး ဆွမ်းကပ်ခိုင်းပါတယ်။ စဇေဝ ဓာတ်ကြီးလေးပါး ဂါထာကို နေ့စဉ်သက်စေ့ ရွတ်ပွားစေပါတယ်။ အထိုက် အလျောက် အဆင်ပြေကြောင်း ကြားသိနေပါတယ်။

စာရေးသူလည်း ရန်ကုန်သို့ ပြောင်းရွှေ့လာတော့ ကိုသန်းညွှန့်နှင့် မတွေ့ဖြစ်တာ ၁၅ နှစ်ထဲ ရောက်ပါပကော။

တစ်နေ့ နယုန်လပြည့်နေ့မှာ ရွှေတိဂုံဘုရားပေါ်တက် အဓိဌာန်ယူ ပုတီးစိပ်ခြင်းများပြုလုပ်ရာ ည ၉ နာရီတိုင် ရောက်တော့တဲ့။

မြောက်တက်မုခ်မှဆင်းပြီး သွေးဆေးကန်ရှေ့တွင် စောင့်ဆိုင်းနေကြသော တက္ကစီကားများကို ၁၀ မိုင်ကုန်း ပြန်ရန် ကားခစျေးနှုန်းများ ညှိမရဖြစ်နေ၏။ သူတို့ ဆိုစျေးက ၅၀၀၀ ဆိုသူဆို၊ ၄၅၀၀ ပြောသူပြော၊ ၄၀၀၀ နှင့် ဆိုလျှင် ခရီးသည်အပို့တင်မည်ဟု အတွန့်တက်သူတွေနှင့် ဆုံနေရလေ ရှိပါတယ်။

စာရေးသူကလည်း တက္ကစီငှားလျှင် ကားသန့်၊ လူရည်သန့်ကို ရွေး၍စီးလေ့ရှိရကား ကားကကောင်းပြီး စျေးတမြင့် နေပြန်၊ စျေးကသင့်သော်လည်း ကားအခြေအနေနှင့် ယာဉ်မောင်းဖုံစံက အခြိုးမကျပြန် ဖြစ်နေ၏။

အဲဒီလိုအခါမှာ တစ်ခါက ဆရာတစ်ဦးပေးခဲ့သော ဓာတ္တစီငှားသည့် အခါဖြစ်စေ၊ အဆင်ပြေစေသော ဂါထာတစ်ပုဒ်ကို စိတ်ထဲမှ ရွတ်ဆိုနေမိပါတယ်။

ထိုဂါထာကတော့ 'စတုဝုဒ္ဓါ အရဟံ ဗုဒ္ဓါ နမော အရဟံ နမာမိ' ဆိုတဲ့ ဂါထာလေးပါ။

သိပ်မကြာလှပါဘူး။ ကားသန့်၊ လူရည်သန့် ယာဉ်မောင်းတစ်ဦး ချိသာစွာ ခန့်စဉ်ကို မေးမြန်းလာ၏။ စျေးနှုန်း ဆိုကြပြန်၏။ နောက်ဆုံး ငွေ ၃၀၀၀ ကျပ်နှင့် ထူးခြားစွာ အဆင်ပြေသွားတော့၏။

စာရေးသူတို့ကားမှာ အင်လျားလမ်းမှ ပြည်လမ်းမပေါ် ရွှေ့တက်ချိန်မှာ ယာဉ်မောင်းသူရဲ့လက်မှာ အနာရွတ်ကဲ့သို့ တွေ့ရ၍ စကားလမ်းကြောင်းရှာလေ့ရှိသော ညာဉ်အတိုင်း -

"ညီလေးလက်က ဘာဖြစ်တာတုံး"

ထိုအခါ ကားဆရာလေးမှ -

"ဩော်- ဒါလား ဆရာ၊ ပြောရရင် အရှည်ကြီးပေါ့။ ဘုရားပေါ်က ဒီအချိန်ဆင်းလာရင် အဓိဌာန်နဲ့ ဘုရားတက်တဲ့လူတွေ၊ ပုတီးသမား။ ဆရာသမားတွေနဲ့ ကြုံရလေ့ရှိတယ်၊ တစ်ည ၁၀ နာရီအချိန်မှာ ရွှေတိဂုံဘုရားဖူးရောက် ဆင်းလာတဲ့ ရဟန်းတစ်ပါးကို မြောက်ဒဂုံဂီ ပျော်ဘွယ်ကျောင်းကို ပို့ပေးရတယ် ဆရာ"

စာရေးသူတို့ စီးလာသောကားလေးသည် ည ၉ နာရီကျော်သည့်တိုင် ပါရမီမီးပွိုင့်တွင် ကားတန်းရှည်နေသဖြင့် အသာအယာ ရပ်နားရပြန်၏။

ကားဆရာလေးက ဆက်ပြီး-

"ကျွန်တော်လည်း ပျော်ဘွယ်နယ်သားဆိုတော့ ပိုခင်သွားကြတာပေါ့ ဆရာ၊ ဘုန်းကြီး တည်းခိုမယ့်ကျောင်း အရောက် ပိုက်ဆံမယူဘဲ ကုသိုလ်ဖြစ် ပို့ပေးဇိုက်တယ်၊ ဆရာတော်ဘုန်းကြီးက ကျွန်တော့်ကို လာဘ်ရွှင်ဖို့ အန္တရာယ်ကင်းဖို့ ဂါထာတစ်ပုဒ် ချီးမြှင့်ခဲ့တယ် ဆရာ"

ကားဆရာက နှုတ်မှလည်း ပြောရင်း ကွမ်းတစ်ယာကို ပါးစပ်ထဲသို့ ထည့်ရင်း ဆက်ပြောပြန်၏။

"တစ်နေ့ မိုးဦးကျကာလပေါ့ ဆရာ၊ သူငယ်ချင်းတစ်ယောက်က အကူအညီတောင်းတာနဲ့ သူကုမ္ပဏီမှာ မန်နေဂျာ ရာထူးနဲ့ ဝိုဒေါင်က ကုန်ပစ္စည်းတွေကို စျေးတွေလိုက်ပို့ရတာတွေ လုပ်ရတယ်ဆရာ၊ ဝိုဒေါင်မှူးလား၊ အုပ်ချုပ်ရေးမှူးလား၊ မန်နေဂျာကြီးလားတောင် ကိုယ့်ကိုယ်ကိုယ် မသိတော့ပါဘူး ဆရာ၊ သူများတွေ မေးရင်တော့ ငွေသိမ်းမန်နေဂျာပေါ့ဗျာ"

ဟုဆိုရင်း သူစကားကိုသူ သဘောကျနေလေ၏။

စာရေးသူအနေဖြင့် ယခုခေတ် ကုမ္ပဏီမှ ကားဆရာများမှာ ကားမောင်းတာဝန်အပြင် မားကက်တင်းမန်နေဂျာလိုလို၊ စာရေးကြီးလိုလို ဘောက်ချာစာအုပ် တကိုင်ကိုင်ဖြင့် ကားမောင်းလိုက်၊ ပစ္စည်းများ မိတ်ဆက်ပေးလိုက်၊ ငွေများ လက်ခံလိုက်ဖြင့် သနားစရာကောင်းလှသော သူတို့အဖြစ်နှင့် အကွက်စေ့လှသော ကုမ္ပဏီအကြီးအသေးတို့၏ ပိုင်ရှင်များ အကွက်ခြင်ပုံကို ချီးကျူးရမလား၊ မေးငေါ့ရမလား ခံစားမိရင်း အပြုံးကိုယ်စီဖြင့် ပါရမီမီးပွိုင့်ကို ကျော်ဖြတ်ရတော့သည်။

"ဒီလိုနဲ့ တစ်နေ့ပေါ့ ဆရာ၊ သယ်နိုးကျွန်းဘက်မှာ ဆိုင်ကြီးတစ်ဆိုင်ရှေ့ ကားရပ်ပြီး ကားနောက်ဘံခါးကိုအဖွင့် ဆရာရယ် တစ်ကိုယ်လုံး ပစ်ရိုက်လိုက်သလို ခံစားရပြီး နောက် ကျွန်တော်ရောက်နေတဲ့ နေရာက ကုမ္ပဏီပိုင် ပစ္စည်းတွေ

www.burmeseclassic.com

ထားတဲ့ ဂိုဒေါင်ထဲမှာ ဖြစ်နေတယ်၊ ကျွန်တော့်တပည့် အလုပ်သမားတွေက ကျွန်တော်လာတာကို တစ်ယောက်မှ ခရီးဦးကြိုပြုတာ၊ နေရာပေးတာ မတွေ့ရဘူးဆရာ။

အဲဒီမှာ ကျွန်တော်က ဒေါသထွက်ပြီး သူတို့ကို လိုက်ထိုးတာ၊ သူတို့က ဘာမှမဖြစ်သလို သူတို့အလုပ် သူတို့လုပ်နေကြတာ တွေ့ရတယ်၊ ကျွန်တော့်ကို မမြင်သလို ဖြတ်သွားဖြတ်လာ လုပ်နေကြတယ်၊ ကျွန်တော်လည်း ဒေါသပိုထွက်လာပြီး လိုက်ကန်တာ တစ်ယောက်မှကို မထိသလို သူတို့က လည်း သွားနေမြဲ လာနေမြဲ သူတို့အလုပ် သူတို့လုပ်နေကြတာပေါ့ ဆရာရယ်။

ဒီနေရာမှာ ကျွန်တော် အလေ့အကျင့်ဖြစ်နေတာ တစ်ခုရှိတယ်၊ ပျော်ဘွယ်က ဆရာတော်တစ်ပါး ဆိုးမြင့်လိုက်တဲ့ 'ပုဒ္ဓါ ဓမ္မော သံဃော၊ သံဃော ဓမ္မော ပုဒ္ဓါ' ဆိုတဲ့ ဂါထာကို ဘယ်လိုအခြေအနေမှာရှိရှိ နှုတ်တက်ပွားများလေ့ရှိတာပဲ ဆရာ"

အဲယားကွန်းဖွင့်ထားတဲ့ တက္ကစီကားလေးက ၈မိုင်ကုန်းကျော်တံတားကို ဖြတ်ကျော်လို့နေပါပြီ။ လမ်းဘေးဝန်းကျင်ကိုပင် ဂရုမထားမိဘဲ ကားဆရာလေးရဲ့ ပုစ္ဆာဆန်သော ဇာတ်လမ်းလေးကို ဆက်လက်နားစွင့်နေမိ၏။

ကားဆရာလေးက ဆက်ပြီး -

"တစ်ခု ထူးခြားနေတာက ကိုယ်ရွတ်နေတဲ့ ဂါထာကို ကိုယ်ပြန်မကြားရဘူး ဖြစ်နေတယ်၊ တအားအော်လည်း အသံမထွက် မသဲမကွဲ၊ နာရီပိုင်းကြာတဲ့အထိ ဂါထာကို တစ်ရွတ်တည်း ရွတ်နေတာပဲ ဆရာရယ်။

တဖြည်းဖြည်းနဲ့ ကိုယ့်အသံ ကိုယ်ပြန်ကြားတဲ့အထိ ဂါထာတော်ကို ရွတ်နေမိတယ်ဆရာ၊ နောက်ဆုံး ဂါထာကို စိတ်တိုင်းကျ ရွတ်ဆိုမိတဲ့ အချိန်မှာ ကျွန်တော်ဟာ ဆေးရုံရောက်နေမှန်း သိလိုက်ရတယ်။

ကျွန်တော် သတိရလာပြီလို့ လုပ်ဖော်ကိုင်ဖက်တွေ ပြောသံကိုကြားလာရတယ်၊ ကျွန်တော့်မှာ အသက်အန္တရာယ် မရှိတော့ဘူးလို့ ဆရာဝန်တွေ မှတ်ချက်ပြုသံလည်း ကြားရတယ်။

ကျွန်တော့်အမျိုးသမီးဆို 'အစောတုန်းက သောက ကြောင့် ငိုခဲ့သလို အခုလည်း အပျော်ကြောင့် ကျွန်တော့်ပေါ် မှောက်ချပြီး ငိုပြန်လေရော ဆရာရေ။

အကြောင်းစုံကို ပြန်သိရတာက ကျွန်တော် ကားရပ်နားတဲ့ နေရာက အပေါ်က ဓာတ်ကြိုးနဲ့မလွတ်ဘဲ ကားခေါင်မိုးနဲ့ လာထိပြီး ဓာတ်စီးပြီး ဓာတ်လိုက်တာကို ခံလိုက်ရတာပဲ ဆရာ"

ဟုပြောရင်း ကိုးမိုင်ကွေ့များကို ကျွမ်းကျင်စွာ မောင်းနှင်ရင်း သူ့စကားကို ဆက်ပြန်၏။

"အဲဒါနဲ့ ဆရာရယ် ဒီဂါထာအကျိုးပဲလား မသိပါဘူး ယောကျ်ားမက တက္ကစီကား ဝယ်ပေးပြီး ဆရာသား သူငယ်ချင်းဆီက တိုက်ခန်းတစ်ခန်း လက်ဆောင်ပြန်တယ်၊ တက္ကစီမောင်းရင်း နှုတ်ကလည်း 'ပုဒ္ဓါ ဓမ္မော သံဃော၊ သံဃော ဓမ္မော ပုဒ္ဓါ' လို့ အမြဲရွတ်လို့ ကားဆွဲလို့ တောင်းသလို အန္တရာယ်လည်းကင်းပါတယ် ဆရာ"

ဟုပြောဆိုရင်း သမိုင်းဈေးထိပ်သို့ ရောက်လာကာ ကားရှိန်ကို လျှော့လေတော့၏။

ပြွေကိုက်လျှင် ဆေးရှိသည်၊ ဓာတ်လိုက်လျှင် ဆေးမရှိဆိုသော စကားအတိုင်း ဓာတ်လိုက်၍ အသက်ဆုံးရှုံးကြသည့် သတင်းကို ရန်ကုန်မြို့တော်နှင့်တကွ ဟိုမှဒီမှ ယခုအချိန်မှာ ပို၍ပင် ကြားသိနေကြရသည်။ လျှပ်စစ်နှင့်နီးစပ်ပြီး လုပ်ငန်းလုပ်သူများ၊ လျှပ်စစ်နှင့်မကင်းသူများ၊ အိမ်ရှင်မများ၊ ခရီးသွားလူထုအပေါင်းတို့အား လျှပ်စစ်အန္တရာယ်ကို အသိသတိထားကြစေလို၍ ဓာတ်လိုက်သော်လည်း ဘုရား တရား သံဃာ ဂုဏ်ကျေးဇူးကြောင့် သေရွာပြန်လူငယ်တစ်ဦး၏ ကိုယ်တွေ့ကို ရေးဖွဲ့လိုက်ရပါသည်။

လျှပ်စစ်အန္တရာယ်ကို ကြောက်သော၊ လာဘ်လည်း ရွှင်လိုသော မော်လမြိုင်မှ မိတ်ဆွေကြီး ဦးညွှန့်ကို အတွက် အစွမ်းထက်မြက်သော ဂါထာတစ်ပုဒ်ကို ပေးဝို့ရန် စေတနာများ ဖြစ်ပေါ်လာမိတော့၏။

လျှပ်စစ်အန္တရာယ်မှ တင်းတေးကြပါစေ။

(ကျေးဇူးစကား - ဤဂါထာကို ဖော်ထုတ်ပေးသော ပျော်ဘွယ်နယ်သား ကိုမြတ်စိုးကို ကျေးဇူးများစွာ တင်အပ်ပါသည်။)

နတ်မျက်စိ ဆရာအောင်နိုး

www.burmeseclassic.com

www.burmeseclassic.com

ခဲတံပေါက်ကြောင်း

(ဇော်ဂြိုဟ်)

ခြုံယေးပေါက်ခြင်းနှင့် ခဲတံဖော့ခြင်း

"မင်္ဂလာပါ ဆရာကျော်ရေ"

"အေး၊ လာ ဆရာသောင်း၊ ဒီနေ့တော့ စောပါလား၊ ကဲ ရေနွေးသောက် လက်ဖက်စားပြီးတော့ အလိုရှိရာမေး"

"ကျေးဇူးတင်ပါတယ် ဆရာ၊ လောလောဆယ် သိချင်တာလေး မေးပါရစေ၊ အင်္ဂလိပ်အဆိုမှာ 'အဝေးခြေသေ့ဟောက် အနီးဆင်ဝှေ့' ဆိုတာကို မူလကျမ်းရင်းမှာ 'ခြသေ့ဟောက်ရန် ဆင်ဝှေ့ပြန်၊ ဇကန်ပျက်စီးမှန်' လို့ လာတယ် ဆရာ၊ အဲဒီအကြောင်းကို ရှင်းရှင်းလင်းလင်း သိချင်ပါတယ် ဗျာ"

"အင်း . . . အဲဒါက (၇)နှေ့သားသမီးတွေ မိမိခြံဝင်းအတွင်း မစိုက်သင့်တဲ့အပင်တွေ စိုက်မိရင်၊ အဲ တိတိကျကျ ပြောပါဆိုရင် ထြရန်းအပင်တွေ စိုက်မိရင်၊ ဥပစာအရဲများ စိုက်မိရင် ဓာတ်ခိုက်ပြီး ပျက်စီးစေတတ်လို့ ခြသေ့ဟောက် ခံရတယ်လို့ ဆိုတာ၊ ဥပမာနဲ့ ပြရအောင်"

"တနင်္ဂနွေသားသမီးတွေမှာ မိမိတို့ရဲ့ ခြံဥပစာအတွင်း အရွေ့တောင်ထောင့်အရပ်က (အင်္ဂါထောင့်ကို ဆိုလိုသည်) ဩဇာပင်၊ ဆီးပင်၊ ညောင်ပင်၊ မြေဓာပင်များ စိုက်ပျိုးမိပါက ဥစ္စာပစ္စည်းတို့မှာ အဖတ်မတင်ဘဲ ပျက်စီးတတ်ပါသည်၊ အင်္ဂဇာတိုင်နှင့် ရှင်းအောင်ကြည့်"

(၁) ၅
၂
၆
---
၁ - နှေ့သား

၄
၀

ဆီး၊ ညောင် ၃-တြိရန်း

"တနလ်္ဂာသားသမီးတို့မှာတော့ မိမိတို့ ခြံမြေဥပစာအတွင်းမှာ အရှေ့နောက်အရပ်က ကန့်ကလာပင်၊ ကလိန်ပင်၊

www.burmeseclassic.com

www.burmeseclassic.com

ခရေပင်၊ လိန်ပင်၊ ဝါးပင်များ မစိုက်ကောင်းဘူး၊ ဓာတ်ခိုက်မယ်၊ ပစ္စည်းဥစ္စာတို့ အဖတ်မတင်ဘဲ ပျက်စီးတတ်တဲ့သဘော ရှိတယ်၊ အင်္ဂဝိဇ္ဇာတိုင်နှင့် မှတ်မိအောင်ကြည့်"

(၂) ၆
၃
၀
၂ - နေ့သား
၅
၁

တြိရန်း ၄-ဝါးပင်

"အင်္ဂါနေ့သားသမီးများကတော့ မိမိတို့ခြံမြေဥပစာအတွင်းမှာ အရှေ့မြောက်ထောင့်ဘက်ကနေပြီး သင်္ဘောပင်၊ သဖန်းပင်၊ သပြုပင်၊ သပြေပင်၊ စံပယ်ပင် စသည့် မစိုက်ကောင်းဘူး၊ စိုက်မိမယ်ဆိုရင် ဓာတ်ခိုက်မယ်၊ ပစ္စည်းဥစ္စာတို့ အဖတ်မတင်ဘဲ ပျက်စီးတတ်တဲ့သဘောရှိတယ်၊ အင်္ဂဝိဇ္ဇာတိုင်နဲ့ သေသေချာချာမှတ်"

(၃) ၀
၄
၁
၃ - နေ့သား
၆
၂

တြိရန်း ၅-သင်္ဘောပင်

"ပုဒ္ဓဟူးသားသမီးများမှာတော့ မိမိတို့ ဥပစာအတွင်းမှာ ခြံအတွင်းမှာ အနောက်မြောက်အရပ်က (ရာဟုထောင့်ကို ဆိုလိုသည်) သံသတ်ပင်၊ သီးပင်၊ သံသေပင်၊ သီတိုင့်ပင်၊ လသာပင်များ မစိုက်ကောင်းပါ။ စိုက်မိမယ်ဆိုရင် ဓာတ်ခိုက်မယ်၊ ပစ္စည်းဥစ္စာတို့ အဖတ်မတင်ဘဲ ပျက်စီးတတ်တဲ့သဘောရှိတယ်၊ အင်္ဂဝိဇ္ဇာတိုင်အတိုင်း သေသေချာချာမှတ်"

(၄) ၁
၅
၂
၄ - နေ့သား
၀
၃

တြိရန်း ၆ - သီဖရိပင်

"ကြာသပတေးနေ့သားသမီးများမှာတော့ မိမိတို့ခြံမြေ ဥပစာအတွင်း အရှေ့အရပ်က (တနလ်ာအရပ်) တည်ပင်၊ ပိတောက်ပင်၊ ပိန္နဲပင်၊ ဗာဒံပင် စသည် စနေနံအပင်များ မစိုက်ကောင်းပါ။ စိုက်မိမယ်ဆိုပါလျှင် ဓာတ်ခိုက်မယ်၊ ဥစ္စာပစ္စည်းတို့ အဖတ်မတင်ဘဲ ပျက်စီးတတ်တဲ့သဘော ရှိတယ်၊ အင်္ဂဝိဇ္ဇာတိုင်ကို ကြည့်မှတ်"

(၅) ၂
၆
၃
၅ - နေ့သား
၁
၄

တြိရန်း ၀ - တည်ပင်

"သောကြာနေ့သားသမီးများ မိမိတို့ခြံအတွင်း ဥပစာအတွင်း၌ အနောက်တောင်ဘက်က (စနေထောင့်) သစ်အယ်ပင်၊ အင်ပင်၊ အုန်းပင် စသည် မစိုက်ကောင်းပါ။ စိုက်မိပြီဆိုပါလျှင် ဓာတ်ခိုက်မယ်၊ ဥစ္စာပစ္စည်းတို့ အဖတ်မတင်ဘဲ ပျက်စီးတတ်သော သဘောရှိ၏၊ အင်္ဂဝိဇ္ဇာ သောကြာအခါတိုင်ကို သေချာကြည့်မှတ်ပါ"

(၆) ၃
၀
၄
၆ - နေ့သား
၂
၁

တြိရန်း ၁ - အုန်းပင်

"စနေနေ့သားသမီးများအတွက် မိမိတို့ခြံအတွင်း ဥပစာအတွင်း မြောက်အရပ်က ဒေါက်ခွပင်၊ ကြောက်ပင်၊ ကံကော်ပင်၊ ခံပင်၊ ကြံပင်၊ ကျည်းပင် စသည်တို့အား မစိုက်ကောင်းပါ။ စိုက်မိမယ်ဆိုရင် ဓာတ်ခိုက်မယ်၊ ဥစ္စာပစ္စည်းတို့ အဖတ်မတင်ဘဲ ပျက်စီးမယ့်သဘောရှိတယ်၊ စနေအင်္ဂဝိဇ္ဇာတိုင်နဲ့မှတ်"

(၇) ၄
၁
၅
၀ - နေ့သား
၃
၆

တြိရန်း ၂ - ကြံပင်

www.burmeseclassic.com

www.burmeseclassic.com

"ကဲ. . . မောင်သောင်း၊ မှတ်မိရဲ့လားဗျာ"

"အင်း၊ ခြင်္သေ့ဟောက်ခြင်း သရုပ်တော့ ပေါ်ပြီဗျ၊ အဲ - ဆင်ဝှေတယ်ဆိုတဲ့ သဘော ရှင်းအုန်းလေ"

"ကောင်းပြီ၊ ဆက်ကြည့်ပါဦး"

ဖော်ပြခဲ့တဲ့ (၇)ရက်သားသမီးများဆိုင်ရာ လက်ာအရပထမပုဒ်မှာ -

"သူရဇ္ဈမှာ ဟောက်ပါခြင်္သေ့" ဆိုသည်ကား သူရဇ္ဈခေါ်သော တနင်္ဂနွေသားသမီးတို့မှာ ခြင်္သေ့ဖြစ်သော အင်္ဂါတြိုရန်း ဓာတ်ခိုက်သည်ကို ဆိုလိုပါသည်။

"ကျားမင်းတွေ့မှ မရွှေဆင်သာ" ဆိုသည်ကား ကျားခေါ်သော တနလ်သားသမီးတို့မှာ ဆင်မည်သော ၄ ဟူးနံ့ ဓာတ်ခိုက်သည်ကို ဆိုလိုရင်းဖြစ်သည်။

"အင်္ဂါနွေအား ကြွက်ပင်စား၏" ဆိုသည်မှာ အင်္ဂါသားသမီးတို့သည် ကြွက်မည်သော ကြာသပတေးနံတြိုရန်း ဓာတ်ခိုက်သည်ကို ဆိုလိုပါသည်။

"နွေကားဗုဒ္ဓဟူး ပူးရာဇာလျှင်" ဆိုသည်မှာ ဗုဒ္ဓဟူးသားသမီးတို့မှာ ပူးခေါ်သော သောကြာနံတြိုရန်းဓာတ်ခိုက်သည်ကို ဆိုလိုရင်းဖြစ်သည်။

"ဇိဝါထိုနွေ နဂါးမွေ့၏" ဆိုသည်မှာ ဇိဝါမည်သော ကြာသပတေးသားသမီးတို့မှာ နဂါးခေါ်သော စနေနံတြိုရန်း ဓာတ်ခိုက်သည်ကို ဆိုလိုပါသည်။

"မရွှေသောကြာရာဇာ ဂဠုန်ဖန်ပြု၍ တုံ၏" ဆိုသည်မှာ သောကြာသားသမီးတို့မှာ ဂဠုန်ခေါ်သော တနင်္ဂနွေနံတြိုရန်းဓာတ်ခိုက်ခြင်းကို ဆိုလိုပါသည်။

"ကြွလေနာဂ ဗျာဃ္ဃာဇာ" ဆိုသည်မှာ နာဂခေါ်သော စနေသားသမီးတို့မှာ ဗျာဃ္ဃမည်သော တနလ်နံတြိုရန်းဓာတ်ခိုက်၍ ပျက်စီးခြင်းကို ဆိုလိုရင်းဖြစ်ပါသည်။

"တြိုရန်းဓာတ်ခိုက် သစ်ပင်များ သိရှိနားလည်လောက်အောင် နည်းအဖုံဖုံ အကျယ်တဝင့်ပြပြီးပြီ၊ ပျက်စီးတတ်ဆုတ်ယုတ်တတ်တဲ့ ဓာတ်သစ်ပင်များကို အထူးသတိပြုပေတော့ ဆရာသောင်းရေ"

"မှတ်မိပါပြီ ဆရာ၊ ဆက်ပါဦး ဆရာ"

"အနီး ဆင်ဝှေခြင်း" ဟူသည်ကား ခုနစ်ရက်သားသမီးတို့သည် မိမိတို့မွေးနံ့နှင့် သတ်ဆိုင်ရာဖြစ်သော စတုရန်း ဓာတ်ခိုက်သစ်ပင်များကို အိမ်၊ တိုက် စတဲ့ ဥပစာအတွင်း ဘက် ရန်ကျတဲ့အရပ်တွေမှာ စိုက်မြဲကြမယ်ဆိုရင် ထိုဓာတ်ခိုက်သည့် အားလျော့စွာ ဆုတ်ယုတ်ပျက်စီးသွားတတ်သော သဘောကို ဆိုလိုသည်။ အမြဲတမ်း မှတ်သင့်ပါသည်။

ထို့ကြောင့် "ခြင်္သေ့ ဟောက်ရန် ဆင်ဝှေပြန်၊ ကေန်ပျက်စီးမှန်" ဟု မိန့်ဆိုခဲ့၏။ ဥပမာ -

"တနင်္ဂနွေသားသမီးများ မိမိတို့ဥပစာခြံအတွင်း၌ တောင်အရပ်မှ ကလိန်ပင်၊ ဝါပင်၊ ရဲယိုပင် စသည်တို့ကို စိုက်ပျိုးမိကြပါက စီးပွားဥစ္စာ ဆုတ်ယုတ်ပျက်စီးတတ်ကြောင်းကို ဆိုလိုလေသည်၊ တနင်္ဂနွေ အင်္ဂါဝိဇ္ဇာတိုင်းကို သေချာကြည့်"

(၁) ၅
၂
၆
---
၁ - တနင်္ဂနွေ

စတုရန်း ၄ - ရဲယိုပင်
၀
၃

"တနလ်သားသမီးများမှာ မိမိတို့၏ ဥပစာခြံအတွင်း၌ (မြောက်)ဘက်က ပေါက်ပန်းဖြူ၊ ပေါက်ဗင်၊ ပျဉ်းမပင် စသည်တို့ကို စိုက်မိပါက ဓာတ်ခိုက်၍ ပျက်စီးတတ်ကြောင်းကို ဆိုလိုပါသည်၊ အင်္ဂါဝိဇ္ဇာတိုင်ဖြင့် ကြည့်ပါလေ"

(၂) ၆
၃
၀
---
၂ - တနလ်

စတုရန်း ၅ - ပျဉ်းမပင်
၁
၄

"အင်္ဂါသားသမီးများမှာ မိမိတို့၏ ဥပစာခြံအတွင်း၌ အနောက်မြောက်ထောင့်အရပ်က ဖက်သန်းပင်၊ သီးပင်၊ သံသတ်ပင်၊ သီဟိုပင် စသည်တို့ကို စိုက်မိပါက ဓာတ်ခိုက်ပျက်စီးတတ်သောကြောင့် သတိထားရှောင်ရှမည်ဖြစ်ကြောင်း ဆိုလိုရင်းဖြစ်သည်၊ အင်္ဂါဝိဇ္ဇာတိုင်နှင့် ယှဉ်ကြည့်"

(၃) ၀
၄
၁
---
၃ - အင်္ဂါ

စတုရန်း ၆ - သီဟိုပင်
၂
၅

www.burmeseclassic.com

www.burmeseclassic.com

"ဦဒွဟူးသားသမီးများ မိမိတို့၏ အိမ်ဥပစာခြံအတွင်း၌ အရှေ့မြောက်ထောင့်အရပ်က ထိမ်ပင်၊ နှောပင်၊ တည်ပင်၊ ထန်းပင် စသည်တို့ကို စိုက်မိပါက ဓာတ်ခိုက်ပျက်စီးတတ်သော ကြောင့် သတိထားရှောင်ရမည်ဖြစ်ကြောင်း ဆိုလိုရင်းဖြစ်သည်၊ အင်္ဂါဝိဇ္ဇာတိုင်နှင့် ယှဉ်ကြည့်"

(၄)
၁
၅
၂
၄ - ဗုဒ္ဓဟူး
၀ - ထိန်ပင်
၃
၆

စတုရန်း

"ကြာသပတေးသားသမီးများ မိမိတို့၏ အိမ်ဥပစာခြံ အတွင်း၌ အနောက်တောင်ထောင့်ဘက်မှ အင်ပင်၊ အုန်းပင်၊ သစ်အယ်ပင် စသည်တို့အား စိုက်ပျိုးမိပါက ဓာတ်ခိုက်ပျက်စီး တတ်သော သဘောကြောင့် သတိထား ရှောင်ရမည်ဖြစ် ကြောင်း ဆိုလိုရင်းဖြစ်သည်၊ အင်္ဂါဝိဇ္ဇာတိုင်ဖြင့်မှတ်"

(၅)
၂
၆
၃
၅ - တေး
၁ - အုန်းပင်
၄
၀

စတုရန်း

"သောကြာသားသမီးများ မိမိတို့၏ အိမ်ဥပစာခြံ အတွင်း၌ အရှေ့ဘက်က ကျည်းပင်၊ ခဲပင်၊ ကံ့ကော်ပင်၊ မန် ကျည်းပင် စသည်တို့ကို စိုက်ပျိုးမိပါက ဓာတ်ခိုက်ပျက်စီး တတ်သော သဘောကြောင့် သတိထား ရှောင်ရမည်ဖြစ် ကြောင်း ဆိုလိုရင်းဖြစ်သည်၊ အင်္ဂါဝိဇ္ဇာတိုင်နှင့် ဟပ်ကြည့်"

(၆)
၃
၀
၈
၆ - သောကြာ
၂ - ကံ့ကော်ပင်
၅
၁

စတုရန်း

"စနေသားသမီးများမှာ မိမိတို့၏ ဥစာခြံအရှေ့တောင်၌ အနောက်ဘက်မှ ညောင်ပင်၊ ဆီးပင်၊ စစ်ပင်၊ စောစ်သေးပင် စသည်တို့အား စိုက်မိပါက ပစ္စည်းဥစ္စာ ဆုတ်ယုတ်ခြင်းနှင့် ဓာတ်ခိုက်ပျက်စီးတတ်သော သဘောရှိကြောင်း ဆိုလိုရင်း ဖြစ်သည်၊ အင်္ဂါဝိဇ္ဇာတိုင်နှင့် ယှဉ်ရှုကြည့်ပါ"

(၇)
၄
၁
၅
၀ - စနေ
၃ - ဆီးပင်
၆
၂

စတုရန်း

"ကဲ ဆရာသောင်း၊ ဒါ လောကီပညာရပ်တွေပဲ၊ လောကီပညာပင် ဖြစ်ပေမယ့်လို့ ယုံသင့်ယုံထိုက်တ ခိုင်လုံ စွာ ယုံကြည်နိုင်ကြောင်း 'လောကဝစန် သစ္စံဝါ' ဟူသော ပညာရှိတို့၏ ရှေးထုံးစကားအရ လောကီအတတ် လောကီ ပညာပင် ဖြစ်ပါငြားသော်လည်း အခြေခံသဘာဝ အမှန် ရှိပါက ဖြစ်တတ် မှန်တတ်သောကြောင့် ကောန်ယုံကြည်ထိုက် ကြောင်း ပညာရှင်အပေါင်းက ဝန်ခံကြတယ် မဟုတ်လား ဆရာသောင်းရဲ့"

"မှန်ပါတယ် ဆရာကျော်၊ အခု အင်္ဂါဝိဇ္ဇာကျမ်းရင်းမှာ လာတဲ့ 'အဝေးခြေသို့ဟောက် အနီးဆင်ဇော့' ဆိုတဲ့ ပညာခန်း မှာ ဖြစ်တတ်တဲ့ မစိုက်ကောင်းတဲ့အပင်တွေ သတိထားဖို့ လွန်စွာ မှတ်သားသင့်ပါတယ်ဗျ၊ ကျွန်တော်ကတော့ သေသေ ချာချာ မှတ်ပြီးပါပြီ ဆရာကျော်ရေ"

"ကဲ ဒါဆို ဒီနေ့ လက်စသတ်၊ ရေနွေးတွေ ခါးနေပြီ ဗျား"

"သောက်လိုက်ကြဦးစို့ ဆရာရေ့"

"ကောင်းပါပြီဗျား"

ဆရာအောင်ကျော်ဦး(ရွှေတော်)

www.burmeseclassic.com

www.burmeseclassic.com

တူတော်မောင်၏သမီးလေးအတွက် ဇာတာတွက်ချက်ပြီး သမီးငယ်အား ဖုန်းဆက်ခိုင်းရ၏။ ရုံးကအပြန် အိမ်ဝင်၍ ဇာတာယူရန် မှာရသေးသည်။ မိမိတတ်နိုင်သည့် ဘက်မှ ခုနစ်ရက်သားသမီးများ၏ အကျိုးကို တတ်နိုင်သမျှ သယ်ပိုးတူညီပေးနေရ၍ စိတ်ချမ်းသာပါသည်။

ခံစားနေရသည့် ပြဿနာများ၊ ဒုက္ခလေးများကို မပျောက်စေအောင် ဆရာသမားများ၏ သင်ကြားပေးသော ပညာများဖြင့် လူတန်းစားမရွေး ဖြေရှင်းပေးနေရသည်ကိုပင် ပျော်ရွှင်ကျေနပ်နေပါသည်။

"ဆရာ၊ ဝင်ခွင့်ပြုပါနော်"

အသံကြား၍ တွေးလက်စအတွေးကို ဖြတ်ကာ အပေါက်ဝသို့ လှမ်းကြည့်လိုက်ရာ အမျိုးသမီးကြီးနှင့် သမီးဖြစ်ဟန်တူသူ နှစ်ဦးကို တွေ့ရ၍ ကျွန်ုပ်မှ -

"ဝင်ခဲ့ပါ။ ဝင်ခဲ့ပါ"

ဟုပြောလျှင် နှစ်ဦးသား ဒေါ်မထဲဝင်လာပြီး ကျွန်ုပ်ရှေ့ရှိ ကုလားထိုင်များတွင် ထိုင်ရန်ပြော၍ ထိုင်လိုက်ကြသည်။ ထိုအခါ ကျွန်ုပ်မှ -

"ကဲ - ဘာအကူအညီ ပေးရမှာလဲ"

ဟု မေးလိုက်လျှင် -

"ဒီလိုပါ ဆရာ"

ဟု အသက်ကြီးကြီး မိန်းမကြီးမှ ကျွန်ုပ်အား အောက်ပါအတိုင်း ပြောပြသည်။

"ကျွန်မနာမည် တင်တင်ပါ ဆရာ၊ မတင်တင်ပေါ့။ ကျွန်မက အဓိပတိဖွားပါ ဆရာ၊ စနေသမီးဖြစ်လို့ မီးနေခန်းထဲမှာ မွေးစက ဓားထမ်းကျော်ရသေးတာ၊ ကျွန်မက သမီးဦးလေ ဆရာရဲ့၊ စီးပွားရေးကလည်း ကျွန်မမွေးမှ စီးပွားတက်တယ်ဆိုပြီး ဘာပြော ကောင်းမလဲ ဆရာရယ် ကျွန်မလိုချင်တာ အကုန်ရတယ်၊ ကျောင်းနေပြန်တော့လည်း ကျွန်မက အတန်းတိုင်းမှာ ၁-၂-၃-က အဆင့်မကျဘူးလေ၊ ဒီလိုနဲ့ ကျွန်မ ၁၀ တန်းကိုလည်း နှစ်ချင်းပေါက် အောင်တယ်၊ ဂုဏ်ထူး (၃)ဘာသာ ပါသေးတယ်၊ *ဒါနဲ့ ကျွန်မ ဘွဲ့ရပြီး သူတို့အဖေနဲ့ လက်ထပ်ခဲ့တယ်။

ဆရာရေ၊ သူတို့အဖေကလည်း တောသူငွေးသားပေါ့။ လယ်ကော ၁၀၀ ကျော်ပိုင်တာ၊ သားကလည်း တစ်ယောက်တည်းဆိုတော့ ဆရာသာ စဉ်းစားကြည့်လေ၊ အေးဆေးပေါ့ ဆရာ။

နောက် လယ်တွေ စေးကောင်းတော့ သူတို့အဖေ ကျွန်မယောကျ်မတွေလည်း မရှိရော လယ်ရောင်းပြီး ဒီမြို့ကို မိသားစုအားလုံးပြောင်းခဲ့တယ်၊ ပါလာတဲ့ငွေလေးနဲ့ ဆန်ဆိုင် ဖွင့်ပြီး စလုပ်တာ။

www.burmeseclassic.com

www.burmeseclassic.com

ရတာပေါ့ ဆရာရယ်။

စိတ်မရှိပါနဲ့ ဆရာရယ်၊ ပြောရင်းပြောရင်းနဲ့ အိမ်အကြောင်းတွေ ပြောမိတယ်၊ လိုရင်းမရောက်သလို ဖြစ်နေတယ်"

မိန်းမကြီးသည် စကားကို ခဏရပ်၍ ကျွန်ုပ်ကို တောင်းပန်ရင်း သမီးဆီက ရေပုလင်းဆောင်း၍ သောက်နေသည်။ သူမတော့ မသိ၊ မော မမော၊ နားထောင်ရသည့် သူကတော့ အတော်မောနေပါပြီ။ လိုရင်း မရောက်နိုင်။ ဖြတ်ပြောပါရင်လည်း ယဉ်ကျေးမှုအလုပ် မဟုတ်။ သူလို လူမျိုး (၃) ယောက်သာဆိုလျှင် တစ်နေကုန်နိုင်သည်။

ရေသောက်ပြီးလျှင် ဆက်၍ -

"ကျွန်မသမီးကလည်း ကျွန်မလိုပဲ စာသိပ်တော်တာ၊ အတန်းတိုင်း ဆုရတာပါပဲ၊ သူလည်း အဓိပတိဖွားပဲဆရာ၊ မအေတူလေးပေါ့၊ သူ့အဖေက သိုက်ဖွားဆရာ၊ ဆရာ့ကို ဆရာလုပ်တာ မဟုတ်ပါဘူးနော်။

သမီးလေးက နည်းပညာတက္ကသိုလ်က ဘွဲ့ရတာဆရာ၊ သမီးကို တော်ရုံအလုပ်တွေလည်း မခိုင်းချင်ဘူးဆရာ၊ သူရတဲ့ဘွဲ့နဲ့ သင့်တော်မယ့်အလုပ်ပဲ လုပ်စေချင်တာ၊ ဒီမှာ တစ်နှစ်လောက် လုပ်ပြီးရင် သူ့အဖေ ရှိတဲ့ စင်ကာပူကို ပို့မှာဆရာရဲ့၊ ဒီမှာက ရတာ နည်းတယ် ဆရာ၊ ဟိုနိုင်ငံမှာက ပိုက်ဆံပိုရတယ် ဆရာ"

"ကဲ - ဒေါ်တင်တင်၊ ခင်ဗျား အခု ဘယ်မှာနေတာလဲ"

ကျွန်ုပ်က မေးလျှင် -

"ဟာ ဆရာကလည်း ဘာများမေးလဲလို့ မြန်မာပြည်မှာ နေတာပေါ့" ဟု ဖြေ၏။

"ဟုတ်တယ်လေ မြန်မာပြည်မှာ၊ ခုဆိုရင် ခင်ဗျား နှစ်ငါးဆယ်ကျော် ကြာပြီပေါ့၊ ဒီမြေရေသောက် ဒီမြေက အသီးစား ဒီမြေမှာ ခိုနားပြီးမှ ကျေးဇူးကန်းစကား မပြောပါနဲ့ဗျာ၊ အားနာပါဦး၊ စိတ်တော့ မရှိနဲ့နော်၊ ကျုပ်က ကိုယ့်ပြည်ကို မကောင်းပြောရင် လက်မခံဘူးဗျာ"

ကျွန်ုပ်က လေသံမာသွားတော့ ဒေါ်တင်တင် မျက်နှာပါ ပြောင်းသွားသည်။

သမီးလေးက သူ့အမေကို လက်ကုတ်လိုက်တာ မြင်လိုက်ရသည်။ မပြောနဲ့ဆိုသည့် သဘောပင်။

မှန်မှန်နှင့် -

"ကဲ ဒေါ်တင်တင်၊ လုပ်ပေးရမယ့်ကိစ္စကို ပြော၊ အချိန်တောင် အတော်ကြာသွားပြီလေ"

"ဟုတ်ကဲ့ပါ ဆရာ၊ တွန်းသီဇီ မြသူ သူဌေးဆရာ ဘွဲ့လည်းရပြီးပါပြီ၊ ကုမ္ပဏီအလုပ်တွေ လျှောက်ထားလည်း တစ်ခုမှ အဆင်မပြေ ဖြစ်နေတယ်ဆရာ၊ အလုပ်ရမယ် ရမယ်နဲ့ လျှောက်ရတဲ့အလုပ်တွေလည်း ခြေတောင်ရောင်းလာပြီ ဆရာ၊ ၆-လတော့ပြီ၊ အခုအထိ အဆင်မပြေသေးဘူး ဆရာ"

သူမ စကားဆုံးလျှင် ကျွန်ုပ်မှ -

"မဟုတ်သေးဘူး ဒေါ်တင်တင်၊ အခုခေတ်ကာ ဘွဲ့ရရုံနဲ့ မပြီးသေးဘူးလေ၊ ဘွဲ့ရရမယ်၊ အင်္ဂလိပ်စကားပြော၊ တရုတ်စကားပြော ဘာသာသုံးဖို့လောက် စကားသင်ထားရမယ်၊ စာရင်းကိုင် သင်ထားရမယ်၊ ခုခေတ် ကွန်ပျူတာ မကျွမ်းကျင်လို့ မရဘူး၊ ဒါမှ အလုပ်ရဖို့ နီးစပ်မှာဗျ" ဟု ပြောလျှင် ဒေါ်တင်တင် ချက်ချင်းပြောကာက -

"သင်ပြီကော ဆရာရယ်၊ အင်္ဂလိပ်၊ တရုတ်၊ ဗျဝန်း ပြင်သစ် စုံအောင်သင်ထားတယ်၊ စာရင်းကိုင်လည်း တတ်ထားတယ်၊ ကွန်ပျူတာကတော့ ကျွမ်းကျွမ်းကျင်ကျင်ကို တတ်နေပါပြီဆရာ၊ သက်ဆိုင်ရာ သင့်တန်းအောင်လက်မှတ်တွေလည်း ရှိပါတယ်၊ အဲဒီအတွက် အရင်းအနှီးလည်း မနည်းတော့ဘူး ဆရာ၊ သူက်က ညှဉ်မျှားနေသလားမသိပါဘူး ဆရာရယ်"

ဒေါ်တင်တင် လေသံ ပျော့သွားလေသည်။

"ခင်ဗျားပြောတော့ သမီးက အဓိပတိဖွားဆို"

ဟု ပြောလျှင် -

"ဟာ. . . ဆရာကလဲ"

ဟု ဒေါ်တင်တင် ပြုံး၍ ဆို၏။

"သေသေချာချာ မှတ်သွားနော်၊ သမီးလေးတ လိုတ်ရေး၊ ငွေမကုန် တန်ဖိုးနည်းလို့ အလုပ်မဖြစ်ဘူးလို့ မထင်နဲ့ ဒေါ်တင်တင်ရေ၊ ဒါက ကျွန်ုပ်တို့ရဲ့ ပညာခန်းဆီ။

လုပ်ရမှာကတော့ အုန်းရွက် (၅)ရွက်မှာ မိမိလုပ်လို သော အလုပ်အမည်ကိုရေး၊ ရေအိုးထဲထည့်ပြီး တနှစ်ခွဲ ထောင့်မှာ ဘုရားကိုလှူရမယ်၊ သီလယူ၍ အလုပ်အပြန်ရေ ကြောင်း လေးလေးနက်နက် ဆုတောင်း ဘုရားကို လျှောက်လျှင် အိမ်ဘုရားမှာ လုပ်၍ရသည်။

www.burmeseclassic.com

www.burmeseclassic.com

လုပ်ရမှာက (၅)ရက်တိတိ လုပ်ရမှာ၊ မိမိမွေးနေ့က စလုပ်ပါ။ ရေအိုးကတော့ အတာအိုးလေးနဲ့ လုပ်ရင်ရတယ်၊ ကဲ - စိတ်ဓမ်းသာသွားပြီလား ဒေါ်တင်တင်"

ဟု ကျွန်ုပ်က ပြုံး၍ မေးလိုက်လျှင် -

"ဒီလိုမှန်းသိရင် ဆရာ့ဆီ အစောကြီးကတည်းက လာပါတယ်၊ အလကား ဟိုပြေးဒီပြေးနဲ့ အချိန်တွေကုန်သွားတယ်၊ နှမြောစရာကောင်းလိုက်တာ ဆရာရေ" ဟု ပြောဇ်။

"ကဲ ဒေါ်တင်တင်၊ ယကြာလုပ်ရမှာက ခင်ဗျားမဟုတ်ဘူးနော်၊ ကာယကံရှင်ဖြစ်တဲ့ သမီးလေးမြသူဇာ ကိုယ်တိုင် လုပ်ရမှာနော်၊ ဒေါ်တင်တင်က အနားက လိုအပ်တာတွေ ရှာပေးပေါ့၊ မနက် ၆း၃၀ မှာ လုပ်လိုက်ပါနော်"

"ဆရာ ကျေးဇူးလည်း တင်ပါတယ်၊ ဉာဏ်ပူဇော်ခ ဘယ်လောက် ကန်တော့ရမှာလဲ၊ ကျွန်မတို့ကို အားမနာပါနဲ့ ဆရာ" ဟု အားရဝမ်းသာ ပြောနေဇ်။

ကျွန်ုပ်မှ ရယ်ရင်း-

"ဉာဏ်ပူဇော်ခကတော့ သူများနဲ့မတူဘူး၊ ဒေါ်တင်တင်တို့ကျဲတော့ စေတနာရှိသလောက်သာ ကန်တော့ပါ။ ကျွန်တော်-ကြေးမပြောပါဘူး၊ လက်အုပ်ချီကန်တော့လည်း ရပါတယ်ဗျာ"

ဟု ကျွန်ုပ်က ပြောလျှင် ဘုရားခန်းအားကြည့်၍-

"ဒါဆိုရင်ဆရာ ဟိုပွဲ တစ်ပွဲ ကျွန်မ လျှုပါ့မယ်"

ဟုပြောပြီး ပိုက်ဆံအိတ်ထဲမှ ငါးထောင်တန်များ ထုတ်၍ စာအိတ်ထဲထည့်ကာ ကျွန်ုပ်အား သမီးလေးနှင့်အတူ ကန်တော့၍ သားအမိနှစ်ယောက် ရွှင်လန်းဝမ်းမြောက်စွာ ပြန်သွားသည်ကို ကြည့်၍ ဆရာဆိုတာ ဝိတိစား အားဖြစ်ရသည်သာပင်။

လိုအင်ဆန္ဒ ပြည့်ဝပါဝေ။

ဆရာသက္က

ဆရာဦးခင်ဇံတွန်း D.B.B.W - C.T (Med)

ဘုန်းသျှင် တိုင်းရင်းဆေးကုခန်း

အထူးကုသသောရောဂါများ

နှလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကိုတ်၊ မို့နာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေး၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျိုနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➳ နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ

လိပ်စာ ➳ အမှတ် (၆၈၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း ➳ ၀၉-၇၃၁၃၆၄၁၄၊ ၀၉-၇၉၉၆၉၁၉၉၇၊ ၀၉-၂၅၄၉၃၂၆၉၉

လမ်းညွှန် ➳ ၁၉၉၊ ၁၀၁ (အတိ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၈၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၌ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ကျွန်ုပ်နေထိုင်သော အိမ်တွင်းရှိ ဘုရားခန်း၊ ဘုရားဆောင်နှင့် ယှဉ်တွဲလျက်ရှိသော အောက်ဘက်၌ ရှိသည့် သီတင်းသုံး ဆောက်တည်တော်မူကြကုန်သော 'ပထမဘိုးဘိုးအောင်'၊ အဘ 'ဘိုးမင်းခေါင်'၊ အဘ 'အောင်မင်းခေါင်' နှင့် မဟာသိဒ္ဓိရှင် 'စိုင်းဘာဘာ' ဘိုးတော်ကြီးတို့အား အမှုထား၍ ဘဘ၊ ဘိုးဘိုးတို့ကို ရည်စူး၊ ရည်ရွယ်၍ အောင်အုန်းတော်၊ အောင်ငှက်ပျော၊ အောင်ဆေး၊ အောင်ကွမ်း၊ အောင်လက်ဖက်၊ အောင်စံပယ်၊ အောင်သပြေ၊ အောင်ငွေတို့ဖြင့် သင်္ခါပေါက်စွာဖြင့် အထပြောက် အောင်မြင့်စွာ အောင် 'အဘဘိုးတော်ပွဲကြီး' အား အဘ 'ဘိုးမင်းခေါင်'၏ ရွှဲတူတော့၏ရှေ့တွင် အပ်နှင်း၊ အပ်နှံ၊ လှူဒါန်းပြီး သူတစ်ပါး အသက်ကို စားခြင်းမှ ရှောင်ကြဉ်၍ အသက်လွတ် (၉) ရက် စားပြီး အဓိဋ္ဌာန် (၉)ရက် ဝင်ခဲ့ပါသည်။

သည်နေ့သည် တနှင်္ဂနွေနေ့၊ ကျွန်ုပ်၏ မွေးနေ့၊ အရွယ်ဦး အရွယ်တက် ၄ နာရီခွဲမှစတင်ပြီး ဘုရား သောက်တော်ရေ လဲခြင်း၊ မျက်နှာထော်သစ်ခြင်း၊ ဆွမ်းကပ်ခြင်း၊ ဆီမီးဖယောင်းတိုင်ဖြင့် အလင်းဓာတ်ပေး၍ ထွန်းညှိပူဇော်ခြင်း၊ အောင်အမွှေးတိုင်ဖြင့် နံ့သာပေး၍ ပူဇော်ခြင်းများပြုပြီး ဩကာသ ဟာန်ခွာခန်းဖြင့် ဘုရားရှိခိုးခြင်းအမှု ရှိသေစွာ ပြုသည်။ ၂၄ ပဒ္ဓာန်း ပါဠိတော်မြတ်ကြီးကို ရတနာသုံးပါး ဦးထိပ်ထား၍ (၃) ကြိမ် (၃) ခါတိုင်တိုင် ရွတ်ဆိုသည်။ 'ပစ္စယနဒ္ဒေသ ပါဠိတော်မြတ်ကြီး' ကိုလည်း ရှိသေစွာ ရွတ်ဖတ် ပူဇော်သည်။

ပြီးမှ မေတ္တာပို့သည်၊ မေတ္တာတရားဒွန်း ဒီးခြန်းသည်။ ဝုဏ်တော်ကိုးပါး၊ တစ်ပါးလျှင် တစ်ရက်ကျဖြင့် ပုတီး ကိုးပတ် စိပ်သည်။ သည်နေ့သည် 'အရဟံ' ဝုဏ်တော်မြတ်ကြီးဖြင့် ပုတီးစိပ်သည်။ အဘ ဘိုးတော်ပွဲကြီးကိုလည်း လှူပြီးပြီ၊ 'အရဟံ' ဂုဏ်တော်မြတ်ကြီးဖြင့် ပုတီးလည်း စိပ်ပြီးပြီ။

ဟော- မိုးတောင်လင်းနေပြီပဲ၊ ၇ နာရီတောင် ထိုးတော့မှာပါလား။ ကျွန်ုပ် နာရီကြည့်လိုက်၍ သိလိုက်ရသည်။

စားပွဲပေါ်တွင် သမီးဖြစ်သူမှ ကျွန်ုပ်အတွက် စားသောက်ရန် အဆင်သင့်စီမံထားသော ပဲပြုတ်နှင့်ထမင်းကြော်ကို စားပြီး ဧကော်ဖီမစ်ကို သောက်ရင်းဖြင့် ညက မပြီးခဲ့သေးသော ရေးလက်စ ဘာသာရေးဆောင်းပါး တစ်ပုဒ်ကို

www.burmeseclassic.com

ဆက်ပြီး ရေးနေမိပါတော့သည်။ အချိန်သည် မည်မျှကြာ သွားသည် မသိ။

"ဆရာ. . . " ဟူသော အသံကိုကြားမှ တော့ပင်ကိုင် လျက် လှည့်ကြည့်လိုက်ရာ ကျွန်ုပ်ထံသို့ ဧည့်သည်များ မကြာ မကြာ ခေါ်လာတတ်သော၊ လာလေ့ရှိသော မိသုဇာကို တွေ့လိုက်ရ၏။

"ဟဲ့- သမီး မိသုဇာ၊ အရင်တုန်းက လာလာနေတာ၊ သမီးနဲ့ နှစ်ယောက်၊ သုံးယောက်ပါ၊ အခုကျမှ တစ်ယောက် တည်း ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာတာလဲ၊ ဘာတွေ့ အရေးကြီးနေလဲ"

"ကြီးဆို ဆရာရေ၊ သားလေးအမူဖြစ်နေလို့ အချုပ်ထဲ ရောက်နေတယ်၊ ဖမ်းထားတာက တစ်ဦး၊ ဦးတာက တစ် ယောက် ဖြစ်နေတယ်၊ သားက တကယ်မယူတာပါ၊ တကယ် ခိုးတဲ့လူက ထွက်ပြေးသွားပြီလေ၊ သံသယမူပေါ့ ဆရာရယ်၊ သမီးတော့ ရူးချင်စိတ်ပေါက်နေပြီ၊ ငိုတောင် ငိုမိပါတယ် ဆရာ၊ အဲဒါ ဆရာ သမီးကို ကူညီပါဦး"

ဟု ကရားရွေလွှတ် သနားစဖွယ် ပြောပြလေ၏။

"သမီး သားက ဘာနေ့သားလဲဟင်"

"ဗုဒ္ဓဟူးသားပါ ဆရာ"

"ဗုဒ္ဓဟူးသားဆိုရင် နံနက်အရုဏ်ဦး၊ အရုဏ်တက် အချိန်၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံနေတဲ့အချိန်၊ နံနက် ၅ နာရီ ဒါမှမဟုတ် အကြောင်းအမျိုးမျိုးကြောင့် မအားလပ်ခဲ့ရင် ဆယ့်တစ်မီးငြိမ်း နေ့ ၁၁ နာရီကိုတိုအချိန် ဖြစ်ရမယ်။

အုန်းညွှန့်၊ မေမြို့ပန်း၊ ဘီသိုက်ညွှန့်၊ ကြဲညွှန့်၊ ကုံကော် ညွှန့် ရရာတစ်မျိုးမျိုးကိုရှာ၍ ၉ ညွှန့် သမီးအိမ်ကဘုရားမှာ ဘုရားညောင်ရေအိုးမှာ ထိုးပြီး လှူပါနိုးရမယ်၊ အမူအခင်း ဖြစ်နေတဲ့ သား အမြန်ဆုံးလွတ်ဖို့ ဆုတောင်းပေးရမယ်၊ မှတ်မိလား သမီး"

"မှတ်မိပါတယ် ဆရာ၊ သမီးက မနေ့အောင်လို့ စာနဲ့ ရေးမှတ်ထားတာ ဆရာ"

"ကောင်းတယ် ကောင်းတယ်၊ ထပ်ပြီးမှတ်လိုက်ပါဦး သမီး၊ ဆရာ ဆက်ပြောမယ်။

အနန္တငါးပါး ဦးထိပ်ထား၍ ဘုရားမှာ အလင်းဓာတ် ပေး၍ ပူဇော်သောအားဖြင့် ဆီမီးဖယောင်းတိုင် ၅ တိုင် ပူဇော် ရမယ်၊ ပူဇော်တဲ့နေရာမှာ တန်းစီပြီး ပူဇော်ရမယ်၊ အရေးကြီး ဆာက အလယ်မှာ ပူဇော်မယ့် ဖယောင်းတိုင်တစ်တိုင်ယူပြီး သံချွန်သေးသေးနဲ့ "သံ၊ ဂုံ၊ ပ၊ မ၊ ယ" (အထက်အောက် တန်းစီရေးပါ)၊ ဘုရားငါးဆူ အတိုကောက် ရေးထားတာ ဖြစ်တယ်၊ တစ်ဖက်မှာ 'စ၊ ဓ၊ ဗု၊ ဝ' အထက်အောက် တန်းစီ ရေးပါ။

ပြောရရင် ဘုရားရှင်၊ ဘုရားငါးဆူကို 'စမ' အက္ခရာနဲ့ ပူဇော်တာ ဖြစ်တယ်၊ ဒီပူဇော်တဲ့ ဆီမီးတိုင်ကို အလယ်မှာ ထား ပူဇော်ပြီး သားအတွက် အမူအခင်း လွတ်ရာ လွတ် ကြောင်း ဆုတောင်းပါ၊ သမီးရဲ့ သားမောင် ဗုဒ္ဓဟူးသား အမြန်ဆုံး လွတ်လာပါလိမ့်မယ်၊ အေး- တစ်ခုတော့ရှိတယ်၊ ရုံးချိန်းတိုင်း ဒီပုံစံနဲ့ပဲ မီးထွန်းပူဇော်ရမှာနော်၊ လွတ်ကို လွတ်စေရမယ် သမီး"

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ဆရာပြောတဲ့အတိုင်း သမီး တိတိကျကျလုပ်မှာပါ၊ သားလေး လွတ်လာရင် ဆရာ့ကို သမီး လာကန်တော့ပါဦးမယ်၊ အခုတော့ လက်အုပ်ချီပြီး ကန်တော့ပါရစေ"

ဟုပြောပြီး ကျွန်ုပ်ကို ဦးတိုက် ဦးခိုက် ကန်တော့ပြီး ပြန်သွားပါတော့သည်။

❂

မကြာလိုက်ပါ။ တစ်လကျော်ကျော်မျှ ရှိမည်ထင်၏။ မိသုဇာတစ်ယောက် မို့ရသောမျက်နှာနှင့် ဝမ်းသာအားရ သားကို လက်ဆွဲပြီး ရောက်ရှိလာသည်။

"ဆရာရေ၊ ဆရာ့ကျေးဇူးကြောင့် သားလေး လွတ် လာပြီ၊ ရုံးချိန်း နှစ်ပတ်လား သုံးပတ်မြောက်လား သွားလိုက် ရပါတယ်၊ သားက ကွင်းလုံးကျွတ် လွတ်သွားပြီ ဆရာ၊ ခိုးတဲ့ သူခိုးလည်း မိသွားပြီဆရာ၊ သူခိုးကိုယ်တိုင်က သူတစ်ယောက် တည်း ခိုးတာပါလို့ ဝန်ခံတာ ဆရာ၊ ဒီတော့ သားလေး အမြန်ဆုံးလွတ်လာတာပေါ့၊ အဲဒါ ဆရာ့ကျေးဇူး၊ ဆရာ့ရဲ့ အစွမ်းထက် ယုတြာကြောင့်ပါပဲ ဆရာရယ်၊ အခု ဆရာ့ကို သမီးနဲ့သား လာကန်တော့တာပါ ဆရာ၊ ကဲ- သား ဆရာ့ ကိုကန်တော့"

ဟု ပြောပြောဆိုဆို သားကို ကန်တော့ခိုင်းပြီး သူမ ကိုယ်တိုင်လည်း ကျွန်ုပ် ဝတ်ဆင်ရန် လုံချည်၊ အင်္ကျီတစ်စုံ၊ အကောင်းစား ဆေးဝိုင်းများ၊ အကောင်းစား မုန့်ပုံးများနှင့် ငွေ(××××)ကျပ်ကို ရွေ့တွင်ထား၍ ရှိသေစွာ လက်အုပ်ချီမိုး ရှိခိုးကန်တော့နေပါတော့သည်။

သုခီ အတ္တာနံ ပရိဟရန္တု။

မောင်လေးအောင်(သန်လျင်)

❑

လပြည့်ဝန်းမဂ္ဂဇင်း (နိဝင်းဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ယတြာ ဓာတ်ဆင် ဓာတ်ရိုက်ခြင်း၏အကျိုး

အောင်ဘုန်းမြင့် (ကချင်မြေ)

လောကီပညာသည် အလွန်ပြည့်စုံ ကျယ်ဝန်းလှသည်။ လောကီပညာ၏ အခက်အလက်များဖြစ်သော ဝိဇ္ဇာပညာ၊ ဂဒ္ဒိရပညာ၊ ဗေဒင်အတတ်တို့သည် လမ်းမှန်ကမ်းမှန် အသုံးပြုခြင်းဖြင့် လူသားများအတွက် ကောင်းကျိုးဝေဖြာဖြစ်ထွန်းစေနိုင်သည့် ပညာရတနာများ ဖြစ်လေ၏။ သုံးတတ်လျှင် ရွှေ၊ မသုံးတတ်လျှင် သံခွေးဖြစ်တတ်မါသည်။

ဗေဒင်ပညာတို့ ကောင်းကျိုးချမ်းသာများအတွက် ဦးတည်လျက် နည်းလမ်းမှန်ကန်စွာ စိမံဆောင်ရွက်ကြမည်ဆိုလျှင် ခပ်သိမ်းသော ကောင်းကျိုးချမ်းသာများကို ပြည့်စုံစေခြင်း၊ လိုရာဆန္ဒ ပြည့်ဝစေခြင်းနှင့် ဘဝတွင် အရာရာ၌ အောင်မြင်ပြီးမြောက်စေခြင်း ဟူသော အသီးအပွင့်ကောင်းများကို မုချရရှိခံစားနိုင်ကြမည် ဖြစ်ပါသည်။

ယတြာဓာတ်ရိုက်ဓာတ်ဆင်ခြင်းသည် ဗေဒင်ပညာ၏ အလွန်အရေးပါသော အစိတ်အပိုင်းကြီးတစ်ခု ဖြစ်လေ၏။ မှန်သော သစ္စာတရား၊ မှန်ကန်သော ကတိစကား၊ တရားနည်းလမ်းကျသော အလုပ်ကိစ္စကြီးငယ်များအတွက် ဗေဒင် ယတြာ ဓာတ်ရိုက်ဓာတ်ဆင် ဆောင်ရွက်ခြင်းသည် အလွန်ထိရောက် အစွမ်းထက်မြက်နိုင်မည် ဖြစ်သော်လည်း ဓာန်သောကိစ္စ၊ မမှန်သစ္စာများအတွက် ဆောင်ရွက်ခြင်းဖြစ်ပါက အောင်မြင်မှု ရရှိနိုင်မည် မဟုတ်ပါ။

တစ်ခါတစ်ရံ ယတြာဓာတ်ရိုက်ဓာတ်ဆင် အကူအညီ ကောင်းကျိုးချမ်းသာများအတွက် ရည်စူးလျက် ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com

ကြရင်းက မျှော်လင့်မထားသောဆိုးကျိုး ဖြစ်မှန်းမသိ ဖြစ်သွားရသည့် အခါမျိုး ရှိတတ်ပါသည်။ ဥပမာပြရလျှင် မည်သို့ပင် အစွမ်းထက်သော ဆေးဖြစ်စေကာမူ သုံးတတ်လျှင် ကောင်းကျိုးဖြစ်ထွန်းစေနိုင်သလို အသုံးမှားလျှင် ဘေးဖြစ်စေနိုင်သည့် သဘောဖြစ်သည်။ သို့ဖြစ်၍ ဆင်ခြင်သုံးသပ်တတ်ရန် လိုအပ်မည်ဖြစ်ပါသည်။

အချို့ အချို့သော မိဘများသည် မိမိတို့၏ ရင်သွေးငယ် သားသမီးများအပေါ် အလွန်ကြီးမားသော မိဘမေတ္တာဖြင့် သားသမီးများကို ဖြစ်ထွန်းအောင်မြင်စေလိုခြင်း၊ ဘဝတက်လမ်း ပွင့်စေ ကောင်းစေလိုခြင်းနှင့် ဘွဲ့ထူး ဂုဏ်ထူးများကို ဆွတ်ခူးရရှိစေလိုခြင်း အစရှိသော ဆန္ဒများကြောင့် အဆောင်ယင်ကြာ ဓာတ်ရိုက်ဓာတ်ဆင် အမျိုးမျိုးကို စိမ်ဆောင်ရွက်ပေးတတ်ကြသည်ကို မကြာခဏ တွေ့မြင်တတ်ပါသည်။ မကောင်းပါ။ သို့ဖြစ်၍ ဆင်ခြင်သင့်လှပါသည်။

အနာဂတ်တိုင်းပြည်၏ တာဝန်များကို လက်ဆင့်ကမ်းထမ်းဆောင်သွားကြရမည့် သားကောင်း၊ သမီးကောင်းရတနာများ၏ ယုံကြည်မှုအတွင်းစိတ်သန္တာန်ကို အားနည်းစေနိုင်ပါသည်။ တစ်နည်းပြောရလျှင် 'စိတ်ဥပါဒ်' ဖြစ်စေနိုင်ပါသည်။

ကလေးငယ်များ၏ အလွန် နုနယ်နေသေးသော အတွေးအမြင်ထဲတွင် မကြိုးစား မရုန်းကန်ဘဲ မပင်ပန်းရဘဲ အလွယ်တကူ ဖြစ်လာနိုင်သည်ဟူသော ဖြတ်လမ်းနည်းများ ရှိက်သွင်းပေးလိုက်သကဲ့သို့ ဖြစ်သွားစေလိမ့်မည်။

နောင်အခါ ကလေးများသည် ပညာရေးနှင့် ဘဝတတ်လမ်းများအတွက် ဝီရိယစိုက်ထုတ်၍ ကျားကုတ်ကျားခဲ ကြိုးစားအားထုတ်ကြရမည့် အစား လွယ်လွယ်ကူကူနှင့် အောင်မြင်ပြီးမြောက်နိုင်သည်ဟု ထင်ရသော ယင်ကြာဓာတ်ရိုက်ဓာတ်ဆင်ဘက်သို့ စိတ်အားသန်သွားပြီး ဘဝသံသရာတစ်သက်လုံး ဘာပဲလုပ်ရလုပ်ရ လွယ်ကူသော နည်းလမ်းဘက်သို့ အကျင့်ပါသွားကြမည်မှာ မလွဲပါ။ လူကြီးမိဘများ ဆင်ခြင်ရမည် ဖြစ်ပါသည်။

တကယ် ကလေးငယ်ကလေးများကို ယင်ကြာကယ်မှ ဖြစ်မည်ဆိုပါက ယင်ကြာဆောင်စေမည့် ကလေးများကို ကောင်းသော အယူအဆ လမ်းညွှန်မှုများကို ပေးနိုင်ရပါမည်။

ယင်ကြာများကို စိမ့်လုပ်ဆောင်ပေးထားသည့် ကာလ (သို့) ယင်ကြာဆောင်ထားသည့် ကာလတွင် မကောင်းသော အပူအကျင့်များ၌ ဘာကိုမလုပ်ရ ဘာကိစ္စကို ရှောင်ကြဉ်ရမည်။ ကောင်းသော အမှုကိစ္စများတွင် ဘာကို မဖြစ်မနေ လိုက်နာ ဆောင်ရွက်ပေးရမည်။ စာကိုလည်း ယခင်ကထက် နှစ်ဆပို ကြိုးစားရမည်။ ဆရာ၊ မိဘစကားကို နားထောင်လိုက်နာရမည်။ စိတ်နေစိတ်ထား ဖြူစင်သန့်ရှင်းရမည်။ စသည်ဖြင့် ကလေးငယ်များ နားလည်သဘောပေါက်အောင် ရှင်းလင်းပြတ်ပြီးမှသာ ဆောင်ခိုင်းသင့်ပါသည်။ ထို့မှသာ နည်းမှန် လမ်းမှန် ဖြစ်နိုင်ပါလိမ့်မည်။ သို့မဟုတ်လျှင် ခုတ်ရာတခြား ရှရာတခြားဖြစ်ပြီး လိုရင်းမရောက် ဖြစ်သွားရပါလိမ့်မည်။

စာအလွန်ညံ့၍ ကြိုးစားအားထုတ်မှုမရှိသော ကလေးငယ်များကို စာတော်လာအောင် ယင်ကြာဓာတ်ရိုက်ဓာတ်ဆင်ခြင်း တစ်ခုတည်းဖြင့် စာမေးပွဲဖြေဆို အောင်မြင်နိုင်အောင် မဆောင်ရွက်နိုင်ပါ။ ဆောင်ရွက်လျှင်လည်း ဖြစ်နိုင်မည် မဟုတ်ပါ။ ဒေက်ဆိုင်ရာ ဆရာ၊ မိဘများ ပူးပေါင်းဆောင်ရွက်နိုင်မှသာ ပိုမိုချောမွေ့ အဆင်ပြေနိုင်ပါလိမ့်မည်။

အချို့ပုဂ္ဂိုလ်များသည် မဖြစ်နိုင်သော ကိစ္စများကို ဆောင်ရွက်စေပြီး တကယ်ဖြစ်မလာသည့်အခါ ဂုဏ်ရပညာ၊ ဗေဒင်ယင်ကြာ၊ ဓာတ်ရိုက်ဓာတ်ဆင် ပညာများအပေါ် အားမလို အားမရ ဝေဖန်ပြစ်တင် ပြောဆိုသည်မျိုးအထိ ဖြစ်တတ်ပါသည်။

ဓာတ်ယင်ကြာသဘော

အလွန် အဖိုးထိုက်တန်သော အရာဝတ္ထု ပစ္စည်းတစ်ခုခုကို တန်ဖိုးနည်းနည်းနှင့် မပင်မပန်းဘဲ အကြံအဖန် ဖြတ်လမ်းနည်းဖြင့် ရယူလိုခြင်း၊ တစ်ပါးသူများက တရားဝင် ပိုင်ဆိုင်ထားသော ရုပ်ဝတ္ထုပစ္စည်းများကို တရားမဝင်နည်းဖြင့် ရယူပိုင်ဆိုင်လိုခြင်း၊ သူတစ်ပါး၏ ခင်ပွန်းရှိသော ဇနီးမယားကို၊ အိမ်သူသက်ထား ဇနီးမယားရှိသော ခင်ပွန်းကို ရယူပိုင်ဆိုင်လိုခြင်း၊ သာမန် ရုံးလုလင်ဘဝမျိုးမှ နေ့ချင်းညချင်း ဌာန၏အကြီးအမှူး အကြီးအကဲ ဖြစ်လိုခြင်း၊ လွဲလစိုက်ထုတ် ကြိုးစားခြင်းမပြုဘဲ စားမေးပွဲအောင်မြင်လိုခြင်း၊ သူဌေးသူကြွယ်ဖြစ်လိုခြင်း၊ ရာထူးဂုဏ်သိန် တိုးတက်ခံစားလိုခြင်း၊ အဖိုးတန်ပစ္စည်းများကို ပိုင်ဆိုင်လိုခြင်းနှင့် မဖြစ်နိုင်သော ကိစ္စရပ်များကို ယင်ကြာဓာတ်ရိုက်ဓာတ်ဆင် စိမ်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်ရရှိစေနိုင်မည် မဟုတ်ပါ။ အောင်မြင်ရရှိခဲ့လျှင်လည်း ခိုင်မြဲမည် မဟုတ်ပါ။ အဆုံး၌ အကောသိက် ဖြစ်သွားလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

မှန်သော အမှုကိစ္စများအတွက် မှန်ကန်သော သစ္စာတရားကို အမိဌာန်ပြု၍ လေးလေးနက်နက် ယုံကြည်စွာဖြင့် ယကြာဆောင် ဓာတ်ရိုက်ဓာတ်ဆင်ပြုလျက် ဆုတောင်းပတ္ထနာပြုမှသာ အောင်မြင်ပြည့်စုံစေနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယကြာဓာတ်ရိုက်ဓာတ်ဆင် ပြုလုပ်သည့်အခါ အခြား ခုနစ်ရက်သားသမီးများ၏ အကျိုးစီးပွားတို့ မထိမခိုက် မပွန်းမပဲ့စေဘဲ မိမိတို့၏ အလုပ်အကိုင် အကြံအစည် ရာထူး ဥစ္စာဓန အောင်မြင်မှုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်၏။ အထူးသဖြင့် မှန်သောလမ်းကြောင်းပေါ်မှ စိမ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ ယကြာစူး၍ ဓာတ်ရိုက်ဓာတ်ဆင် ထက်မြက်အောင်မြင်ပြီး လိုရာဆန္ဒ အဝဝတို့ ပြီးမြောက်စေနိုင်မည် ဖြစ်သည်။

ယကြာဓာတ်ရိုက်ဓာတ်ဆင်ခြင်းသည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော မည်သော သဘာဝဓာတ်ကြီးလေးပါးကို အခြိုက်ကာလ နေရာဒေသအပေါ် အခြေခံ၍ စိမ်ဆောင်ရွက်ရသည်ဖြစ်၍ (၁) ဓာတ်ပင် ဓာတ်ညွှန့် ဓာတ်ပန်း ဓာတ်သားနှင့် ဓာတ်ပစ္စည်းများ မှန်ကန်မှုရှိရမည်။ (၂) နေ့နံ နှင့် အချိန် ညီညွတ်တိကျရမည်။ (၃) နေရာဒေသ မှန်ကန်ကိုက်ညီ အဆင်ပြေရမည်ဟူသော အခြေခံမူများကို လိုက်နာရမည်ဖြစ်ပါသည်။

အကြင်သူတစ်ဦးတစ်ယောက်သည် ယကြာဓာတ်ရိုက်ဓာတ်ဆင် ပြုသည့်အခါ အောက်ပါအကြောင်းအချက်များနှင့် တိုက်ဆိုင်ညီညွတ် အကျုံးဝင်သည့် ကိစ္စမျိုးဖြစ်လျှင် အမှန်တကယ် ထိရောက်အောင်မြင် အကျိုးရှိစေနိုင်ပါလိမ့်မည်။

* စာတော်ပါလျက်နှင့် စာမေးပွဲ ကျရှုံးနေရလျှင်၊
* မိမိ တရားဝင် ခံစားထိုက်သော အခွင့်အရေး ဖြစ်ပါလျက်နှင့် မခံစားရဘဲ အခွင့်အရေးများ မတရား ဆုံးရှုံးခံနေရလျှင်၊
* အချစ်ရေး၊ အိမ်ထောင်ရေး၊ မိဘဆွေမျိုး အသိုင်းအဝိုင်း အရေးများ အဆင်မပြေ ဖြစ်နေလျှင်၊
* ရာထူးဌာန အထက်အောက် လုပ်ဖော်ကိုင်ဖက်များ အကြား အဖုအထစ် အနှောင့်အယှက်ဖြစ်၍ မပြေမလည် ဖြစ်နေလျှင်၊
* အကြံအစည် ခံရီးအသွားအလာ၌ မအောင်မမြင် အတားအဆီး ခံနေရလျှင်၊
* တကယ်ကြိုးစားအားထုတ်ပါလျက်နှင့် အကြိမ်ကြိမ် အခါခါ မအောင်မြင် မပေါက်ရောက် ဖြစ်နေလျှင်၊
* မိမိပိုင် ငွေကြေးနှင့် သက်မဲ့ သက်ရှိပစ္စည်းများကို လိမ်လည်မတရားပြု ခံနေရလျှင်၊
* စီးပွား အလုပ်အကိုင်များ မတိုးတက်ဘဲ တန့်နေလျှင်၊ ဆုတ်ယုတ်ဆုံးရှုံး ကျဆင်းနေလျှင်၊
* ရာထူးတက်ချိန် တန်ပါလျက်နှင့် မတက်ဘဲ တန့်နေလျှင်၊
* အိုးအိမ် ကြီးမားသော ပစ္စည်းတစ်ခုခုကို တန်ဖိုးအမှန်အတန်နှင့် ရယူလိုလျှင်၊
* ဒီဒီတို့ တစ်ပါးသူများ၊ မတော်းကြဲလျှင် (သို့) တရားရုံးလုပ်ထားလျှင် (သို့) စုန်းတိုက်၊ နတ်တိုက် မတော်းသော အကြံအစည်များဖြင့် ကွတ်ထားကြံထားခြင်း တိုက်ထားခြင်း ခံနေရလျှင်၊
* လင်းခရီးထွက်သူ အချိန်မှန် ပြန်မရောက်လျှင်၊
* ကျန်းမာရေးမတောင်း အညှဉ်းကြုံနေရလျှင်၊
* မသူတော်တို့၏ မတရား လိမ်လည်လှည့်ဖြား ဒုက္ခပေးခြင်း အမျိုးမျိုးနှင့် ရင်ဆိုင်နေရလျှင်၊

ယကြာဓာတ်ရိုက် ဓာတ်ဆင်ကို နည်းမှန်၊ လမ်းမှန် ဆောင်ရွက်ခြင်းဖြင့် မုချအောင်မြင် ဖြစ်ထွန်းပြီးမြောက်စေနိုင်မည် ဖြစ်ပါသည်။ မှန်ကန်သော သစ္စာတရားကို အမိဌာန်ပြု၍ ယကြာဆောင်ရွက်ခြင်း ပြုလုပ်သင့်ပါသည်။

ယကြာဓာတ်ရိုက်ဓာတ်ဆင်ခြင်းတို့ မတရား မမှန်မကန် ကိစ္စများ၌ ဆောင်ရွက်အသုံးပြုမည် ဆိုပါက ဓာတ်ယကြာ ကျိုးပေါက်၍ ရေရှည်မခံဘဲ အချည်းနှီးသာ ဖြစ်သွားရပါလိမ့်မည်။

သို့ဖြစ်၍ မည်သူမဆို ခုနစ်ရက်သားသမီး အပေါင်းတို့သည် မှန်သော သစ္စာတရားကို လက်ကိုင်မြဲကြ၍ တရားသဖြင့် ယကြာဓာတ်ရိုက်ဓာတ်ဆင် အစီအမံများကို နည်းမှန် လမ်းမှန် ဆောင်ရွက်ကြခြင်းဖြင့် အရာရာ၌ အခက်အခဲမရှိ လွယ်ကူချောမောစွာ အောင်မြင်ပြီးမြောက်စေ၍ လိုရာဆန္ဒ အားလုံး ပြည့်ဝစေနိုင်မည် ဖြစ်ပါကြောင်း စုစည်းတင်ပြအပ်ပါသည်။

အောင်ဘုန်းမြင့် (ကချင်ခရိုင်)

❑

www.burmeseclassic.com

www.burmeseclassic.com

VASTU

ဝါစတုသ္ဘာရပညာ

မဟိဏာဂျီသော ဒိဗ္ဗဗြဟ္မဏ သိဂ္ဂဠေဟာရွေးချယ်နည်းများ

ဆရာဦးခန့်ကျော်

ယခင်လမှအဆက်

ပထမဆုံးအနေဖြင့် သိရှိထားရန်မှာ ဝါစတုစွမ်းအင်သည် မြေညီထပ်တွင် နေထိုင်သူများအနေဖြင့် ပထမထပ်နှင့် အခြားအထပ်များတွင် နေထိုင်သူများနှင့် နှိုင်းစာလျှင် ကွာခြားချက်များ ရှိနေပါလိမ့်မည်။ မြေကြီး၏စွမ်းအားကို မြေညီထပ်တွင် နေထိုင်သူများသာ ခံစားရရှိနိုင်သည်။ ထိုစွမ်းအားကို ငှင်းတို့အနေဖြင့် ကောင်းစွာအသုံးချတတ်ရန်သာ လိုအပ်ပေမည်။

ထို့ကြောင့် မြေညီထပ် နေထိုင်သူများသည် မိမိဘာသာ သီးသန့်နေထိုင်သူများနှင့် သွား၍တူညီပြီး အခွင့်အရေးကောင်း ရနိုင်သည်။

အကယ်၍ လမ်းက အခွင့်အရေးပေးသည့် အနေအထားမျိုး ဖြစ်နေပါက မြေညီထပ် နေထိုင်သူများအတွက် ကောင်းနေတတ်သည်။ အကယ်၍ အခြေအနေ မကောင်းပါက ကုန်းမြင့်တစ်ခုကို အလှအပတစ်ခုအနေဖြင့် ဖန်တီး

လပြည့်ဝန်းမဂ္ဂဇင်း (နိုဝင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

တည်ဆောက်ရင်း မလိုလားအပ်သည့် စွမ်းအားများ မဝင်ရောက်လာနိုင်စေရန် တားဆီးရပေမည်။ ထိုကဲ့နှိုးမြင့် အတားအဆီးကို အနည်းဆုံး နှစ်ပေခန့်အမြင့်ဖြင့် ထားရှိနိုင်မှသာ အကျိုးရှိစေနိုင်ပါသည်။

အထပ်တစ်ခုကို စစ်ဆေးရာတွင် ယင်းအထပ်၏ ခန့်မှန်း အလယ်ဗဟိုနေရာမှ ကြမ်းခင်းပေါ်တွင် သံလိုက်အိမ်မြှောင်ကို ချကြည့်လိုက်ပါ။ အိမ်မြှောင်မှ အပ်တိုင်က မြောက်အရပ်ကို ညွှန်ပြနေအောင် ပြုလုပ်ပါ။ ထိုအခါ မိတ်ဆွေအနေဖြင့် အိပ်ခန်း၊ ရေချိုးခန်း၊ အိမ်သာခန်း၊ မီးဖိုချောင်၊ လသာဆောင်၊ ဝရန်တာနှင့် တံခါးမ၏ မျက်နှာပြုရာအရပ် စသည်ဖြင့် တည်နေရာများကို ရရှိနိုင်ပြီဖြစ်သည်။

ထိုသို့ ရရှိသည့် တည်နေရာ အနေအထားများကို ယခင်အခန်းတွင် ဖော်ပြထားသည့် အချက်အလက်များနှင့် နှိုင်းယှဉ်ကြည့်ပါ။ ထိုအခါ မိတ်ဆွေအနေဖြင့် မိမိအထပ်က ဝါစတုစည်းမျဉ်းစည်းကမ်းနှင့် တိုက်ညီမှု ရှိ/မရှိဆိုသည့် အချက်ကို သိရှိပါလိမ့်မည်။

နောက်တစ်ဆင့်ပြုလုပ်ရန်မှာ အဆောက်အအုံတစ်ခုလုံးအနေဖြင့် သံလိုက်ဓာတ် ဆွဲငင်အားကောင်းသည့် မြောက်အရပ်အပေါ် ဦးစားပေးမှု အနေအထားကို လေ့လာကြည့်ရပါမည်။

ထိုလုပ်ငန်းအတွက် သက်ဆိုင်ရာ တည်ဆောက်ရေးသမားထံမှ အဆောက်အအုံနှင့် ပတ်သက်သည့် မြေပုံကြမ်းကို ရယူရပါမည်။ အမှန်အားဖြင့် မိတ်ဆွေ၏ လက်ဝယ်တွင် ထိုမြေပုံကြမ်းက ရှိကောင်းရှိနေပါမည်။ အဘယ်ကြောင့်ဆိုသော် အခန်းဝယ်သည့်အခါ တည်ဆောက်ရေးသမား ကန်ထရိုက်များက မြေပုံကြမ်းကို အရောင်းအဝယ်သဘောအရ ပေးတတ်ကြ၍ဖြစ်သည်။

အထက်ပါ အချက်အလက်များကို ရရှိသည့်အခိုက်တွင် မိတ်ဆွေ၏လက်ထဲ မြေပုံကြမ်း မရှိသေးပါက ဆွဲရပါမည်။ အကယ်၍ တရားဝင်ဆွဲထားသည့် မြေပုံကြမ်းရရှိပါက မြေပုံပေါ်တွင် သံလိုက်ဝင်ရိုးပုံစံကို အမှတ်အသား ပြုရပါမည်။

ထို့နောက်တွင် မိမိအထပ်မှ ဝရန်တာအပေါ် မိတ်ဆွေအာရုံပြုရပါမည်။ ဝရန်တာ၏ မျက်နှာမူရာအရပ်နှင့် အကျယ်အဝန်းကို အသေအချာမှတ်သားရပါမည်။ အကယ်၍ အိမ်ခန်းခွဲရန်အတွက် ဝရန်တာကို ပိတ်ပစ်လိုက်ပါက ထိုအချက်ကို မြေပုံတွင် ဖော်ပြရေးဆွဲရပါမည်။

အထပ်ပိုင်ရှင်များအနေဖြင့် မိမိအခန်းနှင့်တစ်ခန်းကျွင်အနေအထား နှိုင်းယှဉ်နေပါက ဝါစတုနည်းသဘောအရ မည်သို့ရှိနေသည်ဟူသည့်အချက်ကိုသိရန်ကိစ္စမှာ ခပ်ခဲနိုင်ပါသည်။ ထိုကိစ္စအတွက် အထက်ပါအချက်အလက်များ လက်ဝယ်ရရှိပြီးသည့်အခိုက်တွင် ဝါစတုပညာရှင်နှင့် တိုင်ပင်ဆွေးနွေးသည်က အကောင်းဆုံးပင် ဖြစ်သည်။

မိတ်ဆွေက အထပ်တစ်ခုကို ဝယ်လိုက်မိသည် ဆိုပါစို့။ မိတ်ဆွေအနေဖြင့် အထက်ပါအချက်အလက်များကို စုဆောင်းပြီးနောက် ထိုအထပ်က မိတ်ဆွေနှင့် သင့်တော်/မတော်ဆိုသည်ကို ဝါစတုပညာရှင်နှင့် ဆွေးနွေး တိုင်ပင်ရပါမည်။

အကယ်၍ မိတ်ဆွေက အထပ်ပိုင်ရှင် ဖြစ်နေလျှင် မိတ်ဆွေက ထိုအထပ်တွင် သုံးနှစ်လောက်နေအပြီးတွင် ဝါစတုသတ်မှတ်ချက်နှင့် ညီ/မညီဆိုသည်ကို မေးမြန်းဆွေးနွေးရန်လိုပါမည်။ မိတ်ဆွေက ထိုအထပ်တွင်နေသည့် ကာလက တစ်ဆက်တည်း ဖြစ်နေရမည်။ ကြားလပ်သွားခြင်းမျိုး မရှိစေရပါ။

အကယ်၍ မိတ်ဆွေက ထိုအထပ်ကို ခဏတစ်ဖြုတ် လာရောက် နားခိုသည့်သဘောမျိုး (သို့) ဧည့်ရိပ်သာ သဘောမျိုး သုံးစွဲနေပါက ဝါစတုကိစ္စအတွက် ဗိုးရိမ်သောက ရောက်နေစရာ မလိုပါချေ။ လူနေ လုံးချင်းအိမ်များကဲ့သို့ အထပ်များကို စီးပွားရေးလုပ်ငန်းများတွင် သုံးစွဲလေ့မရှိကြပေ။ ထို့ကြောင့် တိုက်ခန်းမှ အထပ်များကို စီးပွားရေးလုပ်ငန်းအတွက် အသုံးချမှုက မရှိသလောက် ရှားပါးသည့် အခြေအနေမျိုးဖြစ်၏။

သို့သော် တစ်ခါတစ်ရံတွင် စီးပွားရေး လှုပ်ရှားမှုများကို အထပ်တွင်နေထိုင်ရင်း လုပ်ကိုင်သူများလည်း ရှိတတ်သည်။ အဘယ်၍ မိတ်ဆွေက ထိုအမျိုးအစားထဲတွင် ပါဝင်နေပါက မိမိအထပ်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဝါစတုပညာရှင်အားပေးပြီး မေးမြန်းနိုင်ပါသည်။ သူက အခန်းကို ဝါစတုအမြင်ဖြင့် ဝေဖန်သုံးသပ်ပြီး မိတ်ဆွေနှင့် သင့်တော်၏၊ မသင့်တော်၏ ဟူသည်တို့ အကြံပေးပါလိမ့်မည်။

မိတ်ဆွေတွင် ရှင်းမပြနိုင်သည့် ပြဿနာများ ကြုံတွေ့နေရသဖြင့် အထပ်တစ်ခုအပေါ်တွင် သံသယဝင်နေသည်ဆိုပါစို့။ ဥပမာ- မိမိကလေးများ ကြောခဏဆေးနာခြင်း၊ မိသားစုဝင်နှင့် အခြားသူများတွင်လည်း ကျန်းမာရေး

www.burmeseclassic.com

www.burmeseclassic.com

မကောင်း ဖြစ်နေခြင်း၊ စိတ်ဓာတ်ကျဆင်းနေခြင်း၊ အလုပ်အပေါ် အာရုံစူးစိုက်၍မရခြင်း စသည့် မရေမတွက်နိုင်သည့် ပြဿနာမျိုး။ အခြားသူများထက် ထိုအထပ်တွင် အချိန်အတော်ကြာအောင် နေဖူးသူများက ထိုအထပ်၏ သက်ရောက်မှုများကို ကြေညာမောင်းခတ် ပြောနေပါလိမ့်မည်။ ထိုအချက်က ယင်းအထပ်တွင် စွမ်းအင်အားနည်းနေမှုကို အကောင်းဆုံး ထောက်ပြချက်ပင် ဖြစ်နေပါလိမ့်မည်။

အထပ်တွင်နေထိုင်သူများတွင် မိသားစုဆဝ (သို့) အသက်မွေးဝမ်းတျောင်းဘဝများနှင့် အခြားပြဿနာများကို တွေ့ကြုံခံစားကြရပါလိမ့်မည်။ ကိုယ်ပိုင်အိမ်နှင့် နေထိုင်ရသည့်ဘဝမျိုးနှင့် တူညီမည်မဟုတ်ပါ။ အကယ်၍ ထိုအထပ်ကို နေအိမ်နှင့်ရုံးခန်း တွဲထားသည့်ပုံစံဖြင့် နေထိုင်သွားပါက ငွေကြေးပြဿနာ အခက်အခဲက မလွဲမသွေ ပေါ် ပေါက်လာမည်က မုချပင်ဖြစ်သည်။

သဘာဝအားဖြင့် အထပ်နေသူများသည် အထပ်နေထိုင်သူများ အချင်းချင်း ခင်မင်ရင်းနှီးမှုများက သီးခြားကိုယ်ပိုင်အိမ်ဖြင့် နေထိုင်သူများထက် ပိုမိုရှိသည်။

မိမိတွင် ဖြေရှင်းမရသည့် အခက်အခဲ တစ်စုံတစ်ရာ တွေ့ကြုံခံစားရပါက ပိုမိုကောင်းမွန်ပြီး အတွေးအခေါ် ကောင်းသည့် လုပ်ရပ်က မိမိအပေါ် ထပ်နှင့် အောက်ထပ်တွင် နေထိုင်သည့် လူများ၏ အခြေအနေများကို မိမိအဖြစ်နှင့် နှိုင်းယှဉ် ချိန်ထိုးကြည့်ခြင်းမျိုးပင် ဖြစ်သည်။

မှတ်သားထားရန်က ထိုအချက်အလက်များကို တစ်ဖို့အောက်ထဲတွင် နေထိုင်သည့်လူများနှင့်သာ ချိန်ထိုးနိုင်ပါလိမ့်မည်။ အခြားအခန်းအထပ်များ၌ နေထိုင်သူများတွင် ထိုသက်ရောက်မှုများ ရှိချင်မှရှိလိမ့်မည်။ သူတို့နှင့် ချိန်ထိုးနှိုင်းယှဉ်ကြည့်မိပါက မိတ်ဆွေအတွက် မည်သို့မျှ အမှန်သတင်းအချက်အလက်များ မရနိုင်ပါ။

အကယ်၍ မိမိ၏အပေါ် ထပ်နှင့် အောက်ထပ်တို့တွင်လည်း မိမိရင်ဆိုင်တွေ့ကြုံနေရသည့် အတွေ့အကြုံမျိုး ခံစားနေရကြောင်း သိရသည့်အခါ စွမ်းအင်စီးမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ မှားယွင်းနေကြောင်း မိတ်ဆွေ ကောက်ချက်ချနိုင်နေပြီ။

သာမန်အားဖြင့် အောက်ပါ သက်ရောက်မှုများက ပြဿနာများကို ပေါ် ပေါက်စေပါသည်။

၁။ အရှေ့-မြောက်ဘက်တွင် ပြတ်တောက်နေခြင်း။
၂။ အရှေ့-မြောက်ဘက်တွင် အိမ်သာတည်ရှိနေခြင်း။
၃။ အရှေ့-မြောက်ဘက်တွင် လှေကားများရှိနေခြင်း။
၄။ အရှေ့-မြောက်ဘက်တွင် အိပ်ခန်းတည်ရှိနေခြင်း။
၅။ အရှေ့-မြောက်ဘက်တွင် မီးဖိုချောင်ရှိနေခြင်း။
၆။ အရှေ့-မြောက်ဘက်တွင် စတိုခန်းများရှိနေခြင်း။
၇။ အဝင်ပေါက်နေရာ မှားယွင်းနေခြင်း။
၈။ အိုင်းမရှိသည့်ဝရန်တာများက တောင်ဘက်၊အနောက်ဘက် (သို့) တောင်ဘက်နှင့် အနောက်ဘက်တွင်သာ ရှိနေခြင်း။
၉။ မြောက်ဘက်နှင့် အရှေ့ဘက်တွင် အိုးဖွင့်ဝရန်တာများ၊ တံခါးများ မရှိခြင်း။
၁၀။ အိပ်ခန်းများက မှားယွင်းသည့် အစိတ်အပိုင်းများတွင် ရောက်ရှိနေခြင်း။

စင်စစ်အားဖြင့် တည်ဆောက်မှုနှင့် သက်ဆိုင်သည့် အမှားအယွင်းများရှိနေလျှင် အထပ်များအတွက် ပြုပြင်ရန် အလွန်ပင် ခဲယဉ်းပေသည်။ အတွေ့အကြုံများအရ အချို့သော ကိစ္စရပ်များတွင် ရွှေနည်းပညာက လိုချင်သည့် အဖြေကို ရရှိနိုင်အောင် စွမ်းဆောင်နိုင်ပါသည်။ အချို့သော် ကိစ္စများတွင် သက်ရောက်နေမှုကို လျော့ပါးစေနိုင်ပါသည်။ မိတ်ဆွေတွင် ရွေးချယ်စရာ လမ်းမရှိပါ။ အထပ်ကို စွန့်လွှတ်ရန်ကိစ္စကလည်း ခေါင်းခဲစရာအဖြစ်မျိုးသို့ ဆိုက်ရောက်နေသည်။

ထို့ကြောင့် မိတ်ဆွေအနေဖြင့် ရွှေနည်းပညာကိုသာ အားကိုးရုံ ရှိတော့သည်။ ထိရောက်မှု ရှိမရှိ စောင့်ကြည့်နေရပေတော့မည်။ ရွှေပညာရပ်က ငွေကုန်ရက်ကျိုးနပ်ခြင်းပင် ဖြစ်သည်။ ငွေကုန်ကြေးကျကလည်း ကြီးမားသည်ဟု မဆိုနိုင်ချေ။

အရှေ့ပိုင်းတွင် ရှင်းပြခဲ့သလို ရွှေပညာရပ်သည် ဝါစတုပညာ၏ အစိတ်အပိုင်းတစ်ခု မဟုတ်ပါ။ တရုတ်လူမျိုးများ၏ သိပ္ပံပညာရပ်တစ်ခုသာ ဖြစ်ပါသည်။ အတွေ့အကြုံများအရ တည်ဆောက်မှု အမှားအယွင်း အသေးအဖွဲများကို ပြုပြင်ရာတွင် ရွှေပညာရပ်က ထိရောက်လှပါသည်။ အဆိုပါ ကိစ္စအတွက် အခြားသူများကလည်း ကန့်ကွက်ကြမည် မဟုတ်ပါ။

ထိုပညာရပ်ဖြင့် ပြုပြင်မှုများက ပရိဘောဂများထားသိုမှု နေရာပြင်ဆင်ခြင်းမျိုး ဖြစ်သည်။ ထိုလုပ်ရပ်များဖြင့်ပင် ပြဿနာကို ပြေလျော့သွားစေနိုင်ပြီး အကျိုးရလဒ်ကလည်း ကြီးမားနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ထိုကိစ္စမျိုး ကြုံတွေ့ရလျှင် ရွှေပညာကိုပါ တတ်ကျွမ်းနားလည်သည့် ဝါစတုပညာရှင်အား တိုင်ပင် ဆွေးနွေးသင့်ပါသည်။

အထပ်တစ်ခုတွင် အရှေ့-မြောက်ဘက်တွင် ပိုင်းဖြတ်ထားသည့် တုံးတိတိပုံစံမျိုး ဖြစ်မနေစေရပါ။ အကယ်၍ မိတ်ဆွေက ထိုအခန်းပိုင်ရှင်မျိုး ဖြစ်နေပါက လုပ်သင့်သည့် အကောင်းဆုံးနည်းက ၂ ပေ × ၃ ပေ အရွယ်အစားရှိသည့် မှန်တစ်ချပ်ကို အရှေ့-မြောက်ထောင့်နံရံတွင် ချိတ်ဆွဲထားလိုက်ပါ။ ထိုနည်းက ရွှေပညာ၏ စွမ်းအားများ တိုးတက်ရရှိစေရန် ဖန်တီးသည့် နည်းပညာပင်ဖြစ်သည်။

အကယ်၍ အရှေ့-မြောက်ထောင့်တွင် အိမ်သာတည်ရှိနေပါက အိမ်သာအိုးကို ဖယ်ရှားပစ်ပြီး လေဝင်လေထွက် အပေါက်ကို ချဲ့လိုက်ရန် အကြံပေးလိုပါသည်။ သာမန်အားဖြင့် အထပ်များတွင် အိမ်သာတစ်ခုထက် ပိုပြီး ရှိတတ်ပါသည်။ အိမ်ထောင်ဦးစီးအိပ်ခန်းနှင့် တွဲထားသည့် အိမ်သာမျိုးရှိလျှင် ထိုအိမ်သာကို မိတ်ဆွေသုံးစွဲနိုင်ပါသည်။

ချဲ့ထားသည့် လေဝင် လေထွက်ပေါက်နေရာတွင် ပြတင်းပေါက်၊ ခပ်ရှည်ရှည်ပုံစံ တစ်ခုကို တပ်ဆင်ရပါလိမ့်မည်။ ထိုပြတင်းပေါက်ကို နေ့ရော၊ ညပါ ဖွင့်ထားရပါမည်။ အကယ်၍လိုအပ်ပါက ညဘက်တွင် ပိတ်ထားနိုင်ပါသည်။

ထိုနည်းအတိုင်းပင် ရေချိုးခန်း(သို့)မီးဖိုချောင်များ တည်ရှိနေလျှင် ဖြေရှင်းနိုင်ပါသည်။ မိမိအဆောင်၌ အခြားသော အစိတ်အပိုင်းများတွင် ရွှေ့ပြောင်းထားရန်လည်း စဉ်းစားနိုင်သည်။

အထပ်များတွင် အိမ်သာ၊ မီးဖိုချောင်နှင့် ရေချိုးခန်းများ၏ သက်ရောက်မှုကြောင့် ဖြစ်ပေါ်ရသည့် စရိုက်လက္ခဏာများက အတူတူပင်ဖြစ်သည့်အလျောက် ထိုသို့ပြင်ဆင်လုပ်ဆောင်ရခြင်းသည် ရင်ဆိုင်ရမည့် ပြဿနာနှင့် နှိုင်းစာလျှင် လုပ်ရကျိုးနပ်ပါလိမ့်မည်။

မိတ်ဆွေ၏ တံခါးပေါက်မျက်နှာပြူမှုကလည်း လွန်စွာ အရေးကြီးပါသည်။ အကယ်၍ တံခါးက အထပ်၏ အလယ်ဗဟိုချက်တည်နေရာကို တိုးကားပြီး မြောက်ဘက် (သို့)အရှေ့ဘက်သို့ မျက်နှာပြူနေပါက မိတ်ဆွေဘာမှ ပူပင်နေစရာမလိုပါ။ စွမ်းအားများက မှန်ကန်သည့်လမ်းကြောင်းဖြင့် မိတ်ဆွေ၏ အထပ်တွင်းသို့ ဝင်ရောက်နေပါလိမ့်မည်။

အကယ်၍ ထိုသို့မဖြစ်ပါက ဝရန်တာမှ တံခါးများကို ခြွန်လည်စစ်ဆေးရပါမည်။ မိတ်ဆွေ၏ ဝရန်တာတစ်ခုသည် အရှေ့-မြောက်၊ အရှေ့ဘက်၏ ပထမတစ်ဝက်ခြမ်း(၂၅) မြောက်ဘက်တွင် တည်ရှိနေပါက အိမ်ရှေ့တံခါးဟာ ညီမျှမှုမရှိမှာ ယွင်းနေပေပြီ။ ထိုအတွက် မိတ်ဆွေတ အလျော်အစေး တောင့်မည်။

အကယ်၍ ထိုဝရန်တာတံခါးတ ထိုနေရာတွင် မထားမဖြစ် ထားရမည့်အခြေအနေမျိုး ဖြစ်နေလျှင် ရွှေတ ပြတင်းပေါက်ကိစ္စတွင် လမ်းညွှန်ခဲ့သည့်အတိုင်း ထိုတံခါးကို နေ့ဘက်တွင် ဖွင့်ထားနိုင်သည်။

အကယ်၍ လသာဆောင်က မြောက်ဘက်ပထမတစ်ဝက်နှင့် အရှေ့ဘက်၏ ပထမတစ်ဝက်(အဖိုတော်)တွင် တည်ရှိနေပါက မိတ်ဆွေအနေနှင့် ကောင်းကောင်း အသုံးချနိုင်ပါလိမ့်မည်။ တံခါးများနှင့် ပြတင်းပေါက်ကို ဖွင့်ထားလိုက်လျှင် ယင်းအထပ်တွင်းသို့ စွမ်းအားများက ထိုလမ်းကြောင်းအတိုင်း ပေါပေါများများ ဝင်လာပေလိမ့်မည်။ ထိုသို့ဖြစ်ရန် အတွက် လသာဆောင်ကို မည်သည့်အဖုံးအကာမျှ မလိုအပ်ချေ။ နေအိမ်ခန်းချဲ့ထွင်ရန်ဟူသည် စိတ်ဆန္ဒမျိုးဖြင့် လသာဆောင်ကို ကာရံပြီး နေအိမ်ခန်းတွင်း ထည့်သွင်းရန် စိတ်ကူးမျိုးကို မည်သည့်အခါမျှ မစဉ်းစားပါနှင့်။ ထိုသို့ လုပ်လိုက်ခြင်းဖြင့် ဝါစတုစွမ်းအင်များမှရမည့် အကျိုးရလဒ်များ ဆုံးရှုံးသွားပါလိမ့်မည်။

တစ်ခု သတိထားရန် ရှိနေသေးသည်။ မိမိ၏အိမ်ရှေ့တံခါးကို အိမ်ရှေ့အိမ်မှ တံခါးပေါက်နှင့် မျက်နှာချင်းဆိုင်မဖြစ်ပါစေနှင့်။ မိမိတံခါးပေါက်ကို မြောက်ဘက် (သို့) အရှေ့ဘက်သို့ အတတ်နိုင်ဆုံး ရွှေ့ပစ်လိုက်ပါ။ ထိုသို့ပြုလုပ်လိုက်လျှင် သက်ရောက်မှုများကို ကျော်လွှားလွန်မြောက်နိုင်မည်ဖြစ်သည်။

အကယ်၍ ဝရန်တာတစ်ခုတ အနောက်ဘက် (သို့) တောင်ဘက် မျက်နှာပြူနေပြီး အခြားဝရန်တာတ မြောက်ဘက် ပထမခြမ်း (သို့) အရှေ့ဘက်၏ ပထမခြမ်းတွင် တည်ရှိနေလျှင် ထိုဝရန်တာနှစ်ခုစလုံးကို သုံးစွဲနိုင်ပါသည်။ အကယ်၍ မိတ်ဆွေ၏ ဝရန်တာများက မြောက်ဘက်(သို့) အရှေ့ဘက်တွင် တည်ရှိမနေပါက အရောင်မှန်များ တပ်ထားသည့် အလှူမီနိုယ်ဘောင်များခွေပြီး ပိတ်ပစ်လိုက်ပါ။ ထိုသို့လုပ်ခြင်းဖြင့် အမတောတ်စွမ်းအင်များ ဝင်ရောက်မှုကို တားဆီးပြီး ဖြစ်သွားပေလိမ့်မည်။

အထက်ပါကိစ္စတွင် မိတ်ဆွေ၏ အိမ်ရှေ့တံခါးများက အရှေ့(သို့)မြောက်ဘက်တွင် တည်ရှိနေကောင်း တည်ရှိနေ

www.burmeseclassic.com

www.burmeseclassic.com

လိမ့်မည်။ ထိုတံခါးများသည် သစ်သားဖြင့် အနိုင်အမာပြုလုပ်ထားပြီး အချိန်အတော်များများ ပိတ်ထားသည်က များလိမ့်မည်။ ထို့ကြောင့် စွမ်းအင်များ မဝင်နိုင်ဘဲ ဖြစ်နေသည်။

ထိုပြဿနာကို ကျော်လွှားနိုင်ရန်အတွက် တံခါးတစ်ခုထပ်လုပ်ရပါမည်။ ထိုတံခါးက သစ်သားပြားနှင့် အောင်ခတ်၍ဖြစ်ဖြစ် (သို့)စတီးအောင်နှင့်ဖြစ်ဖြစ် ပြုလုပ်ပြီး တံခါးရွက်များကို သံဆန်ခါဖြင့် ပြုလုပ်ပါ။ ပြီးလျှင် ထိုတံခါးကို ပင်မတံခါး အပြင်ဘက်တွင် တစ်ထပ်တည်းဖြစ်အောင် တပ်ဆင်ထားရပါမည်။ ထိုတံခါးတွင် လုံခြုံရေးသော့မျိုး တပ်ဆင်ထားပြီး အတွင်းမှ ပိတ်နိုင်၊ ဖွင့်နိုင်အောင် ပြုလုပ်ထားရမည်။

သို့နှင့် မိတ်ဆွေ၏ သစ်သားတံခါးကို မနက်မိုးသောက်သည်နှင့် ဖွင့်ထားနိုင်ပြီး သံဆန်ခါတံခါးကို လုံခြုံရေးအတွက် ပိတ်ထားနိုင်သည်။ ထိုသို့လုပ်ထားခြင်းဖြင့် စွမ်းအင်များသည် အထပ်တွင်းသို့ လွတ်လွတ်လပ်လပ် ဝင်ရောက်လာနိုင်တော့သည်။

လေသာဆောင် (လသာဆောင်)များ ကိစ္စတွင်မူ တောင်ဘက်နှင့် အနောက်ဘက်မှ အစိတ်အပိုင်းများတွင် အမိုးမိုးထားရန်' လိုအပ်ပါလိမ့်မည်။ အမိုးကို အလျှပ်စီနီယံပြားဖြင့် မိုးခြင်းကို လက်ခံနိုင်ပါသည်။ အကယ်၍ အလျှပ်စီနီယံပြားဖြင့် မိုးပါက အလှအပကို ဖျက်ဆီးရာကျနေသည်ဟု ယူဆလျှင် ဖောက်ထွင်းမြင်ရသည့် ပလတ်စတစ်စဖြင့် မိုးနိုင်သည်။ ဖောက်ထွင်းမြင်ရသည့် ပလတ်စတစ်အကြည်စများကို ရွေးချယ်ရပါလိမ့်မည်။

ထို့နောက် လသာဆောင်တွင် ကွန်ကရစ်အိုးများဖြင့် အုန်းပင်ဖုလေးကဲ့သို့သော ထုထည်နှင့် အလေးချိန်စီးပြီး လှပသည့် အပင်မျိုးများကို စိုက်ပျိုးထားရပါမည်။ ထိုနေရာတွင် ရေကိုသိုလှောင်ထားနိုင်သည့် ရေတိုင်ကီမျိုး၊ ရေစည်ပိုင်းမျိုး၊ ငါးကန်မျိုး လုံးဝမထားရန်လိုပါသည်။ ထိုနေရာက အမြဲ ခြောက်သွေ့နေသည့်သဘောကို ဆောင်ထားစေရပါမည်။ ထိုနေရာတွင် လေးလံသည့်ဓရိဘောဂများ၊ ဂျူလာ (Joolas) ကဲ့သို့ အရာများထားပြီး ထိုနေရာတွင် အလေးချိန်စီးနေစေရန် ဖန်တီးထားရမည်။

အထပ်၏ အရှေ့မြောက်ထောင့်တွင် ငါးလှောင်ကန်ကို ထားရှိရပါမည်။ ငါးလှောင်ကန်တွင် မော်တာနှင့် လေကို မှုတ်သွင်းထားနိုင်ပါက ကောင်းသည့်အကျိုးရလဒ်များ ရစေနိုင်သကဲ့သို့ အမိုးအကာမရှိ ဖွင့်ထားသည့် ထိုအစိတ်အပိုင်းများမှ အမှားအယွင်းကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကို ကျော်လွှားနိုင်ပါလိမ့်မည်။

အကောင်းဆုံးနည်းကမူ အထပ်တစ်ခုကို မဝယ်မီ (သို့) ပြင်ဆင်မှုတစ်စုံတစ်ရာကို မပြုလုပ်မီ ဝါစတုပညာရှင်၏ အကြံဉာဏ်ကို ရယူခြင်းပင်ဖြစ်သည်။ အိပ်ရာကို နေရာပြင်ဆင်ခြင်း၊ ပရိဘောဂများကို နေရာပြောင်းရွှေ့ချထားခြင်းစသည့် အသေးအဖွဲ ပြုပြင်လိုက်မှုများကပင် အထပ်အတွက် ကြီးမားသည့် အကျိုးရလဒ်များကို ရစေနိုင်ပါသည်။

အမှန်စင်စစ်အားဖြင့် တည်ဆောက်ရေးသမားကန်ထရိုက်များက ထိုသို့ နေရာပြောင်းရွှေ့သည့် အသေးအဖွဲကိစ္စလေးများကို လက်ခံမည်တော့ မဟုတ်ပါ။ သူတို့ အခြားတည်ဆောက်မှုများ ပြုလုပ်နေစဉ်တွင် မိမိဘာသာ ပြုလုပ်ရုံသာရှိသည်။ လွယ်ကူသည့် အလုပ်များလည်းဖြစ်ပါသည်။ အနေကြီးသည့် အတွင်းဘက် ပြင်ဆင်မှုများကို စနစ်တကျ စီမံကိန်းချပြီး ပြုလုပ်ရန်လိုပါသည်။ ဤနေရာတွင် အကောင်းဆုံးနည်းက ဝါစတုပညာရှင်နှင့် တိုင်ပင်ဆွေးနွေးခြင်းပင်ဖြစ်သည်။

အကယ်၍ အထက်ဖော်ပြပါ အချက်အလက်များကို လိုက်နာလုပ်ဆောင်လိုက်ခြင်းဖြင့် ဝါစတုအကျိုးရလဒ်ကို အပြည့်အဝ ရရှိစေပါလိမ့်မည်။ ဝါစတုနည်းစနစ်အတိုင်း တည်ဆောက်ထားပြီး မိမိဘာသာသီးသန့်နေထိုင်သူ နေအိမ်ပိုင်ရှင်များ ရရှိနေသည့် အခွင့်အလမ်းအတိုင်း အထပ်တွင် နေထိုင်သူများလည်း ခံစားခွင့်ရနိုင်ပါသည်။

တစ္ဆေခြောက်သည့် အိမ်များ
(HAUNTED HOUSE)

ရှင်းလင်းပြောပြရန် ခက်ခဲသည့် ထူးခြားသည့် အဖြစ်အပျက်မျိုးရှိသည့် အိမ်မျိုးကို ကြုံတွေ့ကောင်း ကြုံတွေ့ဖူးပေမည်။ ဤအဖြစ်မျိုးက မကောင်းဆိုးဝါးနှင့် ဆက်စပ်နေပြီး ထိုကိစ္စရပ်မျိုး ဖြစ်လာပါက တန်ထရစ်များ(Tan-triks)နှင့် ပယောဂဆရာများ(Exorcists)၏ အကူအညီကို ယူရပါမည်။

ဝါစတုချို့ယွင်းချက် များပြားနေသည့် အခါမျိုးတွင် တောင်ဘက်၊ မြောက်ဘက်နှင့် ယင်းတို့နှင့်နှီးနွှယ်နေသည့် အစိတ်အပိုင်းနေရာများတွင် ထိုအဖြစ်မျိုးများ ဖြစ်ပေါ်လာတတ်သည်။ ဖြစ်ပုံက အရာဝတ္ထုများ ရွှေ့လျားနေခြင်း၊ ကျောက်ခဲများကျလာခြင်းနှင့် မီးလောင်ခြင်းမျိုးပင်ဖြစ်သည့် ပုဏ္ဏာရုတိုက်သည့် ပုံစံမျိုးပင်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ဖြစ်ရခြင်းမှာ အမဓာတ် အားကောင်းနေသ်ည့် အစိတ်အပိုင်းများတွင် စွမ်းအားက အလွန်အားကောင်းလျက်ရှိပြီး စွမ်းအားများက နောက်ကြောင်းပြန် နေရာယူနိုင်ရန် အားထုတ်နေခြင်းကြောင့် ဖြစ်နိုင်သည်။

အဆိုပါအိမ်မျိုး တစ်အိမ်ကိုကြုံခဲ့ဖူးရာ ဝါစတုနည်း အရ သက်ရောက်မှုများကို ပြုပြင်လိုက်သည့်အခါ ပြဿနာများ ပျောက်ကွယ်သွားပြီး ကျေနပ်လောက်စရာ အခြေအနေမျိုး ဖြစ်သွားခဲ့ပါသည်။

ထိုကိစ္စမျိုးက မကောင်းဆိုးဝါး တစ်ကောင်ကောင် (သေဆုံးသွားသူ၏ဝိညာဉ်)နှင့် ပတ်သက်ဆက်နွယ်ခြင်းမျိုး မဟုတ်ပါ။ ဝါစတုသဘောအရ ပြဿနာများကြောင့် သက်ရောက်မှုများ ဖြစ်ပေါ်လာခြင်းသာ ဖြစ်ပေသည်။ ထိုအိမ်မျိုးကို ထိုအချက်လေးပါးမျှနှင့် စွန့်လွှတ်ရန် မလိုပေ။



ဝါဗျာ (GARBHA)
စွမ်းအင်လိုင်းများက မြေတွတ်တစ်ခုအတွင်း ဝါဗျာအနိမ့် စီးသွားမှု
ပုံ (၆၀)

ဝါဗျာ (GARBHA)

ဂျိဗျာ(Garbha)၏ အဓိပ္ပာယ်မှာ မွေးရပ်နေရာဟူ၍ ဖြစ်သည်။ ရှေ့တွင် ပြောခဲ့သကဲ့သို့ စွမ်းအားများက ပတ်လည် အနားမှာတင် သိပ်သည်းနေတတ်ပြီး မြေကွက်၏ အလယ်ဗဟိုသို့ ရောက်ရှိလာသည့်အခါ သိပ်သည်းမှုက လျော့ပါးသွားတတ်ကြသည်။

လူခန္ဓာကိုယ်တွင်းတည်း ဝမ်းဗိုက်နေရာတည်း ဟူသ်ော ရှားမှုအနည်းဆုံး အစိတ်အပိုင်းဖြစ်သည်။ အနုန်းနိုင်ခွင့် ရှိသည့် လူဦးနှောတ် အစိတ်အပိုင်း လူအများများတွေ့ ပတ်လည်အနားပုံစံမျိုး ဖြစ်သဖြင့် အနုန်းနိုင်ခွင့်အား ကောင်းတတ်ကြသည်။ ခြေထောက်နှင့် လက်များ လူပ်ရှားမှုကို ဦးစားပေး လုပ်ဆောင်ကြသည်။ နှလုံးအစိတ်အပိုင်းက လူပ်ရှားမှုများအတွက် အခရာဖြစ်သည်။

ဝမ်းဗိုက်နှင့် နှိုင်းယှဉ်ကြည့်ပါက ဝမ်းဗိုက်အစိတ်အပိုင်းက သိပ်သည်းနေပြီး လူပ်ရှားမှု မရှိသလိုဖြစ်နေသည်။ လူပ်ရှားလျှင်လည်း အချိန်တိုတွင်းလောက်သာ ဖြစ်သဖြင့် သတိပင် မပြုမိကြချေ။

အကယ်၍ မိတ်ဆွေက စွမ်းအင်ပုံစံကို ကြည့်မည်ဆို လျှင် စွမ်းအင်များအားလုံးက စုပြုံနေပြီး ဘောင်ခတ်ထားသည့် မြေကွက်၏ ဗဟိုချက်နေရာတွင် 'သုည' ပြနေသည်။ ထိုနေရာတွင် လူပ်ရှားမှုက လုံးဝမရှိသည့် အနေအထားဖြစ်သည်။ စွမ်းအင်များက ဗဟိုချက်ပတ်လည်တွင် အညီအမျှ ရှိနေသည်ဟု မိတ်ဆွေ ပြောနိုင်ပါလိမ့်မည်။

ထို့ကြောင့် ထိုနေရာတွင် ညှိုးခန်းထားလျှင် အကောင်းဆုံး ဖြစ်သည်။ လူတစ်ယောက် အနေဖြင့် ထိုနေရာတွင် စွမ်းအင်စက်ကွင်းများ၏ သက်ရောက်မှုက မရှိသလောက် ဖြစ်နေသည့်အတွက် ကောင်းကောင်းနားနေနိုင်သည်။

ခိုက်တတ်သည့်နေအိမ်များ
(JINXED HOUSES)

အချို့အိမ်များတွင် ထူခြားသည့် သက်ရောက်မှုများကြောင့် ယင်းအိမ်တွင် လာရောက်နေထိုင်သူများကို အထင်အရှား မြတ်တခြင်းမျိုးရှိနေတတ်သည်။ ထိုအိမ်၌ အောင်အောင်မြင်မြင် နေထိုင်သွားသူများတွင်မင် ထိုသက်ရောက်မှုကို တွေ့ကြုံကြရသည်။

ထိုသက်ရောက်မှုက အလုပ်အကိုင်ကို ထိခိုက်ခြင်းမျိုး (သို့) ကျန်းမာရေးကို ထိခိုက်ခြင်းမျိုး ဖြစ်တတ်သည်။ ထိုအိမ်မျိုးကို 'ခိုက်'သည်ဟု ဆိုကြသည်။ ယင်း သက်ရောက်မှုမျိုးက ဝါစတုခို့ဖျင်းချက်ကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သည့် အတွက် ပြုပြင်မှုလုပ်လိုက်ခြင်းဖြင့် ထိုအိမ်၏ ခိုက်တတ်မှုကို ဖယ်ရှားနိုင်မှည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခြားလုပ်ငန်းများသုံးသည့် ကွင်းပြင်များ

ကွင်းပြင်များကို အောက်ပါလုပ်ငန်းများတွင် သုံးစွဲတတ်ကြသည်။

စိုက်ပျိုးရေးအတွက် သုံးသည့်မြေများ
(Agricultural Lands)

စိုက်ပျိုးရေးသမားများကလည်း မေးတတ်ကြသည်မှာ သူတို့အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာတွင် ဝါစတုနည်းစနစ်အတိုင်း လိုက်နာရန် လိုအပ်ပါသလားဟူ၍ ဖြစ်သည်။

ကျမ်းစာအုပ်များတွင် စိုက်ပျိုးရေးမြေများနှင့် ပတ်သက်သည့် အကြောင်းအချက်များကိုမူ မတွေ့မိသေးပါ။ သို့သော် မြေကွက်ပေါ်တွင်ဖြစ်ပေါ်တတ်သည့် ပစ္စည်လည်း အနားများမှ စီးအားများရှိနေမှုက တည်ရှိနေသဖြင့် ဝါစတုပညာ၏ စည်းကမ်းနည်းလမ်းများကို လိုက်နာမည်ဆိုပါက ကောင်းသောအကျိုးရလဒ်များကို ရနိုင်ပါသည်။ တစ်နည်းအားဖြင့် ဝါစတုပညာရပ်ကို တိုးချဲ့သည့်သဘောမျိုးလည်း ဖြစ်ပါလိမ့်မည်။

အကယ်၍ စိုက်ပျိုးရေးမြေက ကွင်းပြင်ကျယ်ဖြစ်နေသည့်အခါ မိတ်ဆွေအနေဖြင့် မိမိပိုင်စိုက်ပျိုးမြေကို ခြံစည်းရိုးခတ်ခြင်း (သို့)ကုန်းကမူများဖြင့် အမှတ်အသား ပြုလုပ်ရပါမည်။ မိတ်ဆွေက ရာသီပေါ်ကောက်ပဲသီးနှံများကို စိုက်ပျိုးသူဖြစ်ပါက ဝါစတုစံနှုန်းအရ မလိုအပ်ဟု ယူဆပါသည်။

ဝါစတုစံနှုန်းကို စဉ်းစားသည့်အခါ အခြားသူများ၏ စိုက်ပျိုးထားမှုကိုလည်း ထည့်တွက်ရပါလိမ့်မည်။ ထို့ပြင် မိတ်ဆွေ၏ စိုက်ခင်းကျယ်ကို အရပ်ရှစ်မျက်နှာ အစိတ်အပိုင်းများ ခွဲခြမ်းစိတ်ဖြာရမည့်အလုပ်က လွယ်ကူမည်မဟုတ်ပေ။

အထက်ပါအချက်နှင့် ပတ်သက်၍ လမ်းကိစ္စကို ပြောရန်လိုမည် ဖြစ်သည်။ အထူးသဖြင့် လမ်းကျယ်ကိစ္စမျိုးဖြစ်သည်။ ထိုလမ်းမျိုးက စိုက်ပျိုးမြေအနီးတွင်ရှိနေပြီး လမ်းမြေနှင့် စိုက်ခင်းမြေက တစ်ညီတည်းဖြစ်နေသည် ဆိုပါစို့။

ထိုသို့ဖြစ်နေလျှင် မိတ်ဆွေအနေဖြင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာကိုသုံးပြီး ပြုပြင်လိုက်ရုံသာရှိသည်။ ဝါစတုနှင့် ပတ်သက်၍ သောကဖြစ်စရာအကြောင်း မရှိပေ။

အကယ်၍ မိတ်ဆွေ၏ စိုက်ပျိုးမြေကွက်ထဲတွင် လယ်ဓာတ်ကိုဆောက်မည်ဆိုပါက မိတ်ဆွေက မိမိမြေကွက်ထဲကနေပြီး အတော်လှမ်းလှမ်းမှ တောင်အရပ်၊ အနောက်အရပ်၊ အရှေ့အရပ်နှင့် မြောက်အရပ်တို့ကို မည်မျှပင်ငေးငေး လှမ်းကြည့်လိုက်ပါ။ အရပ်မျက်နှာအတိုအကျ ရရှိစေရန် သံလိုက်အိမ်မြှောင်ကိုသုံးနိုင်ပါသည်။

မိမိမြေကွက်တွင်း၌ တဲဆောက်ရန် နေရာတစ်နေရာ (မည်သည့်နေရာတွင်ဖြစ်ဖြစ်)ကို ရွေးချယ်ရပါမည်။ ထိုနေရာက ဖိအားရှိနေသည့်အရှေ့ဘက်(သို့) မြောက်ဘက်ကိုမျက်နှာပြုထားသည့် အနေအထား ဖြစ်ကောင်းဖြစ်မည်။ သို့မဟုတ် ဖိအားကြွတက်နေသည့် တောင်ကမူများရှိရာ တောင်ဘက်(သို့) အနောက်ဘက်တွင် ဖြစ်ကောင်းဖြစ်မည်။ ထိုနေရာတွင် စတုရန်းပုံ မြေကွက်နေရာကို လိုအပ်သည့် အတိုင်းအတာသတ်မှတ်ပြီး အမှတ်အသား ပြုထားလိုက်ပါ။

ထို့နောက် တည်ဆောက်ရေးလုပ်ငန်းကို နေအိမ်များ တည်ဆောက်စဉ်က လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာလုပ်ဆောင်ပါ။ အကယ်၍ ကုန်းကမူများက မိတ်ဆွေ၏ မြေကွက်အတွင်းတွင် ပုံစံများ ကွဲပြားခြားနားကြပြီး၊ ကွဲပြားခြားနားသည့်နေရာများတွင် တည်ရှိနေသည်ဆိုပါစို့။

အကယ်၍ မိတ်ဆွေက သစ်သီးဥယျာဉ် (သို့) စိုက်ခင်းများ ပြုလုပ်ရန် ရည်ရွယ်ပါက အကောင်းဆုံး အကျိုးရလဒ်များရရှိစေရန် ဝါစတုပညာရှင်နှင့် ညှိနှိုင်းတိုင်ပင်သင့်ပါသည်။ ထို့ပြင် မိမိမြေကွက်နှင့် ဖြတ်သန်းသွားသည့် လမ်း၏ မြေမျက်နှာပြင် အနိမ့် အမြင့် ကွာခြားမှုများရှိနေပါကလည်း ဝါစတုပညာရှင်နှင့် ဆွေးနွေးသင့်ပါသည်။

အကောင်းဆုံး အကြံဉာဏ်နှင့် လမ်းညွှန်မှု ပေးလိုသည်မှာ မြေကွက်၏ တောင်ဘက်အပိုင်းနှင့် အနောက်ဘက်အပိုင်းတို့တွင် မြင့်မား၍ ကြီးမားသန့်စွမ်းသည့် အပင်များကို စိုက်ပျိုးရန်ဖြစ်သည်။ ကျန်နေရာများတွင်မူ အတန်ငယ်နိမ့်သည့် အပင်ငယ်များကိုသာ စိုက်ပျိုးရပါမည်။ ရေသိုလှောင်ထားရန်အတွက် ရေတွင်း၊ ရေလှောင်ကန်များကို အရှေ့-မြောက်ထောင့် (သို့) အရှေ့ဘက် (သို့) မြောက်ဘက်တို့၏ ပထမတစ်ဝက် အဖိုဓာတ်အားကောင်းသည့် နေရာများတွင် ထားရှိနိုင်ပါသည်။

အကယ်၍ မိတ်ဆွေ၏ စိုက်ပျိုးရေးမြေကွက်က ရှင်းမပြနိုင်သည့် ပြဿနာများနှင့် ရင်ဆိုင်နေရပါလျှင် (သို့) မိမိကြုံးပမ်းအားထုတ်သလောက် အကျိုးကျေးဇူး မခံစားရသည့် အနေအထားမျိုး ကြုံတွေ့နေရပါက ဝါစတုပညာရှင်နှင့် တိုင်ပင်ပြီး အကြံဉာဏ်ရယူသင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပန်းမန်စိုက်ပျိုးရေး
(Fioriculture)

ယနေ့ ကမ္ဘာတွင် ပန်းမန်စိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်လာကြသည်မှာ မကြာမီကာလအတွင်း လုပ်ငန်းကြီး တစ်ခုအဖြစ်ဖြင့် တိုးတက်ရပ်တည်လာမည့် အနေအထားမျိုး တွင် ရှိနေပါသည်။ အပင်များကို မိုးလုံ၊ နှင်းလုံ တဲများဖြင့် စိုက်ပျိုးမည်ဆိုလျှင် ဝါစတုပညာရှင်များနှင့် တိုင်ပင်ဆွေးနွေး သင့်ပါသည်။

ထိုလုပ်ငန်းတွင် အဝင်အထွက်လမ်းဖောက်မည့်ကိစ္စ၊ အအေးခန်းထားမည့်ကိစ္စ၊ သိုလှောင်ခန်းထားမည့်ကိစ္စ၊ ရေသိုလှောင်ထားမည့်ကိစ္စ စသည်ဖြင့် အရေးပါမည့် လုပ်ငန်း ပေါင်းစုံ ရှိနေသည်။ ပတ်လည်အနားများမှ စွမ်းအင်များ အပေါ် တည်မှီလုပ်ကိုင်ရမည့် လုပ်ငန်းဖြစ်နေသဖြင့် ဝါစတု ပညာရှင်ကသာ ကူညီနိုင်လိမ့်မည်ဖြစ်သည်။ အကောင်းဆုံး က မြေကွက်ကို မဝယ်မီကတည်းက ဝါစတုပညာရှင်၏ အကြံ ဉာဏ်ကို ရယူသင့်မည်ဖြစ်သည်။

ယာမြေများ
(Farm Lands)

ထိုမြေများကိုလည်း လူနေအိမ်များ တည်ဆောက်ရာ တွင် လိုက်နာရသည့် စံနှုန်းများအတိုင်း လုပ်ဆောင်ရပါမည်။ ခြံစည်းရိုးခတ်ခြင်း လုပ်ငန်းများကလည်း အထက်ဖော်ပြပါ နည်းအတိုင်းပင် ဖြစ်ပါသည်။

ရေလုပ်ငန်း
(Aqua Culture)

ဤလုပ်ငန်းမျိုး လုပ်ကိုင်ရာတွင် မိတ်ဆွေတွင် ည့် သည့်နေရာ အစိတ်အပိုင်းတွင် ငါးဖမ်းမည်၊ ထိန်းချုပ်ရမည် ဟူသည့် အချက်များနှင့်ပတ်သက်၍ ပြဿနာများ ရှိနိုင်သည်။

စိမ်ကိန်းချသည့်အခါ ငါးဖမ်းနိုင်သည့် ရေယာ အစိတ် အပိုင်းကို အရှေ့ဘက်(သို့)မြောက်ဘက်တွင် ထားရှိခြင်းက စရိတ်စကလည်း သက်သာနိုင်သည်။ ရေစီးနေမှုတံ အနောက် ဘက် (သို့) တောင်ဘက်သို့ ဖြစ်နေလျှင်လည်း စိတ်ဓာတ် ကျစရာ မဟုတ်ပါ။

အကယ်၍ ဝါစတုပညာရပ်ကို လျစ်လျူရှုထားလျှင်မူ မိမိတွင် ဆုံးရှုံးမှုနှင့်ရင်ဆိုင်ရမည်က မြေကြီးလက်ခတ်မလွဲ ဖြစ်မည်မှာ သေချာသည်။

ဝါစတုပညာဖြင့် စိမ်ကိန်းချမှတ် လုပ်ဆောင်ခြင်းဖြင့် အမဓာတ် စွမ်းအားကောင်းနေသည့် ရေထုထည်တည်ရာ ငါးဖမ်းနိုင်သည့် ရေယာကိစ္စက် ကျော်လွှားလွန်မြောက် အောင်မြင်မှုရလာပါလိမ့်မည်။

အထက်ပါကိစ္စရပ်အားလုံးအတွက် ဝါစတုပညာရှင်၏ အကြံဉာဏ်များ ရယူသင့်ပါသည်။

(ဆက်ရန်)

ဆရာဦးခန့်ကျော်

❑

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်းပို့မို့တို့းတက်အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။
၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

ဆက် သွယ် ရန်

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာပန္ထလလမ်း၊
(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၄၅၂၂၂၈၀

www.burmeseclassic.com

www.burmeseclassic.com

ခုနစ်ရက်သားသမီးများအတွက်
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ

ဟောစာတမ်းနှင့်ယတြာ

ဦးညွှန့်လိုင်(ကြို့ပင်ကောက်)

တနင်္ဂနွေသားသမီးများ

(က) စီးပွား/လူမှု ➡ မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားနှင့် ဆိုးအား ညီမျှနေသဖြင့် ကံကြမ္မာသင့်၏။ သို့သော် ပဝတ္တိဌာန၏ ဆိုးအားသည် အနည်းငယ်ပြင်းအားရှိသဖြင့် လက်ရှိ လူမှုစီးပွား၊ ပညာရေးနှင့် အကြံအစည်တို့တွင် ရပ်တန့်နေတတ်၏။ အပြိုင်ပေါ်ခြင်း၊ အဖျက်ပေါ်ခြင်းတို့ကြောင့် အနည်းငယ် သောကရှိမည်။ ခရီးသွားလုပ်ငန်း သို့မဟုတ် ခရီးသွားလာရင်းဖြင့် အကြံကောင်းရမည်။ သတင်းကောင်းများကြားရမည်။ အဂ်ါနံ သက်ရှိ၊ သက်မဲ့ကြောင့် သောကရှိ၏။ ဝန်ထမ်းများ အတိုက်အခံ များမည်။

ယတြာ - ဘုန်းတော်ကြီးများနှင့် နာမကျန်း သက်ကြီးရွယ်အိုများအား စထုပမဠဇ္ဈပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➡ သင့်တင့်၏။

(ဂ) ကျန်းမာရေး ➡ သွေးတွင် ဥပဓိရှိ၏။ သွေးအဆိပ်သင့်တတ်၏။

ယတြာ - ရေသန့်ဇလုပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➡ သောကြာနံသင့်လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း ➡ (၆) ဂဏန်းနှင့် သောကြာနေ့ကောင်းပြီး (၃) ဂဏန်းနှင့် အဂ်ါနေ့ ညှိ၏။

မှတ်ချက်။ ကြဲရည် လျှဒါန်းပါ။

တနလ်ာသားသမီးများ

(က) စီးပွား/လူမှု ➡ မူလနှင့် ပဝတ္တိ ဌာနနှစ်ပါးစလုံးတွင် ဆိုးအားများရှိသော်လည်း ပဝတ္တိဌာန၏ ဆိုးအားသည် အင်အားမှေးမှိန်သဖြင့် ယခင်လထက် သက်သာရာရလျက် အရှိန်ရပ်နေသော လုပ်ငန်းများ ပြန်လည်အသက်ဝင်လာမည်။ ပညာရေးတွင် အနည်းငယ်ညှဉ်းလျက် လူမှုရေးကိစ္စများတွင် အရှုပ်အရှင်းရှိမည်။ အထင်မှားခံရတတ်၏။ ဗုဒ္ဓဟူးနံ သက်မဲ့ဝင်လျက် တနင်္ဂနွေ ထွက်ကိန်းရှိ၏။ ဝန်ထမ်းများ နှစ်ဦးကြား စကားများရာက အမှုန်းပွားတတ်သည်။

ယတြာ - ဘုရား၏ လက်ယာလက်ရုံးတော်တွင် ရွှေသင်္ကန်း ကပ်လှူပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➡ သင့်တင့်၏။

(ဂ) ကျန်းမာရေး ➡ ခွဲစိတ်ကိန်းရှိ၏။

ယတြာ - စံပယ်ပန်း ခေါင်းအုံးအောက်မှာထားအိပ်ပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➡ ဗုဒ္ဓဟူးနံသင့် လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း ➡ (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညှိ၏။

မှတ်ချက်။ စိတ်ဓာတ် ရင့်ကျက်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါသားသမီးများ

(က) စီးပွား/လူမှု ➡ မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ သင့်တင့်သဖြင့် ယခင်လနည်းတူ ကံကြမ္မာသင့်တင့်၏။ သို့သော် မွေးနံ့ကို မရရာကြိုဟ်ပူးယှဉ်ထားသောကြောင့် အသရေဖျက်မည့်သူ ပေါ်တတ်၏။ မိမိလုပ်ငန်း အကြံအစည်ကို အတုခိုးမှုရှိလျက် အသားထဲက လောက်ထွက်တတ်၏။ အိမ်ထောင်ဖက်၏ အကြံဉာဏ်တစ်ခုကြောင့် လမ်းကောင်းပေါ် ရောက်မည်။ သောကြာနံ သက်ရှိ၊ သက်မဲ့တို့ အတွက် သောကရှိ၏။ ဝန်ထမ်းများ ဝေးလံခေါင်သီ အရပ်သို့ ပြောင်းရွှေ့ခံရတတ်၏။

ယတြာ - သစ်သီးဆွမ်း ကပ်လှူပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➡ သင့်တင့်၏။

(ဂ) ကျန်းမာရေး ➡ လေ၊ ရေ အအေးကြောင့် ဥပဒ်ရှိ၏။

ယတြာ - စံပယ်ပန်း ခေါင်းအုံးအောက်ထား၍ အိပ်ပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➡ ကြာသပတေးနံသင့် လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း ➡ (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

မှတ်ချက်။ နာရေး ကူညီမှုပြုပါ။

ဗုဒ္ဓဟူးသားသမီးများ

(က) စီးပွား/လူမှု ➡ ပဝတ္တိဌာန၏ ဆိုးအားအနည်းငယ်ကြောင့် ယခင်လထက် လုပ်ငန်းအကြံအစည်များတွင် နှောင့်နှေးမှု အဆင်မပြေမှုများ ရှိနိုင်၏။ ငွေကြေးအဖတ်မတင် ဖြစ်နေတတ်သလို လုပ်ငန်းများ၊ အကြံအစည်များတွင် အခက်အခဲရှိမည်။ အင်္ဂါနံသားသမီးတို့၏ ပယောဂကြောင့် စိတ်သောကရှိမည်။ ဗုဒ္ဓဟူးနံ ပစ္စည်းများ ဝင်ကိန်းရှိသော်လည်း မမြဲတတ်ပါ။ အစား အသောက်ဆိုင်ရာ လုပ်ငန်းများ၊ ပြည်ပဆိုင်ရာ လုပ်ငန်းများကြောင့် အဆင်ပြေသိမ်ငြိမ်မှု၊ ဝန်ထမ်းများ အပြောင်းအလွှဲရှိ၏။

ယတြာ - ဘုရား၏ တနယ်ဘောင့်တွင် သန့်ရှင်းရေး ကုသိုလ်ယူပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➡ သင့်တင့်၏။

(ဂ) ကျန်းမာရေး ➡ အစာ အဆိပ်သင့်တတ်၏။

ယတြာ - အင်္ဂါနံ သတ္တဝါကို အစာကျွေး၏။

(ဃ) အကျိုးပြုလုပ်ငန်း ➡ ဗုဒ္ဓဟူးနံသင့် လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း ➡ (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ကောင်းပြီး (၂) ဂဏန်းနှင့် တနလ်းနေ့ ညံ့၏။

မှတ်ချက်။ အကောင်းလောကခံကို မျှော်မှန်းပါ။

ကြာသပတေးသားသမီးများ

(က) စီးပွား/လူမှု ➡ မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ယခင်လနည်းတူ ကောင်းအားများ ရပ်တည်နေသဖြင့် ဇာတာရှင်အဖို့ ရပ်တည်ချက်ကောင်းမည်။ သို့သော် သူတစ်ပါးအတွက် အာမခံလိုက်လျောမှုကြောင့် အိမ်တွင် ရန်ရှိ၏။ အစွပ်စွဲခံရတတ်၏။ ဆန့်ကျင်ဘက်လိင်တစ်ခုတစ်ဦးကြောင့် သိက္ခာကျတတ်၏။ ခရီးတို၊ ရှည်မသွားသင့်ဖါ။ ဝန်ထမ်းများ စာရင်းကိုင်တွယ် မှားယွင်းမှုကြောင့် ငွေကြေးလျော်ရတတ်၏။

ယတြာ - နေ့စဉ်နံနက်တိုင်း နေအိမ်တွင် ပရိတ် ခွေဖြင့် ရွတ်ဖတ်ပူဇော် မှုဂ်လာယူပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➡ မသင့်မတင့် ရှိတတ်၏။

(ဂ) ကျန်းမာရေး ➡ ကျောက်ကပ်၊ ဆီးတွင် ဥပဒ်ရှိ၏။

ယတြာ - ထီး၊ ဖိနပ် လှူပါနိုင်းပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➡ ဗုဒ္ဓဟူးနံသင့် လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း ➡ (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ကောင်းပြီး (၂) ဂဏန်းနှင့် တနလ်းနေ့ ညံ့၏။

မှတ်ချက်။ အတိတ်က်၏ အကျိုးပေးကိုယုံ၍ ထောင်မှုများ ကြိုးစားလုပ်ဆောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com

သောကြာသားသမီးများ

(က) **စီးပွား/လူမှု** ➡ ယခင်လ ပဝတ္တိဌာန်၏ ဆိုးအားသည် ကောင်းအားအဖြစ် ပြောင်းလဲသွားသဖြင့် ဇာတာရှင်အဖို့ ယခုလတွင် အကြံအစည် စိတ်ကူးအသစ်အဆန်းများ အမှတ်မထင်ရမည်။ ခရီးသွားလာရင်းဖြင့် အကြံကောင်းရမည်။ ရပ်ဝေးနေ မိတ်ဆွေတစ်ဦး၏ အကူအညီကြောင့် မထင်သော အလုပ်တစ်ခု လုပ်ကိုင်ခွင့်ရမည်။ စနေနံနှင့် ဆွေမျိုးများကြောင့် သောကရှိ၏။ ဝန်ထမ်းများ ပြည်ပရပ်ခြားစေလွှတ်ခံရတတ်၏။

ယတြာ - ကောင်းမှုတစ်ခုခုကို နေ့စဉ်ပြုကျင့်ကြိုးစားပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ သင့်တင့်၏။

(ဂ) **ကျန်းမာရေး** ➡ သည်းခြေတွင် ဥပဒ်ရှိ၏။

ယတြာ - အဝတ်အစား အဟောင်းများ အဂီါထောင့်တွင် စွန့်ပစ်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ➡ သောကြာနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဝဏန်း** ➡ (၆) ဂဏန်းနှင့် သောကြာနေ့ကောင်းပြီး (၇) ဂဏန်းနှင့် စနေနေ့ ညံ့၏။

မှတ်ချက်။ ကာယကံ မကောင်းမှု အမြဲရှောင်ပါ။

စနေသားသမီးများ

(က) **စီးပွား/လူမှု** ➡ ပဝတ္တိဌာန်၏ ဆိုးအားသည် ကောင်းအားအဖြစ် ရပ်တည်သွားသဖြင့် ယခင်လ၏ ဆိုးကျိုးများ ယခုလတွင် လျော့ကျသွားဖွယ်ရှိ၏။ ရပ်ဝေးဒေသများသို့ စွန့်စားသွားလိုမှုရှိပြီး စားကျက် ပြောင်းရွှေ့ရပ်တည်ရတတ်၏။ အများပိုင် ငွေကြေးများကြောင့် သောကရှိ၏။ အဂီါနံ သက်ရှိ သက်မဲ့ကြောင့် ဥပဒ်ရှိမည်။ ဗုဒ္ဓဟူးနံ သက်ရှိ သက်မဲ့သည် အားကိုးရာဖြစ်၏။ သူတစ်ပါး မားခုတ်ရာ-လက်လှိုသလိုဖြစ်တတ်၏။ အပေါင်းအသင်းများသဖြင့် ဥပဒ်ရှိ၏။ အကြံအစည် ကောင်းသော်လည်း ဝီရိယ နည်းနေ၏။ ဝန်ထမ်းများ လုပ်ငန်းပေါ့လျော့မှုဖြင့် အရေးယူခံရတတ်၏။

ယတြာ - ရေသတ္တဝါ အစာကျွေးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ တစ်ဦးနှင့်တစ်ဦး မယုံကြည် ဖြစ်တတ်၏။

(ဂ) **ကျန်းမာရေး** ➡ အစာအိမ်တွင် ဥပဒ်ရှိ၏။

ယတြာ - လူသွားလမ်းမြင့် သဲခင်းကုသိုလ်ယူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ➡ ဗုဒ္ဓဟူးနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဝဏန်း** ➡ (၈) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ကောင်းပြီး (၃) ဂဏန်းနှင့် အဂီါနေ့ ညံ့၏။

မှတ်ချက်။ သီလတစ်ခုကို စွဲစွဲမြဲမြဲ ထိန်းပါ။

ဓေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။

ဦးညွှန့်လှိုင် (ကြို့ပင်တောက်)

တိုက်-အမှတ် (၄၁)၊ (၅)လွှာ ခန်း၊ ၁၆၇ လမ်း၊

တာမွေပြို့နယ်၊ ရန်ကုန်ပြို့။ ဖုန်း - ၄၀၀၉၃၃

ခန့်စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ

[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။

ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ လက်ခံဆောင်ရွက်ပါသည်။]

စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊ ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်

ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ ရာသီခွင်နှင့် နိုဝင်ဘာလ ဟောကိန်းများ

ဆရာဦးခန့်ကျော် (ဗေဒင်ဆရာကြီးဦးဘုန်းဖေ)

CAPRICORN
မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို မြာသိုလမွေး)

ဤကာလအတွင်း အစားအသောက်အမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက စီးပွားဝင်ငွေ အထူးကောင်းလိမ့်မည်။ ရွှေထည်ပစ္စည်း အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက အဆင်မပြေမှုများ ဆတ်တိုက် ဖြစ်ပေါ်တတ်မည်။ ဖြေရှင်းရန်ခက်ခဲသော၊ မလွယ်ကူသောကိစ္စများ၊ ပြဿနာအမှုအခင်းများ၊ ဂုဏ်သိက္ခာထိခိုက်မှုများ ဖြစ်ရတတ်ခြင်းရှိမည်။ သင့်အိမ်တွင် အကြောင်းအမျိုးမျိုးကြောင့် လူအဝင်အထွက် များနေမည်။ ပြည်ပနေဆွေမျိုးများ ပြန်လည်ရောက်ရှိလာခြင်း၊ ပြည်ပသို့ မိမိကိုယ်တိုင် သွားရောက်ရခြင်းများလည်း ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုအလှူအတန်း ကုသိုလ်ပြုရမည်။ အလုပ်အကိုင် ရှာဖွေသူများ လတ်တလော အလုပ်တစ်ခုရရှိတတ်မည်။ ပညာရေးလိုက်စားသူများ အစစအရာရာ အကူအညီပေးမည့်သူ ပေါ်ပေါက်တတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် လိင်မတူသူများ၏ စိတ်ဝင်စားခြင်းကို အထူးခံရလိမ့်မည်။ ကျန်းမာရေးနှင့် ပတ်သက်၍ အသားများ ယားယံခြင်း၊ ခြေလက်တို့တွင် မတော်တဆထိခိုက်ဒဏ်ရာရခြင်း၊ သွေးထွက်သံယို ဖြစ်တတ်ခြင်းများ ရှိမည်။ မကာရရာသီဖွားများ ထိထိုးမည်ဆိုပါက (၅၊ ၀၊ ၃၊ ၇) ဂဏန်းများပါသော ထီကို ထိုးပါ။

AQUARIUS
ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၈ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ဆေးနှင့်ဆေးဝါးပစ္စည်း ရောင်းချသူများအနေဖြင့် မျှော်မှန်းထားသလို ဖြစ်မလာတတ်ခြင်း၊ ငွေကြေး ဆုံးရှုံးနစ်နာခြင်းများရှိမည်။ ထို့အပြင် လက်အောက်ငယ်သား (သို့) အလုပ်သမား ပြဿနာများကြောင့် စိတ်ညစ်ရခြင်းများရှိမည်။ လူနေရာ၊ အလုပ်နေရာ အပြောင်းအလဲ၊ အပြောင်းအရွှေ့များလည်း ဖြစ်တတ်မည်။ ပြည်ပသွားရန်ကိစ္စများ မထင်မှတ်ဘဲ အကြောင်းတစ်ခုခုကြောင့် အဆင်မပြေ ဖြစ်ရတတ်သည်။ ခန်ထမ်းဖြစ်ပါက လက်ဆောင်ပစ္စည်းများရရှိနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက နှစ်ဖက်မိဘ၊ ဆွေမျိုးများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတတ်ခြင်း။ အမွေကိစ္စများအတွက် ဖြေရှင်းခြင်းများ ရှိမည်။ သင့်အနေဖြင့် သည်းခံခြင်းသည် အောင်မြင်ရာ၏ ဟူသောစိတ်ကို မွေးမြူလိုက်ပါ။ ငယ်ရွယ်သူများ အချစ်ရေးကံကောင်းမည်။ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စ သို့မဟုတ် မင်္ဂလာကိစ္စများ အဆင်ပြေပြေ ဆင်နွှဲနိုင်လိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မျက်စိ၊ နား၊ နှာခေါင်းနှင့် ဦးခေါင်းပိုင်းတွင် ပြင်းပြင်းထန်ထန် ထိခိုက် ဝေဒနာများ ဖြစ်ပေါ်ခံစားရမှုများရှိမည်။ ကံရာသီဖွားများ ထိထိုးမည်ဆိုပါက (၆၊ ၄၊ ၀၊ ၉)ဂဏန်းများပါသော အောင်ဘာလေ ထီကို ထိုးပါ။

PISCES
မိန်ရာသီ

(ဖေဖော်ဝါရီ - ၁၉ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ စပ်တူလုပ်ငန်း၊ ရှယ်ယာထည့်ဝင်ထားသော လုပ်ငန်းများမှ အဆင်မပြေ ဖြစ်ရတတ်မည်။ မကြာခဏ ငွေကြေး အခွန်အခွင်းပြဿနာများ ပေါ်တတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်၏ သဘောထားသေးဣမ်မှုကြောင့် စိတ်ညစ်ခြင်းများ ရှိမည်။ သွားသမီးများနှင့် ပတ်သက်၍ ရန်ဖြစ်ရတတ်မည်။ ဝန်ထမ်းဖြစ်ပါက မိမိ၏အကြံအစည်နှင့် စိတ်ကူးများ အကောင်အထည် ပေါ်လာလိမ့်မည်။ အကူအညီကောင်း။ အထောက်အပံ့ကောင်းများ ရရှိနိုင်မည်။ ရာထူးတိုး၊ လစာတိုးရမှုများလည်း ရှိမည်။ ငယ်ရွယ်သူ ချစ်သူရည်းစား မရှိသေးသူများ ကံကောင်းမည်။ နားလည်ကြည်ဖြူ သဘောချင်းတူသော ချစ်သူနှင့် တွေ့မည်။ ပညာရေးလိုက်စားသူ ဖြစ်ပါက လည်း

www.burmeseclassic.com

www.burmeseclassic.com

အစစအရာရာ အထောက်အပံ့ပြုသူများ ပေါ်ပေါက်လာမည်။ ကျန်းမာရေးမှာ အကြောတင်၊ အကြောကပ်ခြင်း၊ အကြောထုံးခြင်း၊ အကြောရောင်ခြင်းများ ဖြစ်တတ်သည်။ မကြာခဏ ဆေးရုံဆေးခန်း ရောက်ရတတ်သည်။ နေရောင်မရှိတော့သည့် အချိန်များတွင် ရေချိုးခြင်း၊ အအေးခံခြင်းမျိုးကို လုံးဝ ရှောင်ပါ။ ဤကာလအတွင်း ထီထိုးမည်ဆိုပါက (၁၊ ၃၊ ၀၊ ၈)ဂဏန်းများဖြင့် ထီကံစမ်းနိုင်သည်။

ARIES
မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ လူပ်ရှားသွားလာ လုပ်ကိုင်ရသော လုပ်ငန်းမျိုးဖြင့် ပိုမိုအကျိုးပေးနိုင်မည်။ ပြည်ပနှင့်ဆက်သွယ် လုပ်ကိုင်ထားသော လုပ်ငန်းများမှ ထူးခြားစွာ ကံကောင်းမှုများ ဖြစ်ပေါ်လာတတ်မည်။ လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းအပြင် လုပ်ငန်းသစ်များလည်း ထပ်မံတိုးချဲ့ လုပ်ကိုင်နိုင်မည်။ ဝန်ထမ်းဖြစ်ပါက အထက်လူကြီးများ၏ အကူအညီပေးခြင်း၊ ချီးမြှင့်မြှောက်စားခြင်းကို ခံရတတ်မည်။ 'အများအကျိုးဆောင်၊ ကိုယ့်ပုဆိုးပေါင်' ရတတ်သည့် အဖြစ်မျိုးနှင့် တွေ့ကြုံရတတ်သည်ကို အထူးသတိထားပါ။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးများအတွက် စိတ်သောကရောက်ရတတ်ခြင်း၊ ငွေကုန်ကြေးကျ များရတတ်ခြင်း၊ လက်ရှိအိမ်မှ ပြောင်းရွှေ့နေထိုင်ရခြင်းများ ဖြစ်တတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးကံကောင်းမည်။ ဖူးစာဖက်၊ အိမ်ထောင်ဖက်အမှန်နှင့် ဆုံတွေ့ရတတ်မည်။ ကျန်းမာရေးမှာ အစာအဆိပ် ဖြစ်တတ်ခြင်း၊ သွေးအဆိပ်ဖြစ်တတ်ခြင်းရှိမည်။ ဆီးကျဉ်၊ ဆီးကိုက်တတ်ခြင်းအတွက်လည်း သတိထားပါ။ မိဿရာသီဖွားများ ထီထိုးမည်ဆိုပါက (၁၊ ၅၊ ၀၊ ၄)ဂဏန်းများပါသော ထီကို ထိုးပါ။

TAURUS
ဗြိသဘရာသီ

(ဧပြီ - ၂၁ မှ ဧမ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ဤကာလအတွင်း နေရာထိုင်ခင်းအသစ် ပြောင်းလဲနေထိုင်ခြင်းများ ရှိမည်။ ထို့အပြင် ခရီးတို၊ ခရီးရှည်များလည်း ရှိမည်။ မွေးပြုံရေးလုပ်ငန်း၊ ရေထွက်ပစ္စည်း ရောင်းဝယ်ခြင်း၊ သို့လှောင်ပစ္စည်း ပြန်လည်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်သူဖြစ်ပါက အဆင်ပြေမှုများရှိမည်။ အိမ်ထောင်ရေး အခြေအနေသည် စီးပွားရေးနှင့် တိုက်ရိုက်ပတ်သက်နေသဖြင့် စီးပွားရေးအဆင်ပြေလျှင် အိမ်ထောင်ရေး အေးချမ်းမှုရှိမည်။ ဝန်ထမ်းဖြစ်ပါက ကံကုသိုလ် အပြောင်းအလဲများ ရှိနိုင်မည်။ သင့်အနေဖြင့် အရေးကြီးကိစ္စများ ဆောင်ရွက်သည့်အခါ အနီရဲရဲ၊ အညိုရောင်ရင့်ရင့်၊ အစိမ်းပုပ်ပုပ် အရောင် အဝတ်အစားများ ဝတ်ဆင်ခြင်းကို အထူးရှောင်ပါ။ ဘာသာရေးနှင့် ပတ်သက်၍ အကျိုးပေးတတ်မည်ဖြစ်၍ အခွင့်ရလျှင်ရသလို ဘာသာရေး အလုပ်များကို လုပ်ပေးပါ။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စ စဉ်းစားနိုင်မှ တော်ရုံကျမည်။ စိတ်အပြောင်းအလဲမြန်သော ချစ်သူနှင့်တွေ့ရတတ်မည်။ ကျန်းမာရေးမှာ မတည့်စာရောစားမိခြင်း၊ မိမိနှင့် မာတ်မတည့်သည့်အစာများ စားမိခြင်းကြောင့် အော့အန်ခြင်း၊ ဝမ်းလျှောခြင်းများ ဖြစ်တတ်သည်။ ထီထိုး၊ ကံစမ်းခြင်းများကို ပြုပေးပါ။ ထီထိုးမည်ဆိုပါက (၉၊ ၀၊ ၆၊ ၁) ဂဏန်းများ ပါပါစေ။

GEMINI
မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး) -

ဤကာလအတွင်း ခေးငှားထားသော ငွေကြေးများ ပြန်လည်မရရှိမှုကြောင့် စိတ်ညစ်ရခြင်းများ ရှိမည်။ အလိမ်ခံရတတ်ခြင်း၊ အမှုဖြစ်တတ်ခြင်း၊ အမှုပတ်တတ်ခြင်းများ အတွက် သတိထားရန်လိုမည်။ လူတိုင်းအပေါ် ယုံကြည်တတ်ခြင်း၊ အားနာတတ်ခြင်းတို့ကြောင့် မိမိတွင် နစ်နာဆုံးရှုံးမှုနှင့် ကြုံရတတ်မည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ဝင်ငွေအထိုက်အလျောက် ကောင်းမည်။ အိမ်ထောင်ရှင်များ စိတ်ချမ်းမြေ့စရာကိစ္စများနှင့် ကြုံမည်။ ငွေပိုငွေလျှံများ စုဆောင်းနိုင်မည်။ အလှူအတန်းကုသိုလ်များ ပြုနိုင်မည်။ ဆွေမျိုး၊ လူကြီးမိဘများကိုလည်း ထောတ်ပံ့ကူညီ၊ ကန်တော့နိုင်မည်။ ဝန်ထမ်းဖြစ်ပါက အခြေအနေကောင်းမည်။ လက်ရှိအနေအထားသည် မိမိနှင့် အသင့်တော်ဆုံးဖြစ်နေလိမ့်မည်။ ငယ်ရွယ်သူများ အချစ်ရေးမှာ ကံကောင်းမည်။ ကျန်းမာရေးမှာ အသည်းကြီးခြင်း၊ အသည်းရောင်ခြင်း၊ မောပန်းခြင်း၊ ခြေကုန်လက်ပန်းကျခြင်းများ ဖြစ်တတ်မည်။ အပူ,အအေး လွန်ကဲသော အစားအစာများ စားသောက်ခြင်းကို အထူးရှောင်ပါ။ မေထုန်ရာသီဖွားများ ထီထိုးခြင်း၊ ကံစမ်းခြင်းများအတွက် (၈၊ ၇၊ ၀၊ ၂) ဂဏန်းများဖြင့် ထီကံစမ်းနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

CANCER
ကရကဋ်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလမွေး)

ယခုကာလအတွင်း ရွှေပြောင်း၍မလွယ်ကူသော အိုး အိမ်၊ ခြံမြေ၊ တိုက်ခန်းများ နှင့်ပတ်သက်၍ အရောင်းအဝယ် ဖြစ်ခြင်း၊ အမွေအနှစ်အဖြစ် ပိုင်ဆိုင်ရခြင်းများ ဖြစ်တတ်မည်။ မိတ်ဆွေကောင်းများ ပေါ် ပေါက်တတ်ခြင်း၊ အခွင့်အလမ်း ကောင်းများ ရရှိတတ်ခြင်း ရှိမည်။ မိမိအတွက် အရေးကြီး ကိစ္စများ ဆောင်ရွက်ခြင်းပြုမည်ဆိုပါက စနေနေ့တွင် စတင် လုပ်ကိုင်ဆောင်ရွက်ခြင်းကို ရှောင်ပါ။ စနေသားသမီးကြောင့် လည်း သင့်တွင် အဆင်မပြေမှုများဖြစ်ရတတ်သည်။ ဝန်ထမ်း ဖြစ်ပါက ဌာနဆိုင်ရာသင်တန်းများ တက်ရောက်ရခြင်းရှိမည်။ ထို့ပြင် အကြီးအကဲပုဂ္ဂိုလ်များထံမှလည်း အကူအညီကောင်း များ ရရှိနိုင်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက အပေါင်း အသင်းကြောင့် နှစ်နာရမှုများ ဖြစ်တတ်၍ သတိထားပါ။ အပျော်အပါးနှင့် အလောင်းအစားကြောင့် ရန်ပြဿနာများ ပေါ် တတ်မည်။ ရုံး၊ ဂါတ်ရောက်ရတတ်သည်။ ကျန်းမာရေး မှာ အာရုံကြောအားနည်းခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်စိကိုက် ခြင်း ဝေဒနာများ ခံစားရတတ်မည်။ သင့်အနေဖြင့် သန္ဓာ ကျောက်ကလေးကို ဝတ်ဆင်ခြင်း(သို့)မိမိနှင့်အတူ ဆောင် ထားခြင်းဖြင့် ကံကုသိုလ်ကောင်းမှုများကို ဖြစ်စေနိုင်မည်။ ယခုကာလအတွင်း ထိထိုးမည်ဆိုပါက (၂ ဂု၊ ၀၊ ၉) ဂဏန်း များပါသော ထိကို ထိုးပါ။

LEO
သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ သြဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါဒေါ်လမွေး)

စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ ယခုလအတွင်း ငွေကြေးကိစ္စများအဆင်ပြေမည်။ မည်သည့်လုပ်ငန်း လုပ်ကိုင် သည်ဖြစ်စေ လုပ်ငန်းတူပြိုင်ဘက်ထက် တစ်လှမ်းသာနေ လိမ့်မည်။ လူမျိုးကွဲ ဘာသာခြားသူများနှင့် အထူးအကျိုးပေး တတ်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း ပြဿနာတစ်စုံ တစ်ရာ ပေါ် ပေါက်တတ်မည်။ ခင်မင်ရင်းနှီးသူ မိတ်ဆွေများ အတွက်သော် လည်းကောင်း၊ မိမိဆွေမျိုးတစ်ဦးဦးအတွက် သော် လည်းကောင်း အာမခံခြင်း၊ တာဝန်ယူလုပ်ကိုင်ပေး ခြင်းမျိုးကို ရှောင်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက ဇနီးမှ သား ချစ်သာယာ ပျော်ရွှင်မှုရှိသောတာလ ဖြစ်မည်။ အချစ်ရေးနှင့် ပတ်သက်၍ ချစ်သူမရှိသေးသူများ ချစ်သူရည်းစားရခြင်း၊ ချစ်သူရှိပြီးသူများလည်း မိမိရည်ရွယ်ချက်ပြည့်ဝခြင်းရှိမည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးမှာ ထူးထူးခြားခြား အောင်မြင်မှုများရှိမည်။ မိမိသင်ကြားလိုသော ဘာသာရပ် ဆိုင်ရာ သင်တန်းများလည်း တက်ရောက်ခွင့် ရရှိနိုင်မည်။ ပြည်ပသွားရန် ကြိုးစားထားသူများလည်း အဆင်ပြေနိုင်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆီးကျဉ်ခြင်း၊ ဆီးတိုက်ခြင်းနှင့် ကျောက်ကပ်ဆိုင်ရာဝေဒနာများ ဖြစ်ပေါ် ခံစားရတတ်မည်။ သိတ်ရာသီဖွားများ ထိထိုးမည်ဆိုပါက (၆၊ ၀၊ ၃၊ ၅) ဂဏန်း များဖြင့် ထိကံစမ်းနိုင်သည်။

VIRGO
ကန်ရာသီ

(သြဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းတွင် အများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းမျိုးကို ရှောင်ပြီး ကိုယ်ပိုင်ဦးဆောင် လုပ်ကိုင်ရသော လုပ်ငန်းမျိုးဖြင့်သာ အကျိုးပေးထက်သန်မှု ရှိမည်။ စီးပွားဝင်ငွေကောင်းမှုသည် ကံချည်းသက်သက် ကြောင့် မဟုတ်ဘဲ ဉာဏ်နှင့် လုံ့လ၊ ဝီရိယ စိုက်ထုတ်မှုအား ကြောင့်ဆာဖြစ်မည်။ လူတိုင်းအပေါ် စေတနာ၊ မေတ္တာ ပို့မို ထားပေးခြင်းဖြင့် တူညီသောတုံ့ပြန်မှုကို အပြည့်အဝ မြန် လည်ရရှိခံစားရတတ်မည်။ ဝန်ထမ်းဖြစ်ပါက အပြောင်းအလဲ အပြောင်းရွှေ့နှင့် ခရီးများရှိမည်။ လုံခြုံလုခင် ပေါ်များမည်။ အများ၏ ယုံကြည်အားထားမှုကို ခံရမည်။ ယခုတာလ အတွင်း အဖိုးတန်ပစ္စည်းများ မေ့ကျန်ရစ်တတ်ခြင်း၊ အနှိမ်ခံ အလုခံ၊ အလိမ်ခံရတတ်ခြင်းများကို သတိထားပါ။ သင်နှင့် အတူနေ သက်ကြီးရွယ်အိုတို့၏ ကျန်းမာရေးအတွက် စိုးရိမ်ရ မှုများ ရှိမည်။ ယေရွယ်သူများ မိမိချစ်သူနှင့် အဆင်ပြေပြေ အိမ်ထောင်ကျတတ်မည်။ မိမိပတ်ဝန်းကျင်တွင် မီးလောင် ခြင်း၊ မီးလန့်တတ်ခြင်းများအတွက် အထူးသတိထားပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ အနည်းငယ်ညံ့နေမည်။ နှလုံး ဆိုင်ရာ၊ အာရုံကြောဆိုင်ရာဝေဒနာများ ခံစားရတတ်မည်။ ဖြစ်နိုင်လျှင် အပန်းဖြေခရီးထွက်ခြင်း၊ အနားယူခြင်းများကို ပြုပေးသင့်သည်။ တန်ရာသီဖွားများ ထိထိုးမည်ဆိုပါက (၈၊ ၂၊ ၄၊ ၂၄) ဂဏန်းများဖြင့် ထိထိုး တံစမ်းပါ။

www.burmeseclassic.com

www.burmeseclassic.com

LIBRA
တူရာသီ

(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သီတင်းကျွတ်လမွေး)

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ယခုကာလအတွင်း ရှယ်ယာထည့်ဝင်ခြင်း၊ စီးပွားစပ်တူလုပ်ကိုင်ခြင်းကိစ္စများကို သတိထားလုပ်ကိုင်သင့်သည်။ ဆုံးဖြတ်ချက်များယွင်းမှုကြောင့် စိတ်ညစ်ရတတ်မည်။ မည်သည့်လုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ မိမိကိုယ်တိုင် ဦးဆောင်လုပ်ကိုင်မှသာလျှင် အောင်ခြင်းမှုများ ရရှိတတ်လိမ့်မည်။ အစစအရာရာ ကံကုသိုလ်ကောင်းစေရန်အတွက် ဆင်စွယ်ရောင်၊ အဖြူရောင်၊ အဝါနု၊ မိုးပြာရောင်၊ စိမ်းပြာရောင် အဝတ်အစားများကို ဝတ်ဆင်ခြင်း ပြုပေးပါ။ အိမ်ထောင်ရှင်ဖြစ်ပါက ဆွေမျိုးများ၏ ခလောက်ဆန့်မှုကြောင့် အိမ်တွင်းရေး အဆင်မပြေမှုများဖြစ်တတ်မည်။ ဝန်ထမ်းဖြစ်ပါက မယ်တစ်ရွာ၊ မောင်တစ်မြို့ နေရတတ်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ကျောင်းအပြောင်းအရွှေ့ရှိခြင်း၊ ပုံညာရေးတစ်ပိုင်းတစ်စ ဖြစ်တတ်ခြင်းများရှိမည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ အဆိုး၊ အကောင်း ရောနေတတ်မည်။ အတင်းအဓမ္မ အချစ်တောင်းခံသူနှင့် တွေ့ရတတ်သည်။ အသွားအလာ အနေအထိုင် ဆင်ခြင်ပါ။ ကျန်းမာရေးမှာ သွေးအားနည်းခြင်း၊ အစာအိမ်ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ ယခုကာလအတွင်း ထိထိုးမည်ဆိုပါက (၈၊ ၃၊ ၂ ၀)ဂဏန်းများပါသော ဖောင်ဘာလေထီကို ထိုးပါ။

SCORPIO
ဗြိစ္ဆာရာသီ

(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တန်ဆောင်မုန်းလမွေး)

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ယခုကာလအတွင်း ခရီးသွားပို့ဆောင်ရေးလုပ်ငန်းနှင့် အကျိုးဆောင်လုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေကောင်းနေလိမ့်မည်။ ယခင်ရပ်ဆိုင်းထားသော် လုပ်ငန်းများ ပြန်လည်ပတ်နိုင်လိမ့်မည်။ အထူးသဖြင့် လုပ်ကိုင်နေသော စီးပွားလုပ်ငန်းထက် ကျော်လွန်သည့် လုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်သင့်သည်။ မိမိ၏ နှုတ်ကြောင့် တစ်ပါးသူ၏ အပြိုးအတေး ပြုခြင်းကို ခံရတတ်ခြင်းများ ရှိမည်ဖြစ်၍ တည့်တည့်ပြောတတ်ခြင်း၊ ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်ခြင်းများကို အထူးသတိထားသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေး ကံကောင်း၍ ပျော်ရွှင်ချမ်းမြေ့စရာများနှင့် တွေ့ကြုံရတတ်မည်။ မိသားစုဦးရေလည်း တိုးပွားလာလိမ့်မည်။ ချစ်သူ မရှိသေးသူများ မိမိစိတ်ကြိုက် ချစ်သူတွေ့တတ်မည်။ ပညာရေးနှင့်ပတ်သက်၍ ကံကောင်းမည်။ မိမိရည်ရွယ်ချက်များ ပြည့်မြောက်နိုင်မည်။ ပြည်ပသို့ သွားရောက်သင်ကြားနိုင်သော အခွင့်အလမ်းများပေါ် ပေါက်တတ်မည်။ ကျန်းမာရေးမှာ သွေးနှင့် ပတ်သက်သော ဝေဒနာနှင့် မျိုးပွားအင်္ဂါတွင် ဝေဒနာဖြစ်ပေါ်တတ်ခြင်းများရှိမည်။ ထိထိုးမည်ဆိုပါက (၅၊ ၀၊ ၆၊ ၁) ဂဏန်းများပါသော ထိကိုထိုးပါ။

SAGITTARIUS
ဓနုရာသီ

(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

ဤကာလအတွင်း မည်သည့်လုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ တက်တက်ကြွကြွ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းအောင်မြင်မှုများ ရရှိနိုင်မည်။ စီးပွားရေးလုပ်ငန်းကို ပြည်တွင်းသာမက ပြည်ပသို့လည်း ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လုပ်ကိုင်သင့်သည်။ အကူအညီပေးနိုင်သောသူများနှင့်လည်း တွေ့ဆုံရတတ်မည်။ စီးပွားဝင်ငွေ ကောင်းနိုင်မည်။ အလောင်းအစားနှင့် အပျော်အပါး ကိစ္စများကိုတော့ ရှောင်ရန်လိုမည်။ သင့်အနေဖြင့် လိင်မတူသူကို စွဲဆောင်နိုင်သော ညှို့စွမ်းအားကြောင့် တစ်ဖက်လူ၏ စိတ်ဝင်စားခြင်းကို အထူးခံရတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် ရန်တကျက်ကျက်ဖြစ်ရတတ်မည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ ချစ်သူနှင့် အနေဝေးနေရသူများ ပြန်လည်အနေနီးရလိမ့်မည်။ အဆင်ပြေချိန်ဖြစ်မည်။ ကျန်းမာရေးနှင့် ပတ်သက်၍ အလုပ်ဒဏ်၊ ပင်ပန်းသည့်ဒဏ်၊ အအိပ်ပျက်သည့်ဒဏ်ကြောင့် နှလုံးအားနည်းခြင်း၊ အစာအိမ်ဝေဒနာ ဖြစ်ပေါ်ခံစားရခြင်းများ ရှိမည်။ အတတ်နိုင်ဆုံး လတ်လတ်ဆတ်ဆတ်နှင့် ပူပူနွေးနွေး အစားအစာများကို စားသုံးသင့်သည်။ ဤကာလအတွင်း ထိထိုးကံစမ်းမည်ဆိုပါက (၇၊ ၀၊ ၂ ၆) ဂဏန်းများဖြင့် ကံစမ်းပါ။

ဆရာဦးခန့်ကျော်
(အာဒီဓနကျမ်းပြုပညာရှင်)
အမှတ်(၂၇)၊ရွှေတုန်းပွင့်ဘုရားလျှောက်တန်း(၉)ရပ်ကွက်၊
ရေနံချောင်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၁၇၉၂၇၀၊ ၀၉-၄၂၁၀၇၅၀၆၅

www.burmeseclassic.com